
မြန်မာ့ စွယ်စုံကျမ်း



၁၉၉၁

ငြိမ်းချမ်းရေးနှင့်
ဖွံ့ဖြိုးတိုးတက်ရေး
ဗဟိုအဖွဲ့

ဗဟိုအဖွဲ့ဝင်များ

ပထမအကြိမ် ပုံနှိပ်ခြင်း၊ ၁၉၉၁ ခုနှစ်၊ အုပ်ရေ ၁၀ ၀၀၀

အမှတ် ၅၂၉၊ ၅၃၁ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊
စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး (စာပေ) ဦးမျိုးသန့်က
(မှတ်ပုံတင်အမှတ် ၀၂၀၁၃၉) ဖြင့် စာပေဗိမာန်ပုံနှိပ်တိုက်တွင် ရိုက်နှိပ်၍
(မှတ်ပုံတင်အမှတ် ၀၃၀၂၅၅) ဖြင့် ထုတ်ဝေသည်။

ကျမ်းဦးစကား

မြန်မာ့စွယ်စုံကျမ်းကြီးကို စာပေပညာရှင်တို့၏ အကူအညီဖြင့် စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေခဲ့ထု ပထမဆုံး အတွဲ ၁ (က – ကုံ) ကို ၁၉၅၄ ခုနှစ်တွင်လည်းကောင်း၊ နောက်ဆုံး အတွဲ ၁၅ (ဥ – အွန်) ကို ၁၉၇၆ ခုနှစ်တွင်လည်းကောင်း အောင်မြင်စွာပုံနှိပ်ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ အတွဲပြည့်ထုတ်ဝေပြီးသည့်တိုင် စာပေဗိမာန်သည် မြန်မာ့ရည်ညွှန်းစာပေ ထွန်းကားရေးတာဝန်ကို ဆတက်ထမ်းပိုး သယ်ပိုးသွားရန် လိုအပ်နေဆဲပင်ဖြစ်သည်ဟု ခံယူပါသည်။

ဤလူ့ဘောင်သမိုင်းစဉ်သည် မရပ်မနားပြောင်းလဲလျှောလျား နေပါသည်။ ၁၉၇၉ ခုနှစ်အတွင်း ဖြစ်ပျက်ခဲ့သော သမိုင်းစဉ်သည် ၁၉၉၀ ပြည့်နှစ်နှင့် မတူနိုင်တော့ချေ။ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးနယ်ပယ်ကို လေ့လာကြည့်ပါ။ ယခင် ဟိုဟာကပြစ်ခဲ့ကြထုပ် ယခု ငြိမ်းချမ်းရေးသို့ရွေးရွှေလာကြသည့် နိုင်ငံများလည်း ရှိသည်။ ဒုတိယကမ္ဘာစစ်ပြစ်ပြီးစအခါနှိမ့်စ၌ အရှိန်မြင့်လာခဲ့သော စစ်အေးတိုက်ပွဲသည်ပင်လျှင် သမိုင်းအလှည့်အပြောင်းတစ်ရပ်သို့ ဦးတည်နေပြီ ဖြစ်သည်။ အရှေ့နှင့်အနောက်ကို ပိုင်းခြားထားသည့် "သံကန့်လန့်ကာ" အစိတ်အပိုင်းအချို့ ပွင့်လာကြပြီဖြစ်သည်။ စီးပွားရေးနယ်ကိုလည်း လေ့လာကြည့်ပါ။ ကြွေးပြီပြဿနာ ပြေလည်ရေးအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်လာသည့် ဖြစ်ရပ်များ ရှိသကဲ့သို့ ကုန်သွယ်ရေးမည်မျှမူကြောင့် အပြန်အလှန် ပိတ်ဆို့တုံ့ပြန်နေကြသည့် ဖြစ်ရပ်လည်းရှိသည်။ စားနပ်ရိက္ခာဖူလုံရေးအတွက်ပင် အထူးကြိုးပမ်းနေရသည့် ဖြစ်ရပ်များရှိသည့်နည်းတူ ပြည်ပရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရန် ရည်ရွယ်လာကြသည့် ဖြစ်ရပ်များလည်းရှိသည်။ စီးပွားရေးနှင့် နိုင်ငံရေးသည် သဟဇာတဖြစ်ရသည့် သဘောရှိသည့်အလျောက် နိုင်ငံရေးပွဲပြင်ပြောင်းလဲမှုများလည်း ၁၉၉၀ ပြည့်နှစ်တွင် ထူးထူးခြားခြားပြစ်ထွန်းသည်။ သိပ္ပံနှင့်စက်မှုနည်းပညာ၊ ဆေးပညာ၊ စာပေအနုပညာ၊ လူမှုရေးသိပ္ပံပညာစသည့် နယ်ပယ်အသီးသီးတွင်လည်း တီထွင်ဆန်းသစ်မှုများ၊ တိုးတက်သုတေသနပြုမှုများ၊ ထူးခြားပြောင်မြောက်သော ဖန်တီးမှုများ ပေါ်ထွန်းလျက်ရှိသည်။

သို့ဖြစ်၍ စွယ်စုံကျမ်းဟတ်ဟရိသတ်များအတွက် ယင်းသမိုင်းစဉ်များကို နောက်ဆုံးအခြေအနေထိ ရနိုင်သမျှ သုတေသနပြုလျက် မြန်မာ့စွယ်စုံကျမ်းကြီး၏ အပြည့်ကျမ်းများအဖြစ် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကို ၁၉၇၈ ခုနှစ်မှစ၍ နှစ်စဉ်ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၁ ကို မြန်မာ့ရည်ညွှန်းကျမ်းများ စီစဉ်ရေးအဖွဲ့၏ ကူညီလမ်းညွှန်မှုဖြင့် ပြုစုပုံနှိပ်ထုတ်ဝေနိုင်ခဲ့သဖြင့် စာပေဗိမာန်က များစွာဝမ်းမြောက်ရပါသည်။ ရည်ညွှန်းကိုးကားလိုသူတိုင်းအတွက် လိုလေသေးမရှိအောင် ပြီးပြည့်စုံသည့် ရည်ညွှန်းကျမ်းအဆင့်ထိ ပြုစုနိုင်ခြင်းမရှိသော်လည်း အထိုက်အလျောက် အထောက်အကူပြုနိုင်သည့် ကျမ်းတစ်အုပ်အဖြစ် ပြုစုထုတ်ဝေရခြင်းဖြစ်ပါသည်။

ယင်းသို့ ပြုစုပုံနှိပ်ထုတ်ဝေထွဋ်၌ ကူညီလမ်းညွှန်ခဲ့ကြသူ စာပေပညာရှင်များနှင့် ပုံနှိပ်ပညာရှင်များကို အထူးကျေးဇူးတင်ရှိပါကြောင်း ပေါ်ပြပါသည်။

စာပေဗိမာန်

ဤကျမ်းကို မရှုစားမီ

ဖော်ပြပါ လမ်းညွှန်ကို လေ့လာထားပါက ဤစွယ်စုံကျမ်းနှစ်ချုပ်စီစဉ်ပုံကို သဘောပေါက်၍ ရည်ညွှန်းကျမ်းတစ်ဆူအဖြစ် လွယ်ကူစွာအသုံးပြုနိုင်ပါသည်။

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များသည် ထုတ်ဝေပြီး မြန်မာ့စွယ်စုံကျမ်းအတွဲ ၁၅ တွဲ၏ အဖြည့်ကျမ်းများဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၁ ကို ယခင်ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၀ ပါ အကြောင်းအရာများနှင့် ဆက်စပ်၍ ဖတ်ရှုနိုင်ရန်လည်း စီစဉ်ပြုစုထားပါသည်။ မြန်မာ့စွယ်စုံကျမ်းတွင် မပါဝင်သေးသော အကြောင်းအရပ်သစ်များလည်း အများအပြား ပါဝင်ပါသည်။

ဤကျမ်းသည် ၁၉၉၀ ပြည့်နှစ်အတွင်း ဖြစ်ပေါ်ခဲ့သောအကြောင်းအရာများကို ပြုစု၍ ၁၉၉၁ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်ပါသည်။ ၁၉၉၁ ခုနှစ်အတွင်း အဖြစ်အပျက်များကိုမူ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၂ ပုံနှိပ်ထုတ်ဝေသောအခါ ဆက်လက်ဖော်ပြမည် ဖြစ်ပါသည်။

ဤကျမ်းတွင် စာရှုသူများလွယ်ကူစွာ ဖတ်ရှုလေ့လာနိုင်ရန် အပိုင်းကြီးလေးပိုင်းခွဲခြား၍ တင်ပြထားပါသည်။ ပထမပိုင်းတွင် ၁၉၉၀ ပြည့်နှစ်အတွင်း ထင်ရှားသော ဖြစ်ရပ်များကို မြန်မာ့သတင်းစဉ် သတင်းလွှာများနှင့်ညှိနှိုင်း၍ နေ့စဉ်မှတ်တမ်းအဖြစ်ဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် နှစ်ချုပ်အထူးဆောင်းပါး လေးပုဒ် ပါဝင်သည်။ တတိယပိုင်းတွင် သိပ္ပံ ယဉ်ကျေးမှုနှင့် အခြားသုတဆောင်းပါး ခုနစ်ပုဒ်ကို တင်ပြထားပါသည်။ ဒုတိယပိုင်းနှင့် တတိယပိုင်းတွင် ဖော်ပြထားသော ဆောင်းပါးများကို ပညာရပ်အလိုက် ကျမ်းကျင်ရာပညာရှင်များက လေ့လာသုတေသနပြု၍ ရေးသားထားခြင်း ဖြစ်ပါသည်။ စတုတ္ထပိုင်း၌ ဖော်ပြထားသော အကြောင်းရပ်များသည် ၁၉၉၀ ပြည့်နှစ်တွင် ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာ အကြောင်းများ ဖြစ်ပါသည်။ အကြောင်းရပ်များကို မြန်မာစာလုံးပေါင်းသက်ပုံကျမ်းပါ အက္ခရာစဉ်စနစ်အတိုင်း ဖော်ပြထားပါသည်။ နှစ်ချုပ်ပါအကြောင်းရပ်များကို အလွယ်တကူရှာဖွေဖတ်ရှုနိုင်ရန် အက္ခရာစဉ်အညွှန်းကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

အတ္ထုပ္ပတ္တိများကို ဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၇ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သည့် ထင်ရှားသောပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၇၈ ခုနှစ်တွင် ထည့်သွင်းဖော်ပြခဲ့ပါသည်။ နှစ်စဉ်ဆက်လက်ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များတွင် သက်ဆိုင်ရာနှစ်တစ်နှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း၊ နိုင်ငံတကာရေးရာများတွင် ထင်ရှားလာသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ထည့်သွင်းဖော်ပြလေ့ရှိပါသည်။ ယခု ထုတ်ဝေသော နှစ်ချုပ်ကျမ်းတွင်လည်း ၁၉၉၀ ပြည့်နှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့် ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း၊ ၁၉၉၀ ပြည့်နှစ်အတွင်းအာရုံပြုလာရသော နိုင်ငံတကာမှ ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ထည့်သွင်းဖော်ပြထားပါသည်။

အကြောင်းရပ်များတွင် အညွှန်းများကိုပြဆိုရာ၌ ယခင်ထုတ်ဝေပြီးသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကို ညွှန်းလျှင် စာအုပ်အမည် (ဥပမာ – စွယ်စုံနှစ်ချုပ် ၁၉၉၀) နှင့် စာမျက်နှာအမှတ်ကို ဖော်ပြ၍ညွှန်းပါသည်။ ယခုထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၁ ပါ အကြောင်းရပ်များ၊ ဆောင်းပါးများကို ညွှန်းလျှင် အကြောင်းရပ်၊ ဆောင်းပါးအမည်ကို ဖော်ပြ၍ ညွှန်းထားပါသည်။

ယခု မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၁ ကို စာဖတ်သူများထံသို့ နှစ်တိုင်းထက်အချိန်စောစွာ ထုတ်ဝေဖြန့်ချိနိုင်ရေးအတွက် ဆောင်းပါးစာမူများကို ပြုစုသူများထံမှ အချိန်စော၍ တောင်းခံခဲ့ရပါသဖြင့် ၁၉၉၀ နှောင်းပိုင်းဖြစ်ရပ်အချို့ ကြွင်းကျန်ခဲ့သည်ကို နောင်နှစ်စွယ်စုံနှစ်ချုပ်တွင်မှ ဖြည့်စွက်ဖတ်ရှုပါရန် မေတ္တာရပ်ခံပါသည်။

စာပေဗိမာန်

မာတိကာ

ကျမ်းဦးစကား

ဤကျမ်းကို မရှုစားမီ

အပိုင်း တစ်

၁၉၉၀ ပြည့်နှစ် ဖြစ်ရပ်များ ၁

အပိုင်း နှစ်

နှစ်ချုပ်အထူးဆောင်းပါးများ

— ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ၃၅

— ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်မြတ်များ ၅၀

— အရှေ့ဥရောပ ပြုပြင်ပြောင်းလဲရေး ၈၃

— ပဏာမကျန်းမာရေး စောင့်ရှောက်မှု ၉၆

အပိုင်း သုံး

စက်မှု၊ သိပ္ပံ၊ ယဉ်ကျေးမှုနှင့် အခြားသုတဆောင်းပါးများ

— အားကစားဆိုင်ရာ ဆေးပညာ ၁၀၈

— ကမ္ဘာ့ခေတ်သစ် ဗီသုကာ.... .... ၁၁၆

— မော်တော်ယာဉ်စက်မှုနည်းပညာ ၁၂၆

— မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ၁၃၆

— မြန်မာ့ပန်းပုလက်ရာ ၁၄၃

— ကေသြစ် သို့မဟုတ် ပရမ်းပတာထဲမှ အစီအစဉ်တကျဖြစ်စဉ် ၁၅၁

— ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ၁၆၇

ဆောင်ရွက်ချက်များ

အပိုင်း လေး

၁၉၉၀ ပြည့်နှစ် အကြောင်းရပ်များ ၁၇၄

အကွာရာစဉ်အညွှန်း ၃၂၇

၁၉၉၀ ပြည့်နှစ် ဖြစ်ရပ်များ


၁၉၉၀ ပြည့်နှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငတကာမှ ထင်ရှာသည့် ဖြစ်ရပ်အချို့ကို သတင်း ပုတ်တမ်းများအဖြစ် ရေသာပြုစု ပေါ်ပြထားပါသည်။



PJ

မြန်မာ့ စွယ်စုံကျမ်း နှစ်ချုပ် (၁၉၉၁)

မြန်မာနှင့် နိုင်ငံတကာ ဖြစ်ရပ်များ







၁၉၉၀ ပြည့်နှစ် ဖြစ်ရပ်များ

ဇန်နဝါရီလ

၁ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ကျပ်သိန်းပေါင်း ၆၀ ကျော် အကုန်အကျခံစီမံဖန်တီးထားသော သိင်္ဂံတ္တရဉာဏ်တော်ဖွင့်ပွဲ အခမ်းအနားကို ရွှေတိဂုံ စေတီတော် အနောက် ဘက် ရှိ သိင်္ဂံတ္တရဉာဏ်တော်အဝင် ဦးဝိစာရလမ်း မုခ်ဦးဝင်ပေါက်၌ ကျင်းပသည်။

ကျူးဗားနိုင်ငံအား မည်သည့် အရာကမျှ ဆိုရှယ်လစ်စနစ်မှ သွေဖည်စေနိုင်မည် မဟုတ်ကြောင်း၊ အရှေ့ဥရောပတွင်ဖြစ်ပေါ် နေသည့် အပြောင်းအလဲများက ကျူးဗား အစိုးရအား ယိမ်းယိုင် တိမ်းညွတ်စေမည် မဟုတ်ကြောင်း ကျူးဗားသမ္မတ ကက်စထရိုက ပြောကြားသည်။

၂ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းများသို့ ဆက်သွယ်ရာ အဓိက လမ်းမကြီး ဖြစ် သည့် မန္တလေး–မြစ်ကြီးနား ပြည်ထောင်စု လမ်းမကြီးဖွင့်ပွဲကို ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းနယ် စပ် နန့်စီအောင်တွင် ပြုလုပ်သည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စာရိတ္တထိန်းသိမ်းရေး၊ စည်းကမ်းသေဝပ်ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ လူပေါင်း ၃,၅၀,၀၀၀ အား စည်းကမ်း သေဝပ်စေရန် ထိန်းကွပ်ပေးခဲ့ပြီး ပြစ်မှု ခြောက်မျိုးနှင့် အကျုံးဝင်သူ ၂,၅၀၀ ကျော်ကို ဖမ်းဆီး အရေးယူခဲ့ကြောင်း တရုတ်ပြည်သူ သမ္မတ နိုင်ငံက ပြောကြားသည်။

၃ ပြုတ်ကျသွားသော ပနားမားခေါင်းဆောင် ဗိုလ်ချုပ်ကြီး နိုရီယေးဂါးသည် ပနားမားရှိ အမေရိကန် တပ်များထံတွင် ၎င်းဆန္ဒအလျောက် အဖမ်းခံလိုက်ကြောင်း အမေရိကန်သမ္မတ ဂျော့ဘုရှ်က ကြေညာသည်။

ပါကစ္စတန်နိုင်ငံ သမိုင်းတွင် အဆိုးရွားဆုံး မီးရထားနှစ်စင်းတိုက်မှု ဖြစ်ပွားရာ လူ ၃၀၀ သေဆုံး၍ ၄၀၀ ကျော် ဒဏ်ရာရရှိသွားခဲ့သည်။ တဲ့ ၁၆ တဲ့ ပါရှိသော အမြန်ရထားသည် ကရာချီမြို့ မြောက်ဘက် မိုင် ၃၀၀ အကွာ ဆန်ဂျီဘူတာအနီး၌ ရပ်ထားသော ကုန်ရထားကို တစ်နာရီ ၆၅ မိုင် နှုန်းဖြင့် ဝင်တိုက်မိခြင်းဖြစ်သည်။

၄ (၄၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ပြည်သူ့လွှတ်တော် အဆောက်အအုံရှေ့ ပြည်သူ့ ရင်ပြင်တွင် ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌထံမှ ပေးပို့သော ၁၉၉၀ ပြည့်နှစ် (၄၂) နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို (၄၂) နှစ် မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား ကျင်းပရေး ကော်မတီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးညွှန့်က ဖတ်ကြားသည်။

အနောက် ဂျာမနီနိုင်ငံတွင် ၁၉၀၉ ခုနှစ် အတွင်း မူးယစ် ဆေးဝါး ကြောင့် သေဆုံးသူပေါင်း ၉၀၀ ရှိခဲ့ကြောင်း ပြည်ထောင်စု မှူခင်းရဲတပ်ဖွဲ့က ပြောကြားသည်။

ချစ်ကြည်ရေး ခရီးအဖြစ် အမေရိကန် ကျောင်းသူကျောင်းသားကလေးငယ် ၃၀၀ ကို တင်ဆောင်လျက် ဆိုဗီယက်နိုင်ငံ ရှေးမြို့ဟောင်း ကတ်(Kursh)မှထွက်လာသော ဘတ် ၈ကား ၁၀ စီး မော်တော်ယာဉ်တန်းအား တူရွမ့ မောင်းလာသည့် ကုန်တင်ထရပ်ကားကြီး တစ်စင်းက လမ်းမှား၍ တိုက်မိမည့် အချိန်ကလေးတွင် ယာဉ်ထိန်းသိမ်းရေးဌာနမှ ဗိုလ်ကြီး ဗလာဒီမာ ကာရီလီယပ်နှင့် တပ်ကြပ်ကြီး မီခေးပင်ခရူးရွက်တို့ကမိမိတို့မောင်းနှင်လာသော လမ်းစည်းကမ်း စစ်ဆေးရေး ကင်းလှည့် မော်တော်ယာဉ်ကို ကုန်တင် ထရပ်ကားရွှေ့မှ ထိုးခံ ပေးလိုက်ခြင်းဖြင့် ကျောင်းသူ

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမောင်နှင့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင် အဖွဲ့ဝင်များ တွေ့ဆုံစဉ်



ကျောင်းသားငယ် ၃၀၀ ၏ အသက်ကို ကယ်တင်လိုက်သည်။ ကင်းလှည့်မော်တော်ယာဉ်မှာ ကြေမွပျက်စီးကာ လမ်းဘေးမြောင်းထဲသို့ လွင့်စဉ်ကျသွားပြီး ဗိုလ်ကြီး ဗလာဒီမာ ကာရီလီယပ်နှင့် တပ်ကြပ်ကြီး မီခေး ပင်ခရူးရှက်တို့အား ဆေးရုံတင်ခဲ့ရသော်လည်း ကံအားလျော်စွာ အသက်ချမ်းသာရာ ရခဲ့ကြသည်။

၈ ဒီမိုကရေစီ ထွန်းကား လာသည့် အရှေ့ဥရောပတွင်နိုင်ငံရေး ရှင်သန်မှု ရရှိရန် ပိုလန်ကွန်မြူနစ်ပါတီ ခေါင်းဆောင်များသည် ၎င်းတို့၏ပါတီအား ဖျက်သိမ်းပြီး ဒီမိုကရက်တစ် ဆိုရှယ်လစ် ပါတီသစ်တစ်ရပ် ထူထောင်ရေးကို သဘောတူညီလိုက်ကြသည်။

ဖိလစ်ပိုင်သမ္မတ ကိုရာဇန် အကီနိုသည် ဖိလစ်ပိုင်ရှိ ပဋိပက္ခလိကလေယာဉ်ကွင်းအား လုံးကို လွှဲပြောင်းရယူရန်နှင့် ဒီဇင်ဘာလက ဖြစ်ပွားခဲ့သော စစ်ဘက် အာဏာသိမ်းရန် ကြိုးပမ်းမှုတွင် ကြိုးပမ်းသူများ အသုံးပြုခဲ့သည့် ပဋိပက္ခလိကလေယာဉ်အားလုံးကို သိမ်းယူရန် အမိန့်ထုတ်လိုက်သည်။

၉ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် ပြည်နယ်တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့များ၏ ညှိနှိုင်းအစည်းအဝေးကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ဆင်ရေးအစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီး စောမောင် မိန့်ခွန်းပြောကြားသည်။

လွန်ခဲ့သည့်နှစ် ဒီဇင်ဘာလ သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပြီး ယခုနှစ် မတ်လ ၁၁ ရက်နေ့၌ သမ္မတတာဝန် စတင်ထမ်းဆောင်မည့် ချီလီနိုင်ငံ သမ္မတ ပက်ထရစ်စီယို အေလဝင် အရိုးကားသည် ၎င်း၏ အစိုးရအဖွဲ့ အမည်စာရင်းကို ကြေညာသည်။

၁၁ တရုတ်နိုင်ငံတောင်ပိုင်းတွင် ဘိန်းဖြူနှင့် ဘိန်းများ ရောင်းချခဲ့မှုဖြင့် လူလေးဦးဒဏ် သေဒဏ်ချမှတ်လိုက်သည်။

လစဉ်ထုတ် ဂျာနယ်ဖြစ်သော "နယူးအာဖရိက" ဂျာနယ်ကို ဖတ်ရှုကြသည့် စာဖတ်ပရိသတ် ၂,၃၂၈ ဦးက ဇင်ဘာဗွေနိုင်ငံသမ္မတ ရောဘတ်မူဂါဘီအား မိမိတို့အကြိုက်ဆုံးနှင့် အကောင်းဆုံး အာဖရိက ခေါင်းဆောင်တစ်ဦးအဖြစ် ဆန္ဒပြုကြောင်း နယူးအာဖရိကဂျာနယ်၏ဆန္ဒသဘောထား မေးမြန်းချက်ကို တုံ့ပြန် ဖြေကြားလိုက်ကြသည်။

၁၄ မလေးရှားနိုင်ငံ အခြေခံစက်မှုဌာန ဝန်ကြီး ဒါတိုဆရီ ဒေါက်တာ လင်ကင်ရိတ်၏ ဖိတ်ကြားချက်အရ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနနှင့် လယ်ယာနှင့်သစ်တောဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ချစ်ဆွေခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ မလေးရှား နိုင်ငံသို့ ထွက်ခွာကြသည်။

အသက် ၅၅ နှစ်နှင့် ၇၄ နှစ်ကြား အုပ်စုတွင် အမျိုးသမီးများက အမျိုးသားများထက် ကိုလက်စထရော (အဆီဓာတ်) ပိုမိုဖြစ်ထွန်းလာပြီး နှလုံးရောဂါဖြစ်ပွားနိုင်သည့် အန္တရာယ် ပိုမိုများပြားကြောင်း အမေရိကန်နှလုံးရောဂါအသင်းက ကြေညာသည်။

၁၅ ကမ္ဘာ့ဟဲဗီးဝိတ် ချန်ပီယံဟောင်း ကျော့ဖိုမင်(၄၁ နှစ်) နှင့် ဟဲဗီးဝိတ် လက်ဝှေ့သမား ဂျာရီကူနီ (၃၃ နှစ်) တို့၏ လက်ဝှေ့ပွဲတွင် ကျော့ဖိုမင်က ဒုတိယအချီ၌ အလဲထိုးအနိုင်ရရှိသွားသည်။ ကျော့ဖိုမင်က ကမ္ဘာ့ဟဲဗီးဝိတ် ချန်ပီယံ မိုက်တိုင်ဆန်နှင့် ယှဉ်ပြိုင်ထိုးသတ်ရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောဆိုသည်။


၁၇ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အဖွဲ့ဝင် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး သန်းရွှေသည် ထိုင်းနိုင်ငံ အရှေ့မြောက်ဒေသ စီမံးလန်းစိုပြည်ရေး စီမံကိန်း အကြံပေးပုဂ္ဂိုလ်များ ပါဝင်သော လေ့လာရေးအဖွဲ့အား ကာကွယ်ရေး ဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

ပါလီမန် ဒီမိုကရေစီစနစ်ဘက်သို့ ယိမ်းယိုင်လျက်ရှိသော ကူဝိတ် ဝန်ကြီးချုပ် ရှိတ် ဆအတ် အယ်လ် အဗဒူလာ အယ်ဆဘတ်က နိုင်ငံရေးအစီအစဉ်သစ်တစ်ရပ် ချမှတ်ရေးနှင့် စပ်လျဉ်း၍ ပြည်သူလူထု၏ သဘောထား ထင်မြင်ချက်များကို စနည်းနာလျက်ရှိကြောင်း ပြောကြားသည်။

၁၈ ချက်ကိုစလိုဗက်ကီးယား ဝန်ကြီးချုပ် မာရီယန် ကာလ်ဖာသည် ကွန်မြူနစ်ပါတီမှ နုတ်ထွက်လိုက်ရာ အဖွဲ့ဝင် ၂၁ ဦးပါဝင်သော အစိုးရအဖွဲ့၌ ကွန်မြူနစ်ဦးရေမှာ ခုနစ်ဦး သာရှိတော့ကြောင်း အစိုးရ ပြောရေးဆိုခွင့် ရှိသူက ပြောကြားလိုက်သည်။

၁၉ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး စောမောင် ခေါင်းဆောင်

ပါကစ္စတန် ရထားတိုက်မှု



ဖေဖော်ဝါရီလ

၁ ကုန်သွယ်ရေး ဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ် ၄/၉၀ ဖြင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်းနှင့် ဟောင်ကောင်နိုင်ငံ Value Industries Ltd. တို့ပူးပေါင်း၍ Yangon Garment Manufacturing Company Limited အမည်ဖြင့် ဖက်စပ်ကုမ္ပဏီ လိမိတက်ကို ဖွဲ့စည်းသည်။

၁-၂ ထိုင်းနိုင်ငံ ဒုတိယ ဝန်ကြီးချုပ် မစ္စတာ ပေါင်ဆာရာစင်နှင့် အဖွဲ့ ချစ်ကြည်ရေးခရီး ကောက်ရှိသည်။

၃ ၃၇ ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို မန္တလေးမြို့ ဗထူး အားကစားပြိုင်ကွင်း၌ ကျင်းပရာ မန္တလေးတိုင်းအသင်းနှင့် မကွေးတိုင်းအသင်းတို့ ဂိုးမရှိ သရေပွဲဖြင့် ပူးတွဲဗိုလ်စွဲသွားသည်။

၄-၅ ၂၇ ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာပြပွဲကို အင်းလျားကန်သင်္ကြန်ဟိုတယ်၌ ခင်းကျင်းပြသ ရောင်းချသည်။ အသင့်ပြုလုပ်ထားသော လက်ဝတ်ရတနာများနှင့် ကျောက်စိမ်းရုပ်တုများကို ၃ ရက်နေ့မှစ၍ လည်းကောင်း၊ ကျောက်စိမ်းများကို ၅ ရက်နေ့မှစ၍လည်းကောင်း ရောင်းချသည်။

၁၂ ကြိမ်မြောက် အောင်ဘာလေးသိန်းဆု ဖွင့်ပွဲတွင် ငါးသိန်းဆုကို ပထမဆုံး အကြိမ် စတင်ဖွင့်လှစ်ရာ ထီလက်မှတ်နံပါတ် (ဖ – ၉၂၅၄၃၀) သည် ပထမဆုံးငါးသိန်းဆုကို ဆွတ်ခူးသွားသည်။

ကြည့်မြင်တိုင်မြို့နယ်နှင့် ကမာရွတ်မြို့နယ်တို့၌ ညနေ ၃ နာရီ ၂၅ မိနစ်မှ စ၍ မီးလောင်မှုဖြစ်ပွားရာ ညနေ ၆ နာရီခန့်တွင် မီးငြိမ်းသွားသည်။ အိမ်ခြေ ၁,၂၀၀ ခန့် လောင်ကျွမ်းသွားသည်။

၁၂ အသက်ရှူလမ်းကြောင်းဆိုင်ရာ ဝေဒနာပြင်းထန်စွာ ခံစားရပြီး သေလုမြောပါးဖြစ်နေသော အသက် ၁၆ နှစ်အရွယ်ရှိ မိန်းကလေး တစ်ဦးအား ကမ္ဘာပေါ်တွင် ပထမဆုံးအကြိမ်အဖြစ် အဆုတ်အထောက်အကူပြု ပစ္စည်းကိရိယာကို ခွဲစိတ် တပ်ဆင်ပေးလိုက်သည်။ ယင်းကိရိယာမှာ အဆုတ်သော နိုင် ငံ တော် ငြိမ် ဝပ် ပိ ပြား မှု တည်ဆောက်ရေးအဖွဲ့ဝင်များနှင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ ဦးဘခိုင်းဆောင်သော အဖွဲ့ဝင်များသည် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ကိစ္စနှင့် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိမည့် နိုင်ငံရေးပါတီများ၏ လွတ်လပ်စွာ စုဝေးခြင်း၊ မဲဆွယ်ခြင်းနှင့်စပ်လျဉ်း၍ ခွင့်ပြုမည့် အစီအစဉ်များကို ကာကွယ်ရေး ဝန်ကြီးဌာန ဒဂုံရိပ်သာ၌ ညှိနှိုင်း ဆွေးနွေးကြသည်။

မလေးရှား နိုင်ငံ ကီပါယန် အကျဉ်းထောင်၌ အင်ဒိုနီးရှားလူမျိုး အသက် ၃၇ နှစ် အရွယ်ရှိ ဘက်ဆရီမက်ဆီ ဆိုသူအား မူးယစ်ဆေးဝါးအမှုဖြင့် ကြိုးပေးကွပ်မျက်ခဲ့ရာ ၎င်းသည် မလေးရှားနိုင်ငံ၌ မူးယစ်ဆေးဝါး အမှုဖြင့် ကြိုးပေး ကွပ်မျက် ခံရသည့် တတိယမြောက် အင်ဒိုနီးရှား လူမျိုးဖြစ်ပြီး ၁၈ ယောက်မြောက် နိုင်ငံခြားသား ဖြစ်သည်။

အမေရိကန်နိုင်ငံ လော့အိန် ဂျလိစ် ၂၂ မြို့တွင် ရွှေကမ္ဘာလုံး ရုပ်ရှင်ဆုပေးပွဲကိုကျင်းပရာ မသန်မစွမ်း ဒုက္ခိတ ဗီယက်နမ်စစ်ပြန် တစ်ဦး၏ ကိုယ် တွေ့ ဖြစ် ရပ် ကို ရိုက်ကူးထားသော ''ဇူလိုင် လေးရက်နေ့တွင်ဖွားမြင်သည်''အမည်ရှိရုပ်ရှင်ကားသည် ဇာတ်ညွှန်းဆု၊ ဒါရိုက်တာဆု၊ အမျိုးသားသရုပ်ဆောင်ဆုနှင့် အကောင်း ဆုံး ရုပ် ရှင် ဇာတ်ကားဆု စုစုပေါင်း ရွှေကမ္ဘာလုံး ရုပ်ရှင်ဆု ဂေးဆု ဆွတ်ခူးသွားသည်။

အရှေ့ဂျာမနီ နယ်ခြား စောင့်တပ်ဖွဲ့များသည် ဘာလင်တံတိုင်းကြီး၏ ပေ ၃၃၀ ရှည်သော အစိတ်အပိုင်းကို ဖြိုချပြီး သံဆူးကြိုးတံတိုင်းဖြင့် အစားထိုး ကာရံလျက်ရှိကြောင်း အနောက်ဘာလင် အရာရှိတစ်ဦးက ပြောသည်။

မျက်စိကွယ်ရခြင်း အရင်းခံ ၂၅ အကြောင်းများအနက် လူ ၄,၀၀၀ တွင် တစ်ယောက်နှုန်းခန့် ဖြစ်ပွားသော ရီတိုက်နိုက်တစ် ပစ်မင်တိုဆာ စထရိုက် (Retinitis Pigmentosa Strikes) ရောဂါသည် အကြောင်းတစ်ချက်ဖြစ်ကြောင်း ဖြိုတိန် နိုင်ငံ ဆေးသုတေသီများက ပြောကြားလိုက်သည်။

ဟောလီးဝုဒ် နာမည်ကျော် ရုပ်ရှင်မင်းသမီးကြီး အာဗာဂါဒနာသည် ဖြိုတိန်နိုင်ငံ လန်ဒန်မြို့ရှိ ၎င်း၏နေအိမ်တွင် ကွယ်လွန်သွားသည်။ သူမသည် ၁၉၅၇ခုနှစ်တွင် တတိယမြောက် အိမ်ထောင် ဘက် အမေရိကန်ရုပ်ရှင်မင်းသား ဖရန့် စီနာထရာနှင့် ကွာရှင်းပြီး အမေရိကန်မှ လန်ဒန်မြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့ရာ အသက် ၆၇ နှစ် အရွယ်တွင် ကွယ်လွန်ခြင်းဖြစ်သည်။

၂၀ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပမည့် အာရှရိုးရာ အဆိုအကပွဲတော်တွင် ပါဝင်ဆင်နွှဲရန် ယဉ်ကျေးမှု ဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ် မှူးကြီး တင် ထူး ခေါင်း ဆောင် သော မြန်မာယဉ်ကျေးမှု အဆို အက အဖွဲ့သည် မလေးရှားနိုင်ငံသို့ ထွက်ခွာသည်။

၂၉ ပြည် တွင်း အ ခွန် များ ဦး စီး ဌာ နအောင်ဘာလေ သိန်းဆုဌာနခွဲသည် ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလတွင် ရောင်းချသော (၁၂) ကြိမ်မြောက် ငါး ကျပ် တန် အောင်ဘာလေသိန်းဆုများကို လက်ရှိဆုမဲဖွင့်လှစ် သည့် စနစ် အ တိုင်း ပ ထ မ ဆု ကျပ် ၃,၀၀,၀၀၀ ပါဝင်သည့် ၁၅ ယူနစ်ကို ဆုမဲပေါင်း ၃၀၀၀ ခွဲဝေပေးမည့်အပြင် ပထမဆု ကျပ် ၅,၀၀,၀၀၀ အဖြစ် ခုနစ်ယူနစ်ကို ဆုမဲပေါင်း ၇၉၁ ဆု စတင် တိုးခွဲခွဲဝေ ဖွင့်လှစ်ပေးသွားမည် ဖြစ်ကြောင်း ကြေညာသည်။

၂၈ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ကြီးမှူးပြုလုပ်သော ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ ဒုတိယအကြိမ် ဖျက်ဆီးသည့်ပြပွဲကို မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ အောင်သပြေရဲရိပ်သာခန်းမ၌ ကျင်းပရာ စုစုပေါင်းတန်ဖိုးငွေ အမေရိကန်ဒေါ်လာ ၅၀,၃၉,၁၆,၁၉၅ (ငါးရာ့သုံးသန်းကိုးသိန်း တစ်သောင်းခြောက်ထောင် တစ်ရာ့ကိုးဆယ့်ငါး) တန်ဖိုးရှိ ဘိန်းဖြူ ၂၅၁ ဒသမ ၄၀၂ ကီလို၊ ဘိန်းဆီ ၁၀ ဒသမ ၃၀၉ ကီလို၊ ဘိန်းရည် ၁၆ ဒသမ ၇၂၀ ကီလို၊ ဆေးခြောက် ၀၂၆ ဒသမ ၀၃၉ ကီလိုနှင့် ဖင် ဆီ ဒိုင်း ၅,၂၉၂ ဒသမ ၅ လစ် တာ (ပုလင်း ၄၀,၀၀၀ ကျော်)တို့ကို မီးတင်ရှို့၍လည်း ကောင်း၊ လမ်း ကြိတ်စက်ဖြင့် လည်း ကောင်း ဖျက် ဆီး လိုက်သည်။

၁၉၉၀ ပြည့်နှစ် ဖြစ်ရပ်မျှား



နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမောင်နှင့် ထိုင်း ဒုတိယ ဝန်ကြီးချုပ် တွေ့ဆုံစဉ်

၁၄ ကျပန်နိုင်ငံတွင် ကိုကင်းဖမ်းဆီးရမိမှု စံချိန်အဖြစ် ၂၃ ဒသမ ၇ ကီလို ဂရမ် (၅၂ ဒသမ ၁၄ ပေါင်)ကို ယိုကို ဟားမားမြို့ ကုန်လှောင်ရုံတစ်ရုံမှ ဖမ်းဆီး ရမိခဲ့သည်။

၁၅ မုတ္တမကမ်းလွန် သဘာဝ ဓာတ်ငွေ့ မြေတွင် သဘာဝ ဓာတ်ငွေ့များ တူးဖော်ထုတ်လုပ်ပြီး သဘာဝဓာတ်ငွေ့ရည် လုပ်ငန် အကောင်အထည်ဖော်ရေးအတွက် ဖြစ်မြောက်နိုင်စွမ်း ရှိမရှိ ပူးတွဲလေ့လာရေး လုပ်ငန်းကို ဆောင်ရွက်ရန် စွမ်းအင် ဝန်ကြီးဌာန၊ စွမ်းအင်စီမံရေး ဦးစီးဌာနနှင့် ဂျပန်နိုင်ငံ Idemitsu Oil Development Co. Ltd. တို့ နှစ်ဖက်သဘောတူ စာချုပ် ချုပ်ဆိုသည်။

၁၆ ကုန်သွယ်ရေး ဝန်ကြီးဌာန မြန်မာ့ ဟိုတယ်နှင့် ခရီးသွား လုပ်ငန်းက ပုဂံမြို့တွင် ပုဂံသံတဲ ဟိုတယ်ကို ဖွင့်လှစ် သည်။

၁၇ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌဗိုလ်ချုပ်ကြီး စောမောင်သည် ပြည်သူ့လွှတ်တော် အဆောက်အအုံ အစည်းအဝေး ခန်းမ၌ ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံ သင်တန်းအမှတ်စဉ် (၂၁) နောက်ဆုံးနှစ် သင်တန်းသား သင်တန်းသူများအား သြဝါဒစကား ပြောကြားသည်။

တုမဟုတ်ဘဲ အထောက်အကူပြု ပစ္စည်းသာ ဖြစ်သည်။ ယင်းပစ္စည်းသည် လက်မ ၂၀ ခန့် ရှည်လျားပြီး ပိုက်တစ်စုံ ပါရှိရာ ပိုက်တစ်ခုချင်းသည် သွေးလှည့်ပတ်မှု စနစ် အတွင်း အောက်ဆီဂျင်ဓာတ်ပို့လွှတ်ပေးပြီး အခြား ပိုက်တစ်ချောင်းသည် ခန္ဓာစွန့် ပစ္စည်းဖြစ်သည့် ကာဗွန်ဒိုင် အောက်ဆိုဒ် ဓာတ်များကို ရှင်းလင်းဖယ်ရှားပေးသည်"

၁၀ ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်း ဘိုဟို ကျွန်းတွင် ရစ်ချ်တာစကေး ၆ ရှိ ငလျင်ပြင်း တစ်ခု လှုပ်သွားရာ အိမ်ခြေ ၁,၅၃၀ ထက်မနည်းပျက်စီးပြီး လူ ၁၇,၅၀၀ ကျော် အိုးမဲ့အိမ်မဲ့ ဖြစ်သွားခဲ့သည်။

၁၁ ကမ္ဘာ့ဟဲဗီးဝိတ် သရဖူလုပွဲ၌ ရှုံးပွဲ မရှိ စံချိန် တင် ထား သူ လက်ရှိ ချန်ပီယံ မိုက်တိုင်ဆန်သည် ဒသမအချို့ စိန်ခေါ်သူ ဂျိမ်းဘတ်စတာ ဒေါက်ဂလပ်စ်၏ အလဲထိုးခြင်းကိုခံရပြီး ရှုံးနိမ့်သွားသည်။ တိုင်ဆန်သည် ရှုံးပွဲမရှိ နိုင်ပွဲ ၃၇ ပွဲ ရှိခဲ့ သည့်အနက် ၃၃ ပွဲမှာ အလဲထိုး အနိုင်ယူ ခဲ့ခြင်း ဖြစ်သည်။ ချန်ပီယံသစ် ဒေါက် ဂလပ်စ်(၂၉ နှစ်)သည် အမေရိကန်မှ ဖြစ် သည်။

၁၃ မန္တလေးမြို့ ရန် ကြီး အောင် လမ်း ခုံးကျော်တံတားဖွင့်ပွဲ ကျင်းပသည်။ အမေရိကန်ဒေါ်လာ ၄၁၈ သန်းကျော် တန်ဖိုးရှိသည့် ဖမ်းဆီးရမိခဲ့သော ဘိန်းဖြူ နှင့် မူးယစ်ဆေးဝါးများ ဖျက်ဆီးသည့်ပြပွဲ ကို မူးယစ်ဆေးဝါး အန္တရာယ် တားဆီး ကာကွယ်ရေး ဗဟိုအဖွဲ့က ကြီးမှူးု၍ မရမ်း ကုန်း မြို့နယ် ကျိုက်ဝိုင်း ဘုရားလမ်းရှိ အောင်သပြေရဲရိပ်သာ ခန်းမ၌ ကျင်းပပြု လုပ်သည်။

၁၂ စင်ကာပူသမ္မတနိုင်ငံ ကာကွယ်ရေး ဦးစီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး ဝင်စတန် ဒဗလျူ အယ်လ်ချူး၏ ဖိတ်ကြားချက်အရ စင်ကာပူ သမ္မတနိုင်ငံ တွင် ကျင်းပပြုလုပ်မည့် (၅) ကြိမ်မြောက် အာရှ လေကြောင်းပြပွဲသို့ တက်ရောက်ရန် နှင့် ထိုင်း ဘုရင့်လေတပ်မတော် လေတပ် ဗိုလ်ချုပ်ကြီး ကာဆက်ရိုချာ နာနယ်လ်၏ ဖိတ်ကြားချက်အရ ထိုင်း ဘုရင့်လေတပ်မ တော်သို့ ချစ်ကြည်ရေးခရီး သွားရောက်ရန် ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ် တင်ထွန်း ခေါင်းဆောင်သော မြန်မာကိုယ် စားလှယ်အဖွဲ့ ပြည်ပခရီး တွက်ခွာသွား သည်။

၁၃ အီတလီနိုင်ငံမှ တောင်တက်သမား ရိန်းဟိုး မက်ဆနာနှင့် အနောက် ဂျာမနီနိုင်ငံမှ စွန့်စားလိုသူ အာဗက်ဖန့်ချ်တို့ သည် အန္တာတိတ်ဒေသအား ခွေး သို့မဟုတ် စက်ယန္တရား အကူအညီမပါဘဲ အောင်မြင် စွာ ဖြတ်သန်း ခရီးနှင်နိုင်ခဲ့ကြသဖြင့် ၎င်း တို့သည် အန္တာတိတ် ဒေသအား အခြား အကူအညီ တစ်စုံတစ်ရာမပါဘဲ ဖြတ်သန်း သွားရောက်ခဲ့သည့် ပထမဦး ဆုံး သော လူသားများဖြစ်လာကြသည်။ ၎င်းတို့နှစ်ဦး သည် ကီလိုမီတာ ၂,၅၀၀ အကွာအဝေးရှိ ရေခဲပြင်ကို ၉၁ ရက်ဖြင့် ဖြတ်သန်းကျော် လွှားခဲ့ကြရသည်။

၁၄ လောနိုင်ငံ ကုန်သွယ်ရေးနှင့် ပြည်ပ စီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန ၁၇ ဝန်ကြီး မစွတာ ဖောင်းဘူနာဖွန် ခေါင်းဆောင်၍ အဖွဲ့ဝင် ခြောက်ဦးပါသော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက် ရှိသည်။

လက်ရှိ ကမ္ဘာ့လူဦးရေသည် သန်း ၅,၂၅၀ ခန့် ရှိနေရာမှ နောက် ၁၀ နှစ် အတွင်း သန်း ၁၀၀၀ ခန့် တိုးတက်လာ မည်ဟု ခန့်မှန်းရကြောင်း ကုလသမဂ္ဂ တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ပြောကြား သည်။

နိုင်ငံတော် ငြိမ်ဝပ် ပိပြား မှု တည်ဆောက်ရေးအဖွဲ့ အမိန့်၊ အမိန့် အမှတ် ၁/၉၀ ဖြင့် ရွေးကောက်ပွဲတွင် ဝင် ရောက်ယှဉ်ပြိုင်ခြင်း မပြုကြသည့် နိုင်ငံရေး ပါတီအဖွဲ့အစည်းများအား ဖျက်သိမ်းသည့် အမိန့်ကိုလည်းကောင်း၊ အမိန့်အမှတ် ၂/၉၀ ဖြင့် ရွေးကောက်ပွဲ၌ အနည်းဆုံးမဲဆန္ဒနယ် သုံးနယ်တွင် ဝင်ရောက် ယှဉ်ပြိုင်ခြင်း မပြု ကြသည့် နိုင်ငံရေးပါတီများအား ဖျက်သိမ်း သည့် အမိန့်ကို လည်းကောင်း၊ အမိန့် အမှတ် ၃/၉၀ ဖြင့် စုဝေးခွင့်နှင့် မဲဆွယ်ခွင့် ဆိုင်ရာ အမိန့်ကို လည်းကောင်း ထုတ်ပြန် ကြေညာသည်။

ကုန်သွယ်ရေး ဝန်ကြီးဌာန အမိန့် ကြော်ငြာစာအမှတ် ၈/၉၀ ဖြင့် မြန်မာ ဖရစ်ဇ် ဝါနာအင်ဒစ်ထြစ် ကုမ္ပဏီလီမိတက် (Myanmar Fritz Werner Industries Company Limited) ကို ဖွဲ့စည်းသည်။

ဆေးမျိုးအရင်းချင်းနှင့် ကိုယ်ခန္ဓာနှင့် စိတ်ပိုင်းဆိုင်ရာ ချွတ်ယွင်း နေသူများအား အိမ်ထောင်ဖက်မှ တားမြစ်သည့် ဥပဒေကို တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း လျောင်နင်း ပြည်နယ်တွင် ပြဋ္ဌာန်းသည်။

ကုန်သွယ်ရေး ဝန်ကြီးဌာန မြန်မာ့ ထုတ်ကုန်သွင်းကုန်လုပ်ငန်းနှင့် ဂိုးလ် ဒင်းဂလိုရီကုမ္ပဏီ (စင်ကာပူ) တို့ပူးပေါင်းပြီး တိုရှီဘာ အရောင်းခန်းမဖွင့်ပွဲကို ကုန်သည် လမ်း အမှတ် ၅၆၉၊ ၅၇၇ ရှိ မြန်မာ့ထုတ် ကုန် သွင်းကုန်လုပ်ငန်း အဆောက်အအုံ မြေညီထပ်၌ ကျင်းပပြုလုပ်သည်။

ရန်ကုန်မြို့တော် စည်ပင် သာယာရေး ကော်မတီမှ တည်ဆောက်ပြီးစီးသွားသော မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာဈေးသစ် ဖွင့်ပွဲကို ဗဟိုဒေသလမ်းရှိ မင်္ဂလာဈေးသစ် ဝင်း၌ ကျင်းပသည်။

အီရန်နိုင်ငံတွင် ၁၉၈၈ ခုနှစ်မှစ၍ မူးယစ်ဆေးဝါး မှောင်ခိုမှုဖြင့် ပြစ်မှု ထင်ရှားသူ ၁,၂၀၀ ကျော်အား ကွပ်မျက်ခဲ့ ပြီးဖြစ်ကြောင်း ကြေညာသည်။

မတ်လ

မြန်မာနိုင်ငံတော် ဗဟိုဘဏ် မှ တစ်ကျပ်တန်ငွေစက္ကူ အမျိုးအစား သစ်ကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ငွေကြေးဌာနတွင် လည်းကောင်း၊ မြန်မာ့ စီးပွားရေးဘဏ်၏ ဘဏ်ခွဲများတွင် လည်းကောင်း စတင်၍ ထုတ်ဝေသည်။

အာဖရိက အမျိုးသား ကွန်ဂရက် (အေအင်စီ) က နယ်လဆင် မန်ဒဲလားအား ၎င်းအဖွဲ့၏ ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်လိုက်ကြောင်း ကြေညာသည်။

ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်၊ ကုလ သမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှု အဖွဲ့၊ ကုလသမဂ္ဂ ကလေးများ ရန်ပုံ ငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့က ကြီးမှူးရှိ ထိုင်းနိုင်ငံ ဂျွမ်တီယန်မြို့တွင် ကျင်းပပြုလုပ် မည့် အားလုံးအတွက် ပညာရေး ကမ္ဘာ့ ညီလာခံသို့ တက်ရောက်ရန် ကျန်းမာရေး ဝန်ကြီးဌာနနှင့် ပညာရေး ဝန်ကြီးဌာန ဝန်ကြီး တက္ကသိုလ်လေ့ကျင့်ရေးတပ်များ၏ တပ်မှူးချုပ် ဗိုလ်မှူးကြီးဖေသိန်း ခေါင်း ဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့ သည် ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ ၁၂ ရက်နေ့တွင် ပြန် လည်ရောက်ရှိသည်။

အိန္ဒိယဝန်ကြီးချုပ် ဗီပီဆင်း သည် ရာထူးနှစ်နေရာ ထိန်းချုပ်ထားမည် မဟုတ်ကြောင်း ကတိပြုထားသည့်အတိုင်း ဂျနာတာဒါးလ်ပါတီ အစည်းအဝေးတွင် ၎င်း၏ နုတ်ထွက်လွှာ တင်သွင်းကာ ပါတီ ဥက္ကဋ္ဌရာထူးမှ နုတ်ထွက်လိုက်သည်။

တိုရှီဘာ အရောင်းခန်းမ ဖွင့်ပွဲ



၁၉၉၀ ပြည့်နှစ် ဖြစ်ရပ်မျှား



နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမောင်က ထိုင်းဗိုလ်ချုပ်ကြီး ချာဗလစ်ယောင်ချိုင်ယုဒ်ကို ကြိုဆိုစဉ်

မွန်ဂိုးလီးယားနိုင်ငံမှုတော် အူလန်ဘာတာတွင် မွန်ဂိုးလီးယား ဒီမိုကရက်တစ်ယူနီယံ (အမ်ဒီယူ)၊ ဆို မျှယ် ဒီမိုကရက်တစ်ပါတီ၊ တိုးတက်ရေးအဖွဲ့သစ်နှင့် ဒီမိုကရက်တစ် ကျောင်းသားများသမဂ္ဂတို့ ပူးပေါင်း၍ ဆန္ဒပြလူထု ၄၀,၀၀၀ ခန့် တက်ရောက်သည့် လူထုအစည်းအဝေးပွဲတစ်ရပ်ကျင်းပပြီး ဗဟိုကော်မတီအသစ် တစ်ရပ်ရွေးချယ်ရန်လက်ရှိအာဏာရ မွန်ဂိုးလီးယား ပြည်သူတော်လှန်ရေးပါတီ (အမ်ပီအာပီ)၏ အရေးပေါ် ပါတီညီလာခံကို မတ်လမကုန်မီ ကျင်းပပေးရန် တောင်းဆိုကြသည်။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ မွန်ဂိုးလီးယား ပြည်သူတော်လှန်ရေးပါတီ၏ တရားဝင်အုပ်ချုပ်ပိုင်ခွင့်ကို အဆုံးသတ်စေရေးအတွက်ဥပဒေပြုလုပ်ဆောင်ရန်နှင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကို ပြန်လည် ပြုပြင် ရေးဆွဲရန်ကိုလည်း အရေး ဆိုကြသည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောမောင်၏ဖိတ်ကြား ချက်အရ စင်ကာပူ သမ္မတနိုင်ငံ ကာကွယ်ရေးဦးစီးချုပ်ဒုတိယဗိုလ်ချုပ်ကြီး ဝင်စတန် ဒဗလျူ အယ်လ် ချူးနှင့် အဖွဲ့သည် လေကြောင်းခရီးဖြင့် ရန်ကုန် မြို့ သို့ ရောက် ရှိ လာ သည်။ ဂ ရက် နေ့ တွင် ပြန်လည်ထွက်ခွာသွားသည်။

''အားလုံးအတွက် ပညာရေး'' ဟု ခေါင်းစဉ်တပ်ထားသော ငါးရက် ကြာ ကျင်း ပ မည့် နိုင် ငံ တ ကာ သီလာခံတစ်ရပ်ကို ထိုင်းနိုင်ငံ ဗန်ကောက် မြို့၌ အနောက်ဘက် ၆ဂ မိုင် အကွာရှိ ဂျွမ်တီယန် ပင်လယ် ကမ်းခြေ အပန်းဖြေ စခန်း၌ စတင်ဖွင့်လှစ်ရာ နိုင်ငံပေါင်း ၁၅၅ နိုင် ငံ မှ ကိုယ် စား လှယ် ၁,၂၀၀ ကျော် တက်ရောက်ကြသည်။ အဆိုပါ ပညာရေး ဆိုင်ရာ နိုင်ငံတကာညီလာခံသည် ပညာရေး နယ်ပယ်တွင် ကျင်းပခဲ့သည့် အစည်းအဝေး ပွဲများအနက် အကြီးဆုံးဖြစ်သည်။

ပြည်ထောင်စု မြန် မာ နိုင် ငံ တော် တတိယအကြိမ် ဂိုဏ်းပေါင်းစုံသံ ဃာ အစည်းအဝေးပွဲကြီးကို ရန် ကုန် မြို့ ကမ္ဘာ အေး ကုန်း မြေ မ ဟာ ပါ သာ ဏ လိုဏ်ဂူတော်ကြီးအတွင်း၌ ကျင်းပသည်။

ထိုင်း နိုင် ငံ ဒု တိ ယ ဝန် ကြီး ချုပ် ဗိုလ် ချုပ် ကြီး သိဃင် ဆရီဆူပန် ခေါင်းဆောင်သော ကိုယ်စားလှယ် အဖွဲ့သည် ထိုင်း ဘု ရင့် လေ တပ် မ တော် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိ လာသည်။ ဧ ရက်နေ့တွင် ပြန်လည်ထွက် ခွာသွားသည်။

ထိုင်းဘုရင့်တပ်မတော် စစ်ဆေးရေး အရာရှိချုပ်ဗိုလ်ချုပ်ကြီး ပက်အကာ နီဘွတ် ခေါင်းဆောင်သော ချစ်ကြည်ရေးနှင့် ထိုင်းအမျိုးသား ကာကွယ်ရေးတက္ကသိုလ် လေ့လာရေးအဖွဲ့သည် ရန်ကုန်မြို့သို့ ရောက် ရှိ လာ သည်။ ၁၁ ရက်နေ့တွင် ပြန်လည် ထွက်ခွာသွားသည်။

၁၃၅၁ ခုနှစ် (၁၉၉၀ ပြည့်နှစ်)ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းခဲ့သည့် အဘိဓမ္မာရတ္နဂုရုနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော် ဆက်ကပ် ပူဇော်ပွဲ အခမ်းအနားကို က မ္ဘာ အေး ကုန်း မြေ ရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသဏ္ဏ လိုဏ်ဂူတော်ကြီး၌ ဆင်ယင်ကျင်းပသည်။

၁၉၇၈ ခုနှစ်စက်တင်ဘာလက စစ်ဘက်မှ အာဏာသိမ်း၍ တက်လာသူ ဗိုလ်ချုပ်ကြီး ပရိစပါ အေဗရီသည် ဟေ တီ နိုင် ငံ သမ္မတ အဖြစ်မှ နုတ်ထွက်လိုက်သည်။ ၎င်း၏အစိုးရအဖွဲ့အား ဆန့်ကျင်မှုများ အ ခြိန် အ တန် ကြာ အရှိန် မြင့် တက် လာ ရာ မှ ယခုကဲ့သို့ နုတ်ထွက်လိုက်ခြင်းဖြစ်သည်။ ၎င်း၏နေရာကို နိုင်ငံတော်တရားရုံးချုပ် အဖွဲ့ဝင်တစ်ဦးဖြစ်သည့် အာသာ ပါစကယ် ထရိုအီလ်လော့က ဆက်ခံရာ ၁၈၆ နှစ်ကြာ သက်တမ်းရှိ



အစွရေးဝန်ကြီးချုပ် ရှမီးယား

သည့် ဟေတီနိုင်ငံသမိုင်းတွင် ပထမဆုံး အမျိုးသမီး သမ္မတ ဖြစ်လာသည်။

အီရတ်နိုင်ငံတွင် သူ လျှို လုပ် ငန်း များ လုပ်ကိုင်ခဲ့သူ ဗြိတိသျှတွင် အခြေစိုက်သည့် သတင်းစာဆရာ ဖာဇတ်ဘာဇော့ဖ် ဆိုသူ အား အီရတ် တ ရား ရုံး တစ်ရုံးက သေဒဏ် အပြစ်ပေးလိုက်ပြီး ၎င်းကို ကူ ညီ ခဲ့ သည့် ဗြိတိသျှသူနာပြုတစ်ဦးကိုလည်း ထောင်ဒဏ် ၁၅ နှစ်ကျခံစေရန် အပြစ်ဒဏ် ချမှတ်လိုက်သည်။ အဆိုပါ ဘာဇော့ဖ်ဆိုသူမှာ လွန်ခဲ့သည့် စက်တင်ဘာလက အီရတ် စစ်စခန်း တစ်ခုဌ ဖောက်ခဲ့မှုပြုလုပ်သည့် သတင်းကို ရရှိရန် သတင်းထောက်လှမ်းနေစဉ် အဖမ်းခံခဲ့ရခြင်းဖြစ်သည်။

၁၁ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေများအတွင်းရှိ မြို့နယ် ၁၄ မြို့နယ်၌ မာရှယ်လော အာ ဏာ ကို ရုပ် သိမ်း လိုက်ကြောင်း နိုင် ငံ တော် ငြိမ် ဝပ် ပိ ပြား မှု တည်ဆောက်ရေး အ ဖွဲ့ က မာ ရှယ် လော အမိန့်အမှတ် ၂/၉၀ ဖြင့် ထုတ်ပြန်ကြေညာသည်။

၁၂ ထိုင်း နိုင်ငံ ပ စ္စ နု လောက် မြို့ တွင် ကျင်းပမည့် မြန်မာ–ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီ တတိယအကြိမ် အစည်းအဝေးသို့ တက်ရောက်ရန်အတွက် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်အေး ခေါင်းဆောင်သည့် မြန်မာ ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

နိုင်ငံရေးပါတီများ၏ မဲဆွယ် စည်းရုံး ဟောပြောခွင့်ကို မြန်မာ့အသံနှင့် မြန်မာ့ရုပ်မြင်သံကြားတို့မှ ယနေ့ စတင်ရာ ဒီမိုကရေစီပါတီနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ဒီမိုကရေစီတပ်ပေါင်းစုတို့မှစတင်ဟောပြောကြသည်။

၁၉၉၁ ခုနှစ် ဇွန်လ မကုန်မီ ဆိုဗီယက် တပ်များ အပြီးအပိုင် ရုပ်သိမ်းပေးရန် နှစ်နိုင်ငံ သဘောတူညီချက်အရ ဟန်ဂေရီရှိ ဆိုဗီယက်တပ်ဖွဲ့ဝင်များအနက်ပထမအသုတ် တပ်ဖွဲ့ဝင် ၂၀၀၀ ကို စတင် ရုပ်သိမ်းသည်။

၁၃ ထိုင်းဘုရင့် တပ်မတော် ယာယီ စစ်သေနာပတိချုပ်နှင့် ထိုင်း ဘုရင့် ကြည်းတပ်မတော် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ချာ ဗလစ် ယောင် ချိုင် ယုဒ် ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့သို့ ထိုင်းဘုရင့် လေတပ်မတော် အထူး လေယာဉ်ဖြင့် ရောက်ရှိလာသည်။ ထိုနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားသည်။

ငြိမ်းချမ်းရေး ဆွေးနွေးပွဲကိစ္စ အငြင်းပွားရာမှ စ၍ ဝန်ကြီးချုပ် ရှ မီး ယား က ဒုတိယဝန်ကြီးချုပ် ရှီမွန်ပဲရက်ကို ရာထူးမှ ဖယ်ရှားပစ်လိုက်သည်။ ယင်းကိစ္စနှင့် ပတ်သက်၍လေဘာပါတီမှအစိုးရအဖွဲ့ဝင်ဝန်ကြီး အား လုံး က ရာထူးမှ နုတ်ထွက်လိုက်ကြရာ ၁၅ လ သက်တမ်းရှိပြီဖြစ်သော အစွရေး ညွန့်ပေါင်းအစိုးရ အဖွဲ့မှာ ပျက်ပြား သွားရသည်။

၁၄– ဆိုဗီယက် ခေါင်း ဆောင် မီ ခါ ယီး ၁၅ ဂေါ် ဘာ ချော့ အား ဆို ဗီ ယက် ပြည်သူ ကိုယ်စားလှယ်များ ကွန်ဂရက် အထူးအစည်းအဝေး တစ်ရပ်က လျှို့ဝှက် မဲပေးစနစ်ဖြင့် သမ္မတအဖြစ် တင်မြှောက်လိုက်သည်။ ကိုယ်စားလှယ်များ၏ ထောက်ခံမဲ ၁,၃၂၉ မဲ ရရှိပြီး ကန့်ကွက်မဲ ၄၅၅ မဲရရှိသည်။ ၁၅ ရက်နေ့တွင် ပထမဆုံး ဆိုဗီယက် သမ္မတ အဖြစ် ကရင်မလင် နန်းတော်၌ ကျမ်းသစ္စာ ကျိန်ဆိုသည်။

၁၅– နိုင်ငံတော် ငြိမ် ဝပ် ပိ ပြား မှု ၁၈ တည်ဆောက်ရေး အဖွဲ့ဝင် ဝန်ကြီး ဗိုလ်ချုပ်ဘုန်းမြင့်၊ ဝန်ကြီး ဗိုလ်ချုပ် အောင်ရဲကျော်၊ အတွင်းရေးမှူး(၂)ဗိုလ်မှူး ချုပ် တင် ဦး နှင့် ဝန် ကြီး ဗိုလ် မှူး ကြီး ဖေသိန်းတို့သည် အဖွဲ့ဝင်များလိုက်ပါလျက် အရှေ့တောင်တိုင်း စစ်ဌာနချုပ် နယ်မြေ အတွင်းရှိ မြို့နယ်များသို့ သွားရောက်ကွင်း ဆင်းကာ ဒေသဆိုင်ရာ ဖွံ့ဖြိုးရေး လုပ်ငန်း များကို ညှိနှိုင်းဆောင်ရွက် ပေးကြသည်။

၁၅– ထိုင်း ဘုရင့် ကြည်း တပ်မ တော် ၁၉ လက်ထောက် စစ်ဦးစီး အရာရှိချုပ် (ထောက်လှမ်းရေး)ဒုတိယဗိုလ်ချုပ် ကြီး သာဗွန်းရတနာဗာဒီနှင့် ဇနီးတို့သည် အဖွဲ့ဝင် ၂၂ ဦး လိုက်ပါလျက် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာသည်။ ၁၉ ရက်နေ့တွင် ပြန်လည် ထွက်ခွာ သွားသည်။

၁၅ ရန်ကုန်တိုင်း စစ်ဌာနချုပ် နယ်မြေ အတွင်းရှိ မြို့နယ် ၁၂ မြို့နယ်၌ မာရှယ်လော အာဏာကို ရုပ်သိ မ်း လိုက်ကြောင်း နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့က မာရှယ်လော အမိန့်အမှတ် ၃/၉၀ ဖြင့် ထုတ်ပြန်ကြေညာသည်။

သဘောထား တင်းမာသည့် ဝန်ကြီး ချုပ် ရှမီးယား၏ အစိုးရအပေါ် အယုံ အကြည်မရှိ အဆိုကို မဲခွဲဆုံးဖြတ်ရာတွင် ထောက်ခံမဲ ၆၀၊ ကန့်ကွက်မဲ ၅၅ မဲဖြင့် အနိုင် ရရှိလိုက်သည့် အတွက် ရှီမွန်ပဲရက် အား လေဘာပါတီ ခေါင်း ဆောင် သည့် ညွှန့်ပေါင်းအစိုးရ ဖွဲ့စည်းနိုင်ရေး အတွက် အခွင့်အလမ်း ရရှိသွားစေသည်။ အစွရေး နိုင်ငံသမိုင်းတွင် ပါလီမန် မဲခွဲဆုံးဖြတ်မှုဖြင့် ရာထူးမှ နုတ်ထွက်ရမည့် ပထမဆုံး ဝန်ကြီး ချုပ် ဖြစ်သူ ရှမီးယားအနေဖြင့် အိမ်စောင့်

အစိုးရ ဝန်ကြီးချုပ်အဖြစ် ဆက်လက်ထမ်းဆောင်ရမည် ဖြစ်သည်။

၁၈ အရှေ့ဂျာမနီ ပါလီမန်ရွေးကောက်ပွဲများကို စတင် ကျင်းပရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၀၀ နေရာအတွက် နိုင်ငံရေးပါတီများ၊ ပြည်သူ လှုပ်ရှားမှု အသင်းအဖွဲများ ၂၄ ခုတို့မှ ကိုယ်စားလှယ် လောင်းများ ဝင်ရောက် ယှဉ်ပြိုင်ကြသည်။

နိုဗင်ဘာ အသီးသီးအတွက် ချီးမြှင့်သော ဒွေသား ပမာဏကို ၁၉၉၀ ပြည့် နှစ်မှစ၍ ဆို့ဒင် နိုင်ငံသုံး ကရိုနာ ဒွေ တစ် သန်း (ဒေါ်လာ ၁,၆၄,၀၀၀) တိုးကာ ကရိုနာ လေးသန်း (ဒေါ်လာ ၆,၅၃,၀၀၀) ချီးမြှင့်မည် ဖြစ်ကြောင်း နိုဗဲ ဖောင်ဒေးရှင်းက ကြေညာသည်။

၁၉ အိမ်နီးချင်း နိုင်ငံများနှင့် အခြား ပုဒ္ဓဘာသာနိုင်ငံများတွင် ပုဒ္ဓကျမ်းစာများ တက္ကသိုလ်အဆင့်မီ သင်ကြားရေး နည်းစနစ်များကို လေ့လာရန်အတွက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ပဲခူးမြို့မ ဆရာတော် ဘဒ္ဒန္တဇဂဒ္ဓဘဝရ ခေါင်းဆောင်သော ပရိယတ္တိပညာသင်ကြားမှု လေ့လာရေးအဖွဲသည် ထိုင်းနိုင်ငံ၊ နီပေါနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ သီရိလင်္ကာနိုင်ငံနှင့် ဂျပန်နိုင်ငံများသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

၂၀ တောင် အာဖရိကက နမီးဗီးယားသို့ လွှတ်လပ်ရေး လွှဲပြောင်း ပေး သည့် အခမ်း အနားကို ဝင်း ဟုတ် မြို့ရှိ လွှတ်လပ်ရေး အားကစားကွင်း အတွင်း၌ ကျင်းပရာ တောင် အာ ဖ ရိ က နိုင် ငံ တွင် ကိုလိုနီနိုင်ငံအဖြစ် နောက်ဆုံး ကျန်ရှိနေသော နမီးဗီးယားနိုင်ငံသည် တောင် အာဖရိက၏ ၇၅ နှစ်ကြာ အုပ်ချုပ်မှုအောက်မှ လွှတ်မြောက်ပြီး လွှတ်လပ်ရေး ရရှိသွားသည်။ အဆိုပါ အခမ်းအနားတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ပဲရက်ဒဲကွေးလျားက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အစိုးရအဖွဲ့ အများအပြားမှ ခေါင်းဆောင်များနှင့် အာဖရိက အမျိုးသား ကွန်ဂရက် (အေအင်စီ) ခေါင်းဆောင် နယ်လဆင်မန်ဒဲလားအပါအဝင် ပရိသတ် ၂၀,၀၀၀ ကျော် တက်ရောက်သည်။ လွှတ်လပ်သော နမီးဗီးယားနိုင်ငံ၏ ပထမဆုံး သမ္မတ အဖြစ် ဆမ်နုဂျိုမာက ၂၁ ရက်နေ့တွင် ကျမ်းသစ္စာ ကျိန်ဆိုသည်။

၂၁ တရုတ် ပြည်သူသမ္မတနိုင်ငံ နိုင်ငံလုံး ဆိုင်ရာ ပြည်သူကွန်ဂရက် ဒုတိယနေ့တွင် တရုတ် ခေါင်းဆောင် တိန့်ရှောင်ဖိန်သည် ၁၉၇၃ ခုနှစ်ကတည်းက ရယူခဲ့သည့် တရုတ်နိုင်ငံ၏ စစ်ကော်မရှင်ဥက္ကဋ္ဌ ရာထူးမှ နုတ်ထွက်လိုက်သည်။

၂၂ မလေးရှားနိုင်ငံ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ၂၄ တန်ဆရီ ဟာရှင်ဘင် မိုဟာမက်အလီ နှင့်အဖွဲသည် ရန်ကုန်မြို့သို့ အထူး လေယာဉ်ဖြင့်ရောက်ရှိလာသည်။ ၂၄ ရက် နေ့ တွင် ပြန်လည် ထွက်ခွာသွားသည်။

၂၅ ကွန် မြူ နစ် ပါ တီ သည် အာဏာလက်ဝါးကြီး အုပ်ထားမှုကို မိမိဘာသာ ဆန္ဒအလျောက် စွန့်လွှတ်သော အရှေ့ဥရောပမှ ပထမဆုံးသော ကွန်မြူနစ်နိုင်ငံဖြစ်သည့် ဟန်ဂေရီနိုင်ငံတွင် ၁၉၄၇ ခုနှစ် နောက်ပိုင်း ပထမဆုံးအကြိမ် အဖြစ် လွတ်လပ်သော ရွေးကောက်ပွဲများကို ကျင်းပရာ ပါတီ ၂၉ ခုမှ ကိုယ်စားလှယ်လောင်းများ ပါဝင်အရွေးချယ်ခံကြသည်။ လူဦးရေ ၁၀ ဒသမ ၆ သန်းရှိသည့်အနက် မဲဆန္ဒ ပေးခွင့်ရသူ ၇ ဒသမ ဂ သန်းတို့က ဆန္ဒမဲပေးကြသည်။

(၄၅) နှစ်မြောက် တပ်မတော်နေ့ (တော်လှန်ရေးနေ့)စစ်ရေးပြအခမ်းအနားကို ရန်ကုန်မြို့ ဦး ဝီ စာ ရ လမ်းရှိ တော်လှန်ရေးပန်းခြံ၌ကျင်းပရာ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး စောမောင် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

သူရဲကောင်းစစ်သည်ဗိမာန် ဖွင့်ပွဲအခမ်းအနားကို (၄၅) နှစ်မြောက် တပ်မတော်နေ့တွင်ကျင်းပရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး စောမောင် တက်ရောက်၍ ဖွင့်လှစ်ပေးသည်။

၂၇- ဗိုလ်ချုပ်ကြီး ချာဗလစ်ယောင်ချိုင် ၂၈ ယုဒ်သည် ထိုင်းနိုင်ငံ ကြည်းတပ် ၂၈ မတော် စစ် ဦးစီးချုပ် အ ဖြစ် မှ နုတ်ထွက်လိုက်သည်။ ၂၈ရက်နေ့တွင်လက်ရှိ အ စိုး ရ အ ဖွဲ့ ၌ ဒုတိယ ဝန်ကြီးချုပ်နှင့် ကာကွယ်ရေး ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကြေညာသည်။

၂၉ နှစ်နိုင်ငံစီးပွားရေးနှင့် ကုန်သွယ်ရေး ၂၈- ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးရန် ၂၉ ကိုရီးယား သမ္မတနိုင်ငံမှ ဒေါ်ဦးအမ်ဥက္ကဋ္ဌ မစ္စတာကင်မ်ဝူချွန်း ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲသည် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာသည်။ ၂၉ ရက်နေ့တွင် ပြန်လည်ထွက်ခွာသွားသည်။

၃၀ နယ်စပ် ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေးကို ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် ပြုလုပ်ရာ ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နှင့် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)ဗိုလ်ချုပ်ကြီးသန်းရွှေနှင့် ဗဟို ကော်မတီဝင်များ၊ အထူး ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

၃၁ ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ စွမ်းအင် ဝန်ကြီးဌာန ဝန်ကြီး၏ ဖိတ်ကြားချက်အရ စွမ်းအင်ဝန်ကြီးဌာနနှင့် သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး မောင်မောင်ခင် ဦးဆောင်သော မြန်မာ ကိုယ်စားလှယ် အဖွဲသည် လေကြောင်းခရီးဖြင့် ဗီယက်နမ် နိုင်ငံသို့ ထွက်ခွာသွားသည်။

ဖြိတိန်နိုင်ငံ လန်ဒန်မြို့တွင် ဖြိတိန်နိုင်ငံလုံးဆိုင်ရာ လူခွန်ကောက်ခံမှု ဆန့်ကျင်ရေး ဖက်ဒရေးရှင်းက ဦးဆောင်စည်းရုံး ကျင်းပသည့် လူခွန်ကောက်ခံမှု ကန့်ကွက်ဆန္ဒပြပွဲတွင် ရဲနှင့်ဆန္ဒပြသူလူအုပ်ကြီးများအကြား အဓိကရုဏ်းအပြင်းအထန်ဖြစ်ပွားကြသည်။ အဓိကရုဏ်းကြောင့် အနည်းဆုံး ရဲအဖွဲဝင် ၄၅ ဦးနှင့် အရပ်သား ၄၀ ဦးဒဏ်ရာရရှိခဲ့ပြီး လူ ၃၄၀ ကျော် ဖမ်းဆီးထားသည်ဟု သိရသည်။

ဇူလိုင်

၁- ဖြိတိန်နိုင်ငံ မြောက်ပိုင်း မန်ချက်
၂၅ စတာမြို့ရှိ စထရိန်းဝေး အကျဉ်း ထောင်တွင် အကျဉ်းသားများ ဆူပူအုံကြွမှုဖြစ်ကာ ထောင်အတွင်း မီး ရှို့မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားပြီး လူ ၅၀ ခန့် ဒဏ်ရာရရှိသွားကြသည်။ ဖြိတိန်နိုင်ငံအကျဉ်းထောင်များ ဆူပူမှုသမိုင်းတွင်



တရုတ် စစ်ကော်မရှင် ဥက္ကဋ္ဌ ကျန်ကျိမင်း

အဆိုးရွားဆုံးနှင့် အရှည်ကြာဆုံး ဆူပူမှု ဖြစ်သည်။ ၂၅ ရက်နေ့တွင်မှ ထောင်ဆူပူမှု အဆုံးသတ် သွားသည်။ ဆူပူမှု ကြောင့် ပျက်စီးမှုများကို ပြန်လည်တည်ဆောက်ရန် ဒေါ်လာ သန်း ၈၀ ခန့် ကုန်ကျမည်ဟုဆို သည်။

၇ ဗုလဂေးရီးယား ပါလီမန် သည် အသစ် တီထွင် လိုက်သော သမ္မတ ရာထူး နေရာတွင် ပြုပြင် ပြောင်းလဲ မှုကို လိုလားသော ပီတာ မလာဒီနော့ဗ် အား ယာယီသမ္မတအဖြစ် ရွေးချယ်တင်မြှောက် လိုက်ပြီး ပါတီစုံရွေးချယ်တင်မြှောက်ပွဲများ ဇွန်လ၌ကျင်းပရေးကို ခွင့်ပြုသည့် ဥပဒေ ကြမ်းအား အတည်ပြု ပေးလိုက်သည်။

တရုတ်နိုင်ငံ၏ စစ်ကော်မရှင် ဥက္ကဋ္ဌ ရာထူး အတွက် တရုတ် ခေါင်းဆောင် တိန့်ရှောင်ဖိန်၏နေရာတွင် တရုတ်ကွန်မြူနစ် ပါတီအကြီးအကဲ ကျန်ကျိမင်းအား တရုတ် ပြည်လုံးဆိုင်ရာ ပြည်သူကွန်ဂရက်က လျှို့ဝှက် မဲပေးစနစ်ဖြင့် ရွေး ချယ်လိုက် သည်။

၈ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည် ဆောက်ရေး အဖွဲ့ ဒုတိယ ဥက္ကဋ္ဌ၊ ၉ ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နှင့် ကာကွယ် ရေး ဦးစီးချုပ် (ကြည်း)ဗိုလ်ချုပ်ကြီးသန်းရွှေသည် အဖွဲ့ ဝင် များ လိုက် ပါ လျက် ပဲခူး တိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အလယ် ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေများသို့ သွားရောက်ကာ နယ်မြေဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများကို ကြည့်ရှု စစ်ဆေးသည်။

၎ ပြည်ထောင်စု မြန်မာ နိုင်ငံတော် အစိုးရ၊ သတ္တုတွင်း ဝန်ကြီး ဌာန သည် ကျောက်မျက်ရတနာများတွေ့ရှိသည့် နယ်နိမိတ်အား "နဝရတ်ရတနာမြေ" အဖြစ် သတ်မှတ်သည့် အမိန့်ကြော်ငြာစာ အမှတ် ၆/၉၀ ကို ထုတ်ပြန်ကြေညာသည်။

၎ တရုတ်ပြည်သူ သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေး ၁၁ ဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောရေး ဆိုခွင့်ရှိသူ မစ္စတာကျင်ကွေ့ဝှာ ခေါင်း ဆောင်သော ပြန်ကြားရေး ကိုယ်စားလှယ် အဖွဲ့သည် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့ သို့ ရောက်ရှိလာသည်။ ၁၁ ရက်နေ့တွင် ပြန်လည်ထွက်ခွာသွားသည်။

၅ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဆက်သွယ် ၁၅ ရေး ဝန်ကြီး၏ ဖိတ်ကြားချက်အရ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဝန်ကြီးဌာနနှင့် အလုပ်သမား ဝန်ကြီးဌာန ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး တင်ထွန်း ခေါင်းဆောင်သော မြန်မာ ကိုယ်စား လှယ် အဖွဲ့ သည် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာသွားသည်။ ၁၅ ရက် နေ့ တွင် ပြန်လည် ရောက်ရှိသည်။

၆ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၃၁) သင် တန်း ဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ပြင်ဦးလွင် မြို့ စစ်တက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကိုယ်စား ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီး ချုပ် နှင့် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး သန်းရွှေ တက် ရောက်၍ အလေးပြုခံပြီး မိန့်ခွန်းပြောကြား သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက် ရေးအဖွဲ့ဝင်များဖြစ်ကြသည့် ဝန်ကြီးဒုတိယ ဗိုလ်ချုပ်ကြီးအောင်ရဲကျော်၊အတွင်းရေးမှူး (၂) ဗိုလ်ချုပ်တင်ဦး၊ ဝန်ကြီး ဗိုလ်မှူးကြီး ဖေသိန်းနှင့် နိုင်ငံတော် တရားသူကြီးချုပ် ဦးမောင်တိုး၊ နိုင်ငံတော် ရှေ့နေ ချုပ် ဦးသာထွန်း တို့သည် အဖွဲ့ဝင်များ လိုက်ပါ လျက်မွန်ပြည်နယ်သို့သွားရောက်ကွင်းဆင်း ကာ လုံခြုံရေး၊ တရား ဥပဒေ စိုးမိုးရေးနှင့် ဒေသဆိုင်ရာ ဖွံ့ဖြိုးရေး လုပ်ငန်း များကို ညှိနှိုင်းဆောင်ရွက် ပေးကြသည်။

၎ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီး ဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ၁၅ ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဘုန်းမြင့် ခေါင်းဆောင် သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် လန်ဒန်မြို့တွင် ကျင်းပမည့် မူးယစ်ဆေးဝါး တရားမဝင် သုံးစွဲမှုလျှော့ချရေး၊ ကိုကင်း အန္တရာယ် တိုက်ဖျက်ရေးဆိုင်ရာ ကမ္ဘာ့ ဝန်ကြီးများအဆင့်ညီလာခံသို့ တက်ရောက် ရန် ရန်ကုန်မြို့မှ လေကြောင်းခရီး ဖြင့် ထွက်ခွာသွားသည်။ ၁၅ ရက်နေ့တွင် ပြန်လည်ရောက်ရှိသည်။

၎ နိုပေါနိုင်ငံ မြို့တော် ခတ္တမန္ဒူတွင် ဒီမိုကရေစီအရေးတောင်းဆို ဆန္ဒပြ ၇ ကြသည်။ လူထုကြီး ၂,၀၀,၀၀၀ ခန့်က နိုပေါဘုရင် ဘီရင်ဒရာ၏ နန်းတော် အား ဝန်းရံစောင့်ကြပ်ထားသည့်လုံခြုံရေး တပ်ဖွဲ့ဝင်များ အတွင်းသို့ ဝင် ရောက် ထိုးဖောက်ရန် ကြိုးပမ်းရာမှ အစိုးရစစ်သား များနှင့် ရဲများက ဆန္ဒပြ လူအုပ်ကြီးအား ပစ်ခတ်သဖြင့် လူ ၅၀ သေဆုံးပြီး ၂၀၀

ကျော်ဒဏ်ရာရရှိသွားသည်။ ၇ ရက်နေ့တွင် ခတ္တမန္ဒုမြို့၌ အကန့်အသတ်မရှိ ညမထွက်ရ အမိန့်ထုတ်ပြန်ကြေညာသည်။

၇ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး ၁၀ (၁) ဗိုလ်ချုပ်ခင်ညွန့်သည် အဖွဲဝင်များလိုက်ပါလျက် ကချင်ပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုး များ၏ ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းများ၊ စစ်ကိုင်းတိုင်းအတွင်း နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများနှင့် မန္တလေးတိုင်း တည် ဆောက်ရေး လုပ်ငန်းများကို သွားရောက် ကြည့်ရှုကာ လိုအပ်သည်များကို ညှိနှိုင်း ဆောင်ရွက်ပေးသည်။

၇ နော်ဝေးနိုင်ငံမှ ဒိန်းမတ် နိုင်ငံ သို့ ခရီးသည်များ တင်ဆောင်လာသော စကင်ဒီနေဗီးယန်းစတား အမည်ရှိ ကူးတို့ သင်္ဘော တစ်စင်း မီးစွဲလောင်ကျွမ်းရာ လိုက်ပါစီးနင်းသူ ခရီးသည် ၄၉၅ ဦးခန့် အနက် ၁၁၀ ထက်မနည်းသေဆုံးခဲ့သည်။ အဆိုပါ ကူးတို့သင်္ဘော မီးလောင်မှုသည် ဥရောပ စကင်ဒီနေးဗီးယန်း ရေပိုင်နက်တွင် ဖြစ် ပေါ် ခဲ့သည့် ကူး တို့ သ င်္ဘော ဘေး အန္တရာယ် ကြုံမှုများအနက် အဆိုးရွားဆုံး ဖြစ်သည်။

တရုတ်နိုင်ငံ ဇီချမ်ပြည်နယ်၏ တောင် တန်းတစ်နေရာတွင် တည်ရှိသော တရုတ် ဂြိုဟ်တု လွှတ်တင်ရေး စခန်းမှနေ၍ နိုင်ငံ တကာ အဖွဲအစည်း တစ်ခုအတွက် "အာရှ ဆက်–အမှတ် ၁" ဂြိုဟ်တုကို တရုတ်ပြည်၏ လောင်းမတ်ချ ဒုံးပျံဖြင့် အောင်မြင်စွာ လွှတ်တင်ခဲ့သည်။

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ တည်ဆောက်ပြီး စီးသွားသော သိမ်ကြီးစေ့း စတုဂံ လူကူး ခုံးကျော်တံတား ဖွင့်ပွဲနှင့် ကြည့်မြင်တိုင် ဗားဂရာ ရထားလမ်း တံတားဖွင့်ပွဲ အခမ်း အနားများကို ကျင်းပသည်။

နီပေါနိုင်ငံတွင် ပါတီစုံစနစ် ထူထောင် သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံရေး ပါတီ များအား ၂၉ နှစ်ကြာမှ ပိတ်ပင်တားမြစ် ဆားခြင်းကိုလည်း ရုပ်သိမ်းလိုက်ပြီ ဖြစ် ကြောင်းဖြင့် နီပေါဘုရင် ဘီရင်ဒရာက ထုတ်ပြန်ကြေညာသည်။ ဘုရင်ဘီရင်ဒရာ နှင့် အတိုက်အခံခေါင်းဆောင်များ နှာရီ အနည်းငယ်ကြာမှ တွေ့ဆုံ ဆွေးနွေး ပြီး



နီကရာဂွာသမ္မတသစ် ချမ်မိုရို

နောက် ထိုသို့ထုတ်ပြန် ကြေညာလိုက်ခြင်း ဖြစ်သည်။

၉ မူးယစ်ဆေးဝါး တရားမဝင်သုံးစွဲမှု လျော့ ချ ရေး၊ ကိုကင်း အန္တရာယ် ၁၁ တိုက်ဖျက်ရေးဆိုင်ရာ ကမ္ဘာ့ဝန်ကြီး များ အ ဆင့် ညီလာခံကို ပြတိန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပသည်။

၁၀ နိုင် ငံ တော် ငြိမ် ဝပ် ပိ ပြား မှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌဗိုလ်ချုပ် မှူးကြီးစောမောင်သည် ရန်ကုန်မြို့ တွင် ရောက်ရှိနေသော ဂျပန်နိုင်ငံ ဒိုင်ချီအဖွဲ့ ဥက္ကဋ္ဌ မစ္စတာ ဘား နတ် အိတ်ချ် ချိုင်း နှင့် အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံ ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

၁၀ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရေဒီယို၊ ၁၁ ရုပ်ရှင်နှင့် ရုပ်မြင် သံ ကြား ဝန် ကြီး ၁၇ ဌာန ဒုတိယဝန်ကြီး မစ္စတာမာကျင်း ချန် ခေါင်းဆောင်၍ အဖွဲဝင်ငါးဦး ပါဝင် သော ကိုယ်စားလှယ်အဖွဲသည် မြန်မာနိုင်ငံ တွင် ရက်သတ္တ တစ်ပတ်ကြာ နေထိုင်၍ လေ့လာရန်အတွက် လေကြောင်း ခရီး ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။ ၁၇ ရက်နေ့တွင် ပြန်လည်ထွက်ခွာသွားသည်။

၁၆ နီပေါဘုရင် ဘီရင်ဒရာသည် ပါတီစုံ ဒီမိုကရေစီစနစ်ကျင့်သုံးရန် လမ်းဖွင့် ပေးသည့်အနေဖြင့် ၎င်း၏ အစိုးရအဖွဲနှင့် အမျိုးသားလွှတ်တော်ကို ဖျက် သိမ်း လိုက် သည်။

၁၇ နိုင်ငံတော် ငြိမ်ဝပ်ပိပြား မှု တည်ဆောက်ရေးအဖွဲနှင့် မြန်မာ့ သမိုင်း ဖြစ်ရပ်အမှန်များ ရေးသားပြုစုရေး အဖွဲတို့၏ တတိယအကြိမ်အစည်းအဝေးကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)အစည်း အဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ် ပိပြား မှု တည် ဆောက် ရေး အ ဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

၂၀ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်းမြို့ တွင်ကျင်းပမည့် ကုလသမဂ္ဂစားနပ် ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ၏ အကြိမ် ၂၀ မြောက် အာရှနှင့် ပစိဖိတ် ဒေသဆိုင်ရာ အစည်းအဝေး တက်ရောက်ရန် မွေးမြူရေး နှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် လယ်ယာ နှင့် သစ်တောဝန်ကြီးဌာန ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးချစ်ဆေ ခေါင်း ဆောင် သည့် မြန်မာကိုယ်စားလှယ်အဖွဲသည် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် ကမ်းလွန်ခဲမဖြူ ရှာဖွေတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းကွက်အမှတ် (၇) တွင် ခဲမဖြူရှာဖွေ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းကို ဖက်စပ် လုပ်ကိုင်ရန်အတွက် သတ္တုတွင်းဝန်ကြီးဌာန

အမှတ် (၂) သတ္တုတွင်းလုပ်ငန်းနှင့် ထိုင်းနိုင်ငံ ဆွန် ထိုင်း ဆောက် လုပ် ရေး နှင့် ကုန်သွယ်ရေး (မြန်မာ) ကုမ္ပဏီလီမိတက်တို့ ထုတ်လုပ်ခြင်းအပေါ် ခွဲဝေခံစားမှုစာချုပ် ချုပ်ဆိုပွဲကို သတ္တုတွင်းဝန်ကြီးဌာနအစည်း အဝေးခန်းမ (၁)၌ ကျင်းပသည်။

၂၃ နဝရတ်ရတနာမြေ (ပြင်လုံ) ဒေသမှ အလျား ၁၁ မိုင်မိုတာ × အနံ ၁၀ မိုင်မိုတာ၊ ထု ၇ မိုင်မိုတာ အရွယ်၊ အလေးချိန် ၉ ဒသမ ၇၀ ကာရက်ရှိ ထူးခြားကောင်းမွန်သည့် ပတ္တမြား အရိုင်းကြီး တစ်ပွင့်ကို တူးဖော် ရရှိခဲ့သည်။ အသေး အဆောင်မှာ အလွန် ရှား ပါး သော ခိုသွေး ရောင်ဖြစ်ပြီး အပြစ်အနာ လုံး ဝ ကင်း စင် သော ကျောက်၊ အနေအထားကောင်းမွန် သော ကျောက်ကောင်းတစ်ပွင့်ဖြစ်သည်။

အာဖရိကၦ နောက် ဆုံး ကျန် ရှိ သော ကိုလိုနီ နိုင်ငံ ဖြစ် ပြီး လွန် ခဲ့ သည့် လက တောင် အာဖရိက၏ လက် အောက် မှ လွတ်လပ်ရေးရရှိခဲ့သော နမီးဗီးယားနိုင်ငံ သည် ကုလသမဂ္ဂတွင် ၁၆၀ မြောက် အဖွဲဝင် နိုင်ငံအဖြစ် ဝင်ခွင့်ရရှိသွားသည်။

၂၄– ၂၇ ကုလသမဂ္ဂ စာနယ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ၏ အကြိမ် (၂၀) မြောက် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ညီလာခံကို တရုတ်ပြည်သူသမ္မတနိုင်ငံ ပီကင်းမြို့တွင် ကျင်းပရာ အာရှနှင့် ပစိဖိတ်ဒေသရှိ အဖွဲဝင် ၃၃ နိုင်ငံမှ ကိုယ်စားလှယ် ၂၀၀ ခန့် တက်ရောက်ကြသည်။

၂၅ ကမ္ဘာ့ခေတ်မီဆန်းပြားဆုံးဖြစ်သည့် ဟတ်ဘယ်လ် အာကာသကြည့် မှန်ပြောင်းကြီးကို ကမ္ဘာပတ်လမ်းကြောင်း အတွင်း တင်ပို့ပေးရန် အာကာသယာဉ်မှူး ငါးဦးလိုက်ပါသည့် ဒစ္စကာဗာရီအာကာသ လွန်းပြန်ယာဉ်ကို အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် ကိတ်ကာနေဗာရယ် မှ အောင်မြင်စွာ လွှတ်တင် လိုက် သည်။ အဆိုပါ ဟတ်ဘယ်လ် အာကာသ ကြည့် မှန်ပြောင်းကြီးမှာ ၄၃ ပေ ရှည်လျားပြီး အလေးချိန်ပေါင် ၂၅,၀၀၀ ရှိရာ ဘီး ၁၄ ဘီး တပ် နောက်တွဲ ယာဉ်ကြီး တ မျှ ကြီးမား သည်။ ကုန်ကျစရိတ်တန်ဖိုးမှာ ဒေါ်လာ သန်းပေါင်း ၁,၅၀၀ ဖြစ်သည်။ ယင်းမှန် ပြောင်းကြီးဖြင့် ကမ္ဘာမှ မြင်နိုင်စွမ်းမရှိ သော အဝေးဆုံးကြယ်တာရာများကိုကြည့် ရှုနိုင်မည့်အပြင် စကြဝဠာ၏ အစကို ရှာဖွေ ရာ၌သဲလွန်စများ ဖော်ထုတ်ပေးနိုင်လိမ့်မည် ဖြစ်သည်။

၂၅ တရုတ်ပြည်သူ့သမ္မတနိုင်ငံယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးမစ္စတာ လျူဒေ့ယို ခေါင်းဆောင်သော ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲသည် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိ လာသည်။

ပြိတိသျှအကောက်ခွန်အရာရှိများသည် လစ်ဗာပူး ဆိပ်ကမ်းတွင် ဆိုက် ကပ် ထား သော် ဆန်းတဲမ်ပက်စ်အမည်ရှိသင်္ဘောပေါ် သို့ တက်ရောက်ရှာဖွေရာ စတာလင်ပေါင် သန်း ၄၀ (ဒေါ်လာ ၆၆ သန်း) တန်ဖိုးရှိ ကိုကင်းစုစုပေါင်း ၃၀၀ ကီလို (၆၆၀ ပေါင်) ကို ဖမ်းဆီးရမိသည်။ ပြိတိန် နိုင်ငံတွင် ကိုကင်းအမျှားဆုံး စံချိန်တင် ဖမ်းဆီးရရှိမှု ဖြစ်သည်။

နီကရာဂွာနိုင်ငံ သမ္မတ ရွေးကောက်ပွဲ တွင် အနိုင်ရရှိခဲ့သည့် ချမ်မိုရို့က နီကရာ ဂွာနိုင်ငံ၏ သမ္မတဘဝစ်အဖြစ် ကျမ်းသစ္စာ ကျိန်ဆိုပြီး ဗိုလ်ချုပ်ကြီးအိုတေဂါ၏လက်မှ သမ္မတရာထူးကို လွှဲပြောင်း ရယူ လိုက် ရာ လက်ဝဲ ဆန်ဒီနစ္စတာတို့၏ ၁၁ နှစ်ကြာ အုပ်စိုးမှုမှာ အဆုံးသတ်သွားပြီ ဖြစ်သည်။

၂၇ ဂုဏ်ထူး ဆောင် ဘွဲ့ များ၊ ဂုဏ်ထူး ဆောင်တံဆိပ်များ ချီး မြှင့် အပ် နှင်း ခြင်းအခမ်းအနားကို ပြည် သူ့ လွှတ် တော် အဆောက်အအုံရှိ သဘင်ဆောင်၌ကျင်းပ ရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက် ရေးအဖွဲ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင် တက်ရောက် မိန့်ခွန်းမြွက်ကြား၍ ဂုဏ်ထူး ဆောင်ဘွဲ့တံဆိပ်အသီးသီးကို ချီးမြှင့်အပ် နှင်းသည်။

၃၀ မူးယစ်ဆေးဝါး အန္တရာယ် တား ဆီး ကာကွယ်ရေးဗဟိုအဖွဲမှ ကြီး မှူး ပြု လုပ်သော ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ ဒုတိယအကြိမ် ဖျက်ဆီးသည့်ပြုပွဲကို မရမ်း ကုန်း မြို့ နယ် ကျိုက် ဝိုင်း ဘုရား လမ်း ရှိ အောင်သပြေရဲရိပ်သာခန်းမ၌ ကျင်းပရာ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ် ရေးဗဟိုအဖွဲဥက္ကဋ္ဌ ဝန်ကြီး ဒုတိယ ဗိုလ်ချုပ် ကြီး ဘုန်းမြင့်၊ ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး အောင်ရဲကျော်၊ အ တွင်း ရေး မှူး (၁) ဗိုလ်ချုပ်ခင်ညွန့်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ယခု ဒုတိယအကြိမ် ဖျက် ဆီး သည့် မူး ယစ် ဆေး ဝါး များ မှာ ဘိန်းဖြူ ၂၅၁ ဒသမ ၄၀၂ ကီလို၊ ဘိန်းဆီ ၁၀ ဒသမ ၃၈၉ ကီလို၊ ဘိန်းရည် ၁၆ ဒသမ ၇၂၀ ကီလို၊ ဆေးခြောက် ၈၂၆ ဒသမ ၈၃၉ ကီလိုနှင့် ဖင်ဆီဒိုင်း ၅,၂၉၂ ဒသမ ၅ လစ်တာတို့ဖြစ်ရာ စုစုပေါင်း တန်ဖိုး အမေရိကန် ဒေါ်လာ ၅၀,၃၆,၁၆,၁၉၅ ရှိသည်။

မေလ

၁ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် အကျိုးတူ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရန် ကမ်ဘောဒီးယားနိုင်ငံအစိုးရများ၏ ဖိတ်ကြားချက် အရ စိမ်ကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန နှင့် ကုန်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အောဘယ်လ်ခေါင်းဆောင်သော အဖွဲဝင်အုပ်စုဝင်သည့် မြန်မာကိုယ်စား လှယ်အဖွဲသည် လေကြောင်းခရီးဖြင့် အဆို ပါနိုင်ငံများသို့ ထွက်ခွာသည်။

ဒုတိယ ကမ္ဘာစစ်အတွင်း ဂျပန်တို့ ကျူးလွန်ခဲ့သော ရက်စက် ကြမ်းကြုတ်မှု များအတွက် ဂျပန်နိုင်ငံအနေဖြင့် ဝန်ချ တောင်း ပန် သင့် သည် ဟု သြစတြေးလျ နိုင်ငံမှ ဒုတိယကမ္ဘာစစ် စစ်ပြန်ကြီးတစ်ဦး ဖြစ်သူ ဗိုလ်မှူးချုပ်ဂါလန်းက ပြောကြား လိုက်သည်။

၂ ဘရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ ဖိတ်ကြားချက် အရ ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီး ဌာန ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ဘုန်းမြင့်၊ ခေါင်းဆောင်သော အဖွဲဝင်ရှစ်ဦးပါပြန်မာ ယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲသည် လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ယူနန်ပြည်နယ်သို့ ထွက်ခွာသည်။

ဘင်္ဂလားဒေ့ရှ် သမ္မတ အာရှတ်သည် အစိုးရအဖွဲကို ပြန်လည်ဖွဲ့စည်းရာ အငြိမ်း စား တရားသူကြီးတစ်ဦးအပါအဝင် လူသစ် လေးဦးအား ဝန်ကြီးများအဖြစ် ခန့်အပ် လိုက်သည်။

၃ နာဇီစစ်ရာဇဝတ်ကောင် တစ်ဦးဖြစ်သည့် အာဂျင်တီးနား နိုင်ငံတွင် နှစ်ပေါင်း ၃၁ ခန့် နေထိုင်လျက် ရှိသော ဟစ်တလာ၏ နာဇီအကျဉ်းစခန်း အရာရှိ

တစ်ဦးဖြစ်ခဲ့သူ အသက် ၇၀ နှစ် အရွယ်ရှိ ကျိုင်းတုံ စကန်ဘာဂျာအား ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဂျူးလူမျိုး ၅၀၀၀ ကို အကျဉ်းစခန်းများတွင် ညှဉ်းပန်း နှိပ်စက်သေစေခြင်းသာမက ကိုယ်တိုင် ကိုယ်ကြပ်သတ် ဖြတ် ခဲ့ခြင်းများကြောင့် ရုံးတင် စစ်ဆေးရန် အနောက်ဂျာမနီသို့ ပို့ဆောင်လိုက်သည်။

၇ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ သတင်းထုတ်ပြန်ရေးအဖွဲ့က ကာကွယ်ရေးဝန်ကြီးဌာနညှိနှိုင်းမှု ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများနှင့် တွေ့ဆုံ၍ (၈၉) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရာတွင် ကေ-အင်(န်)-ယူ သောင်းကျန်းသူများ၏ ဒါးကွင်းဒေသကို မတ်လ ၁၂ ရက်နေ့တွင် လည်းကောင်း၊ ဥသုတ စခန်းကို မေလ ၁ ရက်နေ့တွင် လည်းကောင်း တပ်မတော်က တိုက်ခိုက် သိမ်းပိုက်ရရှိကြောင်း ထည့်သွင်း ပြောကြားသည်။

ရေနံရောင်း နိုင်ငံများအဖွဲ့ (အိုပက်)၏ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှုရန်ပုံငွေအဖွဲ့က မြန်မာနိုင်ငံအား အမေရိကန်ဒေါ်လာ ၇ ဒသမ ၃ သန်း ချေးရန် သဘောတူညီခဲ့ရာ အဆိုပါချေးငွေစာချုပ်ကို ဩစတြီးယားသမ္မတ နိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ မြန်မာသံရုံး သံရုံး ယာယီတာဝန်ခံ ဦးညီညီသန်းနှင့် အိုပက်အဖွဲ့၏ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှုအဖွဲ့၏ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဆအူးဒီ အာရေဗျ နိုင်ငံဒုတိယဘဏ္ဍာရေးဝန်ကြီး မစ္စတာအိုစာမားဖာကွီးတို့ လက်မှတ်ရေးထိုးလိုက်ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ၁၉၇၉ ခု နှစ်ကုန်ပိုင်းအထိ နိုင်ငံခြား ကြွေးငွေ အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၃ ဘီလီယံရှိကြောင်း နိုင်ငံတော် ငွေကြေးလဲလှယ်မှု ထိန်းသိမ်းရေး အုပ်ချုပ်မှုအဖွဲ့က ကြေညာသည်။

ကမ္ဘာနှင့်အဝန်း ကိုယ်ခံစွမ်းအား ကျဆင်းမှုရောဂါ (အေအိုင်ဒီအက်စ်) ဖြစ်ပွားသော ရောဂါရှင် အရေအတွက်သည် ပြီလတွင် ဝေဒနာရှင် ၁၇,၀၀၀ ထပ်တိုးလာကြောင်း ကမ္ဘာ့ ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ကြေညာသည်။

အီရန်နိုင်ငံတွင် မွေးကင်းစကလေး ၅ ဝဝ ယောက်လျှင် တစ်ယောက်နှုန်း ခန့်သည် သန့်ရှင်းမှုမရှိ ညစ်ပတ်ပေရေစွ နေရခြင်း၊ လျစ်လျူရှုခံရခြင်း စသော အကြောင်းများကြောင့် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ချို့တဲ့မှုများကြုံတွေ့ခံစားနေရကြောင်း လူမှုဝန်ထမ်း အရာရှိ ယာရီဂါ ရာဗက်ချိုက ပြောကြားသည်။

၉ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန၊ သာသနာရေး ဦးစီးဌာနက ကျင်းပခဲ့သည့် ၄၂ ကြိမ်မြောက် တိုပိုင်ဌက ဓရုဏ္ဍေးချယ်ရေး စာမေးပွဲတွင် အောင်မြင်တော်မူကြသော သာသနာ့ အာဇာနည် ၄၅ ပါးတို့အား ချီးကျူးပူဇော်ပွဲနှင့် လက်မှတ် ဆက်ကပ်ပွဲ အခမ်းအနားကို ကမ္ဘာအေး ကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး အတွင်း၌ ကျင်းပရာ ရန်ကုန်တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ် မျိုးညွန့်နှင့် သက်ဆိုင်ရာပုဂ္ဂိုလ်များ တက်ရောက်၍ အောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထု ပစ္စည်းများ အသီးသီး ဆက်ကပ် လှူဒါန်းကြသည်။

ထိုင်းနိုင်ငံတွင် ပိုးသတ်ဆေး ဖျန်းထားသော လယ်ကွင်းများ၌ ဖိနပ်မပါ သွားလာမှုကြောင့် ထိုင်းလယ်သမား တစ်သိန်းခန့်သည် အဆိပ်သင့်မှု ဝေဒနာ တစ်မျိုးခံစားရဖွယ်ရှိကြောင်း အစိုးရ သုတေသနပြုချက်တစ်ရပ်က ဖော်ပြသည်။

၈ ရန်ကုန်မြို့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)စစ်ဆင်ရေး အစည်းအဝေးခန်းမ၌ ကျင်းပသော နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် ပြည်နယ်၊ /တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့များ၏ ညှိနှိုင်း အစည်းအဝေးတွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး စောမောင် မိန့်ခွန်း ပြောကြားရာ တိုင်းပြည်ရှိလျှင် တပ်မတော်ရှိမည်၊ တပ်မတော်ပျက်လျှင် တိုင်း ပြည် ပျက် မည် ဖြစ် ကြောင်း ထည့်သွင်း ပြောကြားသည်။

ဗင်နီဇွဲလားနိုင်ငံတွင် လူသေအလောင်းများမှ မျက် လုံး များ ထုတ် ယူ ကာ မျက် ကြည် လှာ အ စား ထိုး လုပ် ငန်း သို့ ရောင်းချခဲ့သော ဆရာဝန်တစ်ဦးနှင့်သင်္ချိုင်းလုပ်သား ၁၁ ဦးကို ရဲအဖွဲ့က ဖမ်းဆီးလိုက်သည်။

ကိုယ် ခံ စွမ်း အား ကျဆင်းမှု ကူးစက် ရောဂါ (အေအိုင်ဒီအက်စ်) သည် လူငါးသန်းမှ ၁ ဝ ဝ သန်းအထိကူးစက်ပြန့်ပွားနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူး ချုပ် ဟီရိုရှိ နာကာဂျိမာက ဂျီနီဗာမြို့တွင် ပြောကြားသည်။

ဆေး လိပ် သောက် သူ များ ထုတ်လွှတ် သော မီးခိုးများကို ရှူရှိုက်ရသဖြင့် အမေရိ

အော့ဒ်စ်ရောဂါခံစားနေရသော ကလေးငယ်တစ်ဦး



ကန်ပြည်ထောင်စုတွင် ဆေးလိပ်မသောက်သူ ၃၀၀၀ ကျော်မှာ အဆုတ်ကင်ဆာရောဂါ နှစ်စဉ် ဖြစ်ပွားလျက်ရှိကြောင်း အမေရိကန် ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး အေဂျင်စီ (အီးပီအေ)၏ အစီရင်ခံစာက ဖော်ပြသည်။

၁၀ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး စောမောင် သည် ကာကွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေး အစည်းအဝေးခန်းမ၌ တိုင်းမှူး၊ တပ်မမှူးများနှင့် တွေ့ဆုံ၍ ၁၉၉၀ ပြည့်နှစ် ပထမလေးလပတ် စစ်ဆင်ရေး ညှိနှိုင်း အစည်းအဝေး ပြုလုပ်သည်။

၁၁ နိုဝေါဘုရင် ဘီရင်ဒရာသည် ပြုပြင်ပြောင်းလဲရေးမူကိုဒဲ့ကိုင်သော နိုဝေါအစိုးရအဖွဲ့သစ်၏ ဆန္ဒသဘောထားကို အလေးဂရုပြုသောအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ရေးဆွဲရန် ဥပဒေပညာရှင်များ ပါဝင်သော ဖွဲ့စည်းပုံအခြေခံဥပဒေသစ် မူကြမ်း ရေးဆွဲရေးအဖွဲ့ကို ဖွဲ့စည်းပေးလိုက်သည်။

၁၃ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ကျင်းပစဉ်အတွင်း လူရမ်းကားတို့၏ နှောင့်ယှက်မှုကို နှိမ်နင်းရန် အတွက် ဘောလုံးပြိုင်ပွဲ ကျင်းပမည့် အားကစားရုံ ၁၂ ရုံတွင် ရဲတပ်သား ၁၀,၀၀၀ ကို ချထားသွားမည်ဖြစ်ကြောင်း အီတလီနိုင်ငံက ကြေညာသည်။

၁၅ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်တို့ ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးပွဲကို ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာ၌ပြုလုပ်ရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးစောမောင် ခေါင်းဆောင်သော နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဝင်များနှင့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ ဦးဘဌေး ခေါင်းဆောင်သော ကော်မရှင် အဖွဲ့ဝင်များသည် ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးကြသည်။

၁၅ ဂျပန်နိုင်ငံ တိုကျိုမြို့လယ်ရှိ အချက်၁၅ အချာကျသော်ံ မြေနေရာများ၏ မြေဈေးနှုန်းသည် ယခုနှစ်ဦးပိုင်း ပေါက်ဈေးအရ မြေတစ်စတုရန်းမီတာလျှင် ယန်း ၃၇ ဒသမ ၇ သန်း တန်နေပြီဖြစ်ကြောင်း နိုင်ငံတစ်ဝန်း မြေဈေးနှုန်းများနှင့်သက်ဆိုင်သော အမျိုးသား မြေအေဂျင်စီ၏ အစီရင်ခံစာတွင် ဖော်ပြသည်။

၁၆ ကမ္ဘာ့လူဦးရေသည် လက်ရှိ ၅ ဒသမ ၃ ဘီလီယံရှိရာ ၁၉၉၀ ပြည့်နှစ်ကာလများ တွင် ယခင်ကထက် လျင်မြန်စွာ တိုးပွားလာလိမ့်မည် ဖြစ်ပြီး နှစ် ၁၀၀ အတွင်း သဘာဝဘေးဒဏ်များ ကြောင့် သေကျေပျက်စီးမှုများ ပေါ် ပေါက်သည့် ကြားမှပင် ကမ္ဘာ့လူဦးရေသည် လက်ရှိလူဦးရေထက် သုံးဆ ရှိလာမည် ဖြစ်ကြောင်း ကမ္ဘာ့ကုလသမဂ္ဂ၏ လူဦးရေဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာတွင် ဖော်ပြသည်။

၁၈ ဥပဒေများကို ရုပ်သိမ်းခြင်း၊ ဖျက်သိမ်းခြင်း သို့မဟုတ် ရပ်စဲခြင်း စသည်တို့ကို လိုအပ်သလို ဆောင်ရွက်သွားရန် နိုဝေါဘုရင် ဘီရင်ဒရာက ဝန်ကြီးချုပ် ဘတ်တာရီအား ခွင့်ပြုလိုက်သည်။ ပါတီစုံနိုင်ငံရေးစနစ် ထူထောင်ရန် နှစ်လကြာခန့် ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့ပြီး နှစ် ၃၀ ကြာ ပိတ်ပင်ထားခဲ့သော နိုင်ငံရေးပါတီများကို ဘုရင်ဘီရင်ဒရာက ဧပြီလ ၇ ရက်နေ့တွင် ပြန်လည်ဖွဲ့စည်းပေးခဲ့သည်။ ကျင်းပမည့် အထွေထွေ ရွေးကောက်ပွဲနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲမှုတို့ကို ကြီးကြပ်ရန် ကြားဖြတ်အစိုးရကိုလည်း ဖွဲ့စည်းပေးခဲ့သည်။

၁၈ အကအနုပညာသည် အဖြစ်လည်း ကောင်း၊ လူ၌ငြင်းတဲ့အဖြစ်လည်းကောင်း လေးနှစ်သား အရွယ်မှစ၍ စင်ပေါ်တက် အသုံးတော်ခံလာခဲ့သဖြင့် ကမ္ဘာ့အနုပညာ ဖျော်ဖြေမှု နယ်ပယ်တွင် ကိုလူထူးဟု တွင်ခဲ့သူ အသက် ၆၄ နှစ်ရှိပြီဖြစ်သော ဆန်မီ ဒေးဗစ် ဂျူနီယာ သည် ရုတ်လကြာ လည်ချောင်းကင်ဆာရောဂါ ဝေဒနာ ခံစားရပြီး အမေရိကန်နိုင်ငံလော့အင်ဂျလိစ်မြို့၌ ကွယ်လွန်သည်။

၂၀ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဗိုလ်ချုပ် ခင်ညွန့် ခေါင်းဆောင်၍ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ သတင်းထုတ်ပြန်ရေး အဖွဲ့ဝင်များနှင့် ပြည်တွင်းပြည်ပ သတင်းစာဆရာများသည် မြို့သစ်များဖြစ်သော ရွှေပြည်သာ၊ လှိုင်သာယာ၊ ဒဂုံမြို့သစ်များသို့ သွားရောက်၍ တည်ဆောက်ရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှုကာ တာဝန်ရှိသူများအား ဆွေးနွေးမေးမြန်းကြသည်။

၂၁ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ အကြောင်း ဆွေးနွေးပွဲကို ကျန်းမာရေး ဝန်ကြီးဌာနက ကြီးမှူး၍ ရန်ကုန်မြို့ ဇီဝကလမ်းရှိ ဆေးသုတေသန ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့အတွင်းရေးမှူး (၁) ဗိုလ်ချုပ် ခင်ညွန့် တက်ရောက် ပါဝင် ဆွေးနွေးရာတွင် မိမိတို့နိုင်ငံတွင် အဆိုပါရောဂါရှိလာခြင်း သည် သဘော်သားတစ်ဦးမှ စတင်တွေ့ရှိရခြင်း ဖြစ်ကြောင်း၊ လေ့လာဆန်းစစ်ချက်များအရ မိမိတို့နိုင်ငံတွင် ထိုရောဂါဖြစ်စေသည့် ရောဂါပိုးကို မူးယစ်ဆေးဝါးစွဲသူများ၌ အဓိကတွေ့ရှိရကြောင်း၊ လိင်ကိစ္စကြောင့် ဖြစ်ပွားမှု မြန်မာနိုင်ငံတွင် နည်းပါးကြောင်း ထည့်သွင်းဆွေးနွေးသည်။

ထိုင်းနိုင်ငံ၌ ခုခံအားကျဆင်းမှုကူးစက်ရောဂါ (အေအိုင်ဒီအက်စ်)ဖြစ်ပွားကူးစက်

နေသူပေါင်း ၁၆၂,၀၀၀ ကျော် ရှိကြောင်း ထိုင်းနိုင်ငံကူးစက်ရောဂါထိန်းချုပ်ရေးဌာနက ကိန်းဂဏန်းများဖြင့် ထုတ်ပြန်သည်။

၂၂ ပြည်ထောင်စု မြန်မာနိုင်ငံတော် အာမျိုးသား ကျန်းမာရေးကော်မတီ တတိယအကြိမ်အစည်းအဝေးကိုတက်သိုလ်များဗဟိုကောင်စီ အစည်းအဝေး ခန်းမဦး ကျင်းပရာ အာမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ခင်ညွန့် ကက်ရောက် အမှာစကား ပြောကြားသည်။

နှစ်ပေါင်း ၃၀၀ မျ တသီးတခြား စီရပ်တည်ခဲ့ကြသော အနောက်နိုင်ငံလိုလား သည့် မြောက်ယီမင်နှင့် ဆိုရှယ်လစ်ဝါဒ ကျင့်သုံးသော တောင်ယီမင်တို့သည် ယီမင် သမ္မတနိုင်ငံအဖြစ် ပေါင်းစည်းလိုက်သည်။ ယီမင်သမ္မတနိုင်ငံသစ်တွင် မြို့တော်နှစ်ခု ခဲ့ခြားသတ်မှတ်ထားရာ တောင်ယီမင်နိုင်ငံ၏မြို့တော် အေဒင်ကို စီးပွားရေး အချက်အချာမြို့တော်အဖြစ်လည်းကောင်း၊ မြောက်ယီမင်နိုင်ငံ၏ မြို့တော် ဆာနားကို နိုင်ငံရေး အချက်အချာ မြို့တော်အဖြစ် လည်းကောင်း သတ်မှတ်လိုက်သည်။

၂၃ ရွှေတိဂုံစေတီတော်၊ ဆူးလေစေတီတော်၊ ဗိုလ်တထောင် ဝေတီတော်၊ မဟာဝိဇယစေတီတော်၊ ကျို က္ကစံစေတီတော်၊ တောင်ဥက္ကလာပ စေတီတော်တို့ အတွက် ဓာတ်ပုံ ပန်းချီကားများအား နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင် ကလှူဒါန်းရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ကိုယ်စား ဘတွင်းရေးမှူး(၁) ဗိုလ်ချုပ်ခင်ညွန့် က ရန်ကုန်တိုင်းငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မျိုးညွန့် အား ကာကွယ်ရေးဝန်ကြီးဌာန ဒုတိုရိပ်သာဌ လွှဲပြောင်း ပေးအပ်သည်။

၂၄ မြန်မာနိုင်ငံအဝန်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေး ကောက်ပွဲများ ကျင်းပသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး စောမောင် နှင့် မိသားစုသည် ဒုတိုမြို့နယ် ဇီဝကလမ်း ဆေးသုတေသနဦးစီးဌာန အဆောက်အအုံ တွင် ဖွင့်လှစ်ထားသော မဲရုံသို့ လာရောက် မဲပေးကြသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးသန်းရွှေ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်များ နှင့်ဝန်ကြီးများ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) နှင့်(၂)တို့သည်လည်း မိမိတို့ သက် ဆိုင် ရာ မဲရုံများသို့လာရောက် မဲပေးကြသည်။

၂၅ ငြိမ်းချမ်းရေး တိုးတက်ခိုင်မြဲမှုရှိရေး၊ လူသား အကျိုးပြုဝါဒနှင့် ပြည်သူ့အခွင့်အရေးရရှိရေးတို့တွင် ပြောင်မြောက်စွာ စွမ်းဆောင်နိုင်ခဲ့ခြင်းတို့ကြောင့် ဆိုဗီယက် သမ္မတ မိခါးယီး ဂေါ်ဘာချော့အား မာတင် လူသာကင်း နိုင်ငံတကာ ငြိမ်းချမ်းရေးဆု ချီးမြှင့်ကြောင်း ဖရင်းဝေါကေ ၁လိပ် အဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားကြေညာသည်။ ယခင်နှစ်များက အဆိုပါငြိမ်းချမ်းရေးဆုကို ဩစတြီးယား ဝန်ကြီးချုပ် ဘရူနို ခရိုက်စကီး၊ ကော့စတာရီကာ သမ္မတဟောင်း အော့စကာ အေရီးနှင့် အီကွေဒို နိုင်ငံခြားရေး ဝန်ကြီး ကော်ဒို ဗက်ဇ်တို့အား ချီးမြှင့်ခဲ့ဖူးသည်။

၂၆ ကမ္ဘာ့လေထု အထက်ပိုင်းအလွှာ၌ အိုဇုန်း လွှာ အပေါက် ကြီး များ ဖြစ်ပေါ်မှုမှာ သမိုင်းကြောင်း အရ မထူးဆန်းကြောင်း၊ အဓိက အရေးပါသော အိုဇုန်းလွှာ ပြုန်းတီးမှုကို နေရောင်ခြည်က အစားထိုးပေးနိုင်စွမ်းရှိကြောင်း ဆိုဗီယက် သိပ္ပံပညာရှင်တစ်ဦးက ပြောသည်။

ဇွန်လ

၁ မကွေးတိုင်း ပခုက္ကူမြို့နယ်စုအတွင်း ရှိ မြိုင်မြို့နယ် မြိုင်ချောင်းရေလှောင် တမံနှင့် ဂန့်ဂေါမြို့နယ်အတွင်းရှိ တောင်ခရမ်း ရေလှောင်တမံများကို စုပေါင်း၍ အသေးစား ဆည်မြောင်းစီမံကိန်း အပိုင်း(၁)အဖြစ် ယခုဘဏ္ဍာရေး နှစ်မှ စတင်လျက် အကောင်အထည်ဖော် တည်ဆောက်သွားရန် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးသန်းရွှေ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်သည့် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေး အဖွဲ့ အစည်း အဝေးက ဆုံးဖြတ်လိုက်သည်။

ဆိုဗီယက်ပြည်ထောင်စုတွင် ကွန်မြူနစ် ပါတီ၏ အာဏာလက်ဝါးကြီး အုပ်မှုကို ဖျက်သိမ်းပစ်ရန် မဲခဲဆုံးဖြတ်ထားသော ဆိုဗီယက်ပါလီမန်သည် ပါတီစုံစနစ်ကျင့်သုံးရေးအကွက် လိုအပ်သော အခြေခံဥပဒေ မူကြမ်းကို စတင် ညှိနှိုင်း ဆွေးနွေးသည်။

အရှေ့အလယ်ပိုင်းစစ်ပွဲ ဖြစ်ပွားခဲ့ချိန် ၂ ၁၉၇၃ ခုနှစ်မှစ၍ ဆီးရီးယားနှင့် အစ္စရေးတို့ကို ပိုင်းခြားထားသည့် မျဉ်းကြောင်းတစ်လျှောက် ချထားခဲ့သော ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့၏ သက်တမ်းကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီက နောက်ထပ် ခြောက်လ သက်တမ်း တိုးမြှင့်ပေးလိုက်သည်။

၄ ပြည်ထောင်စု သမ္မတ ဂျာမနီနိုင်ငံမှ Mr. Peter Miroschinkoss ခေါင်းဆောင်သော အေအာဒီ ရှုပ်မြင်သံကြားအဖွဲ့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ ဦးဘဌေးနှင့် ကော်မရှင်အဖွဲ့ဝင်များအား ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံးသို့ လာရောက်တွေ့ဆုံပြီးမေလ ၂၇ ရက်နေ့ ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပစဉ် မိမိတို့ မဲရုံများသို့သွားရောက်လေ့လာခဲ့ရာ မဲဆန္ဒရှင် ပြည်သူများ လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင် မဲပေးနေကြသည်ကို တွေ့ခဲ့ရကြောင်း၊ မဲရုံများတွင်လည်း စနစ်တကျဆောင်ရွက်ထားရှိမှုကိုတွေ့ရကြောင်း ဆွေးနွေးပြောကြားသည်။

တောင်အာဖရိကဥ် အသားအရောင် ခဲခြားမှုတွင် အဓိကကျသည့် အချက်လေးချက်အနက် တစ်ချက်ဖြစ်သော စားသောက်ဆိုင်များ၊ ရေကူးကန်များ၊ ပန်းခြံများနှင့် စာကြည့်တိုက် စသော နေရာဌာနများသို့ အသားအရောင်ရှိသူများ ဝင်ခွင့်မပြုမှုကို အောက်တိုဘာလ ၁၅ ရက်နေ့မှစ၍ ရုပ်သိမ်းမည်ဖြစ်ကြောင်း စီမံကိန်းဝန်ကြီး ရီရယ်က ပြောကြားသည်။

အီတလီနိုင်ငံအလယ်ပိုင်း အာဘီနိုမြို့၌ ကျင်းပသော တရုတ်၊ အီတလီ၊ ဟန်ဂေရီနှင့် အနောက်ဂျာမနီတို့ ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံတကာ စွန်လှတ်ပြိုင်ပွဲ တွင် တရုတ်

စွန်လွှတ်ဝိဇ္ဇာ ဟန်ဖူလင်က ရွှေစင်ရုပ်ဆု ဆွတ်ခူးသွားသည်။

My Fair Lady ဇာတ်ကား၌ ပါမောက္ခ Henry Higgins အဖြစ် သရုပ်ဆောင်ခဲ့သော အသက် ၇၂ နှစ်အရွယ် ရှိုပြီ ဖြစ်သည့်ရုပ်ရှင်မင်းသားကြီး ရက်ဟဲရစ်ဆင် သည် ကျောက်ကပ်ကင်ဆာ ရောဂါကြောင့် နယူးယောက်မြို့၌ ကွယ်လွန်သည်။

၂ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကချီးမြှင့်သည့် တပ်မတော်ဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များနှင့် ဂုဏ်ပြုစာလွှာများ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို ကာကွယ်ရေးဝန်ကြီးဌာန ခန်းမဆောင်၌ ကျင်းပရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဗိုလ်ချုပ်ကြီးသန်းရွှေက ဂုဏ်ထူးဆောင်တံဆိပ်များနှင့် ဂုဏ်ပြုစာလွှာများကို သက်ဆိုင်သူများအား ချီးမြှင့်အပ်နှင်းသည်။

၃ ကမ္ဘောဒီးယားနိုင်ငံ၏ ၁၁ နှစ်ကြာ ပြည်တွင်းစစ် အပစ်အခတ်ရပ်စဲရေးသဘော တူကြေညာချက်တစ်ရပ်ကို ကမ္ဘောဒီးယား ခုခံရေးခေါင်းဆောင် မင်းသားကြီးသီဟာနု နှင့် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်တို့ လက်မှတ်ရေးထိုး ချုပ်ဆိုလိုက်ကြသည်။

၄ ၁၉၇၅ ခုနှစ် ပြီလတွင် စတင်ဖြစ်ပွားခဲ့သည့် လက်ဗန္ဓနှိုင်ငံ ပြည်တွင်းစစ်ပွဲတွင် လူအသက်ပေါင်း ၁,၃၀,၀၀၀ ကျော် ဆုံးရှုံးခဲ့ရာ ထိုအထဲတွင် ကလေးငယ် ၄၀,၀၀၀ မက သေဆုံးခဲ့ရကြောင်း၊ ထို့ပြင် တန်ဖိုးအားဖြင့် ဒေါ်လာဘီလီယံပေါင်းများစွာ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်) ကိုယ်စားလှယ် ဂျင်ဒရီ ရောဘတ် ဖရွိုက်က ပြောကြားသည်။

၅ ဇွန်လ ဂ ရက်နေ့တွင် စတင်မည့် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဘောလုံးသမား များအနက် ကစားနေစဉ်ကာလအတွင်း အဝါကတ်ပြားနှစ်ကြိမ် ပြသခံရသူ သို့မဟုတ် ကစားနေသည့်ပွဲမှ ထုတ်ပယ်ခံရသူသည် ဒဏ်ငွေအဖြစ် ဆွစ်ဖရန့်ငွေ ၃၀,၀၀၀ (ဒေါ်လာ ၂၁,၀၀၀) ပေးဆောင်ကြရမည်ဖြစ်ကြောင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဘလက်တာက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

၆ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်ပို့ဆောင် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ဝန်ကြီးဌာန၊ အလုပ်သမား ဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး တင်ထွန်းသည် ဂျူလိ ၆ ရက်နေ့မှ ၂၇ ရက်နေ့အထိ ဆွစ်ဇာလန်နိုင်ငံဂျီနီဗာမြို့၌ကျင်းပလျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့၏ (၇၇) ကြိမ်မြောက် နှစ်ပတ်လည် ညီလာခံသို့ တက်ရောက်ရန် ရန်ကုန်လေဆိပ်မှ ထွက်ခွာသည်။

ပီရူးနိုင်ငံ၏ သမ္မတအဖြစ် အရွေးခံထားရသော အယ်လ်ဘာတို ဖူဂျီမိုရီက လက်နက်ကိုင်ပြောက်ကျားများနှင့် စေ့စပ်ဆွေးနွေးခြင်းပြုမည်မဟုတ်ကြောင်း၊ ပီရူးနိုင်ငံ၏ စီးပွားရေးကို မိမိခြေထောက်ပေါ် မိမိရပ်တည်နိုင်ရန် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုသည်။

ဗြိတိသျှလေကြောင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်းသည် အင်္ဂလန်မြောက်ပိုင်း ဘာမင်ဂန်လေဆိပ်မှ ခရီးသည် ၁၁ဦးကို တင်ဆောင်၍ စပိန်နိုင်ငံ မာလာဂါသို့ ပျံသန်းလာစဉ် အမြင့်ပေ ၂၃,၀၀၀ အရောက်၌ လေယာဉ်မှူးအခန်းရှေ့ရှိ နှစ်ပေသုံးပေအကျယ် မှန်ကွဲသွားပြီး လေစုပ်အားဖြင့် လေယာဉ်မှူး တင်မ် လန်ကာစတာအား မှန်ပေါက်မှ စုပ်ထုတ်သွားရာ လေယာဉ်ဝန်ထမ်းများက လေယာဉ်မှူး၏ ခြေထောက်ကို ဆွဲထားစဉ်မှာပင် ဒုတိယလေယာဉ်မှူးက လေယာဉ်ကို ထိန်းပြီး ဘာမင်ဂန်လေဆိပ်သို့ ချောမောစွာ ပြန်လည်ဆင်းသက်ခဲ့သည်။

၁၀ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်ပို့ဆောင် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ဝန်ကြီးဌာန၊ အလုပ်သမား ဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး တင်ထွန်းသည် ဂျူလိ ၆ ရက်နေ့မှ ၂၇ ရက်နေ့အထိ ဆွစ်ဇာလန်နိုင်ငံဂျီနီဗာမြို့၌ကျင်းပလျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့၏ (၇၇) ကြိမ်မြောက် နှစ်ပတ်လည် ညီလာခံသို့ တက်ရောက်ရန် ရန်ကုန်လေဆိပ်မှ ထွက်ခွာသည်။

ပီရူးနိုင်ငံ၏ သမ္မတအဖြစ် အရွေးခံထားရသော အယ်လ်ဘာတို ဖူဂျီမိုရီက လက်နက်ကိုင်ပြောက်ကျားများနှင့် စေ့စပ်ဆွေးနွေးခြင်းပြုမည်မဟုတ်ကြောင်း၊ ပီရူးနိုင်ငံ၏ စီးပွားရေးကို မိမိခြေထောက်ပေါ် မိမိရပ်တည်နိုင်ရန် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုသည်။

ဗြိတိသျှလေကြောင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်းသည် အင်္ဂလန်မြောက်ပိုင်း ဘာမင်ဂန်လေဆိပ်မှ ခရီးသည် ၁၁ဦးကို တင်ဆောင်၍ စပိန်နိုင်ငံ မာလာဂါသို့ ပျံသန်းလာစဉ် အမြင့်ပေ ၂၃,၀၀၀ အရောက်၌ လေယာဉ်မှူးအခန်းရှေ့ရှိ နှစ်ပေသုံးပေအကျယ် မှန်ကွဲသွားပြီး လေစုပ်အားဖြင့် လေယာဉ်မှူး တင်မ် လန်ကာစတာအား မှန်ပေါက်မှ စုပ်ထုတ်သွားရာ လေယာဉ်ဝန်ထမ်းများက လေယာဉ်မှူး၏ ခြေထောက်ကို ဆွဲထားစဉ်မှာပင် ဒုတိယလေယာဉ်မှူးက လေယာဉ်ကို ထိန်းပြီး ဘာမင်ဂန်လေဆိပ်သို့ ချောမောစွာ ပြန်လည်ဆင်းသက်ခဲ့သည်။

၁၁ ၁၉၉၀-၉၁ ခုနှစ် ပညာသင်နှစ်အတွက် တစ်နိုင်ငံလုံးရှိအခြေခံပညာမူလတန်းကျောင်း ၃၃,၄၉၉ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ၂,၀၅၂ ကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်း ၇၇၉ ကျောင်းတို့ကို ဖွင့်လှစ်လိုက်သည်။

အရှေ့ဂျာမနီနိုင်ငံ (ဂျီဒီအာ) တွင် အလုပ်လက်မဲ့ဦးရေ တစ်သန်းရှိနေသည်ကို ဝန်ခံကြောင်း ဂျီနီဗာ၌ကျင်းပလျက်ရှိသည့် နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ် နှစ်ပတ်လည်ညီလာခံတွင် ဂျီဒီအာကိုယ်စားလှယ်က ပြောကြားသည်။

အစ္စရေးနိုင်ငံဝန်ကြီးချုပ် ယစ်ဇက် ရှမီးယား၏ အစိုးရအဖွဲ့သစ်သည် ပါလီမန်၌ အယုံအကြည်ရှိအဆိုတင်သွင်းရာ အနိုင်ရရှိသွားသည်။ ပါလက်စတိုင်းတို့နှင့် ငြိမ်းချမ်းရေး ဆွေးနွေးပဲ့ပြုလုပ်ရန် အဓမရိကန်၏ အဆိုပြုချက်ကို ငြင်းဆန်ခဲ့ရာမှစ၍ ရက်သတ္တ ၁၂ ပတ်ကြာ နိုင်ငံရေးအကျပ်အတည်း ကြုံတွေ့ခဲ့ရပြီးနောက် အစိုးရအဖွဲ့သစ် ဖွဲ့စည်းနိုင်ခဲ့ခြင်းဖြစ်သည်။

၁၂ ရွှေတိဂုံစေတီတော် အနောက်ဘက်စောင်းတန်းတွင်တပ်ဆင်ပြီးစီးသော တစ်နာရီဘုရားဖူး ၆,၀၀၀ ခန့် သယ်ဆောင်နိုင်သည့် တပ်ဆင်မှုတန်ဖိုး အပါအဝင် မြန်မာကျပ်ငွေ ၇၄ သိန်းကျော် ကုန်ကျသော စက်လှေကားဖွင့်ပွဲ အခမ်းအနားကို ယင်းစောင်းတန်း၌ ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင် လယ်ယာနှင့် သစ်တောဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ချစ်ဆွေ၊ ရွှေတိဂုံစေတီတော် စီမံကိန်း လုပ်ငန်းကြီးသုံးရပ်တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ် မျိုးညွန့်နှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ အသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

၁၃ အာဖရိကတိုက်မှ ပြည်သူ ၁၄၂ သန်းကျော် သို့မဟုတ် အာဖရိကပြည်သူ သုံးဦးတွင် တစ်ဦးသည် အာဟာရချို့တဲ့မှုကို နာတာရှည်ရောဂါသဖွယ် ခံစားနေရကြောင်း ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို) အစည်းအဝေး တစ်ရပ်က ထုတ်ပြန်ပြောကြားသည်။

၁၄ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ဘုံ၌ ကျင်းပသော အပြည်ပြည် ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(၇၇)ကြိမ်မြောက် နှစ်ပတ်လည် ညီလာခံတွင် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဒုတိယ ဗိုလ်ချုပ်ကြီးတင်ထွန်း မိန့်ခွန်းပြောကြားရာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် အခြားနိုင်ငံများကဲ့သို့ သမိုင်းတစ်လျှောက် လူမှုရေး၊စီးပွားရေး၊နိုင်ငံရေး



ရွှေတိဂုံစေတီတော် စက်လှေကားဖွင့်ပွဲ


စနစ်ပြောင်းလဲမှုများနှင့် ရံဖန်ရံခါ ကြုံခဲ့ရ ကြောင်း၊ သို့သော် မည်သည့်နိုင်ငံရေးစနစ် ကို ကျင့်သုံးပြီး မည်သည့် အစိုးရအဖွဲ့က တာဝန်ယူနေစေကာမူ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့ကြီး၏ အဖွဲဝင် ဖြစ်ချိန်မှစ၍ အလုပ်သမားများ၏ အခွင့် အရေးနှင့် အထွေထွေ အကျိုးစီးပွားကို မျက်ကွယ်ပြုခဲ့ခြင်းမရှိကြောင်း စသည်ဖြင့် ထည့်သွင်းပြောကြားသည်။

၁၇ ပေါ်တူဂီနိုင်ငံ၌ကျင်းပသောခြောက် ကြိမ်မြောက် ထရိုအီယာရုပ်ရှင် ပွဲ တော်တွင် အယ်ဂျီးရီးယား ဒါရိုက်တာ ရာချစ်ဘင်ဟက်ခ် ရိုက်ကူးသည့် ဆာဟာရ သဲကန္တာရတစ်နေရာ၌ အစ်မဖြစ်သူ နှင့် အတူ နေထိုင်သော ဒုက္ခိတကလေးငယ် တစ်ဦးအကြောင်း ဖော်ကျူးထားသည့် 'လောက်စ်' အမည်ရှိ ရုပ်ရှင်ကားသည် အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆု (လင်းပိုင် ရွှေစင်ရုပ်ဆု) ကို ဆွတ်ခူး ရရှိသည်။

၁၈ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည် ဆောက်ရေး အဖွဲ့နှင့် မြန်မာ့သမိုင်း ဖြစ်ရပ်အမှုန်များ ရေးသား ပြုစုရေးအဖွဲ့ စတုတ္ထအကြိမ် တွေ့ဆုံညှိနှိုင်း ဆွေးနွေးပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ် ဆင်ရေး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင် က အမှာစကား ပြောကြားရာတွင် ယခု အခါ ပြည်ပအသံလွှင့်ဌာနများက ဟိုပြော သည်ပြော အမျိုးစုံ ပြောနေကြကြောင်း အထူးသဖြင့် အာဏာလွှဲပြောင်းရေး ပြော

အာဟာရချို့တဲ့မှုခံရသော အာဖရိကပြည်သူများ





နေကြကြောင်း၊ ဤသည်ကို လွယ်လွယ်ပြော လွယ်လွယ်ရေး လွယ်လွယ်လုပ်၍ မရသည်ကို နားလည်ကြစေ လိုကြောင်း၊ မိမိတို့နိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ကစပြီး လုံးဝ လွတ်လပ် သော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်ကို သတိမမေ့ကြဖို့ လိုကြောင်း၊ ပြည်ပနိုင်ငံများ၏ ဩဇာကို ခံယူနေသော နိုင်ငံမဟုတ်သည်ကိုလည်း သတိပြုကြရမည်ဖြစ်ကြောင်း၊ မိမိတို့သည် လုပ်သင့် လုပ်ထိုက်သည်များကို လုပ်ပေး သွားမှာဖြစ်ကြောင်း စသည်ဖြင့် ထည့်သွင်း ပြောကြားသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးသန်းရွှေအား ရန်ကုန်မြို့သို့ လေ့လာရေးခရီး ရောက်ရှိကြသော နယ်စပ်ဒေသများတွင် တာဝန်ထမ်းဆောင်နေကြသည့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး သိပ္ပံကျောင်းဆင်း ဆရာဆရာမ ၁၂၆ ဦးတို့က ကာကွယ်ရေး ဝန်ကြီးဌာနခန်းမဆောင်တွင် တွေ့ဆုံဂါရဝပြုရာ ဂါရဝပြုပွဲတွင် ဗိုလ်ချုပ်ကြီး သန်းရွှေက သြဝါဒအမှာစကားပြောကြားရာ လက်သစ် ကိုလိုနီနယ်ခွဲစနစ်သည် စနစ်ဟောင်းကဲ့သို့ သိသိသာသာ နယ်မြေသိမ်းပိုက်ပြီး ကျွန်ပြုသည့်နည်း မဟုတ်ဘဲ အတွေးအခေါ်ပိုင်းအရ တဖြည်းဖြည်းဝါးမျိုကျွန်ပြုရသောနည်းကို သုံးလာကြကြောင်း၊ သတိ မထားလျှင် ကျွန်ဖြစ်မှန်းမသိ ဖြစ်သွားရတဲ့ အန္တရာယ်ရှိကြောင်းစသည်ဖြင့် ထည့်သွင်းပြောကြားသည်။

၁၆ မလေးရှားနိုင်ငံ ကွာလာလမ်ပူရှိ ဘဏ်ကြီးတစ်ခုဌာ ငွေအပ်ထားသူ အချို့၏ ကွန်ပျူတာ လျှို့ဝှက်သင်္ကေတကို ခိုးယူကာ ဘဏ်၏ဗဟိုကွန်ပျူတာမှ မိမိ၏ ငွေစာရင်းသို့ မလေးရှား သုံးငွေ ရင်းကျစ်လေးသန်းကျော် တစ်ဆင့် လွှဲပြောင်း ထည့်သွင်းသည့် ဘဏ်ကြီး၏ နိုင်ငံခြားငွေလဲလှယ်ရေးဌာနခွဲ အကြီးအကဲ လူငယ် တစ်ဦးအား ဖမ်းဆီးလိုက်သည်။

၂၁ အီရန် နိုင်ငံ တီဟီရန်မြို့တော် အနောက် မြောက်ဘက် ၁၂၅ မိုင် အကွာရှိ ဒေသကို ဗဟိုပြု၍ ပြင်းအား ရစ်ချ်တာစကေး ၇ ဒသမ ၃ ရှိ ငလျင် ကြီးလှုပ်သဖြင့် လူ ၁၃၀ ထက်မနည်း သေဆုံးပြီး ၁,၆၅၀ ဒဏ်ရာရရှိ၍ (နောက်ပိုင်း သတင်းများအရ သေဆုံးသူပေါင်း ၄၀,၀၀၀ ထက်မနည်း ရှိသည်။) လူပေါင်းရာနှင့်ချီ၍ ပျောက်ဆုံးသည်။

၂၂ မော်ဘီ ဗိုလ်သင်တန်း ကျောင်း အောင် ဆန်း ခန်းမ၌ ဗိုလ်လောင်း သင်တန်းအမှတ်စဉ် (၃၉) သင်တန်းဆင်းပဲ့ အခမ်း အနား ကျင်းပရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးသန်းရွှေက အမှာစကား ပြောကြားရာတွင် တပ်မတော်သည် ပြည်သူထဲမှ ပေါက်ဖွားလာပြီး ပြည်သူနှင့် တစ်သားတည်း အမြဲရှိခဲ့သည့် တပ်မတော် ဖြစ်ကြောင်း၊ မြင့်မြတ်သည့် ဗီဇအစဉ်အလာများအပေါ် အလေးအနက်ခံယူ၍ ပြည်သူများ၏အကျိုးစီးပွားကို အစဉ်ဦးထိပ်ထားကာ စောင့်ရှောက် ကာကွယ်ခဲ့ပြီး သမိုင်းပေး တာဝန်များကို ဦးလည်မသုန် ကျေပွန်စွာထမ်းရွက်ခဲ့ကြောင်းစသည်ဖြင့် ထည့်သွင်းပြောကြားသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ သတင်းထုတ်ပြန်ရေး အဖွဲ့က ကာကွယ်ရေး ဝန်ကြီးဌာန ညွှန်ခန်းမ၌ ပြည်တွင်းပြည်ပ သတင်းစာ ဆရာကြီးများနှင့်တွေ့ဆုံ၍ (၉၆) ကြိမ်မြောက်သတင်းစာရှင်းလင်းပွဲပြုလုပ်ရာ ရွေးကောက်ပွဲလုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်း ပြောကြားသည်။

၂၄ ခုခံအား ကျဆင်းရောဂါ (အေအိုင်ဒီအက်စ်) ဖြစ်ပွားစေသော ဗိုင်းရပ်စ်ပိုးများကို တိုက်ဖျက်နိုင်သည့် ဆေးဝါးတစ်ရပ်ဖော်ထုတ်တွေ့ရှိထားကြောင်း ဂျပန်နိုင်ငံ ဒိုင်အိုချိ ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီက ပြောကြားလိုက်သည်။

၂၆ ၁၉၉၀ ပြည့်နှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲ၊ ပြပွဲ၊ ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားများကို ရန်ကုန်တိုင်း အတွင်း မြို့နယ်အသီးသီးရှိ ကျောင်းများ၌ ကျင်းပကြသည်။

၂၇ ဗကပ ဗဟို ကော်မတီဝင် စိုင်းအောင်ဝင်းသည် လား ရှိုး မြို့ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်သင့်ထံသို့ နံနက် ၈ နာရီ တွင် လက်နက်မဲ့ အလင်းဝင်သည်။

ကိုရီးယားနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းရေးကို ရှေးရှုလျက် တောင်ကိုရီးယားနိုင်ငံသည် မြောက်ကိုရီးယားမှ လေယာဉ်၊ သင်္ဘောနှင့် ကုန်ပစ္စည်းများ ဝင်ရောက်လာခြင်းကို အကန့်အသတ်မရှိ ခွင့်ပြုသွားမည် ဖြစ်ကြောင်း သမ္မတ နိုတေဝူးက ကြေညာလိုက်သည်။

၃၀ အနုပညာရှင်များသည် နိုင်ငံဝန်ထမ်းများနည်းတူ ပါတီနိုင်ငံရေးနှင့်ကင်းရှင်းပြီး အမျိုးသား နိုင်ငံရေးအတွက် ဆောင်ရွက်ကြရမည့် ပညာရှင်များ ဖြစ်ကြကြောင်း၊ မည်သည့်အစိုးရ တက်လာသည် ဖြစ်စေ အနုပညာရှင်များသည် မိမိတို့တတ်ကျွမ်းသည့်အနုပညာဖြင့်နိုင်ငံတည်ဆောက်ရေးနှင့် နိုင်ငံအကျိုးပြု လုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း စသည်ဖြင့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁)၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ခင်ညွန့်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းနှင့် ရှေ့တန်းရောက် တပ်မတော်သားများအား ဖျော်ဖြေမှုစွင့် ပါဝင် ဆောင်ရွက်ခဲ့ကြသော ရုပ်ရှင်၊ ဂီတနှင့် ယဉ်ကျေးမှု အနုပညာရှင်များအား တည်ခင်းသော ဂုဏ်ပြုညစာစားပွဲတွင်အမှာစကား ပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။

ကျပ်ငွေ ၇၃၆ ဒသမ ၆၃ သိန်းရင်းနှီးမြှုပ်နှံ တည်ဆောက်ပြီးစီးခဲ့သော နဝဒေးရုပ်ရှင်ရုံသစ် ဖွင့်ပွဲအခမ်းအနားကို မရမ်းကုန်းမြို့နယ် ကမ္ဘာအေး ဘုရားလမ်းရှိ နဝဒေးရုပ်ရှင်ရုံသစ်တွင် ကျင်းပသည်။

၄လိုင်လ

၁ သီရိမင်္ဂလာ ကမ္ဘာအေး ကုန်းမြေ၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) ဝင်းအတွင်းရှိ ဒဂုံသီရိ ဘေးမဲ့ကန်တော်ကြီး၊ ဥဿာသီရိ ဥယျာဉ်တော်ကြီးနှင့် နာရီစင် ရေစက်ချ

လျှုဒါန်းပွဲနှင့် ဖွင့်ပွဲမင်္ဂလာအခမ်းအနားကို ကမ္ဘာအေးကုန်းမြေ မဟာသိမ်တော်ကြီး၌ ကျင်းပသည်။

၂ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က မြန်မာနိုင်ငံ၏ ဗဟိုဘဏ်ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် ၁၅/၉၀) ကို ပြဋ္ဌာန်းသည်။

၃ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် ပြည်နယ်၊ တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့များ၏ ညီနှိုင်း အစည်းအဝေးကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ဆင်ရေး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး စောမောင် တက်ရောက်၍ အမှာစကား ပြောကြားသည်။

၄ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ပြည်ထောင်စုမြန်မာနိုင်ငံတော် ဒေ့ရေးကြေးရေး အဖွဲ့အစည်းများဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် ၁၆/၉၀) ကို ပြဋ္ဌာန်းလိုက်သည်။

၅ ယခင်က အစိုးရနှင့် သဘောထား ကွဲလွဲသူဖြစ်ခဲ့ပြီး ပြဇာတ်ရေးဆရာ တစ်ဦးလည်းဖြစ်သူ ဗဟ့်ကလဗ်ဟာဗယ်အား ချက်နှင့်စလို ဗက် နိုင်ငံ၏ သမ္မတအဖြစ် နောက်ထပ်နှစ်နှစ်သက်တမ်း တာဝန်ထမ်း ဆောင်ရန် လွှတ်တော်သစ်တွင် လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်တင်မြှောက်လိုက်သည်။

၆ အီဘလီနိုင်ငံ ရောမမြို့တွင် ကျင်းပသော ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲတွင် အနောက်ဂျာမနီအသင်းက အာဂျင်တီးနား အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

၁၀ ပြည်ထောင်စု မြန်မာနိုင်ငံတော် ရေနက်ပိုင်း ငါးဖမ်းကွက်များတွင် ကမ်းဝေး ငါးဖမ်းလုပ်ငန်းကို ဖက်စပ်လုပ်ကိုင်ရန်အတွက် မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန မြန်မာ့ရေလုပ်ငန်းနှင့် အမေရိကန်ပြည်ထောင်စု (Miriam Marshall Associates) တို့ သဘောတူစာချုပ် ချုပ်ဆိုပွဲ ကျင်းပသည်။

ဆိုဗီယက် ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ဂေါ်ဘာချော့ဗ်သည် ၂၀ ကြိမ်မြောက် ပါတီကွန်ဂရက်၌ပါတီအထွေထွေ အတွင်းရေးမှူးအဖြစ် ပြန်လည်ရွေးကောက် တင်မြှောက်ခြင်းခံရသည်။

၁၂ ကုန်သွယ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ် ၁၆/၉၀ ဖြင့် သွင်းကုန် ပါမစ်ရယူရန်မလိုဘဲ တင်သွင်းခွင့်ပြုသော ပစ္စည်းများကို သတ်မှတ်ထုတ်ပြန်ကြေညာသည်။

လုံးပတ် ပေ ၃၀၀ မှ ပေ ၁၀၀၀ အတွင်းရှိသော ဂြိုဟ်ငယ်လေးတစ်လုံးသည် တစ်နာရီ မိုင် ၂၂,၀၀၀ နှုန်းဖြင့် ကမ္ဘာအနီး မိုင်သုံးသန်းအကွာမှ ဖြတ်သန်းသွားသည်။ နှစ် ၅၀ အတွင်း ကမ္ဘာကို ဖြတ်သွားသော ဂြိုဟ်ငယ်များအနက် အနီးကပ်ဆုံး ပုံသန်းခြင်းဖြစ်သည်။ ကမ္ဘာကို ဖြတ်သန်းသွားသော ဂြိုဟ်သေး ဂြိုဟ်မှုန်များကို ၁၉၇၃ ခုနှစ်မှစ၍ လေ့လာရေးဌာနတစ်ခု ဖွင့်လှစ်လေ့လာခဲ့ရာ ယနေ့အထိ ဂြိုဟ်ငယ်ပေါင်း ၃၉ ခု ကမ္ဘာကို အနီးကပ် ဖြတ်သန်းသွားခဲ့ပြီး ဖြစ်သည်။

၁၂ ဆိုဗီယက်ရုရှားသမ္မတနိုင်ငံ ပါလီမန် ဥက္ကဋ္ဌ ဘောရစ်ယဲလ်ဆင်က ဆိုဗီယက်ကွန်မြူနစ်ပါတီမှ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း ၂၈ ကြိမ်မြောက် ကွန်မြူနစ်ပါတီညီလာခံတွင် ကြေညာသည်။

၁၅ သင်္ကန်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ ကျန်းမာရေးဝန်ကြီးဌာန အားကစားနှင့် ကာယပညာ ဦးစီးဌာန လူငယ်အားကစား လေ့ကျင့်ရေးစခန်းဖွင့်ပွဲ ကျင်းပသည်။

၁၅ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပခဲ့သော ၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီ ၀၈ ကြိမ်မြောက် မလေးရှား တံခွန်စိုက် ဖိတ်ခေါ် ပြေးခုန်ပစ်ပြိုင်ပွဲတွင် မြန်မာပြေးခုန်ပစ်အဖွဲ့သည် ရွှေတံဆိပ်လေးခု အပါအဝင် ဆုတံဆိပ် ခုနစ်ဆု ရရှိခဲ့သည်။ ခင်ခင်ထွေးက မီတာ ဂ၀၀၊ ၁,၅၀၀ နှင့် ၃၀၀၀ ပြေးပွဲများတွင် ရွှေတံဆိပ်နှင့် အေးအေးနွယ်က သံပြားဝိုင်း ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု ရရှိခဲ့သည်။ ခင်ခင်ထွေးသည် ပြိုင်ပွဲနောက်ဆုံးနေ့ မီတာ ၃၀၀၀ ပြေးပွဲ၌ ယမန်နှစ်က ၎င်းတင်ခဲ့သော ၉ မိနစ် ၂၆ ဒသမ ၁၅ စက္ကန့်ကို ၉ မိနစ် ၂၀ ဒသမ ၉ စက္ကန့်ဖြင့် စံချိန်သစ်တင်ခဲ့သည်။


၁၅ ပြင်းထန်ဆိုးရွားသော စိတ်ကစဉ့်ကလျားရောဂါ (စကီဇိုဖရီးနီးယား)ကို ကုသပျောက်ကင်းစေသော ဆေးစွမ်းကောင်းသစ် တစ်မျိုးကို အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ် အရှေ့ဟန်နိုဗာမြို့ ဆန်းဒေါ့စ် ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီက ထုတ်လုပ်လိုက် သည်။ ဆေးအမည်ကို ကလိုဇာပင်းဟု ပေးထားသည်။

၁၆ ပြည်ထောင်စုမြန်မာနိုင်ငံတွင် ရေငန်စပ်ပုစွန်မွေးမြူရေးလုပ်ငန်းကို ဖက်စပ်လုပ်ကိုင်ရန်အတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မြန်မာ့ရေလုပ်ငန်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ (Cox's Bazar Sea Foods) တို့ သဘောတူစာချုပ် ချုပ်ဆိုသည်။

တရုတ်ပြည်တွင် ယန်စီမြစ်ကိုဖြတ်ကာ ကမ္ဘာ့အကြီးဆုံး ရေအားလျှပ်စစ် ထုတ်နိုင်မည့် ရေကာတာကြီးတစ်ခု တည်ဆောက်ရေးအတွက် လေ့လာသုံးသပ်သည့် အဆင့် မြင့်ကော်မတီတစ်ရပ်ကို ဖွဲ့စည်းလိုက်သည်။ ယင်းစီမံကိန်း အကောင်အထည်ဖော်ပြီးပါက လူတစ်သန်းကျော်မှာ နေအိမ်များမှ စွန့်ခွာ ပြောင်းရွှေ့ ပေးရမည် ဖြစ်သည်။ ယင်းရေကာတာကို ၁၈ နှစ်ကြာ တည်ဆောက်ရမည်ဖြစ်ပြီး ဒေါ်လာ ၁၀ ဘီလီယံ (ကုန်ကျ တစ်ထောင်) ကုန်ကျမည် ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော်နှင့် ပတ်ဝန်းကျင် လူဇုံကျွန်းတွင် ငလျင်ပြင်းအား ရစ်ချိတာစကေး ၇ ဒသမ ၇ ရှိ ငလျင်ကြီး တစ်ခု လှုပ်သွားရာ လူ ၁,၆၀၀ ကျော် သေဆုံးခဲ့ရသည်။

၁၇ ၄၃ နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ရန်ကုန်မြို့ အာဇာနည် ဗိမာန်၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ ကိုယ်စား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင် ၄၃ နှစ်မြောက် အာဇာနည်နေ့ ကျင်းပရေး ကော်မတီ ဥက္ကဋ္ဌ၊ ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယ



ဖိလစ်ပိုင်နိုင်ငံ ဘာဂူအီယိုမြို့တွင် လျှင်ဒဏ်ကြောင့် ပြိုကျနေသော ဟိုတယ်ကြီး



ပြိုကျနေသော အဆောက်အအုံထဲမှ အသက်ရှင်ကျန်ရစ်သူ ကျောင်းသားတစ်ဦးအား ကယ်ဆယ်နေကြစဉ်

လျှင်ကြောင့်ပြိုကျသွားသော ကျောင်းတစ်ကျောင်း၏ အပျက်အစီးများ ကြား တွင်ပိတ်မိနေသူတစ်ဦးအားကယ်ဆယ်ရေး အဖွဲ့ဝင်တစ်ဦးက ရေကမ်းပေးစဉ်

ဗိုလ်ချုပ်ကြီး ဘုန်းမြင့် တက်ရောက်၍ လွှမ်းသူပန်းခွေချ အလေးပြုသည်။

၁၉၉၀ ပြည့်နှစ် ပထမ ခြောက်လ အတွင်း တပ်မတော်နှင့် ပြည်သူရဲတပ်ဖွဲ့တို့မှ ဘိန်းစိမ်း ၅၀၅ ကီလိုနှင့် ဘိန်းဖြူ ၁၀၅ ကီလို (နယူးယောက်မြို့ ကာလပေါက်စျေး) အမေရိကန်ဒေါ်လာ ၂၁၁ သန်းကျော် ဖိုးကို ဖမ်းဆီးအရေးယူခဲ့သည်။

၂၂ မြောက်ဥက္ကလာပမြို့နယ် (၄) ရပ်ကွက်ရှိ မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်တို့ကို ဆက်သွယ်ထားသော ငမိုးရိပ်ချောင်းကို ဖြတ်ကျော်ဆောက်လုပ်ထားသည့် ဒဂုံမြို့သစ် လူကူးကြိုးတံတားဖွင့်လှစ်ပွဲ ကျင်းပသည်။

ဩဂုတ်လ

၁ ဆိုဗီယက်မီယာ အာကာသစခန်းရှိ အာကာသ သူရဲနှစ်ဦးနှင့် လဲလှယ်တာဝန်ယူမည့် အခြားအာကာသသူရဲနှစ်ဦးအား တင်ဆောင်ထားသော ဆိုယုဇ် တီအမ်–၁၀ အာကာသယာဉ်ကို ကမ္ဘာမြေမှ လွှတ်တင်ခဲ့ရာ ၃ ရက်နေ့တွင် မီယာအာကာသစခန်း ယာဉ်နှင့် ချိတ်ဆက်မိသည်။

၂ အိရတ်စစ်သည်များသည် ကူဝိတ် နိုင်ငံတွင်းသို့ ကျူးကျော်ဝင်ရောက်ကြသည်။ ယင်းလုပ်ရပ်မှာ ကူဝိတ်နိုင်ငံ၌ အာဏာသိမ်းမှုတစ်ရပ်ကို အထောက်အကူပြုရန် ဖြစ်သည်ဟု အိရတ်နိုင်ငံကပြောကြားလိုက်သည်။ ကျူးကျော်ဝင်ရောက်ခဲ့သော အိရတ် တပ်ဖွဲ့ဝင်များသည် တိုက်ပွဲများအပြင်းအထန်ဖြစ်ပွားခဲ့အပြီးတွင် ကူဝိတ်မြို့တော်ကို သိမ်းပိုက်လိုက်ပြီး ယာယီအစိုးရအဖွဲ့ကို ဖွဲ့စည်းပေးလိုက်သည်။

အိရတ်နိုင်ငံက ကူဝိတ်နိုင်ငံအား ကျူးကျော်ဝင်ရောက်ခဲ့ခြင်းကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ရှုတ်ချလိုက်ပြီး အိရတ်တပ်ဖွဲ့ဝင်များ ခြွင်းချက်မရှိရုပ်သိမ်းပေးရန်နှင့် အိရတ်နှင့်ကူဝိတ် စေ့စပ်ဆွေးနွေးပွဲများ ချက်ချင်းစတင်ရန် တောင်းဆိုလိုက်သည်။

၃ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးသန်းရွှေ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် အထူးစီမံကိန်းများ အကောင်အထည် ဖော်ရေးအဖွဲ့၏ (၈/၉၀) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ဆင်ရေးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အရှေ့နှင့်အနောက် ဂျာမနီနှစ်နိုင်ငံစောစီးစွာပေါင်းစည်းရေး ဖိအားပေးမှု တိုးပွားလာသည့်ကို လိုက်လျောသည့်အနေဖြင့် ဂျာမနီပြည်လုံးကျွတ် ရွေးကောက်ပွဲ များကို အောက်တိုဘာလ ၁၄ ရက်နေ့တွင်ကျင်းပရေးအတွက် အရှေ့ဂျာမနီဝန်ကြီးချုပ်ကတောင်းဆို လိုက်သည်။ ယင်းတောင်းဆိုချက်ကို အနောက်ဂျာမနီ ဝန်ကြီးချုပ်ကကြိုဆိုလိုက်သည်။


၅ လောပြည်သူ ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး မစ္စတာဆူဗန် ဆရီသီရတ် ခေါင်းဆောင်သော ကိုယ်စားလှယ် အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ၏ ဖိတ်ကြား ချက်အရ ရန်ကုန်မြို့သို့ အလည်အပတ်လာရောက်သည်။ ၆ ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးသန်းရွှေက လောကိုယ်စားလှယ် အဖွဲ့အား ကာကွယ်ရေး ဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။ ဂ ရက်နေ့တွင် လောကိုယ်စားလှယ်အဖွဲ့သည် မြန်မာကိုယ်စားလှယ် အဖွဲ့နှင့် မြန်မာ – လော နှစ်နိုင်ငံ နယ်နိမိတ်သတ်မှတ်ရေးကိစ္စများကိုဆွေးနွေးကြသည်။ ၉ ရက်နေ့တွင် ပြန်လည်ထွက်ခွာသွားသည်။

၆ ပါကစ္စတန်နိုင်ငံ သမ္မတ ဂူလန်အစ္စဟတ်ခန်းသည် ဝန်ကြီးချုပ် ဘီနဇာဘူတို့နှင့် ၎င်း၏အစိုးရအဖွဲ့ကို ရာထူးမှထုတ်ပစ်လိုက်ပြီး အမျိုးသားလွှတ်တော်ကိုလည်း ဖျက်သိမ်းကာရွေးကောက်ပွဲသစ်များကျင်းပရန် အမိန့်ပေးလိုက်သည်။ အတိုက် အခံခေါင်းဆောင်မူစတာဖာဂျက်တို့ဦးအား ရွေးကောက်ပွဲများမကျင်းပမီ အိမ်စောင့်အစိုးရဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီက အီရန်နှင့် အီရတ်သိမ်းပိုက်ထားသော ကူဝိတ်နိုင်ငံတို့အပေါ် စီးပွားရေးအရပြင်းထန်စွာအရေးယူရန် ဆုံးဖြတ်လိုက်သည်။ ယင်းဆုံးဖြတ်ချက်သည် ကုလသမဂ္ဂသမိုင်း၌ အပြင်းထန်ဆုံးပင်ဖြစ်သည်ဟုဆိုသည်။ အရေးယူမှုတွင် ယင်းနှစ်နိုင်ငံသို့လက်နက်ရောင်းချခြင်း မပြုရန်နှင့် ယင်းနိုင်ငံများမှ ရေနံများ ဝယ်ယူခြင်းမပြုရန်တို့လည်း ပါဝင်သည်။

၈ မန္တလေးမြို့တွင် သံဃာအချို့နှင့် ကျောင်းသားလူငယ်အချို့ ဆူပူအော်ဟစ်မှုဖြစ်ပွားခဲ့ရာ တာဝန်ရှိလုံခြုံရေးတပ်ဖွဲ့ဝင်များက တားဆီးသော်လည်း မရ

ကူဝိတ်နိုင်ငံကို ကျူးကျော်သိမ်းပိုက်စဉ် တင့်ကားတစ်စီး နောက်တွင် အကာအကွယ်ယူနေကြသော အီရတ်စစ်သားများ



ဘဲ ရွှန်းရင်းဆန်ခတ်ဖြစ်ပွားရာ လုံခြုံရေး တပ်ဖွဲ့ဝင်သုံးဦးနှင့် ကိုရင်တစ်ပါး ဒဏ်ရာ ရရှိသွားကြောင်း သိရသည်။

ကူဝိတ်နိုင်ငံကို အီရတ်နိုင်ငံ၏ တစ်စိတ် တစ်ပိုင်း အဖြစ် ပေါင်းစည်းထည့်သွင်း သိမ်းယူလိုက်ပြီဖြစ်ကြောင်းဖြင့်အီရတ်နိုင်ငံက ထုတ်ပြန်ကြေညာလိုက်သည်။

၉ နိုင်ငံခြား ကမ္ဘာလှည့်မျှား လိုက်ပါလာသော ဆိုဗီယက်ပြည်ထောင်စု၏ အဏုမြူအားသုံး ရေခဲပြင် ဒေသသွား သဘော်ကြီး ရေဒီယောသည် မိုင်ပေါင်း ၄,၅၀၀ ခရီးကို ကျော်ဖြတ်ကာ မြောက်ဝင်ရိုးစွန်းသို့ ရောက်ရှိသွားသည်။ လိုက်ပါလာသူ နိုင်ငံခြားသား ကမ္ဘာလှည့်မျှား က ၎င်းတို့နိုင်ငံအသီးသီး၏ အလံမျှားကို ဝင်ရိုးစွန်းတွင် စိုက်ထူကြမည် ဖြစ်သည်။

၁၁ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး (၂) ဗိုလ်ချုပ်တင်ဦးသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (ရုံးချုပ်) စုဝေးခန်းမဆောင်၌ ပြည်နယ်နှင့်တိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူးမျှားနှင့်တွေ့ဆုံပြီး ပြည်နယ်နှင့်တိုင်းအလိုက် နိုင်ငံတော်၏ အထူးခွင့်ပြုချက်မျှားဖြင့် ဆောင်ရွက်လျက်ရှိသော ဖွံ့ဖြိုးရေးနှင့် တည်ဆောက်ရေးလုပ်ငန်းမျှားနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းသည်။

၁၁ – ၁၃ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး ဗိုလ်ချုပ်ခင်ညွန့်သည် အဖွဲ့ဝင်မျှားလိုက်ပါလျက် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေနှင့် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေမျှားသို့ သွားရောက်ကာ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းမျှားနှင့် တည်ဆောက်မှုမီးမှု လုပ်ငန်းမျှားကို ကြည့်ရှုစစ်ဆေးသည်။

၁၃ – ၁၄ မြန်မာ–ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီ စတုတ္ထအကြိမ် အစည်းအဝေးတက်ရောက်ရန်အတွက် ထိုင်းဘုရင့်တပ်မတော်မှ အမှတ် (၁) စစ်ဒေသတိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဆရီပင်း ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ရောက်ရှိလာပြီး မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် မော်လမြိုင်မြို့အရှေ့တောင်တိုင်း စစ်ဌာနချုပ်၌ တွေ့ဆုံဆွေးနွေးကြသည်။ ၁၆ ရက်နေ့တွင် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားသည်။

၁၇ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင်သည် ရန်ကုန်မြို့ တွင် ရောက်ရှိနေသော အမေရိကန်ပြည်ထောင်စု အမိုကိုကော်ပိုရေးရှင်းဥက္ကဋ္ဌ မစ္စတာရစ်ချတ်မာတင်မော်ရိုး၊ အမိုကိုဃုတ်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ မစ္စတာဝေါက်ထရစ်ဂျိုးဇက်အာလီနှင့် အမိုကိုထုတ်လုပ်ရေးကုမ္ပဏီဥရောပ၊ လက်တင်အမေရိကနှင့် အရှေ့ဖျားဒေသဆိုင်ရာဥက္ကဋ္ဌ မစ္စတာရောဘတ်လောရင့်စ် ဘလန်တန်တို့အား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

အီရတ်နိုင်ငံသည် စစ်ပွဲအတွင်းကဖမ်းဆီး ထိန်းသိမ်းထားခဲ့သော အီရန်စစ်သုံ့ပန်း ၁၀၀၀ ကို ပထမအသုတ်အဖြစ် ပြန်လွှတ်ပေးလိုက်သည်။ အီရန်ကလည်း အီရတ်စစ်သုံ့ပန်း အရေအတွက် တူကို အလားတူ လွှတ်ပေးမည်ဟု ပြောကြားသည်။

ဂျပန်နိုင်ငံ တိုကျိုမြို့အရှေ့ဘက်ရှိဆေးရုံတစ်ရုံတွင် အသက် ၄၄ နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦးက ၁၈ ဦးမြောက် ၎င်း၏ ရင်သွေးငယ်ကို ဖွားမြင်ပေးလိုက်သည်။ သူမသည် ဂျပန်နိုင်ငံ၌ ကလေးအမျှားဆုံးမွေးဖွားပေးနိုင်သည့် မိခင်စံချိန် ကို ချိုးလိုက်ကြောင်း သိရှိရသည်။

၂၀ – ၂၂ စင်ကာပူနိုင်ငံ ပါလီမန် အဖွဲ့ဝင်နှင့် ကာကွယ်ရေးနှင့် နိုင်ငံခြားရေးဆိုင်ရာ အစိုးရ ပါလီမန်ကော်မတီဥက္ကဋ္ဌ မစ္စတာအက်စ်ချန်ဒရာဒတ်စ် ခေါင်းဆောင်သော ကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ရောက်ရှိလာပြီး သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ ဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေးကြသည်။ ၂၃ ရက်နေ့တွင် ပြန်လည် ထွက်ခွာသွားသည်။

၂၀ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး စောမောင်သည် ကာကွယ်ရေးဝန်ကြီးဌာန စစ်ဆင်ရေး အစည်းအဝေးခန်းမ၌ ပြည်ပမှ ပြန်လည်သိမ်းဆည်း ရမိသော အလေးချိန် ၄၉၆ ဒသမ ၅ ကရက် ရှိသော ပတ္တမြား ရတနာကြီးကို ကြည့်ရှုစစ်ဆေးသည်။ ယင်းပတ္တမြားကြီးအား "နဝတ ပတ္တမြားကြီး SLORC RUBY" ဟု အမည်သတ်မှတ်ပေးသည်။

၂၁ အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်က အီရန်နှင့် ငြိမ်းချမ်းရေး ကမ်းလှမ်းချက်အရ အီရန်ပိုင်နက် နယ်မြေမျှားမှ အီရတ်တပ်မျှား ပြန်လည်ရုပ်သိမ်းမှု ပြီးစီးသွားပြီ ဖြစ်ကြောင်း အီရတ်နိုင်ငံက ကြေညာသည်။ အီရန်နိုင်ငံ ဘက်မှလည်း အီရတ်တပ်မျှား ထွက်ခွာ သွားကြပြီဖြစ်ကြောင်း ကြေညာသည်။

၂၂ တရုတ် ပြည်သူ သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာနမှ မစ္စတာယွမ်ယွန်းယွမ် ခေါင်းဆောင်သော အဖွဲ့ဝင် ခြောက်ဦး ပါဝင်သည့် ကိုယ်စားလှယ် အဖွဲ့သည် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းမျှား လေ့လာရန် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။ တရုတ် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံတွင်ရှိနေစဉ် လေ့လာရေးခရီးမျှား ထွက်ကာ မူးယစ်ဆေးဝါးအန္တရာယ်ဘားဆီးကာကွယ်ရေး လုပ်ငန်းမျှားကိုလေ့လာကြသည်။

၂၃ အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်သည် ဗြိတိသျှ ဓားစာခံမျှားနှင့် မထင်မှတ်ဘဲတွေ့ဆုံကာ ၎င်းအနေဖြင့် ပင်လယ်ကွေ့စစ်ပွဲ ဖြစ်ပွားလာမည်ကို မလိုလားပါဟု ပြောကြားခဲ့ပုံကို အီရတ်ရုပ်မြင်သံကြားက ထုတ်လွှင့်ပြသခဲ့သည်။

ကမ္ဘာ့ရေနံဈေးနှုန်းသည် တစ်စည်လျှင် ၃၁ ဒေါ်လာ ဈေးနှုန်းအထိ မြင့်တက်သွားသည်။ ယင်းဈေးနှုန်းမှာ ၁၉၇၂ ခုနှစ် ဒီဇင်ဘာလနောက်ပိုင်း အမြင့်ဆုံးဈေးနှုန်းဖြစ်ပြီး ပင်လယ်ကွေ့ဒေသတိုက်ပွဲများဖြစ်ပွားပါက လျင်မြန်စွာ ပိုမို မြင့်တက်သွားလိမ့်မည်ဟု အကဲခတ် သမားမျှားက ယူဆထားကြသည်။

၂၄ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၈၀) သင်တန်းဆင်းပွဲအခမ်းအနားကို မှော်ဘီ ဗိုလ်သင်တန်းကျောင်း အောင်ဆန်းခန်းမ၌ကျင်းပရာ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နှင့် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း)



နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင်နှင့် အဖွဲ့ဝင်များ ဂျပန်အောက်လွှတ်တော်အမတ်အား တွေ့ဆုံစဉ်

ဗိုလ်ချုပ်ကြီး သန်းရွှေ တက်ရောက်၍ အမှာစကားပြောကြားသည်။

၂၂ အီရတ်အပေါ် ကုန်သွယ်ရေးတား ဆီးပိတ်ဆို့ အရေးယူထားမှုများ ထိရောက်အောင်မြင်ရေးအတွက် အီရတ်သို့ သွားမည့်သဘော်ဝများနှင့် အီရတ်မှထွက် လာမည့် သဘော်ဝများကို နိုင်ငံတကာက စစ်ရေးအရ တားမြစ်အရေးယူခွင့်ပြုသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ထောက်ခံမဲ ၁၃ မဲ၊ ကြားနေမဲ ၂စ်မဲ၊ ကန့်ကွက်မဲ မရှိဖြင့် အတည်ပြု လိုက်သည်။ ထိုသို့ စစ်ရေး အင်အားသုံး ဆောင်ရွက်ခွင့် ပြုခဲ့မြင်းသည် ကုလသမဂ္ဂ၏ ၄၅ နှစ်တာသမိုင်းကြောင်းတွင် ပထမဆုံးအကြိမ် ဖြစ်သည်။

၂၃ ရေနံလိုအပ်ချက် အများစုကို ဖြည့်ဆည်းမရေးအတွက် ရေနံတိုးမြှင့် ထုတ်လုပ်ပေးရန် ရေနံရောင်း နိုင်ငံများအဖွဲ့ (အိုပက်) ဝန်ကြီးများက ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် ကျင်းပသော ဆွေးနွေးပွဲ၌ သဘောတူ လက်မှတ်ရေးထိုးလိုက်ကြသည်။ သို့ရာတွင် ပင်လယ်ကွေ့အကျပ်အတည်းကြောင့် ဖြစ်ပေါ်လာသည့် ရေနံလိုအပ်ချက် အားလုံး အတွက်ကိုမူ တိုးမြှင့် ထုတ်လုပ်ပေးမည် မဟုတ်ဟု ဆိုသည်။

၂၄ ဂျပန်နိုင်ငံ အောက်လွှတ်တော် အမတ် မစ္စတာ မီချိုယိုဝါတာနာဘေး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အထူး လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။ ၃၀ ရက်နေ့တွင် နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင်က ဂျပန်ကိုယ်စားလှယ် အဖွဲ့အား ကာကွယ်ရေး ဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။ ဂျပန်ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံတွင် ရှိနေစဉ် မန္တလေးနှင့် ပုဂံ၊ ညောင်ဦး မြို့များသို့ လေ့လာရေးခရီး သွားရောက် ကြသည်။

၂၀ စင်ကာပူလွှတ်တော်က ပုံနှိပ် အက်ဥပဒေပြင်ဆင်ချက်ကို ပြဋ္ဌာန်းလိုက်သည်။ သို့ဖြစ်ရာ စင်ကာပူနိုင်ငံတွင် ဖြန့်ချိနေသော ပြည်ပသတင်းစာနှင့် မဂ္ဂဇင်းအများအပြားသည် တရားဝင် ခွင့်ပြုချက် ရယူရန် လိုအပ်လာတော့မည် ဖြစ်သည်။

စက်တင်ဘာလ

၁ လစ်ဗျနှင့် ဆူဒန်နှစ်နိုင်ငံပေါင်းစည်းရေးသဘောတူ စာချုပ် တစ်ရပ်ကို လစ်ဗျခေါင်းဆောင် ဗိုလ်မှူးကြီးကဒါဖီနှင့် ဆူဒန်ခေါင်းဆောင် ဒုတိယ ဗိုလ်ချုပ်ကြီး အိုမာဟက်ဆန်အယ်ဘာရှီယာတို့ လစ်ဗျနိုင်ငံမြို့တော် ထရိပိုလီ၌ လက်မှတ်ရေးထိုး လိုက်ကြသည်။

၂ ၁၉၉၀ ပြည့်နှစ် မတ်လ အတွင်းက ကျင်းပ စစ်ဆေးခဲ့သော အခြေခံပညာအထက်တန်း စာမေးပွဲ အောင်စာရင်းများကို ထုတ်ပြန်ကြေညာသည်။

ထိုင်းတပ်မတော် စစ်ဦးစီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီး ချာဗာလစ် ယောင်ချိုင်ယုဒ်သည် နိုင်ငံရေးပါတီ တစ်ရပ်ကို ထူထောင်ဖွဲ့စည်းလိုက်ကြောင်း ထုတ်ဖော် ကြေညာသည်။ မိမိသည် ထိုင်းနိုင်ငံ၌ နောက်တက် လာမည့် ဝန်ကြီး ချုပ် ဖြစ်လာစေရန် ရည်မှန်းထားကြောင်း ၎င်းက ထုတ်ဖော် ပြောကြားသည်။

၄ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးစောမောင်သည် ကာကွယ်ရေးဝန်ကြီးဌာန စစ်ဆင်ရေးခန်းမ၌ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်းမိုးကုတ်မြို့ ကျောက်မျက်တူးဖော်ရေးဌာန ရတနာ ကုဋ္ဌကုဋ္ဌာ စခန်းမှ တူးဖော်ရရှိသော အလေးချိန် ၉၇၉ ကရက်အရွယ်ရှိ နီလာဂေါ်ကြိုး ကျောက်ကြီးနှင့် အခြားအရည်အသွေးကောင်းမွန်သော ပတ္တမြားရတနာများကို ကြည့်ရှု စစ်ဆေးသည်။ ယင်း နီလာကျောက်ကြီးမှာ အသား

ကောင်း တိမ်ပြာရောင်အရင့်နှင့် အပြစ်အနာအဆာ နည်းပါးသည့် ကျောက်ကြီးဖြစ်ရာ နီလာဂေါ်ကြိုးအဖြစ် သွေးယူနိုင်မည့် ကျောက်ကြီး တစ်ပွင့် ဖြစ်ကြောင်း သိရသည်။ ကမ္ဘာပေါ်တွင် လက်ရှိအကြီးဆုံးဖြစ်သည့်နီလာကျောက်ကြီးမှာ အမေရိကန် ပြည်ထောင်စု နယူးယောက် မြို့ရှိ သဘာဝသမိုင်း ပြတိုက်တွင် ပြသထားရှိသည့် အိန္ဒိယကြယ် (Star of India) အမည်ရှိ နီလာ ဂေါ်ကြိုး ကျောက်ကြီးဖြစ်၍ အလေးချိန် ၅၆၃ ကရက်ရှိပြီး အရောင်မှာ မီးခိုးရောင်ဖြစ်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှအလုပ်အမှုဆောင် အဖွဲ့ဝင် ဦးကြည်မောင်နှင့် အတွင်းရေးမှူး ဦးချစ်ခိုင်တို့ နှစ်ဦးအား နိုင်ငံတော်အတွက် ထိန်းသိမ်းထားရမည့် အထောက် အထားများကို မသက်ဆိုင်သူထံ ရောက်အောင် ပေးပို့ခဲ့၍လည်းကောင်း၊ မန္တလေးမြို့မှဗဟိုဦးစီးအဖွဲ့ဝင်ဦးအုန်းကြိုင်၊ မန္တလေးတိုင်း စည်းရုံးရေး အဖွဲ့ဝင် ဦးသိန်းတန်၊ မန္တလေးတိုင်းအရှေ့မြောက်မြို့နယ် စည်းရုံးရေး တာဝန်ခံ ဦးရဲမြင့်အောင်နှင့် အရှေ့မြောက် မြို့နယ် စည်းရုံးရေးကော်မတီဝင် ဦးစိန်လှအောင်တို့ လေးဦးအား ၈-၈-၉၀ ရက်နေ့က မန္တလေးမြို့၌ ရုန်းရင်းဆန်ခတ် ဖြစ်ပွားခဲ့မှုနှင့်စပ်လျဉ်း၍မမှန်သတင်းများ ရေးသား ကာ ဆူပူမှုဖြစ်စေရန် လှုံဆော်ဖန်တီးခဲ့၍လည်းကောင်း လုံခြုံရေးအရသက်ဆိုင်ရာက ထိန်းသိမ်းပြီး တရားဥပဒေအရ အရေးယူရန် စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း သတင်းထုတ်ပြန်သည်။

၇ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး စောမောင်က ကာကွယ်ရေး ဝန်ကြီးဌာန ခန်းမဆောင်၌ တိုင်းပြည်အတွက် သိသင့်သိထိုက်သည်များနှင့် စပ်လျဉ်း၍ မိန့်ခွန်းပြောကြားသည်။ မိန့်ခွန်းပါ အဓိက အချက်များအနက် နိုင်ငံတော်ကို တစ်ပါးနိုင်ငံ တစ်ခုခု၏ ဩဇာခံဖြစ်မည့် ကိစ္စမျိုးမည်သည့်နည်းနှင့်မျှ လက်ခံမည် မဟုတ်ကြောင်း၊ မိမိသည်မည်သည့်ဝါဒမည်သည့် ပါတီ မည်သည့် ပုဂ္ဂိုလ်ကိုမျှ အစွဲအလမ်းထားပြီး ဆောင်ရွက်နေခြင်း မဟုတ်ကြောင်း၊ နိုင်ငံတော်၏ အကျိုး၊ နိုင်ငံသားများ၏ အကျိုးကိုသာ ဦးတည်၍ ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထားပြီး ဆောင်ရွက် နေကြောင်း၊ မိမိသည် အာဏာလိုချင်လျှင် ပါတီထောင်မည် ဖြစ်ကြောင်း၊ မိမိတွင် Background ပါတီမရှိ ဟုပြောခဲ့ကြောင်း၊ ဆောင်ရွက်သည့်အခါ၌သမိုင်းကြောင်းအမြင်၊ ဥပဒေကြောင်းအမြင်ဖြင့် ဆောင်ရွက်ခြင်း ဖြစ်ကြောင်း စသည့်အချက်များပါရှိသည်။

၈ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အခမ်း အနားကို ကျိုက္ကဆံကွင်း အရှေ့ခံပညာ ဦးစီးဌာန လက်တွေ့ဖွဲ့ဖြိုးမှုနှင့် ကျောင်းသားရေးရာ အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေး ဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီး ဖေသိန်း တက်ရောက် အမှာစကားပြောကြားသည်။

ကူဝိတ်နိုင်ငံအား ကျူးကျော်ဝင်ရောက်သည့်အတွက် အီရတ်နိုင်ငံ အား အာရှအားကစားပြိုင်ပွဲ၌ ပါဝင် ယှဉ်ပြိုင်ခွင့်နှင့် အာရှအိုလံပစ် ကော်မတီဝင် နိုင်ငံအဖြစ်မှ ပိတ်ပင်တားမြစ်ရန် အဖွဲ့ဝင် ၁၁ ဦးပါဝင်သည့် အာရှအိုလံပစ်ကောင်စီ (အိုအေစီ) အလုပ်အမှုဆောင်ကော်မတီက ထောက်ခံလိုက်သည်။

၁၃ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ဥပဒေအမှတ် ၁၈/၉၀ အဖြစ် အမျိုးသား ပြောကြားခဲ့ကြောင်း၊ ဆောင်ရွက်သည့်အခါ၌သမိုင်းကြောင်းအမြင်၊ ဥပဒေကြောင်းအမြင်ဖြင့် ဆောင်ရွက်ခြင်း ဖြစ်ကြောင်း စသည့်အချက်များပါရှိသည်။

ပီကင်းမြို့တွင် ၁၁ ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကျင်းပစဉ်



မှတ်တမ်းနှင့် မော်ကွန်း ဥပဒေကိုပြဋ္ဌာန်းသည်။

၁၄ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးသန်းရွှေ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ ၉/၉၀ ကြိမ်မြောက် ညီနှိုင်းအစည်း အဝေးကို ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) စစ်ဆင်ရေး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

၁၅ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေး အဖွဲ့သည် ရဲမှူထမ်းကောင်း တံဆိပ် ချီးမြှင့်အပ်နှင်းခြင်း ခံရသူ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များအား အမိန့်ကြော် ငြာစာအမှတ် ၄၀/၉၀ ဖြင့် လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်ချီးမြှင့်အပ်နှင်းခြင်း ခံရသူ ဝန်ထမ်းများအား အမိန့်ကြော်ငြာစာအမှတ် ၄၁/၉၀ ဖြင့်လည်းကောင်း ထုတ်ပြန်ကြေညာသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ "မြန်မာနိုင်ငံရေးသမိုင်းကြောင်း နှင့် အမျိုးသားရေး ဦးတည်ချက်ရှင်းလင်း ပြသပွဲ" ကို ဦးဝိစာရလမ်းရှိ တပ်မတော် ခန်းမ၌ ခင်းကျင်းပြသသည်။

၅၇ ၅၂ နှစ်ကြာမျှ သံခင်းတမန်ခင်း ပြတ်တောက်ခဲ့သော ဆိုဗီယက်ပြည်ထောင်စုနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့သည် နှစ်နိုင်ငံကြား သံတမန် ပြန်လည် ဆက်သွယ်ရေးအတွက် မော်စကိုရှိ သဘောတူညီချက်တစ်ရပ် ရရှိသွားသည်။

၁၉၄၆ ခုနှစ် နွေရာသီ အိုလံပစ် အားကစားပြိုင်ပွဲကျင်းပရန်အတွက် အမေရိကန်ပြည်ထောင်စုရှိ အတ္တလန္တာမြို့ကို နိုင်ငံတကာ အိုလံပစ်ကော်မတီ၏ နှစ်ပတ်လည် အစည်းအဝေးက ဆုံးဖြတ်လိုက်သည်။

၁၉ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေး အဖွဲ့သည် အာမိန့်ကြော်ငြာစာအမှတ် ၄၂/၉၀ ဖြင့် မြန်မာနိုင်ငံ စာရင်းကောင်စီကို ဖွဲ့စည်းသည်။

၂၀ ကူဝိတ် နိုင်ငံအား ကျူးကျော်မှု ကြောင့် အီရတ်နိုင်ငံအား အာရဗ အားကစား ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မှုကို ပိတ်ပင်ရန်နှင့် အာရဗအိုလံပစ် ကောင်စီ အဖွဲ့ဝင်အဖြစ်မှ ရပ်စဲထားရန် ကောင်စီ၏ အဖွဲ့ဝင်များက မဲခွဲဆုံးဖြတ်လိုက်ကြသည်။

၁၁ ကြိမ်မြောက်အာရဗအားကစား ၂၂ ပွဲတော်ကြီးကို တရုတ်နိုင်ငံပီကင်းမြို့တော်တွင် စတင်ဖွင့်လှစ်သည်။ အားကစားအဖွဲ့ ၃၇ ဖွဲ့၊ အားကစားသမား ၆,၅၇၈ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

၂၃ ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် အီရတ်နှင့် အီရတ် သိမ်းပိုက်ထားသော ကူဝိတ်အပေါ် ပြင်းထန်သော လေကြောင်း ပိတ်ဆို့အရေးယူမှုများချမှတ်လိုက်သည်။ ယင်းအရေးယူဆောင်ရွက်ချက်အရ လူမှုရေး အကြောင်းရပ်များမှ တပါး ခရီးသည်နှင့် ကုန်တင်လေယာဉ်များ အားလုံး အပါအဝင် မည်သည့်လေယာဉ်ပျံသန်းမှုကိုမျှ ခွင့်ပြုမည်မဟုတ်ချေ။

၂၆ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး စောမောင်သည် ကာကွယ်ရေးဝန်ကြီးဌာန စစ်ဆင်ရေးခန်းမ၌ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း မိုးကုတ်မြို့ ကျောက်မျက်တူးဖော်ရေး ဌာန ရတနာကုဋ္ဌကုဋ္ဌာ စခန်းမှ တူးဖော်ရရှိသောအလေးချိန် ၁,၃၇၃ ကရက်အရွယ်ရှိ နီလာဂေါ်ကြိုးကျောက်ကြီးနှင့် မိုးကုတ်မြို့ ဓာတ်တော်လုပ်ကွက်မှ ၁,၀၀၆ ကရက်ရှိ ပတ္တမြားရိုင်းကြီး အပါအဝင် အခြားကျောက်မျက် ရတနာများကို ကြည့်ရှုစစ်ဆေးသည်။

အောက်တိုဘာလ

၁ နှစ်ပိုင်းကွဲနေသော ဂျာမနီနှစ်နိုင်ငံ ပြန်လည် ပေါင်းစည်းပြီးလျှင်ပြီးချင်း ဂျာမနီနိုင်ငံအပေါ် ပိုင်ခွင့်များကို စွန့်လွှတ်ရန် ဒုတိယကမ္ဘာစစ် အောင် နိုင် ခဲ့ သည့် အမေရိကန်၊ ဆိုဗီယက်၊ ဗြိတိန်နှင့်ပြင်သစ်တို့က ဆုံးဖြတ်လိုက်သည်။

၃ ဆိုဗီယက် ဦးစီးလွှတ်တော်က လွှတ်လပ်စွာ ကိုးကွယ်ဆည်းကပ်ခွင့် ဆိုင်ရာ ဥပဒေကြမ်းတစ်ရပ်ကို နောက်ဆုံး အတည်ပြုပေးလိုက်ခြင်းဖြင့် ဆယ်စုနှစ်များစွာ ဘာသာရေး နှိပ်ကွပ်ထားမှုများ အဆုံးသတ်သွားသည်။

ဂျာမန်ပေါင်းစည်းညီညွတ်ရေး အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကို ဂျာမနီနိုင်ငံ အနှံ့အပြား ကျင်းပကြသည်။

လယ်ယာနှင့် သစ်တောဝန်ကြီးဌာန ၅ နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ချစ်ဆွေ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာနနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အောဘယ်လ်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့တို့ကကာကွယ်ရေးဝန်ကြီးဌာန ခန်းမ၌ (၁၀၅)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲပြုလုပ်ရာ လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်နှင့် သမဝါယမတို့ကသာမက ပုဂ္ဂလိကအပိုင်းမှလည်း ကျယ်ကျယ်ပြန့်ပြန့် ရင်းနှီးမြှုပ်နှံလာရန် များစွာလိုအပ်ကြောင်း၊ ပုဂ္ဂလိကအပိုင်းမှ အကျိုးရှိရှိ ပါဝင်လာနိုင်စေရန် အတွက် နိုင်ငံတော်အစိုးရအနေဖြင့် မူဝါဒများချမှတ်ခြင်း၊ မြေယာဖော်ထုတ်ပေးခြင်း၊ ရေရရှိရေးစီစဉ်ပေးခြင်း၊ မြေယာဖော်ထုတ်ပေး ခြင်း များ အပြင် အကူအညီနှင့် အထောက်အပံ့များ စီစဉ်ပံ့ပိုး ပေးသွားမည် ဖြစ်ကြောင်းတည့်သွင်းရှင်းလင်းသည်။

၄ ၁၉၉၀ ပြည့်နှစ် ကချင်ပြည်နယ် ကျောင်းသားပွဲတော်နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို မြစ်ကြီးနားမြို့ ပြည်နယ် ပြည်သူအားကစားပြိုင်ကွင်း၌ ကျင်းပသည်။

၈ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးစောမောင်နှင့် မြန်မာစာအဖွဲ့အစည်းဝင်များ၊ ပြင်ပပညာရှင်များ တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်ဆင်ရေး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင်နှင့် ဒုတိယ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး သန်းရွှေတို့က မြန်မာစာအဖွဲ့၏ လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆက်လက်လုပ်ဆောင်သွားနိုင်ရေးအတွက် လိုအပ်သည့် ပံ့ပိုးကူညီမှုများ အတတ်နိုင် ဆုံးဖြတ်ဆည်းဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေး ပြောကြားကြသည်။

၉ အိန္ဒိယနိုင်ငံတွင် အစိုးရအလုပ်အကိုင် နေရာထက်ဝက်ခန့်ကို ဟိန္ဒူဇာတ်နိမ့်တို့အတွက် လျာထားပေးသည့် အလုပ်အကိုင်ခွဲဝေမ်းအစီအစဉ်ကို ကန့်ကွက်ဆန္ဒပြ

သည့်အနေဖြင့် ကျောင်းသားခြောက်ဦးက မိမိကိုယ်ကို သတ်သေဆန္ဒပြကြသည်။

၁၁ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်တွင် ၂၁-၁၁-၈၈ ရက်နေ့က မှတ်ပုံတင်ခဲ့သော ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးအဖွဲ့ချုပ် (ဒီ / ငြိမ်း)၏ အောက်ဖော်ပြပါနာယကနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များသည် ယင်းတို့ကြေညာခဲ့သည့် စင်ပြိုင်အစိုးရအဖွဲ့ဝင်အဖြစ်မှ ယနေ့အထိနုတ်ထွက်ခြင်း၊ ပယ်ဖျက်ခြင်းမရှိသေးသည်ကို တွေ့ရသည်။ ယင်းပုဂ္ဂိုလ်များသည် ဥပဒေနှင့်အညီ ရပ်တည်နေသူများ မဟုတ်ကြသဖြင့် ယင်းတို့အား ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ချုပ် (ဒီ / ငြိမ်း)၏ နာယကနှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် အမည်စာရင်းမှ ပယ်ဖျက်လိုက်သည်ဟု နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အမိန့် (အမိန့်အမှတ် ၅/၉၀)ကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ် ခင်ညွန့်က အမိန့်အရ လက်မှတ်ရေးထိုးထုတ်ပြန်သည်။ ဒီ/ငြိမ်း၏ နာယကနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် အမည်စာရင်းမှ ပယ်ဖျက်လိုက်သည့်ပုဂ္ဂိုလ်များမှာ (၁) ဦးနု၊ (၂) ဗိုလ်မှူးအောင် (ရဲဘော်သုံးကျိပ်)၊ (၃) ဘခင်ချစ်၊ (၄) ဦးသန်းစိန်၊ (၅) သခင် ခင် အောင်၊ (၆) ဦး ဘ ဆွေ၊ (၇) ဦးညွန့်အောင်တို့ ဖြစ်ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်းမြို့တွင် ကျင်းပခဲ့သော (၁၁)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ ယင်းပြိုင်ပွဲကျင်းပရေးကော်မတီ၏ အထူး ဖိတ်ကြားချက်အရ တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် သမဝါယမဝန်ကြီးဌာနဝန်ကြီးဌာန ဒုတိယဗိုလ်ချုပ်ကြီး အောင်ရဲကျော်နှင့်အဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

၁၃ ဗိယက်နမ် ကွန်မြူနစ်ပါတီကို စတင်ထူထောင် ဖွဲ့စည်း ခဲ့သူ များ တွင် တစ်ဦးအပါအဝင်ဖြစ်ခဲ့ပြီး အမေရိကန် တို့ဗိယက်နမ်မှ ဆုတ် ခွာ သွား ရေး အ တွက် စေ့စပ်ဖျန်ဖြေ ပေး ခဲ့ သ ဖြင့် ၁၉၇၃ ခု နှစ် ငြိမ်းချမ်းရေး နို ဗဲ ဆု ရ ရှိ ခဲ့ သော် လည်း ငြင်း ဆန် ခဲ့ သူ လီဒပ်သို (၇၉ နှစ်) သည် ဟန်နွိုင်းမြို့၌ ကွယ်လွန်သည်။

၁၄ ၁၉၉၂ ခုနှစ်တွင် စပိန်နိုင်ငံ ဘာစီလို နာမြို့ တွင် ကျင်း ပ မည့် အိုလံပစ် အားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံ တ ကာ အားကစားပြိုင်ပွဲများတွင် ကိုရီးယား အား ကစား အ ပွဲ ဘစ် ပွဲ တည်း ဧစ လွတ် ပါ ဝင် နိုင်ရန် တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံ တို့သည် မူအားဖြင့် သဘာတူကြသည်။

အီရန်နှင့်အီရတ်နိုင်ငံတို့သည် ယင်းတို့၏ သံ ရုံး များ ကို နှစ် နိုင် ငံ မြို့ တော် များ ၌ ပြန်လည်ဖွင့်လှစ်လိုက်ရာ နှစ်နိုင်ငံအကြား ၁၀ နှစ်ကြာ မသင့်မမြတ်ဖြစ်မှုမှာ အဆုံးသတ်သွားသည်။

၁၅ ဆိုဗီယက်သမ္မတ မိခါယီး ဂေါ်ဘာချေ့သည် ယ နေ့ ခေတ် ကာ လ ၌ လူအများအထူးလိုလား တောင့်တ လျက် ရှိသော ကမ္ဘာ့ငြိမ်းချမ်းရေး ရရှိ ရေး တွင် ဦးဆောင်မှုအ ခန်း မှ ပါ ဝင် ဆောင် ရွက် ခဲ့သည့်အတွက် ၎င်းအား ၁၉၉၀ ပြည့်နှစ် ငြိမ်းချမ်းရေးနိုဗဲဆု ပေးအပ် ချီး မြှင့် ရန် နော်ဝေးနိုင်ငံ နိုဗဲဆုရွေးချယ်ချီးမြှင့်ရေး ကော်မတီက ဆုံးဖြတ်လိုက်သည်။

၁၆ ကမ္ဘာ့ စား နပ် ရိက္ခာ နေ့ အ ထိမ်း အမှတ်အခမ်းအနားကို ပြည် လမ်း ကိုးမိုင်ရှိ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပရာ

အကျိုးရော ကိုယ် စွမ်း ဉာဏ် စွမ်း ရှိ သမျှ သ တိ တ ရား ရှိ ရှိ ဆောင် ရွက် နေ ခြင်း ဖြစ်ကြောင်း စသည်ဖြင့် လျှောက် ထား သည်။

ကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူဌ ကျင်းပသော ရန်ကုန်တိုင်း ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဆရာတော်များ သာ သ နာ ရေး ဆိုင် ရာ ရှင်းလင်းပွဲတွင် သဘာပတိ နိုင်ငံတော် ဗဟိုဝန်ဆောင် အောင်မြေဘုံ စံ ကျောင်း ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ ပညိန္ဒာဘိဝံသက ဩပါဒကထာ မြွက်ကြား သည်။

နိုင် ငံ တော် ငြိမ် ဝပ် ပိ ပြား မှု တည် ဆောက် ရေး အ ဖွဲ့ ဥ က္က ဋ္ဌ ဗိုလ် ချုပ် မှူး ကြီး စော မောင် သည် အဖွဲ့ဝင်များ လိုက်ပါလျက် မန္တလေးမြို့သို့ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် ရန်ကုန်မြို့မှ ရောက်ရှိသည်။ မန္တလေးနှင့် မုံရွာမြို့များ တွင်တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ သာသနာ တော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး၊ တရား ဥပဒေ စိုး မိုး ရေး နှင့် နယ်မြေအေးချမ်း သာယာရေးကိစ္စများ ဆွေးနွေး မှာကြား သည်။


နိုင် ငံ တော် ငြိမ် ဝပ် ပိ ပြား မှု တည် ဆောက် ရေး အ ဖွဲ့ အ မိန့် (အမိန့် အမှတ် ၆/၉၀)ကို နိုင် ငံ တော် ငြိမ် ဝပ် ပိ ပြား မှု တည် ဆောက် ရေး အဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင်က လက်မှတ် ရေးထိုးထုတ်ပြန်သည်။ နိုင် ငံ တော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွား ရေးကိုလည်းကောင်း၊ တရားဥပဒေစိုးမိုးရေး နှင့် နယ်မြေအေးချမ်းသာယာရေးကိုလည်း ကောင်း ရှေးရှုလျက် အမိန့်အမှတ် ၆/၉၀ ကို ထုတ်ပြန်ခြင်းဖြစ်သည်။ အဆိုပါ အမိန့်တွင် (က)တရားဝင်သံဃာကိုဏ်းကြီး ကိုးကိုဏ်းနှင့် ယင်း ကိုးကိုဏ်း ၏ ကြီး ကြပ် မှု အောက် ၌ ဖွဲ့ စည်း ထား ရှိ သော သံ ဃ့ အဖွဲ့အစည်း အဆင့်ဆင့်မှအပ အခြား တရားမဝင်သော သံ ဃ့ အဖွဲ့ အစည်း များဖြစ်သည့် သံဃ သာမဂ္ဂိအဖွဲ့၊ ရဟန်းပျိုအဖွဲ့၊ ကျောင်းထိုင် ဆ ရာ တော် များ သံ ဃ သ မ ဂ္ဂ အ ဖွဲ့ နှင့် အလားတူ သံဃ့အဖွဲ့အစည်း စသည်တို့ကို ၁၃၅၂ ခုနှစ် တန်ဆောင်မုန်းလဆန်း ၃ ရက် နေ့(၁၉၉၀ ပြည့်နှစ် အောက်တိုဘာ ၂၀ ရက်နေ့) ည ၁၂ နာရီအချိန်မှစ၍ဖျက်သိမ်း လိုက်သည်။ ဤအမိန့်ကို လိုက်နာခြင်း မပြု သည့် ပုဂ္ဂိုလ်များသည် သမ္မုတိသံဃာအဖြစ် ရပ်တည်ခွင့်မရှိစေရ။ (ခ) နိုင်ငံရေးပါတီ အ ဖွဲ့ အ စည်း များ အ နေ ဖြင့် မိမိတို့ပါတီ အ ကျိုး စီး ပွား အ တွက် ဘာသာရေးကို ခု တုံး လုပ် ၍ လှုပ် ရှား မှု များ မ ပြု ရန် တားမြစ်လိုက်သည်။ ဤအမိန့်ကို မလိုက် နာပါက ယင်းနိုင်ငံရေးပါတီ အဖွဲ့အစည်း များသည် တည်ဆဲဥပဒေများအ ရ အရေး ယူခြင်းခံရမည်။ဤအမိန့်သည် ဥပဒေကဲ့သို့ အာဏာတည်စေရမည်ဟူ၍ ပါရှိ သည်။

နိုင် ငံ တော် ငြိမ် ဝပ် ပိ ပြား မှု တည်ဆောက်ရေးအဖွဲ့ အမိန့်အမှတ် (၇/၉၀) ကိုထုတ်ပြန်သည်။ အဆိုပါအမိန့် ၌ တရားမဝင်ဖွဲ့စည်းထားသည့် သံဃ့အဖွဲ့ များတွင် ပါဝင်လှုပ်ရှားနေသည့် သမ္မုတိ သံဃာအမည်ခံ ပုဂ္ဂိုလ် များ သည် ရဟန်း သံဃာတော်များ၏လုပ်ငန်းတာဝန်များဖြစ် သည့် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓသာသနာ တော်သုံးရပ်သန့်ရှင်း တည်တံ့ ပြန့်ပွားရေး အတွက် လုပ်ဆောင်ခြင်းမပြုကြဘဲ ယင်း လုပ်ငန်းတာဝန်များနှင့် စပ်ဟပ်ခြင်း မရှိ သော သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးကို ပျက်ပြားစေသည့် လုပ်ရပ် များကိုလုပ်ဆောင်နေကြကြောင်း တွေ့ရှိရ သည်။ သို့ဖြစ်၍ အထက်ဖော်ပြပါပုဂ္ဂိုလ် များအား စိစစ် ဖော်ထုတ် ထိရောက်စွာ အ ရေး ယူ ရန် စစ် တိုင်း မှူး များ အား အာဏာအပ်နှင်းလိုက်သည်။ ဤအမိန့်အရ ဖော်ထုတ်ရရှိသည့် ပုဂ္ဂိုလ်များအား တရား ဥပဒေအရ ဆက်လက်အရေးယူရန်၊ လိုအပ် လျှင် ယင်းပုဂ္ဂိုလ်များအား စွဲဆိုသည့် အမှု များကို ထိရောက်မြန်ဆန်စွာ အရေးယူ ရန် အလို့ငှာ စစ်တိုင်းမှူးများအား တရား စီရင်ရေးဆိုင်ရာ မာရှယ်လော (Martial Law) အာဏာကို အပ်နှင်းလိုက်သည်။ ယင်းအမှုများကို စစ်ဆေးစီရင်စေရာတွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့၏ ၁၉၇၉ခုနှစ် ဇူလိုင်လ ၁၀ ရက် နေ့စွဲဖြင့် ထုတ်ပြန်ထားသော မာရှယ်လော (Martial Law) အမိန့် အမှတ် ၂/၇၉ ပါ လုပ်ပိုင်ခွင့်များနှင့်အညီ ဆောင်ရွက်ရမည်။ ဤအမိန့်သည် ဥပဒေကဲ့သို့ အာဏာတည် စေရမည်ဟူ၍ ပါရှိသည်။

နိုင် ငံ တော် ငြိမ် ဝပ် ပိ ပြား မှု တည် ဆောက် ရေး အ ဖွဲ့ ဥ က္က ဋ္ဌ ဗိုလ် ချုပ် မှူး ကြီး စော မောင် သည် အဖွဲ့ဝင်များ လိုက်ပါလျက် မန္တလေးမြို့သို့ မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင် ရောက် ရှိ သည်။ ဗိုလ် ချုပ် မှူးကြီးသည် တာဝန်ရှိသူများအား အရှေ့မြောက်တိုင်း စစ်ဌာနချုပ် စစ်ဆင်ရေးခန်းမ၌ တွေ့ဆုံ၍ နယ်မြေအေးချမ်း သာယာရေး၊ လမ်းပန်း ဆက် သွယ် မှု လုံ ခြုံ ချော မွေ့ စေ ရေး နှင့် သောင်းကျန်းသူ ချုပ်ငြိမ်းစေရေး လုပ်ငန်း များကို ဆွေးနွေးမှာကြားသည်။ ဗိုလ်ချုပ် မှူးကြီးနှင့်အဖွဲ့သည် လားရှိုးမြို့မှ ၁ နာရီ ၅၅ မိနစ်တွင် မန္တလေးမြို့သို့ ပြန်လည် ရောက်ရှိသည်။

နိုင် ငံ တော် ငြိမ် ဝပ် ပိ ပြား မှု တည် ဆောက် ရေး အ ဖွဲ့ ဥက္ကဋ္ဌ တပ် မ တော် က ာ ကွယ် ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူး ကြီး စောမောင်သည် အဖွဲ့ဝင် များနှင့်အတူ မန္တလေးမြို့မှ စစ်ကိုင်းမြို့နယ် မင်းကွန်းသို့ ရောက်ရှိသည်။ မင်းကွန်း၊ ဓမ္မနာဒကျောင်းတိုက် မဟာဗန္ဓုလဓမ္မာရုံ၌ နိုင် ငံ တော် သံဃမဟာနာယက အကျိုး တော် ဆောင် ချုပ် အ ဂ္ဂ မဟာပဏ္ဍိတ တိပိဋကဓရမွေဘဏ္ဍာဂါရိက အဘိဇမဟာ ရဋ္ဌဂုရု ဘဒ္ဒန္တ ဆိပ်တော်ရ ဆ ရာ တော် ဦးဝိစိတ္တသာရာဘိဝံသအား ဗိုလ်ချုပ်မှူးကြီး စောမောင်က သွားရောက်ပူဇော်ကန်တော့ ပြီးနောက် ဆ ရာ တော် ကြီး က ဩဝါဒ ကထာချီးမြှင့်သည်။ နိုင်ငံတော် ငြိမ်ဝပ် ပိ ပြ ား မှု တ ည် ဆ ော က်ရေးအဖွဲ့ အစိုးရ လက် ထက် တွင် မ င် း က ွ န် း တောင်ရိုး၌ နွေချင်း ည ချင်း မီး လင်း လ ာ ၍ ကျေးငှက် တ င် ကြောင်း၊ ဒကာကြီး ဦးစောမောင် ပြော သော စ ကား များသည် သုတ္တန်လာ တ ရား တ ော် နှင့် ညီလှကြောင်း ဩဝါဒ ကထာတွင် ထည့်သွင်း မြွက်ကြားသည်။ ဗိုလ်ချုပ်မှူးကြီး စောမောင်နှင့် အဖွဲ့သည် မင်းကွန်းမှ မန္တလေးမြို့သို့ မွန်းတည့် ၁၂ နာရီတွင် ပြန်လည်ရောက်ရှိကြသည်။

နိုင် ငံ တော် ငြိမ် ဝပ် ပိ ပြ ား မှု တည် ဆော က် ရေး အ ဖွဲ့ ဥက္က ဋ္ဌ တပ် မ တော် က ာ ကွယ် ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးစောမောင်သည် အဖွဲ့ဝင် များနှင့်အတူ မန္တလေးမဟာမြတ်မုနိရုပ်ရှင် တော်အား သွားရောက်ဖူးမြော်သည်။ နံနက် ၉ နာရီတွင် ဗိုလ်ချုပ်မှူးကြီးစောမောင်နှင့် အဖွဲ့သည် တပ်မတော် လေယာဉ်ဖြင့် ကချင် ပြည်နယ်၊ မြစ်ကြီးနားမြို့သို့ ရောက်ရှိသည်။



ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသအား ဗိုလ်ချုပ်မှူးကြီး စောမောင်က သွားရောက် ပူဇော်ကန်တော့စဉ်

မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်မလိခရိုင်သာခန်းမတွင် တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နယ်မြေအားချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် သောင်းကျန်းသူ အမြစ်ပြတ် ချုပ်ငြိမ်းစေရေးအတွက် ကြိုးစားဆောင်ရွက်သွားကြရန် အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။ အဆိုပါခန်းမ၌ပင် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့က ကချင်ပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဦးကောဇ္ဇည အမှူးပြုသော သံဃာတော်များအား ပူဇော်ကန်တော့ပြီး လှူဖွယ်ဝတ္ထု အစုစု ကပ်လှူကြသည်။

ဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့သည်မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမှ တပ်မတော် လေယာဉ်ဖြင့် ရှမ်းပြည်နယ် ဟဲဟိုးမြို့သို့ ရောက်ရှိပြီး ထိုမှ တစ်ဆင့် တောင်ကြီးမြို့ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ပင်လုံရိပ်သာသို့ ရောက်ရှိညအိပ်သည်။

၂၇ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင်သည် ပင်လုံဆောင်၌ အိမ်ထောင်စုဝင်မိသားစုများအား ရင်းနှီးစွာ တွေ့ဆုံနှုတ်ဆက်ခြင်း၊ တောင်ကြီးမြို့ ပထမတောင်ကျေးငှက်ကြီး တိုက်၌ ဆရာတော်ကြီးများအား ပူဇော်ကန်တော့ခြင်း၊ တောင်ကြီးမြို့အတွင်း တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခြင်း၊ ညဘင် ရွှေမြို့မှတစ်ဆင့် အင်းလေးသို့ဆောက်ကြပြီး ဖောင်တော်ဦးဘုရားအား ရွှေသင်္ကန်းကပ် ကြည်ညိုခြင်း၊ ဖောင်တော်ဦးဘုရား ဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခြင်း၊ အင်းသားရိုးရာ လေ့ပြိုင်ပွဲသို့ တက်ရောက်ခြင်းများပြုသည်။ ထိုနောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့သည် ဟဲဟိုးမှတစ်ဆင့် တပ်မတော် လေယာဉ်ဖြင့် ကယားပြည်နယ် လွိုင်ကော်မြို့သို့ရောက်ရှိသည်။ ဗိုလ်ချုပ်မှူးကြီးသည် လွိုင်ကော်မြို့ဘုင်း ဆရာတော်ကြီးများအား ပူဇော်ကန်တော့ခြင်း၊ လွိုင်ကော်မြို့တွင်း တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုခြင်း၊ တဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးမှာကြားခြင်းများ ပြုပြီး ညနေပိုင်းတွင် လွိုင်ကော်မှ တပ်မတော်လေယာဉ်ဖြင့် ထွက်ခွာလာရာ ရန်ကုန်မြို့သို့ ညနေ ၆ း ၂၀ နာရီတွင် ပြန်လည် ရောက်ရှိသည်။

၂၅ ပါကစ္စတန် ပါလီမန် ရွှေးကောက်ပွဲတွင် အတိုက်အခံညွှန်ပေါင်းအဖွဲ့က ဝန်ကြီးချုပ်ဟောင်း ဘီနဇာဘူတို့အပေါ် အပြတ်အသတ် အနိုင်ရရှိသွားသည်။

၂၆ မလေးရှား ဝန်ကြီးချုပ် မဟာသီယာ မိုဟာမက်သည် ဂျူလိ ၂၁ ရက်နေ့က ကျင်းပခဲ့သည့် ရွှေးကောက်ပွဲ ပါလီမန်အမတ်နေရာ၌ ရွှေးကောက်တင်မြောက်ခြင်း မခံရသည့် ဝန်ကြီးများ နေရာတွင် အစားထိုးခန့်ထားမှုများ ပြုလုပ်ခြင်းဖြင့် မလေးရှားအစိုးရသစ်ကို ဖွဲ့စည်းလိုက်သည်။

၂၈ ဆိုဗီယက် ပြည်ထောင်စုတွင် ပထမဆုံး ပါတီစုံရွေး ကောက်ပွဲ အဖြစ် ဂျော်ဂျီယာ ဥပဒေပြုလွှတ်တော်ကို ရွေးချယ်တင်မြောက်ရေးအတွက် မဲဆန္ဒရှင်များက မဲရုံများသို့ အသီးသီးသွားရောက် မဲပေးကြသည်။

ဒုတိယက မွာစစ်အတွင်းက တောင်ကိုရီးယား နိုင်ငံသားများအား ချောဆွဲကာ အလုပ်သမားအဖြစ် လည်းကောင်း၊ စစ်သားအဖြစ် လည်းကောင်း အတင်းအဓမ္မခိုင်းစေခဲ့သည့် အတွက် ဂျပန်အစိုးရက လူသိရှင်ကြား တောင်းပန်ရန်နှင့် နစ်နာကြေးများ ပေးအပ်ရန် တောင်ကိုရီးယား ၂၂ ဦးပါ အုပ်စုတစ်စုက တိုကျို ခရိုင်တရားရုံးတွင် အမှုဖွင့်လိုက်သည်။

နိဝင်္ဘာလ

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး စောမောင်သည် အဖွဲ့ဝင်များ လိုက်ပါလျက် အနောက်တောင်တိုင်း စစ်ဌာနချုပ် နယ်မြေရှိ ပုသိမ်မြို့နှင့် ဟသ်ာတ မြို့နယ်များသို့ သွားရောက်ကာ လုပ်ငန်းရပ်များအား ကြည့်ရှုစစ်ဆေးခြင်း၊ ဘုရားစေတီများအား ဖူးမျှော် ကြည်ညိုခြင်းနှင့် ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုများ ဆက်ကပ် လှူဒါန်းခြင်းများ ပြုလုပ်ခဲ့သည်။

၁ ဥရောပဘုံစျေးအဖွဲ့အတွင်းသို့ ဗြိတိန်နိုင်ငံ၏ ပေါင်းစည်းရေးကို အတိုက်အခံ ပြုခဲ့သည့် မာဂရက်သက်ချာအား ကန့်ကွက် ဆန္ဒပြသည့်အနေဖြင့် ဗြိတိန်နိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်ဖြစ်သူ ဆာဂျက် ဖရီဟောင်းသည် ရာထူးမှ နုတ်ထွက်သွားသည်။ သို့ဖြစ်ရာ မာဂရက်သက်ချာအဖို့ နိုင်ငံရေးအကျပ်အတည်းနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။

၂ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး စောမောင်သည် အနောက်တောင်တိုင်း စစ်ဌာနချုပ် ရောဝတီခန်းမ၌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တပ်နယ်၊ တပ်ရင်းတပ်ဖွဲ့မှ အရာရှိများ၊ ရောဝတီတိုင်းရှိ တိုင်းအဆင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ အား တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။ အမှာစကား ပြောကြားရာတွင် ဗိုလ်ချုပ်မှူးကြီး စောမောင်က ဘာသာတိုင်းတွင် ယေဘုယျအားဖြင့် အစိုးရကို မဆန့်ကျင်ရဟုပြဆိုထားကြောင်း၊ မိမိတို့လုပ်နေသည်မှာ ပါတီ တစ်ခုအတွက် လုပ်နေခြင်းမဟုတ်ကြောင်း၊ တိုင်းပြည်ရှိ တိုင်းရင်းသားအားလုံး အတွက်သာ လုပ်နေခြင်းဖြစ်ကြောင်း၊ မိမိတို့အား အတိုက်အခံလုပ်လာလျှင် မည်သည့် အဖွဲ့အစည်း မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မလွှတ်နိုင်ဘူးဆိုတာ ထပ်ပြီးပြောချင်ကြောင်းဖြင့် ထည့်သွင်းပြောကြားသွားသည်။

မိုဇမ်းဗစ် ပါလီမန်သည် ၁၅ နှစ်တာ တစ်ပါတီစနစ် အုပ်စိုးမှု အဆုံးသတ်ကာ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကို အတည်ပြုလိုက်သည်။ နိုင်ငံ၏အမည်ကို မိုဇမ်းဗစ်သမ္မတနိုင်ငံဟု ပြောင်းလဲလိုက်ပြီး 'ပြည်သူ' ဆိုသည့် စကားလုံးကို ချန်လှပ်ထားခဲ့သည်။

၃ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများအား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင်နှင့် အဖွဲ့ဝင်များက နံနက် အရုဏ်ဆွမ်း ဆက်ကပ်ခြင်းနှင့် လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းသည့် အခမ်းအနားကို ကာကွယ်ရေးဝန်ကြီးဌာန ခန်းမဆောင် သစ်ကြီး၌ ကျင်းပသည်။

၄- ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မရှင်၏ လွတ်လပ်သော ပုဂ္ဂလိက ၁၁ ကျူးကျော်သူ ပါမောက္ခ ဆာဒါကို အိုဂါတာသည် ဂျီနီဗာမြို့ရှိ လူ့အခွင့်အရေး ကော်မရှင်မှ ဝါရင့်အရာရှိ တစ်ဦးဖြစ်သူ မစ္စတာ ယာကော့မိုလာ လိုက်ပါလျက် ရန်ကုန်မြို့သို့ လေကြောင်း ခရီးဖြင့် ရောက်ရှိလာရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ် ခင်ညွန့်၊ ဝန်ကြီးများ၊ နိုင်ငံတော် ရှေနေချုပ်၊ နိုင်ငံတော်တရားသူကြီးချုပ်၊ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အပါအဝင် နိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် သာသနာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံခဲ့ပြီး ဒဂုံမြို့သစ်နှင့် မြို့တော်စည်ပင်သာယာရေးလပ်ငန်းများကို ကြည့်ရှုလေ့လာသည်။ ၁၁ ရက်နေ့တွင် ပြန်လည်ထွက်ခွာသွားသည်။

၄ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင်သည် ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါပင်လမ်းရှိ တိပိဋကအဘိဓဇကျောင်းတော်တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် တိပိဋကဓမ္မဘဏ္ဍာဂါရိက အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ မင်းကွန်း ဆရာတော် ဘုရားကြီး အား သွားရောက် ဖူးမြော်ကန်တော့သည်။

ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း ဘီနဇာဘူတို့၏ အဓိကပြိုင်ဘက်ဖြစ်သူ နာဝါဇ်ရှရစ်ဇ်သည် ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။ ပါကစ္စတန်နိုင်ငံတွင် ၎င်နှစ်တာ ကာလအတွင်း နာဝါဇ်ရှရစ်ဖ်၏ အစိုးရအဖွဲ့သည် လွတ်လပ်စွာရွေးချယ်တင်မြှောက်ခံရသည့် ငါးကြိမ်မြောက် အစိုးရအဖွဲ့ဖြစ်သည်။

၅ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး စောမောင်သည် ကာကွယ်ရေးဆိုင်ရာများကို လျှောက်ထားသည်။

၆ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင်သည် ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါပင်လမ်းရှိ တိပိဋကအဘိဓဇကျောင်းတော်တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် တိပိဋကဓမ္မဘဏ္ဍာဂါရိက အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ မင်းကွန်း ဆရာတော် ဘုရားကြီး အား သွားရောက် ဖူးမြော်ကန်တော့သည်။

၇ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး စောမောင်သည် ကာကွယ်ရေး

နိုင်ငံတော်တရားသူကြီးချုပ် ဦးအောင်တိုးအား ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မရှင်မှ လွတ်လပ်သောပုဂ္ဂလိက ကျူးကျော်သူပါမောက္ခ ဆာဒါကို အိုဂါတာက တွေ့ဆုံနှုတ်ဆက်စဉ်



ဝန်ကြီးဌာန စစ်ဆင်ရေးခန်းမ၌ နဝရတ် ရတနာမြေနှင့် ဆက်စပ်လျက်ရှိသော ရွှေလီ မြောက် ခြမ်း နမ့် ဆာ ပတ္တမြား မြေ သစ်၊ နဝရတ်ရတနာမြေ (ပြင်လုံ) ၊ မိုးကုတ်မြို့ မြန် မာ့ ကျောက် မျက် ရ တ နာ တူး ဖော် ထုတ်လုပ်ရေးစခန်းများနှင့် ဖက်စပ်တူးဖော် ထုတ်လုပ်ရေး လုပ်ငန်းများမှ ထွက်ရှိသော အဖိုးတန် ကျောက် မျက် ရ တ နာ များ ကို ကြည့်ရှုစစ်ဆေးသည်။

အိန္ဒိယဝန်ကြီးချုပ် ဗွီပီဆင်းအစိုးရသည် ပါလီမန်၌ ယုံကြည်မှုရှိကြောင်းအဆိုကို မဲခွဲ ဆုံးဖြတ်ရာ ထောက်ခံမဲ ၁၄၂ မဲ၊ ကန့်ကွက်မဲ ၃၄၆ မဲ၊ ကြားနေမဲ ရှစ်မဲဖြင့်အဆိုမှာရှုံးနိမ့် သွားသဖြင့် ဝန်ကြီးချုပ် ဗွီပီဆင်း ရာထူးမှ နုတ်ထွက်သွားသည်။

၉ နိုဝေါဘုရင် ဘီရင်ဒရာသည် မိမိ၏ အခွင့်အာဏာများကို လျော့ပါးသွား စေမည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြု ပြဋ္ဌာန်း လိုက်သည်။ ဖွဲ့ စည်း ပုံ အ ခြေ ခံ စည်းမျဉ်း ဥပဒေသစ် အရ နိုဝေနိုင်ငံသည် ပါဝါစုံဒီမိုကရေစီကို အခြေခံပြီး စည်းမျဉ်းခံ ဘု ရင် စ နစ် ကို ကျင့် သုံး သည့် နိုင်ငံအဖြစ် ထူထောင်လိုက်သည်။

၁၀ တိုင်း သံဃနာယကအဖွဲ့ (ရန်ကုန် တိုင်း) နှင့် ဗုဒ္ဓဘာသာ ယဉ်ကျေးမှု အဆောက်အအုံ ဖွင့်ပွဲနှင့် ရေစက်ချမင်္ဂလာ အခမ်းအနားကို ယင်းအဆောက်အအုံသစ် တည်ရှိရာ ဗဟန်းကြားတောရလမ်း၌ ကျင်းပ ရာအဆိုပါအခမ်းအနားသို့ နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ် မှူး ကြီး စော မောင် နှင့် အ ဖွဲ့ ဝင် များ တက်ရောက်ကြသည်။

အိန္ဒိယနိုင်ငံ၏ ဝါရင့် ဆိုရှယ်လစ် ခေါင်း ဆောင်ချန်ဒရာရှက်ကာသည် တစ်နှစ်အတွင်း ဒုတိယအကြိမ်မြောက် လူနည်းစု အစိုးရအဖွဲ့ ကို ဦး ဆောင် ကာ ဝန် ကြီး ချုပ် အ ဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။

၁၀– ဗန်ကောက်–ရန်ကုန်ခရီးစဉ်ကိုပျံသန်း
၁၁ သည့် ထိုင်း အပြည်ပြည်ဆိုင်ရာ လေ ကြောင်းပိုင် အဲယား ဘတ်စ်လေယာဉ် ကြီးအား အကြမ်းဖက်သမား မြန်မာလူငယ် နှစ်ဦးက ကာလကတ္တားမြို့သို့ ၁၀ ရက်နေ့တွင် ပြန်ပေးဆွဲခေါ် ဆောင်သွားသည်။ပြန်ပေးဆွဲ ခံရသောလေယာဉ်ကြီးနှင့်အတူ လိုက်ပါခဲ့ကြ သော မြန်မာ ၎၄ ဦးအပါအဝင်နိုင်ငံပေါင်း ၂၃ နိုင်ငံမှ ခရီးသည်စုစုပေါင်း ၁၉၂ ဦးတို့ သည် ထိုင်းအပြည်ပြည်ဆိုင်ရာလေကြောင်းမှ အခြား အဲ ယား ဘတ်စ် လေ ယာဉ် ဖြင့် ကာ လ က တ္တား မြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ ၁၁ ရက်နေ့တွင် ချောမောစွာရောက်ရှိကြ သည်။

၁၁– နိုင် ငံ တော် ငြိမ် ဝပ် ပိ ပြား မှု
၁၄ တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ် မှူးကြီးစောမောင်သည် အဖွဲ့ဝင်များ လိုက်ပါလျက် ပဲခူး တိုင်း၊ မကွေး တိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ မြို့နယ်များသို့ ခရီး လှည့်လည်ခဲ့သည်။

၁၂ ဂျပန် ဧကရာဇ် အ ကီ ဟီ တို သည် နန်းတက် ဘိသိက်မင်္ဂလာ အခမ်း အနားများကို ရှေးရိုးစဉ်လာမပျက် ဆင်ယင် ကျင်းပပြီးနောက် "ဂန္ဓမာပန်း ရာဇပလ္လင်" ထက်သို့အောင်မြင်စွာ တက်ရောက်ခဲ့သည်။ အကီဟီတို၏ နန်းတက် ဘိသိက်ခံမင်္ဂလာ အခမ်းအနားသို့ ကမ္ဘာအရပ်ရပ်မှ အထူး ဧည့်သည်တော်ကြီးများအပါအဝင် ဧည့်သည် တော် ၂,၅၀၀ တက်ရောက်သည်။

၁၇ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ၁၉၈၉ ခုနှစ်အတွက် အမျိုးသားစာပေ ဆုနှင့် စာပေဗိမာန်စာမူဆုနှင့်းသဘင် အခမ်း အနားကို ကုန်သည်လမ်း စာပေဗိမာန် ပြည်သူစာကြည့်တိုက် ခန်းမ၌ ကျင်းပသည်။

၂၆– စင် ကာ ပူ နိုင်ငံ ဝန်ကြီးချုပ်အဖြစ်
၂၈ ၃၁ နှစ်ကြာ ဆောင်ရွက်ခဲ့ပြီးနောက် ဝန်ကြီးချုပ် လီကွမ်းယူသည် ၎င်း၏ အ ရွှေ မြောက် တိုင်း စစ်ဌာနချုပ် နယ်မြေ ကိုးကန့်ဒေသ နားဆိုင်ရာ အနီးတွင်ရှိသည့် စုစုပေါင်းတန်ဖိုး အမေရိ ကန်ဒေါ်လာ သန်း ၅၀၀ ကျော်ဖိုးခန့်ရှိ သော မူး ယစ် ဆေး ဝါး ချက် စက်ရုံများ၊ စက်ရုံသုံး ဘိန်းမည်း၊ ဘိန်းညိုမှုန့်၊ စက်ရုံ ထွက် ဘိန်းဖြူများ၊ လုပ်ငန်းသုံး ဓာတုဗေဒ ဆေးရည်များ၊ စက်ကိရိယာများ၊ တန်း လျားနှင့် အဆောက်အအုံများကို ဒေသခံ တိုင်းရင်းသား ခေါင်းဆောင်များက မီးရှို့ ဖျက်ဆီးကြရာ နယ်စပ်ဒေသနှင့် တိုင်းရင်း သားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင် အထည်ဖော်ရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ် ခင်ညွန့်နှင့် အဖွဲ့ဝင်များက ကြည့်ရှုလေ့လာ ကြသည်။

ဗြိတိန် ဝန်ကြီးချုပ် မာဂရက်သက်ချာ သည် ကွန်ဆာဗေးတစ်ပါတီ၏ ညီညွတ်ရေး အ တွက် လည်း ကောင်း၊ အ ထွေ ထွေ ရွေးကောက်ပွဲတွင် မိမိတို့ပါတီ အနိုင်ရရှိရေး အတွက် လည်းကောင်း ထောက်ရှုလျက် ဝန်ကြီးချုပ်အဖြစ်မှ နုတ်ထွက်လိုက်သည်။

မာဂရက်သက်ချာအား ရာထူးမှနုတ်ထွက်သည့်နေ့က တွေ့ရစဉ်





ဖြိုတိန်ဝန်ကြီးချုပ်သစ် ဂျွန်မေဂျာ

နှုတ်ထွက်လွှာကို ၂၆ ရက်နေ့တွင် သမ္မတ ဝီးကင်မ်ဝီးထံ တင်သွင်းလိုက်သည်။ ၂၇ ရက်နေ့တွင် သမ္မတ ဝီးကင်မ်ဝီးသည် ဒုတိယ ဝန်ကြီးချုပ် ဂိုချုပ်တောင်အား စင်ကာပူ ဝန်ကြီးချုပ်အဖြစ် တရားဝင် ခန့်အပ်လိုက်သည်။ ၂၈ ရက်နေ့တွင် ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာ ကျိန်ဆိုသည်။

ဖြိုတိန် နိုင်ငံ ကွန်ဆာဗေးတစ်ပါတီ ခေါင်းဆောင်အဖြစ် ဂျွန်မေဂျာအား ရွေးချယ် ဘင်မြောက်လိုက်ရာ ၎င်းသည် ဖြိုတိန်နိုင်ငံ ဝန်ကြီးချုပ် ဖြစ်လာတော့မည် ဖြစ်သည်။ အဆိုပါ ပါတီ ခေါင်း ဆောင် ရွေး ချယ် ပဲ့ တွင် ဂျွန် မေ ဂျာ အပါအဝင် ကွန်ဆာဗေးတစ်ပါတီမှ အခြား ပြိုင်ဘက် နှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဂျွန်မေဂျာက ထောက်ခံမဲ ၁၀၅ မဲ ရရှိပြီး ကာကွယ်ရေး ဝန်ကြီးဟောင်း မိုက်ကယ် ဟေဇယ်တိုင်းက ၁၃၁ မဲနှင့် နိုင်ငံခြားရေးဝန်ကြီး ဒေါက် ဂလပ်ဟက်က ၅၆ မဲ ရရှိကြသည်။

၂၈ နိုင်ငံတော် ငြိမ်ဝပ် ပိပြား မှု တည် ဆောက် ရေး အ ဖွဲ့ အစည်း ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီး ချုပ် ဗိုလ်ချုပ်မှူးကြီး စောမောင်သည် ကာကွယ် ရေး ဝန်ကြီးဌာန စစ်ဆင်ရေး ခန်းမ၌ မိုးကုတ်မြို့ မြန်မာ့ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ရေး စီခန်းများနှင့် ဖက်စပ် တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများမှ ထွက်ရှိသော အဖိုးတန်ကျောက်မျက်ရတနာများကို ကြည့်ရှုစစ်ဆေးသည်။

ဒီဇင်ဘာလ

၁ ဆိုဗီယက်ပြည်ထောင်စုတွင် စီးပွားရေး အခြေအနေ ဆိုးရွားနေခြင်းနှင့် နိုင်ငံရေး လုပ်ငန်းများ ရပ်တန့်သွားရခြင်းတို့နှင့် စပ်လျဉ်း၍ ဆိုဗီယက်သမ္မတ ဂေါ်ဘာချော့ဗ်က မိမိနှင့်တကွအခြားသော ကွန်မြူနစ်များကို ဝေဖန်ကာ ၎င်းတို့တွင် အပြစ်ရှိကြောင်း ပွင့်ပွင့်လင်းလင်း ဝန်ခံလိုက်သည်။

၅ နိုင်ငံတော် ငြိမ်ဝပ် ပိပြား မှု တည် ဆောက် ရေး အဖွဲ့၊ အဖွဲ့ဝင် ပို့ ဆောင် ဆက် သွယ် ရေး ဝန် ကြီး ဌာ န၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း ဝန်ကြီးဌာနဝန်ကြီးကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး တင်ထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတ နိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာသွားသည်။

၆ ကုန် သွယ် ရေး ဝန် ကြီး ဌာ န၊ ကုန်ပစ္စည်းစစ်ဆေးရေးနှင့် ကိုယ်စားလှယ် လုပ်ငန်းနှင့် အင်္ဂလန်နိုင်ငံရှိ M/S Specialist Services International Limited (S S I) တို့ ပူးပေါင်း ဖွဲ့စည်းထားသည့် ဖက်စပ်ကုမ္ပဏီဖြစ်သည့် မြန်မာ့ ကုန်ပစ္စည်း စစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်း လီမိတက် (Myanmar Inspection and Testing Services Limited M I T S) ရုံးအဆောက်အအုံ ဖွင့်ပွဲကို အမှတ် ၆၂၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်ရှိ ရုံးအဆောက်အအုံ၌ ကျင်းပသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရှစ်နှစ်ကြာမျှ အာဏာရရှိခဲ့သော စစ်ဗိုလ်ချုပ်ကြီးဟောင်း တစ်ဦးဖြစ်သူ သမ္မတအာရှတ်သည် ရာထူးမှ နုတ်ထွက်သွားသည်။ တရားရုံးချုပ် တရားသူကြီးချုပ် ရှာဟာဘူဒင်အာမက်အား ယာယီသမ္မတအဖြစ် ခန့်အပ်သည်။

၇ နိုင်ငံတော် ငြိုမ်ဝပ် ပိပြား မှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ် ခင်ညွန့်သည် ယနေ့ နံနက်



ဘင်္ဂလားဒေ့ရှ် ယာယီ သမ္မတ ရှာဟာဘူဒင် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးနေစဉ်နှင့်ရာထူးမှ နုတ်ထွက်သွားသော သမ္မတဟောင်းအာရှတ်



၉ နာရီအချိန်တွင် အမှတ်(၁)ကပ်မတော် ညေ့ဂေဟာ၌ ပြည်တွင်းပြည်ပ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ (၁၀၇) ကြိမ်မြောက် အထူး သတင်းစာ ရှင်းလင်းပွဲ ပြုလုပ်သည်။ အတွင်းရေးမှူး(၁) ဗိုလ်ချုပ် ခင်ညွှန့်က ဗကပ ယူဂျီမျာ်း၏ နည်းအမျိုးမျိုးဖြင့် ပြည်တွင်းဆူပူမှုဖြစ်အောင် ဖန်တီးနေပုံ၊ မန္တလေးတွင် လေးပြင် လေးရပ် သံဃ သာမဂ္ဂီ အဖွဲ့နှင့် ကျောင်းသားများ၊ ဗကပယူဂျီများ၊ နိုင်ငံရေးပါတီမှ ပုဂ္ဂိုလ်များ၊ သံတမန်များ ဆက်သွယ်၍ လှုပ်ရှားခဲ့ပုံ၊ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်က အာဏာရရှိရေး အတွက် နည်းလမ်း မျိုးစုံ ရှာဖွေ ကြံဆခဲ့ကြပုံ တို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

၈ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ချတ်ချိုင်း ချွန်ဟာဝမ်သည် ဝန်ကြီးအဖွဲ့သစ် ပြင်ဖွဲ့ရန် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်၍ နောက်တစ်နေ့ ၉ ရက်နေ့တွင် ဝန်ကြီးချုပ် ရာထူးတွင် ပြန်လည် ခန့်အပ်ခြင်းခံရသည်။


ဆိုဗီယက် ဂျော်ဂျီယာ သမ္မတ နိုင်ငံ ကွန်မြူနစ်ပါတီသည် ဆိုဗီယက်ပြည်ထောင်စု နိုင်ငံလုံးဆိုင်ရာ ကွန်မြူနစ်ပါတီမှ ခွဲထွက်ရန် ဆုံးဖြတ်လိုက်သည်။

၁၀ နိုင် ငံ တော် ငြိမ် ဝပ် ပိ ပြား မှု တည် ဆောက် ရေး အ ဖွဲ့ ဥက္ကဋ္ဌ၊ တပ် မ တော် ကာ ကွယ် ရေး ဦး စီး ချုပ် ဗိုလ် ချုပ် မှူး ကြီး စော မောင် သည် ကွမ်းခြံကုန်းမြို့နယ်၌ မြို့နယ်၊ ရပ်ကွက် ကျေးရွာ ငြိမ်ဝပ်ပိပြားမှု ဟည်ဆောက်ရေး အဖွဲ့များ၊ ဌာနဆိုင်ရာငန်ထမ်းများ၊ ဒေသခံ ပြည်သူများနှင့် တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌဗိုလ်ချုပ်ကြီးသန်းရွှေအား ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံ အထူးမူလတန်း ဆရာအတတ်သင် သင်တန်း အမှတ်စဉ် (၁) နှင့် (၂) သင်တန်းသား သင်တန်းသူများက ဂါရဝပြုအခမ်းအနားကို ကာကွယ်ရေးဝန်ကြီးဌာန ခန်းမဆောင်သစ်၌ ကျင်းပသည်။

၁၂ ၁၃ ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ် ကြီး သန်းရွှေ ခေါင်းဆောင်သော တပ်မတော် လေ့လာရေးအဖွဲ့သည် ထိုင်းနိုင်ငံတွင် ကျင်းပမည့် အာရှ ကာကွယ်ရေးပစ္စည်း ပြပွဲသို့ တက်ရောက်ရန် ထွက်ခွာသွားရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး စောမောင် ပို့ဆောင်နှုတ်ဆက်သည်။

၂၀ အမျိုးသားဒီမိုကရေစီပါတီ (Party for National Democracy) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ



အာရှကာကွယ်ရေးပစ္စည်းပြပွဲသို့ တက်ရောက်ရန် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသော ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးသန်းရွှေ ခေါင်းဆောင်သည့် တပ်မတော်လေ့လာရေးအဖွဲ့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးစောမောင် အမှူးပြုသော တပ်မတော်အကြီးအကဲများက ပို့ဆောင်နှုတ်ဆက်စဉ်

ပယ်ဖျက်ကြောင်း ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်က ကြေညာချက်အမှတ် (၉၀၂)ဖြင့် ထုတ်ပြန် ကြေညာသည်။

ဆိုဗီယက် နိုင်ငံခြား ရေးဝန်ကြီးအက်ဒွပ် ရှီဗာနာဇေသည် ရာထူးမှ နုတ်ထွက်သည်။

ပိုလန်နိုင်ငံ၏ ပထမဆုံး ရွေးကောက်တင်မြှောက်ခံရသည့် သမ္မတအဖြစ် လက်ဗာလက်ဇာသည် ကျမ်းသစ္စာ ကျိန်ဆိုသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌဖလားဒုတိယအကြိမ်မြောက် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို ကန်တော်ကြီး ဝှင်းကျင်းပရာ ဖွင့်ပွဲသို့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး စောမောင် တက်ရောက် ကြည့်ရှုအားပေးသည်။

၁၉၇၉ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို ကမ္ဘာအေးစေတီလမ်း နဝဒေး ရုပ်ရှင်ရုံ၌ ကျင်းပသည်။

ဂျပန်နိုင်ငံ ဝန်ကြီးချုပ် ကိုင်ဖု၏ အစိုးရအဖွဲ့ နုတ်ထွက်၍ အစိုးရအဖွဲ့သစ် ပြန်လည်ဖွဲ့စည်းသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အဖွဲ့ဝင်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန ဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီး ဘုန်းမြင့်က ၁၉၇၉ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု၊ အမျိုးသမီးဇာတ်ဆောင်ဆုရ မိုးမိုးမြင့်အောင်ကို ဆုချီးမြှင့်စဉ်




နှစ်ချုပ် အထူးဆောင်းပါးများ

ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ — ဦးအေးမောင် — ၃၅

ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင် မြတ်မျှား — ဦးညာဏ်ဝင်း — ၅၀

အရွေ့ဦးရောပ ပြုပြင်ပြောင်းလဲရေး — ဒေါက်တာ ခင်မောင်ညွှန့် — ၈၃

ပဏာမ ကျန်းမာရေးစောင့်ရှောက်မှု — ဒေါက်တာ မောင်မောင်ညို — ၉၆





ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ရဟန်းရှင်လူ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူအများ၏ ဒီမိုကရေစီ တောင်းဆို ဆန္ဒပြမှု အရှိန်အဟုန် သည် ၁၉၈၈ ခုနှစ် သြဂုတ်လနှင့် စက်တင်ဘာလ တို့တွင် အမြင့်မားဆုံးသို့ရောက်ရှိခဲ့သည်။ ထိုစဉ်ကဖြစ်ပေါ်ခဲ့သော အခြေအနေအရပ်ရပ်ကြောင့် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် ကျင်းပခဲ့သော ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် စတုတ္ထအကြိမ်ပြည်သူ့လွှတ်တော် အရေးပေါ်အစည်းအဝေးက တစ်ပါတီစနစ်နှင့် ပါတီစုံစနစ်အနက် မည်သည့်စနစ်ကို လိုလားနှစ်သက်ကြောင်း ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပခြင်း မပြုတော့ဘဲ ပါတီစုံစနစ်ဖြင့် အထွေထွေ ရွေးကောက်ပွဲကို သုံးလအတွင်း ကျင်းပပေးရန်ဆုံးဖြတ်ခဲ့သည်။ ထိုဆုံးဖြတ်ချက်နှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်တစ်ရပ် ဖွဲ့စည်းပေးရေးအတွက် နိုင်ငံတော်ကောင်စီက ပြည်သူ့လွှတ်တော်သို့ အဆိုပြုတင်ပြခဲ့သည်။

နိုင်ငံတော်ကောင်စီ၏ အဆိုပြုတင်ပြချက်အရ ပြည်သူ့လွှတ်တော်က ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့သည်–

(က) ပါတီစုံစနစ်ဖြင့် အထွေထွေ ရွေးကောက်ပွဲ ကျင်းပပေးရန်၊

(ခ) ပါတီစုံစနစ်ဖြင့် အထွေထွေ ရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် အဟန့်အတားဖြစ်နေသော အခြေခံဥပဒေပါ သက်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့် အခြားဥပဒေ၊ နည်းဥပဒေများကို ပယ်ဖျက်နိုင်ရေးအတွက် ပြည်သူ့လွှတ်တော်က နိုင်ငံတော်ကောင်စီသို့ လွှဲအပ်ရန်၊

(ဂ) အခြေခံဥပဒေ ပုဒ်မ ၄၃၊ ပုဒ်မခွဲ (က) အရ စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော်၏ ပုံမှန်သက်တမ်းသည် အထွေထွေရွေးကောက်ပွဲ ကျင်းပပြီး၍ ပြည်သူ့လွှတ်တော်အသစ်စတင် ဧည်းဝေး သည့် နေ့အထိသာ ဖြစ်ကြောင်း လျှော့ပေါ့ သတ်မှတ်ရန်၊

(ဃ) စတုတ္ထအကြိမ်ပြည်သူ့လွှတ်တော်ပဉ္စမအစည်းအဝေးက ဖွဲ့စည်းပေးထားသော ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေး ကော်မရှင်ကို ပျက်သိမ်းပေးရန်၊

(င) တရားမျှတသော အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ရွေးကောက်ပွဲကော်မရှင်တွင် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ရွေးချယ်တာဝန်ပေးအပ်ရန်–

(၁) ဦးဘဌေး .... အငြိမ်းစား ဘဏ္ဍာတော် မင်းကြီး။

(၂) ဦးကျော်ညွန့် .... အငြိမ်းစား ကနေဒါ နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး။

(၃) ဦးစန်းမောင် .... အငြိမ်းစား ချုပ်တာဝန်ရုံးချုပ် ရေးနှင့် အာမခံစာချုပ်များ မင်းကြီး။

(၄) ဦးစောကြာဒိုး .... အငြိမ်းစား ဗိုလ်မှူးချုပ်။

(၅) ဆရာချယ် .... ယခင် ပါလီမန် အမတ်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်။

(စ) ရွေးကောက်ပွဲ ကော်မရှင်တွင် အဖွဲ့ဝင်ဦးရေ တိုးခြင်း၊ လစ်လပ်သည့်နေရာတွင် အစားထိုးခြင်းကိစ္စများ ဆောင်ရွက်ပိုင်ခွင့်ကို ပြည်သူ့လွှတ်တော်က နိုင်ငံတော်ကောင်စီသို့ လွှဲအပ်ရန်၊

(ဆ) ပါတီ အဖွဲ့အစည်း များကို မှတ်ပုံတင်ခြင်း၊ ရွေးကောက်ပွဲစည်းမျဉ်း၊ စည်းကမ်းများနှင့် လုပ်ငန်းတာဝန်များ ရေးဆွဲပြဋ္ဌာန်းပေးခြင်းတို့ကို ကော်မရှင်နှင့် ညှိနှိုင်းဆောင်ရွက်ပေး

ရေးအတွက် ပြည်သူ့လွှတ်တော်က နိုင်ငံတော်ကောင်စီသို့ လွှဲအပ်ရန်၊

(၈) အထွေထွေ ရွေးကောက်ပွဲကို ပြည်သူ့ လွှတ်တော်အတွက်သာ ကျင်းပရန်၊

(၈၂) အထွေထွေရွေးကောက်ပွဲကျင်းပမည့်နေ့သည် ယနေ့မှစ၍ သုံးလပြည့်သောနေ့ဟု သတ်မှတ်ပေးရန်၊ သို့သော် ပေါ်ပေါက်လာမည့် ပါတီအဖွဲ့အစည်းများက ရွေးကောက်ပွဲကော်မရှင်သို့ အကြိုပြုချက်အရ ယနေ့မှစ၍ တစ်လခွဲပြည့်သော နေ့ထက် မစောဘဲဖြစ်စေ၊ သုံးလကျော်လွန်သည့် အခါဖြစ်စေ ပြင်ဆင်သတ်မှတ် ကျင်းပနိုင်သည့် လုပ်ပိုင်ခွင့်ကို ပြည်သူ့ လွှတ်တော်က နိုင်ငံတော်ကောင်စီသို့ လွှဲအပ်ရန်။

ယင်းသို့ ပြည်သူ့လွှတ်တော်က ကော်မရှင်ကို ဖွဲ့စည်းပေးပြီး သည့်နောက် ၁၉၇၈ ခုနှစ် စက်တင်ဘာလ ၁၂ ရက်နေ့ နံနက် ၉ နာရီအချိန်တွင် နိုင်ငံတော်သမ္မတ ဒေါက်တာမောင်မောင်၊ နိုင်ငံတော် ဒုတိယသမ္မတ ဦးအေးကို၊ နိုင်ငံတော် ကောင်စီ အတွင်းရေးမှူး သူရ ဦးကျော်ထင်၊ နိုင်ငံတော်ဝန်ကြီးချုပ် သူရ ဦးထွန်းတင် တို့နှင့် ရွေးကောက်ပွဲ ကော်မရှင်လူကြီးများဖြစ်ကြသော ဦးဘဌေး၊ ဦးစောကြာဒိုး၊ ဦးစန်းမောင်၊ ဆရာချယ်၊ ဦးကျော်ညွှန့်တို့ တွေ့ဆုံဆွေးနွေးကြသည်။ ယင်းအစည်းအဝေးသို့ နိုင်ငံတော်ကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် **ဦးကျော်ဝင်း** (ယခုနိုင်ငံတော်တရားရုံးချုပ်တရားသူကြီး) နှင့် ကော်မရှင်ရုံးညွှန်ကြားရေးမှူး ဦးအေးမောင် (ယခု ညွှန်ကြားရေးမှူးချုပ်) တို့လည်း တက်ရောက်ကြသည်။ ထိုအစည်းအဝေး၌ နိုင်ငံတော်သမ္မတ အမှူးပြုသည့် နိုင်ငံတော် ကောင်စီဝင်များက အလွတ်လပ်ဆုံးနှင့်အမျှတဆုံး ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို အမြန်ဆုံး အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့်ပတ်သက်၍ ကော်မရှင်က လွတ်လွတ်လပ်လပ် ဆောင်ရွက်နိုင်ရန် နိုင်ငံတော် ကောင်စီက အထောက်အကူပြုရမည့် ကိစ္စရပ်များကို ဆွေးနွေးကြပြီး ကော်မရှင် အဖွဲ့ဝင် လူကြီးများသည် ဦးဘဌေးအား ကော်မရှင်ဥက္ကဋ္ဌအဖြစ် ရွေးချယ်တာဝန် ပေးခဲ့ကြသည်။ ထို့နောက် ကော်မရှင် အတွင်းရေးမှူး အဖြစ် ဦးအေးမောင်အား တာဝန်ပေးအပ်ခဲ့ကြသည်။

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး စောမောင် (ယခု ဗိုလ်ချုပ်မှူးကြီး)သည် စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် အရေးပေါ်အစည်းအဝေးက ဆုံးဖြတ်လိုက်သော ပါတီစုံပါဝင်သည့် ရွေးချယ်တင်မြှောက်ပွဲများ ကျင်းပရာတွင် တပ်မှူးကြီးများနှင့်တကွအဆင့်အားလုံးသို့ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ၁၉၇၈ ခုနှစ် စက်တင်ဘာလ ၁၂ ရက်နေ့တွင် မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံတို့မှ မိန့်ကြားခဲ့သည်–

(၁) လွတ်လွတ် လပ်လပ်နှင့် တရားမျှတမှု အရှိဆုံးဖြစ်အောင် အဂတိလေးပါး မလိုက်စားဘဲ တပ်မတော်သား တစ်ဦးချင်းအနေဖြင့် မိမိဆန္ဒအတိုင်း လွတ်လပ်စွာဆန္ဒမဲပေးနိုင်ရန် စီစဉ်ပေးပြီး တိကျစွာလိုက်နာကြရန်ဖြစ်ကြောင်း၊

(၂) ရာထူး၊ အဆင့်အလိုက် အရှိန်အဝါ၊ ဩဇာ၊ အာဏာကိုအသုံးပြုပြီး မိမိလက်အောက်ခံတပ်ဖွဲဝင်များသို့လည်းကောင်း၊ မိမိရောက်ရှိရာဒေသရှိ ပြည်သူများသို့လည်းကောင်း၊ မိမိတို့လိုလားသည့် အဖွဲ့အစည်း တစ်ခုခုတွင် ပါဝင်သော ကိုယ်စားလှယ်ကို မဲထည့်ပါဟု အမိန့်ပေးခြင်း၊ ညွှန်ကြားခြင်း၊ ခြိမ်းခြောက်ခြင်း၊ အကြပ်ကိုင်ခြင်း၊ ခြောက်လှန့်ခြင်း၊ စည်းရုံးခြင်း လုံးဝမပြုလုပ်ရန်ဖြစ်ကြောင်း၊

(၃) ရွေးကောက် တင်မြှောက်ပွဲအတွက် သတ်မှတ်ပြဋ္ဌာန်း ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို တိကျလေးစားစွာ လိုက်နာစောင့်ထိန်း ကြရမည်ဖြစ်ကြောင်း၊

(၄) ဤအချက်များကို အရာရှိများအဆင့်သာသိရှိနေရုံသာမက အောက်ခြေအဆင့်နှင့် မိသားစုများ အတွင်းအထိ သိရှိနားလည်ရန်အတွက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ ဦးဘဌေးနှင့် အဖွဲ့ဝင်များအား Columbia Broadcasting System မှလာရောက်တွေ့ဆုံစဉ်၊



(၅) မိမိတို့သည် တမ်မတော်သားများဖြစ်သည်နှင့် အညီ နယ်ဘက်ဥပဒေသာမက တပ်မတော် ဆိုင်ရာ ဥပဒေများကို လိုက်နာကျင့်သုံးရသူ များဖြစ်ကြောင်း အမြဲသတိချပ်ပြီး မကြာမီ ကျင်းပမည့် ရွေးချယ် တင်မြှောက်ပွဲကို တပ်မတော်သား တစ်ဦးချင်း၏ ဂုဏ်သိက္ခာ၊ တပ်မတော် တစ်ရပ်လုံး၏ ဂုဏ်သိက္ခာကိုထိခိုက် စေမည့် အပြောအဆို၊ အမူအကျင့်များ မပြု လုပ်မိရန်အတွက် အထူးသတိပြု လိုက်နာကြရန် ညွှန်ကြားလိုက်ကြောင်း။

တိုင်းပြည်၏အခြေအနေသည် တဖြည်းဖြည်းယိုယွင်း လာပြီး လမ်းပန်းဆက်သွယ်မှုများ ပြတ်တောက်ခြင်း၊ နယ်မှဆန်နှင့် စားသောက်ကုန်များ ရန်ကုန်သို့ရောက်ရှိ ခြင်းမရှိသောကြောင့် ရန်ကုန်မြို့နေ ပြည်သူများအတွက် စားနပ်ရိက္ခာများ အခက်အခဲကြုံတွေ့နေရခြင်း၊ ဝန်ထမ်း အချို့ကလည်း ဆန္ဒပြပွဲများတွင် ပါဝင်ဆန္ဒပြနေသဖြင့် ရုံးလုပ်ငန်းများ ရပ်ဆိုင်းလျက်ရှိခြင်း၊ မသမာသူအချို့ ကလည်း နိုင်ငံတော်ပိုင် စက်ရုံအလုပ်ရုံများ၊ ရုံးဌာနများ နှင့် တက္ကသိုလ်များမှ နိုင်ငံတော်ပိုင်ပစ္စည်းများကို လုယက် ခြင်း၊ ဖျက်ဆီးခြင်းနှင့် ဥပဒေလက်လွတ် လူပုံအလယ်တွင် မင်းမဲ့စရိုက်ဖြင့် ခေါင်းဖြတ်သတ်ဖြတ်ခြင်း စသည့်အခြေ အနေများ တစ်စတစ်စ တိုးပွားဆိုးဝါးလာခဲ့သည်။

ထိုအခြေအနေဆိုးများကို ကုစားနိုင်မည့် တစ်ခုတည်း သောနည်းလမ်းသည် လွတ်လပ်၍တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို အမြန်ဆုံး အောင်မြင်စွာ ကျင်းပပေးရန်သာဖြစ်ကြောင်း ကော်မ ရှင်က စဉ်မြဲစွာယုံကြည်ခဲ့သည့်အလျောက် ယင်းသို့ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ကျင်းပရာတွင် ဝန်ထမ်းများသည် မည်သည့် ပါတီ အဖွဲ့အစည်းဝင်မျှ မဟုတ်ပါမှ နိုင်ငံတော် တာဝန်များကို လည်း ကောင်း၊ ရွေးကောက်ပွဲလုပ်ငန်းများကိုလည်းကောင်း ဘက်မလိုက် ဘဲ ချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လက်ရှိ မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ် ပါတီဝင်များ ဖြစ်ကြသော တပ်မတော်သားများနှင့် ဝန်ထမ်းများသည် နိုင်ငံတော် တွင် ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးသောအခါ မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီ အပါအဝင် နောင်ဖွဲ့စည်းလာ သော ပါတီအဖွဲ့ အစည်းများတွင် အဖွဲ့ဝင်များအဖြစ် ပါဝင်ခွင့်ပြုပါက ဌာနတွင်းစိတ်ဝမ်းကွဲပြားမှုများ ဖြစ်ပေါ် နိုင်ပြီး နိုင်ငံတော်၏ ယန္တရားလည်ပတ်မှုကိုပင် ထိခိုက်နိုင် မည်ဟုထင်မြင်ကြောင်း၊ သို့ပါ၍ ယခုအချိန်မှစတင်ပြီး တပ်မတော်သားများနှင့် ဝန်ထမ်းများသည် မည်သည့် နိုင်ငံရေးပါတီ အဖွဲ့အစည်းဝင်မျှ မဖြစ်စေရေးအတွက် ဆောင်ရွက်သင့်ပါကြောင်း၊ ကော်မရှင်က ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် နိုင်ငံတော်ကောင်စီသို့ မေတ္တာရပ်ခံခဲ့သည်။

ကော်မရှင်၏ မေတ္တာရပ်ခံချက်အရ နိုင်ငံတော် ကောင်စီက ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၆ ရက်စုံပါ ကြေညာချက်အမှတ် ၁၄/၈၈ ကို အောက်ပါအတိုင်း ထုတ်ပြန်ခဲ့သည်။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီ

ကြေညာချက်

၁၄/၈၈

ရန်ကုန်မြို့၊ ၁၃၅၀ ပြည့်နှစ် တော်သလင်းလဆန်း ၆ ရက် (၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်)

ပြည်သူ့ဝန်ထမ်းများနှင့် ပတ်သက်သည့် ကြေညာချက်။

၁။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ ရေးကော်မရှင် လူကြီးများအား ပြည်သူ့လွှတ်တော်က အပ်နှင်းပြီး ဖြစ်သည့် အထွေထွေ ရွေးကောက်ပွဲများကို အလွတ်လပ်ဆုံး၊ အမျှတဆုံးနှင့် အမြန်ဆုံးကျင်းပနိုင်ရန် ပြင်ဆင် ဆောင်ရွက်ကြရာတွင် ကော်မရှင်အား နိုင်ငံ တော်ကောင်စီက အစွမ်းကုန် အထောက်အကူပြုမည် ဖြစ်ပါကြောင်းနှင့် စစ်မှန်သည့် ဒီမိုကရေစီကို လက်ခံသော ပါတီအဖွဲ့အစည်းများကို မျှမျှတတမှတ်ပုံတင်ပေးရန်နှင့် ယင်းအဖွဲ့အစည်းများသည် တရားမျှတစွာ တန်းတူ ယှဉ်ပြိုင်နိုင်ကြရေးအတွက်လည်း လိုအပ်သော စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ကြပါရန် ကော်မရှင် အား နိုင်ငံတော်ကောင်စီက မေတ္တာရပ်ခံခဲ့ပြီး ဖြစ်ပါ သည်။

၂။ ကော်မရှင်သည် အောက်ပါ စည်းမျဉ်းတစ်ရပ်ကို အကြံပြုခဲ့ပါသည်။ ယင်းအကြံပြုချက်နှင့်အညီ နိုင်ငံတော် ကောင်စီသည် အောက်ပါ ကြေညာချက်ကို ထုတ်ပြန် လိုက်သည် –

– ပြည်သူ့ဝန်ထမ်းများသည် နိုင်ငံတော်အပေါ် သစ္စာ ထား၍ ပြည်သူ့ဝန်ကိုသာ ထမ်းဆောင်ရမည်ဖြစ် သဖြင့် ပါတီစုံစနစ်တွင် ကျင့်သုံးခဲ့သည့် အစဉ် အလာနှင့်အညီ ပြည်သူ့တပ်မတော်၊ ပြည်သူ့ရဲတပ်ဖွဲ့ စသော ကာကွယ်ရေး တပ်ဖွဲ့ဝင်များ၊ ပြည်သူ့ ဝန်ထမ်း အဖွဲ့အစည်းအသီးသီး၊ နိုင်ငံပိုင်စီးပွား ရေး ဘုတ်ကော်ပိုရေးရှင်း အဖွဲ့အစည်းအသီးသီး

မှ ဝန်ထမ်းများနှင့် နိုင်ငံတော်ဘဏ္ဍာမှ လစာခံစားကြသော အခြားဝန်ထမ်းများသည် ယနေ့မှစ၍ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ အပါအဝင် မည်သည့်နိုင်ငံရေးပါတီ အဖွဲ့အစည်းဝင်မျှ မဖြစ်စေရ။

(ပုံ) မောင်မောင်
ဥက္ကဋ္ဌ
နိုင်ငံတော်ကောင်စီ

နိုင်ငံတော်ကောင်စီက အထက်ပါ ကြေညာချက်ကို ဆုတ်ပြန်လိုက်သည့်အတွက် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီတွင် ပါတီဝင်ဖြစ်ကြသော တပ်မတော်သားများ၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များအပါအဝင် ဝန်ထမ်းများအားလုံးသည် ထိုနေ့မှစ၍ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီဝင် အဖြစ်မှ ရပ်စဲသွားခဲ့သည်။

သို့သော် ထိုအချိန်အခါက ဆန္ဒပြတောင်းဆိုမှုအရှိန်အဟုန်သည် ရပ်တန့်ခြင်းမရှိသေးဘဲ အဋ္ဌမ ရုံးတက်လိုသည့်ဝန်ထမ်းများသည် ခြိမ်းခြောက်မှု အမျိုးမျိုးနှင့်ကြုံတွေ့ခဲ့ရသည်။ ထို့သို့ နိုင်ငံတော်၏ အဘက်ဘက်မှယိုယွင်းနေသော အခြေအနေနှင့် လမ်းပန်းဆက်သွယ်မှုပြတ်တောက်နေသည့်အခြေအနေတို့ကြောင့် ကော်မရှင်သည် မိမိ၏အဓိကတာဝန်ဖြစ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းများကို စတင်နိုင်ရန် အခက်အခဲနှင့်ကြုံတွေ့ခဲ့ရသည်။ နိုင်ငံတဝန်းလုံးတွင် ဖြစ်ပေါ်နေသော အထက်ပါ အခြေအနေဆိုးများကို အချိန်မီထိန်းသိမ်းနိုင်ရေးအတွက် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့၌ တပ်မတော်သည် နိုင်ငံတော်၏အာဏာအရပ်ရပ်ကို လုံးဝတာဝန်ယူခဲ့သည်။

တပ်မတော်က တာဝန်ယူပြီးသည်နှင့်တပြိုင်နက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကို ဖွဲ့စည်းပြီးလျှင်ယင်းအဖွဲ့က ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်စဲပါအောက်ပါကြေညာချက်အမှတ် (၁/၈၈) ကို ထုတ်ပြန်ကြေညာခဲ့သည်-

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
ကြေညာချက်အမှတ် ၁/၈၈
၁၃၅၀ ပြည့်နှစ် တော်သလင်းလဆန်း ဂ ရက်
၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်

၁။ နိုင်ငံတော်တစ်ဝန်းလုံးတွင် အဘက်ဘက်မှ ယိုယွင်းနေသောအခြေအနေကို အချိန်မီထိန်းသိမ်းနိုင်ရန်အတွက် ပြည်သူပြည်သား အားလုံးအကျိုးငှာ တပ်မတော်သည် အောက်ပါ လက်ငင်းလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် ယနေ့မှစ၍ နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို လုံးဝတာဝန်ယူလိုက်သည်-

(က) တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေး၊
(ခ) လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊
(ဂ) ပြည်သူများ၏ စားဝတ်နေရေးချောင်လည်စေရန် ဤအဖွဲ့မှ အစုံမ်းကုန် ကြိုးပမ်းဆောင်ရွက်ပေးရန်နှင့် ပုဂ္ဂလိက၊ သမဝါယမတို့ ဆောင်ရွက် နိုင် အောင် လည်းတတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးနိုင်ရေး၊
(ဃ) အထက်ပါလုပ်ငန်းရပ်များ ပြည့်စုံပြီးလျှင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး။

၂။ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းအကောင်အထည်ဖော်နိုင်ရန် လက်ရှိပါတီစုံ ဒီမိုကရေစီ အ ထွေ ထွေ ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ကို ဆက်လက်ထားရှိမည်။

၃။ အထွေထွေရွေးကောက်ပွဲ ကျင်းပသည့် အချိန်တွင် အဆင်သင့်ဖြစ်နေစေရန်အတွက် စစ်မှန်သောဒီမိုကရေစီကို လက်ခံကျင့်သုံးမည့် ပါတီအဖွဲ့အစည်းများသည် ယခုအခါမှစ၍ ပြင်ဆင်ဖွဲ့စည်းနိုင်ကြသည်။

၄။ အထက်ပါလုပ်ငန်းရပ်များအောင်မြင်စေရန်အတွက် လက်ရှိလှုပ်ရှားနေကြသောအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ရဟန်းရှင်လူပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကူညီရန် တိုက်တွန်းပါသည်။

(ပုံ) စောမောင်
ဗိုလ်ချုပ်ကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့

ထို့နောက် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့ မွန်းလွဲ ၁ နာရီအချိန်တွင် ကာကွယ်ရေး ဝန်ကြီးဌာန၊ အဂ်ရိပ်သာဌ်ကျင်းပမည့် အစည်းအဝေးသို့တက်ရောက်ပါရန် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ကော်မရှင်အား ဖိတ်ကြားခဲ့သည်။ ယင်းအစည်းအဝေးသို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမောင် (ယခု ဗိုလ်ချုပ်

မှူးကြီး) အမှူးပြုသည့် အဖွဲ့ဝင်များဖြစ်ကြသော ဒုတိယ ဗိုလ်ချုပ်ကြီးသန်းရွှေ (ယခု ဗိုလ်ချုပ်ကြီးနှင့် ဒုတိယ ဥက္ကဋ္ဌ)၊ ဗိုလ်ချုပ် မောင်မောင်ခင် (ရေ) (ယခု ဒုတိယဗိုလ်ချုပ်ကြီး)၊ ဗိုလ်ချုပ် တင်ထွန်း (လေ) (ယခု ဒုတိယ ဗိုလ်ချုပ်ကြီး)၊ ဗိုလ်ချုပ် စိန်အောင် (ယခု ဒုတိယ ဗိုလ်ချုပ်ကြီး)၊ ဗိုလ်ချုပ် ချစ်ဆွေ (ယခု ဒုတိယ ဗိုလ်ချုပ်ကြီး)၊ အတွင်းရေးမှူး (၁) ဗိုလ်မှူး ချုပ်ခင်ညွန့် (ယခု ဗိုလ်ချုပ်)၊ အတွင်းရေးမှူး (၂) ဗိုလ်မှူးကြီး တင်ဦး (ယခု ဗိုလ်ချုပ်) တို့နှင့် ကော်မရှင် ဥက္ကဋ္ဌ ဦးဘဥေးအမှူးပြုသည့် ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးစောကြာဒိုး၊ ဦးစန်းမောင်၊ ဦးကျော်ညွန့်နှင့် ကော်မရှင်အတွင်းရေးမှူး ဦးအေးမောင်တို့ တက်ရောက်ခဲ့သည်။ အဖွဲ့ဝင်ဆရာချယ်သည် အစည်းအဝေးသို့တက်ရောက်ရန် လမ်းပိတ်နေသည့်အတွက် ခွင့်ပန်ခဲ့သည်။ အစည်းအဝေးတွင်နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌက မိမိတို့တပ်မတော်နှင့် ဝန်ထမ်းများသည် မည်သည့်နိုင်ငံရေးအဖွဲ့အစည်း၏ အဖွဲ့ဝင်များမဟုတ်တော့ကြောင်း၊ မိမိတို့သည် ကြားနေအဖွဲ့အစည်းများဖြစ်ပြီး ပြည်သူများကိုအလုပ်အကျွေးပြုရမည့် အဖွဲ့အစည်းများ ဖြစ်ကြောင်း၊ ယခု ပြည်သူများလိုလားတောင့်တနေသည့် ပါတီစုံဒီမိုကရေစီကို အမြန်ဆုံးအကောင်အထည် ဖော်ပေးနိုင်ရေးအတွက် ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးကို အလွတ်လပ်ဆုံး၊ အမျှတဆုံးနှင့်အမြန်ဆုံးပြုလုပ်ပေးရန် ကော်မရှင်အဖွဲ့ဝင်လူကြီးများကို မေတ္တာရပ်ခံကြောင်း၊ ကော်မရှင်၏ လုပ်ငန်းများနှင့်စပ်လျဉ်းပြီး ကော်မရှင်အဖွဲ့ဝင်လူကြီးများကမည်သူ၏ မျက်နှာကိုမျှ မထောက်ထားဘဲ သမာသမတ်ကျကျ ဓမ္မဓိဋ္ဌာန်ကျကျ တရားအမျှတဆုံး ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ကော်မရှင်၏ လုပ်ငန်းများနှင့်စပ်လျဉ်း၍ မိမိတို့သည် အဖွဲ့အစည်းအနေဖြင့်သော်လည်းကောင်း၊ တစ်ဦးချင်းအနေဖြင့် သော်လည်းကောင်း ကြိုးကိုင်မှု၊ လမ်းညွှန်မှု လုံးဝပြုလုပ်မည် မဟုတ်ကြောင်း၊ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ ရေးဆွဲရာတွင်လည်း ကော်မရှင်အဖွဲ့ဝင်လူကြီးများက တွေ့ဆုံဆွေးနွေးလိုသောအဖွဲ့အစည်းကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးချင်းကိုဖြစ်စေတွေ့ဆုံဆွေးနွေး အကြံဉာဏ်များရယူပြီး လွတ်လွတ်လပ်လပ် ရေးဆွဲနိုင်ကြောင်း၊ ကော်မရှင်ကရေးဆွဲ ထောက်ခံပေးပို့သည့် ဥပဒေများကို အမြန်ဆုံး ပြဋ္ဌာန်းပေးမည်ဖြစ်ပါကြောင်း၊ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်မည့် လိုအပ်သည့်အကူအညီများကိုလည်း အပြည့်အဝ ပေးသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသွားခဲ့သည်။

ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မိမိတို့ဆန္ဒဖြစ်သောလွတ်လပ်၍တရားမျှတသည့်ရွေးကောက်ပွဲကိုကျင်းပနိုင်မည်ဟု ယုံကြည်သောကြောင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌ၏ မေတ္တာရပ်ခံချက်ကို ဝမ်းမြောက်ဝမ်းသာစွာ လက်ခံခဲ့ကြသည်။ ထို့နောက် နိုင်ငံတော်၏ အခြေအနေသည်လည်း တည်ငြိမ်တိုးတက်လာသည်နှင့်အမျှ မိမိတို့၏ဦးတည်ချက်ဖြစ်သော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးဆိုင်ရာ လုပ်ငန်းများဖြစ်သည့် ကော်မရှင်ဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေတို့ကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ပြဋ္ဌာန်း၍ နိုင်ငံရေး ပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေနှင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေတို့ကို ကော်မရှင်ကပြဋ္ဌာန်းပြီး လုပ်ငန်းများကို စတင်အကောင်အထည် ဖော်နိုင်ခဲ့သည်။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်ဥပဒေပြဋ္ဌာန်းခြင်း

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်စွဲပါ ကြေညာချက်အမှတ် ၁/၈၈ ဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကြီးမှူးကျင်းပပေးရန် ဤရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ကို ဆက်လက်တာဝန်ပေးအပ်ခဲ့ရာ ကော်မရှင်သည် မိမိ၏ လုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥပဒေအမှတ် ၁/၈၈)ကို ပြဋ္ဌာန်းပေးခဲ့သည်။

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့် နည်းဥပဒေများကို ပြဋ္ဌာန်းခြင်း

မြန်မာနိုင်ငံတွင် ၂၆ နှစ်တာကာလအတွင်း မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီမှလွဲ၍ အခြားနိုင်ငံရေးပါတီအဖွဲ့အစည်းများ ဖွဲ့စည်းတည်ထောင်ခွင့်မရှိခဲ့သဖြင့် ယခုကဲ့သို့ ပါတီစုံစနစ်သို့ပြောင်းလဲ၍ နိုင်ငံရေးပါတီ အဖွဲ့အစည်းများ ဖွဲ့စည်းတည်ထောင်ခွင့်ပြုသည့်အခါ စည်းကမ်းတကျဖြစ်စေရန် လိုအပ်လာခဲ့သည်။ထို့နောက်

ကော်မရှင်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကြမ်းကိုရေးဆွဲ၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သို့ တင်ပြခဲ့သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ကော်မရှင်ကတင်ပြသည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကြမ်းကို ကော်မရှင်နှင့် ညှိနှိုင်းစိစစ်ပြီးနောက် ၁၉၀၈ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့တွင် နိုင်ငံရေးပါတီများ မှတ် ပုံ တင် ခြင်း ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၄/၀၈) ကို ပြဋ္ဌာန်းပေးခဲ့သည်။

ကော်မရှင်သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ ပါ လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ၁၉၀၈ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ (၁၉၀၈ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင် နည်းဥပဒေများ အမှတ် ၁) ကို ပြဋ္ဌာန်းပေးခဲ့သည်။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးအတွက် လုပ်ငန်းအစီအစဉ်နှင့် အချိန်ဇယားရေးဆွဲထုတ်ပြန်ခြင်း

ကော်မရှင်သည် မိမိအားပေးအပ်ထားသည့် တာဝန်ဖြစ်သော လွှတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန် အလို့ငှာ နိုင်ငံတော်၏လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် အခြေအနေ အရပ်ရပ်အပေါ် အခြေခံလျက် လုပ်ငန်းအစီအစဉ် (၂၆) ခုနှင့် အချိန်ဇယားတို့ကို ၁၉၀၉ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်စွဲပါ ကြေညာချက်အမှတ် (၁၉၄) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်း၍ ပြည်သူများနှင့် နိုင်ငံရေးပါတီ အဖွဲ့အစည်းများထံမှ အကြံပြုချက်များနှင့် ထင်မြင်ချက်များ တောင်းခံခြင်း

လွှတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းပေးရန်လိုအပ်ခဲ့သည်။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြဋ္ဌာန်းမည်ဆိုပါက နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် မူတည်၍ ရေးဆွဲလေ့ရှိကြသည်။ လက်ရှိပြောင်းလဲလာသော အခြေအနေနှင့် အချိန်အခါတို့ကြောင့် ၁၉၅၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေတို့ပါ ရွေးချယ်တင်မြှောက်ခြင်းနှင့်စပ်လျဉ်းသည့်ပြဋ္ဌာန်းချက်များအတိုင်း အတိအကျလိုက်နာကျင့်သုံးရန် မဖြစ်နိုင်တော့သည့်အတွက် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ (မူကြမ်း) ကို အောက်ပါမူများအပေါ် အခြေခံ၍ ရေးဆွဲခဲ့သည် —

(၁) လွှတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို စည်းကမ်းနည်းလမ်းတကျ ကျင်းပနိုင်ရေး၊

(၂) ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နိုင်ငံသားများအတွက် ဒီမိုကရေစီ အခွင့်အရေးများ အပြည့်အဝရှိစေရေး၊

(၃) နောင်တခေတ်တွင် နိုင်ငံခေါင်းဆောင်များဖြစ်ကြမည့် ကျောင်းသား လူငယ်များအား ဒီမိုကရေစီ အလေ့အကျင့်များ ပြုစုပျိုးထောင်ပေးရေး။

အထက်ပါမူများကိုအခြေခံ၍ ကော်မရှင်သည် ၁၉၄၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ပါလီမန်အထွေထွေရွေးကောက်ပွဲ အက်ဥပဒေနှင့် နည်းဥပဒေများ၊ ၁၉၇၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေး ချယ် တင် မြှောက် ခြင်း ဆိုင် ရာ ဥပဒေနှင့် နည်းဥပဒေများ၊ ပါတီစုံဒီမိုကရေစီ ကျင့်သုံးလျက်ရှိသော နိုင်ငံအချို့မှ ရွေးကောက်ပွဲ ဥပဒေနှင့် နည်း ဥ ပ ဒေ များ ကို လေ့လာပြီး ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ (မူကြမ်း) ကို မြန်မာနိုင်ငံနှင့် လိုက်လျောညီထွေရှိစေရန် ညှိနှိုင်းပေါင်းစပ်ရေးဆွဲခဲ့သည်။

ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေပြဋ္ဌာန်းခြင်း

ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေသည် ပြည်သူ့အများနှင့်သက်ဆိုင်သော ဥပဒေတစ်ရပ်ဖြစ်သည်။ ယခုအခါ ဖွဲ့စည်းပုံအခြေခံဥပဒေမရှိသဖြင့် ပြည်သူများ၏ သဘောထားကို ရယူ ရေးဆွဲသင့်ကြောင်း ကော်မရှင်က သဘောရရှိခဲ့သည်။ ထို့ကြောင့် ကော်မရှင်သည် ၁၉၀၉ ခုနှစ် မတ်လ ၁ ရက်စွဲပါ ကြေညာချက်အမှတ် (၂၄၂) ဖြင့် ပြည်သူများနှင့် နိုင်ငံရေးပါတီ အဖွဲ့အစည်းများ၏ အကြံပြုချက်များနှင့် ထင်မြင်ချက်များကို ပေးပို့ရန် ရှိပါက ကော်မရှင်သို့ ၁၉၀၉ ခုနှစ် မတ်လ ၃၁ ရက်နေ့ကို

နောက် ဆုံး ထား ၍ ပေး ပို့ ပါ ရန် ပြည်သူလွှတ်တော် ရွေးကောက်ပွဲ ဥပဒေ (မူကြမ်း)ကို ရှင်းလင်းချက်များနှင့် တကွ ထုတ်ပြန်၍ ဖိတ်ခေါ် ခဲ့သည်။

ကော်မရှင်သည် ပြည် သူ များ နှင့် နိုင် ငံ ရေး ပါ တီ များ၏ အ ကြံ ပြု ချက် များ ကို အသေးစိတ်လေ့လာပြီး ပြည်သူလွှတ်တော်ရွေးကောက်ပွဲဥပဒေသည် ကျင်းပရန် ရှိသည့် ပါတီစုံဒီမိုကရေစီ အ ထွေ ထွေ ရွေး ကောက် ပွဲ အတွက် တစ်ကြိမ်သာအသုံးပြုရန် ရည် ရွယ် ၍ လည်း ကောင်း၊ နောင်တွင်ကျင်းပမည့် ရွေးကောက်ပွဲများနှင့် ကြားဖြတ်ရွေးကောက်ပွဲများအတွက်ကိုမူ ထိုအချိန်တွင်မှ စဉ်းစား ရေးဆွဲကြစေရန် ရည်ရွယ်၍ လည်းကောင်း ပြည်သူလွှတ်တော်ရွေးကောက်ပွဲဥပဒေကိုပြုပြင်ရေးဆွဲပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သို့ တင်ပြ ခဲ့သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ယင်းဥပဒေကြမ်းကို ၁၉၈၉ ခုနှစ် မေလ ၂၅ ရက်နေ့ တွင် ကော်မရှင်နှင့် ညှိနှိုင်းစိစစ်ပြီးနောက် ၁၉၈၉ ခုနှစ် မေလ ၃၁ ရက်နေ့၌ ပြည်သူလွှတ်တော် ရွေးကောက်ပွဲ ဥပဒေ(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၄/၈၉)ကို ပြဋ္ဌာန်းပေးခဲ့သည်။

ပြည်သူလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ပြဋ္ဌာန်းခြင်း

ဥပဒေသဘောအရ ပြည်သူလွှတ်တော်ရွေးကောက်ပွဲ ဥပဒေတွင် မူပိုင်းဆိုင်ရာများသာ ထည့်သွင်းပြဋ္ဌာန်း ထားခဲ့သည်။ ယင်းဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရာတွင် ဆောင်ရွက်ရမည့် အသေး စိတ်နည်းစနစ်များကိုနည်းဥပဒေများဖြင့်လည်းကောင်း၊ လုပ်ထုံးလုပ်နည်းများဖြင့်လည်းကောင်း၊ ညွှန်ကြားချက် များဖြင့်လည်းကောင်း ထုတ်ပြန်မှသာလျှင် လုပ်ငန်းများ အကောင်အထည်ဖော်ပေးရသည့် အဖွဲ့အစည်းအဆင့်ဆင့် အတွက် လွယ်ကူမှုရှိနိုင်မည် ဖြစ်သည်။ ထို့ကြောင့် ပြည်သူလွှတ်တော် ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၇၁ ပါ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ကော်မ ရှင်သည် ပြည်သူလွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေ များကိုရေးဆွဲပြီး ပြည်သူလွှတ်တော် ရွေးကောက်ပွဲနည်း ဥပဒေများ (ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်နည်းဥပဒေများ အမှတ် ၁/၈၉)ကို ၁၉၈၉ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် ပြဋ္ဌာန်းပေး ခဲ့သည်။

ညွှန်ကြားချက်များ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲများအတွက် လုပ်ငန်းလမ်းညွှန်၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအတွက် လုပ်ငန်းလမ်းညွှန်ထုတ်ပြန်ခြင်း

ပြည်သူလွှတ်တော် ရွေးကောက်ပွဲဥပဒေတွင် မူပိုင်း ဆိုင်ရာများ ပြဋ္ဌာန်းထားပြီး နည်းဥပဒေများတွင် ဆောင်ရွက်ရမည့် နည်းစနစ်အသေးစိတ်များကို ပြဋ္ဌာန်း ထားရာ ယင်းပြဋ္ဌာန်းထားချက်နှင့်အညီ လိုအပ်သော ညွှန်ကြားချက်များကို ကော်မရှင်က အခါအားလျော်စွာ ထုတ်ပြန်ပေးခဲ့သည်။ ထို့ပြင် ဥပဒေ၊ နည်းဥပဒေများနှင့် ညွှန်ကြားချက်များကို ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများက မှီငြမ်းပြုလေ့လာရာတွင် လွယ်ကူ မှုရှိစေရန်အလို့ငှာ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲများအတွက် လုပ်ငန်းလမ်းညွှန်ကို ကော်မရှင်က ပြုစုထုတ်ပြန်ပေးခဲ့သည်။

ရွေးကောက်ပွဲ ကျင်းပသောနေ့၌ မိမိတို့၏တာဝန် ဝတ္တရားများကို တိတိကျကျ မှန်မှန်ကန်ကန် အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မဲရုံမှူးနှင့် မဲရုံ အဖွဲ့ဝင်များ၏ တာဝန်ဝတ္တရားများနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်တို့ ဖော်ပြပါရှိသည့် မဲရုံမှူးနှင့်မဲရုံအဖွဲ့ ဝင်များအတွက် လုပ်ငန်းလမ်းညွှန်ကိုလည်း ကော်မရှင်က ပြုစုထုတ်ပြန်ခဲ့သည်။

ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းခြင်း

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတစွာကျင်းပနိုင်ရေးအတွက် နိုင်ငံ တော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က လိုအပ် သည့်ဥပဒေများကို ပြဋ္ဌာန်းခဲ့သည်။ ကော်မရှင်ကလည်း လိုအပ်သည့် နည်းဥပဒေများကို ပြဋ္ဌာန်းခဲ့သည့်အပြင် လုပ်ငန်းလမ်းညွှန်များနှင့် ညွှန်ကြားချက်များကိုလည်း ထုတ်ပြန်ခဲ့သည်။ ယင်းဥပဒေ၊ နည်းဥပဒေများအရ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကို အကောင်အထည် ဖော်ရန် ပြည်နယ်နှင့်တိုင်း၊ မြို့နယ်စု၊ မြို့နယ်ကော်မရှင် အဖွဲ့ခွဲများကို အောက်ပါအတိုင်း ဖွဲ့စည်းပေးခဲ့သည်–

(၁) သက်ဆိုင်ရာအဆင့်ရှိ အထွေ ဥက္ကဋ္ဌ ထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး

(၂) သက်ဆိုင်ရာ အဆင့်ရှိ တရား အဖွဲ့ဝင် ရေး ဦးစီးဌာနမှူး

(၃) သက်ဆိုင်ရာ အဆင့်ရှိ ဥပဒေ ။ အရာရှိ

(၄) သက်ဆိုင်ရာအဆင့်ရှိ ကျန်းမာ ။ ရေး ဦးစီးဌာနမှူး

(၅) သက်ဆိုင်ရာ အဆင့်ရှိ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှူး ။

(၆) သက်ဆိုင်ရာအဆင့်ရှိပညာရေးမှူး ။

(၇) ဒေသခံ အမျိုးပြည်သူတို့၏ ယုံကြည်လေးစားခြင်း ခံရသော ပုဂ္ဂိုလ် ။

(၈) ဒေသခံ အမျိုးပြည်သူတို့၏ ယုံကြည်လေးစားခြင်း ခံရသော ပုဂ္ဂိုလ် ။

(၉) ဒေသခံ အမျိုးပြည်သူတို့၏ ယုံကြည်လေးစားခြင်း ခံရသော ပုဂ္ဂိုလ် ။

(၁၀) ဥက္ကဋ္ဌက တာဝန်ပေးအပ်သူ အတွင်းရေးမှူး

(၁၁) ဥက္ကဋ္ဌကတာဝန် တွဲဖက်အတွင်းရေးမှူး ပေးအပ်သူ

ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများကို အောက်ပါအဖွဲ့ဝင်များဖြင့် ဖွဲ့စည်းခဲ့သည်—

(၁) ဒေသခံ အမျိုးပြည်သူတို့၏ ယုံကြည် လေးစားခြင်း ခံရသော ပုဂ္ဂိုလ် ဥက္ကဋ္ဌ

(၂) ဒေသခံ အမျိုးပြည်သူတို့၏ ယုံကြည် လေးစားခြင်း ခံရသော ပုဂ္ဂိုလ် အဖွဲ့ဝင်

(၃) ဒေသခံ အမျိုးပြည်သူတို့၏ ယုံကြည် လေးစားခြင်း ခံရသော ပုဂ္ဂိုလ် အဖွဲ့ဝင်

(၄) အစိုးရ ကျောင်းဆရာ သို့မဟုတ် ကျောင်းဆရာမ တစ်ဦး ။

(၅) သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ရုံးမှ စာရေး အတွင်းရေးမှူး

ယင်းသို့ဖွဲ့စည်းခဲ့သည့် ကော်မရှင်အဖွဲ့ခွဲအရေအတွက်မှာ အောက်ပါအတိုင်းဖြစ်သည်—

(၁)	ပြည်နယ်နှင့်တိုင်းကော်မရှင်အဖွဲ့ခွဲ	၁၄ ခု
(၂)	မြို့နယ်စုကော်မရှင်အဖွဲ့ခွဲ	၅၀ ခု
(၃)	မြို့နယ်ကော်မရှင်အဖွဲ့ခွဲ	၃၁၇ ခု
(၄)	ရပ်ကွက်နှင့်ကျေးရွာအုပ်စု	၁၄၉၅၂ ခု

မဲပြားဖြင့်ဆန္ဒပေးသည့်စနစ်မှ ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးသည့်စနစ်၊ ဆန္ဒမဲရေတွက်သည့်နေရာ၊ ဆန္ဒမဲရေတွက်သည့်စနစ်၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ်ရွေးကောက်တင်မြောက်ခံရသူ၏ အမည်စာရင်း ကြေညာခြင်း စနစ်တို့ကို ပြုပြင်ပြောင်းလဲခြင်း

ပြည်ထောင်စု မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲ သမိုင်းတစ်လျောက်တွင် ကျင်းပခဲ့သော ရွေးကောက်ပွဲများ၌ လွှတ်လွှတ်လပ်လပ်ဆန္ဒမဲပေးပိုင်ခွင့်ရရှိပြီး မိမိတို့ပေးလိုက်သည့် ယောက်ခံဆန္ဒမဲကို သက်ဆိုင်ရာ ကိုယ်စားလှယ်လောင်းက မှန်ကန်စွာရရှိသွားသည်ဟူသော ယုံကြည်မှုမျိုးကို မဲဆန္ဒရှင်များက ရာခိုင်နှုန်းပြည့်ရရှိခြင်း မရှိခဲ့သည်ကို လေ့လာသိရှိခဲ့ရသည်။

ထို့ကြောင့် ခေတ်မမီတော့သောဆန္ဒမဲပြားဖြင့် ဆန္ဒပေးရသည့်စနစ်အစား ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးရသည့် စနစ်ကို ပြောင်းလဲသင့်ကြောင်း ကော်မရှင်က သုံးသပ်ခဲ့သည်။ ကော်မရှင်သည် ၁၉၀၉ ခုနှစ် မတ်လ ၁ ရက်စွဲပါ ကြေညာချက်အမှတ်(၂၄၂) ဖြင့် မဲပြားဖြင့် ဆန္ဒမဲပေးသည့်စနစ်နှင့် ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးသည့် စနစ်နှစ်ခုအနက် မည်သည့်စနစ်ကို ကြိုက်နှစ်သက်ကြောင်း ပြည်သူများနှင့်နိုင်ငံရေးပါတီအဖွဲ့အစည်းများထံမှ အကြံဉာဏ်များ တောင်းခံခဲ့ရာ ပြည်သူများနှင့် နိုင်ငံရေးပါတီအဖွဲ့အစည်းများအပြားက ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးသည့်စနစ်ကို ကျင့်သုံးသင့်ကြောင်း အကြံပြုခဲ့ကြသည်။ ကော်မရှင်သည် ပြည်သူများနှင့် နိုင်ငံရေးပါတီ အဖွဲ့အစည်းများ၏ အကြံဉာဏ်များကို ရယူ၍ ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးသည့်စနစ်ကို စတင် ကျင့်သုံးရန်ဆုံးဖြတ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေနှင့် နည်းဥပဒေများဘွင် ထည့်သွင်းပြဋ္ဌာန်းခဲ့သည်။

ဆန္ဒမဲများရေတွက်သည့် စနစ်ကိုလည်း ပြောင်းလဲခဲ့သည်။ ယခင်ပါတီစုံစနစ်ကို ကျင့်သုံးစဉ်က ပါလီမန် ရွေးကောက်ပွဲတွင် ခရိုင်ဝန်များသည် ရွေးကောက်ပွဲတာဝန်ခံ အရာရှိများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။ ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် မဲဆန္ဒနယ်အတွင်းရှိ မဲရုံများ ပိတ်ပြီးနောက် မဲရုံအသီးသီးမှ မဲပုံးများကို ချိပ်ပိတ်၍ သက်ဆိုင်ရာ ရွေးကောက်ပွဲတာဝန်ခံ အရာရှိထံ ယူဆောင်သွားပြီးမှ မဲများကိုရေတွက်ရသည်။ မဲရုံများ ပိတ်ပြီးနောက် မဲပုံးများကို ချိပ်ပိတ်ပြီးသည့်အချိန်မှစ၍ မဲပုံးများဖွင့်ဖောက်၍ ဆန္ဒမဲရေတွက်သည့် အချိန်အထိ ရက်ခြားခဲ့သည်။ ယင်းသို့သောကြားကာလတွင် အခြား

လှုတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲပုံးများထဲမှ မဲပြားများကို နည်းအမျိုးမျိုးဖြင့် ဖောက်ယူပြီး အနိုင်ရစေလိုသော လှုတ်တော်ကိုယ်စားလှယ်လောင်း၏ မဲပုံးများထဲသို့ပြောင်းထည့်ကာ မဲခိုးကြောင်း သံသယပွားမှုများရှိခဲ့သည်။

မဲခိုးသည်ဟူသော သံသယပွားမှု ပပျောက်စေရေးအတွက် ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးသည့်စနစ်ကို ပြောင်းလဲကျင့်သုံးပြီး မဲရုံတွင်ပင် မဲပုံးကို အများပြည်သူရှေ့မှောက်၌ ဖွင့်ဖောက်ရေတွက်သည့်စနစ်ကို ကျင့်သုံးခဲ့သည်။ ထိုသို့ဆန္ဒမဲများကို ရေတွက်ပြီးနောက် ထိုမဲရုံမှ ရရှိသည့် ဆန္ဒမဲအရေအတွက်ကို ပုံစံ (၁၅) ဖြင့်ပြုစု၍ မဲရုံမှူးနှင့် မဲရုံအဖွဲဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်များက လက်မှတ်ရေးထိုးကြသည်။ ယင်းပုံစံ (၁၅) များကို မြို့နယ်ကော်မရှင်အဖွဲ့ခဲ့များက လှုတ်တော် မဲဆန္ဒနယ်အလိုက် စုစည်းပြီး လှုတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးရရှိသည့် ခိုင်လုံသောဆန္ဒမဲ အရေအတွက်ကို ပုံစံ(၁၆) ဖြင့် ပေါင်းရုံးစုစည်းပြီး မြို့နယ်ကော်မရှင် အဖွဲ့ခဲ့ဝင်များ၊ လှုတ်တော် ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲ ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်များက လက်မှတ်ရေးထိုးကြသည်။ မြို့နယ်ကော်မရှင်အဖွဲ့ခဲ့များက ယင်းသို့ပြုစုကားသည့် ပုံစံ(၁၆) နှင့် ကျင်းပပြီးစီးခဲ့သော ပြည်သူ့လှုတ်တော်ရွေးကောက်ပွဲ အခြေအနေကို ဖော်ပြထားသည့် ပုံစံ (၁၇) တို့ကို ကော်မရှင်သို့ ပေးပို့ကြသည်။ ထိုပုံစံများရရှိသည့်အခါမှ ကော်မရှင်က ပြည်သူ့လှုတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခံရသူကို ကြေညာခဲ့သည်။ ပြည်သူ့လှုတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူကို ယခင်က ရွေးကောက်ပွဲတာဝန်ခံအရာရှိက ကြေညာခဲ့သော်လည်း ယခုကော်မရှင်က ကြေညာသည့်စနစ်ကို ပြောင်းလဲကျင့်သုံးခဲ့သည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီ အဖွဲ့အစည်းများ

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းပြီးသည့်နောက် ကော်မရှင်သည် ယင်းဥပဒေနှင့်အညီ ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်လိုသော နိုင်ငံရေးပါတီအဖွဲ့အစည်းများကို ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့မှစ၍ မှတ်ပုံတင်ခွင့်ပြုခဲ့ရာနောက်ဆုံးမှတ်ပုံတင် ခွင့်ပြုရက်ဖြစ်သည့် ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ငါးလ ခန့်အတွင်း မှတ်ပုံတင်ခွင့်ပြုခဲ့သည့် နိုင်ငံရေးပါတီ အဖွဲ့အစည်းပေါင်းမှာ ၂၃၅ ဖွဲ့ဖြစ်သည်။

ထို့နောက် မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီအဖွဲ့အစည်းများသည် ပါတီတွင်းစည်းရုံးရေးတို့ကို ဆောင်ရွက်ခဲ့ကြရာ၌ ပါတီအချို့သည် ပါတီတွင်းအခြေအနေအရ လည်းကောင်း၊ အခြားနိုင်ငံရေးပါတီအဖွဲ့အစည်းများနှင့် ပူးပေါင်းဖွဲ့စည်းလို၍လည်းကောင်း မိမိတို့၏နိုင်ငံရေးပါတီ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခွင့်ပြုပါရန် ကော်မရှင်သို့ လျှောက်ထားသဖြင့် ကော်မရှင်က ယင်းတို့၏ဆန္ဒအရ နိုင်ငံရေးပါတီ အဖွဲ့အစည်းပေါင်း ၁၀၂ ဖွဲ့ကို ပယ်ဖျက်ပေးခဲ့ရသည်။

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၆ တွင် ရွေးကောက်ပွဲကျင်းပခြင်းမပြုမီ မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီတစ်ခုသည် ပုဒ်မ ၃ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ) သို့မဟုတ် (င) တွင် ဖော်ပြထားသည့် အဖွဲ့အစည်းတစ်ရပ် ဖြစ်ကြောင်း ကော်မရှင်က တွေ့ရှိလျှင် မှတ်ပုံတင်ခွင့်ပြုခဲ့ခြင်းကို ပယ်ဖျက်ရမည်ဟု ပြဋ္ဌာန်းထားသည်။ မှတ်ပုံတင်ခွင့်ပြုထားသော အောက်ပါနိုင်ငံရေးပါတီ အဖွဲ့အစည်းများသည် နိုင်ငံတော်အား လက်နက်စွဲကိုင်၍ တော်လှန်ပုန်ကန်နေသော ဗမာပြည် ကွန်မြူနစ်ပါတီ သောင်းကျန်းသူအဖွဲ့အစည်း၏ မြေပေါ် အဖွဲ့အစည်းများ ဖြစ်ကြောင်း တွေ့ရှိရသည့်အတွက် ကော်မရှင်က ၁၉၈၉ ခုနှစ်၏ စက်တင်ဘာလ ၁၉ ရက်စုံပါ ကြေညာချက် အမှတ် ၃၁၄၊ ၃၁၅၊ ၃၁၆ တို့ကို ထုတ်ပြန်၍ ပယ်ဖျက်ခဲ့သည် --

(၁) အမျိုးသားနိုင်ငံရေးတပ်ပေါင်းစု (ဗန ပ)
မန္တလေးမြို့၊
(၂) ပြည်သူ့တိုးတက်ရေးပါတီ၊ ရန်ကုန်မြို့၊
(၃) အမြဲစိမ်းလူငယ်များအဖွဲ့၊ မုံရွာမြို့။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါတီအဖွဲ့အစည်းမရှိသော နိုင်ငံသားများအား တစ်သီးပုဂ္ဂလအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ပြုခဲ့သည်။ ပါတီအဖွဲ့အစည်းအလိုက် ပါဝင်ယှဉ်ပြိုင်ပါက ပါတီအဖွဲ့အစည်းမရှိသော တစ်သီးပုဂ္ဂလလှုတ်တော်ကိုယ်စားလှယ်လောင်းများထက် ပိုမို၍ လှုတ်တော်မဲဆန္ဒနယ်များတွင် ပါဝင်ယှဉ်ပြိုင်မှုသာလျှင် ပါတီအဖွဲ့အစည်း၏ ဂုဏ်သိက္ခာရှိနိုင်မည်ဖြစ်သဖြင့် ပါတီအဖွဲ့အစည်းအသီးသီးသည် ရွေးကောက်ပွဲတွင် အနည်းဆုံး လှုတ်တော်မဲဆန္ဒနယ် သုံးနယ်စီ၌ ယှဉ်ပြိုင်ကြပါရန် ကော်မရှင်က ၁၉၈၉ ခုနှစ် ဒီဇင်ဘာလ ၅ ရက်စွဲပါ ကြေညာချက်အမှတ် ၃၃၇ ဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

အထက်ပါကြေညာချက်နှင့်အညီ ၁၉၇၉ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့အထိ နိုင်ငံရေးပါတီ အဖွဲ့အစည်းပေါင်း ၁၁၇ ဖွဲ့တို့က ရွေးကောက်ပွဲဦအနည်းဆုံး မဲဆန္ဒနယ် သုံးနယ်နှင့်အထက် ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း အောက်ပါအတိုင်း တင်ပြခဲ့ကြသည်

(၁)	မဲဆန္ဒနယ် ၃၀၀ နယ်နှင့်အထက် ယှဉ်ပြိုင်မည်ဟု တင်ပြထားသည့် နိုင်ငံရေးပါတီ အဖွဲ့အစည်းပေါင်း	၆ ဖွဲ့
(၂)	မဲဆန္ဒနယ် ၁၁၁ နယ်မှ ၂၀၀ နယ် အတွင်း ယှဉ်ပြိုင်မည်ဟု တင်ပြထားသည့် နိုင်ငံရေးပါတီ အဖွဲ့အစည်းပေါင်း	၄ ဖွဲ့
(၃)	မဲဆန္ဒနယ် ၅၁ နယ်မှ ၁၀၀ နယ် အတွင်း ယှဉ်ပြိုင်မည်ဟု တင်ပြထားသည့် နိုင်ငံရေးပါတီ အဖွဲ့အစည်းပေါင်း	၄ ဖွဲ့
(၄)	မဲဆန္ဒနယ် ၁၁ နယ်မှ ၅၀ နယ် အတွင်း ယှဉ်ပြိုင်မည်ဟု တင်ပြထားသည့် နိုင်ငံရေးပါတီ အဖွဲ့အစည်းပေါင်း	၃၁ ဖွဲ့
(၅)	မဲဆန္ဒနယ် ၃ နယ်မှ ၁၀ နယ် အတွင်း ယှဉ်ပြိုင်မည်ဟု တင်ပြထားသည့် နိုင်ငံရေးပါတီ အဖွဲ့အစည်းပေါင်း	၇၂ ဖွဲ့

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ နိုင်ငံရေးပါတီ အဖွဲ့အစည်းများက ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်လိုသဖြင့် မှတ်ပုံတင်ပေးရန် လျှောက်ထားချက်အရ ကော်မရှင်က စိစစ်ပြီး ယင်းဥပဒေပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်သောနိုင်ငံရေးပါတီ အဖွဲ့အစည်းများကို မှတ်ပုံတင်ပေးခဲ့သည်။ ထို့ကြောင့် ကော်မရှင်က ၁၉၇၉ ခုနှစ် ဒီဇင်ဘာလ ၅ ရက်စွဲပါ ကြေညာချက် အမှတ် ၃၃၇ ဖြင့် ပါတီအဖွဲ့အစည်းများသည် ရွေးကောက်ပွဲတွင် အနည်းဆုံး ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်သုံးနယ်၌ ဝင်ရောက်ယှဉ်ပြိုင်ရန် သတ်မှတ်တိုက်တွန်းခဲ့သော်လည်း ရွေးကောက်ပွဲတွင် လုံးဝယှဉ်ပြိုင်ခြင်းမပြုနိုင်သော နိုင်ငံရေးပါတီ အဖွဲ့အစည်းပေါင်း ၃၁ ဖွဲ့ကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၃ ရက်စွဲပါအမိန့် အမှတ် ၁/၉၀ ဖြင့် ဖျက်သိမ်းခဲ့သည်။

ထို့ပြင် ပြည်သူလွှတ်တော် မဲဆန္ဒနယ်တစ်နယ် သို့မဟုတ် နှစ်နယ်တွင်သာ ဝင်ရောက်ယှဉ်ပြိုင်သည့် အောက်ပါ နိုင်ငံရေးပါတီ အဖွဲ့အစည်းခြောက်ခုကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၃ ရက်စွဲပါ အမိန့် ၂/၉၀ ဖြင့် ဖျက်သိမ်းခဲ့သည်။

(၁) လူမျိုးပေါင်းစုံ ချစ်ကြည်ရေးအသင်း (ပြည်ထောင်စု မြန်မာနိုင်ငံ)၊
(၂) ကျောင်းသားများ ဒီမိုကရေစီ အရေးတော်ပုံပါတီ၊
(၃) လူမျိုးစုပေါင်းစည်း ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊
(၄) အမျိုးသားတိုးတက်ရေး ဆိုရှယ်လစ်အဖွဲ့ချုပ်၊
(၅) အရှိုချင်းအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့ချုပ် (အ-မ-ဖ-ခ)၊
(၆) ဒီမိုကရေစီ သမ္မတနိုင်ငံ တည်တံ့ရေးတပ်ဦး (မြန်မာနိုင်ငံ)။

ယင်းအမိန့်တွင် သက်ဆိုင်ရာ ပြည်သူလွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ခံပိုင်ခွင့် မဆုံးရှုံးစေသောဥာ အထက်ဖော်ပြပါ ဖျက်သိမ်းလိုက်သည့် ပါတီအဖွဲ့အစည်းများ၏ အမည်ခံလျက် သက်ဆိုင်ရာမြို့နယ်စုကော်မရှင်အဖွဲ့ခဲ့၌ ပြည်သူလွှတ်တော် ကိုယ်စားလှယ်လောင်းများအဖြစ် အမည်စာရင်း တင်သွင်းထားသူများအား တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများအဖြစ် မှတ်ယူရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ထိုသို့ ဖျက်သိမ်းလိုက်သည့် ပါတီများကို ကိုယ်စားပြု၍ လွှတ်တော်မဲဆန္ဒနယ်တစ်နယ် သို့မဟုတ် နှစ်နယ် ဝင်ရောက်ယှဉ်ပြိုင်ရန် အမည်စာရင်းတင်သွင်းထားသော လွှတ်တော်ကိုယ်စားလှယ်လောင်း ရှစ်ဦးတို့ကို တစ်သီးပုဂ္ဂလအဖြစ် ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံခွင့် ပြုခဲ့သည်။

ထို့ကြောင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် လွှတ်တော်မဲဆန္ဒနယ် သုံးနယ်နှင့် အထက် ပါဝင် ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီ အဖွဲ့အစည်းပေါင်း ၉၃ ဖွဲ့ ကျန်ရှိခဲ့သည်။

သင်္ကေတများသတ်မှတ်ခြင်း

ပြည်သူလွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေ ၁၀၆ အရ ဆန္ဒမဲလက်မှတ်ပေါ်တွင် ရိုက်နှိပ်ရန် ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီအဖွဲ့အစည်း အသီးသီးအတွက် သင်္ကေတများကို ကော်မရှင်က

သက်ဆိုင်ရာ ပါတီအပ္ခဲအစည်းများနှင့် ညှိနှိုင်းသတ်မှတ်ပေးခဲ့သည်။ တစ်သီးပုဂ္ဂလများအတွက်လည်း သင်္ကေတ ၁၁ ခုကို သီးခြားသတ်မှတ်ပေးခဲ့သည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါတီအပ္ခဲအစည်းများကို ကိုယ်စားပြုသည့် လှုတ်တော်ကိုယ်စားလှယ်လောင်းများ အသုံးပြုရန် ညှိနှိုင်းသတ်မှတ်ထားသည့် သင်္ကေတများကို ကော်မရှင်က ကြေညာချက် ၃၆၁၊ ၃၆၅၊ ၃၇၀ တို့ဖြင့် ထုတ်ပြန် ကြေညာသည်။

မဲရုံအရေအတွက်နှင့် မဲရုံအဖွဲ့ဝင်ဦးရေသတ်မှတ်ခြင်း

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့ရာ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မဲရုံပေါင်း ၁၅,၁၅၄ ရုံ သတ်မှတ်ပေးခဲ့သည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတိုင်းတွင် ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူ ၅၀၀ အထိရှိလျှင် မဲရုံတစ်ရုံထားရှိပြီး ယင်းမဲရုံများတွင် မဲရုံအဖွဲ့ဝင်ဦးရေကို အောက်ပါအတိုင်း သတ်မှတ်ဖွဲ့စည်းပေးခဲ့သည်။

(က) မဲဆန္ဒရှင် ၁၀၀၀ အထိရှိသောမဲရုံ-

(၁)	မဲရုံမှူး	၁ ဦး
(၂)	မဲစာရင်းစစ်ဆေးသူ	၁ ဦး
(၃)	ဆန္ဒမဲလက်မှတ်ထုတ်ပေးသူ	၁ ဦး
(၄)	မဲပုံးစောင့်	၁ ဦး
	စုစုပေါင်း	၄ ဦး

(ခ) မဲဆန္ဒရှင်ဦးရေ ၁၀၀၁ မှ ၃၀၀၀ အထိရှိသောမဲရုံ

(၁)	မဲရုံမှူး	၁ ဦး
(၂)	မဲစာရင်းစစ်ဆေးသူ	၂ ဦး
(၃)	ဆန္ဒမဲလက်မှတ်ထုတ်ပေးသူ	၂ ဦး
(၄)	မဲပုံးစောင့်	၁ ဦး
	စုစုပေါင်း	၆ ဦး

(ဂ) မဲဆန္ဒရှင်ဦးရေ ၃၀၀၁ မှ ၄၀၀၀ အထိရှိသောမဲရုံ-

(၁)	မဲရုံမှူး	၁ ဦး
(၂)	မဲစာရင်းစစ်ဆေးသူ	၂ ဦး
(၃)	ဆန္ဒမဲလက်မှတ်ထုတ်ပေးသူ	၂ ဦး
(၄)	မဲပုံးစောင့်	၁ ဦး
	စုစုပေါင်း	၈ ဦး

(ဃ) မဲဆန္ဒရှင်ဦးရေ ၄၀၀၁ မှ ၅၀၀၀ အထိရှိသောမဲရုံ

(၁)	မဲရုံမှူး	၁ ဦး
(၂)	မဲစာရင်းစစ်ဆေးသူ	၄ ဦး
(၃)	ဆန္ဒမဲလက်မှတ်ထုတ်ပေးသူ	၄ ဦး
(၄)	မဲပုံးစောင့်	၁ ဦး
	စုစုပေါင်း	၁၀ ဦး

(င) မဲဆန္ဒရှင်ဦးရေ ၅၀၀၁ မှ ၇၀၀၀ အထိရှိသောမဲရုံ

(၁)	မဲရုံမှူး	၁ ဦး
(၂)	မဲစာရင်းစစ်ဆေးသူ	၅ ဦး
(၃)	ဆန္ဒမဲလက်မှတ်ထုတ်ပေးသူ	၅ ဦး
(၄)	မဲပုံးစောင့်	၁ ဦး
	စုစုပေါင်း	၁၁ ဦး

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပမည့် နေ့ရက်နှင့် ပြည်သူလှုတ်တော် ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းလာတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့် စပ်လျဉ်းသည့်နေ့ရက်များ သတ်မှတ် ကြေညာခြင်း

ကော်မရှင်သည် ရွေးကောက်ပွဲ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ထုတ်ပြန်ကြေညာထားသည့် လုပ်ငန်းအစီအစဉ်နှင့် အချိန်ဇယားများအတိုင်း လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ယင်းသို့ သတ်မှတ်ထားသော အချိန်ဇယားအတိုင်း ပြည်သူ့လှုတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၂၀ ပုဒ်မခွဲ (ဂ) နှင့် ပြည်သူ့လှုတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၁၀ အရ အောက်ပါနေ့ရက်များကို ကော်မရှင်က ၁၉၀၉ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်စွဲပါ ကြေညာချက် အမှတ် ၃၂၆ ဖြင့် သတ်မှတ်ကြေညာခဲ့သည်။

(၁) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပမည့်နေ့ရက် — ၁၃၅၂ ခုနှစ် နယုန်လဆန်း ၄ ရက်၊ ၁၉၉၀ ပြည့်နှစ်၊ မေလ ၂၇ ရက်၊ တနင်္လာနေ့

(၂) ပြည်သူ့လှုတ်တော် မဲဆန္ဒနယ်အသီးသီး အတွက် လှုတ်တော် ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းနိုင် သည့် ရက်နှင့် နောက်ဆုံးနေ့ရက် — ၁၃၅၁ ခုနှစ် ပြာသိုလဆန်း ၂ ရက်မှ ဂရက် အထိ (၁၉၈၉ ခု နှစ် ဒီဇင်ဘာလ ၂၀ ရက်မှ ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ ၃ ရက် အထိ)

(၃) လွှတ် တော် ကိုယ် စား လှယ် လောင်း အမည်စာရင်း တင် သွင်း လွှာ များ ကို မဲစစ်မည့်နေ့ရက်

၁၃၅၁ ခုနှစ် ပြာသို လဆန်း ၁၀ ရက်မှ ၁၄ ရက်အထိ (၁၉၉၀ ပြည့်နှစ် ဇန်ဝါရီလ ၅ ရက် မှ ၉ ရက်အထိ)

(၄) လွှတ် တော် ကိုယ် စား လှယ် လောင်း အမည်စာရင်း တင် သွင်း လွှာ ကို ရုပ် သိမ်းလိုက ရုပ်သိမ်း နိုင်သည့် နောက်ဆုံး နေ့ရက်

၁၃၅၁ ခုနှစ် ပြာသို လပြည့်ကျော် ၁၂ ရက် (၁၉၉၀ ပြည့်နှစ် ဇန် နဝါရီလ ၂၂ ရက် ရုံး ချိန်အတွင်း)

လွှတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပရန် အခြေအနေမပေးသေးသည့် နယ်မြေများ

ကော်မရှင်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော် အတွင်းရှိ နယ်မြေအားလုံးတွင် လွှတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကို ကျင်းပနိုင်ရေးအတွက် ပြည်သူလွှတ်တော် မဲဆန္ဒနယ် ၄၉၂ နယ်ကို သတ်မှတ်ခဲ့သည်။ ထိုသို့သတ်မှတ်ခဲ့သော်လည်း အောက်ဖော်ပြပါ မဲဆန္ဒနယ်ခုနစ်နယ်တွင် ကျင်းပရန်ရှိသည့် ရွေးကောက်ပွဲလုပ်ငန်းများကို ပြည်သူလွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ အချိန်မီ ဆောင်ရွက် နိုင် ရန် အခက်အခဲရှိကြောင်း သိရသည့်အတွက် ခေတ္တ ဆိုင်း ငံ့ လိုက်ကြောင်း ကြေညာချက် အမှတ် ၃၀၄ နှင့် ၃၉၅ တို့ဖြင့် ထုတ်ပြန်ခဲ့သဖြင့် မဲဆန္ဒနယ်ပေါင်း ၄၈၅ နယ်တွင်သာ ရွေးကောက်ပွဲများကို ကျင်းပခဲ့သည်။

(၁) ရှမ်းပြည်နယ်၊ ကုန်းကြမ်းမြို့နယ် ပြည်သူလွှတ်တော် မဲဆန္ဒနယ်၊

(၂) ရှမ်းပြည်နယ်၊ နားဖန်မြို့နယ်ပြည်သူလွှတ်တော် မဲဆန္ဒနယ်၊

(၃) ရှမ်းပြည်နယ်၊ ပန် ဝိုင် မြို့ နယ် ပြည်သူလွှတ်တော် မဲဆန္ဒနယ်၊

(၄) ရှမ်းပြည်နယ်၊ ပန် ယန်း မြို့ နယ် ပြည်သူလွှတ်တော်မဲဆန္ဒနယ်၊

(၅) ရှမ်းပြည်နယ်၊ မိုင်း မော မြို့ နယ် ပြည်သူလွှတ်တော် မဲဆန္ဒနယ်၊

(၆) ရှမ်းပြည်နယ်၊ မန်ဖန်(သံလွင်)မြို့နယ်ပြည်သူ လွှတ်တော်မဲဆန္ဒနယ်၊

(၇) ကချင်ပြည်နယ်၊ အင်ကြန်းယန်မြို့နယ် ပြည်သူ လွှတ်တော်မဲဆန္ဒနယ်။

ဆန္ဒမဲများ ရေတွက်ခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် အမည်ကြေညာခြင်း

ရွေးကောက်ပွဲကျင်းပသောနေ့တွင် ဆန္ဒမဲပေးလိုသော မဲဆန္ဒရှင်များသည် မဲရုံများ၌ နံနက် ၆ နာရီမှ ညနေ ၄ နာရီအချိန်အတွင်း မိမိတို့ကြိုက် နှစ်သက်ရာ လွှတ်တော် ကိုယ်စားလှယ် လောင်းကို လျှို့ဝှက်စွာ လွှတ်လွှတ်လပ်လပ် ဆန္ဒမဲပေးခဲ့ကြသည်။

၁၉၉၀ ပြည့်နှစ် မေလ ၂၇ ရက်နေ့တွင် ရွေးကောက်ပွဲကျင်းပသည့် ပြည်သူလွှတ်တော်မဲဆန္ဒနယ်ပေါင်း ၄၈၅ နယ်တို့နှင့် စပ်လျဉ်းသည့် ဆန္ဒမဲပေးမှု အခြေအနေများနှင့် ရာခိုင်နှုန်းများကို အောက်ပါအတိုင်း ထုတ်ပြန်ဖော်ပြပေး ခဲ့သည်။

(က) **ရွေးကောက်ပွဲကျင်းပမှု အခြေအနေ**

(၁) ရွေးကောက်ပွဲကျင်းပရန် သတ်မှတ်ထားသည့်မဲဆန္ဒနယ်ပေါင်း	၄၉၂ နယ်
(၂) ရွေးကောက်ပွဲ ကျင်းပခဲ့သည့် မဲဆန္ဒ နယ်ပေါင်း	၄၈၅ နယ်
(၃) ရွေးကောက်ပွဲကျင်းပနိုင်သည့် ရာခိုင်နှုန်း	၉၈.၇၈ %

(ခ) **ဆန္ဒမဲပေးမှုအခြေအနေ**

(၁) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ	၂,၀၈,၁၈,၃၁၃ ဦး
(၂) လာရောက်ဆန္ဒမဲပေးသူဦးရေ	၁,၅၁,၁၂,၅၂၄ ဦး
(၃) ဆန္ဒမဲပေးမှုရာခိုင်နှုန်း	၇၂.၅၉ %

(ဂ) **ခိုင်လုံသော ဆန္ဒမဲရရှိမှု အခြေအနေ**

(၁) လာရောက်ဆန္ဒမဲပေးသူဦးရေ	၁,၅၁,၁၂,၅၂၄ ဦး
(၂) ရရှိသည့် ခိုင်လုံသော ဆန္ဒမဲအရေအတွက်	၁,၃၂,၅၃,၆၀၆ မဲ

(၃) ခိုင်လုံသော ဆန္ဒမဲ ရရှိမှု ရာခိုင်နှုန်း ၇၇.၇ %

(ဃ) ပယ်မဲ၊ ပျောက်မဲ၊ ထပ်မဲ အခြေအနေ

(၁) လာရောက် ဆန္ဒမဲပေးသူဦးရေ ၁,၅၁,၁၂,၅၂၄ ဦး

(၂) ခိုင်လုံသော ဆန္ဒမဲရရှိသည့်အရေအတွက် ၁,၃၂,၅၃,၆၀၆ မဲ

(၃) ပယ်မဲ၊ ပျောက်မဲ၊ ထပ်မဲ အရေအတွက် ၁၈,၅၈,၉၁၈ မဲ

(၄) ရရှိသည့် ဆန္ဒမဲများအနက်ပယ်မဲ၊ ပျောက်မဲ၊ ထပ်မဲ ရာခိုင်နှုန်း ၁၂.၃ %

(ဂ) လွှတ်တော် ကိုယ်စားလှယ် လောင်းများ ယှဉ်ပြိုင်မှုအခြေအနေ

(၁) ယှဉ်ပြိုင်သည့်လွှတ်တော် ကိုယ် စား လှယ်လောင်း ဦးရေ ၂,၂၉၆ ဦး

(၂) ပါတီ အဖွဲ့အစည်းများ ကိုကိုယ်စားပြု၍ယှဉ်ပြိုင်သည့် လွှတ်တော် ကိုယ် စားလှယ်လောင်းဦးရေ ၂,၂၀၉ ဦး

(၃) တစ်သီးပုဂ္ဂလလွှတ်တော် ကိုယ် စား လှယ်လောင်း ဦးရေ ၈၇ ဦး

(၄) ပါတီ အဖွဲ့အစည်းများ ကို ကိုယ် စားပြု ၍ ဝင် ရောက် ယှဉ် ပြိုင် သည့် လွှတ် တော် ကိုယ် စား လှယ်လောင်း ရာခိုင်နှုန်း ၉၆.၂၁ %

(၅) တစ် သီး ပုဂ္ဂ လ လွှတ် တော် ကိုယ် စား လှယ် လောင်းရာခိုင်နှုန်း ၃.၇၉ %

(စ) လွှတ်တော် ကိုယ်စားလှယ် လောင်းများ၏ ရွေးကောက်ခံရမှုအခြေအနေ

(၁) ပါတီ အဖွဲ့အစည်းများ ကို ကိုယ်စားပြု၍ ယှဉ် ပြိုင်သည့် လွှတ်တော် ကိုယ် စား လှယ်လောင်း ဦးရေ ၂,၂၀၉ ဦး

(၂) ရွေးကောက်တင်မြောက် ခံရသော ပါတီ အဖွဲ့ အစည်းများကို ကိုယ် စားပြုသည့် လွှတ်တော် ကိုယ်စားလှယ် ဦး ရေ ၄၇၉ ဦး

(၃) ရွေးကောက်တင်မြောက် ခံရမှု ရာခိုင်နှုန်း ၂၁.၆၈ %

(ဆ) တစ်သီးပုဂ္ဂလ လွှတ် တော် ကိုယ် စား လှယ် လောင်းများ၏ရွေးကောက်ခံရမှုအခြေအနေ

(၁) ပါဝင်ယှဉ်ပြိုင်သည့် တစ် သီး ပုဂ္ဂလ လွှတ်တော် ကိုယ် စား လှယ် လောင်း ဦးရေ ၇၇ ဦး

(၂) ရွေးကောက်တင်မြောက် ခံရသည့် တစ်သီး ပုဂ္ဂလ လွှတ် တော် ကိုယ် စား လှယ် ဦးရေ ၆ ဦး

(၃) ရွေးကောက်တင်မြောက် ခံရမှု ရာခိုင်နှုန်း ၆.၉ %

(ဇ) လွှတ်တော် ကိုယ်စားလှယ်လောင်းများ၏ ခိုင်လုံသောဆန္ဒမဲ ရှစ်ပုံတစ်ပုံနှင့် အထက် ရရှိမှု အခြေအနေ

(၁) ယှဉ်ပြိုင်သည့် လွှတ်တော် ကိုယ် စား လှယ် လောင်း ဦးရေ ၂,၂၉၆ ဦး

(၂) ခိုင်လုံသော ဆန္ဒမဲ ရှစ်ပုံ တစ်ပုံနှင့် အ ထက် ရ ရှိ သည့် လွှတ် တော် ကိုယ် စားလှယ်လောင်း ဦးရေ ၁,၀၄၉ ဦး

(၃) ရာခိုင်နှုန်း ၄၅.၆၉ %
(၄) ခိုင်လုံသော ဆန္ဒမဲ ရှစ်ပုံ တစ်ပုံအောက် ရရှိသည့် လွှတ်တော် ကိုယ်စား လှယ် လောင်း ဦး ရေ ၁,၂၄၇ ဦး
(၅) ရာခိုင်နှုန်း ၅၄.၃၁ %

ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေး ကောက် ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (ဂ) အရ ပြည်ထောင်စု မြန်မာနိုင်ငံတော် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (ဃ) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (င) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (စ) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (ဆ) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (ဇ) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (ဈ) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (ည) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (ဋ) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (ဌ) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (ဍ) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (ဎ) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (ဏ) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (တ) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (ထ) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (ဒ) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (ဓ) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (န) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (ပ) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (ဖ) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (ဗ) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (ဘ) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (မ) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (ယ) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (ရ) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (လ) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (ဝ) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (သ) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (ဟ) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (အ) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (ဣ) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (ဤ) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (ဥ) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (ဦ) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (ဧ) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (ဩ) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (ဪ) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (ါ) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (ာ) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (ိ) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (ီ) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (ု) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (ူ) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (ေ) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (ဲ) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (ဳ) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (ဴ) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (ဵ) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (ံ) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (့) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (း) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (္) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (်) အရ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်က ကြေညာသော ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အတွက် ရွေးကောက်ခံ ရသော ကိုယ်စားလှယ်နေရာ ၁၁၃၃ နေရာ ရရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၂ ပုဒ်မခွဲ (္

အမှတ် ၂ မှ ရွှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ ဦးစဝ်သာတင့်သည် ၁၉၉၀ ပြည့်နှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် လည်းကောင်းကွယ်လွန်အနိစ္စ ရောက်ဘွားခဲ့ပါသဖြင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက် ခံရသူပေါင်းမှာ ၃၉၁ ဦးနှင့် ရွှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်မှ လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခံရသူပေါင်းမှာ ၂၂ ဦးသာ ကျန်ရှိခဲ့သည်။

ရွေးကောက်ပွဲအတွက် နိုင်ငံတော်မှ ကျခံသုံးစွဲသည့် ငွေများ

ကော်မရှင်သည် ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရေးအတွက် ကြိုတင် ပြင်ဆင်မှု လုပ်ငန်းများကို ၁၉၇၈ ခုနှစ် စက်တင်ဘာလက စ၍ ဆောင်ရွက်ခဲ့သည်။ ရွေးကောက်ပွဲ လုပ်ငန်းများအနက် အဓိကလုပ်ငန်းများဖြစ်သည့် စာရေးကိရိယာများဝယ်ယူဖြန့်ဖြူးခြင်း၊ ဆန္ဒမဲလက်မှတ်များ ရိုက်နှိပ်ခြင်း၊ ဆန္ဒပြုတံဆိပ်တုံးနှင့် တံဆိပ်ရိုက် မင်ခံခွက်များ ဝယ်ယူခြင်း၊ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခဲ့များ၏ လုပ်ငန်းလမ်းညွှန်နှင့် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအတွက် လမ်းညွှန် စသည့် စာအုပ်များကို ပြုစုပုံနှိပ်ဖြန့်ဝေခြင်း၊ မဲရုံဆောက်လုပ်ခြင်း၊ မဲပုံးများ ပြုလုပ်ခြင်း စသည့်တို့အတွက် ကုန်ကျစရိတ်များကို လည်းကောင်း၊ ရွေးကောက်ပွဲ လုပ်ငန်းများကို ပြည်နယ်သို့မဟုတ် တိုင်း၊ မြို့နယ်စု၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခဲ့များက အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကုန်ကျမည့် အသုံးစရိတ်များကိုလည်းကောင်း နိုင်ငံတော်၏ ဘဏ္ဍာငွေမှ ကျခံသုံးစွဲခဲ့သည်။ ယင်းသို့ကျခံ သုံးစွဲခဲ့ရာတွင် ဘဏ္ဍာနှစ်အလိုက် ကုန်ကျငွေများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

(၁) ၁၉၇၈–၇၉ ဘဏ္ဍာနှစ် ကျပ် ၂၂,၂၆,၃၂၂ (၁–၁၀–၇၈ မှ ၃၁–၃–၇၉)

(၂) ၁၉၇၉–၉၀ ဘဏ္ဍာနှစ် ကျပ် ၁,၉၅,၇၈,၄၅၇ (၁–၄–၇၉ မှ ၃၁–၃–၉၀)

(၃) ၁၉၉၀–၉၁ ဘဏ္ဍာနှစ် ကျပ် ၁,၃၈,၁၃,၁၂၃ (၁–၄–၉၀ မှ ၃၀–၆–၉၀)

ခန့်မှန်းကုန်ကျငွေ

စုစုပေါင်း = ကျပ် ၃,၅၆,၁၇,၃၀၃


ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပပြီးစီးခြင်း

ဤကော်မရှင်သည် လွှတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ လုပ်ငန်းများကို ၁၉၇၈ ခုနှစ် စက်တင်ဘာလမှစ၍ ဆောင်ရွက်ခဲ့သည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ချောမောပြေပြစ်သည့် လုပ်ငန်းများ ရှိသကဲ့သို့ အခွျိုလုပ်ငန်းများကို လည်း နိုင်ငံရေးအရ လည်းကောင်း၊ စီမံခန့်ခွဲရေးအရ လည်းကောင်း ကြိုးစားဖြေရှင်း ဆောင်ရွက်ခဲ့ကြသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ယင်း၏စတုတ္ထတာဝန်အဖြစ် လွှတ်လပ်၍တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပပေးရန် သတ်မှတ်ခဲ့သည်။ ပြည်သူများကလည်း လွှတ်လပ်၍ တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ကျင်းပပေးရန် လိုလားတောင်းတခဲ့ကြသည်။

ထို့ကြောင့် ကော်မရှင်သည် မိမိအား ပေးအပ်ထားသည့် လွှတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီး ကျင်းပရန် တာဝန်ကို လုပ်ငန်းအစီအစဉ်နှင့် အချိန်ဇယားများ ချမှတ်ကာ တစ်ဆင့်ပြီးတစ်ဆင့် အတိအကျအောင်မြင်စွာဆောင်ရွက်၍ နောက်ဆုံး ပန်းတိုင်နေ့ဖြစ်သော ၁၃၅၂ ခုနှစ် နယုန်လဆန်း ၄ ရက် (၁၉၉၀ ပြည့်နှစ် မေလ ၂၇ ရက်) နေ့တွင် လွှတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာ ကျင်းပပေးခဲ့ပြီး ဖြစ်သည်။ ယင်းသို့ အောင်မြင်စွာ ကျင်းပခဲ့ခြင်းနှင့် စပ်လျဉ်း၍ ပြည်သူအမြောက်အမြားက လည်းကောင်း၊ ဆန္ဒမဲပေးကြသူ မဲဆန္ဒရှင်အမြောက်အမြားက လည်းကောင်း၊ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် နိုင်ငံရေးပါတီ အများစုကလည်းကောင်း လွှတ်လပ်၍တရားမျှတသည်ဟု ဝမ်းမြောက်ဝမ်းသာချီးကျူးကြသည်အထိသာမက ယခင်က သံသယရှိသည်ဟု အတိအလင်း ထုတ်ဖော်ပြောဆိုခဲ့ကြသည့် နိုင်ငံခြားအစိုးရများ၊ နိုင်ငံခြားသံတမန်များနှင့် နိုင်ငံခြားသတင်းထောက်များနှင့် နိုင်ငံခြားသတင်းဌာနများကပင် လွှတ်လပ်၍ တရားမျှတမှု ရှိသည်ဟု လည်းကောင်း၊ စနစ်တကျ ရှိသည်ဟု လည်းကောင်း တစ်သံတည်း ဝန်ခံ ချီးကျူးခဲ့ကြသည်။

ဦးအေးမောင်



ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်မြတ်များ


နိုင်ငံတော်အစိုးရ မင်းအဆက်ဆက်မှသာသနာ့အကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူကြသော ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်းခဲ့သည့် သမိုင်းစဉ်တွင် အထူးခြားဆုံးနှစ်အဖြစ် ၁၃၅၁ ခုနှစ် ပြာသိုလဆန်း ၉ ရက် (၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက်) နေ့တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို ပိဋကတ်သုံးပုံ၌ ကျွမ်းကျင် လိမ္မာ တော် မူ ကြ သော သာသနာ့ဦးသျှောင် သက်တော်ရှည် ဆရာတော်ကြီး နှစ်ပါးတို့အားလည်းကောင်း၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ပရိယတ္တိစာသင်တိုက်ကြီးမှူး ပဓာန နာယက ဆရာတော် ၃၄ ပါးတို့အား လည်းကောင်း ဆက်ကပ် လှူဒါန်းခဲ့သည်။

ဆက်ကပ်လှူဒါန်း ပူဇော်သည့် အခမ်းအနားသဘင်ကြီးကို ၁၃၅၁ ခုနှစ် တပေါင်းလပြည့် (၁၉၉၀ ပြည့်နှစ် မတ်လ ၁၀ ရက်) စနေနေ့တွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေး ကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏ လိုဏ်ဂူတော်ကြီးတွင် ကျင်းပပြုလုပ်ခဲ့သည်။

ဤသို့ သာသနာတော်၏ အကျိုးကို စွမ်းစွမ်းတမံ သယ်ပိုး ရွက်ဆောင်တော်မူကြသော ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်သူမြတ်များ၏ ထေရပ္ပတ္တိ အကျဉ်းကို အမျှားပြည်သူတို့ ကြည်ညို သဒ္ဓါပွားနိုင်စေရန် စုစည်း ဖော်ပြအပ်ပါသည်။

ဆရာတော်ဘဒ္ဒန္တ သေဋ္ဌိလာဘိဝံသ
အဘိဓဇ မဟာရဋ္ဌဂုရု
ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ အရှင်သေဋ္ဌိလ ဗိမာန်ကျောင်းတိုက်

ဆရာတော် ဘဒ္ဒန္တသေဋ္ဌိလာဘိဝံသကို မန္တလေးတိုင်း ပျော်ဘွယ်မြို့အရှေ့ဘက်ငါးမိုင်ကွာ ပုတီးကုန်းရွာကြီးတွင် ခမည်းတော် ဦးအေး၊ မယ်တော် ဒေါ်ထွေးတို့မှ ၁၂၅၈ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁ ရက် သောကြာနေ့တွင် ဖွားမြင်သည်။ သားသမီး သုံးယောက်အနက် တတိယ သားရတနာဖြစ်၍ မောင်ခင်ဟု အမည်တွင်သည်။



အသက် ၁၃ နှစ်အရွယ် ၁၂၇၁ ခုနှစ်တွင် ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ပုတီးကုန်းဆရာတော် ဦးကဝိန္ဒထံတော်၌ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ ဘွဲ့တော်မှာ ရှင်သေဋ္ဌိလ ဖြစ်သည်။

၁၂၇၃ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့တွင် မော်လမြိုင်မြို့ တောင်လေးလုံးကျောင်းတိုက် ခဏ္ဍသိမ်တော်ကြီးတွင် ကြံခင်းကျောင်းတိုက်ဆရာတော် အရှင်အာဒိစ္စဝံသကို ဥပဇ္ဈာယ်ပြုလျက် မော်လမြိုင်မြို့ ဦးဖိုးခင်၊ ဒေါ်ငြိမ်းမြတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဆရာတော်သည် ကျောင်းသားဘဝ ရှစ်နှစ်သားအရွယ်မှစ၍ ပရိယတ္တိအခြေခံကျမ်းစာများကို သင်ယူဆည်းပူး

ခဲ့သည်။ ရှင်သာမဏေဘဝနှင့်ရဟန်းဘဝတို့၌ တောင်ငူမြို့ ဇေတဝန်စာသင်တိုက်ဆရာတော် ဦးသုန္ဒရ၊ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် နာယကဆရာတော်များ၊ မော်လမြိုင်မြို့ကြံခင်းကျောင်းတိုက် ဆရာတော် အရှင်အာဒိစ္စဝံသ၊ မန္တလေးမြို့ မိုးကောင်းကျောင်းတိုက် ညောင်ရမ်းဆရာတော်၊ ဘုရားကြီးတိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ အာစာရ၊ ခေမာသီဝံကျောင်း တိုက် ဆရာတော်တို့ထံ စာပေပရိယတ္တိကို သင်ယူဆည်းပူးခဲ့သည်။

ဆရာတော် အရှင်အာဒိစ္စဝံသသည် မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ပြောင်းရွှေ့၍ အရှင်အာဒိစ္စဝံသ စာသင်တိုက် တည်ထောင်တော်မူသောအခါ ဆရာတော်ဘုရား၏မိန့်မှာ ချက်အရ ၎င်းကျောင်းတိုက်၌ ဆရာတော်အရှင်သေဋ္ဌိလာဘိဝံသ လောင်းလျှာသည် စာပေပညာတို့ကို ဆည်းပူးတော်မူရင်း ပဌမတန်းစာချအဖြစ် ရှစ်နှစ်တာမျှ စာပေပို့ချခဲ့သည်။

အိန္ဒိယနိုင်ငံ တဂိုး တက္ကသိုလ်တွင်လည်း သက္ကတ ဘာသာနှင့် အင်္ဂလိပ်ဘာသာကို သင်ယူခဲ့သည်။

ဆရာတော်လောင်းလျှာသည် ရဟန်းသိက္ခာ တစ်ဝါ အရတွင် ရန်ကုန်မြို့ စေတိယင်္ကစာမေးပွဲနှင့် မန္တလေးမြို့ သကျသီဟ ပရိယတ္တိ သာသနဟိတ စာမေးပွဲနှစ်ခုတို့ကို တစ်နှစ်ထဲတွင် စာသင်တန်းကိုအောင်မြင်တော်မူခဲ့သည်။ နှစ်ဝါအရတွင် အစိုးရပထမပြန်စာမေးပွဲတွင် ပထမကျော် အောင်မြင်တော် မူခဲ့သည်။ သုံးဝါအရတွင် မန္တလေးမြို့ သကျသီဟစာမေးပွဲ၌ ပါရာဇိကဏ်၊ သီလက္ခန်၊ အဋ္ဌသာလိနီ အဋ္ဌကထာကြီးသုံးကျမ်းလုံး အောင်မြင်တော် မူ၍ သေဋ္ဌိလာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယဘွဲ့ကို ရရှိတော်မူခဲ့သည်။


ဆရာတော်သည် စာမျက်နှာ ၅၀၀ ကျော် ၆၀၀ ခန့် ရှိသည့် အာဘိဓမ္မာဝိနည်းကျမ်းကြီးကို အင်္ဂလိပ်ဘာသာ ပြန်ဆို၍ လန်ဒန်ပါဠိအသင်းကြီးက The Book of Analysis အမည်ဖြင့် ၁၉၇၁ ခုနှစ်က ထုတ်ဝေခဲ့သည်။ The Path of the Buddha ခေါ် ဗုဒ္ဓ လမ်းစဉ်ကျမ်းကို အင်္ဂလိပ်ဘာသာဖြင့် လည်းကောင်း၊ Buddhism and Personal Life ခေါ် ဗုဒ္ဓဘာသာနှင့် ကိုယ်ပိုင်နေထိုင်ရေးကျမ်းကို အင်္ဂလိပ်–မြန်မာနှစ်ဘာသာဖြင့်လည်းကောင်း၊ ဓမ္မပဒပါဠိတော်ကို ခေတ်မြန်မာစကားဖြင့် လည်းကောင်း၊ ဆရာတော်ကိုယ်တိုင် ကမ္ဘာလှည့်သာသနာပြုရာ၌ အင်္ဂလိပ်ဘာသာဖြင့် ဟောကြား တော်မူခဲ့သော Essential Themes of Buddhist Lectures ခေါ် ဗုဒ္ဓဘာသာ တရားတော်များ၏ အနှစ်သာရ ကျမ်းစာအုပ်ကို အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း၊ အခြေပြု ပဒသိက္ခာနယူပဒေသကျမ်းစသော စာပေကျမ်းဂန်တို့ကိုလည်းကောင်း ရေးသားပြုစုပြန်ဆိုထုတ်ဝေတော်မူခဲ့သည်။

ဆရာတော်သည် ရန်ကုန်မြို့အရှင်အာဒိစ္စဝံသကျောင်းတိုက်၌ ရဟန်းသိက္ခာတစ်ဝါမှ ၁၂ ဝါအထိ စာပေကျမ်းဂန်တို့ကို ပို့ချခဲ့သည်။ အင်္ဂလန်နိုင်ငံလန်ဒန်မြို့၌ အင်္ဂလိပ်လူမျိုးများအား ပါဠိသင်တန်း၊ နိကာယ်သင်တန်း၊ အဘိဓမ္မာသင်တန်း၊ကမ္မဋ္ဌာန်းသင်တန်းများဖွင့်၍ ၁၉၃၉ ခုနှစ်မှ ၁၉၅၂ ခုနှစ်ထိ သာသနာအကျိုးသယ်ပိုးတော်မူခဲ့သည်။

ထို့ပြင် ၁၉၅၄ ခုနှစ်မှ ၁၉၆၂ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံ၊ နီပေါနိုင်ငံ၊ ထိုင်းနိုင်ငံ (ယခင် ယိုးဒယားနိုင်ငံ)၊ ကမ္ဘောဒီးယား နိုင်ငံများတွင် ကျင်းပခဲ့သော ကမ္ဘာ့ဗုဒ္ဓဘာသာ ညီလာခံကြီးများသို့ မြန်မာနိုင်ငံတော်အစိုးရ ဗုဒ္ဓဘာသာအဖွဲ့ ကိုယ်စားလှယ်အဖွဲ့၏ ခေါင်းဆောင်အဖြစ် တက်ရောက်ခဲ့ခြင်း၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် ဆဋ္ဌသီဂီတိပါဠိဝိသောကေအဖြစ် ဆောင်ရွက်ခဲ့ခြင်း၊ ၁၉၅၆ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ နိုင်ငံတော်အစိုးရသာသနာရေးဝန်ကြီးဌာနလက်အောက်ရှိ သာသနာရေးဌာန ဗုဒ္ဓသာသနအဖွဲ့မှ ကြီးမှူးဖွင့်လှစ်သော နိုင်ငံခြားသာသနာပြု ဓမ္မဒူတ သင်တန်းကို အင်္ဂလိပ်ဘာသာဖြင့်ပို့ချခဲ့ခြင်း၊ ကမ္ဘာအေးကုန်းမြေ အပရဂေါယာနကျောင်းတော်တွင် နိုင်ငံခြားသာသနာပြုရေးအတွက် တည်ထောင်ခဲ့သော သံဃဉ္ဇ တက္ကသိုလ်တွင် ကထိကချုပ်အဖြစ်ဖြင့်ဆောင်ရွက်ခဲ့ခြင်း၊ အင်္ဂလန်၊ အမေရိကန်၊ ကနေဒါ၊ ဂျာမနီ၊ ပြင်သစ်နိုင်ငံတို့မှ တက္ကသိုလ်ဘွဲ့ရ နိုင်ငံခြားသား ရဟန်းနှင့် လူပုဂ္ဂိုလ်များအား ဗုဒ္ဓကျမ်းစာများကို အင်္ဂလိပ်ဘာသာဖြင့် မြန်မာနိုင်ငံ၌ပင် သင်ကြားပို့ချပေးခဲ့ခြင်း စသည်ဖြင့် သာသနာရေး အားပေးဆောင်ရွက်တော်မူခဲ့သည်။

ဆရာတော်သည် အိန္ဒိယနိုင်ငံတွင် ငါးနှစ်၊ သီဟိုဠ် (ယခုသီရိလင်္ကာ)နိုင်ငံ၌နှစ်နှစ် သီတင်းသုံးနေထိုင်တော်မူ၍ အင်္ဂလိပ်ဘာသာနှင့် သက္ကတဘာသာတို့ကိုလေ့လာရင်း ဗုဒ္ဓတရားတော်များကို အကြိမ်များစွာ အင်္ဂလိပ်ဘာသာဖြင့် ဟောကြားတော်မူခဲ့ခြင်း၊ အင်္ဂလန်နိုင်ငံတွင် မြန်မာရဟန်းတော်များထဲမှ ပထမဆုံးအာဒိကမ္မိကဗုဒ္ဓသာသနာပြုအဖြစ်ဖြင့် ၁၆ နှစ်တိုင်တိုင် သီတင်းသုံးနေထိုင်၍ ဥရောပနိုင်ငံအနှံ့အပြားသို့ကြွ၍ တရားဟောခြင်း၊ အမေးပြဿနာဖြေကြားခြင်းဖြင့် ကမ္ဘာလှည့် သာသနာပြုတော်မူခဲ့သည်။ ဂျပန်နိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့တွင်လည်း သာသနာပြုတော်မူခဲ့လေသည်။

အမေရိကန်နိုင်ငံရှိ တက္ကသိုလ်များအဖွဲ့၏ ပင့်ဖိတ်ချက်အရ အမေရိကန်နိုင်ငံမှ ပြည်နယ်ပေါင်း ၃၂ ပြည်နယ်ရှိ တက္ကသိုလ်ပေါင်း ၁၆၀ ကျော်တွင် ဗုဒ္ဓ ကျမ်းစာနှင့် ဗုဒ္ဓဘာသာတရားကို အင်္ဂလိပ် ဘာသာဖြင့် တစ်နှစ်ခန့်



လှည့်လည် ဟောပြောပို့ချခဲ့ပြီး အနောက်ဂျာမနီနိုင်ငံ၏ ပင်ဖိတ်ချက်အရလည်း ထိုနိုင်ငံတွင် လှည့်လည် သာသနာ ပြုခဲ့သည်။

ရန်ကုန်တက္ကသိုလ်တွင် ဝိဇ္ဇာနှင့် မဟာဝိဇ္ဇာတန်းများ အတွက် အဘိဓမ္မာဘာသာရပ်ကို အင်္ဂလိပ်ဘာသာဖြင့် ရှစ်နှစ်တိုင်တိုင် အဘိဓမ္မာကထိကအဖြစ်ဖြင့် ပို့ချခဲ့သည်။ ယင်းသို့ ဆောင်ရွက်နေစဉ် ၁၉၅၆ ခုနှစ်တွင် အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ခြင်း ခံခဲ့ရသည်။

ထို့ပြင် သာသနာရေးဌာနမှ ထုတ်ဝေသော The Light of the Dhamma အင်္ဂလိပ်ဘာသာ စာစောင်ဌာနတွင် အယ်ဒီတာချုပ်အဖြစ် ၁၉၆၂ ခုနှစ်နှင့် ၁၉၆၃ ခုနှစ်များ တွင် နှစ်နှစ်ကျော်ကျော် ဆောင်ရွက်တော်မူခဲ့သည်။

ဆရာတော်၏ အထူးကြည်ညိုဖွယ်ရာ ထူးခြားခဲ့သော ဂုဏ်ရည်မှာ ၁၉၁၈ ခုနှစ်တွင် ဆရာတော်လောင်းလျာသည် အင်္ဂလိပ်အစိုးရက ကြီးမှူးကျင်းပသော ပထမကျော်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ ပထမ ရရှိခဲ့သော်လည်း ဘုရင်ခံထံ ကျောင်းသားတစ်ယောက်ကဲ့သို့ ဘုရင်ခံက စင်မြင့်မှ သံဃာက အနိမ့်မှ ဘွဲ့လက်မှတ် ခံယူရမည်ဖြစ် ခြင်းကြောင့် ဘုရင်ခံ ကပ်လှူမည့် ပထမကျော်တံဆိပ်ကို လက်မခံခဲ့ချေ။

ထို့ပြင် ဒုတိယ ကမ္ဘာစစ်အတွင်း အင်္ဂလန်နိုင်ငံမှ မြန်မာနိုင်ငံသို့ မပြန်နိုင်ဘဲ ဒုက္ခရောက်နေသော မြန်မာ နိုင်ငံသားများအား ကူညီ စောင့်ရှောက်ရန် မြန်မာ အသင်းကို တည်ထောင်ခဲ့ပြီး ကူညီ စောင့်ရှောက်ခဲ့သည် မှာလည်း အထူးကြည်ညိုဖွယ်ရာဖြစ်ပေသည်။

ဆရာတော်ကြီးသည် ယခုအခါ သက်တော် ၉၄ နှစ် ရှိသည့်တိုင်အောင် မိမိ၏ ခန္ဓာကိုယ်ပင်ပန်းမှုကို အလေး ဂရုပြုတော်မမူဘဲ စာပေ ပို့ချမှုကို ပြန်လည် ဆောင်ရွက် တော်မူလျက်ရှိပေသည်။

ဆရာတော်ဘဒ္ဒန္တ ဇောတိကာဘိဝံသ
အဘိဓဇ မဟာရဋ္ဌဂုရု
မန္တလေးအနောက်တောင်မြို့နယ်
မိုးကောင်းကျောင်းတိုက်၊ ဒေးဝန်းအုတ်ကျောင်း

ဆရာတော် ဘဒ္ဒန္တ ဇောတိကာဘိဝံသကို စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ မင်းစံရပ် ခမည်းတော် ဦးခင်၊ မယ်တော် ဒေါ်တိုးတို့မှ ၁၂၇၁ ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် ၁၃ ရက် အင်္ဂါနေ့တွင် ဖွားမြင်သည်။ ငယ်မည်မှာ မောင်စံမြ ဖြစ်သည်။

အသက် ၁၂ နှစ်အရွယ် ၁၂၇၃ ခုနှစ်တွင် မင်းစံရပ်၊ ရွာတောင် ဘီလူးကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မယ်တော် ဒေါ်တိုး၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိသည်။ ဘွဲ့မှာ ရှင်ဇောတိကဖြစ် သည်။ ၁၂၉၀ ပြည့်နှစ် တန်ခူးလဆန်း ၁၃ ရက်နေ့တွင် ရန်ကုန်တိုင်း ဥက္ကံမြို့ ဘုရားကြီးတိုက် ခဏ္ဍသိမ်တွင် ဥက္ကံမြို့ စျေးလမ်း ရဟန်းဒါယိကာမကြီး ဒေါ်အုံးခင်၊ ဒေါ်ရွှေကျင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မင်းစံရပ် မင်္ဂလာသုခ ဆရာတော်ကို ဥပဇ္ဈာယ်ပြုလျက် မြင့်မြတ် သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဆရာတော်လောင်းလျာသည် အသက်ခုနစ်နှစ်အရွယ် တွင် မင်းစံရပ် မူလတန်းကျောင်း၊ ရန်နိုင်ကျောင်းတို့၌ တတိယတန်း အောင်မြင်သည်အထိ ပညာသင်ကြားခဲ့ သည်။ ရှင်သာမဏေဘဝနှင့် ရဟန်းအဖြစ်သို့ရောက်ပြီး နောက်တွင် ရွာတောင် ဘီလူးကျောင်း ဆရာတော်၊ စစ်ကိုင်းတောင်ရိုးရေဦးတိုက်သစ်ဆရာတော် ဦးဩဘာသ၊ မင်္ဂလာသုခကျောင်း ဆရာတော် ဦးကောသလ္လ၊ မန္တလေးမြို့ မိုးကောင်းတိုက် အဘိဓဇမဟာရဋ္ဌဂုရု ဆဋ္ဌ သင်္ဂီတိ မဟာနာယက ညောင်ရမ်းဆရာတော်၊ ခင်မကန် တိုက် အဂ္ဂမဟာပဏ္ဍိတ သေဋ္ဌေး ဆရာတော်၊ ခင်မကန် တိုက် အဂ္ဂမဟာပဏ္ဍိတ စံကျောင်းဆရာတော်၊ ချမ်းသာ ကြီးတိုက်ဆရာတော် ဘဒ္ဒန္တလက္ခဏ၊ တောင်သမန်တိုက် ဆရာတော် ဘဒ္ဒန္တဝိမလ၊ ထီးလင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တပညာ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမ တိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တပညာ၊ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော် ဘဒ္ဒန္တသုန္ဒရ၊ အဂ္ဂမဟာ ပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တဂန္ဓမာ၊ ဆရာတော် ဘဒ္ဒန္တ နန္ဒိယ၊ ဆရာတော် ဘဒ္ဒန္တမာဃိန္ဒတို့ထံ၌ ပိဋကတ်စာပေ များကို ဆည်းပူးတော်မူခဲ့သည်။

ဆရာတော်လောင်းလျာသည် ပထမပြန်စာမေးပွဲတွင်

ပထမကြိုးတန်းအထိ ဖြေဆိုအောင်မြင်တော်မူပြီးနောက် ရေစကြိုမြို့ မင်းအိုတိုက် မင်းကျောင်းတွင် စာပေကျမ်းဂန်များ ပို့ချပေးခဲ့သည်။ ၁၃၀၇ ခုနှစ်တွင် မန္တလေးမြို့မိုးကောင်းတိုက် ညောင်ရမ်းဆရာတော်ဘုရားကြီးထံတွင် စာချဘုန်းကြီးအဖြစ် ချီးမြှောက်ခြင်းကို ခံယူလျက် စာသင်သားသံဃာတော် ၃၀၀ ကျော်တို့အား ပရိယတ္တိစာပေ ပို့ချခဲ့သည်။ ယင်းသို့ စာပေပို့ချနေမှုကြောင့် မန္တလေးမြို့ သကျသီဟ ပရိယတ္တိ သာသနဟိတအသင်းက ဆက်ကပ်လှူဒါန်းသော ဘဒ္ဒန္တဇောတိကာဘိဝံသ ပရိယတ္တိသာသနဟိတ မူလဓမ္မာစရိယဘွဲ့ကို ခံယူရရှိတော်မူသည်။

ဆရာတော်သည် ဝိနယပက်ကဏ္ဏကဒီပနီကျမ်းနှင့် ဗုဒ္ဓ၏ သံသရာခရီး လမ်းညွှန်ကျမ်းတို့ကို ရေးသားပြုစုတော်မူခဲ့သည်။ ဆရာတော်သည် မိုးကောင်းတိုက်၊ ညောင်ရမ်း ပါဠိတက္ကသိုလ်တွင် ပါဠိတက္ကသိုလ် စာချကထိက၊ ပါဠိတက္ကသိုလ် ဗဟိုဝန်ဆောင်၊ ပါဠိတက္ကသိုလ် အမှုဆောင်၊ ဆဋ္ဌသင်္ဂီတိကိစ္စတွင် အပါဒါန်ပါဠိတော် မူလဝိသောဓက၊ ဒီဃနိကာယ် မဟာဝဂ္ဂအဋ္ဌကထာပဋိဝိသောဓက၊ သင်္ဂီတိကာရက သာသနာရေးကိစ္စများကို ဆောင်ရွက်တော်မူခဲ့သည်။ ကျောက်သင်္ဘော်ဝါဒ ဓမ္မ အဓမ္မ သီးခြားဝိနည်းဓိုရ်၊ ၁၃၄၃ ခုနှစ် တိပိဋကဓရ ရွှေးချယ်ရေးဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌ စသည်ဖြင့် အခြားများမြောင်လှစ္စာသော သာသနာ့တာဝန်များကို ထမ်းဆောင်ခဲ့ထမ်းဆောင်ဆဲ ဖြစ်သည်။



ဆရာတော်သည် ဟသ်ာတမြို့ဘုရားကြီးကျောင်းတိုက်အတွင်းရှိ ခုနစ်တန်းကျောင်းတွင် ခုနစ်တန်း စာမေးပွဲနှင့် ဆရာဖြစ် လက်မှတ်ရပြီး မြေတိုင်း ပညာရပ်များကို သင်ယူကာ သာမဏေအဖြစ်မှ ရဟန်းဖြစ်သောအခါ ဘုရားကြီးဆရာတော်ခြေရင်း၌ ပရိယတ္တိ၏ အခြေခံတို့ကို သုံးနှစ်သုံးမိုး သင်ယူခဲ့သည်။

တစ်ဖန် ဟသ်ာတမြို့ သပြေပင်ကျောင်း မြန်မာနိုင်ငံတော် ပြက္ခဒိန်တော်ဆက် အဖွဲ့ဝင် ဗေဒပါရဂူ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သောဘဏ၊ ပေါင်းတည်မြို့ နန်းဦးကျောင်းတိုက် သာဂရာဘိဓဇမာလာ လက်ဝဲရ စိရဓမ္မာဓိပတိ၊ သီရိပဝရ၊ မဟာဓမ္မရာဇာဂုရု တံဆိပ်ရ နန်းဦးဆရာတော်၊ ပခုက္ကူမြို့ မဟာဝိသုတာရာမ ကျောင်းကိုက် ဆရာတော် ဦးပညာ၊ မန္တလေးမြို့ ဒက္ခိဏာ ဆရာတော် ဦးကြယ်၊ ဦးငြိမ်း၊ ဦးနာရဒ၊ ရွှေရေးဆောင် ဆရာတော် ဦးကြည်တို့ထံ ပါဠိအဋ္ဌကထာ၊ ဋီကာတို့ကို သင်ကြားခဲ့သည်။

ဆရာတော်သည် ၁၂၀၂ ခုနှစ် ညောင်ဦးမြို့ မဟာဝိသုတာရာမ တိုက်သစ်၌ စာသင်သား ၄၀ ကျော် တိုအား လေးနှစ်တိုင် စာပေသင်ကြားပို့ချခဲ့ပြီး ၁၃၀၂ ခုနှစ်မှစ၍ နန်းဦးကျောင်းတိုက်ကြီး၏ တိုက်အုပ်တာဝန်ကို ထမ်းဆောင်လျက် စာပေ ကျမ်းဂန် ပို့ချရေးနှင့် အားလုံးသော ဒါယကာ၊ ဒါယိကာမတို့အား ဆိုဆုံးမရေးတာဝန်ကိုပါ ထမ်းဆောင်ခဲ့သည်။

မူလနန်းဦး ဆရာတော်ကြီး ဘဝနတ်ထံ ပျံလွန်တော်မူသောအခါ ၁၃၀၆ ခုနှစ် ကဆုန်လဆန်း ၆ ရက် အင်္ဂါနေ့မှစ၍ နန်းဦးစာသင်တိုက်ကြီး၏ ဦးစီးနာယကအဖြစ် တာဝန်ယူလျက် ကျောင်းတိုက်ကြီး၏အကျိုး၊ တပည့်တပန်း ရဟန်းသံဃာတို့၏အကျိုး၊ လူတို့၏ဟစ္စုပ္ပန် သံသရာနှစ်ဖြာသောအကျိုးတို့ကို ဆောင်ရွက်ခဲ့သည်။

ဆရာတော်ဘဒ္ဒန္တ ဥယျောဓမ္မ အဂ္ဂမဟာပဏ္ဍိတ ပဲခူးတိုင်း၊ ပေါင်းတည်မြို့၊ နန်းဦး စာသင်တိုက်

ဆရာတော် ဘဒ္ဒန္တဥယျောဓမ္မကို ရောဝတီတိုင်း အင်ပူမြို့နယ် မြောက်ရွာတွင် ခမည်းတော် ဦးပန်းဖူး၊ မယ်တော် ဒေါ်မြင့်တို့မှ ၁၂၅၉ ခုနှစ် ပြာသိုလပြည့်ကျော် ၁၂ ရက် အင်္ဂါနေ့တွင် ဖွားမြင်သည်။

ဆရာတော် လောင်းလျာသည် အသက် ၁၂ နှစ်အရွယ်တွင် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြောက်ရွာ လယ်တီကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြုကာ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့ပါသည်။

သက္ကရာဇ် ၁၂၇၉ ခုနှစ် ပြာသို လဆုတ် ၁၂ ရက် အင်္ဂါနေ့နံနက် ၉ နာရီအချိန် ဟသ်ာတမြို့ ဘုရားကြီးတိုက် ခဏ္ဍသိမ်၌ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ဘုရားကြီး ဆရာတော် ဦးစာရိန္ဒာဿဘကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် ဦးပန်းဖူး၊ မယ်တော် ဒေါ်မြင့်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။



ဆရာတော်သည် ၁၂၇၄ ခုနှစ် တပို့တဲ့လဆန်း ၉ ရက် တနင်္ဂနွေနေ့တွင် လေးမျက်နှာမြို့နယ် ကြီးပေါက်ကုန်း ကျေးရွာ ကျောင်းဆရာတော် ဦးဥတ္တမကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ဘွဲ့တော်မှာ ရှင်နန္ဒဝံသ ဖြစ်သည်။

၁၂၁၁ ခုနှစ် တန်ခူးလဆန်း ၇ ရက် ကြာသပတေးနေ့နံနက် ၉ နာရီအချိန်တွင် ရောဝတီတိုင်း လေးမျက်နှာမြို့နယ် ကြီးပေါက်ကုန်း ကျောင်းတိုက် ခဏ္ဍသိမ်တော်၌ လေးမျက်နှာမြို့ ခတ္တ္တရပ်ကွက် ကံကုန်းကျောင်းတိုက် ဆရာတော် ဦးအာစရိယကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး ဖြစ်သော ဦးထွန်း၀၊ ဒေါ်ရင်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ဆရာတော်သည် ကျောင်းသားဘ၀ ခုနစ်နှစ်သား အရွယ်တွင် လေးမျက်နှာမြို့နယ် ကြီးပေါက်ကုန်းကျေးရွာ ကျောင်းဆရာတော် ဦးဥတ္တမထံတော်၌ ပိဋကတ် အခြေခံ စာများကို သင်ကြား ဆည်းပူးတော်မူခဲ့ပါသည်။ ထို့နောက် မန္တလေးမြို့ စကုတိုက်၊ ခင်မကန် တိုက် ဆရာတော်များ စစ်ကိုင်းတောင်ရိုး လေးမျက်နှာချောင် ဦးဥတ္တမ၊ ရန်ကုန်မြို့ အရှင်အာဒိစ္စဝံသကျောင်း နာယက ဦး၀ါယမ၊ ဦးသေဋ္ဌလနှင့် ဦးဣဿရိယ စသော စာချဆရာတော်များထံတော်၌ ပါဠိအဋ္ဌကထာ စာပေကျမ်းဂန်အတန်းတို့ကို ပေါက်မြောက်အောင် သင်ကြားခဲ့သည်။

ဆရာတော်သည် ပထမငယ်တန်းနှင့် ပထမလတ်တန်း အထိ စာမေးပွဲအောင်မြင်တော်မူခဲ့၍ စာမေးပွဲဆက်လက် မ၀င်တော့ဘဲ သင်ရိုးပေါက်တတ်မြောက်ဖို့ရန် သင်ကြားတော်မူခဲ့သည်။

ဆရာတော်သည် ရဟန်း ၁၀ ၀ါအရ လေးမျက်နှာမြို့ စခန်းကြီးဒေါင့်ကွေးရွာ တက်ဆိပ်ကျောင်း၌ ရှင်ငယ်၊ ရဟန်း ငယ် များ အား စာပေများ ပို့ချပေးခဲ့ပါသည်။ ၁၃၀၂ ခုနှစ် ကဆုန်လဆန်း ၁၂ ရက်နေ့တွင် ရောဝတီတိုင်း

ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာတွင် ဆဋ္ဌသင်္ဂီတိ ဘာဏက၊ မှော်ဘီမြို့ ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်း အဝေးကြီး၌ နန်းဦး မဟာဒွါရ ဂိုဏ်းကြီး၏ သံဃာ့ ကိုယ်စားလှယ်၊ ပေါင်းတည်မြို့ ပါဠိပထမပြန် ကြီးကြပ်ရေး ဥက္ကဋ္ဌ သြ၀ါဒါစရိယ၊ ပေါင်းတည်မြို့နယ်နှင့် နတ္တလင်း မြို့နယ် နန်းဦး မဟာဒွါရ နိကာယ ဝိနည်း စာပြန်ပွဲကြီး သြ၀ါဒါစရိယ၊ ကျောင်းပေါင်းစုံ ၇၃ ကျောင်းရှိသော နန်းဦးဂိုဏ်းကြီး၏ နာယက၊ ၁၃၀၄ ခုနှစ်မှစ၍ ပေါင်းတည်မြို့ ပါဠို ပထမပြန်စာမေးပွဲ၌ ကြီးကြပ်ရေးဥက္ကဋ္ဌ သြ၀ါဒါစရိယ၊ ပေါင်းတည်မြို့ သကျမုနိ မိုးကောင်းဘုရားကြီးနှင့် မြတ်စွယ်တော် ဂေါပကအဖွဲ့ကြီး၏ သြ၀ါဒါစရိယ၊ ပထမ အကြိမ် ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်း အဝေးပွဲကြီး၌ နိဒ်ဒေါတော် သြ၀ါဒါ စရိယအဖြစ်ဖြင့် သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးတို့ကို ဆောင်ရွက်တော်မူလျက်ရှိသည်။

၁၃၀၆ ခုနှစ် သက်တော် ၄၇ နှစ် ၀ါတော် ၂၇ ၀ါ ရသည့်အခါမှစ၍ သဒ္ဓါဓိက၊ သမ္မာသမ္မောဓိဆုမြတ်ကို ဦးထိပ်ရွက်ပန်ဆင်တော်မူကာ ရသမျှလာဘ်လာဘတို့ကို ဘပ်မက်မောခြင်းမရှိဘဲ လှူဒါန်းပေးကမ်း စွန့်ကြဲခြင်း များ ပြုလုပ်လျက်ရှိပါသည်။ ထို့အပြင် မူလဆရာတော် ဘုရားကြီး၏ အစဉ်အလာတို့ကို မပျက်စေဘဲ တိုက်တာ တစ်ခုလုံး၏ စာချ ဆရာတော်ကြီးများနှင့် ပရိယတ္တိ စာသင်သား အပါး ၅၀ ကျော် တို့အား အရက်ဆွမ်း၊ နေ့ဆွမ်းမခံစေရဘဲ တာ၀န်ယူ ဆက်ကပ် ကျွေးမွေးစေ လျက်ရှိပါသည်။ ထို့ပြင် ဆရာတော်သည် ၂၇ ၀ါရသည့် အချိန်မှစ၍ တစ်နေ့လျှင် သုံးကြိမ် အမြဲမပြတ် ဘုရား ရှိခိုးပူဇော်လျက် ရှိပါသည်။ ဝိပဿနာဓုရ အလုပ်ကိုလည်း ကြိုးစားအားထုတ်လျက် ရှိသည်။

ဆရာတော်ဘဒ္ဒန္တ နန္ဒဝံသ အဂ္ဂမဟာပဏ္ဍိတ ရောဝတီတိုင်း၊ ပုသိမ်အနောက်မြို့နယ် လေးမျက်နှာကျောင်းတိုက်

ဆရာတော် ဘဒ္ဒန္တ နန္ဒဝံသကို ရောဝတီတိုင်း လေးမျက်နှာမြို့နယ် ကြီးပေါက်ကုန်းကျေးရွာ၌ ခမည်း တော် ဦးထွန်း၀၊ မယ်တော် ဒေါ်ရင်တို့မှ ၁၂၆၂ ခုနှစ် တပို့တဲ့လပြည့်ကျော် ၇ ရက် စနေနေ့ညနေ ၅ နာရီအချိန်တွင် ဖွားမြင်တော်မူသည်။ မွေးချင်း လေးယောက်တွင် ဒုတိယမြောက် သားရတနာဖြစ်ပါသည်။ ငယ်နာမည်မှာ မောင်ကြာလှ ဖြစ်သည်။

ပုသိမ်မြို့ လေးမျက်နှာ ကျောင်းတိုက်သို့ ပြောင်းရွှေကာ စာသင်သား သံဃာတော် ၅၀ ကျော်တို့အား ပိဋကတ် ကျမ်း စာ အ ဖြာ ဖြာ တို့ကို ပို့ချ သင်ကြားပေးတော် မူခဲ့သည်။

ဆရာတော်သည် ပုသိမ်မြို့ သုဓမ္မာ ဂိုဏ်းကြီး၏ ပဓာန နာယက ဥက္ကဋ္ဌ၊ ဝိနယာဓိက စာမေးပွဲ နာယက ဥက္ကဋ္ဌ၊ ပထမအကြိမ်နှင့် ဒုတိယအကြိမ် ရောဝတီတိုင်း သံဃ နာယကအဖွဲ့ ဥက္ကဋ္ဌ၊ တကောင်းဘုရားနှင့် ရွှေမုဋ္ဌော စေတီတော် ဂေါပကအဖွဲ့ နာယက ဩဝါဒါစရိယစသော အားဖြင့် သာသနာတော်သန့်ရှင်း တည်တံ့ ပြန့်ပွားရေးကို အားပေးဆောင်ရွက်လျက်ရှိသည်။



ဆရာတော်ဘဒ္ဒန္တ ဇာဂရ အဂ္ဂမဟာပဏ္ဍိတ မကွေးတိုင်း၊ တောင်တွင်းကြီးမြို့၊ စွယ်တော်စင် ကျောင်းတိုက်

ဆရာတော် ဘဒ္ဒန္တ ဇာဂရကို မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် ကုက္ကိုလ့ရွာ ခမည်းတော် ဦးအုန်းသာ၊ မယ်တော် ဒေါ်နှင်းပေါ်တို့မှ ၁၂၆၅ ခုနှစ် နှောင်းတန်ခူး လပြည့်ကျော် ၁၃ ရက် အင်္ဂါနေ့ အဝင် ညဉ့်သုံးချက်တီးကျော် အချိန်တွင် ဖွားမြင်တော်မူသည်။ မွေးချင်း ခုနစ်ယောက်ရှိရာတွင် ပထမ သားကြီးရတနာ ဖြစ်၍ ငယ်မည်မှာ မောင်အေးသောင် ဖြစ်သည်။

ဆရာတော်သည် ၁၄ နှစ်သားအရွယ်သို့ ရောက်သော အခါ ရွာဦးကျောင်း ဆရာတော် ဦးဝိစာရကို ဥပဇ္ဈာယ် ပြုလျက် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိခဲ့သည်။

၁၂၇၅ ခုနှစ် ဒုတိယ ဝါဆိုလဆန်း ၄ ရက်နေ့တွင် ဆူးကပ်ကြီး ရွာဦးကျောင်း ဆရာတော် ဦးသီရိကို ဥပဇ္ဈာယ်ပြု၍ စာတော်ချောင်း ဥဒကုက္ခေပ သိမ်တော်၌ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော် လောင်းလျှာသည် ရွာဦးကျောင်း ဆရာတော်ထံ၌ သင် ရိုး အ ခြေ ခံ စာ တို့ကို သင်ကြား ဆည်းပူးခဲ့ပါသည်။ ထို့နောက် ညောင်ဦးမြို့ အရှေ့တိုက် ခေါ် ကျောက်ပန်းတောင်းတိုက် ပထမ စာချ ဆရာတော် ဦးကေသရ မန္တလေးမြို့ ဆင်တဲတိုက်သစ် စာချဆရာတော် ဦးကေသရ၊ မိုးကောင်းတိုက် အဘိဓဇ မဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော်ကြီး ဦးရေတဝ၊ တောင်ပြင်ဘုရား ကြီးတိုက် ဟံသာဝတီဆရာတော်တို့ထံ၌ ပါဠိအဋ္ဌကထာ ဋီကာတို့ကို သင်ကြားဆည်းပူးတော် မူခဲ့သည်။

ဆရာတော်သည် ၁၂၉၃ ခုနှစ်မှစ၍ တောင်တွင်းကြီး မြို့မိ မင်္ဂလာဇေယျုံကျောင်းတိုက်သို့ ဆိုက်ရောက်ပြီး ၁၃၀၀ ပြည့်နှစ်အထိ ကိုးနှစ်တိုင်တိုင် စာသင်သား သံဃာတော် များစွာတို့အား ပါဠိအဋ္ဌကထာ၊ ဋီကာကျမ်းစာ အစုံတို့ကို တစ်နေ့လျှင် လေးကြိမ် ပို့ချသင်ကြားပေးတော် မူခဲ့ပါသည်။ ၁၃၀၀ ပြည့်နှစ် တန်ဆောင်မုန်းလ ၁၆ ဝါအရတွင် စွယ်တော်စင်ကျောင်းကို လက်ခံ၍ စာသင်တိုက်အဖြစ် တည်ထောင်ကာ စာသင်သား သံဃာတော် ၁၀၀ ကျော် ခန့်တို့အား စာပေ ကျမ်းဂန်တို့ကိုလည်း ပို့ချသင်ကြား ပေးတော်မူခဲ့သည်။

ဆရာတော်သည် ၁၃၂၀ ပြည့်နှစ်၌ ပါဠိတက္ကသိုလ် ဖွင့်၍ ပါဠိတက္ကသိုလ်ကျောင်းအုပ်နှင့် ပါဠိတက္ကသိုလ် ဗဟို ဝန်ဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့ပါသည်။ ထို့ပြင် တောင်တွင်းကြီးမြို့ စာဖြေဌာနနှင့် စာမေးပွဲ ကြီးကြပ်ရေး ဥက္ကဋ္ဌ၊ တောင်တွင်းကြီးမြို့နယ် ကံရှည်ဂိုဏ်းအုပ်၊ မကွေး ခရိုင် ဒုတိယ သုဓမ္မာဂိုဏ်းချုပ်၊ ဆဋ္ဌသင်္ဂါယနာ ပါဠို ဝိသောဓက၊ ပါဠိဘာဏာဂာရ၊ သံဃာသမ္မုတိရ သံဃာ့ ကိုယ်စားလှယ်၊ တောင်တွင်းကြီးမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ တောင်တွင်းကြီးမြို့ ရွှေအင်းတော် စေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ စသောအားဖြင့် သာသနာ တော် သန့်ရှင်း တည်တံ့ပြန့်ပွားရေးကို အားပေး ဆောင် ရွက်တော်မူလျက် ရှိသည်။

ဆရာတော်သည် သက်တော် ၈၆ နှစ် အရွယ်တော်ကို မငဲ့ဘဲ ယနေ့တိုင် စာသုံးဝါမျှအထိ ပို့ချတော်မူလျက် ရှိသည်။ ထို့ပြင် ည ၉ နာရီမှ ၁၀ နာရီခန့် အထိ စကြံ လျှောက်၍ ကာယာနုပဿနာ သတိပဋ္ဌာန် ဘာဝနာ ပွားများခြင်း၊ နံနက် ၃ နာရီခန့်ထ၍ ဘုရား ဝတ် ပြုပြီး လမ်းလျှောက်ရင်း ဘာဝနာအလုပ်ကို လုပ်ခြင်းတို့ကိုလည်း ဆောင်ရွက်တော်မူသည်။

ဆရာတော်ဘဒ္ဒန္တ ဇဝန
အဂ္ဂမဟာပဏ္ဍိတ
ရှမ်းပြည်နယ်၊ ဆီဆိုင်မြို့နယ်၊ ဇဝနာရာမ
စာသင်တိုက်



ဆရာတော် ဘဒ္ဒန္တ ဇဝနကို ရှမ်းပြည်တောင်ပိုင်း ဆီဆိုင်မြို့နယ် ဝါးတောရွာ၌ ခမည်းတော် ကျောင်းစိတ္တ၊ မယ်တော် မဲကျောင်းကီးတို့မှ ၁၂၆၆ ခုနှစ် ပထမ ဝါဆိုလ ပြည့်ကျော် ၉ ရက်အင်္ဂါနေ့တွင် ဖွားမြင်သည်။ မွေးချင်း လေးယောက်အနက် စတုတ္ထမြောက်ဖြစ်၍ ငယ်မည်မှာ မောင်ယွန်း ဖြစ်သည်။

ဆရာတော်သည် ၁၂၇၁ ခုနှစ် အသက် ၁၅ နှစ် အရွယ်တွင် ဆီဆိုင်မြို့ မြောက်ကျောင်းတိုက် ဆရာတော် ဦးအာစာရကို ဥပဇ္ဈာယ်ပြု၍ ဆီဆိုင်မြို့ ဟော်တောင်ရွာ ရှင်းပါမောင်း၊ မဲရှင်းထားတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ဘွဲ့အမည်မှာ ရှင်ဇဝန ဖြစ်သည်။

သက္ကရာဇ် ၁၂၇၈ ခုနှစ် ကဆုန်လဆန်း ၁၂ ရက် ကြာသပတေးနေ့နံနက် ၉ နာရီ အချိန်တွင် တောင်ကြီးမြို့ နဂါးပတ်ကျောင်း ခဏ္ဍသိမ်တော်၌ တောင်ကြီးမြို့ ကန်ဦးကျောင်းဆရာတော် ဦးအာဒိစ္စဝံသကို ဥပဇ္ဈာယ် ပြု၍ ဆီဆိုင် စော်ဘွားကြီး စောခွန်ကြည်၏ ပစ္စယာနုဂ္ဂဟ ကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော် မူခဲ့သည်။

ဆရာတော်သည် ၁၂၉၁ ပြည့်နှစ်တွင် ရှမ်း ပြည် နယ် ဘန်းယဉ်မြို့ ကျောင်းကြီး၌လည်းကောင်း၊ ၁၂၉၁ ခုနှစ် တွင် ဘန်းယဉ်မြို့ မွေတော်ကျောင်း၌ လည်းကောင်း သီတင်းသုံးကာ စာပေပို့ချခဲ့သည်။

၁၃၀၉ ခုနှစ်တွင် ဆီဆိုင်မြို့သစ် ယာယီကျောင်းကို ပဂ္ဂလိကအဖြစ် လှူဒါန်းခြင်းကို လည်းကောင်း၊ ၁၃၁၁ ခုနှစ်တွင် ဆီဆိုင်မြို့သစ်၌ ဆောက်လုပ်ပြီးစီးသော မြို့မ ကျောင်းကို ပဂ္ဂလိကအဖြစ်လှူဒါန်းခြင်းကိုလည်းကောင်း လက်ခံတော်မူ၍ ကျောင်းထိုင်တော်မူကာ စာပေပို့ချ သင်ကြားပေးတော်မူခဲ့သည်။

၁၃၃၂ ခုနှစ်တွင် ယင်းမြို့ကျောင်းကို ဇဝနာရာမဟု အမည်ပြောင်းကာ စာသင်တိုက်ဖွင့်ပြီး ဦးစီးပဓာန နာယကအဖြစ် တာဝန်ယူ၍ စနစ်တကျ အုပ်ချုပ် ဆောင် ရွက်ခဲ့သည်မှာ ယခုအချိန်အထိ ဖြစ်သည်။

၁၃၃၃ ခုနှစ်မှစ၍ ယခုအချိန်အထိ သံဃာတော် ၁၂၀ ကျော် အမြဲရှိပြီး နိုင်ငံတော်အစိုးရ ပထမပြန်နှင့် ဓမ္မာစရိယ စာမေးပွဲ၊ ညောင်ရွှေမြို့၌ ကျင်းပပြုလုပ်သော ရှမ်းပြည်နယ်လုံးဆိုင်ရာဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲ၊ စာမေးပွဲ တို့ကို ဝင်ရောက်ဖြေဆို ပြန်ဆိုကြရာ နှစ်စဉ် တိုးတက် အောင်မြင်လျက်ရှိသည်။

ဆရာတော်သည် ရှမ်းရိုးမဂဏသမ္မဟ သံဃာ့အဖွဲ့ချုပ် တွင် နာယက၊ ရိုးမတောင်တန်းနယ် သာသနာတော် စောင့်ရှောက်ရေး ရဟန်းပျိုအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဆီဆိုင်မြို့နယ် လွယ်ပုတ်စာပြန်ပွဲကျင်းပရာ၌ ဦးစီးနာယက၊ တောင်ကြီး မြို့ ပထမ တောင် ကျောင်းကြီးတိုက်ဆောက်လုပ် တည် ထောင်ရာ၌ နာယက၊ ရန်ကုန်မြို့ ပအိုဝ်း အမျိုးသား ကျောင်းဖြစ်သော တောင်ကြီးကျောင်းတိုက် တည် ဆောက်ဖွင့်လှစ်ရာ၌ ဥက္ကဋ္ဌ၊ ဆီဆိုင်မြို့နယ် လုံးဆိုင်ရာ ဂိုဏ်းချုပ်၊ မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ရှမ်းပြည် နယ်လုံးဆိုင်ရာ ဝိနယဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီး ထိန်းသိမ်း စောင့်ရှောက်ရေး သံဃနာယက ဦးစီးအဖွဲ့ချုပ်၏ ဩဝါဒ စရိယ၊ နိုင်ငံတော် ဩဝါဒစရိယ စသော သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး တာဝန်တို့ကို ယနေ့အထိ ဆောင်ရွက်တော်မူလျက်ရှိသည်။

ဆရာတော်ဘဒ္ဒန္တ ဝရသမ္ဘောဓိ
အဂ္ဂမဟာပဏ္ဍိတ
မန္တလေးတိုင်း၊ ကျောက်ဆည်မြို့၊ ရောဝတီ
ကျောင်းတိုက်

ဆရာတော် ဘဒ္ဒန္တ ဝရသမ္ဘောဓိကို စစ်ကိုင်း တိုင်း မြောင်မြို့နယ် ရွှေပေါက်ပင်ရွာ ခမည်းတော် ဦးသာထယ်၊ မယ်တော်ဒေါ်ဖွားရင်တို့မှ ၁၂၆၉ ခုနှစ် ပြာသိုလပြည့် ကျော် ၁၂ ရက် ဗုဒ္ဓဟူးနေ့၌ ဖွားမြင် တော်မူသည်။ မွေးချင်းငါးယောက်အနက် ဒုတိယမြောက် သားရတနာ ဖြစ်သည်။

ဆရာတော်သည် အသက် ၁၄ နှစ် အရွယ်တွင် ဆရာ တော် ဦးဇယာဝံသကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ဘွဲ့တော်မှာ ရှင်ဝရသမ္ဘောဓိ ဖြစ်သည်။



၁၂၇၈ ခုနှစ် ဝါဆိုလဆန်း ၈ ရက်၊ ညနေ ၃ နာရီ အချိန်တွင် ရွှေသိမ်တော်တိုက် ခဏ္ဍသိမ်၌ ဆရာတော် ဦးဇဃာဝံသကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

ဆရာတော်သည်ရွှေးဦးစွာ ရဟန်းဝါ ခြောက်ဝါမှစ၍ နှားထိုးကြီးမြို့နယ် သာစည်ကျောင်းတိုက်၌ ရဟန်းသာမဏေများအား နှစ်နှစ်တိုင်တိုင် နေ့ဝါညဝါတို့ကို သင်ကြားပို့ချပေးခဲ့သည်။

၁၃၀၀ ပြည့်နှစ်တွင် ယခုသီတင်းသုံးနေသောရောဝတီကျောင်းကို တည်ထောင်ကာ ရဟန်း သာမဏေများအား နှစ်ပေါင်း ၃၀ တိုင်တိုင် ပရိယတ္တိစာပေများကို ပို့ချပေးခဲ့သည်။ ရေးသားတော်မူသော စာအုပ်များမှာ ကိုယ့်တွေ့ ဝိပဿနာကျမ်း၊ ကိုယ်တွေ့ဉာဏ်ကျမ်း၊ ကိုယ်တွေ့ဒါနကျမ်း၊ ဝတ္တဝိနိစ္ဆယကျမ်း၊ ဝိဿဿဂ္ဂါဟ ဝိနိစ္ဆယကျမ်း၊ မူလသိက္ခာ မြန်မာပြန်ကျမ်းနှင့် ကိုယ်တွေ့ ပဋ္ဌာန်းကျမ်းတို့ ဖြစ်သည်။


ဆရာတော်သည် ကျောက်ဆည် မြို့ နယ် ဝိနည်းမိုရ်၊ ၁၃၄၂ ခုနှစ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးကျင်းပနိုင်ရန် မူလ သံဃာ့ဝန်ဆောင် ၆၆ ပါး အဖွဲ့ဝင်၊ ပထမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ဒုတိယအကြိမ် နိုင်ငံတော်ဩဝါဒစရိယ၊ မြို့နယ် ဥပဋ္ဌာကအဖွဲ့ ဩဝါဒစရိယအဖြစ် ဆောင်ရွက်တော်မူခဲ့သည်။

ဆရာတော်ဘဒ္ဒန္တ ဥာဏဝံသ အဂ္ဂမဟာပဏ္ဍိတ ရောဝတီတိုင်း၊ ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရ ကျောင်းတိုက်

ဆရာတော် ဘဒ္ဒန္တဉာဏဝံသကို ပဲခူးတိုင်း ပဲခူးမြို့နယ် ပေပင်ချောင်းရွာ ခမည်းတော် ဦးဘိုးကြူး၊ မယ်တော် ဒေါ်လှမေတို့မှ ၁၂၇၀ ပြည့်နှစ် ဝါဆိုလဆန်း ၃ ရက် အင်္ဂါနေ့တွင် ဖွားမြင်သည်။ မွေးချင်းငါးယောက် ရှိသည့် အနက် တတိယမြောက်ဖြစ်ပြီး ငယ်မည်မှာ မောင်စိန်လွင် ဖြစ်သည်။

ဆရာတော်သည် အသက် ၁၁ နှစ်သား အရွယ်တွင် ပေပင်ချောင်းရွာ အနောက်ကျောင်းဂိုဏ်းချုပ်ဆရာတော်ကြီး အရှင်စန္ဒဝရကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ် သို့ရောက်ရှိသည်။ ဘွဲ့တော်မှာ ရှင်ဉာဏဝံသ ဖြစ်သည်။

၁၂၈၉ ခုနှစ် ပြာသိုလကွယ်နေ့ည၌ ၇ နာရီ ၃၅ မိနစ် အချိန်တွင် ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက် သီလဝံသောဓနီ သိမ်တော်ကြီး၌ ပထမစံကျောင်း ဆရာတော် ဘဒ္ဒန္တဝါယမကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိသည်။



ဆရာတော်သည် ရွှေဟင်္သာ တောရ ကျောင်းတိုက်အတွင်း ကျင်းပသည့် စာမေးပွဲအတန်းအသီးသီးကိုလည်းကောင်း၊ သက်တော် ၁၇ နှစ်တွင် အစိုးရ ပထမငယ်တန်း၊ ၁၈ နှစ်တွင် ပထမလတ်တန်း၊ ၂၁ နှစ်တွင် ပထမကြီးတန်း၊ သက်တော် ၃၉ နှစ်တွင် စာချတန်း၊ ဂုဏ်ထူးခြောက်ကျမ်းနှင့် ကျမ်းရင်းသုံးကျမ်းတို့ကို လည်းကောင်း အောင်မြင်ပြီး သာသနဓဇသီရိပဝရ ဓမ္မာစရိယ ဘွဲ့ကို ရရှိခဲ့သည်။

ဆရာတော်သည် ၁၂၉၇ ခုနှစ် သိက္ခာ ရှစ်ဝါအရွယ်တွင် ရွှေဟင်္သာတောရတိုက်၏စာချဘုန်းကြီး၊ ဇောတိကတိုက်ကျောင်းဘုန်းကြီးအဖြစ် ချီးမြှောက်ခြင်းခံရသည်။ ထိုအချိန်မှစ၍ စာသင်သားများအား နေ့ဝါညဝါတို့ကို မပြတ်ပို့ချတော်မူရသည့်အပြင် ဆွမ်းညွှန်းဘတ္တုဒ္ဒေသက



တာဝန်ကိုလည်း ဆောင်ရွက်ခဲ့ရသည်။ ၁၃၁၃ ခုနှစ်တွင် တိုက်ကြပ်ဆရာတော် အဖြစ်လည်းကောင်း၊ ၁၃၃၇ ခုနှစ်တွင် တိုက်အုပ်ဆရာတော်အဖြစ် လည်းကောင်း၊ ၁၃၅၀ ပြည့်နှစ်တွင် ရွှေဟင်္သာ တောရ၏ ပဓာန နာယကပဋ္ဌမစံကျောင်းဆရာတော်အဖြစ် လည်းကောင်း တင်မြှောက်ခြင်းခံရသည်။

ဆရာတော်လည် ရွှေဟင်္သာတောရတိုက်မှ အဂ္ဂမဟာအကျော် တစ်ပါး၊ ပထမကျော် လေးပါး၊ အထူးအောင် အပါး ၂၀၊ မမွာစရိယ အပါး ၁၀၀ ၊ ပထမကြီး ၅၃၉ ပါး၊ ပထမလတ် ၇၇၉ ပါး၊ ပထမငယ် ၈၄၇ ပါး၊ အခြေပြုမူလ အပါး ၅၀ အောင်မြင်အောင် စုံမ်းဆောင် နိုင်ခဲ့သည့်ပြင် ညောင်တုန်းမြို့နယ်နှင့် မြန်မာပြည်အရပ်ရပ်၌ ရွှေဟင်္သာတောရကျောင်းခွဲ ၂၃ ကျောင်းကိုလည်း တည်ထောင်ပေးနိုင်ခဲ့သည်။

စာသင်သား ၂၀၀ ကျော်တို့အား ဆွမ်း၊ ကွမ်း အတွက် ကြောင့်ကြမှု မရှိဘဲ ပရိယတ်ကို အချိန်ပြည့် သင်ယူနိုင်အောင် စုံမ်းဆောင်ခဲ့သည်။ ပစ္စည်းလေးပါး ဖြင့် မကြောင့်ကြ ရအောင်လည်း ဌေပဒေသာပင်များ ထူထောင်ပေးနိုင်ခဲ့သည်။

ဆရာတော်သည် ပါဠိတက္ကသိုလ်ကထိက၊ ဆဋ္ဌသင်္ဂါယနာ၌ ဆဋ္ဌသင်္ဂီတိကာရက၊ ဆဋ္ဌသင်္ဂီတိ ပါဠိဝိသော ဓက ပါဠိတက္ကသိုလ် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ညောင်တုန်းမြို့ အတုလမာရင်္ဂန် သွန်းဘုရား ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ ညောင်တုန်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ရောဝတီတိုင်း ရှစ်မြို့နယ် ရွှေကျင်ဂိုဏ်း ဝိနည်း စာပြန်ပဲ့ နာယကချုပ် အဖြစ်ဖြင့် ဆောင်ရွက်ဆဲ ဖြစ်သည်။

ဆရာတော်ဘဒ္ဒန္တ ပုညိန္ဒ
အဂ္ဂမဟာပဏ္ဍိတ
ရောဝတီတိုင်း၊ ဓနုဖြူမြို့၊ သဒ္ဓမ္မဇောတိကာရာမ
တောင်ပေါ်ကျောင်းတိုက်

ဆရာတော် ဘဒ္ဒန္တပုညိန္ဒကို ရောဝတီတိုင်း ဓနုဖြူမြို့ ကြုံခင်းစုရွာ ခမည်းတော် ဦးသာဘို၊ မယ်တော် ဒေါ်ဖွား မယ်တို့မှ ၁၂၇၀ ပြည့်နှစ် နယုန်လပြည့်ကျော် ၁၂ ရက် ကြာသပတေးနေ့ နံနက် ၄ နာရီ၌ ဖွားမြင်ပါသည်။ မွေး ချင်း ငါး ယောက် တွင် သုံး ယောက် မြောက် ဖြစ်သည်။ ငယ်အမည်မှာ မောင်ဘမောင် ဖြစ်သည်။

ဆရာတော်သည် ၁၂၇၇ ခုနှစ် ဝါဆိုလပြည့်နေ့၌ သဒ္ဓမ္မဇောတိကာရာမ တောင်ပေါ်ကျောင်းတိုက် ဦးစီးမဟာနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကော သလ္လာလင်္ကာရ မဟာထေရ်ထံ ခုနစ်နှစ်သားအရွယ် သာမဏေပြုခဲ့သည်။ ဘွဲ့တော်မှာ ရှင်ပုညိန္ဒ ဖြစ်သည်။

၁၂၉၀ ပြည့်နှစ် ကဆုန်လပြည့်နေ့၌ ရေလဲကြီးရွာ ကျောင်းဒါယကာ ဘကြီးတော်သူ ဦးစံမင်း၊ ကျောင်း အမဒေါ်မှုံတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရောဝတီတိုင်း ဓနုဖြူမြို့နယ် သဒ္ဓမ္မဇောတိကာရာမ တောင်ပေါ်တိုက်ကြီး ဦးစီးမဟာနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကောသလ္လာလင်္ကာရကို ဥပဇ္ဈာယ်ပြု၍ ကာရက သံဃာတော် ၅၀ ခြံရံလျက် မဟာဝိဇယကာရိ မဟာ မင်္ဂလာ ခဏ္ဍ သီမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ဆရာတော်သည် ၁၂၈၅ ခုနှစ်တွင် ၁၅ နှစ်သား အရွယ် အစိုးရ ပထမငယ်တန်းနှင့် မဟာဒွါရဂိုဏ်းမှ ကျင်းပသော နိဿယမုစ္စနကအငယ်တန်း၊ ၁၆ နှစ်သား၌ နိဿယမုစ္စနက အကြီးတန်းကို တစ်ဂိုဏ်းလုံး၌ ပထမ၊ ၁၇ နှစ်သားအရွယ်တွင် အစိုးရ ပထမလတ်တန်း၊ ၁၈ နှစ်သား၌ ပရိသုပဋ္ဌကဝိနယ အငယ်တန်း၊ ၁၉ နှစ်သား၌ အစိုးရ ပထမကြီးတန်း၊ ၁၂၉၂ ခုနှစ်တွင် ၂၂ နှစ်သား၌ မန္တလေးမြို့ အိမ်တော်ရာ အမျိုးသား ပထမကျော်တန်းနှင့် အစိုးရလောကီသတ္တမတန်းတို့ကို အောင်မြင်ခဲ့သည်။ အစိုးရ မမွာစရိယ စာချတန်းတွင် ဂုဏ်ထူးဂါးကျမ်းနှင့် တကွ တတိယ အမှတ်အမျှားဆုံးအောင်မြင်၍ သာသနဓဇသီရိပဝရ မမွာစရိယဘွဲ့ကို ရရှိခဲ့သည်။

ဆရာတော်သည် ရောဝတီတိုင်း ဓနုဖြူမြို့နယ် သဒ္ဓမ္မဇောတိကာရာမ ပါဠိတက္ကသိုလ် တောင်ပေါ်ကျောင်းတိုက်တွင် စာသင်သား သံဃာဘော် ၁၅၀ ကျော်တို့အား ပရိယတ္တိစာပေ ကျမ်းဂန်အဖြာဖြာတို့ကို ပို့ချသင်ကြားပေးတော်မူလျက် ရှိသည်။

ဆရာတော်သည် ၁၃၁၅ ခုနှစ်တွင် မဟာဒွါရနိကာယ ဂိုဏ်းကြီး၏ အနုရက္ခီဘွဲ့ပြုလက်မှတ်ကို ခံ ယူ ၍ လည်းကောင်း၊ ၁၃၄၀ ပြည့်နှစ်တွင် ဘိုကလေးမြို့ မဟာဓမ္မိ

ကာရာမကျောင်းတိုက် အန္တရသန္နိပါတ သံဃာ့အစည်း အဝေးတွင် မဟာဒ္ဒါရ အနုနာယက သံဃဒတ္တိယဘွဲ့ကို ခံယူ၍လည်းကောင်း၊ ၁၃၅၁ ခုနှစ်တွင် မဟာဒ္ဒါရနိကာယ ဂိုဏ်းကြီး၏ ဒုတိယမဟာနာယကအဖြစ် ခန့်အပ်ခြင်းကို ခံယူ၍ လည်းကောင်း သာသနာရေးကို အားပေးဆောင် ရွက်တော်မူခဲ့သည်။ ထို့ပြင် ၁၃၃၂ ခုနှစ်တွင် အီတာလျံ ဘုန်းတော်ကြီး ဦးလောကနာထ၏ သန္တကဝိနိစ္ဆယတွင် ပါဝင် ဆောင်ရွက်တော်မူခြင်းနှင့် သာသနာတော်၏ အရင်းမူလ ပဓာနဖြစ်သော သိမ်တို့ကိုလည်း မြို့နယ် ရပ်ရွာအသီးသီးတို့၌ ၁၀ လုံးအထိ သမုတ်ပေးခြင်းတို့ကို ဆောင်ရွက်တော်မူခဲ့သည်။

ဆဋ္ဌသင်္ဂါယနာတွင် သင်္ဂီတိကာရက၊ ပါဋိဝိသောဓက နှင့် ပါဋိတက္ကသိုလ် ကထိက ဗဟိုကိုယ်စားလှယ်အဖြစ် ဆောင်ရွက်တော်မူခဲ့၍ ၁၃၄၂ ခုနှစ်တွင် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးကြီး၌ သံဃာ့သမ္မုတိရ သံဃာ့ကိုယ်စားလှယ်၊ ရောဝတီတိုင်းသံဃနာယက မဟာဒ္ဒါရအဖွဲ့ဝင် စသောအားဖြင့် သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး လုပ်ငန်းတို့ကို ကြိုးပမ်းဆောင်ရွက်တော် မူလျက် ရှိသည်။

ဆရာတော်ဘဒ္ဒန္တ ဉာဏရံသီဘိဝံသ အဂ္ဂမဟာပဏ္ဍိတ ရန်ကုန်တိုင်း၊ ကော့မှူးမြို့နယ်၊ကသစ်ကုန်းကျေးရွာ

ဆရာတော် ဘဒ္ဒန္တဉာဏရံသီဘိဝံသကို ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် သစ်ကြားကုန်းကျေးရွာ ကျောင်း ဒါယကာကြီး ဦးစံလှ၊ ကျောင်းဒါယိကာမကြီး ဒေါ်နှင်း ငွေတို့မှ ၁၂၇၀ ပြည့်နှစ် ပြာသိုလဆန်း ဂ ရက် အင်္ဂါ နေ့တွင် ဖွားမြင်တော်မူသည်။ သားသမီး သုံးယောက် အနက် တတိယမြောက် ဖြစ်သည်။ ငယ်မည်မှာ မောင်ဘသိန်းဖြစ်သည်။

ဆရာတော်သည် ၁၂၈၁ ခုနှစ် ၁၂ နှစ်သားအရွယ် တွင် ကသစ်ကုန်း အရိမဒ္ဒနာရာမတိုက် ဆရာတော် ဘုရားကြီး ဦးဩသမကို ဥပဇ္ဈာယ်ပြု၍ မယ်တော် ခမည်း တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိတော် မူခဲ့သည်။ ဘွဲ့တော်မှာ ရှင်ဉာဏရံသီ ဖြစ်သည်။

သက္ကရာဇ် ၁၂၉၀ ပြည့်နှစ် ဝါဆိုလဆန်း ၅ ရက် နေ့လယ် ၁ နာရီအချိန်တွင် ရန်ကုန်တိုင်း ကွမ်းခြံကုန်း မြို့နယ် ကသစ်ကုန်းကျေးရွာအရိမဒ္ဒနာရာမကျောင်းတိုက် ခဏ္ဍသိမ်တွင် ဓနုဖြူမြို့ သဒ္ဓမ္မ ဧောတိကရာမကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောသလ္လာလင်္ကာရ ဆရာတော်



ဘုရားကြီးကို ဥပဇ္ဈာယ်ပြုလျက် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရဟန်းအဖြစ်သို့ ရောက်ရှိ တော်မူခဲ့သည်။


ဆရာတော်သည် ၁၂၈၃ ခုနှစ်တွင် အစိုးရ ပထမ ငယ်တန်း၊ ၁၂၈၅ ခုနှစ်တွင် ပထမလတ်တန်း၊ ၁၂၈၇ ခုနှစ်တွင် ပထမကြီးတန်း၊ ၁၂၈၉ ခုနှစ်တွင် စေတီယင်္ဂဏစာသင်တန်း၊ ၁၃၁၄ ခုနှစ်တွင် စေတီယင်္ဂဏစာချတန်း၊ ၁၃၁၀ ပြည့်နှစ်တွင်မြန်မာနိုင်ငံအစိုးရ စာမေးပွဲကြီး ဝိနယဂုဏ်ထူးဆောင် ဝိနည်းဂါးကျမ်း မူလ သိက္ခာတန်းနှင့် မဟာဒ္ဒါရဂိုဏ်းလုံးဆိုင်ရာ နိဿယမူစနက အကြီးတန်း များကို အောင်မြင်တော် မူခဲ့သည်။

ဆရာတော်သည် ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်တိုက်၊ ကျိုက်လတ်မြို့ ဒက္ခိဏာရာမစာသင်တိုက် ကသစ်ကုန်းကျေးရွာ အရိမဒ္ဒနာရာမ စာသင်တိုက်ကြီး များ၌ စာသင်သား သံဃာတော် ၅၀ ကျော်တို့အား နေ့ဝါ ညဝါပို့ချခဲ့သည်။ ၁၃၁၁ ခုနှစ်တွင် ငယ်ဆရာ ဖြစ်တော်မူသော ကသစ်ကုန်းကျေးရွာ ဆရာတော်ကြီး ပို့လွန်တော်မူရာ ကျောင်းထိုင်ဘုန်းကြီးအဖြစ် တာဝန်ယူ အုပ်ချုပ်တော်မူ၍ တစ်နေ့လျှင် စာပေ ခုနစ်ဝါ အထိ ပင်ပန်းကြီးစွာပို့ချပြီး ပထမငယ်၊ ပထမလတ်၊ ပထမကြီး၊ ဓမ္မစရိယနှင့် စေတီယင်္ဂဏ၊ သက္ကသိဟအောင် တပည့် များစွာ ပေါ်ထွက်စေခဲ့သည်။

ဆရာတော်သည် ကျောင်းထိုင်ဘုန်းကြီး အင်္ဂါရပ်နှင့် ညီညွတ်၍ ပရိယတ္တိနှင့် ပြည့်စုံသော တပည့်များအား မြို့ရွာဒေသအသီးသီးတို့၌ စာသင်တိုက်များတည်ထောင် စေ၍ ဆင့်ပွားသာသနာ ပြုခဲ့သည်။

ထို့ပြင် ဆရာတော်သည် သံဃသမ္မုတိရ သံဃာ့ ကိုယ်စားလှယ်၊ တိုင်းသံဃနာယက ဥက္ကဋ္ဌ၊ မဟာဒ္ဒါရ နိကာယသာသနပါလ စာမေးပွဲ ဥက္ကဋ္ဌ စသောအားဖြင့်

သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းတို့ကို ကြိုးပမ်း ဆောင်ရွက်တော်မူလျက် ရှိသည်။



ဆရာတော်ဘဒ္ဒန္တ အရိယဝံသ
အဂ္ဂမဟာပဏ္ဍိတ
ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဟသ်ာတ
သုံးထပ်ကျောင်းတိုက်

ဆရာတော် ဘဒ္ဒန္တ အရိယဝံသကို ရောဝတီတိုင်း အင်ပူမြို့နယ် ကွင်းကောက်ရွာ ခမည်းတော် ဦးထွန်းငြိမ်း၊ မယ်တော် ဒေါ်ဖြူတို့မှ ၁၂၇၂ ခုနှစ် ဒုတိယဝါဆိုလဆန်း ၅ ရက် တနင်္လာနေ့ ညသန်းခေါင်ကျော် ၂ နာရီ အချိန်တွင် ဖွားမြင်တော်မူသည်။ မွေးချင်းလေးယောက်တွင် ဒုတိယမြောက် ဖြစ်သည်။ ငယ်မည် မှာ မောင်အုံးကျော်ဟု ခေါ်တွင်သည်။

ဆရာတော်သည် ၁၄ နှစ်သားအရွယ်တွင် အဘိုးဦးသာအေးနှင့် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ အင်ပူမြို့နယ် ခြောက်ရွာ ဒကွိဏ်ရုံကျောင်း၌ နောင် ပိုးစာတော ဆရာတော် ဖြစ်လာမည့် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဇေယျ ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြုလျက် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့တော်မှာ ရှင်အရိယဝံသဖြစ်သည်။

၁၂၉၁ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ ရက် တနင်္လာနေ့ နံနက် ၁၀ နာရီအချိန် အင်ပူမြို့နယ် ခြောက်ရွာ ဒကွိဏ်ရုံကျောင်း ခဏ္ဍသိမ်တော်မြတ်၌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဇေယျ ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြုလျက် အင်ပူမြို့နယ် မဲဇလီကုန်းကာကောဏ္ဍန်နှင့် ဓနသိဒ္ဓိဆန်စက်များပိုင်ရှင် ဦးဘကြမ်း၊ ဒေါ်သီလတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။


ဆရာတော်သည် ရန်ကုန်မြို့ ရွှေတိဂုံရင်ပြင် ရှင်သာမဏေစာပြန်ပို့အငယ်တန်း၊ အလယ်တန်း၊အစိုးရပထမပြန်အငယ်တန်း၊ အလယ်တန်း၊ အကြီးတန်းနှင့် ဓမ္မာစရိယစာချုတန်းတို့ကို ဂုဏ်ထူးကျမ်းများနှင့်တကွ အောင်မြင်သဖြင့် သာသနဓဇသိရိပဝရဓမ္မာစရိယ ဘွဲ့ကို ရရှိခဲ့သည်။

ဆရာတော်သည် ဟသ်ာတမြို့နယ်စု အင်ပူမြို့နယ်ကွင်း ကောက် လယ်ပြင် ကျောင်း တိုက်၊ မြောက်ရွာ ဒကွိဏ်ရုံကျောင်းတိုက်၊ ဟသ်ာတမြို့ ပိုးစာတော ပရိယတ္တိစာသင်တိုက်၊ ပခုက္ကူမြို့ မဟာဝိသုတာရာမ အလယ်တိုက်၊ မြင်းခြံမြို့နယ် ဖက် ပင် အိုင် ရွာ ကျောင်းတိုက်၊ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့် ကျောင်းလမ်း ဟသ်ာတသုံးထပ်ကျောင်းတိုက်တို့၌ စာသင်သားတပည့်ရဟန်းသာမဏေပေါင်း များစွာတို့အား ပိဋကတ်ကျမ်းစာအဖြာဖြာတို့ကို အချိန်ရသမျှပို့ချလျက် ရှိသည့်အပြင် ဖက်ပင်အိုင်ဌီကာကျော် ပို့ချနည်းကျမ်း၊ ဖက်ပင်အိုင် မူလဌီကာပို့ချနည်းကျမ်းနှင့် ဝိနိစ္ဆယရေးရာ အဖြာဖြာနှင့် အဖိုးတန် စာပဒေသာကျမ်းတို့ကို ရေးသားပြုစုတော်မူခဲ့သည်။

ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာတွင်ပါဠိဝိသောဓက၊ ပါဠိပဋိဝိသောဓက၊ တိပိဋကဓရ စာထောက်စာမ၊ တိပိဋကဓရ စာမေးပွဲ ပုစ္ဆာက၊ တိပိဋကရေ ရွေးချယ်ရေးအဖွဲ့ သြဝါဒါစရိယ၊ ရန်ကုန်မြို့ ပိဋကသာကစ္ဆာအဖွဲ့ ဥက္ကဋ္ဌ၊ ဗိုလ်တထောင် စေတီတော် ဂေါပကအဖွဲ့ သြဝါဒါစရိယ၊ မြောက်ဥက္ကလာပ ပရိယတ္တိသဒ္ဓမ္မာနုဂ္ဂဟ စာမေးပွဲကြီး၏ သြဝါဒါစရိယ၊ ဟသ်ာတမြို့နယ် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့ကြီး၏ပညာရေးဌာန ဝန်ဆောင်စသည့်များစွာသော သာသနာ့တာဝန်များကို ထမ်းဆောင်လျက် ရှိပါသည်။

ဆရာတော်ဘဒ္ဒန္တ သုမင်္ဂလ
အဂ္ဂမဟာပဏ္ဍိတ
ရခိုင်ပြည်နယ်၊ စစ်တွေမြို့
ပညာလင်္ကာရကျောင်းတိုက်

ဆရာတော်ဘဒ္ဒန္တသုမင်္ဂလကို ရခိုင်ပြည်နယ် စစ်တွေမြို့ မိဇ်ရပ်ကွက်၊ ခမည်းတော် ဦးထွန်းအောင်ကျော်၊ မယ်တော် ဒေါ်စံမြည့်တို့မှ ၁၂၇၂ ခုနှစ် တန်ဆောင်မုန်းလဆန်း ၃ ရက် သောကြာနေ့နံနက် ၉ နာရီအချိန်တွင် ဖွားမြင်တော်မူသည်။ မွေးချင်းငါးဦး အနက် ပဉ္စမမြောက် သားရတနာ ဖြစ်သည်။ ငယ်နာမည်မှာ မောင်ဖြူ ခေါ် စိန်လှအောင် ဖြစ်သည်။



ဆရာတော်သည် ၁၂၀၆ ခုနှစ် ၁၄ နှစ်သားအရွယ်တွင် စစ်တွေမြို့ ရွာကြီး တောင်ရပ်ကွက် ပညာလင်္ကာရ ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပုညမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ အဘွားအရင်းဖြစ်သူ ဒေါ်ထွေး၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိသည်။ ရှင်ဘွဲ့တော်မှာ ရှင်သုမင်္ဂလ ဖြစ်သည်။

၁၂၉၂ ခုနှစ် ဝါဆိုလဆန်း ၁၄ ရက်နေ့တွင် စစ်တွေမြို့ ပညာလင်္ကာရ ကျောင်းတိုက် ခဏ္ဍသိမ်၌ စစ်တွေမြို့ ဆင်ကူးကမ်းကျောင်းတိုက် ဆရာတော်ကြီး ဘဒ္ဒန္တဂန္ဓမာ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍လည်းကောင်း၊ ပညာလင်္ကာရ ဆရာတော်ကြီး ဦးပုညမဟာထေရ်၏ အခြီးအမြှင့်ကို ခံယူ၍လည်းကောင်း ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် ၁၃၁၉ ခုနှစ်မှစ၍ စစ်တွေမြို့ ပညာလင်္ကာရကျောင်းတိုက်တွင် ဦးစီးနာယကအဖြစ် အုပ်ချုပ်ရသည်မှစ၍ပြီး ပရိယတ္တိစာပေများကို တပည့်ပေါင်းများစွာတို့အား နေ့ညမပြတ် ပို့ချသင်ကြားပေးခဲ့သည်။

ဆရာတော်သည် ၁၃၀၉ ခုနှစ်တွင် ရခိုင်တောင်တန်း သာသနာပြုအဖွဲ့ချုပ်ကြီးကို ထူထောင်၍ ပထမ အကျိုးဆောင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။ ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးတွင် နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်၊ ဆဋ္ဌသင်္ဂါယနာမဟာခမ္မသဘင်ကြီးတွင် ဆဋ္ဌသင်္ဂီတိကာရက၊ မော်ဘီ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး၌ သံဃာ့ကိုယ်စားလှယ်၊ ၁၃၂၃ ခုနှစ်မှ ၁၃၂၆ ခုနှစ်အထိ နိုင်ငံတော်အစိုးရ ဝိနိစ္ဆယဌာန၌ နိုင်ငံတော်ဝိနည်းဓိရ်၊ဓမ္မာစရိယနှင့် ပါဠိပထမပြန် စစ်တွေစာဖြေဌာန ကြီးကြပ်ရေး နာယက သြဝါဒါစရိယ၊ စစ်တွေမြို့လုံးကျွတ် သာသနဟိတ အမျိုးသား ပရိယတ္တိစာမေးပွဲတွင် သာသနဝိသေသကအဖွဲ့ကြီး၏ ဒုတိယဥက္ကဋ္ဌ

စသောအားဖြင့် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အားပေးဆောင်ရွက်တော်မူလျက် ရှိသည်။

ဆရာတော်ဘဒ္ဒန္တ သူရိယ
အဂ္ဂမဟာပဏ္ဍိတ
မန္တလေးတိုင်း၊ မြင်းခြံမြို့၊ မင်းကျောင်းတိုက်
ဓမ္မပါလအုတ်ကျောင်း

ဆရာတော်ဘဒ္ဒန္တသူရိယကို မန္တလေးတိုင်း တောင်သာမြို့နယ် သမက္ကာကျေးရွာ ခမည်းတော်ဦးပေး၊ မယ်တော် ဒေါ်သစ်တို့မှ ၁၂၇၂ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၁ ရက်သောကြာနေ့တွင် ဖွားမြင်တော်မူသည်။ ငယ်နာမည် မောင်သန်းစိန်ဟု ခေါ်တွင်သည်။



ဆရာတော်သည် ၁၂၀၅ ခုနှစ် ဝါဆိုလဆန်း ၁၀ ရက်နေ့တွင် ဇာဂျမ်းရွာကန်အနောက်ဆွယ်ကျောင်း ဆရာတော် ဦးဇယန္တကိုဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ရောက်ရှိသည်။ ဥပဇ္ဈာယ် ဆရာတော်က ရှင်သူရိယဟု ဘွဲ့အမည်မှည့်ခေါ် ခဲ့သည်။ ၁၂၉၂ ခုနှစ် တပေါင်းလပြည့်ကျော် ၁၃ ရက်နေ့တွင် ကန်မြေဇာဂျမ်းရွာ ကန်အနောက်ဆွယ်ကျောင်း မိမိ၏ ဆရာရင်းဖြစ်သော ဆရာတော် ဦးဇယန္တကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မန္တလေးတိုင်း တောင်သာမြို့နယ် သမက္ကာကျေးရွာ ကျောင်းခဏ္ဍသိမ်တော်၌ ရဟန်းအဖြစ်သို့ ရောက်သည်။

ဆရာတော်သည် ရဟန်းသိက္ခာ ၁၀ ဝါရသောအခါ ပခုက္ကူ နိကာယ ဂဏဝါစက ဖြစ်တော်မူခဲ့သည်။ မြင်းခြံမြို့ မဟာဝိသုတာရာမတိုက်သစ်၌ စာသင်သားသံဃာတော် ၁၀၀ ကျော်တို့အား နောင်အခါ ဓမ္မာစရိယ ဦးစိန်ခိုဖြစ်မည့် ဦးဝါယမ၊ ဦးကုမာရတို့နှင့် တွဲဖက်ကာ ဦးဆောင်ဦးရွက်ပြု၍ စာပေပို့ချတော်မူခြင်း၊

ရဟန်းသိက္ခာ ၂၅ ဝါအရွတ်ငှ မြင်းခြံမြို့ မင်းကျောင်းတိုက်ရာဟူထောင့်ကျောင်းကိုလက်ခံ၍ စာသင်သား သံဃာတော် ၆၀ ကျော် ၇၀ ခန့်တို့အား ပိဋကစာပေကျမ်းဂန်အတန်တန်တို့ကို ပို့ချ သင်ကြားပေးတော် မူခဲ့သည်။ ဆရာတော်စာချပေးသဖြင့် ဓမ္မာစရိယနှင့် တိပိဋကဓရ စာမေးပွဲဝင်အရှင်မြတ်များပေါ်ထွက်ခဲ့သည့်အပြင် မြင်းခြံမြို့၊တောင်သာမြို့၊ ရေစကြိုမြို့၊ ညောင်ဦးမြို့၊ မြန်အောင်မြို့၊ မိုင်းပွန်မြို့၊ ကျုံပျော်မြို့နယ် စသည်တို့၌ စာသင်တိုက်ကျောင်းခဲ့ပေါင်း ၂၅ ကျောင်းခန့်အထိ တိုးတက်ပြန့်ပွားထွန်းကားလာခဲ့သည်။

ယင်းသို့စာပေများကို ပို့ချပေးတော်မူရင်း ဆန်းအဖွင့်ကျမ်း (မူကြမ်း)နှင့် ဋီကာကျမ်းရင်းအဖြေတို့ကိုပြုစုတော်မူလျက် ရှိသည်။

ဆရာတော်သည် ပခုက္ကူ မဟာဝိသုတာရာမ ဂဏဝါစက၊ ပခုက္ကူနိကာယနာယက၊ ဆဋ္ဌသင်္ဂီတိ ဘာဏက၊ ဆဋ္ဌသင်္ဂီတိကာရက၊ မြင်းခြံမြို့နယ် သံဃနာယကဥက္ကဋ္ဌ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲဥက္ကဋ္ဌ၊နိုင်ငံတော်ဩဝါဒိစရိယ၊ မြင်းခြံမြို့ဥပဋ္ဌာကအဖွဲ့၏ ဩဝါဒိစရိယ၊ နှစ်ကျိပ်ရှစ်ဆူ ဝိနယာနုဂ္ဂဟအဖွဲ့၊သဒ္ဓမ္မပါလ စာမေးပွဲအသင်းကြီး၊ ပုည္ဉသဟာယဆွမ်းလောင်းအသင်းကြီးတို့၏ ဩဝါဒိစရိယအဖြစ်ဖြင့် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းတို့ကို ကြိုးပမ်းဆောင်ရွက်တော်မူလျက် ရှိသည်။

ဤသို့ သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော ဆရာတော်ဘဒ္ဒန္တသူရိယသည် ၁၃၅၂ ခုနှစ် ကဆုန်လဆုတ် ၁၄ ရက်၊ ၁၉၉၀ ပြည့်နှစ် မေလ ၂၂ ရက်နေ့တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့သည်။



ဆရာတော်ဘဒ္ဒန္တ နန္ဒဝံသ
အဂ္ဂမဟာပဏ္ဍိတ
စစ်ကိုင်းတိုင်း၊ အင်းတော်မြို့၊ မြို့မကျောင်း

ဆရာတော် ဘဒ္ဒန္တ နန္ဒဝံသကို စစ်ကိုင်းတိုင်း အင်းတော်မြို့ မြို့မရပ် ခမည်းတော်ဦးသာလှင်၊ မယ်တော် ဒေါ်အေးအုံတို့မှ သက္ကရာဇ် ၁၂၇၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက်၊ စနေနေ့ ည ၂ ချက်တီးအချိန်တွင် ဖွားမြင်တော်မူသည်။ မွေးချင်းညီအစ်ကို မောင်နှမ ခုနစ်ယောက်တို့တွင် သတ္တမမြောက် သားရတနာဖြစ်၍ ငယ်အမည်မှာ မောင်တင်ဦး ဖြစ်သည်။

ဆရာတော်သည် အသက် ၁၈ နှစ် အရွယ်တွင် အင်းတော်မြို့ မြို့မရပ် ခမည်းတော် ဦးသာလှင်၊ မယ်တော် ဒေါ်အေးအုံတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မန်လည်ပြာသာဒ်ကျောင်းကြီး ဒုတိယမန်လည်ဆရာတော် ဦးပဏ္ဍဝံသကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ဘွဲ့အမည်မှာ ရှင်နန္ဒဝံသဖြစ်သည်။

သက္ကရာဇ် ၁၂၉၆ ခုနှစ် ကဆုန်လဆန်း ဂ ရက်နေ့ ၁၂ နာရီအချိန်တွင် မန်လည်မြို့ ပြာသာဒ်ကျောင်းကြီး မဟာသိမ်၌ ပထမ မန်လည်ဆရာတော်ဘုရားကြီး၏ အန္တေဝါသိက တပည့်ရင်းဖြစ်တော်မူသော ဒုတိယမန်လည်ဆရာတော် ဦးပဏ္ဍဝံသကို ဥပဇ္ဈာယ်ပြု၍ အင်းတော်မြို့မြို့မရပ် အစ်မကြီးဖြစ်သူ ဒေါ်အေးခင်၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ ဘွဲ့အမည်မှာ အရှင်နန္ဒဝံသပင် ဖြစ်သည်။

၁၃၀၃ ခုနှစ် ရဟန်းသိက္ခာ ခုနစ် ဝါ ရသောအခါ အင်းတော်မြို့ မြို့မကျောင်းတိုက်ကို ပထမပြန် ပရိယတ္တိစာသင်တိုက်ကြီးအဖြစ် တည်ထောင် ဖွင့်လှစ်ပြီးလျှင် ကျောင်းတိုက်ကြီး၏ ပဓာန နာယကအဖြစ် တာဝန်ယူ အုပ်ချုပ်တော်မူလျက် ရဟန်းသာမဏေများ လက်ခံကာ စာပေကျမ်းဂန်များကို သင်ကြားပို့ချတော်မူခဲ့သည်။

ဆရာတော်သည် အင်းတော်မြို့နယ် ယာယီ ဝိနစ္ဆယဌာန ဝိနည်းဓိရ်၊ အင်းတော်မြို့နယ် ယာယီ ဝိနစ္ဆယဌာန တာဝန်ခံ၊ ကသာခရိုင် ဝိနစ္ဆယဌာနများဆိုင်ရာ ဝိနည်းဓိရ်နှင့် ဩဝါဒိစရိယဆရာတော်များ ရွေးကောက်ပဲ့ ဖြစ်မြောက်ရေးနှင့် ဝိနစ္ဆယဌာနတည်ထောင်ရေး အမှုဆောင်၊ ဆဋ္ဌသင်္ဂါယနာ သင်္ဂီတိကာရက၊ ဝိသုဒ္ဓိမဂ် ပါဠိဝိသောဓက၊ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး၌ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်နှင့် နိုင်ငံတော်ဗဟို သံဃာဝန်ဆောင်၊ မိုးညို(မြောက်ဥက္ကလာပ)ဝါဒ ဝိနစ္ဆယအဖွဲ့ အမှတ်– ၇ နိုင်ငံတော်သီးခြားဝိနည်းဓိရ်အဖြစ်ဖြင့် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းတို့ကို ကြိုးပမ်းဆောင်ရွက်တော်မူခဲ့သည်။



ဆရာတော်ဘဒ္ဒန္တ ဇာဂရ
အဂ္ဂမဟာပဏ္ဍိတ
ပဲခူးတိုင်း၊ ပြည်မြို့၊ ကန်ဦးကျောင်းတိုက်

ဆရာတော်ကို မကွေးတိုင်း ကမ္မမြို့နယ် ထောက်ရှာခုံကျေးရွာ ခမည်းတော် ဦးဘိုးခန့်၊ မယ်တော် ဒေါ်မယ်ကြင် တို့မှ ၁၂၇၈ ခုနှစ် နတ်တော်လပြည့်ကျော် ၁၀ ရက် အင်္ဂါနေ့ နံနက်အချိန်အခါ၌ ဖွားမြင်တော်မူသည်။ မွေးချင်းခြောက်ယောက်တို့တွင် တတိယမြောက် သားမြတ်ရတနာဖြစ်သည်။ ငယ်အမည်မှာ ကျော်စံဗလ ဖြစ်သည်။

ဆရာတော်သည် သက်တော် ၁၃ နှစ်အရွယ်သို့ရောက်သောအခါ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ၁၂၉၁ ခုနှစ် တပို့တွဲလဆန်း ၅ ရက်နေ့တွင် မကွေးတိုင်း ကမ္မမြို့နယ် ထောက်ရှာခုံကျောင်းဘုန်းတော်ကြီး ဦးအာစရကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ဥပဇ္ဈာယ် ဆရာတော်ကြီးက ရှင်ဇာဂရဟု ဘွဲ့မည် ပေးအပ်ခဲ့သည်။ သက္ကရာဇ် ၁၂၉၇ ခုနှစ် တပေါင်းလပြည့်ကျော် ၁ ရက်နေ့ နံနက် ၈း၄၅ နာရီအချိန်တွင် မကွေးတိုင်း ကမ္မမြို့နယ် ထောက်ရှာခုံကျောင်း ဥဒကုက္ခေပ သိမ်တော်၌ သုဓမ္မာဂိုဏ်းချုပ် ထန်းလေးပင်ကျောင်း ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် ရဟန်း၀ါ တစ်၀ါ နှစ်၀ါ အရမှာပင် အစိုးရ ပထမငယ်တန်း၊ ပထမလတ်တန်းနှင့် ပြည်မြို့ပရိယတ္တိမမ္မာနုဂ္ဂဟအသင်းမှ ကျင်းပသော စာသင်တန်းတို့ကို အောင်မြင်တော်မူခဲ့သည်။

ဆရာတော်သည် ပြည်မြို့ မဟာမေဃ၀န် ဆရာတော် ဘုရားကြီး၏အမိန့်အရ ကန်ဦးကျောင်းတိုက်၌ ပဓာန နာယကဆရာတော်အဖြစ်နှင့် စာချစမ္မာစရိယသုံးပါးတို့ကို ဦးဆောင်လျက် သံဃာ ၄၀ ကျော်တို့ကို နေ့၀ါညဉ့်ဝါများဖြင့် နေ့စဉ်နှင့်အမျှ စာပေသင်ကြားပို့ချ၍ ဝိနိစ္ဆယဆိုင်ရာစာတမ်းများကို ကိုယ်တိုင်ရေးသားခြင်း၊ စုပေါင်းရေးသားခြင်းတို့ဖြင့် ပြုစုဆောင်ရွက်တော်မူခဲ့သည်။

ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာ သင်္ဂီတိကာရက ထေရီဘာဏက၊ မော်ဘီဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲ၌ အဖွဲ့ဝင်၊ ပြည်မြို့ ပရိယတ္တိမမ္မာနုဂ္ဂဟအသင်းကြီး၏ သြ၀ါဒါစရိယ၊ ပြည်အခြေခံဒေသပြဿနာ ဖြေရှင်းရေးအဖွဲ့၏ ဥက္ကဋ္ဌ၊ ပြည်မြို့ ရွှေဆံတော်စေတီတော် ဂေါပကအဖွဲ့၏ သြ၀ါဒါစရိယ၊ ပြည်မြို့ ရွှေဘုန်းပင့်စေတီတော် ဂေါပကအဖွဲ့၏ သြ၀ါဒါစရိယ၊ ပြည်မြို့ ရတနာသီရိမဟာဘုရားကြီး ဘုရားစေတီတော် ဂေါပကအဖွဲ့၏ သြ၀ါဒါစရိယ၊ ပြည်မြို့ စကားတောင်စေတီတော် ဂေါပကအဖွဲ့၏ သြ၀ါဒါစရိယ၊ ပြည်မြို့ စံနန်းဦးစေတီတော် ဂေါပကအဖွဲ့၏ သြ၀ါဒါစရိယ၊ အစိုးရ ပထမပြန်စာမေးပွဲ၏ သြ၀ါဒါစရိယ၊ နိုင်ငံတော် ဝိနည်းဓိရ သဘာပတိ၊ နိုင်ငံတော် အမှတ်– ၅ သီးခြားဝိနည်းဓိရ်သဘာပတိ၊ ဝေဠုဝန်နိကာယ အနုနာယက စသည်ဖြင့် သာသနာရေးရာတို့ကို အားပေး ဆောင်ရွက်တော်မူခဲ့သည်။



ဆရာတော်ဘဒ္ဒန္တ အင်္ဂီယ
အဂ္ဂမဟာပဏ္ဍိတ
မန္တလေးတိုင်း၊ မန္တလေးအနောက်တောင်မြို့နယ်
မဟာဝိသုဒ္ဓါရုံတိုက်သစ်

ဆရာတော် ဘဒ္ဒန္တအင်္ဂီယကို စစ်ကိုင်းမြို့နယ် လင်းယဉ်ရွာတွင် ခမည်းတော် ဦးပုကြီး၊ မယ်တော်



ဆရာတော်ဘဒ္ဒန္တ ပညာဝရ
အဂ္ဂမဟာပဏ္ဍိတ
ပဲခူးတိုင်းရေကျင်မြို့မဟာပညာဗိမာန်စာသင်တိုက်

ဆရာတော် ဘဒ္ဒန္တပညာဝရကို မန္တလေးတိုင်း ညောင်ဦးမြို့နယ် ကုလားတဲရွာ ခမည်းတော် ဘုရားဒါယကာ ဦးဖိုးထွန်း၊ မယ်တော် ဒေါ်နန်းအေးတို့မှ ၁၂၇၉ ခုနှစ် ကဆုန်လဆန်း ၆ ရက် ကြာသပတေးနေ့ ညနေ ၄ နာရီ အချိန်တွင် ဖွားမြင်တော်မူသည်။ မွေးချင်းသုံးယောက်အနက်သားဦးရတနာဖြစ်ပြီးငယ်မည် မောင်ညိုမြဖြစ်သည်။

အသက် ၁၃ နှစ်သားအရွယ်တွင် ကုလားတဲမြောက်ကျောင်း ဆရာတော် ဦးတေဇဝန္တထံ၌ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူလျက် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ ဘွဲ့မှာ ရှင်ပညာဝရ ဖြစ်သည်။ ၁၂၉၁ ခုနှစ် ပြာသိုလပြည့်ကျော် ၅ ရက် ကြာသပတေးနေ့ နံနက် ၉ နာရီ ၅၀ မိနစ် အချိန်တွင် ကုလားတဲမြောက်ကျောင်း ခဏ္ဍ သိမ်တော်၌ ငါးသားဆောက် ရွေးမြင်တင်ကျောင်း ဆရာတော်ကြီး ဦးအရိယဝံသ အရှင်မြတ်ကို ဥပဇ္ဈာယ်ပြု၍ အဘိုးအဘွားဖြစ်သော ကျောင်းနှင့်ဘုရားဒကာ ဦးစံစိုး၊ ဒေါ်ဇီယာတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဆရာတော်လောင်းလျှာသည် ရှင်သာမဏေဘဝတွင် ပထမငယ်တန်းအောင်မြင်လျက် ပဉ္စင်းအဖြစ်သို့ရောက်ပြီးနောက် ပထမလတ်တန်း၊ ပထမကြီးတန်းနှင့် ဓမ္မာစရိယစာချတန်းတို့ကို အောင်မြင်ခဲ့သည်။

ဆရာတော်သည် ပခုက္ကူမြို့မှ မဟာဝိဇ္ဇာဂုရုမ (အရွှေတိုက်သစ်) နှင့် မန္တလေးမြို့မှ မဟာနန္ဒိသေနာ

ဒေါ်ဖွားတွယ်တို့မှ ၁၂၇၉ ခုနှစ် ဦးတန်ခူးလပြည့်ကျော် ၁၀ ရက် တနလ်ာနေ့၌ ဖွားမြင်သည်။ မွေးချင်း ၁၀ ယောက်အနက် ပဉ္စမမြောက်ဖြစ်၍ ငယ်မည် မောင်အောင်ဆန်းဖြစ်သည်။

ဆရာတော်လောင်းလျှာသည် ၁၂၉၀ ပြည့်နှစ် နယုန်လပြည့်နေ့တွင် အဘိဓဇမဟာရဋ္ဌဂုရု ရွှေကျင်သာသနာပိုင် သက်တော်ရှည် စံကင်း ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြုလျက် ဆရာတော်ဘုရားကြီး၏ မယ်တော်ကြီး ဒေါ်မင်းထယ်၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ လင်းယဉ်ရွာ မဟာဝိဟာရကျောင်း၌ ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ ၁၂၉၇ ခုနှစ် ဝါဆိုလဆန်း ၁၂ ရက် နံနက် ၇ နာရီ အချိန်တွင် လင်းယဉ်ရွာ မဟာဝိဟာရကျောင်း ခဏ္ဍသိမ်၌ စံကင်း ဆရာတော်ဘုရားကြီးကိုပင် ဥပဇ္ဈာယ်ပြုလျက် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ရောက်ရှိသည်။ ရွှေကျင်ဂိုဏ်း တဲ့ဖက်သာသနာပိုင် အဂ္ဂမဟာပဏ္ဍိတ ဝိသုဒ္ဓါရုံ စည်ရှင် ဆရာတော်က အလယ်လုံး (ဃ) အက္ခရာကို တနလ်ာနံ့အဖြစ် မှတ်ယူစေကာ "ရှင်အဂ္ဂိယ" ဟု သာမဏေဘွဲ့ပေးခဲ့သည့်အတိုင်း ထိုဘွဲ့တော်ကိုပင် ယခုတိုင် ဆက်လက်ခံယူခဲ့သည်။

ဆရာတော်သည် ပထမငယ်၊ ပထမလတ်၊ ပထမကြီးနှင့် ဓမ္မာစရိယစာမေးပွဲကို ဂုဏ်တူးကျမ်းများနှင့်တကွ အောင်မြင်ခဲ့သောကြောင့် သာသနဓဇ သိရိပဝရ ဓမ္မာစရိယဘွဲ့ကို ရရှိခဲ့သည်။ ဒုတိယကမ္ဘာစစ်ကာလတွင် ရောဝတီတိုင်း ဓနုဖြူမြို့ ဂန္ဓာရုံကျောင်းတိုက်၌ ပဓာန စာချအဖြစ်၊ တိုက်အုပ် ဆရာတော်အဖြစ် စာပေပို့ချခဲ့သည်။

ဆရာတော်သည် ၁၂ ဝါအရ ၁၃၁၀ ပြည့်နှစ်တွင် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဇယမေဒနီ ဝါဆိုကျောင်း နာယကကျောင်းဘုန်းကြီးအဖြစ် ခန့်အပ်ခံရပြီးတိုက် သံဃာ ၃၀၀ ကျော်တို့အား စာပေပို့ချပြီး သာသနာပိုင် ဆရာတော်ကြီးများ၏ ညွှန်ကြားချက်နှင့် အညီ သာသနာရေးကိစ္စများဆောင်ရွက်ခဲ့သည်။

ဆရာတော်သည် မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ်ကထိက၊ မန္တလေးမြို့ ပါဠိပထမပြန်စာမေးပွဲ ကြီးကြပ်ရေးအဖွဲဝင်၊ ဓမ္မာစရိယစာမေးပွဲ ဩဝါဒါစရိယ၊ ရွှေကျင်နိကာယဂိုဏ်းလုံး ဝန်ဆောင်နာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ နိုင်ငံတော် သံဃမဟာနာယက စသည့် တာဝန်များနှင့် အခြားသောသာသနာ့ရေးရာများမြောင်လှစွာသောတာဝန်များကို ထမ်းဆောင်တော်မူခဲ့၊ ထမ်းဆောင်တော်မူဆဲ ဖြစ်သည်။

ရာမတိုက်တို့၌ ပရိယတ္တိစာပေများကို ပို့ချသင်ကြားပေးတော်မူခဲ့၍ ၁၃၁၇ ခုနှစ်တွင် ပဲခူးတိုင်း ရွှေကျင်မြို့အရှေ့လေးထပ်ကိုဏ်း ကုသိန္နာရုံကျောင်းကို သဒ္ဓမ္မဇောတိကာရာမ မဟာပညာဗိမာန်စာသင်တိုက် ဟူသောအမည်ဖြင့် တည်ထောင်ကာ စာသင်သား သံဃာတော် ၁၅၀ ကျော်တို့အား ပရိယတ္တိစာပေများကို ဆက်လက်ပို့ချသင်ကြားပေးတော်မူခဲ့သည်။

ဆရာတော်သည် ရွှေကျင်မြို့ လေးထပ်ကိုဏ်း၏ ပဓာန မဟာနာယက၊ ဝေါမြို့နယ် ဂိုဏ်းဝင်ကျောင်းပေါင်း ၂၀၀ ကျော်ရှိသော သူရဲသမိန်ဂိုဏ်းကြီး၏အနုနာယက၊ မော်ဘီမြို့ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲ ကိုယ်စားလှယ်၊ ကျောင်းထိုင်ဆရာတော်များအဖွဲ့ အတွင်းရေးမှူး၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ၃၇ ပါး ပါရှိသော ပရိယတ္တိပညာရေးအဖွဲ့ဝင်၊ နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့ အမှတ်-၁၂ သဘာပတိ စသည့် သာသနာ့ တာဝန်များနှင့် အခြား သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး လုပ်ငန်းတို့ကို ကြိုးပမ်းဆောင်ရွက်တော်မူလျက်ရှိသည်။



ဆရာတော်ဘဒ္ဒန္တ စန္ဒာဝရ
အဂ္ဂမဟာပဏ္ဍိတ
မကွေးတိုင်း၊ မကွေးမြို့၊ မဟာဓမ္မိကာရာမတိုက်

ဆရာတော်ဘဒ္ဒန္တစန္ဒာဝရကို မန္တလေးတိုင်း မြင်းခြံခရိုင် ညောင်ဦးမြို့နယ် ရွာပုလဲကျေးရွာ(ယခု ဖလံကန်ကျေးရွာ) ခမည်းတော် ဦးတို့၊ မယ်တော် ဒေါ်သောင်းတို့မှ ၁၂၇၉ ခုနှစ် သီတင်းကျွတ် လပြည့်ကျော် ၃ ရက် အင်္ဂါနေနံနက် ၄း၃၀ နာရီအချိန်တွင် ဖွားမြင်တော်မူသည်။ မွေးချင်း သုံးယောက်တို့တွင် အငယ်ဆုံးသား ရတနာဖြစ်၍ ငယ်မည်မှာ မောင်ညွန့်မောင် ဖြစ်သည်။

ဆရာတော်လောင်းလျှာသည် ၁၄ နှစ်အရွယ်တွင် မယ်တော်ကြီး၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ၁၂၉၃ ခုနှစ် နယုန်လဆန်း ၉ ရက် ဗုဒ္ဓဟူးနေ့တွင် ရွာပုလဲ(ဖလံကန်) ရွာဦးကျောင်းဆရာတော် ဦးပညာဝံသကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ရှင်သာမဏေဘဝတွင် ရှင်စန္ဒာဝရဖြစ်သည်။

၁၂၉၈ ခုနှစ် တပေါင်းလဆန်း ၈ ရက်နေ့နံနက် ၉း၃၀ နာရီအချိန် ရွာပုလဲ (ဖလံကန်) ရွာဦးကျောင်း ခဏ္ဍသိမ်၌ ပုသိမ်မြို့နယ် ပေလေးပင်ကျေးရွာ ဆရာတော် ဦးသာသနကို ဥပဇ္ဈာယ်ပြု၍ ရွာပုလဲရွာ အစ်ကိုကြီး ဦးဘိုးဆင့်၊ ဒေါ်ညိမ်းအေးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဆရာတော်လောင်းလျှာသည် အစိုးရပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းနှင့် ဓမ္မာစရိယ စာချတန်းများကို ဖြေဆို အောင်မြင်ခဲ့သည်။ စာချတန်းတွင် ကျမ်းရင်း သုံးကျမ်းနှင့် ဂုဏ်ထူးဆောင် ခြောက်ကျမ်းပေါင်း ကိုးကျမ်းလုံးကို နှစ်ချင်း အောင်မြင်တော်မူသောကြောင့် သာသနဓဇ သိရိပဝရ ဓမ္မာစရိယသိရောမဏိဘွဲ့ တံဆိပ်တော်ကို ရရှိတော်မူခဲ့သည်။

ဆရာတော်သည် ပေါင်းတည်မြို့ မဟာဝိသုတာရာမ တိုက်သစ် (ရေတွင်းညီနောင်) ကျောင်းတိုက်၌လည်းကောင်း၊ မြင်းခြံမြို့ ဆုတောင်းပြည့် ကျောင်းတိုက်၌လည်းကောင်း စာမေးပွဲဆိုင်ရာ ကျမ်းစာများကို ပို့ချသင်ကြားပေးတော်မူခဲ့သည်။

၁၃၂၅ ခုနှစ်မှစ၍ မကွေးမြို့ မဟာဓမ္မိကာရာမ ကျောင်းတိုက်တွင် ပဓာန နာယက ဆရာတော်အဖြစ် တာဝန်ယူ၍ သံဃာတော် ၅၀ ကျော်မှ ၂၀၀ ကျော် အထိလက်ခံကာ ပရိယတ္တိစာပေများကို သင်ကြားပို့ချပေးခဲ့သည်။

ဆရာတော်ဘဒ္ဒန္တ စန္ဒာဝရသည် မကွေးမြို့ သံဃာ့ဒါနဆွမ်းလောင်းအသင်းကြီးတည်တံ့ခိုင်မြဲရန် အဘက်ဘက်မှ ကူညီဆောင်ရွက်တော်မူခဲ့သည်။ ထို့ပြင် ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးကြီးတွင် သံဃသမ္မတိရ သံဃာ့ကိုယ်စားလှယ်၊ မြို့နယ် သံဃနာယက ဥက္ကဋ္ဌအဖြစ်ဖြင့် သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေးကိုလည်း အားပေး ဆောင်ရွက်တော်မူလျက်ရှိသည်။

ဆရာတော်ဘဒ္ဒန္တ ဝေပုလ္လသာမိ
အဂ္ဂမဟာပဏ္ဍိတ
မကွေးတိုင်း၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမိက
ရွှေပေါက်ပင်ကျောင်းတိုက်

ဆရာတော်ဘဒ္ဒန္တ ဝေပုလ္လသာမိကို မကွေးတိုင်း ပခုက္ကူမြို့ ညောင်ကြစ်ပင်ရွာ ခမည်းတော် ဦးမုန်း၊ မယ်တော်ဒေါ်ပုတာတို့မှ ၁၂၇၉ ခုနှစ် တန်ဆောင်မုန်း



လဆန်း ၁၀ ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသည်။ ငယ်မည်မှာ မောင်ရွှေကြာဖြစ်သည်။

ဆရာတော်လောင်းလျှာသည် ၁၂၉၁ ခုနှစ် ကဆုန်လပြည့်နေ့တွင် ပခုက္ကူမြို့ မန်ကျီးချောင်းရပ် ကုန်သည်ကြီးဦးစိန်ပန်း၊ ဒေါ်ပုတို့၏ ပစ္စည်းလေးပါးထောက်ပံ့မှုဖြင့် မဟာဝိသုတာရာမကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတအရှင်ပညာကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ် ရောက် တော်မူခဲ့သည်။ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော် အရှင်သုန္ဒရက ရှင်ဝေပုလ္လသာမိဟု ဘွဲ့အမည် ပေးတော်မူခဲ့သည်။

၁၂၉၉ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်နေ့ နံနက် ဂ း ၃၀ နာရီအချိန်တွင် ပခုက္ကူမြို့နယ် စဘေရွာ ဇောင်ကြမ်းကုန်းစု တိုက်သူကြီးမင်း ဦး သာကြွယ်၊ သူကြီးကတော် ဒေါ်မယ်ဆယ်နှင့် ကျောင်းဆရာမကြီး ဒေါ်သိန်းတင်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် စဘေရွာအနောက် ကျောင်းကြီးခဏ္ဍသိမ်တော်၌ နတ်ထောင့်ဂိုဏ်းကြီး၏ဦးစီး နာယကဂိုဏ်းထောက် ရေမျက်မင်းကျောင်းဆရာတော် အရှင်အာသဘာကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်း အဖြစ်သို့ ရောက်တော်မူခဲ့သည်။

ဆရာတော်လောင်းလျှာသည် အစိုးရ စာမေးပွဲတွင် ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းတို့ကို ဆက်ကာဆက်ကာအောင်မြင်တော်မူပြီး ဝိနည်း အာဂုံ ပြန်ပွဲတွင်လည်း ဝိနည်းငယ်လေးစောင် ပြန်ဆိုအောင်မြင်ခဲ့သည်။ ၁၃၁၁ ခုနှစ် အစိုးရမမှာစရိယ စာမေးပွဲတွင် ဂုဏ်ထူးဆောင်ကျမ်းများနှင့်တကွ အပြီးအဆုံးအောင်မြင်သဖြင့် သာသနဓဇ သီရိပဝရမမှာစရိယဘွဲ့ကို ရရှိတော်မူခဲ့သည်။

ဆရာတော်သည် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် အဘိဓဇမဟာရဋ္ဌဂုရုဆရာတော် အရှင်သုန္ဒရ၏ ချီးမြှောက်မှုဖြင့် မဟာဝိသုတာရာမ ဂဏဝါစက စာချဘုန်းကြီး အဖြစ်ဆောင်ရွက်ကာ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းများကို မပြတ်မလပ် ပို့ချပေးတော်မူခဲ့သည်။

မန္တလေးမြို့အနောက်ပြင် မဟာဝေယံဘုံသာကျောင်းတိုက် ဆရာတော် ဦးကလျာဏ (အဂ္ဂမဟာပဏ္ဍိတ) နှင့် အတူတွဲဖက်၍ ပါဠိတက္ကသိုလ်ကျောင်းတိုက်တည်ထောင်ကာ အနယ်နယ် အရပ်ရပ်မှ စာသင်သား သံဃာတော် ၃၀၀ ကျော် ၄၀၀ ခန့်တို့အား စာမေးပွဲဆိုင်ရာကျမ်းစာများကို ပို့ချပေးခဲ့သည်။


စာပေပို့ချတော်မူစဉ် မဟာဝိသုတာရာမ ဂဏဝါစက အာဘိဓာန်ကျမ်းပြုအဖွဲ့တွင်တိုက်အုပ်စာချဆရာတော်များနှင့်တွဲ၍ တိပိဋကပါဠိမြန်မာအဘိဓာန် (တ–ဝ်) ကျမ်းကို ကိုးနှစ်နှင့်ခြောက်လအထိ ပါဝင်ရေးသားပြုစုတော်မူခဲ့သည်။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာနိဿယသစ် ကျမ်းကိုလည်း ရေးသားစီရင်တော်မူခဲ့သည်။

ထို့ပြင် ၁၃၂၁ ခုနှစ်တွင် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့၏ ပင့်လျှောက်ချက်အရရန်ကုန်မြို့သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပကျောင်းဆောင်၌ ငါးနှစ်တိုင်တိုင် ဝါဆိုသီတင်းသုံးလျက် ဆဋ္ဌသင်္ဂါယနာ နောက်ဆက်တွဲ လက်သန်းအဋ္ဌကထာဋီကာကျမ်းပေါင်းများစွာတို့ကို ပဋိဿာန သောဓက ကျမ်းညွှန်းလုပ်ငန်းဖြင့် သုတ်သင်ပြင်ဆင်တော်မူခဲ့သည်။

ဆရာတော်သည်ဆဋ္ဌသင်္ဂါယနာတွင် သင်္ဂီတိကာရက ဘာဏက ပါဠိဝိသောဓက၊ ပါဠိပဋ္ဌိသောဓက၊ ဿသာန သောဓက၊ အဋ္ဌကထာသံပါဋ္ဌက၊ ဋီကာသံပါဋ္ဌက အဖြစ် ဖြင့် ကျမ်းပေါင်းများစွာတို့ကို ပါဝင်ဆောင်ရွက်ခဲ့သည်။

ဂိုဏ်းပေါင်းစုံသံဃာအဖွဲ့ အစည်းအဝေးကြီး၌ မူလသံဃဝဉ်ဆောင် ၆၆ ပါးအဖွဲ့ဝင်၊ ပထမအကြိမ်နှင့် ဒုတိယအကြိမ် သံဃာ့သမ္မုတိရ သံဃာ့ကိုယ်စားလှယ်၊ နိုင်ငံတော်ဗဟိုသံဃဝဉ်ဆောင်၊ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ဝင်အဖြစ် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အားကြိုး မာန်တက် ဆောင်ရွက်တော်မူခဲ့သည်။

ထို့ပြင် မန္တလေးမြို့၌နေစဉ် ပါဠိဓမ္မာစရိယအဖွဲ့၏ ပထမငါးနှစ် အကျိုးဆောင်၊ နောက်လေးနှစ်ဥက္ကဋ္ဌ၊ မန္တလေးမြို့ကုန်းခြံရပ် မစိုးရိမ်ဆရာတော်ဘုရားကြီး ဦးစီးတည်ထောင်သော အခြေပြုအဘိဓမ္မာအသင်းကြီး၏ အကျိုးဆောင်၊ အမြဲတမ်းအဘိဓမ္မာကထိက၊ ရန်ကုန်မြို့ နိကာယုဇ္ဇောတက (နိကာယ်သာသနာတော် ထွန်းကားရေး) အသင်းကြီး၏ နိကာယ်စာမေးပွဲကိစ္စ၊ ဂတိဝိသုဒ္ဓိ အသင်းကြီး၏ ပိဋကတ်သုံးပုံစာမေးပွဲကိစ္စတို့ကိုလည်း ဆောင်ရွက်တော်မူလျက်ရှိသည်။



ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသီရိ
အဂ္ဂမဟာပဏ္ဍိတ
မန္တလေးတိုင်း၊ မန္တလေးအရှေ့တောင်မြို့နယ်
အသောကာရာမတိုက်

ဆရာတော် ဘဒ္ဒန္တဝိစိတ္တသီရိကို ပဲခူးတိုင်း ဇီးကုန်းမြို့နယ် ဝေးပင်ခုံကျေးရွာခမည်းတော်ဦးဘိုးဆွယ်၊ မယ်တော် ဒေါ်လှစိန်တို့မှ သက္ကရာဇ် ၁၂၈၁ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက် ဗုဒ္ဓဟူးနေ့နံနက် ၈ နာရီခွဲအချိန်တွင် ဖွားမြင်တော်မူသည်။ မွေးချင်းငါးယောက်တို့တွင် သားဦးရတနာဖြစ်၍ ငယ်မည်မှာ မောင်လှတင်ဖြစ်သည်။

ဆရာတော်လောင်းလျာသည် စောင်းဝှက်ကျောင်းတွင် မိဘနှစ်ပါးနှင့် ဆွေမျိုးများတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ယင်းကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်ရောက်ခဲ့သည်။ ဥပဇ္ဈာယ်ဆရာတော်က ရှင်ဝိစိတ္တသီရိဟု ဘွဲ့အမည်ပေးခဲ့သည်။ ၁၃၀၀ ပြည့်နှစ် တန်ခူးလဆန်း ၉ ရက်နေ့ နံနက် ၉ နာရီ ၉ မိနစ် ၉ ဖဝါးအချိန်တွင် သစ်ဆင်ရွာ လယ်ပိုင်ရှင် ဦးဖိုးသိန်း၊ ဒေါ်ရွှေမွဲတို့၏ ပစ္စယာနုဂ္ဂဟဖြင့် သစ်ဆင်ကျောင်း ခဏ္ဍသိမ်တွင် ဆရာတော် ဦးသောဘိတကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

ဆရာတော်သည် ဒုတိယကမ္မာစစ်ပြီးချိန် ၁၃၀၈ ခုနှစ်မှစ၍ ဆရာစဉ်ဆက် ထိန်းသိမ်းစောင့် ရှောက်ခဲ့သော မန္တလေးမြို့ အသောကာရာမတိုက် မဏိကာရုံကျောင်းတွင် ပဓာန နာယကအဖြစ် တာဝန်ယူ အုပ်ချုပ်တော်မူလျက် စာသင်သားသံဃာတော်များစွာတို့အား ပရိယတ္တိစာပေများကို ပို့ချသင်ကြားပေးတော်မူကာ အစိုးရ ပထမငယ်၊ ပထမလတ်၊ ပထမကြီးနှင့် ဓမ္မာစရိယတန်းအောင် ပုဂ္ဂိုလ်ပေါင်းများစွာ ပေါ်ထွက်စေခဲ့သည်။

ရေးသားပို့စုတော်မူသော ကျမ်းစာများမှာ မေတ္တာရောင်ခြည်ကျမ်း (ရိုက်ပြီး)၊ သောတပ္ပမာလိနီကျမ်း (ရိုက်ပြီး)၊ ရှေးပညာရှိများ မှတ်စုပဒေသာကျမ်းအမှတ် ၁ (ရိုက်ပြီး)၊ ဇမ္မူဒီပသီဟဠဝတ္ထု (ရိုက်ပြီး)၊ ခိုးခြင်းဝတ္ထုပုံပြ ဝိနိစ္ဆယကျမ်း (ရိုက်ဆဲ)၊ မဓုရဿဝါဟိနီစကားပြေကျမ်း (ရိုက်ဆဲ)၊ ကိုးခရိုင် ဝတ်ရွတ်စဉ်နှင့် ဘုရားရှိခိုး အမျိုးမျိုးကျမ်း (ရိုက်ဆဲ)၊ စကားပြောတရားဟော သုတ္တန်ပဒေသာကျမ်း (ရိုက်ဆဲ)၊ ပေါင်း ရိုက်ပြီးကျမ်း လေးကျမ်းနှင့် ရိုက်ဆဲကျမ်း လေးကျမ်းတို့ ဖြစ်သည်။

ဆရာတော်သည် ပထမအကြိမ်နှင့် ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးတွင် သံဃာ့သမ္မုတိရ သံဃာ့ ကိုယ်စားလှယ်၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်နှင့် နိုင်ငံတော်ဝိနည်းဓိုရ်အဖွဲ့အမှတ် ၂၂ အဖွဲ့ဝင် စသောအားဖြင့် သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေး လုပ်ငန်းတို့ကို ကြိုးပမ်း ဆောင်ရွက်တော်မူခဲ့သည်။



ဆရာတော်ဘဒ္ဒန္တ ဥဇ္ဇောတာ ဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ
ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ သီရိမင်္ဂလာ
ပျော်ဘွယ်ကျောင်းတိုက်

ဆရာတော် ဘဒ္ဒန္တ ဥဇ္ဇောတာဘိဝံသကို မန္တလေးတိုင်း၊ ပျော်ဘွယ်မြို့နယ် ရွှေဒါး ဘုရားကုန်းရွာခမည်းတော် ဦးဘိုးဝင်း၊ မယ်တော် ဒေါ်ကုလားမတို့မှ ၁၂၈၁ ခုနှစ် နတ်တော်လဆန်း ၉ ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ၁၄ နှစ်သား အရွယ် ၁၂၉၅ ခုနှစ် နယုန်လတွင် ပျော်ဘွယ်မြို့နယ် (ယခု ရမည်းသင်းမြို့နယ်) ရွှေဒါး ဘုရားကုန်းရွာ သီရိမင်္ဂလာရုံကျောင်းတိုက် ပထမကျော် ဆရာတော် ဦးသူရိယာ

ဘိဝံသထံတော်၌ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိသည်။ ဘွဲ့တော်မှာ ရှင်ဥဇ္ဇောတ ဖြစ်သည်။


၁၃၀၀ ပြည့်နှစ် ပထမ ဝါဆိုလပြည့် သောကြာနေ့ နံနက် ၇ နာရီ ၄၄ မိနစ် ၉ ဖဝါး ၁ ဖီလာ အချိန်တွင် ရွှေဒါး ဘုရားကုန်းရွာ သီရိမင်္ဂလာရုံကျောင်းတိုက် ခဏ္ဍသိမ်တော်၌ ယွန်းကျောင်း ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ဆရာတော်လောင်းလျာသည် အစိုးရ ပထမပြန် စာမေးပွဲတွင် ပထမငယ်တန်း၊ ပထမလတ်တန်းနှင့် ပထမကြီးတန်း၊ စေတီယင်္ကာ စာသင်တန်းတို့ကို ဖြေဆို အောင်မြင်ခဲ့သည်။ ထို့ပြင် ဓမ္မာစရိယ စာမေးပွဲတွင် ဂုဏ်ထူးဆောင်ကျမ်းများနှင့် ကျမ်းရင်း သုံးကျမ်းတို့ကို ဖြေဆိုအောင်မြင်သဖြင့် သာသနဓဇ သီရိပဝရ ဓမ္မာစရိယဘွဲ့တော်ကို ရရှိခဲ့သည်။

ဆရာတော်သည် သီရိမင်္ဂလာ ပျော်ဘွယ်ကျောင်းတိုက်ကို တည်ထောင်၍ ပရိယတ္တိသာသနာတော်ကို စည်ပင်ပြန့်ပွားအောင် ကြီးမားသော သဒ္ဓါဝိရိယတို့ဖြင့် ကြိုးပမ်းခဲ့သည်။ စာသင်သား သံဃာတော် ၃၀ ကျော်မှစ၍ ၇၀ ကျော်အထိ တိုး ခဲ့ လက် ခံ ကာ စာပေများ ပို့ချသင်ကြားခဲ့ရာ သီးခြားပါဠိတက္ကသိုလ် ကျောင်းတိုက်အဆင့်သို့ ရောက်ရှိခဲ့သည်။ စာမေးပွဲ အတန်းအသီးသီးတို့၌ အောင်မြင်သူပေါင်း ရာကျော်မျှ အထိ ရှိပြီး ပထမကြီးတန်းတွင်ပညာသင်ဆု ရရှိသည် အထိ အောင်မြင်ခဲ့သည်။

ဆရာတော်သည် ရွှေဒါး ဘုရားကုန်းရွာ သီရိမင်္ဂလာရုံတိုက်ကျောင်း ပထမကျော် ဆရာတော် ဦး သူ ရိ ယာ ဘိ ဝံ သ ထံ တွင် ပညာသင်ကြားရင်း ရှင်သာမဏေ ဘဝကပင် ဆရာတော်၏ အကူအညီဖြင့် ရှင်သာမဏေ ၅၀ ကျော်၊ ကျောင်းသားသူငယ် ၁၀၀ ကျော်တို့ကို ထိန်း သိမ်း စောင့် ရှောက် ကာ ပညာ သင်ကြားပေးခဲ့သည်။ ဆရာတော်သည် စာပေပို့ချရင်း အခြေပြုတပည့်ငယ်များ နားလည်လွယ်ရန် သုတ်နက် ရုပ်တွက်အဓိပ္ပာယ် အလင်းပြကျမ်းကို စီစဉ်ရေးသား ပေးခဲ့သည်။

ဆရာတော်သည် ပါဠိတက္ကသိုလ် ဗဟိုအဖွဲ့ဝင်၊ ပါဠိတက္ကသိုလ် အုပ်ချုပ်ရေးအဖွဲ့ဝင်၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် ပါဠိဝိသောဓက၊ ဆဋ္ဌသင်္ဂီတိဘာဏက၊ ဆဋ္ဌသင်္ဂီဟိ ကာရက၊ ရန်ကုန်မြို့ ဓမ္မာစရိယ စာမေးပွဲ အုပ်ချုပ်ရေးအဖွဲ့ ဩဝါဒါ စရိယ ဆရာတော်အဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့ အစည်းအဝေးတွင် နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင်၊ တိပိဋကဓရ ရွှေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ၊ ရန်ကုန်တိုင်း ကျောင်းထိုင်ဘုန်းကြီး သင်တန်း ကျောင်း အုပ်ချုပ်ရေးနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ပထမ အကြိမ် ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌနှင့် အကျိုးဆောင်တို့ ဖြစ်ပွားသော အမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ နှစ်ကြိမ်၊ ဒုတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်၊ ရွှေတိဂုံ စေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ စသော အားဖြင့် သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးကို အားပေး ဆောင်ရွက်တော်မူလျက်ရှိသည်။



ဆရာတော်ဘဒ္ဒန္တ ကုမာရာဘိဝံသ အဂ္ဂမဟာပဏ္ဍိတ မန္တန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ရွှေပရိယတ္တိ စာသင်တိုက်

ဆရာတော် ဘဒ္ဒန္တ ကုမာရာ ဘိဝံသကို မန္တန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကော့ကရင်ရွာ ခမည်းတော် ဦးမြင့်၊ မယ်တော် ဒေါ်ရွှေမဲ့တို့မှ ၁၂၈၁ ခုနှစ် ကဆုန်လဆန်း ၁၄ ရက် တနလ်းနေ့ နံနက် ၆ နာရီ ၃၅ မိနစ် အချိန်တွင် ဖွားမြင်တော်မူသည်။ မွေးချင်း ရှစ်ယောက် ရှိရာတွင် အထွေးဆုံး သားရတနာဖြစ်သည်။ ငယ်မည်မှာ မောင်ငွေကြိုင် ဖြစ်သည်။

ဆရာတော်လောင်းလျာသည် ၁၃ နှစ်သား အရွယ်တွင် ကော့ကရင်ရွာကျောင်းဆရာတော် ဘဒ္ဒန္တဉာန္ဒဓဇ ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ဘွဲ့တော်မှာ ရှင်ကုမာရဖြစ်သည်။

၁၃၀၁ ခုနှစ် ပထမဝါဆိုလဆန်း ၁၅ ရက် သောကြာနေ့ နေ့ ၁ နာရီ ၂၀ မိနစ် အချိန်တွင် ကော့ကရင်ရွာကျောင်း ခဏ္ဍသိမ်တော်၌ မော်လမြိုင်မြို့ စက်ဘဲ

ကုန်းရပ် ဒေါက်တာ ပီစီစုန် ဒရွန်းနှင့် ဇနီး ဒေါ်သိန်းနု၊ ကော့ကရင်ရွာ ဦးဘိုးချုံ၊ ဒေါ်မြိုင်နှင့် သားသမီးများ၊ ကုန်သည်ကြီး ဒေါ်ထုံ၊ သမီး ဒေါ်လှခင်၊ သား ဦးဘိုးစံ၊ ဦးပါ မိသားစု၊ မြေပိုင်ရှင် ဦးလှကျော်၊ ဒေါ်ထွားအိုနှင့် သားသမီးများ၊ သထုံမြို့ ဦးသိန်းလွင်၊ ဒေါ်ဖွားသင် မိသားစုနှင့် မော်လမြိုင် ထားဝယ်စု ဦးအုန်းခိုင်၊ ဒေါ်အုံးသင် မိသားစုတို့၏ ပစ္စယာ နုဂ္ဂဟများကို ခံယူကာ မူလဆရာရင်း ကော့ကရင် ရွာကျောင်း ဆရာတော် ဘဒ္ဒန္တ ဣန္ဒဝံသကိုပင် ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

ဆရာတော် လောင်းလျာသည် မော်လ မြိုင် မြို့၊ ပရိယတ္တိ သဒ္ဓမ္မပါလအသင်း စာမေးပွဲ၌ ပထမအဆင့်မှ ဆဋ္ဌမအဆင့်ထိ၊ ဂျပန်ခေတ် အစိုးရ ဝိနည်းငါးကျမ်း စာမေးပွဲ၊ အစိုးရ ပါဠိပထမပြန်နှင့် ဓမ္မာစရိယစာမေးပွဲများကို အောင်မြင်တော်မူခဲ့သည်။ အောင်မြင်ရာတွင် ပရိယတ္တိ သဒ္ဓမ္မပါလ ပဉ္စမအဆင့်နှင့် ဆဋ္ဌမအဆင့်တို့၌ ပထမ၊ အစိုးရ ဓမ္မာစရိယ ကိုးကျမ်းလုံး အောင်ရာ၌ တနင်္သာရီတိုင်း ပထမရ၍ အောင်မြင်တော်မူသည်။ ရရှိသော ဘွဲ့တံဆိပ်တော်များမှာ ဝိနယ အကျော်ဘွဲ့၊ ပရိယတ္တိ သဒ္ဓမ္မပါလ ဂန္ထဝါစကာ စရိယဘွဲ့၊ ပရိယတ္တိ သဒ္ဓမ္မပါလ ဓမ္မာစရိယဘွဲ့နှင့် သာသနဓဇ သီရိပဝရ ဓမ္မာစရိယ ဘွဲ့တံဆိပ်တော်တို့ ဖြစ်သည်။

ဆရာတော်သည် မော်လမြိုင်မြို့ ပန်းဘဲတန်း မင်းကျောင်း စာသင်တိုက်၌ စာချကထိက ဆရာတော် အဖြစ် နှစ်ပေါင်းများစွာ ဆောင်ရွက်၍ စာသင်သား သံဃာတော်များစွာတို့အား ပရိယတ္တိစာပေများကို ပို့ချ သင်ကြားပေးတော်မူခဲ့သည်။ ၁၃၃၀ ပြည့်နှစ်မှစ၍ ရှေ့ပရိယတ္တိစာသင်တိုက်သို့ ပြောင်းရွှေ့သီတင်းသုံးတော်မူပြီး ပဓာန နာယကအဖြစ် အုပ်ချုပ်တော်မူကာ စာသင်သားသံဃာ တပည့်များစွာတို့အား ပိဋကတ်ကျမ်းစာအဖြာဖြာတို့ကို ပို့ချသင်ကြားခဲ့ရာ ဘွဲ့တံဆိပ်ရ တပည့်ပေါင်း ၁၅၀ ကျော်မျှ ပေါ်ထွန်းခဲ့သည်။ ထို့ပြင် စာသင်ကျောင်းတိုက်များစွာ၏ ဩဝါဒါစရိယအဖြစ်လည်း ဆောင်ရွက်တော်မူခဲ့သည်။

ရေးသားပြုစုသော ကျမ်းများမှာ သဒ္ဒသာရတ္ထဇာလိနီ နိဿယသစ် (လက်ရေးမူ)၊ ဂန္ထာဘရဏနိဿယသစ် (လက်ရေးမူ)၊ အာဘိဓမ္မာ ဝတာရ အဋ္ဌကထာ နိဿယသစ် (လက်နှိပ်စက်)၊ ပရိယတ္တိ ဟိတကာရီ ဝိဘတ်သွယ်မူသစ် (ပုံနှိပ်ပြီး)၊ နာမကပွနှင့် တဲ့ဖက်သင်ရန်မူသစ် (ပုံနှိပ်ပြီး)၊ ဘုမ်ကျဉ်းဝိပဿနာ (ပုံနှိပ်ပြီး)နှင့် နိဗ္ဗာန်လမ်းစနှင့် နိဗ္ဗာန်ရချိန် (ပုံနှိပ်ပြီး) တို့ ဖြစ်သည်။

ဆရာတော်သည် မော်လမြိုင်မြို့ ချောင်းဆုံမြို့နယ် ဂိုဏ်းပေါင်းစုံ ပရိယတ္တိ ဟိတကာရီအဖွဲ့ကြီး၏ ပဓာန နာယက၊ မော်လမြိုင်မြို့ ပရိယတ္တိ သဒ္ဓမ္မပါလ သုသမာစာရ၊ ဝိနယာ နုဂ္ဂဟအသင်းများနှင့် သထုံမြို့ သုဝဏ္ဏဘူမိ ပရိယတ္တိ သာသနဟိတအသင်း၏ နာယကပုဒ်ဆက်၊ ဓမ္မနီတိ ဓမ္မ အဓမ္မ ဝိနိစ္ဆယဋ္ဌ ဝိနည်းဓိုရ်အဖွဲ့ဝင်၊ ပထမအကြိမ်နှင့် ဒုတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် စသောအားဖြင့် သာသနာတော်သန့်ရှင်း တည်တံ့ ပြန့်ပွားရေးကို အထူးအလေးထား ဆောင်ရွက်တော်မူလျက်ရှိသည်။



ဆရာတော်ဘဒ္ဒန္တ ဣန္ဒဝံသာဘိဝံသ အဂ္ဂမဟာပဏ္ဍိတ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန် ကျောင်းတိုက်

ဆရာတော် ဘဒ္ဒန္တ ဣန္ဒဝံသာ ဘိဝံသကို ရောဝတီတိုင်း မြန်အောင်မြို့နယ် မယ်ဇလီကွင်း ကျေးရွာ ခမည်းတော် ဦးမြတ်ဖြူ၊ မယ်တော် ဒေါ်ကြေတို့မှ ကောဇာသက္ကရာဇ် ၁၂၀၂ ခုနှစ် ဝါဆိုလဆုတ် ၄ ရက် တနင်္ဂနွေနေ့ ည ၇ နာရီအချိန်တွင် ဖွားမြင်တော်မူသည်။ မွေးချင်း ခြောက်ယောက်တို့တွင် တတိယမြောက် သားရတနာဖြစ်သည်။ ငယ်မည်မှာ မောင်ချစ်လိုင် ဖြစ်သည်။

ဆရာတော်လောင်းလျာသည် ကောဇာသက္ကရာဇ် ၁၂၉၅ ခုနှစ် ကဆုန်လ ၁၃ နှစ်သား အရွယ် ရောက်သောအခါ နှောကုန်းကျောင်း ဆရာတော် ဦးသာသနကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာ နုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့တော်မှာ ရှင်ဣန္ဒဝံသဖြစ်သည်။

၁၃၀၁ ခုနှစ် တပို့တွဲလဆန်း ၁၀ ရက် နံနက်

ဂ နာရီအချိန်တွင် မြန်အောင်မြို့နယ် ဆင်ကျုံးကွင်း ကျောင်း ခဏ္ဍသိမ်၌ ဘုရားကုန်း ဆရာတော်ကြီး ဦးဗြဟ္မိန္ဒကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူလျက် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

၁၂၉၇–၉၈ ခုနှစ်တွင် ပထမငယ်တန်း၊ ပထမလတ်တန်း၊ ၁၃၀၂ ခုနှစ်တွင် ပထမကြီးတန်း၊ ၁၃၀၆ ခုနှစ်တွင် ရန်ကုန်မြို့ စေတီယင်္ကာ ပရိယတ္တိ ဓမ္မာ နုဂ္ဂဟ အသင်း သီးခြားစာသင်တန်း၊ ၁၃၀၉ ခုနှစ်တွင် သီးခြားစာချတန်းတို့ကို အောင်မြင်တော်မူ၍ ဣန္ဒဝံသာ ဘိဝံသ စေတီယင်္ကာ ပရိယတ္တိ ဂဏဝါစကဟူသော ဘွဲ့တံဆိပ်ကို ရရှိတော်မူခဲ့သည်။ ၁၃၀၉ ခုနှစ်တွင် အစိုးရစာချ ဓမ္မာစရိယစာမေးပွဲကို အောင်မြင်တော်မူသဖြင့် သာသနဓဇ သီရိပဝရ ဓမ္မာစရိယ ဘွဲ့တံဆိပ်ကို ရရှိခဲ့သည်။

ဆရာတော်သည် ရဟန်းသိက္ခာ ရှစ်ဝါ အရွယ်တွင် စမ်းချောင်းမြို့နယ် ဝဋ္ဋဝန်ကျောင်းတိုက်၌ ဓမ္မာစရိယ စာချဘုန်းတော်ကြီးအဖြစ် ခြီးမြှောက်ခံရ၍ စာသင်သားရှင်ငယ်၊ ရဟန်းငယ်များအား ပိဋကတ် အခြေခံကျမ်းစာများနှင့် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာများကို ပို့ချသင်ကြား ပေးတော်မူခဲ့သည်။ ယင်းသို့ စာပေပို့ချနေစဉ်ပင် သဒ္ဒတ္ထဘေဒ စိန္တာနိဿယ၊ ဝိနယဒါန ဝိနိစ္ဆယ၊ ဝိဝါဒါဓိကဏ္ဍ ဝိနိစ္ဆယကျမ်းတို့ကို ရေးသားပြုစုတော်မူခဲ့သည်။

ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာတွင် ဆဋ္ဌသင်္ဂီတိပါဠိဝိသောဓက၊ သင်္ဂီတိကာရက၊ ဝေယျာဝစ္စကရ၊ ၁၃၀၉ ခုနှစ် တိပိဋကဓရ ရွှေးချယ်ရေးစာမေးပွဲကြီး စတင်ကျင်းပသည်မှစ၍ စာထောက်စာမ၊ ဩဝါဒါစရိယ ဥပတ္ထမ္ဘက၊ ၁၃၄၂ ခုနှစ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး၌ ဝဋ္ဋဝန်နိကာယဂိုဏ်း သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်၊ ဝဋ္ဋဝန် နိကာယဂိုဏ်း ဝိနည်းဓိရ်၊ ရန်ကုန်မြို့ စေတီယင်္ကာ ပရိယတ္တိ ဓမ္မာနုဂ္ဂဟအသင်းကြီး၌ အမှုဆောင်နာယက၊ ဝဋ္ဋဝန် ကျောင်းတိုက် ပဓာနနာယက အဖြစ်ဖြင့် သာသနာ့တာဝန်များကိုဆောင်ရွက်ပြီး ဆောင်ရွက်ဆဲဖြစ်သည်။



ဆရာတော်ဘဒ္ဒန္တ ကဝိန္ဒာဘိဝံသ အဂ္ဂမဟာပဏ္ဍိတ ရှမ်းပြည်နယ်၊ လားရှိုးမြို့၊ မြို့လယ်ကျောင်းတိုက်

ဆရာတော် ဘဒ္ဒန္တ ကဝိန္ဒာဘိဝံသ ကန့်ဘလူမြို့နယ် ထိန်တောရွာ ခမည်းတော် ဦးထွန်းမျိုး၊ မယ်တော် ဒေါ်ချစ်မယ်တို့မှ ၁၂၈၁ ခုနှစ် တပေါင်း လပြည့်ကျော် ၅ ရက် တနလ်ာနေ့ မွန်းလွဲ ၃ နာရီ မိနစ် ၃၀ အချိန်တွင် ဖွားမြင်တော်မူသည်။ မွေးချင်း ခြောက်ယောက်တို့တွင် ငါးယောက်မြောက် သားရတနာ ဖြစ်၍ ငယ်မည်မှာ မောင်ဆင့် ဖြစ်သည်။

ဆရာတော်လောင်းလျာသည် ၁၂၉၁ ခုနှစ် တပေါင်း လဆန်း ၁၀ ရက်နေ့တွင် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် ထိန်တောရွာ ထိန်တောကျောင်း ဆရာတော် ဦးဝံသကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ဘွဲ့တော်မှာ ရှင်ကဝိန္ဒာစာရ ဖြစ်သည်။

၁၃၀၁ ခုနှစ် တပေါင်းလပြည့်ကျော် ၅ ရက်နေ့တွင် ကန့်ဘလူမြို့ ဦးစံမြ၊ ဒေါ်ရင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မူလ ပထမ ဥပဇ္ဈာယ်ဖြစ်တော်မူသော ထိန်တောကျောင်းဆရာတော် ဦးဝံသကို ဥပဇ္ဈာယ်ပြု၍ ကန့်ဘလူမြို့မြို့ရွှေကျောင်း ခဏ္ဍသိမ်တော်မြတ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဆရာတော်သည် အစိုးရ ပါဠိတက္ကသိုလ် စာချတန်း စာမေးပွဲတွင် ကျမ်းရင်းသုံးကျမ်းနှင့် ဂုဏ်ထူးဆောင် ကျမ်းများကို အောင်မြင်တော်မူခြင်းကြောင့် သာသနဓဇ သီရိပဝရ ဓမ္မာစရိယဘွဲ့ကို ရရှိတော်မူခဲ့သည်။

ဆရာတော်သည် ၁၃၁၆ ခုနှစ်မှ စ၍ လားရှိုးမြို့ မဟာဗောဓိရုံ စာသင်တိုက်ကြီး၌ မဟာဗောဓိရုံ ဆရာတော်ဘုရားကြီး၏ အဆုံးအမ သြဝါဒကို ခံယူကာ စာပေ ပရိယတ္တိများကို ပို့ချသင်ကြားပေးတော်မူခဲ့သည်။ ထို့နောက် ၁၃၂၅ ခုနှစ် နယုန်လပြည့်ကျော် ၁၂ ရက်နေ့တွင် လားရှိုးမြို့ သုစရိတကျောင်း (ယခု မြို့လယ်ကျောင်းတိုက်) ဆရာတော် ဘုရားကြီး ဦးပညာသာမိ၏ ပင့်ဖိတ်အပ်နှံချက်အရ လားရှိုးမြို့ မြို့လယ်ကျောင်းတိုက်သို့ ပြောင်းရွှေနေထိုင်ပြီး စာသင်သားသံဃာတော် ၁၀၀ ကျော်တို့အား စာပေပို့ချ သင်ကြားပေးခဲ့သည်။ ယနေ့အထိ တပည့်ပေါင်း ၁၀၀၀ ကျော်မျှ ရှိခဲ့ပြီးဖြစ်

သည်။ ယင်းတပည့်အများစုမှာ တိုင်းရင်းသား ရှမ်း၊ ပလောင်၊ လှယ်လ၊ လဝများသာ ဖြစ်သည်။ မြို့လယ် ကျောင်းတိုက်ကြီးတွင် ဆရာတော် ကျောင်းထိုင်စက ဆွမ်းတစ်ဝိုင်း ငါးပါးမျှ ရှိပါသော်လည်း ယခုအခါ သံဃာ ၁၀၀ ကျော်ဖြင့် စည်ကားလျက်ရှိသည်။ ၂၅ နှစ် အတွင်း တိုးတက် ထွန်းကားလာသော ပရိယတ္တိ သာသနာပြု ကျောင်းတိုက်ခွဲများမှာ ခြောက်ကျောင်း အထိ ရှိသည်။

ဆရာတော်သည် ကျေးဇူးရှင် အဂ္ဂမဟာ ပဏ္ဍိတ ထိန်တောဆရာတော် ဦးတေဇဝန္တပြုစုခဲ့သော လက်ရေးမူ ဝိနယ ပုစ္ဆာ ဝိသဇ္ဇနာ ကျမ်းကြီးကို ပြင်ဆင်မွမ်းမံ၍ သာသနာရေးဦးစီးဌာန က မ္ဘာ အေး တွင် ရိုက်နှိပ်ပြီး ဖြန့်ချိခဲ့သည်။

ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် ဆဋ္ဌသင်္ဂီတိကာရက၊ ရှမ်းပြည်နယ်မြောက်ပိုင်းဆိုင်ရာ သာသနာ သန့်ရှင်း ပြန့်ပွားရေး အသင်းကြီး၏ အကျိုးတော် ဆောင်၊ ၁၃၂၆ ခုနှစ်တွင် ဂိုဏ်းထောက်၊ ၁၃၂၇ ခုနှစ်တွင် ဂိုဏ်းအုပ်၊ ၁၃၂၈ ခုနှစ်တွင်လားရှိး၊ သိန္နီ၊ ကွတ်ခိုင်၊ မူဆယ်၊ နမ့်ခမ်းသိန္နီဂိုဏ်းဆိုင်ရာ သံဃမဟာနာယက၊ ဂိုဏ်းပေါင်းစုံ မှော်ဘီသံဃာ့ အစည်းအဝေးကြီး ဖြစ်မြောက်ရေး သံဃာ့ဝန်ဆောင် ၆၆ ပါး အဖွဲဝင်၊ ပထမ အကြိမ်နှင့် ဒုတိယအကြိမ် နိုင်ငံတော်သံဃမဟာနာယက၊ မာန်ဆူစေတီတော် ဂေါပကအဖွဲ့၊ သာသနာ ၂၅၀၀ စေတီတော်ဂေါပကအဖွဲ့များ၏ သြဝါဒါစရိယ၊ ရန်အောင် စေတီတော်အပြီးရောက်အောင်တည်ဆောက်ခြင်း စသော အားဖြင့် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး လုပ်ငန်းတို့ကို ကြိုးပမ်းဆောင်ရွက်တော်မူခဲ့သည်။

ဆရာတော်ဘဒ္ဒန္တ သုဒဿန အဂ္ဂမဟာပဏ္ဍိတ မကွေးတိုင်း၊ ပခုက္ကူမြို့၊ မဟာဝိဇယာရာမ ပါဠိတက္ကသိုလ် (အရှေ့) တိုက်

ဆရာတော်ဘဒ္ဒန္တသုဒဿနကို မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့နယ် တံတားအုပ်စု တံတားအရှေ့ကျေးရွာ ခမည်းတော် ဦးဘိုးငြိမ်း၊ မယ်တော် ဒေါ်ချမ်းထွေးတို့မှ သက္ကရာဇ် ၁၂၀၂ ခုနှစ် သီတင်းကျွတ်လဆန်း ၃ ရက် သောကြာနေ့ ည ၁၂ နာရီ အချိန်တွင် ဖွားမြင်တော်မူသည်။ မွေးချင်း ခြောက်ယောက်တို့တွင် သားဦးရတနာဖြစ်သည်။ ငယ်မည်မှာ မောင်မှတ်ကြီး ဖြစ်သည်။



ဆရာတော်လောင်းလျှာသည် ၁၂၀၃ ခုနှစ် နယုန်လဆန်း ၁၄ ရက် ကြာသပတေးနေ့တွင် မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့နယ် တံတားအုပ်စု တံတားအရှေ့ကျေးရွာ အဖ ဦးဘိုးငြိမ်း၊ အမိ ဒေါ်ချမ်းထွေးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ တံတားအရှေ့ကျေးရွာကျောင်း ကျောက္ကာ ဒုတိယ ဂိုဏ်းချုပ်ဆရာတော် ဦးဇာဂရကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ရောက်တော်မူသည်။ ရှင်သာမဏေဘွဲ့တော်မှာ ရှင်သုဒဿနဖြစ်သည်။

၁၃၀၂ ခုနှစ် နယုန်လဆန်း ၁၄ ရက် အင်္ဂါနေ့တွင် မြင်းခြံမြို့ မင်းကျောင်းတိုက်ဟောင်းခေါ် ဇေယျသိန် ကျောင်းတိုက် ခဏ္ဍသိမ်တော်၌ ကျောက္ကာ ဒုတိယ ဂိုဏ်းချုပ် တံတားအရှေ့ကျေးရွာကျောင်း ဆရာတော် ဦးဇာဂရကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် ၁၃၀၉ ခုနှစ် ဝါဆိုလပြည့်နေ့၌ မဟာဝိဇယာရာမ ပါဠိတက္ကသိုလ် အရှေ့တိုက်သစ် အဘိဓမ္မာရဒ္ဓဂုရု ဆရာတော်ကြီး (ဦးဇဝန) ၏ ဂဏာဝါစရက စာချအဖြစ် ချီးမြှောက်မှုကို ခံစားတော်မူရပြီး ၁၃၃၇ ခုနှစ် ကဆုန်လပြည့်ကျော် ၁၃ ရက်နေ့၌ ဆရာတော် ဦးမာလာ၊ ဦးသုမန၊ ဦးသုဒဿန၊ ဦးနေမိန္ဒ၊ ဦးကဝိန္ဒ၊ ဦးအာစိဏ္ဏတို့နှင့်အတူ မဟာဝိဇယာရာမတိုက်အုပ် နာယက အဖြစ် လွှဲအပ်မှုကို ခံတော်မူရသည်။

ထိုအချိန်မှစ၍ ဂဏာဝါစရက စာချအဖြစ်ဖြင့် ၂၈ နှစ်၊ တိုက်အုပ်နာယက စာချအဖြစ်ဖြင့် ၁၃ နှစ် ပေါင်း အနှစ် ၄၀ ကျော်ခန့် စာသင်သား သံဃာတော် ၄၅၀ ကျော်တို့အား ပရိယတ္တိစာပေများကို ပို့ချသင်ကြားပေးတော်မူခဲ့သည်။

ထို့ပြင် ငယ်စဉ်အခါက ပါဠိပြောအသင်း ဖွဲ့စည်း၍ ပါဠိပြောအသင်းတွင် ခေါင်းဆောင်လုပ်ကာ ပါဠိပြော

လေ့ကျင့်လိုသော ပုဂ္ဂိုလ်တို့အား ပါဠိပြဋ္ဌာန်းကို လေ့ကျင့်ပို့ချခဲ့သည်။ သီတင်းနှေအားလပ်သော အချိန်အခါတို့၌လည်း လူကျောင်းသား ဒါယကာတို့အား ဗုဒ္ဓဘာသာဝင်အခြေစိုက်၍ ခိုင်ခိုင်မာမာ ဖြစ်ရလေအောင် မြန်မာစာ၊ ပါဠိကျောက်စာ၊ ရတု၊ ရကန်၊ ချင်း၊ ကဗျာ၊ လင်္ကာတေးထပ်၊ ပျို့စသည်တို့ကို ပို့ချခဲ့သည်။

ရေးသားပြုစုတော်မူသော ကျမ်းများမှာ မဟာဝိဇယာရာမ ပခုက္ကူမူ ကခ်ံအဋ္ဌကထာ နိဿယအကျယ်၊ လျှပ်စစ်ကခ်ံပထမတဲ့ (ပုံနှိပ်ပြီး)၊ လျှပ်စစ်ကခ်ံဒုတိယတဲ့၊ တတိယတဲ့ (ရေးဆဲ)၊ မဟာဝိဇယာရာမ ပခုက္ကူမူ ပဒရူပသိဒ္ဓိ နာမပဒမာလာ၊ မဟာဝိဇယာရာမ ပခုက္ကူမူ ပဒရူပ သိဒ္ဓိအာချာတပဒမာလာ အကျယ် အဓိပ္ပာယ် ဖွင့်ကျမ်းနှင့်မဟာဝိဇယာရာမ ပခုက္ကူမူကမ္မဝါစာနှင့်ခဲရာခဲဆစ် ကောက်နုတ်ချက် ဂုဋ္ဌတ္ထဝိနိစ္ဆယကျမ်းတို့ဖြစ်သည်။

ဆရာတော်သည် မဟာဝိဇယာရာမ ပါဠိတက္ကသိုလ် အရှေ့တိုက်ခွဲပေါင်း ၁၂ တိုက်တို့ကို တည်ထောင်၍ တောရွာကျောင်းပေါင်း ၂၀ ထက်မနည်းကိုလည်း ဆရာတော် ဦးဆောင်၍ ဒါယကာ ဒါယိကာမတို့အား ကိုးကွယ်စေခဲ့သည်။

ထို့ပြင်ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာ မူလဝိသောဓက၊ ပါဠိပဋ္ဌဝိသောဓက၊ သင်္ဂီတိကာရက၊ ပါဠိတက္ကသိုလ် ဗဟိုအဖွဲ့ဝင်၊ ပါဠိတက္ကသိုလ် ဗဟိုအမှုဆောင်၊ ပခုက္ကူမြို့ခုံဝိနိစ္ဆယဥက္ကဋ္ဌ၊ ပခုက္ကူမြို့ ဖောင်တော်ဦး မြတ်စွာဘုရားကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေး၌ သံဃသမ္မုတိရ သံဃာ့ ကိုယ်စားလှယ်၊ ပခုက္ကူမြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မကွေးတိုင်း သံဃနာယကအဖွဲ့ဝင်နှင့် ပခုက္ကူမြို့ မဟာဝိဇယာရာမ ပါဠိတက္ကသိုလ် အရှေ့တိုက်၏ ပါဠိကထိက ပါဠိပုစ္ဆက၊ ဝိသဇ္ဇက၊ ဂဏဝါစက၊ တိုက်အုပ်နာယက တာဝန်တို့ကို ဆောင်ရွက်တော်မူခဲ့သည်။

ဆရာတော်ဘဒ္ဒန္တ အာစရာဘိဝံသ အဂ္ဂမဟာပဏ္ဍိတ စစ်ကိုင်းတိုင်း၊ ရေဦးမြို့နယ်၊ မင်္ဂလာရာမ စာသင်တိုက်

ဆရာတော် ဘဒ္ဒန္တ အာစရာဘိဝံသကို စစ်ကိုင်းတိုင်း ခင်ဦးမြို့နယ် အောင်သီရိရပ်ကွက်နေ ရွှေသိမ်တော်ဘုရား ဒါယကာ ခမည်းတော်ပွဲစားကြီး ဦးမဲလုံး၊ မယ်တော်ကြီး ဒေါ်အိမ်စည်တို့မှ ၁၂၀၄ ခုနှစ် သီတင်းကျွတ်လဆန်း ၄ ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသည်။ သားသမီး



ငါးယောက်တွင် ပဉ္စမမြောက် သားရတနာ ဖြစ်သည်။ ငယ်မည်မှာ မောင်အာယုဖြစ်ပြီး အစ်ကိုရင်း မောင်ပုနှင့် ဆက်စပ်၍ မောင်ယုဟုလည်းခေါ်စမှတ်ပြုကြသည်။

ဆရာတော်လောင်းလျာသည် ၁၀ နှစ်သားအရွယ်တွင် ခမည်းတော်ကြီးနှင့်တကွ အစ်ကိုအစ်မများ၏ ပစ္စယာနုဂ္ဂဟဖြင့် ခင်ဦးမြို့ လောကမာရဇိန်ကျောင်း တိုက်ဦးရိုးတော် ဆရာတော် ဦးဣန္ဒာသဝကို ဥပဇ္ဈာယ် ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ဘွဲ့အမည်မှာ ရှင်အာစရ ဖြစ်သည်။

၁၃၀၃ ခုနှစ် ပြာသိုလပြည့်နေ့တွင် ခမည်းတော်ကြီးနှင့် အစ်ကိုအစ်မတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြေထူးကျောင်းတိုက် ခဏ္ဍသိမ်တွင် ရေဦးမြို့ မင်္ဂလာရာမ စာသင်တိုက် ဂိုဏ်းအုပ်ဆရာတော်ကြီး ဦးအာစိဏ္ဏဝရကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်တော်မူခဲ့သည်။

ဆရာတော်လောင်းလျာသည် ရှင်သာမဏေဘဝဖြင့် အစိုးရ ပထမငယ်၊ ပထမလတ်နှင့် ပထမကြီးတန်းတို့ကို အောင်မြင်ခဲ့သည်။ ၁၃၁၁ ခုနှစ် အစိုးရ စာချုတန်း စာမေးပွဲကို တတိယ အမှတ်အမျှားဆုံးဖြင့်ဖြေဆိုအောင်မြင်တော်မူသဖြင့် ထိုစဉ်က နိုင်ငံတော်သမ္မတ စပ်ရွှေဘိုက်ကိုယ်တိုင် ဆက်ကပ်အပ်သော သာသနဓဇသီရိပဝရမဓုစရိယ ဘွဲ့တံဆိပ်တော်ကို ခံယူတော်မူခဲ့သည်။ စေတိယင်္ဂဏ စာမေးပွဲတွင်လည်း ၁၃၁၀ ခုနှစ် စာသင်တန်းနှင့် ၁၃၁၁ ခုနှစ် စာချုတန်းကို နှစ်မခြားဘဲ နှစ်ချင်းပေါက် အဋ္ဌကထာကြီး သုံးကျမ်းလုံးကို ၁ နှံပါတ် ဖြေဆိုအောင်မြင်တော်မူသဖြင့် အသင်းမှဆက်ကပ်သော စေတိယင်္ဂဏ ပရိယတ္တိ ဓမ္မာစရိယ ဂဏဝါစက ဟူသော ဘွဲ့တံဆိပ်တော်နှင့် အသင်းကြီး၏ နာယက သူဌေးကြီး ဆာဦးသွင်ကဆက်ကပ်သော စေတိယင်္ဂဏအဋ္ဌကထာကြီး သုံးကျမ်း နှစ်ချင်းအောင် (ဝဋ္ဌံသကာ) အဋ္ဌကထာပြန် အကျော် ဘွဲ့တံဆိပ်တော်တို့ကို အပူဇော်ခံခဲ့ရသည်။

ဆရာတော်သည် ၁၃၁၂ ခုနှစ်မှစ၍ နှစ်ပေါင်း ၄၀ အတွင်း မင်္ဂလာရာမ စာသင်တိုက်တွင် သံဃာတော် ၁၀၀ ကျော်တို့အား အုပ်ချုပ်မှုတာဝန်ယူကာ အခြေခံ စာဝါများနှင့်တကွ ပါဠိတော် အဋ္ဌကထာ ဋီကာစာဝါများကို နှစ်စဉ်မပြတ် ပို့ချတော်မူခဲ့သည်။

ရေးသားပြုစုတော်မူခဲ့သော ကျမ်းစာများမှာ သဒ္ဒမဇနီခေါ် မင်္ဂလာသဒ္ဒါ အခြေပြုကျမ်း၊ မာတိကာနယ ပကာသနီခေါ် မင်္ဂလာညဝါအခြေပြုကျမ်း၊ ဓာတုကထာနယ ပကာသနီခေါ် မင်္ဂလာညဝါအခြေပြုကျမ်း၊ ယမကနယ ပကာသနီခေါ် မင်္ဂလာညဝါ အခြေပြုကျမ်း၊ ကခ်ံဓက်ဆစ်နိယံကျမ်း၊ ဋီကာကျော် ခက်ဆစ်နိယံကျမ်း၊ ပဒရူပသိဒ္ဓိ ခက်ဆစ်နိယံကျမ်း၊ ကျိုက်ထီးရိုးဘုရားသမိုင်း (ပါဠိ၊ မြန်မာ)၊ လူမှုကျင့်ဝတ်ဆိုင်ရာ ဘာသာရေး၊ မင်္ဂလာရာမစေတီယဝိဟာရသမိုင်း၊ ခင်ဦးမြို့နယ် ကံသာယာ ရွှေဂူကြီးဆရာတော် ထေရုပတ္တိသမိုင်းတို့ဖြစ်သည်။

ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာ သာဂီတိကာရကနှင့် ပါဠိဝိသောဓက၊ ရေဦးမြို့ သာသနဝေပုလ္လနှင့် သာသနနုဂ္ဂဟအာသင်း၊ မင်္ဂလာရာမ ပရိယတ္တိ သာသနာ့နုဂ္ဂဟအသင်း ပါဠိပထမပြန် စာမေးပွဲ ကြီးကြပ် ရေးအဖွဲ့၊ ဆုတောင်းပြည့် ပရိဝုဏ်ဘုရားစုံ ဂေါပကအဖွဲ့နှင့် ခင်ဦးမြို့ အောင်သီရိဗုဒ္ဓဝေယျာဝစ္စအဖွဲ့တို့၏ ဩဝါဒါစရိယ၊ ရွှေဘိုမြို့ မဟာအောင်မြေ စစ်ကိုင်းတိုင်း ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း နာယကအဖွဲ့ဥက္ကဋ္ဌ၊ ပထမအကြိမ် ရေဦးမြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်၊ ဒုတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃဉ်ဝန်ဆောင်၊ နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့အမှတ် ၈ ထုန်တုံးလက်ကျန်ဝါဒဆုံးဖြတ်ရေးဆိုင်ရာ နိုင်ငံတော် သီးခြားဝိနည်းဓိရိ အမှတ် ၂၂ နိုင်ငံတော်ဝိနည်းဓိရိအဖြစ်ဖြင့် သာသနာရေးကိစ္စများကို ဆောင်ရွက်တော်မူခဲ့သည်။



ဆရာတော်ဘဒ္ဒန္တ တိက္ခသာရ အဂ္ဂမဟာပဏ္ဍိတ ပဲခူးတိုင်း၊ တောင်ငူမြို့၊ မြစည်းခုံစာသင်တိုက်

ဆရာတော် ဘဒ္ဒန္တတိက္ခသာရကို ပဲခူးတိုင်း အုတ်တွင်းမြို့ ကန်သုံးဆင့်ရွာ ခမည်းတော် ဦးမောင်ကို၊ မယ်တော် ဒေါ်ညွှာတို့မှ ၁၂၈၃ ခုနှစ် ပြာသိုလဆန်း ၁၀ ရက် စနေနေ့တွင် ဖွားမြင်သည်။ သားချင်း ကိုးယောက်တွင် အငယ်မြောက်သားဖြစ်၍ ငယ်မည်မှာ မောင်ထွန်းခင် ဖြစ်သည်။

ဆရာတော်လောင်းလျှာသည် ၁၃၀၀ ပြည့်နှစ် ၁၄ နှစ်သားအရွယ်တွင် ကန်သုံးဆင့်ကျောင်းဆရာတော် ဦးသုန္ဒရကိုဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိခဲ့သည်။ ဥပဇ္ဈာယ်ဆရာတော်က ဘွဲ့အမည်ကို ရှင်တိက္ခသာရဟု ပေးခဲ့သည်။ ၁၃၀၆ ခုနှစ် နယုန်လဆန်း ၆ ရက်နေ့တွင် မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် ဝါးရင်းတုတ်ရွာအရှေ့ကျောင်း ခဏ္ဍသိမ်တော်မြတ်၌ ၎င်းရွာအနောက်ကျောင်း ဆရာတော် ဦးဩဘာသကို ဥပဇ္ဈာယ်ပြုလျက် အစ်ကို တစ်ဝမ်းကွဲတော်သူ ဦးရွှေမိုး၊ ဒေါ်သူတော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

၁၃၂၀ ပြည့်နှစ်တွင် တောင်ငူမြို့ မြစည်းခုံစာသင်တိုက်ကို ယခုလက်ရှိတိုက်အုပ်ဆရာတော် ဦးပဏ္ဍဝံသနှင့်တွဲဖက်၍ကျောင်းတိုက်စည်းမျဉ်းစည်းကမ်းများ သတ်မှတ်လျက် စာသင်သား ရဟန်း သာမဏေများအား နိုင်နင်းစွာ အုပ်ချုပ်ခြင်း၊ တရားဓမ္မများ ဟောကြားပြသခြင်းတို့ဖြင့် တာဝန်ယူအုပ်ချုပ်တော်မူပြီး စာသင်သား သံဃာတော် ၁၅၀ ကျော်တို့အား စာပေပရိယတ်များကိုပို့ချသင်ကြားပေးတော်မူခဲ့ရာ အရှိန်အဟုန်မှန်မှန်ဖြင့် တိုးတက်လာခဲ့သည်။ ယခုလက်ရှိစာပေပို့ချ၍ ကျောင်းတိုက်တာဝန်ကို ယူနေကြသည့် နာယက စာချုပ်ဂိုလ်တို့မှာ ဆရာတော်၏ ငယ်မွေးတပည့်ရင်းများ ဖြစ်ကြသည်။ ကျောင်းတိုက်လက်ရှိ အခြေအနေမှာ စာသင်သား သံဃာ ၁၅၀ ကျော် ရှိပြီး ကျောင်းအဆောက်အအုံ တိုက်ကျောင်း အသားကျောင်း ၁၇ ကျောင်း၊ အဝိစိရေတွင်းနှစ်တွင်း၊ ရေစင်ရေစက် နှစ်စုံ၊ ရေသုံးကုဋီများ ပြည့်စုံစွာဖြင့် တိုးတက်စည်ကားလျက် ရှိသည်။ ထို့ပြင် ဆရာတော်သည် တောင်ငူမြို့ ၁၀ ရပ်ကွက် ကြာနီကန်ကျောင်းကိုလည်း စာသင်တိုက်အဖြစ် တည်ထောင်ဖွင့်လှစ်ပေးခဲ့ရာ ယခုအခါ စာသင်သား သံဃာ ၅၀ ခန့် ပရိယတ္တိ စာပေများ

သင်ကြားနေထိုင်သော စာသင်တိုက်အဖြစ်သို့ ရောက် ရှိ တိုးတက်စည်ပင်လျက် ရှိသည်။

ဆရာတော်သည်မြစည်းခုံပဝါရဏာအဖွဲ့ဥက္ကဋ္ဌ၊ မြစည်းခုံ ဘုရားကြီးနှင့် ရွှေဆံတော်စေတီတော်ကြီး ဂေါပကအဖွဲ့ မျှား၏ ဩဝါဒါစရိယအဖြစ် ဆောင်ရွက်တော်မူလျက် ရှိသည်။ တောင်ငူအခြေခံဒေသ ခြောက်မြို့နယ်လုံးဆိုင်ရာ သုဓမ္မာပရိယတ္တိ စာပြန်ပဲ့တော်ကြီး၏ အမှူဆောင်သံဃာ့ အဖွဲ့ဥက္ကဋ္ဌအဖြစ် တာဝန်ယူလျက် သံဃာတော် ၁၀၀၀ ကျော်ပါဝင်သည့် စာမေးပဲ့ကြီးကို မိမိကျောင်းတိုက်တွင် တည်ရာဌာနအဖြစ် ထားရှိပြီး ဆွမ်းကွမ်းဝေယျာဝစ္စမှစ၍ ရေးဖြေ စာမေးပဲ့ဆိုင်ရာ ကိစ္စရပ်အားလုံးကို တာဝန်ယူ ဆောင်ရွက်တော်မူခြင်း၊ ပထမပြန် စာမေးပဲ့ ကြီးကြပ် ဆောင်ရွက်တော်မူခြင်း၊ ထို့ပြင် ဆရာတော်သည် ပထမ အကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ဖြစ် မြောက်ရေး သံဃာ့ဝန်ဆောင် ၆၆ ပါး အဖွဲ့ဝင်၊ သံဃ သမ္မုတိရ သံဃာ့ကိုယ်စားလှယ်၊ နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင်နှင့် နိုင်ငံတော် သံဃမဟာနာယက အဖြစ်ဖြင့် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး လုပ်ငန်း တို့ကို ကြိုးပမ်းဆောင်ရွက်တော်မူလျက် ရှိသည်။



ဆရာတော်ဘဒ္ဒန္တ သီလဝံသ အဂ္ဂမဟာပဏ္ဍိတ ကချင်ပြည်နယ်၊မြစ်ကြီးနားမြို့၊ဝန်းသိုကျောင်းတိုက်

ဆရာတော် ဘဒ္ဒန္တ သီလဝံသကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ဆင်ဘိုကျေးရွာ ခမည်းတော် ဦးလူရ၊ မယ်တော် ဒေါ်အီတို့မှ ၁၂၇၃ ခုနှစ် တန်ဆောင်မုန်း လဆန်း ၁ ရက် သောကြာနေ့တွင် ဖွားမြင်သည်။

ဆရာတော်လောင်းလျှာသည် ၁၃၀၄ ခုနှစ်တွင် ခေါင်းဖူးရွာသစ် ဂိုဏ်းအုပ်ဆရာတော် ဦးနန္ဒဝံသထံ၌ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိသည်။ ၁၃၀၆ ခုနှစ် တပို့တဲ့လဆုတ် ၃ ရက်နေ့တွင် ခေါင်းဖူးရွာသစ် ဂိုဏ်းအုပ် ဆရာတော် ဦးနန္ဒဝံသကို ဥပဇ္ဈာယ်ပြုလျက် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် တာလောကြီးကျေးရွာ ခဏ္ဍသိမ်တော်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ရောက်ရှိသည်။

ဆရာတော်လောင်းလျှာသည် အစိုးရပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းနှင့် ပါဠိဒုတိယသိုလ် ဓမ္မာစရိယ စာချတန်း စာမေးပဲ့များကို ၁၃၁၅ ခုနှစ်တွင် အောင်မြင်၍ သာသနဓဇသီရိပဝရ ဓမ္မာစရိယ ဘွဲ့ကို ရရှိ ခဲ့သည်။ ၎င်းပြင် တက္ကသိုလ်ဝင် စာမေးပဲ့ကိုလည်း ၁၉၆၀ ပြည့်နှစ်တွင် အောင်မြင်ခဲ့သည်။

ဆရာတော်သည် ၁၃၀၉ ခုနှစ်မှ ၁၃၂၉ ခုနှစ်အထိ မန္တလေးမြို့ မြင်းဝန်တိုက် အလယ်တိုက်ကြီး၌ စာသင် ယူခြင်း၊ တစ်ဖက်မှ စာချရင်းဖြင့်လည်းကောင်း၊ ၁၃၂၉ ခုနှစ်တွင် နမ္မတီးမြို့ ဥတ္တရာရာမ စာသင်တိုက်၌ လည်းကောင်း စာသင်သားများအား စာပေများကို ပို့ချခဲ့သည်။ ၁၃၃၀ ပြည့်နှစ်တွင် မန္တလေးမြို့မြင်းဝန်တိုက် ပြည်လုံးအုံကျောင်း ဆရာတော်၏ တာဝန်ပေးချက်အရ စာချတန်း စာသင်သားများအား စာချတန်းဆိုင်ရာ ကျမ်းစာများကို ပို့ချသင်ကြားပေးတော်မူခဲ့ပြီး ၁၃၃၇ ခုနှစ်မှစ၍ မြစ်ကြီးနားမြို့ ဝန်းသိုစာသင်တိုက်၌ စာသင် သံဃာ ၃၀ ကျော်တို့အား ပရိယတ္တိစာပေများကို ပို့ချ သင်ကြားပေးလျက်ရှိသည်။

၁၃၃၁ ခုနှစ်တွင် နမ္မတီးမြို့နယ်အတွင်းရှိ စာသင်တိုက် များမှ စာသင်သားများအား ထောက်ပံ့နိုင်ရန် ပရိယတ္တိ သာသန နုဂ္ဂဟအသင်းကို ဦးစီး တည်ထောင်တော် မူခဲ့သည်။ ၁၃၃၅ ခုနှစ်တွင် နမ္မတီးမြို့ သကြားစက်ဝင်း အတွင်း၌ မြန်မာပြည်၌ တစ်မူထူးခြားသော အနုပညာ ရပ်တို့ဖြင့် ပြုပြင် မွမ်းမံထားသော အောင်မြေမှန်ကူ စေတီတော်နှင့် စေတီတော်ဝင်းအတွင်း၌ စေတီယပါလ ကျောင်းတိုက်ကို ထူထောင်တော်မူခဲ့သည်။ ၁၃၃၈ ခုနှစ် တွင် နမ္မတီးမြို့ ဥတ္တရာ ရာမပရိယတ္တိ စာသင်တိုက်ကို တပည့်ကြီးဖြစ်သော ဘဒ္ဒန္တသူရိယ (ဓမ္မာစရိယ) (ယခု ကချင်ပြည်နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်) အား လည်းကောင်း၊ နမ္မတီးမြို့ အောင်မြေမှန်ကူစေတီယ ပါလကျောင်းတိုက်ကို တပည့်ဖြစ်သူ ဘဒ္ဒန္တကေတုမာလာ (ဓမ္မာစရိယ) အားလည်းကောင်း၊ မန္တလေးမြို့ မြင်းဝန် တိုက် အလယ်တိုက်ကြီးကို တပည့်ဖြစ်သူ ဘဒ္ဒန္တဉာန္ဒဝံသ (ဓမ္မာစရိယ) အားလည်းကောင်း၊ မြင်းဝန်တိုက် သီရိ မင်္ဂလာကျောင်းကို တပည့်ဖြစ်သူ ဘဒ္ဒန္တပညာဝံသ (ဓမ္မာစရိယ) အားလည်းကောင်း တာဝန်ပေး၍ ပရိ ယတ္တိ သာသနာတော် ကြီးပွားအောင် ဆောင်ရွက်တော် မူခဲ့သည်။ ၁၃၃၉ ခုနှစ်မှစ၍ ကချင်ပြည်နယ်လုံးဆိုင်ရာ

ဝိနယသဒ္ဓမ္မပါလ စာမေးပွဲကို ကိုယ်တိုင် ဦးစီးလျက် မြစ်ကြီးနားမှို ဗုဒ္ဓဘာသာအဖွဲ့ချုပ်၏ အကူအညီဖြင့် ကျင်းပတော်မူခဲ့သည်။ ၁၃၄၆ ခုနှစ်မှစ၍ ကချင်ပြည်နယ်လုံး ဆိုင်ရာ ပရိယတ္တိ သဒ္ဓမ္မပါလ စာမေးပွဲကြီးကို ဦးစီးကျင်းပတော်မူခဲ့သည်။

၁၉၇၀ ပြည့်နှစ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ဖြစ်မြောက်ရေး သံဃာ့ဝန်ဆောင် ၆၆ ပါး အဖွဲ့ဝင်အဖြစ် ဆောင်ရွက်တော်မူခဲ့သည်။ ပထမအကြိမ်နှင့် ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးကြီးတွင် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် ဆရာတော်အဖြစ် ဆောင်ရွက်လျက် နိုင်ငံတော်ဝိနည်းဓိုရ် စသော သာသနာ့ တာဝန်များကို ဆောင်ရွက်တော်မူလျက်ရှိသည်။



ဆရာတော်ဘဒ္ဒန္တ ကဝိန္ဒာဘိဝံသ အဂ္ဂမဟာပဏ္ဍိတ ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်

ဆရာတော်ဘဒ္ဒန္တကဝိန္ဒာဘိဝံသကို ပဲခူးတိုင်း သဲကုန်းမြို့နယ် လက်ပံပင်ကျေးရွာ ခမည်းတော် ဦးကျော်ခင်၊ မယ်တော်ဒေါ်ငွေလဲ့တို့မှ သက္ကရာဇ် ၁၂၀၇ ခုနှစ် တန်ခူးလဆုတ် ၂ ရက် တနလ်ာနေ့တွင် ဖွားမြင်တော်မူသည်။ မွေးချင်း ရှစ်ယောက်တို့တွင် ဆဋ္ဌမမြောက် သားရတနာဖြစ်၍ ငယ်မည်မှာ မောင်ကျင်လို့ဝင်ဖြစ်သည်။

ဆရာတော်လောင်းလျာသည် သက္ကရာဇ် ၁၃၀၀ ပြည့်နှစ် အသက် ၁၃ နှစ် အရွယ်တွင် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ပုတီးကုန်းမြို့ ညောင်ဝန်း အရှေ့ကျောင်း ဆရာတော် ဘဒ္ဒန္တကုမာရ မထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရှင်ကဝိန္ဒဟူသော ဘွဲ့အမည်တော်ဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့သည်။

သာသနာတော်နှစ် ၂၄၀၉ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၀၇ ခုနှစ် ဂိမန္တဥတု နယုန်လပြည့်ကျော် ၃ ရက် နံနက် ၇ နာရီ ၃၀ မိနစ် အချိန်တွင် ပေါင်းတည်မြို့ မကုဋ္ဌာရုံကျောင်း ဆရာတော်ဘဒ္ဒန္တသံဝရမထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု တော် မူ လျက် ပေါင်း တည် မြို့ တာ ပုန် လမ်း နေ ဦးကျော်သိန်း၊ ဒေါ်သန်းမေတို့၏ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဆရာတော် လောင်းလျာသည် စာမေးပွဲများကို ဝင်ရောက် ဖြေဆိုတော်မူခဲ့ရာ အစိုးရ ပထမငယ်တန်း၊ ပထမလတ်တန်းနှင့် ပထမကြီးတန်းတို့ကို အောင်မြင်တော်မူ ခဲ့သည်။ ၁၃၀၉ ခုနှစ်တွင် ရန်ကုန်မြို့ စေတိယဂ်ကာစာသင်တန်းနှင့် ၁၃၁၃ ခုနှစ်၌ စာချတန်းကို အောင်မြင်တော် မူသဖြင့် စေတိယဂ်ကာ ဂဏဝါစက မမ္မာစရိယဘွဲ့ကို လည်းကောင်း၊ ထိုနှစ် တစ်နှစ်တည်းမှာပင် အစိုးရ မမ္မာစရိယတန်းကို ဂုဏ်ထူးဆောင်နှင့်တကွ အောင်မြင်တော် မူသဖြင့် သာသနဓဇ သီရိပဝရ မမ္မာစရိယ ဘွဲ့ကို လည်းကောင်း၊ ၁၃၁၂ ခုနှစ်တွင် မန္တလေးမြို့ ပရိယတ္တိ (သက္ကသီဟ) စာသင်တန်းနှင့် ၁၃၁၄ ခုနှစ်၌ သက္ကသီဟ စာချတန်းကို အောင်မြင်တော်မူသဖြင့် သက္ကသီဟ ပရိယတ္တိ သာသနဟိတ မမ္မာစရိယဘွဲ့ကို လည်းကောင်း အသီးသီး ခံယူတော်မူခဲ့သည်။

ဆရာတော်သည် ၁၃၁၄ ခုနှစ်မှ စ၍ ၁၃၄၃ ခုနှစ် အထိ ၃၀ နှစ်တိုင် ရန်ကုန် အလယ်တောရ စာချကျောင်း ပါဠိတက္ကသိုလ်၊ မန္တလေးမြို့ ချမ်းသာကြီးတောင်တိုက် ပါဠိတက္ကသိုလ်၊ မော်လမြိုင်မြို့ စိန်မမကျောင်းတိုက် ပါဠိတက္ကသိုလ်တို့၌ ကထိက ဆရာတော်အဖြစ်ဖြင့် ပရိယတ္တိ စာပေကျမ်းဂန်များကို ပို့ချသင်ကြား ပေးတော်မူခဲ့သည်။

၁၃၄၄ ခုနှစ်တွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ကျောင်းတိုက်သို့ တပည့် ရဟန်းသာမဏေ ၂၂ ပါးဖြင့် ကြွရောက်တော်မူလျက် မဟာသိမ်တော်ကြီး ပရိယတ္တိ စာသင်တိုက် ဖွင့်လှစ် တည်ထောင်ပြီး ပဓာနနာယက ဆရာတော်အဖြစ် စီမံ အုပ်ချုပ်၍ စာပေ ပရိယတ္တိများကို ပို့ချတော်မူခဲ့သည်။

စာသင်တိုက် ဖွင့်လှစ်တည်ထောင်ပြီးနောက် နှစ်စဉ် စာသင်သား သံဃာများ တိုးတက် များပြားလာခဲ့ရာ ယခုအခါ စာသင်သား သံဃာ ၁၂၀ ကျော်မျှ အထိ ဆရာတော်၏ ခြေတော်ရင်းဝယ် ဝပ်စင်း ခိုလှုံလျက်ရှိသည်။ ရှစ်နှစ်မျှ သက်တန်းတိုကာလအတွင်း စာအောင် သံဃာတော်ပေါင်း ၁၂၁ ပါး ပေါ်ပေါက်ခဲ့ပြီးဖြစ်သည်။ ပထမကြီးတန်း၌ တစ်နိုင်ငံလုံး ဒုတိယ သံဃာတော် တစ်ပါးနှင့် အခြေပြု မူလတန်း၌ တစ်နိုင်ငံလုံး ပထမ

လူပုဂ္ဂိုလ် တစ်ဦးအပြင် ထူးချွန်စွာ အောင်မြင်သော တပည့်များကိုလည်း မွေးထုတ်နိုင်ခဲ့သည်

ရေးသားပြုစုသော ကျမ်းများမှာ ဓမ္မာစရိယတန်းဆိုင်ရာ အမေးအဖြေကျမ်းနှင့် ဝစနတ္ထဒီဒဿနကျမ်းတို့ ဖြစ်သည်။

ဆရာတော်သည် သာသနာတော် အဓွန့်ရှည်စွာ တည်တံ့ ပြန့်ပွားရေး အတွက် ဆဋ္ဌသင်္ဂီတိကာရက၊ ဆဋ္ဌသင်္ဂီတိ ပါဠိဝိသောဓက၊ ဓမ္မာစရိယနှင့် ပထမပြန် ပညာရေးအဖွဲ့ငယ် အဖွဲ့ဝင် အစရှိသော သာသနာရေး တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပြီး ယခုအခါ၌ နိုင်ငံတော် တောင်တန်း ဗုဒ္ဓသာသနာပြု ဗဟိုအဖွဲ့၌ အဖွဲ့ဝင်ဆရာတော်အဖြစ် တာဝန်ယူ ဆောင်ရွက်တော်မူလျက် ရှိသည်။

ထို့ပြင် ဆူးလေစေတီတော် ဂေါပက အဖွဲ့၏ သြဝါဒါစရိယအဖြစ် တာဝန်ယူတော်မူလျက် ဗုဒ္ဓပူဇနိယ ပဲ့သဘင်၌ နှစ်စဉ်မပျက် အသံမစဲ အာဘိဓမ္မာ ခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်ရန် စီစဉ် ဆောင်ရွက်ခြင်း၊ အခါအား လျော်စွာ သြဝါဒ ချီးမြှင့်ခြင်း၊ သာသနာရေးဆိုင်ရာ စာတမ်းများ ရေးသားခြင်း စသည်တို့ကို ဆောင်ရွက်တော်မူလျက်ရှိပါသည်။

ဤသို့ သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော ဆရာတော်ဘဒ္ဒန္တကဝိန္ဒဘိဝံသသည် ၁၉၉၀ ပြည့်နှစ် စက်တင်ဘာလ ၂၂ ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။

ဆရာတော်ဘဒ္ဒန္တ သုမနာဘိဝံသ အဂ္ဂမဟာပဏ္ဍိတ
မန္တလေးတိုင်း၊ မန္တလေး အနောက်တောင်မြို့နယ် မစိုးရိမ်ကျောင်းတိုက်၊ ဂန္ထဓုရနယူပဒေသကျောင်း

ဆရာတော် ဘဒ္ဒန္တ သုမနာ ဘိဝံသကို မကွေးတိုင်း ပခုက္ကူမြို့ ခန္ဆောရပ် ခမည်းတော် ဦးလူမင်း၊ မယ်တော် ဒေါ်ငွေဆင့်တို့မှ ၁၂၀၈ ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် ၇ ရက် သောကြာနေ့၌ ဖွားမြင်သည်။ မွေးချင်းတစ်ကိုပ် အနက် ပဉ္စမ မြောက် ဖြစ် ၍ ငယ် မည် မှာ မောင်သိန်းအောင် ဖြစ်သည်။

ဆရာတော် လောင်းလျာသည် အသက် ၁၃ နှစ် အရွယ် ၁၃၀၁ ခုနှစ် တန်ခူးလဆန်း ၁၀ ရက်နေ့ ပခုက္ကူမြို့ လယ်ပြင်တိုက် အနောက်ကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တ ပညာသိဒ္ဓိဟကို ဥပဇ္ဈာယ်ပြု၍ ပခုက္ကူမြို့ ခန္ဆော ပိုးတန်းရပ် ဒေါ်လုံးတင်၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သုမနဘွဲ့ အမည်ဖြင့် ရှင်သာမဏေဘဝသို့ ရောက်ရှိခဲ့သည်။



၁၃၀၈ ခုနှစ် နယုန်လဆန်း ၆ ရက်နေ့၌ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ လယ်ပြင်တိုက် အနောက်ကျောင်း ခဏ္ဍသိမ်တော်၌ လယ်ပြင်တိုက်ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်ရှိတော်မူသည်။

ဆရာတော်လောင်းလျာသည် ၁၃၀၈ ခုနှစ်၌ ပထမငယ်တန်း၊ ၁၃၀၉ ခုနှစ်၌ ပထမလတ်တန်း၊ ၁၃၁၁ ခုနှစ်၌ ပထမကြီးတန်းကို (ဒုတိယအမှတ်အများဆုံးဖြင့်) အောင်မြင်၍ စကောလားရွှေစ်ဆုကို သုံးနှစ်တိုင် လျှဒါန်း ရရှိတော်မူခဲ့သည်။

၁၃၁၂ ခုနှစ်၌ သကျသီဟစာသင်တန်း၊ ၁၃၁၃ ခုနှစ်၌ အစိုးရစာချတန်းကိုဂုဏ်ထူးနှင့်တကွ အောင်မြင်တော်မူ၍ သာသနဓဇ သီရိပဝရ ဓမ္မာစရိယဘွဲ့ကို ရရှိတော်မူသည်။

၁၃၁၇ ခုနှစ်၌ သကျသီဟစာချတန်းကို အောင်မြင်တော်မူ၍ ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယဘွဲ့ကို ရရှိတော်မူသည်။ မစိုးရိမ်ကျောင်းတိုက် စည်းကမ်းနှင့်အညီ နာယက အဖြစ် တင်မြှောက်ခြင်းကိုလည်း ခံရသည်။ မစိုးရိမ်ကျောင်းတိုက် ဝိနည်းစာမေးပွဲ၌ အမှတ်အများဆုံးဖြင့် အောင်မြင်သည်။ လစဉ် ထောက်ပံ့ကြေး လျှဒါန်းသော ပဋ္ဌာန်းစာမေးပွဲနှင့် ပရိယတ္တိစာသင် စာချစာမေးပွဲများကိုလည်း အကြိမ်ကြိမ် အောင်မြင်တော် မူသည်။

ဆရာတော်သည် မန္တလေးမြို့ ဝေယံဘုံသာ ပါဠိတက္ကသိုလ်၊ ရန်ကုန်မြို့ ဘုရားလမ်း ကျားကွေးတိုက်တို့၌ ပရိယတ္တိ စာပေတို့ကို ပို့ချ သင်ကြားပေးတော်မူခဲ့သည်။

မစိုးရိမ်ကျောင်းတိုက်တွင် စာသင်သား သံဃာတော် ၅၀၀ ကျော်တို့အား နာယကအဖြစ်သို့ ရောက်သော နှစ်မှစ၍ ယခုတိုင်ခေအောင် ပဋ္ဌာန်းညဝါနှင့် အလင်္ကာ၊ အဋ္ဌကထာစာဝါများကို ပို့ချတော်မူလျက် ရှိသည်။ ပဋ္ဌာန်းစာဝါကို ပို့ချရာတွင် မစိုးရိမ်ဆရာတော် ဘုရားကြီး၏ နယူပဒေသအတိုင်း ၁၃၁၄ ခုနှစ်မှစ၍ နှစ်ပေါင်း

၃၆ နှစ်တိုင် ပို့ချတော်မူခဲ့သည်။ ယင်းသို့ ပရိယတ္တိစာပေများကို ပို့ချတော်မူစဉ် တိပိဋကာ ပါဠိ–မြန်မာ အဘိဓာန် ကျမ်းကြီးကိုလည်း မစိုးရိမ် အဘိဓာန်အဖွဲ့ဝင် နာယက ဆရာတော်များနှင့်အတူ ပြုစုရေးသားခဲ့ရာ ယနေ့တိုင် ဖြစ်သည်။ က ဝဂ် ၂ အုပ်၊ ပဝဂ် ၂ အုပ် ပေါင်း ၄ အုပ် ပြီးစီး၍ ယခုအခါ တိပိဋကာ ပါဠိ–မြန်မာ အဘိဓာန်ကျမ်းနှင့် တိပိဋကာ ပါဠိ ပဒ ကျမ်းညွှန်းတို့ကို ပြုစုလျက် ရှိသည်။

ပရိယတ္တိ သာသနဟိတ (သက္ကသီဟ) အသင်းကြီး၏ စာသင်တန်းနှင့် သာမဏေ စာမေးပွဲတို့၌ ပုစ္ဆာထုတ်ခြင်း၊ စာစစ်ခြင်း၊ အစိုးရ ပါဠိ၊ ပထမပြန်နှင့် စာချတန်းတို့၌ ပုစ္ဆာထုတ်ခြင်း၊ စာစစ်ခြင်း တို့ကို ကြိမ်ဖန်များစွာ ဆောင်ရွက်ခဲ့သည်။ မန္တလေးမြို့ စာချတန်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အကျိုးတော်ဆောင် အဖြစ်လည်း အကြိမ်ကြိမ် ဆောင်ရွက်ခဲ့သည်။

ထို့ပြင် မန္တလေး အနောက်တောင် မြို့နယ် သံဃနာယက ဥက္ကဋ္ဌ၊ ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးကြီး၌ သံဃသမ္မုတိရ သံဃာ့ ကိုယ်စားလှယ်၊ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဝိနည်းဓိုရ်အဖွဲ့အမှတ် ၁၀ ၌ နိုင်ငံတော်ဝိနည်းဓိုရ်၊ ပရိယတ္တိ ပညာရေးစီမံကိန်း ပြင်ဆင် ဖြည့်စွက်ရေး အဖွဲ့ငယ်၌ အဖွဲ့ဝင်၊ နိုင်ငံတော် သီးခြား ဝိနည်းဓိုရ် အဖွဲ့အမှတ် ၉ ၌ အဖွဲ့ဝင်အဖြစ် ပါဝင်ကာ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး လုပ်ငန်းတို့ကို ကြိုးပမ်းဆောင်ရွက်တော်မူခဲ့သည်။

ဆရာတော်ဘဒ္ဒန္တ ကောသလ္လ အဂ္ဂမဟာပဏ္ဍိတ ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ ပဥ္စနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက်

ဆရာတော် ဘဒ္ဒန္တ ကောသလ္လကို ပဲခူးတိုင်း ပြည်မြို့နယ် ဝက်ထီးကန် ဝါးရုံဆိပ်ရွာ ခမည်းတော် ဦးဘိုးရင်၊ မယ်တော် ဒေါ်ဒေါင်းစိန်တို့မှ ၁၂၈၉ ခုနှစ် တော်သလင်းလဆန်း ၁၀ ရက် တနလ်္ဂာနေ့တွင် ဖွားမြင်တော်မူသည်။ မွေချင်းသုံးယောက်တွင် အကြီးဆုံး သားရတနာဖြစ်၍ ငယ်မည်မှာ မောင်ကျော်စိန် ဖြစ်သည်။

ဆရာတော် လောင်းလျာသည် ၁၃ နှစ် အရွယ် ၁၃၀၂ ခုနှစ် တပေါင်းလပြည့်နေ့တွင် ဝါးရုံဆိပ် ဆရာတော် ဦးဇဋ္ဌာဘိဝံသထံ ရှင်သာမဏေ ပြုကာ ရှင်ကောသလ္လ ဘွဲ့မည်တော် ရခဲ့သည်။

၁၃၀၈ ခုနှစ် တပေါင်းလပြည့်နေ့တွင် ပြည်မြို့ ပဉ္စင်္လသိမ်ကုန်း ရဟန္တာ သိမ်တော်၌ ဝေဠုဝန် နိကာယဂဏာဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ပဉ္စင်္လသိမ်ကုန်းဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ဝါးရုံဆိပ်ရွာဦးချစ်စု၊ ဒေါ်မယ်တင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရဟန်းဖြစ်တော်မူသည်။



ဆရာတော်လောင်းလျာသည် အစိုးရ ပထမပြန် (ငယ်လတ် ကြီး) နှင့် ၁၃၁၄ ခုနှစ် အစိုးရ စာချတန်း (ဒုတိယ အောင်မှတ်အများဆုံး) အောင်မြင်သည်။ တိပိဋကမရ ရွေးချယ်ပွဲ၌ ၁၃၂၅ ခုနှစ်တွင် ပိဋကတ်သုံးပုံ အလုံးစုံကို အပြီးအဆုံး အောင်မြင်သဖြင့် တိပိဋက မရတိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ၊ ဘဒ္ဒန္တကောသလ္လ တိပိဋကမရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့အက္ခရာ တံဆိပ်ပါသော ဆင်စွယ်ယပ်ဝန်းတော်၊ အရိုးဝါ ကနက္ကဒဏ် ထီးဖြူတော် သုံးလက် ပါရှိသော သာသနာ့ အောင်လံတော်၊ ကုန်း၊ ရေ၊ လေ သုံးဌာန (တပည့်နှစ်ဦးနှင့် အတူ)ရာသက်ပန် အခမဲ့စီးနိုင်ခွင့် အထူးလက်မှတ်တော်များ ခံယူ ရရှိတော် မူပါသည်။ တိပိဋကမရဘွဲ့တော်အတွက် နိုင်ငံတော် အစိုးရ၏ နှစ်စဉ် ဆွမ်းဆန်တော် လှူဒါန်း ထောက်ပံ့ခြင်း ကိုလည်း (မိဘနှစ်ပါး အတွက်ပါ) ရာသက်ပန် လက်ခံရရှိသည်။

ဆရာတော်သည် ပဉ္စင်္လသိမ်ကုန်း ကျောင်းတိုက်ရှိ စာသင်သံဃာတော်များအား လည်းကောင်း၊ ရန်ကင်းမြို့နယ် ပဥ္စနိကာယ သာသနာ့ဗိမာန် ကျောင်းတိုက်ရှိ စာသင်သား သံဃာတော် ၂၅၀ ကျော်တို့အား လည်းကောင်း ပရိယတ္တိစာပေများကို ပို့ချသင်ကြားပေးတော်မူခဲ့သည်။

ရေးသားပြုစုတော်မူသော ကျမ်းများမှာ ပဉ္စင်္လသိမ်ကုန်း ထေရပုတ္တိ၊ ပဉ္စင်္လသိမ်ကုန်း အာဘိဓမ္မတ္ထသင်္ဂဟ မာလာ၊ အနဂါရိယဂုဏ်တော်နှင့် အင်္ဂါရိယ ရှုဖွယ်ကျမ်း၊ အခြေခံ သာသနာရေးကျမ်း၊ အဂို့တ္တရ နိကာယ် မြန်မာ

ကျမ်းစာနှင့် ဒီဃနိကာယ်မြန်မာကျမ်းစာ စသည်တို့ဖြစ်ကြသည်။

ဆရာတော်သည် ဝေဠုဝန် နိကာယ တဲ့ဖက်အကျိုးတော်ဆောင်၊ မှော်ဘီ ဂိုဏ်းပေါင်းစုံ နှစ်ကျိပ်တစ်ပါး ဦးစီးဆရာတော်များအဖွဲ့ (၁၃၂၆ ခုနှစ်) တဲ့ဖက်အကျိုးဆောင်၊ ပုဇွန်လှသိမ်ကုန်း ပုည်စေတီတော် တည်ဆောက်ရေးတာဝန်ခံ၊ နိကာယ်သာသနာတော် ထွန်းကားရေးအသင်းကြီး၏ သြဝါဒါစရိယ သံဃာအဖွဲ့ အကျိုးဆောင်၊ မြန်မာပြည်လုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ် သြဝါဒါစရိယ၊ တက္ကသိုလ်များ ဗုဒ္ဓဘာသာအသင်းကြီး သြဝါဒါစရိယ၊ မိုးကောင်းစေတီတော်ဂေါပကအဖွဲ့ သြဝါဒါစရိယ၊ ပိဋကတ်ဘာသာပြန်စာပေ ဖြန့်ချိရေးအဖွဲ့ သြဝါဒါစရိယ၊ ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ဖြစ်မြောက်ရေးမူလသံဃာ့ဝန်ဆောင် ၆၆ ပါး အဖွဲ့ဝင်နှင့် အကြံပေးအဖွဲ့ဝင်၊ သံဃသမ္မုတိရ သံဃာ့ ကိုယ်စားလှယ်၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ အမှတ်–၈ နိုင်ငံတော် သီးခြားဝိနည်းဓိုရ် စသောအားဖြင့် သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးတို့ကို ကြိုးပမ်းဆောင်ရွက်တော်မူလျက်ရှိပါသည်။



ဦး အာလောကကို ဥပဇ္ဈာယ်ပြု၍ အင်္ဂမော်ကျောင်းဥဒကုက္ခေပ ရေသိမ်တော်မြတ်၌ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော် လောင်းလျာသည် ၁၃၁၁ ခုနှစ်တွင် အစိုးရပထမငယ်တန်း၊ ၁၃၁၂ ခုနှစ်တွင် ပထမလတ်တန်း၊ ၁၃၁၄ ခုနှစ်တွင် ပထမကြီးတန်း၊ ၁၃၁၆ ခုနှစ်တွင် ဓမ္မာစရိယစာချတန်းကို အောင်မြင်သဖြင့် သာသနာ့ဓဇ ဓမ္မာစရိယဘွဲ့တံဆိပ်တော်ကို ရရှိခဲ့သည်။

ဆရာတော်သည် ကောလိပ်ကုက္ကိုကျောင်း စာသင်တိုက် တည်ထောင်၍ စာသင်သား သံဃာတော် ၆၀ ကျော်တို့အား လည်းကောင်း၊ တောကျောင်း ပရိယတ္တိ စာသင်တိုက် တည်ထောင်၍ စာသင်သားသံဃာတော် ၉၀ ကျော်တို့အား လည်းကောင်း စာပေကျမ်းဂန်များကို ပို့ချသင်ကြားပေးတော်မူခဲ့သည်။ ပြုစုရေးသားသောကျမ်းများမှာ အပယ်စာ မဖြစ်ရေးနှင့် ကထာငါးရပ် ကျမ်းတို့ဖြစ်သည်။

ဆရာတော်သည် မြိတ်မြို့လုံးဆိုင်ရာ တောကျောင်း ပရိယတ္တိသဒ္ဓမ္မပါလ စာပြန်ပွဲအဖွဲ့ သြဝါဒါစရိယ၊ မြိတ်မြို့နယ် ပဝါရဏာအဖွဲ့ စာမေးပွဲ နာယက၊ မြိတ်မြို့ကျက်သရဆောင် လေးကျွန်းဆိပ်မီးစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ သြဝါဒါစရိယ၊ ဂိုဏ်းဝင် ကျောင်းပေါင်း ၁၂၁ ကျောင်း၏ ဂိုဏ်းချုပ်အဖြစ် ဆောင်ရွက်သည်။

ထို့ပြင် ဝါတွင်း ဝါပ တရားနာ ပရိသတ်တို့အား တရားဟောပြောခြင်း၊ မိုးကုတ်ဝိပဿနာ ပဋ္ဌိစ္စ သမုပ္ပါဒ် စက်ဝိုင်းဒေသနာကို သင်ကြားပြသပေးခြင်း၊ ဝိပဿနာ တရားတော်များ ဟောကြား၍ လက်တွေ့အလုပ်တရားများ ပေးခြင်းဖြင့် ပဋိပတ် သာသနာပြုလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့သည်။

ဆရာတော်ဘဒ္ဒန္တ သောဘဏ အဂ္ဂမဟာပဏ္ဍိတ တနင်္သာရီတိုင်း၊ မြိတ်မြို့၊ တောကျောင်း ပရိယတ္တိ စာသင်တိုက်

ဆရာတော် ဘဒ္ဒန္တ သောဘဏကို တနင်္သာရီတိုင်း မြိတ်မြို့နယ် အင်္ဂမော်ကျေးရွာ ခမည်းတော် ဦးဖေဘုင့်၊ မယ်တော် ဒေါ်ငွေခြုံတို့မှ ၁၂၀၈ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁ ရက် သောကြာနေ့ည ၆ နာရီ ၃၀ မိနစ် အချိန်တွင် ဖွားမြင်သည်။ မွေးချင်း ခြောက်ယောက်အနက် ပဉ္စမမြောက်ဖြစ်၍ ငယ်မည်မှာ မောင်သန်းဆွေဖြစ်သည်။

ဆရာတော်လောင်းလျာသည် အသက် ၁၅ နှစ် အရွယ်သို့ရောက်သောအခါ အင်္ဂမော်ကျောင်းဆရာတော် ဦးသုမနကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ၁၃၀၃ ခုနှစ် ကဆုန်လပြည့် သောကြာနေ့တွင် ရှင်သာမဏေအဖြစ် ခံယူခဲ့သည်။ ဘွဲ့အမည်မှာ ရှင်သောဘဏစာရဖြစ်သည်။

၁၃၀၉ ခုနှစ် နယုန်လပြည့်ကျော် ၁၄ ရက် နံနက် ၈း၃၀ နာရီအချိန်တွင် ကဟန်းရွာ ကျောင်းဆရာတော်

ဆရာတော်ဘဒ္ဒန္တ နေမိန္ဒ
အဂ္ဂမဟာပဏ္ဍိတ
မုန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မဟာဝိသုတာရာမ
ဝမ္မဗိမာန် ကျောင်းတိုက်



ဆရာတော်ဘဒ္ဒန္တ နေမိန္ဒကို မကွေးတိုင်း (ပခုက္ကူ၊ ခရိုင်) မြိုင်မြို့နယ်တောင်ပိုင်း ဘင်းဂန်းကျေးရွာ ခမည်း တော် ဦးပိုးတစ်၊ မယ်တော် ဒေါ်ထွားတုတ်တို့မှ ၁၂၈၉ ခုနှစ် ပြာသိုလဆုတ် ဂ ရက် စနေနေ့တွင် ဖွားမြင်သော သားရတနာဖြစ်သည်။ ငယ်နာမည်မှာ မောင်ထွန်းရှိန်ဖြစ်သည်။

ဆရာတော်လောင်းလျှာသည် ၁၀ နှစ်သားအရွယ်တွင် မြိုင်မြို့ ကွေးပင်တွင်းရွာ ပေတောကျောင်း ဆရာတော် အရှင်နာရဒ မဟာထေရ်မြတ် ထံတော်၌ ရှင်သာမဏေ ပြုတော်မူခဲ့သည်။ ဘွဲ့အမည်တော်မှာ ရှင်နေမိန္ဒဖြစ်သည်။

၁၃၀၉ ခုနှစ် ဝါဆိုလဆုတ် ၁ ရက်နေ့တွင် ပခုက္ကူ၊ မြို့ မဟာဝိသုတာရာမ သိမ်တော်ကြီး၌ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု အရှင်သုန္ဒရ ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ မန္တလေးတိုင်းမြင်းခြံခရိုင် တောင်သာမြို့နယ် ကန်တော်ရွှေရွာ ဘကြီးတော် ဦးဘိုးမြစ်၊ ဒေါ်ဖွားရှင်၊ သမီး ဒေါ်ခင်ညွန့်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ဆရာတော်လောင်းလျှာသည် အစိုးရ ပါဠိ ယဆမပြန် စာမေးပွဲ၌ ပထမငယ်တန်း၊ ပထမလတ်တန်း (ပါဠိ ဂုဏ်ထူး)၊ ပထမကြီးတန်း တို့ကို အောင်မြင်၍ အစိုးရ ပါဠိတက္ကသိုလ်စာချတန်း၌ ကျမ်းရင်းသုံးကျမ်းနှင့်အတူ ဂုဏ်ထူးဆောင် ခြောက်ကျမ်းတို့ကိုပါ တစ်နှစ်တည်းဖြင့် အပြီးအောင်မြင်သဖြင့် သာသနဓဇ သိရိပဝရ ဓမ္မာစရိယ သိရောမဏိဘွဲ့ကို ခံယူရရှိတော်မူခဲ့သည်။ ၁၃၂၁ ခုနှစ် ၁၂ ကြိမ်မြောက် အစိုးရ တိပိဋကဓရ ရွှေးချယ်ပွဲကြီး၌ ပိဋကသုံးပုံ အလုံးစုံကို ဝိသိဋ္ဌဂုဏ်ထူးနှင့် အပြီးအဆုံး အောင်မြင်သဖြင့် ဗုဒ္ဓသာသနဝိသိဋ္ဌတိပိဋကဓရ တိပိဋက ကောဝိဒ ဘွဲ့တံဆိပ်အောင်လက်မှတ်တော်၊ အရိုးဝါကနက္က ဒဏ်ထိုးပြုတော်သုံးလက် ပါရှိသော သာသနာ့အောင်လံ တော်၊ ဘဒ္ဒန္တ နေမိန္ဒ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်အောင်လက်မှတ်တော်၊ ဘဒ္ဒန္တ နေမိန္ဒတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့အမည်တော် ပါရှိသော ဆင်စွယ်ယပ်ဝန်းတော်၊ ကုန်းလမ်း ရေလမ်း လေလမ်း တို့၌ နောက်ပါတပည့်နှစ်ဦးနှင့်အတူ ထာသက်ပန်အမြဲတမ်း အာဓမ္မဲခရီးသွားလာခွင့် အထူးလက်မှတ်တော်၊ လစဉ် ဆွမ်းဆန် အလှူတော်များကို ခံယူရရှိတော်မူသည်။

ဆရာတော်သည် မြိုင်မြို့နယ် ကွေးပင်တွင်းကျေးရွာ မူလကျေးငှဲးရှင် ပေတောကျောင်းဆရာတော် အရှင်နာရဒ မဟာထေရ်မြတ်ထံ သာမဏေဝတ်ဘဝဖြင့် နေချိန်မှစ၍ ပခုက္ကူ၊ မြို့ မဟာဝိသုတာရာမတိုက်ကြီး၌ စာသင်သား အဖြစ်ဖြင့် နေချိန်များ၌ စာသင် စာပြ စာပို့ချမှု ကိစ္စ တာဝန်ကို ဆောင်ရွက်တော်မူခဲ့သည်။

ထို့ပြင် သက်တော် ၂၅ နှစ် အချိန် အရွယ်မှစ၍ မဟာဝိသုတာရာမတိုက် ဆရာတော်ကြီးများ သမ္မုတိ ပေးကာ ခန့်အပ်သည့် မဟာဝိသုတာရာမိက ဂဏဝါစက စာချက်စွဲ တာဝန်ကို လက်ခံ၍ စာသင်သားပေါင်း များစွာတို့အား ပရိယတ္တိ စာပေများကို ပို့ချသင်ကြား ပေးတော်မူခဲ့သည်။ ယင်းသို့ ပို့ချ သင်ကြားပေးစဉ် ဆုံးမစာ စာအုပ်များကိုလည်း ရေးသား ပြုစုခဲ့သည်။

ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာ မဟာမဇ္ဈိမသာဂင်ကြီး၌ ဆဋ္ဌသင်္ဂီတိကာရက၊ မူလဝိသောဓက၊ ဟဋ္ဌဝိသော ဓကတာဝန်၊ ၁၃၂၂ ခုနှစ် တပို့တွဲလ၌ ကျင်းပသော မဟာ ဝိသုတာရာမိက ဂဏဝါစကနိကာယ အစည်းအဝေးကြီးမှ သမ္မုတိပေးကာ ခန့်အပ်သည့် မဟာဝိသုတာရာမိက ဂဏ ဝါစက နိကာယဂဏ ဘာရနိဿာရက ဂိုဏ်းဝန်ဆောင် တာဝန်၊ ပခုက္ကူ၊ မြို့ မဟာဝိသုတာရာမ တိုက်ကြီး၌ မဟာ နာယက တာဝန်နှင့် ပခုက္ကူ၊ မြို့နယ် တန်ခြည်တောင် သာသနာ့ပြု တာဝန် စသော သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေး လုပ်ငန်းတို့ကို ကြိုးပမ်း ဆောင်ရွက် တော်မူခဲ့သည်။

ဆရာတော်ဘဒ္ဒန္တ ကုလ္လာလင်္ကာတိ
အဂ္ဂမဟာပဏ္ဍိတ
ပဲခူးတိုင်း၊ ပြည်မြို့၊ ငောတီကာရုံပါဠိတက္ကသိုလ်
ကျောင်းတိုက်

ဆရာတော် ဘဒ္ဒန္တ ကုလ္လာလင်္ကာတိကို ပဲခူးတိုင်း ရွှေတောင်မြို့ တရုတ်မော်တိုက်နယ် လမိုင်းရွာ၁၁မည်းတော်



ဆရာတော်ဘဒ္ဒန္တ သုမင်္ဂလာလင်္ကာရ အဂ္ဂမဟာပဏ္ဍိတ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ မဟာဂန္ဓာရုံ ကျောင်းတိုက်

ဆရာတော်ဘဒ္ဒန္တသုမင်္ဂလာ လင်္ကာရကို စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် အင်ကြင်းပင်ရွာ ခမည်းတော်ဦးအောင်၊ မယ်တော် ဒေါ်ခင်ကြည်တို့မှ ၁၃၀၈ ခုနှစ် ကဆုန်လ ဆန်း ၁၀ ရက် သောကြာနေ့ နံနက် ၅ နာရီခန့်တွင် ဖွားမြင်သည်။ မွေးချင်း လေးယောက်တွင် ဒုတိယ မြောက် ဖြစ် သည်။ ငယ် မည် မှာ မောင် သောင်း တင် ဖြစ်သည်။

ဆရာတော်လောင်းလျာသည် ၁၃၂၀ ပြည့်နှစ် ဝါဆို လပြည့်ကျော် ၁ ရက်နေ့တွင် စစ်ကိုင်းတိုင်း ဝက်လက် မြို့နယ် ရွှေစည်းခုံကျောင်းတိုက်၌ ရွှေစည်းခုံ ဆရာတော် ဘုရားကြီး ဘဒ္ဒန္တဇင္ဓလကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ဗစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေ အဖြစ်သို့ ရောက်တော်မူခဲ့သည်။ ဘွဲ့တော်မှာ ရှင်သုမင်္ဂလ ဖြစ်သည်။

၁၃၂၈ ခုနှစ် ဝါဆိုလဆန်း ၉ ရက်နေ့တွင် ရန်ကုန် တိုင်း ရန်ကင်းမြို့နယ် မဟာဗောဓိကျောင်းတိုက် ခဏ္ဍ သိမ်တော်၌ အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်.ကျမ်း ပြု အကျော် ဘဒ္ဒန္တဇနကာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) ကို ဥပဇ္ဈာယ်ပြု၍ ဒေါ်ရူပမာလာ (ပထမကျော်မမွာစရိ ယ) ၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်း အဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့တော်မှာ အရှင်သုမင်္ဂလာ လင်္ကာရ ဖြစ်သည်။

ဆရာတော် လောင်းလျာသည် အမရပူရမြို့ မဟာ ဂန္ဓာရုံ ဂဏဝါစကအဖွဲ့မှ ကျင်းပသော မူလတန်းစာမေး ပွဲ (ပထမဂုဏ်ထူး)၊ သာမဏေ သက္ခသီဟ ပထမ အဆင့် (တတိယဂုဏ်ထူး)၊ သာမဏေသက္ခသီဟ ဒုတိယ အဆင့် (ဒုတိယ ဂုဏ်ထူး)၊ အစိုးရ ပထမငယ်တန်း (တစ်နိုင်ငံလုံး၌ ပထမဂုဏ်ထူး၊ ပါဠိဂုဏ်ထူး)၊ အစိုးရ ပထမလတ်တန်း (ဒုတိယဂုဏ်ထူး၊ ပါဠိဂုဏ်ထူး)၊ အစိုးရ ပထမကြီး (ပါဠိဂုဏ်ထူး)၊ သာမဏေသက္ခသီဟ တတိယ အဆင့် (ပထမဂုဏ်ထူး)၊ ပရိယတ္တိသာသနာ လင်္ကာရ သာမဏေကျော်ဘွဲ့ အစိုးရ ဓမ္မာစရိယ စာမေးပွဲ (မြန်မာ ဂုဏ်ထူး)၊ သာသနဓဇ သီရိပဝရ ဓမ္မာစရိယဘွဲ့နှင့် အစိုးရ ဓမ္မာစရိယ စာမေးပွဲ (ပါဠိဂုဏ်ထူး)၊ အဘိဓမ္မာပါဠိပါရဂူ ဘဲတို ရရှိခဲ့သည်။

သက်တော် ၂၇ နှစ်တွင် သင်ရိုးပိဋကတ်သုံးပုံ အကုန် အစင် ပြီးဆုံးအောင်မြင်သဖြင့် တိပိဋကဓရ တိပိဋက ကောဝိဒ ဘွဲ့တံဆိပ် အောင်လက်မှတ်များ၊ မီးရထား သဘော်ဘ လေယာဉ်ပျံကို တပည့်နှစ်ဦးနှင့်အတူ စီးနင်း ခွင့် လက်မှတ်များ၊ ဆွမ်းဆန်တော်ထောက်ပံ့မှုများသာ မက ခမည်းတော် မယ်တော်များအတွက် လစဉ်ထောက် ပံ့မှုကိုပါ ရရှိခဲ့သည်။

ဆရာတော်သည် ယခုအခါ ကမ္ဘာအေး ရေကူး ဝါယာလက် ၂ လမ်း၌ ရဟန်းအစ်မကြီး ဒေါ်ရူပမာလာ လှူဒါန်းအပ်သော အေးငြိမ်းရိပ်သာ သီလရှင် စာသင် တိုက် နေရာဟောင်းကို ကျေးဇူးရှင် ဥပဇ္ဈာယ် ဆရာ တော် ဘုရားကြီး၏ ကျေးဇူးကို အာရုံပြု၍ မဟာဂန္ဓာရုံ တိုက် အမည်သစ်တင်ကာ စာသင်တိုက် ဖွင့်လှစ်တည် ထောင်၍ စာသင်သံဃာတော် ၂၂၀ ကျော်တို့အား ပိဋ ကတ် ကျမ်းစာအဖြာဖြာတို့ကို ပို့ချ သင်ကြားပေးတော် မူလျက်ရှိသည်။ ရေးသားပြုစုတော်မူခဲ့သော ကျမ်းစာ များမှာ သီလကွန် ဋီကာသစ် ကောက်နုတ် ရှင်းလင်း ချက် ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ ဝိနည်းဋီကာ ကောက်နုတ် ရှင်းလင်းချက်တို့ ဖြစ်သည်။

ဆရာတော်သည် ဂိုဏ်းပေါင်းစုံ သံဃာညီညွတ်ရေး အစည်းအဝေးကြီး၌ အကြံပေးအဖွဲဝင်၊ ရန်ကုန်မြို့နိုကာယ် သာသနာတော် ထွန်းကားရေးအသင်း၌ ဩဝါဒါစရိယ၊ ရန်ကုန်မြို့ မစိုးရိမ် အဘိဓမ္မာ အသင်း၌ ဩဝါဒါစရိယ၊ ရန်ကုန်မြို့ သာမဏေကျော်စာမေးပွဲ၌ နာယက၊ ရန်ကုန် မြို့ မိုးကောင်းဘုရား ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ ရန်ကုန်မြို့ တက္ကသိုလ်များ ဗုဒ္ဓဘာသာ အသင်းကြီး၏ ဩဝါဒါစရိယ၊ ရွှေကျင်ဂိုဏ်းကြီး ဂိုဏ်းလုံးဝန်ဆောင်၊ ရန်ကုန်တိုင်း ရွှေကျင်ဂိုဏ်း ဝိနည်းပြန်ဌာနအမှုဆောင်၊ ရန်ကုန်မြို့ သာသနဟိတကာရီ သီလရှင်အဖွဲ့ချုပ် ဩဝါဒါ စရိယ စသောအားဖြင့် သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးကို အားပေး ဆောင်ရွက်တော် မူလျက်ရှိသည်။

ဦးညောင်ဝင်း

အရှေ့ဥရောပမြို့ပြင်ပြောင်းလဲမှု အဓိကအဓိန

အရှေ့ ဥရောပဆိုသည်မှာ

ဥရောပတိုက်သည် ကမ္ဘာ့စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှု ပြုပြင်ပြောင်းလဲမှုများတွဲ့ဝင် အရေးပါသောအခန်းမှ ပါဝင်ခဲ့သည်။ အထူးသဖြင့် ၁၉ ရာစုမှ အစပြု၍ ထွန်းကားလာသော စက်မှုသိပ္ပံနှင့် နည်းပညာတို့ကြောင့် ယနေ့ဥရောပတိုက်သည် ကမ္ဘာ့စီးပွားရေးနှင့် နိုင်ငံရေးတွင် သြဇာကြီးလျက်ပင် ရှိသေးသည်။ ပထမကမ္ဘာ့စစ်နှင့် ဒုတိယကမ္ဘာ့စစ်ကြီးတို့ကို အကြောင်းပြု၍ ဥရောပတိုက်ရှိ နိုင်ငံတို့ကို အနောက်ဥရောပ၊ ဗဟို ဥရောပ၊ အရှေ့ဥရောပဟူ၍ ပိုင်းခြားကာ အုပ်စုဖွဲ့လာကြသည်။ ပထဝီဝင်အရ တစ်စုတည်းသော ဥရောပသားဖြစ်သော်လည်း နေထိုင်သောလူမျိုးများ၊ ကိုးကွယ်ယုံကြည်မှု ယဉ်ကျေးမှုနှင့် စီးပွားရေး နိုင်ငံရေးစနစ်များ ကွဲပြားမှုကို အကြောင်းပြု၍ လည်းကောင်း စစ်ရေးနှင့် နိုင်ငံတကာ ဆက်ဆံရေးအပြောင်းအလဲအရ လည်းကောင်း ယင်းသို့ အုပ်စုများ ဖွဲ့လာခြင်းဖြစ်သည်။

အနောက်ဥရောပအုပ်စုတွင် အင်္ဂလန်၊ ပြင်သစ်၊ ဟော်လန်၊ဗဲလ်ဂျီယမ်၊စပိန်၊ ပေါ်တူဂယ် စသောနိုင်ငံများပါဝင်ပြီး ဗဟိုဥရောပတွင်ဟစ်တလာလက်ထက် ဂျာမနီ၊မုိဆိုလိုနီလက်ထက် အီတလီ၊ ဩစတြီးယားနှင့် ပိုလန်တို့ ပါဝင်ခဲ့သည်။ အရှေ့ဥရောပဆိုသည်မှာ ဂျာမနီ၊ ပြင်သစ်၊ အီတလီနိုင်ငံတို့၏အရှေ့ဘက် ဘော်လ်ကန်ကျွန်းဆွယ်ပေါ်ရှိသောနိုင်ငံများကို ဆိုလိုသည်။ ယင်းနိုင်ငံများကား ဟန်ဂေရီ၊ ချက်ကိုစလိုဗက်ကီးယား၊ (ယခု ချက်နှင့်စလိုဗက်) ရူမေးနီးယား၊ ဗူလဂေးရီးယား၊ ယူဂိုစလေးဗီးယား၊ အယ်ဘေးနီးယားနှင့် ဂရိတို့ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ပြီး ကာလတွင် ပေါ်ပေါက်လာသော နိုင်ငံတကာ ဆက်ဆံရေးအခြေအနေအရ ဗဟိုဥရောပဟူသော အုပ်စုပျောက်ကွယ်သွားခဲ့ပြီး အနောက်ဥရောပအုပ်စုထိ နယ်ပယ်ကျယ်ပြန့်လာ၍ အရှေ့ဥရောပအုပ်စု၏ အတိုင်းအတာသည် ပြောင်းလဲသွားခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း၌မြစ်ဖျားခံခဲ့သော စစ်အေးတိုက်ပွဲသည် စစ်အပြီး ပြင်းထန် ကျယ်ပြန့်လာသည်နှင့် ဥရောပနိုင်ငံတို့သည် ကမ္ဘာ့နိုင်ငံရေးနှင့် စစ်ရေးအုပ်စုကြီး နှစ်ခုတွင် တစ်ဘက်ဘက်မှ ပါဝင်လာကြရလေသည်။ ဆိုဗီယက် ဦးဆောင်သော အရှေ့အုပ်စုထဲသို့ ကျရောက်သွားသော ဟန်ဂေရီ၊ ချက်ကိုစလိုဗက်ကီးယား၊ ရူမေးနီးယား၊ ဗူလဂေးရီးယား၊ ပိုလန်နှင့် ဂျာမန် ဒီမိုကရက်တစ် သမ္မတနိုင်ငံ (ဂျီဒီအာ)ဟု ခေါ်သော အရှေ့ဂျာမနီခြောက်နိုင်ငံတို့မှာ အရှေ့အုပ်စုဝင်၊ ဝါဆောစစ်စာချုပ်ဝင် အရှေ့ဥရောပနိုင်ငံများ ဖြစ်ကြသည်။ အယ်လ်ဘေးနီးယားနှင့် ယူဂိုစလေးဗီးယားတို့သည် ပထဝီဝင်အရ အရှေ့ဥရောပတွင်ရှိကြပြီး ကွန်မြူနစ်နိုင်ငံများဖြစ်သော်လည်း ဆိုဗီယက် ကွန်မြူနစ် အုပ်စုတွင်မပါဝင်ဘဲ သီးခြားရပ်တည်သော နိုင်ငံများ ဖြစ်သည်။ ဒုတိယ ကမ္ဘာစစ်ပြီးခေတ် အရှေ့ဥရောပ အုပ်စုဝင်များမဟုတ်ကြချေ။ အလားတူ ဂရိနိုင်ငံသည် ပထဝီဝင်အရ ဘော်လ်ကန်ကျွန်းဆွယ်တွင်ရှိသဖြင့် အရှေ့ဥရောပနိုင်ငံတစ်ခု ဖြစ်သော်လည်း အနောက်အုပ်စုဝင် ဖြစ်သောကြောင့် ဒုတိယ ကမ္ဘာစစ်ပြီးခေတ် အရှေ့ဥရောပ အုပ်စုဝင်မဟုတ်ချေ။

ဒုတိယ ကမ္ဘာစစ်အတွင်းက ဗဟိုဥရောပနိုင်ငံများ အုပ်စုဝင်ဖြစ်ခဲ့သော ပိုလန်သည် ယနေ့ ဆိုဗီယက် ဦးဆောင်သော အရှေ့အုပ်စုဝင် ဝါဆောစစ်စာချုပ်ဝင် နိုင်ငံဖြစ်သောကြောင့် ဒုတိယ ကမ္ဘာစစ်ပြီးခေတ် အရှေ့ဥရောပအုပ်စုဝင် ဖြစ်သည်။ အလားတူ၊ ဗဟိုဥရောပ နိုင်ငံဖြစ်ခဲ့သော ဂျာမနီသည် စစ်ပြီးကာလ၌ နှစ်ပိုင်းကွဲသွားပြီး ပြည်ထောင်စု သမ္မတ ဂျာမနီနိုင်ငံ (အက်ဖ်အာဂျီ)ခေါ် အနောက်ဂျာမနီသည် အနောက်ဥရောပ အုပ်စုဝင် ဖြစ်သွားသည်။ အရှေ့ဂျာမနီကား ရွှေပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း အရှေ့ဥရောပအုပ်စုဝင် ဖြစ်သွားသည်။ အနောက် ဥရောပ အုပ်စုသည် အီးစီခေါ် ဥရောပ အဖွဲ့ကြီးအဖြစ် ကျယ်ပြန့်စွာ ဖွဲ့စည်းလာရာ ဗြိတိန်၊ ပြင်သစ်၊ ဗဲလ်ဂျီယမ်၊ နယ်သာလန်၊ ဒိန်းမတ်၊ အိုင်ယာလန်၊ လူဇင်ဘတ်၊ အီတလီ၊ စပိန်၊ ပေါ်တူဂယ်၊ ဂရိနှင့် အနောက်ဂျာမနီဟူသော ၁၂ နိုင်ငံတို့ ပါဝင်ကြသည်။ ယနေ့ကမ္ဘာ့နိုင်ငံရေးတွင် ခေါ်ဝေါ်နေသော အရှေ့ဥရောပ ဆိုသည်မှာ အထက်ဖော်ပြပါ ဆိုဗီယက် အုပ်စုဝင် ဝါဆောစာချုပ်ဝင် ခြောက် နိုင်ငံဖြစ်ပြီး

ဒုနေ့ဂက်ဥရောပ အီးစီဥရောပ အဖွဲ့ကြီးဆိုသည်မှာ ၁၂ နိုင်ငံအဖွဲ့ကို ဆိုလိုပေသည်။

အခြေခံနှင့် လတ်တလော အကြောင်းတရားများ

ယနေ့ အရှေ့ဥရောပတွင် နိုင်ငံရေး၊ စီးပွားရေးများ လျင်မြန်စွာ ပြောင်းလဲနေသည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးကတည်းက ကွန်မြူနစ်ဝါဒကိုကျင့်သုံးပြီး ဆိုဗီယက်ရုရှား၏အုပ်စုတွင် ရပ်တည်လာခဲ့သော အရှေ့ဥရောပသည် အံ့မခန်းလောက်အောင် လှုပ်ရှားပြောင်းလဲလာသည်။ ဤသို့ ဖြစ်လာစေသော အခြေခံ အကြောင်းတရားများမှာ နှစ်ပေါင်း လေးဆယ်ကျော်ကြာ ကျင့်သုံးခဲ့သော ကွန်မြူနစ်စနစ်၏ ခွျိုယွင်းကျဆင်းမှုဖြစ်ပြီး လတ်တလော အကြောင်းတရားကား ဆိုဗီယက်ခေါင်းဆောင်ကြီး မိခါယီဂေါ်ဘာချော့၏ "ပီရက်စ်ထရိုက်ကား" ခေါ် စီးပွားရေးပြန်လည်တည်ဆောက်ရေးနှင့် "ဂလပ်စ်နော့" ခေါ် နိုင်ငံရေးပွင့်လင်းမှု ဟူသော မူဝါဒအသစ်များ ချမှတ်လာခြင်းတို့ ဖြစ်သည်။ ဤဝါဒနှစ်ရပ်ချမှတ်လာခြင်းမှာ စစ်အေးတိုက်ပွဲနိဂုံး၏ ရလဒ်များ ဖြစ်သည်။

စစ်အေးတိုက်ပွဲသည် အရင်းရှင်စနစ်နှင့် ကွန်မြူနစ်စနစ်တို့ ယှဉ်ပြိုင်မှုကြီးဖြစ်ပြီး စစ်နည်းမှအပ နည်းမျိုးစုံကျင့်သုံး၍ ကမ္ဘာကိုစိုးမိုးချယ်လှယ်ရန် ကြိုးပမ်းကြသည်။ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ဝါဒရေး၊ ယဉ်ကျေးမှုနယ်များတွင် မည်သည့်စနစ်က သာလွန်ကောင်းမွန်ကြောင်းကို ဝါဒဖြန့်ပြီး နိုင်ငံကြီးငယ်တို့အား မိမိတို့အုပ်စုဘက်ပါဝင်လာစေရန် စည်းရုံးလာခဲ့ကြသည်။ စစ်နည်းကိုမသုံးဟုဆိုစေကာမူ စစ်ဖြစ်လာခဲ့သော် အသင့်ရှိစေရန် လက်နက်ဆန်းများကို အပြိုင်ထုတ်လုပ်ခြင်း၊ စစ်မဟာမိတ်အုပ်စုဖွဲ့ခြင်း၊ အင်အားကြီးနိုင်ငံတို့က သြဇာခံနိုင်ငံတို့အား အချင်းချင်းရန်ဘက်ဖြစ်စေပြီး ဒေသဆိုင်ရာစစ်များဖြစ်စေခြင်း စသော စစ်လုပ်ငန်းများကိုကား လုပ်ခဲ့ကြသည်။ ထိုကြောင့် နှစ်ပေါင်းလေးဆယ်ကျော် ကာလအတွင်း၌ တတိယကမ္ဘာစစ်ကြီး ဖြစ်မလာသော်လည်း စစ်လုပ်ငန်းများ၏ စရိတ်ကြီးလေးမှုဒဏ်ကို အုပ်စုနှစ်စုစလုံးခံလာခဲ့ကြသည်။ ပြည်သူလူထုတို့၏ စားဝတ်နေရေး ပို၍ပို၍ ကျပ်တည်းလာရသည်။

ဆိုဗီယက်အုပ်စုဝင် သြဇာခံ အရှေ့ဥရောပ နိုင်ငံတို့သည် ဆိုဗီယက် စစ်အင်အား၏ အရိပ်အာဝါသအောက်တွင် လုံခြုံမှု ရနေသည်ဟု ဆိုရသော်လည်း မိမိတို့ နိုင်ငံတွင်း၌ စုံထောသော ဆိုဗီယက်တပ်များနှင့် တည်ဆောက်ထားသော စစ်စခန်းများဒဏ်ကို ကျခံရသောစရိတ်များ၊ မိမိတို့က ဆိုဗီယက်အပေါ် ပြန်လည် တုံ့ပြန် ပေးဆပ်ရသော သယံဇာတပစ္စည်းများ၊ စိုက်ပျိုးရေးနှင့် စက်မှုလက်မှုထုတ်ကုန်များ၊ ကုန်သွယ်ရေးနှင့် ငွေကြေးဆိုင်ရာဦးစားပေးရမှုများတို့ကြောင့် စီးပွားရေး နှောင့်နှေးကျဆင်းလာပြီး လူနေမှု အဆင့်အတန်းလည်း နိမ့်ကျလာသည်။ မကျေနပ်မှုမှ ပေါက်ကွဲလာသော ဆူပူအုံကြွမှုများကို ဆိုဗီယက်တပ်များက ဝင်ရောက်ကာ အကြမ်းဖက်နှိမ်နင်းခဲ့သည်မှာ ပိုလန်၊ ချက်ကိုစလိုဗက်ကီးယားနှင့် ဟန်ဂေရီတို့တွင် ထင်ရှားလှသည်။ ဆိုဗီယက် ယူနီယံအတွင်းမှာပင် အလားတူ မကျေနပ်၍ အုံကြွမှုများဖြစ်ခဲ့သည်။ ယူနီယံ အတွင်းရှိ ၁၅ ပြည်နယ်အနက် ဘော်လ်တိတ်အစုမှ လစ်သူအေးနီးယား၊ အက်စ်တိုးနီးယားနှင့် လတ်ဗီးယားသုံးပြည်နယ်၊ ကော်ကေးရှပ်စ်အစုမှ ဂျော်ဂျီယာ၊ အာမေးနီးယားနှင့် အဇာဘိုင်ဂျန် သုံးပြည်နယ်နှင့် မော်လ်ဒေးဗီးယားပြည်နယ်၊ ပေါင်းခုနစ်ပြည်နယ်တို့က ဆိုဗီယက်စီးပွားရေး စနစ်ကို ဆန့်ကျင်ကာ ကိုယ်ပိုင်အုပ်ချုပ်ရေး၊ ကိုယ့်ပြည်နယ် ကိုယ့်ကြွမာကိုယ် ဖန်တီးရေး၊ နိုင်ငံရေး စီးပွားရေး လွတ်လပ်မှုများကို ပြင်းထန်စွာ တောင်းဆိုလာသည်။

ဤသို့ ပြည်တွင်းပြည်ပ ဆူပူလှုပ်ရှားမှုများကြောင့် ဆိုဗီယက်ခေါင်းဆောင် ဂေါ်ဘာချော့သည် ပြုပြင်ပြောင်းလဲရေးများလုပ်ရန် စိုင်းပြင်းလာသည်။ ၁၉၈၈–၈၉ နှစ်များတွင် နိုင်ငံတကာဆက်ဆံရေး၌ မမျှော်လင့်သော ပြောင်းလဲမှုများဖြစ်ပေါ်လာခဲ့သည်။ စစ်အေးကို ရပ်ဆိုင်းလိုက်ပြီး ပူးပေါင်းဆောင်ရွက်သော နည်းဘက်သို့ ဦးလှည့်လာကြသည်။ နိုင်ငံတကာလုံခြုံရေးကို စစ်နည်းလက်နက်ပြိုင်သောနည်းနှင့် မဟုတ်၊ စီးပွားရေးပြုပြင်သောနည်း၊ ပူးပေါင်းဆောင်ရွက်သောနည်းနှင့် ရနိုင်မည်ဟု အရှေ့အနောက် အုပ်စုနှစ်စုစလုံးက သိမြင်လာကြ၍ စေ့စပ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လာကြသည်။ စစ်အင်အား လျှော့ချရေး၊ လက်နက်ဖျက်သိမ်းရေး၊ တိုင်းတပါးတွင်စွဲထားသော တပ်များဆုတ်ခွာပေးရေး၊ နိုင်ငံတကာ ပြဿနာတို့ကို ပူးပေါင်းဖြေရှင်းရေးတို့ကို အမေရိကန်ခေါင်းဆောင်သစ် ဂျော့ဘုရှ်နှင့် ဆိုဗီယက်ခေါင်းဆောင်သစ် မိခါယီးဂေါ်ဘာချော့တို့ စိုင်းပြင်းလာကြလေသည်။ မောလ်တာကျွန်းပေါ်တွင် ကျင်းပသော သူတို့နှစ်ဦး တွေ့ဆုံဆွေးနွေးသော ထိပ်သီးညီလာခံကြီးမှာ ထင်ရှားသော သာဓကတစ်ရပ်ဖြစ်သည်။

စီးပွားရေးကျဆင်းခြင်းနှင့် ပြည်သူတို့၏ မကျေနပ်မှုများမှာ အုပ်ချုပ်သောနိုင်ငံရေးပါတီတို့၏ စီမံခန့်ခွဲမှုလွဲမှားခြင်းကြောင့် ဖြစ်ကြောင်း၊ ပီရက်စ်ထရိုက်ကားခေါ် စီးပွားရေး ပြန်လည်တည်ဆောက်ရေးနှင့် ဂလပ်စ်နော့ခေါ် နိုင်ငံရေးပွင့်လင်းမှုဝါဒ လမ်းစဉ်တို့သည် ဆိုဗီယက်ယူနီယံ အတွင်း၌သာမက အရှေ့ဥရောပ နိုင်ငံများတွင်

လည်း ကျင့်သုံးသင့်သည်။ နိုင်ငံတိုင်းသည် မိမိကံကြမ္မာကိုမိမိဖန်တီးခွင့်ရှိသည်ဟု ဂေါ်ဘာချော့က ရဲဝံ့စွာထုတ်ဖော်ပြောဆိုခဲ့သည်။ ထို့ကြောင့် အရှေ့ဥရောပနိုင်ငံများတွင် စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးပြုပြင်ပြောင်းလဲရေးအတွက် အုံကြွလှုပ်ရှားမှုများ အဆက်မပြတ်ပေါ်လာသည်။ ဆိုဗီယက်အစိုးရသည် ယခင်ကကဲ့သို့ ဆိုဗီယက်တပ်များကို စေလွှတ်ပြီး အုံကြွလှုပ်ရှားမှုများကို မနှိမ်နင်းတော့ဘဲ လွှတ်ပေးထားခဲ့သည်။ ထို့ကြောင့် အရှေ့ဥရောပနိုင်ငံများ၌ ဆိုဗီယက်တို့ ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း ကင်းစွာဖြင့် ခေါင်းဆောင်ပိုင်းရော၊ လူထုပိုင်းကပါ အားသွန်ခွန်စိုက် ပြုပြင်ပြောင်းလဲရေးများလုပ်ခန် ဆောင်ရွက်လာကြသည်။

ဆိုဗီယက်ရှုရှားနှင့် အရှေ့ဥရောပတို့၌ စီးပွားရေးနိုင်ငံရေး ပြုပြင်ပြောင်းလဲရေးအတွက် လှုပ်ရှားလာစေသော အခြားအကြောင်းတရားတစ်ရပ်မှာ အနောက်ဥရောပတွင် ဖြစ်ပေါ်တိုးတက်လာသော စီးပွားရေး ပေါင်းစည်းရေး လှုပ်ရှားမှုဖြစ်သည်။ အီးစီခေါ် ဥရောပအဖွဲ့ဝင် ၁၂ နိုင်ငံတို့သည် ၁၉၉၂ ခုနှစ်နောက်ပိုင်း၌ တစ်ခုတည်းသော ဥရောပ စီးပွားရေး ဈေးကွက်ကြီး တည်ထောင်နိုင်ရေးအတွက် ကြိုးပမ်းလာကြရာ အတော်ခရီးရောက်လာလေပြီ။ တစ်နည်းပြောရလျှင် နိုင်ငံရေးအရမပေါင်းစည်းနိုင်သေးဘဲ ၁၂ နိုင်ငံအဖြစ် ရပ်တည်နေကြဦးမည်ဖြစ်သော်လည်းရောင်းဝယ်ဖောက်ကားမှု၊ စက်မှုလက်မှု၊ ကုန်ထုတ်လုပ်မှုနှင့် နည်းပညာတို့တွင် ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ပြီး၊ ဥရောပ ဘုံဈေးကြီးအဖြစ်မှ တစ်ခုတည်းသော ဥရောပဈေးကွက်ကြီးအဖြစ် ရောက်သည်အထိ စီးပွားရေး ပေါင်းစည်းသွားကြမည်။ ထိုအခါ ဆိုဗီယက်ရှုရှားနှင့် အရှေ့ဥရောပ နိုင်ငံတို့၏ စီးပွားရေးကိုမျှားစွာ ထိခိုက်လာဖွယ်ရှိသည်။ လက်ရှိအခြေအနေမှာပင် စီးပွားရေးကျဆင်းပြီး စက်မှုလက်မှုနှင့် နည်းပညာအရာတို့၌ ခေတ်နောက်ကျနေခဲ့ပြီဖြစ်ရာ နောင်တွင်ပို၍ပင် ခေတ်နောက်ကျ ကျန်ရစ်ပေမည်။ အနောက်ဥရောပ၏ ခေတ်မီနည်းပညာများကို ရယူလိုကြသည်။ စီးပွားရေးဈေးကွက်ကြီးတွင် ပါဝင်လိုကြသည်။ ဤသို့ပါဝင်နိုင်ရန် ဦးစီးချုပ်ကိုင်မှုများလှသော သူတို့၏ နိုင်ငံရေးစနစ် အုပ်ချုပ်ရေးစနစ်တို့ကို ဖယ်ရှားဖျက်သိမ်းပြီး အသစ်တည်ထောင် ဖွဲ့စည်းရမည်ဖြစ်သည်။ ထို့ကြောင့် ယနေ့ဥရောပတိုက်ကိုကြည့်ပါက လှုပ်ရှားမှုကြီးနှစ်ရပ်ကို တွေ့ရသည်။ အနောက်ဥရောပ စီးပွားရေးပူးပေါင်းလှုပ်ရှားခြင်းနှင့် အရှေ့ဥရောပ နိုင်ငံရေး ပြုပျက်ရေးလှုပ်ရှားခြင်းတို့ဖြစ်ရာ ယင်းနှစ်ရပ်တို့ တိုက်ဆိုင်နေကြသည်။

အရှေ့ဥရောပနိုင်ငံတို့၏ တူညီမှုနှင့် ခြားနားမှုများ

ပထဝီဝင်အနေအထား၊ သမိုင်းနောက်ခံ၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးလောကဓံအရ အရှေ့ဥရောပနိုင်ငံတို့သည် တူညီမှုများရှိသကဲ့သို့ ကွဲပြားခြားနားမှုများလည်း ရှိကြပေသေးသည်။ နိုင်ငံအလိုက် လေ့လာကြည့်ပါက ဤအချက်ပို၍ ပေါ်လွင်လာပါသည်။

ပိုလန်နိုင်ငံ – ရှေးဦးစွာ ဆိုဗီယက်ရုရှားနှင့် အနီးကပ်ဆုံးတည်ရှိသော ပိုလန်ကို လေ့လာလျှင် မြောက်ဘက်တွင် ဘောလတစ်ပင်လယ်၊ အရှေ့ဘက်တွင် ဆိုဗီယက်ရုရှား၊ တောင်ဘက်တွင် ချက်ကိုစလိုဗက်ကီးယား၊ အနောက်ဘက်တွင် အရှေ့ဂျာမနီတို့ ဝိုင်းနေသော ပိုလန်ပြည်သူသမ္မတနိုင်ငံဖြစ်သည်။ စတုရန်းမိုင် ၁၂၀,၃၅၉ ကျယ်ဝန်းပြီး မြေပြန့်များသော နိုင်ငံဖြစ်ရာ တိုင်းရင်းသားပိုလန်လူမျိုးဖြစ်သော "ပိုး" လူမျိုး၏ အဓိပ္ပာယ်သည်ပင် ကွင်းပြင်နေသူများဟု ဆိုလိုသည်။ သမသော ရာသီဥတုရှိပြီး လွှင်ပြင်များစွာရှိသည်။ တောင်ပိုင်း၌ ကုန်းမြင့်နှင့် တောင်များရှိသည်။ စိုက်ပျိုးရေးသည် အဓိကလုပ်ငန်းဖြစ်ရာ ဂျုံ၊ အာလူး၊ မုယော၊ မုန်လာ၊ လျှော်ပင်များကို စိုက်သည်။ ဝက်၊ နွား အဓိက မွေးမြူသည်။ ထင်းရှူး၊ သစ်၊ ကျောက်မီးသွေး၊ ဆား၊ သံ၊ သွပ်၊ ခဲပုပ် စသော သယံဇာတများထွက်သည်။ စက်မှုလက်မှု လုပ်ငန်းတို့ကိုပြည်သူပိုင်ပြုလုပ်၍ တိုးခဲ့ခဲ့ရာ သံမဏိစက်ရုံများနှင့် လယ်ယာသုံး စက်ကိရိယာလုပ် စက်ရုံများ၊ ခေတ္တဗေဒနှင့် ဘယဆေးချက် စက်ရုံများ ထွန်းကား လာသည်။

ပိုလန်နိုင်ငံ ဆော်လစ်ဒါရစ်တီ ပါတီခေါင်းဆောင် လက်ဗာလက်ဇာ (ယာ) နှင့် ဝန်ကြီးချုပ် မာဇိုးဗီ ယက်စကီး



ပိုလန်သည် နိုင်ငံရေး လောကဓံကို အကြိမ်ကြိမ်ခံခဲ့ရသည်။ ၉ ရာစုလောက်က စုစည်းလာပြီး ၁၁ ရာစုတွင် လွတ်လပ်သော နိုင်ငံဖြစ်လာသော်လည်း ၁၂၄၁ ခုနှစ်တွင် တာတာများ ဝင်ရောက်သိမ်းပိုက်ခြင်း၊ သည့်နောက် ပရပ်ရှား နယ်ခဲ့ခြင်းကို ခံရသည်။ ၁၂၆၉ ခုနှစ်တွင် ပိုလန်နှင့် လစ်သူအေးနီးယား နှစ်ပြည်ထောင် ပေါင်းကြသောအခါ ဘောလတစ်ပင်လယ်မှ ပင်လယ်နက်အထိ နယ်ကျယ်လာသည်။ ၁၆ နှင့် ၁၇ ရာစုများအတွင်းက ပိုလန်၏ ထီးနန်းရေးနှင့် ပြည်တွင်းရေးများတွင် ဝင်ရောက်စွက်ဖက်ကြသော တူရကီ၊ ဆွီဒင်၊ ရုရှားတို့နှင့် စစ်ဖြစ်ခဲ့ရသည်။ ၁၇၇၂ ခုနှစ်တွင် အိမ်နီးချင်းနိုင်ငံများဖြစ်သော ဩစတြီးယား၊ ပရပ်ရှားနှင့်ရုရှားတို့က ပိုလန်နယ်မြေကို အနိုင်ကျင့်ကာ ခွဲဝေယူကြသဖြင့် နယ်မြေသုံးပုံတစ်ပုံဆုံးပါးသွားသည်။ ၁၇၉၃ ခုနှစ်တွင်ပရပ်ရှားက ဒန်ဇစ်ကိုလည်းကောင်း၊ ရုရှားက လစ်သူအေးနီးယားနှင့် ယူကရိန်း နယ်အချို့ကိုလည်းကောင်း ခြိမ်းခြောက်ယူကြပြန်သည်။ ၁၇၉၄ ခုနှစ်တွင် ပရပ်ရှားက ပိုလန် အလယ်ပိုင်း၊ ဩစတြီးယားက တောင်ပိုင်းနှင့် ရုရှားက ကျန်ယူကရိန်း နယ်အားလုံးကို ခွဲဝေယူလိုက်ရာ ပိုလန်ဟူသောနိုင်ငံ လုံးဝပျောက်ကွယ်သွားလေသည်။

ပထမကမ္ဘာ့စစ်အတွင်းက ပိုလန် လွတ်မြောက်ရေး ကြိုးပမ်းမှုများ လုပ်လာကြပြီး လွတ်လပ်ရေးကြေညာလိုက်သည်။ စစ်ပြီးသောအခါ စစ်ပြေငြိမ်းရေးအခြေခံမူများအရ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ကို အရေးဆိုပြီး လွတ်လပ်ရေး အသိအမှတ်ပြုရန် တောင်းဆိုခဲ့ရာ ဗာဆေးစာချုပ်ကြီးက ပိုလန်ကို လွတ်လပ်သော နိုင်ငံအဖြစ် အသိအမှတ် ပြုလိုက်သည်။ ကမ္ဘာ့စစ်ကြီး နှစ်ရပ်ကြာကာလက ဥရောပ အင်အားကြီးနိုင်ငံတို့ ချုပ်ဆိုကြသော ဗာဟမိတ် စာချုပ်တို့က ပိုလန်၏ လုံခြုံရေးနှင့် နယ်မြေများ ကျူးကျော်မှု အန္တရာယ်မှ ကာကွယ်ရေးအတွက် အာမခံချက်များ ပြုလုပ်ပေးခဲ့သော်လည်း ဂျာမနီတွင် ဟစ်တလာ အာဏာရသည့် အချိန်မှစ၍ ယင်းအာမခံချက်များ အဓိပ္ပာယ် ကင်းမဲ့လာခဲ့သည်။ နောက်ဆုံး၌ ၁၉၃၉ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ဟစ်တလာက ပိုလန်သို့ နာဇီတပ်များ စေလွှတ်တိုက်ခိုက်ရာတွင် ဒုတိယကမ္ဘာ့စစ်ကြီး ဖြစ်လာရလေသည်။ စစ်အတွင်းက နာဇီဂျာမန်ကို ခုခံတိုက်ခိုက်ခဲ့ရာ ၁၉၄၅ ခုနှစ်တွင် ဆိုဗီယက် ရုရှားက ပိုလန်ကိုကူညီပြီး နာဇီဂျာမန်တို့ကို တိုက်ခိုက်မောင်းထုတ်ပေးခဲ့သည်။ ဤတွင် ဆိုဗီယက်ရုရှားသည် ပိုလန်၏ ကယ်တင်ရှင်ဖြစ်လာခဲ့ပြီး စစ်အပြီး ပိုလန်နိုင်ငံသည် ဆိုဗီယက် သြဇာခံအဖြစ် ရောက်ခဲ့သည်။

စစ်ပြီးခေတ် စစ်အေးတိုက်ပွဲတွင် အရှေ့အုပ်စုဝင် ဖြစ်ခဲ့သော ပိုလန်သည် ကွန်မြူနစ် ဝါဒလမ်းစဉ်ကို ကျင့်သုံးကာ ဆိုဗီယက် ဦးဆောင်ဖွဲ့စည်းထားသော ဝါဆော စစ်အုပ်စုဝင် ဖြစ်လာခဲ့သည်။ စီးပွားရေး ကျပ်တည်းလာခြင်း၊ နိုင်ငံရေး ဖိနှိပ်ချုပ်ချယ်မှုများခြင်း၊ စစ်ကာကွယ်ရေး စရိတ်ကြီးလေးမှု ဒဏ်ပိခြင်းတို့ကို မခံမရပ်နိုင်ဖြစ်ကာ ဆူပူအုံကြွမှုများ မကြာခဏ ဖြစ်ခဲ့သော်လည်း ဆိုဗီယက်တပ်များ၏ နှိမ်နင်းမှုကို ခံခဲ့ရသည်။ ၁၉၅၆ ခုနှစ်၊ ဇွန်လ ၂၈ နေ့ ဖြစ်ပွားသော ပိုဇ်နန် တော်လှန်ရေးမှာ ထင်းရှားသော သာဓက တစ်ခုဖြစ်သည်။ ၁၉၈၀–၈၉ ခုနှစ်များအတွင်း စီးပွားရေး၊ နိုင်ငံရေးပြုပြင်ပြောင်းလဲရေး လှုပ်ရှားမှုများဖြစ်လာရာ နှစ်ပေါင်းလေးဆယ်ကျော်ကြာ ကြိုးစိုးခဲ့သော ကွန်မြူနစ်များအာဏာ ကျဆင်းလာသည်။ လွတ်လပ်သော အလုပ်သမား သမဂ္ဂများ တည်ထောင်လာကြပြီး ကွန်မြူနစ်မဟုတ်သော ခေါင်းဆောင်များက ဦးဆောင်ကြသည်။ အထွေထွေရွေးကောက်ပွဲ၌ ကွန်မြူနစ်များ အရေးနိမ့်ပြီး ဆော်လစ်ဒါရစ်တီပါတီက အပြတ်အနိုင်ရကာ ကွန်မြူနစ်မဟုတ်သော တာဒယူ မာဇိုးဗီယက်စကီးကို ဝန်ကြီးချုပ်အဖြစ်ရွေးကြသည်။ လွတ်လပ်သော စီးပွားရေးနှင့် ပါတီစုံဒီမိုကရေစီကို လိုလားသော်လည်း ပိုလန်နယ်မြေများ လုံခြုံရေးအတွက် ပူပန်သောက ဖြစ်နေသည်။ ဂျာမနီနှစ်နိုင်ငံ ပေါင်းသွားပါက ပိုလန်အတွက် လုံခြုံရေး အစီအစဉ်များနှင့် အာမခံချက်များ မရမချင်း ဆိုဗီယက် တပ်များကို ပိုလန်တွင် ထားလိုသည်။

ချက်ကိုစလို ဗက်ကီးယား (ချက်နှင့်စလိုဗက်နိုင်ငံ) – ဤနိုင်ငံသည်လည်း ဆိုဗီယက် ရုရှားနှင့် နယ်ချင်းစပ်နေသော နိုင်ငံဖြစ်သည်။ ပင်လယ်ပြင်ဘက် ထွက်ပေါက်မရှိသော ကုန်းတွင်း နိုင်ငံဖြစ်သည်။ မြောက်ဘက်တွင် အရှေ့ဂျာမနီနှင့် ပိုလန်၊ တောင်ဘက်တွင် ဩစတြီးယား၊ ဟန်ဂေရီနှင့် ရူမေးနီးယား၊ အရှေ့ဘက်တွင် ဆိုဗီယက်ရုရှားနှင့် အနောက်ဘက်တွင် အနောက်ဂျာမနီတို့ ဝိုင်းနေသည်။ ပထမကမ္ဘာ့စစ်ကြီးအပြီး ဩစတြီးယား–ဟန်ဂေရီအင်ပါယာကြီးကို ဖျက်သိမ်းရာမှ ထွက်လာသော နယ်ပယ်များဖြစ်သော ဘိုဟီးမီးယား၊ မော်ရေးဗီးယား ဆလို ဗက်ကီးယားတို့ကို ပေါင်းစုပြီး တည်ထောင်လိုက်သော နိုင်ငံဖြစ်သည်။ တောင်တန်း၊ တောင်ကုန်းများ၊ သာယာသော ရှုခင်းများ ပေါများပြီး မြေသြဇာကောင်းသည်။ ဂျုံ၊ မုန်လာ၊ အာလူး၊ ဆေး၊ စပျစ်၊ သစ်သီးများ စိုက်သည်။ သစ်တောများ၊ သံ၊ ဘော်၊ ကြေးနီ၊ ခဲ၊ ကျောက်မီးသွေးနှင့် ရတနာ ကျောက်စသော သယံဇာတများ ရှိသည်။ သံ၊ သံမဏိစက်ရုံ၊

သတ္တုကြိုစက်ရုံ၊ သကြားဘီယာ၊ သစ်သီးဘူး၊ အမဲသားဘူးစက်ရုံ၊ လူသုံးကုန် ပစ္စည်းများ ထုတ်လုပ်သောစက်ရုံ၊ စက္ကူ၊ မှန်၊ ဖန်ထည် ကြွေထည် လုပ်သောစက်ရုံနှင့် လယ်ယာသုံး ကိရိယာများ လုပ်သော စက်ရုံများ တည်ထောင်ထားသည်။

ဆလပ်မျိုးနွယ်မှ ဆင်းသက်လာသော ချက်နှင့်စလို ဗက်လူမျိုးတို့သည် အများစုဖြစ်ပြီး မက်ဂရာ၊ ဂျာမန်စသော လူမျိုးစုငယ်များလည်းနေထိုင်ကြသည်။ ဩစတြီးယားနှင့်တူရကီတို့ ကြီးစိုးမှုခံခဲ့ရသော ချက်နှင့် စလိုဗက်လူမျိုးတို့သည် ပထမကမ္ဘာ့စစ်ကြီးအပြီး ဗာဆေးစာချုပ်ကြီးအရ လွတ်လပ်သောနိုင်ငံ တည်ထောင်လာခဲ့သည်။ လွတ်လပ်ရေး မဆုံးရှုံးရန်နှင့် နယ်မြေများ မပြိုကွဲရန် အတွက် အင်းအားကြီးနိုင်ငံတို့နှင့် မဟာမိတ်စာချုပ်များ ချုပ်၍ လုံခြုံရေးရှာကြံနေခဲ့ရာ ဂျာမနီတွင် ဟစ်တလာ အာဏာရလာပြီး နာဇီဝါဒ ထွန်းကားလာသောအခါ လုံခြုံရေး ထိပါးခြင်းခံရလေသည်။ ၁၉၃၈ ခုနှစ်တွင် ဟစ်တလာက ချက်နိုင်ငံတွင်းရှိ ဂျာမန်လူနည်းစုတို့နေထိုင်ရာ ဒေသများဖြစ်သော ဆူဒေတန်နယ်များကို ပေးအပ်ရန် အကျပ်ကိုင် တောင်းဆိုလာသည်။ အင်္ဂလန်နှင့် ပြင်သစ်တို့က ဟစ်တလာကို နှစ်သိမ့်စေရန် ချက်နိုင်ငံ အားလိုက်လျောခိုင်းကြသည်။ ထို့ကြောင့် မြူနစ်စာချုပ် ချုပ်ပြီး တောင်းသောနယ်များ ပေးအပ်လိုက်ရသည်။ ယင်းကို အခွင့်ကောင်းယူပြီး ပိုလန်နှင့် ဟန်ဂေရီတို့ကလည်း နယ်မြေများ တောင်းယူကြပြန်ရာ ချက်နိုင်ငံက အလျော့ပေးရပြန်သည်။ ၁၉၄၉ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် ဂျာမန်တပ်များ ဝင်ရောက်သိမ်းပိုက်ပြီး ရုပ်သေးအစိုးရဖွဲ့ပေးသည်။ ၁၉၄၀ ပြည့်နှစ်တွင် လန်ဒန်၌ ယာယီချက် အစိုးရဖွဲ့ပြီး အနောက်မဟာမိတ်နိုင်ငံများနှင့် ဆိုဗီယက်ရုရှားတို့က အသိအမှတ်ပြုသည်။ နာဇီဆန့်ကျင်ရေးတွင် ဆိုဗီယက်နှင့်ပေါင်း၍ နာဇီဂျာမနီကို တိုက်ခိုက်မောင်းထုတ်ခဲ့သည်။ ၁၉၄၅ ခုနှစ် စစ်ပြီးသောအခါ စစ်အတွင်းက ပိုလန်၊ ဂျာမနီ၊ ရူမေးနီးယားနှင့် ဟန်ဂေရီတို့ ယူထားသောနယ်မြေများ ပြန်ရခဲ့သည်။

၁၉၄၆ ခုနှစ် မေလ ၂၆ ရက်နေ့ ရွေးကောက်ပွဲကြီးတွင် ကွန်မြူနစ်တို့ အမတ်နေရာ အများဆုံး အနိုင်ရကြသည်။ ဆိုဗီယက် ဖွဲ့ထားသော ကူမင်ဖောင်ခေါ် ကွန်မြူနစ် အဖွဲ့ချုပ်ကြီးတွင် ချက်ကွန်မြူနစ်ပါတီ ပါဝင်ခဲ့သည်။ ဆိုဗီယက်ဩဇာခံဖြစ်လာပြီး ငါးနှစ်စီမံကိန်းများနှင့် စီးပွားရေးလုပ်ငန်းများ လုပ်လာသည်။ ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလတွင် ကွန်မြူနစ်တို့က အာဏာသိမ်းယူပြီး ကွန်မြူနစ်နိုင်ငံ တည်ထောင်လိုက်သည်။ ထိုအချိန်မှစပြီး အရှေ့အုပ်စုဝင် ဝါဆောစာချုပ်ဝင်နိုင်ငံ ဖြစ်လာခဲ့သည်။

ဆိုဗီယက် ဩဇာအောက်မှ လွတ်မြောက်ရန် ကြိုးပမ်းသည့်အခါတိုင်း ဆိုဗီယက်တပ်များ၏ နှိမ်နင်းမှု ခံခဲ့ရသည်။ ၁၉၆၈ ခုနှစ်က ပုန်ကန်မှုကြီးကို ဆိုဗီယက်တပ်များ ဝင်ရောက်နှိမ်နင်းခြင်းသည် ထင်ရှားသော သာဓကကြီးဖြစ်သည်။ ယခု ဂေါ်ဘာချော့ဗ်က ယင်း ဝင်ရောက်နှိမ်နင်းမှုသည် မဟာ အမှားကြီးဖြစ်ကြောင်း ဖွင့်ဟဝန်ခံနေသည်။ ၁၉၈၈–၈၉ မှစပြီး ကွန်မြူနစ်တို့ အာဏာကျဆင်းလာပြီး ပါတီစုံဒီမိုကရေစီကို တောင်းဆိုလာသည်။ ကွန်မြူနစ်ဆန့်ကျင်ခဲ့ဘော ပြဇာတ်စာရေး ဆရာကြီးဘက်ကလပ် ဟာဘယ်လ်ဦးဆောင်သော ဒီမိုကရေစီလှုပ်ရှားမှုက အရေးသာလာပြီး ၁၉၉၀ ပြည့်နှစ် ဇွန်လရွေးကောက်ပွဲတွင် အပြတ်အသတ် အနိုင်ရခဲ့သဖြင့် ဟာဘယ်လ်သည် ချက်နိုင်ငံ၏ နိုင်ငံရေးခေါင်းဆောင် ဖြစ်လာသည်။ နိုင်ငံ၏အမည်ကို ချက်နှင့်စလိုဗက်နိုင်ငံ ဟု ပြောင်းလဲလိုက်သည်။

ဟန်ဂေရီ – ဆိုဗီယက်ရုရှားနှင့် နယ်စပ်သောနိုင်ငံ ဖြစ်သည်။ ဘော့လ်ကန်ကျွန်းဆွယ် မြောက်ဘက်၊ ကုန်းတွင်းကျကျတွင် တည်ရှိသည်။ အရှေ့ဘက်တွင်ရူမေနီးယား၊ အနောက်ဘက်တွင် ဩစတြီးယား၊ တောင်ဘက်တွင် ယူဂိုစလားဗီးယားနှင့် မြောက်ဘက်တွင် ချက်ကိုစလိုဗားကီးယားနိုင်ငံတို့ရှိသည်။ ပထမကမ္ဘာစစ်ကြီးအပြီး ဩစတြီးယား–ဟန်ဂေရီ အင်ပါယာကြီးကို ဖြိုဖျက်ရာမှ ဟန်ဂေရီကို သီးခြားခဲ့ထုတ်ကာ နိုင်ငံတည်ထောင် ပေးလိုက်ခြင်းဖြစ်သည်။ တောင်ကုန်း၊ တောင်တန်း၊ လွင်ပြင်ကြီးများ၊ သာယာသော ရေအိုင်ကြီးများ၊ သစ်တောများ ရှိပြီး၊ ဒင်ညူမြစ်ကြီးဖြတ်စီးနေသည်။ ဂျုံ၊ ပြောင်း၊ ဘာလီ၊ အာလူး၊ သကြားမုန်လာ၊ စပျစ်၊ ပန်းသီး၊ သစ်တော်သီးနှင့် ဆီးသီး၊ ဖရုံများကို စိုက်ပြီး မြင်း၊ နွား၊ သိုး၊ ဝက် မွေးမြူသည်။ ကွန်မြူနစ်စနစ် ကျင့်သုံးလာကတည်းက စုပေါင်းလယ်ယာ စိုက်ပျိုးရေးလုပ်လာသည်။

အများစုမှာ ဟန်ဂေရီးယန်းလူမျိုးများဖြစ်ပြီး မွန်ဂို တို့နှင့်သွေးစပ်ခဲ့ဟန်တူသည်။ ဟန်းလူမျိုးတို့ အာရှတိုက်မှ ဝင်ရောက်လာပြီး အခြေချ နေထိုင်လာခဲ့သည်။ ဂျာမန်၊ စလိုဗက်၊ ရူမေနီးယန်း၊ ဆဗ်၊ခရိုရှန်း စသောလူနည်းများလည်းနေကြသည်။ ဟန်ဂေရီ၏သမိုင်းတွင် ထွန်းပြောင်ခဲ့သော ခေတ်များရှိသလို အမှောင်ဖုံးခဲ့သော ခေတ်များနှင့်လည်းကြုံခဲ့ရသည်။ ရောမ၊ ဂျာမန်တို့ စိုးမိုးမှု၊ ဟန်းတို့ ဝင်ရောက်လာမှု၊ အဗားမက်ဂရာတို့ ဝင်ရောက်လာမှု၊ ရှာလ်မိန်းကရောင် အုပ်ချုပ်မှုများကို ခံခဲ့ရသည်။ ၉၇၂ ခုနှစ်မှ ၁၆၂၁ ခုနှစ်အထိ ကိုယ့်ထီးကိုယ့်နန်းနှင့် ရပ်တည်လာခဲ့ရာ တူရကီလက်အောက်သို့ နှစ်ပေါင်း ၁၅၀ ကြာ

ကျရောက်ခဲ့ရပြန်သည်။ ၁၆၉၉ ခုနှစ်တွင် တူရကီကို တော်လှန် လိုက်နိုင်သော်လည်း သြစတြီးယားအောက် ကျရောက်သွားသည်။ ၁၇၄၀ ပြည့်နှစ် သြစတြီးယား နန်းလုစစ်ပွဲ၊ ၁၇၁၉ ခုနှစ်နှင့် ၁၀၄၀ ခုနှစ် ပြင်သစ်အရေး တော်ပုံများ ဖြစ်ပွားရာ အခွင့်ကောင်းယူပြီး လွတ်လပ် ရေးရရန် ကြိုးပမ်းသော်လည်း မအောင်မြင်ခဲ့ပေ။ ၁၀၆၆ ခုနှစ်မှ စ၍ သြစတြီးယားက ဟန်ဂေရီကို တန်းတူအခွင့် အရေးပေးပြီး သြစတြီးယား–ဟန်ဂေရီ အင်ပါယာကြီး တည်ထောင်သည်။ ပထမကမ္ဘာစစ်ကြီး ပြီးသောအခါ ဟန်ဂေရီ သီးခြားနိုင်ငံ ဖြစ်လာသည်။ သမ္မတ စနစ် တည်ထောင်ရာတွင် ဆိုရှယ်လစ်နှင့် ကွန်မြူနစ်တို့ အာဏာ လုကြရာ နိုင်ငံရေးမတည်ငြိမ်ခဲ့ချေ။ ဒုတိယကမ္ဘာစစ် တွင် ဝန်ရိုးတန်းအုပ်စုဘက်က ပါဝင်ခဲ့သည်။ သို့သော် ဟန်ဂေရီ အများစုက ဖက်ဆစ်ကို ဆန့်ကျင်ကြပြီး ၁၉၄၄ ခုနှစ်တွင် ဆိုဗီယက်တပ်များ ဝင်ရောက်လာပြီး ဖက်ဆစ်တို့ကို တိုက်ခိုက် မောင်းထုတ် လိုက်သည်။ ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် နေ့တွင် ဟန်ဂေရီ သမ္မတနိုင်ငံ တည်ထောင်လိုက်ပြီး ၁၉၄၈ ခုနှစ် အထိ ညှိနှိုင်းအစိုးရသာ ဖွဲ့နိုင်ခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် ဆိုဗီယက်သြဇာခံ ကွန်မြူနစ်တို့ ကြီးစိုးလာပြီး ဆိုဗီယက် ပုံစံ အခြေခံဥပဒေရေးဆွဲကာ ကွန်မြူနစ်နိုင်ငံ တည်ထောင် သည်။ စုပေါင်း လယ်ယာနှင့် ပြည်သူပိုင် စက်မှု လုပ်ငန်းများ လုပ်သည်။ ကွန်မြူနစ်အစိုးရကို မကျေနပ် သော ဟန်ဂေရီလူထုက ၁၉၅၆ ခုနှစ် အောက်တိုဘာ လတွင် ပုန်ကန်ထကြွရာ ဆိုဗီယက်တပ်များ ဝင်ရောက် နှိမ်နင်းပစ်သည်။ ဆိုဗီယက်သြဇာခံ ဝါဆောစစ်အုပ်စုဝင် အဖြစ် နှစ်ပေါင်းလေးဆယ်ကျော် ရပ်တည်လာခဲ့ရာ ၁၉၈၉ ခုနှစ်တွင် ဂေါ်ဘာချော့၏ စီးပွားရေး ပြန်လည် တည်ဆောက်မှုနှင့် နိုင်ငံရေးပွင့်လင်းမှုဝါဒကြောင့် နိုင်ငံ ရေးလှုပ်ရှားလာပြီး ပြူပြင်ပြောင်းလဲရေးများ လုပ်လာ သည်။ ဟန်ဂေရီကွန်မြူနစ်ပါတီသည် ဟန်ဂေရီဆိုရှယ် လစ်ပါတီဟု အမည်ပြောင်းပြီး လူကြိုက်များသော နိုင်ငံရေးသမားဖြစ်ပြီး ပြူပြင်ပြောင်းလဲရေးကို အလှန် လိုလားနေသော အမ်ရေးပိုစဂေးအား ပါတီဥက္ကဋ္ဌအဖြစ် ရွေးကောက်ကြသည်။ သို့သော် အခြားနိုင်ငံရေးပါတီ များဘက်ကို ထောက်ခံသူဦးရေ များလာသဖြင့် ပါတီစုံ ရွေးကောက်ပွဲတွင် ဟန်ဂေရီဆိုရှယ်လစ်ပါတီ အနိုင်ရရန် လမ်းမသာဖြစ်နေသည်။ ဟန်ဂေရီတွင် နိုင်ငံရေးပါတီ ပေါင်း ၅၃ ခုခန့်ရှိသည်။

ရူမေးနီးယား – ဆိုဗီယက်ရုရှားနှင့် နယ်နိမိတ်ချင်း စပ်နေသော အရှေ့ဥရောပနိုင်ငံဖြစ်သည်။ ဒင်ညုမြစ်ဝှမ်း အောက်ပိုင်းတွင်တည်ရှိပြီး အရှေ့နှင့် မြောက်ဘက်တွင် ဆိုဗီယက်ရုရှား၊ အနောက်ဘက်တွင် ဟန်ဂေရီ အနောက် ဘက်တွင် ယူဂိုစလားဗီယား၊ တောင်ဘက်တွင် ဗူလဂေးရီးယားနှင့် အရှေ့တောင်ဘက်တွင် ပင်လယ်နက် တို့ ပိုင်းရံနေသည်။ တောင်များ ကုန်းမြင့်များ ရေအိုင် များ စိမ့်စမ်းများနှင့် သာယာပြီး ဒင်ညုမြစ် ဖြတ်စီး နေသည်။ ဂ၅ ရာနှုန်းသည် ရူမေးနီးယန်းလူမျိုးများ ဖြစ်ပြီး ဟန်ဂေရီယန်း၊ ဂျာမန်၊ ယူကရိန်း၊ ဆပ်၊ ရုရှား၊ တာတာ၊ တူရကီ၊ ရဟူဒီနှင့် ဗူလဂေးရီးယန်း လူနည်းစု များလည်း နေထိုင်ကြသည်။ ရေနံ အများဆုံး ထွက် သဖြင့် ရေနံချက်စက်ရုံ၊ ရေနံနှင့်ဓာတ်ငွေ့ထုတ်သော လုပ် ငန်းများရှိသည်။ ထို့ပြင်ဆား၊ ကျောက်မီးသွေး၊ သံ၊ ကြေးနီ၊ သွပ်၊ ဘောက်ဆိုက်၊ ခရိုမီယံ၊ ရွှေငွေ များသည် လည်း နိုင်ငံ၏ သယံဇာတများဖြစ်သည်။ စက်မှုလက်မှု သယ်ယူပို့ဆောင်ရေး၊ ဘဏ်နှင့် အသက်အာမခံလုပ်ငန်း တို့ကို ကွန်မြူနစ်နိုင်ငံဖြစ်လာသည့် အချိန်မှစ၍ နိုင်ငံပိုင် ပြုလုပ်ထားပြီး စိုက်ပျိုးရေးတွင်လည်း စုပေါင်းလယ်ယာ စနစ်ကိုကျင့်သုံးလာသည်။ ဆိုဗီယက်နည်းယူကာ ငါးနှစ် ခြောက်နှစ် စီးပွားရေးစီမံကိန်းများ ချမှတ်ဆောင်ရွက်ခဲ့ သည်။

နိုင်ငံငယ်သော်လည်း ဥရောပသမိုင်း အပြောင်းအလဲ များတွင် ပါဝင်ခဲ့သဖြင့် နိုင်ငံရေးလောကမှ ကြုံခဲ့ဖူး လှပြီ။ မူလက ဒေးရှားဟူသော အမည်နှင့် ရပ်တည်ခဲ့ရာ ရောမကေသာရ်လက်အောက်ကျရောက်ခဲ့သည်။ ၁၄ ရာစု တွင် အော်တိုမန် အင်ပါယာတွင်းသို့ ကျဆင်းသွား ရံပြန်ရာ လွတ်လပ်ရေးရရန် ပုန်ကန်တော်လှန်ခဲ့သည်။ ရူမေးနီးယား အမည်ကို ၁၈၆၂ ခုနှစ်တွင် ခံယူခဲ့သည်။ ၁၈၇၇ ခုနှစ် ရုရှား–တူရကီစစ်တွင် ရုရှားဘက်ကကူညီ ရာ ၁၈၇၈ ခုနှစ် စစ်အပြီး တူရကီလက်မှလွတ်မြောက်လာ သည်။ ပထမကမ္ဘာ့စစ် ဖြစ်လာသောအခါ ကြားနေခဲ့ သော်လည်း ၁၉၁၆ ခုနှစ်တွင် အနောက်မဟာမိတ်တို့ ဘက်ကပါဝင်ပြီး ဂျာမနီနှင့်ဟန်ဂေရီတို့ကို ခုခံတိုက်ခိုက် ခဲ့သည်။ စစ်အပြီး ဗာဆေးစာချုပ်ချုပ်သောအခါ ထရန် ဆာလ်ပေးနီးယားနယ်ကို ဟန်ဂေရီထံမှ ပြန်ရခဲ့သည်။ ဘုရင်ခံစနစ်နှင့်အုပ်ချုပ်လာခဲ့ရာ ဒုတိယကမ္ဘာစစ်ဖြစ်လာ သောအခါ ၁၉၄၁ ခုနှစ်တွင် ဂျာမနီဘက်ကပါဝင်ကူညီပြီး ရုရှားကိုတိုက်သည်။ သို့သော် ကွန်မြူနစ်ပါတီဦးဆောင် သော မျိုးချစ်အင်အားစုများက လက်နက်စွဲကိုင်ကာ စစ်အာဏာရှင်ကို တော်လှန်ကြပြီး အနောက်မဟာမိတ် ဘက်ကပါဝင်လာသည်။ ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ဘုရင်စနစ်ကို ဖြုတ်ချပြီး သမ္မတနိုင်ငံတည် ထောင်လိုက်သည်။ ဆိုရှယ်လစ်စနစ်ကို ဆိုဗီယက်ပုံစံ အတိုင်း ချမှတ်ကျင့်သုံးလာသည်။ ၁၉၆၅ ခုနှစ်တွင်

ရှမေးနီယား ဆိုရှယ်လစ် သမ္မတနိုင်ငံဟု အမည်ခံယူသည်။

ဆိုဗီယက်သြဇာခံ ဝါဆောအုပ်စုဝင် ဖြစ်လာသော ရှမေးနီယားသည် တစ်ပါတီစနစ်ကျင့်သုံးပြီး ကွန်မြူနစ်ပါတီကသာ စီးပွားရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေးစသည် ဖြင့်အရာခပ်သိမ်းတွင်ကြီးစိုးထားသည်။ ကွန်မြူနစ်စနစ်နှင့် ချုပ်ကိုင်ထားသော စီးပွားရေး နိုင်ငံရေးတို့မှာ များစွာ တင်းကျပ်လွန်းလှသဖြင့် ပြည်သူတို့ လွန်စွာ ဆင်းရဲလာကြသည်။ စက်မှုနိုင်ငံအဖြစ်ပြောင်းလဲရန် ဆောင်ရွက်ရာတွင် ရိုးရာလယ်ယာလုပ်ငန်းများနှင့် ကျေးရွာစရိုက်ဘဝကိုပျက်စီးလာစေသည်။ ၁၉၆၇ ခုနှစ်ကစပြီး အာဏာရလာသော နီကိုလိုင်ချောင်ဆက်စကူးသည် သူ၏ ခါးပိုက်ဆောင်လုံခြုံရေးရဲတပ်ဖွဲ့ အားကိုးနှင့် အာဏာရှင်အဖြစ် အုပ်ချုပ်ခဲ့သည်။ နိုင်ငံအပေါ်တင်ရှိနေသော နိုင်ငံခြားကြွေးမြီများကို ပေးဆပ်ရန်အတွက် ပြည်တွင်းခြိုးခြံခွေတာစေပြီး ထွက်သမျှပစ္စည်းများကို တင်ပို့ရောင်းချစေသောကြောင့် ပြည်တွင်းခွဲစားသုံးကုန်များ ပြတ်လပ်ပြီး လူထုများစွာဒုက္ခရောက်ခဲ့ရသည်။ နိုင်ငံခြားကြွေးမြီများကိုမူ အပြေ ပေးဆပ်နိုင်ခဲ့သည်။ ပြုပြင်ပြောင်းလဲရန် အရေးဆို ဆူပူအုံကြွလာရာ ရက်စက်စွာ နှိမ်နင်းသောကြောင့် ထောင်နှင့်ခြိုး သေကြေပျက်စီးကြရသည်။ ၁၉၇၉ ခုနှစ် အရှေ့ဥရောပတခွင်၌ ပြုပြင်ပြောင်းလဲရေးအတွက် လှုပ်ရှားဆူပူလာသောအခါ ရှမေနီးယန်းလူထုက ချောင်ဆက်စကူးကို ဖြုတ်ချရန်ကြိုးပမ်းကြသည်။ ၁၉၇၉ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် လက်နက်ကိုင်ရဲတပ်များနှင့် နှိမ်နင်းပြန်သောကြောင့် များစွာသေကြေကြရပြန်သည်။ လက်နက်ကိုင်ရဲတပ်နှင့် ဆန္ဒပြလူထုတို့ ရင်ဆိုင်တိုက်ပွဲများ ဖြစ်လာသည်။ ရဟတ်ယာဉ်နှင့် တိမ်းရှောင်သွားသော ချောင်ဆက်စကူးနှင့် ဇနီးတို့ကို ဒီဇင်ဘာလ ၂၂ ရက်နေ့တွင်ဖမ်းမိပြီး ပြည်သူ့ခုံအဖွဲ့ကစစ်ဆေးကြသည်။ အဓိကစွပ်စွဲချက်များမှာ လူများစွာကို သတ်ဖြတ်ခြင်း၊ နိုင်ငံတော်၏ ဓနအင်အားကို အလဲသုံးစားပြုခြင်းနှင့် ပြည်သူလူထု ဆင်းရဲငတ်မွတ်စေအောင် ပြုလုပ်ခြင်းတို့ ဖြစ်သည်။ ချောင်ဆက်စကူးက စွဲချက်အားလုံးကိုငြင်းဆိုပြီး ခုံအဖွဲ့ကိုလည်း အသိအမှတ်မပြုပေ။ ပြည်သူ့ခုံအဖွဲ့က အပြစ်ရှိသည်ဟု ဆုံးဖြတ်၍ သေဒဏ်ချမှတ်လိုက်ရာ ဒီဇင်ဘာလ ၂၅ ရက်နေ့ည၌ သူနှင့် ဇနီးနှစ်ဦးကို သေနတ်နှင့် ပစ်သတ်စီရင်လိုက်သည်။ အမျိုးသားကယ်တင်ရေးတပ်ဦးက နိုင်ငံတော်အာဏာကိုယူပြီး ကြားဖြတ်အစိုးရဖွဲ့သည်။ ပီတာရိုမန်ကို ဝန်ကြီးချုပ်တင်မြှောက်၍ ပြုပြင်ပြောင်းလဲရေးများကို ဆောလျင်စွာ လုပ်လာသည်။ စားနပ်ရိက္ခာများနှင့် လူသုံးကုန်များ ပြည်ပသို့ မပို့ဘဲ ပြည်တွင်း၌ လုံလောက်စွာ ဖြန့်ဖြူးပေးသည်။ အရာမရောက်သော စက်ရုံအလုပ်ရုံများကို ပိတ်ချခြင်း၊ ဟန်ပြလုပ်ငန်းများရပ်ဆိုင်းခြင်း၊ ချောင်ဆက်စကူးလက်ထက်က ဥပဒေများကို ဖျက်သိမ်းခြင်း၊ ကွန်မြူနစ်အသုံးအနှုန်းများပယ်ဖျက်ခြင်းများ ပြုလုပ်ပေးသည်။ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ပြုလုပ်ပေးမည်ဟု ကတိပြုပြီး ကွန်မြူနစ်ပါတီကိုပင် လုံးဝဖျက်သိမ်းရန် စိုင်းပြင်းလာသည်။

ဗူလဂေးရီးယား– ဆိုဗီယက်နှင့် နယ်ချင်းမစပ်သော်လည်း အရှေ့အုပ်စုဝါဆောစာချုပ်ဝင် အရှေ့ဥရောပ နိုင်ငံ တစ်ခုဖြစ်သည်။ ဘော်လကန် ကျွန်းဆွယ်တွင် အငယ်ဆုံးနိုင်ငံ ဖြစ်သော်လည်း ဥရောပစစ်နှင့် ကမ္ဘာ့စစ်ကြီးများတွင် အရေးပါပြီး ထိရောက်စွာပါဝင်ခဲ့သည်။ အရှေ့ဘက်တွင် ပင်လယ်နက်၊ အနောက်ဘက်တွင် ယူဂိုစလားဗီးယား၊ တောင်ဘက်တွင် ဂရိနှင့် မြောက်ဘက်တွင် ရှမေးနီးယားတို့ ရှိကြသည်။ ဒင်ညူမြစ်က ဗူလဂေးရီးယားနှင့် ရှမေးနီးယားကို ပိုင်းခြားပေးထားသည်။ ခရစ်နှစ် ၆၀၀ ခန့်က တာတာမျိုးနွယ်စုတစ်ခုဖြစ်သော ဗူးလဂါးလူမျိုးတို့ လာရောက်နေထိုင်ကြရာမှ ဗူလဂေးရီးယားဟု တွင်လာခြင်းဖြစ်သည်။ ၉၁ ရာနှုန်းမှာ ဗူးလဂေးရီးယန်း လူမျိုးများဖြစ်ပြီး ၉ ရာနှုန်းသည် တူရကီ၊ ဆလပ်၊ ဂျစ်ပစီနှင့် အခြားလူမျိုးများဖြစ်သည်။ ရာသီဥတုသမ၌ မြေသြဇာ ကောင်းသောကြောင့် ဂျုံ၊ ရိုင်းဂျုံ၊ မုယော၊ ဆေးရွက်၊ သစ်သီး၊ ဝါဂွမ်းနှင့် ရေမွှေးလုပ်ရန် နှင်းဆီပန်းများစွာ စိုက်ပျိုးသည်။ ကျောက်မီးသွေး၊ ခဲ၊ သွပ်၊ အလူမီနီယမ်၊ ကြေးနီ များစွာထွက်သည်။ သာယာသော ကုန်းမြင့်တောင်တန်း သစ်တောရေပူစမ်းများရှိပြီး လူနေကျသည်။ ကွန်မြူနစ်အစိုးရတက်လာသောအခါ စက်မှုလုပ်ငန်းများ ဖြစ်သော ချည်ထည်၊ ပိုးထည်၊ ဂျုံ၊ စက်ဘီး၊ မော်တော်ကားတာယာစက္ကူ၊ ဖိနပ်၊ စီးကရက်နှင့် နှင်းဆီရေမွှေး လုပ်ငန်းများကို ပြည်သူပိုင်ပြုလုပ်လိုက်သည်။

ပြောင်မြောက်သော အတိတ်သမိုင်းရှိခဲ့ပြီး တိုင်းတစ်ပါးကျူးကျော်ကြီးစိုးမှု ခံရသောအခါများနှင့်လည်းကြုံ ခဲ့သည်။ ရောမအင်ပါယာအောက် ကျရောက်ခဲ့ပြီးနောက် ဆလပ်တို့ ဝင်ရောက်လာသည်။ ၆၀၀ ရာစုတွင် ဗူလဂါးတို့ ဝင်ရောက်အခြေချနေလာရာ ဗူလဂေးရီးယား ဖြစ်လာသည်။ ၁၃၉၆ ခုနှစ် တူရကီတို့ ဝင်ရောက်လာပြီး နှစ် ၅၀၀ ကြာ ကြီးစိုးနေခဲ့သည်။ ၁၈၇၆ ခုနှစ်တွင် တူရကီတို့ကိုတော်လှန်ရာ ရက်စက်စွာ နှိမ်နင်းခြင်းခံရသည်။ သို့သော် ရုရှားက ဗူလဂေးရီးယားဘက်က ဝင်ရောက်ကူညီသောကြောင့် တူရကီက

ဗူလဂေးရီးယားကို လက်လှတ်ရသည်။ ဆန်စ်တီဖန်ဒို စာချုပ် ချုပ်ပြီး မက်ဆီဒိုးနီးယားနှင့် ဗူလဂေးရီးယား ပေါင်းကာ နိုင်ငံတည်ထောင်လာသည်။ ၁၈၇၈ ခုနှစ် ဘာလင်ညီလာခံတွင် ယင်းစာချုပ်ကို အင်အားကြီး နိုင်ငံတို့က ပြင်ဆင်လိုက်သောကြောင့် အချို့နယ်ပယ် များကို ဗူလဂေးရီးယားထံမှ ခွဲထုတ်လိုက်ပြီး တူရကီ လက်အောက်သို့ ပြန်ပို့လိုက်သည်။ ၁၉၀၈ ခုနှစ်တွင် တူရကီ လက်အောက်မှ ရုန်းထွက်၍ လွတ်လပ်သော နိုင်ငံအဖြစ် ကြေညာကာ မင်းသားဖာဒီနန်ကို နန်းတင် ပြီး ဇာဘုရင်ဘွဲ့ ခံစေသည်။ ၁၉၁၂ ခုနှစ်တွင် မက်ဆီ ဒိုးနီးယားကို တူရကီက ဖိနှိပ်သောကြောင့် ဗူလဂေးရီး ယားနှင့် တူရကီစစ်ဖြစ်ရာ တူရကီစစ်ရှုံးပြီး နယ်များ စွာကို ဗူလဂေးရီးယားသို့ ပေးရပြန်သည်။ တူရကီထံမှ ရသော နယ်များကို ဝေစုလိုချင်သော အိမ်နီးချင်းနိုင်ငံ များဖြစ်သော ရူမေးနီးယား၊ ဂရိနှင့် ဆာဗီးယားတို့က ဗူလဂေးရီးယားနှင့် စစ်ဖြစ်ပြန်ရာ ဗူလဂေးရီးယားစစ်ရှုံး သဖြင့် ဒိုဘရူးဂျားနယ်ကို ရူမေးနီးယား သို့ ပေးအပ်ရ သည်။ ဂရိနှင့်ဆာဗီးယားတို့ကမူ မက်ဆီဒိုနီးယားနယ် ကိုခွဲဝေယူကြသည်။

ပထမကမ္ဘာစစ် ဖြစ်လာသောအခါ ဂျာမနီဘက်က ပါဝင်တိုက်ခိုက်ခဲ့သော ဗူလဂေးရီးယားသည် ဂျာမနီ

ပြုပြင်ပြောင်းလဲရေးအတွက် ကန့်ကွက် ဆန္ဒပြနေကြ သော အရှေ့ဂျာမနီ နိုင်ငံသားများ



စစ်ရှုံးသဖြင့် စစ်လျော်ကြေးများ ပေးရပြီး နယ်မြေများ လည်းဆုံးပါးသွားရသည်။ ၁၉၃၄ ခုနှစ်တွင် ဂျာမနီ၌ စစ်အာဏာရှင်စနစ် ထွန်းကားလာသောအခါ ဂျာမန် နှင့် ပူးပေါင်းသည်။ ဟစ်တလာစစ်များ နိုင်နေသော အချိန်၌ ဗူလဂေးရီးယားသည် ယခင်ဆုံးပါးခဲ့သော နယ် မြေများ ပြန်ရရုံသာမက နယ်မြေသစ်များထပ်မံရခဲ့သည်။ ရူမေးနီးယားနှင့် ယူဂိုစလားဗီးယားတို့က ဗူလဂေးရီးယား အပေါ် မကျေနပ်ခဲ့ချေ။ ၁၉၄၄ ခုနှစ်တွင် ဆိုဗီယက် ရဂျားက ဗူလဂေးရီးယားကို စစ်ကြေညာပြီးတိုက်သည်။ ဒုတိယကမ္ဘာစစ် ပြီးသောအခါ ဆိုဗီယက် အကူအညီနှင့် ကွန်မြူနစ်တို့ အာဏာရလာပြီး ၁၉၄၆ ခုနှစ်တွင် ဆီမီယွန် ဘုရင်ကို နန်းချကာ ဗူလဂေးရီးယားပြည်သူသမ္မတ နိုင်ငံတည်ထောင်လိုက်သည်။ ထိုအချိန်မှစပြီး အရှေ့ အုပ်စုဝင် ဂါဆောစာချုပ်ဝင် နိုင်ငံဖြစ်လာခဲ့သည်။ ၁၉၇၁ ခုနှစ်ကတည်းက အာဏာရလာသော တိုဒိုဇီး ကော့သည် ပြုပြင်ပြောင်းလဲရေးများကို ငြင်သာစွာ ဆောင်ရွက်ရန် ကြိုးပမ်းနေသည်။ အခြားဥရောပနိုင်ငံ များနှင့် နှိုင်းစာလျှင် ဗူလဂေးရီးယားသည် တည်ငြိမ်ပြီး ဆူပူလှုပ်ရှားမှု၊ ပုန်ကန်ထကြွမှု အတွေ့အကြုံများ မရှိခဲ့ ချေ။

အရှေ့ဂျာမနီ – ဂျာမန် ဒီမိုကရက်တစ် သမ္မတနိုင်ငံ (ဂျီဒီအာ)ခေါ် အရှေ့ဂျာမနီသည် ဆိုဗီယက်ရုရှားနှင့် နယ်ချင်းမစပ်ချေ။ ပိုလန်နိုင်ငံက ကြားခံနေသည်။ မြောက်ဘက်တွင် ဘောလတစ်ပင်လယ်နှင့် ဒိန်းမတ်နိုင်ငံ အရှေ့ဘက်တွင် ပိုလန်၊ အနောက်ဘက်နှင့် တောင်ဘက် တွင် အနောက်ဂျာမနီနှင့် အရှေ့ဘက်တွင် ချက်ကိုစလို ဗက်ကီးယားနိုင်ငံတို့ ဝိုင်းရံနေသည်။ ဂျီဒီအာခေါ် အရှေ့ ဂျာမနီသည် ဒုတိယကမ္ဘာစစ်ကြီးအပြီး ပေါ်လာသော နိုင်ငံဖြစ်သည်။ စစ်ရှုံးဂျာမနီကို စစ်နိုင်သော အမေရိ ကန်၊ အင်္ဂလန်၊ပြင်သစ်နှင့် ဆိုဗီယက်ရုရှားတို့က ဇုန်နယ် လေးခုခွဲ၍ အုပ်ချုပ်ကြပြီး ဆိုဗီယက်ရုရှားက သုံးဇုန်နယ် တွင် ကွန်မြူနစ်စီးပွားရေးနိုင်ငံရေးစနစ်ကို လည်းကောင်း၊ ကျန်သုံးနိုင်ငံတို့က သူတို့ဇုန်နယ်များ၌ အရင်းရှင်စီးပွား ရေး နိုင်ငံရေးစနစ်ကို လည်းကောင်း တည်ထောင်ရန် ကြိုးပမ်းလာကြသည်။ ဤသို့ဖြင့် အရှေ့ အုပ်စုနှင့် အနောက်အုပ်စု၊ ကွန်မြူနစ်အုပ်စုနှင့် အရင်းရှင်အုပ်စုတို့ စစ်အေးတိုက်ပွဲဖြစ်လာရာ ၁၉၄၉ ခုနှစ်တွင် ဆိုဗီယက် ရုရှားက သူ့ဇုန်နယ်ကို ဂျီဒီအာနိုင်ငံအဖြစ် တည်ထောင် လိုက်သည်။ ကျန်သုံးနိုင်ငံတို့ကလည်း မိမိတို့ဇုန်နယ် သုံးခုကိုပေါင်း၍ ၁၉၅၁ ခုနှစ်တွင် ပြည်ထောင်စု သမ္မတ ဂျာမနီ (အက်ဖ်အာရ်ဂျီ)နိုင်ငံတည်ထောင်လိုက်ကြသည်။ ဤတွင် ဂျာမနီနှစ်နိုင်ငံဖြစ်လာသည်။

အရှေ့ဂျာမနီသည် ဆိုဗီယက်သြဇာခံ အရှေ့အုပ်စုဝင်ဖြစ်ပြီး ဝါဆောစစ်စာချုပ်ဝင်လည်းဖြစ်သည်။ ဂျာမနီ၏ မြို့တော် ဘာလင်သည် အရှေ့ဂျာမနီဘက်သို့ ပါသွားရာ အနောက် အုပ်စု နိုင်ငံတို့အား မီးရထား ကားလေယာဉ်များနှင့်ဘာလင်မြို့သို့ဝင်ထွက်ခွင့်သဘောတူညီမှုပြုလုပ်ထားခဲ့သည်။ သို့သော် စစ်အေးတိုက်ပဲ့ပြင်းထန်လာသောအခါ ဆိုဗီယက်တို့က ဘာလင်မြို့ကို ပိတ်ဆို့ထားသောကြောင့် လေကြောင်းလမ်းနှင့်သာ ဆက်သွယ်ခဲ့ရသည်။ ဘာလင်မြို့ကိုပင် အရှေ့ခြမ်း အနောက်ခြမ်း ခွဲလိုက်ပြီး ခိုင်မာသော တံတိုင်းကြီးတည်ဆောက်ကာ လက်နက်ကိုင်တပ်များ စွဲထားသည်။ အရှေ့ဂျာမနီသည် နိုင်ငံရေး စီးပွားရေး အုပ်ချုပ်ရေးတွင် ဆိုဗီယက်ကွန်မြူနစ်စနစ်အတိုင်း ချမှတ် ဆောင်ရွက်ရသည်။ မကျေနပ်၍ ဆူပူလှုပ်ရှားမှု ဖြစ်တိုင်း စွဲထားသော ဆိုဗီယက်တပ်များက နှိမ်နင်းရန် အသင့်ရှိနေသည်။

၁၉၇၉ ခုနှစ်တွင် ဂေါ်ဘာချော့၏ စီးပွားရေးပြန်လည် တည်ဆောက်ရေးနှင့် နိုင်ငံရေး ပွင့်လင်းမှုဝါဒများကြောင့် ဖြစ်ပေါ်လာသော ဒီမိုကရေစီလှုပ်ရှားမှုများသည် အရှေ့ဥရောပသို့ ကူးစက်လာရာ အရှေ့ဂျာမနီသည် အနိုးကြားဆုံး အတက်ကြွဆုံးနိုင်ငံ ဖြစ်သည်။ လွန်ခဲ့သော နှစ်လေးဆယ်ကပင် ကွန်မြူနစ်စနစ်ကို မနှစ်သက်သော အရှေ့ဂျာမန်သားတို့သည် အနောက်ဂျာမနီသို့ ထွက်ပြေးလာခဲ့ကြသည်။ ယခု စစ်အေးတိုက်ပဲ့နိဂုံးချုပ်သွားပြီး ဆိုဗီယက် ခေါင်းဆောင်ကိုယ်တိုင်က ပျော့ပျောင်းလိုက်လျောသော လမ်းစဉ်ကို ကျင့်သုံးလာသဖြင့် များစွာသော အရှေ့ ဂျာမန်သားတို့သည် အနောက်ဂျာမနီသို့ ထွက်ခွာကြလေသည်။ ၁၉၈၉ ခုနှစ် နိုဝင်ဘာလတွင် နှစ်ပေါင်းသုံးဆယ်နီးပါး သက်တမ်းရှိသော ဘာလင်တံတိုင်းကြီးကို သောင်းသောင်း ဖျဖျ ဖြိုဖျက်လိုက်ကြပြီး အရှေ့အနောက် ဂျာမနီ နှစ်နိုင်ငံတို့ လွတ်လပ်စွာ ကူးသန်းသွားလာ ဆက်ဆံလာကြသည်။ အနောက် ဂျာမနီကလည်း အရှေ့ ဂျာမန် သားတို့ကို လှိုက်လှဲစွာကြိုဆိုလက်ခံကြသည်။ ဤသို့ဖြင့် အနောက် ဂျာမနီသို့ရောက်လာသော အရှေ့ဂျာမန်သားဦးရေသည် အလွန်များပြားလာရာ နေရေးထိုင်ရေး အလုပ်အကိုင် ရှာဖွေရေးပြဿနာများ ပေါ်လာသည်။

ဂျာမနီနှစ်နိုင်ငံ ဖြစ်လာရခြင်းမှာ စစ်အေးကြောင့် ဖြစ်၍ စစ်အေးဆုံးခန်းတိုင်ခဲ့သဖြင့် ဂျာမနီနှစ်နိုင်ငံ ပူးပေါင်းရုံသာရှိတော့သည်။ ဤအခြေအနေသို့ မလွဲမသွေ ဆိုက်ရောက်လာရပေတော့မည်။ သို့သော် စီးပွားရေးနိမ့်ကျခဲ့သော အရှေ့ဂျာမနီကို စီးပွားရေးတိုးတက်လှသော အနောက်ဂျာမနီနှင့် ပေါင်းလိုက်ပါက အနောက် ဂျာမနီ၏ စီးပွားရေး လူမှုရေး အဆင့်အတန်း နိမ့်ကျလာမည်ကို စိုးရိမ်လာသည်။ နှစ်နိုင်ငံတို့၏ ငွေကြေးလဲလှယ်ရေးနှုန်း တန်းတူထားရေးကိစ္စကို ဆွေးနွေးလာရာ ၁၉၉၀ ပြည့်နှစ် ဇွန်လ ၃၀ ရက်နေ့က အရှေ့ဂျာမန်မတ်ငွေကိုအနောက်ဂျာမန်မတ်ငွေနှင့်အစားထိုးသဘောတူလိုက်သဖြင့် ငွေကြေးစနစ်အရ နှစ်နိုင်ငံပေါင်းစည်းပြီးဖြစ်သွားသည်။ နှစ်နိုင်ငံလွတ်လပ်စွာသွားလာခွင့်ရသည်နှင့် လူမှုရေးအနိဋ္ဌာရုံများအရှေ့ဂျာမနီတွင်ပေါ်စပြုလာရာ အေအိုင်ဒီအက်စ်ခေါ် ရောဂါသည် အနောက်ဂျာမနီမှ အရှေ့ဂျာမနီသို့ ကူးစက်လာကြောင်းကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကပင်အစီရင်ခံလာသည်။ အရှေ့ဂျာမနီ၏စီးပွားရေးနိမ့်ကျမှုကို အနောက်ဂျာမနီ၏ ဓနအင်အား၊ ကျွမ်းကျင်မှုနှင့် စီမံခန့်ခွဲမှုနည်းပညာတို့နှင့် ကူညီနိုင်မည်။ သို့သော် အရင်းရှင်စနစ်နှင့် ဖွံ့ဖြိုးတိုးတက်လှသော နိုင်ငံ၏ လူမှုရေးဒုစရိုက်နှင့် ရာဇဝတ်မှုခင်းတို့ကူးစက်လာမည့် အန္တရာယ်ကို အရှေ့ဂျာမနီကရင်ဆိုင်ရပေဦးမည်။

ဂျာမနီနှစ်နိုင်ငံ ပေါင်းစည်းရေးသည် နိုင်ငံတကာနှင့် သက်ဆိုင်သော အရေးကိစ္စဖြစ်သည်။ ဂျာမနီကြောင့် ပထမကမ္ဘာ့စစ်ကြီးနှစ်ခု ဖြစ်ခဲ့ရသည်။ ဂျာမန်ကျူးကျော်မှုများကြောင့် နယ်မြေများ ဆုံးပါးခဲ့ရသည်။ ဂျာမနီ နာဇီဝါဒကြောင့် ဆင်းရဲဒုက္ခရောက်ခဲ့ရသည်။ အထူးသဖြင့် ရဟူဒီဂျူးများ အသက်များစွာ ဆုံးရှုံးခဲ့ရသည်။ ထို့ကြောင့် ဂျာမနီအင်အားကိုဖြိုခွင်းထားရန်ဟူသော ရည်ရွယ်ချက်နှင့် စစ်နိုင်သော နိုင်ငံတို့က ဂျာမနီကို နှစ်ပိုင်းခဲ့ထားခဲ့ခြင်းဖြစ်သည်။ ယခု ဂျာမနီ နှစ်နိုင်ငံ ပြန်လည် ပေါင်းစည်းပြီ ဖြစ်ရာ ဥရောပလုံခြုံရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်အန္တရာယ် ပေါ်လာပြန်ပြီလောဟု စိုးရိမ်လာကြသည်။ အထူးသဖြင့် ဂျာမနီ အန္တရာယ်ကို အလူးအလဲ ခံခဲ့ဖူးသော ပိုလန်၊ ချက်၊ ပြင်သစ်၊ ဆိုဗီယက်နိုင်ငံများနှင့် ဟစ်တလာ၏နှိပ်စက်မှုခံခဲ့ရသော ရဟူဒီဂျူးတို့ သောကရောက်လာကြသည်။ ထို့ကြောင့် အရှေ့ဂျာမနီ၏ စီးပွားရေးနိုင်ငံရေးပြုပြင်ပြောင်းလဲမှုသည် ယင်းနိုင်ငံ၏ အရေးကိစ္စချည်းသာမဟုတ်ဘဲ နိုင်ငံတကာ အရေးကိစ္စကြီး ဖြစ်နေသည်။ ပေါင်းစည်းလိုက်သောဂျာမနီကို နေတိုး စစ်စာချုပ်အဖွဲ့အတွင်းထားရေး အဆိုပြုချက်ကြောင့် ဂျာမနီ နှစ်နိုင်ငံ ပေါင်းစည်းရေး ခက်ခဲနေသည်။ သို့သော် ဂျာမနီနှစ်နိုင်ငံတို့ နယ်စပ်အကြား ကူးသန်းမှု ကန့်သတ်ချက်များကို တစ်ခုမကျန် ဖယ်ရှားလိုက်ပြီးနောက် ၁၉၉၀ ပြည့်နှစ် ဇွန်လ ၂၄ ရက်နေ့က နှစ်နိုင်ငံ၏ စီးပွားနှစ်ရပ်ကို ပေါင်းစည်းလိုက်ပါသည်။အနောက်ဂျာမနီခေါင်းဆောင် ဟဲလ်မွတ်ခိုးလ်နှင့် အရှေ့ဂျာမနီ ဝန်ကြီးချုပ် လိုသာဒီ

မာဇီးရားတို့သည် နှစ်နိုင်ငံပေါင်းစည်းရေးကို ကြိုးပမ်းလျက်ရှိသည်။

ယူဂိုစလားဗီးယား – အရှေ့အုပ်စု ဝါဆောစစ်စာချုပ်ဝင် မဟုတ်သော်လည်း ပထဝီဝင်အရ အရှေ့ဥရောပဒေသတွင် အကြုံးဝင်နေသော ယူဂိုစလားဗီးယားနှင့်အယ်လ်ဘေးနီးယား နှစ်နိုင်ငံတို့၏ သမိုင်းကြောင်းနှင့် ပြုပြင်ပြောင်းလဲမှုမျှားသည် တမူထူးခြားသည်။ ယူဂိုစလားဗီးယားသည် ဘော်လ်ကန်ကျွန်းဆွယ်၏ မြောက်ပိုင်း၌ တည်ရှိပြီး ပထမကမ္ဘာစစ်အပြီး တည်ထောင်လိုက်သော နိုင်ငံဖြစ်သည်။ သြစတြီးယား–ဟန်ဂေရီ အင်ပါယာကြီးကို ဖျက်သိမ်းလိုက်ရာမှ ဘော်စနီးယား၊ဟာဇီဂိုဗီးနား၊ဒါလ်မေးရှား၊ ကရိုးအေးရှိုးယား၊ စလာဗိုနီးယား၊ စလိုဗေးနီးယား၊ဆာဗီးယားနှင့်မွန်တီနီဂရိုနယ်ပယ်တို့ကို ပေါင်းစည်းတည်ထောင်ထားခြင်း ဖြစ်သည်။ မြောက်ဘက်တွင် သြစတြီးယား၊ အရှေ့ဘက်တွင် ရူမေးနီးယားနှင့် ဗူလဂေးရီးယား၊ တောင်ဘက်တွင် ဂရိနှင့်အယ်လ်ဘေးနီးယားနှင့် အနောက်ဘက်တွင် အေဒီယက်တစ်ပင်လယ်နှင့် အိတလီတို့ရှိသည်။ တောတောင်များထူထပ်သော်လည်း မြေသြဇာကောင်းပြီးဒင်ညုမြစ်ကြီးဖြတ်စီးသည်။ ရေအိုင်ကြီးများ၊ ရေလက်ကြားများ၊ ပင်လယ်အော်များ၊ ကျွန်းများ ဆိပ်ကမ်းကြီးများနှင့် သာယာလှသည်။ ဂျုံ၊ မြင်းစားဂျုံ၊ မုယော၊ ပြောင်းဖူး၊ သကြား၊မုန်လာ၊ ပိုက်ဆံလျှော်ပင်၊ စပျစ်၊ လိမ္မော်၊ ဆီးများစိုက်ပျိုးပြီး သိုး၊နွား၊ဝက်၊ဆိတ်၊ မြင်း၊ကြက်၊ငှက်များ မွေးမြူသည်။

၁၉၂၁ ခုနှစ်တွင် စည်းမျဉ်းခံ ဘုရင်စနစ်နှင့် အုပ်ချုပ်ခဲ့ရာ ၁၉၂၉ ခုနှစ်တွင် နိုင်ငံရေး မတည်ငြိမ်တော့ဘဲ လုပ်ကြံသတ်ဖြတ်မှုများ ဖြစ်ခဲ့သဖြင့် အခြေခံဥပဒေကို ဖျက်သိမ်းပြီး အလက်ဇန်းဒါး ဘုရင်အား အာဏာရှင်အဖြစ်အုပ်ချုပ်စေသည်။ ၁၉၃၁ ခုနှစ်တွင် အခြေခံဥပဒေ အသစ်ရေးဆွဲသည်။ ၁၉၃၄ ခုနှစ်တွင် ဘုရင်လုပ်ကြံသတ်ဖြတ်ခံရသည်။ ဒုတိယ ကမ္ဘာစစ်အတွင်းက စစ်ကို ရှောင်ရှားပြီးကြားနေခဲ့သည်။၁၉၄၁ ခုနှစ်တွင်ဝင်ရိုးတန်းနိုင်ငံများအုပ်စုတွင် ပါဝင်လာသည်။ သို့သော် ပြည်သူလူထုနှင့်စစ်တပ်က သဘောမတူဘဲ ဂျာမန်နာဇီတို့ကို တော်လှန်ပြီး စစ်ကြေညာသည်။ ဂျာမန်တပ်များက ဝင်ရောက်သိမ်းပိုက်ကြသည်။ ၁၉၄၂ ခုနှစ်တွင် မာရှယ်လ်တီးတိုးက ပြောက်ကျားတပ်များဖွဲ့ပြီး နာဇီဆန့်ကျင်ရေးလုပ်ရာ အနောက်မဟာမိတ်နိုင်ငံတို့က တီးတိုးကို ကူညီကြသည်။ ၁၉၄၄ ခုနှစ်တွင် တီးတိုးသည် ရုရှားတပ်များနှင့်ပေါင်း၍ နာဇီဂျာမန်တို့ကို တိုက်ခိုက်မောင်းထုတ်လိုက်သည်။ ၁၉၄၅ ခုနှစ် ရွေးကောက်ပွဲတွင် တီးတိုးက အပြတ်အသတ် အနိုင်ရသဖြင့် ဒုတိယမြောက် ပီတာဘုရင်ကို နှုတ်စွန့်စေပြီး ဘုရင်စနစ် ဖျက်သိမ်းလိုက်သည်။ သမ္မတနိုင်ငံ ကြေညာပြီး တီးတိုးကိုဝန်ကြီးချုပ်အဖြစ် ရွေးကြသည်။ ဆိုဗီယက် ရုရှားက ယူဂိုစလားဗီးယားကို သြဇာခံနိုင်ငံအဖြစ် သိမ်းသွင်းသော်လည်း မာရှယ်တီးတိုးက သီးခြား လွတ်လပ်သော အမျိုးသား ကွန်မြူနစ်နိုင်ငံတည်ထောင်ခဲ့သည်။ ၁၉၄၈ ခုနှစ် ဆိုဗီယက်ကြီးစိုးသော ကွန်မင်ဖောင်အဖွဲ့မှ ထွက်ခဲ့ပြီး လူထုနည်းနှင့် ပြုပြင်ရေးများလုပ်ကာ စီးပွားရေးလုပ်ငန်းကြီးတို့ကို ပြည်သူပိုင်ပြုလုပ်သည်။ ၁၉၅၃ ခုနှစ်တွင် တီးတိုးသည် သမ္မတဖြစ်လာရာ ဘက်မလိုက်လှုပ်ရှားမှုတွင် တက်ကြွစွာ ပါဝင်ခဲ့သည်။ အာရှ၊ အာဖရိကနိုင်ငံများနှင့် ချစ်ခင်ရင်းနှီးစွာဆက်ဆံခဲ့သည်။ စစ်အေးတိုက်ပွဲကို ရှောင်ရှားပြီး ဘန်ဒေါင်းအခြေခံမူများနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေရေးဝါဒကို လက်ခံသည်။ အရင်းရှင်အုပ်စုခေါင်းဆောင် အမေရိကန်ထံမှပင် စီးပွားရေးအကူအညီ ရယူခဲ့သည်။ ကွန်မြူနစ်နိုင်ငံများအနက် စီးပွားရေး ဖွံ့ဖြိုးမှု အရှိဆုံးနိုင်ငံဖြစ်ပြီး ပျော့ပျောင်းလိုက်လျောသော ဝါဒလမ်းစဉ်ကျင့်သုံးသဖြင့် နိုင်ငံရေး လွတ်လပ်မှု အတော်အတန် ရရှိကြသည်။ ၁၉၈၉ ခုနှစ် အရှေ့ဥရောပ၌ ပြုပြင်ပြောင်းလဲရေး လှုပ်ရှားမှုသည် ယူဂိုစလားဗီးယားသို့ ဂယက်ရိုက်လာခဲ့ရာ ဝန်ကြီးချုပ် အန်တီမာကိုဗစ်က စီးပွားရေးပြုပြင်မှုများ စိုင်းပြင်းလာသည်။ လူမျိုးရေးပြဿနာ ရှိခဲ့သော မိမိနိုင်ငံကို စည်းလုံးမှုမပြိုကွဲရေး ဌေကြေးဖောင်းပွမှုထိန်းချုပ်ရေးနှင့် ဒင်နားဌေကို ဌေမာဖြစ်လာစေရေးတို့ကို ကြိုးပမ်းနေသည်။ သို့သော် ခရိုးရှားပြည်နယ် ခွဲထွက်ရေးကို ယင်းပြည်နယ် ခေါင်းဆောင် ဖရန့်ဂျိုးတပ်ဂျမန်က လည်းကောင်း ဆားဗီယားပြည်နယ် လွတ်လပ်မှုအတွက် ယင်းပြည်နယ်ခေါင်းဆောင် စလိုဆိုဒန် မီလိုစီဗစ်က လည်းကောင်း လှုံ့ဆော်နေကြသဖြင့်ပြုပြင်ပြောင်းလဲရေး၌ လူမျိုးရေးပြဿနာက အနှောင့်အယှက် ဖြစ်လာသည်။

အယ်လ်ဘေးနီးယား–ဤနိုင်ငံသည်ဘော်လ်ကန်ကျွန်းဆွယ် အေဒီယက်တစ်ပင်လယ် အရှေ့ဘက် ကမ်းခြေပေါ်တွင် ရှိသော ကွန်မြူနစ်နိုင်ငံငယ် တစ်ခုဖြစ်သည်။ မြင့်မားသော တောင်ကုန်းများ ထူထပ်သဖြင့် ကူးသန်းသွားလာရေး ခက်ခဲသည်။ ၁၉၄၀ ပြည့်နှစ်ကမှ မီးရထားလမ်း စဖောက်လာသည်။ ၁၉၅၅ ခုနှစ်တွင် မိုင် ၆၀ သာ မီးရထားပေါက်သည်။ ထို့ကြောင့် နွား၊ မြင်း၊ မြည်းကို ဝန်တင်တိရစ္ဆာန်အဖြစ်သုံးနေရသေးသည်။ပြည်တွင်း သွားလာရေးအတွက် လေယာဉ်ကို သုံး သည်။ ဆေး၊ နှံစားပြောင်း၊ ဂျုံ၊ ပြောင်းဖူးကို စိုက်သည်။ နွား၊ မြင်း၊ မြည်း၊ သိုး၊ ဆိတ် မွေးမြူသည်။ ကြေးနီ၊ ဆား၊ ကတ္တရာနှင့်သံရိုင်းများ ထွက်သည်။

နိုင်ငံရေးဘဝ အမျိုးမျိုးကိုကြုံခဲ့သည်။ မူလက ဥရောပတွင် ရှေးအကျဆုံး အီလီယန် လူမျိုးမျာ ဖြစ်သော်လည်း ဝင်ရောက်လာသော ဆဗ်နှင့်တူရကီတို့နှင့် သွေးနှောလာခဲ့သည်။ ရောမအင်ပါယာအတွင်း သိမ်းသွင်းခံရပြီးနောက် အိမ်နီးချင်းနိုင်ငံတို့၏ ကျူးကျော်ဝင်ရောက်မှု ခံရပြန်သည်။ ၁၄၇၀ ခုနှစ်တွင် တူရကီက တိုက်ခိုက်သိမ်းယူရာ ၁၉၁၂ ခုနှစ်အထိ လက်အောက်ခံနိုင်ငံ ဖြစ်ခဲ့ရသည်။ ၁၉၁၂ ခုနှစ်တွင် တူရကီကို တော်လှန်ပြီး လွတ်လပ်သော နိုင်ငံအဖြစ်ကြေညာကာ ဂျာမန်မင်းသား ဝီလျံကိုဖိတ်ခေါ်၍ နန်းတင်သည်။ ပထမကမ္ဘာစစ်ပြီးသောအခါ ဝီလျံမင်းသားသည် ဂျာမနီသို့ပြန်သွားသဖြင့် မင်းမဲ့အခြေအနေဖြစ်လာရာ အီတလီ၊ ဂရိ၊ ဆဗ်၊ ဗူလဂေးရီးယားတို့က အခွင့်ကောင်းယူပြီး အယ်လ်ဘေးနီးယာကို ဝိုင်းလုကြသည်။ နောက်ဆုံး၌ အီတလီလက်အောက် ကျရောက်သွားသည်။ ၁၉၂၀ ပြည့်နှစ်တွင် အီတလီအစိုးရက အယ်လ်ဘေးနီးယားကို လွတ်လပ်ရေးပေးလိုက်ရာ ၁၉၂၅ ခုနှစ်တွင် သမ္မတနိုင်ငံ တည်ထောင်ပါသည်။ ၁၉၂၈ တွင် သမ္မတ အာမက်ဇိုးဂုက ပထမဇိုးဂုဘုရင်ဘွဲ့ခံပြီး ဘုရင်စနစ်နိုင်ငံ ပြောင်းလိုက်သည်။ ၁၉၃၉ ခုနှစ်တွင် အီတလီတပ်များ ဝင်ရောက်သိမ်းပိုက်ရာ ဘုရင်သည် အီဂျစ်သို့ ထွက်ပြေးသွားသည်။ ၁၉၄၅ ခုနှစ်တွင် အီတလီတပ်များက အနောက်မဟာမိတ်တို့ထံ လက်နက်ချသော်လည်း ဂျာမနီက အယ်လ်ဘေးနီးယားကို ဝင်သိမ်းပြန်သည်။ ၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးပြီးသောအခါ လွတ်လပ်သောနိုင်ငံ ပြန်ဖြစ်လာပြီး ဗိုလ်ချုပ် အင်ဗာဟိုဇာ ခေါင်းဆောင်သော သမ္မတနိုင်ငံ တည်ထောင်ပြန်သည်။

၁၉၅၅ ခုနှစ်တွင် ကုလသမဂ္ဂသို့ဝင်ရောက်ခွင့်ရလာပြီး ထိုနှစ်မှာပင် ဝါဆောစာချုပ်ဝင် နိုင်ငံဖြစ်လာသည်။ သို့သော် အယ်လ်ဘေးနီးယားသည် ကွန်မြူနစ်ဝါဒကျင့်သုံးရာ၌ စတာလင်၏ လမ်းစဉ်ကိုလိုက်နာပြီး ခရူးရှက်နှင့် မာရှယ်တီးတို့၏ လမ်းစဉ်ကို ရှုတ်ချသည်။ တရုတ် ကွန်မြူနစ်နှင့် ရင်းနှီးချစ်ကြည်စွာ ဆက်ဆံရာ တရုတ်ထံမှ အကူအညီများရသည်။ ၁၉၆၁ ခုနှစ်မှစ၍ ဆိုဗီယက် ရုရှားက အယ်လ်ဘေးနီးယားနှင့် အဆက်အသွယ် ဖြတ်လာပြီး ဝါဆောစာချုပ်မှထွက်သွားစေရန်အမျိုးမျိုး အကျပ်ကိုင်သဖြင့် ၁၉၆၈ ခုနှစ်တွင် ဝါဆောစာချုပ်မှနုတ်ထွက်ခဲ့သည်။ ၁၉၆၀–၇၀ ပြည့်နှစ်များအတွင်းက စက်မှုလက်မှု ထူထောင်ရေးစိုက်ပျိုးရေး ခေတ်မီပြုပြင်ရေးများ ပြုလုပ်သဖြင့် အောင်မြင်လာရာ အမျိုးသား ဝင်ငွေ ၇ ဏန္ဍန်းခန့် တိုးလာခဲ့သည်။ နိုင်ငံခြား ကုန်သွယ်မှုတွင် တရုတ်ပြည်သူသမ္မတနိုင်ငံနှင့် အများဆုံး ပြုလုပ်ခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် ယူဂိုဆလားဗီးယားနှင့် သံတမန်ဆက်သွယ်ရေးပြန်ဖွင့်ကာ သင့်တင့်စွာ ဆက်ဆံလာခဲ့သည်။ မော်စီတုံး ကွယ်လွန်ပြီးနောက် ကျင့်သုံးသော တရုတ်ပြည်၏ ဝါဒလမ်းစဉ်များကို ဝေဖန်သောကြောင့် တရုတ်က ပေးနေသော စီးပွားရေး အကူအညီများ ရပ်ဆိုင်းပစ်လိုက်သည်။ ၁၉၈၉ ခုနှစ် အရှေ့ဥရောပ ပြုပြင်ပြောင်းလဲရေး လှုပ်ရှားမှု ဂယက်ရိုက်လာသောအခါ ပြုပြင်ရေးများ ခေတ်မီစွာ ပြုလုပ်လိုသော်လည်း အနောက်ဥရောပ နိုင်ငံများကပါ အယ်လ်ဘေးနီးယားကို အာရုံပြု အလေးမထားကြချေ။ အနာဂတ်တွင် တည်ထောင်မည့် တစ်ခုတည်းသော ဥရောပ စေ့ငေးကွက်မှာပင် အယ်လ်ဘေးနီးယားကို ထည့်သွင်း ပါဝင်စေလိုခြင်း မရှိကြပါ။

ဝိသေသများ

အထက်ပါ အရှေ့ဥရောပနိုင်ငံများကို သုံးသပ်ကြည့်ပါက – (က) အရှေ့ဂျာမနီနှင့် ပိုလန်မှအပ အားလုံး ဘော်လကန် ကျွန်းဆွယ်ဟူသော ပထဝီဝင် ဒေသတစ်ခုတည်း၌ တည်ရှိခြင်း၊ (ခ) အဓိက လူမျိုးနွယ်ကြီးများ အပြင် လူမျိုးနွယ်စုငယ်များရှိသဖြင့် လူမျိုးရေးပြဿနာများရှိခြင်း၊ (ဂ) အားလုံးမှာ စိုက်ပျိုးရေး အခြေခံသော စီးပွားရေးဖြစ်ပြီး စက်မှုလုပ်ငန်းများတွင် ခေတ်နောက်ကျနေခြင်း၊ (ဃ)ဂျာမနီ၊ ရုရှား၊ ဩစတြီးယား၊ တူရကီ၊ အီတလီ ဟူသော နိုင်ငံကြီးတို့၏ ကျူးကျော်မှုကို အကြိမ်ကြိမ် ခံခဲ့ရခြင်း၊ (င) အခွင့်သာတိုင်း မိမိတို့အချင်းချင်း၏ နယ်မြေများကို အပြန်အလှန်လုယူခဲ့ခြင်း၊ (စ) ဒုတိယကမ္ဘာ့စစ်ကြီးအပြီး၌ ယူဂိုစလားဗီးယားနှင့် အယ်လ်ဘေးနီးယားမှအပ ဆိုဗီယက်သြဇာခံဖြစ်ကြခြင်း၊ (ဆ) ဆိုဗီယက်လက်အောက်မှ လွတ်မြောက်ရန် လှုပ်ရှားအုံကြွ ပုန်ကန်သည့်အခါတိုင်း ဆိုဗီယက်၏ နှိမ်နင်းခြင်းခံရခြင်း၊ (ဇ) စစ်အေးတိုက်ပွဲအပြီး ပြုပြင်ပြောင်းလဲရေး လှုပ်ရှားမှုများ ဖြစ်လာခြင်း၊ (ဈ) ကွန်မြူနစ်စနစ် ကျဆင်းပြီး ကွန်မြူနစ်ပါတီများ အာဏာမဲ့လာခြင်းနှင့် (ည) စီးပွားရေးနှင့် နိုင်ငံရေး လွတ်လပ်မှုတောင်းဆိုလာပြီး ပါတီစုံ ဒီမိုကရေစီကို လိုလားကြခြင်း စသော တူညီချက်များနှင့် (က) အရှေ့ဂျာမနီနှင့် ပိုလန်တို့က ဥရောပဗဟိုတွင်ရှိပြီး ကျန်နိုင်ငံများမှာ ဘော်လ်ကန် ကျွန်းဆွယ်တွင်ရှိခြင်း၊ (ခ) ဆိုဗီယက်နှင့် နယ်ချင်းစပ်သောလေးနိုင်ငံ၊ ဂျာမနီနှင့် နယ်ချင်းစပ်သော နှစ်နိုင်ငံ၊ ဩစတြီးယား၊ အီတလီတို့နှင့် နယ်ချင်းစပ်သောလေးနိုင်ငံ ရှိခြင်း၊ (ဂ) ဆိုဗီယက် သြဇာခံဖြစ်ခဲ့သော ကွန်မြူနစ် ခြောက်နိုင်ငံ၊ ဆိုဗီယက်သြဇာမခံဘဲ သီးခြားရပ်တည်



ဆိုဗီယက်ခေါင်းဆောင် ဂေါ်ဘာချော့၏ အရှေ့ဥရောပအပေါ် ချုပ်ကိုင်မှု ပျော့ပျောင်းလာခြင်းသည်လည်း အရှေ့ဥရောပ ပြုပြင်ပြောင်းလဲမှု၏ အကြောင်းရင်း တစ်ရပ်ဖြစ်သည်။

ခဲ့သော ကွန်မြူနစ် နှစ်နှိုင်ငံရှိခြင်း၊ (ဃ) ပြုပြင်ပြောင်းလဲရေး လှုပ်ရှားမှု ဖြစ်လာရာ၌ သွေးထွက်သံယို၊ သတ်ဖြတ်မှုများ ဖြစ်လာသော တစ်နိုင်ငံ၊ ပြင်းထန်စွာ လှုပ်ရှားသော ငါးနိုင်ငံ၊ ဖြည်းညင်းစွာ ပြောင်းလဲမှု ပြုလုပ်နေသော နှစ်နိုင်ငံနှင့် ပြုပြင်ပြောင်းလဲရေးထက် ပြန်လည်ပေါင်းစည်းရေးဘက် ဦးတည်နေသော တစ်နိုင်ငံ ဟူသော ခြားနားချက်များကို တွေ့ရပါသည်။ ဤကား အရှေ့ဥရောပ၏ ဝိသေသများဖြစ်သည်။

ပြဿနာများနှင့် အခြေအနေများ

အရှေ့ဥရောပ နိုင်ငံများ၏ ပြုပြင်ပြောင်းလဲရေးတွင် **စီးပွားရေးနှင့်** နိုင်ငံရေး မည်သည်ကို ဦးစားပေးပြောင်းလဲလာမည်နည်း၊ နှစ်ရပ်စလုံးကို တစ်ပြိုင်တည်း ပြောင်းလဲမည်လော၊ မည်သည့်အတိုင်းအတာအထိ ပြောင်းလဲလာမည် နည်းဟူသော မေးခွန်းများမှာ ယင်းနိုင်ငံများနှင့် သာမက ဆိုဗီယက်ရုရှား၊ အနောက်ဂျာမနီ၊ အမေရိကန် ပြည်ထောင်စုနှင့် အပေါင်းအပါ အနောက်အုပ်စုဝင် နိုင်ငံများအပေါ် တည်ပေသည်။ ယေဘုယျအားဖြင့် စီးပွားရေးပြန်လည်တည်ထောင်ရာ၌ စျေးကွက်စီးပွားရေး (ဝါ) လွတ်လပ်စွာ ကုန်သွယ်ရေးကို လည်းကောင်း၊ နိုင်ငံရေးပွင့်လင်းမှု (ဝါ) လွတ်လပ်မှု အတွက်ပါတီစုံဒီမိုကရေစီကိုလည်းကောင်း ဦးတည်တောင်းဆိုနေကြသော်လည်း အပြောလွယ်သလောက် အလုပ်ခက်နေသည်။ နှစ်ပေါင်း လေးဆယ်ကျော်ကြာ ယိုယွင်းပျက်စီးခဲ့သော စီးပွားရေး၊ နိုင်ငံရေး စနစ်များကို စျေးကွက် စီးပွားရေးနှင့် ပါတီစုံဒီမိုကရေစီတို့နှင့် ချက်ချင်းမပြုပြင်နိုင်ပါ။ ပထဝီဝင်အနေအထား၊ အတိတ် သမိုင်းကြောင်းတို့မှာ ဖျောက်ဖျက်ပြောင်းလဲ မေ့ပစ်၍ မရသော အခြေခံ အကြောင်းတရားကြီးများဖြစ်သည်။ ထို့ပြင် အစဉ်ပြောင်းလဲနေသော နိုင်ငံတကာ ဆက်ဆံရေးကိုလည်း ဥပေက္ခာ ပြုထား၍မရပါ။ နေတိုးစစ်စာချုပ်၊ ဝါဆောစစ်စာချုပ်များ၊ နိုင်ငံခြား စစ်တပ်များနှင့် စစ်စခန်းများ၊ တပ်ဆင်ထားသော လက်နက်များ စသည်တို့ကို မည်သို့မည်ပုံ ဇာတ်လမ်းသိမ်းရမည် ဟူသော ကိစ္စကို ဖြေရှင်းရဦးမည်။ ဂေါ်ဘာချော့ကမူ ဝါဆောစာချုပ်မှ ထွက်လိုသော နိုင်ငံများကို တားမြစ်မည် မဟုတ်ကြောင်းနှင့် နေတိုးအဖွဲ့ကို စစ်ရေးမဟာမိတ်အဖွဲ့မှ နိုင်ငံရေးမဟာမိတ်အသွင်သို့ ကူးပြောင်းသင့်ကြောင်း အတိအလင်း ပြောကြားနေသည်။ အရှေ့ဂျာမနီ၊ ဟန်ဂေရီနှင့် ချက်နိုင်ငံတို့က ဆိုဗီယက်တပ်များ အမြန်ဆုံး ထွက်ခွာစေလိုပြီး ဝါဆောစာချုပ်မှ ထွက်လိုကြသည်။ ပိုလန်ကမူ မိမိနိုင်ငံ၏လုံခြုံရေးအတွက် အာမခံချက်များ မရရှိသေးသမျှ ဆိုဗီယက်တပ်များ ဆက်လက်ထားလိုသေးသည်။ အရှေ့ဥရောပနိုင်ငံတို့သည် အီးစီခေါ် ဥရောပ

အဖွဲ့ကြီးထဲသို့ ဝင်ချင်ကြသည်။ သို့မှသာ စီးပွားရေး တည်ဆောက်မှု အောင်မြင်မည်ဟု ယူဆကြသည်။

အနာဂတ်ဥရောပတည်ဆောက်ရေး

စစ်အေးတိုက်ပွဲပြီးသည့်နောက်ပိုင်း ၂၁ ရာစုဆီသို့ မျှော်မှန်းနေသော ၂၀ ရာစု၏ နောက်ဆုံးဆယ်နှစ်ကာလတွင် ဥရောပတစ်ခုလုံးကို အသစ်ပြန်လည်တည်ဆောက်ရန် ကမ္ဘာ့ ခေါင်းဆောင်ကြီးတို့၌ သီးခြားအစီအစဉ်များ ရှိနေသည်။ ဆိုဗီယက်ခေါင်းဆောင် ဂေါ်ဘာချော့က "ဥရောပဘုံဂေဟာကြီး" တည်ဆောက်ရေးကို အကြံပြုနေသည်။ အမေရိကန်သမ္မတကျော့ဘုရှ်ကမူ "လုတ်လပ်သော တစ်ခုတည်းသောဥရောပ" ဖွဲ့စည်းရေးကိုတင်ပြလာသည်။ ပြင်သစ်ခေါင်းဆောင် ဖရန်ဆွာမီးထရောင်းကမူ "ကျယ်ပြန့်သော ဥရောပပြည်ထောင်များအဖွဲ့ကြီး" ဖွဲ့ချင်သည်။ အီးစီခေါ် ဥရောပအဖွဲ့ကြီး၏ ဥက္ကဋ္ဌဂျက်ဒီလောရစ်ကမူ လက်ရှိဥရောပ ၁၂ နိုင်ငံပါဝင်သော အီးစီ ဥရောပအဖွဲ့ကြီးကို အတွင်းစည်းဝိုင်းအဖြစ် လည်းကောင်း ဆွစ်ဇာလန်၊ ဆွီဒင်၊ နော်ဝေး၊ ဖင်းလန်၊ အိုက်စ်လန်နှင့် သြစတြီးယား ဥရောပခြောက်နိုင်ငံပါဝင်သော အက်ဖ်တာခေါ် ဥရောပလွတ်လပ်သော ကုန်သွယ်ရေးအသင်းကို ဒုတိယစည်းဝိုင်းအဖြစ် လည်းကောင်း၊ အယ်လ်ဘေးနီးယားမပါဘဲ အရှေ့ဥရောပနိုင်ငံများကို တတိယစည်းဝိုင်းအဖြစ်လည်းကောင်း စည်းဝိုင်းသုံးတန်းနှင့် တည်ဆောက်သော ဥရောပဖွဲ့ရန်တင်ပြပါသည်။ ဆိုဗီယက် နိုင်ငံခြားရေးဝန်ကြီး ရှီဗာနာဇေကလည်း အနာဂတ်ဥရောပတည်ဆောက်သင့်သော ပုံစံကို တင်ပြပြန်သည်။ လက်ရှိ စီအက်စ်စီအီး ခေါ် ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ညီလာခံအဖွဲ့ကြီးအပေါ် အခြေခံပြီး မဟာဥရောပကောင်စီဖွဲ့ရန် ယင်းကောင်စီကြီးက ဥရောပတစ်ခုလုံး၏ နိုင်ငံရေး စီးပွားရေးကိစ္စများ စီမံခန့်ခွဲပေးရန်နှင့် စီအက်စ်စီအီးအတွက် အမြဲတမ်း အတွင်းဝန်များရုံးကြီး တည်ထောင်ပေးရန်တို့ ဖြစ်သည်။ အရှေ့ဥရောပ ပြုပြင်ပြောင်းလဲရေးသည် စစ်အေးတိုက်ပွဲအပြီး ဥရောပတိုက်ကြီးတစ်ခုလုံး ပြန်လည် တည်ဆောက်ရေးနှင့် ကြုံနေသည်။


အလားအလာကို အကဲခတ်ခြင်း

အရှေ့ဥရောပ ပြုပြင်ပြောင်းလဲရေးအတွက် စီးပွားရေး၊ ကျွမ်းကျင်မှုနှင့် ခေတ်မီ နည်းပညာများ အကူအညီပေးရန် စိတ်ဝင်စားကြသောနိုင်ငံများမှာ အနောက်ဂျာမနီ၊ အမေရိကန်၊ ပြင်သစ် စသော ဥရောပနိုင်ငံများသာမက ဂျပန်၊ တောင်ကိုရီးယားကဲ့သို့ ဖွံ့ဖြိုးတိုးတက်နေသော အာရှနိုင်ငံများလည်း ပါသည်။ ဤနိုင်ငံများအဖို့ စီးပွားရေး စားကျက်အသစ်များ ရှာခြင်းဖြစ်သည်ကို မငြင်းနိုင်ချေ။ ကွန်မြူနစ် စနစ်ကြောင့် စီးပွားရေး ချုတ်ခြုံကျခဲ့ပြီး နိုင်ငံရေးလွတ်လပ်မှု ဆုံးပါးခဲ့ရပြီဖြစ်သောအရှေ့ဥရောပ နိုင်ငံများအဖို့ဖွံ့ဖြိုးတိုးတက်သော နိုင်ငံသားများထံမှ အကူအညီ ယူလိုက်ပါမှ အရင်းရှင်စနစ်အောက် စီးပွားရေး၊ နိုင်ငံရေး ဩဇာခံဘဝ ရောက်ရမည့် အန္တရာယ်လည်း ရှိသေးသည်။ အရှေ့ဂျာမနီကား ထူးခြားသော အခြေအအနေ ရှိသဖြင့် အခြား အရှေ့ဥရောပ နိုင်ငံများနှင့် မတူပါ။ အနောက်ဂျာမနီနှင့် ပေါင်းစည်းခြင်းသည်ပင် ပြုပြင်ပြောင်းလဲရေး၏ အဓိကခြေလှမ်းဖြစ်သည်။

ထို့ကြောင့် "အရှေ့ဥရောပ နိုင်ငံများ အနေနှင့် စီးပွားရေး ပြုပြင် တည်ဆောက်ရာတွင် ပြင်ပ အကူအညီထက် ပြည်တွင်းခြိုးခြံ ချွေတာရေး အစီအစဉ်များအပေါ် ပိုမို အားတက်လာဖွယ် ရှိကြောင်း" ကို အိုအီးစီဒီခေါ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးအဖွဲ့က ၁၉၉၀ ပြည့်နှစ် ဇွန်လ ၂၉ နေ့တွင် သတိပေးလိုက်ပါသည်။ အဖွဲ့ဝင် ၃၄ နိုင်ငံပါဝင်သော ယင်းအဖွဲ့ကြီးက တင်ပြသော အစီရင်ခံစာ၌ အရှေ့ဥရောပ အစိုးရအဖွဲ့များသည် ယင်းတို့၏ နိုင်ငံသားများကို ငွေကြေး ခြိုးခြံလိုစိတ် ရှိလာအောင် ပိုမိုဆွဲဆောင်ကြိုးပမ်း ကြရလိမ့်မည်။ အရှေ့ဥရောပ နိုင်ငံများသို့ ပြည်ပထောက်ပံ့မှုများ စီးဝင်မှုသည် လာမည့်နှစ်များအတွင်း တိုးပွားလာရန် ရှိလင့်ကစား အဆိုပါရန်ပုံငွေ ပမာဏ သည် စီးပွားရေးအရ များစွာ အထောက်အပံ့ဖြစ်နိုင်မည် မဟုတ်ကြောင်း၊ ဥရောပ အလယ်ပိုင်းနှင့် အရှေ့ ဥရောပနိုင်ငံများသည် စီးပွားရေး ပြုပြင်တည်ဆောက်မှုကို ဘဏ္ဍာငွေဖြည့်ဆည်းရာတွင် ပြည်တွင်းခြိုးခြံစုဆောင်းမှု ခိုင်မာတောင့်တင်းအောင် ဆောင်ရွက်နိုင်ခြင်း ရှိမရှိအပေါ် မူတည်ဖွယ်ရှိသည်။ အရှေ့ဥရောပ စီးပွားရေး ပြုပြင်ညှိနှိုင်းမှု ပြဿနာများ ဖြေရှင်းရာတွင် ပြည်ပမှ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု ရရှိရေးသည် အကောင်းဆုံးနည်းလမ်းဟု ကျယ်ကျယ်ပြန့်ပြန့် ရှုမြင်နေကြသည်။ ယင်းအမြင်ကို သတိပြု လက်ခံသင့်သည်။ နိုင်ငံခြားမှ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု အမြောက်အမြား ရရှိရေးသည် စီးပွားရေး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များ အကောင်အထည် ဖော်သည့် နှုန်းအပေါ် မူတည်နေမည်ဟု ယင်းအဖွဲ့ အစီရင်ခံစာတွင် သုံးသပ်ပြထားပါသည်။

မည်သို့ပင်ရှိစေ၊ ဥရောပ ပြုပြင် ပြောင်းလဲမှုသည် အရှိန်အဟုန်နှင့် ဆက်လက် ဖြစ်ပေါ်နေဦးမည်။

ဒေါက်တာခင်မောင်ညွန့်



ကျန်းမာသောကလေးများမွေးဖွားပေးနေပုံ





အရွေတောင်အာဂျ အတွက် မရှိမဖြစ် ဆေးဝါးနှင့် ကာကွယ်ကုသဆေး သုတေသနပြုဖော်ထုတ်သူများ။



ဆရာဝန်များ ကားဖြင့် လှည့်၍ ပဏာမကျန်းမာရေး ဆောင်ရွက်ပေးကြပုံ

ပဏာမ ကျန်းမာရေးစောင့်ရှောက်မှု

နိဒါန်း

ပဏာမ ကျန်းမာရေး စောင့်ရှောက်မှု (Primary Health Care) ဟူသောစကားသည် ယခုအခါ ကမ္ဘာ့နိုင်ငံအားလုံး၌ ပို့ချနှံ့တာစားလျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ပဏာမ ကျန်းမာရေး ၊စောင့်ရှောက်မှုလုပ်ငန်းကို လုပ်ကိုင်ရန် ပြည်သူ့ကျန်းမာရေး စီမံချက်များ (၁၉၇၇–၇၈ မှ ၁၉၈၉–၉၀) တွင် ထည့်သွင်းရေးဆွဲထားပေသည်။

စင်စစ် ပဏာမကျန်းမာရေး စောင့်ရှောက်မှုဟူသော ဝေါဟာရသည် ၁၉၇၈ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့၌ ဆိုဗီယက်ယူနီယံ အယ်လ်မာအေတာ (Alma Ata) မြို့တော်၌ ပြုလုပ်သည့် နိုင်ငံတကာ အစည်းအဝေးမှ ကြေညာချက်စာတမ်းအရ ထွက်ပေါ်လာခြင်းဖြစ်သည်။

ယင်းကြေညာစာတမ်းအရ–

(၁) ကျန်းမာခြင်းဟူသည် ရောဂါဘယ ကင်းဝေးခြင်းသာမက ရုပ်ရော၊ စိတ်ရော၊ လူမှုဆက်ဆံရေးပါ အစစအဆင်ပြေ နေကောင်းသည့် အခြေအနေကို ခေါ်၍ ယင်းအခြေအနေကို လူတိုင်း၏ ရပိုင်ခွင့် လူ့အခွင့်အရေး (Human Rights) အဖြစ် အားလုံးက သဘောတူကြသည်။

(၂) ယခုအခါ ဖွံ့ဖြိုးသောနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ကျန်းမာရေး အဆင့်အတန်း ကွာဟချက်ရှိသကဲ့သို့ နိုင်ငံတိုင်းတွင် တောနှင့်မြို့၊ ဆင်းရဲသူနှင့် ချမ်းသာသူများကြား၌လည်း ကွာဟချက်ရှိရာ ယင်းကွာဟချက်များကို လက်မခံနိုင်ဟုလည်း ဆုံးဖြတ်ကြသည်။

(၃) သို့ဖြစ်၍ နိုင်ငံတကာ၏ စီးပွားရေးနှင့် လူမှုရေး နယ်ပယ်၌တိုးတက်မှုရှိစေရန် ကျန်းမာရေး ကွာဟချက်များကို ပပျောက်အောင်ဆောင်ရွက်ရမည်ဟု သဘောတူကြသည်။

(၄) ဤသို့ ကျန်းမာရေးအဆင့်မြင့်အောင် ဆောင်ရွက်ရာ၌ ပြည်သူလူထုက ညီညာဖျဖျ ဝိုင်းဝန်းပါဝင်ကြရန် နှိုးဆော်သည်။

(၅) ဤပဏာမကျန်းမာရေး စောင့်ရှောက်မှုဟူသော သဘောတရားသည် လူတိုင်း ရပိုင်ခွင့်ရှိသော မရှိမဖြစ် ဆေးဘက်နှင့်ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများဖြစ်၍ နိုင်ငံတိုင်း၏ မိမိ၏နိုင်ငံရေး အခြေအနေ၊ သယံဇာတနှင့် စီးပွားရေးအခြေအနေများကို ကြည့်၍ ဆောင်ရွက်ကြရမည်ဟု သတ်မှတ်သည်။ ဤကျန်းမာရေးဆောင်ရွက်ချက်သည် လူတိုင်း၊ မိသားစုတိုင်း၊ လူထု လူအစုအဝေးဝိုင်း နိုင်ငံ၏ ကျန်းမာရေးစနစ် (၀၁) ကျန်းမာရေးဦးစီးဌာနနှင့် စတင် ထိတွေ့သော လုပ်ငန်းပထမအဆင့်ဟု သတ်မှတ်ကြသည်။

(၆) ဤပထမအဆင့်၌ လူတစ်ဦးချင်း၊ မိသားစုတစ်ခုချင်း၊ လူစုလူဝေး တစ်အုပ်စုချင်းအတွက် ဆေးကုသရေးသာမက ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေး၊ ကျန်းမာရေး အဆင့်မြှင့်ရေးနှင့် ဆေးပညာပေး လုပ်ငန်းများကို ဆောင်ရွက်ရမည်ဟု သတ်မှတ်ကြသည်။

(၇) အခြေခံအားဖြင့် ပဏာမ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းတွင်–

- ပညာပေးရေးလုပ်ငန်း၊
- အာဟာရပြည့်ဝရေးလုပ်ငန်း၊
- ရေကောင်းရေသန့်ပေးရေးလုပ်ငန်း၊
- မိခင်နှင့် ကလေး စောင့်ရှောက်မှုနှင့် သန္ဓေတားရေးလုပ်ငန်း၊
- ကူးစက်ရောဂါ ကာကွယ်ဆေး ထိုးပေးရေးလုပ်ငန်း၊
- ဒေသခံအဖြစ်များသောရောဂါများ ကာကွယ်ကုသရေးလုပ်ငန်း၊
- ဖြစ်လေ့ရှိသော ရောဂါဘယများကို ကာကွယ်ကုသရေးလုပ်ငန်း၊
- မရှိမဖြစ်လိုအပ်သော ဆေးဝါးများ ရရှိအောင် ဆောင်ရွက်ရန်လုပ်ငန်းတို့ ပါဝင်ပေသည်။

(၈) ဤသို့ဆောင်ရွက်ရာ၌ အစိုးရ၊ ပြည်သူနှင့် ကျန်းမာရေးဝန်ထမ်းအားလုံး ပူးပေါင်း ဆောင်ရွက်ကြရ

မည်။ သို့မှသာလျှင် သက္ကရာဇ် ၂၀၀၀ ၌ လူတိုင်း ကျန်းမာကြမည်ဟု ကြေညာလေသည်။

ပဏာမကျန်းမာရေးစောင့်ရှောက်သောသမားတော်

ဤသို့ဆောင်ရွက်ရာ၌ အဓိကပုဂ္ဂိုလ်များမှာ ဆရာဝန်နှင့် ဆေးပညာရှင်များသာ ဖြစ်သည်။ အကြောင်းမူ ၎င်းတို့သည်၌ ဤစီမံကိန်း အောင်မြင်ရေးအတွက် အစိုးရကိုလည်း အကြံပြု ရှင်းလင်းတင်ပြရသည်။ လိုအပ်သော စီမံချက်များကိုလည်း ရေးဆွဲရသည်။ အကောင်အထည် ဖော်ရာတွင် လိုအပ်သည့်လူအင်အားရအောင်လည်း လူစုရသင်ပေးရသည်။ မိမိတို့ကိုယ်တိုင်လည်း ပညာပေး၊ ဆေးကု၊ ဟောပြော၊ မှတ်တမ်းတင်ကြရလေသည်။

ဤခေါ်းပညာရှင်ဆရာဝန်များထဲ၌ လူထုနှင့် ပထမတွေ့သောသူ၊ လူနာများကို ပထမစတင်စမ်းသပ်၊ ကုသ၊ အကြံပေး၊ ပညာပေးသူများသည် အရေးအကြီးဆုံးဖြစ်ပါသည်။ ယင်းဆရာဝန်များကို ပဏာမ ကျန်းမာရေးဆရာဝန်များ သို့မဟုတ် ပထမလူနာကိုစတင်ထိတွေ့သော ဆရာဝန်းသမားတော်များ (Primary Care Physicians) ဟုခေါ်ပါသည်။ အမေရိကန်ပြည်ထောင်စု၌ ဆရာဝန်အားလုံးကို သမားတော် (Physician) ဟု ခေါ်ပါသည်။ အင်္ဂလန်၌သာလျှင် သမားတော်ဆိုသည်မှာ မခွဲမစိတ်ဘဲ ဆေးပညာဖြင့်ကုသသူဟု အဓိပ္ပာယ်ရောက်ပါ၏။

သို့ဆိုလျှင် ပဏာမ သမားတော် (၀ါ) ပထမ ထိတွေ့သော ဆရာဝန် ဆိုသည် မှာ အဘယ် ကဲ့ သို့ သော ဆရာဝန်နည်း။

ဤမေးခွန်းအတွက် အဖြေမှာ သုံးခုရှိပါသည်။

ပထမအဖြေမှာ ပထမသမားတော်ဟူသည် မိမိထံလာနေကျ လူနာတစ်ဦး၏ ရောဂါဘယအားလုံး သို့မဟုတ် အများစုကို ပထမကြည့်ရှုကုသပေးသူဖြစ်၏။ ဤသို့ဆိုက အမေရိကန်ပြည်ထောင်စုတွင်လေ့လာကြည့်ရာ အထွေထွေရောဂါကု ဆရာဝန်သည် ၃၆ ရာခိုင်နှုန်းသော လူနာအားလုံး၏ ရောဂါကို ကုသပေး၍ ၃၉ ရာခိုင်နှုန်းသော လူနာများ၏ ရောဂါအများစုကို ကုသပေးသည်ဟူ၏။ ဆိုလိုသည်မှာ ၇၅ ရာခိုင်နှုန်းကို အထွေထွေရောဂါကု ဆရာဝန်က ပထမဆုံး စမ်းသပ်ကုပေးသည်။

ဒုတိယအထူးကုဆရာဝန်များမှာမူ လူနာအားလုံး၏ ၁၆ ရာနှုန်းကိုသာ အားလုံးကြည့်ကုပေးပြီး ၃၀ ရာနှုန်းကိုသာ ရောဂါအများအတွက်ကုပေး၏။ စုစုပေါင်း ၅၄ ရာနှုန်းသော လူနာကိုသာ ပဏာမကြည့်ရှုစောင့်ရှောက်သည်။

ဒုတိယအဖြေမှာ ပဏာမကျန်းမာရေးဆရာဝန်ဟူသည် မိမိနေရာဒေသမှလူအများ ဖြစ်လေ့ရှိသော ရောဂါအများစုကို ကုသပေးသူဟူ၏။ ဤအတိုင်းဆိုက အမေရိကန်ပြည်ထောင်စုသည် ၂၀ ရာနှုန်းသော ဖြစ်တတ်သော ရောဂါရှင်များသာ အထူးကုများထံ ပထမသွား၍ ၉၉ ရာနှုန်းသော လူနာများမှာ အထွေထွေရောဂါကုဆရာဝန်များထံ သွားအကုခံသည်ဟု သိရ၏။

တတိယအဖြေမှာ လူနာတစ်ယောက်တွင် ရောဂါရှိ၍ စစ်ဆေးစုံစမ်းမှုအများကြီးပြုလုပ်ရသောအခါ လူနာသည် မည်သည့်ဆရာဝန်မျိုးကို အားအကိုးဆုံးနည်း၊ ထိုသို့ အားကိုးခံရသောဆရာဝန်သည်သာ ပဏာမကျန်းမာရေးဆရာဝန်ဖြစ်သည်ဆို၏။

ဥပမာအားဖြင့် လူတစ်ယောက်တွင် သွေးတိုးရောဂါရှိပါက သွေးအားတိုင်းခြင်း၊ ဆီးစစ်ခြင်း၊ သွေးစစ်ခြင်း၊ ဓာတ်မှန်ရိုက်ခြင်းနှင့် အီးစီဂျီ နှလုံးလျှပ်စီးတိုင်းခြင်းတို့ကို ပြုလုပ်ရက ယင်းစုံစမ်းမှုအားလုံး၏ အဖြေကို မည်သည့် ဆရာဝန်က ဖြေပြပေးသနည်းဟူ၍ဖြစ်သည်။

ထိုအခါ လေ့လာဆန်းစစ်ရာ၌ အထူးကုဆရာဝန် ၆ ရာနှုန်းသာ ထိုသို့အားကိုးခံရ၍ အထွေထွေ ရောဂါကု ဆရာဝန်များမှာ ၃၇ ရာနှုန်းအားကိုးခံရသည်။ စင်စစ် အထွေထွေ ဖျားနာရောဂါကုသမားတော်များနှင့် ကလေးရောဂါကုဆရာဝန်များ ပေါင်းလိုက်ပါက အထွေထွေရောဂါကုဆရာဝန်များသည် လူနာ ၈၈ ရာနှုန်း၏ပဏာမကျန်းမာရေးစောင့်ရှောက်မှုကိုပေးသော ပထမဆရာဝန်များ ဖြစ်ကြသည်ဟူ၏။

သို့ဖြစ်၍ အနှစ်ချုပ်လိုက်သောအခါ ပြည်သူလူထုကျန်းမာရေးအတွက် လူထုနှင့်အနီးကပ်ဆုံး စုံမ်းဆောင်၊ နေထိုင် ကုသပေးနေသူမှာ အထွေထွေရောဂါကုဆရာဝန်များ ဖြစ်သည်။ ဤအထဲ၌ မိသားစုဆရာဝန်၊ အထွေထွေရောဂါကုသမားတော်နှင့် အထွေထွေ ကလေးရောဂါကုဆရာဝန်များ ပါပေသည်။ ယင်းတို့အားလုံးပင် ပဂ္ဂလိကဆေးခန်းထိုင် ဆရာဝန်များသာ ဖြစ်ပေ၏။

တောနှင့်မြို့ ကျန်းမာရေး ကွာဟချက်

ဤအခြေအနေမှာ မြန်မာနိုင်ငံ၏ အခြေအနေနှင့် သိပ်မကွာလှပေ။ အကြောင်းမူ မြန်မာနိုင်ငံ၌လည်း ကိုယ်ပိုင်ဆေးခန်း၊ သမဂ္ဂိယမဆေးခန်းနှင့် လုပ်သားဆေးခန်းများသည်သာ လူနာများကို ပထမဆုံး စတင်ထိတွေ့ ကုသရာနေရာများ ဖြစ်သောကြောင့် ပေတည်း။ အစိုးရပိုင်ပြည်သူ့ဆေးရုံ၊ ဆေးခန်းများဆိုသည်မှာ မြို့ကြီးမြို့ငယ်များ၌သာရှိ၏။ တောလက်ကျေးရွာများ၌မရှိပေ။ ကျေးလက်တောရွာများ၌ နေသော လူဦးရေမှာလည်း နိုင်ငံလူဦးရေ၏ ၈၀ ရာနှုန်းမျှရှိပေ၏။ တောနှင့်မြို့

ကျန်းမာရေး ကွာဟချက်မှာ မြန်မာနိုင်ငံ၌ ကြီးမား လျက်ပင် ရှိပါသေးသည်။

တောနှင့်မြို့ကျန်းမာရေးကွာဟချက်သိရန် ၁၉၇၇–၇၈ ခုနှစ်ကတည်းက စီမံထားခဲ့သော ပြည်သူ့ကျန်းမာရေး စီမံချက်မှ စာရင်းဇယားများကိုပင် ကြည့်၍ သိနိုင်ပါသည်။

၁၉၇၇–၇၈ မှ ၁၉၈၁–၈၂ အထိ ဆွဲထားသည့် ပြည်သူ့ကျန်းမာရေးစီမံချက် ၁ ၌ မြို့နယ် ၁၄၇ ခု သို့မဟုတ် လူဦးရေ၏ ၅၀ ရာနှုန်းကိုသာ ငုံမိအောင် ဆောင်ရွက်ရန် လျာထား၍ ၁၉၈၂–၈၃ မှ ၁၉၈၅–၈၆ အထိ ပြည်သူ့ကျန်းမာရေးစီမံချက် ၂ ၌ နောက်ထပ်မြို့နယ် ၁၆၇ သို့မဟုတ် လူဦးရေအားလုံး (၁၀၀ ရာနှုန်း) ကို ငုံမိရန်လျာထားခဲ့သည်။ သို့သော် ၁၉၈၈ ခုနှစ်မှစ၍ ယင်းလုပ်ငန်းများသည် ရပ်ဆိုင်းသွားလေသည်။

ယင်းလုပ်ငန်းများ၌ အခြေခံကျန်းမာရေး လုပ်ငန်းများ၊ ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ၊ ကလေးများ ရောဂါခြောက်မျိုးကာကွယ်ရေးလုပ်ငန်း၊ တိရစ္ဆာန်ကြွေးခံကူးစက်ရောဂါ ကာကွယ်ရေး လုပ်ငန်းနှင့် မိသားစုကျန်းမာရေး လုပ်ငန်းများ ပါဝင်လေသည်။

ယခုအထိ ကျန်းမာရေးအဆင့်အတန်း တိုးတက်မှုမှာ အောက်ပါအတိုင်းဖြစ်၏။

၁၉၇၇ ခုနှစ်တွင် လူသေနှုန်း လူ ၁၀၀၀ တွင် ၁၀ ဒသမ ၄ ရှိရာမှ ၁၉၈၈ ခုနှစ်တွင် ၈ ဒသမ ၄ သို့၊ တစ်နှစ်အောက်ကလေးငယ်များသေဆုံးမှုမှာ ကလေး ၁၀၀၀ တွင် ၅၆ ဒသမ ၃ မှ ၄၄ ဒသမ ၃ သို့၊ မိခင်သေဆုံးမှုမှာ ကလေးအရှင် ၁၀၀၀ မွေးရာတွင် တစ်ယောက်မှ ဝ ဒသမ ၉ သို့၊ လူများ၏ သက်တမ်းမှာ ၁၉၇၇ ခုနှစ်တွင် ကျား ၅၆ ဒသမ ၃ နှစ်မှ ၆၀ ဒသမ ၅ နှစ်သို့၊ မ ၆၀ ဒသမ ၂ နှစ်မှ ၆၄ ဒသမ ၇ နှစ်သို့ ဖြစ်၍ သိပ်ထူးခြားမှုမရှိသေးပေ။

စင်စစ် ဆရာဝန်များ မြို့ကြီး မြို့ငယ်များ၌ စုပုံနေပြီး နယ်ကျေးလက်များ၌ မရှိသလောက် နည်းနေခြင်းမှာ ပြည်သူ့ ကျန်းမာရေး တိုးတက်မှု နှေးကွေး ခြင်း၏ အကြောင်းရင်းတစ်ခု ဖြစ်ပါသည်။ ကျေးရွာတိုင်း၌ ဆရာဝန် သို့မဟုတ် ဆေးမှူး၊ ကျန်းမာရေးမှူးများရှိ၍ ကျေးလက်လူထု၏ ပဏာမ ကျန်းမာရေး စောင့်ရှောက်မှုကို ဆောင်ရွက်နိုင်ပါက ကျန်းမာရေး အဆင့်အတန်းသည် ယခုထက်အဟုန်ကြီးစွာ တိုးတက်လာနိုင်ပေသည်။

အမေရိကန် ပြည်ထောင်စုမှ ဥပမာ

အမေရိကန်ပြည်ထောင်စု၏ ဥပမာကိုပင် ကြည့်ပါ။ ၁၉၆၇ ခုနှစ်၌ နယူးဂျာစီ ပြည်နယ်မှ ထရီတွန် မြို့ကလေး (Treton, New Jersey) ၌ လူဦးရေ ၃၄,၀၀၀ ရှိရာ ၅၆ ရာနှုန်းမျှ လူမည်းနှင့် ပျူတာရီကို လူမျိုးတို့ဖြစ်၏။ အားလုံး ဆင်းရဲကြ၏။ အဖေမပေါ် ကလေးမွေးမှု ၄၄ ဒသမ ၂ ရာနှုန်းရှိ၍ကလေးသေနှုန်းမြင့်မား၏။ ကာလသားရောဂါ၊ တီဘီရောဂါနှင့်သွေးတိုးရောဂါ အဖြစ်များ၏။ သို့သော် အများစုသည် ဆေးကုသခံမတတ်နိုင်ကြ။ သို့ဖြစ်၍ ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရသည် ထိုနေရာကို ဆေးဘက် စောင့်ရှောက်မှု နည်းပါးသောနေရာ (Medical Underserved Area, MUA) ဟု သတ်မှတ်ကာ လူတိုင်းဆေးကုသခွင့်ရှိသော ဆေးခန်းတစ်ခုဖွင့်၍ ဆောင်ရွက်ပေးခဲ့သည်။ ထိုဆေးခန်းမှ ဆေးကုသခြင်း၊ သွားရောဂါ ကုသခြင်း၊ ကလေးမွေးခြင်းနှင့် ကာကွယ်ရေးနှင့် ကျန်းမာရေး ပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့လေသည်။

ဤသို့ အစိုးရက အလကားကု ပြည်သူ့ဆေးခန်းများဖွင့်ပေးသဖြင့် ကိုယ်ပိုင်ဆေးခန်းများစွာမှာ ပိတ်သွားရသည်ဟု သိရပေသည်။ ယင်း ကိုယ်ပိုင် ဆေးခန်းများမှ ဆရာဝန်များအနေဖြင့် အခြားနေရာများတွင် ဆေးခန်းဖွင့်လိုက သွားဖွင့်နိုင်၍ ထိုအစိုးရ ပြည်သူ့ ဆေးခန်းအလုပ် လုပ်လိုကလည်း တစ်နှစ်လျှင် လစာဒေါ်လာ တစ်သိန်းကျော်ဖြင့် လုပ်နိုင်ကြသည်ဟူ၏။

ဤသို့ တောလက် ကျေးရွာများ၌ ဆရာဝန်နှင့် ဆေးခန်းရှားပါးမှုကို ဖြေရှင်းရန် အခွို့ "သူရဲကောင်းဆရာဝန်" များသည် ရွှေလင်းယုန်၏သူဝတ္ထုမှ ဒေါက်တာမြင့်မောင်၏စိတ်ဓာတ်၊ ဒေါက်တာအဲလဘတ်ရှိုက်ဇာနှင့် ဒေါက်တာ နော်မန်ဗက်သွန်းတို့၏ ထုံးကို နှလုံးမူကာ ကျေးလက် တောရွာမြို့ငယ် ဇနပုဒ်များသို့ ပြန်သွား၍ ဆေးကုနေကြသည်ဟု သိရ၏။ ဒေါက်တာ ဂျင် အဒမ်စ် (Dr. Jim Adams) ၏ အဖြစ်ကိုပင်ကြည့်ပါ။

သူသည် ၁၉၇၆ ခုနှစ်က ဆရာဝန်ဘွဲ့ရပြီး သူ၏မွေးရာဇာတိ မစ္စီစီပီပြည်နယ် ရို့စ်ဒေးလ်(Rosedaly, Missisipi) မြို့ငယ်သို့ ပြန်သွားခဲ့သည်။ သူပြန်သွားစဉ်က သူမြို့တွင် ဆရာဝန်တစ်ဦးမျှမရှိ။ သူမြို့၏လူဦးရေမှာလည်း ၂,၇၀၀ သာ ရှိသည်။ သူသည် အသက် ၃၀ ရှယ် ဆရာဝန်လူငယ်တစ်ဦးအနေဖြင့် ကိုယ်ထူကိုယ်ထဆေးခန်းကို စထောင်ရသည်။ လူနာများကို ဆေးခန်းတွင်သာမက အိမ်သို့ပါ လိုက်ကုသပေးရသည်။ လူဦးရေ၏တစ်ဝက်မှာ လူမည်းများဖြစ်၍ဆင်းရဲလှသည်။ သူတို့သည် စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်းနှင့် ပံ့ကျအလုပ်တို့ကို လုပ်ကိုင်ကြလေသည်။

သူရောက်စ၌ မြို့၏အစိုးရဆေးရုံမှာလည်း ဆရာဝန်မရှိ။ သူသည် ထိုဆေးရုံကိုလည်း ပြန်လည် ထူထောင်ပေးသည်။ ခုတင် ၂၅ ခုတင်ဆံ့ ဆေးရုံတွင် အတွင်းလူနာ

များကို တင်ကုသပေးသည်။ ခဲစိတ်စရာရှိက သူကိုယ်တိုင် ခဲစိတ်သည်။ ကိုယ်ဝန်ဆောင်များကိုလည်း ကလေးမွေးပေး၏။ ဤအတွက် ဒေါက်တာအဒမ်စ်သည် အစိုးရထံမှတစ်နှစ်လျှင် လစာ ဒေါ်လာ ၃၀,၀၀၀ ရလေသည်။ မြို့ကြီးများရှိ ပြင်ပဆရာဝန်များ ရသောဝင်ငွေ၏ ထက်ဝက်မျှပင် မရှိပေ။ သို့သော် သူသည် သုံးနှစ်မျှ ထိုရာထူး၌ ဆက်လုပ်ခဲ့၏။ နောက်ပိုင်းတွင် အစိုးရအလုပ်မှ ထွက်ကာ ထိုမြို့၌ပင် ကိုယ်ပိုင်ဆေးခန်းဖွင့်တော့သည်။ ရှေးက အစိုးရလူနာများသည် သူလူနာများ ဖြစ်လာလေသည်။

ယခုမူသူ၏ဝင်ငွေမှာ အိမ်တစ်ဆောင် မီးတပြောင်နှင့် နေလို့ရပြီ။ ဇနီးနှင့်အတူနေ၏။ သားသုံးယောက်လည်း ရှိနေပြီ။ နောက်ထပ် ဆရာဝန်တစ်ယောက်ကို လက်ထောက်အဖြစ် ငှားရန် ဆွယ်တရားဟောနေပေသည်။ ထိုမြို့ဇာတိနောက်ဆုံးနှစ် ဆေးကျောင်းသားတစ်ယောက်သည် ဘွဲ့ရပါက မြို့ပြန်အလုပ်လုပ်မည်ဟု ကတိပေးထားပေသည်။ ထိုသူ၏ကတိကို သူယုံကာ စောင့်နေ၏။ မစောင့်၍မဖြစ်။ ယခု သူ၏ ဆေးခန်းလူနာမှာ တစ်နေ့ ၄၀ ကျော် ၅၀ ခန့် ရှိနေလေပြီ။ သူသာလျှင် တကယ့်ပဏာမ ကျန်းမာရေး စောင့်ရှောက်မှုကိုပေးသော ဆရာဝန်ပေ။

ဆေးတက္ကသိုလ်နှင့် ဆေးကျောင်းသားများ ကဏ္ဍ

ကျန်းမာရေး ပညာပေးမှုနှင့် ပတ်သက်၍မူ ဆေးတက္ကသိုလ်များမှ ဆရာဝန်များသည် တောလက်ကျေးရွာများသို့ ဆင်း၍ ဆေးကုရင်းပညာပေး၊ ပညာပေးရင်း ဆေးကုနေကြသည်။ သူတို့နှင့်အတူ ဆေးကျောင်းသားများကိုလည်း ကွင်းဆင်းပညာသင်အဖြစ် ခေါ်သွားကြသည်။ မြန်မာနိုင်ငံ၌ နောက်ဆုံးနှစ်အပိုင်း 'က' ကျောင်းသားများ ကွင်းဆင်းသလို ဆရာမဲ့၊ အကုပ်မဲ့မဟုတ်။ ဆေးကက္ကသိုလ်မှ ဆရာဝန်ကြီးများကိုယ်တိုင် ကြီးကြပ်လိုက်ပါ၍ ကျေးရွာများရောက်သောအခါ မြို့မိမြို့ဖများနှင့် တိုင်ပင်ကာ စနစ်တကျ ပညာပေးဟောပြောမှု ပြုကြသည်။ အခမဲ့ စမ်းသပ်ကုသပေးကြသည်။ ထိုသို့ ကုသပေးရာ၌ တစ်ရက်ကို ရောဂါတစ်မျိုး သတ်မှတ်ကုသပေးသည်။ ဥပမာ ယနေ့သွေးတိုးကုသောနေ့၊ နောက်နေ့တွင် အသည်းရောဂါ ကုသောနေ့၊ နောက်နေ့တွင် ကင်ဆာရောဂါ ရှာဖွေကုသောနေ့ စသည်ဖြင့် ဖြစ်သည်။

ထိုသို့ပြုလုပ်ပေးခြင်းဖြင့် ဒေသခံပြည်သူများမှာလည်း ကျန်းမာရေး ပညာရသည်။ ဆေးအလကား အကုခံရသည်။ လာရောက်သော ဆေးပညာ ပါမောက္ခများနှင့် ဆေးကျောင်းသားများသည်လည်း ဒေသ၏ ရောဂါအခြေအနေ၊ လူတွေ့၏အကြောင်းကို စနစ်တကျသိကြရသည်။ သို့ဖြင့် ဆေးကျောင်းသားများသည် ပြည်သူနှင့်အနီးစပ်ဆုံးဖြစ်သော ပဏာမ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းကို နားလည် သဘောပေါက် နှစ်ခြိုက်လာကြသည်။ ဆရာဝန်ဘွဲ့ရသောအခါ တောရွာကျေးလက်နှင့် မြို့ငယ်များသို့ သွားရန် ဝန်မလေးရုံမက စိတ်စေ့၍ပင် နေကြသည်ဟု သိရလေသည်။

အထွေထွေရောဂါကု ဆရာဝန်တို့၏ကဏ္ဍ

အထွေထွေရောဂါကုဆရာဝန် (General Practitioner) ဆိုသည်မှာ အသက်အရွယ်မရွေး၊ ကျားမမရွေး ခန္ဓာကိုယ်ရောဂါ၊ စိတ်ရောဂါ၊ ကူးစက်ရောဂါ မှန်သမျှကို ရောဂါရှာဖွေစမ်းသပ်ကုသကြရမည့် အခြေခံဆရာဝန်များ ဖြစ်ပါသည်။ သူတို့သည် ပြည်သူလူဆု၏ ပထမဦးစွာ အားထားရသော ဆရာဝန်များဖြစ်၏။ ပြည်သူလူထုနှင့် ပထမဆုံး တိတွေ့ရပြီး သူတို့ကညွှန်းမှ၊ မနိုင်မှသာလျှင် အထူးကုဆရာဝန်ကြီးများ၊ ဥပမာ နှလုံးရောဂါအထူးကု၊ အရိုးအထူးကုနှင့် သားဖွားမီးယပ် အထူးကုတို့သည် ဆက်လက်ကုသကြရပါမည်။

အင်္ဂလန်နိုင်ငံ၌ဆိုက လူနာများသည် အထူးကုဆရာဝန်ကြီးများထံ တန်းဝင်သွားမပြနိုင်ပါ။ မိမိတို့စာရင်းပေးထားသော အထွေထွေရောဂါကု ဆရာဝန်ထံ ပြသပြီးမှ သူကညွှန်းမှသာ အထူးကုဆရာဝန်ကြီးများနှင့် ဆေးရုံများသို့ သွားပြနိုင်ပါသည်။ ဟောင်ကောင်၊ မလေးရှားနှင့် သြစတြေးလျ စသော အင်္ဂလိပ်သြဇာမကင်းသည့်နိုင်ငံများ၌လည်း ထို့အတူပင် ဖြစ်ပါသည်။

အမေရိကန်ပြည်ထောင်စု၌မူ လူနာများသည် မိမိတို့ကြိုက်ရာဆရာဝန်များကို ရောဂါရရချင်း ပထမပြသနိုင်ကြပါသည်။ သို့တိုင် အထွေတွေရောဂါကုဆရာဝန်၊ မိသားစုဆရာဝန်၊ အထွေထွေသမားတော်နှင့် အထွေထွေကလေးရောဂါကုဆရာဝန်တို့ကိုသာလျှင် "ပထမ ထိတွေ့ရသောဆရာဝန်" (Primary Physician or Doctor) ဟု သတ်မှတ်ထားပါသည်။ သူတို့က ဆက်ညွှန်းမှသာလျှင် အခြားအထူးကုများနှင့် ဆက်သွယ်ကုသခံကြရပါသည်။

အင်္ဂလန်၊ သြစတြေးလျ၊ ဟောင်ကောင်၊ မလေးရှား၊ စင်ကာပူ စသောနိုင်ငံများ၌ အထွေထွေရောဂါကု ဆေးပညာကို အထူးကုဘာသာရပ်တစ်ခုအဖြစ် သတ်မှတ်၍ "အထွေထွေရောဂါကုဆရာဝန်များကောလိပ်" (College of General Practitioners) ဖွဲ့ကာ အက်ဖ်အာစီအက်စ် (FRCS)၊ အမ်အာရ်စီပီ (MRCP) စသော ခဲစိတ်ကုကောလိပ်ဝင်၊ သမားတော် ကောလိပ်ဝင် ဆရာဝန်များ

လိုပင် သူတို့၏ အထွေထွေရောဂါကု ဆရာဝန်များ၏ အဆင့်ကို မြှင့်ပေးလျက်ရှိပါသည်။

စင်စစ် အရှေ့ဥရောပနိုင်ငံများမှလွဲ၍ နိုင်ငံအားလုံး၌ ဆေးပညာကို သင်ကြားပေးရာတွင် ဖြစ်ပွားလေ့ရှိသော ရောဂါများ၊ တွေ့ကြုံရတတ်သောဝေဒနာများအားလုံးကို အသက်အရွယ်မရွေး၊ ကျားမမရွေး ဝေဒနာရှင်အားလုံးကိုကုသနိုင်ရန် သင်ကြားပေးကြပါသည်။ မြန်မာနိုင်ငံ၌ ဆိုပါက ၁၉၂၄ ခုနှစ်တွင် ဆေးကောလိပ်စဖွင့်ကတည်းက မြန်မာနိုင်ငံဆရာဝန်များသည် ရောဂါမျိုးစုံကို ကုသနိုင်အောင် သင်ကြားပေးခဲ့ပါသည်။

လူနာများကိုပညာပေးရန်မှာ သမားတို့၏တာဝန်

ဆရာဝန်တစ်ယောက်အနေဖြင့် ဆေးကုသခြင်းကိုပြုလုပ်ရမည်ဖြစ်သော်လည်း ဆေးကုသခြင်းအလုပ်သာလျှင် ဆရာဝန်၏အလုပ်တာဝန်မဟုတ်ပါ။ ဆရာဝန်တစ်ဦးသည် လူနာများ နားလည်အောင် ရောဂါ၏အကြောင်းကို ရှင်းပြရန်၊ ပေးထားသောဆေးများကို သုံးစွဲပုံသုံးစွဲနည်းနှင့် ဘေးအန္တရာယ်များကို ပြောပြရန်လည်း တာဝန်ရှိပါသည်။

စင်စစ် ဆေးပညာဘွဲ့ရ ဆရာဝန် တစ်ဦးစီ၏ တာဝန်များမှာ ငါးခုမျှရှိ၍ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) မိမိထံဆည်းကပ်လာသောလူနာများအား ဝေဒနာပျောက်ကင်းအောင် ကုသပေးရန်၊

(၂) ထိုလူနာနှင့် လူနာ၏မိသားစုအား ယင်းလူနာ၏ ရောဂါအကြောင်း၊ ယခုအခြေအနေ၊ ပျောက်ရန် အခွင့်အလမ်း၊ သတိထားရမည့်အချက် စသည်တို့ကို အေးအေးဆေးဆေးပြောပြရန်၊

(၃) လိုအပ်ပါက လူနာနှင့် လူနာ၏မိသားစုအား ရောဂါအကြောင်းရေးထားသည့် စာရွက်စာတမ်း၊ ရုပ်ပုံကားချပ်၊ ပုံနှိပ်ထားသည့် ညွှန်ကြားချက်များပေးရန်။ တတ်နိုင်က ဆေးပညာပေး ရုပ်ပြစာအုပ်၊ ရုပ်ရှင်၊ ဗီဒီယိုများ ပြသရန်၊

(၄) ပေးထားသောဆေးဝါးနှင့် လိုက်နာရမည့်အခြားအချက်များ ဥပမာ–အစားအသောက်၊ ကိုယ်လက်လေ့ကျင့်ခန်း၊ ရှောင်ရန် ဆောင်ရန် အစာများ စသည်တို့ကို ရှင်းပြ၍ ရောဂါ မပျောက်မချင်း ရောဂါ၏အတိုးအဆုတ်ကိုပါပြောပြရန်၊

(၅) လူနာနှင့် လူနာရှင်များက မေးလိုသော မေးခွန်းများကို အချိန်မရွေးမေးခွင့်ပြု၍ မေးတိုင်းနားလည်အောင် ပြန်ဖြေရန်။ ဤသို့ရှင်းပြရာ၌ ဆေးဝါးများကိုမသုံးဘဲ လူတိုင်းနားလည်နိုင်မည့် ရိုးရိုးစကားလုံးများကိုသာ အသုံးပြုရန်။

အထက်ပါအတိုင်းဆိုပါက ဆရာဝန်တစ်ဦးသည် လူနာတစ်ဦးကို စမ်းသပ်ကုသတိုင်း အချိန်အများကြီးကုန်ကြမည်ဟု ပြောလိုကြပေမည်။ မှန်၏။ ထိုအချက်များရရန်အတွက် ဆရာဝန်များသည် အချိန်ပေးရပေမည်။ “လက်ဖက်ကောင်းစားချင်လျှင် ပလောင်တောင်တက်နေးရမည်” ဆိုသောစကားအတိုင်း ဆရာဝန်ကောင်းဖြစ်လိုက အချိန်ပေး၍ဆောင်ရွက်ကြရပေမည်။ လူနာများကိုစမ်းသပ်စစ်ဆေးရာ၌ စက်ခလုတ်နှိပ်သလို ဟောတစ်ယောက်၊ ဟောတစ်ယောက် အမြန်တန်းစီပြုလုပ်ခြင်းထက် တစ်ယောက်ချင်းကို အချိန်ပေး ချိန်းဆိုကာ အေးအေးဆေးဆေး စမ်းသပ်စစ်ဆေး ပညာပေး ကုသကြရပေမည်။

အနောက်နိုင်ငံများ၌ လူနာများသည် ဆရာဝန်ထံသို့ စေ့းဝယ်သလိုလာချင်သည့်အခါ မချိန်းဆိုဘဲ ဇွတ်လာ၍ မရပေ။ ချိန်းဆိုပြီးမှသာ လာရ၏။ ဆရာဝန်ကလည်း လူနာတိုင်းကို ၁၅ မိနစ်ခြား၊ နာရီဝက်ခြားကာချိန်းဆို၍ စမ်းသပ် ကုသပေးကြလေသည်။ အရေးပေါ်လူနာများအတွက်မူ အချိန်မရွေး အရေးပေါ်ကုသ၍ ရပေ၏။

အချို့သော ဆရာဝန်များသည် လူနာများကို မြန်မြန်စစ်ဆေး၊ မြန်မြန်ဆေးပေး၍ လွှတ်ရာ၌ အချိန်မရခြင်းအကြောင်းတစ်ခုကြောင့်သာမက လူနာများနှင့် စကားမပြောလို၍လည်း ဖြစ်သည်။ ဤသည်မှာ လူနာများနားလည်သောစကားကိုမပြောဆိုတတ်၍လည်းဖြစ်သည်။ လူနာမှာ မိမိပြောသမျှလိုက်နာလုပ်ဆောင်ရမည်၊ ဘာမျှမေးမြန်းရန် မလို ဟူ၍ သဘောထားခြင်းကြောင့်လည်းဖြစ်သည်။

အမှန်မှာမူ လူနာတိုင်းသည် မိမိ၌ ဘာရောဂါဝေဒနာရှိ၍ ဘာဖြစ်နေသည် ဆိုသည်ကို ဆရာဝန်အား မေးနိုင်ခွင့်ရှိလေသည်။ မည်သို့ကုသမည်ကိုလည်းကောင်း၊ ထိုသို့ကုသပါက အကျိုးအပြစ် မည်သို့ရှိသည်ကိုလည်းကောင်း မေးမြန်းနိုင်ခွင့်ရှိ၏။ လူနာက သဘောတူ လက်ခံမှသာလျှင် ဆရာဝန်သည် ထိုလူနာအား ကုသခွင့်ရှိလေသည်။ သို့ဖြစ်၍ သာလျှင် ခွဲစိတ်ကုသရမည့် လူနာများထံ ခွဲစိတ်မှုကို သဘောတူကြောင်း လက်မှတ်ထိုးစေရခြင်းဖြစ်လေသည်။

ကိုလိုနီခေတ်က အကျင့်

စင်စစ်လူနာနှင့်မိမိမတူမတန်၊ လူနာမေးသည်ကို ဖြေရန် မလိုဟူသော အယူအဆမှာ ကိုလိုနီခေတ်က ဆရာဝန်

များ၏ အယူအဆ ဖြစ်လေသည်။ ထို စဉ်က ဆရာဝန်မှန်သမျှသည် မျက်နှာဖြူနှင့် အိန္ဒိယ လူမျိုး များ ဖြစ် ၍ အစိုးရခန့်ပုဂ္ဂိုလ်များသာ ဖြစ်ရကား သူတို့သည် ရိုးရိုး လူနာများ၏ သဘောဆန္ဒကို မေးရန် တာဝန်အရ မလို ခဲ့ချေ။ အစိုးရ အမှုထမ်းများအနေဖြင့်လည်း ဥပဒေ စည်းမျဉ်းအရပင် အစိုးရဆရာဝန် ကုသသမျှ သဘောတူ လိုက်နာခဲ့ရသောကြောင့် ဖြစ်သည်။ "ဆရာဝန်" ဟူသော ဝေါဟာရ၏ အဓိပ္ပာယ်ကပင် နိုင်ငံဝန်ထမ်း သမားတော် အရာရှိဟူ၍ အဓိပ္ပာယ် ပေါက်ပေသည်။ ခရိုင်ဝန်၊ ရဲဝန်၊ ယစ်မျိုးဝန်ဟူသော စကား၏ အဓိပ္ပာယ်ကိုပင် ရှုပါ။ "ဝန်" ဟူသောဝေါဟာရသည် "အရာရှိ" ဟူ၍ အဓိပ္ပာယ် ပေါက်နေသည် မဟုတ်ပါလော။

ဤ "လူနာနှင့် ဆရာဝန် မတူမတန်" ဟူသော အယူအဆမှာ မြန်မာတိုင်းရင်းသမားတော်များ၌ မရှိပေ။ သို့ကြောင့်သာလျှင် မြန်မာတိုင်းရင်းသမားတော်များသည် လှည်းနေလှေအောင်း မြင်းဇောင်းမကျန် မြန်မာပြည်သူအများစုနှင့် ရင်းနှီးနေခြင်းဖြစ်၏။ မြန်မာလူမျိုးများက တိုင်းရင်းဆေးဆရာများကို လေးစားသော်လည်း မကြောက်ရွံ့ခြင်း ဖြစ်၏။ အင်္ဂလိပ် ဆေးဆရာ (ဝါ) ဆရာဝန်များကိုမူ မြန်မာလူထုသည် ရွေးယခင်ကတည်းက ကြောက်ရွံ့ခဲ့ကြပေသည်။ မြန်မာတို့အဖို့ လူမစည်ကားအပ်သော အရပ်သုံးပါး၌ သုသာန်၊ တရားရုံးတို့နှင့် အတူ "ဆေးရုံ"လည်း ပါနေခြင်းမှာ ရွေးက အင်္ဂလိပ်ဆရာဝန်များကို ကြောက်ရွံ့ခြင်းသည်လည်း အကြောင်းတစ်ရပ် ဖြစ်ပေသည်။

ဆေးပညာပေး အလွယ်ကလေး

စင်စစ် ဆေးပညာပေးရေး အလုပ်သည် ခက်ခဲသော အလုပ်တစ်ခုမဟုတ်ပေ။ ဝါသနာပါ ပါက အလွယ်တကူ လုပ်၍ရ၏။ စေတနာရှိသော် ချက်ချင်းလုပ်၍ရလေသည်။ အကြောင်းမူ မိမိသိသော ဆေးပညာ၏ အကြောင်းကို လူနာနှင့် လူနာရှင်များအား ရိုးရိုးစကား လုံးများ၊ အလွယ်ကူဆုံး စာလုံးများဖြင့် ပြန်လည်ပြောဟောပြသ ရခြင်းဖြစ်သည်။ မြန်မာလူမျိုး ချင်းဖြစ်၍ မြန်မာစကားဖြင့် ပြောဆိုရခြင်းမှာ ဘာအခက်အခဲမျှမရှိပေ။ ဆေးပညာကို သင်ယူစဉ်ကလည်း မြန်မာဆေးကျောင်းသား၊ ဆရာဝန်များသည် မြန်မာဘာသာတစ်ဝက်၊ အင်္ဂလိပ်ဘာသာတစ်ဝက်ဖြင့်ပင် သင်ယူခဲ့ရသည် မဟုတ်ပါလော။ နောက်ပြီး ယခုအခါ အင်္ဂလိပ် ဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာဖြင့်ဖြစ်စေ၊နှစ်ဘာသာဖြင့်ဖြစ်စေ ရေးသားထားသော ဆေးပညာပေး စာအုပ် စာတမ်းများသည်လည်း ပလူပျံအောင်ထွက်နေသည်မဟုတ်ပါလော။ "လာလိုလျှင်အနီးကလေး" ဆိုသကဲ့သို့ ဖတ်လိုကအလွယ်တကူ လက်တစ်ကမ်းမှာပင် ဝယ်ဖတ်၍ ရပါသည်။ ငှားဖတ်၍ရပါသည်။ ထိုဆေးပညာပေးနေသူ များကို မေး၍လည်း ရပါသည်။ (စာရေးသူဆိုလျှင် ဆေးပညာဝေါဟာရများနှင့် ပတ်သက်၍ အခြားပါမောက္ခများ၊ ပါမောက္ခချုပ်များ၏ အမြဲဆက်သွယ်မေးမြန်းမှုကို ခံနေရရာ အမြဲကျေနပ်ဂုဏ်ယူစွာ ဖြေဆိုအားပေးခဲ့ပေသည်။ ဤကား စကားချပ်)။

စင်စစ် ယခုအခါ မြန်မာမဂ္ဂင်း စာစောင်များတွင် ပါဝင်သော ဆေးဆောင်းပါးများနှင့် အင်္ဂလိပ်မဂ္ဂင်း ဂျာနယ်များတွင်ပါဝင်သောရိုးရိုးလူများအတွက်ရေးသည့် ဆေးဆောင်းပါးများမှာ ခေတ်လည်းမီ၍ အဆင့်လည်း မြင့်သည်။ တော်ရုံတန်ရုံ ဆရာဝန်သည် ထိုဆောင်းပါး အားလုံးပါ အချက်တိုင်းကို သိနိုင်ရန် မလွယ်ပေ။

ထိုအခါ လူနာက မေးသမျှ ဖြေရမှာ ရှက်နေတတ်ကြလေသည်။ အချို့ကစိတ်တိုကာ "ခင်ဗျားကဆရာဝန်လား ကျွန်တော်ကဆရာဝန်လား" ဟုပင် ဘုတောတတ်ကြ၏။ ဤသည်ကား ဆရာဝန်ကောင်းတို့၏ အမှု အကျင့် မဟုတ်ပေ။ သမားတို့၏ဖခင်ကြီး ဟစ်ပိုကရေးတီး ပင်လျှင် လူနာများမေးသမျှ ပြောဆိုခဲ့၏။ သူ၏တပည့် ဆရာဝန်များအား လူနာများ မေးသမျှ ဖြေကြားရန်နှင့် ပညာပေးရန်လည်း ဟစ်ပိုကရေးတီးသည် လမ်းညွှန်ဆုံးမခဲ့သည်ကို ခေတ်သစ်ဆရာဝန်တိုင်း မမေ့အပ်ပေ။

ဆရာဝန်နှင့် လူနာဆက်ဆံရေး

ရောဂါနှင့်ဆေးအကြောင်းဘာမျှမမေးသော လူနာနှင့် လူနာရှင်များ ရှိသည်လည်းမှန်၏။ သို့သော် ယင်းတို့ကိုပင်လျှင် လိုအပ်သောပညာပေးဆွေးနွေးမှုများပြုလုပ်ရန် ဆရာဝန်မှာ တာဝန်ရှိလေသည်။ လူနာက ရောဂါနှင့် ဆေးအကြောင်းကို သဘောပေါက် နားလည်ပြီး ကုသခံယူမှုသည် ဘာမျှနားမလည်ဘဲ လိုက်နာကုသခံမှုထက် ပိုအကျိုးရှိသည်ကို ဆရာဝန်တိုင်း သိသင့်ပေသည်။ အကြောင်းမူ ဘာမျှနားမလည်ဘဲ ဆရာဝန်ပြောသမျှ ခေါင်းညိတ်သူသည် အိမ်ရောက်သောအခါ သူလုပ်ချင်ရာ လုပ်၍ သူမေ့ချင်သည့် ဆေးဝါးကို မစားဘဲ မေ့ချန်ထားတတ်ခြင်းကြောင့်ပေတည်း။

သို့ဖြစ်၍ ယခုအခါ အင်္ဂလန်၊ အမေရိကန် စသော အနောက်နိုင်ငံများ၌ ဆေးကုသရာတွင် ဆေးကိုသာမက လူနာကို ပညာပေးမှုကိုပါ အရေးထား၍ လုပ်ဆောင်လာကြသည်။ ဆရာဝန်များကို ဆေးကုတတ်ရုံ၊ ခဲ့စိတ်

တတ်ရုံနှင့် "အထူးကု"များအဖြစ်ကိုသာမက လူနာနှင့် ဆက်ဆံရေးကောင်းသူဖြစ်ရန်၊ လူနာအား ဆေးပညာပေးတတ်သူ ဖြစ်ရန်ပါ သင်ကြား ပေးနေကြသည်။ ဘွဲ့ကြို ဘွဲ့လွန် ဆေးပညာ သင်ရိုးညွှန်းတမ်းများ၌လည်း ယင်းပညာရပ်များ (လူနာနှင့် ဆက်ဆံရေး၊ ဆေးပညာပေးရေးအတတ်၊ အဟောအပြောအတတ်) ကိုသင်ကြားပေးရန် ထည့်သွင်း ရေးဆွဲထားကြလေပြီ။ ဆေးရုံ၊ ဆေးခန်းများ၌လည်း အထူးကု ဆရာဝန်များထက် အထွေထွေရောဂါကုဆရာဝန်များ၊ မိသားစုဆရာဝန်များ၊ လူထုဆရာဝန်များကို ပိုမို အားပေးနေကြလေသည်။

လူနာ၏ မေးပိုင်ခွင့်

လူနာအနေဖြင့်လည်း အောက်ပါ အကြောင်းအရာများကို ဆရာဝန်က ရှင်းပြအောင် မေးနိုင်ခွင့် ရှိပေ၏။

- ယခု ပေးလိုက်သော ဆေးသည် ဘာဆေးလဲ။ မည်သည့် အကျိုးအာနိသင်များ ရှိပါသလဲ။ မိမိရောဂါ ပျောက်ကင်းအောင် မည်သို့ တတ်နိုင်ပါသလဲ။
- ဤဆေးကို မည်သို့စားသုံးရပါမည်လဲ။ အစာနှင့် စားနိုင်ပါသလား။ အစာမစားမီစားရမည်လား။ အစာစားပြီး မည်မျှကြာမှ စားရပါမည်လဲ။
- ဤဆေးကို စားလျှင် ဘာတွေ ရှောင်ရပါမလဲ။ အရက် သောက်နိုင်ပါသလား။ မည်သည့် အစာတွေနှင့် မတည့်ပါသလဲ။ အခြား မတည့်သော ဆေးနှင့်အစာများရှိက သိပါရစေ။
- ဤဆေး စားလျှင် မလိုလား အပ်သော အကျိုးအာနိသင်များ၊ ဘေးအန္တရာယ်များရှိပါသလား။ (Side - effects and Toxicity)၊ ထိုသို့ ရှိပါလျှင် မတည့်သည့်လက္ခဏာ၊ ဆိုးကျိုးလက္ခဏာ တစ်ခုခုပေါ်လာပါက ဘာလုပ်ရပါ့မလဲ။
- ဤဆေးကို တစ်နေ့ (ဝါ) တစ်ပတ် ဘယ်နှကြိမ် စားရပါ့မလဲ။ စားရန်မေ့သွားလျှင် ဘာလုပ်ရပါ့မလဲ။ ဥပမာ–သွေးတိုးကျဆေးဆိုက တစ်ခါစားရန် မေ့သွားလျှင် ဘာမျှမဖြစ်ပါ။ ထပ်စားလိုက်လျှင် ရ၏။ ပဋိဇီဝန်ဓာတ်း စားဆေးများဆိုပါမူ တစ်ခါစားရန်မေ့သွားက ဆက်စားလျှင် လိုသော အကျိုးအာနိသင် မရနိုင်တော့ပေ။
- မိမိသည် ယခင်က စားနေသော ဆေးများရှိပါက ထိုဆေးများနှင့် တည့်မတည့်၊ အတူစားနိုင်မနိုင်၊ ရပ်ရမည်ဆိုပါက မည်သည့်ဆေးကိုရပ်ရပါမည်လဲ။
- အကျိုးအာနိသင်တူသော ဆေးများပေါင်းစား၍ ရမရ။ ဥပမာ–ရက်ဆာပင်း (Reserpine) နှင့် အက်ဒယ်ဖိန်း (Adelphane) သွေးတိုးကျဆေး၊ ရက်ဆာပင်းနှင့်အင်ဒရယ်(Inderal)ဆေးစသည်။
- ဆန့်ကျင်ဘက်အာနိသင်ရှိသောဆေးချင်း စားရန် လိုအပ်ပါက မည်သို့ ဆောင်ရွက်ရမည်၊၊ ဥပမာ–အစာအိမ်အနာရှိသူသည် ကော်တီဆုံးပါသော ပန်းနာပျော်ဆေး ပရက်နီဆိုလုံး (Prednisolone) နှင့် မတည့်သလို ကျောက်ကပ်ရောဂါရှိသူ၊ အသည်းရောဂါရှိသူများမှာလည်း စိတ်ကြိုက်ဆေး၊ အိပ်ဆေးများနှင့် မတည့်သည့်အခါ။

အကယ်၍ မိမိရောဂါမှာကြီးပါက (ဝါ) နာတာရှည်ဖြစ်၍ တော်တော်နှင့် မပျောက်နိုင်ပါက ငှေးအောက်ပါ မေးခွန်းများကိုလည်း မေးနိုင်သည်။

- မိမိရောဂါသည် ဘာရောဂါလဲ။ ကုသ၍ ပျောက်ကင်းနိုင်မနိုင်၊ သက်သာမည် မသက်သာမည်။
- ယခု ကုသမှုသည် အသင့်တော်ဆုံး ကုသမှု ဟုတ်မဟုတ်။ ယခု ကုသမှုနှင့် မသက်သာ၊ ပျောက်ကင်းပါက မည်သို့ ဆက်လက် ကုသခြင်း ပြုနိုင်မပြုနိုင်။
- ခွဲစိတ် ကုသရန် လိုအပ်ပါက မည်သည့် အချိန် မည်သည့်ဆေးရုံတွင် မည်သူနှင့် ခွဲစိတ်ကုသခြင်းသည် အကောင်းဆုံးဟုတ် မဟုတ်။

ဤသို့မေးသဖြင့် လူနာသည် ဆရာဝန် ဖြစ်ငုံအား မလေးစားရာ၊ ပမာမခန့်ပြုရာ၊ ပညာစမ်းရာမရောက်ပေ။ ဤဆရာဝန်နှင့်ကုသမည်ဟူ၍ သဘောတူ ပွေ့ဆုံကြတာနည်းက လူနာသည်မိမိ၏အနာရောဂါပျောက်ကင်းရေးဒဏ္ဍက် ထိုဆရာဝန်အား ဆရာအဖြစ် အပ်နှံပြီး ဖြစ်ပေသည်။ ဆရာဝန်အနေဖြင့်လည်း ထိုအကြောင်းများကိုပြောပြရန် တာဝန်ရှိပေ၏။ များသောအားဖြင့် ဆရာဝန်များသည် ဆေးပညာအကြောင်းကို လူနာများအား ဟောပြောရှင်းလင်းပေးရန် အထူးလိုလား နှစ်သက်ကြပါသည်။ သို့ကြောင့်ပင်လျှင် ဆေးပညာပေးအကြောင်းအရာများ ရေးသား တင်ပြသူ၊ ဟောပြောဆွေးနွေးသူ ဆရာဝန် စာရေးဆရာများ ကမ္ဘာတစ်ဝန်း ပေါများ နေခြင်းဖြစ်ပေ၏။

အမေရိကန် ပြည်ထောင်စု၌ဆိုပါက လူနာများအား ဆေးပညာပေးရန် အမျိုးသား ဆေးပညာပေးကောင်စီ (National Council on Patient Information and Education) ကိုပင် ဖွဲ့စည်းထားသည်။ မြန်မာနိုင်ငံ၌လည်း ကျန်းမာရေးဦးစီးဌာနအောက်၌ အလားတူ အဖွဲ့အစည်းတစ်ခုရှိပေသည်။

သို့ဖြစ်၍ လူနာတိုင်း မိမိရောဂါနှင့် စပ်ခဲ့ဝိုင်သမျှ၊

မိမိအားပေးသော ကုသမှုဆေးဝါးများနှင့် ပတ်သက်သမျှ မိမိ၏ ဆရာဝန်အား လွတ်လွတ်လပ်လပ် မေးမြန်းနိုင်ကြပါသည်။

လူနာ၏ လိုက်နာဆောင်ရွက်မှု

သို့ရာတွင် လူနာများသည် ဆေးရုံတွင်း၊ ဆေးရုံပြင် ဆရာဝန်စကား နားထောင်ချင်မှ နားထောင်ကြသည်။ နယ်ဆေးရုံများ၌ ရှေးက အမ်ပီဆလင်နှင့် ကလိုရမ်ဖီနီကော ဆေးတောင့်များပေးလျှင် ရောင်းစားသော လူနာများရှိ၏။ တိုက်ဖွိုက်ဖြစ်ပြီး နာလန်ထစဉ် ထမင်း မစား ရန်တားမြစ်ထားရာ ထမင်းခိုးစားသဖြင့် ဒုက္ခရောက်သော လူနာများလည်း တွေ့ဖူးပေသည်။ ငှက်ဖျား ရောဂါဖြင့် ဆေးရုံတက်ရသူများသည် ကွိနိုင်(Quinine)သို့မဟုတ် ကလိုရိုကွင်း (Chloroquine) ငှက်ဖျား ဖြတ်ဆေး တိုက်လျှင် "ခါးသည်" ဆိုကာ ဆေးမသောက်သူများ၊ သောက်ယောင်ဆောင်ပြီး ဆေးကို ဘေးပစ် ချသူများလည်း ကြုံဖူးပေသည်။

စင်စစ် ဆရာဝန်၏ စကားကို နား မ ထောင် ဘဲ ညှန်းသောဆေးကို စားချင်မှ စားသည့် လူနာများမှာ မြန်မာနိုင်ငံတွင်သာမက အခြားနိုင်ငံများတွင်ပါ ရှိပေသည်။ ဤသို့ဆရာဝန်ညွှန်းသည့်အတိုင်း လူနာကမလိုက်နာခြင်းကို "လူနာကမလိုက်နာမှု" (Patient's Non-Compliance)ဟုခေါ်သည်။ သို့မဟုတ်လူနာ၏လိုက်နာမှုနည်းခြင်း (Poor Patient Compliance) ဟု ခေါ်၏။ ဤကိစ္စနှင့်ပတ်သက်၍ သုသေသန ပြုထားချက်များရှိရာ စိတ်ဝင်စားဖွယ်ဖြစ်၍ အောက်တွင် ဖော်ပြလိုက်ရပါသည်။

၁၉၇၈ ခုနှစ်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ချက်အရ အနောက်ဂျာမနီနိုင်ငံ၌ ရင်ဘတ်နာ နှလုံးရောဂါ ရှိသူများအား ဆေးလိပ်မသောက်ရန် ဆရာဝန်များက ညွှန်ကြားရာတွင် လူနာများသည် ဆေးရုံမှဆင်းပြီးစ ခဏကြာသာ ဆေးလိပ် မသောက်ကြ။ နောက် အချိန်ကြာသည်နှင့် ပြန်သောက်ကြရာ သုံးလကြာတွင် ၂၀ ရာနှုန်း၊ ၁ နှစ်ကြာတွင် ၂၅ ရာနှုန်း၊ ၂ နှစ်ကြာတွင် ၃၀ ရာနှုန်းနှင့် ၄ နှစ်ကြာတွင် ၃၆ ရာနှုန်း အထိ ပြန်သောက်ကြသည်ဟု သိရသည်။

ထို့အတူပင် နာတာရှည်ရောဂါခံရှိသူ ၁၄၂ ယောက်အား ဆေးလိပ် မသောက်ရန် ဆရာဝန်က ညွှန်ကြားရာ ၈၀ ရာနှုန်းသည် မလိုက်နာကြဟုသိရ၏။ အရက်မသောက်ရန်ပိတ်ပင်သည်ကိုလည်း လူနာ ၆၀ ရာနှုန်းသည် မလိုက်နာကြပေ။

အစားအသောက်နှင့် ပတ်သက်၍လည်း ဆီးချိုရောဂါရှိသူလူနာများအား ဆင်ခြင်ခိုင်းရာ ၆၂ ရာနှုန်းသာ ဆရာဝန် ပြောသည့်အတိုင်း လိုက်နာ စားသောက်ကြသည်ကို တွေ့ကြသည်။ ဤသို့မလိုက်နာရာတွင် ဆယ်ကျော်သက် လူငယ်များသည် အဆိုးဆုံး ဖြစ်၏။ ၈၉ ရာနှုန်း အထိ စားချင်ရာ စားကြသည်ကို တွေ့ရသည်။

ကိုယ်လက်လေ့ကျင့်ခန်း ပြုလုပ်ရန် ညွှန်ကြားရာတွင်လည်း အသက် ၄၀ ကျော်လူကြီးများကြား၌ ၃၃ ရာနှုန်းသည် လုံးဝမလုပ်၊ နောက် ၃၃ ရာနှုန်းသည် တစ်ပိုင်းတစ်စသာလုပ်ပြီး နောက်ဆုံး ၃၃ ရာနှုန်းသာ အပြည့်အဝ လိုက်နာ လုပ်ဆောင်သည်ကို တွေ့ရသည်။ ရှူမတို့ဂ်အဆစ်ရောင် ရောဂါရသူများမှာ ရောင်နေသော အဆစ်များပြန်ကောင်းလာရန် အဆစ်လေ့ကျင့်ခန်းများ ပြုလုပ်ခိုင်းရာ ၄၅ ရာနှုန်းသာ လိုက်နာ လုပ်ဆောင်ကြသည်ကို တွေ့ရသည်။

ဆေးဝါးများကို စားသုံးရာ၌လည်း လူနာများသည် ဆရာဝန်စကားကို အပြည့်အဝ မလိုက်နာကြပေ။ အထူးသဖြင့် နာတာရှည် ရောဂါများဖြစ်သည့် အစာအိမ်နှင့် အူသိမ် ပထမပိုင်း အနာရောဂါ (Peptic ulcer)၊ တီဘီရောဂါ နှင့် စိတ်ရောဂါ ဝေဒနာရှင်များ ဖြစ်သည်။ တက္ကသိုလ်ဆေးရုံတစ်ခု၌ အတွင်းလူနာများကိုလေ့လာရာ လူနာ ၃၄ ရာနှုန်းသာ ဆေးလုံးများကို အပြည့်စားကြသည်။

အမေရိကန် စိတ်ရောဂါကုဆေးရုံတစ်ရုံ၌ လေ့လာရာတွင် လူနာ ၁၀၀ တွင် တစ်ယောက်သည် ဆရာဝန်၏ စကားကိုနားမထောင်ဘဲ သူဘာသာသူလက်မှတ်ရေးထိုးဆင်းသွားတတ်သည်ဟူ၏။ မြန်မာနိုင်ငံ၌ "ဆိုင်းအင်ဂွန်း" (Sign and gone) ဟူ၍ ပြောကြသော လက်မှတ်ထိုးဆင်းမှုမျိုးဖြစ်၏။ ယင်းလူနာများမှာ သက်ဆိုးရှည်ခဲလေသည်။

ကိုယ်တွေ့ဥပမာများ

မှတ်မိသေး၏။ စာရေးသူ၏မိတ်ဆွေတစ်ဦးမှာ လူကတော်ပါလျက် အရက်ကိုသာ သောက်နေရာ အသည်းမကောင်း၍ မကြာခဏ ဆေးရုံတက်ရ၏။ သို့သော် သူသတိရ၍ သက်သာသည်နှင့် ဆေးရုံမှာ မနေချင်။ ဆရာဝန်၏ စကားကို နားမထောင်ဘဲ လက်မှတ်ထိုး၍ ဆင်းသွားတတ်သည်။ ထိုပုဂ္ဂိုလ်သည် ဆေးရုံသို့ သုံးလေးခါသာ တက်နိုင်ပြီး နှစ် နှစ်၊ သုံးနှစ်အတွင်းမှာ ဆုံးသွားလေသည်။ သူသေတော့ သူအသက်မှာ ၄၀ ကျော်ကလေးသာ။

စာရေးသူ၏ မိတ်ဆွေ ပါမောက္ခ တစ်ဦးမှာလည်း သူလိုပင် မူးလိုက်၊ ဆေးရုံတက်လိုက်၊ လက်မှတ်ထိုးဆင်းလိုက်နှင့် လုပ်တတ်ရာ တစ်ခါတွင် ကျောက်ကပ်မှ သွေးဆင်း၍ ဆေးရုံတက်ရပါသည်။ သို့သော် ဆေးရုံတွင် အရက်မသောက်ရ၍ ဟုဆိုကာ ညကြီးမင်းကြီးမှာ လက်မှတ်ထိုးပြီးဆင်းသွားပါသည်။ တာဝန်ကျ ဆရာဝန်နှင့် သူနာပြုများမှာ မပြောဝံ့၍ ကြည့်နေရ၏။ နောက်နေ့တွင် ကျောက်ကပ်ခဲစိတ်ကု ဆရာဝန်ကြီးက ကျန်တော့်ထံ ဖုန်းဆက် အကူအညီတောင်းသဖြင့် ထိုပါမောက္ခကြီးအား ချော့ပြီး ဆေးရုံပြန်တင်ရ၊ ခဲစိတ်ခံခိုင်းရလေသည်။

ခဲစိတ်ပြီး ကောင်းလာသော်လည်း ယင်းပါမောက္ခကြီးမှာ အနေအထိုင် အစားအသောက် မဆင်ခြင်သဖြင့် မကြာမီပင် ဆုံးပါးသွားလေသည်။ "မိဘစကား နားမထောင်၊ သားတစ်ကောင်နှင့် တိုးလို့တဲ့လဲ့" ဟူ၍ မလိမ္မာသော သားသမီးများအတွက် ဆိုရိုးတစ်ခုရှိရာ မလိမ္မာသော လူနာများကိုလည်း "ဆရာ့စကား နားမထောင် အိုအောင်မနေရ၊ အသက်တိုပါ!" ဟု ဆိုရချိမ့်မည်။

ဆရာဝန်ညွှန်းသည့် ဆေးများကို မစားသည့် လူနာများမှာ အမေရိကန်တွင် အပေါများဆုံး ဖြစ်သည်။ အမေရိကန် ပြည်ထောင်စု၌ အပြင်လူနာ ဂဖ ရာနှုန်းသည် ဆရာဝန်က ညွှန်းသော ဆေးလုံး အပြည့်ကို စားရန် ပျက်ကွက်ကြသည်ဟူ၏။

ထို့အပြင် အချို့လူနာများသည် ဆေးလုံးများကို စားသော်လည်း ဆရာဝန်ပြောသလိုမစား၊ စားချင်သည့် အချိန် စားချင်သလို စားသဖြင့်လည်း အကျိုးရှိသင့်သလောက်မရှိ။ အချို့မှာ အန္တရာယ်ပင် ကျရောက်ကြသည်ဟူ၏။ ဥပမာ အစာမရှိဘဲ အနာအကျင် အကိုက်အခဲပျောက်ဆေးများစားခြင်း၊ ကော်ဖီနှင့် အိပ်ဆေးရောသောက်ခြင်း၊ အမ်ပီဆလင်နှင့် နွားနို့ အတူသောက်ခြင်း။

လူနာ၏ လိုက်နာမှု ကောင်းမကောင်း လေ့လာတွေ့ရှိချက်များ

ဤသို့ အဘယ်ကြောင့် လူနာများ ဆရာဝန်အညွှန်းအတိုင်း ဆေးမစားကြသလဲဟူ၍ လေ့လာကြသောအခါ တွေ့ကြရသည်မှာ အောက်ပါအတိုင်းဖြစ်၏။

ဆရာဝန်ကို လူနာက ရိုသေလေးစားယုံကြည်မှုများမှ ဆရာဝန်စကား နားထောင်ကြသည်။

ဆရာဝန်က ဆေးအကြောင်း ရှင်းပြမှ လိုက်နာမှုပိုများသည်။

လူနာတတ်နိုင်သောဆေးကိုပေးမှ လူနာက ဝယ်စားနိုင်၊ လိမ်းနိုင်သည်။

တစ်ရက်တည်း ဆေးလုံး ၄–၅ မျိုးစားရခြင်း၊ ၃–၄ မျိုး လိမ်းရခြင်း စသော ရှုပ်ထွေးသည့် အညွှန်းများရှိက လူနာ လိုက်နာမှု နည်းသည်။

စားဆေးတစ်မျိုး တစ်နေ့မှတစ်ကြိမ်၊ လိမ်းဆေး တစ်မျိုး တစ်ခါလိမ်းဆိုလျှင် လူနာများ၏ လိုက်နာမှု မြင့်တက်လာသည်။

ဆေးလုံးလှလှ၊ ဆေးဘူးလှလှ၊ လိမ်းဆေးမွှေးမွှေးမှ လူနာတွေက ပိုကြိုက်သည်။

အကျိုးသက်ရောက်မှု ချက်ချင်းပြသောဆေးမှ လူနာတွေက ပိုယုံသည်။ ပိုလိုက်နာသည်။

ကလေးများအတွက်ဆိုလျှင် မိဘကစောင့်ကြပ်တိုက်မှ သို့မဟုတ် ဆေးရုံတွင် ကြပ်မတ် ဆေးပေးမှ ဆေးညွှန်း လိုက်နာမှုကောင်းသည်။

လူနာ၏ပညာအရည်အချင်းမြင့်မားလေ၊ ဆေးညွှန်း လိုက်နာမှုကောင်းလေဖြစ်သည်။

အပြင်လူနာထက် အတွင်းလူနာကပို၍ လိုက်နာမှု ကောင်းသည်။

လူနာ မလိုက်နာနိုင်မှု၏ အကြောင်းရင်းများ

လူနာများ ဆရာဝန်ညွှန်းသည့်အတိုင်း ဆေးမစား၊ ဆေးမထိုးမလိုက်နာကြခြင်းမှာ အောက်ပါအကြောင်းများကြောင့်ဖြစ်သည်ဟု သိရသည်။

- ရောဂါမှာ မသက်သာဘဲ ပိုဆိုးလာခြင်း၊
- စိတ်ကျရောဂါ ရှိနေခြင်း၊
- ဝင်ငွေမရှိခြင်း သို့မဟုတ် နည်းလာခြင်း၊
- အလုပ်ပြုတ်ခြင်း၊
- ချစ်သူ ခင်သူ ပြုစုမည့်သူ မရှိခြင်း၊
- အိမ်ထောင်ရေး အဆင်မပြေခြင်း၊
- ဆရာဝန်က ဂရုမစိုက်ဟုထင်ခြင်း၊
- ဆေးညွှန်း များလွန်း၍ ရှုပ်ထွေးခြင်း၊
- သတိမေ့ရောဂါ သို့မဟုတ် စိတ်ရောဂါရှိခြင်း၊
- ဆရာဝန်က လူနာကြိုက်သော၊ တောင်းသောဆေးကို မပေးခြင်း သို့မဟုတ် ပေါ်ပြူလာဖြစ်နေသောဆေးဝါးကုထုံးကို မပေးခြင်း။

ဆရာဝန်သမားတို့၏ လုပ်ပိုင်ခွင့်

ဆရာဝန်၏တာဝန်မှာ လူနာများကျန်းမာ ချမ်းသာရန်အတွက်ဖြစ်ပါသည်။ သို့သော် မလိုအပ်ဘဲနှင့် လူနာက

ဆေးထိုးခိုင်းတိုင်း ထိုးပေးရန်မလိုပါ။ ဆေးသွင်းခိုင်းတိုင်း သွင်းပေးရန် မလိုပါ။ ဆရာဝန်အလုပ်သည် ကုန်သည်အလုပ်မဟုတ်သဖြင့် ဝယ်သူကျေနပ်အောင်ချည်းလိုက်လုပ်ရန်မလိုပါ။ "စားသုံးသူသည် အမြဲမှန်သည်" (Customer is always right) ဆိုသည်မှာ ဆရာဝန်နှင့် မဆိုင်ပါ။ အကြောင်းမူ ဆရာဝန်ဟူသည်မှာ မွန်မြတ်သော အသက်မွေးဝမ်းကျောင်းပညာကို သင်ယူထားသူများဖြစ်၍ လိုက်နာရန် ကတိကဝတ်နှင့် ကျင့်ဝတ်သိက္ခာများ ရှိသောကြောင့်ပေတည်း။

သို့ဖြစ်၍သာလျှင် ဆရာဝန်များမှာ နိုင်ငံတော်က အသိအမှတ်ပြုသည့် ဆရာဝန်မှတ်ပုံတင်အမှတ် (ဆ–မ) ရရှိပြီး ဆရာဝန်သိက္ခာနှင့်အညီဆိုပါက ဘာမဆိုပြုလုပ်ရခြင်းဖြစ်သည်။ လူနာများ၏ အသက်ကို အာမခံရခြင်းဖြစ်သည်။ မည်သည့်အခါမဆို လူနာ၏ကောင်းကျိုးချမ်းသာကို ကြည့်ရမည်။ လူနာ၏ဆန္ဒနှင့်အကြိုက်ကို လိုက်သင့်မှ လိုက်ရလေသည်။ လူနာကဆေးထိုးခိုင်းတိုင်း ထိုးရန်မလိုသည့်ပြင် လူနာက ကလေးဖျက်ချခိုင်းကမဖျက်ရ။ လူနာက သေဆေးတောင်းက မပေးရခြင်းဖြစ်၏။

ဆေးတက္ကသိုလ် (၁) နှင့် မန္တလေး ဆေးတက္ကသိုလ် ပါမောက္ခချုပ်ဟောင်း ဆရာကြီးဦးဘသန်းဆိုလျှင် ဆရာဝန်များအား မှာကြားတတ်သည်မှာ "လူနာတွေ့ကို အလိုမလိုက်နဲ့။ ရောဂါတိုင်းကို ဆေးထိုးဆေးပေးကုဖို့မလိုဘူး။ တချို့ဆို စောင့်သာကြည့်၊ သဘာဝက သူ့အလိုလိုကုသွားလိမ့်မယ်" ဟူ၍ ဖြစ်ပါသည်။

ယခုခေတ်မြန်မာလူနာများသည် ဆရာဝန်ထံလာသည်နှင့် "ကျွန်တော့်ကို ဘာဆေးထိုးပေးပါ"၊ "ကျွန်မကို ဘာဆေးထိုးပေးပါ" ဟူ၍ တောင်းဆိုတတ်ကြပါသည်။ ဤသည်မှာ မူမမှန်ပါ။ ဆရာဝန်ဆီလာလျှင် ဘာရောဂါဘယ်လိုဖြစ်တယ်ဆိုသည်ကိုသာ လူနာကပြောပြရပါမည်။ ဘယ်ဆေးဘယ်လိုပေးရမည်၊ ဘယ်လိုကုရမည်ဆိုသည်ကို ဆုံးဖြတ်ရန်မှာ ဆရာဝန်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ဖြစ်ပါသည်။

ပဏာမကျန်းမာရေးဆရာဝန်၏ တာဝန်များ

ပဏာမ ကျန်းမာရေးစောင့်ရှောက်သူ ဆရာဝန်သည် အောက်ပါတာဝန်များကို ထမ်းဆောင်ရမည်။

(၁) လူနာတိုင်း၏ရောဂါကို ပထမဆုံး စမ်းသပ်စစ်ဆေးကုသပေးရမည်။

(၂) ဖြစ်တတ်သော ရောဂါဝေဒနာမှန်သမျှကို ကုသနိုင်စွမ်းရှိရမည်။

(၃) ရောဂါရှိသောလူနာ ဆေးကုသခံနေရာတွင် သူ၏မိသားစု ကျန်းမာရေးနှင့် အဆင်ပြေရေးကိုလည်း စိတ်နှလုံးသွင်း ကြည့်ရှုရမည်။

(၄) လူနာနှင့် လူနာ့ပတ်ဝန်းကျင်၏ ကျန်းမာသန့်ရှင်းရေး၊ ရောဂါကာကွယ်ရေးတို့ကို ဆောင်ရွက်ပေးရမည်။

(၅) လူနာ၏ ရောဂါ ပျောက်ကင်း သွားသော်လည်း ထာဝစဉ် ကျန်းမာနိုင်ရန် ဆက်လက် ပညာပေး ဆောင်ရွက်ရမည်။

(၆) မိမိကုသသော လူနာများနှင့်အတူ နေထိုင်လုပ်ကိုင် ဆောင်ရွက်၍ ယင်းတို့နှင့်တစ်သားတည်း ဖြစ်နေရမည်။

(၇) မိမိကုသပေးသောလူနာ၏ လူထုနှင့်အတူ လူမှုရေး၊ စီးပွားရေး၊ သာရေး နာရေးတို့၌ပါ အမြဲ ပါဝင်လုပ်ဆောင်ရမည်။

ပဏာမကျန်းမာရေးဆရာဝန်အတွက် နည်းလမ်းများ

အထက်ပါအတိုင်း ဆောင်ရွက်ရန်အတွက် ပဏာမကျန်းမာရေး စောင့်ရှောက်သော ဆရာဝန် သို့မဟုတ် သမားတော်သည် အောက်ပါနည်းနာများကို အသုံးပြုနိုင်သည်။

(၁) လူနာနှင့်ဖြစ်စေ၊ လူနာ့မိသားစုနှင့်ဖြစ်စေ မျက်နှာချင်းဆိုင် တိုင်ပင်မေးမြန်း နှီးနှောခြင်း။

(၂) မိမိနေထိုင် လုပ်ကိုင်နေသော အရပ်ဒေသနှင့် လိုက်ဖက်သည့် အလွယ်ဆုံး၊ အရှင်းဆုံးဆေးပစ္စည်း ကိရိယာနှင့် နည်းနာများကိုသာ အသုံးပြုခြင်း။

(၃) လူနာအား ကုသရာတွင် ရောဂါကိုကုသရခြင်းထက် လူနာ၏ကိုယ်၊ စိတ်၊ နှလုံးအားလုံးကို ခြုံငုံကြည့်ရှုကုသခြင်း (Holoistic Diagnosis and Management.)


(၄) မိမိနေထိုင်လုပ်ကိုင်သောရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်စသည့်လူထု၊ လူအစုအဝေးတွင် ကျန်းမာရေးကိစ္စများ၌ တစ်ကိုယ်တော်အကျင့် မကျင့်ကြံဘဲ သက်ဆိုင်သူအားလုံးနှင့် စုပေါင်းညှိနှိုင်း၍ အသင်းအပင်း အဖွဲ့စိတ်ဓာတ်ဖြင့် ဆောင်ရွက်ခြင်း။

ပဏာမကျန်းမာရေး စောင့်ရှောက်သူ ဆရာဝန်၏ အရည်အသွေး ထက်မြက်သည်နှင့်အမျှ လုပ်သားပြည်သူတို့၏ ကျန်းမာရေး အဆင့်အတန်းသည် သိသိသာသာ မြင့်မားတိုးတက်လာမည် ဖြစ်ပေသည်။

ဒေါက်တာ မောင်မောင်ညို

သိပ္ပံ၊ ယဉ်ကျေးမှုနှင့် အခြား သုတဆောင်းပါးများ

အားကစားဆိုင်ရာ ဆေးပညာ ဆရာဝန် တင်ရှေ ၁၀၈
ကမ္ဘာ့ခေတ်သစ်ဗီသုကာ ဒေါက်တာ လှဒင်အောင် ၁၁၆
မော်တော်ယာဉ်စက်မှုနည်းပညာ ဦးကြင်စိုး ၁၂၆
မြန်မာ့ရုပ်ရှင်ထူးချွန်ဆု တက္ကသိုလ် မောင်မောင်ခင် ၁၃၆
မြန်မာ့ပန်းပုလက်ရာ သုတေသီ ရာမညကိုကိုနိုင် ၁၄၃
ကေသြစ် သို့မဟုတ် ပရမ်းပတာထဲမှ
အစီအစဉ်တကျဖြစ်စဉ် ဒေါက်တာ စိန်ထွန်း ၁၅၁
ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး
ဆောင်ရွက်ချက်များ (၁၉၉၀) ဦးသိန်းဆွေ ၁၆၇



အားကစားဆိုင်ရာ ဆေးပညာ — ဆေးပညာ

လွန်ခဲ့သောနှစ်ပေါင်း ၂၇၀၀ ကျော်(ဘီစီ ၇၇၆ ခုနှစ်)က အိုလင်းပစ်အားကစားပြိုင်ပွဲကို ဂရိနိုင်ငံ၌ကျင်းပသည့်အစဉ်အလာမှခေတ်သစ်ကမ္ဘာ့အိုလင်းပစ်အားကစားပြိုင်ပွဲကို ၁၈၉၆ ခုနှစ်က အစပြုပြီး လေးနှစ်လျှင်တစ်ကြိမ်ကျင်းပခဲ့သည်။ ဤကာလတွင် ဒေသအားကစားပြိုင်ပွဲ၊ အပြည်ပြည်ဆိုင်ရာ အားကစားပြိုင်ပွဲများနှင့် ကမ္ဘာ့အိုလင်းပစ် အားကစားပြိုင်ပွဲများတွင် အားတက်သရော ယှဉ်ပြိုင်မှု အားပေးမှုများကြောင့် စံချိန်များကို ဆက်တိုက် တင်နိုင်ခဲ့သည်။ အားကစားတိုးကက်လာသည်နှင့်အမျှ အားကစားသိပ္ပံပညာသည်လည်း ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ပေါများလာသော အားကစားသမားများနှင့် သက်ဆိုင်သည့် ဆေးပညာပေါ်ပေါက်ခဲ့သည်မှာ မကြာသေးပေ။ သို့သော် အရေးကြီးသော ဘာသာတစ်ရပ်အဖြစ် ၁၉၇၂ ခုနှစ် မေလတွင် ကျင်းပခဲ့သော ကမ္ဘာ့ကျန်းမာရေးညီလာခံ၌ ထည့်သွင်းစဉ်းစားခဲ့ကြသည်။ ဤဆေးပညာဘာသာရပ်သည် အားကစားသမားများအတွက်သာမက ပြည် သူ တစ် ရပ် လုံး၏ ကျန်းမာရေးကိုအကျိုးပြုနိုင်ပြီး နိုင်ငံ၏စီးပွားတိုးတက်ရေးအတွက် အထောက်အကူပြုသည်ဟု ဆွေးနွေးခဲ့ကြသည်။

အသက်အရွယ်နှင့်အားကစား

ချန်ပီယံတစ်ယောက် ဖြစ်ဖို့ကိစ္စတွင် မျိုးရိုးဗီဇကောင်းဖို့လိုအပ်သလို ၎င်းကို သင့်တော်သောအချိန်အရွယ်မှစပြီး လေ့ကျင့်သင်ကြားပေးဖို့လည်း လိုသည်။ နည်းပညာဆိုင်ရာ ကျွမ်းကျင်ဖို့ လည်း အရေးကြီးပေသည်။ လေ့ကျင့်ခြင်းပြုလုပ်ရာတွင် အားကစားအမျိုးအမည်အလိုက် မည်သည့်အရွယ်မှ မည်သည့်အားကစားကို စတင်၍ လေ့လာလိုက်စားသင့်သည်ကို အောက်တွင်ဖော်ပြထားသည်။

အားကစားအမျိုးအမည် အသက်အရွယ်စတင်ချိန်

၁။ ရေကူး	၈ နှစ်
၂။ ဘေးပုံတင်တင်းနစ်	၈ နှစ်
၃။ ကျွမ်းဘား	၉ နှစ်
၄။ တင်းနစ်	၁၀ နှစ်
၅။ ဘောလုံး	၁၀ နှစ်
၆။ လေ့လော့်	၁၀ နှစ်
၇။ ပြေးခုန်ပစ်	၁၁ နှစ်
၈။ ဘော်လီဘော	၁၁ နှစ်

၉။ နပန်း ၁၂ နှစ်
၁၀။ ဘတ်စကက်ဘော ၁၃ နှစ်
၁၁။ စက်ဘီး ၁၄ နှစ်
၁၂။ လက်ဝှေ့ ၁၅ နှစ်
၁၃။ အလေးမ ၁၅ နှစ်

သတ်မှတ်သည့်အရွယ်ရောက်မှ လေ့ကျင့်ခြင်းများကို စနစ်တကျ စတင်လေ့ကျင့်ပေးရ၏။ အရွယ်မရောက်ခင် ကလေးများကို ကြပ်မတ်ခြင်း၊ နည်းပြခြင်း မပြုဘဲ စိတ်ထင်သလို ကစားခိုင်းရ၏။

လေ့ကျင့်ခြင်းများပြုလုပ်ရာတွင် ရှောင်ရှားသင့်သော အလေ့အကျင့်တို့မှာ–

၁။ ဆေးလိပ်သောက်ခြင်း၊
၂။ မူးယစ်ဆေးဝါး သုံးဆောင်ခြင်း၊
၃။ အရက်သေစာ သောက်စားခြင်း၊
၄။ အဆီပို၍ ဝလွန်းစေခြင်း၊
၅။ အစားအသောက် စည်းကမ်းမဲ့ခြင်း၊
၆။ လေ့ကျင့်မှု အချိန်မမှန်ခြင်းတို့ဖြစ်၏။

အားကစားသမားတစ်ယောက်၏နှလုံး

နှလုံးသားကြွံခိုင်သည့် အားကစားသမားတို့တွင် နားနေစဉ် နှလုံးခုန်နှုန်းနည်းသည်ကို နိုင်ငံအများမှ လက်ရှေးစင် အားကစားသမားများတွင် တွေ့ရပါသည်။ ဥပမာ– နိုင်ငံတကာ လက်ရှေးစင်အားကစားသမားတို့၏ နားနေစဉ်နှလုံးခုန်နှုန်းမှာ ပျမ်းမျှတစ်မိနစ်လျှင် ၄၈ ကြိမ်၊ မြန်မာတာဝေး အားကစားသမားများ၏ နားနေစဉ် နှလုံးခုန်နှုန်းမှာ တစ်မိနစ်လျှင် ၄၇ ကြိမ် စသည်ဖြင့် ရှိကြပါသည်။ သာမန်လူသားတစ်ဦး၏ နှလုံးခုန်ကြိမ်မှာ တစ်မိနစ်လျှင် ၇၂ ကြိမ်ရှိပါသည်။

နှလုံးခုန်နှေးခြင်းသည် လေ့ကျင့်မှုနှင့်အဆက်အစပ် ရှိသည်။ နားနေချိန်၌ နှလုံးခုန်နှုန်း နည်းသည့်အတွက် နှလုံးပို၍အနားရ၏။ ယခုကဲ့သို့ နှလုံးခုန်နှေးလာခြင်း၊ နှလုံးကြွက်သား ထူလာခြင်း၊ နှလုံး ထွားကြိုင်းလာခြင်း တို့မှာ ကောင်းသော ပြောင်းလဲချက်များ ဖြစ်သည်။ ခန္ဓာကိုယ်တစ်ခုလုံး လှုပ်ရှားနေသည့် သွေးလည်ပတ်မှု ပမာဏများလာသည့်အတွက် ယင်းလိုအပ်ချက်ကို ပိုမို ထိရောက်စွာ လည်ပတ်နိုင်ရန် သဘာဝကဖန်တီး ပေးထားခြင်းဖြစ်သည်။

အီးစီဂျီ (ECG) တွင်လည်း ပြောင်းလဲမှုကို တွေ့ရသည်။ ဓာတ်မှန်ထဲတွင်လည်း နှလုံးကြီးနေခြင်းကို တွေ့နိုင်သည်။ ယခုကဲ့သို့ ပြောင်းလဲချက်မှာ အားကစား လေ့ကျင့်မှုပေါ်တွင် မူတည်သည်။ လေ့ကျင့်မှုရပ်လိုက် ပါက မူလလူအများကဲ့သို့ လေးလအတွင်း ပြန်လည် ပြောင်းလဲသွားလေ့ ရှိသည်။

ရုတ်တရက်နှလုံးရပ်ခြင်း (Cardiac Arrest) သည် ပြင်းထန်သည့်အားကစား ပြုလုပ်နေစဉ် ဖြစ်တတ်သည်။ ထို့ကြောင့် နှလုံးရောဂါအပါအဝင် အခြားရောဂါများ ရှိမရှိ စစ်ဆေးပြီးမှ ပြင်းထန်သည့် သင်တန်းများကို စေသင့်သည်။

သေချာစွာ လေ့ကျင့်မှုယူထားသူများတွင် ရုတ်တရက် နှလုံးရပ်ခြင်း စသည့် မကောင်းသည့် ရလဒ်များ နည်းရုံမက အသက်ကို ပို၍ရှည်စေသည်။ ဤနေရာတွင် အလျဉ်းသင့်သဖြင့် အားကစားလောကအတွက် ဆရာဝန်၏ အခန်းကဏ္ဍ အရေးပါရှိပုံကို ဥပမာတစ်ခုနှင့် တင်ပြလိုပေသည်။ မြန်မာနိုင်ငံ၏ လက်ရွေးစင် ဘောလုံးသမားကောင်း တစ်ယောက်မှာ အရေပြားထုံနေသော ကူးစက်ရောဂါ ဖြစ်ပွားနေသည်။ ဤအချက်ကို အလေးမမူမိဘဲ သူကိုဆက်ပြီး နိုင်ငံကို ကိုယ်စားပြုကာ အကြိမ်ကြိမ် ယှဉ်ပြိုင်ခဲ့၏။ နောက်ဆုံးရလဒ်က နှိုင်ငံအတွက် ကကွယ်ပွဲကြီး ပဲ့ကာငင်း၌ သူပါဝင်ယှဉ်ပြိုင်ခြင်း မခံရတော့ချေ။ လွဲပြင် သူ၏ခြေထောက်မှာ ရောဂါပန်းရာ ရသွားခဲ့၏။

ထို့ကြောင့် တိုးတက်ပြီးနိုင်ငံများ၌ အားကစားသမားများကို ဆရာဝန်များ၏ မျက်စိအောက်တွင် လေ့ကျင့်စေလေ့ရှိသည်။ အထူးသဖြင့် ပြင်းပြင်းထန်ထန်လေ့ကျင့်ကြရသော တာဝေးအပြေးပြိုင်ပွဲ၊ ဘောလုံး၊ ဘတ်စကက်ဘော စသည့် အားကစားသမားများ၏ နှလုံးကို ကောင်းစွာ စစ်ဆေးပြီးမှ ပါဝင်ယှဉ်ပြိုင်စေသင့်သည်။ ဆိုဗီယက်အားကစားသမား တာတီနာကဇန်ကီနာသည် ငယ်စဉ်ကတည်းက နှလုံးရောဂါရှိသူ ဖြစ်သော်လည်း ဆရာဝန်၏ အကူအညီဖြင့် လေ့ကျင့်ခဲ့ရာ ၁၉၇၆ ခုနှစ် မွန်ထရီယယ်မြို့ အိုလင်းပစ်ပြိုင်ပွဲ၌ ရွှေဘံဆိပ်ဆု နှစ်ခုကို ဆွတ်ခူးနိုင်ခဲ့သည်။

လက်ဝှေ့

လက်ဝှေ့သည် အကြမ်းတမ်းဆုံး အားကစားနည်း ဖြစ်၏။ ဘစ်ဖက်သားကို နာကျင်အောင် ပြုလုပ်ရ၏။ လက်ဝှေ့ကြောင့် ဦးနှောက်မှာ ထိခိုက်ဒဏ်ရာရနိုင်သည်။ ၁၉၄၅ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ လက်ဝှေ့သမား ၄၂၅ ဦးသည် ဦးနှောက်ဒဏ်ရာဖြင့် သေဆုံးခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် လက်ဝှေ့ပြိုင်ပွဲကို သက်လက်ကျင်းပရန် မသင့်ဟု ကန့်ကွက်သူများရှိခဲ့၏။ သို့သော် တာဝန်ရှိသော

ဌာနမှ ထိခိုက်ဒဏ်ရာရသော အားကစားသမား ၆,၀၅၇ ဦးကို လေ့လာရာတွင် –

နှင်းတောထဲလျှောစီး	၁,၇၀၄ ဦး
ဘောလုံး	၁,၄၂၀ ဦး
ကျွမ်းဘား	၆၂၂ ဦး
နပမ်းလုံး	၁၁၆ ဦး
လက်ဝှေ့	၁၀၀ ဦး

လက်ဝှေ့ကြောင့် ဒဏ်ရာရတတ်သူ အရေအတွက်မှာ မမျှားသဖြင့် လက်ဝှေ့ကစားနည်းကို ဦးခေါင်း၌ အကာအကွယ်များကို ဝတ်ဆင်ပြီး ယှဉ်ပြိုင်စေလျက်ရှိပေသည်။

အားကစားမှရတတ်သော အန္တရာယ်များ

– တင်းနစ်ရိုက်သမားတစ်ဦးသည် တင်းနစ်ရိုက်သော လက်တံတောင်ဆစ် နာနေတတ်သည်။
– လက်ဝှေ့သမားတွင် မျက်နှာပေါ်၌ ပွန်းပဲ့သော ဒဏ်ရာ ရတတ်သည်။
– ဘောလုံးသမား တစ်ဦးတွင် ဒူးဆစ်အရိုးနှစ်ခု အကြား ခံထားသော အရိုးနုမှာ ဒဏ်ဖြစ်ပြီး ဒူးနာရောဂါ ရတတ်သည်။
– လှုံတံပစ်သမားအတော်များများမှာ ကျောကြိုးမှုရပြီးမှ ဒူးဆစ်၌ ဒဏ်ဖြစ်ပြီး အားကစားလောကမှ ထွက်သွားကြရတတ်သည်။

ယင်းတို့ကို အဖြစ်နည်းအောင် ကာကွယ်၍ရသည်။ ဖြစ်ပြီးပါက ဆမြန်ဆုံး နာလန်ပြန်ထူနိုင်အောင် ပြုစုပေးရသည့်နည်းများလည်း ရှိသည်။

အားကစားနှင့် ထိခိုက်ဒဏ်ရာရမှု ကာကွယ်ရေး

(၁) အားကစားကွင်းများ၊ အားကစားရုံများနှင့် အားကစားပစ္စည်းများ ခေတ်မီ ကောင်းမွန်ဖို့ လိုသည်။ မညီညာသော မြေသားမျက်နှာပြင်၊ များပြားလှသော ချိုင့်ခွက် ငယ်ကလေးများ ရှိနေသော အားကစားကွင်း၌လေ့ကျင့်ရာက ထိခိုက်ဒဏ်ရာရပြီး အားကစားလောကမှ ရာသက်ပန် ထွက်ခွာသွားရသူများ ရှိတတ်သည်။



ဘောလုံးကြောင့် ထိခိုက်ဒဏ်ရာရမှု ဖြစ်စေတတ်သည်။

(၂) အားကစား ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်သည့် အားကစားသမားများမှာ မိမိတို့ အားကစားနည်း အလိုက် မိမိကိုယ်ကို ထိခိုက် ဒဏ်ရာရရှိစေခြင်းမှ ကာကွယ်နိုင်သည့် အင်္ကျီများ၊ အကာအကွယ် ပစ္စည်းများကို ဝတ်ဆင်ကြရသည်။ ဤအကာ အကွယ်များသည် မိမိကိုယ်ကို ထိခိုက်ဒဏ်ရာရရှိ မှုမှ ကာကွယ်နိုင်သည့်နည်းတူ မိမိ၏ယှဉ်ပြိုင်ဘက် ကိုလည်း ထိခိုက်မှုနည်းစေသည်။ ဥပမာအားဖြင့် –

Face mask – မျက်ကာ
Shin pads – ညို့သကျည်းကာ
Cup protector – ခန္ဓာကိုယ်အောက်ပိုင်းကာ
Gum – shield – သွားနှင့် သွားဖုံးကာ
Head gear – ဦးနှောက် ထိခိုက်မှု ကာကွယ်သည့် ပစ္စည်း စသည် တို့ ဖြစ်ကြသည်။

(၃) မိမိစိတ်ကိုထိန်းသိမ်းနိုင်သည့် စွမ်းရည်အပြည့်အဝ ရရှိရေးသည် အားကစားသမားများအတွက် လွန်စွာ အရေးကြီးသည်။ အားကစားသမားတစ်ဦးသည် မိမိစိတ်ကို မထိန်းနိုင်ခြင်း၊ စိတ်တိုခြင်းများရှိပါက ထိခိုက်ဒဏ်ရာရရှိမှုကို မိမိကိုယ်တိုင်သာမက မိမိ၏ ယှဉ်ပြိုင်ဘက် ကစားဖော်များကိုပါ ဖြစ်ပေါ်စေနိုင် သည်။

အမျိုးသမီးနှင့်အားကစား

ခေါမခေတ် အိုလင်းပစ် အားကစားပြိုင်ပွဲများတွင် အမျိုးသမီးများပါဝင်ဆင်နွှဲရန်မဆိုထားနှင့် ပြိုင်ပွဲကြည့်ရှုရန် အခွင့်အရေးပင်မရရှိခဲ့ကြပေ။ ခေတ်သစ် ၁၉၀၄ ခုနှစ် စိန့်လူဝီတွင်ပြုလုပ်သည့် တ တိ ယ အ ကြိမ် မြောက် အိုလင်းပစ်ပွဲတွင် လေးမြားပစ်ပြိုင်ပွဲ၌ အမျိုးသမီးခြောက် ဦး ပါဝင်ယှဉ်ပြိုင်ခြင်းဖြင့် အမျိုးသမီးပြိုင်ပွဲများ စတင်ခဲ့ သည်။ ၁၉၀၄ ခုနှစ် အိုလင်းပစ်ပွဲတွင် အားကစားသမား များ၏ ၃၀ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ကြပြီး အားကစားနည်း ၇၆ မျိုးတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

မြန်မာနိုင်ငံတွင်လည်း အမျိုးသမီးအားကစားသမိုင်း ကို ထွန်းပြောင်စေသည့် ဂျနီဖာတင်လေး၊ မကျင်ဝင်း ခင်ခင်ထွေး၊ မာမာမင်း၊ မခင်အုန်းနှင့် မကျင်လွမ် စသည့် အမျိုးသမီးအားကစားမယ်များ ထွန်းပေါက်လာ ကြပြီး နိုင်ငံတကာပြိုင်ပွဲများ၌ မြန်မာအမျိုးသမီးများ သည် အမျိုးသားတို့ထက်ပင် ဆုတံဆိပ်များကို ပိုမိုဆွတ် ခူးနိုင်လျက် ရှိပေသည်။

အမျိုးသားများနှင့် အမျိုးသမီးတို့သည် ခန္ဓာကိုယ် တည်ဆောက်ပုံချင်း မတူသော်လည်း အမျိုးသမီးများ သည် ခွန်အားသန်စွမ်းမှုမှလွဲ၍ ပျော့ပျောင်းမှု နှင့် အမောခံနိုင်မှုများတွင် အမျိုးသားများကို လွှယ်ကူစွာ ယှဉ်နိုင်ကြောင်း ၁၉၇၂ ခုနှစ် မြူးနစ်အိုလင်းပစ်၌ သုတေ သန ပြုလုပ် တွေ့ရှိခဲ့သည်။ အမျိုးသမီးများ၏ ပေါင်၊ တင်ပဆုံ၊ တင်ပါးများတွင် အဆီအများဆုံး စုဝေးနေရာ ဤသို့ အဆီများခြင်းနှင့် တင်ပဆုံရိုး ကားခြင်းကြောင့် တာတိုပြေးနှင့်အခုန်တွင် အားနည်းကာ လက်မောင်းနှင့် တံတောင်ဆစ်အနေအထားသည် မျဉ်းဖြောင့်မှကြက်ခြေ ခတ်ပုံ ဘေးထွက်နေသည့်အတွက် လှုံ့တံပစ်ရာတွင်လည်း အားနည်းနေသည်ကို တွေ့ရသည်ဟု ဖော်ပြထားသည်။ အရပ်၊ ကိုယ်အလေးချိန်၊ ခန္ဓာကိုယ်တည်ဆောက်ပုံတို့တွင် အမျိုးသမီးများက နည်းနေသောကြောင့် အမျိုးသား များထက် ကြံ့ခိုင်မှုတွင် အားနည်းသည်ဟု ဆိုပါသေး သည်။ အမျိုးသမီးများ၏ စွမ်းဆောင်နိုင်မှုသည် အမျိုး သားများထက် ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းလျော့ နည်းကြောင်း လေ့လာတွေ့ရှိခဲ့သည်။

အမျိုးသမီးများသည် အသက် ၁၁ နှစ်ခဲ့အရွယ်ခန့် တွင် ဓမ္မတာစတင်ပေါ်လွှင်ပါသည်။ သို့သော် အချိန် မမှန် ဖြစ်ချင်ဖြစ်နေမည်။ ဤအချက်ကြောင့် အားကစား လေ့ကျင့်မှုမပြုရဟုဆိုလျှင် မှားယွင်းပေသည်။ ပြင်းထန် သော လေ့ကျင့်ခန်းများပြုလုပ်လျှင် ရံဖန်ရံခါ ဓမ္မတာ မလာပါ။ သို့သော် လေ့ကျင့်မှုရပ်နားလျှင် ချက်ချင်း ပြန်လာသည်။ ဓမ္မတာအနည်းအများကို သားဖွားနှင့် မီးယပ်ဆရာဝန်များက လွှယ်ကူစွာကုသနိုင်သည့်အတွက် ကြောက်စရာမရှိပေ။ အမျိုးသမီးများ ဓမ္မတာလာချိန်၌ ပြိုင်ပွဲ ဝင်ရလျှင် အနှောင့်အယှက် ဖြစ်တတ်သည်။ အားကစားစွမ်းရည် ကျနိုင်သည်။ ထို့ကြောင့် ပြိုင်ပွဲနှင့် ဓမ္မတာပေါ်သောရက် မတိုက်စေရန် သားဖွားနှင့် မီးယပ် ဆရာဝန်၏ ညွှန်ကြားချက်နှင့် အညီ တားဆေးများ အသုံးပြု၍ ရက်ရွှေ့ပေးရသည်။ ဟိုမုန်းနှင့်ပြုလုပ်သော ပဋိသန္ဓေတားဆေးများသည်အမျိုးသမီးများ၏အားကစား စွမ်းရည်ကို မနိမ့်ကျစေသော်လည်း ညွှန်ကြားချက်ဖြင့် သာ သောက်သုံးသင့်သည်။

နှစ်ပေါင်းများစွာ အားကစား လေ့ကျင့်ခဲ့ပြီး အိမ်ထောင်ပြုပါက ကလေး လွှယ်ကူစွာ ရနိုင်သည်။ မွေးဖွားရာတွင်လည်း လွှယ်ကူသည်။ ပထမ ကလေး မွေးဖွားပြီးလျှင် မိခင်၏ ကျန်းမာသန်စွမ်းမှုသည် ပို၍ ကောင်းလာသည်ဟုပင် ဆိုသည်။ စိတ်ဝင်စားဖွယ်ကောင်း သည့်ဖြစ်ရပ်တစ်ခုမှာ ၁၉၅၆ ခုနှစ် မဲလ်ဘုန်းအိုလင်းပစ် ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ အမျိုးသမီး ၁၀ ဦးသည် ပြိုင်ပွဲ ဝင်နေစဉ်ကိုယ်ဝန်ရှိနေကြပြီး နောင်ကလေးမွေးဖွားသည့်

အခါ ကျန်းမာသန်စွမ်းသော ကလေးများကို မွေးဖွားခဲ့ကြသည်။

ကိုယ်ဝန်ရှိစဉ် ပထမသုံးလအတွင်း လေ့ကျင့်ခန်းဝင်ခြင်း၊ ပြိုင်ပွဲဝင်ခြင်းများတွင် ဆေးဘက်ဆိုင်ရာကြီးကြပ်မှု ရှိပါက ပါဝင်ဆောင်ရွက်နိုင်ပါသည်။ အန်ခြင်း၊ ခေါင်းမူးခြင်း၊ အစားအသောက်ပျက်ခြင်း၊ သွေးအားနည်းခြင်းတို့ ရှိလျှင်မူ လေ့ကျင့်ခန်းယူခြင်း၊ ပြိုင်ပွဲဝင်ခြင်းမပြုလုပ်စေသင့်ပါ။

ဘော်လီဘော၊ ဘတ်စကက်ဘော၊ တင်းနစ်၊ ဘောလုံးစသည့် အားကစားအမျိုးအစားများတွင် အမျိုးသမီးများ အလွယ်တကူ ထိခိုက်ဒဏ်ရာရရှိနိုင်သော နေရာမှာ ရင်သားဖြစ်သည်။ ရင် သား ထိ ခိုက် မိ ပြီး လျှင် ရင်သား ကင်ဆာ ဖြစ်နိုင်သည်ဟု ဆိုတတ်ကြသော်လည်း ယခုထက်ထိ အားကစားထိခိုက်မှုကြောင့် ရင်သားကင်ဆာဖြစ်သည်ကို အထောက်အထားဖြင့်မသိရသေးပါ။ စိတ်ဓာတ်ရေးရာနှင့်ပတ်သက်၍ တက်ကြွမှု၊ အားမန်အပြည့်ပါဝင်မှု၊ အနိုင်မခံအရှုံးမပေးချင်စိတ်ရှိမှု စသည်တို့တွင် အားကစားသမား အမျိုးသမီးများနှင့် အမျိုးသားများသည် တူညီကြပါသည်။

ဟိုမုန်းဓာတ်ပါဝင်သည့် (Anabolic Steroid) ဆေးများမှာ တားမြစ်ထားသောဆေးများ ဖြစ်ပါသည်။ ၎င်းဆေးများကိုသုံးစွဲမိပါက ကြွက်သားများအဆမတန်ကြီးထွားလာခြင်း၊ ခန္ဓာကိုယ်ပုံမှန် ကြီးထွားမှုကို အဟန့်အတားဖြစ်စေခြင်း၊ အသံပြောင်းလာခြင်း၊ ဝက်ခြံများထွက်လာခြင်း၊ မလိုအပ်သောနေရာများတွင် အမွေးများပေါက်လာခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် အမျိုးသမီးများကို ခန္ဓာကိုယ်ကြီးထွားစေသော ဟိုမုန်းဆေးများမသုံးစွဲစေသင့်ပါ။

အားကစားသမားအတွက် အစားအသောက်

အမောခံနိုင်ပြီး သက် လုံ ကောင်း ရန် လိုအပ်သည့် အားကစားမျိုး (ဥပမာ – မာရသွန်၊ ဘတ်စကက်ဘော၊ ဘောလုံးနှင့် လှေလှော်)တို့တွင် ကြွက်သား၌ ပါဝင်သည့် ဂလိုင်ကိုဂျင်ကစီဓာတ် (Muscle Glycogen) ကို ပြိုင်ပွဲများ မတိုင်မီ ဖြည့် ဆည်း ထား ခြင်း ဖြင့် အားကစားသမားများ၏ စွမ်းဆောင်နိုင်မှုကို တိုးတက်စေနိုင်ကြောင်း သိရပြီးဖြစ်သည်။ ဂလိုင်ကိုဂျင်ဖြည့်ဆည်းခြင်း၏ ရည်ရွယ်ချက်မှာ အမောခံနိုင်ပြီး ဘက်လုံကောင်းစေရန် ဖြစ်သည်။

ပြိုင်ပွဲမဝင်မီ အာဟာရစားသုံးခြင်း လမ်းညွှန်မှာ အောက်ပါအတိုင်းဖြစ်ပါသည် –

(၁) အားကစားသမားကိုယ်တိုင်စားရလျှင် နိုင်မည်ထင်သည့်အမည်များ ထည့်သွင်းရန်၊

(၂) အဆီနည်းနည်း၊ ကစီဓာတ်များများနှင့် အသားဓာတ် တော်သင့်ရုံပါသည့် အစားအစာကို စားရန်၊

(၃) ငန်သည့်အစားအစာကို ရှောင်ရန်၊

(၄) မစင်များစေမည့် အစာနှင့် လေပွစာများ ရှောင်ရန်၊

(၅) အစာအဆိပ်ဖြစ်စေမည့် အစားအစာများ ရှောင်ရန်၊

(၆) နောက်ဆုံးအစာကို ပြိုင်ပွဲမတိုင်မီ နှစ်နာရီခွဲမှ သုံးနာရီထက် နောက်မကျစေဘဲ စားထားရန်၊

ပြိုင်ပွဲခေတ္တနားသည့်အချိန်တွင် ချွေးကြောင့်ကုန်ဆုံးသွားသည့် ရေကိုဖြည့်ပါ။ ကုန်သွားသည့် ကယ်လိုရီကို သင့်တော်ရာအချိုရည်ဖြင့် ပြန်ဖြည့်ပါ။

ပြိုင်ပွဲပြီးသည့်နောက် ကုန်သွားသည့်ရေကို ဖြည်းဖြည်းပြန်ဖြည့်ပါ။ ပြိုင်ပွဲပြီးသည့်နောက် နှစ်နာရီမှ သုံးနာရီကြာတွင် အစာကျေလွယ်သော သကြားဓာတ်လွန်ကဲသည့်အစာကို ကျွေးသင့်ပါသည်။ (ဥပမာ–ပူတင်း)၊ ပြိုင်ပွဲပြီးသည့်နောက် လေးနာရီမှ ငါးနာရီ အတွင်း (High Carbohydrate) သကြားဓာတ်လွန်ကဲသည့် အစာကို ကျွေးသင့်သည်။ ဟင်းသီးဟင်းရွက်စိမ်းများကိုမူ မကျွေးသင့်ပါ။

အားကစားသမားများစားသုံးရန် ကြော်ငြာကောင်း၍ လူကြိုက်များသည့်အစားအစာနှင့် အချိုရည်များနှင့် ပတ်သက်၍ အားကစားသိပ္ပံပညာရှင်များက ဈေးကြီးပြီး အသုံးမဝင်သည့်အပြင် လူကိုပင် ဒုက္ခပေးနိုင်သည့်အရာများဖြစ်သည်ဟု ခြွင်းသုံးသပ်ကြပါသည်။ ဗီတာမင်အကြောင့် ခေါင်းကိုက်ခြင်း၊ အရိုးနာခြင်း ဗီတာမင်အီးကြောင့် ဝမ်းသွားခြင်း၊ ကြွက်သားနာခြင်း၊ နို့ငယ်စင်ကြောင့် တစ်ကိုယ်လုံးနီလာခြင်း၊ (Protein Supplements) ပရိုတင်းဖြည့်ထားသော အစားအစာများကြောင့် ဝမ်းသွားခြင်း၊ ဆာမင်းစားပျက်ခြင်းများ ဖြစ်နိုင်ပါသည်။

အားကစားသမားများအတွက် ဗီတာမင်များ ပိုမို လိုအပ်သည်မှာ မှန်သော်လည်း ဗီတာမင်တိုင်းအတွက် မဟုတ်ပါ။ စားသုံးသည့်အစာတွင် ဗီတာမင်များပါဝင်နေပေရာ အောက်ပါဇယားတွင် ဖော်ပြထားသည့် ဗီတာမင် လိုအပ်ချက်ကို မှတ်သားသတိပြုသင့်ပါသည်။ လိုအပ်သည်ထက်ပို၍ ကျွေးမိပါက ဇရတ်ဝင်ပျော်ဝင်နိုင်သည့် ဗီတာမင်တို့သည် အလဟဿ ဖြစ်ရပါသည်။ အဆီတွင် ပျော်ဝင်နိုင်သည့် ဗီတာမင် အေ၊ ဒီ၊ အီး၊ ကေ များကိုမူ လူကိုပင် ဒုက္ခပေးနိုင်ပေသည်။

ဗီတာမင်လိုအပ်ချက်

ဗီတာမင်	လိုအပ်ချက်
အေ	၁၃၀၀၀ အိုင်ယူ
ဘီ (၁)	၄–၈ မီလီဂရမ်
ဘီ (၂)	၄ မီလီဂရမ်
နိုင်ယာစင်	၃၀ မီလီဂရမ်
စီ	၅၀၀ မီလီဂရမ်

သတ္တုဓာတ်များအနက် သံဓာတ် (Iron) နည်းခြင်းကြောင့် သွေးအားနည်းနိုင်သည်ကို ဆင်းရဲခဲ့ရှိတဲ့သည့် လူငယ်အားကစား သမားများ၊ လစဉ်ခမြတာလာသော အမျိုးသမီးအားကစားသမားများ၊တာဝေးအပြေးသမားများတို့တွင် ခြေဖနောင့်၌ သွေးခြေဉခြင်း (Traumatic Intravascular Haemolysis) ဖြစ်ခြင်းကို တွေ့ရသည်။ ယင်းသွေးအားနည်းခြင်းကို သံဓာတ်ပါသည့် သွေးအားတိုးဆေး ကျွေးခြင်းဖြင့် ကုစားသင့်ပါသည်။

အားကစား သမားများတွင် ဒုတိယ အဓိက လိုအပ်ချက်မှာ ခွေးထွက်ခြင်းကြောင့် ဓနွာကိုယ်မှ ထွက်သွားသည့်ရေဓာတ်ကို ပြန်လည်ဖြည့်တင်း ပေးရန်ဖြစ်သည်။ အမောခံပြီး သက်လုံကောင်းစွာဖြင့် ယှဉ်ပြိုင်ရသည့် အားကစားနည်းများတွင် ခွေးထွက်များသည်။ရာသီဥတုမျှတသည့်အချိန်တွင် တစ်နာရီလျှင် ၁ ဒသမ ၅ မှ ၂ ဒသမ ၅ လီတာအထိ ခွေးထွက်နိုင်ပြီး ပူပြင်းသည့်ရာသီတွင် တစ်နာရီလျှင် လေးလီတာအထိ ခွေးထွက်နိုင်သည်။

ပြန်လည် ဖြည့်တင်း ရာ၌ လေ့ကျင့်မှု ပြီးပြီးချင်း (သို့မဟုတ်) ပြိုင်ပွဲပြီးပြီးချင်း ရေကိုနည်းနည်းနှင့် မကြာခဏသောက်သုံးစေပြီးနောက် အတန်ကြာမှ နောက်ထပ်မံလိုအပ်မည့် ရေပမာဏကို သောက်သုံးစေသင့်သည်။ ရေသက်သက်ကို သောက်သုံးစေခြင်းထက် ခွေးထွက်ရာတွင် ဆုံးရှုံးသွားသောဆားဓာတ်များပြန်လည်ရရှိရေးနှင့် ဓနွာကိုယ်တွင် ရေဓာတ်ထိန်းနိုင်ရေးအတွက် အောက်ပါဖျော်ရည်ကို သောက်သုံးသင့်ပေသည်။

မြန်မာနိုင်ငံတွင် ရနိုင်သည့် ဓာတ်ဆားထုပ် (Oral Rehydration salt)များကို အညွှန်းအတိုင်း ဖျော်၍ တိုက်နိုင်ပါသည်။ ဓာတ်ဆားထုပ် တစ်ထုပ်တွင်အောက်ပါတို့ပါဝင်သည်။

(၁)	ဂလူးကို့(စ်)	–၂၀ ဒသမ ဝ ဂရမ်
(၂)	NaCl (အိမ်သုံးဆား)	– ၃ ဒသမ ၅ ဂရမ်
(၃)	Soda bicarb	– ၂ ဒသမ ၅ ဂရမ်
(၄)	KCl	– ၁ ဒသမ ၅ ဂရမ်

ဂင်းကို ရေတစ်လီတာဖြင့်ဖျော်၍ ကြိုက်နှစ်သက်ရာအနှံအရသာဖြည့်စွက်သောက်သုံးနိုင်သည်။ လိုအပ်သည့် ဓာတ်ဆားနှင့်ရေတို့ကို ဤနည်းဖြင့် ပြန်လည်ဖြည့်တင်းနိုင်သည်။

ပြိုင်ပွဲကြီး များကို ဝင်ရောက် ယှဉ်ပြိုင်ခဲ့ဖူးသည့် လက်ရွေးစင်အားကစားသမားများသည် ပြိုင်ပွဲဝင်ရန် သင့်တော်သည့် မိမိတို့၏ခန္ဓာကိုယ်အလေးချိန်ကို မှန်းဆတတ်ကြသည်။ ယင်းကိုယ်အလေးချိန်ရှိစေရန် လေ့ကျင့်ရေးကို ကြိုးကြပ်သူ အားကစားသမားနှင့် ဆရာဝန်တို့ တိုင်ပင်ကာ ပြုပြင်ယူ၍ရပေသည်။

အားကစားကြောင့် ဒဏ်ရာရရှိပုံအမျိုးမျိုး

အားကစားနှင့်ထိခိုက်ဒဏ်ရာရရှိမှုမှာ အစဉ်ဒုန်တဲ့နေတတ်သည်။ အများအားဖြင့် အားကစားကြောင့်ရရှိသည့် ထိခိုက်ဒဏ်ရာများမှာ မကြီးမားလှပေ။ ကာကွယ်ကုသ၍လည်းရနိုင်သည်။ အောင်ဆန်းအားကစားကွင်းရှိပြေးခုန်ပစ်၊ ဘောလုံး၊ ဘော်လီဘော၊ လက်ဝှေ့နှင့် အလေးမ အားကစားအဖွဲ့များ၏ ဆေးမှတ်တမ်းများကိုလေ့လာသောအခါ အဖြစ်အများဆုံး ဒဏ်ရာများမှာ ခြေသပ္ပတ်တိုင်လည်ခြင်း၊ အရွတ်၊ အဆစ်၊ အကြောဆောင်ခြင်း(Strain)၊ကြွက်သားခွက်ဆုတ်ခြင်း(Sprain)၊ ပွန်းပဲ့ခြင်း (Contusion)၊ ခါးနာခြင်း (Back Pain) တို့သာ အဖြစ်များပြီး အရိုးကျိုးခြင်း၊ အဆစ်လွဲခြင်းတို့မှာ ဖြစ်ခဲပါသည်။ ဒူးဆစ်၊ ခြေမျက်စိ၊ ပေါင်၊ ခြေ၊ လက်မောင်းနှင့် ခါးတို့၌ ဒဏ်ရာရရှိမှု အများဆုံးဖြစ်ပွားကြောင်း တွေ့ရပါသည်။ အားကစားတစ်ခုနှင့်တစ်ခု ကစားပုံမတူညီသကဲ့သို့ ကစားပုံပေါ်မူတည်၍ ထိခိုက်ဒဏ်ရာရရှိမှုများလည်း ကွဲပြားသည်။

ဒဏ်ရာရရှိပြီး ၂၄ နာရီမှ ၃၅ နာရီအတွင်း ကုသနည်း

ထိခိုက်ဒဏ်ရာရရှိပြီးနောက် ကြွက်သားမျှင်များစုတ်ပြဲ၍ သွေးလွှတ်ပတ်မှုပိုမိုများပြားလာပြီး ကြွက်သားရောင်ခြင်း၊ ကြွက်သားများအကြားတွင် အရည်များပြည့်လာ၍ (Traumatic Effusion) ရောင်ကိုင်းလာသည်။

ယင်းအခြေအနေတွင် အောက်ပါ ကုသနည်းများ အသုံးပြုနိုင်ပါသည်။

(က) ဖိအား ပေး၍ ပတ် တီး စည်း ခြင်း (Pressure Bandage)

လျှော့တင်း၍ရသော ပတ်တီးမျိုးဖြစ်သည့်နိုင်လွန် ပတ်တီး (Creep Bandage) ကို ဒဏ်ရာရသောနေရာ၌ ဂွမ်းများမံ၍စည်းရပါမည်။

(ခ) ရေခဲကပ်ခြင်း (Ice Compression)

ဖိအားပေး၍ ပတ်တီးစည်းပြီးနောက် ဒဏ်ရာရရှိသောခြေထောက်သို့မဟုတ်လက်ကိုရေခဲရေထဲတွင် ၁၀ မိနစ်မှ ၂၀ မိနစ်ခန့်အထိ စိမ်ထားရပါမည်။ ရေခဲ၏ အအေးဓာတ်ကြောင့် သွေးကြောငယ်ကလေးများကျဉ်းမြောင်းသွားပြီး အရောင်လျော့စေပါသည်။ နာကျဉ်ခြင်းကိုလည်း သက်သာစေသည်။

(ဂ) အင်ဇိုင်းဓာတ်ပါသည့် ဆေးများကို အသုံးပြုခြင်း ဒဏ်ရာရရှိသည့်အဆစ်အတွင်းသို့အင်ဇိုင်းဓာတ်ပါရှိသည့် ဆေးများကို ထိုးသွင်းပေးခြင်းဖြင့် လည်းကောင်း၊ အင်ဇိုင်းဓာတ် ပါရှိသည့် သောက်ဆေးများကို တိုက်ကျွေးခြင်းအားဖြင့် လည်းကောင်း ရောင်ကိုင်းခြင်းကို လျော့နည်းစေမည်ဖြစ်သည်။ ဒဏ်ရာရှိသည့် ကိုယ်ခန္ဓာအစိတ်အပိုင်းကို အနားပေးမထားဘဲ ဆက်လက်၍ လှုပ်ရှားမိမည်ဆိုပါကဂင်းနေရာတွင် သွေးများထပ်မံယိုစီးထွက်ခြင်းနှင့် စုတ်ပြဲသွားသော ကြွက်သားမျှင်များကို ဆွဲဆန့်လိုက်သကဲ့သို့ ဖြစ်ပြီး ဒဏ်ရာ အနာကျက်မှုကို နှောင့်နှေးစေခြင်းတို့ ဖြစ်နိုင်သည်။ ဤကဲ့သို့ဖြစ်ပေါ်ခြင်းကို ကာကွယ်ကုသနည်းမှာ ဒဏ်ရာရရှိသည့် ကိုယ်ခန္ဓာအစိတ်အပိုင်းကို လုံးဝအနားပေးထားသည့်အနေအထားဖြင့် ပတ်တီးကိုဖိအားအနည်းငယ်ပေး၍ စည်းစေပြီး ဂင်းနေရာကို အနားပေးရမည်ဖြစ်သည်။

ဒဏ်ရာကြောင့် နာကျင်နေခြင်းကို လျော့နည်းသက်သာစေရန် အကိုက်အခဲ ပျောက်စေသည့် ဆေးဝါးများ (ဥပမာ။ ။ဘတ်စပရိုဖင်၊ အနယ်ဂျက်စင်၊ ပါရာစီတမော) ကို သောက်သုံးနိုင်ပေသည်။

ဒဏ်ရာရရှိပြီး ၃၆ နာရီကျော်လွန်ပြီးနောက် ကုသနည်း

ဒဏ်ရာကြောင့် ကြွက်သားများအကြား အရည်များပြည့်လာပြီး ရောင်ကိုင်းနေခြင်းကို လျော့နည်းသွားစေရန် အောက်ပါနည်းများကို အသုံးပြုကုသနိုင်ပေသည်။

(က) ပလာစတာဖြင့်ပတ်စည်းခြင်း။ ဤကုသနည်းမှာ ကြွက်သားများထိခိုက်ခြင်းအတွက် အများဆုံးအသုံးပြုလေ့ရှိသည်။ ဒဏ်ရာရရှိသည့်နေရာကို ခိုင်မြဲစွာပတ်စည်းပေးထားရုံမက အားကစားသမား ကိုယ်တိုင်ကလည်း ဒဏ်ရာရရှိသည့်နေရာ (အထူးသဖြင့် ခြေထောက်) ကို အတတ်နိုင်ဆုံး သာမန်လှုပ်ရှားမှု အနေအထားအတိုင်း ရအောင်ကြိုးစားပြီး အသုံးပြုရပါမည်။ ယင်းကဲ့သို့ ရွှေ့လျားလှုပ်ရှားမှုပြုရာတွင် အသုံးပြုနေရသည့် ကြွက်သားနှင့်အဆစ်များကို ဖိအားပေး၍ ပတ်တီးစည်းပေးထားခြင်းအားဖြင့် အလိုအလျောက်ဖိအားပေးစေပြီး သွေးလှည့်ပတ်မှုကို ကောင်းမွန်လာစေရန် အကောင်းဆုံးသောနည်းလမ်း ဖြစ်စေသည်။

(ခ) ရူပဗေဒ ဆေးကုသနည်းများဖြင့် ကုသခြင်း (Physiotherapy Treatment)

ယင်းကုသနည်းများကို အသုံးပြုခြင်းဖြင့် ဒဏ်ရာရရှိသည့်နေရာ ရောင်ကိုင်းမှုကို လျော့နည်းစေသည်သာမက ဒဏ်ရာပျောက်ကင်းမှုကိုလည်း မြန်ဆန်စေပါသည်။ ရူပဗေဒ ဆေးကုသနည်းအမျိုးမျိုးရှိသည်။ ထိုကုသနည်းများမှာ –

- နှိပ်နယ်စေခြင်း (Massage)
- လေ့ကျင့်ခန်းပြုလုပ်ခြင်း (Exercise)
- ဖယောင်းရည်စိမ်ခြင်း (Contrast Bath)
- လျှပ်စစ်ဓာတ်အားဖြင့် နှိပ်နယ်ခြင်း (Faradic Stimulation)
- ဒဗူပေး၍ကုသခြင်း (Short wave diathermy, micro-wave therapy, ultrasound therapy, infrared radiation, radiant heat, hot packs) တို့ဖြစ်ပေသည်။

ဒဏ်ရာလုံးဝပျောက်ကင်းပါက မူလအတိုင်းပြန်လည်ကစားနိုင်သည်။ သို့ရာတွင် ဒဏ်ရာရရှိသည့် နေရာကို အောက်ပါအတိုင်း အကာအကွယ် ပေးထားသင့်သည်။

(က) အတင်းအလျော့ပြုလုပ်နိုင်သော ပတ်တီးမျိုးဖြစ်သည့် နိုင်လွန်ပတ်တီး (Creep Bandage) ကို စည်းထားသင့်သည်။

(ခ) ဒဏ်ရာရရှိထားသည့်ကြွက်သားများ၊ အဆစ်များ ပြန်လည်သန်မာစေရန်နှင့် ပုံမှန်အတိုင်း လှုပ်ရှားနိုင်ရန် လေ့ကျင့်ခန်းများ ပြုလုပ်သင့်သည်။

ကြွက်တက်ခြင်း

ချွေးထွက်လွန်ကဲရာက ခန္ဓာကိုယ်တွင်း၌ ဆားဓာတ်ယုတ်လျော့ပြီးဖြစ်တတ်သည်။ ကြွက်သားများကို အသုံးပြုမှုလွန်ကဲရာက အနားရယူလိုသောကြောင့်လည်း ဖြစ်ရသည်။

ကြွက်တက်နေသူကို အနားယူပါစေ။ မကြာခဏ ကြွက်တက်နေပါက ခန္ဓာကိုယ်တွင်း ဓာတ်ဆားယုတ်လျော့နေသောကြောင့် ဖြစ်နိုင်သည်။ ယင်းကိုဓာတ်ခဲစစ်ဆေးကြည့်၍ရပေသည်။ ဆားဓာတ်ပါသော အစားအစာ ပိုမို

စားသုံးပေးပါ။ ဓာတ်ဆားရေကို နေ့စဉ်သောက်ပေးခြင်း ဖြင့်ကာကွယ်၍ရသည်။

နေပူထဲ အပြေးပြိုင်ပြီး ချွေးထွက်လွန်ကာ ဆားဓာတ် လျော့နည်းရာက အားပြတ်ခြင်း

ၾကြင်းဝေဒနာလက္ခဏာမှာ ခေါင်းအုံ၊ ခေါင်းကိုက်ခြင်း နုံးခွေခြင်း၊ မူးဝေခြင်း ကိုယ်ခန္ဓာအေးစက်နေ၍ အရေပြားမှ ဖြူဖျော့နေခြင်း သတိလစ်သွားခြင်းတို့ဖြစ်တတ်၏။ သို့သော် ခန္ဓာကိုယ်မှာ အပူချိန်မတက်လှချေ။ ချွေးတွေထွက်ရာက ခန္ဓာကိုယ်တွင်း၌ အိမ်သုံးဆားဓာတ် လျော့နည်းသွားရာက ဤသို့သော ဝေဒနာမျိုးဖြစ်ပေါ်ရသည်။

ဤဝေဒနာရှင်ကို အရိပ်ထဲ အနားယူစေရမည်။ အိပ်နေစေ၍ ခြေထောက်နှစ်ဘက်ကို ဦးခေါင်းထက် ၁၀ လက်မလောက်မြင့်နေအောင် ခြေထောက်မှမြှင့်ထားပေးပါ။ အိမ်သုံးဆားထည့်ဖျော်ထားသောရေကို သဘောရှိသောက်နေပါစေ။ ဆားလက်ဖက်ရည်တစ်ဇွန်း၊ ရေတစ်ဖန်ခွက်ထည့်ဖျော်ထားသော ရေမျိုးဆိုလျှင် အထူးသင့်တော်၏။ လူမမာအတွက် ဆားဓာတ်တိုက်ပေးရမည်ဆိုသော်လည်း ဆားရည်ပျစ်ပျစ်တိုက်ကျွေးပါက လူမမာက အော့အန်လိုက်မှာ စိုးရပါသည်။ ၁၅ မိနစ်တစ်ကြိမ်တိုက်ပေးပါ။ ဆားရည်မှာ လိမ္မော်ရည်၊ မန်ကျည်းရည်ထည့်နိုင်ပါသည်။ ၁၅ မိနစ်တစ်ဖန်ခွက်နှုန်းဖြင့် တစ်နာရီအတွင်း လေးခွက်လောက်သောက်ချပါစေ။ လူမမာ အော့အန်နေပါက သွေးကြောထဲသို့ ဆားရည်ထည့်သွင်းပေးရအောင် ဆေးရုံတင်ဖို့လိုပါလိမ့်မည်။

ဆေးဝါးများကိစ္စ

ဘီစီ ၄ ရာစု ခေတ်က အိုလင်းပစ်ပြိုင်ပွဲကို ကျင်းပစဉ်ကပင် အားကစားသမားအချို့သည် သူတို့၏စွမ်းရည်တိုးတက်စေရန် အစားအသောက်ဆေးဝါးအကူအညီကို ရယူခဲ့ကြသည်။ ပြေးခုန်ပစ်သမားတို့က ဆိတ်သားကို အလွန်အကျံ့ စားသုံးတတ်ကြသည်။ သံလုံးပစ်သမားများက အမဲသား၊ နပန်းသမားများက အဆီအဆိမ့်ကို ပိုပြီးစားတတ်ကြသည်။

ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းက လေယာဉ်မောင်းသမားများ၊ လေထီးသမားများ အိပ်မငိုက်စေရန် ဂျာမနီစစ်တပ်က ချောကလက် ဒိုင်းနမိုက်ဟု ခေါ်တွင်သော ပါဗိုက်တင်း (Pervitine) ခေါ်ဆေးကို သုံစွဲခဲ့ကြသည်။ ဗြိတိသျှလေတပ်ကလည်း ဘင်ဇီးဒရင်းခေါ် ဆေးကို လေယာဉ်မှူးများ အိပ်မငိုက်ကြရအောင် သုံးစွဲခဲ့ကြသည်။

ဆေးဝါးများကို အားကစားသမားများ မသုံးစွဲကြရအောင် ပိတ်ပင်တားဆီးရေးကိစ္စကို ၁၉၆၂ ခုနှစ် ဥရောပ ကောင်စီလူကြီးများစည်းဝေးစဉ်က ပထမဆုံးအကြိမ် စဉ်းစားခဲ့ကြသည်။ ၁၉၆၇ ခုနှစ် ဝန်ကြီးများအဆင့် ကောင်စီစည်းဝေးပွဲ၌ ဤကိစ္စကို ပိုမိုတိကျစွာ အကောင်အထည်ဖော်နိုင်အောင် စည်းဝေးခဲ့ကြသည်။

ဆေးဝါး အကူအညီယူသည်ဆိုရာ၌ ကျောင်းသူကျောင်းသားအချို့စာမေးပွဲနီးသည့်အခါ အိပ်မပျော်စေသော ဆေးဝါးကိုသုံးစွဲတတ်ကြသကဲ့သို့ အားကစားသမားများက ပင်ပန်းနုံးခွေခြင်းတို့ကို ဖုံးကွယ်စေရန်နှင့် ခန္ဓာကိုယ် အလေးချိန်ကျစေရန် သုံးစွဲတတ်ကြသည်။ များသောအားဖြင့် အ အိပ် နည်း စေ သော အင်းဖက်ကလင်းဆေးကို သုံးစွဲလေ့ရှိကြသည်။ ဤဆေးများကို သုံးစွဲဖန်များသောအခါ ဆေးစွဲသည်အထိ ဖြစ်ကုန်ကြသည်။


၁၉၆၀ ပြည့်နှစ် ရောမနိုင်ငံ အိုလင်းပစ်ပြိုင်ပွဲ၌ ဒိန်းမတ်နိုင်ငံမှ စက်ဘီးသမားက ဆေးဝါးသုံးစွဲပြီး ယှဉ်ပြိုင်ခဲ့ရာတွင် ပန်းမဝင်နိုင်မီ အားပြတ်ပြီး သတိလစ်ကာ အသက်သေဆုံးရာမှ အားကစားသမားများ ဆေးဝါးသုံးစွဲသည့်ဖြစ်ရပ်မှာ လူသိများလာသည်။

ယခုအခါ အားကစားသမားများ ဆေးဝါးသုံးစွဲခြင်းကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြင်းထန်စွာ တားမြစ်ထားပြီးဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးကော်မရှင်ကလည်း ဤပြဿနာနှင့်ပတ်သက်၍ အထူးစိတ်ဝင်စားနေပြီး ဆေးဝါးသုံးစွဲခြင်းရှိမရှိကို စစ်ဆေးရန် နည်လမ်းများကို ဖော်ထုတ်ပေးခဲ့ပြီးဖြစ်သည်။

ယခုအခါ နိုင်ငံတကာပြိုင်ပွဲများတွင် အားကစားသမားများ ဆေးဝါးအကူအညီယူခြင်း မရှိရအောင် အားကစားပြိုင်ပွဲ ဝင်မည့်သူတိုင်း သွေးကိုစစ်ဆေးပြီးမှ ပြိုင်ပွဲဝင်ခွင့် ပေးလျက်ရှိပေသည်။

ဆရာဝန် တင်ရှေ

ဝန်ခံချက်–ဤဆောင်းပါးကို မြန်မာနိုင်ငံ အားကစားနှင့် ကာယပညာကော်မတီ၊ ကျန်မာရေး ဝန်ကြီးဌာနက ဦးဆောင်၍ ဆေးသုတေသနဦးစီးဌာန၌ ကျင်းပခဲ့သော မြန်မာ့အားကစား စွမ်းရည်မြှင့်တင်ရေးဆိုင်ရာဆွေးနွေးပွဲ ၁၉၉၀ ပြည့်နှစ် အစီရင်ခံစာ၌ ဖော်ပြပါရှိသည့် ဒေါက်တာမြတ်ထွဋ်၊ ဒေါက်တာမြလေးစိန်၊ ဒေါက်တာမျိုးသိမ်း၊ ဒေါက်တာအောင်၊ ဒေါက်တာဖေသောင်းမြင့်၊ ဒေါက်တာ သန်းတိုးတို့၏ စာတမ်းတို့ကို အခြေပြု၍ ရေးသားပါသည်။



ကမ္ဘာ့ခေတ်သစ်ဗိသုကာ လက်ရာ

ဗိသုကာပညာ


အမြင်ပညာ

အမြင်ပညာဟူသည် လူသားတို့အတွက် ဘာသာစကားမပေါ်မီ အတိတ်ခေတ်ဦးကာလကပင် စက္ခုအာရုံမှ ခံစားရသော အသိပညာနှင့် ဘဝ အတွေ့အကြုံတို့ဖြင့် အခြေခံထားပေသည်။ သို့သော်လည်း မျက်မှောက်ဘဝဖြင့် မွေးကင်းစအရွယ်မှစ၍ မိမိ၏မျက်စိအာရုံဖြင့် မြင်သိမှတ်ယူစုဆောင်းထားပုံနှင့် ယင်းကိုအကြောင်းပြု၍ နောင်အခါမြင်တွေ့လာရသောမြင်ကွင်းအပေါ် အလိုအလျောက် မိမိ၏ စိတ်အာရုံဖြင့် တုံ့ပြန် ခံစားမှု ဖြစ်ပေါ်ခြင်းကို တတ်ကျွမ်း နားလည်နိုင်အောင် လေ့လာခြင်း၊ မြင်ခြင်းသဘောမှ တုံ့ပြန်လာသော အာရုံခံစားချက်ကို နားလည်သဘောပေါက်အောင် သင်ယူခြင်း၊ လေ့ကျင့်ယူခြင်းပြုမှသာအမြင်ပညာကိုရရှိနိုင်ပေသည်။ ယင်းကဲ့သို့စနစ်တကျသင်ယူ လေ့ကျင့်ယူရသော ပညာရပ်မျိုးကို အမြင်ပညာရပ်ဟူ၍ ဆိုကြပါသည်။

အမြင်ပညာရပ်၏အောက်တွင် လမ်းခဲ့၊ လမ်းသွယ်များစွာပင်ရှိနေကြပါသည်။ လူသိများသောအမြင်ပညာလမ်းခဲ့အချို့မှာ ပန်းချီ၊ ပန်းပု၊ ဗိသုကာအနုပညာရပ်တို့ဖြစ်ကြပြီး နှစ်ဆယ်ရာစုနှစ်၏နောက်ပိုင်းတွင်မှ ထင်ရှားလာခဲ့သည့် ရုပ်ရှင်အနုပညာရပ်နှင့် ဗီဒီယိုအနုပညာရပ်တို့လည်း ပါဝင်လာကြသည်။

အမြင်ပညာရပ်နှင့် ဗိသုကာအနုပညာ

ဗိသုကာပညာရပ်ကို အနုစိတ်ခဲ့ခြမ်းကြည့်လျှင် ဗိသုကာအနုပညာ၊ ဗိသုကာအတတ်ပညာနှင့် ဗိသုကာအသိပညာဟူ၍ မြင်နိုင်ပါသည်။ ဗိသုကာအတတ်ပညာသည် တည်ဆောက်မှုအတတ်ပညာရပ်နှင့် ပူးကပ်၍နေ



ပုံ (၁) အနောက်တောင်ဘက်မှ ဥပစာတစ်ခုလုံးကို မြင်တွေ့ရပုံ။ လည်ပေါင်၌ ဘဲဥပုံ မှန်လည်ပြတင်းများ ရှိသည့် အဆောင်သည် စည်းဝေးခန်း/စာသောက်ခန်းဖြစ်သည်။

ပေသည်။ မြေခင်းဗိသုကာပညာ၌ အတတ်ပညာကဏ္ဍ များစွာ ပါရှိသော်လည်း တည်ဆောက်မှု ကဏ္ဍကား နည်းပါ၏။ ခန်းတွင်း ဗိသုကာပညာရပ်သည် သေးငယ် သောအရွယ်ပမာဏသာရှိကြသည့် ပစ္စည်းပစ္စယတို့နှင့်သာ အကျွမ်းတဝင်ကိုင်တွယ်ခင်းကျင်းပြီး ဗိသုကာလက်ရာ၏ ရသကို ပေါ်လွင်အောင် ဖန်တီးကြရသည်။

ဗိသုကာ အသိပညာ ကဏ္ဍတွင် ရိုးရာ ယဉ်ကျေးမှု၊ သမိုင်းကြောင်းနောက်ခံများနှင့် အမျိုးသားတို့၏ဓလေ့ ထုံးစံများ ပါဝင်နေကြပါသည်။ ဗိသုကာအနုပညာသည် မြင်မှုပညာရပ်ချည်း သက်သက်ဖြင့် ဖန်တီးပေးရုံမျှဖြင့် ပီပြင်ထင်ရှားခြင်း မဖြစ်နိုင်ပေ။ သာဓကပြရလျှင် မြန်မာ တိုင်းရင်းသားတို့၏ ဇရပ်အဆောက်အအုံကို ဥရောပတိုက်သား ဗိသုကာက ပုံစံတီထွင် ရေးဆွဲပေးရန် မစွမ်းနိုင်ပေ။ အလွန်အမင်းကြိုးပမ်းပြီး ရေးဆွဲဆောက် လုပ်ပေးသည်ဆိုစေဦး ဇရပ်ဟူ၍ဆိုနိုင်သောအဖြစ်မျှသာ ရှိနိုင်မည်ဖြစ်ပါသည်။ ပညာရပ်ဖြင့် အနုပညာလက်ရာ ပြောင်မြောက်အောင် စိမ်ဖန်တီးရသည့် လက်ရာမျှား အနက် ပန်းချီ အနုပညာသည် ပြားချပ်သော နှစ်ဘက် တိုင်းပမာဏ၏ ကန့်သတ်ချက် ဘောင်အတွင်း၌သာ စက္ခုပသာဒ၏ရသကို ဖန်တီးခွင့်ရပါသည်။ ပန်းပုအနု ပညာရပ်အတွက်မှာ သုံးဘက်တိုင်းပမာဏအထိ တိုးတက် ပြီး မျက်စိအာရုံခံစားနိုင်အောင် ဖန်တီးပေးနိုင်ပေသည်။ တစ်နည်းဆိုရလျှင်အလျား၊ အနံနှင့် အမြင့်တို့ပါဝင်သော ထုထည်ပစ္စည်းတို့ဖြင့် မိမိတို့၏ပန်းပုလက်ရာကို ဖော်ထုတ် ခြင်း ပြုနိုင်ပါသည်။ ထုထည်၏ အသွင်သဏ္ဌာန်သည် အရောင်အသွေး၊ အလင်းအမှောင်တို့ဖြင့် တဲ့ဖက်ကြည့်ရှုမှ မြင်တွေ့ရသည်။ ပန်းပုရုပ်တုတို့၏အလှရသသည် အလင်း ရောင်နှင့် ကင်းဝေးနေလျှင် အနှစ်သာရ မရှိတော့ပေ။

ဗိသုကာအဆောက်အအုံတို့၏ ရသသည် ပန်းချီကား ချပ်တို့၌ မြင်တွေ့ ခံစားခွင့်ရသော ရသမျိုးကို လည်းကောင်း၊ ပန်းပုလက်ရာ၌ မြင်တွေ့ခံစားရသောရသ မျိုးကိုလည်းကောင်း မြင်တွေ့ ခံစားခွင့် ရသည့်အပြင် အတွင်းအပြင်၊ အထက်နှင့်အောက်တို့သို့ ရှုစားသူက ဝင် ရောက်သွားလာ လှည့်ပတ်ကြည့်ရှုပြီး မြင်တွေ့ ခံစားနိုင် ခွင့်ရှိပေသည်။ ထိုသို့မြင်တွေ့ခံစားနိုင်ခွင့် ရှိခြင်းကြောင့် အနုပညာနယ်ပယ်၌ ဗိသုကာပညာရပ်တွင် လေးဘက် တိုင်း ပမာဏ ပါရှိပေသည်ဟု ဆိုစမှတ်ပြုကြသည်။

လူ့ပ်ရှားမှု၏ရသတို့ကို မြင်တွေ့ခံစားနိုင်ခွင့် ရှိကြသည့် အနုပညာရပ်များ ဖြစ်ကြသည့် ကခုန်ခြင်း အနုပညာ၊ ရုပ်ရှင်အနုပညာနှင့် ဗီဒီယိုအနုပညာတို့သည် အမြင်ပညာရပ်၌ အကျုံးဝင်နေကြသည့် ခေတ်သစ်အနုပညာရပ်များ ဖြစ်ကြပေသည်။ ဤဆောင်းပါး၌ တင်ပြ ဆွေးနွေးရန်ရှိသည့် အမြင် ပညာရပ်ဘောင်၏ ပြင်ပသို့ ရောက်ရှိသွားမည်ဖြစ်၍ ဆက်လက် မတင်ပြလိုပါ။ အဓိက တင်ပြလိုသည့်အချက်မှာ ဗိသုကာပညာရပ်သည် အမြင်ပညာရပ်ဖြင့်ဖန်တီးရသည့် အနုပညာ တစ်ရပ်ဖြစ်ပြီး ပန်းချီ အနုပညာ၊ ပန်းပု အနုပညာတို့ထက်ကျယ်ဝန်း နက်ရှိုင်းသည့် အနုပညာရပ်ကြီးတစ်မျိုး ဖြစ်ကြောင်းကို ပီပီပြင်ပြင် သိစေလိုရင်းသာ ဖြစ်ပါသည်။

ခေတ်သစ်ဗိသုကာလက်ရာ

ဗိသုကာ ပညာရပ်မှ ဗိသုကာလက်ရာများ ဖြစ်ပေါ်လာအောင် ဖန်တီးပေးရခြင်းဖြစ်သည်။ ထိုကဲ့သို့ ဖန်တီးပေးရသူ ပညာရှင်ကို ဗိသုကာ ဟူ၍ အမည်တပ်ခေါ်ကြခြင်းဖြစ်၍ မြန်မာစာဖတ်ပရိသတ်တို့က ထိုပညာရှင်ကို လက်သမား အတတ်ပညာသည်၊ ပန်းရန် အတတ်ပညာသည်နှင့် အဆောက်အအုံ အင်ဂျင်နီယာ ပညာသည်တို့မှ ခဲခြား သဘောပေါက်ထားသင့်ပေသည်။

ခေတ်ဟောင်းဗိသုကာပညာရပ်ပင်ဖြစ်စေ၊ ခေတ်သစ်ဗိသုကာပညာရပ်ပင်ဖြစ်စေ ဗိသုကာလက်ရာ ဖန်တီးရာ၌ တစ်မျိုးတည်းသော အမြင်ဒီဇိုင်းပညာ (The Art of Visual Design) ဖြင့်သာ ကျင့်သုံးလုပ်ဆောင်ရပါသည်။ ခေတ် ဟောင်း အမြင်သဘောသည် ခေတ် သစ် အ မြင် သဘောမှ ကွဲပြားခြားနားသည် မဟုတ်ပေ။

သို့သော် ခေတ်ဟောင်းဆောက်လုပ်ပစ္စည်းများသည် ခေတ် သစ် ဆောက်လုပ်ရေးပစ္စည်းတို့မှ ခြား နား ခြင်း၊ ခေတ် ဟောင်း ဆောက် လုပ် ရေး နည်း ပ ညာ တို့ သည် ခေတ်သစ် ဆောက်လုပ်ရေးနည်းပညာတို့မှ ကွဲပြားခြင်း ရှိလာခဲ့ခြင်းကြောင့်သာ ခေတ်သစ်ဗိသုကာလက်ရာဟန် ဟူ၍ ပြောဆိုဆွေးနွေးကြရခြင်း ဖြစ်ပေသည်။ ဖန်တီးရသည်အပိုင်းတွင် ဗိသုကာအနုပညာ၌ မူလကျင့်သုံးမြဲ အမြင်ပညာကို အခြေခံရမြဲဖြစ်ပါသည်။ မြင်တွေ့ခြင်း၏ နောက်တွင် ကပ်လျက်ပါလာသော အမြင်ရသသည်သာ ထိုခေတ်လူသားတို့၏ နှစ်သက်မှု၊ ကျေနပ်မှု ပြောင်းလဲသွား၍ ထိုခေတ်၏ စိတ်ကြိုက်စီမံဖန်တီးချက်လက်ရာဟန်များလည်း ပြောင်းလဲသွားခြင်း ဖြစ်ပေသည်။

ခေတ်တစ်ခေတ်၏ လူ့အသိုက်အမြုံတွင် လူနေမှုစနစ် ပြောင်းလဲခြင်း၊ ပေါင်းသင်းဆက်ဆံမှုစနစ် ပြောင်းလဲသွားခြင်း စသည့်အကြောင်းရင်းတို့သည်ဗိသုကာလက်ရာဟန်တို့ကို ပြောင်းလဲစေသည်မှာ အမှန်ပင်ဖြစ်သော်ငြားလည်း မျှားစွာထင်ရှားသိသာခြင်း မရှိနိုင်ခဲ့ပေ။ ဆောက်လုပ်ရေးပစ္စည်းများ တိုးတက်ပြောင်းလဲခြင်းနှင့် ဆောက်လုပ်မှုနည်းပညာပြောင်းလဲသွားလျှင်သာဗိသုကာလက်ရာဟန်တို့ သိသာထင်ရှားစွာ ပြောင်းလဲလာစေနိုင်ကြောင်း တွေ့မြင်ကြရပေသည်။

လူသားတို့၏ ဖြစ်စဉ် လူသမိုင်း နောက်ကြောင်းကို စိစစ်လျှင် မိမိတို့၏ခိုလှုံရာ၊ မိမိတို့၏ပစ္စည်းများ သိုလှောင်ရာ၊ မိမိတို့၏ ကိုးကွယ်ပူဇော်ရန် ပစ္စည်းထားသည့် နေရာဖြစ်သည့် အဆောက်အအုံတို့ကို မိမိတို့လက်ဝယ်ရရှိသည့်သာ မန် ဆောက် လုပ် ရေး ပစ္စည်းများဖြင့်သာ ဖန်တီးဆောက်လုပ်ခြင်းပြုနိုင်ကြသည်။ သာမန်ပစ္စည်းများဖြစ်ကြသည့် ကျောက်တုံး၊ သစ်ချောင်းများကို သုံးစွဲဆောက်လုပ်ခဲ့ရသော ထုပ်နှင့် တိုင်များစနစ် (Posts and Beam System) မှ ကျောက်တုံးများဖြင့် ခုံးဆောက်လုပ်ခြင်းနည်းပညာ (Arch Construction Technology) တိုးတက် တတ်မြောက်လာသည်တွင် ဗိသုကာလက်ရာသည် အံ့မခန်းတိုးတက်လာခဲ့သည်။ ရောမခေတ်၏ ကြီးကျယ်ခမ်းနားသော အဆောက်အအုံကြီးများသည် ခုံးဆောက်လုပ်ခြင်းအတတ်နှင့် မီးတောင်များမှ ရရှိသည့် ပြာမှုန့်တစ်မျိုးကို ဆောက်လုပ်ပစ္စည်းအဖြစ် သုံးစွဲနိုင်လာသော ကြောင့်ယင်းခေတ်ကအဆောက်အအုံကြီးများ၏ ဗိသုကာလက်ရာဟန်မှာ တိုးတက်ပြောင်းလဲသွားခြင်း ဖြစ်ခဲ့ပေသည်။

စက်မှု တော်လှန်ရေး၏ နောက်ကာလခေတ် ဗိသုကာ အဆောက်အအုံများ

ခရစ်နှစ် ၁၇၅၀ ကျော်ခန့်တွင် ကမ္ဘာ့ စက်မှုလက်မှုလုပ်ငန်း ထူးထူးခြားခြားပြောင်းလဲတိုးတက်မှု ဖြစ်ပေါ်ခဲ့သည်။ ဥရောပ၌လည်းကောင်း၊ အ မေ ရိ က ၌ လည်းကောင်း စက်ကိရိယာ အမျိုးမျိုးကို တီထွင်ပြုလုပ်ကြပြီး ကုန်ထုတ်လုပ်ငန်းအတွက် အသုံးပြု လာခဲ့ကြသည်။ များပြားလျင်မြန်သည့်ဖြစ်ထွန်းမှုကြီးတစ်ရပ် ဖြစ်ခဲ့သည်။ သာမန်လူသားတို့အတွက် ရှေးယခင်က ကြွယ်ဝချမ်းသာသူတို့သာ သုံးစွဲနိုင်သည့် ပစ္စည်းအမျိုးမျိုးတို့ကို သာမန်ငွေကြေးဖြင့် ဝယ်ယူရရှိနိုင်စေခဲ့သည်။ တချို့ က ယင်းအခြေအနေကို စက်မှုတော်လှန်ရေးကြီးဟူ၍ပင် ခေါ်ဝေါ်သုံးစွဲကြပါသည်။

ဆောက်လုပ်ရေး ပစ္စည်းများ .ကဏ္ဍတွင် သံသတ္တု၊ ကြေးသတ္တု၊ ဒန်သတ္တု၊ မှန်ချပ်ကြီးများ၊ သံမဏိချောင်း၊

သံမဏိပြား စသည်တို့ကို အရည်အသွေး တစ်သမတ်တည်း ရှိနေအောင်ထုတ်လုပ်ပေးနိုင်ခဲ့သည်။ အရေအတွက်အများအပြားကို အချိန်တိုတိုအတွင်း၌ပင် ထုတ်ပေးနိုင်ခဲ့သည်။

ရေခဲလောက်အောင် အေးမြနေသည့် လေကို အိမ်၏အပြင်ဘက်၌ ရှိနေစေပြီး၊ နွေးထွေးသော လေရှိသည့်အိမ်အတွင်းမှ အိမ်အပြင်ဘက်သို့ မြင်ကွင်း ကျယ်ဖြင့်ပင် မြင်တွေ့ နေနိုင်စေရန် မှန်ချပ်ကြီးများကို နံရံအဖြစ်သုံးစွဲနိုင်ခဲ့သည်။ အလှကုန်စည်ပြခန်းများကို သံချောင်းများနှင့် မှန်ချပ်ကြီးတို့ကိုသာ သုံးစွဲပြီး ခုံးပေါင်းစနစ် ဆောက်လုပ်နည်းပညာကိုသုံးစွဲလျက် အကျယ် ၁၂၄ မီတာ၊ အလျား ၅၆၃ မီတာနှင့် အမြင့် ၁၉ ဒသမ ၅ မီထာရှိသော ရောမအဆောက်အအုံကြီးကို ဗြိတိန်နိုင်ငံ လန်ဒန်မြို့၏ ဟိုက်ပတ် ဥယျာဉ်တွင်း၌ ကုန်စည်ပြခန်းအဖြစ် ဂျိုးဇက်ပက်ခတွန်က အများပြည်သူတို့ အံ့သြရလောက်အောင် ဆောက်လုပ်ပြသခဲ့သည်။ ၁၀၅၁ ခုနှစ်၌ ကမ္ဘာသူ ကမ္ဘာသားတို့သည် စက်မှုတော်လှန်ရေးကြီးက မျက်မှောက်ခေတ် ဗီသုကာလက်ရာအပေါ် အကျိုးသက်ရောက်မှုကို မျက်ဝါးထင်ထင် မြင်တွေ့ကြရတော့သည်။ ဤကုန်စည်ပြပွဲကြီးသည် လူအများတို့အား စက်ကိရိယာအမျိုးမျိုးကိုသာ ခင်းကျင်းပြသနိုင်သည်မဟုတ်ဘဲ စက်မှုထုတ်ကုန်ပစ္စည်း အသစ်အဆန်းတို့ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဗီသုကာ အဆောက်အအုံတို့၏ အသွင်သစ်၊ အမြင်သစ်တို့အပေါ် ယုံကြည်စိတ်ချစေခြင်းဟူသော အကျိုးအမြတ် ကြီးကိုလည်း ရရှိစေနိုင်ခဲ့သည်။

မိုက်ကယ်ဖာရာဒေး၊ သောမတ် အက်ဒီဆင်တို့၏ ကျေးဇူးကြောင့် လျှပ်စစ်ဒိုင်နမို၊ လျှပ်စစ်မီးသီး၊ လျှပ်စစ်မော်တာများကို စိတ်ချစွာသုံးစွဲနိုင်ခဲ့သောကြောင့် မြို့ကြီးများတွင် အထပ်ပေါင်းများစွာ ပါရှိသည့် အဆောက်အအုံကြီးများကို ဆောက်လုပ်သုံးစွဲနိုင်စေဖို့ အခွင့်အလမ်းများ ရှိလာခဲ့ပေသည်။

စီးပွားရေးလုပ်ငန်း တွင်ကျယ်သော ဥရောပတိုက်ရှိ မြို့ကြီးများ၊ အမေရိကတိုက်ရှိ မြို့ကြီးများတွင် မြို့တွင်းရပ်ကွက်တို့ရှိ မြေနေရာသည် စျေးနှုန်းအဆမတန်မြင့်တက်လာခဲ့သည်။ အကုန်အကျများလှသည့် မိုးထိုးအဆောက်အအုံတို့ကို ဆောက်လုပ်သုံးစွဲလိုက်သည်ကမြေနေရာတိုးခဲ့ဝယ်ယူရသည်ထက် တွက်ခြေပိုမို၍ ကိုက်စေခဲ့သည်တွင် ခေတ်သစ်ဆောက်လုပ်ပုံစွဲများဖြင့် ခေတ်သစ် ဆောက်လုပ်နည်းပညာကို သုံးပြီး အထပ်များသော တိုက်မြင့်တို့ကို ဆောက်လုပ်ရန် ကြိုးပမ်းရေးသို့ တွန်းပို့ခဲ့ပေသည်။

ကြမ်းခင်းဧရိယာနှင့် မြို့တွင်းမြေနေရာတို့၏ အချိုးအဆကို မြှင့်တင်နိုင်ရန် အထပ်များစွာ ထည့်သွင်းပြီး မိုးမျှော်တိုက်ကြီးများ ဆောက်ရာတွင် သတ္တုဗေဒအင်ဂျင်နီယာများ၊ လျှပ်စစ်အင်ဂျင်နီယာများ၊ ရေနှင့် မိလ္လာပိုပေးစွန့်ပယ်နည်းပညာ အင်ဂျင်နီယာများ၊ ငွေကြေးစီမံသူ ပညာရှင်များ စသည်တို့က ဝိုင်းဝန်းအားထုတ်ခဲ့ကြ၍ သာလျှင် ယနေ့တွေ့မြင်နေကြရသော ကမ္ဘာ့ ခေတ်သစ် ဗီသုကာ အဆောက်အအုံများ အောင်မြင်စွာ ရပ်တည်နေကြခြင်း ဖြစ်ပေသည်။

ခေတ်သစ် ဗီသုကာလက်ရာဟန်

ဗီသုကာလက်ရာဟန် ဆိုသည်မှာ ဗီသုကာ အတတ်ပညာရပ်နှင့် ဗီသုကာအနုပညာရပ်တို့ ပေါင်းစပ်တီထွင်ထားခြင်း တည်းဟူသော လက်ရာ၌ ထင်ဟပ်နေသော ကြန်အင်လက္ခဏာကို ဆိုလိုသည်။

ခေတ်သစ်ဗီသုကာလက်ရာဟန်မှ မြင်တွေ့ကြရသူတို့က မိမိတို့စိတ်အာရုံ၌ လာရောက်ရိုက်ခတ်သဖြင့် မနောအာရုံ၌ ဖြစ်ပေါ်စေသော တုံ့ပြန်မှုကို ဗီသုကာ ရသဟူ၍ ဆိုကြသည်။

စာမတတ်သော ပုဂ္ဂိုလ်သည် အက္ခရာတို့ဖြင့် ရေးထားသော ကဗျာ စာတစ်ပုဒ်ကို အရသာခံယူခြင်းငှာ မတတ်စွမ်းနိုင်ပေ။ အလားတူပင် အမြင်ပညာရပ်၏ အခြေခံသဘောတို့ကို အနည်းနှင့်အများ သိရှိမထားပါက ပန်းချီကား တစ်ချပ်၏ ရသကို ခံစားနိုင်စွမ်းရှိမည် မဟုတ်ပေ။ သဘာဝကို တုပရေးထားသော ပန်းချီကားဖြစ်ခဲ့လျှင်သာ ကြည့်ရှုသူက မိမိ၏နောက်နောင်က မြင်ခြင်းအတွေ့အကြုံကို အခြေပြုပြီး သဘာဝရှိ ရုပ်သဏ္ဌာန်များနှင့် တူသည်၊ မတူသည်ဟူသည့် သဘောလောက်သာ ပြောပြတတ်မည် ဖြစ်ပေသည်။

ဗီသုကာ လက်ရာသည် စတုတ္ထတိုင်း ပမာဏရှိခြင်း၊ အလျား၊ အနံ၊ အမြင့်ဟူသည့် သုံးဘက်တိုင်း ပမာဏရှိခြင်းတို့အပြင် လူသားတို့၏ အသုံးချပစ္စည်းအဖြစ်လည်း ရှိနေခြင်းတို့ကြောင့် ဗီသုကာလက်ရာ၏ ရသကိုခံစားတတ်ဖို့ရာ စနစ်တကျ သင်ယူ လေ့ကျင့်ပေးကြရပါသည်။

အတတ်ပညာပိုင်းဆိုင်ရာ ခေတ်သစ်နည်းပညာများကို သုံးစွဲထားခြင်း၊ ကိရိယာတန်ဆာပလာ အရေအတွက်များများစားစား ပါဝင်နေခြင်းနှင့် ထုထည်ပမာဏ အလွန့်အလွန်ကြီးမားခြင်းတို့ကြောင့် အတွင်းအပြင်၊ အထက်နှင့်အောက် ပတ်ဝန်းကျင်တစ်ခွင်မှ လှည့်ပတ်ကြည့်ရှုနိုင်မှသာ ဗီသုကာလက်ရာတစ်ခုကို ပီပီပြင်ပြင်နားလည်သဘောပေါက်နိုင်ပေသည်။

ဖော်ပြပါ ဓာတ်ပုံများမှ ပေးအပ်သည့် ဗီသုကာ အဆောက်အအုံတို့၏အသွင်အပြင်၊ ပုံဟန်သဏ္ဌာန်တို့သည် နှစ်ဘက်တိုင်းပမာဏ၌ မြင်တွေ့ရခြင်းသာ ဖြစ်ပေသည်။

ယင်းဓာတ်ပုံမှ ပေးအပ်သည့် မြင်ကွင်းမျှဖြင့် ယင်း အဆောက်အအုံတို့၏ ရသမျှားကို ဝေဖန်ရှင်းလင်းရခြင်း သည် ပို့ဆောင်လိုသော ဗိသုကာအမြင် ရသ၏သဘော၌ အားနည်းချက်မျှားစွာ ပါရှိနေပေလိမ့်မည်။

သို့သော်ငြားလည်း ဤပညာရပ်၏ အခြေအမြစ်ကို တတ်အားသမျှ လေ့လာ ဆည်းပူး ထားခဲ့မိသမျှဖြင့် ကြိုးစား အားထုတ် ရှင်းလင်း တင်ပြ သွားပါမည်။ ဤဆောင်းပါးကို စေ့စပ်သေချာစွာ ဖတ်ရှုပြီးသည့်နောက် ဗိသုကာပညာနှင့် ဗိသုကာလက်ရာတို့၏ သဘော၊ ဟန်နှင့် ရသတို့ကို ယခင်ကထက်အနည်းငယ်မျှပို၍ နားလည်ခံစား တတ်စေသည်ဟု စာရှုသူမှ ခံစားရလျှင် ဤဆောင်းပါးကို ရေးသားရကျိုး နပ်ပြီဖြစ်ကြောင်း နိဂုံးစကားဖြင့် အဆုံး သတ်လိုက်ရပါသည်။

ကမ္ဘာ့ခေတ်သစ် ဗိသုကာလက်ရာများ

ကနေဒါနိုင်ငံ အွန်တေရီအိုပြည်နယ် ကင်းန်မြို့နယ်၌ ဆောက်လုပ်ထားသော ကန်းထရီးဒေး အလယ်တန်း ကျောင်းအဆောက်အအုံ၏ ဗိသုကာ လက်ရာဟန်သည် အတွင်း၌အသုံးပြုသော လုပ်ငန်းဆောင်တာ၏သဘောကို အပြင်ဗဟိဒ္ဓိသဏ္ဌာန်၌ မျှတစွာ ဖော်ပြထားနိုင်ကြောင်း တွေ့ရသည်။ ကျောင်းအဆောက်အအုံတည်ရာမြေကွက်၏ ရုပ်ဝန်းကျင်နှင့် စပ်မိဟပ်မိရှိကြောင်း ပညာရှင်တို့က သုံးသပ်သည်။

နိမ့်ချိမြင့်ချို လိုင်းထနေသော တောင်ကုန်းများဖြင့် ရှုကွင်းလှပသည့်ဘက်များသို့ ကျောင်းနံရံရှိ ကဲလားဆင့် ပြတင်းထား၍ ဆောက်လုပ်သည်။ ယင်းကွင်းပြင်များ၌ မြင်းကောင်း၊ နွားကောင်းမွေးမြူသည့် ခြံများရှိကြသည့် အပြင် ချမ်းသာကြွယ်ဝသူတို့က စိတ်ကူးကောင်းကောင်း ဖြင့်ဆောက်လုပ်ထားကြသော လှပသည့် အိမ်ကလေးများ ရှိသည်။ ကင်းန်မြို့သည် တိုရွန်တိုမြို့တော်၏ အရှန်မြို့ငယ် တစ်မြို့ဖြစ်သည်။ ဤမြို့ငယ်တွင် နေထိုင်ကြသူတို့မှာ တိုရွန်တိုမြို့သို့ နေ့စဉ် သွားရောက် အလုပ် လုပ်ကြသည်။


ဤကန်းထရီးဒေးအလယ်တန်းကျောင်းကို နှစ်ဆင့်ခွဲပြီး ဆောက်လုပ်ခဲ့ရသည်။ ယခင်ရှိခဲ့ပြီးသော မူလတန်း ကျောင်းတစ်ကျောင်း ကြီးထွားလာခြင်းကြောင့် တိုးချဲ့ရန် လိုအပ်လာသည့်အတွက် ဤအလယ်တန်းကျောင်းကို တိုးချဲ့ဆောက်လုပ်ရန် ဗိသုကာ ဂျော့ရှတ်ဘ်အား အပ်နှံ ခဲ့သည်။ ဖော်ပြပါ အခြေပြပန္နက်ပုံတွင် အဖြူရောင်ပြထား သည့်အပိုင်းကို ပထမအဆင့်အဖြစ်ဆောက်လုပ်ခဲ့ပြီး မီးခိုး ရောင်ဖြင့်ပြထားသော အစိတ်အပိုင်းတို့ကို ဒုတိယအဆင့် ဖြင့် အပြီးသတ် ဆောက်လုပ်ခဲ့ပါသည်။

ကန်းထရီးဒေး အလယ်တန်းကျောင်း အဆောက်အအုံ စုသည့်အဝေးပြေးလမ်းမကြီးမှ မနီးမဝေးသည့်တောင်ကုန်း ကျောရိုးပေါ်တွင် ဖြန့်ပြီးနေရာယူထား၏။ အဆောက် အအုံကို သစ်သားအမာခံထားကာ ဆောက်လုပ်သည်။ အောက်ခြေ အုတ်မြစ်ကိုသာ ကွန်ကရစ်ဖြင့် သုံးစွဲတည် ဆောက်၏။ နံရံကို ဖြတ်ကျယ်သော ပျဉ်ချပ်များဖြင့် ကာရံထားသည်။ ပျဉ်ပြား၏မျက်နှာပြင်ကို ရွှေပေါ်မထိုး ဘဲ လွှဲသွား၏ အရာအကြောင်းများနှင့်ပင် ကာရံသည်။ ကွမ်းရိုးစင်းစနစ်ဖြင့် ပျဉ်စပ်ကြောင်းများကို ဖုံးအုပ်ပေး ပြီး မီးခိုးရောင်သဘော်ဆေးသုတ်ထားသည်။ အနားသတ် ပေါင်များကို အဖြူရောင်ဖြင့် ကွပ်ပေးသည်။

ခေါင်မိုးမှာလည်း မီးခိုးရောင် ပြောက်ကျားရှိသည့် သစ်သားပျဉ် အုတ်ကြွပ်ဖြစ်သည်။ အတွင်းဘက် ခေါင်မိုး အလှာအောက်တွင် မျက်နှာကြက် မတပ်တော့ဘဲ မော့ကြည့်လျှင်မြင်နေရမည့် ဒိုင်း၊ မြား၊ ထုပ်၊ လျှောက်၊ ပျဉ်၊ အုတ်ကြွပ်တို့ကို အဖြူရောင်ဖြင့်ချည်း သုတ်လိမ်းပေး ထား၏။ အခန်းအားလုံးလောက်ကို ကော်ဇောခင်းထား၏။ သစ်ဖြူသား ခန်းဆီးနံရံများကိုလည်း အဖြူရောင် ဆေးပင် သုတ်ထားသည်။

ကနေဒါနိုင်ငံသည် မြောက်အအေးပိုင်းဇုန်တွင် ရှိ၍ အလွန်အေးမြသောရာသီဥတုရှိ၏။ ထို့ကြောင့်အခန်းတိုင်း တွင် အနွေးဓာတ်ပေးသော စက်များကို နံရံများ၏ အောက်ခြေတွင် ထည့်သွင်းတပ်ဆင်ထားပါသည်။ အခန်း တောင်ဘက်မျက်နှာစာ တစ်ခုလုံးကို မြင်တွေ့ရပုံဖြစ်သည်။ အလယ်တန်းကျောင်း၏ဟန်ကို ပီပြင်စွာသိနိုင်သည်။





ပုံ (၃) အလယ်တန်းကျောင်း၏ ကြမ်းခင်းပန်းကပုံ ဖြစ်သည်။

1. Arts
2. Classroom
3. Library
4. Computer
5. Meeting place
6. Office
7. Science
8. Gymnasium
9. Workroom
10. Courtyard

၏နေရာအနှံ့ အနှေးဓာတ်ရောက်စေရန် လေမှုတ်စက်ဖြင့် ပို့ဆောင်သည်။

မြောက်အာရှအေးပိုင်းဇုန်ရှိနိုင်ငံတို့သည် နွေတာတို့သည့် လရာသီက ပိုများ၏။ စာသင်ချိန်တွင်နေအလင်းရောင်ကို အများဆုံးရစေရန် ဗိသုကာ၏ ဒီဇိုင်းဌာ ပြတင်းများကို နေရောင်ခြည် အများဆုံး ရနိုင်မည့်ဘက်သို့ ဖောက်ပေး ထားသည်။ တစ်ချိန်တည်းမှာပင် ဤပြတင်းတို့ကို ပြင်ပရှိ ရှုခင်းစဖွယ်ကောင်းသော ပတ်ဝန်းကျင်ရှိရာဘက်နှင့်လည်း အံဝင်ခွင်ကျဖြစ်နေအောင် ပုံထုတ်ပေးထားသည်။ အခန်း တွင်းရှိ ဗိသုကာအာဝါသ (Architectural Atmosphere) မှာ နွေးနွေးထွေးထွေးရှိပြီး ကျောင်းသားအချင်းချင်း ခင်မင်ရင်းနှီးလိုစိတ်များတက်ကြွစေရန် ဗိသုကာပညာရှင်၏ ရည်သန်တီထွင်ချက်မှာ အောင်မြင်သည်ဟု ဆိုရမည် ဖြစ်ကြောင်း ဝေဖန်သုံးသပ်သူက ဆိုသည်။

ပန်းကပုံတွင်အဖြူရောင်ပြထားသော ဤကန်းထရီးဒေး ကျောင်း၏အစိတ်အပိုင်းကို ပထမအဆင့်ဖြင့်ဆောက်လုပ် ခဲ့ပြီး မီးခိုးရောင်ပြထားသောအပိုင်းကို ဒုတိယအဆင့်ဖြင့် ဆောက်လုပ်သည်။ ဗိသုကာ၏အစီအမံမှာ ပထမအဆင့် ဆောက်ပြီးချိန်တွင် တွေ့မြင်ရမည့် အဆောက်အအုံများ ဖွဲ့စည်းထားဟန်သည် တင့်တယ်ခြင်း၊ ပဏာရခြင်းတို့ရှိနေ စေရမည်။ ဒုတိယအဆင့် ဆောက်လုပ်ပြီးချိန်ရောက်လျှင် လည်း ကျောင်း အဆောက် အအုံ ကြီး တစ် ခု လုံး၏ ဟင်းလင်းထုထည် ဖွဲ့စည်းဟန်ကို လေးဘက်လေးတန်၊ အတွင်းအပြင် ရှုထောင့်အမျိုးမျိုးမှ ကြည့်ရှုလျှင် ဝဲယာ မျှခြင်း၊ မြင်ကွင်းရောက် ဖွဲ့စည်းပုံ ပြည့်စုံခြင်းတို့ ရှိစေရ မည်ဖြစ်သည်။

စာသင်ခန်းတို့မှာ ကျောင်းသား ၂၀ ဦးစီ ဆံ့သည်။ အထူးပြုဆောက်လုပ်ထားသည်မှာသိပ်ခန်း၊ စာကြည့်ခန်း၊ ကွန်ပျူတာခန်း၊ အနုပညာ ပန်တျာခန်းနှင့် အထွေထွေ သုံးခန်းတို့ ဖြစ်ကြသည်။


အထွေထွေခန်းသည် စုဝေးပြီးလုပ်ဆောင်ရန်ကိစ္စများ အတွက်အသုံးပြုရန်ဖြစ်၏။ စားသောက်ခန်းအဖြစ် အသုံး ပြုနေချိန်တွင် ကျောင်းသားအချင်းချင်းရင်းနှီးမှုရစေမည့် ဗိသုကာအာဝါသ ရှိစေရန် ဖန်တီးထားသည်။ မျက်နှာ ကြက်ကို အတော်မြင့်တင်ထားသည်။ တစ်ခါတစ်ရံ ကပ် လျက်ရှိသော စာကြည့်ခန်းကို ဇာတ်စင်မြင့်အဖြစ်သုံးပြီး ဤခန်းမကို ပွဲကြည့်ဆောင်အဖြစ် သုံးနိုင်ရန်လည်း စီမံ ထားသည်။ စာကြည့်ခန်းက ခန်းမဆောင်ထက် လှေကား သုံးထစ် ပိုမြင့်သည်။ စာကြည့်ခန်း၏ နံရံကိုလည်း ဆွဲတံခါးရွက်ကြီးများ တပ်ထားပြီး ဖွင့်ထုတ်ပေးလျှင် ဇာတ်စင်၏ မျက်နှာစာဖြစ်သွားစေသည်။

အခြား အသေးစိတ်သော ဗိသုကာပညာရှင်၏ စီမံပေး ထားချက် များစွာ ရှိသော်လည်း ချုန် လုပ် ခဲ့ ပါ မည်။ ဗိသုကာလက်ရာသစ်များကို စီမံဖန်တီးရာတွင် ဗိသုကာ ပညာရှင်နှင့်အတူ စက်မှုအင်ဂျင်နီယာ၊ လျှပ်စစ်အင်ဂျင် နီယာတို့ ပါဝင်ပူးပေါင်း အကောင်အထည် ဖော်ဆောင် ဆောက်လုပ်ကြရသည်။


ဥပဒေ ကောလိပ်ကျောင်း

ဝန်းဝိုင်းသော အဆောက် အ အုံ ပုံသဏ္ဌာန်သည် ကျေးလက်ရှိရေတွင်းကို စာရှုသူအား ပြန်၍ အမှတ်ရစေပါ လိမ့်မည်။ ရုံး၊ ကျောင်း၊ အိမ် စသည်တို့ကို ဝန်းဝိုင်းသော

ကမ္ဘာ့ခေတ်သစ် ဗိသုကာလက်ရာ




မြို့နယ်ကူးလမ်းမကြီး၏ ပစောက်ပုံအကွေး၊ တောင်ပူစာငယ်၏ မို့မောက်ဟန်နှင့် အိုင်အိုဝါး မြစ်ကူးတံတားတို့ကို တွေ့ရသည်။




ဌေးရောင် တောက်နေသည့် စက်လုံးခြမ်းအတွင်း စက်ကိရိယာများကို ထားသည်။ မတ်တတ်ပြတင်းရှည်သည် မီးဘေးရှောင်လှေကားထားရှိရာ ဖြစ်သည်။ အတွင်းရှိ ကော်ရစ်ဒါ၏ ထိပ်တွင် ရှိသည်။


ကမ္ဘာ့ခေတ်သစ် ဗိသုကာလက်ရာ




ခေါင်မိုးနှင့်စက်လုံးခြမ်း သုံးဘက်မြင်ပုံ




တတိယထပ် ပန်းကျပုံ




ပထမထပ် ပန်းကျပုံ




ဒုတိယထပ် ပန်းကျပုံ



ဘဂြာက်—ဟောင်မက်ရပ်ပုံ



ပဉ္စမထပ် ပန့်ကပ်ုံ




စတုတ္ထထပ် ပန့်ကပ်ုံ

အသွင်ဖြင့် တွေ့မြင်ရ နည်း သည်။ အ ကြောင်း ရင်း မှာ တိုးချဲ့ရန် လည်းကောင်း၊ ပြုပြင်ရန် လည်းကောင်း၊ တည်ဆောက်ရန် လည်းကောင်း သေတ္တာ သဏ္ဌာန် အဆောက်အအုံများထက် ပိုမို ခက်ခဲသောကြောင့် ဖြစ် ပေသည်။

အကောင်းနှင့် အဆိုးတို့သည် ဒွန် တဲ့ ၍ ရပ် တည် မြဲ ဖြစ်၏။ သေတ္တာပုံ အဆောက်အအုံတို့၌ မပိုင်ဆိုင်နိုင် စွမ်းသော ထုသွင် (Form) အင်အား သည် ဝန်းဝိုင်းသော အဆောက်အအုံတို့၏ အသွင်သဏ္ဌာန်၌ ပါရှိနေခြင်း ဖြစ် သည်။ အိုင်အိုဝါပြည်နယ်၏ ဥပဒေကောလိပ်ကျောင်း အဆောက်အအုံကို ပုံသစ်ထွင်သူ ဗိသုကာ၏ စကားဖြင့် တင်ပြရပါလျှင် "ပြီးပြည့်စုံသောအသွင်၊ ကြည်လင်သော သဏ္ဌာန်၊ ပီပြင်သောဟန် သန့်စင်သော ထုသွင်သည် ဝန်းဝိုင်းသော အဆောက်အအုံတို့၌ စဲမြဲ ပါဝင်နေသော အရည်အသွေး ဖြစ်ပေသည်" ဟူ၏။ ကျောင်းသားဦးရေ ၆၅၀ ထက်ပို၍ လက်ခံရန် အကြောင်းမရှိစေတော့ဟူ၍ တက္ကသိုလ် အာဏာပိုင်အဖွဲ့၏ ဆုံးဖြတ်ချက်သည် ယင်း ဥပဒေကောလိပ်ကျောင်းကို ပုံသစ်တီထွင်ပေးဖို့ အပ်နှံခြင်း ခံရသူ ဗိသုကာဘီကက်စ်အတွက် ဝန်းဝိုင်းသော ကောလိပ် ကျောင်း အဆောက်အအုံအဖြစ် ပုံထုတ်ရန် သူ့အား ဆုံးဖြတ်နိုင်စေခဲ့သည်ဟု ဆိုသည်။

နောက်တစ်ကြောင်းမှာလည်း ကောလိပ်ကျောင်းမြေ ကွက်သည် တောင်ပူစာ၏ ထိပ်၌ ရှိ နေ ခြင်း ဖြစ် သည်။ မြို့နယ်ကူးလမ်းမကြီးကလည်း ကျောင်းမြေကို ပစောက်ပုံ ဝန်းပတ်၍ ရှိနေသည်။ ကျောင်း၏ တောင်ဘက်တွင်

မြောက်—တောင်ဖြတ်ပိုင်းပုံ



ရွက်အုပ်ကောင်းလှသော သစ်ပင်စုတို့ဖြင့် တောတောင် ရိပ်ကြီး ရှိနေသည်။

ဥပဒေကောလိပ်ကျောင်းဟူ၍ ဆိုလိုက်လျှင် ထောင်သောင်းမကသော သားရေဖုံး စာအုပ် ထူကြီးများနှင့် စာအုပ်၏ အနှောင့်တွင် ရှေစာလုံးကြီးများဖြင့် စီရရိတန်းနေသော ခန်းလုံးပြည့် မှန်ဗီရိုကြီးများကို စိတ်ကူးအာရုံတွင် ချက်ချင်းပေါ်လာပေလိမ့်မည်။ မှန်ပေသည်။ ဤဗိသုကာ အဆောက်အအုံတွင်လည်း စာကြည့်တိုက်ကြီးသည် ဥပဒေကောလိပ်၏ နှလုံးတည်ရာ အချက်အချာအဖြစ် ထားပေသည်။

ဥပဒေ ကောလိပ်ကျောင်း၏ အချင်း မျဉ်းကြောင်း တစ်လျှောက်ရှိ ကော်ရစ်ဒါ စင်္ကြံလမ်းသည် ပေ ၃၀၀ ခန့် ရှည်သည်။ မြေညီထပ်၏ တစ်ခြမ်း၊ ပထမထပ်၏ သုံးပုံနှစ်ပုံ၊ ဒုတိယထပ်၏တစ်ခြမ်း၊ စတုတ္ထထပ်၏ တစ်ခြမ်းတို့မှာ စာကြည့်တိုက်၏ စာအုပ်စင်များဖြင့်သာ နေရာပြည့်သွားသည်။ ဒုတိယထပ်၏ လေးပုံ တစ်ပုံခန့်မှာ ရုံးခန်း၊ စတုတ္ထထပ်၏တစ်ခြမ်းမှာ စာသင်ခန်းငယ် ငါးခန်းနှင့် တရားရုံးခန်းမကြီး(စည်းဝေးခန်းမ)တို့ ပါဝင်သည်။ ပဉ္စမထပ် တစ်ခြမ်းမှာ ကျောင်း တော်သား တို့အတွက် ကိုယ်ပိုင် စာဖတ်ခန်းငယ်များဖြင့် စီစဉ်ထားသည်။

ဆဋ္ဌမထပ်၏အပေါ်တွင် စက်ကိရိယာများထားသော စက်လုံးခြမ်းပုံအခန်းနှင့် မိုးပြာအောက်၌ ထိုင်ရသော စားသောက်ဆိုင်တို့ရှိကြသည်။ ဗိသုကာ ဘီကတ်စ် သည် နေလင်းရောင် (ကောင်းကင်အလင်းရောင်)တို့ကို မိမိရရထိထိရောက်ရောက် သုံးစွဲနိုင်ရန် စိတ်သန်သည့် ဗိသုကာတစ်ယောက်ဖြစ်သည်။ ဥပဒေ ကောလိပ်ကျောင်း၏ အနှစ်သာရသည် သုံးနှစ်သင်တန်းသားတို့အတွက် စာဖတ်ခြင်းဖြင့် အချိန်ကိုအများဆုံး ကုန်ဆုံးစေရမည်ဖြစ်သည်။ အလင်းရောင် တည်ငြိမ်စွာရစေရန် ပြတင်းပေါက်တို့ကို စနစ်တကျ အဓိပ္ပာယ်ရှိရှိ ဖောက်လုပ်ပေးရမည် ဖြစ်သည်။ ထို့ကြောင့် ဘီကတ်စ်သည် ပြတင်းပေါက်များကို အသွင်သစ်နှင့် အမြင်သစ် ဖြစ်ပေါ်နေအောင် တီထွင်ပုံထုတ်သည်။

ပြတင်း၏သဏ္ဌာန်နှင့် အရွယ်အစား အမျိုးမျိုးတို့ကို စက္ခုပသာဒဖြစ်လာရအောင် စီစဉ်သည်။ မြောက်ဘက် ကောင်းကင် အလင်းရောင်သည် အတည်ငြိမ်ဆုံးဖြစ်၏။ အထူးသဖြင့် မြောက် ယဉ်စွန်းတန်း၏ အပြင်ဘက်သို့ ကျရောက်နေသော နိုင်ငံများရှိ အဆောက်အအုံတို့အတွက် ပို၍မှန်ကန်၏။ သုံးပေါက်ဆင့် ပြတင်းတစ်ခုလျှင် တစ်ထပ်ရှိသော ခြောက်ထပ်တိုက် ဥပဒေကောလိပ်ကျောင်းအဆောက်အအုံကြီးသည် တောင်ပူစာ၏ခြေရင်းတွင် ရှိသော အိုင်အိုဝါးမြစ်ကြောင်းအပေါ်မှာ ကာကွယ်ရေးအတွက် ဆောက်လုပ်ထားသော ခံတပ်တစ်ခုသဖွယ် မြင်တွေ့ရ၏။

မြေညီထပ်၊ လခြမ်းပုံ၏မြောက်ဘက် မျက်နှာစာသည် ကောင်းကင် အလင်းရောင် ကောင်းစွာ ရရှိစေရန်နှင့် အဆောက်အအုံအတွင်းမှ ပြင်ပတွင်ရှိသော တောအုပ်၏ အလှကိုမျက်စိပသာဒခံစားစေနိုင်ရန် မှန်ချပ်ကြီးများနှင့် ပြောင်လက်သော သတ္တုပြားတို့ဖြင့် မျက်နှာပြင်ကိုသွေထားသည်။ တက်နေခြည်နှင့် ကျနေခြည်တို့ ထိုးဖောက်ဝင်ရောက်တတ်သည့် အရှေ့ဘက်မျက်နှာစာနှင့် အနောက်ဘက် မျက်နှာစာတို့တွင် ကျဉ်းမြောင်းလိုအပ်မည့် အခန်းများအတွက် လိုအပ်သမျှသာ အလင်းရစေရန် ဆောင်တာ (Functions) ဖြင့် ညှိပြီး အတိအကျ စီစဉ်၍ ဖောက်ပေးထားသည်။

အပြင်ဘက် မျက်နှာစာကို တွေ့မြင်ရသူအဖို့ သတ္တုပြား မျက်နှာပြင်ချည်း သက်သက်ဆိုလျှင် "မာ" လွန်းမည်။ မှန်ချပ် မျက်နှာပြင်ချည်း သက်သက်ဆိုလျှင် "ပျော့" လွန်းမည်။ သို့ဖြစ်၍ မမာလွန်း၊ မပျော့လွန်းသော ဗိသုကာ ကြွန်အင်ကိုရရှိစေရန် ယင်းပြတင်းများဖြင့် ရောယှက်၍ "သမ" သွားစေသည်။ မျှတ သွားစေသည်။


စက်လုံးခြမ်းပုံ အထွတ်သည် ရှေးခေတ် ကောလိပ်ကျောင်းတို့ကို သတိရစေသော သင်္ကေတ သဘောဖော်သည့် အစိတ်အပိုင်း တစ်ခုမျှသာ ဖြစ်သည်။ ဆောင်တာပြ ဗိသုကာ လက်ရာ (Functionalism architecture) အနေဖြင့် အားနည်းချက် ရှိနေပေသည်။

လုံးဝန်းပုံ အဆောက်အအုံတို့တွင် ဆောင်တာပြ ဗိသုကာ ဒဿန ဖြင့် စီမံထားလျှင် မျက်နှာစာ၊ ကျောဘက်ဟူ၍ တိတိကျကျမရှိဘဲ တွေ့မြင်ရသဖြင့် အားနည်းချက် ပါဝင်နေတတ်သည်။

ဒေါက်တာ လွင်အောင်

ကျမ်းကိုးစာရင်း

1. Architectural Record, Uncommon Law, August 1987.
2. Architectural Record, Simplicity and Light for the Exurbs, September 1987.



မော်တော်ယာဉ် စက်မှု နည်းပညာ တိုးတက်မှု

စက်မှုပညာ


မော်တော်ယာဉ်သည် လူသားတို့အတွက် အလွန်အသုံးဝင်သော ပစ္စည်းတစ်ခုဖြစ်သည်။ နေ့စဉ် သွားလာလှုပ်ရှားနေကြရသည့် လူသားတို့အဖို့ မိမိလိုရာခရီးကို အချိန် များစွာ မကုန်ဘဲ ရောက်ရန်နှင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရန်အတွက် မော်တော်ယာဉ်သည် အရေးကြီးသည်။ လွန်ခဲ့သည့် နှစ်တစ်ရာခန့်က ရေနွေးငွေ့အင်ဂျင်ဖြင့် မောင်းနှင်သည့်ခေတ်မှစ၍ ၁၉၂၀ ပြည့်နှစ် ဝန်းကျင်တွင် Henry Ford ဆိုသူက တီထွင်၍ လူအများ အသုံးပြုနိုင်ရန် လက်လှမ်းမီသည့် အလုံးအရင်း ထုတ်လုပ်သော (Mass–Produced Model–T Ford) ကားများ ပေါ်ပေါက်လာသောခေတ်သို့ ရောက်ခဲ့သည်။ ထို့နောက် တစတစတိုးတက်လာခဲ့ရာ ယနေ့မျက်မှောက်ခေတ်တွင် ထုတ်လုပ်သော မော်တော်ယာဉ်သည် မောင်းနှင်သူအတွက် သက်သောင့် သက်သာရှိစေခြင်း၊ ဆီစားသက်သာခြင်း၊ စွမ်းအားနှင့် မြန်နှုန်း ပိုမိုမြင့်မားခြင်း၊ စီးရငြိမ့်ညောင်းခြင်း၊ မောင်းရသည်မှာပေါ့ပါးခြင်း၊ အမြင်အားဖြင့်လည်း ပိုမိုလှပ သပ်ရပ်ခြင်း၊ ပျက်စီးချတ်ယှင်းမှု နည်းပါးခြင်း (လမ်းတွင်ဒုက္ခပေးမှုနည်းပါးခြင်း)၊ စက်နှိုးရ လွယ်ကူခြင်း စသည့် အချက်များကို ယခုခေတ်ပေါ် မော်တော်ယာဉ်ကို မောင်းနှင်ဖူးသည့် လူတိုင်း သတိပြုကြပေလိမ့်မည်။ မည်သည့် အတွက်ကြောင့်နှင့် မည်သို့မည်ပုံ တိုးတက်လာသည်ကို အောက်ပါအတိုင်း ခဲခြမ်းစိတ်ဖြာ၍ ဆန်းစစ်နိုင်သည်။

အင်ဂျင်ပိုင်းဆိုင်ရာ တိုးတက် ပြောင်းလဲမှုများ

(က) ဆလင်ဒါခေါင်းတွင် တပ်သည့် ကမ်ဝင်ရိုး (OHC Overhead Camshaft)

အင်ဂျင်ဘလောက်တုံး (Engine Block) ထဲ၌ ကမ်ဝင်ရိုး (Camshaft) (၎င်းဝင်ရိုးသည် အဝင်အထွက် အဆို့ရှင်များ inlet exhaust valves ကို ပိတ်/ဖွင့်လုပ်ပေးသည်။) ကို ထိုင်ထားသည့် ရိုးရိုး ကမ်ဝင်ရိုးမှ ယမုအခါ အချို့ကားများတွင် (ဥပမာ Mazda – 1300 Sedan, Mazda - Presto Pick up, Datsun Sunny Excellent, Datsun Bluebird) OHC (overhead camshaft) ခေါ် ဆလင်ဒါခေါင်း (cylinder head) ပေါ်တွင် camshaft ကို ထိုင်ထားသည့် အင်ဂျင်များကို တပ်ဆင် အသုံးပြုလာကြသည်။ (ပို - ၁ ရှု။)

အင်ဂျင်စုပေါင်းတပ်ဆင်ထားပုံ အတွင်းမြင်ကွင်း



ပုံ (၁)

OHC ကိုအသုံးပြုခြင်းအားဖြင့် valvetrain ခေါ်သည့် pushrod, tappet or valve lifter အစရှိသည့် အစိတ်အပိုင်းများ မလိုတော့ပေ။ ထို့ကြောင့် valvetrain ဟုခေါ်ဝေါ်သည့် အစိတ်အပိုင်းများ နည်းသွားပြီး valve ကို တွန်းရာတွင်လည်း ပို၍တိုက်ရိုက်ထိန်းစေသည်။ သို့ရာတွင် ဆလင်ဒါခေါင်းပေါ်ရှိ (camshaft gear)ကို မောင်းနှင်ရန်အတွက် ချိန်းကြိုး ပို၍ရှည်စွာ လိုအပ်သဖြင့် ချိန်းကြိုးလျော့လွယ်၍ ခွါနိုးသံပို၍ ထွက်လွယ်သည်။ အချို့မှာ တစ်ဆင့်တက်၍ Twin-cam ခေါ် camahaft နှစ်ချောင်းပါ OHC အင်ဂျင်များကို တပ်ဆင်ထားကြသည်။ အထူးသဖြင့် အလွန်ပြေးသည့် ဆလွန်းကားများနှင့် ပြိုင်ကားများတွင် အသုံးပြုလေ့ ရှိကြသည်။ Exhaust valve တစ်တန်း၊ Inlet valve တစ်တန်း သတ်သတ်စီ ထားနိုင်၍ engine performance ခေါ် လုပ်ဆောင်ချက် ပို၍ ကောင်းသည်။ သို့သော် ထို camshaft နှစ်ချောင်းကို မောင်းရန် လိုအပ်သော Timing Chain သည် အလွန်ရှည်ရမည် ဖြစ်သော ကြောင့်အသံမြည်ခြင်းသက်သာစေရန် Toothed Rubber Belt (အသွားပါ ရော်ဘာ ခါးပတ်ကြိုး) ကို Timing Chain အဖြစ် အသုံးပြုရန်လိုသည်။ ထို ရော်ဘာကြိုးများသည် ရုတ်တရက် ပြတ်တတ်သည့် ချွတ်ယွင်းချက်ရှိသည်။

(ခ) အဆို့ရှင်အများပါအင်ဂျင် (Multi-Valve Engine)

မြန်မာပြည်တွင် ယနေ့သုံးစွဲနေသော ဆလွန်းကား နှင့် ပစ်ကပ်ကားများတိုင်းလိုလိုသည် ဆလင်ဒါလေးလုံး တပ် အင်ဂျင်များကို (1200 CC, 1300 CC, 1400 CC, 1500 CC, 1600 CC, 1800 CC အစရှိသည့် ဆလင်ဒါ အရွယ်အစား အမျိုးမျိုးရှိစေကာမူ) တပ်ဆင်အသုံးပြုထားကြသည်။ ယင်းသို့ ဆလင်ဒါ လေးလုံး တပ်ထားသဖြင့် ဆလင်ဒါ တစ်လုံးအတွက် Inlet Exhaust Valves (အဝင်နှင့် အထုတ်အဆို့ရှင်များ) တစ်စုံစီ ပါရှိသည်ဖြစ်ရာ သာမန်အားဖြင့် အင်ဂျင်တစ်ခုတွင် အဆို့ရှင် ရှစ်ခုရှိမည်ဖြစ်သည်။

လွန်ခဲ့သည့် နှစ်အနည်းငယ်မှ စ၍ ဂျပန်ပြည် တိုယိုတာ ကုမ္ပဏီမှ တီထွင် ထုတ်လုပ်သော ကိုရိုလာ နှင့် အခြား ဆလွန်းကားအချို့တွင် Multi-Valve Engine များကို တပ်ဆင်အသုံးပြုလာကြသည်ကို တွေ့ရသည်။ ၎င်းအင်ဂျင်များတွင် ဆလင်ဒါ လေးလုံးအတွက် အဆို့ရှင်များမှာ ရှစ်ခုမဟုတ်တော့ဘဲ ၁၆ ခု တပ်ထား

သည်။ ဆလင်ဒါ တစ်လုံးအတွက် Inlet Valve (ဝင်အဆို့ရှင်) နှစ်ခုတပ်ထားသည်။ ဤသို့ပြုလုပ်ခြင်းအားဖြင့် လေနှင့် မာတ်ဆီအရောကို ဆလင်ဒါ အတွင်း သို့ပို့မို့၍ ဝင်စေသဖြင့် အင်ဂျင်စွမ်းအား (power) တက်စေသည်။


သို့သော် အဆို့ရှင်ရှစ် ခုမှ ၁၆ ခုဖြစ်လာသဖြင့် ပစ္စည်းအစိတ်အပိုင်း ပို့မို့များပြားလာသောကြောင့် ထုတ်လုပ်မှုတွင် ပို့မို့၍ စရိတ်များပြီး ပြုပြင်ထိန်းသိမ်းမှု (Repair and Maintenance) တွင်လည်း ပို၍ ကုန်ကျမည် ဖြစ်သည်။

(ဂ) တာဗိုချဂျာတပ်အင်ဂျင် (Turbocharged Engine)

အချို့သော ဆလွန်း ကားများတွင် "Turbo" ဆိုသော အမှတ်အသား ပါသည်ကို တွေ့ဖူးကြပါလိမ့်မည်။ (ဥပမာအားဖြင့် ဂျပန်ပြည် နစ်ဆန်း ကုမ္ပဏီမှထုတ်လုပ်သော နောက်ဆုံးပေါ် Nissan Bluebird ဆလွန်းကားတွင် "Turbo" ပါရှိသည်)။ ယင်း၏ ဆိုလိုချက်အဓိပ္ပာယ်မှာ Turbocharged (တာဗို ချဂျာ) တပ်ထားသော အင်ဂျင်ဖြစ်သည်ဟု ဆိုလိုပါသည်။ တစ်ဖန် Turbo–charger တပ် (သို့မဟုတ်) Turbo-charged Engine ဆိုသည်မှာ (ပုံ ၂) တွင်ပြထားသည့်အတိုင်း Blower or compressor တစ်ခုဖြင့် အင်ဂျင် ဆလင်ဒါတွင်း ဝင်မည့်လေကို မှုတ်သွင်းသည့် ကိရိယာကို ခေါ်သည်။ ၎င်း Blower (Compressor) ကို မောင်းနှင်ပေးသည့် ကိရိယာမှာ အင်ဂျင်၏ ထုတ်ခတ်ငွေ့ (Exhaust Gas) ဖြင့် မောင်းနှင်သော ခတ်ငွေ့သုံးတာဗိုင် (Gas Turbine) တစ်ခုဖြစ်သည်။ (ပုံ ၃—ရှု။)

Blower ဖြင့် မှုတ်သွင်းခြင်းအားဖြင့် လေ၏အဝင် ဖိနှိပ်အား (Inlet Pressure) သည် လေထုဖိနှိပ်အား (Atmospheric–Pressure) ထက် မြင့်မားသော

ပုံ (၂) Turbocharged Engine



ပုံ (၃) ခတ်ငွေ့သုံး တာဗိုင်



ကြောင့် ဆလင်ဒါအတွင်းသို့ လေပိုဝင်သည်။ ထို့ကြောင့် ဆီလျော်သော လောင်စာဓာတ်ဆီ ပို၍သွင်းနိုင်သဖြင့် အင်ဂျင်၏စွမ်းအား (Power) ကို တက်စေသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း Turbocharged Engine သည် Power (စွမ်းအား) ပို၍ များသည်။ Turbocharge လုပ်ခြင်းအားဖြင့် တက်လာနိုင်သည့် Power ပမာဏမှာ ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိ ရှိနိုင်သည်။ သို့သော် အဝင်ဖိနှိပ်အား ပိုမြင့်သောကြောင့် အင်ဂျင်ခေါက်သံဖြစ်ပေါ်ခြင်း (knocking or detonation) ဖြစ်လွယ်သည်။ ၎င်း၏အကျိုးဆက်မှာ အင်ဂျင်ပူခြင်းနှင့် အင်ဂျင်တွင်းရှိ ပစ္စတန် (piston) နှင့် ကွင်း (rings) များ ပျက်စီးစေနိုင်သည်။ ယခုခေတ်ပေါ် Turbocharger သုံး ကားအင်ဂျင်များတွင်မူ knocking မဖြစ်ဘဲ ခံနိုင်စွမ်း ရှိစေရန် ပို၍ကောင်းမွန်ခိုင်ခံ့သော သတ္တုပစ္စည်းများ၊ ပို၍အပူကူးကောင်းသော သတ္တုပစ္စည်းများ၊ ပို၍ကောင်းသော ပေါက်လောင်ခန်း ဒီဇိုင်း (Combustion chamber design) စသည်တို့ဖြင့် ပြုလုပ်စီမံထားနိုင်ပြီ ဖြစ်သည်။

(ဃ) ထရန်စစ္စတာ မီးပေးစနစ် (Transistor Ignition System)

အင်ဂျင်၏မီးပေးစနစ် (Ignition System) တွင် ယခု ခေတ်ပေါ် ကားများတွင် ယခင်သုံးနေကျ Coil & Point သုံး Ignition System မှ Transister သုံး Ignition System ကို ပြောင်းလဲ အသုံးပြုလာကြသည်ကို တွေ့ရသည်။


အချို့ကားများတွင် ပို၍ခေါ် အဆက်ဖြတ်အမှတ်ပါ ထရန်စစ္စတာ မီးပေးစနစ် (Breaker – Point – triggered Transistor ignition System) ကိုအသုံးပြုပြီး အချို့ကားများတွင် အဆက်ဖြတ်အမှတ် မပါတော့သော (Capacitor – Discharge Type Breakerless Ignition System) ကို အသုံးပြုကြသည်။

ပထမ အမျိုးအစားတွင် Coil Primary Winding ကိုဖြတ်စီးမည့် main primary current ကို contact – breaker point မှ ဖြတ်မစီး စေဘဲ transistor circuit မှသာ ဖြတ်စီးစေခြင်းဖြင့် contact breaker point ပွန်းစားမှု သက်သာစေရန် စီမံထားသည်။ coil primary current ကို စီးလိုက် ဖြတ်လိုက် လုပ်သော ကိရိယာသည် Point မဟုတ်တော့ဘဲ Transistor ကသာ လုပ်ပေးသည်။ အဆက်ဖြတ် အမှတ်များ (C.B.Points) အား Primary Current ကို မည်သည့်အခါတွင် လွှတ်ပေးဆိုသည်ကို ထရန်စစ္စတာအား အချက်ပြရုံအတွက် သက်သက်သာ အသုံးပြုထားခြင်း ဖြစ်သည်။


(ပုံ ၄—ရှု။)

ဤမီးပေးစနစ်မျိုးကို ၁၉၇၀ပြည့်နှစ်ပတ်ဝန်းကျင်တွင် ပေါ်ပေါက်သော Economy Model (စျေးသက်သာသည့် မော်ဒယ်) မဟုတ်သော ဂျပန်ကားအချို့တွင် တပ်ဆင်ထားသည်ကို တွေ့ရသည်။ ဥပမာ ၁၉၇၀ တိုယိုတာပတ်ဗလစ်ကာနှင့် ကိုရိုလာ ဆလွန်း ကားများတွင် ရိုးရိုးမီးပေးစနစ်သာ တပ်ဆင်ထားပြီး တိုယိုတာ ကရောင်းကားတွင် Transistor Ignition System With Contact Breaker Point ကို တပ်ဆင်ထားသည်။

ပုံ (၄)



C_1= TransientHT suppressor, C_2= Radio suppressor



ပုံ (၅) Contact breaker point မပါသော CDI System

ဒုတိယ အမျိုးအစားဖြစ်သော Contact breaker point မပါသော Capacitor – Discharge Type Ignition System (CDI System) ကို ၁၉၇၀ ပြည့်နှစ် နောက်ပိုင်းမှစ၍ ခေတ်ပေါ် ကားမျိုးတွင် တပ်ဆင်လာသည်ကို တွေ့ရသည်။ (ဥပမာ ၁၉၇၂ ခုနှစ်ထုတ် Toyota Corolla, Sprinter, SE – – – – အစရှိသည့် ဆလွန်းကားမျိုး) (ပုံ ၅—ရှ။)

ဤစနစ်သည် ရိုးရိုး transistor ignition system ထက် ပို၍ကောင်းမွန်သည်။ ပထမအချက်မှာ ပို့ဂ်ျင်မျိုး (points) လုံးဝမပါတော့၍ပို့ဂ်ျင်မျိုး မကြာခဏပွန်းစားမှု လုံးဝမရှိတော့ပေ။ ဒုတိယအချက်မှာ အီလက်ထရောနစ် စနစ်ဖြင့် coil ၏ primary winding ကို လျှပ်စစ်ဖြတ်စီးခြင်း ဖြတ်တောက်ခြင်းတို့ ဖန်တီးထားသည် ဖြစ်သော ကြောင့် rise time အလွန်ပို၍ မြန်သဖြင့် ပလပ်သို့ ပေးသော မီးအား အလွန် ကောင်းသည်။ rise time ဆိုသည်မှာ မီးစပေးရန်အချက်ပေးချိန်မှ မီးပွားပလပ် (spark plug) တွင် မီးပွင့်သည့် အချိန်အတွင်း ကြာသောအချိန်ကို ဆိုလိုသည်။

(c) ကာဗြူရက်တာနှင့် ဓာတ်ဆီ မှုတ်သွင်းခြင်း စနစ် (Carburetor & Fuel Injection System)

ဓာတ်ဆီနှင့် လေကို အချိုးမှန်ကန်စွာ ရောစပ်ပေးသော (သာမန်အားဖြင့် လေဓာတ်ဆီအချိုးမှာ ၁၅:၁ ဖြစ်သည်။) ကာဗြူရက်တာတွင်လည်း ယခုခေတ်ပေါ် ကားမျိုးတွင် ပြောင်းလဲမှု များစွာ ဖြစ်ပေါ်နေပြီ ဖြစ်သည်။

ဆီ–လေအရော ဝင်ပေါက်တစ်ခုတပ် ကာဗြူရက်တာ (Single Barrel Carburetor) အစား ဝင်ပေါက်နှစ်ခု တပ် ကာဗြူရက်တာ (Double Barrel Carburetor) များကို ယခုခေတ်ပေါ် ကားမျိုးတွင် အသုံးပြုလာကြသည်။ ဒုတိယဝင်ပေါက်သည် ကားကိုမြန်နှုန်း 60 km/hr နှုန်းခန့်ထက် ပို၍ မောင်းသောအခါမှ အလုပ်လုပ်သည်။ ဤသို့အားဖြင့် 60 km/hr နှုန်းထက် လျော့၍မောင်းသော အခါတွင် ဆီစားသက်သာစေရန် စီမံထားခြင်းဖြစ်သည်။

တစ်ဖန် နံနက်စောစောအချိန် အင်ဂျင်ကိုစနှိုးစဉ် အလွယ်တကူ နှိုးစေရန် Automatic Choke ကို ယခုခေတ်ပေါ် ကားများ၌ Electrical relay နှင့်တွဲဖက်၍ သတ္တုနှစ်ခုပါအမျိုးအစား (Bimetallic type) ကို အသုံးပြုလာကြသည်။

စက်ကို သော့ (Ignition Switch) ပိတ်၍ရပ်လိုက် သောအခါ ချက်ချင်းရပ်သွားစေရန် Anti–dieseling device ခေါ်သည့် electromechanically operated valve တစ်ခုကို ကာဗြူရက်တာ၏ ဓာတ်ဆီလိုင်းထဲတွင် ထည့်သွင်း၍ ပေးခြင်းအားဖြင့် ဓာတ်ဆီကို လုံးဝဖြတ်တောက်ပစ်ခြင်းဖြစ်စေရန် ခေတ်ပေါ် ကားများတွင် စီမံထားသည်။ ဤသို့အားဖြင့် မီးပေးစနစ်ကို ကားသော့ပိတ်ခြင်းအားဖြင့် ဖြတ်တောက်ပစ်လိုက်သော်လည်း

အင်ဂျင်အပူကြောင့် ကာဗြူရက်တာမှ ဆက်လက်စီးဆင်းမည့် ဓာတ်ဆီ–လေအရောရှိနေပါက စက်နှိုးနေနိုင်ခြင်းကို ကာကွယ်စေနိုင်သည်။

ကားကို အရှိန် လျှော့လိုက်သောအခါ (during deceleration) လောင်ကျမ်းမှု မကောင်းစေသဖြင့် ဟိုက်ဒရိုကာဘွန်များ(Hydrocarbon emission) ပို၍ ထုတ်လွှတ်သည်။ ၎င်းသည် လေထုကိုညစ်ညမ်းစေသည်။ HC–emission သက်သာစေရန်အတွက် ခေတ်ပေါ်ကားများ၏ ကာဗြူရက်တာများတွင် Servo–Diaphragm for Throttle opening control ခေါ် ဆာဗို့ဒိုင်ယာဖရမ် ကိရိယာကို တပ်ဆင်ထားသည်။ ၎င်းကိရိယာသည် ကား အရှိန် လျှော့လိုက်စဉ် လောင်ကျမ်းရန်အတွက် လိုအပ်သော ဆီလေအရောကို လုံလောက်စွာ ပေးစေခြင်းဖြင့် HC–emission ကို လျှော့နည်းစေသည်။

၎င်းအပြင် PCV Valve Positive Crank–case Ventilation (ကရိုင်းအုပ်ထဲသို့ လေအဝင် ကောင်းစေရန် စီမံထားခြင်း) ကိုလည်း တပ်ဆင်ထားသည်။ တစ်ဖန် Co–limiter (ကာဗွန်မိုနောဆိုက် အထွက်မများရန် ထိန်းချုပ်ထားသည့် ကိရိယာ) ကဲ့သို့သော Emission control devices (လေထု ညစ်ညမ်းမှု ထိန်းသိမ်းရန် ကိရိယာများ) ကိုလည်း ယခုခေတ်ပေါ် ကားများ၏ ကာဗြူရက်တာ များတွင် တပ်ဆင် ထား သည် ကို တွေ့ရသည်။

အခြို့သော ခေတ်ပေါ်ကားများတွင် ကာဗြူရက်တာ အစား တစ်ဆင့်တက်တီထွင်၍ Fuel Injection ခေါ် ဓာတ်ဆီကို Injection valve or nozzles များဖြင့် inlet manifold ထဲသို့ မှုတ်သွင်းသော စနစ်ကို အသုံးပြုလာကြသည်။ မှုတ်သွင်းသော ဓာတ်ဆီ၏ပမာဏကို အီလက်ထရောနစ်နည်းဖြင့် ထိန်းသိမ်းထားမှု (electronically–controlled fuel injection) ပြု လုပ် ထား သည်။ ဤစနစ်ကိုသုံးခြင်းအားဖြင့် ကာဗြူရက်တာထက် ပို၍ အင်ဂျင်စွမ်းအား ကောင်းစေပြီး ဓာတ်ဆီစားမှုလည်း သက်သာစေသည်ဟု ဆိုကြသည်။

မော်တော်ယာဉ်စက်မှုနည်းပညာ တိုးတက်မှု

မောင်းစနစ်၊ ဂီယာနှင့် ကလတ်ပိုင်းဆိုင်ရာ တိုးတက်ပြောင်းလဲမှုများ

(က) ရှေ့မောင်း (Front–wheel drive)

ယခုခေတ်ပေါ် ဆလွန်း ကားတိုင်းလိုလိုတွင် ၁၉၇၄ ခုနှစ်နှင့် နောက်ပိုင်း ပုံစံ (Model) များမှစ၍ နောက်ဘီးဖြင့်ယက်သည့် နောက်မောင်း(Rear – wheel drive) စနစ်အစား ရှေ့ဘီးဖြင့်ယက်သည့် ရှေ့မောင်း (Front–wheel drive) စနစ်ကို အသုံးပြုလာကြသည်ကို တွေ့ရသည်။ (ဥပမာအားဖြင့် မြန်မာပြည်တွင် တွေ့နေရသော ကားများအနက် Toyota Corolla, SE. Sprinter, Volkswagon Golf, Fiet 128, Mazda 323, Honda Civic, Honda Accord စသည့်ကားများ။)


ရှေ့မောင်းကားများတွင် ဘီးလှည့်ဝင်ရိုး (Propeller Shaft) မလိုတော့သဖြင့် လည်းကောင်း၊ အင်ဂျင်ကို ရှေ့ခန်းတွင် ကန့်လန့်ဖြတ် တပ်ဆင်ထား (Transverse-mounted) ၍ စပယ်ဖူး ဂီယာအုံ (Crown Gear Housing) မလိုတော့သဖြင့် လည်းကောင်း၊ ကားအတွင်း လူထိုင်ရန်နေရာ ပို၍ ကျယ်ကျယ်ဝန်းဝန်း ရှိစေသည်။ ထို့အပြင် အင်ဂျင် တစ်ခုလုံး၏ အလေးချိန်ဖိထားမှုရှိသော ရှေ့ဘီးဖြင့် ယက်သဖြင့် ကားဘီး၏ယက်အားနှင့် ကားလမ်းပေါ်တွင် ဖိကပ်ထားမှု Road-holding and traction ပို၍ ကောင်းသည်။

မကောင်းသည့်အချက်များမှာ ရှေ့ဝင်ရိုးနှင့် ဘီးသည် ယက်လည်းယက်ရ ကွေ့လည်းကွေ့ရ (စတီယာရင် စနစ်သည် ရှေ့ဘီးတွင်တပ်ထားသောကြောင့်) သော အလုပ်နှစ်ခု တစ်ပြိုင်တည်းလုပ်ပေးရ၍ ရှေ့ဘီးနှင့် ဝင်ရိုးအားအသေဆက်ထား၍ မရဘဲ C.V Universal Joint (Constant-velocity Universal Joint) ခေါ် ဒူးဆစ် ကျိုင်ဖြင့် ဆက်ပေးထားရသည်။ ၎င်း ဒူးဆစ်ကျိုင်သည် ဒဏ်ပိ၍ ပွန်း စား မှု များ ပြီး ကြာ လာ သော အ ခါ ကားအကွေ့တွင် မြည်သံ ထွက်လာတတ်သည်။ ဒုတိယ အပြစ်မှာ Oversteer ခေါ် ကားကိုကွေ့သောအခါ လိုသည်ထက် ပို၍ ဝိုက် ကွေ့ သွား ခြင်း များ ဖြစ်တတ်သည်။ (ပုံ ၆—ရှု။)


အခြို့ လူစီးဆလွန်းကားများတွင် တောင်တက်နှင့် လမ်းကြမ်းဖြတ် (Cross-country driving) မောင်းရန် အတွက် 4-wheel drive (4 WD) ခေါ် လေးဘီးမောင်း စနစ်ကို သုံးလာကြသည်ကို တွေ့ရသည်။ (ဥပမာ–ဂျပန်ပြည်ထုတ် Subaru နှင့် Mitsubishi Pajero ဆလွန်းကားများ)။ ယခင်ကမူ Jeep, Land Rover အစရှိသော pick-up ကဲ့သို့ ကားများတွင်သာ 4 WD ကို အသုံးပြုကြသည်။

(ခ) အလိုအလျောက် ဂီယာအုံ (Automatic Transmission)


ယခင်က လက်ဖြင့်ထိုးပြောင်းရသော ရိုးရိုးဂီယာအုံ (Standard or manual transmission) မှ လက်ဖြင့် ရွှေ့ပြောင်းရန် မလိုတော့ဘဲ ကားကို မောင်းနှင်နေစဉ် အလိုအလျောက် လိုအပ်သလို ဂီယာပြောင်းလဲစေသော



ပုံ (၆) CV joint ခေါ် ဒူးဆစ်ကျိုင်



ပုံ (၇)



ပုံ (၈)

အော်တိုမက်တစ်ဂီယာအုံ (Automatic Transmission)

ပေါ်ပေါက် လာခဲ့သည်။ ၎င်းတွင် ရိုးရိုးဂီယာအုံတပ် ကားတွင်ပါရှိသော ကလတ် (Clutch) မလိုတော့ပေ။ ဘရိတ် (Brake) နှင့် လီဗာ (Lever or throttle) ခြေနင်းသာ ယာဉ်မောင်းသူအတွက် လိုပေသည်။

(၈) ကလတ် (Clutch)

ဂီယာမပြောင်းမီ ခြေဖြင့်နင်းပေးရသော ကလတ်ကို ရှေးယခင်က ကြိုး (သို့မဟုတ်) မောင်းတံ (Linkage) ဖြင့် ဆက်သွယ်ထားသည်။ နောက်ပိုင်းတွင် ဆီ (ရေ) ဖြင့် အလုပ် လုပ်သော (hydraulically-operated clutch) ပေါ်ပေါက်လာခဲ့သည်။ (ပုံ ၇—ရှု။)

ယခုအခါ hydraulic actuated clutch ကို အသုံးများပြီး အခြို့ဆလွန်းကားများတွင် သံမဏိကြိုးဖြင့်ပြုလုပ် စီမံထားသော (Steel cable-operated) ကလတ်များကို အသုံးပြုသည်ကို တွေ့ရသည်။ (ပုံ ၈—ရှု။)

ဥပမာအားဖြင့် Toyota Corolla Saloon & Nissan Sunny pick-up ကားများတွင် Steel cable clutch ကို အသုံးပြုထားသည်။ တစ်ဖန် ယခုခေတ်ပေါ် ကားများတွင် ကလတ်လွှတ် လက်ချောင်း (Clutch release fingers) သုံးချောင်းတပ် ကလတ်မျိုးထက် (diaphragm clutch)

ဒိုင်ယာဖရမ်ကလတ်ခေါ် ယပ်တောင်ကဲ့သို့ လက်ချောင်းများစွာပါဝင်သော ကလတ်မျိုးကို ပို၍အသုံးပြုလာကြသည်။

ဒိုင်ယာဖရမ် ကလတ်သည် လက်ချောင်းများစွာပတ်ပတ်လည် ပါဝင်သဖြင့် ကလတ်လှတ် လက်ချောင်းသုံးချောင်းပါ အမျိုးအစားထက် ညီညာသောဖိအား (သို့မဟုတ်) လှတ်အား ရရှိစေနိုင်သည်။ ထို့အပြင် ဒိုင်ယာဖရမ်ကိုယ်၌က စပရင်ပြားကဲ့သို့သော ပစ္စည်းဖြင့် ပြုလုပ်ထားသဖြင့်ကလတ်စပရင်ခွေများ(Clutchsprings) လတ်သတ် မလိုအပ် တော့ပေ။ ယင်းအကြောင်းများကြောင့် ဒိုင်ယာဖရမ်ကလတ်သည် ကလတ်နင်းရ လှတ်ရပို၍ ညက်ညောညင်သာပေသည်။


ဘရိတ်၊ စတီယာရင်နှင့် ဆပ်စပင်းရှင်းဆိုင်ရာ တိုးတက် ပြောင်းလဲမှုများ


(က) ဘရိတ် (Brake)

ဘရိတ်စနစ်တွင်လည်း ယခင် Drum Brake အသုံးပြုရာမှ ယခုအခါ Disc Brake များကို အသုံးပြုလာကြသည်။ အထူးသဖြင့် ရှေ့ဘီးများတွင် Disc Brake ကို အသုံးပြုပြီး၊ နောက်ဘီးများတွင် Drum Brake ကို အသုံးပြုလေ့ရှိကြသည်။ (ဥပမာ Mazda-1300 Sedan, Toyota Corolla ကားများ)။(ပုံ ၉—ရှု။)

Disc Brake သည် Drum Brake တွင် ဖြစ်လေ့ရှိသော အားစိုက်ဘရိတ်ဖမ်းစဉ်၊ သံခွေ Brake Drum ပူ၍ ဘရိတ်မိုန်ခြင်း (Brake fade) ဆိုသည့် ချွတ်ယွင်းချက်ကို ပပျောက်စေသဖြင့် Drum Brake ထက် ပို၍ကောင်းသည်။ ပို၍ဘရိတ်မိသည်ဟုဆိုကြသည်။ အချို့တန်ဖိုးကြီးကားများတွင် Disc Brake ကို ရှေ့နောက်လေးဘီးစလုံး တပ်ဆင်အသုံးပြု ထားသည်။ (ဥပမာ–မာစီဒီးကားများ)။

ပုံ (၉) Disc Brake ဖွဲ့စည်းပုံ





ပုံ (၁၀) Servo Brake

ဘရိတ်နင်းအား ရရန်အတွက် အင်ဂျင်မှလေဟာနယ် (Engine vacuum) ကို အသုံးပြုသည့် Servo Unit ခေါ် ဆာဗိုအုံကို Master Cylinder နှင့်ဘရိတ်ခြေနင်းအကြားထည့်သွင်းအသုံးပြုလာသဖြင့် ပို၍ နင်းအားကောင်းလာစေရာ ဘရိတ်ကို ပို၍မိစေသည်။ (ပုံ ၁၀—ရှု။)

ဥပမာအားဖြင့် Mazda E-2000, T-2000, Toyota Hilux Pick-up, အစရှိသည့် ကားများတွင် Servo Brake ကို တပ်ဆင်ထားသည်ကို တွေ့ရသည်။

(ခ) စတီယာရင် (Steering)


စတီယာရင်စနစ်တွင် ရှေ့ဘီးနှစ်ဘီးကို ကွေ့စေနိုင်သည့် စနစ်မှ မကြာသေးမီကမှ ရှေ့နောက် လေးဘီးစလုံး ကွေ့စေသော (4-wheel steering system 4 WS) စတီယာရင် စနစ်ကို တီထွင် အသုံးပြုလာ ကြသည်။ (ဥပမာ၊ ဂျပန်မှ Mazda-626 ကား)။ သို့သော် ကားအတော်များများမှာ သမားရိုးကျ ရှေ့နှစ်ဘီးကွေ့ စတီယာရင် စနစ်ကိုသာ တပ်ဆင်ထားဆဲဖြစ်သည်။ 4 WS System ၏ ကောင်းသည့်အချက်များမှာ ကွေ့ရကောင်းခြင်း၊ ကားရပ်နားရန်လွယ်ကူခြင်း၊ အကွေ့အကောက်များသော လမ်းများတွင် မလွယ်ဘဲ မောင်းရကောင်းခြင်း စသည်တို့ဖြစ်သည်။ မကောင်းသည့်အချက်များမှာ 4WS တပ် ကားသည် စျေးပိုကြီးသည့်အပြင် ပြုပြင်ထိန်းသိမ်းမှု စရိတ်စက ပိုလာစေသည်။

(ဂ) ဆပ်စပင်းရှင်း(Suspension)


Suspension ခေါ် ဆွဲထိန်း သို့မဟုတ် အပြင်းအခေါ် အဝေါ် ကား၏ "အောက်ပိုင်း" နှင့်ပတ်သက်၍ လူစီးဆလွန်းကားများကို ယခင်က ရှေ့နှစ်ဘီးသာ Independent suspension အဖြစ် ထုတ်လုပ်သည်။ Independent Sus-

pension ဆိုသည်မှာ ကားဘီးနှင့် ကားဘော်ဒီစပ်ကြားတပ်ဆင်ထားသော Suspension မှာ ကား၏ ယာဘက်ဘီး ချိုင့်ထဲကျသောအခါ ပေါ်လာသော ဆောင့်အားသည် ဝဲဘက်ဘီးနှင့် မသက်ဆိုင်စေရန် စီမံထားသော ဆွဲထိန်းစနစ်ကို ဆိုလိုသည်။ (ပုံ ၁၁---ရှု။)

ယခုခေတ်ပေါ် ဆလွန်းကားများတွင် နောက်ဘီးနှစ်ဘီးကိုပါ Independent Suspension အဖြစ် ထုတ်လုပ်လာကြသည်။ ၎င်းကို IRS(Independent Rear Suspension) ဟု ခေါ်တွင်သည်။ (ပုံ ၁၂---ရှု။)



ပုံ (၁၁)



ပုံ (၁၂)

ထို့ကြောင့် လေးဘီးစလုံး (4-wheel Independent Suspension) စနစ်ကို အသုံးပြုလာကြသည်။ (ဥပမာ– Datsun , Bluebird , Mazda , Bongo စသည့် ကားများတွင် တွေ့ရသည်။) 4- Wheel Independent Suspension စနစ်သည် ကားချိုင့် ကျသော အခါများ သို့မဟုတ် ဖုထစ် ပေါ် တက် သွားသော အခါများတွင် ကား ပေါ် ရှိ သူ များ အ ဖို ဆောင့်မှု နည်းပါးသဖြင့် စီးရပို၍ငြိမ့်ညောင်းစေသည်။ အကွေ့များတွင် ကားသည် တိမ်းစောင်းမှု မှောက်မှု သက်သာစေသည်။ သို့သော် အစိတ်အပိုင်းရှင်များ ပိုမိုပါဝင်သည့်အတွက် ပျက်စီးမှုပို၍ ဖြစ်စေသည့်အပြင် တာယာပွန်းစားမှု ပို၍မြန်စေသည်ကို လက်တွေ့အားဖြင့်တွေ့ရသည်။

ကားဘော်ဒီ ဒီဇိုင်းနှင့် ပြုလုပ်သည့် ပစ္စည်းဆိုင်ရာ တိုးတက်ပြောင်းလဲမှုများ

(က) ဘော်ဒီ ဒီဇိုင်း

ယခင်ကားဘော်ဒီပုံစံများသည် လေးထောင့်သေတ္တာကဲ့သို့သဏ္ဌာန်ရှိသည်ဖြစ်ရာ (ဥပမာ–Mazda B600 လေးဘီးကား) လေထဲတိုးရာတွင် ခုခံမှုကိန်းကြီးစေသဖြင့်ကားကို မြန်မြန်မောင်းလေ Drag Coefficient များလေဖြစ်နေသည်။ ဤသို့ဖြစ်သောကြောင့် ကားသည် စွမ်းအားပို၍လိုမည်။ သို့မဟုတ်ဆီစားများစေသည်။ ယခုခေတ်ပေါ် ကားများသည် အဲရိုဒိုင်နမစ်သဘောအရ ဒီဇိုင်းလုပ်ထားသော ဘော်ဒီပုံသဏ္ဌာန်များ (Aerodynamically–designed body) ကို အသုံးပြုလာကြသဖြင့် Drag Coefficient မှာ ယခင် 0.45 ခန့်လောက်မှ ယခုအခါ 0.25 ခန့်အထိကျဆင်းလာသည်။ Aerodynamically–designed body ဆိုသည်မှာ 1984 model Toyota Corolla Saloon ကားကဲ့သို့ ဘော်ဒီရှေ့ဘက်ရှိ စက်ဖုံးသည် စိုက်ဆင်းနေပြီး ဦးပိုင်းလည်းတတ်နိုင်သမျှ ရှူးထားကာ နောက်ပိုင်းဖင်တို့၍ ဘော်ဒီ၏ ဘေးနှစ်ဘက်တွင် ထောင့်ဆိုသည်မှာ မရှိသလောက်ဖြစ်စေရန် လုံးချောထားသည့် ပုံသဏ္ဌာန်ရှိသည့် ကားဘော်ဒီမျိုးကို ဆိုလိုသည်။ ဤကားမျိုးသည် ပိုပြေးစေပြီး ဆီစားလည်းသက်သာစေသည်။

(ခ) ကားဘော်ဒီပြုလုပ်သည့်ပစ္စည်း

ကားဘော်ဒီများကို သံ သို့မဟုတ် သတ္တုစပ်များဖြင့် ပြုလုပ်ကြသည်။ သို့သော် ဓာတ်ဆီစျေးနှုန်းတက်လာသည်ကိုကာမိစေရန် ဆီစားသက်သာစေခြင်းငှာ ဘော်ဒီ၏ အလေးချိန် ပို၍ ပေါ့ပါးလာရန် လိုအပ်လာပေသည်။ အဖြေရှာကြည့်ရာ သံ၊ သတ္တုစပ်များအစား ပလတ်စတစ် အမာစားတစ်မျိုးဖြင့် ကားဘော်ဒီကိုပြုလုပ်ရန် တွေ့ရှိကြသည်။ ဤသို့ပလတ်စတစ်ဖြင့် လုပ်ခြင်းအားဖြင့် သာမန် အားဖြင့် ဆီစားသက်သာသည်ဟု ဆိုရသော ဓာတ်ဆီတစ်ဂါလံ မိုင် ၅၀ ရသောကားသည် ဓာတ်ဆီတစ်ဂါလံ မိုင် ၇၀ အထိရလာစေနိုင်သည်ဟုဆိုကြသည်။ သို့သော် ယာဉ်တိုက်ခိုက်မှုဖြစ်လျှင် ပလတ်စတစ်ဘော်ဒီကားသည် အန္တရာယ်ပိုဖြစ်စေနိုင်သည်။

အရန်ပစ္စည်းမျှားနှင့် အခြားတီထွင်တပ်ဆင်မှုမျှား

(က) ယခုအခါကားမျှားတွင် လေအေးစက်မျှား ပိုမိုတပ်ဆင် အသုံးပြုလာကြသည်။ လေအေးစက်အသုံးပြုခြင်းဖြင့် နွေအခါတွင် ကားမောင်းသူနှင့် ကားစီးသူတို့အဖို့ ပူအိုက်မှု သက်သာစေသည်။ သို့သော် အင်ဂျင်ပူစေခြင်းကြောင့် အမြဲတစေ လေအေးပေးစက် ဖွင့်မောင်းပါက အင်ဂျင်သက်တမ်းကိုတိုစေသည်။

(ခ) အချို့ကားမျှားတွင် ရွှေမီးကြိုးမျှား နောက်သို့လှဲစောင်းထားပြီး Headlight Louvers ခေါ် အဖုံးပါတပ်ဆင်ထား၍ ကားမောင်းသူက ကားအတွင်းမှ အဖုံးကို ပိတ်ဖွင့် လုပ်ပေးနိုင်ရန် စီမံထားသည်။ မီးထွန်းရန်လိုအပ်မှ အဖုံးကိုဖွင့်စေသည်။ အဖုံးပါသောကြောင့် မီးသီးကြိုး အလွယ်တကူမကွဲစေရန်ဖြစ်ပြီး စောင်းလှဲ ထားခြင်းဖြင့် ကား လေကိုတိုးရာတွင် လေ၏ ခုခံမှုအားလျော့စေသည်။

(ဂ) တစ်ဖန် ယာဉ်ထိခိုက်မှု ကာကွယ်စေရန်နှင့် လူအန္တရာယ်ကာကွယ်စေရန် (Safety and accident prevention) အတွက်လည်း ခေတ်ပေါ်ကားမျှားတွင် –

(၁) Seat belts ခေါ် ထိုင်ခုံတွင် ခါးပတ်မျှား တပ်ဆင်ထားခြင်း၊

(၂) Collapsible steering wheel ခေါ် ယာဉ်တိုက်သည်နှင့်တစ်ပြိုင်နက် စတီယာရင်ဘီးသည် အထဲသို့ ဝင်သွားစေခြင်းဖြင့် မောင်းသူ၏ ရင်ခွင်ကို တိုးဆောင့်မှုမဖြစ်စေရန် စီမံထားခြင်း၊

(၃) Air bags ခေါ် ယာဉ်တိုက်မှု ဖြစ်သည်နှင့် လေအိတ်ကြီးမျှား ဖောင်းကြွလာပြီး လူကို ထိခိုက်မှုသက်သာစေရန် ကြားခံပေးရန် စီစဉ် တပ်ဆင်ထားခြင်း၊

(၄) ယာဉ်တိုက်မှု ဖြစ်လျှင် ဖြစ်ချင်း ကြွေကျသွားစေသောရှေကာမှန်ကြီးမျှား (Collapsible Windshield) တပ်ဆင်ထားခြင်း၊

(၅) Anti - lockbrake (ALB) ခေါ် ဘရိတ်မျှားအလိုအလျောက် ကြပ်ညပ် သွား ခြင်း (Jammed) ကြောင့် ကားတိမ်းမှောက်ခြင်း မဖြစ်စေရန် စီမံတပ်ဆင်ထားခြင်း စသည့် တီထွင်မှုမျှားကို တွေ့ရသည်။

(ဃ) ယခုခေတ်ပေါ်ကားမျှားတွင် ယာဉ်မောင်းသူမျှားနှင့် စီးသူမျှားအပေါ် မေ့လျော့မှုမဖြစ်စေရန်နှင့် လွယ်ကူသက်သာစေရန် အမျိုးမျိုးသောအောက်ပါကဲ့သို့သော သတိပေးမီးလုံးမျှား (Warning lamps) တပ်ဆင်ထားသည်ကို တွေ့နိုင်သည်။

(၁) ခါတ်ဆီကုန်ခါနီးတွင် သတိပေးသော အချက်ပြ မီးလုံး၊

(၂) လက်ဆွဲဘရိတ် (Hand - brake) ဆွဲထားမိလျှင် ဆွဲထားလျက်ရှိကြောင်း ပြသည့် အချက်ပြမီးလုံး၊

(၃) Hazard Warning lamps ခေါ် ဘေးအန္တရာယ်ရှိနေကြောင်း သတိပေးသည့် အချက်ပြမီးလုံးမျှား၊ ရှေ့နှစ်လုံး နောက်နှစ်လုံး ပြိုင်တူဖွင့်ပိတ်လုပ်နေသည့် မီးဝါလုံးမျှား၊

(၄) ဘရိတ်ဆီ လျော့နည်းနေသည်ကို ပြသော မီးလုံး၊

(၅) ဂုင်းပြင် ကားနောက်ဆုတ်လျှင် နောက်မှ ရပ်နေသူမျှား အတွက် အချက်ပေးသည့် Back Buzzer ခေါ် နောက်ဆုတ်လျှင် မြည်သည့် ကိရိယာလည်း အချို့ခေတ်ပေါ် ကားမျှားတွင် တပ်ဆင်ထားကြသည်။

(၆) တဖန် ကားကို မြန်နှုန်းလွန်ကဲစွာ မောင်းနှင်မိလျှင် (ဥပမာ 100 km / hr ထက်ကျော်လျှင်) မြန်နှုန်းပြကိရိယာ speedometer အတွင်းမှ ခေါင်းလောင်းမြည်သံဖြင့် သတိပေးရန် စီမံတပ်ဆင်ထားသည်ကိုလည်း တွေ့ရသည်။

(ဂ) Wiper ခေါ် ရေသုတ်တံမျှားကို ယခင်က Normal speed and High speed ဟု မြန်နှုန်း နှစ်မျိုးသာ ရှိစေနိုင်သော်လည်း ယခုခေတ် ကားမျှားတွင် Intermittent operation ခေါ် ရေသုတ်လိုက် ခဏနားလိုက် ရေထပ်သုတ်လိုက် အစရှိသဖြင့် Timer-control တပ်ဆင်ထားခြင်းကို တွေ့ရသည်။

ဤကဲ့သို့ အမျိုးမျိုးသော စက်မှုနည်းပညာ တိုးတက်မှု ပြောင်းလဲမှု မျှားကို ယနေ့ပေါ် ထွက်နေသော မော်တော်ယာဉ်မျှားတွင် တွေ့မြင်နေရသည်။ ဤဆောင်းပါးသည် ယေဘုယျအားဖြင့် မြန်မာပြည်တွင် မြင်တွေ့ရသော ကားအမျိုးမျိုးတို့ကို မှီ၍ စာရေးသူအနေဖြင့် လက်လှမ်းမီသရွေ့ လေ့လာသုံးသပ်မှု ပြုထားခြင်းကို ဆန်းစစ်တင်ပြခြင်းသာ ဖြစ်ပါသည်။

နောင်လာမည့် နှစ်ကာလများ၌လည်း အခြားတိုးတက်ပြောင်းလဲမှုမျှား (အထူးသဖြင့် ကွန်ပျူတာကို အသုံးပြုလာမည့် တိုးတက် ပြောင်းလဲမှုမျှား) ကို တွေ့မြင်ရမည်မှာ မလွဲမသွေ ဖြစ်သည်ဟု ယုံကြည်မိပါသည်။

ဦးကြင်စိုး
(တွဲဖက် ပါမောက္ခ)



မြန်မာ့ရုပ်ရှင်ထူးချွန်ဆု

ရုပ်ရှင်အနုပညာ

ရုပ်ရှင်သည် အစွမ်းထက်သည်။ ထိုသို့ အစွမ်းထက်သောကြောင့် လူထုဆက်သွယ်ရေးကိရိယာဟူ၍ တင်စား ခေါ်ဝေါ်သည်။ အချို့က လူထုဆက်သွယ်ရေးယာဉ်ဟူ၍ လည်းအမည်ပေးသည်။ လူထုဆက်သွယ်ရေးလမ်းကြောင်း ဟုဆိုသူကလည်း ဆိုသည်။ လူထုဆက်သွယ်ရေးကိရိယာ သို့မဟုတ် လူထုဆက်သွယ်ရေးယာဉ် သို့မဟုတ် လူထုဆက်သွယ်ရေးလမ်းကြောင်းဟူ၍ တင်စား ခေါ် ဆိုကြသည်မှာ အများပြည်သူတို့နှင့် ကူးလူးဆက်ဆံနေသည့် အဖြစ်ကို အကြောင်းပြု၍ ခေါ်ဆိုကြခြင်းဖြစ်သည်။

ရုပ်ရှင်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ရောက်သည်။ နွေရာသီဥ္ဒလည်း အဆက်အသွယ်ပြုသည်။ ဆောင်းရာသီဥ္ဒလည်း အကူးအသန်းလုပ်သည်။ ထို့ကြောင့်ရုပ်ရှင်သည် အများပြည်သူတို့နှင့် တရင်းတနှီးရှိလှသော အနုပညာတစ်ရပ်ဟု ခေါ်ဆိုနိုင်သည်။

မြန်မာ့ရုပ်ရှင်သည် အများပြည်သူတို့နှင့် ပို၍ရင်းနှီးကျွမ်းဝင်သည်။ မြို့ကြီးပြကြီးနှင့် အချို့သောနေရာဒေသတို့တွင် နိုင်ငံခြားရုပ်ရှင်ဇာတ်ကားကို ပြသပေးလျက်ရှိသည်မှာ မှန်သည်။ သို့ရာတွင် မြန်မာဇာတ်ကားများလောက် ကြည့်အားများသည်ဟူ၍ကား မှတ်ယူခြင်းမပြုနိုင်ပေ။ မြန်မာဇာတ်ကားများကို မြို့ကြီးများ၌ ပြသသည်။ မြို့ငယ်များ၌ ပြသသည်။ ကျေးလက်ဒေသ အဝေးများများ၌လည်း မြန်မာဇာတ်ကားများကိုသာ အများအားဖြင့် ကြည့်ရှုလေ့ရှိကြသည်။ ဂန္ဓဝင်မြောက် နိုင်ငံခြားကားပင်ဖြစ်စေ၊ ကမ္ဘာ့ရုပ်ရှင်လောကဥ္ဒနာမည်

၁၉၇၉ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်သည့် အခမ်းအနားကို ၁၉၈၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့က ကျင်းပရာ အောက်ပါအတိုင်း ဆုများရရှိကြသည်။

ဇာတ်ကားဆု	ဒို်း	(အမျိုးသားရုပ်ရှင်)
အမျိုးသား ဇာတ်ဆောင်ဆု	ကျော်ဟိန်း	(ပန်းမြိုင်လယ်မှ ဥယျာဉ်မှူးဇာတ်ကား)
အမျိုးသမီး ဇာတ်ဆောင်ဆု	မို့မို့မြင့်အောင်	(ခပ်စိမ်းစိမ်းပဲနေပါ့မယ်ဇာတ်ကား)
ဒါရိုက်တာဆု	ကြည်စိုးထွန်း	(ဒို်းဇာတ်ကား)

ကြီးသော နိုင်ငံခြားကားပင်ဖြစ်စေ ထိုဇာတ်ကားများကို ကြည့်ရှုလေ့ မရှိသော ရုပ်ရှာဒေသ အတော်များများ ရှိသည်ကို လေ့လာတွေ့ရှိကြရသည်။

မြန်မာ့ရုပ်ရှင် ဇာတ်ကားကောင်း၊ ဇာတ်ကား သန့်ပေါ်ထွက်လာသည်ဆိုလျှင် အချို့သော ရုပ်ရှင်ကြည့်ပရိသတ်သည် တစ်ကြိမ်မကကြည့်ရှုအားပေးလေ့ရှိသည်။ ဤအကြောင်းကြောင့်ပင် နိုင်ငံတော်အစိုးရသည် မြန်မာ့ရုပ်ရှင်ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို အားပေးကူညီလမ်းညွှန်ကြပ်မတ်လျက်ရှိခြင်းဖြစ်သည်။

ရုပ်ရှင်သည် အနုပညာနှင့် အတတ်ပညာကို ပေါင်းစပ်ဖန်တီးထားသောအနုပညာပစ္စည်းဖြစ်သည်။အချို့အစားလည်းညီညွတ်၊ အစပ်အဟပ်လည်းတည့်၊ အပေါ့အငန် အလေးအပင်မျှတစွာ စီမံချက်ပြုတ်တတ်သူ၏ ဟင်းလျာသည် နှုတ်မြိန်ခံတွင်းတွေ့စေသည့်နည်းတူ မြန်မာ့ရုပ်ရှင်ဇာတ်ကားကောင်းတစ်ကားဖြစ်အောင် အနုပညာနှင့် စက်မှုပိုင်းအတတ်ပညာကို အချိုးအစားကိုက်ညီ မှန်ကန်စွာ ပေါင်းစပ်ဖန်တီးတတ်ပါမှ ရင်တွင်းရသကို ဖြစ်ပေါ်စေမည်မှာ အမှန်ဖြစ်သည်။

ရင်တွင်းရသကို ဖြစ်ပေါ်စေသော မြန်မာ့ရုပ်ရှင်ဇာတ်ကားများ ပေါ်ထွန်းလာစေရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ပြန်ကြားရေးဝန်ကြီးဌာနသည် မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြှင့်တင်ရေးအကဲဖြတ်အဖွဲ့ကို ဖွဲ့စည်းထားရှိ၍ မြန်မာ့ရုပ်ရှင်ဇာတ်ကားများကို ကြည့်ရှု စိစစ်ရွေးချယ်လျက် အကောင်းဆုံး မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများကို ချီးမြှင့်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

အကောင်းဆုံး ရုပ်ရှင်ထူးချွန်ဆုပေးအပ်ချီးမြှင့်သည့် ရည်ရွယ်ချက်မှာ ရုပ်ရှင်ပညာရှင်များ၏ စွမ်းဆောင်ကြိုးပမ်းမှုကို နိုင်ငံတော်အစိုးရက အသိအမှတ်ပြုရန်၊ ရုပ်ရှင်ထူးချွန်ဆုရရှိသည့် ပညာရှင်များကို အားကျအတုယူလာစေရန်နှင့် ရုပ်ရှင်ထူးချွန်ဆုရရှိကြသည့် ရုပ်ရှင်ပညာရှင်အသီးသီးကလည်း ပိုမိုစွမ်းဆောင်ကြိုးပမ်းလာကြခြင်းဖြင့် အဆင့်အတန်းမြင့်မြင့်၊ အရည်အသွေးကောင်းကောင်း မြန်မာ့ရုပ်ရှင်ဇာတ်ကားများ ပိုမိုထွက်ရှိလာရန်ပင်ဖြစ်သည်။

ချီးမြှင့်သည့်ရုပ်ရှင်ထူးချွန်ဆုများ။ ။ယခုအထိ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု အမျိုးအစားခုနစ်မျိုး သတ်မှတ်ထားရှိသည်။ ထိုခုနစ်မျိုးသော ထူးချွန်ဆုများမှာ-

(၁) ဇာတ်ကားဆု
(၂) ဒါရိုက်တာဆု
(၃) အမျိုးသားဇာတ်ဆောင်ဆု
(၄) အမျိုးသမီးဇာတ်ဆောင်ဆု
(၅) အမျိုးသားဇာတ်ပို့ဆု
(၆) အမျိုးသမီးဇာတ်ပို့ဆု
(၇) ရုပ်ရှင်ဓာတ်ပုံဆု

ဟူ၍ဖြစ်သည်။ မကြာမီအချိန်တွင် အခြားသောရုပ်ရှင်ထူးချွန်ဆုများကိုလည်း တိုးခွဲသတ်မှတ်ရန် ရှိသည်။ ရုပ်ရှင်ထူးချွန်ဆု အားလုံးသည် ကဲ့ပြားခြားနားမှုမရှိဘဲ အဆင့်အတန်း တစ်ပြေးတည်း တူညီသည်။

အထက်ပါဆုများအပြင် မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့က အထူးဆုများချီးမြှင့်သည့် အစဉ်အလာရှိသည်။ အထူးဆုများကို ကလေးသရုပ်ဆောင်များအား ချီးမြှင့်ပေးအပ်ခဲ့သည်။ ထိုအထူးဆုသည်လည်း သတ်မှတ်ထားသော အခြားဆု ခုနစ်မျိုးနှင့် အဆင့်အတန်းတူပင်ဖြစ်သည်။

အမျိုးအမည်အားဖြင့် ခွဲခြား သတ်မှတ်ထားခြင်းမှာ ရုပ်ရှင်ဇာတ်ကားတစ်ကားတွင် ပါဝင် သရုပ်ဆောင်ရသူ အသီးသီး၏ ဇာတ်လမ်းဇာတ်ကွက်အရမတူသောသဘာဝကြောင့်ဖြစ်သည်။ ပညတ်သဘောအရ ခွဲခြားထားခြင်းမျှသာဖြစ်သည်။ ဤအချက်ကို ရုပ်ရှင် ဒါရိုက်တာဆု၊ ရုပ်ရှင်ဇာတ်ပို့ဆုဟူ၍ ခွဲခြားထားရှိရသည့်အဖြစ်နှင့် ချိန်ထိုးစဉ်းစားလျှင် သိသာပေါ်လွင်မည်ဖြစ်သည်။ ရုပ်ရှင်ဒါရိုက်တာနှင့် ရုပ်ရှင်ဓာတ်ပုံဆရာတို့သည် ရုပ်ရှင်ဇာတ်ကားတွင်၌ပါဝင်သရုပ်ဆောင်ရသူများ မဟုတ်စေကာမူ ရုပ်ရှင်ဇာတ်ကားဖြစ်မြောက်ရေးအတွက် ပါဝင်ဖန်တီးရသူများဖြစ်သောကြောင့် ရုပ်ရှင်ထူးချွန်ဆုကို ခံစားခွင့်ရရှိကြခြင်း ဖြစ်သည်။ ပါဝင်ဖန်တီးသည့်သဘာဝကိုလိုက်၍ ဆုအမည်ကို ခွဲခြားခေါ်ဝေါ်ခြင်းဖြစ်သည့် အချက်ကို ကောင်းစွာသိရှိ သဘောပေါက်နိုင်သည်။

သတ်မှတ်ထားသည့်စံချိန်စံညွှန်းများ။ ။ မြန်မာ့ရုပ်ရှင်ဇာတ်ကားများကို ကြည့်ရှုလေ့လာအကဲဖြတ်ရာ၌ မူလက သတ်မှတ်ထားသော စံချိန်စံညွှန်းဟူ၍ မရှိဘဲ အနုပညာဟူသည် ပေတံဖြင့် တိုင်းတာ၍ရကောင်းသည် မဟုတ်ဟူသော ခံယူချက်ဖြင့် အဖွဲ့ဝင်အသီးသီးက မိမိခံစားချက်အရ ကြိုက်နှစ်သက်ရာကို မဲပေး ရွေးချယ်ခဲ့ကြသည်။ ၁၉၅၇-၅၈ တွင်မှ မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့ဝင်တစ်ဦးဖြစ်သူ သခင်ဘသောင်းဦးဆောင်ပြီး အဖွဲ့ဝင်ဦးခင်လေးမောင်နှင့်အဖွဲ့ အတွင်းရေးမှူး ရုပ်ရှင်နှင့် ပြဇာတ်ဌာနခဲ့ ညွှန်ကြားရေးဝန်တို့ပါဝင်သောအဖွဲ့ငယ်က ရုပ်ရှင်ဆုများ ရွေးချယ်ရာတွင် အထောက်အကူပြုစေရန် စံချိန်စံညွှန်း မူကြမ်းကို ရေးဆွဲတင်ပြပြီး အဖွဲ့ကအတည်ပြုကာ သတ်မှတ်ထားရှိသော ယင်းစံချိန် စံညွှန်းများကိုအခြေပြု၍ အကဲဖြတ်ကြသည်။ ဆုတစ်မျိုးစီအတွက် သတ်မှတ်စံချိန်စံညွှန်း သီးခြားစီထားရှိသည်။ ဇာတ်ကားဆုအတွက်ဆိုပါက ဇာတ်ကား

ဆုစံချိန်စံညွှန်း၊ ဒါရိုက်တာဆုအတွက်ဆိုပါက ဒါရိုက်တာဆု စံချိန်စံညွှန်း စသည်ဖြင့် ထားရှိခြင်းကို ဆိုလိုသည်။

မြန်မာရုပ်ရှင်ဇာတ်ကားဆုနှင့် ဒါရိုက်တာဆုအတွက် အခြေပြုစဉ်းစားသော စံချိန်စံညွှန်းများသည် ဆုအားလုံးအတွက် သတ်မှတ်သည့် စံချိန်စံညွှန်းများနှင့် လွှမ်းခြုံစဉ်းစားရသည့် သဘော ရှိသည်။ နိုင်ငံခြား ရုပ်ရှင်ဇာတ်လမ်းမဟုတ်သော ပင်ကိုမူရင်း ဇာတ်လမ်းဖြစ်ရန် လိုသည်။ ဇာတ်လမ်းဇာတ်အိမ် ခိုင်မာရန်လည်း အရေးကြီးသည်။ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သော သရုပ်ဆောင်များကို သူနေရာနှင့်သူ အံဝင်ခွင်ကျ ထားသိုနိုင်ရမည်လည်းဖြစ်သည်။

ထိုသို့အံဝင်ခွင်ကျ ထားသိုသောသရုပ်ဆောင်များကို သက်ဝင်လှုပ်ရှားလာအောင်လည်း စေစားနိုင်ရမည်ဖြစ်သည်။ ဆိုလိုသည်မှာ ဇာတ် လမ်း ဇာတ် ကွက် အ ရသဘာဝကျအောင် သဘ္ဘာန်လုပ်သရုပ်ဆောင်စေရန်စီစဉ်ညွှန်ကြားနိုင်ရမည်ဟူ၍ ဖြစ်သည်။ တစ်ဦးတစ်ယောက် ကောင်းလာရုံမျှဖြင့် ဇာတ်ကားဆု၊ ဒါရိုက်တာဆုကို မျှော်မှန်းနိုင်ရန် အခြေအနေပေးလာဖွယ်မရှိဟု ယူဆစရာရှိသည်။ ပတ်ဝန်းကျင်အခြေအနေအရပ်ရပ်ကောင်းဖို့ကလည်း လိုသေးသည်။ ပမာအားဖြင့် ဝတ်စားဆင်ယင်မှုမှန်မမှန်၊ ခြယ်မှုန်းထုံးဖွဲ့မှုသဘာဝကျမကျ၊ သရုပ်ဆောင်အမူအရာ တိကျမှုရှိမရှိ၊ တစ်ဦးနှင့်တစ်ဦး အချိတ်အဆက်မိ မမိ အစိုကထား စဉ်းစားကြရသည်။

တစ်ဖန် ဓာတ်ပုံ၊ အသံ၊ ဆေးစိမ် ကား ကူး ကောင်းမကောင်းစသည့် စက်မှုပိုင်း အရည်အသွေးများကိုပါ ပေါင်းစပ် စဉ်းစား ရပြန်သည်။ ထို့ပြင် ခေတ် ကာ လ အချိန်အခါအလိုက် ဇာတ်ဝင်ပစ္စည်း မှန်ကန်စွာအသုံးပြုရန်ကိုလည်း စီစဉ်ညွှန်ကြားသူက ဂရုပြုစီစဉ်ရန် တာဝန်ရှိသည်။

ဇာတ်ကားကောင်း အရည်အသွေးကို တေးဂီတကလည်း ပံ့ပိုး ကူထောက်ပေးရသည်။ ဆိုလျော်သော နောက်ခံ တေးဂီတ၊ ဇာတ်ရှိန်ကို မြှင့်တင်ပေးသည့် တေးသီချင်း စသည်တို့ကိုလည်း စီစဉ်ညွှန်ကြားသူကပင် ဇာတ်လမ်းဇာတ်ကွက်နှင့် လိုက်ဖက်အောင်စီစဉ်နိုင်ရမည်ဖြစ်သည်။

ဤသို့ ဘက်စုံကောင်းသော မြန်မာ ဇာတ်ကား ဖြစ်ဘိမူ ဇာတ်ကားဆုရော၊ ဒါရိုက်တာဆုကိုပါ မျှော်မှန်းနိုင်မည်ဖြစ်သည်။ အလားတူစွာ ဇာတ်ဆောင်၊ ဇာတ်ပို့၊ ရုပ်ရှင်ဓာတ်ပုံ စသည့်ထူးချွန်ဆုများကိုလည်း မျှော်မှန်းရန် အလားအလာ ကောင်းသည်ဟု ဆိုနိုင်ဖွယ်ရှိသည်။

ရွှေစင်ရုပ်ဆု။ ။တရားဝင် အခေါ်အဝေါ်မှာ ရုပ်ရှင်ထူးချွန်ဆု ဟူ၍ ဖြစ်သည်။ သို့ရာတွင် ရွှေစင်ရုပ်ကို ဆု အဖြစ် ချီးမြှင့်လျက်ရှိသောကြောင့် ရွှေစင်ရုပ်ကိုအစွဲပြု၍ ရွှေစင်ရုပ် ဆုပေးပွဲဟု ခေါ်ဝေါ်နေကြခြင်း ဖြစ်သည်။ အချို့ကလည်း အကယ်ဒမီရွှေစင်ရုပ်ဟူ၍ မှတ်ယူ သုံးစွဲသူများလည်း ရှိကြသည်။

ရွှေစင်ရုပ်သည် ရွှေကိန္နရီ၏သဏ္ဌာန်ဖြစ်သောကြောင့် လှပတင့်တယ်သည်။ ခုံအဝိုင်းငယ်တွင် ခြေကိုထောက်၍ လက်အစုံကို ကြွကြွရှရှကလေးမြှောက်လျက် ငွေစင်ကြယ်ကို လှမ်းယူဆွတ်ခူး နေသည့်ဟန် ပုံဖော် ထား သည်။ ခုံဝိုင်းငယ်သည် ရုပ်ရှင်ဖလင်ကားခွေ ဖြစ်သည်။ ရုပ်ရှင်ကားခွေသည် မြန်မာ့ရုပ်ရှင်လောကကိုတင်စားအဓိပ္ပာယ်ဖွင့်ခြင်း ဖြစ်သည်။ ရွှေကိန္နရီဟူ၍ ပုံဖော်ထားသည်မှာ မြန်မာ့ရုပ်ရှင် အနုပညာရှင် ဟူသည့် အဓိပ္ပာယ်ကို ဖွင့်ဆိုခြင်း ဖြစ်သည်။ ငွေစင်ကြယ် မှာမူ မြန် မာ တို့ ၏ "ကောင်းကင်တမှတ်၊ ကြယ်ကိုဆွတ်က၊ မလွတ်စတမ်း ရမြဲတမ်း" ဟူသော အားမာန်အဖွဲ့ ဖြစ်သည်။ ရုပ်ရှင်ပညာရှင်များအား ကြိုးစားမှုအားမာန်ဖြင့်မြင့်မားသော ထူးချွန်မှု ငွေစင်ကြယ်ကို ဆွတ်လှမ်းရန် လှုံ့ဆော်ထားခြင်း ဖြစ်သည်။

ရုပ်ရှင်ထူးချွန်ဆု သမိုင်းနောက်ခံ။ ။မြန် မာ့ ရုပ်ရှင် မြှင့်တင်ရေး အကဲဖြတ် အဖွဲ့ကို ၁၉၅၂ ခုနှစ်တွင် စတင် ဖွဲ့စည်းသည်။ ၁၉၅၂ ခုနှစ်နှင့် ၁၉၅၃ ခုနှစ်တို့တွင် ရုပ်ရှင်ထူးချွန်ဆု သုံးမျိုးကိုသာ သတ်မှတ်ချီးမြှင့်ခဲ့သည်။ ထိုသုံးမျိုးမှာ ဇာတ်ကားဆု၊ အမျိုးသား ပညာရှင် ဆုနှင့် အမျိုးသမီး ပညာရှင်ဆုဟူ၍ ဖြစ်သည်။ ထိုစဉ်အခါက အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုကို ပထမ၊ ဒုတိယ၊ တတိယဟူ၍ သုံးဆင့် သတ်မှတ်သည်။ ဆုအဆင့် ခွဲထားသကဲ့သို့ ဆုအရုပ်များကိုလည်း သုံးမျိုး ခွဲထားသည်။ ပထမ အကောင်းဆုံး ရုပ်ရှင်ဇာတ်ကား ဆုအတွက် ရွှေကိန္နရီရုပ်၊ ဒုတိယအကောင်းဆုံးဆုအတွက် ငွေဒေါင်းရုပ်၊ တတိယ အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားအတွက် ကြေးခြသေ့ရုပ် ဟူ၍ ချီးမြှင့်သည်။

ပညာရှင်များကို ဆုချီးမြှင့်ရာ၌ ၁၉၅၂ ခုနှစ်မှ ၁၉၅၅ ခုနှစ်အထိ ရွှေရင်ထိုးတံဆိပ်ကို ထူးချွန်ဆုအဖြစ် သတ်မှတ်ချီးမြှင့်သည်။ ၁၉၅၆ ခုနှစ်တွင် ရုပ်ရှင်ထူးချွန်ဆုအားလုံးအတွက် ရွှေကိန္နရီရွေစင်ရုပ် တစ်မျိုးတည်းကိုသာ သတ်မှတ်ချီးမြှင့်သည်။ ၁၉၆၂ ခုနှစ်တွင် အမျိုးသားရုပ်ရှင်ပညာရှင်နှင့် အမျိုးသမီး ရုပ်ရှင် ပညာရှင်များ အတွက် အမျိုးသားဇာတ်ဆောင်၊ အမျိုးသားဇာတ်ပို့၊ အမျိုးသမီးဇာတ်ဆောင်၊ အမျိုးသမီး ဇာတ်ပို့ဟူ၍ ပညာရှင်ဆုများကို ထပ်မံတိုးခဲ့၍ လိုက်သည်။ ဤသို့ အားဖြင့် ယခုအချိန်အထိ မြန်မာ့ရုပ်ရှင်ဆု ခုနစ်မျိုး ရှိလာခြင်း ဖြစ်သည်။

ဆုချီးမြှင့်သည့်နေရာများ။ ။အကောင်းဆုံး မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ပေးအပ်ချီးမြှင့်သည့် အခမ်းအနားများကို ရန်ကုန်မြို့တော်ခန်းမ၊ ဝိဇယရုပ်ရှင်ရုံ၊ နတ်မောက်လမ်းရှိ စက်မှုလက်မှုကျောင်းဝင်း၊ ဂက်ပါလမ်းရှိ ရုပ်ရှင်ပြဇာတ် အစည်းအရုံးခြံဝင်း၊ ရွှေတောင်ကြားလမ်းရှိ နိုင်ငံတော်ရုပ်ရှင် လုပ်ငန်းမြှင့်တင်ရေးအဖွဲ့ဝင်း မြက်ခင်းပြင်၊ ဘုရားလမ်းရှိ ဂျူဗလီဟော ကွက်လပ်၊ ပြည်လမ်း အသံလွှင့်ရုံစတူဒီယို(အေ) နှင့် မြန်မာ့အသံမြက်ခင်းပြင် တို့တွင် အသီးသီးကျင်းပခဲ့သည်။ ထို့ပြင် အင်းလျားကန် ဟိုတယ်၌လည်းကျင်းပ ပြုလုပ်ခဲ့ဖူးသည်။

မြန်မာ့အသံ အဆောက်အအုံနှင့် မြက်ခင်းပြင် တို့ကို ရုပ်မြင်သံကြား ထုတ်လွှင့်ရန် စတင် အသုံးပြုချိန် မှစ၍ ယခင်ကျေးမှုဝန်ကြီးဌာန လဟာပြင်ဇာတ်ရုံတွင် ရုပ်ရှင်ထူးချွန်ဆု ပေးအပ် ချီးမြှင့်သည့် အခမ်းအနား များကို ပြောင်းရွှေ့ ကျင်းပခဲ့သည်။

ချီးမြှင့်ခဲ့သည့် ထူးချွန်ဆုများ။ ။၁၉၅၂ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ နှစ်ပေါင်း ၃၄ နှစ်အတွင်း ရုပ်ရှင်ထူးချွန်ဆု ပေါင်း ၁၅၆ ဆု ချီးမြှင့်ခဲ့သည်။ ချီးမြှင့်ခဲ့သည့်ဆုများကို အောက်ပါအတိုင်း ခွဲခြား ဖော်ပြပါသည်။

၁။	ရုပ်ရှင်ဇာတ်ကား	၂၃ ဆု
၂။	ဒါရိုက်တာ	၂၁ ဆု
၃။	အမျိုးသားဇာတ်ဆောင်	၁၇ ဆု
၄။	အမျိုးသမီးဇာတ်ဆောင်	၂၀ ဆု
၅။	အမျိုးသားဇာတ်ပို	၁၉ ဆု
၆။	အမျိုးသမီးဇာတ်ပို	၂၁ ဆု
၇။	ရုပ်ရှင်ဓာတ်ပုံဆု	၂၄ ဆု
၈။	အထူးဆု	၃ ဆု
		၁၅၆ ဆု

ပညာပိုင်းအလိုက် မြန်မာ့ ရုပ်ရှင် ထူးချွန်ဆု ရရှိသည့် ဦးရေကို အောက်ပါအတိုင်း ဖော်ပြပါသည်။

၁။ ရုပ်ရှင်ဇာတ်ကား ၂၃ ဆု

၁၉၅၂	(ပ)	ချစ်သက်ဝေ	အေဝမ်းရုပ်ရှင်
	(ဒု)	မယားနဲ့လူပျို	အောင်ဇေယျရုပ်ရှင်
	(တ)	ချစ်၍ခေါ်ရာ	ညွှန့်မြန်မာရုပ်ရှင်
၁၉၅၃	(ပ)	ရတနာပုံ	အေဝမ်းရုပ်ရှင်
	(ဒု)	သည်ဆောင်းဟေမန်	ညွှန့်မြန်မာရုပ်ရှင်
	(တ)	မြဟေဝန်	အေဝမ်းရုပ်ရှင်
၁၉၅၄	(ဒု)	သြော်မိန်းမ	ညွှန့်မြန်မာရုပ်ရှင်
	(တ)	အကျော်အမော်	အေဝမ်းရုပ်ရှင်
၁၉၅၅		ဖိုးပြုံးချို	ရွှေဝယ်သီရိရုပ်ရှင်
၁၉၅၆		ဘဝသံသရာ	မန္တလေးရုပ်ရှင်
၁၉၅၇		ဒေါက်တာအောင်ကျော်ဦး	ညွှန့်မြန်မာရုပ်ရှင်
၁၉၅၈		စဲ့တဲ့မေတ္တာ	မြဇော်ရုပ်ရှင်
၁၉၅၉		ချစ်တော့ချစ်တယ်	စန်းသော်တာရုပ်ရှင်
၁၉၆၀		ရေမြေဆုံးတိုင်	မန္တလေးရုပ်ရှင်
၁၉၆၁		ကိုယ်ပိုင်မေတ္တာ	မန္တလေးရုပ်ရှင်
၁၉၆၃		ဆောင်း	အေဝမ်းရုပ်ရှင်
၁၉၆၈		စကားပြောသောအသဲနှလုံး	သုခရုပ်ရှင်
၁၉၇၀		မှုံရွှေရည်	အပေါင်းလက္ခဏာရုပ်ရှင်
၁၉၇၃		ဘယ်သူပြိုင်လို့ လှပါတော့နိုင်	သုခရုပ်ရှင်
၁၉၇၅		ရွှေခြည်ငွေခြည်တန်းပါလို့	မင်းသူရိန်ရုပ်ရှင်
၁၉၇၆		နှလုံးသားနဲ့ စစ်တာဝန်	ပြည်ကျော်ရုပ်ရှင်
၁၉၈၀		ကြည်ပြာ	ယမုံနာရုပ်ရှင်
၁၉၈၅		သင်္ကြန်မိုး	သူရိယပညာရုပ်ရှင်

၂။ ဒါရိုက်တာ ၂၁ ဆု

၁	ရုပ်ရှင်ဇာတ်ကား	၂၃ ဆု
၂	ဒါရိုက်တာ	၂၁ ဆု
၃	အမျိုးသားဇာတ်ဆောင်	၁၇ ဆု
၄	အမျိုးသမီးဇာတ်ဆောင်	၂၀ ဆု
၅	အမျိုးသားဇာတ်ပို	၁၉ ဆု
၆	အမျိုးသမီးဇာတ်ပို	၂၁ ဆု
၇	ရုပ်ရှင်ဓာတ်ပုံဆု	၂၄ ဆု
၈	အထူးဆု	၃ ဆု
		၁၅၆ ဆု

၂။ ရုပ်ရှင်ဒါရိုက်တာ ၂၁ ဆု

–ဒါရိုက်တာ ဦးသုခ			၆ ဆု
(၁)	၁၉၅၄	သြော်မိန်းမ	
(၂)	၁၉၅၆	ဘဝသံသရာ	
(၃)	၁၉၆၈	စကားပြောသောအသဲနှလုံး	
(၄)	၁၉၇၀	ကျွန်မမှာ မိန်းမသား	
(၅)	၁၉၇၃	ဘယ်သူပြိုင်လို့ လှပါတော့နိုင်	
(၆)	၁၉၇၅	ရွှေခြည်ငွေခြည်တန်းပါလို့	
– ဒါရိုက်တာ မောင်တင်ဦး			၃ ဆု
(၁)	၁၉၇၂	နေထွက်သောည	
(၂)	၁၉၇၈	တခါကတဘဝ	
(၃)	၁၉၈၅	သင်္ကြန်မိုး	
– ဒါရိုက်တာ ဦးသာဓု			၂ ဆု
(၁)	၁၉၅၉	ကကြီးရေက	
(၂)	၁၉၆၀	အငိုလွယ်သည်	
– ဒါရိုက်တာ ဦးတင်မောင်			၁ ဆု
၁၉၆၇ ကိုယ်ရယ်တိုးရယ်စိုးစိုးရယ်			
– ဒါရိုက်တာ ဦးချင်းစိန်			၁ ဆု
၁၉၅၅ ကိုယ့်ရင်သွေး			
– ဒါရိုက်တာ ရွှေဒုံးဘီအောင်			၁ ဆု
၁၉၅၃ ဒေါက်တာ အောင်ကျော်ဦး			

- ဒါရိုက်တာ ဦးချစ်ခင် ၁ ဆု
  ၁၉၅၈ ဖြေလျော့ခွေ
- ဒါရိုက်တာ တက္ကသိုလ်ဝင်းဖေ ၁ ဆု
  ၁၉၆၁ ပြည်တန်တဲ့ကျည်ဆံ
- ဒါရိုက်တာ မောင်ဝဏ္ဏ ၁ ဆု
  ၁၉၇၁ ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း
- ဒါရိုက်တာ စိန်ဖေတင် ၁ ဆု
  ၁၉၇၆ နှလုံးသားနဲ့စစ်တာဝန်
- ဒါရိုက်တာ ကြီးမြင့် ၁ ဆု
  ၁၉၈၀ ကြည်ပြာ
- ဒါရိုက်တာ ဝင်းဖေ ၁ ဆု
  ၁၉၈၁ နှင်းဆီနီအိပ်မက်
- ဒါရိုက်တာ ထွန်းမြင့်ထွန်း ၁ ဆု
  ၁၉၈၃ ဣတ္ထိယခေါ်မိန်းမတို့သည်

၃။ အမျိုးသားဇာတ်ဆောင် ၁၇ ဆု

- ညွှန့်ဝင်း ၃ ဆု
  (၁) ၁၉၆၈ ဗန်တိုလူလေးနဲ့သူဇာ
  (၂) ၁၉၇၁ ချစ်သူဝိုင်းဝိုင်းလည်
  (၃) ၁၉၈၃ တတိယအရွယ်၏ဒုတိယဝေဒနာ
- ထွန်းဝေ ၂ ဆု
  (၁) ၁၉၅၇ ဗိုလ်မြဒင်
  (၂) ၁၉၅၉ ကကြီးရေက
- ဝင်းဦး ၂ ဆု
  (၁) ၁၉၆၇ ဆောင်းအိပ်မက်
  (၂) ၁၉၇၀ မှုံရွှေရည်
- ကျော်ဟိန်း ၂ ဆု
  (၁) ၁၉၇၉ အကာကအချစ်အနှစ်ကမေတ္တာ
  (၂) ၁၉၈၂ မွန်းတည့်ချိန်တွင်နေဝင်သည်
- ကျော်ဝင်း ၁ ဆု
  ၁၉၅၂ မာလာရီ
- ဦးတင်မောင် ၁ ဆု
  ၁၉၅၃ ရတနာပုံ
- ဖိုးပါကြီး ၁ ဆု
  ၁၉၅၅ ဖိုးပြုံးချို
- ဇေယျ ၁ ဆု
  ၁၉၅၆ ဘဝသံသရာ
- မောင်သင် ၁ ဆု
  ၁၉၆၀ ရေမြေဆုံးတိုင်
- မြတ်လေး ၁ ဆု
  ၁၉၆၁ အမုန်း၏နောက်ဝယ်
- ကောလိပ်ကျင်နေဝင်း ၁ ဆု
  ၁၉၆၉ ပယင်းရောင်
- နေအောင် ၁ ဆု
  ၁၉၈၅ ပန်းသီတဲ့ကြိုး

၄။ အမျိုးသမီးဇာတ်ဆောင် ၂၀ ဆု

- မြင့်မြင့်ခင် ၃ ဆု
  (၁) ၁၉၅၇ ချစ်ညီမ
  (၂) ၁၉၅၈ ဖြေလျော့ခွေ
  (၃) ၁၉၇၃ မုန်းပါတယ်မောင့်ကို
- ဝါဝါဝင်းရွှေ ၃ ဆု
  (၁) ၁၉၆၅ ချစ်သမီး
  (၂) ၁၉၆၉ ချောင်းကိုပစ်၍မြစ်ကိုရှာ
  (၃) ၁၉၇၃ မိန်းကလေးရှင်ရဲဆန္ဒ
- ခင်သီတာထွန်း ၃ ဆု
  (၁) ၁၉၇၀ တခါကတာဘဝ
  (၂) ၁၉၈၃ ဣတ္ထိယခေါ်မိန်းမတို့သည်
  (၃) ၁၉၈၅ ပန်းသီတဲ့ကြိုး
- ကြည်ကြည်ဌေး ၂ ဆု
  (၁) ၁၉၅၂ ချစ်သက်ဝေ
  (၂) ၁၉၅၆ ချစ်ခွင့်မပိုင်
- ခင်ယုမေ ၂ ဆု
  (၁) ၁၉၆၁ ကိုယ်ပိုင်မေတ္တာ
  (၂) ၁၉၇၅ ရွှေခြည်ငွေခြည်တန်းပါလို့
- ချိုပြုံး ၂ ဆု
  (၁) ၁၉၇၉ ချစ်အမျှ
  (၂) ၁၉၈၁ မွန်းတည့်ချိန်တွင်နေဝင်သည်
- မေသစ် ၁ ဆု
  ၁၉၆၀ မေတ္တာရွှေရည်
- စံရှားတင် ၁ ဆု
  ၁၉၆၆ ဆောင်း
- မေမြင့် ၁ ဆု
  ၁၉၅၃ ပဲခါညောင်ရေ
- မေလွင် ၁ ဆု
  ၁၉၅၅ ချစ်မမ
- မြတ်မွန် ၁ ဆု
  ၁၉၅၉ ကကြီးရေက
- သီသီ ၁ ဆု
  ၁၉၆၂ အတွေ့
- ခင်သန်းနု ၁ ဆု
  ၁၉၆၇ ကိုယ်ရယ်တိုးရယ်စိုးစိုးရယ်



၁၉၇၉ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆု ရရှိသူများ

၁။ ဦးမောင်မောင်လေး (ဇာတ်ကားဆု)
၂။ ကျော်ဟိန်း (အမျိုးသား သရုပ်ဆောင်ဆု)
၃။ မိုမိုမြင့်အောင် (အမျိုးသမီး သရုပ်ဆောင်ဆု)
၄။ ကြည်စိုးထွန်း (ဒါရိုက်တာဆု)

– စန္ဒာ ၁ ဆု
၁၉၆၈ နှစ်မြှောအသဲ
– တင်တင်နွဲ့ ၁ ဆု
၁၉၇၀ ကျွန်မမှာမိန်းမသား
– ဒေစီကျော်ဝင်း ၁ ဆု
၁၉၇၁ အားနွဲ့သူပါရှင်
– နွဲ့နွဲ့မူ ၁ ဆု
၁၉၇၄ နော်ကူးမ
– မေဝင်းမောင် ၁ ဆု
၁၉၈၀ ကြည်ပြာ
– တင်တင်ညို ၁ ဆု
၁၉၈၁ ငယ်နာမည်အညို

၅။ အမျိုးသားဇာတ်ပို ၁၉ ဆု

– ဦးကျောက်လုံး (ဦးအောင်ကြီး) ၃ ဆု
(၁) ၁၉၆၂ အတွေ့
(၂) ၁၉၆၄ ရင်ဝယ်တသိမ့်သိမ့်
(၃) ၁၉၆၅ ချစ်သမီး
– ဗိုလ်ဗကို ၂ ဆု
(၁) ၁၉၇၀ သီတာပြုံး
(၂) ၁၉၇၁ တက္ကဿကမ္ဘာ
– ဦးကျော်သောင်း ၁ ဆု
၁၉၇၈ ဖြေလျော့ခွေ
– စိုးရွှေ ၁ ဆု
၁၉၆၆ မြေမှာပဋ္ဌာန်သောမေတ္တာပန်း
– ဦးသိန်းမောင် ၁ ဆု
၁၉၆၈ စကားပြောသောအသဲနှလုံး
– အုံကျော် ၁ ဆု
၁၉၇၃ ဘယ်သူပြိုင်လို့လှပါတော့နိုင်
– အောင်လွင် ၁ ဆု
၁၉၇၄ နော်ကူးမ
– မြင့်နိုင် ၁ ဆု
၁၉၇၅ ကျေးကျူးကမ္ဘာ
– စိန်မြင့် ၁ ဆု
၁၉၇၇ အဖေတခု သားတခု
– ဖိုးပါကြီး ၁ ဆု
၁၉၇၈ တခါကတဘဝ
– ကောလိပ်ကျင်နေဝင်း ၁ ဆု
၁၉၇၉ အကာကအချစ် အနှစ်ကမေတ္တာ
– မောင်စိမ်းအောင် ၁ ဆု
၁၉၈၀ မှတပါး အခြားမရှိပြီ
– နေအောင် ၁ ဆု
၁၉၈၂ မိလာရှိကာ စိုင်းဗေဒါ
– ထွန်းဝေ ၁ ဆု
၁၉၈၃ တတိယအရွယ်၏ ဒုတိယဝေဒနာ
– မြတ်လေး ၁ ဆု
၁၉၈၄ ရင်ထဲမှာရှာသောမိုး
– ထွန်းထွန်းနိုင် ၁ ဆု
၁၉၈၅ ချစ်မီးလျှံထဲကမေချို

၆။ အမျိုးသမီးဇာတ်ပို ၂၁ ဆု

– မေနွဲ့ ၂ ဆု
(၁) ၁၉၆၂ ရွှေရင်သိမ်းသစ်
(၂) ၁၉၇၅ ရွှေခြည်ငွေခြည်တန်းပါလို့
– မေသစ် ၂ ဆု
(၁) ၁၉၆၄ ရင်ဝယ်တသိမ့်သိမ့်
(၂) ၁၉၇၆ နွဲ့မျိုးစုံလင် နွဲ့လိုက်ချင်
– ကြည်ကြည်ငွေး ၂ ဆု
(၁) ၁၉၇၀ နုနုငယ်ငယ်
(၂) ၁၉၇၈ လူဇော်
– အေးအေးသင်း ၂ ဆု
(၁) ၁၉၇၁ မာယာထောင်ချောက်
(၂) ၁၉၇၄ ဇာခန်းဆီးနောက်ကွယ်မှာ
– အမေပု ၁ ဆု
၁၉၅၄ မေမေ
– ဒေါ်ခင်ညွန့် ၁ ဆု
၁၉၅၉ ကကြီးရေက
– တင်တင်မူ ၁ ဆု
၁၉၆၅ သဲလွန်စ
– ခင်မိုးမိုး ၁ ဆု
၁၉၆၈ အပယ်ရတနာ
– ဒေါ်သိန်းရှင် ၁ ဆု
၁၉၆၉ အသက်ကိုနှင်းရွှေ
– ဆွေဇင်ထိုက် ၁ ဆု
၁၉၇၂ မိန်းကလေးရှင်ရဲ့ဆန္ဒ
– ဒေါ်စိန်ခင် ၁ ဆု
၁၉၇၉ အကာကအချစ် အနှစ်ကမေတ္တာ
– မြင့်မြင့်ခင် ၁ ဆု
၁၉၈၀ မှတပါးအခြားမရှိပြီ
– မေယု ၁ ဆု
၁၉၈၁ နှင်းဆီနီအိပ်မက်
– ခိုင်ခင်ဦး ၁ ဆု
၁၉၈၂ မေတ္တာအသခေါ်

- စံရွှားတင် ၁ ဆု
  ၁၉၇၃ စိမ်းနဲ့တေဇာ
- မိုးမိုးမြင့်အောင် ၁ ဆု
  ၁၉၇၄ နှလုံးသားမြို့တော်
- ခင်စိုးပိုင် ၁ ဆု
  ၁၉၇၅ ပန်းသီတဲ့ကြိုး

၇။ ရုပ်ရှင်ဓာတ်ပုံ ၂၄ ဆု

- စံအေး ၃ ဆု
  (၁) ၁၉၆၉ မေတ္တာကိုယ်စား နှင်းပါ့မယ်
  (၂) ၁၉၇၀ လက္ခယ်မိုးနှောင်း
  (၃) ၁၉၇၃ ဗိုလ်သံခဲ
- စန်းမောင် ၃ ဆု
  (၁) ၁၉၇၆ ကျွန်းကလေးမှာ နှစ်ယောက်ထဲ
  (၂) ၁၉၇၉ ကျော်ကို ချစ်မလား ဇော်ကို ချစ်မလား
  (၃) အပြန်လမ်း
- ချစ်မင်းလူ ၃ ဆု
  (၁) ၁၉၈၀ နွေရူပ
  (၂) ၁၉၈၄ နှလုံးသားမြို့တော်
  (၃) ၁၉၈၅ သင်္ကြန်မိုး
- ဦးဘကြည် ၂ ဆု
  (၁) ၁၉၅၉ ဗိုလ်အောင်နိုင်
  (၂) ၁၉၆၄ ချိန်းမိလေသောည
- ဆန်နီတင် ၂ ဆု
  (၁) ၁၉၇၁ တခြားကမ္ဘာကချစ်သူရယ်
  (၂) ၁၉၇၅ ကျွန်တော်နဲ့ကိုဘကျော်
- ဦးချစ်ဖွယ် ၁ ဆု
  ၁၉၅၆ ယမ်းငွေ့ဝေဝေ
- ထွန်းလှိုင် ၁ ဆု
  ၁၉၅၇ မြပန်းဝတ်ရည်
- ထွန်းမြင့် ၁ ဆု
  ၁၉၅၈ စွဲတဲ့မေတ္တာ
- ဦးတင်ယု ၁ ဆု
  ၁၉၆၀ မေတ္တာရှေရည်
- ဦးမောင်ကလေး ၁ ဆု
  ၁၉၆၁ ကိုယ်ပိုင်မေတ္တာ
- သန်းမောင် ၁ ဆု
  ၁၉၆၈ နှစ်မြှောအသဲ
- ဦးလှဖေ ၁ ဆု
  ၁၉၇၂ နေထွက်သောည
- စံမြင့် ၁ ဆု
  ၁၉၇၃ အိပ်မက်တံတား
- ပန်းအေး ၁ ဆု
  ၁၉၇၇ နေခြည်ဖြာမှန်းသောကြောင့်
- တင်ဝင်း ၁ ဆု
  ၁၉၇၈ တခါက တဘဝ
- အောင်မြင့်ဦး ၁ ဆု
  ၁၉၈၂ မီလာရှိကာစိုင်းဗေဒါ

၈။ အထူးဆု ၃ ဆု (ကလေးဇာတ်ဆောင်)


- ဝင်းမာ ၁ ဆု
  ၁၉၅၅ ဖိုးပြုံးချို
- အောင်ထွန်းလေး ၁ ဆု
  ၁၉၇၇ အဖေတခုသားတခု
- အင်္ဂလန်စိန် ၁ ဆု
  ၁၉၇၈ မေတ္တာရှင်မလေး ငြိမ်းငြိမ်းအို

၉။ သုံးကြိမ်နှင့်အထက် ရုပ်ရှင်ထူးချွန်ဆုရ သရုပ်ဆောင်များ

ရုပ်ရှင်ထူးချွန်ဆုရ ရုပ်ရှင်ပညာရှင်များကို ပုဂ္ဂိုလ်တစ်ဦးချင်းနှင့် ဇာတ်ကား တစ်ကားချင်းအလိုက် ဖော်ပြပြီးဖြစ်သည်။ ရုပ်ရှင်ဒါရိုက်တာနှင့် ရုပ်ရှင် ဓာတ်ပုံပညာရှင်များ ထူးချွန်ဆုရရှိသည့်အကြိမ်ပေါင်းကိုလည်း တစ်ပါတည်း ပေါ်လွင်စွာ တွေ့မြင်သိရှိနိုင်ပြီး ဖြစ်သည်။ ထို့အတူ သရုပ်ဆောင်ပညာရှင်များ ရရှိသည့်အကြိမ်ပေါင်းကိုလည်းအလွယ်တကူသိရှိနိုင်စိမ့်သောဌာ သုံးကြိမ်နှင့်အထက် ရုပ်ရှင် ထူးချွန်ဆု ဆွတ်ခူး ရရှိသူများကို အောက်ပါအတိုင်း ဖော်ပြပါသည်။

အမျိုးသမီးသရုပ်ဆောင်	ရရှိသည့်အကြိမ်ပါင်း
(၁) ကြည်ကြည်ဌေး	၄ ကြိမ်
(၂) မြင့်မြင့်ခင်	၄ ကြိမ်
(၃) မေသစ်	၃ ကြိမ်
(၄) ဝါဝါဝင်းရွှေ	၃ ကြိမ်
(၅) ခင်သီတာထွန်း	၃ ကြိမ်
အမျိုးသားသရုပ်ဆောင်	
(၁) ထွန်းဝေ	၃ ကြိမ်
(၂) ဦးကျောက်လုံး (ဦးအောင်ကြီး)	၃ ကြိမ်
(၃) ညွှန့်ဝင်း	၃ ကြိမ်

တက္ကသိုလ် မောင်မောင်ခင်



မြန်မာ့ ပန်းပုလက်ရာ

ပန်းပုပညာ

မြန်မာ့ပန်းပုအနုပညာတွင် ပေးသူနှင့်ယူသူ နှစ်ဦးနှစ်ဘက်စလုံး တူညီသောအာရုံခံစားမှုရရှိမှသာ ဖန်တီးသူ၏လက်ရာကို ရသမြောက်သည်ဟု ဆိုပါသည်။ ရသခံစားရာတွင် တစ်ဦးနှင့်တစ်ဦးတူညီရန်ခဲယဉ်းလှပါသည်။ အနုပညာပါရမီ အနုအရင့်အလိုက်သော်လည်းကောင်း၊ အတွေ့အကြုံ အနည်းအများ အရသော်လည်းကောင်း ကွဲပြားခြားနားနေ၍ ဖြစ်ပါသည်။

အနုပညာနှင့်ပတ်သက်၍ အဓိပ္ပာယ် ဖွင့်ဆိုချက်များတွင် အလွန်နုနယ်သော စိတ်ကို မြင်မှုအာရုံ၊ ကြားမှုအာရုံ၊ ထိတွေ့မှုအာရုံများပေး၍ဖြစ်စေ၊ စိတ်အားတစ်မျိုးပြောင်းသွားစေရန် ဖန်တီးပေးနိုင်သည့်ပညာသည် အနုပညာဟု အချို့က ဆိုပါသည်။

အနုပညာရှင်သည် အနုပညာပစ္စည်းကို ထုတ်လုပ်**ပေးသူ**ဖြင့် အနုပညာရှင်သည် ခေတ်မီ၏ ဟုလည်း အချို့က ဆိုကြပါသည်။ အနုပညာသည် အစစ်မဟုတ် အတုသာဖြစ်ကြောင်း၊ အတုကို အစစ်ကဲ့သို့တူအောင် ပြုလုပ်နိုင်လျှင် အနုပညာလက်ရာမြောက်သည်ဟု ဆိုကြပြန်ပါသည်။

အနုပညာသည် တစ်သမတ်တည်းသွား၍ မရကြောင်း တိုးတက်ဆန်းသစ်မှုများနှင့် ပြောင်းလဲပေးရမည်၊ အလှအပမျိုးစုံ၍ ခေတ်နှင့်အညီလိုက်လျောပြီး ပြောင်းလဲနေရမည်ဟုလည်း ဆိုကြပါသည်။

အနုပညာနှင့်ပတ်သက်၍ အချို့ ပညာရှင်များက "ပန်းပွင့်မာလာ၊ တတ်သိလိမ္မာ၊ လူရွာဆယ့်နှစ်ပွင့်ပန်း" ဟူ၍ အနုပညာပန်း ဆယ့်နှစ်ပွင့်ရှိသည်ဟု ဆိုကြပါသည်။ အချို့က "ဘုရားမတင်၊ နတ်မတင်၊ လူတွင်ပန်းဆယ်ပွင့်" ဟူ၍ ဆယ့်နှစ်ပွင့်ပန်းတွင် ပါဝင်သော ဂီတနှင့်အက (ပန်တျာ)နှင့် ကျောက်သွေး (ပန်းရွဲ) ပညာတို့ကို မထည့်ဘဲ အနုပညာပန်းဆယ်ပွင့်ဟု ခံယူနေကြပါသည်။ အချို့က ပန်းပညာ အမျိုးပေါင်းနှစ်ဆယ်မက ရှိကြောင်း အထောက်အထားအနေဖြင့် ၁၉၆၇ ခုနှစ် ပြည်ကြီးမဏ္ဍိုင်တိုက်ထုတ် မှန်နန်းမဟာရာဇဝင်တော်ကြီးအတွဲ ၂၊ စာမျက်နှာ ၃၅၆ တွင် "ဘုရင့်နောင်မင်းတရား၊ ဒဂုရဝတီပြည် အယုဒ္ဓယမြို့ကို အောင်နိုင်ပြီးနောက် အတတ်ပညာသည်အမျိုးမျိုးကို မြန်မာနိုင်ငံသို့ ဆောင်ယူခဲ့မြင့်ထားရာ ပန်း ၁၂ မျိုးအပြင် ဆင်၊ မြင်း၊ ခေးသမား၊ လက်သမား၊ ဗိသုကာ၊ ဆင်ယင်ထုံးဖွဲ့သူ၊ အထုံအနှံတတ်သူ၊ ပန်းဆိုးနယ်တတ်သူ၊ အကြောအလှော်တတ်သူ၊ အပေါင်းအကျစ်တတ်သူ ပေါင်း ၁၇ ဦးအား ရွေးတော်မူ၏၊ သားမယားနှင့်တကွ အသီးသီး ဟံသာဝတီသို့ ပို့ပြီး နေရာချထားသည်" ဟု ဖွင့်ဆိုထားပါသည်။

ဆရာဦးသော်ဇင်၏ ပြဇာတ်သမိုင်းတွင် သိပ္ပံပညာ (၆၄)၌ ကဋ္ဌာကဏ္ဍသံတြိယာ (သစ်သားထည်အမျိုးမျိုးကို ပြုလုပ်ခြင်း လက်သမား (၀၁) ပန်းပုအတတ်)၊ ပါသာ

ဘဏ္ဍာသံတြိယာ (ကျောက်သားထည်အမျိုးမျိုးကို ပြုလုပ်တတ်ခြင်း၊ ကျောက်ဆစ်အတတ်)၊ ခဘဏ္ဍာသံတြိယာ (ကြေးထည်၊ သံထည်အမျိုးမျိုးကိုပြုလုပ်ခြင်း၊ ပန်းပဲ၊ ပန်းတဉ်းအတတ်)၊ စိတ္တာဒျာလေခန (ပန်းချီ အတတ်)၊ သုဝဏ္ဏာဒျလင်္ကာရတြိယာ ရွှေစသော အဆင်တန်ဆာတို့ကိုပြုလုပ်ခြင်း၊ (ရွှေပန်းတိမ်အတတ်)၊ လေပါဒိသံတြိယာ (အင်္ဂတေလိမ်းကျံခြင်းစသည်ကိုကောင်းစွာပြုလုပ်နိုင်ခြင်း ပန်းရန်အတတ်) စသည်ဖြင့် ဖော်ပြထားပါသည်။


အနုပညာ "ပန်း" ဆယ်ပွင့်မှာ ပန်းချီ၊ ပန်းပု၊ ပန်းပဲ၊ ပန်းတိမ်၊ ပန်းယွန်း၊ ပန်းပွတ်၊ ပန်းတော့၊ ပန်းတမော့၊ ပန်းရန်နှင့် ပန်းတည်းတို့ဖြစ်ကြပါသည်။ "ပန်း" ဟူသော ဝေါဟာရ၏ မူလဘူတအရင်းအမြစ်မှာ "ပန်" ဖြစ်ကြောင်း စာပေပညာရှင်များက ဖော်ညွှန်းထားပါသည်။

"ပန်" ၏ အနက်အဓိပ္ပာယ်မှာ ဖန်တီးခြင်းနှင့်ဖန်တီးချက်လက်ရာ၊ ဖန်တီးသူဟုသိရပါသည်။ အနုပညာလက်ရာတစ်ခုဖြစ်ပေါ်လာစေရန် တွေးတောကြံစည်ရခြင်း ကဏ္ဍသည် လုပ်ငန်းပိုင်းဆိုင်ရာပန်းအလုပ် ပန်းလက်ရာဟုဆိုပါသည်။ ပန်းပုပညာတွင် "သုတ"နှင့် "မုတ"ဟူ၍ရှိရာ "သုတ"နှင့်ပတ်သက်၍ ပန်းပုထုလုပ်သူသည် ရှေးဦးစွာ မိမိထုလုပ်မည့်ရုပ်လုံး၊ ရုပ်ခုံး၊ ရုပ်ကြွ၊ ရုပ်တု သို့မဟုတ် ကနုတ်ပန်းစသည်တို့ကို တွေးတောကြံဆ၍ ပုံဖော်ရခြင်း ထိုသို့တွေးတောကြံဆရာတွင် အကြားအမြင် စုံစေ့မှသာ စိတ်တွင်း၌ ပုံဖော်၍ရပါသည်။ စိတ်ထဲတွင် ပုံဖော်ရာ၌ မထုလုပ်မီ၊ ထုလုပ်ဆဲ၊ ထုလုပ်ပြီးသည်အထိ အခြေအနေများကို ကြိုတင်တွေးတောကြံဆရခြင်းကြောင့် "သုတ" အတွေ့အကြုံများရှိရန်ဖြစ်ပါသည်။ "မုတ" ဆိုသည်မှာ မိမိကိုယ်တိုင်ထုလုပ်ပြီး ရရှိသော လက်တွေ့ အတွေ့အကြုံများကိုခေါ်ပါသည်။

မြန်မာ့ ပန်းပုလက်ရာများသည် မြန်မာနိုင်ငံ၌ အေဒီ ၁ ရာစုကပင် တည်ရှိခဲ့ရာ ပျူ–သရေခေတ္တရာ၊ ဟန်လင်း ဗီဿနိုး စသည့်မြို့ဟောင်းများ တူးဖော်ရာတွင် တွေ့ရှိရသော ကျောက်ဆစ်နှင့် ကြေး၊ ငွေပန်းပု လက်ရာ အထောက်အထားများကြောင့် အခိုင်အမာ သက်သေပြုလျက် ရှိနေပါသည်။ မြန်မာ့ပန်းပု အနုပညာလက်ရာ မြောက်ပစ္စည်းများတွင် ကျောက်ဆစ် လက်ရာ ဖြစ်သော ကျောက်ပလ္လင် ကြီးများ၊ ဗုဒ္ဓဆင်းတုနှင့် နတ်ရုပ်ကြွ ကျောက်ချပ်များ၊ ရွှေ၊ ငွေ၊ ကြေး၊ သတ္တုအပြင် ပဉ္စလောဟာများ၊ ရွှေ၊ ငွေ၊ ကြေးဖြူ၊ ကြေးနီနှင့် သံ ငါးမျိုးကို ခပါင်းစပ်ပြီး ကျိုက၁ သွန်းလောင်းထားသော ဟသ်ာရုပ်၊ သမင်ရုပ်၊ လိပ်ပြာရုပ်များ၊ ငွေကြုတ်တွင် ဘဒ္ဒကမ္ပ၁၌ ပွင့်တော်မူပြီးသော ဘုရားလေးဆူနှင့် ရဟန္တာလေးဆူရုပ်တုတော်များ ထုလုပ်ထားသည့်လက်ရာများကိုရှေးဟောင်းသုတေသနက ဖော်ထုတ်ထားပါသည်။

နှစ်ပေါင်း ၂၀၀၀ ကျော်ခန့် သက်တမ်းရှိသော ယင်းရုပ်တုပန်းပုလက်ရာများသည် ရွှေ၊ ငွေ၊ ကြေး၊ သတ္တု၊ ပဉ္စလောဟာစသည်တို့ဖြင့် ထုလုပ်သွန်းလောင်းထားသဖြင့် ဤမျှသက်တမ်းရှည်ကြာကာ မပျက်မစီး ကြွင်းကျန်ရစ်ခြင်း ဖြစ်ပါသည်။ သစ်သားဖြင့် ပြုလုပ်သော ပန်းပုလက်ရာများမှာ မိုး၊ နေ၊ လေ၊ သဘာဝဘေးဒဏ်ကြောင့် ကြာမြင့်လာသောအခါ ဆွေးမြည့် ပျက်စီးကုန်သဖြင့် ပြောပလောက်အောင် မကြွင်းမကျန်ဘဲ ဖြစ်ရသည်ဟု ပညာရှင်များက သုံးသပ်ကြပါသည်။

ရာဇဝင်အစ ပုဂံကဟူသော ဆိုရိုးစကားအရ ရှေးပုဂံခေတ် ပန်းပုအနုပညာသည်များ အကြောင်းကို ပုဂံကျောက်စာများအရ သိရပါသည်။ ပုဂံခေတ်တွင် ပန်းပုပညာထွန်းကားကြောင်း၊ မွန်လူမျိုးတို့၏ ပန်းပုအနုပညာလက်ရာများသည် အိန္ဒိယတိုင်းရင်းသားများ၏ ယဉ်ကျေးမှုလက်ရာများနှင့် ရောပြွမ်းလာသည်ဟု ဆိုထားပါသည်။ သုတေသီအချို့က မွန်လူမျိုးတို့၏အနုပညာပန်းပုလက်ရာသည် အိန္ဒိယကျန်းဆွယ်အရှေ့ ကမ်းခြေဒေသဖြစ်သော



တွံတေးမြို့နယ် ဝဲနုတ်ဘုရား မှ တန်ဆောင်းပြသာဒ်နှင့် ပန်းကနုတ်များ


ကာလိင်၊ တေလင်္ဂန၊ အန္ဓရ စသော ဒေသများမှ အနုပညာနှင့် ပူးပေါင်းဆက်ဆံခဲ့ခြင်းကြောင့် မွန်ပန်းပုပညာတိုးတက်လာသည်ဟုဆိုကြပါသည်။ မျက်မှောက်မွန်ပြည်နယ် ဇုတ်သုတ်ထီးဆောင်းဘုရားတွင်ရှိသော ဂဝံကျောက်ပန်းပုလက်ရာများကို လေ့လာလျှင် တွေ့မြင်နိုင်ပါသည်။

မြန်မာနိုင်ငံတွင် ရှေးခေတ်ပန်းပုပညာလက်ရာများမှာ စေတီပုထိုး ကျောင်းကန်ဘုရား စသည်တို့ဌာသာ တွေ့ရသောကြောင့် ပန်းပုပညာလက်ရာသည် မြန်မာနိုင်ငံသို့ စေတီပုထိုးရောက်ရှိပြီးချိန်ကပင် အတူတကွပေါ်ပေါက်လာသည်ဟု အချို့ပညာရှင်များကဆိုပါသည်။ ပုဂံခေတ်သည် မြန်မာ့ယဉ်ကျေးမှုအရပ်ရပ် ထွန်းကားဆုံးသောခေတ်ဟု မှတ်တမ်းတင်ခဲ့ကြရာ ပန်းဆယ်မျိုးထဲမှ ပန်းပုပညာလည်း ပါဝင်ခဲ့ပါသည်။ ယာနေ့ပုဂံသို့ရောက်သည့် အခါ ကြွင်းကျန်နေသေးသော သစ်သားပန်းပုလက်ရာများ၊ ကြေးသတ္တု၊ ကျောက်ဆစ်လက်ရာများ၊ ရွှပ်လုံး၊ ရွှပ်ခုံး၊ ရွှပ်ကြွ၊ ပန်းကနုတ်များက သက်သေခံနေပါသည်။ ပုဂံခေတ်လွန်ပြီး စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်၊ ရတနာပုံ ခေတ်တို့တွင် ပန်းပုပညာရှင်များ၏ ကြိုးပမ်းတီထွင်ထုတ်လုပ် ဖန်တီးထားသည့် လက်ရာများမှာလည်း အံ့မခန်းလောက်စရာပင် တွေ့မြင်နိုင်ပါသည်။ ဥပမာ ဗုဒ္ဓဝင်ဇာတ်နိပါတ်များကို သစ်ထွင်း ပန်းပုပညာဖြင့် ထုလုပ်ရာ၌ ပညာသား ပါလှပါသည်။

ပန်းပုပညာရှင်သည် ဇာတ်တော်ထဲကအဓိကအခန်းကို ဆုသည့်အခါ မြင်တွေ့ရသူအတွက် သက်ဝင်လှုပ်ရှားမှုကို ပေါ်လွင်စေရန် သရုပ်ဖော်ထားသောကြောင့် ပညာပိုင်းဖြစ်ပါသည်။

မြန်မာ့ ပန်းပု လက်ရာသည် မြန်မာအမျိုးသားယဉ်ကျေးမှု ဓလေ့ထုံးစံများကို အမြဲအခြေခံထိန်းသိမ်း၍ အမျိုးသားဟန်၊ အမျိုးသားရိုးရာများကို ဖော်လေ့ရှိပါသည်။ အမြင်အားဖြင့်လှယ်သည်ထင်သော်လည်းတကယ်လုပ်ကြည့်လျှင် အဟုတ်ခက်သည့်ပန်းပုပညာဟု ဆိုထိုက်ပါသည်။ ဤပညာသည်အပေါင်းမပါ အနုတ်သက်သက်သာ ဖြစ်ပါသည်။ အနုတ်များလျှင် ထပ်ဖြည့်မရသောကြောင့် စိတ်ပိုရှည်ရပါသည်။ ကြိုတင်တွက်ဆပြီးသေချာမှ ထုလုပ်ကြရစမြဲ ဖြစ်ပါသည်။ ထုလုပ်မည့် သစ်သား အကြောကိုနားလည်ရန် အထူးလိုအပ်ပသည်။ ထွင်းမည့်ကိရိယာ လက်နက်ပစ္စည်းများကို အသုံးမချမီ ထက်မြက်နေရန် ကျောက်တွင်သွေးပြီးမှ အသုံးပြုရပါသည်။ အလျှင်စလို လုပ်မိပါက ဥပမာ ဆောက်ကို မသွေးမိဘဲ အသုံးပြုမိပါက ဆောက်မထက်ခြင်းကြောင့် အသားပွဲခြင်း၊ လက်ရိုက်၏ရိုက်ဒဏ်ကြောင့် အတွင်းသားတုန်ခါမှုရှိပြီးအနုစိတ်လက်ရာများ ပျက်စီးကျိုးပဲ့စေခြင်းဖြစ်ပေါ်လေ့ရှိပါသည်။

ပန်းပုပညာသည် အလျှင်စလိုလုပ်၍မရသောပညာ၊ မှားလျှင်ပြင်ရခက်သောပညာဖြစ်ပါသည်။ အသားကပ်သည့်ကော်များပေါ်လာသဖြင့် မှားချက်ကိုပြုပြင်ဖာထေးသော်လည်း အမှားဒဏ်ရာသည် မပျောက်နိုင်ဘဲရှိနေပါသည်။ လက်ရာကောင်းစေရန် ရှေးဦးပထမ မိမိအသုံး



မြန်မာ့ပန်းပုလက်ရာ စောင်းမြား

မြန်မာ့ပန်းပုလက်ရာ



စောင်းပြဲတင်ခုံ ပန်းကနုတ်

ချမည့် လက်နက်ကိရိယာများကို ထက်မြက်နေစေရပါမည်။ ပန်းပုပညာသည် ပန်းချီပညာ အခြေခံရှိသူဖြစ်ပါက လက်ရာကောင်း ဖြစ်ပေါ်စေပါသည်။ ပန်းချီပညာသည် သုံးဘက်သုံးတန်မှ မြင်တွေ့ရသောအရာကို အချိုးအစားမပျက်ဖန်တီးနိုင်သလို ပန်းပုပညာသည် လေးဘက်လေးတန် အထက်အောက်မြင်ရသော ရှုထောင့် ၁၀ မျိုး မြင်ကွင်းအား အချိုးကျစွာ သရုပ်ဖော်ဆောင်ရသောပညာ ဖြစ်ပါသည်။ ပန်းပုလက်ရာကောင်းလျှင် ပန်းပုစကားအရ "ဆောက်ချက်နာသောလက်ရာ" ဟု ခေါ်ဆိုပါသည်။ မြန်မာ့ပန်းပုလက်ရာများကို မြန်မာလူမျိုးများသာမက နိုင်ငံခြားသားများကပါ အလေးထား အရေးပေးနေကြသဖြင့် မြန်မာ့ကျက်သရေကို ဆောင်လျက်ရှိနေပေသည်။

ပန်းပုပညာလက်ရာ ပြောင်မြောက်ရန်အတွက် ပန်းပုပညာရှင်သည် သူမတူသော စိတ်ကူး စိတ်သန်းများ အတွေးအခေါ်အယူအဆများ၊ သုတနှင့်မုတပြည့်စုံပြီး စိတ်ရှည် လက်ရှည်ထား၍ စေ့စပ်သေချာစွာ ထုလုပ်အကောင်အထည်ဖော်မှ လက်ရာကောင်း ရနိုင်ပါသည်။ ပန်းပုပညာတွင် လက်ရာမြောက်အောင် ဖန်တီးနိုင်ခြင်းသည် ထိုပညာသည်အတွက် ရည်မှန်းချက်ပန်းတိုင်ရောက်သည်ဟုဆိုပါသည်။ လက်ရာမြောက်စေရန် အလေ့အကျင့်လည်းများစွာလိုပါသည်။ လက်ရာမြောက်စေရန် စာပေဗိမာန်ထုတ် အမွေခံထိုက်သော မြန်မာ့ပန်းပုပညာစာအုပ်တွင် အသေးစိတ်ဖော်ပြခဲ့ပါသည်။

ပန်းပုဆရာကြီး ဦးဟန်တင် ပြောစကားအရ ပန်းပုဝါသနာရှင်များသည် သစ်တုံးဖြင့်သော်လည်းကောင်း ကျောက်တုံးဖြင့်သော်လည်းကောင်း လေ့ကျင့်မည်ဆိုပါက ပုံသဏ္ဌာန်အမြင်တိုးတက်ရေးတွင် ရှုံစေးပုံသဏ္ဌာန်ဖြင့် ထုလုပ်မှုလောက် တွင်ကျယ်မည်မဟုတ်ကြောင်း၊ ထုလုပ်သည့် ပုံသဏ္ဌာန်အချိုးအစားမကျလျှင် 'ဖိုးဝ'သာဖြစ်မည့် အကြောင်း၊ ပန်းပုပညာတွင် အမာခံပစ္စည်းဖြင့် ထုလုပ်ရခြင်းမှ တဖြည်းဖြည်းတိုးတက်၍ ရှုံစေးဖြင့် အမျိုးမျိုး ပြုပြင်လေ့ကျင့်က ပို၍ပို၍တိုးတက်ပြီး လုပ်ငန်းလျင်မြန်မှုရလာကြောင်း၊ လက်ရာများလည်း ပို၍ကောင်းမွန်လာကြောင်း၊ ကျမ်းကျင်စွာပန်းပုထုနိုင်ရေးအတွက် လေ့ကျင့်မှုများပြုလုပ်ရာတွင် နည်းနာနိသယများကို ရှာဖွေရင်း ရှုံစေးဖြင့်ပုံစံအမျိုးမျိုး စိတ်တိုင်းမကျမချင်း လေ့ကျင့်ကြကြောင်းကို သိရှိရသဖြင့် မှတ်သားခဲ့ပါသည်။ လက်ရာကောင်းရစေရန် ခေတ်မီနည်းအရ ရှုံစေးဖြင့် စိတ်ကြိုက်ပုံဖော်ပြီးမှ သစ်သားဖြင့်အကောင်အထည်ဖော် ထုလုပ်သောစနစ်သည် လက်ရာကောင်းရရှိစေသော နည်းစနစ်ဖြစ်ပါသည်။

ပန်းပုလက်ရာကောင်း ရစေရန် ထုလုပ်သူသည် အခြေခံပန်းချီပညာရှိဖို့ လိုသည်ဟုဆိုခဲ့ပါသည်။ မြန်မာ့ပန်းပုလုပ်ငန်းတွင် ပုံဆဲ့ခဲ့ရေးပညာဖြင့် ကောက်ကြောင်းမှန်ရေးဆွဲနိုင်ရန် အဓိကဖြစ်ပါသည်။ ရုပ်လုံး၊ ရုပ်ကြွများဖြစ်သော ဗြဟ္မာ၊ နတ်၊ ဘီလူး၊ လူ၊ တိရစ္ဆာန်နှင့် ကနုတ်ပန်း၊ ကြာဖူး၊ ကြာငုံ၊ ကြာပွင့်များ၊ ကြာနွယ်တစ်ခုနှင့် တစ်ခု ကွေ့ကောက်တွန့်လိမ်ပြီး အကျော်အနင်းစုံစွာဖြင့် ဖြစ်ပေါ်နေဟန်များကို အခြေခံခဲ့ရေးပန်းချီဖြင့် ပုံဖော်ပြီး သစ်သားတွင် ပန်းပုထုလုပ်ခြင်းကို ပန်းချီနှင့်ပန်းပုပေါင်းစပ်သည့်လက်ရာဟု ဆိုစကားရှိခဲ့ပါသည်။

ပန်းပုထုလုပ်သူသည် ပန်းချီပညာကို စိတ်ဝင်စားမှု ရှိခြင်း၊ ပညာလိုချင်မှုရှိခြင်း၊ ကြိုးစားအားထုတ်မှုနှင့် လေ့ကျင့်မှု ရှိခြင်းတို့နှင့် ပြည့်စုံရပါမည်။ ပန်းပုရုပ်လုံးမှ ကနုတ်ပန်းထုလုပ်ရာတွင် မျက်မှန်းဖြင့် ပိုင်းခြားသည့် ပညာကိုသုံး၍ အချိုးအစားကို ပိုင်နိုင်စွာတိုင်းထွာတတ်ဖို့ လိုပါသည်။ ပုံမရေးဆွဲမီ ရေးဆွဲမည့်ပုံသဏ္ဌာန်ကို မျက်စိထဲမြင်အောင် လေ့လာစူးစိုက်ရပါသည်။ ပန်းချီပညာသည် အမြဲရေးဆွဲနေမှ တိုးတက်ပါသည်။ ပန်းချီပညာ၏ အခြေခံ အချက်များသည် လူတိုင်းတွင် ပင်ကိုအရရှိပြီးဖြစ်၍ မလှသည့်အရာဝတ္ထုကို လှအောင်ပြုလုပ်လိုသည့် ဖန်တီးမှုပညာ အပြည့်ရှိကြပါသည်။ များများလေ့ကျင့်လျှင်လိုရာပုံကိုရေးဆွဲနိုင်သဖြင့် ပန်းပုထုရာတွင် ကောင်းသောလက်ရာဖြစ်ပေါ်စေရန်၊ အထောက်အကူ ပြုစေပါသည်။

ပန်းပုထုလုပ်သူသည် ခန္ဓာဗေဒကို သိရှိနားလည်ပြီး ကျွမ်းကျင်ရန်လည်း လိုပေသည်။ ပန်းပုထုလုပ်ရာတွင် ရှေးဦးစွာ ပုံရေး၊ ဓနုဖောက်၊ ဘေးသိမ်း၊ တစ်ထယ်၊ ပုံလောင်း၊ အချောကိုင်စသည်ဖြင့် အဆင့်ဆင့်ထုလုပ်ရပါသည်။ သစ်သားပန်းပုပညာတွင် သစ်သားကိုဆောက်ဖြင့်ထွင်းထုတ်ရသည့် အတတ်ပညာ ဖြစ်သောကြောင့် လက်ရာကောင်းမကောင်းကို ရှေးအခါက ဆောက်ကျပ်သည့်လက်ရာမျိုးမှ တန်ဖိုးထားပြီး လက်ရာကောင်းသည်ဟု ဆိုးဖြတ်ကြပါသည်။ ဆောက်ကျပ်သည့် လက်ရာဆိုသည်မှာ ခဲရာခဲဆစ်ဆောက်ထွင်းရသော အကွက်များ၊ ဆောက်ချက်နှက် ကျောက်တင်သည့် အကွက်များကို ခေါ်ပါသည်။ မလိုသည့်အသားကို ခဲခဲယဉ်းယဉ်းနုတ်ယူထားသော လက်ရာများလည်းရှိသည်။ ယခုအခါတွင် အလုပ်ပေါ်ပြီး လက်ရာအနေဖြင့် ခက်ခဲမှုကိုမထုလုပ်ဘဲ လွယ်ရာ လိုက်နေကြပါသည်။ ပုံရေးမကျွမ်းကျင်သော ပန်းပုရုပ်တုထုလုပ်နိုင်မည်မဟုတ်ဟု ယူဆကြပါသည်။

ရှေးရိုးမြန်မာ့ပန်းချီအခြေခံ လေးမျိုးတွင် ကနုတ်၊ နာရီ၊ ကပီ၊ ဂဇာဟူ၍ရှိရာ' လောကသမုတ်၊ ကနုတ်နာရီ၊ ကပီ ဂဇာ၊ ဂုဏ်ပညာလည်း၊ ခဲရာခက်ညှို၊ ထုတ်ချင်းလျှို့မျှ၊ ရွှေကိုယ်တော်ပြု၊ ပတ္တစိတြ'ဟူ၍ နဝဒေး၏ ရဲတင်းမော်ကွန်း ပထမနိဂုံးတွင် ဖော်ပြထားပါသည်။

ကနုတ်ပန်းဆိုရာ၌ ကျယ်ဝန်းသော အဓိပ္ပာယ် ရှိနေပါသည်။ ကနုတ်သည် ဗိသုကာပန်းနွယ်တစ်မျိုး၊ ခြူးပန်း၊ ခြူးနွယ် ပန်းချီရေးနည်း တစ်မျိုး ဟူ၍လည်းကောင်း၊ ခြူးဆိုသည်မှာ အပင်၊ အနွယ်၊ အခက်၊ အရွက်၊ အဖူးအပွင့်၊ အညှန့်၊ အညှောက်၊ အသီးအနှံတို့မှ သဏ္ဌာန်ရစ်ပတ် ခွေညှတ်ထွေးယှက်ကာ ပြုလုပ်ထားသော အပြောက်တန်ဆာမျိုးဟူ၍လည်းကောင်း မြန်မာအဘိဓာန်အကျဉ်းချုပ် အတွဲ--၁ တွင်ဖွင့်ဆိုထားပါသည်။ မြန်မာပန်းပုပညာတွင် ကနုတ်ပန်းဟု တင်စားခြင်းခံရသောလက်ရာများမှာ ပန်းဆွဲ၊ ပန်းတောင်၊ ခါးစည်းပန်း၊ မျက်နှာပန်း၊ နဖူးစည်းပန်းတို့ဖြစ်ကြပြီး အနုစိတ်မှာ ပုရစ်လိပ်၊ ပုစွန်ညှပ်၊ ကတော့၊ ချိတ်၊ ငါးဖတ်အံ၊ မခွေ၊ မခွေထောက်၊ အောက်မိုးထောက်၊ ကြာမှောက်၊ ကြာလှန်၊ ကြာနွယ်၊ ကြာရိုး၊ ပန်းဆွဲ၊ ခြူးပန်းဆွဲ၊ ဆင်စွယ်၊ ဝန်းယှက်၊ ဓနုကွက်၊ မှန်ကူကွက်၊ ခရုပတ်ကွက်၊ နဂါးလိမ်၊ ကမုဒရက်ပန်းနွယ် စသည်ဖြင့် အမျိုးမျိုးခေါ်ကြပါသည်။

ကနုတ်ပန်းကို အခြို့က ယိုးဒယားပန်းဟု ခေါ်ကြပြန်ပါသည်။ အမှန်မှာ ကနုတ်ပန်းသည် ရှေးနှစ်ပေါင်း ၁၀၀၀ ကျော်ကတည်းကပင် လှုပရှူမောဖွယ်ရာ ပန်းပွင့်ပန်းနွယ်များမှာ ညှိုးနွမ်းလွယ်သဖြင့် ထာဝစဉ်လှုပတည်မြဲစေရန် ပန်းပုပညာရှင်များက သစ်မာသားဖြင့် ထုလုပ်ခဲ့ကြသော မြန်မာ့ရိုးရာ အနုပညာ လက်ရာပန်းများသာဖြစ်ပါသည်။

ကဝမ္မိုနယ်၊ အုန္နဲသိမ်မှုပန်းကနုတ်



အလွန်လက်ရာ ပြောင်မြောက်လှပသော သစ်သားပန်းပုများကို ရှေးအခါက ယနေ့ထက်တိုင် ပြည်ထောင်စုတစ်ဝန်းလုံးရှိ ဘာသာရေးအထုတ်အမြတ် ဘုရားကျောင်းကန်၊ တန်ဆောင်းပြာသာဒ်တို့၌ အံ့မခန်းမွမ်းမံခြယ်လှယ်ထုလုပ်ထားသောကြောင့် ရှုမငြီးဖွယ် ကနုတ်ပန်းခက်ပန်းနွယ် အပြေ့အညှတ်များကို ပန်းပုပညာရှင်များက ပိုင်နိုင်စွာထုလုပ်ထားသည်မှာ သစ်သားဟုပင် မထင်ရသဖြင့် "သစ်သားပြောက်"ဟု အဓိပ္ပာယ်ရသော 'အပြောက်ပညာ' တို့မှ အပြောက်အမွန်းပညာဟု တင်စားခေါ်လာခဲ့ကြပါသည်။ ရှေးအခါက သစ်သားပန်းပုပညာတွင် ပါရှိသည့်လက်ရာများကို အမျိုးပေါင်း ၃၀ ခဲ့ခြားသတ်မှတ်ထားကြောင်း၊ နန်းတော်နှင့် အိမ်တော်များတွင် ထိုနန်းပြောက် ၃၀ မှအပ အခြားမဆိုင်သည့် ကနုတ်နှင့်ရုပ်လုံးများကို မထုရ၊ မတပ်ဆင်ရဟု ရှေးနန်းသုံး ဝေါဟာရအဘိဓာန်၌ ပြဆိုထားပါသည်။

ရှေးက ပန်းပုပညာတွင် ရုပ်လုံးများ ထုလုပ်ရာ၌ အဆင့်သုံးဆင့်ခဲ့ခြားထားရာ ပထမဗုဒ္ဓရုပ်ပွား တော်၊ ဇာတ်ကြီးဆယ်ဘွဲ့၊ ငါးရာ့ငါးဆယ် နိပါတ်တော် လာ ဇာတ်ဝတ္ထုသရုပ်ဖော်ရုပ်လုံး၊ ဒုတိယအဆင့်မှာ ဗြဟ္မာ၊ သိကြား၊ နတ်၊ ဘီလူး၊ ဇော်ဂျီ၊ ကိန္နရာ၊ ကိန္နရီနှင့် လူရုပ်များ၊ တတိယအဆင့်တွင် ဂဠုန်၊ နဂါး၊ နယား၊ ဟသ်ာ၊ ကရဝိတ်၊ ဥဒေါင်း၊ ခြင်္သေ့၊ ဆင်၊ မြင်း၊ ကျား၊ မျောက်တို့ဖြစ်ကြောင်း လေ့လာရပါသည်။

မြန်မာနိုင်ငံပန်းပုလက်ရာများမှာ သဘာဝကိုသဘာဝအတိုင်း ထုလုပ်မှုထက် အဆင့်မြင့်သော အယူအဆနှင့် စိတ်ကူး ဉာဏ်ကူးများကွန့်မြူးပြီး နူးညံ့ပျော့ပျောင်းသော ဟန်အနေအထားကို အဓိကထား၍ ထုလုပ်ခဲ့ကြသည်။ မြန်မာ့ဟန် အလေ့အကျင့်များကြောင့် ယနေ့တိုင် သုတေသီနှင့် ပညာရှင်များက အလေးထားနေကြပါသည်။


နာရီမှာ လူမိန်းမ၊ လူယောကျ်ား၊ နတ်သား၊ နတ်သမီး၊ မှူးကြီး၊ မတ်ရာ၊ သေနာပတိ၊ ရှင်ဘုရင် မိဖုရားစသည့်ရုပ်တုများဖြစ်ပါသည်။

ကပိမှာ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခ၊ မနုသီဟာ၊ ပဥ္စရူပမှစ၍ ဆင်ပံ့၊ မြင်းပံ့၊ ရှူးပံ့၊ ကရဝိတ်စသော ထူးဆန်းသည့် သတ္တဝါအားလုံး အကျုံးဝင်ပါသည်။

ဂဇာမှာ ဆင်၊ မြင်း၊ ကဲ့၊ နွား၊ ကျား၊ ကျားသစ်၊ ခြင်္သေ့၊ ဝက်ဝံ အစရှိသော ခြေလေးချောင်း သတ္တဝါအားလုံး ပါဝင်ပါသည်။

ပုံရေးပညာတတ်ပြီး အထုပညာမကျွမ်းသူနှင့် ပုံရေးမကောင်းသော်လည်း အထုပညာကောင်းသူ၊ ပုံရေးရော အထုပညာပါကျွမ်းကျင်သူဟူ၍ ပန်းပုလောကတွင်ရှိရာ ပန်းပုလက်ရာကောင်းသူအဖြစ် ကျော်ကြားသူများသည် ပုံရေးရော၊ အထုပညာပါကျွမ်းကျင်သူသာဖြစ်ပါသည်။

အနုပညာဆိုသည်မှာ အနုပညာစိတ်ရှိသူ၏ ရင်မှခံစားရမှုတစ်ခုကို အခြေပြုပြီး အခြားသူတို့အားပြန်လည်ခံစားစေရန် ဖန်တီးလိုက်သော ရသမြောက်လက်ရာကို အနုပညာလက်ရာဟု ဖော်ပြခဲ့ပါသည်။ ယင်းအနုပညာလက်ရာတွင် လက်မှုအတတ်ပညာ သက်သက်ဖြင့် ပြုလုပ်ဖန်တီးထားသည်ထက် ပို၍အဆင့်မြင့်ပြီးဆွဲဆောင် ညှိုင်ဖမ်းစားနိုင်အား စေ့ဆော်ကိုက်တွန်းနိုင်အားလည်းပါရှိသော အနုပညာနှင့် အတတ်ပညာ ပေါင်းစပ်မှသာလျှင် တန်ဖိုးကြီးမားသော အနုပညာရတနာလက်ရာမွန်ပစ္စည်း ပေါ်ထွန်းလာနိုင်ပါသည်။



မိကျောင်းစောင်းနှင့် ပန်းကနုတ်



ကျန်းသားကိုထုလုပ်သော ရေသူမရုပ်

ရှေးက ဥပမာ ဗိဿနိုးခေတ်တွင် ကျောက်အင်္ကတေနှင့် သစ်သားပန်းပုတို့ကို ကျွမ်းကျင်နိုင်နင်းစွာ အသုံးချသည်မှာ အထောက်အထားများအရ ပေါ်လွင်ထင်ရှားသော်လည်း နှစ်ပရိစ္ဆေဒ ကြာမြင့်လှပြီဖြစ်၍ သစ်သားဖြင့်ပြုလုပ်ခဲ့သော အထောက်အထားဟူသမျှ မီးလောင်၍လည်းကောင်း၊ ဆွေးမြည့်၍လည်းကောင်း ပျက်စီးကွယ်ပျောက်ခဲ့ပြီဖြစ်ပါသည်။

ရှေးက ကြေးသတ္တု၊ သံတို့ကိုပင် လိုသလိုအသုံးချခဲ့သည်ကို ထောက်ရှုခြင်းအားဖြင့် ထုတွင်းဖြတ်တောက်ရသည်မှာလွယ်ကူသော သစ်သားပန်းပု လက်ရာများမှာများစွာရှိခဲ့မည်ဖြစ်ပါသည်။

သစ်သားတွင် သဘာဝအားဖြင့် အစိုဓာတ်ခေါ် ရေစိုပမာဏအချိုး ၅၀ ရာခိုင်နှုန်းနှင့် အခြို့တွင် ၁၀၀ ရာခိုင်နှုန်းပါဝင်လျက်ရှိပါသည်။ ရေစိုပမာဏများသောသစ်ကို မူလအတိုင်း အသုံးပြုထွင်းထုပါက ကာလအတန်ကြာသည်နှင့် ခုံးခြင်း၊ ခွက်ခြင်း၊ လိမ်ကောက်ခြင်းများဖြစ်နိုင်ပါသည်။

ရှေးက သစ်သားပန်းပုထုလုပ်ရာတွင် သစ်သားအား အသုံးမပြုမီ ရေစိုပမာဏလျှော့ချပြီးမှ သဘာဝအခြောက်ခံနည်းခေါ် သည့်စနစ်အရ လေသလပ်ခံပြီးမှ ထုလုပ်ကြပါသည်။

ယခုမူ သိပ္ပံနည်းအရ ရေနွေးငွေ့ဖြင့် အပူပေးလျှော့ချခြင်းနှင့် အစိုလျှော့ချနည်းများဖြင့် ပြုလုပ်လာကြပါသည်။

ယခု သစ်သား ပန်းပုလက်ရာများမှာ ရှေးပန်းပုလက်ရာများကိုသာ အခြေခံအလေးထား၍ ထုလုပ်နေဆဲဖြစ်ပါသည်။ ပမာပြရလျှင် နိုင်ငံတော်၏ အဆောက်အအုံများဖြစ်သော ရန်ကုန်မြို့မှ ပြည်သူ့လွှတ်တော်၊ ကရဝိက်၊ ပြည်သူ့ရင်ပြင်၊မန္တလေးမြို့မှ ၁၅-၃-၄၅ မှ ၂၁-၄-၄၅ ထိ မန္တလေးရှိ အင်္ဂလိပ်စစ်တပ်က စစ်နိုင်သည့်အရေးကြောင့် အမြောက်နှင့်ပစ်၊ ဗုံးနှင့်ခွဲ၍ ပျက်စီးခဲ့သော မန္တလေးမြန်မာ့မြနန်းစံကျော် ရွှေနန်းတော်ကြီးကို ပြန်လည်ပြင်ဆင်ထားသည့် ပစ္စင်ပြအိုး၊ နန်းမြို့ရိုးနှင့် မြနန်းစံကျော်ရွှေနန်းတော်၊ မန္တလေးဟိုတယ်၊ ပုဂံသီရိပစ္စယာဟိုတယ် စသည်များတွင် မြန်မာ့ပန်းပု လက်ရာကောင်းများကို ခေတ်နှင့်အညီ တွေ့မြင်နိုင်ပါသည်။

နှစ် ၁၀၀ ကျော် ရှေးကျသော သစ်သားပန်းပုလက်ရာများမှ ရန်ကုန်တွင် ရှေတိုဘုရားတန်ဆောင်းပြာသာဒ်များ၊ ငါးထပ်ကြီး၊ ကိုးထပ်ကြီး ဘုရားရုပ်လုံးရုပ်ကြွများ၊ ရန်ကုန်တွံတေးမြို့နယ်ရှိ ဓနုတ်ဘုရားတန်ဆောင်းများ၊ ပဲခူးကဝမြို့နယ်ကျောင်းတော်ရာဘုန်းတော်ကြီးကျောင်းရှိ ငါးထပ်ကနုတ်ပန်း၊ လင်းနို့တောင်၊ ယင်းမြို့နယ်ရှိ နိဗ္ဗာန်သိမ်မှ ပျဉ်တုန့်ပန်းကနုတ်များ၊ မန္တလေးအရှေ့ပြင်ရှိ ရွှေနန်းတော်ကျောင်း၊ စိန်ပန်းရပ်ရှိ ဒုတိယရွှေအင်ပင်ကျောင်း၊ အတုမရှိကျောင်း၊ ကင်းဝန်မင်းကြီးကျောင်း၊ ရန်ကုန်–မန္တလေး ကားလမ်းပေါ်ရှိ တံခွန်တိုင်ရွာအနီးမှ ပြည်မင်းသားကောင်းမှုကျောင်းကြီး၊ ပုဂံလက်ရာတောင်ဖိုရွာအုပ်စု ရှေးဘုန်းကြီးကျောင်း၊ ပုဂံရုပ်စုံကျောင်း၊အာနန္ဒာကျောင်း၊ ရွှေစည်းခုံစေတီရှိ တန်ဆောင်းပြာသာဒ်များ၊ လယ်ကိုင်းကျောင်းတော်ရာ တန်ဆောင်းပြာသာဒ်များ စသည်တို့တွင် ရှေးမြန်မာ့ပန်းပုလက်ရာကောင်းများ တွေ့မြင်နိုင်ပါသည်။

ပန်းပုအနုပညာသည် နက်ရှိုင်းသိမ်မွေ့ကာ ကျယ်ပြန့်လှပါသည်။ လူနှင့်ပတ်ဝန်းကျင် ကာလဒေသ ပယောဂနှင့် လိုက်လျောညီထွေခံစားသရုပ်ဖော်ရရုံမျှမက ဘာသာတရား ယုံကြည်မှု၊ ဓလေ့ထုံးတမ်းများနှင့်ကိုက်ညီသော ခံစားချက်များကို ကွက်ကွက်ကွင်းကွင်း သရုပ်ဖော်ဆောင်ရသဖြင့် လွယ်ကူသော အလုပ်မဟုတ်ကြောင်းကို သိသာနိုင်ပါသည်။

မျက်မှောက်ခေတ်ကာလတွင် မိမိတို့၏ရိုးရာယဉ်ကျေးမှုများ မတိမ်ကော မပပျောက်စေရန်နှင့် ပို၍တိုးတက်လာစေရန် ကြိုးပမ်းရမည်သာဖြစ်ပါသည်။ ယဉ်ကျေးမှုကို မြင့်စေခြင်းနှင့် လူမျိုးတင့်စေရန် ဆောင်ရွက်ကြရမည်မှာ သမိုင်းပေးတာဝန်တစ်ရပ်အဖြစ် လေးနက်စွာ ခံယူမိသဖြင့် မြန်မာ့ပန်းပုပညာလက်ရာများ ဆက်လက်ထိန်းသိမ်းရေးကို နိဂုံးပိုင်းအနေဖြင့် ရေးသားတင်ပြလိုပါသည်။

ယဉ်ကျေးမှုသည် လူမျိုးတစ်မျိုး၏ ဂုဏ်ရည်ဖြစ်သလို အသက်လည်းဖြစ်ပါသည်။ ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပါပျောက်ပါသည်။ ယဉ်ကျေးမှုနိမ့်လျှင် လူမျိုးပါနိမ့်ပါသည်။ မြင့်လျှင် လူမျိုးပါမြင့်ပါသည်။ ရေမြင့်ကြာတင့်သလိုဖြစ်ပါသည်။ ယဉ်ကျေးမှုဟူသောနယ်တွင် အမျိုးမျိုးသော အနုပညာရပ်များ စုစည်းပါဝင်ခဲ့ရာ အဆိုပါ အနုပညာများတွင် လက်မှုအနုပညာရပ်လည်း ပါဝင်ပါသည်။ ပန်းဆယ်မျိုးမှာ လက်မှုအနုပညာပန်းများဖြစ်၍ ရှေးကစပြီးယနေ့တိုင် တင့်ဆန်းပွင့်လန်းနေခဲ့ပါသည်။ ထိုပန်းဆယ်ပွင့်ထဲမှ ပန်းပုအနုပညာကို ရှေးက ပန်းဖုဟုခေါ်ရာမှ ယခု ပန်းပုဟု ပြောင်းလဲလာကြောင်း မှတ်သားမိပါသည်။ ရုပ်လုံးရုပ်ကြွ အဖောင်းအဖု ထုလုပ်ရသော ပန်းပုပညာတွင် ရှေပန်းတိမ်၊ ငွေပန်းတိမ်ကို ပန်းတော့၊ အင်္ကျီတရုပ်ကြွလုပ်ငန်းကို ပန်းတမော့၊ ကျောက်ဆစ်ပညာကို ပန်းတည်းဟုခေါ်သော လုပ်ငန်းများပါဝင်ကြောင်း ရေးသားခဲ့ပြီး ဖြစ်ပါသည်။

မြန်မာ့ပန်းပုလက်ရာများမှာ ဘုရားတန်ဆောင်းပြာသာဒ်တို့တွင်သာ ရှေးမူမပျက် ဆောက်လုပ်မှုရှိသဖြင့် မြန်မာ့ပန်းပုပညာနယ်သည် အလွန်မှ ကျဉ်းမြောင်းနေသည်ဟု အမွေခံထိုက်သော မြန်မာ့ပန်းပုပညာစာအုပ်တွင် စာရေးသူ ရေးခဲ့ပါသည်။


ယနေ့ ပန်းပုပညာနယ်ပယ်သည် လူသားတို့စိုက်ပျိုးမှုကြောင့် ဖြစ်ပေါ်လာသော အနုပညာပန်းပင်များမှ အနုပညာလက်ရာ ပန်းပွင့်ကလေးများသည် ဖူးပွင့်လာပါပြီ၊ ညှိုးနွမ်းကြွေကျမသွားစေရန် ဆက်လက်ထိန်းသိမ်းရန်သာလိုပါသည်။ ထိန်းသိမ်းမှုမရှိလျှင် သစ်သားပန်းပုလက်ရာများသည် လေဒဏ်၊ မိုးဒဏ်တို့ကြောင့် နှစ်ကြာလာသည့်အခါ ပျက်စီးနိုင်ပေရာ ဆွေးမြည့်ပျက်စီးခြင်းသို့ မရောက်စေရန် ပြုပြင်ထိန်းသိမ်းရန် ဖြစ်ပါသည်။

မျက်မှောက်ခေတ်တွင် အမျိုးသားသစ္စာဖောက် ဝိသမလောဘသားများက နိုင်ငံ၏သမိုင်းဝင် ရှေးဟောင်းပန်းပုလက်ရာများကို ပြည်ပသို့ ခိုးထုတ်နေကြဆဲ ဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် မိမိတို့သမိုင်းဝင် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို အလေးအနက်တန်ဖိုးထားကာ ကာကွယ်ထိန်းသိမ်း စောင့်ရှောက်နေကြပါသည်။

တစ်ချိန်က သူကျန်ဘဝရောက်ခဲ့စဉ်က အဖိုးတန်သစ်သား ပန်းပုလက်ရာများ အကြောင်းအမျိုးမျိုးကြောင့်ဆုံးရှုံးမှုများရှိခဲ့ရာ လက်ကျန်လက်ရာများကိုလည်း ထပ်မံ၍ မဆုံးရှုံးမပျောက်ပျက်စေရန် ဆက်လက်ထိန်းသိမ်းသွားရမည့် တာဝန်ကို မမေ့မလျော့ ထမ်းဆောင်သွားမှသာ ပန်းကလေးများ မညှိုးနွမ်းမည် သာမကမပျောက်မပျက် တည်ရှိနေမည် ဖြစ်ပါကြောင်း နိဂုံးအနေဖြင့် ရေးသားတင်ပြလိုက်ပါသည်။

မြန်မာ့ပန်းပုလက်ရာကောင်းများဖြင့် တိုင်းပြည်နှင့် လူမျိုးဂုဏ်ကို မြှင့်တင်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ပါသည်။

သုတေသီ ရာမည ကိုကိုနိုင်



ယမနေသားကို ထုလုပ်သော မြန်မာ့ပန်းပုလက်ရာ

ကေဩြစ် သိုမဟုတ် ပရမ်းပတာထဲမှ အစီအစဉ်တကျဖြစ်စဉ်
CHAOS- RANDOMNESS WITH UNDERLYING ORDER

ရုပဗေဒပညာ
နယူတန်၏ သီအိုရီ

နှစ်ပေါင်း ၃၀၀ ကျော်က တွေ့ရှိဖော်ထုတ်ခဲ့ပြီးသော အင်္ဂလိပ်ရူပဗေဒပညာရှင် ဆာအိုင်းဆက်နယူတန် (ပုံ–၁) ၏ နိယာမများ၏ အနှစ်သာရတစ်ခုမှာ အကြောင်းနှင့် အကျိုးဆက်စပ်နိုင်မှု (causality) ပင်ဖြစ်သည်။ ကြောင်းကျိုးဆက်နွယ်မှုကြောင့်ပင် နေကြတ်မှုကို နယူတန်၏ ဒြပ်ဆွဲသီအိုရီအရ နှစ်ပေါင်းထောင်နှင့်ချီ၍ ကြိုတင်ဟောကိန်းထုတ်နိုင်ခဲ့သည်။ ဟဲလေး (Halley) ကြယ်တံခွန်ကို ၁၉၁၀ ပြည့်နှစ်တွင် နက္ခတ်ဗေဒနှင့် ရူပဗေဒ ပညာရှင်များက နယူတန်၏ နိယာမကို အသုံးပြုပြီး တင်ကြိုဟောကိန်းထုတ်ခဲ့သည်မှာ "နောက်နှစ်ပေါင်း ၇၆ နှစ်တွင် ကမ္ဘာဝန်းကျင်သို့ ရောက်ရှိလာမည်" ဟု ဖြစ်သည်။ ၁၉၈၆ ခုနှစ်တွင် ဟဲလေးကြယ်တံခွန်ကို ကမ္ဘာနှင့်နီးကပ်စွာ ရောက်ရှိလာသည်ကို လေ့လာတွေ့ရှိရပြီး ဖြစ်သည်။ ထို့ပြင် ဒီရေအတက်အကျကိုလည်း တင်ကြိုဟောကိန်းထုတ်နိုင်ခဲ့လေသည်။ ထို့ကြောင့်ပင်လျှင် ပြင်သစ် နက္ခတ္တဗေဒနှင့် သခ်ၤာပညာရှင်ဖြစ်သူ ပီရဲလာပလာ (Pierre Laplace) (ပုံ–၂) က သဘာဝတွင်ရှိသော နက္ခတ္တဗေဒဆိုင်ရာနိယာမများသည် တိကျသော ကြောင်းကျိုးဆက်နွယ်မှုကို လိုက်နာကြ၍တည်နေရာ (q)နှင့် အလျင် (p) သို့မဟုတ် အဟုန်ကို စကြာဝဠာအတွင်းရှိ အမှုန်အားလုံး အတွက်သိလျှင် အနာဂတ်ကို တင်ကြိုဟောကိန်း ထုတ်နိုင်မည်ဟု မှတ်ချက်ချခဲ့သည်။

မိုးလေဝသပညာကို ရူပဗေဒ သို့မဟုတ် ဘူမိရူပဗေဒ ဘာသာရပ်နှင့် နီးနွယ်သော ဘာသာရပ်ခွဲတစ်ခုဟု သတ်မှတ်ကြသည်။ အမှန်မှာ မိုးလေဝသခန့်မှန်းချက်မှာ ရူပဗေဒနိယာမပေါ်တွင်သာအခြေခံရသည်။ အကြောင်းမှာ လေထု၏ရွေ့လျားမှုမှာ ဂြိုဟ်များရွေ့လျားမှုကဲ့သို့ပင် နယူတန်၏ ရူပဗေဒနိယာမများ၏ စည်းကမ်းသတ်မှတ်ချက်အတိုင်း လိုက်နာရသည်ပင်ဖြစ်သည်။ မိုးလေဝသပညာရှင်အများစုမှာလည်း ရူပဗေဒပညာနှင့် သခ်ၤာပညာကို ပိုင်ပိုင်နိုင်နိုင် တတ်မြောက်ကြရသည်သာ ဖြစ်သည်။ သို့ရာတွင် တောင်ကျစမ်းရေစီးဆင်းပုံ၊ မိုးလေဝသအခြေအနေတို့ကို ဖြစ်တန်စွမ်း၊ ဖြစ်နိုင်စွမ်း (Probabrility)နှင့် သာ ဖော်ပြနိုင်၍ တင်ကြိုဟောကိန်းထုတ်နိုင်မှုမှာ ပိပိပြင်ပြင်မရှိတော့ပေ။ သီအိုရီရူပဗေဒပညာ၏ နှစ်ရှည်လများပြေလည်မှုမရရှိခဲ့သေးသော ပြဿနာ တစ်ခုမှာလည်း နယူတန်၏ သီအိုရီနယ်ပယ်အတွင်းရှိသော အရည်စီးမှုဒိုင်နမစ် (fluid mechanics) ဟုခေါ်တွင်သော မဖြောင့်ပြဿနာ (nonlinearity) တစ်ခုဖြစ်သည်။ မဖြောင့်ပြဿနာဆိုင်ရာ သဘာဝသိပ္ပံ၊ အင်ဂျင်နီယာသိပ္ပံ၊ ဇီဝနှင့်ဆေးသိပ္ပံ၊ စီးပွားရေးပညာအားလုံးကို ကေဩြစ်သီအိုရီပေါ်လာသောအခါ ဖြေရှင်းရန်လမ်းစကို ဆုပ်မိကိုင်မိကြရသည်။

၁၉၇၉ ခုနှစ်တွင် အရောင်းရဆုံးစာအုပ်မှာ ကိန်းဗရုစ်တဲကွသိုလ်မှ ရူပဗေဒပညာရှင် ဒေါက်တာဟောကင်း၏ အချိန်၏ ရာဇဝင်အကျဉ်း (A Brief History of Time) ဖြစ်ပြီး ဒုတိယအရောင်းရဆုံးစာအုပ်မှာလည်း ရူပဗေဒပညာဆိုင်ရာ "ကေဩြစ်" (Chaos: Making of a New Science)ဟူသောစာအုပ်ဖြစ်သည်။ သိပ္ပံပညာရှင်ပေါင်း တစ်ရာကျော်၏ အကူအညီ၊ ဆွေးနွေးချက်များ၊ ပြင်ဆင်ချက်များကို အထပ်ထပ် တင်ပြစိစစ်ပြီး သိပ္ပံစာရေးဆရာ ဂျိမ်းဂလီးစ်က တင်ပြထားသော စာအုပ်ဖြစ်သည်။ ပညာရှင်အများစုမှာ ပင်မအားဖြင့် ရူပဗေဒပညာရှင်များဖြစ်ပြီး ကွန်ပျူတာပညာရှင်များ၊ သခ်ၤာပညာရှင်များလည်း ပါဝင်ပြီး ရူပဗေဒ ဘာသာရပ်တွင် ဒေါက်တာဘွဲ့ရပြီး နှလုံးရောဂါအထူးကုဆရာဝန် (Cardiologist) အဖြစ်ဆောင်ရွက်နေသူများ၊ ရူပဗေဒဘာသာရပ်ဖြင့် ဘွဲ့အားလုံးယူထားပြီး ဇီဝသိပ္ပံပညာပိုင်းရှိ မဖြောင့်ပြဿနာများကို သုတေသနပြုနေသူများ၊ ဇီဝကမ္မဗေဒပညာရှင်များလည်း ပါဝင်ကြပါသည်။


အရည်စီးမှုဒိုင်နမစ်တွင် ကေဩြစ်သီအိုရီကို လက်သင့်မခံခင်တွင် ၁၉၆၂ ခုနှစ် အခဲအခြေ ရူပဗေဒ (Condensed Matter Physics) အတွက် နိုဗယ်ဆု ရရှိခဲ့သော ဆိုဗီယက် ရူပဗေဒပညာရှင် ဒေါက်တာ လက်ဗ်လန်ဒေါ့ (Dr Lev Landau) ၏ သီအိုရီသည် လွှမ်းမိုးခဲ့သည်။ ပရမ်းပတာ အရည်စီးမှု (turbulence) ကို ဖြေရှင်းရန်




ပုံ–၁။ အင်္ဂလိပ် ရူပဗေဒပညာရှင် ဆာအိုင်းဆက် နယူတန်



ပုံ–၂။ ပြင်သစ်နက္ခတ္တဗေဒနှင့် သခ်ၤာပညာရှင် ပီရဲ လာပလာ



ပုံ–၃။ ဒေါက်တာ အိုင်စတိုင်



ပုံ–၄။ နယူတန်၏ လူကာစီရင် ပါမောက္ခရာထူးတွင် နှစ်ပေါင်း ၎၀ ခန့် တာဝန်ယူပြီး သီအိုရီ ရူပဗေဒကို ဦးဆောင်သုသေသနပြုခဲ့သူ ဒေါက် တာပေါလ်ဒိရက်



ပုံ–၅။ ကျေးမန် ရူပဗေဒပညာရှင် ဒေါက်တာ ဗာနာ ဟိုက်ဇင်ဗတ်



ပုံ–၆။ ကွန်ပျူတာ သိပ္ပံဆိုင်ရာ သခ်ၤာပညာရှင် ဒေါက်တာ ဖွန်နွိုင်မင်း



ပုံ–၇။ အခဲအခြေ ရူပဗေဒပညာရှင် ဒေါက်တာ ဂျေအင်ဒါဆင်



ပုံ–၈။ ကေသြေစ်၏ ဖခင်ကြီးဟု လက်ခံထားသော ပြင်သစ်သခ်ၤာပညာရှင် ဒေါက်တာပွန်ကား

အတွက် အရည်တွင် စီးနှုန်းမြန်လာသည်နှင့်အမျှ သီးသန့် တုန်ခါမှုများ တစ်ခုပြီးတစ်ခု ပါဝင်လာပြီး ရှုပ်ထွေးလှသော အရည်၏ရွေ့လျားမှုကို ဖြစ်ပေါ် စေပြီး တင်ကြိုဟောကိန်းထုတ်နိုင်မှုကို ကင်းသွားစေသည်။ လွန်ခဲ့သော ၁၀ နှစ်အတွင်း ပြုလုပ်ခဲ့သော လက်တွေ့ သုတေသနတွင် တုန်ခါနှုန်းများတွင် အဆက်မပြတ်တန်ဖိုးဆောင် တုန်ခါနှုန်းများ ပါဝင်နေကြောင်း တွေ့ရသည်။ ယင်းအချက်အလက်ကို ကေသြစ် သီအိုရီပေါ် အခြေခံ၍သာ ရှင်းပြနိုင်သည်။

တင်ကြိုဟောကိန်း ထုတ်နိုင်မှုနှင့် ဖြစ်တည်စွမ်း

နေအဖွဲ့အစည်း၏ သက်တမ်းမှာ နှစ်ပေါင်းကုဋေ ၄၆၀ (460×10^7 yr) ဖြစ်သည်။ ယင်းသက်တမ်းအတွင်း ကမ္ဘာက နေကို ပတ်နေသောပတ်လမ်း မည်သို့မည်ပုံရှိမည်ကို မှန်ကန်စွာ တင်ကြိုဟောကိန်း ထုတ်နိုင်လိမ့်မည်ဟု ထင်ခဲ့သည်။ ရူပဗေဒပညာရှင် ဆာအိုင်းဆက်နယူတန်၏ ရှေးရိုးစံထား ရူပဗေဒပညာဖြင့်ပင် တွက်ချက်နိုင်မည်ဟု ယူဆခဲ့သည်။ နှစ်ပေါင်း ၃၀၀ ကျော်က ထွက်ပေါ် ခဲ့သော နယူတန်၏ သီအိုရီထက် သာလွန်ကောင်းမွန်သော သီအိုရီမှာ ဂျာမန်–အမေရိကန် ရူပဗေဒပညာရှင် ဒေါက်တာ အိုင်စတိုင် (ပုံ–၃) ၏ အထူးရီလေတီဗီတီနှင့် ယေဘုယျ ရီလေတီဗီတီ ကိုပင်ဖြစ်သည်။ ၁၉၀၅ ခုနှစ်တွင် ဖော်ထုတ်လိုက်သော သီးသန့် သို့မဟုတ် အထူးရီလေတီဗီတီသည် အမှုန်၏ ကိန်းသေနှိုင်းရ အလျင်သည် အလင်းအလျင် (3×10^8 m/s) နှင့် နီးစပ်သော တန်ဖိုးဆောင်လျှင် အချိန် နှေးခြင်း၊ ဟင်းလင်ပြင်ကျုံ့ခြင်း၊ ဒြပ်ထုကြီးထွားခြင်းတို့ကို တင်ကြိုဟောကိန်း ထုတ်နိုင်ခဲ့သည်။ အချိန်နှင့် ဟင်းလင်းပြင်ကို ပေါင်းစည်းပေးခဲ့သည်။ အရှိန်ရရွေ့လျားမှုမပါဝင်၍ဟင်းလင်းပြားအတွက် လေးဖက်တိုင်း သီအိုရီဟု အမည်တွင်သည်။

ကြောင်းကျိုးဆက်နွယ်မှု ပျက်စီးစေသည့် အမှုန်တစ်ခုကိုလည်း တင်ကြိုဟောကိန်း ထုတ်ထားသည်။ ယင်းအမှုန်မှာ တက်ခယွန် (tachyon) ဟုခေါ်ပြီး အလင်းအလျင်ထက်သာလွန်သောအလျင်ဖြင့် ရွေ့လျားနိုင်သော အမှုန်ဖြစ်သည်။ ယင်းအမှုန်၏ နားနေဒြပ်ထုမှာ ကိန်းယောင် (imaginary) ဖြစ်ပြီး အလျင်တန်ဖိုးအနန္တဆောင်သော် အဟုန်မှာ တိကျသောတန်ဖိုးရှိသော်လည်း စွမ်းအင်တန်ဖိုးမှာ သုညဖြစ်သည်။ ပုံမှန်အားဖြင့် အလျင်တန်ဖိုးတိုးလျှင် စွမ်းအင်တန်ဖိုးမှာ တိုးမြဲဖြစ်သော်လည်း အလင်းထက်မြန်သော တက်ခယွန်အမှုန်များ အတွက်မူ အလျင်တန်ဖိုးတိုးလျှင် စွမ်းအင်လျော့သွား၏။

အလင်းလွန်အလျင်ဖြင့် ရွေ့လျားသောတက်ခယွန်အမှုန်သည် အတိတ်ကာလသို့ အတားအဆီးမရှိ သွားနိုင်သည်ဖြစ်၍ ကြောင်းကျိုးဆက်နွှယ်မှုကို ပျက်ပြားစေသည်။ ဥပမာ အလင်းနှစ်ပေါင်းများစွာဝေးသော ကြယ်စုတစ်ခုတွင်ရှိသော စဉ်းစားဆင်ခြင်တုံ တရားနှင့် ပြည့်စုံသော သတ္တဝါတစ်ဦးထံသို့ ကမ္ဘာမှ ၁၉၉၀ ပြည့်နှစ် စက်တင်ဘာလ တစ်ရက်နေ့ နံနက် ၃ နာရီတွင် သတင်းပို့လွှတ်သည်ရှိသော် ကြယ်စုသို့ သတင်းရောက်ချိန်မှာ စက်တင်ဘာလ တစ်ရက်နေ့ နံနက် ၁ နာရီ ဖြစ်ပေမည်။ (မပို့ခင်က သတင်းရောက်နေသည့် သဘောဖြစ်၍ ကြောင်းကျိုးဆက်နွှယ်မှု ပျက်ရသည်။)

သီးသန့် ရီလေတီဗီတီတွင် ဒြပ်ဆွဲအားကိုပါ ထည့်သွင်းရန် အိုင်စတိုင်ကြိုးစားခဲ့ရာ ၁၉၁၅ ခုနှစ်တွင် လေးဖက်တိုင်းဟင်းလင်းပြင်းခုံးအတွက် ယေဘုယျ ရီလေတီဗီတီ သီအိုရီကို တီထွင်ခဲ့သည်။ ယေဘုယျ ရီလေတီဗီတီ၏ အထင်ရှားဆုံး တင်ကြို ဟောကိန်းထုတ်မှုမှာ နေ၏ ဝန်းကျင်ဖြတ်သန်းသွားသောအလင်းတန်းသည် 1.75 arc sec ခန့်ကွေကောက် သွားမည်ဖြစ်သည်။ ၁၉၁၉ ခုနှစ်တွင် အင်္ဂလိပ် နက္ခတ္တရူပဗေဒပညာရှင် ဆာအာသာအက်ဒင်းတန်က မှန်ကန်ကြောင်း နေကြတ်နေစဉ်တွင် သက်သေပြခဲ့ပြီး အိုင်စတိုင်၏ မွေးရာပြည့် ၁၉၇၉ နှစ်တွင် နောက်ဆုံးပေါ် စက်မှုနည်းပညာသုံး၍ မှန်ကန်ကြောင်း အဆုံးအဖြတ် ပေးနိုင်ခဲ့သည်။

ကေသြစ်သီအိုရီနှင့် ယှဉ်ပြရမည့် ဟောကိန်းမှာကား ကမ္ဘာအပါအဝင် နေကိုပတ်နေသော ဂြိုဟ်ကိုးလုံးတို့၏ ပတ်လမ်းများ ပြင်ညီတစ်ခုတည်းပေါ်တွင် မတည်ရှိဘဲ ယိမ်းယိုင်ရွေ့လျားမှု (ပုံ ၁.၁–ရှ။) (perihelic shifts) (ဇယား ၁–ရှ။) ကို ပြုဆောင်ကြောင်း တွက်ချက်၍ မှန်ကန်ကြောင်း သိရှိရပြီး ဖြစ်သည်။ ကြောင်းကျိုးဆက်နွယ်မှုကို အခြေခံသော ယေဘုယျ ရီလေတီဗီတီ၏ ဟောကိန်း တစ်ခုမှာကား တွင်းနက်ခေါ် ဒြပ်ဆွဲအားအနန္တတန်ဖိုးဆောင်သော အဖွဲ့အစည်းများ ဖြစ်သည်။ နေ၏ဒြပ်ထု၏ သုံးဆမျှကြီးသော ကြယ်များပြိုပျက်သောအခါ သိပ်သည်းခြင်း ပြင်းထန်သော တွင်းနက်များ ဖြစ်ပေါ် စေသည်။ တွင်းနက်များသည် အလင်းအမှုန်ကိုပင် စုပ်ယူဖမ်းယူနိုင်၍ တွင်းနက်၏ဝန်းကျင်တွင် ပရမ်းပတာဖြစ်စဉ်များ ဖြစ်ပေါ်နေမည် ဖြစ်သည်။ တွင်းနက်ဝန်းကျင်ရှိ ပလာနယ်တွင် ဗြိတိသျှ ရူပဗေဒပညာရှင် ဒေါက်တာဒီရက် (ပုံ–၄)၏ ဆန့်ကျင်ဖက် အမှုန်သီအိုရီအရ အမှုန်နှင့် ဆန့်ကျင်ဖက် အမှုန်တို့ ဖြစ်ပေါ်ပြီး တိုတောင်းသော ကာလအတွင်း၌ ပေါင်းစပ် ပျက်စီးသွားကြမည် ဖြစ်သည်။ အမှုန်–ဆန့်ကျင်ဖက်အမှုန်စုံတွဲမှ

တစ်မှုန်မှုန်ကို တွင်းနက်က စုပ်ယူလိုက်လျှင် ကျန်အမှုန်မှာ တွင်းနက်မှ ထွက်လာသည့် သဘောဆောင်မည် ဖြစ်သည်။


ယေဘုယျရီလေတီဗီတီ၏ သာမန်အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ကြောင်းကျိုးဆက်စပ်မှုရှိသည်။ ထို့ကြောင့် အမှုန်တစ်ခု၏ တည်နေရာနှင့် အလျင်ကို တပြိုင်နက် တိကျစွာ တိုင်းတာ နိုင်သည်။

ဂျာမန် ရူပဗေဒပညာရှင် ဒေါက်တာ ဗာနာဟိုက်ဇင်ဗတ်(ပုံ–၅)၏ မရေရာမှု နိယာမအရ အမှုန်တစ်ခု၏တည်နေရာကို သော်လည်းကောင်း၊ အလျင်ကို သော်လည်းကောင်း တစ်ခုတည်းကိုသာ တိကျစွာ တိုင်းတာနိုင်မည် ဖြစ်သည်။

တွင်းနက် ရူပဗေဒအရမှု အမှုန်တစ်ခု ပေါ်ထွက်လာနိုင်မည့် ဖြစ်တန်ရာ ကိန်းကိုသာ တွက်ချက်နိုင်ပြီး အမှုန်၏ တည်နေရာနှင့် အလျင်နှစ်ခုစလုံးကို မသိရှိနိုင်တော့ပေ။ ကြောင်းကျိုး ဆက်နွယ်မှုမှာ ပျက်စီးရချေတော့မည်သာ ဖြစ်သည်။

ကွမ် တမ် ကော စ် မော် လော် ဂျီ တွင် ပ လန့် အချိန် 10^{-44} s အပိုင်းတွင် ဟင်းလင်းပြင်–အချိန်၏ ဖွဲ့စည်းပုံမှာ ကွမ်တမ်အမြှုပ် quantum foam သဖွယ်ဖြစ်၍ ပရမ်းပတာဖြစ်စဉ်များကြားမှ စကြဝဠာဟူသော ရူပဗေဒနိယာမတို့ကို လိုက်နာသော စနစ်တကျအဖွဲ့အစည်း တစ်ခု ဖြစ်ပေါ်လာပုံမှာ ကေသြစ်သီအိုရီ ဘဘာဝကိုဖော်ပြထားသလို ဖြစ်ပေသည်။ စကြဝဠာ၏ သက်တမ်းမှာ 10^{10}yr နှစ်ပေါင်း ကုဋေတစ်ထောင်ဖြစ်၍ ပရမ်းပတာဖြစ်စဉ်များအတွင်း၌ စည်းစနစ်ကျသည့် အဖွဲ့အစည်းဖြစ်ပေါ်လာခြင်းအတွက် အချိန်အတိုင်းအတာမှာမူ အလွန်ပင် ရှည်ကြာလှပေသည်။

ပုံ-၁.၁ အိုင်စတိုင်သီအိုရီအရ ဂြိုဟ်ပတ်လမ်း ယိမ်းယိုင်ပုံ



ဒေါက်တာဒီရက်(ပုံ–၎)သည် ပလာနယ်မှာရွှေလျားမှုကင်းစင်ပြီး တည်ငြိမ်သော အဖွဲ့အစည်းမဟုတ်ကြောင်းကို ရီလေတီဗီတီနှင့် ကွမ်တမ်မကင်းနစ် သီအိုရီကို ပေါင်းစပ်ပြီး ဖော်ထုတ် နိုင်ခဲ့သည်။ အထူး ရီလေတီဗီတီနှင့် ပေါင်းစပ်ခြင်းဖြင့် ပလာနယ်တွင် အချိန်တိုတောင်းသည့် ကာလအတွင်း တုန်ခါမှုများကို ပရမ်းပတာ ဖြစ်ပေါ်ကြောင်း လေ့လာ၍ ပင် မ ရ နိုင် လောက် အောင် ဖြစ်ကြောင်းကို ဒီရက်က ၁၉၃၀ ပြည့်နှစ်တွင် တင်ပြပြီး အီလက်ထရွန်၏ ဆန့်ကျင်ဖက် .အမှုန်ကို တစ် နှစ်ကြို၍ တင်ကြိုဟောကိန်း ထုတ်နိုင်ခဲ့သည်။

ဇယား (၁)


ဂြိုဟ်	နေမှအကွာအဝေး X 10^{11} m	အိုင်စတိုင် သီအိုရီပတ် လမ်းပြင်ညီအရ ယိမ်း ယိုင်မှု နှစ်တစ်ရာအတွက်
Mercury	0.582	43.28
Venus	1.08	8.59
Earth	1.5	3.85
Mars	2.27	1.34
Jupiter	7.78	0.0623
Saturn	14.27	0.0137
Uranus	28.71	0.00239
Neptune	44.98	0.000774
Pluto	59.1	0.000416

မဖြောင့်ဒိုင်းနမစ် (nonlinear dynamics) သီအိုရီအရ ဂြိုဟ်များသည် နယူတန် – အိုင်စတိုင် ပတ်လမ်း အတွင်း၌ပင် နှစ်ပေါင်း သန်းတစ်ရာကြာလျှင် ရှိဦးမည်လော ဟူသည့် မေးခွန်း၏အဖြေမှာ ဟောကိန်း ထုတ်နိုင်မှု မရှိပါဟု ဖြေရပေမည်။ ဂြိုဟ်ပတ်လမ်းများ၏ ကနဦးအစတွင် အနည်းငယ်မျှသော အမှားအယွင်းများကြောင့်မူရင်းပတ်လမ်းများမှသွေဖည်သောလမ်းကြောင်းများသို့ ကူး ပြောင်း မည်။ ကူး ပြောင်း ပုံ မှာ လည်း ထပ်ညွှန်းကိန်း(exponential) ခေါ် ကြီးမားပြင်းထန်သော (ကွာဟမှုကြီးထွားစေမှု) ပြောင်းလဲမှုမျိုးဖြင့် ပြောင်းလဲမည်ဟု ယူဆရသည်။ ဂြိုဟ်ကိုးလုံး အတွက် ညီမျှခြင်းပေါင်း ၂၇ ခု၏ အဖြေကို အမ်အိုင်တီ (MIT) တက္ကသိုလ်ရှိ အပြိုင်သုံး ကွန်ပျူတာ (parallel computer) ဖြင့် နှစ်သန်းပေါင်း ၈၅၅ အတွက် တွက်ချက်မှုများ ပြုလုပ်ထားရာ အထင်ရှားဆုံး


ကေသြေစ်ပတ်လမ်းမှာ ပလူတိုဂြိုဟ်၏ပတ်လမ်းဟု ၁၉၉၀ ပြည့်နှစ်တွင် ပြင်သစ် ရူပဗေဒ ပညာရှင် လက်စကာက ဖော်ပြနိုင်ခဲ့သည်။ အိုင်စတိုင် သီအိုရီအရ ပတ်လမ်း၏ ယိမ်းယိုင်မှုမှာ ပလူတိုအတွက် အနည်းဆုံး ဖြစ်သည်။ လက်စကာ၏ တွေ့ရှိချက်တစ်ခုမှာ အစကနဦးတွင်အလွန် သေးငယ်လှသော နှောင့်ယှက်မှု (perturbation) သည် ရာနှုန်းပြည့်ကဗာဟမှုကို အနှစ်သန်းတစ်ရာတွင်ဖြစ်ပေါ်စေ မည်ဟုပင်ဖြစ်သည်။ သေးငယ်သော နှောင့်ယှက်မှုဟုဆိုရာ၌ ကျိုနေရာတွင်တစ်ကိုကွေ့တစ်ထောင်ဖြင့်စား၍ရသော နံပါတ် (10^{-10}) ဖြစ်သည်။ မဖြောင့်ပြဿနာမျိုးတွင် ကျိုကွန်ပျူတာ စတင်သုံးသူမှာ ဒေါက်တာနွိုင်မင်း (ပုံ ၆) ဖြစ်ပြီး ကေသြေစ်၏ ဖခင်မှာ ဒေါက်တာ ပွန်ကား (ပုံ ၇)တို့ဖြစ်သည်။

ကေသြေစ်၏ အခြေခံအဖွဲ့အစည်း


ကေသြေစ်၏ အခြေခံအဖွဲ့အစည်းမှာ "အထရက်တာ" (attractor) ခေါ် ဂဲသြမေထရီပစ္စည်းပင်ဖြစ်သည်။ အလွယ်ကူဆုံး အထရက်တာမှာ နာရီချိန်သီး၏ ရွှေလျှားမှုကို လေ့လာပြီး ရယူနိုင်သည်။ (ပုံ ၁၀— ရှ)။ယင်းရွှေလျှားမှုမှ တည်နေရာနှင့် အလျင်ကိုအသုံးပြုပြီး ဖေ့စ်ဟင်းလင်းပြင်တွင် အထရက်တာ များကိုဖော်ပြနိုင်သည်။ အပေါ်ဆုံးဝဲပုံမှာ လှိုင်းပုံဖြစ်ပြီး ယာပုံမှာ အထရက်တာစက်ဝိုင်းဖြစ်သည်။ အလယ်ပုံတွင် ဝဲဖက်၌ လှိုင်းပုံဖော်ပြထားပြီး ယာဖက်တွင် အနည်းငယ်ရှုပ်ထွေးသော အထရက်တာကို ဖော်ပြထားသည်။ အောက်ဆုံးပုံမှာ ပိုမို လဲ့ကျယ်ကြီးသော လှိုင်းနှင့် အထရက်တာ ပုံစံကို ဖော်ပြထားသည်။ ပုံ ၁၁ မှာ ဝဲဖက်တွင် မဖြောင့်အလိုက်ပြောင်း ညီမျှခြင်းမှ ပြင်ပ အားတစ်ခု သက်ရောက်မှုကို စိပ်သော လှိုင်းပုံစံအပိုင်းက ဖော်ပြပြီး နောက်ပိုင်းတွင် ကေသြေစ် သဘာဝပြလှိုင်းကို ဖော်ပြပြီး ယာဖက်တွင် ကေသြေစ် အထရက်တာ ခေါ် ကေသြေစ်၏ အခြေခံအဖွဲ့အစည်းကို ဖော်ပြသည် ပုံ ၉ သည် ပြည့်စုံစွာ ဆွဲထားသော ပုံ ဖြစ်၏။ ကေသြေစ်အထရက်တာကို ပထမဆုံးတွေ့ရှိသူမှာ မိုးလေဝသ ပညာရှင် ဒေါက်တာအယ်ဒွက်လိုရင် ဖြစ်ပြီး မိုးလေဝသ ခန့်မှန်းချက်အတွက် လေ့လာရခြင်းဖြင့် လိပ်ပြာ၏ အတောင်ပုံစံ အထရက်တာကို တွေ့ရှိခဲ့သည်။ အထရက်တာ ဖြစ်ပေါ်ရန် အတွက် ဆန့်ထုတ်ခြင်း (Stretching)၊ ပြန်ခေါက်ခြင်း (folding) ပြုလုပ်ရသည်။ ရူပဗေဒပညာရှင် ဒေါက်တာဒပ်ဖင်၏ ညီမျှခြင်း




ပုံ–၉။ ကွန်ပျူတာဖြင့် ပြည့်စုံစွာ ဆွဲထားသော အထရက်တာပုံ၊ ဆွဲဆန့်ပုံနှင့် ပြန်ခေါက်ပုံ(stretching & folding)ကို ထင်ရှားစွာဖြင့် မြင်နိုင်သည်။




ပုံ–၁၀။ လှိုင်းနှင့် ဖေ့စ် ဟင်းလင်းပြင်တွင် ဆွဲထားသော အထရက်တာ



ပုံ–၁၁။ ကေသြစ် တုန်ခါမှုကို မည်သည့်ချိန်တာတို့ နှောင့်ယှက်မှုမျှ ပြောင်းလဲမှုမပြုဘဲ ယာဘက်တွင် ဖော်ပြသော အထရက်တာကို ဖြစ်ပေါ်စေသည်။




ပုံ–၁၂။ ကွန်ပျူတာဖြင့် လေးကြိမ်ခန့် ထပ်ခါထပ်ခါ (ဖေ့စ်ဟင်းလင်းပြင်တွင်) ဒပ်ဖင် ညီမျှခြင်း သုံး၍ ပတ်လမ်းများကို ဆွဲထားပုံ



ပုံ–၁၃။ ကွန်ပျူတာဖြင့် ဆွဲထားသော ဒပ်ဖင်အထရက်တာပုံ


ကို အသုံးပြုပြီး ကွန်ပျူတာဖြင့် အကြိမ်ပေါင်းများစွာ ဆွဲခြင်းဖြင့် ပုံ ၁၂ ကို ရရှိသည်။ ပုံ ၁၃ မှာ ဒပ်ဖင်အထရက်တာဖြစ်သည်။ အရေးကြီးသည့် အချက်မှာ ပတ်လမ်းအားလုံးသည် အထရက်တာ အနီးအနားသို့ ဦးတည်ပြီး တစ်ခုနှင့်တစ်ခု ဝေးရာသို့ ခွဲထွက်သွားမည်။ သို့ရာတွင် ထပ်ညွှန်းကိန်း (exponential) ပုံစံဖြင့် အကန့်အသတ်မဲ့ မခွဲထွက်နိုင်၍ ပြန်ခေါက်လာရမည် ဖြစ်သည်။ ပုံ ၁၄ မှာ မြင်းကုန်းနှိုးပုံစံ အဖွဲ့စည်းကို အထရက်တာ အခြေအနေသို့ မကူးမီ ပြထားသည်။ ပုံ ၁၅ မှာ အိတ်တစ်လုံးသဖွယ် စဉ်းစားရနိုင်သည့် အထရက်တာတစ်ခုကို အိတ် သို့မဟုတ် သေတ္တာတွင်းခွံထည့်တားသည်။ ပတ်လမ်းတို့သည် **ACB** အတိုင်း ဦးတည်လာကြပြီး **DCE** အတိုင်း ပြန်မခေါက်ခင် ခွဲထွက်၊ ခွဲခွာသွားကြသည်။ အထရက်တာအိတ် (သေတ္တာ) မှာ မျှခြေမှာ ရှိသော်လည်း အိတ်အတွင်းမှ အခြေများမှာမူ တည်ငြိမ်မှုမရှိကြဘဲ ထပ်ညွှန်းကိန်းပုံစံဖြင့် မျှခြေမှခွဲခွာရန် ရှိကြသည်။

နက္ခတ္တ ဗေဒ ပညာရှင် ဒေါက်တာမီရွယ်ဟီနွန်မှာ ပြင်သစ်ပြည်သားဖြစ်ပြီး ကြယ်အစုအဝေးကို လေ့လာနေစဉ် အထရက်တာတစ်ခုကို တွေ့ရှိလေသည်။



(b)


ပုံ–၁၄။ အထရက်တာ၏ ဖွဲ့စည်းပုံကို သိရှိရန် ပုံတွင်ပြထားသော မြင်းကုန်းနှီးကို လေ့လာပြီး အောက်တွင်ဖော်ပြထားသော ရွှေလျားမှုကို နားလည်နိုင်သည်။




ပုံ–၁၅။ အထရက်တာတစ်ခုကို အိတ်တစ်လုံးသဖွယ် စဉ်းစားနိုင်ပုံ (DCE မှာ မမျှခြေဖြစ်သည်။)

ဖရက်တဲလ် သို့မဟုတ် ကေဆြေစ် အထရက်တာ၏ အခြေခံယူနစ်


အိုင်ဘီအမ် (IBM) သခ်ၤာပညာရှင် ဒေါက်တာ နွိုင်မင်ဒဲလ်ဗရုသည် ၁၉၅၀ ပြည့်နှစ် ဝန်းကျင်တွင် ဖရက်တဲလ် အသိသညာကို ဖော်ထုတ်ခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် သားငယ်၏ လက်တင်အဘိဓာန်မှ fractus ဟူသော စကားလုံးမှတစ်ဆင့် ပွားယူသော အင်္ဂလိပ်ပြင်သစ်စကားလုံးလည်းဖြစ်ပြီး (နာမ်လည်းဖြစ်၊ နာမဝိသေသနလည်းဖြစ်သော) ဖရက်တဲလ် (fractals from frangere = to break) ဟူသောဝေါဟာရကို တီထွင်ခဲ့သည်။ ဖရက်တဲလ်သည် ကေဆြေစ်၏အခြေခံယူနစ်ဟု ယူဆနိုင်သည်။ ဖရက်တဲလ်သဘာဝဆောင် အဖွဲ့အစည်းများတွင် အခြေခံအသွင်တူ (ပုံပန်းတူ) သဘာဝ (self similarity) ကို အသေးငယ်ဆုံးအစိတ်အပိုင်းကိုခွဲ၍ လေ့လာသောအခါ အလွှာတိုင်းအလွှာတိုင်း၌ ထပ်ခါတလဲလဲ ပြန်၍ပြန်၍ တွေ့ရသည်။ ထို့ကြောင့် ဥာဏ်မျက်စိဖြင့် အနန္တကို မြင်အောင်ကြည့်နည်းဟု ပညာရှင်အချို့က အဆိုပြုလိုကြသည်။ သုံးနှားညီ တြိဂံ ပုံ ၁၉ ကို အခြေခံ၍ ဖရက်တဲလ်သဘောကို နားလည်စေနိုင်သည်။ ပထမတြိဂံ




ပုံ-၁၆။ ဟီန္ဒန်အထရက်တာနှင့် ပရက်တဲလ်ပွဲစည်းပုံ



ပုံ-၁၆ (က)




ပုံ-၁၆ (ခ)




ပုံ-၁၆ (ဂ)။


(က) (ခ) (ဂ)တို့သည် ခဲ့၍ဆင်တူအပွဲ
အစည်းတွေ့ရပုံ




ပုံ-၁၇။ (က) (ခ) (ဂ)
(ဃ) (c) (ဝ)
သဘာဝရှိဖရက်တဲလ်များ၏
ပုံစံများ




ပုံ–၁၈။ ဒေါက်တာဒန်ဒီဂျင်မင်း၏ဖရက်တဲလ်ပုံစံ






ပုံ–၁၉။ သုံးနှားညီတြိဂံကို အခြေခံ၍ ဖရက်တဲလ်၏ သဘောကို နားလည်နိုင်သည်။

(ပထမအလှာ)၏ အနားတစ်ခုချင်း၏ အလယ်ဗဟိုတွင် ယင်း တြိဂံ၏ သုံးပုံတစ်ပုံ အရွယ်ရှိ တြိဂံငယ်ကို ဆက်ပြီး ဘည်ဆောက်ပေးသော် ကြယ်ပုံစံ သခ်ျာပစ္စည်း တစ်ခုရမည်။ အနား ၁၂ ခု ရှိသော ကြယ်မှာ ($P = 3 \times 4$) ဒုတိယ အလှာ၏ ပုံစံဖြစ်သည်။ ဒုတိယ အလှာတြိဂံ၏ သုံးပုံတစ်ပုံ အရွယ်ရှိတြိဂံငယ်ကို ဒုတိယ အလှာတွင် တွေ့ရှိရသော အနားတစ်ခုချင်း၏ အလယ် ဗဟိုတွင် တည်ဆောက်သော် အနားပေါင်း ၄၈ ($P = 3 \times 4^2$)ရှိသော နှင်းပွင့်ပုံစံကို ရရှိမည် ဖြစ်သည်။ အကယ်၍ သုံးပိုင်းပိုင်းသည့် လုပ်ငန်းကို အလှာပေါင်း များစွာအတွက် ပြုဆောင်သော် ရရှိသော နှင်းပွင့်၏ အနားပေါင်းမှာ $3 \times 4 \times 4 \times 4 \times 4$အနန္တရှိပေလိမ့်မည်




ပုံ–၂၀။ အဆုတ်၏ ဖရက်တဲလ်ဖွဲ့စည်းပုံကို ကွန်ပျူတာ ဖြင့် ဆွဲပြထားပုံ (ဝဲ)။ ယာပုံမှာ အဆုတ် ဖြစ်၏။




ပုံ–၂၁။ ကွန်ပျူတာဖြင့် ဖရက်တဲလ်အကိုင်း၊ အခက်၊ အရွက်တို့ကို ဆွဲပြထားပုံ


ဖြစ်၍ အနန္တအလျားရှိသော ပင်လယ်ကမ်းခြေသဖွယ် ရှုမြင်ရပြီး ယင်းအလျား၏ခြုံငုံထားသောဧရိယာမှာကား ၁.၀၅ စတုရန်း ယူနစ်ဖြစ်မည်။ ကျွန်ုပ်တို့၏ အဆုတ်သည် ဖရက်တဲလ် အကိုင်းအခက် ပုံစံရှိသည်။ (ပုံ ၂၁ – ရှ)။ ဖရက်တဲလ် အကိုင်း၊ အခက်၊ အရွက်များကို ကွန်ပျူတာဖြင့်ဆွဲ၍ ပုံ ၂၁ တွင် ဖော်ပြထားသည်။ ရူပဗေဒ ပညာတွင် နှင်းပွင့် (snow flakes) ကလေးများသည် အပူဒိုင်းနမစ်မမျှခြေ(non equilirium state)၏ ဥပမာ ကောင်းတစ်ခုဟု ဝန်ခံကြသည်။ သဘာဝတွင် အစိတ် အပိုင်းတစ်ခုမှ နောက်တစ်ခုသို့ စွမ်းအင်အမြဲ တသွင်သွင် စီးနေသည်။ စွမ်းအင်စီးမှု မမျှတ၍ မညီမျှ၍ နှင်းပွင့် များဖြစ်ပေါ်လာရသည်။ ယင်းသို့စွမ်းအင်စီးမှု သည်ပင်

ကေသြေစ် သို့မဟုတ် ပရမ်းပတာဒဲမှ အစီအစဉ်တကျဖြစ်စဉ်






ပုံ--၂၂ (က) ကေသြေစ်ဖြစ်စဉ်မရောက်ခင် အကိုင်းနှစ်
ကိုင်းခွဲထွက်ပုံ



ပုံ--၂၂ (ခ) အဖွဲ့အစည်းတူများ




ပုံ–၂၂ (ဂ) အဖွဲ့အစည်းတူများ

လျှင် နှင်းပွင့်၏အနားတွင် အခွန်၊အတက်များဖြစ်စေပြီး ထိုအခွန် အတက်ကလေးများမှ တစ်ဆင့် အကိုင်း၊ အခက် များဖြစ်ပေါ်စေသည်။ အကိုင်း၊ အခက်များသည် မူလပုံစံဖြင့်ကဲ့ပြားပြီး အသစ်အဆန်း ရှုပ်ထွေးလှသော အဖွဲ့အစည်းတစ်ခုကို ဖြစ်စေသည်။ အခဲအခြေ ရှုပဗေဒတွင် အခွန်၊ အတက်၊ အကိုင်း၊ အခက် ဖြင့် ကြီးထွားမှု၊ တိုးပွားမှုကို ဒန်ဒရိုက်တိုးပွားမှု (dendritic growth)ဟု ခေါ်သည်။ သိပ္ပံပညာရှင်အားလုံးက ဒန်ဒရိုက်ကြီးထွားမှုကို အယ်လဂျေများ၊ ဆဲလ်နုံရံများ၊ ဇီဝပစ္စည်းကြီးထွားမှု ကဲ့ထွက်မှုကို ရှင်းပြနိုင်မည့် ဖြစ်စဉ်တစ်ခုဟု ယူဆကြသည်။


ဖရက်တဲလ်ပညာပိုင်းတွင် အမေရိကန် ရူပဗေဒ ပညာရှင် ဒေါက်တာမစ်ခဲလ်ဖီဂင်ဗမ်းကဒ္ဒိခွဲမြေပုံ(bifurcation map)ကို တီထွင်ခဲ့သည်။ ပုံ(၂၂)တွင် ကေဩြစ်ဖြစ်စဉ် မရောက်ခင် အကိုင်း နှစ်ကိုင်း ခွဲထွက်ပုံကို ဖော်ပြပြီး အသွင်တူ(self similar)အဖွဲ့အစည်းကို ထပ်ခါတလဲလဲ တွေ့ရှိရပုံကို ပုံ (၂၂) (ခ)နှင့် (ဂ) တို့ကို ဖော်ပြထားသည်။

ကွမ်တမ် မက္ကင်းနစ်နှင့် ကေဩြစ်

အက်တမ် ရူပဗေဒ အပိုင်းတွင် သုတေသနပြုသော အမေရိကန် ရူပဗေဒပညာရှင် ဒေါက်တာဂျေဗေးစ်ဖီးလ်(Dr J.Bay field)က အက်တမ်များကို ပြင်းထန်မြင့်မားသော လျှပ်စစ် သံလိုက် စက်ကွင်းအတွင်း၌ ထည့်၍ လေ့လာခဲ့သည်။ ပုံ ၂၃ မှာ ပုံမှန်အက်တမ်၏ ကွန်ပျူတာဖြင့် ဆွဲပြထားပုံဖြစ်ပြီး ပုံ ၂၄ မှာ ဆေးပြင်းလိပ်ပုံစံဖြစ် သွား သော ကေဩြစ် က ဖန် တီး လိုက် သော အက်တမ် ပုံစံဖြစ်သည်။ အမေရိကန် ရူပဗေဒ ပညာရှင် ဒေါက်တာ ဂျန်ဒီလောစ်နှင့် ဂျာမန်ရူပဗေဒ ပညာရှင် ဒေါက်တာ ကားလ်ဝက်ဒ်ဂျိတို့ကမူ ပြင်းထန်သောသံလိုက်စက်ကွင်းကို သုံးကြသည်။ ကြာဆဲကဲ့သို့ ရှုပ်ထွေးပွေလီ



ပုံ–၂၃။ သာမန်အက်တမ်၏ ပုံစံကို ကွန်ပျူတာဖြင့် ဆွဲပြထားပုံ




ပုံ–၂၄။ လျှပ်စစ်စက်ကွင်းမြင့်တွင် အက်တမ်ကိုထားပြီး ဖြစ်ပေါ်လာသောပုံစံကို ကွန်ပျူတာဖြင့် ဆွဲပြထားပုံ


သောပုံမှာ အီလက်ထရွန်၏ ကေဩြစ် ပတ်လမ်းဖြစ်ပြီး သံလိုက်စက်ကွင်းနှိမ့်တွင်မူပုံမှန်ရွေ့လျားမှုကိုဖော်ပြသည်။ (ပုံ ၂၅ နှင့် ပုံ ၂၆ ကို ရှုပါ။)

ကွမ်တမ် မက္ကင်းနစ် ပညာသည် ကေဩြစ်ကို ထိန်းသိမ်းပေးနိုင်မည့်အကြောင်းကို ပညာရှင်များရှိပစေမိကြသည်။ ရှေးရိုးကေဩြစ်ရွေ့လျားမှုများကို ကွမ်တမ် သဘောတရားက တားဆီးမှုများဖော်ထုတ်ရန် သုတေသနပြုလုပ်ရာတွင်အသုံးပြုသောပစ္စည်း (ပုံ–၂၇)တွင် သံလိုက်အပ်ချောင်း၏ ဝင်ရိုးတစ်ခုပေါ် လည်ပတ်မှုမှာ အရေးပါလှသည်။ နှန်းကြိုးခွေအတွင်းသို့ လျှပ်စစ်စီးစေခြင်းဖြင့် ပြတ်တောင်းပြတ်တောင်း သံလိုက်စက်ကွင်းကို ဖြစ်ပေါ်စေပြီး အပ်ချောင်းကို လည်ပတ်စေသည်။ အပ်ချောင်း၏ ပျမ်းမျှစွင်းအင်ကို ရှေးရိုးမက္ကင်းနစ်နှင့် ကွမ်တမ်မက္ကင်း ပုံစံဖြင့် တွက်ချက်သော် ကနဦးအပိုင်းတွင် ဆင်တူနည်းပါးဖြစ်သော်လည်း နောက်ပိုင်းတွင်မူ ကွာဟသွားကြောင်း တွေ့ရှိရသည်။ သံလိုက်ရွေ့လျားမှုမှ ရရှိသော ရလဒ်ကို ကွမ်တမ် မက္ကင်းနစ် ပညာဖြင့်သာ ရှင်းပြနိုင်သည်။ (ပုံ – ၂၈)

ကွမ်တမ်မက္ကင်းနစ် ပညာတွင် ကေဩြစ်ကိုထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်းကို ၁၉၇၉–၁၉၈၀ တွင် ဆက်လက်ပြုလုပ်နေသော ရူပဗေဒ သုတေသနလုပ်ငန်းများမှ ပေါ်လွင်စေသည်။ သတိပြုရမည့်အချက်မှာ ကွမ်တမ်မက္ကင်းနစ်မှ ဟိုက်ဇင်ဗတ်၏ မရေရာမှုနိယာမအရ အစကနဦးတိုင်းတာမှုများ (ဥပမာ–တည်နေရာ q နှင့်အလျင် p)တွင်တစ်ခုကိုသာ တိကျစွာတိုင်းတာနိုင်မည်ဖြစ်သည်။ ကေဩြစ်အရ q နှင့် p ကိုအသုံးပြုပြီး ဆွဲထားသော ပတ်လမ်းများတွင် အစအမှတ်မှ အမှားအသေးအဖွဲတစ်ခုသည် အချိန်နှင့်လိုက်၍ ထပ်ညွှန်းကိန်းပုံစံ (exponential)ဖြင့် အဆမတန်ကြီးထွားလာပြီး တိုင်းတာမှုအားလုံးကို လွှမ်းမိုးနိုင်၍ ကြိုတင်ဟောကိန်းထုတ်နိုင်မှုကို ပျက်ပြားစေမည်ဖြစ်သည်။ အခဲအခြေရူပဗေဒပညာရှင်နှင့် ၁၉၇၇ ခုနှစ် နိုဗဲဆုရှင် အမေရိကန်ပြည်သား ဒေါက်တာ ဂျေအင်ဒါဆင် (ပုံ–၈)သည် ပရမ်းပတာအစီအစဉ်မကျခြင်းများတွင် အီလက်ထရွန်များကို ပိုမို တင်းကျပ်စွာစည်းနှောင်ဖမ်းယူကြောင်း(Anderson localization)ကို တင်ပြနိုင်ခဲ့သည်။ ပရမ်းပတာပုံဆောင်ခဲတစ်ခုတွင် အီလက်ထရွန်များ တားဆီးခံရမှုကြောင့် လျှပ်ကူးဖြစ်ရမည့်အစား လျှပ်ကာ (insulator) သဘာဝဆောင်စေသည်။




ပုံ–၂၅။ ပြင်းအား အလွန်ကြီးသော သံလိုက်စက်ကွင်း ထဲတွင် ဖြစ်ပေါ်သည့် အီလက်ထရွန်၏ ရွေ့ပ်ထွေးသော ပတ်လမ်းမျှားကို ကွန်ပျူတာ ဖြင့်ဆွဲထားပုံ




ပုံ–၂၆။ သာမန်ပြင်းအားရှိသော သံလိုက်စက်ကွင်း အတွင်း၌ အီလက်ထရွန်၏ ပုံမှန်ရွေ့လျားမှုကို ကွန်ပျူတာဖြင့် ဆွဲထားပုံ


ရူပဗေဒပညာရှင် ဒေါက်တာ ဂျိမ်း(စ) ဗေးစ်ဖီးလ်က ၁၉၇၉ ခုနှစ်တွင် ကွမ်တမ်ကေသြေစ် စမ်းသပ်မှုတစ်ခုကို ပြုဆောင်ခဲ့သည်။ အက်တမ်မျှားပေါ်သို့ မိုက်ခရိုလိုင်းမျှား ကျရောက်စေပြီး အိုင်ယွန်ပြုစေသည်။ လက်တွေ့ရလဒ်မျှားကို ဂရပ်ဖ်ဖြင့်ဖော်ပြရာ (ပုံ–၂၉ရှုပါ) အီလက်ထရွန် ပတ်လမ်းမျှားမှာ ကေသြေစ်ပတ်လမ်း ဖြစ်ခဲ့လျှင် အိုင်ယွန်း ပြုရန်အတွက် စွမ်းအင်မှာ ပိုမို၍ လိုအပ်မည် ဖြစ်သည်။ အမှတ်စက်သေးနှင့်ပြထားသည့် မျဉ်းကွေးမှာ ရှေးရိုးစံထား ရူပဗေဒ (classical mechanics) အရ ဆွဲထားခြင်းဖြစ်သည်။ ပြတ်တောင်းပြတ်တောင်းဖြင့် ဖော်ပြထားသော မျဉ်းကွေးမှာ ကွမ်တမ် မက္ကင်းနစ် (quantum mechanics) အရ ဖော်ပြထားသောမျဉ်းကွေးဖြစ်သည်။ လက်တွေ့ ရလဒ်ကို ကွမ်တမ်သီအိုရီက ရှင်းပြနိုင်ပြီး အင်ဒါဆင်၏ စည်းနှောင်ဖမ်းယူမှုကို မျဉ်းဖြောင့်က ဖော်ပြထားသည်။



ပုံ–၂၇။ ကွမ်တမ်ကေသြေစ် သဘာဝပေါ်လွင်စေရန် အသုံးပြုရသော သံလိုက်အပ်ချောင်း




ပုံ–၂၈။ အမှတ်စက်ဖြင့် ပြထားသော မျဉ်းဖြောင့်မှာ ရှေးရိုးမကွင်းနစ်အရ သံလိုက်အပ်ချောင်း၏ ပျမ်းမျ စွမ်းအင်ဖြစ်ပြီး ကျန်မျဉ်းကွေးမှာ ကွမ်တမ်မကွင်းနစ်တွက်ချက်မှုမှ ရရှိသည်။



ပုံ–၂၉။ မျဉ်းဖြောင့်မှာ အင်ဒါဆင်၏ စည်းနှောင်ဖမ်းယူမှုကြောင့် ဖြစ်ပေါ်သည့် အပိုင်းကို ညွှန်းသည်။

ကေသြေစ် နည်းစနစ်များကို အသုံးပြုခြင်းဖြင့် စိတ်ပညာ ကုထုံးမှစ၍ နှလုံးရောဂါကုထုံးအထိပင် ပိုမိုကောင်းမွန်လာဖွယ်ရာရှိသည်ဟု ကေသြေစ်ပညာရှင်များက မျှော်လင့်ကြသည်။ နှလုံးခုန်နှုန်းမှာ ကွက်တိမှန်တိုင်း မကောင်းဟု ယူဆကြသည်။ ကျန်းမာသော လူတစ်ယောက်၏ နှလုံးခုန်နှုန်းမှာ ၂၀ မှ ၃၀ ရာနှုန်းအထိ ကွဲလွဲမှု ရှိတတ်သည်ဟု ဆိုသည်။ ညအခါနှလုံးခုန်နှုန်းမှာ ပြောင်းတတ်သည်။ နေ့အခါတွင်ပင်ပန်းစွာ လုပ်ကိုင်ရ၍ နှလုံးကြွက်သားများက ကြိမ်နှုန်းကို မမှန်မှန်အောင် ညှိထား၍ ညအခါ နှလုံးခုန်နှုန်းမှာမျှော်လင့်ထားသလို မတည်ငြိမ်ဘဲ ရှိတတ်သည်။ သဘာဝတွင် ကေသြေစ်ကကူညီပြီး အစီစဉ်ကျဖြစ်စဉ်များကို ဖန်တီးပေးသကဲ့သို့ ရှိနေပေသည်။ ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာနယ်ပယ် အပြင်ဖက်တွင်လည်း ကေသြေစ် သီအိုရီကို အသုံးပြုနေကြသည်မှာ ကေသြေစ်၏ သဘာဝကျသော သွင်ပြင်လက္ခဏာဟု ဆိုရပေမည်။

ဒေါက်တာစိန်ထွန်း
(ရူပဗေဒပါမောက္ခ)



ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဆောင်ရွက်ချက်များ (၁၉၉၀)

သာသနာရေး

၁၉၉၀ ပြည့်နှစ်အတွင်း သာသနာတော် သန့်ရှင်းတည့်တံ့ ပြန့်ပွားရေးဆောင်ရွက်ချက်များကို ဗုဒ္ဓဘာသာဝင် သူတော်စင်များ ကြည်ညိုသဒ္ဓါ ပွားများနိုင်စေရန် အကျဉ်းချုပ်ဖော်ပြပါသည်။


ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၌ ရဟန်းတော် ပေါင်း ၁,၄၃,၁၅၂ ပါး၊ သာမဏေပေါင်း ၂,၀၅,၄၅၁ ပါးနှင့် သာသနာ့နွယ်ဝင် သီလရှင်ပေါင်း ၂၂,၁၃၆ ပါး သီတင်းသုံး နေထိုင်လျက်ရှိသည်။

သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်း

တတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲများကို ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံး၌ ၂၈–၁၁–၈၉ နေ့မှ ၂၅–၁–၉၀ နေ့အထိ ကျင်းပခဲ့ရာ သံဃသမ္မတိရ သံဃာ့ကိုယ်စားလှယ် ဆရာတော် ၁,၄၀၈ ပါး၊ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ဝင် ဆရာတော် ၃၀၁ ပါး၊ မြို့နယ်သံဃနာယက အဖွဲ့ဝင် ဆရာတော် ၃,၆၈၃ ပါး၊ ရပ်ကွက်ကျေးရွာအုပ်စု သံဃနာယက အဖွဲ့ဝင် ဆရာတော် ၁၉,၉၉၃ ပါးနှင့် ပြည်နယ်/တိုင်း၊ မြို့နယ် ဝိနည်းဓိုရ် ဆရာတော် ၄,၅၆၀ ပါး ရွေးချယ် တင်မြှောက်ခဲ့သည်။

တတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးပွဲကြီး ကျင်းပခြင်း

သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး တတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးပွဲကြီးကို သာသနာ သက္ကရာဇ် ၂၅၃၃၊ ကောဇာ သက္ကရာဇ် ၁၃၅၁ ခုနှစ် တပေါင်းလဆန်း ၁၁၊ ၁၂၊ ၁၃ ရက် (၁၉၉၀ ပြည့်နှစ် မတ်လ ၆၊ ၇၊ ၈ ရက်) နေ့များတွင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ ဆင်ခြေဖံဂိုယနာ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ကျင်းပသည်။ ယင်းအစည်းအဝေးပွဲကြီးသို့ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် သံဃသမ္မတိရ သံဃာ့ကိုယ်စားလှယ် ဆရာတော် စုစုပေါင်း ၁,၅၄၆ ပါး ကြွရောက်တော် မူသည်။ ယင်းအစည်းအဝေးပွဲကြီးက ရွေးချယ် တင်မြှောက်ခြင်း နှစ်ရပ်၊ မှတ်တမ်းတင်ခြင်း လေးရပ်၊ အတည်ပြုခြင်း ခုနစ်ရပ်နှင့် အောက်ဖော်ပြပါ ဆုံးဖြတ်ချက် လေးရပ် တို့ကို ချမှတ်ခဲ့သည်။



နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင်က ဂါရဝပြု ဖူးမြော်ကန်တော့၍ သာသနာရေးဆိုင်ရာ ကိစ္စများကို လျှောက်ထားပြီး ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲ အခမ်းအနားတွင် ဆရာတော်ကြီးများကိုယ်စား ဆရာတော် ဒဒ္ဒန္တဓမ္မာဝုဓက ဩဝါဒကထာ ချီးမြှင့်တော်မူစဉ်



ဆုံးဖြတ်ချက်

(၁) ဗုဒ္ဓဘာသာဝင်များအတွက် အဆောင်အယောင်နှင့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ ချမှတ်ပေးရန် ဆုံးဖြတ်ခြင်း၊

(၂) ကျောင်းသစ်ဆောက်လုပ်ရေး၌ ဂိုဏ်းတစ်ပါးက တာဝန်ယူထားသည်ကို အခြားဂိုဏ်း တစ်ပါးက ခွင့်ပြုမှုမရှိရေးအတွက် မူတစ်ရပ် ချမှတ်ရန် ဆုံးဖြတ်ခြင်း၊

(၃) ကျောင်းထိုင် ဘုန်းတော်ကြီးများ အနေဖြင့် အမြဲနေ လူပုဂ္ဂိုလ်များအား နောက်ထပ်လက်ခံမှု မပြုရေးအတွက် ညွှန်ကြားရန် ဆုံးဖြတ်ခြင်း၊

(၄) ကျောင်း/ကျောင်းတိုက်၊ ဘုရားပရိဝုဏ်အတွင်း အမြဲနေ လူပုဂ္ဂိုလ်များအား ဖယ်ရှားပြီးသော မြေလွတ်များနှင့် ပတ်သက်၍ ဂိုဏ်းပေါင်းစုံပြည်နယ်/တိုင်း သံဃနာယကအဖွဲ့က ညှိနှိုင်း၍ ကြိုးကြပ် ဆောင်ရွက်ရေးအတွက် ညွှန်ကြားရန် ဆုံးဖြတ်ခြင်း၊

ညွှန်ကြားလွှာများထုတ်ပြန်ခြင်း

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့သည် တတိယအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီး ဆုံးဖြတ်ချက်အရ ကျောင်း/ကျောင်းတိုက်၊ ဘုရားပရိဝုဏ်အတွင်း အမြဲနေ လူပုဂ္ဂိုလ်များအား ဖယ်ရှားပြီးသော မြေကွက်

များနှင့် ပတ်သက်၍ ဂိုဏ်းပေါင်းစုံ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့များက ညှိနှိုင်း၍ ကြီးကြပ်ဆောင်ရွက်ရေးအတွက် ညွှန်ကြားလွှာအမှတ် ၇၉ ကို ၁၂-၄-၉၀ ရက်နေ့တွင် ထုတ်ပြန်ညွှန်ကြားခဲ့သည်။

ကျောင်းထိုင် ဘုန်းတော်ကြီးများအနေဖြင့် အမြဲနေ လူပုဂ္ဂိုလ်များအား နောက်ထပ်လက်ခံမှု မပြုရေးအတွက် ညွှန်ကြားလွှာအမှတ် ၈၀ ကို ၁၂-၄-၉၀ ရက်နေ့တွင် ထုတ်ပြန် ညွှန်ကြားခဲ့သည်။

သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ကို အတည်ပြုခြင်း

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် သံဃာ့အဖွဲ့ အစည်း အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ တတိယအကြိမ် ငါးနှစ်တာကာလတွင် သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး တာဝန်များကို ဆောင်ရွက်ရမည့် ဂိုဏ်းပေါင်းစုံ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ ပေါင်း ၄၉ ဖွဲ့၊ မြို့နယ် သံဃနာယက အဖွဲ့ပေါင်း ၅၁၃ ဖွဲ့၊ ရပ်ကွက် ကျေးရွာအုပ်စု သံဃနာယက အဖွဲ့ပေါင်း ၃,၆၅၃ ဖွဲ့၊ ပြည်နယ်/တိုင်းနှင့် မြို့နယ် ဝိနည်းဓိရ ဆရာတော် ၄,၅၆၀ ပါးတို့ကို အတည်ပြုကြောင်း ထုတ်ပြန်ခဲ့သည်။

အဖွဲ့များပြန်လည် ဖွဲ့စည်းခြင်း

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့သည် အဖွဲ့ဝင် ဆရာတော် ကိုးပါးစီပါဝင်သော တိပိဋကဓရ ရွှေးချယ်ရေး စာမေးပွဲ ဩဝါဒါစရိယ ဆရာတော် များ အဖွဲ့နှင့် တောင်တန်း သာသနာပြု ဗဟိုသံဃာ့အဖွဲ့တို့ကို ပြန်လည် ဖွဲ့စည်း၍ ပထမပြန် ဓမ္မာစရိယ ဗဟိုသံဃာ့အဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့သည်။

ဝိနိစ္ဆယဆိုင်ရာလုပ်ငန်းများ

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့သည် ဝိနည်း မေ့ကံအဓိကရုဏ်း မှုခင်းများဖြေရှင်း ဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (ပြင်ဆင် ဖြည့်စွက်ချက်) နှင့်အညီ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များပါဝင်သော နိုင်ငံတော် သံဃဝိနိစ္ဆယ အဖွဲ့များကို ဖွဲ့စည်း၍ အယူခံ ဝိနည်းဓမ္မကံ အဓိကရုဏ်း မှုခင်းများကို စစ်ဆေးဆုံးဖြတ်စေခဲ့ရာ ၁၉၉၀ ပြည့်နှစ်အတွင်း နိုင်ငံတော်သံဃ ဝိနိစ္ဆယအဖွဲ့ သုံးဖွဲ့တို့က နိုင်ငံတော် အယူခံ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်း ၁၁ မှုနှင့် သီးခြားဝိနည်းဓိရ်အဖွဲ့ဖြင့် စစ်ဆေးဆုံးဖြတ်မှု တစ်မှုတို့ကို စစ်ဆေးဆုံးဖြတ်ခဲ့သည်။ ထို့ပြင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ဂိုဏ်းပေါင်းစုံ ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့ ရွှေးချယ် လျာထားမှု ၁၁ မှု၊ ပြီးငြိမ်းပြီးနှင့် အယူခံ ပြီးဆုံးသွားသော မှုခင်းများကို အတည်ပြုမှု ခြောက်မှု၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီအစည်း အဝေးသို့တင်ပြ၍ အဆုံးအဖြတ်ခံယူမှု ၁၆ မှု၊ အထွေထွေ ဝိနိစ္ဆယ ဆောင်ရွက်မှု ၄၈ မှုတို့ကိုလည်း ဖြေရှင်း ဆောင်ရွက်ခဲ့သည်။

ဗုဒ္ဓဘာသာစာမူများကိုစိစစ်ခြင်း

ဗုဒ္ဓဘာသာဆိုင်ရာ စာမူပေါင်း ၉၁ မှုအနက် စာမူ ၂၉ မှုကို ထုတ်ဝေခွင့်ပြုခဲ့၍ စာမူ ကိုးမှုကို ထုတ်ဝေခွင့် မပြုဘဲ စာမူ ၂၀ ကို ဖြုတ်ပယ်ပြင်ဆင်စေ၍ ထုတ်ဝေခွင့် ပြုခဲ့သည်။ စာမူ ၂၇ မှုကို ပြင်ဆင်စေ၍ လည်းကောင်း၊ စာမူ လေးမှုတို့ကို ဖြုတ်ပယ်စေ၍ လည်းကောင်း ခွင့်ပြုခဲ့သည်။ စာမူနှစ်မှုကို ပြန်လည်ပြင်ဆင်ရေးသား တင်ပြစေရန် ညွှန်ကြားခဲ့သည်။

စာမေးပွဲများကျင်းပခြင်း

၁၉၉၀ ပြည့်နှစ် ၄၂ ကြိမ်မြောက် တိပိဋကဓရ ရွှေးချယ်ရေး စာမေးပွဲ၌ အာဂုံပြန် ၇၃ ပါး၊ ရေးဖြေ ၇၂ ပါး ဝင်ရောက်ဖြေဆိုခဲ့ရာ အာဂုံပြန် ၃၅ ပါး၊ ရေးဖြေ ၁၀ ပါး စုစုပေါင်း ၄၅ ပါးအောင်မြင်ခဲ့သည်။ မြောစရိယ စာမေးပွဲကို စာဖြေဌာန ၁၉ ဌာနတို့၌ ကျင်းပခဲ့ရာ ၄,၄၇၂ ပါးဝင်ရောက်ဖြေဆိုကြ၍ သုံးကျမ်း အောင် ဓမ္မာစရိယဘွဲ့ရ ၁၄၂ ပါး၊ နှစ်ကျမ်းအောင် ၁၆၃ ပါး၊ တစ်ကျမ်းအောင် ၂၆၃ ပါး၊ မြန်မာ ဂုဏ်ထူးအောင် ၁၈ ပါး၊ ပါဠိဂုဏ်ထူးအောင် ရှစ်ပါး စုစုပေါင်း ၅၉၄ ပါး အောင်မြင်သည်။ ပထမပြန် စာမေးပွဲများကို စာဖြေဌာန ၂၀၄ ဌာနတို့၌ ကျင်းပခဲ့ရာ ၂၀,၉၂၂ ပါး ဝင်ရောက်ဖြေဆိုကြ၍ ဂ,၇၇ဂ ပါးအောင်မြင်သည်။ အခြေပြု မူလတန်းစာမေးပွဲကို စာဖြေဌာန ၂၀၀ ၌ ကျင်းပခဲ့ရာ ၁၆,၀၆၅ ပါး ဝင်ရောက်ဖြေဆိုကြ၍ ၉,၂၀၄ ပါးအောင်မြင်သည်။ လူနှင့် သီလရှင်များအတွက် အာဘိ ဓမ္မာနှင့်ဝိသုဒ္ဓိမဂ် စာမေးပွဲကို စာဖြေဌာန ၁၂၂ ဌာနတို့၌ ကျင်းပခဲ့ရာ ဝင်ရောက်ဖြေဆိုသူပေါင်း ၁၄,၇၈၀ ဦးရှိ၍ ၆,၇၆၉ ဦးအောင်မြင်သည်။

မြို့နယ်များအလိုက် မြို့နယ် သံဃနာယက အဖွဲ့များက ကျောင်းသားလူငယ်များကို နွေရာသီ ကျောင်းပိတ်ရက် များတွင် အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းများ ဖွင့်လှစ်၍ ယဉ်ကျေးမှု ဘာသာရပ်၊ မြန်မာဘာသာရပ်၊ အာဘိဓမ္မာ ဘာသာရပ် သင်ကြားပို့ချပေးခဲ့ကြ၍ ဗုဒ္ဓ ဘာသာယဉ်ကျေးမှု စာမေးပွဲကို စာဖြေဌာန ၂၃၆ ဌာနတို့၌ကျင်းပခဲ့ရာ ဝင်ရောက်ဖြေဆိုသူပေါင်း ၆ဂ,၆၀၆

ရှိ၍ယဉ်ကျေးမှုဘာသာရပ်အောင်မြင်သူပေါင်း ၂၆,၆၄၀၊ မြန်မာဘာသာရပ် အောင်မြင်သူပေါင်း ၁၂,၂၇၀၊ အဘိဓမ္မာ ဘာသာရပ် အောင်မြင်သူပေါင်း ၆,၉၃၇ ဦး၊ စုစုပေါင်း ၄၅,၈၄၇ ဦး အောင်မြင်ခဲ့သည်။

အာရှ ငါးနိုင်ငံ ချစ်ကြည်ရေးနှင့် လေ့လာရေးခရီး ထွက်ခွာခြင်း

သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး ပထမ အကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးပွဲကြီး ဆုံးဖြတ်ချက်အရ ရန်ကုန်မြို့နှင့် မန္တလေးမြို့တွင် တည်ထောင်ဖွင့်လှစ်ခဲ့သည့် ပရိယတ်တိသာသနာ့ တက္ကသိုလ်ကြီးများ၌ ဘာသာရပ်များကို ကမ္ဘာ့အဆင့်မီ သင်ပြနိုင်ရေးအတွက် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ပဲခူးမြို့မ ဆရာတော်ကြီး ဘဒ္ဒန္တ ဣန္ဒာဝစာရ ခေါင်းဆောင်သော ချစ်ကြည်ရေးနှင့် ပရိယတ်တိပညာသင်ကြားမှု လေ့လာရေးအဖွဲ့သည် ၁၉–၃–၉၀ ရက်နေ့မှ ၂၉–၄–၉၁ ရက်နေ့အထိ နီပေါနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံများသို့ ချစ်ကြည်ရေးနှင့် ပရိယတ်တိ ပညာသင်ကြားမှုများကို သွားရောက်လေ့လာခဲ့ကြသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင်၏ ဂါရဝပြု ဩဝါဒ ခံယူပွဲ

၁၉၉၀ ပြည့်နှစ် အောက်တိုဘာလ ၁၈ ရက် နံနက်ပိုင်းတွင် ကမ္ဘာအေးကုန်းမြေ၊ ဇမ္ဗူဒီပကျောင်းဆောင်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အစည်းအဝေးခန်းမ၌ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင်က ဂါရဝပြု ဖူးမြော်ကန်တော့၍ သာသနာရေးဆိုင်ရာ ကိစ္စများကို လျှောက်ထားပြီး ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲ အခမ်းအနား ကျင်းပသည်။

ယင်းအခမ်းအနားတွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင်က မြန်မာနိုင်ငံ၌ ဗုဒ္ဓသာသနာတော် ထွန်းကားလာမှုနှင့် ပတ်သက်၍ ဆောင်ရွက်ခဲ့ကြသည့် သမိုင်းကြောင်းကို လည်းကောင်း၊ ယနေ့ဖြစ်ပေါ်နေသည့် သာသနာရေး အခြေအနေများကို လည်းကောင်း၊ နောင်အနာဂတ်ကာလ သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေး အတွက် ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်း လျှောက်ထားသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တခမာဝုဓက သြဝါဒကထာ မြွက်ကြားတော်မူရာတွင် ကြီးလေးသည့် နိုင်ငံတော်၏ တာဝန်ကိုဆောင်ရွက်ရာတွင် အတ္တာဟိ အတ္တာနော နာထော ကောဟိ နာထော ပရောသိယာ ဆိုသည့်အတိုင်း မိမိကိုယ်ကိုမိမိ အားကိုးအားထားပြုပြီးဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ သဒ္ဓါ၊ ပညာ၊ သမ္မာ၊ ဝီရိ၊ စောင်းနှယ်ညှိ၍၊ ညီဘိသော် သာ၊ ကျိုးထင်ရာ၏ ဟူသော ရှေးက ပညာရှိကြီးများ ရေးသားထားသည့် လက်ဝမှတ်တမ်းနှင့်အညီ နိုင်ငံတော်၏ သဒ္ဓါ၊ ပညာ၊ သမာဓိ၊ ဝီရိယ ညီညီမျှမျှနှင့် အားထုတ်သည့် အလုပ်မှန်သမျှ ကောင်းကျိုး ချမ်းသာများနှင့် ပြည့်စုံရမှာ ဖြစ်ကြောင်း စသည်ဖြင့် သြဝါဒကထာ မြွက်ကြားတော် မူသည်။

ထို့နောက် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင်နှင့် ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး သန်းရွှေ၊ အဖွဲ့ဝင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဘုန်းမြင့်၊ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်၊ အတွင်းရေးမှူး (၂) ဗိုလ်ချုပ်တင်ဦး တို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချအမျှပေးဝေ၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ထို့အပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင်သည် အောက်တိုဘာလ ၂၂ ရက်နေ့တွင် အဖွဲ့ဝင်များနှင့်အတူစစ်ကိုင်းမြို့မင်းကွန်းရွာ ဓမ္မနာဒကျောင်းတိုက် မဟာဗန္ဓုလဓမ္မာရုံသို့ သွားရောက်ခဲ့ကြပြီး နိုင်ငံတော် သံဃမဟာနာယက အကျိုးတော်ဆောင်ချုပ် အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ မေဓာဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသနှင့် ဆရာတော်များအား ပူဇော်ကန်တော့၍ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသထံမှ ဩဝါဒခံယူသည်။

ဆရာတော်ကြီးက သြဝါဒကထာ ချီးမြှင့်ရာတွင် ဒကာကြီး ဦးစောမောင် ပြောသည့် စကားများသည် ပါဠိတော်လာ ဘဒ္ဒေကရတ္တ သုတ္တန်တရားတော်နှင့် ညီလှကြောင်း၊ နေ့နေ့ညည သတိနှင့် နေသော သမ္မပ္ပဓာန်လုံလ ဝီရိယပိုင်ရှင်ဖြစ်သော ပုဂ္ဂိုလ်သည် ဘဒ္ဒေကရတ္တ ပုဂ္ဂိုလ်ဖြစ်ကြောင်း စသည်ဖြင့် ထည့်သွင်း မြွက်ကြားတော် မူသည်။



ဗိုလ်ချုပ်မှူးကြီး စောမောင်က ဆရာတော် ကြီးများအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းစဉ်

အမိန့်အမှတ် (၆/၉၀) ထုတ်ပြန်ခြင်း

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းအရ အတည်ပြုထားသည့် သံဃာ့ဂုဏ်ကြီးကိုးဂုဏ်းနှင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်မှ အပဖြစ်သော သံဃာ့သာမဂ္ဂီအဖွဲ့၊ ရဟန်းပျိုအဖွဲ့၊ ကျောင်းထိုင်ဆရာတော်များ သံဃသမဂ္ဂအဖွဲ့စသည်ဖြင့် သံဃာ့အဖွဲ့အမျိုးမျိုးကဗုဒ္ဓသာသနာတော်နှင့် မအပ်စပ်သော နိုင်ငံရေးကိစ္စများကို ဆောင်ရွက်နေသည်ကိုလည်းကောင်း၊ တရားမဝင် သံဃာ့အဖွဲ့အစည်းများသည် သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်နေကြသည့် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၏ ကြီးကြပ်မှုကို မခံယူရုံမျှမက သံဃနာယက ဆရာတော်ကြီးများကို ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်းပြုလုပ်၍ သံဃာ့အဖွဲ့အစည်းများ ပြိုကွဲပျက်စီးစေရန် လုပ်ဆောင်လာကြသဖြင့် သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးကိုလည်းကောင်း၊ တရားဥပဒေ စိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကိုလည်းကောင်း ရှေးရှုလျက် ဥပဒေကဲ့သို့ အာဏာတည်သော နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အမိန့်အမှတ် (၆ / ၉၀)ကို ၁၃၅၂ ခုနှစ် တန်ဆောင်မုန်းလဆန်း (၃)ရက်၊ (၁၉၉၀ ပြည့်နှစ် အောက်တိုဘာလ ၂၀)ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ ယင်းအမိန့်အမှတ် (၆/၉၀)ဖြင့် တရားမဝင် သံဃာ့အဖွဲ့များဖြစ်သည့် သံဃာ့သမဂ္ဂိအဖွဲ့၊ ရဟန်းပျိုအဖွဲ့၊ ကျောင်းထိုင်ဆရာတော်များ သံဃာ့သမဂ္ဂအဖွဲ့နှင့် အလားတူသံဃာ့အဖွဲ့ စသည်တို့ကို ၁၃၅၂ ခုနှစ် တန်ဆောင်မုန်းလဆန်း (၃)ရက်၊ (၁၉၉၀ ပြည့်နှစ် အောက်တိုဘာလ ၂၀) ရက်နေ့ ည (၁၂) နာရီအချိန်မှစ၍ ဖျက်သိမ်းခဲ့သည်။

အမိန့်အမှတ် (၇/၉၀) ထုတ်ပြန်ခြင်း

တရားမဝင် ဖွဲ့စည်းထားသည့် သံဃာ့အဖွဲ့များတွင် ပါဝင်လှုပ်ရှားနေကြသည့် သမ္မုတိသံဃာအမည်ခံ ပုဂ္ဂိုလ်များသည် ရဟန်းသံဃာတော်တို့၏ လုပ်ငန်းတာဝန်များဖြစ်သည့် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဒသာသနာတော်သုံးရပ် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် လုပ်ဆောင်ခြင်းမပြုကြဘဲ ယင်းလုပ်ငန်းတာဝန်များနှင့် စပ်ဟပ်ခြင်းမရှိသော သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးကို ပျက်ပြားစေသည့် လုပ်ရပ်များကို လုပ်ဆောင်နေကြသဖြင့် ယင်းပုဂ္ဂိုလ်များအား စိစစ် ဖော်ထုတ်ထိရောက်စွာ အရေးယူရန်အတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် စစ်တိုင်းမှူးများအား

ဥပဒေကဲ့သို့ အာဏာတည်သော တရားစီရင်ရေးဆိုင်ရာ မာရှယ်လော(Martial Law) အာဏာအပ်နှင်းသည့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အမိန့် အမိန့်အမှတ် (၂/၉၀)ကို ၁၃၅၂ ခုနှစ် တန်ဆောင်မုန်း လဆန်း ၄ ရက် (၁၉၉၀ ပြည့်နှစ် အောက်တိုဘာလ ၂၁) ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

သံဃာ့အဖွဲ့အစည်းဆိုင်ရာ ဥပဒေ ထုတ်ပြန်ခြင်း

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် သံဃာ့အဖွဲ့အစည်းဆိုင်ရာ ဥပဒေ (နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၂၀/၉၀)ကို ၁၃၅၂ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက် (၁၉၉၀ ပြည့်နှစ် အောက်တိုဘာလ ၃၁)ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းဥပဒေတွင် အခန်း ငါးခန်း ပါရှိရာ အခန်း (၁)တွင် အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း(၂) တွင် သတ်မှတ်ချက်များ၊ အခန်း(၃)တွင် တားမြစ်ချက်များ၊ အခန်း(၄)တွင် ပြစ်ဒဏ်များနှင့် အခန်း(၅) ဝင်တွင် အထွေထွေဟူ၍ ဖော်ပြပါရှိသည်။

ယင်းဥပဒေဖြင့် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အရ အတည်ပြုထားသော သံဃာ့ဂိုဏ်း ကိုးဂိုဏ်းမှအပ ဂိုဏ်းသစ်များ ခွဲခြားတည်ထောင်ခြင်း၊ သက်ဆိုင်ရာ သံဃနာယကအဖွဲ့တစ်ခုခု၏ ကြီးကြပ်မှုကို မခံယူသော သံဃာ့အဖွဲ့အစည်း ဖွဲ့စည်းခြင်း၊ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ပြိုကွဲပျက်စီးစေရန် စည်းရုံးခြင်း၊ လှုံဆော်ခြင်း၊ ဟောပြောခြင်း၊ ရေးသားဖြန့်ချိခြင်း မပြုရဟု တားမြစ်ထားသည်။ ထို့အပြင် ရဟန်းသာမဏေများသည် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၏ ဆိုဆုံးမမှုကို လိုက်နာဆောင်ရွက်ရမည်ဟု ဖော်ပြထားသည်။

ညွှန်ကြားလွှာအမှတ် (၁၁) ထုတ်ပြန်ခြင်း

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက အတည်ပြု ပြဋ္ဌာန်းခဲ့သည့် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် အညီ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း သီတင်းသုံးနေထိုင်ကြသော ရဟန်းသာမဏေများသည် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းအရ ဖွဲ့စည်းထားသော သံဃာ့နာယက အဖွဲ့တစ်ဖွဲ့ ဖွဲ့၏ ကြီးကြပ်အုပ်ချုပ်မှု အောက်၌ သီတင်းသုံးနေထိုင်ကြရန်နှင့် ကျောင်းထိုင်ဆရာတော်များ/ကျောင်းတိုက်နာယက ဆရာတော်များသည် မိမိတို့၏ တပည့်ရဟန်းသာမဏေများအား သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ကြီးကြပ်အုပ်ချုပ်မှုကို မခံယူသည့် တရားမဝင် သံဃာ့အဖွဲ့များကို ဖွဲ့စည်းခြင်း၊ ပါဝင်ခြင်း၊ အားပေးထောက်ခံခြင်းမှ ရှောင်ကြဉ်ကြစေရန်အတွက် ဆုံးမသြဝါဒပေးကြရန် ညွှန်ကြားလွှာအမှတ် (၁၁)ကို ၁၃၅၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက် (၁၉၉၀ ပြည့်နှစ် နိုဝင်ဘာလ ၅)ရက်နေ့တွင် ထုတ်ပြန် ညွှန်ကြားခဲ့သည်။

ညွှန်ကြားလွှာအမှတ် (၁၂) ထုတ်ပြန်ခြင်း

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက အတည်ပြု ပြဋ္ဌာန်းခဲ့သည့် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် အညီ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း သီတင်းသုံးနေထိုင်ကြသော ရဟန်းသာမဏေများသည် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းအရ ဖွဲ့စည်းထားသော သံဃာ့နာယက အဖွဲ့တစ်ဖွဲ့ ဖွဲ့၏ ကြီးကြပ်အုပ်ချုပ်မှု အောက်၌ သီတင်းသုံးနေထိုင်ကြရန်နှင့် ကျောင်းထိုင်ဆရာတော်များ/ကျောင်းတိုက်နာယက ဆရာတော်များသည် မိမိတို့၏ တပည့်ရဟန်းသာမဏေများအား သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ကြီးကြပ်အုပ်ချုပ်မှုကို မခံယူသည့် တရားမဝင် သံဃာ့အဖွဲ့များကို ဖွဲ့စည်းခြင်း၊ ပါဝင်ခြင်း၊ အားပေးထောက်ခံခြင်းမှ ရှောင်ကြဉ်ကြစေရန်အတွက် ဆုံးမသြဝါဒပေးကြရန် ညွှန်ကြားလွှာအမှတ် (၁၁)ကို ၁၃၅၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက် (၁၉၉၀ ပြည့်နှစ် နိုဝင်ဘာလ ၅)ရက်နေ့တွင် ထုတ်ပြန် ညွှန်ကြားခဲ့သည်။

ညွှန်ကြားလွှာအမှတ် (၁၂) ထုတ်ပြန်ခြင်း

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းရှိ ဘုန်းကြီးကျောင်းများ စာသင်တိုက်များ၏ ကျောင်းထိုင်ဘုန်းကြီးများနှင့် ကျောင်းတိုက်ဆရာတော်များသည် သာဝနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးအတွက် မိမိတို့သီတင်းသုံးနေထိုင်ရာ ကျောင်း/ကျောင်းတိုက်များကို သာသနာ့မြေမဖြစ်သေးပါက သာသနာ့မြေဖြစ်အောင် ဆောင်ရွက်ရန်၊ ပိုင်ဆိုင်မှုအစဉ်အဆက်ကို ရေးသားပြုစုထားရှိပြီး ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်း၊ မြေပုံစသည်တို့ကို စနစ်တကျ သိမ်းဆည်းထားရှိရန်နှင့် နောင်တွင်ဆက်ခံမည့်ကျောင်းထိုင်ဘုန်းကြီးလောင်းလျာ၊ ကျောင်းတိုက်နာယက လောင်းလျာများကို ဝိနည်းတရားတော်နှင့် အညီလည်းကောင်း၊ ကျောင်းတိုက်စည်းမျဉ်းနှင့် အညီလည်းကောင်း ဦးစားပေးသတ်မှတ်၍ သက်ဆိုင်ရာမြို့နယ် သံဃနာယကအဖွဲ့သို့ ပေးပို့ထားရန်၊ သာသနာဝင်မှတ်တမ်း စနစ်တကျကိုင်ဆောင်ရန်၊ ဒုလ္လဘစာရင်းပြု ထားရှိရန်၊ ဒုလ္လဘ ရဟန်းလောင်းများကို အနည်းဆုံး ရက်သတ္တတစ်ပတ်ခန့် ဘုန်းကြီးကျောင်းသို့လာစေ၍ ပါရာဇိကလေးပါး၊သံဃာဒိသေသ ၁၃ ပါး၊ အာပတ်ခုနစ်ပုံ၊ ပစ္စဝေက္ခဏာဆင်ခြင်နည်း၊ ဒေသနာကြားနည်း စသည့် အခြေခံဗဟုသုတများကို သင်ကြားစေပြီးမှ ရဟန်းပြုပေးရန်၊ ဒုလ္လဘသာမဏေဝတ်ရာ၌ မောင်ရှင်လောင်းအား သက်နှံးတောင်း၊ သရဏဂုံပီသစွာ ရွတ်ဆိုနည်း၊ လိင် ၁၀ ပါး၊ ဒဏ် ၁၀ ပါး၊ ဝစ္စဝေက္ခဏာလေးပါး၊ သေစီယ၊ ခန္ဓကဝတ်တို့ကို သင်ယူကျင့်မှတ်နာကြားစေပြီးမှ ရှင်ပြုပေးရန်နှင့်မိမိကျောင်းတွင်တည်းခိုသည့် အာဂန္တုရဟန်းသာမဏေများစာရင်းနှင့် ညှဉ်းသည့် စာရင်းကို ပြုစုထားရှိရန်၊ နှစ်စဉ် ဝါဆိုသံဃာစာရင်းပြုစု၍ သက်ဆိုင်ရာမြို့နယ် သံဃာ့နာယကအဖွဲ့ ဥက္ကဋ္ဌသို့ ပေးပို့ထားရှိကြရန်အတွက် ညွှန်ကြားလွှာအမှတ် (၁၂) ကို ၁၃၅၂ ခုနှစ် နတ်တော်လပြည့် ၄ ရက်၊ ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက် နေ့တွင် ထုတ်ပြန်ညွှန်ကြားခဲ့လေသည်။

ဦးသိန်းဆွေ

၁၉၉၀ပြည့်နှစ် အကြောင်းရပ်များ

ဤအပိုင်းတွင် ဖော်ပြထားသော အကြောင်းရပ်များသည် ၁၉၉၀ ပြည့်နှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာ ဖြစ်ရပ်များကို အဓိကထား၍ ရေးသားထားပါသည်။ အကြောင်းရပ်များကို ကမ္ဘာအဆိုအကွက်စဉ်၍ ဖော်ပြထားပါသည်။



ကုလသမဂ္ဂ ။ ။ ကမ္ဘာ့ ကုလသမဂ္ဂ အဖွဲ့ကြီး၏ ၄၄ ကြိမ်မြောက် အထွေထွေညီလာခံ၏ နောက်ဆုံး အစည်းအဝေးကို ၁၉၉၀ ပြည့်နှစ် စက်တင်ဘာလ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ် ပြီးစီးခဲ့သည်။ ၄၅ ကြိမ်မြောက် အထွေထွေညီလာခံကို ၁၉၉၀ ပြည့်နှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် နယူးယောက်မြို့ ကုလသမဂ္ဂ ဌာနချုပ်၌ စတင်ဖွင့်လှစ်ကျင်းပခဲ့ရာ ၄၄ ကြိမ်မြောက် အထွေထွေ ညီလာခံသဘာပတိ နိုင်ဂျီးရီယား နိုင်ငံမှ ကုလသမဂ္ဂ ဌာနေကိုယ်စားလှယ် သံအမတ်ကြီးဂျိုးဇက် ဂါဘာ၏နေရာတွင် ၄၅ ကြိမ်မြောက် အထွေထွေညီလာခံ သဘာပတိအဖြစ် မော်လတာနိုင်ငံမှ ဒုတိယဝန်ကြီးချုပ် နှင့် နိုင်ငံခြားရေးနှင့် တရားရေးဝန်ကြီး ဂီဒိုဒီမာကိုအား ရွေးချယ်တင်မြှောက်ခဲ့သည်။

ကုလသမဂ္ဂ အဖွဲ့ဝင်သစ် နှစ်နိုင်ငံတိုးခြင်း

၁၉၉၀ ပြည့်နှစ်အတွင်း၌ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ကြီးတွင် နမီးဗီးယားနိုင်ငံနှင့် လိချတင်းစတိုင်း နိုင်ငံတို့သည် အဖွဲ့ဝင်သစ် နိုင်ငံများအဖြစ်တိုးပွားလာခဲ့သည်။

ဥရောပအလယ်ပိုင်းတွင် တည်ရှိသည့် နိုင်ငံငယ်က လေးတစ်ခုဖြစ်သော လိချတင်းစတိုင်းနိုင်ငံသည် ၄၅ ကြိမ်မြောက် အထွေထွေညီလာခံ ဖွင့်လှစ်သည့်နေ့တွင် ယင်းညီလာခံ၏ အတည်ပြုချက်ရရှိကာ ၁၆၀ မြောက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့သည်။

နမီးဗီးယားနိုင်ငံသည်လိချတင်းစတိုင်းနိုင်ငံကုလသမဂ္ဂ အဖွဲ့ဝင်ဖြစ်မလာမီ ငါးလခန့်ကပင် ကုလသမဂ္ဂ အဖွဲ့ဝင် ဖြစ်လာခဲ့သည်။ ရှေးအခါက ဂျာမန်ကိုလိုနီ နိုင်ငံဖြစ်ခဲ့ပြီး ၁၉၂၀ ပြည့်နှစ်မှစ၍ တောင်အာဖရိက နိုင်ငံ၏ အုပ်ချုပ်မှုအောက်တွင် တည်ရှိခဲ့ရသော နမီးဗီးယားနိုင်ငံသည် ၁၉၉၀ ပြည့်နှစ် မတ်လ ၂၁ ရက်နေ့တွင် ကမ္ဘာပေါ် ၌ လွတ်လပ်သော နိုင်ငံတစ်နိုင်ငံအဖြစ် မွေးဖွားလာခဲ့သည်။ နမီးဗီးယားနိုင်ငံ လွတ်လပ်ရေး ရရှိလာခြင်းသည် ကုလသမဂ္ဂ၏ သမိုင်းတွင် ကြီးမားသော အောင်မြင်မှုကြီး တစ်ရပ်ဖြစ်သည်။ ကုလသမဂ္ဂ အဖွဲ့ကြီးသည် ယင်းနိုင်ငံ လွတ်လပ်ရေးအတွက် အခက်အခဲ အမြောက်အမြားကို ကျော်လွှန်ဖြတ်သန်းကာ ကာလရှည်ကြာစွာ ကြိုးပမ်း အားထုတ်ခဲ့ရပြီး နောက်ဆုံးတွင် နမီးဗီးယားနိုင်ငံ၌ ရွေးကောက်ပွဲများကို ကြီးကြပ် ကျင်းပပေးခဲ့ရသည်။ မတ်လ ၂၁ ရက်နေ့တွင် ကျင်းပသည့် နမီးဗီးယားနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခမ်းအနားသို့ နိုင်ငံပေါင်း ၇၀ ခန့်မှ ရာပေါင်းများစွာသော ထင်ရှားသည့် နိုင်ငံခေါင်းဆောင်များ တက်ရောက်ခဲ့ကြရာ ယင်းအခါသမယတွင် နမီးဗီးယား နိုင်ငံတော်အလံကိုလွှင့်ထူပြီး ကုလသမဂ္ဂအတွင်း ရေးမှူးချုပ်ဟာဗီးယားပဲရက်ဒေကွေးလျားရွေမှောက်တွင် မစ္စတာဆမ်နုဂျိုမာက နမီးဗီးယား၏ ပထမဆုံးသမ္မတ အဖြစ် ကျမ်းသစ္စာ ကျိန်ဆိုခဲ့သည်။

ထို့နောက် ၁၉၉၀ ပြည့်နှစ် ဧပြီလ ၂၃ ရက်နေ့တွင် နိုင်ငံတကာစီးပွားရေး ပူပေါင်းဆောင်ရွက်မှုဆိုင်ရာ ၁၈ ကြိမ်မြောက် ကုလသမဂ္ဂ အထူးညီလာခံ စတင်ကျင်းပသည့်အခါ ယင်းညီလာခံကြီးက ထို့နေ့မှာပင် နမီးဗီးယား နိုင်ငံအား ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ထောက်ခံတင်ပြချက်အရ ကုလသမဂ္ဂ အဖွဲ့ကြီး၏ ၁၆၀ မြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုခဲ့သည် (နမီးဗီးယားနိုင်ငံသည် ထို့နေ့မှ မေလ ၂၂ ရက်နေ့အထိသာ ၁၆၀ မြောက် အဖွဲ့ဝင်နိုင်ငံအဖြစ်နေခဲ့ရသည်။ မေလ ၂၂ ရက်နေ့တွင် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသော ဒီမိုကရက်တစ် ယီမင်နိုင်ငံနှင့် ယီမင်နိုင်ငံတို့သည် ယီမင်သမ္မတနိုင်ငံဟူ၍ တစ်နိုင်ငံတည်းအဖြစ် ပူးပေါင်းဖွဲ့စည်း ခဲ့ကြသောအခါ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ၏ စုစုပေါင်းအရေအတွက်သည် ၁၅၉ သို့ကျဆင်းသွားခဲ့ပြီး နမီးဗီးယားနိုင်ငံသည် ၁၅၉ ခုမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ပြောင်းလဲတည်ရှိခဲ့ရသည်။) အာဖရိကတိုက်တွင် ကိုလိုနီနိုင်ငံအဖြစ် နောက်ဆုံးကျန်ရှိသော နမီးဗီးယားသည် လွတ်လပ်သောနိုင်ငံအဖြစ် ပေါ် ထွန်းလာသော်လည်း အရေးကြီးသည့် စီးပွားရေးပြဿနာများကို ရင်ဆိုင်နေရဆဲဖြင့် ကမ္ဘာ့နိုင်ငံများ၏ အကူအညီကို ရရှိရန် လိုအပ်လျက်ရှိကြောင်း အတွင်းရေးမှူးချုပ် ဒေကွေးလျားက မတ်လ ၂၂ ရက်နေ့တွင်ပြောကြားခဲ့သည်။

၄၄ ကြိမ်မြောက် အထွေထွေညီလာခံ၏ နောက်ဆက်လုပ်ငန်း ဆောင်ရွက်မှုများ

နိုင်ငံတကာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ၁၈ ကြိမ်မြောက် ကုလသမဂ္ဂအထူးအစည်းအဝေး– ဤအထူး အစည်းအဝေးကို ၁၉၉၀ ပြည့်နှစ် ဧပြီလ ၂၃ ရက်နေ့မှ



ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်
ပဲရက်ဒေကွေးလျား

စတင်၍ ကုလသမဂ္ဂ ဌာနချုပ်၌ ဖွင့်လှစ်ကျင်းပခဲ့ရာ ဆိုက်ပရပ်နိုင်ငံ သမ္မတ၊ ပီရူးနိုင်ငံ ဝန်ကြီးချုပ်၊ ဒုတိယ ဝန်ကြီးချုပ် သုံးဦးနှင့် နိုင်ငံခြားရေးဝန်ကြီး ၃၆ ဦး အပါအဝင် မိန့်ခွန်း ပြောကြားသူပေါင်း ၁၃၆ ဦး ရှိခဲ့သည်။ အထူး အစည်းအဝေးကို ဧပြီလ ၂၈ ရက်နေ့အထိ ကျင်းပရန် စီစဉ်ထားသော်လည်း ဆုတ်ယုတ်နေသောစီးပွားရေး အခြေအနေ ပြန်လည် တောင့်တင်း ခိုင်မာလာစေရေး အတွက် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အခြေခံမူများနှင့် စည်းမျဉ်းများနှင့် ပတ်သက်၍ ဖွံ့ဖြိုးဆဲ နိုင်ငံများနှင့် စက်မှုနိုင်ငံများအကြား သဘောကွဲလွဲမှုများကြောင့် ဧပြီလ ၃၀ ရက်နေ့တွင်မှ ပြီးဆုံးခဲ့သည်။ ဤကုလသမဂ္ဂ အထူးညီလာခံက မေလ (၁) ရက်နေ့တွင် ဆုံးဖြတ်ချက်အမှတ် ၄၄/၂၁၄ ကို ချမှတ်ကာ အချက် ၃၀ ချက်ပါရှိသည့် ကြေညာချက် တစ်စောင်ကို အတည် ပြုလိုက်သည်။ ယင်းကြေညာချက်၌ ဖွံ့ဖြိုးဆဲ နိုင်ငံများ၏ ကြေးမြီသက်သာရေးအတွက် တောင်းဆိုချက် တစ်ရပ်ကို ဖော်ပြပြီး စက်မှုနိုင်ငံကြီးများ၏ အမျိုးသား အသားတင် ထုတ်ကုန်ပမာဏမှ တစ် ရာခိုင်နှုန်းကို ထောက်ပံ့မှုပေးရန် ထား ရှိ ရေး အ တွက် တိုက် တွန်း ပြောဆိုထားသည်။ ၁၉၉၀ ပြည့် နှစ်များတွင် အရေးအကြီးဆုံး ရင်ဆိုင် လုပ်ဆောင် ရမည့် လုပ်ငန်းမှာ ဖွံ့ ဖြိုး ဆဲ နိုင် ငံ များ ၏ စီးပွားရေးနှင့်လူမှုရေးများ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရှင်သန် လာရေးပင် ဖြစ်သည်ဟု ကြေညာချက်က ဖော်ပြလိုက်သည်။

မူး ယစ် ဆေး ဝါး တိုက် ဖျက် ရေး ကုလသမဂ္ဂ အထူး ညီလာခံ – ကုလသမဂ္ဂ၏ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးဆိုင်ရာ ၁၇ ကြိမ်မြောက် အထူးညီလာခံ အစည်းအဝေးကြီးကို နယူးယောက်မြို့ ကုလသမဂ္ဂ ဌာနချုပ်၌ ၁၉၉၀ ပြည့် နှစ် ဖေဖော်ဝါရီလ ၂၀ မှ ၂၃ ရက်နေ့အထိ ကျင်းပပြီးလျှင် ကုလသမဂ္ဂအဖွဲ့ကြီးက မူးယစ်ဆေးဝါး အန္တရာယ် တိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံရေး ကြေညာချက် တစ်ရပ်နှင့် နိုင်ငံတကာလုပ်ငန်း ဆောင်ရွက်မှု အစီအစဉ် တစ်ရပ်ကို တညီတညွတ်တည်း အတည်ပြု ချမှတ်ခဲ့သည်။ မူးယစ်ဆေးဝါး သုံးစွဲသည့်နိုင်ငံများတွင် ဝယ်လိုအား လျော့နည်း ကျဆင်းရေးနှင့် မူးယစ်ဆေးပင်များနှင့် ယင်းဆေးပင်များစိုက်ပျိုးထုတ်လုပ်မှုကို ဖျက်သိမ်းပစ်ရန် ကြိုးပမ်း အားထုတ်လျက်ရှိသော ဖွံ့ဖြိုးဆဲ နိုင်ငံများအား ကူညီ ထောက်ပံ့ရေးအတွက် အစွမ်းကုန် ဆောင်ရွက်ရန် ကုလသမဂ္ဂအဖွဲ့ကြီးက သဘောတူခဲ့သည်။ ကုလသမဂ္ဂ ညီလာခံကြီးက ယင်း၏ ၁၇ ကြိမ်မြောက် အထူးအစည်း အဝေးတွင် ဆုံး ဖြတ် ချက် အ မှတ် အက်စ် ၁၇/၂ ကို ချမှတ်ပြီးလျှင် ခရစ်နှစ် ၁၉၉၁ မှ ၂၀၀၀ အထိ ကာလ ကို မူးယစ်ဆေး အလွဲသုံးစွဲမှု တိုက်ဖျက်ရေး ဆယ်စုနှစ် အဖြစ် သတ်မှတ် ကြေညာလိုက်သည်။ ကုလသမဂ္ဂအဖွဲ့ ဝင်နိုင်ငံများက မူးယစ်ဆေး တိုက်ဖျက်ရေးကို အထူး ဦးစားပေး လုပ်ဆောင်ရန်အတွက်လည်းကောင်း၊ အရေး ကြီးသည့် အဓိက သော့ချက် နေရာများတွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုနှင့် ညှိနှိုင်း ပေါင်းစပ် လုပ်ဆောင် မှုများကို တိုးတက် အားဖြည့် လုပ်ဆောင်သွားကြရန် အတွက်လည်းကောင်း ကတိကဝတ် ပြုခဲ့ကြသည်။

အထက်ပါအထူးညီလာခံ အစည်းအဝေးကြီးတွင် ထရိန်ဒက်နှင့် တိုဘာဂိုနိုင်ငံနှင့် ပီရူးနိုင်ငံတို့မှ ဝန်ကြီးချုပ်များနှင့် ၄၅ နိုင်ငံမှ အထက်တန်းဝန်ကြီးများ အပါအဝင် ကိုယ်စားလှယ်တော်ပေါင်း ၁၁၁ ဦးတို့က မိန့်ခွန်း စကားပြောကြားခဲ့ကြသည်။ မြန်မာနိုင်ငံမှ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ဦးအုံးဂျော်က ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် မိန့်ခွန်းစကား ပြောကြားရာ၌ မူးယစ်ဆေး ဝါးထုတ်လုပ်ဖြန့်ဖြူးသုံးစွဲမှုများကို တိုက်ဖျက်နှိမ်နင်းရေး နှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ မူဝါဒ၊ ခံယူချက်နှင့် ကြိုးပမ်းအားထုတ်မှုများကို ရှင်းလင်းတင်ပြခဲ့သည်။

၁၉၇၃ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် ၄၂ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံက ဆုံးဖြတ်ချက် အမှတ် ၄၂/၁၁၂ ဖြင့် နှစ်စဉ် ဇွန်လ ၂၆ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေး အထိမ်းအမှတ်နေ့ အဖြစ်သတ်မှတ်၍ လှုပ်ရှားမှုများပြုလုပ်ကြရန် ဆုံးဖြတ် ခဲ့သည်။ ယင်းဆုံးဖြတ်ချက်နှင့်အညီ အထက်ဖော်ပြပါ ၁၇ ကြိမ်မြောက်ကုလသမဂ္ဂအထူးညီလာခံက အပြည်ပြည် ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးစားမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေး အ ထိမ်း အ မှတ် နေ့ တွင် လှုပ်ရှားမှုများ ပြုလုပ်ကြရန် ကမ္ဘာ့နိုင်ငံ အသီးသီးအား တိုက်တွန်း နှိုးဆော်ခဲ့သည်။ ယင်း တိုက်တွန်းချက်အရ

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရက ၁၉၉၀ ပြည့်နှစ် ဇွန်လ ၂၃ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁၀/၉၀ ကိုထုတ်ပြန်ကာ ဇွန်လ ၂၆ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးအထိမ်းအမှတ်နေ့အဖြစ် သတ်မှတ်ကြောင်း ကြေညာခဲ့သည်။ (ကမ္ဘာ့မူးယစ်ဆေးဝါး ထိပ်သီးညီလာခံ — ရှုပါ။)

လက်နက်ဖျက်သိမ်းရေး အစည်းအဝေးများ

လက်နက်ဖျက်သိမ်းရေး ညီလာခံ – နိုင်ငံ ၄၀ ပါဝင်သည့် လက်နက်ဖျက်သိမ်းရေး ညီလာခံ၏ ၁၉၉၀ ပြည့်နှစ် ဆိုင်ရာ အစည်းအဝေးကို ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ဂျီနီဗာမြို့၌ စတင်ကျင်းပရာ ဓာတုဗေဒလက်နက်များ ပိတ်ပင်ရေး အပြည်ပြည်ဆိုင်ရာ သဘောတူ စာချုပ်တစ်ရပ်အတွက် တိုးတက်ညှိနှိုင်းဆွေးနွေးကြရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ပဲရက်ဒဲကွေးလျားက ထပ်လောင်း မေတ္တာရပ်ခံလိုက်သည်။ ဥရောပနိုင်ငံများကလည်း ယင်းသဘောတူညီချက် ရရှိရေးအတွက် အမေရိကန်နှင့် ဆိုဗီယက်တို့အား ပိုမိုကြိုးပမ်းဆောင်ရွက်ကြရန် တိုက် တွန်း ပြော ဆို ခဲ့ ကြ သည်။ ထို မှ တ ပါး ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က နျူကလီးယား စမ်းသပ်ဖောက်ခွဲမှုများကို လုံးဝတားမြစ်ပိတ်ပင်နိုင်လျှင် နျူကလီးယား လက်နက်ဖျက်သိမ်းရေးအတွက် လမ်းပွင့်သွားနိုင်ပြီး ကမ္ဘာပေါ်မှ နျူကလီးယား အန္တရာယ်ကြီးကျယ်ပျောက်သွားနိုင်ကြောင်း ဟူ၍လည်း ပြောကြားလိုက်သည်။

ဖေဖော်ဝါရီလနှင့် မတ်လအတွင်း၌ ညီလာခံက လက်နက်ဖျက်သိမ်းရေးဆိုင်ရာ လုပ်ငန်းကော်မတီ လေးရပ်ကို ပြန်လည်ဖွဲ့စည်းခဲ့သည်။ ညီလာခံ အစည်းအဝေးကျင်းပနေစဉ်အတွင်း ဆိုဗီယက်ပြည်ထောင်စုနှင့် အမေရိကန်ပြည်ထောင်စုတို့က ၁၉၇၉ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့တွင် အမေရိကန်နိုင်ငံဝိုင်ယိုမင်းမြို့၌ လည်းကောင်း၊ ၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် မော်စကိုမြို့၌လည်းကောင်း နှစ်ဖက်သဘောတူ အတည်ပြုချမှတ်ခဲ့ကြသော စာရွက်စာတမ်းများကို ညီလာခံသို့ ပေးပို့ခဲ့ကြသည်။ ယင်းပူးတွဲ ထုတ်ပြန်ချက်များ၌ ဖော်ပြပါ နိုင်ငံကြီးနှစ်နိုင်ငံက ဓာတုဗေဒလက်နက်များ ပိတ်ပင်ရေး သဘောတူစာချုပ်တစ်ရပ်ကို ဖြစ်နိုင်သမျှအမြန်ဆုံး ချုပ်ဆို၍ အတည်ပြုကြရန် ထပ်လောင်းကတိပြုပြောကြားခဲ့ကြသည်။

လက်နက်ဖျက်သိမ်းရေး ညီလာခံ၏ ၁၉၉၀ ပြည့်နှစ် ဆိုင်ရာ ပထမပိုင်းအစည်းအဝေးသည် ပြီလ ၂၄ ရက်နေ့တွင် ပြီးဆုံးပြီးနောက် ဒုတိယပိုင်းအစည်းအဝေးကို ၁၉၉၀ ပြည့်နှစ် ဇွန်လ ၁၂ ရက်နေ့တွင် ဂျီနီဗာမြို့၌ပင် ဖွင့်လှစ်ကျင်းပခဲ့ရာ ညီလာခံအဖွဲ့ဝင်များက ဓာတုဗေဒလက်နက်များ တားမြစ်ပိတ်ပင်ရေးဆိုင်ရာ သဘောတူစာချုပ်မူကြမ်းဒုတိယ မြောက် စာချုပ်မူကြမ်းအပြင် နျူကလီးယား စမ်းသပ်ဖောက်ခွဲမှု တားမြစ်ပိတ်ပင်ရေးနှင့် ဘက်စုံ လက်နက်ဖျက်သိမ်းရေး အစီအစဉ်တစ်ရပ်တို့ကို ဆက်လက် စဉ်းစားဆွေးနွေးခဲ့ကြသည်။ ထို့အပြင် သမားရိုးကျလက်နက်များ အရေးကိစ္စ၊ စစ်ဘက်ဆိုင်ရာ အသုံးစရိတ်များ လျှော့ချရေးနှင့် လက်နက်ကိုင်တပ်ဖွဲ့များ အင်အားလျှော့ချရေး ကိစ္စများကိုလည်း ဆွေးနွေးခဲ့ကြသည်။ ဇွန်လအတွက် အစည်းအဝေးသဘာပတိဖြစ်သူ ပီရူးနိုင်ငံမှ မစ္စတာ အော့ခ်ဝဲလ် ဒို့ဒေရီဗီးရိုးက လက်နက်ဖျက်သိမ်းရေး ညီလာခံ၌ ဓာတုဗေဒလက်နက်များ တားမြစ်ပိတ်ပင်ရေးနှင့် ပတ်သက်သည့် စေ့စပ်ညှိနှိုင်းမှုများမှာ တိုးတက်မှု အများဆုံး ရရှိခဲ့ကြောင်း ထုတ်ဖော် ပြောကြားခဲ့သည်။

လက် နက် ဖျက် သိမ်း ရေး ကော်မရှင် အစည်းအဝေး – ကုလသမဂ္ဂ လက်နက်ဖျက်သိမ်းရေး ကော်မရှင်သည် မေလ ၇ ရက်မှ ၂၉ ရက်နေ့အထိ ယင်း၏ ရက်သတ္တသုံးပတ်ကြာ အစည်းအဝေးကို နယူးယောက်မြို့၌ ကျင်းပပြီးလျှင် ၁၉၉၀ ပြည့်နှစ်များကို တတိယ လက်နက်ဖျက်သိမ်းရေး ဆယ်စုနှစ်အဖြစ် သတ်မှတ်ပြဋ္ဌာန်းရေး အတွက် ကြေညာချက်မူကြမ်းတစ်စောင်ကို အတည်ပြုရန် ထောက်ခံခဲ့သည်။ ထို့အပြင် ဒေတာအာဖရိကနိုင်ငံအား စစ်ဘက်နှင့် နျူကလီးယား အကူအညီပေးခြင်းကို ရပ်စဲပစ်ရန် တိုက်တွန်းခဲ့သည်။ ကော်မရှင်က အခြားကိစ္စရပ်များကို ဆွေးနွေးဆောင်ရွက်သည့်အပြင် သမားရိုးကျလက်နက်များ ဖျက်သိမ်းရေးနှင့် ပတ်သက်၍လည်း ထင်မြင်ချက်နှင့် ထောက်ခံချက်များကို တညီတညွတ်တည်း အတည်ပြုချမှတ်ခဲ့သည်။

လုံခြုံရေးကောင်စီ၏ အကြံပေးချက်များ

ကမ္ဘောဒီးယား ငြိမ်းချမ်းရေးပြဿနာ – ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံတို့သည် ၁၉၉၀ ပြည့်နှစ် စေ့စေ့စပ်စပ်တွင် အစည်းအဝေး သုံးကြိမ် ကျင်းပပြီး ကမ္ဘောဒီးယားပြဿနာ ဖြေရှင်းရေးကို ဆွေးနွေး ခဲ့ ကြ သည်။ ဇွန် ၀ါ ရီ လ တွင် ပါ ရီ မြို့၌ လည်းကောင်း၊ ဖေဖော်ဝါရီလတွင် နယူးယောက်မြို့၌ လည်းကောင်း၊ မတ်လတွင် ပါရီမြို့၌ လည်းကောင်း တွေ့ဆုံခဲ့ကြသည်။ နမီးဗီးယားနိုင်ငံမှာကဲ့သို့ ကုလသမဂ္ဂ အသင်းကူးပြောင်းရေး အဖွဲ့တစ်ဖွဲ့ ဖန်တီးမှု ပါဝင်၍ "ကမ္ဘောဒီးယားပြဿနာ ဖြေရှင်းရေးတွင် ကုလသမဂ္ဂ

အဖွဲ့ကြီးက တိုးတက်ကြီးမားသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရန်” ယင်းငါးနိုင်ငံတို့က သဘောတူညီခဲ့ကြသည်။ သူတို့၏ရည်ရွယ်ချက်မှာ ငြိမ်းချမ်းရေး ဆောလျင်စွာပြန်လည်ရရှိရေး၊ ရွေးကောက်ပွဲ ကျင်းပရေးအတွက် ကြားနေ နိုင်ငံရေးပတ်ဝန်းကျင်မျိုး ဖန်တီးရေးနှင့် အသွင်ကူးပြောင်းသည့် ကာလ၌သာမဟုတ် ထိုမှ နောက်ကာလ၌လည်း ကမ္ဘောဒီးယားညီညွတ်ရေး တည်တံ့ခိုင်မြဲရေးတို့အတွက် အဘက်ဘက်ပြည့်စုံသော နိုင်ငံရေးဖြေရှင်းမှု ရရှိရန်ပင်ဖြစ်သည်။ ရွေးကောက်ပွဲ ကျင်းပရေးသို့ ဦးတည်သည့်ကာလတွင် ကမ္ဘောဒီးယားရှိ အုပ်စုလေးစုတို့က သဘောတူသည့် အမျိုးသားဦးစီးကောင်စီကို ဖွဲ့စည်းတည်ထောင်ရန် ယင်းငါးနိုင်ငံတို့က အကြံပြုတင်ပြခဲ့ကြသည်။ ထိုဦးစီးကောင်စီ၏ အဖွဲ့ဝင်ဦးရေကို ကမ္ဘောဒီးယား အုပ်စုများကပင် ဆုံးဖြတ်ပြီး ယင်းကောင်စီ၌ ကမ္ဘောဒီးယား အမျိုးသားများအတွင်းမှ “အယူဝါဒ မျိုးစုံရှိကြသည့် ကိုယ်စားလှယ်များအားလုံး ပါဝင်နိုင်ကြောင်း” ဟူ၍ နိုင်ငံကြီး ငါးနိုင်ငံတို့က ပြောကြားခဲ့ကြသည်။

ကမ္ဘောဒီးယား ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် ကုလသမဂ္ဂ အစီအစဉ်ကို လုံခြုံရေးကောင်စီက ၁၉၉၀ ပြည့်နှစ် စက်တင်ဘာလ ၂၀ ရက်နေ့တွင် ကောင်စီဝင်နိုင်ငံအားလုံး၏ တညီတညွတ်တည်း ထောက်ခံမှုဖြင့် အတည်ပြုလိုက်သည်။ ကမ္ဘောဒီးယားတွင် ပြိုင်ဖက်အုပ်စုများဖြစ်ကြသည့် ဟွန်ဆန်ခေါင်းဆောင်သော ဖနွမ်းပင်အစိုးရ၊ ကွန်မြူနစ် မဟုတ်သော မင်းသားကြီး သီဟာနုအုပ်စုနှင့် ဝန်ကြီးချုပ်ဟောင်း ဆွန်ဆန်အုပ်စုနှင့် ခမာနီအုပ်စုတို့ပါဝင်သည့် အမျိုးသားဦးစီးကောင်စီ ဖွဲ့စည်းရန် သဘောတူညီချက်ကိုလည်း လုံခြုံရေးကောင်စီက ကြိုဆိုလိုက်သည်။ ကုလသမဂ္ဂတွင် ကမ္ဘောဒီးယားနိုင်ငံ၏နေရာကို ကမ္ဘောဒီးယား အမျိုးသား ဦးစီး ကောင်စီဝင်များအား ပေးအပ်သည့် အဆိုတစ်ရပ်ကို ၎၅ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက အောက်တိုဘာလ ၁၅ ရက်နေ့တွင် တညီတညွတ်တည်း ဆန္ဒပေးထောက်ခံကာ အတည်ပြု ချမှတ်လိုက်သည်။ ကမ္ဘောဒီးယား၌ အသွင်ကူးပြောင်းရေးကာလတွင် ယာယီတာဝန်ယူအုပ်ချုပ်မည့် ကုလသမဂ္ဂကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းတည်ထောင်ရေး အစီအစဉ်ကိုလည်း အထွေထွေ ညီလာခံကြီးက အတည်ပြုပေးလိုက်သည်။

အီရတ် – ကူဝိတ်အရေး – ဤ နှစ်နိုင်ငံ အရေးသည် ၁၉၉၀ ပြည့်နှစ် ဩဂုတ်လ ၂ ရက်နေ့တွင် အီရတ်တပ်ဖွဲ့များက ကူဝိတ်နိုင်ငံအား ချင်းနင်း ဝင်ရောက် သိမ်းပိုက်သည့်အချိန်မှ စတင် ဖြစ်ပွား ပေါ်ပေါက်လာခဲ့သည်။ ထိုနေ့မှာပင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အီရတ်နိုင်ငံ၏ ကူဝိတ်နိုင်ငံအတွင်းသို့ ကျူးကျော်ဝင်ရောက်မှုကို ရှုတ်ချပြီး ကူဝိတ်နိုင်ငံမှ အီရတ်တပ်ဖွဲ့များ ခြွင်းချက်မရှိ ရုပ်သိမ်းပေးရန်နှင့် အီရတ်နှင့်ကူဝိတ်တို့ ဖော့စပ် ဆွေးနွေးမှုများ ချက်ချင်း စတင်ပြုလုပ်ကြရန် တောင်းဆိုသည့် ဆုံးဖြတ်ချက် တစ်ရပ်ကို ထောက်ခံမဲ ၁၄ မဲ၊ ကန့်ကွက်မဲ မရှိဖြင့် အတည်ပြု ချမှတ်ခဲ့သည်။ (ယီမင်နိုင်ငံကိုယ်စားလှယ်က ယင်း၏အစိုးရထံမှ ညွှန်ကြားချက် မရရှိသဖြင့် မဲပေးခြင်း မပြုဟု ဆိုသည်။) ဤဆုံးဖြတ်ချက်၌ အီရတ်နိုင်ငံ၏ ကျူးကျော်မှုသည် နိုင်ငံတကာ လုံခြုံရေးနှင့် ငြိမ်းချမ်းမှုကို ဖောက်ဖျက်ခြင်း ဖြစ်ကြောင်း ဖော်ပြလိုက်သည်။

ထို့နောက် ဩဂုတ်လ ၆ ရက်နေ့တွင် လုံခြုံရေးကောင်စီက အီရတ်နှင့်အီရတ်သိမ်းပိုက်ထားသော ကူဝိတ်နိုင်ငံတို့အပေါ် စီးပွားရေးအရ ပြင်းထန်စွာ အရေးယူရန် ဆုံးဖြတ်ချက်တစ်ရပ်ကို ထောက်ခံမဲ ၁၃ မဲ၊ ကြားနေမဲ ၂ မဲဖြင့် အတည်ပြုချမှတ်ခဲ့သည်။ ဤဆုံးဖြတ်ချက်မှာ အီရတ်နှင့် ကူဝိတ်နိုင်ငံတို့နှင့် ကုန်သွယ်မှုအားလုံးကို တားမြစ်ပိတ်ပင်ရန်၊ ရင်းနှီးမြှုပ်နှံခြင်းနှင့် ဝေငှကြေးအရ ဆက်ဆံခြင်းများ မပြုလုပ်ရန်၊ လက်နက် သို့မဟုတ် စစ်သုံးပစ္စည်း တင်ပို့ရောင်းချခြင်း မပြုလုပ်ရန်ဖြစ်သည်။ တားမြစ်ပိတ်ပင်မှုတွင်ဆေးဝါးအတွက်သက်သက်ဖြစ်သော ပစ္စည်းများ တင်ပို့မှုနှင့် အစားအစာပစ္စည်းကဲ့သို့သော လူသားချင်းစာနာမှုဖြင့်ပေးသောပစ္စည်းများမပါဝင်ပေ။

လုံခြုံရေးကောင်စီ၏ အတည်ပြုချက်မရရှိဘဲ အီရတ်နိုင်ငံအပေါ် ကုလသမဂ္ဂ၏ အရေးယူတားမြစ်ချက်များကို အင်အားသုံး၍အကောင်အထည်ဖော်ခြင်းသည် ကုလသမဂ္ဂ ပဋိညာဉ် စာတမ်းကို ချိုးဖောက်ရာ ရောက်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ပဲရက်ဒေးကွေးလျားက ဩဂုတ်လ ၁၆ ရက်နေ့တွင် ပြောကြားခဲ့ပြီးနောက် ကုလသမဂ္ဂက အီရတ်အပေါ် ကုန်သွယ်ရေးတားဆီးပိတ်ဆို့မှုများ ထိရောက် အောင်မြင်ရေးအတွက် အီရတ်သို့သွားမည့် သင်္ဘောများနှင့် အီရတ်မှ ထွက်ခွာလာသော သင်္ဘောများကို နိုင်ငံတကာက စစ်ရေးအရ တားမြစ်အရေးယူခွင့်ပြုသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို လုံခြုံရေးကောင်စီက ဩဂုတ်လ ၂၅ ရက်နေ့တွင် ထောက်ခံမဲ ၁၃ မဲ၊ ကြားနေမဲ ၂ မဲ (ကျူးယားနှင့်ယီမင်)၊ ကန့်ကွက်မဲမရှိဖြင့် ချမှတ်ခဲ့ပြန်သည်။

လုံခြုံရေးကောင်စီက တိုတောင်းသောကာလအတွင်း ဆုံးဖြတ်ချက်ငါးရပ်တိတိချမှတ်ကာ အရေးယူဆောင်ရွက်ခဲ့စေကာမူ အီရတ်နိုင်ငံက သဘောထားတင်းမာလျက်ရှိရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က အီရတ် – ကူဝိတ်

အရေးကို သံတမန်နည်းလမ်းအရဖြေရှင်းရန် အချိန်ကျ ရောက်လာပြီဖြစ်ကြောင်း ဩဂုတ်လ ၂၇ ရက်နေ့တွင် ပြောကြားပြီးလျှင် အတွင်းရေးမှူးချုပ် ပဲရက်ဒေးကွေးလျားသည် အီရတ်နိုင်ငံခြားရေးဝန်ကြီး တာရစ်အဇစ်နှင့် ဂျော် ဒန် နိုင် ငံ၊ အမှန်မြို့တော်တွင် နှစ် ရက် ကြာ တွေ့ ဆုံ ဆွေး နွေး ခဲ့ သည်။ ယင်း ဆွေး နွေး ပဲ့ ၌ ကူ ဝိတ် ကို သိမ်း ပိုက် ထား မှု နှင့် ပတ် သက် ၍ အီရတ်ဘက်မှ အလျော့ပေးလိုခြင်းမရှိသဖြင့် စိတ်ပျက် ဖွယ်ကောင်းကြောင်း အတွင်းရေးမှူးချုပ်က ပြောဆိုခဲ့ သည်ဟု စက်တင်ဘာလ ၃ ရက်နေ့စွဲဖြင့် အမှန်မြို့မှပေးပို့ သော နိုင်ငံခြားသတင်းတစ်ရပ်က ဆိုသည်။

ထို့နောက် စက်တင်ဘာလ ၁၃ ရက်နေ့တွင် လုံခြုံရေး ကောင်စီက ကုလသမဂ္ဂသည် အီရတ်နှင့် ကူဝိတ်တို့ကို ပိတ်ဆို့ တားမြစ်ထားသော်လည်း လူသားချင်းစာနာ ထောက်ထားသည့် အနေဖြင့် ကုလသမဂ္ဂနှင့် အလားတူ အဖွဲ့အစည်းများမှတစ်ဆင့် စားနပ်ရိက္ခာများ တင်ပို့ခြင်း ကို ခွင့်ပြုမည်ဖြစ်ကြောင်း ဆုံးဖြတ်လိုက်သည်။ ယင်းဆုံး ဖြတ်ချက်ကို ထောက်ခံမဲ ၁၃ မဲ၊ ကန့်ကွက်မဲ ၂ မဲ (ကျူးဗားနှင့် ယီမင်) ဖြင့် အတည်ပြုချမှတ်ခဲ့သည်။

ဆက်လက်၍ အီရတ်နှင့်အီရတ်က သိမ်းပိုက်ထားသော ကူဝိတ်နိုင်ငံအပေါ် လေကြောင်း ပိတ်ဆို့မှုပြုလုပ်ရန် ဆုံးဖြတ်ချက်တစ်ရပ်ကို လုံခြုံရေးကောင်စီက ထောက်ခံမဲ ၁၄၊ကန့်ကွက်မဲ ၁ မဲ (ကျူးဗား) ဖြင့် စက်တင်ဘာလ ၂၇ ရက်နေ့တွင် အတည်ပြုချမှတ်လိုက်သည်။ ဤဆုံးဖြတ် ချက်အရလုံခြုံရေးကောင်စီက အီရတ်နှင့်ကူဝိတ်မှမည်သည့် လေယာဉ်ကိုမဆို မိမိနိုင်ငံမှပျံသန်းခြင်း၊ မိမိနိုင်ငံတွင် ဆင်းသက် ရပ်နားခြင်း၊ မိမိနိုင်ငံ၏ လေပြင်ပိုက်နက်ကို ဖြတ်ကျော်ဖြတ်သန်းခြင်းတို့ကို ခွင့်မပြုရန် အဖွဲ့ဝင်နိုင်ငံ များအား မေတ္တာရပ်ခံလိုက်သည်။

နို့ဝင်ဘာလ ၂၉ ရက်နေ့တွင် လုံခြုံရေးကောင်စီက ကူဝိတ်နှင့်ယင်း၏မဟာမိတ်များအဖွဲ့ ကူဝိတ်ရှိအီရတ်တပ် များကို ဖယ်ရှားရာ၌အင်အားသုံး၍ ဆောင်ရွက်နိုင်သည့် ဆုံးဖြတ်ချက်တစ်ရပ်ကို အတည်ပြုချမှတ်ခဲ့သည်။ ဤဆုံး ဖြတ်ချက်အရ အီရတ်နိုင်ငံက ယင်း၏ တပ်ဖွဲ့များကို ၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့မတိုင်မီရုပ်သိမ်းခြင်း မရှိလျှင်သော်လည်းကောင်း၊ ဓားစာခံအဖြစ် ထားရှိသူ အားလုံးအား လွှတ်ပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ကူဝိတ်ရှိအီရတ်တပ်များကိုဖယ်ရှားရေးအတွက် ကူဝိတ်နှင့် ယင်း၏ မဟာမိတ်အားလုံးတို့အား ဖြစ်နိုင်သည့်နည်းလမ်း အားလုံး အသုံးချဆောင်ရွက်ခွင့် အာဏာပေးအပ်လိုက် သည်။ ဤဆုံးဖြတ်ချက်ကို မဲခွဲရာ၌ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံအနက် လေးနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၂ နိုင်ငံက ထောက်ခံမဲပေးပြီး နှစ်နိုင်ငံ (ကျူးဗားနှင့်ယီမင်) တို့က ကန့်ကွက်မဲပေးခဲ့ကြ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံက မဲမပေးဘဲ နေခဲ့သည်။

စိုက်ပရပ်ပြဿနာဖြေရှင်းရေး – ၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၆ ရက်မှ မတ်လ ၂ ရက်နေ့ အတွင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်သည် စိုက်ပရပ်နိုင်ငံမှ ဂရိစိုက်ပရပ်အမျိုးသားများနှင့် တူရကီ စိုက်ပရပ်အမျိုး သားများ၏ ခေါင်းဆောင်များနှင့် နယူးယောက်မြို့တွင် ဆွေးနွေးပဲ့များပြုလုပ်ခဲ့သည်။ သို့သော်လည်း ရည်ရွယ် သည့်အတိုင်း ပြဿနာတစ်ရပ်လုံးအတွက် သဘောတူစာ ချုပ်မူကြမ်းတစ်ရပ် ရေးဆဲ့ရေးအတွက် တိုးတက်မှုမရရှိ ခဲ့ပေ။ မတ်လ ၁၂ ရက်နေ့တွင် လုံခြုံရေးကောင်စီက စိုက်ပရပ်နိုင်ငံရှိ လူမျိုးစုနှစ်ရပ်တို့၏ ခေါင်းဆောင်များ အား ယင်းတို့၏ပြဿနာအတွက် နှစ်ဦးနှစ်ဖက် လက်ခံ နိုင်သော ဖြေရှင်းမှုတစ်ရပ်ကို လွှတ်လပ်စွာဖော်ဆောင် ကြရန် တောင်းဆိုပြောကြားလိုက်သည်။ ဤဖြေရှင်း ချက်ကို ဖန်တီးပြုလုပ်ရာ၌ ယင်းခေါင်းဆောင်များက လူမျိုးစုနှစ်ရပ်လုံးပါဝင်သည့် စိုက်ပရပ် ပြည်ထောင်စု သမ္မတနိုင်ငံတစ်ခု တည်ဆောက်ရန် အဓိဋ္ဌာန်ပြုခဲ့ကြသည့် ၁၉၇၇ ခုနှစ်နှင့် ၁၉၇၉ ခုနှစ်ဆိုင်ရာ ထိပ်တန်းသဘော တူညီချက်များနှင့်အညီ လူမျိုးစုနှစ်ရပ်နှင့် ဒေသနှစ်ပိုင်း အတွက် ပြဋ္ဌာန်းချက်များပါဝင်သော ဖြေရှင်းချက်မျိုး ဖြစ်စေရန် ပြောကြားလိုက်သည်။ လုံခြုံရေးကောင်စီဝင် များက တညီတညွတ်တည်း အတည်ပြုချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်အမှတ် ၆၇၉ (၁၉၉၀) တွင် လုံခြုံရေး ကောင်စီက နှစ်ဖက်ခေါင်းဆောင်များအား ၁၉၈၉ ခုနှစ် ဇွန်လတွင် သဘောတူခဲ့ကြသည့်အတိုင်း ဘက်စုံပြည့်ဝ သော သဘောတူစာချုပ် မူကြမ်း တစ်စောင်ကို ဆောလျင်စွာရေးဆဲ့ပြီးမြောက်ရေးအတွက် နှစ်ဦးနှစ်ဖက် တန်းဘူရည်တူအခြေခံဖြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် နှင့် ပူးပေါင်းဆောင်ရွက်ကြရန် တောင်းဆိုပြောကြား လိုက်သည်။

အစ္စရေးနှင့်ပါလက်စတိုင်းများဆက်ဆံရေးအခြေအနေ – အစ္စရေးတို့သိမ်းပိုက်ထားသော နယ်မြေများတွင် နေထိုင် သူ ပါလက်စတိုင်း အမျိုးသားများအား အစ္စရေးတို့က မတရားပြုမူဆက်ဆံခြင်းများနှင့် စပ်လျဉ်း၍ အစီရင်ခံစာ တင်သွင်းမည့် အချက်အလက်ရှာဖွေရေး အဖွဲ့တစ်ဖွဲ့ ဖဲ့စည်းရန် အဆိုတစ်ရပ်ကို လုံခြုံရေးကောင်စီတွင် ဘက်မလိုက်အုပ်စုမှ ကြိုးမှူးတင်သွင်းခဲ့သည်။ ယင်းအဆို မူကြမ်းကို ၁၉၉၁ ပြည့်နှစ် မေလ ၃၁ ရက်နေ့တွင် လုံခြုံ ရေးကောင်စီ၌ မဲခွဲရာ အမေရိကန်ပြည်ထောင်စုက ကန့်ကွက်မဲပေးကာ ဗီတိုအာဏာဖြင့် ပယ်ချခဲ့သည်။

ယင်းအဆိုကို လုံခြုံရေးကောင်စီ၏ အခြားအမြဲတမ်းအဖွဲဝင် လေးနိုင်ငံတို့က ထောက်ခံမဲပေးခဲ့ကြသည်။

၁၉၉၀ ပြည့်နှစ်အတွင်း၌ ဆိုဗီယက်ပြည်ထောင်စုမှ ရဟူဒီတစ်သိန်းမျှ အစ္စရေးနိုင်ငံသို့ ပြောင်းရွှေ့လာကြလိမ့်မည်ဟု ခန့်မှန်းခဲ့ကြသည်။ လုံခြုံရေးကောင်စီသည် မတ်လ ၁၅ ရက်မှ ၂၉ ရက်နေ့အတွင်း အစည်းအဝေးငါးကြိမ် ကျင်းပပြီးအစ္စရေးတို့သိမ်းပိုက်ထားသော အာရပ်နယ်မြေများတွင် ဆိုဗီယက်ပြည်ထောင်စုမှ အစ္စရေးသို့ ပြောင်းရွှေ့ဝင်ရောက်လာသူများအား နေရာချထားပေးသည်ဆိုသော သတင်းများကို ဆွေးနွေးသုံးသပ်ခဲ့သည်။ ယင်း သို့ ပြောင်း ရွှေ့ လာ သူ များ အား အစ္စရေးတို့သိမ်းပိုက်ထားသောနယ်မြေများနှင့် အရှေ့ဂျေရုဆလင်၌ နေရာချထားပေးခြင်းသည် တရားမဝင်သော လုပ်ရပ်တစ်ခုဖြစ်ကြောင်း အာရပ်နိုင်ငံများက ကမကထပြုတင်သွင်းသည့် အဆိုမူကြမ်းတစ်ရပ်ကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ၁၉၉၀ ပြည့်နှစ် မေလ ၉ ရက်နေ့တွင် ဆုံးဖြတ်ချမှတ်ခဲ့သည်။

၁၉၉၀ ပြည့်နှစ် အောက်တိုဘာလ ဂ ရက်နေ့တွင် ဂျေရုဆလင်မြို့ရှိ ဘုရားကျောင်းအနီးတွင် ယင်းမြို့ရှိ ရဟူဒီများက ဘာသာရေးဝတ်ပြု ဆုတောင်းပွဲတစ်ခု ကျင်းပနေစဉ် ပါလက်စတိုင်းအမျိုးသားများက အနီးရှိ တောင်ကုန်းပေါ်မှနေ၍ ခဲများဖြင့် ပစ်ပေါက်ရာမှအစ ဖြစ်ပွားပေါ် ပေါက်လာသောအဓိကရုဏ်းတွင် အစ္စရေးရဲများက သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် ပါလက်စတိုင်းအမျိုးသား ၁၉ ဦး (သတင်းတစ်ရပ်က ၂၁ ဦးဟု ဆိုသည်။) သေဆုံးပြီး ပါလက်စတိုင်း ၁၁၅ ဦးနှင့် အစ္စရေး ၇ ဦးတို့ ဒဏ်ရာများရရှိခဲ့ရာ ယင်းအရေးကိစ္စကို လုံခြုံရေးကောင်စီ၌ ငါးရက်ကြာ အကျိတ်အနယ် ဆွေးနွေးပြီးနောက် အောက်တိုဘာလ ၁၃ ရက်နေ့တွင် အစ္စရေးနိုင်ငံအား ပြစ်တင်ရှုတ်ချသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို လုံခြုံရေးကောင်စီအဖွဲဝင်အားလုံးက တညီတညွတ်တည်း ထောက်ခံမဲပေး၍ အတည်ပြုချမှတ်ခဲ့သည်။ ဤဆုံးဖြတ်ချက်အရ ဂျေရုဆလင်မြို့၌ ဖြစ်ပွားသော အထက်ပါအရေးကိစ္စကို ကုလသမဂ္ဂက စုံစမ်းစစ်ဆေးရေးအဖွဲတစ်ဖွဲ့ စေလွှတ်စုံစမ်းစစ်ဆေးရန် စီစဉ်ခဲ့ရာ အစ္စရေးနိုင်ငံက ယင်းအစီအစဉ်ကို ပယ်ချ၍ ပူးပေါင်းဆောင်ရွက်ခြင်း မပြုသည့်အတွက် အစ္စရေးနိုင်ငံအား အပြစ်ဖို့ကြောင်းလုံခြုံရေးကောင်စီက ချမှတ်လိုက်သည်။

အထွေထွေ ညီလာခံဆိုင်ရာ ဖြစ်ရပ်အချို

တောင်အာဖရိက၏ အသားရောင် ခွဲခြားမှု စနစ် တိုက်ဖျက်ရေး – ၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် တောင် အာဖရိကနိုင်ငံ၏ အာဖရိက အမျိုးသားကွန်ဂရက် (အေအင်စီ)၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ နယ်လ်ဆင် မန်ဒဲလားအား ထောင်ထဲတွင် ၂၇ နှစ်ကျော် ချထားပြီးနောက် လွှတ်ပေးလိုက်ရာ ကုလသမဂ္ဂ၏ အသားရောင် ခွဲခြားမှု ဆန့်ကျင်ရေး အထူးကော်မတီက "လှိုက်လှဲစွာ ဝမ်းမြောက်ကြောင်း" ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ ထို့နောက် ယင်းကော်မတီကပင် မတ်လ ၉ ရက်နေ့တွင် စတင်ကျင်းပသည့် ယင်း၏ ၁၉၉၀ ပြည့်နှစ်ဆိုင်ရာ အစည်းအဝေးတွင် တောင်အာဖရိကနိုင်ငံအပေါ် အရေးယူ ဆောင်ရွက်ထားမှုများကို ဆက်လက်ထားရှိရန်နှင့် ယင်းနိုင်ငံက အစ္စရေးနိုင်ငံနှင့် နျူကလီးယားနှင့် စစ်ဘက်နယ်ပယ်များ၌ ပေါင်းဖက်လုပ်ကိုင်နေခြင်းများကို အဆုံးသတ်ပစ်ရန် တိုက်တွန်းပြောဆိုလိုက်သည်။ နယ်လ်ဆင်မန်ဒဲလားကလည်း ၁၉၉၀ ပြည့်နှစ် ဇွန်လ ၂၂ ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် မိန့်ခွန်းစကားပြောကြားရာ၌ တောင်အာဖရိကနိုင်ငံတွင် အသားရောင်ခွဲခြားမှု စနစ်ကျင့်သုံးမှုနှင့် ပတ်သက်၍ ပြောင်းလဲမှု တစ်စုံတစ်ရာမရှိသေးကြောင်း ထောက်ပြပြီး တောင်အာဖရိကနိုင်ငံအပေါ် အရေးယူဆောင်ရွက်ထားမှုများကို ထားမြဲထားရှိရန် ကုလသမဂ္ဂအဖွဲ့ကြီးနှင့် နိုင်ငံအသီးသီးမှ အစိုးရအဖွဲများအား တိုက်တွန်းပြောကြားခဲ့သည်။

၄၅ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ကိုလိုနီနယ်မြေ ကင်းလွတ်ရေးဆိုင်ရာ ကော်မတီကလည်း တောင်အာဖရိကအစိုးရနှင့် နိုင်ငံရေး၊ သံတမန်ရေး၊ စီးပွားရေး၊ နျူကလီးယား၊ စစ်ရေးနှင့် အခြားနယ်ပယ်များ၌ ပူးပေါင်းဆောင်ရွက်နေသည့် နိုင်ငံအချို့အား ပြစ်တင်ရှုတ်ချသော ဆုံးဖြတ်ချက် မူကြမ်းတစ်ရပ်ကို ထောက်ခံမဲ ၁၅၀၊ ကန့်ကွက်မဲ ၁၂ မဲဖြင့် အတည်ပြုလိုက်သည်။ အစ္စရေးနှင့် တောင်အာဖရိကတို့ နျူကလီးယားကဏ္ဍ၌ တိုးတက် ပူးပေါင်း ဆောင်ရွက်နေမှုကိုလည်း ယင်းကော်မတီက ပြစ်တင်ရှုတ်ချလိုက်သည်။

ကမ္ဘာ့ကလေးသူငယ်များဆိုင်ရာ ထိပ်သီးညီလာခံ–ကမ္ဘာပေါ်ရှိ အဆင်းရဲဆုံးနှင့် ရောဂါဘယ အထူးပြောဆိုးကလေးသူငယ်များအားကယ်ဆယ်ရေးအတွက် ကုလသမဂ္ဂ ကလေးသူငယ်များ ရန်ပုံငွေအဖွဲ့(ယူနီဆက်)က ကမကထပြုစီစဉ်သည့် ကလေးသူငယ်များဆိုင်ရာ ထိပ်သီးညီလာခံတစ်ရပ်ကို နယူးယောက်မြို့ ကုလသမဂ္ဂ ဌာနချုပ်၌ ၁၉၉၀ ပြည့်နှစ် စက်တင်ဘာလ ၂၉ မှ ၃၀ ရက်နေ့အထိ နှစ်ရက်ကြာကျင်းပခဲ့သည်။ ယင်းညီလာခံသို့ ကုလသမဂ္ဂအဖွဲဝင် နိုင်ငံများမှ ဘုရင်၊ သမ္မတနှင့် ဝန်ကြီးချုပ် ၇၀ ဦး တက်ရောက်ကာ ကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး

ကမ္ဘာ့ကလေးသူငယ်များ၏ အသက်ကိုကယ်ဆယ်ကြရန် ထည့်သွင်း ဖော်ပြလိုက်ကြသည်။ ကမ္ဘာ့ ကလေးသူငယ်များ ဆင်းရဲဒုက္ခကြုံတွေ့ရမှု၊ ရောဂါဘယထူပြောမှု၊ ငတ်မွတ်ခေါင်းပါးမှုနှင့် စာမတတ်မှုဘေးတို့မှ ကင်းဝေးစေရေးနှင့် ကမ္ဘာကြီးမှ ထွက်ပေါ်လာသည့် အကျိုးခံစားခွင့် အားလုံးကို ကလေး သူငယ်များ အနေဖြင့် ဦးစားပေးခံစားခွင့် ရရှိစေရန် ဆောင်ရွက်ရေးအတွက် ဒေါ်လာ သန်းပေါင်းများစွာ ကုန်ကျမည့်အစီအစဉ် တစ်ရပ်ကိုလည်း ချမှတ်ခဲ့ကြသည်။

ကုလသမဂ္ဂ၏ ဘဏ္ဍာရေး အခြေအနေ


ကုလသမဂ္ဂ၏ ၁၉၉၀-၉၁ ခုနှစ် ဘဏ္ဍာရေးနှစ် အသုံးစရိတ်အတွက် ၄၄ ကြိမ်မြောက် အထွေထွေညီလာခံကြီးက ဒေါ်လာ ၁,၉၇,၄၆,၃၄,၀၀၀ ကို သဘောတူ အတည်ပြုခဲ့သည်။ ယင်း နှစ်အတွက် ဝင်ငွေမှာ ဒေါ်လာ ၃၆,၇၂,၂၆,၂၀၀ ရှိမည်ဟု ခန့်မှန်းခဲ့သည်။

အထက်ဖော်ပြပါ အသုံးစရိတ်တွင် ယခုနှစ် (၁၉၉၀) အတွင်းဆောင်ရွက်မည့် လုပ်ငန်းများအတွက် ကုန်ကျစရိတ်ဒေါ်လာ ၉၃၅ သန်းခန့်ပါဝင်သည်။ ကမ္ဘာပေါ် ဘဏ္ဍာငွေမြင်းချမ်းရေး သိန်းသိမ်းမှု လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နေသည့် ကုလသမဂ္ဂ အဖွဲ့ကြီးအတွက် ဘဏ္ဍာရေးပြဿနာများနှင့် ကြုံတွေ့လျက်ရှိရပြီး ကုလသမဂ္ဂ အဖွဲ့ဝင်ပေါင်း ၁၁ နိုင်ငံထံမှ ဒေါ်လာ ၁ ဒသမ ၅၉ သန်းမျှ ထည့်ဝင်ရန် ကြွေးကျန်များရှိနေသေးကြောင်း ၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ကုလသမဂ္ဂ အစီရင်ခံစာ ဟစ်စောင်က ဖော်ပြသည်။ ထို့နောက် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများတွင် ငြိမ်းချမ်းရေး ထိန်းသိမ်းမှု လုပ်ငန်းများအတွက် ကုလသမဂ္ဂသို့ ငွေကြေးထည့်ဝင် လှူဒါန်းရန် ဒေါ်လာသန်း ၁၀၀၀ ကျော်မျှ ကြွေးကျန်များရှိနေကြောင်း၊ ယင်းအနက် အမေရိကန်ပြည်ထောင်စုတွင် ဒုစုပေါင်း ဒေါ်လာသန်း ၆၀၀ ကျော် ကြွေးကျန်ရှိနေခြင်းကြောင်း၊ ၁၉၉၀ ပြည့်နှစ် အောက်တိုဘာလတွင် ကုတ်ပြန်သော ကိန်းဂဏန်းများက ဖော်ပြခဲ့သည်။

တက္ကသိုလ် သက်ပန်

ကိုရီးယား သမ္မတနိုင်ငံ။ ။ ကိုရီးယား နိုင်ငံ၏ [illegible] အခြေအနေမှာ ၁၉၁၉ ခုနှစ် နောက် [illegible] ပြည့်နှစ် အစောပိုင်း ကာလများ [illegible] သည့် တိုးတက်ဖြစ်ပေါ်မှုဖြစ်ရပ် နှစ် [illegible] ခဲ့သည်ဟု ဆိုနိုင်ပေသည်။ ဖြစ်ရပ် [illegible] ခုနှစ် ဒီဇင်ဘာလတွင် အဓိကအတိုက် [illegible] သုံးပါတီနှင့် သမ္မတ နိုင်ငံတော်တွင် [illegible] သည်သင့်မြတ်ရေး အတွက် စေ့စပ်ညှိနှိုင်း အဖြေရှာခဲ့ခြင်း ဖြစ်သည်။ ယင်းစေ့စပ် ညှိနှိုင်းမှုတွင် ချန်ဒူးဝှမ် လက်ထက် ပဋိပက္ခမြောက် ကိုရီးယား သမ္မတနိုင်ငံ၏ ဂုဏ်သရေ မဲ့ခဲ့ရသည့် အမွေဆိုးကို ဝေဖန်ထောက်ပြကာ သမ္မတဟောင်း ချန်ဒူးဝှမ်အား ၁၉၇၀ ပြည့်နှစ်က ဖြစ်ပွားခဲ့သော ကွမ်ဂျူးအုံကြွမှုနှင့် ပတ်သက်၍ ပြည်သူလူထုရှေ့မှောက်တွင် ကြားနာစစ်ဆေးရန် တောင်းဆိုထားသည်။ အဆိုပါ ကွမ်ဂျူးအုံကြွမှုတွင် အစိုးရက ရက်စက်စွာ နှိမ်နင်းမှုကြောင့် အရပ်သားအများအပြား သေဆုံးကြရသည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၉ – စာ၊ ၁၁၇—ရှု။)

အဲ့အားသင့်လောက်သည့် အခြေး ဖြစ်ပေါ်တိုးတက်မှုတစ်ခုမှာ ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ ၂၂ ရက်နေ့တွင် အာဏာရ ဒီမိုကရက်တစ် တရားမျှတမှု ပါတီ (ဒီဂျေပီ) နှင့် အတိုက်အခံပါတီများ ဖြစ်ကြသော ကင်ယန်းဆမ် ဦးဆောင်သော ပြန်လည်ပေါင်းစည်းရေး ဒီမိုကရက်တစ်ပါတီ (အာရ်ဒီပီ)၊ ကင်ဂျုံပီးလ် ဦးဆောင်သောနယူးဒီမိုကရက်တစ် ရီပတ်ဘလစ်ကန်ပါတီ (အင်ဒီအာရ်ပီ)တို့ ပူးပေါင်းလိုက်ကြခြင်း ဖြစ်သည်။ သုံးပါတီပူးပေါင်းဖွဲ့စည်းထားသည့် ပါတီအမည်သစ်ကို ဒီမိုကရက်တစ်လစ်ဘရယ်ပါတီ (ဒီအယ်ပီ) ဟု ခေါ်ဆိုကြသည်။ ဤသို့ဖြင့် နိုဝင်ဘာ ၁၀ ရက်နေ့ ကျင်းပခဲ့သော ဒီမိုကရက်တစ်လစ်ဘရယ်ပါတီ ပထမဆုံးအကြိမ်အဖြစ် လွှတ်တော်တွင် ဥပဒေပြုနိုင်လောက်သည့် လုံလောက်သော အမတ်အင်အား ရရှိသွားသည်။ အမတ်နေရာ ၂၉၉ နေရာရှိသည့် အမျိုးသားလွှတ်တော်တွင် ပူးပေါင်း ဖွဲ့စည်းလိုက်သည့် ဒီမို



ကရက်တစ် လစ်ဘရယ်ပါတီ အနေဖြင့် နေရာ ၂၂၀ ရရှိထားသည်။

ဒီအယ်ပီ အနေဖြင့် လွှတ်တော်တွင် အမတ်အင်အား သုံးပုံနှစ်ပုံ လွှမ်းမိုးထားနိုင်မှုကို အသုံးချကာ ၁၉၉၂ ခုနှစ် ရွေးကောက်ပွဲများ မတိုင်မီ ဖွဲ့စည်းပုံ အခြေခံဥပဒေအား ပြောင်းလဲ ပြင်ဆင်ရန် လုပ်ဆောင်လိမ့်မည်ဟု ယုံကြည်ရပေသည်။ အဓိကအချက်မှာ လက်ရှိ သမ္မတ စနစ်မှ ဝန်ကြီးချုပ် ဦးဆောင်သော အစိုးရအဖွဲ့ကို အခြေခံသည့် စနစ်သို့ ပြောင်းလဲရန်ပင် ဖြစ်သည်။

၁၉၄၈ ခုနှစ်တွင် နိုင်ငံလွှတ်လပ်ရေး ရရှိခဲ့ချိန်မှစ၍ တောင်ကိုရီးယား နိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရှစ်ကြိမ်တိုင် ပြန်လည်ပြုပြင်ခဲ့ရသည်။ ၁၉၈၇ ခုနှစ်တွင် နောက်ဆုံးအကြိမ် ပြန်လည်ပြုပြင်ခြင်းဖြစ်သည်။ ထိုစဉ်က ပြည်သူတို့၏ ဖိအားပေးမှုကို ကြုံတွေ့ရသော သမ္မတ ချန်ဒူးဝှမ်မှာ ၁၆ နှစ်အတွင်း ပထမဆုံး တိုက်ရိုက်သမ္မတ ရွေးကောက်ပွဲ ကျင်းပပေးရန် သဘောတူညီခဲ့ရသည်။ အစိုးရက လျာထားသော သမ္မတလောင်း နိုတေဝူးမှာ အတိုက်အခံအုပ်စုနှစ်ခုနှင့် ယှဉ်ပြိုင်အရွေးခံရာ အနိုင်ရရှိခဲ့သည်။ (စွယ်စုံ နှစ်ချုပ် ၁၉၈၈–စာ၊ ၁၃၂၊ ၁၃၃ —ရှု။) ဂျပန်နှင့် ငြိတိန်ကဲ့သို့ ဝန်ကြီးချုပ်ခေါင်းဆောင်သော ပါလီမန်အစိုးရ အဖွဲ့စနစ်မှာ တောင်ကိုရီးယားတွင် ပိုမိုကောင်းမွန်သော နိုင်ငံရေး တည်ငြိမ်မှုကို ရရှိနိုင်ကြောင်း အစိုးရအား ထောက်ခံသူများက တင်ပြကြသည်။

အတိုက်အခံ သုံးပါတီအနက် အကြီးမားဆုံးနှင့် သဘောထား အတင်းမာဆုံးဖြစ်သည့် ကင်ဒေးယုံခေါင်းဆောင်သော ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီပါတီ (ပီပီဒီ) သည် ဒီဂျေပီနှင့် ပူးပေါင်းဖွဲ့စည်းမှုတွင် ပါဝင်ခြင်းမရှိပေ။ ကင်ဒေးယုံက ဒီဂျေပီနှင့် အတိုက်အခံ ပါတီ နှစ်ခုတို့ ပူးပေါင်းဖွဲ့စည်းမှုသည် ပြည်သူလူထုအား သစ္စာဖောက်သည့် လုပ်ရပ်ဖြစ်သည်ဟု ပြောကြားကာ ရှုတ်ချလိုက်သည်။ ဒီဂျေပီနှင့် အတိုက်အခံ ပါတီနှစ်ခုတို့ ပူးပေါင်းဖွဲ့စည်းသည့် သတင်း ထွက်ပေါ်လာသည်နှင့် ဆိုးလ်မြို့အပါအဝင် အခြားနေရာများတွင် ကန့်ကွက်ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့ပြီး ဆိုးလ်မြို့တော်ရှိ တက္ကသိုလ်ငါးခုတွင်လည်း ကျောင်းသားများနှင့် ရဲများ အဓိကရုဏ်း ဖြစ်ပွားကြသည်။

ပူးပေါင်း ဖွဲ့စည်းလိုက်သည့် အာဏာရ ပါတီသစ်ဖြစ်သည့်ဒီမိုကရက်တစ် လစ်ဘရယ်ပါတီ (ဒီအယ်ပီ) သည် ၎င်း၏ ပါတီညီလာခံကို ဖေဖော်ဝါရီလ ၉ ရက်နေ့က ဆိုးလ်မြို့တွင် ကျင်းပခဲ့သည်။ အဆိုပါညီလာခံတွင် သမ္မတ နိုတေဝူးနှင့်အတိုက်အခံပါတီမှ ခေါင်းဆောင်များ



ကိုရီးယားနိုင်ငံ သမ္မတနိုတေဝူး

ဖြစ်ကြသည့် ကင်ယန်းဆမ်နှင့် ကင်ဂျုံပီးလ်တို့အား ပါတီသစ်၏ ပူးတွဲခေါင်းဆောင်များအဖြစ် သတ်မှတ်လိုက်ကြသည်။ ထို့ပြင် ပါတီသစ်ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းချမှတ် အတည်ပြုရန်ကို လည်းကောင်း၊ ပါတီ၏ တစ်ဦးတည်းသော ခေါင်းဆောင်ကို ရွေးချယ်ခန့်အပ်ရန်ကို လည်းကောင်း သဘောတူညီခဲ့ကြသည်။ ၎င်းကိစ္စများကို ပါတီ၏ နိုင်ငံလုံးဆိုင်ရာ ညီလာခံတွင် ဆောင်ရွက်ရန်ဖြစ်သည်။

ဒီအယ်ပီ၏ ပါတီမူဝါဒနှင့် ပတ်သက်သည့် ကြေညာချက်တွင် ဒီမိုကရေစီအရေး၊ နိုင်ငံ ကြွယ်ဝချမ်းသာရေးနှင့် အမျိုးသား ပြန်လည်ပေါင်းစည်းရေးဆိုင်ရာ အမျိုးသားရေး သမိုင်းကဏ္ဍသစ်ကို ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် လစ်ဘရယ် ဒီမိုကရက်တစ် နိုင်ငံရေး စနစ်နှင့် လွှတ်လပ်သော စေးကွက်စနစ်တို့ကို ဖွံ့ဖြိုးအောင် ဆောင်ရွက်၍ ကာကွယ်စောင့်ရှောက်မည့် ပြုပြင်ပြောင်းလဲမှုကို လိုလားသော ဒီမိုကရက်တစ် ပါတီတစ်ခု အနေဖြင့် လုပ်ဆောင်မည် ဖြစ်ကြောင်း ကတိကဝတ်ပြုထားသည်။

၁၉၀၉ ခုနှစ် ဇူလိုင်လက မြောက်ကိုရီးယားနိုင်ငံ ပြုံးယမ်းတွင် ကျင်းပခဲ့သည့် ၁၃ ကြိမ်မြောက် ကမ္ဘာ့လူငယ်နှင့် ကျောင်းသား ပွဲတော်သို့ တက်ရောက်ကာ ကိုရီးယား နှစ်နိုင်ငံ ပြန်လည် ပေါင်းစည်းရေးအတွက် ဆောင်ရွက်ရန် မြောက်ကိုရီးယားသို့ ဝရာမဝင် ခရီး

သွားရောက်ခဲ့သည့် အသက် ၂၁ နှစ်အရွယ်ရှိ တက္ကသိုလ် ကျောင်းသားတစ်ဦးနှင့် အလားတူ သွားရောက်ခဲ့သည့် ရိုမန်ကက်သလစ် ဘုန်းတော်ကြီး တစ်ပါးတို့ကို ၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် တောင်ကိုရီးယားအစိုးရက ထောင်ဒဏ် ၁၀ နှစ်နှင့် ရှစ်နှစ် ပြစ်ဒဏ် အသီးသီး ချမှတ်ခဲ့သည်။ ၎င်းတို့အား တောင်ကိုရီးယားနိုင်ငံ၏ အငြင်းပွားဖွယ်ရာရှိသည့် အမျိုးသားလုံခြုံရေး အက်ဥပဒေအရ တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။ အဆိုပါ အက်ဥပဒေအရ ကိုရီးယားနှစ်နိုင်ငံကြား တရားမဝင် ဆက်သွယ်ရေးများကို ပိတ်ပင် တားမြစ်ထားသည်။ ဇဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် တောင်ကိုရီးယား အစိုးရသည် လွတ်ငြိမ်းချမ်းသာခွင့် ထုတ်ပြန်ကြေညာသည်။ ယင်းလွတ်ငြိမ်းချမ်းသာခွင့်အရ မြောက်ကိုရီးယားအတွက် သူလျှိုလုပ်မှုဖြင့် ပြစ်ဒဏ်စီရင်ခံရသည့် လက်ဝဲဝါဒီ ၂၂ ဦးနှင့် အခြားအကျဉ်းသား ၁,၀၀၉ ဦးအား လွတ်ပေးမည်ဖြစ်သည်။

သမ္မတ နိုတေဝူးသည် အဖွဲ့ဝင် ၂၀ ဦး ရှိ သော ၎င်း၏ အစိုးရ အဖွဲ့မှ ၁၅ နေရာ အစားထိုး ရွေး ချယ်ကာ အစိုးရ အဖွဲ့အတွင်း အပြောင်း အလဲ ကို မတ်လ ၁၇ ရက်နေ့တွင် ပြုလုပ်ခဲ့သည်။ ဖေဖော်ဝါရီလက ဒီမိုကရက်တစ် လစ်ဘရယ် ပါတီသစ် ဖွဲ့စည်း ဖြစ်ပေါ် ခြင်းနှင့် အတူ အစိုးရ အဖွဲ့အတွင်း အပြောင်းအလဲတွင် ဝန်ကြီးသစ် သုံးဦးမှာ အတိုက်အခံ ပါတီမှ ပုဂ္ဂိုလ်များ ဖြစ်ပေသည်။ အပြောင်း အလဲ ပြုလုပ် ရာတွင် စီး ပွား ရေးနှင့်ဆိုင်သည့် ဝန်ကြီးဌာနများ ပါ ဝင် ပေ သည်။ တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေး တိုးတက်မှု နှုန်း မှာ ၁၉၈၈ ခုနှစ်တွင် ၁၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ၁၉၈၉ ခုနှစ်တွင် ၆ ဒသမ ၅ ရာခိုင်နှုန်းသို့ ကျဆင်းသွားခဲ့သည်။ မတ်လ ၂၀ ရက်နေ့က အစိုးရ အဖွဲ့သစ်၏ ပထမဆုံး အစည်း အဝေးတွင် နိုတေဝူးက နိုင်ငံ၏ လက်ရှိ စီး ပွား ရေး အခက်အခဲများမှာ အစိုးရ အနေဖြင့် အ ဓိ က ဦး စား ပေး လုပ်ဆောင် ရမည့် လုပ်ငန်း များ ဖြစ် ကြောင်း အကြံပြု ပြောကြားခဲ့သည်။

အစိုးရ အဖွဲ့ အတွင်း အပြောင်းအလဲများ ပြုလုပ် ခဲ့ခြင်းနှင့် အတူ ဧပြီလ ၄ ရက်နေ့တွင် စီးပွားရေး စီမံ ကိန်း ဘုတ်အဖွဲ့ အကြီးအကဲ ဖြစ်သူ ဒုတိယ ဝန် ကြီး ချုပ်သစ်က ခဲ့ဖူးခဲ့ စီးပွားရေး ဆောင်ရွက်ချက် လုပ်ငန်း အစီအစဉ်များကို စတင်ခဲ့သည်။ ပို့ကုန် တိုးမြှင့်ခြင်း ဖြင့် စီးပွားရေး တိုးတက်မှုနှုန်း မြင့်တက် လာစေရန် ရည်ရွယ်သည့် အဆိုပါ ဆောင်ရွက်ချက်တွင် မြို ရှင် ကန့် သတ်ချက်များ လျော့ပေါ့ သက် သာ ခွင့် နှင့် ငွေ သား ရင်းနှီးမြှုပ်နှံမှုဖြင့် ကူညီရန် ရန်ပုံငွေ တိုးမြှင့်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ ပါဝင် ပေသည်။

၁၉၇၇ ခုနှစ်က တောင်ကိုရီးယား ခရီး သည် တင် လေယာဉ်အား ဗုံးထောင်ဖောက်ခဲ့ခဲ့ သဖြင့် ခရီးသည် ၁၁၅ ဦး သေဆုံး ခဲ့ ရ သည့် ဖြစ် ရပ် တွင် လက် သည် တရားခံဖြစ်သူ မြောက်ကိုရီးယား နိုင်ငံမှ ဗုံးဖောက်ခဲ့ခဲ့သူ အမျိုးသမီးအား ရုံးတင် စစ်ဆေးပြီး သေဒဏ် ပေးခဲ့ရာ အဆိုပါ သေဒဏ်မှ ကင်းလွတ်ခွင့် ပြုသည့် သမ္မတ၏လွတ် ငြိမ်းခွင့် အမိန့်ကို တောင်ကိုရီးယား အစိုးရက ဧပြီလ ၁၂ ရက်နေ့တွင် ထုတ်ပြန် ကြေညာသည်။

အာဏာရ ဒီမိုကရက်တစ် လစ်ဘရယ်ပါတီ(ဒီ အယ်ပီ)က မေလ ၉ ရက်နေ့တွင် နိုင်ငံလုံးဆိုင်ရာ ပါတီညီလာခံ ကျင်းပခဲ့ရာ သမ္မတ နိုတေဝူးအား နှစ်နှစ် သက်တမ်းရှိ သည့် ပါတီ ဥက္ကဋ္ဌ အဖြစ် ရွေးချယ်ခဲ့သည်။ ကင် ယန်း ဆမ်မှာ အဖွဲ့ဝင် သုံးဦး ပါဝင်သော ဒီအယ်ပီ ဦးဆောင် ကောင်စီ၏ အလုပ်အမှုဆောင် ဥက္ကဋ္ဌ ဖြစ် လာ သည်။ ယင်းဦးဆောင် ကောင်စီတွင် ကင်ကျုံပီးလ်နှင့် ပတ်တေ ဂျုံးတို့လည်း ပါဝင်ကြသည်။

အာဏာရပါတီနှင့် အတိုက်အခံပါတီနှစ်ခုတို့ ပူးပေါင်း ကာ ပါတီသစ် ဖွဲ့စည်းခြင်းကို လည်းကောင်း၊ နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းကျဆင်းခြင်းကို လည်းကောင်း၊ အကြောင်းပြု၍ အစိုးရအပေါ် လူကြိုက်နည်းလာ သည်ကို တွေ့ရသည်။ အလုပ်သမား မငြိမ်မ သက် မှု လှိုင်းဂယက်နှင့် အတူ ရှယ်ယာဈေးနှုန်း ကျ ဆင်း ခြင်း နှင့် ဆိုးလ်မြို အပါအဝင် အခြားမြို့များ တွင် ကျောင်း သားများ ဆန္ဒပြမှု တိုးပွားလာခြင်းများ ဖြစ် ပေါ် ခဲ့ သည်။ ဒီအယ်ပီညီလာခံ ကျင်းပသည့် မေလ ၉ ရက်နေ့ မှာပင် အင်အား ၁,၀၀,၀၀၀ ရှိသည့် နိုတေဝူး ဆန့်ကျင် ရေး ဆန္ဒပြသမားများနှင့် အဓိကရုဏ်း နှိမ်နင်းရေး ရဲများ ဆိုးလ်မြို့နှင့် အခြားမြို့ ၁၂ မြို့တွင် တိုက်ခိုက်မှုများ ဖြစ်ပွားရာ လူ ၁၅၀ ကျော် ဒဏ်ရာရရှိကာ ၁,၆၄၄ ဦးကို ဖမ်းဆီးခဲ့သည်။ ထို့ပြင် မေလ နှောင်း ပိုင်းဌ ၁၉၈၀ ပြည့်နှစ်က ဖြစ်ပွားခဲ့သည့် ကွမ်ဂျူး အုံကြွမှု နှစ်ပတ် လည် အောက်မေ့ဖွယ် အခမ်းအနားနှင့် တိုက်ဆိုင်ခဲ့ရာ မငြိမ်မသက်မှုများ ထပ်မံ ဖြစ်ပွားခဲ့သည်။

ဂျပန် နိုင်ငံဌ နေထိုင်ကြသော တောင်ကိုရီးယား လူမျိုး ၂,၀၀,၀၀၀ ခန့်ရှိရာ ၎င်းတို့အနက် အသက် ၁၅ နှစ်အောက် ယောကျ်ားကလေးနှင့် မိန်းကလေး အရေ အတွက်မှာ ၁,၂၀,၀၀၀ ခန့် ရှိသည်။ ၎င်း တို့ သည် အသက် ၁၆ နှစ် အရွယ် ရောက်ရှိသောအခါ ရာဇဝတ် မှု သံသယရှိသူများ အနေဖြင့် ၎င်းတို့၏ လက်ဗွေ ပုံစံကို ရယူ ထားရှိရမည် ဖြစ်ပေသည်။ ယခုအခါ ဂျပန် နိုင်ငံရှိ နိုင်ငံခြားသား အားလုံးမှာ လက်ဗွေ ပုံစံ နှိပ်ရ သည်။ ယင်း လက်ဗွေနှိပ်ရေး ပြဿနာနှင့် ပတ်သက်၍ ယခုနှစ်

စောစောပိုင်းက ဆွေးနွေးချက် အစီရင်ခံစာများ ထွက်ပေါ်လာသောအခါ မေလတွင် သွားရောက်ရန် ရှိသည့် ဂျပန် ခရီးစဉ်ကို ပယ်ဖျက်ရန် အတိုက်အခံပါတီများနှင့် လူအခွင့်အရေး အုပ်စုများက သမ္မတ နိုတေဝူးအား အကျပ်ကိုင်ကြသည်။ နိုတေဝူး ဂျပန် နိုင်ငံသို့ အလည်အပတ် မသွားရောက်မီ ပြီလ ၃၀ ရက်နေ့တွင် ဆိုးလ်မြို့၌ ကျင်းပသည့် နှစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးများ ဆွေးနွေးပွဲတွင် ဂျပန်နိုင်ငံသို့ ရောက်ရှိ နေသော တတိယ မျိုးဆက်မှ ပေါက်ဖွားလာသည့် ကိုရီးယားလူမျိုးများကို အမြဲနေထိုင်ခွင့်ပြု၍ လက်ဗွေနှိပ်ရခြင်းမှ ကင်းလွတ်ခွင့်ပြုရန် သဘောတူညီခဲ့ကြသည်။ ထို့ပြင် တောင်ကိုရီးယား အစိုးရဘက်မှ အတိတ်ကာလက ကိုရီးယား နိုင်ငံအပေါ် ဂျပန်တို့ ပြုမူခဲ့သည့် အပြု အမူများအတွက် ဝန်ကြီးချုပ် ကိုင်ဖူနှင့် ကေရာဇ် အာကီဟီတို တို့က ဝန်ချ တောင်းပန်ရန် ပြောကြားခဲ့သည်။

သမ္မတ နိုတေဝူးသည် မေလ ၂၄ ရက်နေ့မှ ၂၆ ရက်နေ့အထိ ဂျပန် နိုင်ငံသို့ သုံး ရက် ကြာ သွား ရောက်လည်ပတ်ခဲ့ရာ သမ္မတ ဖြစ်ပြီး နောက်ပိုင်း ဂျပန်နိုင်ငံသို့ ပထမဆုံး ခရီး ဖြစ်သည်။ ၎င်း၏ ခရီး စဉ် အ ဘွင်း ကေရာဇ်အကီဟီတို့၊ ဝန်ကြီးချုပ် ကိုင်ဖူနှင့်လည်းကောင်း၊ အခြား ခေါင်းဆောင်များနှင့် လည်းကောင်း တွေ့ဆုံ ဆွေးနွေး၍ မေလ ၂၅ ရက်နေ့တွင် ဂျပန်ပါလီမန် ပူးတဲ့ အစည်းအဝေး၌ ပထမဆုံး တောင်ကိုရီးယား နိုင်ငံ အကြီးအကဲ တစ်ဦး အဖြစ် မိန့် ခွန်း ပြောကြား ခဲ့သည်။ ၁၉၁၀–၁၉၄၅ ခုနှစ် ကိုလိုနီ အုပ်ချုပ်ရေး ကာလအတွင်း ဂျပန်က ပြုမူခဲ့သော ဆင်း ရဲ ဒုက္ခ ရောက်မှုများအတွက်ဝမ်းနည်းကြောင်း ဂျပန်ဧကရာဇ်က ညွှန်ခံပွဲတွင် ထုတ်ဖော် ပြောကြားခဲ့သည်။ ဂျပန် ဝန်ကြီးချုပ်ကလည်း ဒေသအတွင်း ငြိမ်းချမ်းရေး နှင့် စီးပွားရေး ဖွံ့ဖြိုးမှုအတွက် အခြေခံအနေဖြင့် ဆက်ဆံမှု ကောင်းခြင်းများကို ထိန်းသိမ်းရန် ပန်ကြားခဲ့သည်။ မေလ ၂၆ ရက်နေ့တွင် ဂျပန်နိုင်ငံ အလည်အပတ်ခရီးမှ ဆိုးလ်မြို့သို့ ပြန်လည်ရောက်ရှိလာရာတွင် သမ္မတနိုတေဝူးက အာရှ အိမ်နီးချင်း နိုင်ငံများအကြား ထာဝရ ခေတ်သစ် တစ်ခု ထူထောင်ရန်နှင့် အတိတ်ကဖြစ်ရပ်များကို အဆုံးသတ်ရန် ထုတ်ဖော် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံနှင့် ဆိုဗီယက်ပြည်ထောင်စုတို့ အကြား တင်းမာမှု လျော့ပါးရေးနှင့် ကုန်သွယ်ရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် သမ္မတ နိုတေဝူးသည် ဆိုဗီယက်သမ္မတ ဂေါ်ဘာချော့နှင့် အမေရိကန်ပြည်ထောင်စု ဆန်ဖရန်စစ္စကိုမြို့တွင် ဇွန်လ ၄ ရက်နေ့က တွေ့ဆုံ ဆွေးနွေးခဲ့ကြသည်။ ယင်းဆွေးနွေးပွဲတွင် နှစ်နိုင်ငံ ပုံမှန် ဆက်ဆံရေး ထူထောင်ရေးအတွက် အစိုးရအဖွဲ့၏ အဆင့် မြင့်တာဝန်ရှိ ပုဂ္ဂိုလ်များ ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပရန် သဘောတူညီခဲ့ကြသည်။ လွန်ခဲ့သော နှစ်ပေါင်း ၄၀ က ကိုရီးယားကျွန်းဆွယ် နှစ်ပိုင်းကွဲသွားပြီးနောက် နှစ်နိုင်ငံ ခေါင်းဆောင်များ ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးခြင်း ဖြစ်သည်။ တောင်ကိုရီးယား နိုင်ငံသည် ၎င်း၏ ရန်သူ ကွန်မြူနစ် မြောက်ကိုရီးယားနှင့် ကာလကြာမြင့်စွာ မဟာမိတ်ဖြစ်ခဲ့သူ ဆိုဗီယက်နှင့် သံတမန်ဆက်ဆံမှု မရှိသော်လည်း မကြာမီနှစ်များအတွင်း တရားဝင်မဟုတ်သော ဆက်ဆံမှုများ ကြီးထွားလာခဲ့သည်။ နှစ်နိုင်ငံ ကုန်သွယ်ရေးရှုံးများ အပြန်အလှန်ဖွင့်လှစ်ကာ ကောင် စစ်ဝန်အဆင့် ဆက်ဆံမှုကို အကန့်အသတ်ဖြင့် ပြုလုပ်ခဲ့ကြသည်။

တောင်ကိုရီးယား နိုင်ငံသည် မြောက်ကိုရီးယားမှ လေယာဉ်၊ သင်္ဘောနှင့် ကုန်ပစ္စည်းများ ဝင်ရောက်လာခြင်းကို အကန့်အသတ်မရှိ ခွင့်ပြုသွားမည် ဖြစ်ကြောင်း၊ ထိုသို့ ခွင့်ပြုခြင်းသည် ကိုရီးယားနှစ်နိုင်ငံ ပြန်လည် ပေါင်းစည်းမှု လှုပ်ကူရေးကို အထောက်အကူ ပြုမည် ဖြစ်ကြောင်း သမ္မတနိုတေဝူးက ဇွန်လ ၂၉ ရက်နေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

တောင်ကိုရီးယားနှင့် မြောက်ကိုရီးယား နယ်စပ် စမ်းသပ်အဆင့် ဖွင့်လှစ်ရေးနှင့်စပ်လျဉ်း၍ နောက်ဆုံး အဆင့် ဆွေးနွေးရေးအတွက် "ပန်မွန်ဂျုံ" စစ်ပြေငြိမ်းရေး ကျေးရွာ၌ နှစ်နိုင်ငံမှကိုယ်စားလှယ်များ တွေ့ဆုံကြရန် ဩဂုတ်လ ၁၂ ရက်နေ့တွင် တောင်ကိုရီးယား နိုင်ငံက ကမ်းလှမ်းခဲ့သည်။ မြောက်ကိုရီးယားမှ လောလောဆယ် တုံ့ပြန်ဖြေကြားမှု မရရှိသေးပေ။ ယင်းနယ်စပ်ကို ၁၉၄၅ ခုနှစ်မှစ၍ ပိတ်ထားခဲ့သည်။ ငါးရက်ကြာ နယ်စပ်ဖွင့်ထားရေး အဆိုပြုချက်အရ တောင်ကိုရီးယားမှ လူပေါင်း ၆၁,၃၅၅ ဦး မြောက်ကိုရီးယား ဘက်သို့သွားရန် လျှောက်ထား ခဲ့ကြသော်လည်း မြောက်ကိုရီးယားက တောင်ကိုရီးယား အရာရှိများနှင့် တွေ့ဆုံဆွေးနွေးရန် ငြင်းဆန်ခဲ့သည်။

ရန်ဖက် နှစ်နိုင်ငံဖြစ်သော တောင်နှင့်မြောက် ကိုရီးယားနိုင်ငံတို့မှ ဝန်ကြီးချုပ်များသည် စီစဉ်ထားသည့်အတိုင်း စက်တင်ဘာလတွင် တွေ့ဆုံကြမည်ဖြစ်ကြောင်း၊ တောင်ကိုရီးယားဘက်မှ နှစ်နိုင်ငံ ပြန်လည် ပေါင်းစည်းရေး ဝန်ကြီးက ဩဂုတ်လ ၁၉ ရက်နေ့တွင် ပြောကြားသည်။ လွန်ခဲ့သော ရက်သတ္တပတ်အတွင်းက နှစ်နိုင်ငံနယ်စပ်ကို အကန့်အသတ်ဖြင့် ဖွင့်လှစ်ရေး မအောင်မမြင် ဖြစ်ခဲ့ရစေကာမူ ဝန်ကြီးချုပ်နှစ်ဦးတို့သည် စီစဉ်ထားသည့်အတိုင်း တွေ့ဆုံကြမည်ဖြစ်သည်။ ဝန်ကြီး

ချုပ်နှစ်ဦးသည် စက်တင်ဘာလ ၄ ရက်မှ ၇ ရက်နေ့များတွင် ဆိုးလ်မြို့နှင့် အောက်တိုဘာလ ၁၆ ရက်မှ ၁၉ ရက်နေ့များတွင် ပြုံယမ်းမြို့၌ တွေ့ဆုံကြမည် ဖြစ်သည်။

စက်တင်ဘာလ ၄ ရက်မှ ၇ ရက်နေ့အထိ ဆိုးလ်မြို့တွင် တောင်၊ မြောက် ကိုရီးယားနှစ်နိုင်ငံ ဝန်ကြီးချုပ်နှစ်ဦး ဆွေးနွေးပဲ့ ကျင်းပရာ အခိုင်အမာ သဘောတူညီချက် တစ်စုံတစ်ရာ မရရှိခဲ့ပေ။ သို့သော် နှစ်ဘက်စလုံးက တက်ကြွမှုရှိပြီးနောက်တစ်ကြိမ်ဆွေးနွေးပဲ့ကိုမြောက်ကိုရီးယားနိုင်ငံ ပြုံယမ်း၌ကျင်းပရန်သဘောတူညီခဲ့ကြသည်။ အဆိုပါ ဆွေးနွေးပဲ့တွင် တောင်ကိုရီးယားဝန်ကြီးချုပ်က တောင်နှင့်မြောက် ဆက်ဆံရေးများ တိုးတက်ကောင်းမွန်ရေးအတွက် အခြေခံရှစ်ချက်ပါသော အဆိုပြုချက်နှင့် တောင်နှင့် မြောက်ကိုရီးယားအကြား အတွေ့အကြုံဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် အချက် ၁၁ ချက်ပါသော အဆိုပြုချက်ကို တင်ပြခဲ့သည်။

၁၉၄၅ ခုနှစ်က ကိုရီးယား နှစ်နိုင်ငံကဲ့သ့ားပြီး ၁၉၅၀ – ၅၃ ခုနှစ်များတွင် ကိုရီးယား စစ်ပွဲကြောင့် ကဲ့ကွဲသွားရသော မိသားစုဝင်ပေါင်းမှာ ၁၀ သန်းခန့် ရှိသည်။ အဆိုပါ ကွဲကွာနေသူ မိသားစုများ ယာယီတွေ့ဆုံပွဲ ဖြစ်မြောက်ရန် တောင် ကို ရီး ယား နိုင် ငံ က ကြိုးပမ်းလျက်ရှိသည်။ ၁၉၈၅ ခုနှစ်က ပထမအကြိမ် တွေ့ဆုံခဲ့ရာ မိသားစု ၅၀ သာ တွေ့ဆုံခွင့် ရရှိခဲ့သည်။

ကမ္ဘာပေါ်တွင် ကိုရီးယားမှာ ခွဲခြားထားသော နောက်ဆုံးနိုင်ငံအဖြစ် ဆက်လက် မနေနိုင်ကြောင်း၊ ရာစုနှစ်မကုန်မီ ကိုရီးယား ပြန်လည်ပေါင်းစည်းရေး အကွက်ထိပ်သီးဆွေးနွေးပဲ့ကျင်းပရန် မျှော်လင့်ကြောင်း သမိုင်းဝင် တောင်မြောက်အစည်းအဝေးပဲ့၌ သမ္မတ နိုတေဝူးက မြောက်ကိုရီးယား ဝန်ကြီးချုပ်အား ပြောကြားခဲ့သည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ။ ။အင်္ဂလန်နိုင်ငံမှ စတင် ပေါ်ပေါက်ခဲ့သည်ဆိုသော ဘောလုံး အားကစားနည်းမှာယခုအခါတွင် ကမ္ဘာ့နိုင်ငံအသီးသီး၌ ကျယ်ကျယ်ပြန့်ပြန့်လိုက်စားကစားနေခဲ့ကြပြီးစိတ်ပါဝင်စားမှုအရှိဆုံး အားကစားနည်းတစ်နည်းအဖြစ် ရောက်ရှိနေပြီဖြစ်သည်။

ယခုအခါတွင်ဘောလုံးအားကစားနည်းကိုကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် မိမိတို့၏ အမျိုးသားအားကစားနည်းအဆင့် လက်ခံယှဉ်ပြိုင်ကစားနေကြပြီဖြစ်ရာ ကမ္ဘာ့ထိပ်တန်း ဘောလုံးအသင်းများချည်း ပါဝင်ယှဉ်ပြိုင်ကစားလျက် ရှိကြသည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ နိုင်ငံတကာ အားကစားပြိုင်ပွဲများအနက် အထင်ပေါ်ဆုံး၊ လူကြိုက်အများဆုံး၊ စိတ်ပါဝင်စားမှု အရှိဆုံးသော အားကစားပြိုင်ပွဲတစ်ပွဲအဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။

ထိုကဲ့သို့ ကမ္ဘာ့နိုင်ငံအသီးသီး၏ စိတ်ပါဝင်စားမှုအရှိဆုံးပြိုင်ပွဲအဖြစ် သတ်မှတ်ခြင်းခံခဲ့ရသော ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို ၁၉၃၀ ပြည့်နှစ်မှ စတင်လျက် ဥရုဂွေးနိုင်ငံတွင် ကျင်းပပေးခဲ့သည်။

အဆိုပါ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ပြိုင်ပွဲစတင် ပေါ်ပေါက်လာရန် ကိုယ်ရောစိတ်ပါ စွမ်းဆောင်ကြိုးပမ်းစည်းရုံးခဲ့သော ထိုစဉ်က ပြင်သစ်နိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖြစ်သူ ဂျူးလ်စ်ရီမက် (Jules Remet) ကို ဂုဏ်ပြုသောအားဖြင့် ဂျူးလ်စ်ရီမက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအဖြစ် သတ်မှတ်ခေါ်ဆိုခဲ့ကြသည်။ အဆိုပါ ဂျူးလ်စ်ရီမက်ဖလား ပြိုင်ပွဲဟူသောအမည်မှာ ၁၉၂၀ ပြည့်နှစ် ပြိုင်ပွဲအထိ ကြာမြင့်ခဲ့ပြီး ၎င်းဖလားကို ထိုစဉ်က တတိယအကြိမ် ဗိုလ်စွဲခဲ့သော ဗရာဇီးအသင်းသို့ အပိုင်ပေးလိုက်ပြီးနောက် ၁၉၂၄ ခုနှစ် ပြိုင်ပွဲမှစတင်၍ အပြည်ပြည်ဆိုင်ရာ ဘောလုံးအဖွဲ့ချုပ်မှ ချီးမြှင့်သည့် ကမ္ဘာ့ဖလား ပြိုင်ပွဲအဖြစ် သတ်မှတ်ခေါ်ဆိုကြသည်။

၁၉၃၀ ပြည့်နှစ် ဥရုဂွေးနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော ပထမအကြိမ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် နောက်ဆုံးအဆင့်ပြိုင်ပွဲ၌ ပြိုင်ပွဲဝင်နိုင်ငံ ၁၃ နိုင်ငံသာ ပါဝင်ခဲ့သည်။ ထိုစဉ်က ဘောလုံးအားကစားနည်းမှာ ယနေ့ မျက်မှောက်ခေတ် အခြေအနေကဲ့သို့ ကျယ်ပြန့်ထွန်းကားခြင်း မရှိသေးသောကြောင့် လည်းကောင်း ခရီးလမ်းပန်း ဆက်သွယ်ရေး သွားလာမှု လွယ်ကူမှု မရှိသေးသောကြောင့်လည်းကောင်း ပြိုင်ပွဲဝင် အသင်းအရေအတွက် နည်းပါးခဲ့ရခြင်းဖြစ်သည်။

၁၉၃၄ ခုနှစ် အီတလီနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော ဒုတိယအကြိမ်မြောက် ပြိုင်ပွဲမှစတင်၍ နောက်ဆုံးအဆင့် ပြိုင်ပွဲသို့ ပြိုင်ပွဲဝင်နိုင်ငံ ၁၆ နိုင်ငံအထိ တိုးမြှင့်ခွင့်ပြုခဲ့ရာ ၁၉၇၈ ခုနှစ် အာဂျင်တီးနားနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် ၁၁ ကြိမ်မြောက်ပြိုင်ပွဲအထိ နောက်ဆုံးအဆင့် ပြိုင်ပွဲဝင်နိုင်ငံ ၁၆ နိုင်ငံရှိခဲ့သည်။ နောက်ဆုံးအဆင့် ပြိုင်ပွဲတွင် ပါဝင်ခွင့်ရရှိရေးအတွက် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲများကို ကမ္ဘာ့တိုက်ကြီးများ အလိုက်ဇုန်ခွဲ၍ ကြိုတင် ကျင်းပပြုလုပ်ပေးခဲ့ရာ အိမ်ရှင်နိုင်ငံအသင်းနှင့် လက်ရှိချန်ပီယံအသင်းများမှာခြေစစ်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မလိုဘဲ အလိုအလျောက်ခြေစစ်ပွဲ အောင်သောနိုင်ငံများအဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။

ထိုစဉ်က နောက်ဆုံးအဆင့်ပြိုင်ပွဲသို့ အသင်း ၁၆ သင်း ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့ရာ အာရှတိုက်နှင့် အာဖရိကတိုက်တို့မှ အသင်းတစ်သင်းစီသာ ခြေစစ်ပွဲအောင်ပြီး နောက်ဆုံးအဆင့်သို့ တက်ရောက်ခွင့် ရရှိခဲ့ကြသည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ



ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှ ဂျာမန်ဘောလုံးအသင်း

နောက်ပိုင်းတွင် ဘောလုံးအားကစားနည်းမှာ ကမ္ဘာ့နိုင်ငံများအသီးသီး၌ စိတ်ပါဝင်စားမှု ပိုမိုများပြားလာမှုကြောင့် လည်းကောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဘောလုံးအဆင့်အတန်းမှာ အခြားနိုင်ငံများနှင့် နှိုင်းစာလျှင် ကွာဟမှုသိပ်မရှိတော့သောကြောင့် လည်းကောင်း၊ ၁၉၇၂ ခုနှစ် စပိန်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှ စတင်၍ ကမ္ဘာ့ဖလား နောက်ဆုံးအဆင့်ပြိုင်ပွဲတွင် အသင်း ၁၆ သင်းအစား ၂၄ သင်းအထိ တိုးမြှင့်ပါဝင်ယှဉ်ပြိုင်ခွင့်ပြုခဲ့သည်။ အာရှတိုက်နှင့် အာဖရိကတိုက်တို့မှ အသင်းတစ်သင်းစီအစား နှစ်သင်းစီ တိုးမြှင့်သတ်မှတ်ခွင့်ပြုပေးခဲ့သည်။ ထိုကဲ့သို့ တိုးမြှင့်သတ်မှတ်ပေးချက်ကြောင့်ပင် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးအဆင့် ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်သော အခွင့်အလမ်း ပိုမိုများပြားလာခဲ့ရသကဲ့သို့ ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိရေးအတွက် ပိုမို၍ အကျိတ်အနယ် ကြိုးစားမှု များလာခဲ့ရာ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဘောလုံးအားကစားမှုအရှိန်အဟုန်တိုးမြှင့်လာခဲ့ရသကဲ့သို့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ အဆင့်အတန်းမှာလည်း တစ်စထက်တစ်စ ပိုမိုတိုးတက်မြင့်မားလာခဲ့ရသည်။

ပထမအကြိမ်မြောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ၁၉၃၀ ပြည့်နှစ်မှ စတင်လျက် လေးနှစ်တစ်ကြိမ်ကျင်းပပြုလုပ်ခဲ့ရာ ယခုအခါတွင် နှစ်ပေါင်း ၆၀ ကြာမြင့်ခဲ့ပြီဖြစ်သည်။ ဒုတိယကမ္ဘာစစ်ဖြစ်ပွားနေသည့် ၁၉၄၂ ခုနှစ်၊ နှင့်စစ်ပြီးစ ၁၉၄၆ ခုနှစ်တို့တွင် မကျင်းပဖြစ်ခဲ့သဖြင့် ယခု ၁၉၉၀ ပြည့်နှစ် အီတလီနိုင်ငံတွင် ကျင်းပခဲ့သည့် အကြိမ်နှင့်ပါဆိုလျှင် ၁၄ ကြိမ်ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။ ၁၉၃၀ ပြည့်နှစ်ဥရုဂွေးနိုင်ငံမှ စတင်ကျင်းပပြုလုပ်ခဲ့သော ပထမအကြိမ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှ ယခုနှစ် ၁၉၉၀ ပြည့်နှစ်အီတလီနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော ၁၄ ကြိမ်မြောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအထိ နိုင်ငံအလိုက် ကျင်းပခဲ့မှုနှင့် ပထမ၊ ဒုတိယရရှိခဲ့သော နိုင်ငံများ၏ အခြေအနေကို ဇယားဖြင့် ဖော်ပြထားပါသည်။

ထိုကဲ့သို့ လေးနှစ်တွင်တစ်ကြိမ် ကျင်းပပြုလုပ်လျက်ရှိသော ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ နောက်ဆုံးအဆင့်ပွဲစဉ်များသို့ တက်ရောက်ခွင့်ရရှိရန် နိုင်ငံတစ်နိုင်ငံ၏ ကြိုးပမ်းမှုမှာ များစွာများပြားလှပါသည်။ နောက်ဆုံးအဆင့် ပွဲစဉ်များသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိရန်မှာ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အလိုအလျောက် ခြေစစ်ပွဲအောင်မြင်ခဲ့ကြသည့် အိမ်ရှင်နိုင်ငံ တစ်နိုင်ငံနှင့် လက်ရှိချန်ပီယံအသင်းတို့ကိုချန်လှပ်ပြီး ကျန် ၂၂ နိုင်ငံတွင် ပါဝင်နိုင်ရေးအတွက် အကျိတ်အနယ် ကြိုးစားကြရသည်။ ခြေစစ်ပွဲဝင်နိုင်ငံပေါင်း ၁၅၀ ခန့်ထဲမှ နောက်ဆုံး ၂၂ နိုင်ငံထဲတွင် ပါဝင်နိုင်အောင် ကြိုးပမ်းကြရသည်မှာ နှစ်နှင့်ချီပြီး ကြာမြင့်ခဲ့ရသည်။ အချိန်စိုက်လူစိုက် ငွေစိုက်ပြီး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ကြရသည်။

၁၉၉၀ ပြည့်နှစ် အီတလီနိုင်ငံတွင် ကျင်းပပြုလုပ်သည့် ၁၄ ကြိမ်မြောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် နောက်ဆုံးအဆင့် အုပ်စုပွဲစဉ်များကို ၁၉၈၉ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် အီတလီနိုင်ငံ ရောမမြို့၌ ကမ္ဘာကျော် ဘောလုံးသမားများနှင့် လူသိများသော အနုပညာရှင်များက ပါဝင်ကူညီလျက် အပြည်ပြည်ဆိုင်ရာ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ မစ္စတာဂျိုး ဟာဗာလန်ခ်ျ (Mr. Joao Havelange)၊ အတွင်းရေးမှူး မစ္စတာဂျိုး ဇက်အက်စ်ဘလက်တာ (Mr .Joseph S. Blatter) နှင့် ပြိုင်ပွဲကျင်းပရေးကော်မတီမှ တာဝန်ရှိသူများရှေ့မှောက်တွင် မဲနှိုက်လျက် ရေးဆွဲကြသည်။ အဆိုပါနေ့တွင်ပင် ၁၉၈၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဗိုလ်စွဲအနိုင်ရရှိခဲ့သော အာဂျင်တီးနား ဘောလုံးအသင်း၏ ကမ္ဘာ့ဖလားဆုကို အာဂျင်တီးနား ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ မစ္စတာဂျူလီယိုဂရန်ဒိုနာက အိမ်ရှင် အီတလီနိုင်ငံသို့ လှဲပြောင်းပေးအပ်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ် ၁၄ ကြိမ်မြောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးအဆင့် အုပ်စုပွဲစဉ်များကို မဲနှိုက်ရေးဆွဲရာတွင် ဗရာဇီးနိုင်ငံမှ ကမ္ဘာကျော်ဘောလုံးသမားပီလီနှင့် ကမ္ဘာကျော်အီတလီ ရုပ်ရှင်မင်းသမီး ဆိုဖီယာလောရင်းတို့က အဓိကမဲနှိုက်ကူညီပေးခဲ့ကြသည်။

၁၉၉၀ ပြည့်နှစ် ၁၄ ကြိမ်မြောက် အီတလီ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ နောက်ဆုံးအဆင့် အုပ်စုပွဲစဉ်များကို အုပ်စုခြောက်စုခွဲ၍ မြို့ကြီး ၁၂ မြို့တွင် တစ်ပြိုင်တည်း ယှဉ်ပြိုင်ခဲ့ရာ အုပ်စုအလိုက်ပါဝင်ခဲ့သည့်နိုင်ငံများနှင့် ယှဉ်ပြိုင်ကစားရသည့် မြို့များကို သီးခြားဇယားဖြင့် ဖော်ပြထားပါသည်။

နောက်ဆုံးအဆင့်ပွဲစဉ်များကို ကျင်းပရာတွင် အုပ်စုတစ်ခုစီမှ အသင်းများ ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကစားရပြီး နိုင်လျှင် ၂ မှတ်၊ သရေ ၁ မှတ်၊ ရှုံးလျှင် ၀ မှတ် ပေးကာ အုပ်စုခြောက်စုမှ ပထမနှင့် ဒုတိယရရှိသော အုပ်စု အသင်း ၁၂ သင်း၊ ကျန်အကောင်းဆုံး တတိယ လေးသင်း စုစုပေါင်း ၁၆ သင်းကို ရှုံးထွက်စနစ်ဖြင့် ပြန်လည်ယှဉ်ပြိုင်ကစားစေပါသည်။ ထိုမှတစ်ဆင့် အနိုင်ရရှိသော အသင်းရှစ်သင်းကို ကွာတာဖိုင်နယ်အဆင့် ရှုံးထွက်ပြိုင်ပွဲများအဖြစ် လည်းကောင်း၊ အဆိုပါပြိုင်ပွဲများမှ အနိုင်ရရှိသော အသင်းလေးသင်းကို အကြိုဗိုလ်လုပွဲအဖြစ် လည်းကောင်း၊ နောက်ဆုံးကျန်ရှိသောအသင်းနှစ်သင်းကို ဗိုလ်လုပွဲအဖြစ် လည်းကောင်း ဆင့်ကဲဆင့်ကဲ ကျင်းပသည့်စနစ်ကို ကျင့်သုံးခဲ့သည်။

၁၉၉၀ ပြည့်နှစ် ၁၄ ကြိမ်မြောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ၁၉၉၀ ပြည့်နှစ် ဇွန်လ ၈ ရက်နေ့တွင် အီတလီနိုင်ငံ၊ မီလန်မြို့ရှိ ဂျီယူဆက်မိအာဇာ (Giuseppe Meazza) အားကစားကွင်း



ဂျာမန်အသင်းနှင့် ကိုလုံးဗီးယားအသင်း ကစားစဉ်

ကြီး၌ ကျင်းပပြုလုပ်ခဲ့ရာ ပရိသတ်ရှစ်သောင်းခန့် ကြည့်ရှုအားပေးခဲ့ကြသည်။ ဖွင့်ပွဲအခမ်းအနားတွင် ကျွမ်းဘားအားကစားသမား ၂၁၀ ကိုယ်ဟန်ပြအလှမယ် ၁၆၀ တို့က ပါဝင်လှုပ်ရှားပြသခဲ့ကြပြီး ကမ္ဘာကျော် လာစကာသံစုံတီးဝိုင်းကြီးကလည်း တေးသံများဖြင့် ဖျော်ဖြေတီးမှုတ်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီး တွင် ၁၄ ကြိမ်မြောက် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ နောက်ဆုံးအဆင့် ပွဲစဉ်များ၏ ပထမပွဲစဉ်အဖြစ် လက်ရှိကမ္ဘာ့ချန်ပီယံ အာဂျင်တီးနားအသင်းနှင့် နာမည်သိပ်မကြီးလှသော အနောက်အာဖရိကတိုက်မှ ကင်မရွန်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။ အဆိုပါ ပွဲဦးထွက် ပွဲတွင် ကင်မရွန်းအသင်းမှ ကစားသမား နှစ်ဦးထုတ်ပယ်ခံခဲ့ရပြီး ကိုးဦးတည်းဖြင့် ကစားခဲ့ရသော်လည်း ကမ္ဘာ့ချန်ပီယံ အာဂျင်တီးနားအသင်းကို ၁ ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဖော်ပြပါ ပွဲစဉ်မှာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲနှင့် နိုင်ငံအသီးသီးမှ ဘောလုံးဝါသနာရှင်များအတွက် မထင်မှတ်သော အံ့သြစရာ အဖြစ်အပျက်တစ်ခုအဖြစ် ပြောစမှတ်ဖြစ်ကျန်ရစ်ခဲ့သည်။ ပြိုင်ပွဲဝင်နိုင်ငံအသီးသီးတို့၏ အသိအမှတ်ပြုမှုအထင်ကြီးလေးစားမှုကိုလည်း ကင်မရွန်းနိုင်ငံအသင်းက ရရှိခဲ့သည်။

အဆိုပါပွဲဦးထွက်ပြိုင်ပွဲတွင် ပွဲစတင်ကစားပြီး ၆၂ မိနစ်၌ ကင်မရွန်းအသင်းမှ နောက်တန်းလူ အင်ဒရေကာနာဘီယစ်က အာဂျင်တီးနားအသင်းမှ လူစားဝင်လာသူ ကင်နီဂီယာကို အသားလွတ် ကြမ်းတမ်းစွာကန်သည့်အတွက် ဒိုင်လူကြီးက အနီကတ်ပြပြီး ကွင်းထဲမှထုတ်ပစ်ခဲ့သည်။ ကျန်လူ ၁၀ ဦးဖြင့်ကစားနေချိန်တွင် ၆၆ မိနစ်၌ ကင်မရွန်းအသင်းမှ အသက် ၂၃ နှစ်အရွယ်ရှိဖရန်ကိုအိုမန်ဘီယစ်က အလွတ်တည်ကန်ဘောမှ တစ်ဆင့်ရသော ဘောလုံးကို အာဂျင်တီးနားအသင်းနောက်တန်းလူများ ဖျက်ထုတ်နေသည့်ကြားမှ ခေါင်းတိုက်သွင်းယူခဲ့သည်။ ကင်မရွန်းအသင်းမှ ၁ ဂိုး ဂိုးမရှိဖြင့် ဦးဆောင်ကစားနေစဉ် ကင်မရွန်းအသင်း နောက်တန်းလူ ဘင်ဂျမင် မတ် စင်း ကို လည်း ပွဲပြီးခါနီးတွင် အာဂျင်တီးနားအသင်းမှ ကင်နီဂီယာကိုပင် လူချကစားသည့်အတွက် ဒိုင်လူကြီးက ကွင်းထဲမှထုတ်ပစ်ခဲ့သည်။ ကင်မရွန်းအသင်းသည် ကမ္ဘာ့ချန်ပီယံ အာဂျင်တီးနားအသင်းကို ကစားသမား ကိုးဦးတည်းဖြင့် နောက်ကန်းခံစစ် လုံခြုံစွာဖြင့် အံတုယှဉ်ပြိုင် အနိုင်ရယူခဲ့သည်။ ကင်မရွန်းအသင်းမှာ ၁၉၇၂ ခုနှစ် စပိန်နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော ၁၂ ကြိမ်မြောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးအဆင့် ပွဲစဉ်များသို့ တစ်ကြိမ်တည်းသာတက်ရောက်ခဲ့ဖူးပြီး ပထမအဆင့် အုပ်စုပွဲစဉ်များမှပင် ရှုံးပွဲမရှိ သရေပွဲများနှင့်ပင် အမှတ်ကွာခြားမှုဖြင့် အရေးနိမ့်ခဲ့ရသော အသင်းဖြစ်သည်။

၁၉၉၀ ပြည့်နှစ် ၁၄ ကြိမ်မြောက် အီတလီ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ နောက်ဆုံးအဆင့် ပွဲစဉ်များ၏ ပထမအုပ်စုပွဲစဉ်များကို ၁၉၉၀ ပြည့်နှစ် ဇွန်လ ၈ ရက် နေ့မှ ၂၁ ရက်နေ့အထိ ၁၄ ရက်တိုင်တိုင် အီတလီနိုင်ငံမြို့ကြီး ၁၂ မြို့တို့တွင် တစ်ပြိုင်တည်း ကျင်းပပြုလုပ်ခဲ့သည်။ အုပ်စု (က) ပွဲစဉ်များကို ရောမမြို့နှင့် ဖလောရင့်မြို့တွင် လည်းကောင်း၊ အုပ်စု (ခ) ပွဲစဉ်များကို နေပယ်မြို့နှင့် ဘာရီမြို့တွင်လည်းကောင်း၊ အုပ်စု (ဂ) ပွဲစဉ်များကို တူရင်မြို့နှင့် ဂျီနိုအာမြို့တွင်လည်းကောင်း၊ အုပ်စု (ဃ) ပွဲစဉ်များကို မီလန်မြို့နှင့် ဘိုလော့ဂနာမြို့တွင်လည်းကောင်း၊ အုပ်စု (င) ပွဲစဉ်များကို ဗာရီနာမြို့နှင့် အူဒင်းမြို့တွင်လည်းကောင်း၊ အုပ်စု (စ) ပွဲစဉ်များကို ကာဂလီယာမြို့နှင့် ပါလာမိုမြို့တွင်လည်းကောင်း အသီးသီး ကျင်းပပြုလုပ်ခဲ့ရာ စုစုပေါင်းပွဲစဉ် ၃၆ ပွဲ ယှဉ်ပြိုင်ကစားခဲ့ကြရသည်။

၁၉၉၀ ပြည့်နှစ် ၁၄ ကြိမ်မြောက် အီတလီကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပပေးနိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ ဘောလုံးအဖွဲ့ချုပ်က ဒိုင်လူကြီး ၃၆ ဦးကို ရွေးချယ်တာဝန်ပေးအပ်ခဲ့သည်။

ပထမအဆင့် အုပ်စုပွဲစဉ်များ ကစားပြီးသွားသောအခါတွင် အသင်းရှစ်သင်း ပြိုင်ပွဲမှထွက်ခဲ့ကြရသည်။ (က) အုပ်စုတွင် အီတလီအသင်းက သုံးပွဲနိုင်ခြောက်မှတ်ဖြင့် အုပ်စု ပထမ၊ ချက်ကိုစလိုဗက်ကီးယားအသင်းက နှစ်ပွဲနိုင် တစ်ပွဲရှုံး လေးမှတ်ဖြင့် အုပ်စုဒုတိယကို လည်းကောင်း၊ (ခ) အုပ်စုတွင် ကင်မရွန်းအသင်းက နှစ်ပွဲနိုင်တစ်ပွဲရှုံးလေးမှတ်ဖြင့် အုပ်စုပထမ၊ ရိုမေးနီးယားအသင်းက တစ်ပွဲနိုင်တစ်ပွဲသရေ တစ်ပွဲရှုံး သုံးမှတ်ဖြင့် အုပ်စု ဒုတိယကိုလည်းကောင်း၊ (ဂ) အုပ်စုတွင် ဗရာဇီးအသင်းက သုံးပွဲနိုင် ခြောက်မှတ်ဖြင့် အုပ်စုပထမ၊ ကော့စတာရီကာ ဘောလုံးအသင်းက နှစ်ပွဲနိုင် တစ်ပွဲရှုံး လေးမှတ်ဖြင့် အုပ်စု ဒုတိယကို လည်းကောင်း၊ (ဃ) အုပ်စုတွင် အနောက်ဂျာမနီအသင်းက နှစ်ပွဲနိုင် တစ်ပွဲသရေ၊ ငါးမှတ်ဖြင့် အုပ်စုပထမ၊ ယူဂိုစလားဗီးယားအသင်းက နှစ်ပွဲနိုင် တစ်ပွဲရှုံး လေးမှတ်ဖြင့် အုပ်စုဒုတိယကို လည်းကောင်း၊ (င) အုပ်စုတွင် စပိန်အသင်းက နှစ်ပွဲနိုင် တစ်ပွဲသရေ ငါးမှတ်ဖြင့် အုပ်စု ပထမ၊ ဗဲလ်ဂျီယမ်အသင်းက နှစ်ပွဲနိုင် တစ်ပွဲရှုံးဖြင့် အုပ်စု ဒုတိယကို လည်းကောင်း၊ (စ) အုပ်စုတွင် အင်္ဂလန်အသင်းက တစ်ပွဲနိုင် နှစ်ပွဲသရေ လေးမှတ်ဖြင့် အုပ်စု ပထမ၊ အိုင်ယာလန်

အသင်းက သုံးပွဲသရေ သုံးမှတ်ဖြင့် အုပ်စု ဒုတိယကို လည်းကောင်း အသီးသီးရရှိခဲ့ကြရာ အုပ်စုခြောက်ခုမှ ပထမ၊ ဒုတိယအသင်း ၁၂ သင်း တက်လာခဲ့ကြသည်။ အလားတူပင် အုပ်စုအသီးသီးမှ နောက်ထပ် အကောင်းဆုံးအသင်း လေးသင်းကို ရွေးချယ်ခဲ့ရာတွင် (ခ) အုပ်စုမှ အာဂျင်တီးနားအသင်း တစ်ပွဲနိုင်၊ တစ်ပွဲသရေ တစ်ပွဲရှုံးဖြင့် သုံးမှတ်၊ (ဃ) အုပ်စုမှ ကိုလံဘီယာအသင်း တစ်ပွဲနိုင် တစ်ပွဲသရေ တစ်ပွဲရှုံးဖြင့် သုံးမှတ်၊ (င) အုပ်စုမှ ဥရုဂွေး တစ်ပွဲနိုင် တစ်ပွဲသရေ တစ်ပွဲရှုံးဖြင့် သုံးမှတ်၊ (စ) အုပ်စုမှ နယ်သာလင်အသင်း သုံးပွဲသရေဖြင့် သုံးမှတ် အသီးသီးရရှိကြသော အသင်း လေးသင်းကို ရရှိသော ရမှတ် အနေအထားအရ ဒုတိယအဆင့် ပြိုင်ပွဲတွင် ဆက်လက်ယှဉ်ပြိုင်မှန် ရွေးချယ်ခဲ့သည်။

သို့ဖြစ်ရာ ပထမအဆင့် အုပ်စုပွဲစဉ်များအပြီးတွင် (က)အုပ်စုမှ ဩစတြေးယားနှင့် အမေရိကန်ပြည်ထောင်စု၊ (ခ) အုပ်စုမှ ဆိုဗီယက်၊ (ဂ) အုပ်စုမှ ဆွီဒင်နှင့်စကော့တလန်၊ (ဃ) အုပ်စုမှ အာရပ်စော်ဘွားများနိုင်ငံ (ယူအေအီး)၊ (င) အုပ်စုမှ ကိုရီးယားနိုင်ငံနှင့် (စ) အုပ်စုမှ အီဂျစ်နိုင်ငံတို့ ပြိုင်ပွဲမှ အရေးနိမ့်လျက် ထွက်ခွာခဲ့ကြရသည်။

ဒုတိယအဆင့် ရှုံးထွက်ပြိုင်ပွဲ ပွဲစဉ်များကို ၁၉၉၀ ပြည့်နှစ် ဇွန်လ ၂၃ ရက်နေ့မှ ၂၆ ရက်နေ့အထိ ရောမ၊ နေပယ်၊ ဘာရီ၊ တူရင်၊ ဂျီနိုအာ၊ မီလန်၊ ဘိုလော့ဂနာနှင့် ဗာရိုနာမြို့ကြီး ရှစ်မြို့တွင် ကျင်းပပြုလုပ်ခဲ့သည်။

ဒုတိယအဆင့် ရှုံးထွက်ပြိုင်ပွဲ ပထမပွဲစဉ်အဖြစ် ဇွန်လ ၂၃ ရက်နေ့တွင် နေပယ်မြို့၌ အုပ်စု (ခ) ပထမ ကင်မရွန်းအသင်းနှင့် အုပ်စု (ဃ) တတိယ ကိုးလုံးဗီးယားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကင်မရွန်းအသင်းက လည်းကောင်း၊ ဒုတိယပွဲစဉ်အဖြစ် ဇွန်လ ၂၃ ရက်နေ့တွင် ဘာရီမြို့၌ အုပ်စု (က) ဒုတိယ ချက်ကိုစလိုဗက်ကီးယားအသင်းနှင့် အုပ်စု (ဂ) ဒုတိယ ကော့စတာရီကာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ချက်ကိုစလိုဗက်ကီးယားအသင်းက လည်းကောင်း၊ တတိယပွဲစဉ်အဖြစ် ဇွန်လ ၂၄ ရက်နေ့တွင် တူရင်မြို့၌ အုပ်စု (ဂ) ပထမ ဗရာဇီးအသင်းနှင့် အုပ်စု (ခ)တတိယ အာဂျင်တီးနားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ အာဂျင်တီးနားကလည်းကောင်း၊ စတုတ္ထပွဲစဉ်အဖြစ် ဇွန်လ ၂၄ ရက်နေ့တွင် မီလန်မြို့၌ အုပ်စု (ဃ) ပထမ အနောက်ဂျာမနီအသင်းနှင့် အုပ်စု (ခ) တတိယ နယ်သာလင်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ အနောက်ဂျာမနီအသင်းက လည်းကောင်း၊ ပဉ္စမပွဲစဉ်အဖြစ် ဇွန်လ ၂၅ ရက်နေ့တွင် ဂျီနိုအာမြို့၌ အုပ်စု (ခ) ဒုတိယ ရိုမေးနီးယားအသင်းနှင့်အုပ်စု (စ) ဒုတိယ အိုင်ယာလန်သမ္မတနိုင်ငံအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ အိုင်ယာလန်သမ္မတနိုင်ငံအသင်းက လည်းကောင်း၊ ဆဋ္ဌမပွဲစဉ်အဖြစ် ဇွန်လ ၂၅ ရက်နေ့တွင် ရောမမြို့၌ အုပ်စု (က) ပထမ အီတလီအသင်းနှင့် အုပ်စု (ဂ) တတိယ ဥရုဂွေးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ အီတလီအသင်းကလည်းကောင်း၊ သတ္တမပွဲစဉ်အဖြစ် ဇွန်လ ၂၆ ရက်နေ့တွင် ဗာရိုနာမြို့၌ အုပ်စု (ဂ) ပထမ စပိန်အသင်းနှင့် အုပ်စု (ဃ) ဒုတိယ ယူဂိုစလားဗီးယားအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ကြရာ ယူဂိုစလားဗီးယားအသင်းက လည်းကောင်း၊ အဋ္ဌမပွဲစဉ်အဖြစ် ဇွန်လ ၂၆ ရက်နေ့တွင် ဘိုလော့ဂနာမြို့၌ အုပ်စု (စ) ပထမ အင်္ဂလန်အသင်းနှင့် အုပ်စု (ဂ) ဒုတိယ ဗဲလ်ဂျီယမ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ အင်္ဂလန်အသင်းကလည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြပြီး ကွာတားဖိုင်နယ် အဆင့်သို့ တက်လှမ်းနိုင်ခဲ့ကြသည်။

၁၉၉၀ ပြည့်နှစ် ၁၄ ကြိမ်မြောက် အီတလီ ကမ္ဘာ့ဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ၁၉၉၀ ပြည့်နှစ် ဇွန်လ ၃၀ ရက်နေ့နှင့် ဇူလိုင်လ ၁ ရက်နေ့များတွင် မြို့ကြီးလေးမြို့၌ ကျင်းပပြုလုပ်ခဲ့သည်။ ကွာတားဖိုင်နယ် ပထမပွဲစဉ်အဖြစ် ဇွန်လ ၃၀ ရက်နေ့တွင် ဖလော့ရင့်မြို့၌အာဂျင်တီးနားအသင်းနှင့် ယူဂိုစလားဗီးယားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ အာဂျင်တီးနားအသင်းက လည်းကောင်း၊ ဒုတိယပွဲစဉ်အဖြစ် ဇွန်လ ၃၀ ရက်နေ့တွင် ရောမမြို့၌ အီတလီအသင်းနှင့် အိုင်ယာလန်သမ္မတနိုင်ငံအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ အီတလီအသင်းကလည်းကောင်း၊ တတိယပွဲစဉ်အဖြစ် ဇူလိုင်လ ၁ ရက်နေ့တွင် မီလန်မြို့၌ အနောက်ဂျာမနီအသင်းနှင့် ချက်ကိုစလိုဗက်ကီးယားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ အနောက်ဂျာမနီအသင်းကလည်းကောင်း၊ စတုတ္ထပွဲစဉ်အဖြစ် ဇူလိုင်လ ၁ ရက်နေ့တွင် နေပယ်မြို့၌ အင်္ဂလန်အသင်းနှင့် ကင်မရွန်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ အင်္ဂလန်အသင်းကလည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြပြီး အကြိုဗိုလ်လုပွဲ အဆင့်သို့ တက်ရောက်သွားခဲ့ကြသည်။

အကြိုဗိုလ်လုပွဲ၊ ပွဲစဉ်များကို ၁၉၉၀ ပြည့်နှစ် ဇူလိုင်လ ၃ ရက်နေ့နှင့် ၄ ရက်နေ့များတွင် ကျင်းပပြုလုပ်ခဲ့ရာ ပထမပွဲစဉ်အဖြစ် ဇူလိုင်လ ၃ ရက်နေ့တွင် နေပယ်မြို့၌ အီတလီအသင်းနှင့် အာဂျင်တီးနားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ အာဂျင်တီးနားအသင်းက လည်းကောင်း၊ ဒုတိယပွဲစဉ်အဖြစ် ဇူလိုင်လ ၄ ရက်နေ့တွင် မီလန်မြို့၌ အင်္ဂလန်အသင်းနှင့် အနောက်ဂျာမနီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ အနောက်ဂျာမနီအသင်းကလည်းကောင်း

အသီးသီးအနိုင်ရရှိခဲ့ကြပြီး နောက်ဆုံးဗိုလ်လုပွဲအဆင့်သို့ ရောက်ရှိသွားကြသည်။

၁၉၉၀ ပြည့်နှစ် ဇူလိုင်လ ၇ ရက်နေ့တွင် တတိယနေရာအတွက် ဘာရီမြို့တွင် အင်္ဂလန်အသင်းနှင့် အီတလီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ အိမ်ရှင်အီတလီအသင်းက အနိုင်ရရှိပြီး အင်္ဂလန်အသင်း စတုတ္ထအဆင့်နှင့်သာ ကျေနပ်နှစ်သိမ့်ခဲ့ရသည်။

၁၉၉၀ ပြည့်နှစ် ၁၄ ကြိမ်မြောက် အီတလီ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဇူလိုင်လ ၈ ရက်နေ့ည ၈ နာရီအချိန် ရောမမြို့၌ ကျင်းပပြုလုပ်ခဲ့ရာ အနောက်ဂျာမနီအသင်းက ၁၉၈၆ ခုနှစ် ကမ္ဘာ့ချန်ပီယံ အာဂျင်တီးနားအသင်းကို ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ကမ္ဘာ့ဖလားချန်ပီယံအဖြစ်သို့ ရောက်ရှိသွားခဲ့သည်။

နောက်ဆုံးဗိုလ်လုပွဲကို ရောမမြို့ အိုလင်းပစ်အားကစားပြိုင်ဝင်းကြီးတွင် ကျင်းပပြုလုပ်ခဲ့ရာ ကွင်းအတွင်းပွဲကြည့်ပရိသတ် ၇၃,၆၀၃ ဦးတို့ ကြည့်ရှုအားပေးခဲ့ကြပြီး ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ချက်ကို ကမ္ဘာ့နိုင်ငံအသီးသီးရှိ သန်းပေါင်းများစွာသောပရိသတ်တို့က စောင့်ဆိုင်းကြည့်ရှုအားပေးခဲ့ကြသည်။ ယခုအကြိမ် ဗိုလ်လုပွဲသို့ ဝင်ရောက်လာခဲ့ကြသည့် ပြိုင်ဘက်နှစ်သင်းမှာ ၁၉၈၆ ခုနှစ် မက္ကဆီကိုနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် ၁၃ ကြိမ်မြောက်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ယှဉ်ပြိုင်ကစားခဲ့ဖူးပြီဖြစ်သည်။ ထိုစဉ်က အာဂျင်တီးနားအသင်းက အနောက်ဂျာမနီအသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရယူခဲ့ပြီး ကမ္ဘာ့ချန်ပီယံအဖြစ်သို့ ရောက်ခဲ့သည်။

ယခုအကြိမ်ပြိုင်ပွဲတွင်လည်း အဆိုပါ ပြိုင်ဘက်နှစ်သင်းတို့ ထပ်မံတွေ့ဆုံခဲ့ကြရာ အာဂျင်တီးနားအနေဖြင့် မိမိတို့၏ လက်ရှိ ကမ္ဘာ့ချန်ပီယံအဆင့်ကို ဆက်လက်ထိန်းသိမ်းနိုင်အောင် ကြိုးစားယှဉ်ပြိုင်သွားသည် ဖြစ်သကဲ့သို့ အစဉ်အလာကောင်းခဲ့သော အနောက်ဂျာမနီအသင်း အနေဖြင့်လည်း ရုံးကြွေးကိုပြန်ဆပ်ပြီး စိတ်မကြေပွန်နိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းခဲ့ကြသဖြင့် နောက်ဆုံးဗိုလ်လုပွဲသို့ လာရောက်ကြည့်ရှု အားပေးခဲ့ကြသည့် ဘောလုံးဝါသနာရှင်တို့၏ အားပေးသံမှာ ကမ္ဘာ့နိုင်ငံ အသီးသီးသို့တိုင်အောင် ရိုက်ခတ်သွားခဲ့သည်။

နောက်ဆုံးဗိုလ်လုပွဲတွင် အနောက်ဂျာမနီအသင်းမှ လူစုံတက်စုံပါဝင်ကစားနိုင်ခဲ့သော်လည်း အာဂျင်တီးနားအသင်းမှာမူ အကြိုဗိုလ်လုပွဲစဉ်မှာ အဝါကတ်ပြားများပြသထားခြင်းခံခဲ့ရပြီး ဗိုလ်လုပွဲတွင် ယှဉ်ပြိုင်ကစားခွင့် မရကြသည့် ရွှေတန်းတိုက်စစ်မှူး ကာနစ်ဂျီယာ၊ ကွင်းလယ်ကစားသမား အာတစ္စတာ ဂျီယပ်စတီနှင့် နောက်တန်းလူ အိုလာတီကိုချီယေတို့ မပါဝင်မှုကြောင့် တိုက်စစ်တွင် အားနည်းခဲ့ရသည်။

ပထမပိုင်း ၄၅ မိနစ်တွင် တစ်ဘက်နှင့်တစ်ဘက် ဂိုးဝင်အောင်မသွင်းနိုင်ခဲ့ဘဲ ဂိုးမရှိသရေပွဲ ဖြစ်ခဲ့သည်။ ဒုတိယပိုင်းတွင် အာဂျင်တီးနားအသင်းမှ လူစားဝင်လာသူ နောက်တန်းလူ ပီဒရိုမွန်ဇွန်းက ဂျာမနီရွှေတန်းတိုက်စစ်မှူး ကာလင်းစမန်းကို လူချကစားသဖြင့် မက္ကစီကို ဒိုင်လူကြီးက အနီကတ်ပြပြီး ကွင်းထဲမှထုတ်ပယ်ခဲ့ရာ အာဂျင်တီးနားအသင်းသည် ပွဲပြီးသည်အထိ ၁၀ ဦး တည်းနှင့် ကစားခဲ့ရပြီး အားပျော့ခဲ့ရသည်။ အာဂျင်တီးနားအသင်းအနေဖြင့် ခံစစ်ကိုဦးစားပေး၍ ကစားနေချိန်တွင် ပွဲပြီးရန်ခြောက်မိနစ်အလို၌ အနောက်ဂျာမနီ တိုက်စစ်မှူး ဗိုဝဲလားနှင့် အာဂျင်တီးနား နောက်တန်းလူ ရောဘက် တိုဆန်ဆီနီတို့ ပယ်နယ်တီ ဧရိယာအတွင်း ဘော လုံး ယှဉ် ပြိုင် လု က စား ရာ မှ ဂျာမနီတိုက်စစ်မှူး ဗိုဝဲလား လဲကျသွားပြီး အာဂျင်းတီးနားအသင်းဘက်သို့ မက္ကစီကိုဒိုင်လူကြီးက ပယ်နယ်ဘီအပြစ်ပေးခဲ့သည်။

အဆိုပါပယ်နယ်တီကို အနောက်ဂျာမနီ နောက်တန်းလူ ဘရေမီကန်သွင်းခဲ့ရာ ယခင်ပွဲစဉ်အဆက်ဆက်ပယ်နယ်တီဘောလုံး လေးလုံးကာကွယ်နိုင်ခဲ့ပြီး နောက်ဆုံးဗိုလ်လုပွဲ အဆင့်သို့ရောက်အောင် အဓိကစွမ်းဆောင်နိုင်ခဲ့သူ အာဂျင်တီးနားဂိုးသမား ဂျိုင်ကိုချီယေ မကာကွယ်နိုင်ခဲ့ဘဲ ဂိုးပေးလိုက်ရသည်။

ဤသို့ဖြင့် အနောက်ဂျာမနီ ဘောလုံးအသင်းသည် ၁၉၅၄ ခုနှစ်၊၁၉၇၄ ခုနှစ်၊ ၁၉၉၀ ပြည့်နှစ် သုံးကြိမ်မြောက် ကမ္ဘာ့ဖလား ချန်ပီယံ အဖြစ်သို့ ရောက်ရှိခဲ့ရသည်။ ရောမအိုလင်းပစ် အားကစားကွင်းအတွင်း အားပေးနေကြသော ဘောလုံးဝါသနာရှင်များ၏ သြဘာသံများ ကောင်းကင်သို့တိုင် လှိုက်သွားခဲ့သည်။ အထူးသဖြင့် အကြိုဗိုလ်လုပွဲတွင် အိမ်ရှင်အီတလီအသင်းကို ပယ်နယ်တီဖြင့် အနိုင်ရယူသွားခဲ့သည့် အာဂျင်တီးနားအသင်း ယခုအကြိမ်တွင် ပယ်နယ်တီဖြင့် ပြန်လည်ရှုံးနိမ့်သွားသည်ကို အားရကျေနပ်နေသော အီတလီ ဘောလုံးပရိသတ်၏ အနောက်ဂျာမနီအသင်းအပေါ် အားပေးမှုမှာ အီတလီနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံ အသီးသီးသို့တိုင်အောင် ပြန့်နှံ့သွားခဲ့ရသည်။ ထိုအချိန်တွင် အဝေးနိမ့်ခဲ့ရသော အာဂျင်တီးနားအသင်းမှ ဘောလုံးသမားတို့က ဒိုင်လူကြီးကို ဝိုင်းဝန်းတွန်းကြ၊ ဆဲကြသည်။ ဒေါသနှင့် မကျေနပ်မှုကို ပြသခဲ့သည်။ အသင်းခေါင်းဆောင် မာရာဒိုနာမှာ ဝမ်းနည်းပက်လက် ရှိုက်ကြီးတငင် ငိုကြွေးပြီး ဆုချီးမြှင့်ပေးခဲ့သည့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ

ကျင်းပပြီးစီးခဲ့သော ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရာ နိုင်ငံများနှင့် ပထမ၊ ဒုတိယ ရရှိခဲ့သည့် နိုင်ငံများ၏ အရေအတွေ

စဉ်	ခုနှစ်	အကြိမ်	ကျင်းပသည့်နိုင်ငံ	ပထမ	ဒုတိယ
၁	၁၉၃၀	ပထမ	ဥရုဂွေး	ဥရုဂွေး	အာဂျင်တီးနား
၂	၁၉၃၄	ဒုတိယ	အီတလီ	အီတလီ	ချက်ကိုစလိုဗက်ကီးယား
၃	၁၉၃၈	တတိယ	ပြင်သစ်	အီတလီ	ဟန်ဂေရီ
၄	၁၉၅၀	စတုတ္ထ	ဗရာဇီး	ဥရုဂွေး	ဘရာဇီး
၅	၁၉၅၄	ပဉ္စမ	ဆွစ်ဇာလန်	အနောက်ဂျာမနီ	ဟန်ဂေရီ
၆	၁၉၅၈	ဆဋ္ဌမ	ဆွီဒင်	ဗရာဇီး	ဆွီဒင်
၇	၁၉၆၂	သတ္တမ	ချီလီ	ဗရာဇီး	ချက်ကိုစလိုဗက်ကီးယား
၈	၁၉၆၆	အဋ္ဌမ	အင်္ဂလန်	အင်္ဂလန်	အနောက်ဂျာမနီ
၉	၁၉၇၀	နဝမ	မက္ကဆီကို	ဗရာဇီး	အီတလီ
၁၀	၁၉၇၄	ဒသမ	အနောက်ဂျာမနီ	အနောက်ဂျာမနီ	နယ်သာလင်
၁၁	၁၉၇၈	၁၁ ကြိမ်	အာဂျင်တီးနား	အာဂျင်တီးနား	နယ်သာလင်
၁၂	၁၉၈၂	၁၂ ကြိမ်	စပိန်	အီတလီ	အနောက်ဂျာမနီ
၁၃	၁၉၈၆	၁၃ ကြိမ်	မက္ကဆီကို	အာဂျင်တီးနား	အနောက်ဂျာမနီ
၁၄	၁၉၉၀	၁၄ ကြိမ်	အီတလီ	အနောက်ဂျာမနီ	အာဂျင်တီးနား

မှတ်ချက် ။ ။ ၁၉၄၂ ခုနှစ် ဒုတိယကမ္ဘာစစ် ဖြစ်ပွားခြိန်နှင့် ၁၉၄၆ ခုနှစ် ဒုတိယမြောစစ်ဖြစ်ပြီးစအခြိန်များတွင် ပြိုင်ပွဲမကျင်းပဖြစ်ပါ။

ဟာဗာလန်ချကို လက်ဆွဲနှုတ်ဆက်ရန်ပင် ငြင်းဆန်ခဲ့သည်။ ဂျာမနီ ဘောလုံးသမားတို့ အနေဖြင့်မူကား ဆန့်ကျင်ဘက် ခံစားမှုအဖြစ် မိမိတို့၏ နည်းပြဆရာ ဘက်ကင်ဘောင်ဝါးကို မြောက်ချီ ဂုဏ်ပြုခဲ့ သကဲ့သို့ အထူးတန်း ပွဲကြည့်စင်မှ ကြည့်ရှု အားပေးခဲ့သော အနောက်ဂျာမနီ ဝန်ကြီးချုပ် ဟဲလမို့ခိုးလ်မှာ ကွင်း အတွင်းဆင်းလာပြီး တစ်ဦးချင်း ဂုဏ်ပြုလက်ဆွဲနှုတ်ဆက် ချီးကျူးစကားပြောဆိုခဲ့သည်။

၁၉၉၀ ပြည့်နှစ် ၁၄ ကြိမ်မြောက် အီတလီ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အပြီးတွင် အနောက်ဂျာမနီအသင်းက ပထမ၊ အာဂျင်တီးနားအသင်းက ဒုတိယ၊ အီတလီအသင်း တတိယနှင့် အင်္ဂလန်အသင်း စတုတ္ထ အသီးသီးရရှိခဲ့ကြသည်။ ၁၉၉၀ ပြည့်နှစ် ဇွန်လ ၈ ရက် မှ ဇူလိုင်လ ၈ ရက်နေ့အထိကျင်းပခဲ့သော ပွဲစဉ်ပေါင်း ၅၂ ပွဲတွင် ဂိုးပေါင်း၁၃၉ ဂိုး သွင်းယူခဲ့သည်။ ဂိုးအများဆုံး သွင်းနိုင်ခဲ့သောအသင်းမှာ ချန်ပီယံ အနောက်ဂျာမနီ အသင်းဖြစ်ပြီး ယှဉ်ပြိုင်ကစားခဲ့သောပွဲစဉ်ပေါင်း ခုနစ် ပွဲတွင် ၁၇ ဂိုးသွင်းယူနိုင်ခဲ့သည်။

တစ်ဦးချင်းဂိုးအများဆုံးသွင်းနိုင်ခဲ့သူများမှာ အီတလီမှ ဂျိလာစ် ခြောက်ဂိုး၊ ချက်ကိုစလိုဗက်ကီးယားမှ စခူရာဗီ ငါးဂိုး၊ ကင်မရွန်းမှ ရော်ဂျာမီလာ၊ အနောက်ဂျာမနီမှ မက်သီးယပ်စ်၊ စပိန်မှ မခဲလ်၊ အင်္ဂလန်မှ လိုင်နီကာတို့က လေးဂိုးစီ သွင်းယူနိုင်ခဲ့ကြသည်။

၁၉၉၀ ပြည့်နှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၏ အကောင်းဆုံး အားကစားသမားဆုကို အီတလီနိုင်ငံမှ ဆာလ်ဗာတိုရီဂျိလာစီက ရရှိသွားသည်။ ၎င်းမှာ ဂိုး အများဆုံး သွင်းနိုင်သူဆုကိုလည်း ရရှိခဲ့သူဖြစ်သည်။ အသန့်ရှင်းဆုံးအသင်းဆုကို ပြစ်ဒဏ်အနည်းဆုံး သတ်မှတ် ခံခဲ့ရသည့် အင်္ဂလန်အသင်းက ရရှိခဲ့သည်။

ပြိုင်ပွဲအစမှအဆုံး ပြစ်ဒဏ်များအတွက် အဝါအနီ ကတ်ပြားများ ပြသခဲ့ရရာတွင် အဝါကတ် ၁၇၀ ကြိမ်၊ အနီကတ်ပြား ၁၆ ကြိမ်အထိ ပြသခဲ့ပြီး ဒိုင်လူကြီးများ အနေဖြင့် ပြိုင်ပွဲကို စည်းကမ်းတကျ ထိန်းသိမ်းခဲ့ကြ ရသည်။

၁၉၉၀ ပြည့်နှစ် ၁၄ ကြိမ်မြောက် အီတလီ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအပြီးတွင် အောင်မြင်မှု၊ ရှုံးနိမ့်မှုများအတွက် ဂယက်ရိုက်ဝေဖန်မှုများ၊ နည်းပြဆရာ အပြောင်းအလဲများ၊ အားကစားသမားအပြောင်းအလဲများရှိလာသကဲ့သို့ ကမ္ဘာ့ဘောလုံးနယ်ပယ်တွင်တန်ကြေး တက်သွားသော ဘောလုံးသမားများ၊ ဒေါ်လာသန်း

ပေါင်းများစွာ တန်သွားသော ဘောလုံးသမားများ အမြောက်အများ ပေါ်ထွက်ခဲ့သည်။ ပြိုင်ပွဲမှ မိမိအားပေးခဲ့သော အသင်း ရှုံးနိမ့်သွား၍ စိတ်မထိန်းနိုင်ဘဲ သေကြောင်းကြံသွားသူများ၊ ရုတ်တရက် ကြားလိုက်မြင်လိုက်ရသော ပြိုင်ပွဲအနိုင်အရှုံးများကြောင့် စိတ်လှုပ်ရှားကာ နှလုံးလေရိုက် သေဆုံးသွားကြရသူများ၊ လမ်းပေါ်တွင် အပျော်လွန်၍ ဥပဒေအရဖမ်းဆီးအရေးယူခဲ့ရသူများ၊ ရှုံးနိမ့်၍ မကျေမနပ်ဖြစ်ကာ ဖျက်လိုဖျက်ဆီးမှုများ ပြုလုပ်မိသဖြင့် ဖမ်းဆီးအရေးယူခံရသူများ စသည်ဖြင့် အမျိုးမျိုး ဖြစ်ပျက်ပေါ်ထွက်ခဲ့ရသည်အထိ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၏ဂယက်မှာတုန်ခါရိုက်နှက်ခဲ့သည်။

၁၉၉၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အမေရိကန်ပြည်ထောင်စု မြို့ကြီးများတွင် ကျင်းပပြုလုပ်ရန် စီစဉ်ထားပြီးဖြစ်ရာ ပွဲစဉ်တော်တော်များများကို မိုးလုံလေလုံ အားကစားရုံများတွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အမေရိကန် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ စကော့ပိတီလီယာက ထုတ်ဖော်ပြောကြားခဲ့သည်။

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၏ အဆင့်အတန်းမှာ တစ်စထက်တစ်စ တိုးတက်မြင့်မားလာသကဲ့သို့ ကမ္ဘာ့လူသားအသီးသီးတို့၏ စိတ်ပါဝင်စားမှုကိုလည်း တိုးမြှင့်ရရှိနေပြီဖြစ်ရာ လေးနှစ်တစ်ကြိမ်ဆက်လက်ကျင်းပဦးမည့် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲများကို စောင့်စားကြည့်ရှုကြရဦးမည်သာ ဖြစ်သည်။

ခင်မောင်လွင် (အား/ကာ)

ကမ္ဘာ့မူးယစ်ဆေးဝါးထိပ်သီးညီလာခံ။ ။ မူးယစ်ဆေးဝါး တရားမဝင်သုံးစွဲမှု လျော့ချရေးနှင့် ကိုကင်းအန္တရာယ် တိုက်ဖျက်ရေးဆိုင်ရာ ကမ္ဘာ့ဝန်ကြီးများအဆင့် ထိပ်သီးညီလာခံကို လန်ဒန်မြို့တွင် ၁၉၉၀ ပြည့်နှစ် ဧပြီလ ၉ ရက်မှ ၁၁ ရက်အထိ ကျင်းပခဲ့သည်။

ယင်းညီလာခံသို့ နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်အဖွဲ့ စုစုပေါင်း ၁၂၀ ကျော် တက်ရောက်ဆွေးနွေးခဲ့သည်။ ယင်းညီလာခံကို ဗြိတိန်နိုင်ငံနှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းတို့ ပူးတွဲကျင်းပခဲ့ကြခြင်း ဖြစ်သည်။ ညီလာခံတွင် အဖွင့်အခမ်းအနား၊ မျက်နှာစုံညီ အစည်းအဝေးသုံးကြိမ် မူးယစ်ဆေးဝါး လျော့ပေါ့သုံးစွဲရေးဆိုင်ရာ ကော်မတီနှင့် ကိုကင်းရန် ကာကွယ်ရေးဆိုင်ရာ ကော်မတီအစည်းအဝေးသုံးကြိမ်၊ နိုင်ငံရေးဆိုင်ရာ ကြေညာချက်အတည်ပြုခြင်း၊ နိဂုံးချုပ် အခမ်းအနားများနှင့် သတင်းစာရှင်းလင်းပွဲများကို ပြုလုပ်ဆောင်ရွက်ခဲ့သည်။

ဦးတည်ချက်

ညီလာခံ၏ ဦးတည်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ကြသည်။

- မူးယစ်ဆေးဝါး တရားမဝင်သုံးစွဲ၊ သယ်ယူ၊ ရောင်းချခြင်းဆိုင်ရာ ကမ္ဘာ့ညီလာခံကို ၁၉၇၇ ခုနှစ်မှ စတင် ဆွေးနွေးကျင်းပလာခဲ့ရာ ထိုဆွေးနွေးလက်ခံအတည်ပြုချက်များကို နိုင်ငံတကာက အရှိန်မပျက် ပူးပေါင်း ဆောင်ရွက်ရန်၊
- မူးယစ်ဆေးဝါးသုံးစွဲမှု လျော့ချရေးကို ၁၉၈၈ ခုနှစ် ကုလသမဂ္ဂမှ ကြီးမှူးသော မူးယစ်ဆေးဝါးနှင့် စိတ်ပိုင်းဆိုင်ရာ ထုံထိုင်း ဆေးဖြစ်စေတတ်သော ဆေးများ တရားမဝင် ရောင်းချခြင်း၊ သယ်ယူခြင်းများကို တားမြစ်ချက်များနှင့် အညီနိုင်ငံတကာက ပူးပေါင်းဆောင်ရွက်ရန်၊
- အစိုးရ အဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့အစည်း မဟုတ်သည့် အခြားအဖွဲ့အစည်းများ အကြား အတွေ့အကြုံများဖလှယ်၍ မူးယစ်ဆေးဝါး တရားမဝင်သုံးစွဲမှုကို ဟန့်တားသည့် ထိရောက်သော မူဝါဒများ ချမှတ်ရန်၊
- ကမ္ဘာတဝန်းလုံး အတိုင်းအတာ၊ ဒေသဆိုင်ရာ အတိုင်းအတာနှင့်နိုင်ငံတကာ၊ တစ်နိုင်ငံချင်း အတိုင်းအတာများဖြင့် ပူးပေါင်း ဆောင်ရွက်ကြရန် နည်းလမ်းများ ရှာဖွေရန်၊
- ကိုကင်းထုတ်လုပ်ခြင်း၊ သယ်ယူခြင်း၊ ရောင်းချခြင်းတို့ကို ပူးပေါင်းတိုက်ဖျက်ရန်နှင့် သုံးစွဲမှုလျော့ချရေးကိုလည်း ထိရောက်စွာ တားမြစ်ရန် စသည်တို့ဖြစ်သည်။

ညီလာခံကျင်းပခြင်း

မူးယစ်ဆေးဝါး တရားမဝင်သုံးစွဲမှု လျော့ချရေးနှင့် ကိုကင်းအန္တရာယ် တိုက်ဖျက်ရေးဆိုင်ရာ ကမ္ဘာ့ဝန်ကြီးများအဆင့် ထိပ်သီးညီလာခံကို လန်ဒန်မြို့ရှိ (Queen Elizabeth II Conference Centre)တွင် ကျင်းပခဲ့သည်။ ၁၉၉၀ ပြည့်နှစ် ဧပြီလ ၉ ရက်နေ့ နံနက် ၁၀း၃၀ နာရီ အချိန်တွင် ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့သည်။ ဖွင့်ပွဲအခမ်းအနား၌ ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ် မာဂရက်သက်ချာ၊ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဟာဗီးယား ပဲရက်စ်ဒေကွေးလျားနှင့် ကိုလုံး

ဗီးယား နိုင်ငံသမ္မတ ဘာကို ဗားဂတ်စ် တို့က မိန့်ခွန်းများပြောကြားခဲ့သည်။

ဤညီလာခံသို့ မြန်မာနိုင်ငံမှ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊အဖွဲ့ဝင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဘုန်းမြင့်က အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်၍ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် ၁၁ ဦးတက်ရောက်ခဲ့သည်။ ညီလာခံတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် ဦးအုန်းကျော်က ၁၉၉၀ ပြည့်နှစ် ဧပြီလ ၁၀ ရက်နေ့တွင် မိန့်ခွန်းပြောကြားခဲ့သည်။


နိုင်ငံရေးကြေညာစာတမ်း

ဤလန်ဒန် ထိပ်သီးညီလာခံကြီးမှ နိုင်ငံရေးကြေညာစာတမ်းတစ်စောင်ကို အတည်ပြု ကြေညာခဲ့သည်။ ယင်းကြေညာချက်တွင် တရားမဝင်မူးယစ်ဆေး သုံးစွဲမှုလျှော့ချရေး အစီအစဉ်များကို ဆောင်ရွက်ရာတွင် နိုင်ငံတကာမှ မိမိတတ်အားသ၍ အရင်းအမြစ်များကို ထည့်ဝင်သင့်ကြောင်းနှင့် ထည့်ဝင်ထားပြီး ဖြစ်ပါကလည်း ပိုမို၍ ထည့်ဝင် ဆောင်ရွက်သင့်ကြောင်း၊ ဖွံ့ဖြိုးပြီး နိုင်ငံများသည် ဖွံ့ဖြိုးဆဲ နိုင်ငံများနှင့် နှစ်နိုင်ငံချင်း သို့မဟုတ် ကုလသမဂ္ဂအဖွဲ့ကြီးမှတစ်ဆင့် နည်းပညာရပ်များ ပူးပေါင်း၍ မဖွံ့ဖြိုးသေးသော နိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ မူးယစ်ဆေးဝါးသုံးစွဲမှု လျှော့ချရေး အစီအစဉ်များတွင် ကူညီသင့်သည်ဟု ဖော်ပြပါရှိသည်။

စာတမ်းတွင် မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်သည့် ပြဿနာရပ်များ ဖြေရှင်းရာတွင် အခန်းကဏ္ဍနှစ်ရပ်ခွဲ၍ တင်ပြထားသည်။ ပထမကဏ္ဍတွင် မူးယစ်ဆေးဝါးနှင့် အခြား မူးယစ်စေတတ်သော ဆေးများကို တရားမဝင်သုံးစွဲမှု လျှော့ချရေးနှင့် ဒုတိယ ကဏ္ဍမှာ ကိုကင်းအန္တရာယ် ခြိမ်းခြောက်မှုကို တိုက်ဖျက်ရေးတို့ ဖြစ်သည်။

ပထမကဏ္ဍနှင့် ပတ်သက်၍ တင်ပြခဲ့သော အချက်အလက်များတွင် အမျိုးသားရေးအရ ချမှတ်သင့်သော နည်းဗျူဟာများ၊ ပတ်ဝန်းကျင်၏ မိမိအသိစိတ်ခတ်ဖြင့် ပါဝင်လှုပ်ရှားမှုများ၊ ပညာနည်းဗျူဟာများ၊ လုပ်ငန်းခွင် မူးယစ်ဆေးဝါးသုံးစွဲမှု၊ ပြန်ကြားရေးဌာန များ၏ ဆောင်ရွက်ရမည့် အချက်များ၊ ဆေးဝါးကုသရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ၊ မူးယစ်ဆေးဝါး အလဲသုံးစွဲမှုနှင့် ပတ်သက်၍ သုတေသနပြုရန်၊ HIV အော့ဒ်စ်ရောဂါ ပျံ့ပွားမှုအခြေအနေ၊ ရပ်ကွက်မြို့နယ်အတွင်းရှိ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး ကော်မ





တီမျိုး ဖွဲ့စည်းခြင်း၊ ကုသမှု ခံယူလိုသူများ အတွက် ထောင်ကျခံရမည့်အစား အခြားကုသရေး၊ ပြန်လည် ထူထောင်ရေး အစီအစဉ် များနှင့် ဤလိုအပ်ချက်များကို ဖြည့်ဆည်း တာဝန်ယူနိုင်မည့် ကျွမ်းကျင်မှုများအား သင်တန်းပေးရန် စသည့်အချက်များ ပါဝင်သည်။

ဒုတိယကဏ္ဍတွင်တစ်က မ္ဘာလုံးပူးပေါင်းပါဝင်၍ကိုကင်း၏ ခြိမ်းခြောက်မှု အန္တရာယ်ကို တားဆီးကာကွယ်ရန်၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေး အစီအစဉ် (UNFDAC) အဖွဲ့ကြီးအား တိုးတက်ထောက်ပံ့ပေးရန်၊ အစားထိုး စိုက်ပျိုးရန်နှင့် တရားမဝင် စိုက်ပျိုးရေးကို ဖျက်ဆီးရန်၊ ဓာတုဗေဒ ပစ္စည်းများ ရောင်းချအသုံးပြုခြင်းများကို ထိန်းချုပ်ရန်၊ အဖွဲ့အစည်း အလိုက်၊ နိုင်ငံအလိုက်သတင်းဖလှယ်ရန်၊ ၁၉၈၈ ခုနှစ်တွင် ကြေညာခဲ့သော တရားမဝင်မူးယစ်ဆေးဝါး ရောင်းဝယ် ဖောက်ကားမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်း (UN Convention against Illicit Drug Trafficking) ကို လိုက်နာရန်၊ ရေကြောင်းနှင့်လေကြောင်းတို့မှ တရားမဝင် သယ်ဆောင်ခြင်းများကို တားဆီးရန် မူးယစ်ဆေးဝါး ရောင်းဝယ်သယ်ပို့ရာတွင် အသုံးပြုသော ပစ္စည်း၊ အမြတ် အစွန်း ဆေးဝါး စသည်တို့ကို သိမ်းဆည်းရန် စသည့် ကဏ္ဍများ ပါဝင်သည်။

သုံးရက်တာ ကျင်းပခဲ့သော ညီလာခံကြီးတွင် နိုင်ငံ တကာမှ ကိုယ်စားလှယ်အဖွဲ့ ၁၂၀ ကျော် တက်ရောက် ခဲ့ကြပြီး ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။ နိုင်ငံအချို့နှင့် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်း အချို့မှ ကိုယ်စားလှယ်ကြီးများက ပါဝင် ဆွေးနွေး ခဲ့ကြသည်။

မူးယစ်ဆေးဝါးအန္တရာယ်သည် တရားမဝင် ထုတ်လုပ် ရောင်းချမှုဘက်မှသာမက တရားမဝင် သုံးစွဲမှုအပိုင်းကိုပါ ထိန်းချုပ် တားဆီးနိုင်မှသာလျှင် အောင်မြင်နိုင်ပေမည်။ တစ်ချိန်ဝယ်းမှာပင် တစ်နိုင်ငံချင်းသာမကဘဲ တစ် ကမ္ဘာလုံးရှိ လူသားအားလုံး၏ ကောင်းကျိုးကိုရှေးရှု၍ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည့် တာဝန်တစ်ရပ် ဖြစ်ပေသည်။

ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့ပြိုင်ပွဲ(၁၉၉၀)။ ။ကမ္ဘာ့ ကြေးစား လက်ဝှေ့သမားများအတွက် ကိုယ်အလေး ချိန်တန်းအလိုက် လက်ဝှေ့ချန်ပီယံသရဖူ လုပွဲများကို ကျင်းပပြုလုပ်လျက်ရှိရာ ကမ္ဘာ့လက်ဝှေ့ ချန်ပီယံဘွဲ့ကို စောင့်ထိန်း ကာကွယ်လျက်ရှိသော လက်ဝှေ့အားကစား သမားများ၊ ကမ္ဘာ့လက်ဝှေ့ချန်ပီယံများကို အန်တုစိန် ခေါ်နေသူများ၊ ကမ္ဘာ့ လက်ဝှေ့ချန်ပီယံ ဘွဲ့အတွက်

ကြိုတင်ပြင်ဆင် လက်ရည်သွေးနေသူများ အမြောက်အမြားပေါ်ထွက်လျက်ရှိနေသည်။

ကမ္ဘာ့ လက်ဝှေ့ပြိုင်ပွဲများကို ထိပ်တန်း စီးပွားရေးတစ်ရပ်အဖြစ် သတ်မှတ်ပြီး ကိုင်တွယ်ကြိုးကိုင်လျက်ရှိသော ကမ္ဘာ့လက်ဝှေ့ကျင်းပပေးသူ ပွဲသင်းသူ စင်တင်ပေးသူပုဂ္ဂိုလ်များကထိန်းချုပ်ဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါပြိုင်ပွဲများမှ ပေါ်ထွက်လာသော ကမ္ဘာ့လက်ဝှေ့ချန်ပီယံများကို အပြည်ပြည်ဆိုင်ရာ လက်ဝှေ့အဖွဲ့ချုပ် (IBF—International Boxing Federation)၊ ကမ္ဘာ့လက်ဝှေ့ကောင်စီ (WBC—World Boxing Council)၊ ကမ္ဘာ့လက်ဝှေ့ အသင်းချုပ် (WBA—World Boxing Association) အစရှိသော အဖွဲ့အစည်းများက အသိအမှတ်ပြုကြသည်။

ကမ္ဘာ့လက်ဝှေ့ ချန်ပီယံတစ်ဦး အထူးသဖြင့် ကမ္ဘာ့ဟဲဗီးဝိတ် လက်ဝှေ့ ချန်ပီယံတစ်ဦး ဖြစ်လာရန်မှာ များစွာသောအခက်အခဲများ၊အတားအဆီးများကြားမှ ဖြတ်သန်းလာခဲ့ရပြီး များလှစွာသောချွေး၊ သွေးများကို အရင်းပြုပြီးမှ ကမ္ဘာ့လက်ဝှေ့ ချန်ပီယံတစ်ဦးအဖြစ် သတ်မှတ်ခံခဲ့ရခြင်းဖြစ်ပါသည်။

သို့ရာတွင် အဆိုပါ ကမ္ဘာ့ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံတစ်ဦးအဖြစ်သို့ ရောက်ရှိလာပြီးပါကလည်း နေ့ချင်းညချင်း သန်းကြွယ်သူဌေးတစ်ဦးအဖြစ်သို့ လည်းကောင်း၊ ကမ္ဘာ့လက်ဝှေ့ သူရဲကောင်း အကျော်အမော် တစ်ဦးအဖြစ်သို့လည်းကောင်း ချက်ချင်း ရောက်ရှိသွားနိုင်သည် ဖြစ်ရာ ကမ္ဘာ့လက်ဝှေ့သမားအမြောက်အမြားမှာ အဆိုပါ ကမ္ဘာ့ဟဲဗီးဝိတ် ချန်ပီယံသရဖူအတွက် မျော်လင့်ချက်ကြီးစွာဖြင့် ကြိုးပမ်းလေ့ကျင့်ယှဉ်ပြိုင်လျက် ရှိကြသည်။

ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံသရဖူအတွက် ပြိုင်ပွဲတစ်ရပ်ကို ၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပပြုလုပ်ခဲ့ရာ လက်ရှိ ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့ ချန်ပီယံ မိုက်တိုင်စန် (Mike Tyson) နှင့် စိန်ခေါ်သူ ဂျိမ်းဘတ်စတာ ဒေါက်ဂလပ်စ် (James Buster Douglas) တို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။

လက်ရှိ ကမ္ဘာ့ဟဲဗီးဝိတ် ချန်ပီယံ မိုက်တိုင်စန်မှာ အသက် ၂၃ နှစ်ရှိပြီး အရပ် ၅ ပေ ၁၁ လက်မ၊ ကိုယ်အလေးချိန်ပေါင် ၂၂၀ ရှိသည်။ ပွဲ ၃၇ ပွဲ ထိုးသတ်ခဲ့ပြီး ရှုံးပွဲလုံးဝမရှိ စံချိန်တင်ထားနိုင်သူ ဖြစ်လျက် ကိုးပွဲမှာ ကမ္ဘာ့ဟဲဗီးဝိတ် သရဖူအတွက် ကာကွယ်ပွဲများဖြစ်သည်။

စိန်ခေါ်သူ ဂျိမ်းဘတ်စတာ ဒေါက်ဂလပ်စ်မှာ အသက် ၂၉ နှစ်ရှိပြီး အရပ် ၆ ပေ ၄ လက်မ၊ ကိုယ်အလေးချိန်ပေါင် ၂၃၀ ရှိသည်။ ပွဲပေါင်း ၃၄ ပွဲကို ထိုးသတ်ခဲ့ရာ ၂၉ ပွဲနိုင်၊ ၁ ပွဲသရေ၊ ၄ ပွဲရှုံးထားသူ ဖြစ်သည်။

ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံသရဖူလုပွဲကို ၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ဂျပန်နိုင်ငံတိုကျိုမြို့ရှိ ပွဲကြည့်ပရိသတ် ၅၆,၀၀၀ ဆံ့သော တိုကျိုလိပ်ခုံးအားကစားခန်းမကြီးတွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ ကမ္ဘာ့ဟဲဗီးဝိတ် လက်ဝှေ့သရဖူလုပွဲကြီးကို ပြိုင်ပွဲကျင်းပရာ ခန်းမကြီးအတွင်းရှိ ပရိသတ်များသာမက ကမ္ဘာအရပ်ရပ်ရှိ လက်ဝှေ့အားကစား ဝါသနာရှင် စိတ်ပါဝင်စားသူ သန်းပေါင်း မြောက်မြားစွာတို့က ရုပ်မြင်သံကြားမှတစ်ဆင့် ကြည့်ရှုခဲ့ကြသည်။

ပြိုင်ပွဲမစတင်မီက မရှုံးနိုင်သော ကမ္ဘာ့ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံအဖြစ် နာမည်ကြီးလျက်ရှိသည့် လက်ရှိ ချန်ပီယံ မိုက်တိုင်စန်ပင် အနိုင်ရရှိမည်ဟု ခန့်မှန်းခဲ့ကြသည်။ အနိုင်အရှုံးအလောင်းအစား အခြေအနေတွင်လည်း မိုက်တိုင်စန်ဘက်က ၄၀ လေး ၁ လေးရှိနေခဲ့သည်။

သို့ရာတွင် လက်ဝှေ့ပွဲစတင်သည်နှင့် မထင်မှတ်မမျှော်လင့်ထားသော ဒေါက်ဂလပ်စ်၏ ညာလက်သီးများသည် တိုင်စန်ကို ဒုက္ခကောင်းကောင်းပေးခဲ့သည်။ ပွဲကိုသတ်မှတ်ချက်အရ သုံးမိနစ် ၁၅ ချီ ထိုးသတ်စေခဲ့ရာ ကိုးချီတွင် တိုင်စန်၏ မျက်နှာတစ်ခုလုံး ဖူးရောင်နေခဲ့ပြီး ဘယ်ဘက် မျက်လုံးမှာလည်း လုံး၀ ပိတ်သွားခဲ့သည်။ ဒေါက်ဂလပ်စ်သည် ပွဲအစအဆုံး ဘယ်ညာထောက်လက်သီးများ ဆက်ကာဆက်ကာထိုးပြီး တိုင်စန်၏အပူးကို မခံဘဲ ပညာသားပါပါထိုးသတ်သွားခဲ့သည်။ ရှစ်ချီအချိန်စေ့ရန် ခြောက်စက္ကန့် အလိုတွင် မိုက်တိုင်စန်၏ အားအထားဆုံးအကောင်းဆုံးညာပင့်လက်သီးတစ်ချက် ဒေါက်ဂလပ်စ်၏မေးရိုးကိုထိသွားခဲ့ရာ ကြမ်းပြင်သို့လဲကျသွားခဲ့ရသည်။ လက်ဝှေ့ကြိုးဝိုင်းဒိုင်လူကြီး အောတေဗီယိုဘန်ချက်စ်က အမှတ်စဉ်ရေတွက်ခဲ့ရာ အငြင်းပွားဖွယ်ရာအဖြစ်တစ်ခု ပေါ်ပေါက်ခဲ့ရသည်။ ဒိုင်လူကြီး၏ အမှတ်စဉ်ရေတွက်ပုံမှာ စည်းမျဉ်းနှင့်မညီ နှောင့်နှေးကြန့်ကြာခဲ့ကြောင်း မိုက်တိုင်စန်၏ ပွဲသင်းသူ ဒုန်ကင်းက ကန့်ကွက်ခဲ့သည်။ အချိန်မှတ်သူက ဒေါက်ဂလပ်စ်၏ ကျောနှင့် ကြမ်းပြင် ထိမိချိန်မှ စတင်ပြီး အမှတ်စဉ်ရေတွက်ခဲ့သော်လည်း ကြိုးဝိုင်းဒိုင်လူကြီးက အချိန်မှတ်သူအမှတ်စဉ် နှစ် အရောက်တွင်မှ စတင်ပြီး ရေတွက်ခဲ့ရာ ဒေါက်ဂလပ်စ် ပြန်ထလာချိန်တွင် အမှတ်စဉ် ၁၀ သို့ ရောက်ရှိနေပြီးဖြစ်ပြီး ဥပဒေအရ အရှုံးပေးရမည်ဖြစ်ကြောင်း ကန့်ကွက်ခဲ့သည်။ တစ်ချိန်တည်းတွင်လည်း

ရှစ်ချီအချိန်စေ့သည့်ခေါင်းလောင်းသံကလည်း ပေါ်ထွက်လာခဲ့ရာ အငြင်းပွားဖွယ်ရာ အရှုပ်အထွေးများ ပေါ်ပေါက်ခဲ့ရသည်။


သို့ရာတွင် ဒိုင်လူကြီး၏ ဆုံးဖြတ်ချက်ဖြင့် ပွဲကိုဆက်လက်ယှဉ်ပြိုင်စေခဲ့ရာ ကိုးချီတွင် အပြန်အလှန်ထိုးသတ်နိုင်ခဲ့ကြသော်လည်း ၁၀ ချီအရောက် တစ်မိနစ် ၂၃ စက္ကန့်တွင် ဒေါက်ဂလပ်စ်၏ ဘယ်ညာလက်သီးတဲ့များကြောင့် မိုက်တိုင်စန်မှာ လဲကျသွားခဲ့ရသည်။ ကြိုးဝိုင်း ဒိုင်လူကြီး၏ အမှတ်စဉ်ရေတွက်မှု ၁၀ အထိ၊ ပြန်ထရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့မှုကြောင့် အလဲထိုးဘုရင်ကြီးအဖြစ်နှင့် ရှုံးပွဲမရှိ စံချိန်တင်ထားသူ လက်ဝှေ့ချန်ပီယံကြီး မိုက်တိုင်စန်မှာ အလဲထိုးခံခဲ့ရပြီး ရှုံးနိမ့်ခဲ့ရသည်။ မိမိ၏အမြဲတမ်းသိမ်းပိုက်မထားနိုင်သော ကမ္ဘာ့ဟဲဗီးဝိတ် လက်ဝှေ့ သရဖူကိုလည်း ချန်ပီယံသစ် ဂျိမ်းဘတ်စတာ ဒေါက်ဂလပ်စ်လက်သို့ လွှဲပြောင်းပေးအပ်လိုက်ရသည်။

မိုက်တိုင်စန်၏ပွဲသင်းသူ ဒွန်ကင်းက ကန့်ကွက်ခဲ့သော်လည်း အပြည်ပြည်ဆိုင်ရာ လက်ဝှေ့အဖွဲ့ချုပ်၊ ကမ္ဘာ့လက်ဝှေ့ကောင်စီနှင့် ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်တို့က တညီတညွတ်တည်း ဂျိမ်းဘတ်စတာဒေါက်ဂလပ်စ်အား ကမ္ဘာ့ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံသစ်အဖြစ် အသိအမှတ်ပြုခဲ့ကြသည်။

လက်ဝှေ့ပွဲမှ မိုက်တိုင်စန်က ဒေါ်လာ ခြောက်သန်း၊ ဂျိမ်းဘတ်စတာ ဒေါက်ဂလပ်စ်က ၁ ဒသမ ၃ သန်းရရှိသွားသည်။

အဆိုပါ ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့ပြိုင်ပွဲမှ မိမိကိုယ်ကို မိမိ အကောင်းဆုံး မရှုံးနိုင်သော အောင်နိုင်သူအဖြစ် လွှဲမှားစွာ အထင်ကြီးတတ်ပြီး ယှဉ်ပြိုင်ဘက်အပေါ် အထင် သေးတတ်သော အားကစားသမားများ အတွက် တန်ဖိုးမဖြတ်နိုင်သောသင်ခန်းစာများကို ရရှိစေသကဲ့သို့ အားကစားအပေါ် ငွေကြေးစနစ်ဖြင့်ချုပ်ကိုင်ချယ်လှယ်ခဲ့ကြသော စီးပွားရေးသမားများအတွက် အထိနာစေခဲ့သော အဖြစ်အပျက်များ ပေါ်ပေါက်စေခဲ့ရပေသည်။

ကျော်စိန်၊ သခင် (ခရစ် ၁၉၁၉–၁၉၉၀)။ ။ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ဒုတိယဆင့်) ရ သခင် ကျော်စိန်ကို ရက်ကန်းလုပ်ငန်း ပိုင်ရှင် အဖ ဦးအုန်းသင်၊ အမိ ဒေါ်ချစ်မယ်တို့က ၁၉၁၉ ခုနှစ် ဇန်နဝါရီလ ၁၃ ရက် တနလ်ာနေ့တွင် ပဲခူးမြို့နယ် ဘုရားကလေးကျေးရွာတွင် မွေးဖွားခဲ့သည်။



သခင်ကျော်စိန်

ဘုရားကလေးကျေးရွာမူလတန်းကျောင်းတွင် တတိယတန်းအထိ ပညာသင်ကြားခဲ့ပြီး စတုတ္ထတန်းကို ကျောက်တံခါးမြို့နယ် သူဌေးကုန်းကျေးရွာ မူလတန်းကျောင်းမှ အောင်မြင်ခဲ့သည်။ ထို့နောက် ၁၉၂၈ ခုနှစ်မှ ၁၉၃၃ ခုနှစ်အထိ ညောင်လေးပင်မြို့ အာစီအမ် အလယ်တန်းကျောင်းတွင် အင်္ဂလိပ်–မြန်မာ သတ္တမတန်းအောင်သည်အထိ ဆက်လက်သင်ကြားသည်။ ၁၉၃၃ ခုနှစ်မှ ၁၉၃၅ ခုနှစ်အထိ ရန်ကုန် အစိုးရ ဟိုက်စကူးကျောင်းတွင် တက္ကသိုလ်ဝင်တန်း အောင်သည်အထိ ပညာသင်ကြားခဲ့ပြီး ၁၉၃၅ ခုနှစ် ဇွန်လမှ ၁၉၃၇ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ်တွင် ဥပစာသိပ္ပံ အထက်တန်းအထိ တက်ရောက်သင်ကြားခဲ့သည်။

သခင်ကျော်စိန်သည် အထက်တန်းကျောင်းသားဘဝတွင်ပင် ရန်ကုန်မြို့ လူငယ်များကြီးပွားရေးအသင်းတွင် အသင်းဝင်ဖြစ်ခဲ့၍ ၁၉၃၆ ခုနှစ်တွင် ကျေးရွာပြုပြင်ရေး ဆပ်ကော်မတီ၏ ဆော်သြရေးမှူး ဖြစ်ခဲ့သည်။ ၁၉၃၈ ခုနှစ် ကျောင်းသားသပိတ်တွင် ကျောင်းသားသမဂ္ဂအဖွဲ့ဝင်အဖြစ် ထင်ထင်ရှားရှား ပါဝင်ခဲ့သည်။ ဒေါက်တာဘမော်၏ ညွှန်ပေါင်းအစိုးရအဖွဲ့ကို ဆန့်ကျင်ဆန္ဒပြစဉ် ပုလိပ်နှင့် ကျောင်းသားများ ရုန်းရင်းဆန်ခတ်ဖြစ်သော အခါ ဦးခေါင်းတွင် အရိုက်ခံရပြီး ရန်ကုန်ဆေးရုံကြီး၌ တက်ရောက်ကုသခံခဲ့ရသည်။ ထိုနှစ်တွင်ပင် မိမိ၏အမည်ရှေ့မှ 'သခင်' ဟူသော ဝိသေသနကို တပ်ခဲ့သည်။

သခင်ကျော်စိန်သည် ၁၉၄၀ ပြည့်နှစ်တွင် တို့ဗမာအစည်းအရုံးအလုပ်အမှုဆောင်အဖွဲ့ဝင်ဖြစ်ခဲ့ပြီး ထိုနှစ်တွင် ကျင်းပသော ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားအစည်းအရုံး အလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးတွင် လှုံ့ဆော်ရေးဆပ်ကော်မတီ အဖွဲ့ဝင်တစ်ဦးအဖြစ် တာဝန်ပေးအပ်ခြင်း ခံရသည်။ ထိုအစည်းအရုံး၏ အထွေထွေအတွင်းရေးမှူးအဖြစ်လည်း တာဝန် ထမ်းဆောင်ခဲ့ပြီး အရင်းရှင်စနစ် ဖျက်သိမ်းရေးအတွက် ကြေညာစာတမ်းများ ပါဝင်ရေးသားခြင်း၊ လှုံ့ဆော်စည်းရုံးခြင်းများ ဆောင်ရွက်ခဲ့သည်။ ၁၉၄၂ ခုနှစ်တွင် နိုင်ငံရေး အတိုက်

အခံမျှား၏ ချောင်းမြောင်း ပစ်ခတ်ခြင်းကို ခံရ၍ ဆေးရုံကြီးတွင် တက်ရောက်ကုသခဲ့ရသည်။ သေနတ်ကျည်ဆန်မှာ သခင်ကျော်စိန်၏ရင်ခေါင်းထဲတွင်ကွယ်လွန်ချိန်ထိ ကျန်ရှိခဲ့သည်။

သခင်ကျော်စိန်သည် စာပေဆိုင်ရာ တာဝန်များကိုလည်းထမ်းဆောင်ခဲ့ရာ ၁၉၃၇ ခုနှစ်တွင် ပဲခူးမြို့ တွင်းပိုင်းရပ် 'ယုဝသဟာယသမဂ္ဂအသင်း' တွင် စာကြည့်တိုက်မှူးအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၄၀ ပြည့်နှစ် ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမား အစည်းအရုံး အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ပျူခဲ့စဉ် 'နယူးဘားမားသတင်းစာ' တွင် လက်ထောက်အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၆ ခုနှစ်မှစ၍ သတင်းစာများနှင့် မဂ္ဂဇင်းများတွင် ဆောင်းပါး အမြောက်အများ ရေးသားခဲ့သည်။ ၁၉၄၈ ခုနှစ်မှ ၁၉၆၄ ခုနှစ် အထိ ရန်ကုန်မြို့ ပြည်သူစာပေကော်မတီနှင့် စာပေတိုက် (People's Literature Committee and House) တွင် အုပ်ချုပ်မှုအတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုသို့ တာဝန်ထမ်းဆောင်နေစဉ် အတွင်း 'Who's who in Burma' အစရှိသော စာအုပ်များကို ထုတ်ဝေခဲ့သည်။

၁၉၆၄ ခုနှစ်မှ ၁၉၆၆ ခုနှစ်အထိ ကုန်သွယ်ရေး၊ စာအုပ်နှင့်စာရေးကိရိယာ (အင်းဝတိုက်) တွင် အထွေထွေမန်နေဂျာအဖြစ် လည်းကောင်း၊ ၁၉၆၆ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ ကုန်သွယ်ရေး ဒု ကော်မတီအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၁၉၇၆ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ဆောက်လုပ်ရေးနှင့် လျှပ်စစ်ပစ္စည်းကုန်သွယ်ရေး ဒုတိယအဖွဲ့ထွေမန်နေဂျာအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

သခင်ကျော်စိန်သည် တာဝန်အရပ်ရပ်ကိုထမ်းဆောင်စဉ်အတွင်း နိုင်ငံတော်၏ ကိုယ်စားလှယ်တစ်ဦးအဖြစ်ဖြင့် နိုင်ငံခြားတိုင်းပြည်များသို့ အကြိမ်ကြိမ် သွားရောက်ခဲ့ရသည်။ ၁၉၅၂ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ ၁၉၅၆ ခုနှစ်တွင် တရုတ်နိုင်ငံ၊ ၁၉၅၇ ခုနှစ်တွင် အီဂျစ်နိုင်ငံ၊ ဆီးရီးယားနိုင်ငံ၊ လက်ဗနွန်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံ၊ ၁၉၅၈ ခုနှစ်တွင် ဂျပန်နိုင်ငံ၊ ၁၉၆၂ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စုနှင့် အိန္ဒိယနိုင်ငံ၊ ၁၉၆၇ ခုနှစ်တွင် ဒိန်းမတ်နိုင်ငံများသို့ သွားရောက်ခဲ့သည်။

သခင်ကျော်စိန်သည် ၁၉၄၂ ခုနှစ် ဒီဇင်ဘာလတွင် ဒေါ်မိမိကြီး (အငြိမ်းစား ဆိုင်မန်နေဂျာ၊ ကုန်သွယ်ရေးအမှတ် ၁၂) နှင့်လက်ထပ်ခဲ့ပြီး သားသမီးငါးယောက် ထွန်းကားခဲ့ရာ အားလုံး ဆရာဝန်ဘွဲ့ ရရှိသူများဖြစ်ကြသည်။ သခင်ကျော်စိန်သည် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ဒုတိယဆင့်) ကို ရရှိခဲ့သူလည်းဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေး ကြိုးပမ်းမှုတွင် တစ်တပ်တစ်အား ပါဝင်ခဲ့သော သခင်ကျော်စိန်သည် ၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။


ကြီးခင်၊ ဦး (ခရစ် ၁၉၁၅–၁၉၉၀)။ ။ဦးကြီးခင်ကို ၁၉၁၅ ခုနှစ်တွင် ဧရာဝတီတိုင်း မော်လမြိုင်ကျန်းမြို့နယ် ကျော်နုရွာ၌ အဖ ဦးမှုကြီး၊ အမိ ဒေါ်စောခင်တို့က မွေးဖွားသည်။ မွေးချင်းငါးယောက်ရှိသည့်အနက် ဦးကြီးခင်သည် တတိယမြောက် သားဖြစ်သည်။

ငယ်စဉ်က သာမဏေဘဝဖြင့်လည်းကောင်း၊ ရဟန်းဘဝဖြင့် လည်းကောင်း ပညာသင်ကြားခဲ့သည်။ မော်လမြိုင်မြို့ အစိုးရပထမကျော်၊ သက္ကသီဟမဗွာစရိယ၊ အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ တောင်လေးလုံး ဆရာတော်ဘုရားကြီးထံ၌လည်းကောင်း၊ ရန်ကုန်မြို့ မင်္ဂလာတောင်ညွှန့်မြို့နယ် စက်ရုံလမ်း အရှင်အာဒိစ္စဝံသကျောင်းတိုက်နာယကချုပ် ဆရာတော် အရှင်အာဒိစ္စဝံသထံ၌လည်းကောင်း သာမဏေဘဝ၊ ရဟန်းဘဝနှင့် ပညာသင်ကြားခဲ့သည်။

ယင်းသို့ပညာသင်ကြားရင်း ဒဂုန်မဂ္ဂဇင်း၊ ဘူရိယမဂ္ဂဇင်း၊ သူရိယသတင်းစာ စသည်တို့၌ သုတေသနဆောင်းပါးများ ရေးသားခဲ့သည်။ ဒဂုန် ဦးစန်းငွေ၊ ဒဂုန် ဦးထွန်းမြင့်တို့နှင့်အတူ ဒဂုန်မဂ္ဂဇင်း ယုဝတိစက္ခုကဏ္ဍ၌ မော်လမြိုင်ကျန်း ကျင်ရိအမည်ဖြင့်လည်း ယုဝတိဆောင်းပါးများ ရေးသားခဲ့သည်။ ထို့ပြင် ပန်းတနော်ဦးခန့်၏ စာဆိုတော် မဂ္ဂဇင်း ထုတ်ဝေရေးအတွက် ကူညီအားပေးခဲ့သည်။ အာယုဒီဃ ဦးသိန်းမောင်၏ မြန်မာ့တာဝန် မဂ္ဂဇင်းကိုလည်း ထုတ်ဝေနိုင်အောင် အားပေးကူညီခဲ့သည်။

၁၉၃၇–၃၈ ခုနှစ်တွင် "သခင်ကိုယ်တော်မှိုင်း အတ္ထုပ္ပတ္တိအမှာပုံ" စာအုပ်ကို တည်းဖြတ် သုတ်သင် ထုတ်ဝေခဲ့သည်။ ယင်းစာအုပ်မှာ ဦးသိန်းဖေ (မြင့်) ၏ ဆရာလွန်း အတ္ထုပ္ပတ္တိ ကျေးရိုးဖြစ်သော ဆရာလွန်း၏ ဘဝဖြစ်စဉ်များယင်းနေသောကြောင့်စာပေသုတေသီများအရှိကိုအရှိအတိုင်း သိရှိကြစေရန်ဟူသော ဦးတည်ချက်ဖြင့်ထုတ်ဝေခဲ့ခြင်းဖြစ်သည်။

သခင်ကိုယ်တော်မှိုင်း အတ္ထုပ္ပတ္တိ အမှာပုံ စာအုပ်ကို မော်လမြိုင်မြို့ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ပထမဆုံး အစိုးရ ပထမကျော်ဖြစ်တော်မူသော ရတနာဘုံပျံဆရာတော်ဘုရားကြီး၊ နာမည်ကျော်လယ်တီဋီကာကို ပြန်လည် ခုခံဝေဖန်ထားသည့် အတိသုန္ဒရကျမ်း



ဦးကြီးခင်

ကျမ်းပြုဆရာ မြန်မာပညာရှိ စာရေးဆရာ ဦးနတ်သား၏ ညီအရင်းဖြစ်သူ မော်လမြိုင်မြို့ ကျောက်တန်းကျောင်း ဆရာတော် ဦးသုဇာတ၊ ဦးပေါ်ဦး လျှောက်ထုံး၊ သင်္ဇာ ဆရာတော် စကားပုံ၊ ခုံတော် မောင်ကျဘန်း စသော ကျမ်း ပေါင်း များ စွာ တို့ကို ရေး သား ပြုစု ခဲ့သူ မြန်မာ ပညာရှိ ဦးအောင် စသော ထိုစဉ်က သက်ရှိထင်ရှား ရှိကြသေးသူ နိုင်ငံသိ ပညာရှိကြီးများအား သက်သေ ထူ ကာ ရေး သား ထုတ် ဝေ ခဲ့ ခြင်း လည်း ဖြစ် သည်။ စင်စစ်သခင်ကိုယ်တော်မှိုင်း အတ္ထုပ္ပတ္တိအမှားပုံစာအုပ်မှာ ဦးကြီးခင်၏ ညီဖြစ်သူ ဦးမြင့်ဆွေ သာမဏော ကိုရင် ဘဝဖြင့် ရေးခဲ့သော စာအုပ်ဖြစ်သော်လည်း ယင်းစာအုပ် အတွက် သုတေသနအချက်အလက် ရေးကွင်း ရေးကွက် များကို ဦးကြီးခင်က အများဆုံး ရှာဖွေ စုဆောင်းပေးခဲ့ ခြင်း ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီကနယ်ခွဲဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုများကို ရွှေဆောင် လမ်းပြ လုပ်ဆောင်ခဲ့သော တို့ဗမာအစည်းအရုံးကြီး ကိုလည်း ဦးကြီးခင်သည် ရဟန်းဘဝဖြင့် နောက်ပိုင်းမှ အားပေးကူညီခဲ့သူဖြစ်သည်။ ၁၉၃၈ ခုနှစ်တွင် တို့ဗမာ အစည်းအရုံးကြီး နှစ်ခြမ်းကွဲသွားသောအခါ၌ ဦးကြီးခင် သည် သခင်ဗစိန်၊ သခင်ထွန်းအုပ်တို့ ခေါင်းဆောင်သော တို့ဗမာအစည်းအရုံးကို အားပေးကူညီခဲ့သည်။ ထို့နောက် ဂျပန်ခေတ်၌ ဦးကြီးခင်သည် လူဝတ်လဲခဲ့သည်။

လွတ်လပ်ရေးခေတ်ဦး ၁၉၅၀–၅၁ ခုနှစ်၌ ညီဖြစ်သူ ဦးမြင့်ဆွေနှင့်အတူ မင်္ဂလာပုံနှိပ်တိုက်နှင့် မြန်မာပြည် စာအုပ်တိုက်ကို တည်ထောင်ခဲ့သည်။ ဦးကြီးခင်သည် တိမ်မြုပ် ပျောက်ကွယ်လုမတတ် ဖြစ်နေသော ရှားရှား ပါးပါး စာကောင်းပေမွန်များကို ရှာဖွေကာ ဦးစားပေး ရိုက်နှိပ်ထုတ်ဝေသည်။

စစ်မဖြစ်မီက စာနယ်ဇင်းပေါင်း မြောက်မြားစွာတွင် ဆရာကြီး ရွှေဥဒေါင်း ရေးသားခဲ့သော စုံထောက် မောင်စံရှား ဝတ္ထုများကို ဦးကြီးခင်သည် ညီဖြစ်သူ ဦးမြင့်ဆွေနှင့်အတူ ရှာ ဖွေ စု ဆောင်း ကာ မြန်မာပြည် စာအုပ်တိုက်မှ လုံးချင်းစာအုပ် အဖြစ်ဖြင့် စုစည်းရိုက်နှိပ် ထုတ်ဝေရာ ပထမတွဲမှ ဒုတိယမတွဲအထိ ၁၂ တွဲရှိသည်။ ယခုအခါ အခြားစာအုပ်တိုက်များမှ ရိုက်နှိပ် ထုတ်ဝေ သော ကရောင်း ရှစ်ချို့ (မြဝတီ မဂ္ဂဇင်း) အရွယ် စာမျက်နှာ ၁၀၀၀ နီးပါးခန့်ရှိ စုံထောက် မောင်စံရှား ပေါင်းချုပ် စာအုပ်ကြီးမှာ မြန်မာပြည် စာအုပ်တိုက်မှ ရှာဖွေ စုဆောင်း ရိုက်နှိပ် ထုတ်ဝေထားပြီးသော မူဖြစ် သည်။ ၁၂ တွဲကို တစ်အုပ်တည်းပြုကာ ရိုက်နှိပ် ထားခြင်း ဖြစ်သည်။

ထို့အတူ စာနယ်ဇင်းများ၌ ဆရာကြီး ပီမိုးနင်း ရေး သား ခဲ့ သော ဆောင်း ပါး ကောင်း များ ကို ရှာဖွေ စုစည်းကာ အချစ်အဘိဓမ္မာသစ်၊ ချစ်မှုရေးရာ စသော အမည်များဖြင့် စာအုပ် ထုတ်ဝေခဲ့သည်။ သူရိယခုပ်စုံ၊ ဗန္ဓုလဂျာနယ်၊ ဒီးဒုတ်ဂျာနယ် စသည်တို့၌ ရေးသား ခဲ့သော ဆရာကြီး ပီမိုးနင်း၏ ဝတ္ထုတိုများအနက် လက်ရွေးစင်ဝတ္ထုကောင်းများကို စုပေါင်းကာ ပီမိုးနင်း ဝတ္ထုပဒေသာ အမှတ် ၁၊ ၂ စသည်ဖြင့် မြန်မာပြည် စာအုပ်တိုက်မှ ထုတ်ဝေခဲ့သည်။

ထို့ပြင် ကိုလိုနီခေတ်က မြန်မာနိုင်ငံ၌ အရေးပိုင် အဖြစ်ဖြင့် တာဝန် ထမ်းဆောင်သွားသူ မစ္စတာမောရစ် ကောလစ်ရေးသားခဲ့သည့် မြန်မာနိုင်ငံအကြောင်းစာအုပ် ပေါင်းများစွာအနက် မြန်မာလူမျိုးများ သိသင့် သိထိုက် သော ကိုလိုနီခေတ် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ အုပ်ချုပ် ရေး၊ စီးပွားရေး၊ လူမှုရေး၊ တရားစီရင်ရေး၊ ဘာသာရေး စသည်တို့ ပါဝင်သည့် စာအုပ်များကို ရွေးချယ်ပြီး ဦးခင် မောင်ကြီး (စာရေးဆရာ မိုးဝေ) အား မြန်မာပြန်ဆိုစေ ကာ မြန်မာပြည် စာအုပ်တိုက်မှ ထုတ်ဝေခဲ့သည်။ ယင်း စာအုပ်များမှာ အင်္ဂလိပ်–မြန်မာ နောက်ဆုံး တိုက်ပွဲ၊ ဗြိတိသျှ သံဖနောင့်အောက်မှ မြန်မာပြည် စသည်တို့ ဖြစ် သည်။ ထိုနည်းတူစွာ မြန်မာနိုင်ငံ ဝတ္ထုခေတ်ဦးက လူကြိုက်များလှသဖြင့်. အကြိမ်ကြိမ် ပြန်လည် ရိုက်နှိပ် ထုတ်ဝေခဲ့ရသော လယ်တီပဏ္ဍိတ ဆရာ ဦးမောင်ကြီး၏ ခင်မြင့်ကြီးဝတ္ထု ငါးတွဲနှင့် သန်းသန်းဝတ္ထုတို့ကိုလည်း တိမ်မြုပ်နေရာမှ မြန်မာပြည် စာအုပ်တိုက်က ပြန်လည် ဖော်ထုတ်ရိုက်နှိပ်ခဲ့သည်။ ယင်းခင်မြင့်ကြီး၊ သန်းသန်း ဝတ္ထုများကို ဆရာ ဦးမောင်ကြီးသည် မန္တလေး မောင်

ခင်မောင် အမည်ဖြင့်ရေးသားခဲ့ခြင်း ဖြစ်သည်။ ယင်းသို့ စာကောင်းပေမွန်တို့ကို မြန်မာပြည်စာအုပ်တိုက်မှ ထုတ်ဝေခဲ့သည့်အပြင် ဦးကြီးခင်သည် လူကျင့်တရား၊ လူထူးလူချွန်၊ ကမ္ဘာ့စကားပုံ အဘိဓာန်စသော စာအုပ်များကိုလည်း ရေးသား ထုတ်ဝေခဲ့သည်။ ယင်းတို့အနက် လူကျင့်တရားစာအုပ်ကို လွတ်လပ်ရေးခေတ်ဦးက ရေးသားထုတ်ဝေခဲ့ခြင်း ဖြစ်သည်။ ယင်း စာအုပ်မှာဗုဒ္ဓဘာသာ၊ ဗြဟ္မဏဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ ဟူသော ဘာသာကြီး လေးခု ရှိသည့်အနက် မည်သည့် ဘာသာဘက်ကမှ တစ်ဘက်သတ်မရပ်တည်ဘဲ ဘာသာတိုင်းက လက်ခံရမည့် လူကျင့်တရားများကို ဓမ္မဓိဋ္ဌာန်ကျကျ ဆွဲထုတ်ရေးသားထားသဖြင့် သုံးကြိမ်တိုင်တိုင် ပြန်လည် ရိုက်နှိပ်ခဲ့ရသော စာအုပ်ဖြစ်သည်။

ဆရာကြီး ပီမိုးနင်း အနှစ် ၉၀ အထိမ်းအမှတ်ပွဲ ပြုလုပ်စဉ်ကလည်း ဦးကြီးခင်သည် ညီဖြစ်သူ ဦးမြင့်ဆွေနှင့် ပူးတွဲကာ ဆရာကြီးပီမိုးနင်း အမည်ဖြင့် စာအုပ်တစ်အုပ်ရေးသား ထုတ်ဝေခဲ့သည်။ ယင်းစာအုပ်မှာ လူသိနည်းလှသော ဆရာကြီး၏ဘဝနှင့် ဆရာကြီး၏စာပေများကို အပြည့်စုံဆုံး ဖော်ထုတ် ရေးပြထားသော စာအုပ်ဖြစ်ကြောင်း သတင်းစာများက ရေးသားဖော်ပြခဲ့သည်။

ကျေးဇူးတော်ရှင် လယ်တီ ဆရာတော် ဘုရားကြီး ရေးသားပြုစုခဲ့သည့် လယ်တီဒီပနီစာအုပ်များကိုနှစ်ပေါင်း ၆၀ ကျော်အတွင်း စာပုံနှိပ်တိုက် အများအပြားက ရိုက်နှိပ် ထုတ်ဝေခဲ့ကြသည်။ စာပုံနှိပ်တိုက် တစ်တိုက်က ရိုက်နှိပ်သော လယ်တီဒီပနီမူကို အခြားစာပုံနှိပ်တိုက်တစ်တိုက်က ကူးယူရိုက်နှိပ်ခဲ့ကြရာ လက်ဆင့်ကမ်း ကူးယူမှု အဆင့်ဆင့်များလာသည်နှင့်အမျှ ယင်း လယ်တီဒီပနီများ၌ ချွတ်ချော်မှားယွင်းမှုများလည်း ပါရှိလာသည်။

ထို့ကြောင့် မုံရွာမြို့ မဟာလယ်တီတိုက်မှ ယခုလက်ရှိ အဋ္ဌမလယ်တီဆရာတော်အရှင်ဣန္ဒက၊ ဂန္ဆဝါစကကျော်း ဆရာတော် အရှင်ကေလာသစသော မဟာလယ်တီတိုက်မှ ဆရာတော်များနှင့် မုံရွာမြို့မှ လယ်တီသာဝက လူပုဂ္ဂိုလ်များပါဝင်သော လယ်တီဒီပနီဝိသောဓကအဖွဲ့ထို ဖွဲ့စည်းကာ လယ်တီဒီပနီများကို ဝိသောဓက ပြုခဲ့ကြသည်။ သုတ်သင် ပြင်ဆင်ခဲ့ကြသည်။ ယင်း လယ်တီ ဒီပနီ ဝိသောဓကအဖွဲ့၌ ဦးကြီးခင်သည် အဖွဲ့ဝင် တစ်ယောက် အဖြစ်ဖြင့် တာဝန်ယူခဲ့သည်။ ဝိသောဓကဆရာတော်များ၏ တာဝန်ပေးချက်အရ ယင်း လယ်တီ ဒီပနီဝိသောဓကမှ၊ လယ်တီဒီပနီကျမ်း စာအုပ်များကိုလည်း မြန်မာပြည် စာအုပ်တိုက်မှ ရိုက်နှိပ် ထုတ်ဝေခဲ့သည်။

ဦးကြီးခင်ကွယ်လွန်ချိန်တွင် ရေးလက်စ ကျမ်းစာအုပ် သုံးအုပ် ကျန်ရစ်ခဲ့သည်။ ယင်း ကျမ်းစာအုပ် များကား (၁) မြန်မာနိုင်ငံ သာသနာဝင်သစ်၊ (၂) ကျမ်းပြုစာဆို ပုဂ္ဂိုလ်တော်များ အတ္ထုပ္ပတ္တိနှင့် (၃) လယ်တီ ဆရာတော်ဟူသော ကျမ်းစာအုပ် သုံးအုပ်ပင် ဖြစ်သည်။ လယ်တီဆရာတော်ဟူသော စာအုပ်မှာ လယ်တီဆရာတော်၏ ဘဝနှင့် စာပေတို့ကို လယ်တီဆရာတော်၏ ဇာတိဌာန၊ မွေးရပ်မြေနှင့် လယ်တီဆရာတော် လှည့်လည် တရားဟောရာ ဒေသ စသည်တို့သို့ လက်လှမ်းမီသမျှ ကွင်းဆင်းသွားရောက်လေ့လာကာ သုတေသနပြုထားသော စာအုပ်ဖြစ်သည်။

ဦးကြီးခင်သည် အိမ်ထောင်မရှိ၊ လူပျိုကြီးဖြစ်သည်။ ညီဖြစ်သူ ဦးမြင့်ဆွေ(စာရေးဆရာ မြင့်ဆွေ)တို့ မိသားစုနှင့် အတူ နေထိုင်ခဲ့သူ ဖြစ်သည်။


ဦးကြီးခင်သည် ၁၉၉၀ ပြည့်နှစ် ဧပြီလ ၁၅ ရက် နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

ခေတ် မီ အ လို အ လျောက် ရုံး လုပ် ငန်း ။ ။

ခေတ်မီ အတတ်ပညာများ ဆန်းသစ် တိုးတက်လာခြင်းကြောင့် ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများမှာ အဆပေါင်းများစွာ ထွန်းကား ကျယ်ပြန့်လာခဲ့ရသည်။ အလုပ်သမား ထောင်ပေါင်းများစွာ ငှားရမ်းထားပြီး၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းမျိုးစုံကို ကမ္ဘာအနှံ့၌ ဖြန့်ကျက်လုပ်ကိုင်ကြသောကုမ္ပဏီကြီးများမှာလည်း တစ်နေ့တစ်ခြား လျင်မြန်စွာတိုးပွားလာလျက်ရှိ၏။ ယင်းကုမ္ပဏီကြီးများတွင် ငွေရေးကြေးရေး၊ စီမံခန့်ခွဲရေး၊ ကုန်ထုတ်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေး စသည့်လုပ်ငန်းရပ်များနှင့် စပ်လျဉ်း၍ အချက်အလက်များ ပြုစုသိမ်းဆည်းခြင်း၊ ရုံးခွဲတစ်ခုနှင့် တစ်ခုဖြစ်စေ၊ ပြင်ပဌာနတစ်ခုနှင့်ဖြစ်စေ၊ ဆက်သွယ်အကြောင်းကြားခြင်းတို့ကို ဆောင်ရွက်ကြရာ၌ သမားရိုးကျနည်းလမ်းများအတိုင်း လုပ်ကိုင်ပါက အချိန်များစွာနှောင့်နှေးကြန့်ကြာပေမည်။ စရိတ်စကများလည်း ပိုမို ကုန်ကျပေမည်။ ထို့ကြောင့် Automated Office System ဟု ခေါ်သည့် ခေတ်မီအလိုအလျောက် ရုံးလုပ်ငန်းစနစ်ကို တီထွင် တပ်ဆင်အသုံးပြုလာရ၏။ ဤစနစ်တွင် ကွန်ပျူတာအပါအဝင် ခေတ်မီအီလက်ထရွန်နစ် ကိရိယာများကိုအခြေခံထား၏။ ခေတ်မီအလိုအလျောက် ရုံးလုပ်ငန်း၏ သာလွန်ကောင်းမွန်မှုများကို သဘောပေါက်နားလည်ရန်အတွက် ရှေးဦးစွာ သမားရိုးကျ ရုံးလုပ်ငန်း၏ အားနည်းချက်များကို စူးစမ်း လေ့လာ ကြည့်ကြပါစို့။

သမားရိုးကျ ရုံးဖွဲ့စည်းလုပ်ကိုင်ပုံနည်းစနစ်ကို "အပိတ်စနစ်" (Closed Systems)ဟု ခေါ်၏။ ဤစနစ်တွင် ဌာနခွဲတစ်ခုစီ အနေဖြင့် လုပ်ငန်း တာဝန် တစ်ခုစီ ကို

ခေတ်မီ အလိုအလျောက် ရုံးလုပ်ငန်း



ရုံးစာများကို ဤသို့ မှတ်တမ်းတင် ထိန်းသိမ်းသည်။

သီးခြားစီ ဆောင်ရွက်ရ၏။ ဥပမာအားဖြင့် ဌေစာရင်း ဌာနသည် ဝန်ထမ်းလစာ၊လုပ်ခ၊ ဌာနဆိုင်ရာအသုံးစရိတ် အစရှိသည့် ဌေစာရင်းဆိုင်ရာ ကိစ္စ ရပ် များ ကို သာ ဆောင်ရွက်ရပြီး၊ ယင်းကိစ္စရပ်များနှင့် ဆက်စပ်နေသည့် အချက်အလက် ကိန်းဂဏန်းများကိုသာ သိမ်းဆည်းထားရ ၏။ ထိုနည်းတူစွာပင် အရောင်းဌာနသည် လည်းကောင်း၊ စီမံခန့်ခွဲရေး ဌာနသည် လည်းကောင်း မိမိတို့ဌာနနှင့် သက်ဆိုင်သည့် ကိန်းဂဏန်းအချက် အလက်များကိုသာ သိမ်းဆည်း စုဆောင်းထားရ၏။ ထို့နောက် ယင်း ကိန်း ဂဏန်းအချက်အလက်များကို သိရှိရန်လိုအပ်သည့် ဌာနခွဲ များသို့ ရုံးတွင်းစာဖြင့် ဆက်သွယ်အကြောင်းကြားပေးရ ပြီး၊ အခြားဌာနများမှပေးပို့သည့် အကြောင်းအရာများ ကိုလည်း စနစ်တကျ ဖိုင်တွဲဖြင့် သိမ်းဆည်းထားရ၏။ ဤသို့ဖြင့် သမားရိုးကျ ရုံးလုပ်ငန်းတွင် စာရွက်များ၊ ဖိုင်တွဲများ တဖြည်းဖြည်းများပြားစုပုံလာရ၏။ ထို့ပြင် အကြောင်းအရာ တစ်ခုခုကို လို အပ် သည့် အ ချိန် တွင် စာအုပ်များ၊ ဖိုင်တွဲများမှ မေ့နှောက်ရှာဖွေရ၏။

ရုံးတွင်းရုံးပြင်ပေးစာတစ်စောင်ကို ရေးသားသည့်အခါ ၌ ရှေးဦးစွာ သက်ဆိုင်ရာအရာရှိက မိမိ၏လက်ထောက် အား အကြောင်းရပ်အချက်များကို နှုတ်မှ ခေါ်ပေးလိုက် ရပြီး လက်ထောက်ကယင်းကို လက်ရေးတိုလက်ရေးရှည် တို့ဖြင့် မှတ်သားထားရ၏။ ပြီးနောက် ယင်းအချက် အလက်များပေါ်တွင်အခြေခံလျက် စာကြမ်းတစ်စောင် ရေးသားကာ အရာရှိထံ ပြန်လည်တင်ပြရ၏။ ယင်းကို အရာရှိက စစ်ဆေးပြီးမှ စာချောရိုက်ရန် ပြန်ပေးရ၏။ စာချောရိုက်ပြီးနောက်တွင် တစ်ဖန် အ ရာ ရှိ လက် မှတ် ရေးထိုးရန် ပြန်လည်တင်ပြရပြန်၏။ ထို့နောက် Dispatch ခေါ်စာလက်ခံ စာဖြန့်ဝေဌာနသို့ ပေးပို့ရ၏။ ယင်းဌာန တွင် မှတ်ပုံတင်ပြီးမှ လိပ်မူထားသည့် ဌာန သို့မဟုတ် ပုဂ္ဂိုလ်ထံသို့ ပေးပို့ရ၏။ မိမိတို့ ရုံးတွင်းသို့ ဝင်ရောက် လာသည့် စာများမှာလည်း အဆင့်ဆင့် လွှဲပြောင်းခြင်း၊ မှတ်ပုံတင်ခြင်းတို့ အကြိမ်ကြိမ် ပြုလုပ်ပြီး နောက်မှသာ သက်ဆိုင်ရာပုဂ္ဂိုလ်၏ ရှေ့မှောက်သို့ ရောက်ရှိလာ၏။

ဤသို့ဖြင့် သမားရိုးကျရုံးလုပ်ငန်းတွင် မလိုအပ်သည့် နှောင့်နှေး ကြန့်ကြာမှုများ ဖြစ်ပေါ်တတ်၏။ ကုန်ကျ စရိတ်များလည်း ပိုမိုများပြားလာ၏။ လျှို့ဝှက်ချက်များ မှာလည်း ပေါက်ကြားလာတတ်၏။ ထို့ပြင် လုပ်ငန်း ဆိုင်ရာ အခွင့်အရေးကောင်းများ လက်လွှတ်ဆုံးရှုံးရ တတ်၏။

ခေတ်မီ ရုံးသုံးကိရိယာများ တပ်ဆင်ထားသော **Automated Office** ဟုခေါ်သည့် ခေတ်မီအလိုအလျောက် ရုံးလုပ်ငန်းတွင်ကား အထက်ပါ အခြေအနေများနှင့် လုံးဝ ပြောင်းပြန်ပင် ဖြစ်၏။ အချိန်ကြန့်ကြာမှုဆိုသည် မှာ ခေတ်မီရုံးလုပ်ငန်းခွင်တွင် လုံးဝကြားဖူးရတော့မည့် စကားလုံးများမဟုတ်တော့ပေ။ ဝန်ထမ်းအနည်းငယ်ဖြင့် ကြီးမားကျယ်ပြန့်လှသည့် လုပ်ငန်းကြီးများကို မယုံကြည် နိုင်လောက်အောင် တိုတောင်းသည့်အချိန်ကာလအတွင်း အမှားအယွင်း အတိမ်းအစောင်း လုံးဝကင်းစင်စွာဖြင့် လည်ပတ်အောင် စီစဉ်နိုင်၏။ နောက်ဆုံးပေါ် အီလက် ထရွန်းနစ်ကိရိယာများကို တပ်ဆင်အသုံးချခြင်းဖြင့် လူမ ပင်ပန်းဘဲ အတိုတောင်းဆုံးသောအချိန်အတွင်း အကျိုး သက်ရောက်မှုအရှိဆုံးဖြစ်အောင် ပြုလုပ်ထား၏။

ခေတ်မီရုံးလုပ်ငန်းတွင် **Integrated Information Processing System** ဟုခေါ်သည့် စုပေါင်းပြန်ကြားရေး နည်းစနစ်ကိုအခြေခံထား၏။ ဌာနခွဲတစ်ခုက ကုမ္ပဏီတစ် ခုလုံးနှင့်ပတ်သက်သည့် ကိန်းဂဏန်း အချက်အလက်များ၊

ရုံးတွင်းရုံးပြင်ပေးစာများ၊ ဖြန့်ဝေစာများ၊ ဝင်စာများ၊ မှတ်တမ်းမှတ်ရာများ အစရှိသည်တို့ကို အီလက်ထရွန်းနစ်နည်းစနစ်ဖြင့် သိမ်းဆည်းသိုလှောင်ထားရ၏။ ထို့နောက် မိမိတို့အကြောင်းကြားလိုသော ရုံးတွင်းရုံးပြင်ဌာနများသို့ အမြဲတမ်း အလိုအလျောက်ဖြစ်စေ၊ မိမိပေးပို့လိုသည့် အချိန်တွင် ဖြစ်စေ၊ အီလက်ထရွန်းနစ် နည်းဖြင့် ပေးပို့နိုင်၏။ အလားတူပင် ရုံးတွင်းရုံးပြင်ဌာနများမှ အီလက်ထရွန်းနစ်နည်းဖြင့် ပေးပို့လာ သည့် အရာများကိုလည်း လက်ခံရယူပြီး စုဆောင်းသိမ်းဆည်းထားရ၏။ စာရွက်များတွင်ရေးသားရိုက်နှိပ်၍ သမားရိုးကျရုံးလုပ်ငန်းစနစ်ဖြင့်ပေးပို့လာသည့်အကြောင်းအရာများကိုလည်း အီလက်ထရွန်းနစ်ကိရိယာများတွင် သိမ်းဆည်းထားနိုင်၏။

သမားရိုးကျ ရုံးလုပ်ငန်း၌ စက္ကူပေါ်တွင်ရေးသားလျက် စုဆောင်း သိမ်းဆည်းနိုင်သည့် အတိုင်းအတာထက် အဆပေါင်း ထောင်သောင်းမက များပြားလှသည့် အချက်အလက်၊ မှတ်တမ်းမှတ်ရာများကို ကျစ်လျစ်သိပ်သည်းစွာဖြင့် စနစ်တကျ သိမ်းဆည်းထားနိုင်ပြီး အလိုရှိသည်တို့ကို စက္ကန့်ပိုင်းအတွင်းလွယ်ကူစွာ ရှာဖွေကိုးကားနိုင်၏။ ထို့ကြောင့် သမားရိုးကျရုံးလုပ်ငန်းတွင် အခြေခံတစ်ခုဖြစ်သည့် စက္ကူများ၊ ဖိုင်တွဲများမှာ ခေတ်မီရုံးလုပ်ငန်းစနစ်တွင် အဓိကအခန်းကဏ္ဍမှ မပါဝင်တော့ပေ။ သမားရိုးကျရုံးလုပ်ငန်းစနစ်တွင် ကုမ္ပဏီကြီးတစ်ခု၏ရုံးခွဲအသီးသီး၌ တာဝန်ထမ်းဆောင်နေကြသောဌာနအကြီးအကဲများအနေဖြင့် ညှိနှိုင်းစည်းဝေးတစ်ခု ပြုလုပ်ကျင်းပလိုပါက သင့်လျော်သည့် နေရာတစ်ခုခုတွင် အချိန်းအချက်ပြု တွေ့ဆုံရန်လိုအပ်၏။ ခေတ်မီရုံးလုပ်ငန်းစနစ်တွင်မူကား ဤသို့သွားရောက်တွေ့ဆုံရန် မလိုအပ်တော့ပေ။ အားလုံးအတွက် အဆင်ပြေမည့်အချိန်တွင် ခေတ်မီ ဆက်သွယ်ရေးကိရိယာများကို အသုံးပြုလျက် Teleconference ဟု ခေါ်သည့် ရုပ်ဝေးညှိနှိုင်းဆွေးနွေးပွဲပြုလုပ်နိုင်ပေသည်။ မိမိ၏ အလုပ်စားပွဲရှေ့တွင် ထိုင်လျက် ဤဆွေးနွေးပွဲတွင်ပါဝင်နိုင်၏။

ခေတ်မီရုံးလုပ်ငန်း၏ သာလွန်ထိရောက်မှုကို ပေါ်လွင်စေရန်အတွက် နောက်ထပ် ဥပမာတစ်ခုဆောင်ပြပါမည်။ ကမ္ဘာ့ဘေဘောလုံးပွဲ၏ ပွဲစဉ်တစ်ခုအတွက် ရုံဝင်လက်မှတ်များကို နိုင်ငံ ၁၀ နိုင်ငံရှိ မြို့ကြီး ၁၀ မြို့တို့တွင် ရောင်းချမည်ဆိုပါစို့။ သမားရိုးကျ စနစ်အတိုင်းဆိုပါက ခုံနံပါတ်များ ထပ်၍ မရောင်းမိစေရန်အတွက် စုစုပေါင်းထိုင်ခုံများကို ၁၀စု ခွဲဝေသတ်မှတ်ပြီး၊ တစ်မြို့လျှင် တစ်စုစီအတွက် ခွဲဝေ ရောင်းချရပေမည်။ တစ်မြို့နှင့် တစ်မြို့ ဝယ်လိုအား မတူညီခဲ့ပါက ခုံနေရာများ အလဟဿ ဖြစ်လာနိုင်၏။ ဤကဲ့သို့ ခွဲဝေ ရောင်းချခြင်းမပြုလိုပါက တစ်မြို့တွင် ရောင်းချပြီးမှ နောက်ထပ်တစ်မြို့တွင် ရောင်းချရမည်ဖြစ်ပြီး မြို့ ၁၀ မြို့တွင် တစ်မြို့လျှင်တစ်ကြိမ်စီအလှည့်ကျရောင်းချရပေမည်။ ခေတ်မီ ရုံးလုပ်ငန်းစနစ်တွင်ကား ဤသို့ မဟုတ်ပေ။ ခုံနေရာများကို ခွဲဝေသတ်မှတ်ခြင်းမပြုဘဲ မြို့ ၁၀ မြို့လုံးတွင် တပြိုင်နက်တည်း ရောင်းချနိုင်မည်ဖြစ်၏။ တစ်မြို့တွင် ရောင်းချပြီးသည့် ခုံနံပါတ်များကို ကျန်မြို့များအားလုံးသို့ အလိုအလျောက် အကြောင်းကြားပေးလိမ့်မည်ဖြစ်၏။ ဤနည်းဖြင့် ခုံနံပါတ်ထပ်၍ ရောင်းချခြင်းကို ရှောင်ရှားနိုင်မည့်အပြင် ဆက်သွယ်အကြောင်းကြားလျှင် ကြန့်ကြာမည့်အချိန်၊ ကုန်ကျမည့် စရိတ်စကတို့လည်း ရှိတော့မည် မဟုတ်ပေ။


ခေတ်မီရုံးလုပ်ငန်း စနစ်၏ အဓိက ရည်ရွယ်ချက်မှာ အကြောင်းအရာတစ်ခုကို တစ်နေရာမှတစ်နေရာသို့ခေတ်မီစက်ကိရိယာများမှ တစ်ဆင့် အလိုအလျောက်ချက်ချင်းသယ်ပို့ပေးသည့် ဆက်သွယ်ရေး နည်းစနစ်ကို ဖြစ်ပေါ်စေရန်ပင်ဖြစ်၏။ ခေတ်မီအလိုအလျောက် ရုံးလုပ်ငန်းစနစ်ကို တပ်ဆင်အသုံးပြုရန်အတွက် အောက်ပါ အခြေခံလိုအပ်ချက် လေးခုပါရှိရမည် ဖြစ်သည်။

ပတ်ဝန်းကျင်

ခေတ်မီရုံးလုပ်ငန်းခွင်များ၌ ပတ်ဝန်းကျင်အခြေအနေကို လုပ်ငန်းဆောင်ရွက်မှုအတွင်းကျယ်ဆုံးဖြစ်ရေးအတွက် အထောက်အကူဖြစ်စေရန် တမင် စီစဉ်ဖန်တီးထားရ၏။ နေရာထိုင်ခင်း ကျယ်ပြန့်ခြင်း၊ သင့်လျော်သည့် အလင်းရောင်ရရှိခြင်း၊ လေဝင် လေထွက်နှင့် အခန်းအပူရှိန်ကို ထိန်းချုပ်နိုင်ခြင်း၊ အသံဆူညံမှုကို လျော့နည်းစေခြင်း၊ ရုံးသုံးပရိဘောဂများမှာ သုံးစွဲသူများအား သက်သောင့်သက်သာဖြစ်စေပြီး၊ စွမ်းဆောင်ရည်ကို အစွမ်းကုန်မြှင့်တင်ပေးခြင်း၊ တည်ငြိမ်ပြီး ဖြတ်တောက်မှုမရှိသည့် လျှပ်စစ်ဓာတ်အားရရှိခြင်း၊ ကိရိယာများကို စနစ်တကျ တပ်ဆင် နေရာချထားခြင်းတို့ ရှိရပေမည်။ ခေတ်မီရုံးလုပ်ငန်းခွင်၌ ဝန်ထမ်းများအသုံးပြုသည့် ကုလားထိုင်၏ ကျောမှီသည် အသုံးပြုသူ၏ ကျောကုန်းအားအသက်သာဆုံး အနေအထားတွင် ရှိနေစေမည်ဖြစ်၏။ အနိမ့်အမြင့်ကိုလည်း လိုအပ်သလို ပြောင်းလဲနိုင်၏။ ကုလားထိုင်မှာဆုံလည်ဖြစ်ပြီး အောက်တွင် ဘီးခြောက်လုံး တပ်ဆင်ထားသဖြင့် အရပ်ရှစ်မျက်နှာသို့ သက်သာစွာဖြင့် လှည့်ပတ်နေရှားနိုင်၏။

ဖွဲ့စည်းဆောင်ရွက်ပုံ

ရုံးတစ်ရုံး၏ဌာန၊ ဌာနခွဲ၊ဌာနစု စသည်တို့ကို လုပ်ငန်းသဘာဝနှင့် ဦးတည်ချက်တို့ပေါ် မူတည်၍ စနစ်တကျ



ခေတ်မီ ရုံးသုံး လက်နှိပ်စက်

ဖွဲ့စည်းထားရှိရန်လိုအပ်၏။ သို့မှသာ အချက်အလက်များ ဖြန့်ဝေခြင်း၊ လက်ခံရယူခြင်းနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းတို့ ပြုလုပ်သည့်အခါ ပိုမို အဆင်ပြေမည်ဖြစ်သည်။

ကိရိယာများ

ကိုင်တွယ်အသုံးပြုရန် လွယ်ကူသည့် ခေတ်မီအီလက်ထရွန်းနစ်ကိရိယာများကို လုပ်ငန်း လိုအပ်ချက်နှင့်အညီ တပ်ဆင် အသုံးပြုရန် လိုအပ်သည်။

ကျွမ်းကျင်ဝန်ထမ်းများ

စနစ်တကျရွေးချယ်လေ့ကျင့်ထားသည့် ဝန်ထမ်းများ ရှိရမည်ဖြစ်ပြီး ယင်းတို့က မိမိတို့၏ လုပ်ငန်းတာဝန်များကို တစ်နေ့အဖို့တစ်နေ့ အမှားအယွင်း ကင်းရှင်းစွာဖြင့် ပြီးစီးအောင်မြင်အောင် ဆောင်ရွက်နိုင်ရမည်။ ထို့ပြင် တစ်နေ့ တစ်ခြား ပေါ်ပေါက်နေသည့် နောက်ဆုံးပေါ် ခေတ်မီ· ရုံးလုပ်ငန်းသုံး ကိရိယာများနှင့် အတတ်ပညာများကိုလည်း မျက်ခြည်မပြတ် လေ့လာတတ်မြောက်ထားရန်မှာ အထူးလိုအပ်ပေသည်။

ခေတ်မီအလိုအလျောက် ရုံးလုပ်ငန်းစနစ်၏ ပဓာန အကျဆုံး လုပ်ငန်းစဉ်မှာ အချက်အလက် အကြောင်းရပ်များစုဆောင်းဖြန့်ဖြူးသည့် လုပ်ငန်းစဉ် (Information Processing) ပင်ဖြစ်၏။ ဤလုပ်ငန်းစဉ်တွင် အောက်ပါ အတိုင်း အဆင့်ငါးဆင့် ပါဝင်သည်။

(၁) မူရင်းရေးသားပြုစုခြင်း (Origination-Input)

အကြောင်းအရပ် တစ်စုံတစ်ရာနှင့်ပတ်သက်၍ တစ်စုံတစ်ဦး၏ အကြံအစည်၊ ထင်မြင်ယူဆချက် စသည်တို့ အား စာသားဖြင့် ရေးသားခြင်းကို မူရင်းရေးသား ပြုစုခြင်းဟု ခေါ်သည်။ စာအိတ်များ၊ ဖိတ်စာ ကတ်များပေါ်တွင် လိပ်စာများ ရေးသားခြင်းမှသည် အမှာစာ၊ ပြေစာ၊ အစီရင်ခံစာ၊ စာချုပ်စာတမ်း အစရှိသည်တို့ ရေးသားခြင်းအထိ အကျုံးဝင်၏။

သမားရိုးကျ ရုံးလုပ်ငန်းတွင် ဤလုပ်ငန်းစဉ်ကို ဆောင်ရွက်ရာ၌ အကြီးအကဲက သူ၏လက်ထောက်အား စာရွက်ပေါ်တွင် အကြမ်းရေးသားပေးခြင်း၊ နှုတ်မှရွတ်ဆိုပေးခြင်းတို့ ပြုလုပ်လေ့ရှိ၏။ နှုတ်မှရွတ်ဆိုပေးလျှင် လက်ထောက်ဖြစ်သူက သာမန်လက်ရေးဖြင့် ဖြစ်စေ၊ လက်ရေးတိုဖြင့် ဖြစ်စေ ရေးမှတ်ရ၏။ နောက်ပိုင်းတွင် လက်ရေးတိုစက်ကို အသုံးပြုလာခဲ့ကြသည်။ အသံဖမ်းစက်ကိုအသုံးပြုသည်။ အချို့ အသံဖမ်းစက်များမှာ စီးကရက်ဗူးအရွယ်ခန့်သာရှိသဖြင့် ရုံးခန်း အတွင်း၌သာမက ကား၊ ရထား၊ လေယာဉ်တို့ပေါ်တွင် ခရီးသွားလာရင်း အသုံးပြုနိုင်၏။ မိမိရေးလိုသည့် အကြောင်းအရာကို အသံဖမ်းစက်တွင် သွင်းပြီးနောက်၊ တိပ်ခွေ သို့မဟုတ် စာတမ်းပြားကို စာရေးရိုက်မည့်သူအား ပေးအပ်ရသည်။

ရုံးတွင်းသုံး အသံဖမ်းစက်စနစ်တွင် အကြီးအကဲ၏ စားပွဲနှင့် စာရေးရိုက်မည့်သူ၏ စားပွဲတို့ကို တိုက်ရိုက် ဆက်သွယ်ထားရှိရ၏။ ဤသို့ဖြင့် အကြီးအကဲဖြစ်သူက မိမိ၏ စားပွဲပေါ်တွင်ရှိသည့် မိုက်ခွက်မှ တစ်ဆင့်ပြောလိုက်သည့် အကြောင်းအရာတို့သည် စာရေးရိုက်မည့်သူ၏ စားပွဲပေါ်ရှိ အသံဖမ်းစက် အတွင်းသို့ တိုက်ရိုက် ရောက်ရှိလာနိုင်၏။ အကြီးအကဲဖြစ်သူနှင့် စာရေးရိုက်မည့်သူတို့ အလှမ်းကွာဝေးသည့် နေရာနှစ်ခု၌ သီးခြားစီရှိနေသည့်တိုင်အောင် လုံခြုံစိတ်ချစွာဖြင့် ဆောင်ရွက်နိုင်သော နည်းစနစ်လည်း ပေါ်ပေါက်နေပြီဖြစ်၏။

(၂) ထုတ်လုပ်ခြင်း (Production / Output)

အထက်တွင် ဖော်ပြထားသည့်အတိုင်း စာသားဖြင့် ရေးသားထားပြီးသည့် အကြောင်းရပ် တစ်ခုခုကို စက္ကူပေါ်တွင် အချော ရိုက်နှိပ်ခြင်း သို့မဟုတ် Word Processor ဟုခေါ်သည့် မှတ်တမ်းတင် အီလက်ထရွန်းနစ် လက်နှိပ်စက်တွင် ရိုက်နှိပ်သိမ်းဆည်းခြင်း ဖြစ်သည်။

သမားရိုးကျ ရုံးလုပ်ငန်းစနစ်တွင် ဤလုပ်ငန်းစဉ်အတွက် လက်နှိပ်စက်ကို အသုံးပြုကြသည်။ နောက်ပိုင်း

တွင် လျှပ်စစ်ဓာတ်အားသုံး အီလက်ထရစ် လက်နှိပ်စက်ကို တီထွင် သုံးစွဲလာခဲ့ကြ၏။ သို့သော် အီလက်ထရစ် လက်နှိပ်စက်မှာ မှတ်တမ်းမတင်နိုင်ခြင်း၊ မှားယွင်းစွာ ရိုက်နှိပ်မိသည့်အခါမျှားဌ အမှန်ပြုပြင်ရန် အခြိန်ကြာခြင်း စသည့် အားနည်းချက်များ ရှိနေခဲ့သည်။ မှတ်တမ်းတင်ခြင်း၊ မျဉ်းသားခြင်း၊ နေရာညှိခြင်း စသည့် လုပ်ဆောင်ချက်များကို အလိုအလျောက် ပြုလုပ်ပေးသည့် အီလက်ထရွန်းနစ် လက်နှိပ်စက်မျိုး ပေါ်ပေါက်လာခဲ့ပြီးနောက်၊ ယင်းကို တွင်ကျယ်စွာ အသုံးပြုခဲ့ကြသည်။ ထိုနောက်တွင် ကွန်ပျူတာနှင့်ပေါင်းစပ်ထားသည့် Word Processor ခေါ် အီလက်ထရွန်းနစ် လက်နှိပ်စက်တစ်မျိုးကို တီထွင်လာနိုင်ကြ၏။

ဤလက်နှိပ်စက်မျိုးကို တစ်ခုထက်တစ်ခု သာလွန်ကောင်းမွန်စေရန် တီထွင် ထုတ်လုပ်လာခဲ့ကြရာ ယခုအခါ မှတ်တမ်းတင်ခြင်း၊ မျဉ်းသားခြင်း၊ နေရာညှိခြင်း၊ လိုင်းခြားခြင်း၊ စာလုံးအရွယ်အစားနှင့် အမျိုးအစားတို့ ပြောင်းလဲခြင်း စသည်တို့ကို အလိုအလျောက် ဆောင်ရွက်ပေးနိုင်ပြီး ပုံပြကားချပ်လည်းပါရှိသည့် အီလက်ထရွန်းနစ်လက်နှိပ်စက်မျိုး ပေါ်ပေါက်နေပြီဖြစ်၏။ ရိုက်နှုန်းမှာ သမားရိုးကျ လက်နှိပ်စက်များထက် များစွာ လျင်မြန်ပြီး၊ ခလုတ်ခုံတွင် ရိုက်နှိပ်လိုက်သည့် စာသားများမှာ ကားချပ်ပေါ်တွင် ပေါ်လာမည်ဖြစ်၏။ အမှားပြင်ခြင်း၊ စာသားပြောင်းလဲခြင်းတို့ကို လွယ်ကူစွာ ပြုလုပ်နိုင်၏။ ဇယားများ၊ ပုံပြများကိုလည်း ရေးဆွဲနိုင်၏။ ခေတ်မီကုမ္ပဏီကြီးများတွင် ဤကဲ့သို့သော အီလက်ထရွန်းနစ် လက်နှိပ်စက်များကို ထုတ်လုပ်ခြင်း လုပ်ငန်းစဉ်အတွက် အဓိက အသုံးချကြသည်။

(၃) မိတ္တူထုတ်လုပ်ခြင်း (Reproduction)

အကြောင်းရပ်တစ်ခုကို စာသားဖြင့် အခြေသတ်ရေးသားရိုက်နှိပ်ပြီးနောက် ဖြန့်ဝေရန် မိတ္တူပွားခြင်းကို ခေါ်သည်။ မိတ္တူထုတ်လုပ်ခြင်းသည် ရုံးလုပ်ငန်းတွင် အရေးကြီးသော လုပ်ငန်းစဉ်တစ်ခုဖြစ်၏။ သမားရိုးကျ ရုံးလုပ်ငန်းဌ တွင်ကျယ်စွာ အသုံးပြုသည့် မိတ္တူကူးနည်းမှာ ကာဗွန်မိတ္တူ ကူးယူခြင်းပင်ဖြစ်၏။ သို့သော် ကာဗွန်မိတ္တူ ကူးယူခြင်းမှာ ပုံများ၊ ဇယားများကို ကူးယူရာဌ အခက်အခဲရှိ၏။ တစ်ကြိမ်လျှင် မိတ္တူခြောက်စောင် အထိကိုသာ ကောင်းမွန်စွာ ကူးယူနိုင်၏။ အချိန်ပိုကြာသဖြင့် စရိတ်စက ပိုမိုများပြား၏။

ခေတ်မီ ရုံးလုပ်ငန်းခွင်များတွင်မူ ခေတ်မီ အီလက်ထရွန်းနစ် မိတ္တူကူးစက်များကို အသုံးပြုကြ၏။ ယခုအခါ ခေတ်မီ မိတ္တူကူးစက် အမျိုးမျိုးကို တီထွင်ထုတ်လုပ်ထားကြပြီးဖြစ်ရာ မိမိတို့၏ လုပ်ငန်းလိုအပ်ချက်နှင့် ကိုက်ညီသည့် စက်မျိုးကို ရွေးချယ် အသုံးပြုနိုင်ပြီဖြစ်၏။ သင့်လျော်သည့် မိတ္တူကူးစက်ကို ရွေးချယ်ရာတွင် ရယူလိုသည့် မိတ္တူ၏ အရည်အသွေး၊ မိတ္တူအရေအတွက်၊ အချိန်နှင့် ကုန်ကျစရိတ်တို့ကို တည့်သွင်းစဉ်းစားရန် လိုအပ်၏။ အချို့သော မိတ္တူကူးစက်များမှာ ရောင်စုံရိုက်နှိပ်ထားသည့် မူရင်းများကို မူလအရောင်အတိုင်း မိတ္တူကူးပေးနိုင်၏။ မူရင်းထက် အရွယ်အစားခဲ့ခြင်း ချဲ့ခြင်းကိုလည်း ပြုလုပ်နိုင်၏။ အမြန်နှုန်းအားဖြင့် တစ်မိနစ်လျှင် စောင်ရေ ၅၀ မှ ၁၂၀ အထိ ကူးယူနိုင်ပြီဖြစ်၏။ အချို့မိတ္တူကူးစက်များမှာ စက္ကူပေါ်တွင် ရေးဆွဲရေးသားထားခြင်း မဟုတ်ဘဲ တိပ်ခွေ၊ ဓာတ်ပြားတို့ဌ အီလက်ထရွန်းနစ်နည်းဖြင့် သိမ်းဆည်းထားသည့် ပုံနှင့် စာများကို စက္ကူပေါ်ဌလည်းကောင်း၊ အခြားသော တိပ်ခွေ၊ ဓာတ်ပြားများသို့လည်းကောင်း မိတ္တူကူးပေးနိုင်၏။ Fascimile သို့မဟုတ် Fax ဟု ခေါ်သည့် အီလက်ထရွန်းနစ် မိတ္တူကူးစက် တစ်မျိုးမှာ မိတ္တူကို မူရင်းရှိသည့်နေရာမှ မိုင်ပေါင်းများစွာ ဝေးကွာသည့် နေရာသို့ ပေးပို့နိုင်၏။ ဤကိရိယာမှာ ယခုခေတ် ကုမ္ပဏီ ကြီးငယ်များဌ မရှိမဖြစ် အရေးပါလာသည့် ကိရိယာတစ်ခုဖြစ်၏။

(၄) သိမ်းဆည်းခြင်း (Filing)

အနာဂတ်တွင် အလွယ်တကူ ကိုးကားအသုံးပြုနိုင်ရန်အတွက် အကြောင်းရပ်တစ်ခုကို သိမ်းဆည်းထားခြင်းဖြစ်သည်။

သမားရိုးကျရုံးလုပ်ငန်းတွင် ကိန်းဂဏန်း၊ အချက်အလက်၊ စာရင်းဇယား စသည်တို့ ရေးသားပုံနှိပ်ထားသည့် စာရွက်စာတမ်းများကို ဖိုင်တွဲများဖြင့် သိမ်းဆည်းထားလေ့ရှိ၏။ နှစ်ရှည်လများ သိမ်းဆည်းထားရန်လိုအပ်သည့် စာရွက်စာတမ်းများကို ရိုးရိုးဖိုင်တွဲများဖြင့် သိမ်းဆည်း ထားပါက ရေရှည်တွင် ထားသိုရန် နေရာ အခက်အခဲ ပေါ်ပေါက် လာနိုင်၏။ ထို့ကြောင့် Microfilm သို့မဟုတ် Microfiche အသွင်ဖြင့် ရိုက်ကူးထားပြီး မူရင်းကို ဖျက်ဆီးပစ်လေ့ရှိကြ၏။ Microfilm သို့မဟုတ် Microficheဖြင့် မူရင်းစာရွက်၏ အရွယ်အစားကို ၉၀ ဆအထိ သေးငယ်အောင် ချုံ့နိုင်၏။ စနစ်တကျ သိမ်းဆည်းထားပြီး လိုအပ်သည့်အခါ Microflim ဖတ်သည့် ကိရိယာဖြင့် ထင်ရှားပြတ်သားစွာ ဖတ်ရှုနိုင်၏။

ခေတ်မီ ရုံးလုပ်ငန်းစနစ်တွင်မူ Microfilm နှင့် Microfiche များဖြင့်သာမက အီလက်ထရွန်းနစ်ကိရိယာ

များဖြင့် များပြားလှသည့် အကြောင်းရပ် အချက်အလက်များကို စနစ်တကျ သိမ်းဆည်းထားနိုင်သည်။ Word Processor ဟု ခေါ်သည့် မှတ်တမ်းတင် အီလက်ထရွန်းနစ် လက်နှိပ်စက်တွင် စာဖြင့်ရေးသားထားသည့် အကြောင်းအရာ တစ်ခုကို ကိန်းဂဏန်း စာရင်းဇယားများ၊ ပုံပြမျဉ်းများ၊ သရုပ်ဖော်ပုံများနှင့် အတူ သိမ်းဆည်း ထားနိုင်၏။ တိပ်ခွေနှင့် ခဘတ်ပြားသုံး အခြားသော အီလက်ထရွန်းနစ်ကိရိယာ များတွင်လည်း သိမ်းဆည်း ထားနိုင်သည်။ ခဘတ်ပြားသုံးကိရိယာ တစ်ခုဆိုလျှင် အချင်း သုံးလက်မခန့်ရှိသည့် ခဘတ်ပြား တစ်ချပ်၌ ပုံနှိပ်စာလုံး စာမျက်နှာပေါင်း တစ်သိန်းခန့်ကို မှတ်တမ်းတင်ထားနိုင်ပြီး အလိုရှိသည့် စာမျက်နှာကို လျင်မြန်စွာ ရှာဖွေဖတ်ရှုနိုင်၏။ အခြို့သော ခေတ်မီအီလက်ထရွန်းနစ် ကိရိယာများမှာ ထုတ်လုပ်ခြင်း၊ မိတ္တူထုတ်လုပ်ခြင်းနှင့် သိမ်းဆည်းခြင်း လုပ်ငန်းစဉ်သုံးခုလုံးကို ဆောင်ရွက်နိုင်ပြီဖြစ်၏။ ဤသို့ဖြင့် ခေတ်မီရုံးလုပ်ငန်းစနစ် တပ်ဆင်ထားသည့် ကုမ္ပဏီကြီးများတွင် ကျွမ်းကျင်လုပ်သား သုံးလေးဦးခန့်က ကုမ္ပဏီတစ်ခုလုံးနှင့် သက်ဆိုင်သည့် ထုတ်လုပ်ခြင်း၊ မိတ္တူထုတ်လုပ်ခြင်းနှင့် သိမ်းဆည်းခြင်း လုပ်ငန်းရပ်များအားလုံးကို နိုင်နင်းစွာ ဆောင်ရွက်နိုင်ကြခြင်း ဖြစ်သည်။

(၅) ဆက်သွယ်ဖြန့်ဝေခြင်း (Communication / Distribution)

အကြောင်းရပ်တစ်ခုကို လက်ခံရယူမည့် သူများထဲသို့ ဆက်သွယ်ပြီး ဖြန့်ဝေပေးပို့ခြင်းဖြစ်သည်။ သမားရိုးကျ ဖြန့်ဝေခြင်းတွင် ရုံးတွင်းရုံးပြင် ဖြန့်ဝေခြင်းကို စာဝေလုပ်သားများဖြင့် လည်းကောင်း၊ အများပြည်သူသုံး စာတိုက်နှင့် ကြေးနန်းဆက်သွယ်ရေး လမ်းကြောင်းကို အသုံးပြုခြင်းဖြင့်လည်းကောင်း ဆောင်ရွက်ရ၏။ အစောဆုံး ပေါ်ပေါက်ခဲ့သည့် ရပ်ဝေးဆက်သွယ်ရေး စနစ်ဖြစ်သော မော့စ် ခေါ် ကြေးနန်းရိုက်စက်ကို ယခုတိုင် တွင်ကျယ်စွာ အသုံးပြုနေကြဆဲဖြစ်သည်။ သို့သော် Teletypewriter သို့မဟုတ် Telex ဟု ခေါ်သည့် လက်နှိပ်စက်တစ်မျိုးမှာ ကြေးနန်းရိုက်စက်၏နေရာကို ကျယ်ပြန့်စွာ အစားထိုး ဝင်ရောက်နေပြီ ဖြစ်၏။ ဤစက်မျိုးကို ရပ်ဝေးဆက်သွယ် ဆောင်ရွက်ရသည့် ရုံးလုပ်ငန်းခွင် တိုင်းတွင် အသုံးပြုလျက် ရှိကြ၏။

စာသားဖြင့် ရေးသားထားသည့် အကြောင်းရပ်တစ်ခုကို ဤစက်ဖြင့် ရပ်ဝေးသို့ ပေးပို့ခြင်း၊ ရပ်ဝေးမှ ပေးပို့သည်များကို လက်ခံခြင်းတို့ ပြုလုပ်နိုင်၏။ စက်အမျိုးအစားပေါ် မူတည်၍ တစ်မိနစ်လျှင် စာလုံးရေ ၆၀ မှ ၁၀၀ အထိ ရိုက်နှိပ်ပေးပို့နိုင်၏။ Telex Conversation ဟုခေါ်သည့် တစ်ဖက်နှင့် တစ်ဖက် အပြန်အလှန်မေးမြန်း ဖြေကြားခြင်းကိုလည်း တပြိုင်နက်တည်း ပြုလုပ်နိုင်သည်။ အခြို့ တဲလက်စ် စက်များမှာ လက်ခံမည့် အော်ပရေတာများ မရှိ ပါကလည်း ဝင်ရောက်လာသည့် အကြောင်းရပ်များကို လက်ခံရယူကာ သိမ်းဆည်းထားပြီး အော်ပရေတာ ရောက်ရှိသည့်အခါမှ အသင့်ရိုက်နှိပ် ထုတ်လုပ်ပေးနိုင်၏။

တယ်လီဖုန်း ဆက်သွယ်ရေးမှာလည်း များစွာတိုးတက်ထွန်းကားလာပြီဖြစ်၏။ အခြို့သော တယ်လီဖုန်းများမှာ ဖုန်းနံပါတ် ၁၀၀ နီးပါးခန့်ကို မှတ်သားထားနိုင်ပြီး လျင်မြန်စွာ ဆက်သွယ်ခေါ်ယူနိုင်၏။ တစ်ဖက်မှ ပေးပို့လာသည့် အကြောင်းအရာများကိုလည်း လက်ခံမှတ်တမ်းတင်ထားနိုင်၏။ နောက်ဆုံးပေါ် တယ်လီဖုန်းအချို့မှာ ကြိုးဖြင့်ဆက်သွယ်ရန်ပင် မလိုအပ်တော့သဖြင့် သွားလေရာသို့ သယ်ဆောင်သွားနိုင်၏။ ရုံးခန်းထဲမှသာမက ကား၊ ရထား၊ လေယာဉ်၊ ခဘတ်လှေကား စသည့် နေရာများမှ ရပ်ဝေးသို့ တိုက်ရိုက်ဆက်သွယ်နိုင်၏။

ကွန်ပျူတာကို အသုံးပြုသည့် အီလက်ထရွန်းနစ်စာပို့စနစ်မှာ ခေတ်မီရုံးလုပ်ငန်းစနစ်၏ အသက်သွေးကြောပင်ဖြစ်၏။ ကွန်ပျူတာကွန်ယှက်စနစ်ကို တပ်ဆင်အသုံးပြုခြင်းဖြင့် အကြောင်းရပ်တစ်ခုကို ရပ်ဝေးသို့ လျင်မြန်စွာပေးပို့နိုင်၏။ ဂြိုဟ်တုဆက်သွယ်ရေး စနစ်မှတစ်ဆင့် ကမ္ဘာအနှံ့သို့ ဆက်သွယ်နိုင်၏။ အဆောက်အအုံ တစ်ခုတည်းအတွင်းရှိ ဌာနခွဲအသီးသီးကိုလည်း ဤစနစ်ဖြင့် လွယ်ကူချောမွေ့စွာ ဆက်သွယ်နိုင်၏။

တစ်နေ့တစ်ခြား တွင်ကျယ်လာသည့် ခေတ်မီရုံးလုပ်ငန်းသုံး ဆက်သွယ်ရေးကိရိယာမှာ Fax (Facsimile) ဟုခေါ်သည့် ရပ်ဝေးမိတ္တူကူးစက်ပင်ဖြစ်၏။ ပေါ့ပါးပြီး ကိုင်တွယ်အသုံးပြုရန် လွယ်ကူသဖြင့် အထူးလူကြိုက်များလျက်ရှိ၏။ ဤစက်ကိုအသုံးပြု၍ ရေးသားရိုက်နှိပ်ထားသည့် စာသားနှင့် ပုံများကို မူရင်းသဏ္ဌာန်အတိုင်းပင် ရပ်ဝေးသို့ ပေးပို့နိုင်၏။

အီလက်ထရွန်းနစ်ပညာမှာ အရှိန်အဟုန် မြင့်မားစွာဖြင့် ထွန်းကား တိုးတက်လျက်ရှိရာ ယင်းပညာရပ်အပေါ်တွင် အခြေခံထားသည့် ခေတ်မီ အလိုအလျောက် ရုံးလုပ်ငန်းစနစ်များလည်း တစ်နေ့ထက်တစ်နေ့ တိုးတက်လျက်ပင် ရှိနေပေသည်။

ဦးအောင်လှထွန်း

ချက်နှင့် စလိုဗက်နိုင်ငံ။ ။ချက်နှင့် စလိုဗက်နိုင်ငံမှာ ယခင် ချက်ကိုစလိုဗက်ကီးယားနိုင်ငံ အမည်ကို ပြောင်းလဲပြင်ဆင်ကာ မကြာသေးခင်ကမှ အမည်သစ်




ချက်ကိုစလိုဗက်နိုင်ငံတွင် ဆန္ဒပြမှုများ ဖြစ်ပွားခဲ့စဉ်

ဖြင့် ပေါ်ထွက်လာသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပေသည်။ ၁၉၀၉ ခုနှစ် နိုဝင်ဘာလမှစ၍ တစ်စတစ်စပိုမိုကြီးမား ကျယ်ပြန့်လာခဲ့သည့် လူထုဆန္ဒပြပွဲများကြောင့် နောက် ဆုံးတွင် ချက်ကိုစလိုဗက်ကီးယားနိုင်ငံ၌ ကွန်မြူနစ် ပါတီ၏ လက်ဝါးကြီးအုပ်မှုမှာ အဆုံးသတ်ခဲ့ရသည်။ ထိုနှစ် ဒီဇင်ဘာလတွင် အစိုးရအား ဆန့်ကျင်ခဲ့မှုဖြင့် အကျယ်ချုပ် ချထားခြင်းခံရသော ပြဇာတ်ရေးဆရာ ဗက်ကလပ် ဟာဗဲသည် သမ္မတ ဖြစ်လာသည်။ ဟာဗဲသည် ၎င် နှစ်အတွင်း ပထမဆုံးသော ကွန်မြူနစ် မဟုတ်သည့် သမ္မတ ဖြစ်သည်။ ကွန်မြူနစ်ပါတီ ဗဟို ကော်မတီဝင်အဖြစ်မှ ထုတ်ပယ်ခံရသည့် ပြုပြင် ပြောင်းလဲရေးဝါဒီ အလက်ဇန္ဒား ဒျုဗျက်က လွှတ်တော် ဥက္ကဋ္ဌ ဖြစ်လာသည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၀ – စ၊ ၁၀၆ — ရှ။)

၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် နိုင်ငံ သို့ နှစ်သစ်မိန့်ခွန်းထုတ်လွှင့်ရာတွင် သမ္မတ ဟာဗဲက နှစ်ပေါင်း ၄၀ ကြာ ကွန်မြူနစ်တို့အုပ်စိုးမှု အဆုံးသတ် ခဲ့ပြီးနောက် နိုင်ငံ၏ စီးပွားရေးမှာ ယိုယွင်းပျက်စီး ချည့်နဲ့ခဲ့ကြောင်း၊ နိုင်ငံတော်ကို လုပ်သားပြည်သူတို့ ၏ နိုင်ငံတော်ဟု ခေါ်တွင်စေကာမူ တကယ်စင်စစ်တွင် အလုပ်သမားများအား ဂုဏ်သရေ ညှိုးနွမ်းစေအောင် လုပ်ဆောင်ခဲ့ရုံမျှမက ခေါင်းပုံဖြတ် အမြတ်ဆုတ်ခဲ့ကြ ကြောင်း၊ ရွှေတွင်ဆက်လက်လုပ်ဆောင်ရမည့် အဓိက လုပ်ငန်းများမှာ လွတ်လပ်သော ရွေးကောက်ပွဲများကို ဂုဏ်သရေရှိရှိဖြင့် စောစီးစွာကျင်းပရေး၊ ချက်နှင့် စလိုဗက်နိုင်ငံသားများ၏ ဘာသာရေး ရိုးရာဓလေ့များ နှင့် အကျိုးစီးပွားများကို လေးစားရေး၊ အခြားသူများ ထက် အခြေအနေ ပိုမိုဆိုးဝါးခဲ့သည့် နိုင်ငံသားအားလုံး ၏ အနေအထားကို တိုးတက်မှုရရှိအောင် ဆောင်ရွက် ရေးနှင့် ကမ္ဘာတွင် ချက်ကိုစလိုဗက်ကီးယားနိုင်ငံ၏ ဩဇာအာဏာခိုင်မာစေရေးတို့ဖြစ်ကြောင်းဖြင့်ထည့်သွင်း ပြောကြားခဲ့သည်။ ယင်း ဇန်နဝါရီလ ၁ ရက်နေ့မှာပင် သမ္မတ ဟာဗဲက လွှတ်ငြိမ်းချမ်းသာခွင့် အမိန့် ကို ထုတ်ပြန်ကြေညာခဲ့ရာယင်းအမိန့်အရ နှစ်တိုအကျဉ်းသား များ ပြစ်ဒဏ်မှ လွှတ်မြောက်ခဲ့ပြီး အခြားပြစ်ဒဏ် ကျခံနေရသူများကိုလည်း ပြစ်ဒဏ်များ လျှော့ပေါ့ခဲ့ သည်။

သမ္မတဟာဗဲသည် ပထမဆုံး ပြည်ပခရီးစဉ်များ အဖြစ် ဇန်နဝါရီလ ၂ ရက်နေ့တွင် အရှေ့ဂျာမနီနှင့် အနောက်ဂျာမနီနိုင်ငံများသို့ လည်းကောင်း၊ ဇန်နဝါရီ လ ၂၅ ရက်နေ့တွင် ပိုလန်နိုင်ငံသို့လည်းကောင်း၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ဟန်ဂေရီနိုင်ငံသို့ လည်း



သမ္မတ ဗက်ကလပ် ဟာဗဲ

ကောင်း သဲ့းရောက် လည်ပတ်ခဲ့သည်။ ပိုလန်နှင့် ဟန်ဂေရီနိုင်ငံ ပါလီမန်များတွင် မိန့်ခွန်းပြောကြား ခဲ့သည်။

သမ္မတ ဗက်ကလပ် ဟာဗဲအစိုးရသည် ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း ချက်နှင့် စလိုဗက်နိုင်ငံ၌ ချထား သည့် ဆိုဗီယက်တပ်များ ရုပ်သိမ်းရေးကိစ္စကို စီစဉ် ဆောင်ရွက်ခဲ့သည်။ ဆိုဗီယက်တပ်သား စုစုပေါင်း ၈၀,၀၀၀ ရှိသည်။ ဆိုဗီယက်တို့က ရုပ်သိမ်းမည်ဟု ကတိပေးပြီး ဖြစ်သည့်အတိုင်း စတင် ရုပ်သိမ်းလျက်ရှိ သည်။ ချက်နှင့် စလိုဗက်နိုင်ငံ၏ ကာကွယ်ရေးအင်အား မှာ တပ်သဲ့း ၂,၁၂,၀၀၀ ရှိသည်။

ပါလီမန် ဥက္ကဋ္ဌ ဗျူချက်ကလည်း ဆိုဗီယက်အစိုးရ နှင့် ဆက်ဆံရေး တိုးတက်ကောင်းမွန်စေရေးအတွက် မော်စကိုမြို့သို့ သဲ့းရောက်လည်ပတ်ခဲ့သည်။ ဥရောပ ပါလီမန်က ဗျူချက်အား ဂုဏ်ထူးဆောင်ဆုကို ဇန်နဝါရီ လ ၁၈ ရက်နေ့တွင် ချီးမြှင့်သည်။

ထိုအတောအတွင်း ချက်ကိုစလိုဗက်ကီးယား ကွန်မြူ နစ်ပါတီ ဗဟိုကော်မတီ အစည်းအဝေးက တာဝန် ယူစဉ်ကာလအတွင်း မှားယွင်းသော နိုင်ငံရေးဆုံးဖြတ် ချက်များ ချမှတ်ခဲ့ခြင်းအတွက် နိုင်ငံတော်အကြီးအကဲ အပါအဝင် ပါတီဝင်ဟောင်း ၂၂ ဦးတို့အား ပါတီမှ ထုတ်ပစ်ရန် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ဆုံးဖြတ် ခဲ့သည်။ အဆိုပါထုတ်ပစ်ခံရသူများတွင် ၁၉၆၉ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ ချက်ကိုစလိုဗက်ကီးယား ကွန်မြူနစ် ပါတီ အထွဋ်အတွင်းရေးမှူးနှင့် ၁၉၇၅ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ သမ္မတဖြစ်ခဲ့သူ ဂုစတပ် ဟူဆက်လည်း ပါဝင်သည်။

သမ္မတ ဗက်ကလပ် ဟာဗဲသည် နောက်ထပ်ပြည်ပ ခရီးစဉ်များအဖြစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှ စ၍ အိုက်စလန်၊ ကနေဒါ၊ အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်ပြည်ထောင်စုသို့ တရားဝင်အလည်အပတ်သွား ရောက်ခဲ့ပြန်သည်။ ရောက်ရာနိုင်ငံများတွင် နိုင်ငံရေး ခေါင်းဆောင်များ အပါအဝင် စာပေမိတ်ဆွေများ၊ သမိုင်း ပညာရှင်များနှင့် တွေ့ဆုံခဲ့သည်။ ဆိုဗီယက် ပြည်ထောင်စု မော်စကိုမြို့တွင် ဆိုဗီယက်ခေါင်းဆောင် ဂေါ်ဘာချော့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ချက်ကိုစလို ဗက်ကီးယားနိုင်ငံရှိ ဆိုဗီယက်တပ်များ ၁၉၉၁ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် အပြီးရုပ်သိမ်းရေး သဘော တူညီချက်ကို နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများက လက်မှတ်ရေးထိုးခဲ့သည်။ ဟာဗဲသည် မတ်လအတွင်း ကလည်း ပြင်သစ်နှင့် ဗြိတိန်နိုင်ငံများသို့ သဲ့းရောက် လည်ပတ်ခဲ့သည်။

ချက်ကိုစလိုဗက်ကီးယားနိုင်ငံ အစိုးရ အဖွဲ့အတွင်း အပြောင်းအလဲများပြုလုပ်ခြင်းကို ဧပြီလ ၆ ရက်နေ့တွင် ကြေညာခဲ့သည်။ အပြောင်းအလဲများ ပြုလုပ်ရာတွင် ရာထူးချခြင်းများ၊ ထုတ်ပယ်ခြင်းများနှင့် အသစ်ခန့် အပ်ခြင်းများ ပါဝင်ပေသည်။

ဧပြီလ ၂၀ ရက်နေ့တွင် ချက်ကိုစလိုဗက်ကီးယား နိုင်ငံလုတ်တော်က နိုင်ငံတော်၏အမည်ကို "ချက်နှင့်စလို ဗက်ပြည်ထောင်စု သမ္မတနိုင်ငံ"ဟု ပြင်ဆင်ခေါ်ဝေါ်ရန် တစ်ခဲနက် အတည်ပြုဆုံးဖြတ်လိုက်ရာ ယင်းနေ့မှ စ၍ ချက်နှင့်စလိုဗက်ပြည်ထောင်စု သမ္မတနိုင်ငံအဖြစ် စတင် ပေါ်ပေါက်ခဲ့သည်။ နိုင်ငံတွင် လူဦးရေ ၁,၅၆,၆၁,၀၀၀ရှိ သည့်အနက် ချက်အမျိုးသားက ၆၄ ရာခိုင်နှုန်း၊ စလိုဗက် အမျိုးသားက ၃၁ ရာခိုင်နှုန်းရှိသည်ကို ခဲ့ခဲ့ခြားခြားသိရှိ နိုင်ရန် ယခုကဲ့သို့ ပြင်ဆင်လိုက်ခြင်းဖြစ်သည်။

မေလ ၁၄ ရက်နေ့တွင် ချက်နှင့်စလိုဗက်နိုင်ငံရှိ မြို့အများအပြားတွင် လူထုစည်းဝေးပွဲကြီးများ ကျင်းပ ပြီး ၁၉၈၉ ခုနှစ် နိုဝင်ဘာလမတိုင်မီက ချက်ကိုစလိုဗက် ကီးယား ကွန်မြူနစ်ပါတီက ငှားရမ်းသုံးစွဲခဲ့သည့် ပစ္စည်း များကို နိုင်ငံတော်သို့ ပြန်လည်ပေးအပ်ရန် တောင်းဆိုခဲ့ သည်။ ထို့ပြင် နိုင်ငံရေးပါတီငါးပါတီအဖွဲ့က ထုတ်ပြန် သည့် ကြေညာချက်တစ်ခုတွင် ကွန်မြူနစ်ပါတီ၏ အာဏာ ရှင်ဆန်ဆန် ပြုမူခဲ့သည့် လုပ်ရပ်များနှင့် နှစ်ပေါင်း ၄၀ ကျော်ကြာ ကွန်မြူနစ်စနစ်ဖြင့် အုပ်စိုးမှုကြောင့် နိုင်ငံ အခြေအနေ ယိုယွင်းခဲ့ရသည့်အတွက် ပါတီအနေဖြင့် တာဝန်ရှိကြောင်း ဝန်ခံသည့်အနေဖြင့် ဇွန်လ အထွေထွေ

ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်းမပြုဘဲ နုတ်ထွက်ရန် တောင်းဆိုထားသည်။ ယင်း တောင်းဆိုချက်ကို ပြည်ထောင်စုအစိုးရနှင့် စီဗစ်ဖိုရမ် ခေါင်းဆောင်များက ကန့်ကွက်ခဲ့ကြသည်။

ယခင် ကွန်မြူနစ်ပါတီပိုင် ပစ္စည်းများကို ပြည်သူပိုင် ပြုလုပ်ရေးအတွက် ပြဿနာပေါ်နေစဉ် ပါတီ ခေါင်းဆောင်မောင်း မီလိုယာကစ်ကို ၁၉၆၈ ခုနှစ် ပြစ်မှုဟောင်းများဖြင့် ဇွန်လ ၆ ရက်နေ့တွင်ဖမ်းဆီးလိုက်သည်။ ယင်းနှစ်ပြည်သူအုံကြွမှု၌ ဝါဆောစာချုပ်ဝင်တပ်ဖွဲ့များက နှိမ်နင်းစဉ် ၎င်းပါဝင်ခဲ့သည်ဟု ပြည်သူလူထုအချို့က စွပ်စွဲကြသည်။

၁၉၉၀ ပြည့်နှစ် ဇွန်လ ၈ ရက်နှင့် ၉ ရက်နေ့များတွင် ချက်နှင့်စလိုဗက်နိုင်ငံ၏ ပထမဆုံးလွှတ်တော်၌ လျှို့ဝှက်စွာ မဲပေးနိုင်ခွင့်ရှိသည့် ပါတီစုံအထွေထွေရွေးကောက်ပွဲများ ကျင်းပရာ စီဗစ်ဖိုရမ်ပါတီက ၄၆ ဒသမ ၆ ရာခိုင်နှုန်း၊ ခရစ်ယာန်ဒီမိုကရက်တစ်ပါတီက ၁၂ ရာခိုင်နှုန်း၊ ကွန်မြူနစ်ပါတီက ၁၃ ဒသမ ၆ ရာခိုင်နှုန်း အသီးသီးအနိုင်ရရှိကြသည်။ လက်ရှိဝန်ကြီးချုပ် မာရီယန် ကာလ်ဖာအား အစိုးရအဖွဲ့ဖွဲ့ရန် ဇွန်လ ၁၂ ရက်နေ့တွင် တာဝန်ပေးအပ်သည်။ ဇွန်လ ၂၇ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့သစ် ကျမ်းသစ္စာကျိန်ဆိုပြီး ဒျူချက်အား ပြည်ထောင်စုလွှတ်တော်ဥက္ကဋ္ဌ အဖြစ် တင်မြှောက် လိုက်သည်။ ချက်သမ္မတနိုင်ငံနှင့် စလိုဗက်သမ္မတနိုင်ငံ အစိုးရအဖွဲ့များကိုလည်း ဇွန်လကုန်တွင် ဖွဲ့စည်းခန့်အပ်လိုက်သည်။

ချက်နှင့်စလိုဗက်လွှတ်တော်က ဗက်ကလပ် ဟာဗဲအား ချက်နှင့်စလိုဗက်နိုင်ငံသမ္မတအဖြစ် နောက်ထပ်နှစ်နှစ်သက်တမ်း တာဝန်ထမ်းဆောင်ရန် လျှို့ဝှက်မဲပေးစနစ်ဖြင့် ဇူလိုင်လ ၅ ရက်နေ့တွင် ရွေးချယ်တင်မြှောက်လိုက်သည်။ ဆောက်ခံမဲ ၂၃၄၊ ကန့်ကွက်မဲ ၅၀ ရရှိခဲ့ရာ ဟာဗဲအနေဖြင့် မဲဆန္ဒအားလုံး၏ ငါးပုံသုံးပုံရရှိကာ ရွေးချယ်တင်မြှောက်ခံခဲ့ရခြင်း ဖြစ်သည်။

ချက်နှင့် စလိုဗက်နိုင်ငံအဖြစ် ဖွဲ့စည်းထားသည့် သမ္မတနိုင်ငံများသည် အောက်ခြေသိမ်း ပြုပြင်ပြောင်းလဲရေးအစီအစဉ်များကို စက်တင်ဘာလ ၁၁ ရက်နေ့က ထုတ်ပြန် ကြေညာလိုက်သည်။ ယင်း အစီအစဉ်အရ ပြည်ထောင်စု ဗဟိုအစိုးရအနေဖြင့် လုပ်ပိုင်ခွင့် အာဏာအချို့ကို လျော့ပေါ့ပေးမည်ဖြစ်ပြီး မိမိတို့၏ ကိုယ်ပိုင် ဖွဲ့စည်းပုံများကိုလည်း ရေးဆွဲခွင့်ရစေမည် ဖြစ်သည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် သဘောတူညီမှု ရရှိလိုက်ကြောင်း ကြေညာလိုက်ခြင်းသည် ချက်နှင့်စလိုဗက် လူမျိုးတို့အကြား တင်းမာမှုများ နည်းပါးစေမည် ဖြစ်သည်။ မဲဆန္ဒရှင်စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းမျှသာ ရှိသည့် အစ္စန်းရောက် အမျိုးသားရေးဝါဒီ စလိုဗက်အမျိုးသား ပါတီကသာလျှင် ပြည်ထောင်စု ဗဟိုအစိုးရ လက်အောက်မှ လုံးဝ လွတ်လပ်ရေးရရှိရန် တောင်းဆိုလျက် ရှိသည်။

စက်တင်ဘာလ ၂၄ ရက်နေ့က ချက်နှင့်စလိုဗက်နိုင်ငံရှိ ဆိုဗီယက်တပ်သား ၇၃,၅၀၀ အနက် တပ်သားနှင့်အရာရှိ ၄၀,၅၀၀ တို့သည် တင့်ကားအစီး ၈၀၀၊ လေယာဉ် ၆၂ စင်းနှင့် ခဲယမ်းမီးကျောက် ၅၇,၈၅ တန် တို့နှင့်အတူ ပြန်လည်ရုပ်သိမ်း ထွက်ခွာသွားကြသည်။ ဤကဲ့သို့ ဆိုဗီယက်တပ်ဖွဲ့များ ရုပ်သိမ်းမှုသည် ဖေဖော်ဝါရီလက နှစ်နိုင်ငံလက်မှတ်ရေးထိုးခဲ့သည့် သဘောတူစာချုပ်တွင် ဖော်ပြထားသောကာလထက် စောစီးစွာ ရုပ်သိမ်းခြင်း ဖြစ်သည်ဟု ဆိုသည်။

ထိုအတောအတွင်း တပ်မတော်ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို အောက်တိုဘာလ ၁၉ ရက်နေ့တွင် ကြေညာလိုက်သည်။ ကာကွယ်ရေးဝန်ကြီး ဗာဆက် တာဝန်ကို ဝန်ကြီးချုပ် မာရီယန် ကာလ်ဖာက တာဝန်ယူလိုက်သည်။ တပ်မတော်မှ ရဲဘော်ဟောင်း ၁၀,၀၀၀ ထွက်ရေးအစီအစဉ်ကို လက်ခံလိုက်ပြီးနောက် တပ်သား အချင်းချင်း 'ရဲဘော်' ဟု ခေါ်ဝေါ်သုံးစွဲခြင်းကို ရပ်စဲပစ်လိုက်သည်။ ဝါဆောစစ်စာချုပ်အဖွဲ့မှ နုတ်ထွက်မည်ဖြစ်၍ အနောက်အုပ်စု စစ်ရေးစစ်ရာဌာန စိတ်ဝင်စားသည်။ သမ္မတ ဟာဗဲက သစ္စာတရားနှင့် အသိပညာကို သာ အဓိကထားကြရန် လမ်းညွှန်ထားသည်။

ချမ်းသာ၊ ဦး (လက်ဝဲမင်းညို) (ခရစ် ၁၉၀၇–၁၉၉၀) ။ ။မဟာသရေစည်သူ ဦးချမ်းသာကို ၁၉၀၇ ခုနှစ် မေလ ၂၇ ရက်နေ့တွင် မင်းဘူးမြို့ ဓာတ်တော်ကုန်းရပ်၌ အမိန့်တော်ရရှေနေကြီး ဦးရှေလှိုင် (ဘဒ္ဒန္တရေဝတ) နှင့် ဒေါ်ညို (ဆရာညို) တို့က မွေးဖွားသည်။ တစ်ဦးတည်းသော သားဖြစ်သည်။ အစ်မသုံးယောက်နှင့် နှမတစ်ယောက်ရှိသည်။ မင်းဘူးဟိုက်စကူးကျောင်းတွင် ပညာသင်ကြားသည်။ ၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ်ကြီးတွင် ခြောက်တန်း၌ သပိတ်မှောက်၍ တစ်နှစ်အတန်း ကျခဲ့ရသည်။ ၁၉၂၆ ခုနှစ်တွင် မင်းဘူးရှိ ၁၀ တန်းကျောင်းသားများအနက် ဂုဏ်ထူးနှစ်ခုနှင့် ပထမရ၍ ၁၀ တန်းအောင်မြင်ခဲ့သည်။ ၁၉၃၁ ခုနှစ်တွင် ရန်ကုန် တက္ကသိုလ်မှ ရာဇဝင်ဂုဏ်ထူးဖြင့် ဝိဇ္ဇာ (ဂုဏ်ထူး) ဘွဲ့ရရှိခဲ့သည်။ ၁၉၂၉ ခုနှစ်မှ ၁၉၃၁ ခုနှစ်အထိ သုံးနှစ်ကောလိပ်စကောလားရှစ်ရရှိသည်။ ပြည်ကျောင်းဆောင်

ချမ်းသာ၊ ဦး (လက်ဝဲ မင်းညို)



မဟာသရေစည်သူ ဦးချမ်းသာ (လက်ဝဲ မင်းညို)

စာဖတ်အသင်းနှင့် စာစောင်ကို စတင်တည်ထောင်ထုတ်ဝေသူများတွင် ခေါင်းဆောင်တစ်ဦးဖြစ်သည်။

၁၉၃၂ ခုနှစ် ဇန်နဝါရီလဆန်းတွင် အိုင်စီအက်စ် စာမေးပွဲဝင်၍ ၁၉၃၂ ခုနှစ် သြဂုတ်လတွင် အင်္ဂလန်နိုင်ငံသို့ သွားရောက်ပြီး အောက်စဖို့တက္ကသိုလ်၊ နယူးကောလိပ်တွင် နှစ်နှစ်ကြာ အိုင်စီအက်စ် အစမ်းခန့်သင်တန်းတက်ခဲ့သည်။ နယူးကောလိပ် လေ့အသင်းတွင် ပထမရှစ်ယောက်စီးလှေကို ပဲ့ကိုင်ခဲ့သည်။ နှစ်နှစ်အတွင်း ပဲ့သုံးခုကို ဆုအဖြစ်ရရှိခဲ့သည်။ အင်္ဂလန်နိုင်ငံရှိ ကမ္ဘာကျော် လီယင်ဒါကလပ် လေ့လှော်အသင်းကြီးတွင် ပထမဆုံး မြန်မာလူမျိုးထဲမှ အသင်းဝင်ဖြစ်ခဲ့သည်။

အောက်စဖို့တက္ကသိုလ်တွင် ပထမဦးဆုံး ဗုဒ္ဓဘာသာအသင်းကို ထိုင်းနိုင်ငံမှ ကျောင်းသား၊ တရုတ်ကျောင်းသား၊ အိန္ဒိယကျောင်းသားအချို့ကို စည်းရုံးကာ တည်ထောင်ခဲ့သည်။ ထို့ပြင် ထိုအသင်း၏ ဆော်ဩသူနှင့် အတွင်းရေးမှူးအဖြစ် နှစ်နှစ်ခန့် ဆောင်ရွက်ခဲ့သည်။ မြန်မာပြည်သို့ ပြန်ရောက်သောအခါ စစ်ကိုင်း၊ မန္တလေး၊ အမရပူရ၊ ပုသိမ်၊ ပဲခူး၊ ရန်ကုန်၊ အတွင်းဝန်ရုံး၊ ရမည်းသင်း၊ ပြည်၊ ကျောက်ဆည်၊ မင်းဘူး၊ မကွေး စသည့် ခရိုင်များတွင် နယ်ပိုင်၊ အရေးပိုင်၊ ခရိုင်ဝန် စသည်ဖြင့် အမှုထမ်းခဲ့သည်။

ဘိလပ်မှ ရန်ကုန်ပြန်ရောက်သည့်နေ့မှာပင် ဘုရင်ခံ၏ နေ့လယ်စာ စားပွဲသို့ ပင်နီရင်ဖုံး၊ ပုဆိုးတောင်ရှည်၊ ခေါင်းပေါင်းနှင့် တက်ခဲ့၍ ဘုရင်ခံက နှုတ်ဆက်ရုံ နှုတ်ဆက်၍ စကားမပြောဘဲထားခြင်းခံခဲ့ရသည်။ ဦးချမ်းသာသည် တော တက် သည့် အ ခါ မှ လွဲ၍ ရုံးခန်းတွင် လည်းကောင်း၊ တရားခွင်တွင် လည်းကောင်း မြန်မာအဝတ်အစား အပြည့်အစုံကို အမြဲဝတ်ပြီးမှ တက်လေ့ရှိသည်။

စစ်ကြီးမဖြစ်မီက အခွန်တော်ဌာနဝန်ကြီး ဆာပေါ်ထွန်းက ဥက္ကဋ္ဌ၊ အဖွဲ့ဝင်အဖြစ် သခင်မြတို့ ပါဝင်ဆောင်ရွက်ရသော လယ်သီးစားနှုန်းကန့်သတ်ရေး စုံစမ်းရေးကော်မရှင်၏ အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ ဝန်ကြီး (ပြည်) ဦးဘသန်း၏ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှုဌာနတွင် လက်ထောက် အတွင်းဝန်အဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။ စစ်ကြီးပြီးဆုံးပြီးနောက် ဆာ မောင်ကြီး နှင့် (လူငယ်) ဦးဘချမ်းတို့ ဝန်ကြီးအဖြစ် ထမ်းဆောင်သည့် ဆောက်လုပ်ရေးနှင့် ပြန်လည်ထူထောင်ရေးဌာနတွင် တွဲဖက်အတွင်းဝန်အဖြစ် လည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်း၏ ဆိုရှန်တိုဗီလာကွန်ဖရင့်တွင်အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဝန်ကြီး ဦးဘဝင်း၊ ဝန်ကြီး ဟသ်ာတဦးမြတို့၏ ကူးသန်းရောင်းဝယ်ရေး ဌာနတွင် တွဲဖက်အတွင်းဝန်နှင့် ပီလေးလုံး ချယ်ယာမင်အဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။ လွတ်လပ်ရေးရပြီးနောက်တွင် ပြည်ထဲရေးနှင့် သာသနာရေးဌာနတွင် အတွင်းဝန်နှင့် စသုံးလုံး ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ နောက်ဆုံး ဝန်ကြီးချုပ်၏ အတွင်းဝန် (၁) နှင့် စသုံးလုံးဥက္ကဋ္ဌအဖြစ်လည်းကောင်း တိုင်းပြည်၏ တာဝန်ကို ကျရာနေရာက ထမ်းဆောင်ခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် အငြိမ်းစားယူသည်။

ရာထူးမှအငြိမ်းစားယူခဲ့ပြီးနောက် နိုင်ငံရေးလောကသို့ ဝင်ရောက်ခဲ့ရာ သန့်ရှင်း ဖ-ဆ-ပ-လနှင့် ပြည်ထောင်စုပါတီတို့တွင် အလုပ်အမှုဆောင်တစ်ဦးအဖြစ် ပါဝင်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် မင်းဘူးတောင်ပိုင်း ပြည်သူ့လွှတ်တော် (ပထစ) အမတ်အဖြစ် အရွေးခံရပြီး ၁၉၆၂ ခုနှစ်အထိ အမျိုးသား စီမံကိန်း ဝန်ကြီးဌာန ပါလီမန် အတွင်းဝန်နှင့် နိုင်ငံခြားဌေ ရင်းနှီးမြှုပ်နှံရေးကော်မတီ ဥက္ကဋ္ဌအဖြစ် ထမ်းဆောင်သည်။ ပထစအစိုးရလက်ထက်တွင် အမျိုးသားစီမံကိန်းဌာန ပါလီမန်အတွင်းဝန်အဖြစ် ထမ်းဆောင်နေစဉ်မှာပင် ကုလသမဂ္ဂညီလာခံသို့ အစိုးရမှ စေလွှတ်သော မြန်မာအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် သွားရောက်ခဲ့သည်။ တချိန်တည်းမှာပင် ရင်းနှီးမြှုပ်နှံရေးကော်မတီ၏ ဥက္ကဋ္ဌအဖြစ် အမေရိကန်ပြည်ထောင်စု၊ ကနေဒါနိုင်ငံနှင့် အင်္ဂလန် စသည့်နိုင်ငံများတွင် ဌေရင်းနှီးမြှုပ်နှံရေးကိစ္စများကို လေ့လာခဲ့သည်။

ဦးချမ်းသာသည် အဆို၊ အတီး၊ အက၊ ပန်းချီစသည့်အနုစာပေကို အထူးဝါသနာပါသည်။ ငယ်စဉ်အခါက ရပ်ကွက်တွင် မောင်းဆိုင်းထောင်၍ မြို့ပေါ် သာရေးနာရေးတွင် ပါဝင်ကူညီခဲ့သည်။ ငယ်စဉ်ကပင် ရေဆေးပန်းချီကို လေ့လာလိုက်စားခဲ့သည်။ ကောလိပ်၌ ပညာသင်ကြားစဉ် ဆရာကြီး ဦးဘဥာဏ်ထံမှ ရေး ဆေး ပန်း ချီ ပ ညာ ကို

လေ့လာဆည်းပူးခဲ့သည်။ အငြိမ်းစားယူပြီး နောက်တွင် လည်း ဆရာကြီး ဦးဥေကိုင်၊ ဆရာကြီးဦးစံဝင်း၊ ဆရာကြီး ဦးလှရှိန်တို့ထံမှ ဆီဆေးပန်းချီပညာကို ဆည်းပူးခဲ့သည်။ ပန်းချီကား (ဆီဆေး) ၃၅၀ ကျော် ရေးဆွဲခဲ့သည်။

ဦးချမ်းသာသည် ကဗျာ လက်ာတို့ကို ပုဂံဝန်ထောက် မင်း ဦးတင်၏ တပည့်အဖြစ် ဥပစာတန်းမှ စသင်ခဲ့ရ သော်လည်း နီးကပ်စွာ ဆည်းပူးခွင့်မရခဲ့ပေ။ ဂျပန်ခေတ် စစ်ကိုင်းတောင်ရိုးတွင် စစ်ပြေးအဖြစ် နေရစဉ် ပုဂံ ဝန်ထောက်မင်း ဦးတင်ပြုစုသော ကဗျာဗန္ဓသာရကျမ်း၊ ဆရာကြီးဦးဖေမောင်တင်ပြုစုသော မြန်မာစာပေသမိုင်း နှင့် မန်လည်ဆရာတော်ကြီး၏ မဃဒေဝ လက်ာသစ်နှင့် ပျို့များကို လေ့လာခွင့်ရရှိခဲ့သည်။ ထို့နောက် လက်ဝဲ မင်းညို ကလောင်အမည်ဖြင့် ပဒေသာရတုများကို စပ်ဆို ခဲ့သည်။ ထိုရတုများတွင် ကိုလိုနီခေတ်ဖြစ်သော ၁၉၂၄ ခုနှစ်မှစ၍ လွတ်လပ်ရေးရပြီးနောက် ၁၉၅၇ ခုနှစ်အတွင်း စပ်ဆိုသီကုံးခဲ့သော ရတု ၅၄ ပုဒ် ပါဝင်သည်။ ထို 'ပဒေ သာရတုများ' စာအုပ်သည် ၁၉၅၈ ခုနှစ် စာပေဗိမာန်ဆု ချီးမြှင့်ခြင်းခံခဲ့ရသည်။

ဦးချမ်းသာသည် ဆရာကြီး ရွှေပြည်ဦးဘတင်ထံမှ လည်း မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှုကို ဆည်းပူးခဲ့သည်။ အနုပညာ၏ အခြေခံသဘောတို့ကို လက်ဝဲမင်းညို ကလောင်အမည်ဖြင့် 'အနုပညာဂုဏ်ရည်' စာအုပ်တွင် ရေးသားခဲ့သည်။ ထိုစာအုပ်ကို တက္ကသိုလ်ဥပစာတန်းတွင် အထွေထွေမြန်မာစာအဖြစ် နှစ်နှစ်ပြဋ္ဌာန်း သတ်မှတ်ခဲ့ သည်။ 'လက္ခဏာစံထား' အမည်ဖြင့် မေတ္တာနှင့်သစ္စာ၊ စာရိတ္တဂုဏ်ရည်၊ လူဂုဏ်ရည် စသည့် စာအုပ်များကို ရေးသားပြုစုခဲ့သည်။ ထို့ပြင် 'စာဆိုတော် ဦးချမ်းသာ' အမည်ဖြင့် (၁) အနုပညာဂုဏ်မြောက် ရတုစပ်ဆိုနည်း၊ (၂) မင်းကွန်း၊ မိုးမိတ်၊ မဟာ၊ မင်္ဂလာ၊ မော်ကွန်း (မ-ငါးလုံး မော်ကွန်း)၊ (၃) ရတုပဒေသာ (ပိုဒ်စုံ ၆၀ ကျော်) သုံးခုကို စုပေါင်းထားသော 'အနုပညာ လက်ာကျမ်းနှင့်' 'ကျွန်တော်အိုင်စီအက်စ်' စာအုပ်များကို ပြုစုရေးသားခဲ့သည်။ ရာဇဝင်အခြေခံ ဆောင်းပါးများ၊ အတ္ထုပ္ပတ္တိစာတမ်းများ၊ မင်းဘူးဦးဩဘာသ၏ ဘဝနှင့် စာပေ (ဦးဩဘာသ နှစ် ၂၀၀ ပြည့် အထိမ်းအမှတ်) များကိုလည်း ရေးသားပြုစုထုတ်ဝေခဲ့သည်။ 'ဒီမိုကရေစီ ဂုဏ်ရည်' နှင့် 'ဒီမိုကရေစီလူကျင့်ဝတ် စာအုပ်နှစ်အုပ်ကို လည်း ရေးသားခဲ့သည်။

စစ်ကြီးမဖြစ်မီကလည်း သိပ္ပံမောင်ဝ (ဦးစိန်တင်) ၏ တိုက်တွန်းချက်အရ ဂန္ဓလောကတွင် ရံဖန်ရံခါစာပေများ ရေးသားခဲ့သေးသည်။ နဝဒေးမဂ္ဂဇင်းတွင် 'မြေနှင့်မိုး'၊ 'အောင်ဖြိုးမြင့်စမ်းချင်လှ' ဝတ္ထုတိုများကိုလည်းရေးသား ခဲ့သည်။ ထို့ပြင် ရာဇဝင်ဝတ္ထုတိုများ၊ ဆောင်းပါး များကိုလည်း သင့်ဘဝမဂ္ဂဇင်းတွင် ရေးသားခဲ့သည်။

အိုင်စီအက်စ် လောကဋ္ဌသိပ္ပံမောင်ဝခေါ် ဦးစိန်တင် သည် စာရေးဆရာအဖြစ် ဦးချမ်းသာထက် ပိုမိုဝါကြီး၍ ထင်ရှားခဲ့၏။ ဦးစိန်တင်သည် 'အောက်စဖို့ တက္ကသိုလ် မှတ်တမ်း' နှင့် သူ၏ အုပ်ချုပ်ရေးအတွေ့အကြုံများကို မောင် လူ အေး ဝတ္ထု များ ၌ ဖော်ပြခဲ့သည်။ သို့သော် 'ကျွန်တော်အိုင်စီအက်စ်' စာအုပ်၌ ဖော်ပြသကဲ့သို့ အိုင်စီ အက်စ်တစ်ဦး၏ ဘဝအတွေ့အကြုံကို အတ္ထုပ္ပတ္တိစာအဖြစ် ရေး သား ထား ခြင်း ကား မရှိ ခဲ့ပေ။ ထိုစာအုပ်မျိုးကို အင်္ဂလိပ်အိုင်စီအက်စ်မောရစ်ကောလစ် (Morris Collis) နှင့် အိန္ဒိယအိုင်စီအက်စ် မီနွန် (K.P.S Menon) တို့သာ လျှင် အင်္ဂလိပ်ဘာသာဖြင့် ရေးသား ကြသည်ကို တွေ့ရှိ ရပေသည်။

ဦးချမ်းသာ၏ ဇနီးမှာ စည်သူဦးဘတင် (ချုပ်သင်း) T. P. S နှင့် ဒေါ်သိန်းတို့၏သမီး ဒေါ်သစ်သစ် ဖြစ် သည်။ ဒေါ်သစ်သစ် ကွယ်လွန်ပြီးနောက် ကုန်းဘောင် ဆက် မဟာရာဇဝင်ကြီး ပြုစုသူ ဦးမောင်မောင်တင် (K.S.M., A.T.M,) နှင့် ထိပ်တင်ဆင့်တို့၏သမီး ဒေါ်တင် တင်မေနှင့် အိမ်ထောင်ပြုသည်။ သားငါးယောက် ထွန်း ကားသည်။ ဦးချမ်းသာကို နိုင်ငံတော်အစိုးရက ၁၉၅၁ ခုနှစ်တွင် "သရေစည်သူ" ဘွဲ့နှင့် ၁၉၅၈ ခုနှစ်တွင် "မဟာသရေစည်သူ" ဘွဲ့များ ချီးမြှင့်ခဲ့သည်။

မြန်မာပြည် ပန်းချီဆရာများအသင်း၊ စာရေးဆရာ အသင်း၊ ဘာသာပြန်စာပေအသင်းတို့တွင် ရာသက်ပန် အသင်းသားအဖြစ် ပါဝင်ခဲ့သည်။ ထို့ပြင် ကွယ်လွန် သည့်အချိန်အထိ မြန်မာစာအဖွဲ့တွင် အချိန်ပြည့်မြန်မာ စာအဖွဲ့ဝင်အဖြစ် ထမ်းဆောင်ခဲ့သည်။

ထို့ပြင် တိပိဋကနိကာယ ဥပဋ္ဌာကအဖွဲ့ ရန်ကုန် ဌာနခွဲ၏ ဂုဏ်တူးဆောင်နာယက၊ ကမ္ဘာအေး တောင် ပုလု သာသနာပြုအဖွဲ့နာယက၊ မင်းကွန်းဝိဟာရနာယက၊ ရှင်တစ်ထောင်၏ ဒါယကာ၊ ဘုရားဂူ ဧကျောင်းတို့၏ ဒါယကာအဖြစ်လည်း ဘာသာရေး၊ သာသနာရေးများ ကို စွမ်းစွမ်းတမံ ရွက်ဆောင်ခဲ့သည်။

ဦးချမ်းသာသည် အသက် ၈၄ နှစ်အရွယ် ၁၉၉၀ ပြည့် နှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

ဂျဒနာ အာဗာ (၁၉၂၂-၁၉၉၀)။ ။ခေတ်ဟောင်း ရုပ်ရှင်မင်းသမီးကြီး "အာဗာဂျဒနာ" (Ava Gardner) ကို ၁၉၂၂ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့တွင်အမေရိကန် ပြည်ထောင်စုမြောက်ကာရိုလိုင်းနားပြည်နယ် စမစ်ဖီးလ်ဒ်

မြို့တွင် မွေးဖွားခဲ့၏။ မိဘများမှာ 'ဂျိုနာ့စ်' နှင့် 'မေရီ အယ်လိဇာဘက်' တို့ဖြစ်ကြသည်။ 'ဂါဒနာ' မှာသားသမီး ခုနစ်ယောက်အနက် အထွေးဆုံး သမီးလေးဖြစ်၏။

၁၉၂၉ ခုနှစ်က "ဘရော့ဒင်" ကျောင်းမှ ပထမတန်း ကျောင်းသူကလေး 'ဂါဒနာ' သည် ထိုကျောင်းမှတင်ဆက်သော "နှင်းဆီအိပ်မက်" အမည်ရှိ အော်ပရာကပ္ပတွင် ပထမဆုံးအကြိမ် ပါဝင်သရုပ်ဆောင်ခဲ့ရသည်။

ဖခင် 'ဂျိုနာ့စ်' မှာ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သဖြင့် ငွေကြေးပြည့်စုံ ကုံလုံ၏။ ဆေးရွက်ကြီး စိုက်ခင်း ဝါဂွမ်းစိုက်ခင်းများရှိသည်။ သစ်စက်နှင့် စတိုးဆိုင် တစ်ဆိုင်လည်းဖွင့်လှစ်ထား၏။ ထို့ကြောင့် 'ဂါဒနာ'လေး၏ ငယ်စဉ်ကလေးဘဝမှာ မပူမပင်မကြောင့်မကြရှိခဲ့ရသည်။ အတ္တလန္တိတ်မြို့ ခရစ်ယန်ကောလိပ်တွင်လည်း တက်ရောက်ဆည်းပူးခဲ့သည်။

၁၉၄၁ ခုနှစ် ဩဂုတ်လ ၂၃ ရက်နေ့တွင် ဟောလိဝုဒ် ရုပ်ရှင်နယ်မြေသို့ 'ဂါဒနာ' စတင်ခြေချလာ၏။ "အမ်ဂျီအမ်" [illegible] 'ဂါဒနာ' အား ခုနစ်နှစ်စာချုပ် ချုပ်ဆိုထားသည်။ ကုမ္ပဏီအကြီးအကဲ "လွစ်စ်မေယာ" သည် အနုပညာလုပ်ငန်းနှင့်ပတ်သက်လျှင် အလွန်စေ့စပ်သေချာသူဖြစ်၏။ မျက်နှာသစ် မင်းသမီးလေး 'ဂါဒနာ' အား နည်းပြဆရာအမျိုးမျိုးတို့လက်တွင်အပ်နှံကာ လိုအပ်သော အခြေခံသရုပ်ဆောင်ပညာများကို လေ့ကျင့် သင်ကြားပေးစေ၏။ ဤအတွင်း ရုပ်ရှင်အတွေ့အကြုံရစေရန် အတွက် Calling Dr.Gillespie နှင့် Rid Glove Killer ဇာတ်ကားများတွင် 'ဂါဒနာ' အား ဇာတ်ပို ဇာတ်ရန်အဖြစ် မထင်မရှား ပါဝင်စေခဲ့သည်။

'အမ်ဂျီအမ်' ကုမ္ပဏီတွင် ရုပ်ရှင် အတူရိုက်ရင်း မင်းသား 'မစ်ကီရွန်းနီ' (၂၁ နှစ်) နှင့် 'ဂါဒနာ' (၁၉ နှစ်) တို့တွေ့ကြသည်။ နောက်ခြောက်လအကြာ ၁၉၄၂ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် သူတို့နှစ်ဦးလက်ထပ်လိုက်၏။ သို့သော် ငယ်ရွယ်သူနှစ်ဦး၏ အိမ်ထောင်သက်မှာ မကြာလိုက်ရပေ။ အိမ်ထောင်ပြုပြီး ၁၆ လအကြာတွင် သူတို့နှစ်ဦး လမ်းခွဲလိုက်ကြသည်။ 'ဂါဒနာ' အား ခေါင်းဆောင် မင်းသမီးအဖြစ် ပထမဆုံး ပါဝင်သော We Were Dancing ဇာတ်ကားမှာလည်း ၁၉၄၂ ခုနှစ်တွင်ပင် ရုံတင်ပြသသည်။

ဟောလိဝုဒ် တွင် အလှဘုရင်မ ဟူသော ဘွဲ့ဖြင့် 'အာဗာ ဂါဒနာ' ၏အမည်ထင်ရှားလာ၏။ သန်းကြွယ်သူဌေးကြီး "ဟောင်းဝပ်ဟယုချ်" နှင့် 'ဂါဒနာ' တို့ချစ်ကြိုက်နေသော်လည်း ၁၉၄၅ ခုနှစ် အောက်တိုဘာလထဲတွင် တီးဝိုင်းခေါင်းဆောင် "အာတီရွှာ" နှင့် လက်ထပ်လိုက်သည်။ ရွှာ (၃၅ နှစ်)သည် 'အာဗာ'



ရုပ်ရှင်မင်းသမီး အာဗာဂါဒနာ

နှင့် မတွေ့မီက အိမ်ထောင် လေးဆက်ကျခဲ့ပြီး ဖြစ်၍ အိမ်ထောင်ရေး အတွေ့အကြုံ နည်းပါးလှသေးသော 'အာဗာ' အပေါ်တွင် အစစအရာရာ လွှမ်းမိုးနိုင်ခဲ့သည်။ ယင်းသို့ သြဇာလွှမ်းမိုးမှုကြောင့်ပင် သူတို့ အိမ်ထောင်ရေးသည် ၁၉၄၆ ခုနှစ်မှာပင် ပြိုလဲကျသွားခဲ့၏။

မင်းသား ကလပ်ဂေဘယ် မင်းသမီး ဒီဘိုရာကားတို့နှင့် တွဲဖက် ပါဝင်ရသော The Hucksters တွင် ဂါဒနာသည် ပရိသတ်၏ အားပေးချစ်ခင်မှုကို တခဲနက် ရရှိလိုက်၏။ ၁၉၄၀ ပြည့်လွန်နှစ်များ နှောင်းပိုင်းတွင် 'ဖရင့်ဆင်နာတြာ' နှင့် တွေ့ဆုံမိကြသည်။ 'ဖရင့်' သည် သူ၏ ဇနီးနှင့် တရားဝင်ပြတ်စဲပြီးနောက် ၁၉၅၁ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် 'ဂါဒနာ' နှင့် လက်ထပ်လိုက်သည်။ သို့သော်သူတို့အိမ်ထောင်သက်မှာ နှစ် နှစ်သာ ကြာလိုက်ရ၏။ ထိုအချိန်မှစ၍ 'ဂါဒနာ' ၏ဘဝတွင် နောက်ထပ် အိမ်ထောင်သစ် မထူတော့ပေ။

မင်းသမီးကြီးသည် ၁၉၈၆ ခုနှစ်မှစ၍ လေသင်ဓုန်း ဖြတ်ထားခံရသောကြောင့် ကိုယ်အောက်ပိုင်းတစ်ခုလုံး မလှုပ်ရှားနိုင်တော့ပေ။ ရောဂါအမျိုးမျိုးဖိစီးလာသဖြင့် ဟောလိဝုဒ်မှ ဗီဘာလိဟီးလ်စ် နေအိမ်တွင် မနေတော့ဘဲ ဟောလိဝုဒ် အသိုင်းအဝိုင်းနှင့် ဝေးကွာစေရန်အတွက် အင်္ဂလန်နိုင်ငံသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ လန်ဒန်မြို့ဟိုက်ပတ် ပန်းခြံ၏တစ်ဖက်ရှိ အခန်းစုံတိုက်ခန်းတစ်ခန်းတွင်အိမ်ဖော်အမျိုးသမီးကြီး "ကားမင်း ဗာဂါးစ်"နှင့်အတူ နေထိုင်၏။ နှစ်ပေါင်းများစွာ မိမိကျင်လည်ခဲ့သော ဟောလိဝုဒ် ရုပ်ရှင်နယ်က ဇရာ ဖိစီးနေ

သော မင်းသမီးကြီးအား လျစ်လျူရှုထားသဖြင့် စိတ်နာကာ ယခုလိုအဝေးသို့စွန့်ခွာထွက်ပြေးလာခဲ့ခြင်းဖြစ်သည်။

၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ ၂၅ ရက်နေ့ နံနက်တွင် ထုံးစံအတိုင်း အိမ်ဖော် အမျိုးသမီးကြီးက 'ဂါဒနာ'၏ ခုတင်ပေါ်တွင် နံနက်စောစောကို ပြင်ဆင်ပေးထားခဲ့သည်။ နေမွန်းမတည့်မီအချိန်လောက်တွင် တစ်ခေါက်ပြန်ဝင်လာသည့်အခါ အသက်ဝိညာဉ် ကင်းပြတ်နေသော 'ဂါဒနာ' အား အိပ်ရာပေါ်၌စန့်စန့်ကြီးတွေ့လိုက်ရသည်။

မကွယ်လွန်မီက တစ်ခါတရံ အဆုတ်ထဲ ဝင်နေသော ရေများကို အပြင်မှ အတိုင်းသား ကြားရသည်ဆို၏။ တစ်ခါက 'အမ်ဂျီအမ်' ကုမ္ပဏီကြီး၏ လက်စုံ မင်းသမီးချော အလှဘုရင်မသည် ဟာလိဝုဒ် ရုပ်ရှင်နယ်မြေနှင့် ဝေးရာသို့ပုန်းရှောင်ရင်း နောက်ဆုံး အချိန်ပိုင်းကလေးကို မထင်မရှား နေသွားခဲ့ရ၏။ ကွယ်လွန်ချိန်တွင် သူ့အနီး၌ အိမ်ဖော် အမျိုးသမီးကြီး တစ်ယောက်သာ ရှိနေခဲ့ခြင်းမှာလည်း တရားသံဝေဂရဖွယ် ကောင်းလှသည်။

'ဂါဒနာ' ကွယ်လွန်ကြောင်း သိလျှင်သိချင်း သူမ၏ ခင်ပွန်းဟောင်း မင်းသားကြီး ဖရင့် ဆင်နာတြာက စင်းလုံးငှား လေယာဉ်တစ်စင်းလွှတ်၍ ရုပ်အလောင်းကို ယူဆောင်လာစေသည်။ ဇန်နဝါရီလ ၂၉ ရက်နေ့တွင် သူမ၏ ဇာတိ ချက်ကြွေဖြစ်သော မြောက် ကာရိုလိုင်းနားပြည်နယ် စမစ်ဖီးလ်ဒ်မြို့ သုဿာန်၌ မြုပ်နှံသင်္ဂြိုဟ်လိုက်ကြသည်။ ကျေးလက် ဒေသ၏မြို့ကလေး 'စမစ်ဖီးလ်ဒ်'မှ 'ဂါဒနာ' ထွက်ခွာသွားခဲ့ပြီး အနှစ် ၅၀ အကြာတွင်မှ ပြန်လည် ရောက်ရှိလာခြင်းဖြစ်သည်။ အသုဘချသောနေ့က မိုး သည်းသည်းမည်းမည်း ရွာနေ၏။ ၁၉၄၅ ခုနှစ်က The Bear Foot Contessa ဇာတ်ကားထဲမှသူမ၏ အသုဘ အခမ်းအနားအတိုင်း တသွေမတိမ်း တူညီနေခြင်းမှာ ထူးဆန်းသော တိုက်ဆိုင်မှုတစ်ခု ဖြစ်သည်။

တစ်ခါက ပရိသတ်များ ဝိုင်းဝိုင်းလည် နေခဲ့သော မင်းသမီးကြီး 'ဂါဒနာ'၏ နောက်ဆုံးခရီး အသုဘအခမ်းအနားတွင် ဆွေမျိုးမိတ်ဆွေအယောက် ၅၀ လောက်သာ တက်ရောက်လာကြသည်။ ဘုန်းတော်ကြီး 'ဖရန်းစစ်စီဘရက်ဒ်ရှော့'က သရဏဂုံတင်ပေး၏။ 'ဂါဒနာ'၏မိခင်ကြီး 'မေရီအယ်လီဇာဘက်' (မော်လီ)တစ်ခါက ဖွင့်လှစ်ထားခဲ့သော ဘော်ဒါဆောင်လေးကို 'အာဗာဂါဒနာ' ပြတိုက်အဖြစ်သို့ ပြောင်းလဲ ဖွင့်လှစ်ထား၏။ ၁၉၈၉ ခုနှစ်က စာရေးဆရာမ 'ဂျိန်းအယ်လင်ဝိန်း'က Ava's Men (အာဗာ၏ ချစ်သူများ)ဟူသော အမည်ဖြင့် အာဗာ ဂါဒနာ'၏အတ္ထုပ္ပတ္တိ စာအုပ်ကို ရေးသား ထုတ်ဝေခဲ့ဖူးသည်။ 'အာဗာဂါဒနာ'သည် ကွယ်လွန်ချိန်တွင် အသက် ၆၇ နှစ် အရွယ်ရှိ၏။

ဂါးဘိုး, ဂရီတာ (၁၉၀၅–၁၉၉၀)။ ။ခေတ်ဟောင်း မင်းသမီးကြီး "ဂရီတာဂါးဘိုး" အား ဆို့ဒင်နိုင်ငံ၊ စတော့ဟုမ်းမြို့တွင် ၁၉၀၅ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့က မွေးဖွားခဲ့၏။ မိဘနှစ်ပါးမှာ "ဆဗင်" နှင့် လုဗီဆာ ဂုစတက်ဖ်ဆင်တို့ဖြစ်ကြသည်။ စတော့ဟုမ်းမြို့တော်ဝင် ဇာတ်သဘင် အကယ်ဒမီသိပ္ပံတွင် သရုပ်ဆောင် အကပညာရပ်များ လေ့ကျင့်သင်ကြားခဲ့ရ၏။

တော်ဝင်ဇာတ်သဘင် အကယ်ဒမီတွင် တက်ရောက်ရင်း ကုန်ပစ္စည်းကြော်ငြာ ရုပ်ရှင်များတွင် ကိုယ်ဟန်ပြမယ်အဖြစ် ပါဝင်သည်။

၁၉၂၅ ခုနှစ်မှစ၍ အမေရိကန်နိုင်ငံသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရာ ၁၉၂၁ ခုနှစ် ရောက်သော် အမေရိကန်နိုင်ငံသားအဖြစ် ခံယူလိုက်၏။

ဂါးဘိုးသည် ၁၉၂၄ ခုနှစ်တွင် ဂုဏ်ထူးဆောင်အကယ်ဒမီဆု ချီးမြှင့်ခံရသည်။ အသက် ၃၆ နှစ်အရွယ် အရွယ်ကောင်းမှာပင် ရုပ်ရှင်ရိုက်ကူးခြင်းကို ရပ်တန့်ထားခဲ့သည်။ သို့သော် ပရိသတ်ရှေ့မှောက်မှ ဤသို့နှစ်ပေါင်း ၅၀ ခန့် ပျောက်ကွယ်နေခဲ့သော်လည်း ဂါးဘိုးသည် ခေတ်ဟောင်း ရုပ်ရှင် ပညာသည် ကြီးများအနက် အကျော်ကြားဆုံးဖြစ်ခဲ့၏။ သူမ၏ ရုပ်ရှင်မင်းသမီးသက်တမ်းတစ်လျှောက်တွင် အော်စကာ (ထူးချွန်ဆု) တစ်ကြိမ်တစ်ခါမျှ ဆွတ်ခူးနိုင်ခဲ့ခြင်း မရှိသော်လည်း ဟာလိဝုဒ်အသိုင်းအဝန်းတွင် နေရာထားလေးစားခြင်း ခံခဲ့ရ၏။

မင်းသမီးကြီးသည် ပညာရည်ပြည့်ဝသော အဆင့်အတန်းမြင့်မြင့် ဒါရိုက်တာအနည်းငယ်မျှနှင့်သာ ရုပ်ရှင်ရိုက်ကူးလေ့ရှိသဖြင့် သူမပါဝင်သရုပ်ဆောင်သော ဇာတ်ကားအရေအတွက်မှာလည်း အနည်းအငယ်မျှသာ ရှိခဲ့ရသည်။ ဂါးဘိုး ပါဝင်ခဲ့သော ဇာတ်ကားများမှာ အသံတိတ် ၁၄ ကား၊ အသံထွက် ၁၄ ကားမျှသာ ရှိ၏။ ဂါးဘိုး၏ သရုပ်ဆောင်ဟန်မှာ အိပ်မွေ့ချစိတ်ညှို ပညာရှင်တစ်ဦးက စူးစိုက်ကြည့်နေသကဲ့သို့ ပရိသတ်ရင်တွင် ခံစားကြရသည်။ ဟာလိဝုဒ် ရုပ်ရှင်သမိုင်းတွင် ထူးခြားသော အလှတစ်ပါးအဖြစ် အသိအမှတ်ပြုခံခဲ့ရသော ဂါးဘိုးသည် ပရိသတ်အား သူမ၏ ချောက်ချားဖွယ် အလှဖြင့် ဖမ်းစားထားနိုင်ခဲ့၏။ ဂါးဘိုး၏ အလှကို ကြည့်လိုက်ရသော ပုရိသ ယောကျ်ားသားတစ်ဦးအဖို့ အရက်မူးသမားကဲ့သို့ မူးယစ်ဝေသောရသကို ခံစားရသည်ဆို၏။

ဂါးဘိုး၏ အမည်အရင်းမှာ "ဂရီတာ ဂုစတက်ဖ်ဆင်" ဖြစ်သည်။ ဆင်းရဲသောမိဘများမှ မွေးဖွားလာသော်လည်း သူမ၏ဥပဓိရုပ်သွင်က အထက်တန်းစား မြို့စား



ဂရီတာ ဂါးဘိုး

ရွာစား ယောက်ျား အနှယ်တော် တစ်ပါး၏ တည်ငြိမ်အေးဆေးသောအလှကို အထင်အရှား ဖော်ပြနေ၏။ အစ ပထမပိုင်းတွင် ကိုယ်ဟန်ပြမယ်ကလေးအဖြစ် ကုန်ပစ္စည်းကြော်ငြာသော ရုပ်ရှင်ဇာတ်ကားများတွင် ခိုးခိုးခစ်ခစ် ရယ်မောဟန်က လေး များ ဖြင့် ပါ ဝင် သ ရုပ် ဆောင် ခဲ့ရသည်။

ဆွီဒင် ဒါရိုက်တာကြီး မောရင်စတီလာက အရိုင်းသက်သက် ကိုယ်ဟန်ပြမယ်ကလေး၏ အနုပညာအရည်အသွေးများကို ဖော်ထုတ်ပေးနိုင်လျှင် အနာဂတ်ရုပ်ရှင်လောက၏ မင်းသမီးကောင်းတစ်လက်အဖြစ်ထွန်းတောက်လာနိုင်မည့် အလားအလာကို တွေ့မြင်သွားသည်။ ဤသို့ဖြင့် မောရင်စတီလာသည် ဆယ်ကျော်သက် ကိုယ်ဟန်ပြမယ်ကလေး၏အမည်ကို ဂရီတာ ဂုစတက်ဖ်ဆင်မှ ဂရီတာ ဂါးဘိုးဟု ပြောင်းလဲပေးလိုက်ပြီး ၁၉၂၄ ခုနှစ်တွင် **The Story Of Gosta Berling** ဇာတ်ကားဌ ခေါင်းဆောင် မင်းသမီးတင်၍ ရိုက်ကူးခဲ့သည်။ ယင်းဇာတ်ကားမှာ ဂါးဘိုး၏ ပဲ့ဦးထွက်ပထမဆုံး ရုပ်ရှင်ဇာတ်ကားဖြစ်သည်။

၁၉၄၁ ခုနှစ်တွင် ပြသသော **Two Faced Woman** ဇာတ်ကား ထဲ ဌ် ဇာတ် ဝင် ခန်း တစ် ခန်းဝှင် ဂါးဘိုးသည် ကြက်မြီးပါတီပဲ့မှ ထွက်သွားရင်း "ကျွန်မ ပြန်လာခွင့်ရလိမ့်မယ်လို့ မျှော်လင့်ပါတယ်ဟု" မိတ်ဆွေများကိုလှမ်းနှုတ်ဆက်သွားသည်။ တကယ်လည်း မင်းသမီးကြီး ဂါးဘိုးအဖို့ ထိုဇာတ်ကားသည် သူမနောက်ဆုံးပါဝင်သောဇာတ်ကား ဖြစ်နေ၏။


၁၉၃၂ ခုနှစ် **Grand Hotel** ဇာတ်ကားတွင် ဂါးဘိုးက တစ်နေရာ၌ "ကျွန်မတော့်တစ်ယောက်ထဲပဲ နေချင်တယ်" ဟု အမှတ်မထင်ပြောလိုက်သော စကားတစ်ခွန်းပါရှိသည်။ ထိုစကားအတိုင်းပင် "ဂါးဘိုး" သည် ရုပ်ရှင်မရိုက်တော့သည့် နောက်ပိုင်း၌ တစ်ယောက်ထီးတည်း နေထိုင်သွားခဲ့၏။ ရုပ်ရှင်နယ်တွင်ရှိစဉ်က အမ်ဂျီအမ် (မေထရိုဂိုလ်ဒွင်မေယာ) ကုမ္ပဏီနှင့်သာ တစ်လျှောက်လုံး ရုပ်ရှင်ရိုက်ကူးပေးခဲ့သဖြင့် ကုမ္ပဏီနှင့် ဂါးဘိုးသည် နှစ်ကိုယ်တစ်စိတ်လိုဖြစ်နေကြသည်။ ဂရီတာ ဂါးဘိုးသည် ၁၉၉၀ ပြည့်နှစ် ဧပြီ လ တွင် ကွယ် လွန် သွား သည်။ ကွယ်လွန်ချိန်တွင် အသက် (၎၎) နှစ်အရွယ်ရှိ၏။

ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များ

(၁၉၉၀) ။ ။ မြန်မာနိုင်ငံတွင် သာ သ နာ ဖတ်သန့်ရှင်း တည်တံ့ ပြန့်ပွားရေးအတွက် စွမ်းစွမ်း ဘ မံ ဆောင်ရွက်တော် မူခဲ့ကြသော သံဃာတော် အရှင်မြတ်များ၊ နိုင်ငံတော်၏ လွတ်လပ်ရေးတည်တံ့ ခိုင်မြဲရန်နှင့် ပြည်သူလူထု၏ အသက် အိုးအိမ် စည်းစိမ် လုံခြုံမှုရရန် ရန်ဟူသမျှကို ရှုပ်ရှုပ်ခိုပ်ခိုပ် စွန့်စွန့်စားစား ချေမှုန်းတိုက်ခိုက်ခဲ့ကြသည့် တပ်မတော်သားများ၊ ပြည်သူရဲတပ်ဖွဲဝင်များ၊ နိုင်ငံတော်တည်ဆောက်ရေး၊ စီးပွား ရေး ဖွံ့ ဖြိုး တိုးတက်မှုနှင့် လူမှုရေး ကိစ္စရပ်များတွင် ထူး ကဲ စွာ ဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များကို နိုင် ငံ တော် က ဘွဲ့တံဆိပ်တော်များ၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူး ဆောင်တံဆိပ်များ ဆက်ကပ် လှူ ဒါန်းခြင်း၊ ချီး မြှင့် အပ်နှင်းခြင်း ပြုသည်။

ယင်းသို့ ဆက်ကပ်လှူ ဒါန်းခြင်း ချီးမြှင့်အပ်နှင်းခြင်း ပြုသည်နှင့်အညီ ၁၉၉၀ ပြည့်နှစ် အဘိဓမ္မာရဋ္ဌဂုရုဘွဲ့ တံ ဆိပ် တော် နှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ တံ ဆိပ် တော် ဆက်ကပ်လှူ ဒါန်းခြင်း ခံရသော ဆရာတော်ကြီးများ၏ ဘွဲ့အမည်များနှင့် ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်များ အပ်နှင်းခြင်း ခံရသည့် ပုဂ္ဂိုလ်များ၏ အမည် စာရင်း များကို ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ထုတ်ပြန်ကြေညာသည်။


အမိန့် ကြော်ငြာစာအမှတ် ၁/၉၀ အရ အဘိဓမ္မာရဋ္ဌဂုရု နှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် အဘိဓမ္မာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး နှစ်ပါးနှင့် အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ် လှူ ဒါန်း ခြင်း ခံ ရ သော ဆရာတော်ကြီး ၃၄ ပါး ပါဝင်သည်။ (ဘွဲ့တံဆိပ် တော်ရ ဆရာတော်အရှင်မြတ်များ ၁၉၉၀—ရှု။)



ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယ
ဗိုလ်ချုပ်ကြီး ဘုန်းမြင့်က ဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်းစဉ်

အမိန့်ကြော်ငြာစာအမှတ် ၂/၉၀ အရ ဂုဏ်ထူးဆောင် ဘွဲ့မျှားနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်းခြင်းခံရသူ များတွင် သူရဘွဲ့အပ်နှင်းခြင်းခံရသူ ကိုးဦး၊ သူရဲကောင်း မှတ်တမ်းဝင်တံဆိပ် အပ်နှင်းခြင်းခံရသူ ၃၂ ဦး၊ စက်မှု စီးပွား ထူးချွန်တံဆိပ် (ပထမဆင့်) အပ်နှင်းခြင်းခံရသူ တစ်ဦး၊ စက်မှုစီးပွား ထူးချွန်တံဆိပ် (တတိယဆင့်) အပ်နှင်းခြင်းခံရသူတစ်ဦး၊ လူမှုထူးချွန်တံဆိပ်(ပထမဆင့်) အပ်နှင်းခြင်းခံရသူ တစ်ဦး၊ လူမှုထူးချွန်တံဆိပ် (ဒုတိယ ဆင့်) အပ်နှင်းခြင်းခံရသူ ၁၁ ဦး၊ လူမှုထူးချွန်တံဆိပ် (တတိယဆင့်) အပ်နှင်းခြင်းခံရသူ ၂၈ ဦး၊ ရဲသူရတံဆိပ် အပ်နှင်းခြင်းခံရသူ တစ်ဦး၊ ရဲဗလတံဆိပ် အပ်နှင်း

ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား



သူရဘွဲ့

၁။	အမှတ် ၁၈၂၀၂၅	ဒုတိယအရာခံဗိုလ်သက်ဦး	အမှတ် (၁၁၉) ခြေမြန်တပ်ရင်း
၂။	အမှတ် ၅၃၁၅၈၁	တပ်ကြပ်မောင်မြင့်	အမှတ် (၁၁၉) ခြေမြန်တပ်ရင်း
၃။	အမှတ် ၅၃၁၇၇၁	တပ်ကြပ်စိုးသန်း	အမှတ် (၁၁၉) ခြေမြန်တပ်ရင်း
၄။	အမှတ် ၅၆၀၃၂၉	ဒုတိယတပ်ကြပ်စံချွေ	အမှတ် (၁၁၉) ခြေမြန်တပ်ရင်း
၅။	အမှတ် ၅၉၉၀၁၃	တပ်သား၌ထန်း	အမှတ် (၁၁၂) ခြေမြန်တပ်ရင်း
၆။	အမှတ် ၆၀၃၇၀၉	တပ်သားလှမြင့်	အမှတ် (၁၁၉) ခြေမြန်တပ်ရင်း
၇။	အမှတ် ၆၁၇၉၃၅	တပ်သားချစ်ဌေးဦး	အမှတ် (၄) ခြေလျင်တပ်ရင်း
၈။	အမှတ် ၆၅၈၇၇၈	တပ်သားသန်းလွင်	အမှတ် (၂၁၀) ခြေမြန်တပ်ရင်း
၉။	အမှတ် ၇၀၅၈၀၉	တပ်သားဘိုကြည်	အမှတ် (၁၁၉) ခြေမြန်တပ်ရင်း

ခြင်းခံရသူ နှစ်ဦး၊ ရဲကျော်စွာတံဆိပ် အပ်နှင်းခြင်းခံရသူ နှစ်ဦးတို့ ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၃/၉၀ အရ စစ်မှုထမ်း ကောင်းတံဆိပ် အပ်နှင်းခြင်း ခံရသူများမှာ အငြိမ်းစား စစ်မှုထမ်း ၂၇၉ ဦး၊ တာဝန်ထမ်းဆဲစစ်မှုထမ်း ၇,၀၉၇ ဦး၊ စုစုပေါင်း ၇၁,၃၇၆ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၄/၉၀ အရ ပြည်သူ့ဝန်ထမ်း ကောင်းတံဆိပ် အပ်နှင်းခြင်းခံရသူများမှာ အငြိမ်းစား ဝန်ထမ်း ၅၄၃ ဦး၊ တာဝန်ထမ်းဆဲ ဝန်ထမ်း ၄,၂၇၅ ဦး၊ စုစုပေါင်း ၄,၈၂၈ ဦး ပါဝင်သည်။

အမိန့် ကြော်ငြာစာအမှတ် ၅/၉၀ အရ ပြည်သူ ဝန်ထမ်းတံဆိပ် အပ်နှင်းခြင်းခံရသူများမှာ၊ အငြိမ်းစား ဝန်ထမ်း ၇၄၂ ဦး၊ တာဝန်ထမ်းဆဲ ဝန်ထမ်း ၁၄,၈၅၂ ဦး၊ စုစုပေါင်း ၁၅,၅၉၄ ဦးပါဝင်သည်။

ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေ စိုးမိုးရေး တံဆိပ် အပ်နှင်းခြင်းခံရသူများမှာ အငြိမ်းစားဝန်ထမ်း ၇၆၂ ဦး၊ တာဝန်ထမ်းဆဲဝန်ထမ်း ၂၆,၁၅၄ ဦး၊ စုစုပေါင်း ၂၆,၉၁၆ ဦး ပါဝင်သည်။

ယင်းသို့ အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များ အနက် သူရဘွဲ့၊ သူရဲကောင်း မှတ်တမ်းဝင်တံဆိပ်၊ စက်မှု စီးပွားထူးချွန်တံဆိပ် (ပထမနှင့်တတိယ)၊ လူမှုထူးချွန် တံဆိပ် (ပထမ၊ ဒုတိယနှင့် တတိယ)၊ ရဲသူရတံဆိပ်၊ ရဲဗလတံဆိပ် ရဲကျော်စွာ တံဆိပ် အပ်နှင်းခြင်းခံရသူများ အား အောက်ပါအတိုင်း ဖော်ပြပါသည်။

သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်

၁။	ကြည်း ၁၇၂၉၇	ဗိုလ်ကြီးခင်ဟောင်အေး	အမှတ် (၁၁၈)	ခြေမြန်တပ်ရင်း
၂။	ကြည်း ၁၈၇၀၅	ဗိုလ်ကြီးနိုင်အောင်စိန်	အမှတ် (၆၄)	ခြေလျင်တပ်ရင်း
၃။	ကြည်း ၁၉၀၅၈	ဗိုလ်ကြီးသိန်းအေးညွန့်	အမှတ် (၁၁၈)	ခြေမြန်တပ်ရင်း
၄။	ကြည်း ၂၀၄၀၂	ဗိုလ်ကြီးရန်လင်းအောင်	အမှတ် (၁၁၈)	ခြေမြန်တပ်ရင်း
၅။	ကြည်း ၂၀၄၃၁	ဗိုလ်မြင့်ရှေ	အမှတ် (၁၁၈)	ခြေမြန်တပ်ရင်း
၆။	ကြည်း ၂၀၅၁၇	ဗိုလ်ဝင်းမြင့်	အမှတ် (၁၁၉)	ခြေမြန်တပ်ရင်း
၇။	ကြည်း ၂၁၁၄၆	ဒုတိယဗိုလ်မင်းမင်းဆွေ	အမှတ် (၁၁၉)	ခြေမြန်တပ်ရင်း
၈။	အမှတ် ၂၄၇၅၀၂	တပ်ကြပ်ကြီးနော်မန်း	အမှတ် (၁၁၈)	ခြေမြန်တပ်ရင်း
၉။	အမှတ် ၃၅၆၀၂၇	တပ်ကြပ်ကြီးမြဟန်	အမှတ် (၁၁၈)	ခြေမြန်တပ်ရင်း
၁၀။	အမှတ် ၃၇၄၆၆၃	တပ်ကြပ်ကြီးကျော်ဆင့်	အမှတ် (၆၄)	ခြေလျင်တပ်ရင်း
၁၁။	အမှတ် ၄၆၁၆၃၀	တပ်ကြပ်ကြီးသောင်းစန်	အမှတ် (၁၁၈)	ခြေမြန်တပ်ရင်း
၁၂။	အမှတ် ၃၇၂၇၃၉	တပ်ကြပ်ဘကြည်	အမှတ် (၁၁၉)	ခြေမြန်တပ်ရင်း
၁၃။	အမှတ် ၄၃၂၂၈၄	တပ်ကြပ်တာတာ	အမှတ် (၁၁၈)	ခြေမြန်တပ်ရင်း
၁၄။	အမှတ် ၄၄၈၀၄၄	တပ်ကြပ်သိန်းဖြူ	အမှတ် (၁၁၈)	ခြေမြန်တပ်ရင်း
၁၅။	အမှတ် ၄၅၃၄၇၇	တပ်ကြပ်ဝင်းမြင့်	အမှတ် (၁၁၆)	ခြေမြန်တပ်ရင်း
၁၆။	အမှတ် ၄၈၇၅၉၉	တပ်ကြပ်ဝင်းစော	အမှတ် (၁၁၈)	ခြေမြန်တပ်ရင်း
၁၇။	အမှတ် ၄၃၅၁၁၄	ဒုတိယတပ်ကြပ်သန်းချို	အမှတ် (၉၁၂)	စစ်မြေပြင်တပ်ခွဲ (အင်ဂျင်နီယာ)
၁၈။	အမှတ် ၄၇၃၃၉၅	ဒုတိယတပ်ကြပ်လှရွှေမောင်	အမှတ် (၁၁၈)	ခြေမြန်တပ်ရင်း
၁၉။	အမှတ် ၅၂၉၁၁၁	ဒုတိယတပ်ကြပ်တင်အေး	အမှတ် (၁၁၉)	ခြေမြန်တပ်ရင်း
၂၀။	အမှတ် ၅၆၁၅၆၆	တပ်သားမြင့်စိုး	အမှတ် (၉၀၅)	စစ်မြေပြင်တပ်ခွဲ (အင်ဂျင်နီယာ)
၂၁။	အမှတ် ၆၀၂၄၃၇	တပ်သားအောင်ဝင်း	အမှတ် (၁၁၈)	ခြေမြန်တပ်ရင်း
၂၂။	အမှတ် ၆၀၂၄၅၉	တပ်သားခင်မောင်ဇင်	အမှတ် (၁၁၈)	ခြေမြန်တပ်ရင်း
၂၃။	အမှတ် ၆၀၄၈၁၁	တပ်သားဇာဟုတ်	အမှတ် (၁၁၉)	ခြေမြန်တပ်ရင်း
၂၄။	အမှတ် ၆၀၄၉၄၉	တပ်သားရန်ဘို	အမှတ် (၁၁၉)	ခြေမြန်တပ်ရင်း
၂၅။	အမှတ် ၆၀၈၀၇၇	တပ်သားဝင်းရွှေ	အမှတ် (၁၁၉)	ခြေမြန်တပ်ရင်း
၂၆။	အမှတ် ၆၃၆၂၄၉	တပ်သားအေးသန်း	အမှတ် (၆၄)	ခြေလျင်တပ်ရင်း

၂၇။ အမှတ် ၆၄၀၉၃၂	တပ်သားဦးထွန်းသိန်း	အမှတ် (၉၁၂)	စစ်မြေပြင်တပ်ခွဲ	(အင်ဂျင်နီယာ)
၂၈။ အမှတ် ၆၅၃၀၃၄	တပ်သားတင်စိုး	အမှတ် (၉၁၃)	စစ်မြေပြင်တပ်ခွဲ	(အင်ဂျင်နီယာ)
၂၉။ အမှတ် ၆၇၃၅၆၆	တပ်သားသောင်းတင်	အမှတ် (၉၁၃)	စစ်မြေပြင်တပ်ခွဲ	(အင်ဂျင်နီယာ)
၃၀။ အမှတ် ၇၀၅၀၆၇	တပ်သားမျိုးအောင်	အမှတ် (၁၁၉)	ခြေမြန်တပ်ရင်း	
၃၁။ အမှတ် ၇၀၅၀၇၀	တပ်သားစိုးစံအောင်	အမှတ် (၁၁၉)	ခြေမြန်တပ်ရင်း	
၃၂။ မောင်ချစ်ဝင်း၊	အရပ်သားလမ်းပြ၊ မြဝတီမြို့နယ်၊ သဃ်ိန်းညီနောင်ကျေးရွာ	အမှတ် (၁၁၉)	ခြေမြန်တပ်ရင်း	

စက်မှုစီးပွားထူးချွန်တံဆိပ် (ပထမဆင့်)

၁။ ဦးခင်မောင်သွင်ဦး၊ ဒုတိယဦးစီး စက်မှုအင်ဂျင်နီယာ (သုတေသန)မြန်မာ့မီးရထား၊ ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာန။

စက်မှုစီးပွားထူးချွန်တံဆိပ်(တတိယဆင့်)

၁။ ဦးသာဒွေး၊ ပုတ်ပြတ်စက်ပြင်ဆရာ၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း သတ္တုတွင်း ဝန်ကြီးဌာန။

လူမှုထူးချွန်တံဆိပ်(ပထမဆင့်)

၁။ ဦးတင်လှ၊ လျှပ်စစ်ပြင် (ပထမတန်း)၊ အမှတ်(၉၅၄)ဆောက်လုပ်ရေးတပ်ဖွဲ့ (အင်ဂျင်နီယာ)။

လူမှုထူးချွန်တံဆိပ်(ဒုတိယဆင့်)

၁။ ဦးတင်အောင်လေး၊ ဒု–ဓာတ်ခွဲခန်းမှူး၊ အီလက်ထရွန်နစ် အင်ဂျင်နီယာဌာန၊ ရန်ကုန်စက်မှုတက္ကသိုလ်။
၂။ ဦးစိုးဝင်း၊ အထက်တန်းပြဆရာ၊ အထက(၃)၊ တောင်ညွှန်လာပမြို့နယ်။
၃။ ဦးမောင်လှ၊ ဆံသ၊ သိရိမာလာအရွှေ၊ ရေကြည်ရပ်၊ မန္တလေးအနောက်တောင်မြို့နယ်။
၄။ အရှင်နန္ဒမာလာ၊ ၁၂/ဗတန(သ)/ခ–၁၀၀၄၅၈၊ ဇေတဝန်ကျောင်းတိုက် ကြားတောရရပ်ကွက်၊ ဗဟန်းမြို့နယ်။
၅။ ဦးကျော်သန်း၊ မီးသတ်တပ်ကြပ်၊ မီးသတ်ဦးစီးဌာန၊ ရွှေဘိုမြို့။
၆။ ဦးအေးသွယ်၊ ၂၃–ကန်ရိပ်သာလမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွှန့်မြို့နယ်။
၇။ ဦးကျော်သိန်း၊ ပညာသည် (ထုတ်လုပ်ရေး) အတန်း(၂)၊ အချောကိုင်ဌာန၊ ချည်မျှင်နှင့် အထည်စက်ရုံ၊ သမိုင်း။
၈။ ဦးသောင်း၊ ပညာသည် (ထုတ်လုပ်ရေး) အတန်း (၃)၊ ချည်မျှင်နှင့် အထည် အချောကိုင်စက်ရုံ၊ ပလိပ်။
၉။ ဦးစိန်ဒေါင်း၊ ပညာသည် (ထုတ်လုပ်ရေး) အတန်း (၄/၃)၂ စက်ချည်မျှင်၊ ချည်မျှင်နှင့် အထည်စက်ရုံ၊ သမိုင်း။
၁၀။ ဦးတင်မြင့်၊ ဌာနခွဲစာရေး (ဘဏ္ဍာရေး)၊ ပင်မရေနံ သိုလှောင်ဖြန့်ဖြူးရေးဌာန (ခ) အဆင့်၊ မန္တလေးမြို့။
၁၁။ ဦးအေး၊ ဆေးထည့်ဝန်ထမ်း (အငြိမ်းစား)၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး။

လူမှုထူးချွန်တံဆိပ်(တတိယဆင့်)

၁။ ဦးအောင်သန်း၊ ၁၃/၆ ပါတီလိုင်း၊(၇)ရပ်ကွက်၊ ရန်ကင်းမြို့နယ်။
၂။ ဦးသိန်းဇော်၊ ဌာနခွဲစာရေးကြီး (ငွေစာရင်း)၊ ငွေစာရင်းဌာန၊ ရန်ကုန်တက္ကသိုလ်။
၃။ ဦးတင်နွယ်၊ ပညာသည် (ထုတ်လုပ်ရေး) အကန်း(၃)၊ စောင်စက်ရုံအမှတ်(၂)၊ စဉ့်ငူ။
၄။ ဦးသန်းဦး၊ အထက်တန်းစာရေး၊ ဘိလပ်မြေစက်ရုံအမှတ် (၁)၊ သရက်။

၅။ ဦးတင်လှ၊ ပညာသည် (ထုတ်လုပ်ရေး) အတန်း (၃)၊ ချည်မျှင်နှင့် အချောကိုင်စက်ရုံ ပလိပ်။
၆။ ဦးဘိုဖြူ၊ မီးသတ်တပ်သား၊ မီးသတ်ဦးစီးဌာန ရှမည်းသင်းမြို့နယ်။
၇။ ဦးစိုးအောင်၊ မီးသတ်တပ်စုမှူး၊ မီးသတ်တပ်ဖွဲ့စခန်း၊ သဃ်ိန်းကျွန်းမြို့နယ်။
၈။ ဦးကျော်ဌေးသိန်း၊ စာရေးဝန်ထမ်း အဆင့်(၃)၊ လက်ထောက် တိုင်းမန်နေဂျာရုံး၊ မြန်မာ့ လယ်ယာထွက် ကုန်ပစ္စည်း ရောင်းဝယ်ရေး၊ ဖျာပုံမြို့။
၉။ ဦးအောင်မြင့်၊ လက်ထောက် စက်ရုံမှူး၊ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ၊ အင်းစိန်မြို့နယ်။
၁၀။ ဦးကျော်ဝေ၊ ကုန်ချိန်စာရေး၊ ဝါးခယ်မမြို့နယ်၊ သမဝါယမအသင်း ဝါးခယ်မမြို့။
၁၁။ ဦးကျော်အေး၊ ပညာသည် (တပ်ဆင်ရေး) အတန်း (၁) စီမံရေးရာဌာန၊ အင်ဂျင်နီယာ ဌာနစိတ် ဆပ်ပြာ စက်ရုံ အမှတ် (၂)လိုင်မြို့နယ်။
၁၂။ ဒေါ်အေးအေးလူ၊ အလုပ်ရုံစိတ်မှူး၊ ဘဏ္ဍာရေးဌာန၊ ချည်မျှင်နှင့် အထည်စက်ရုံ သမိုင်း။
၁၃။ ဦးသိန်းဆိုင်၊ လိုင်း(၁) အခန်း(၅) အနောက်ပိုင်းဓားရုံဝင်း၊ ကြည့်မြင်တိုင်မြို့နယ်။
၁၄။ ဦးသောင်းမြင့်၊ ပညာသည်(ထုတ်လုပ်ရေး)အတန်း (၄)၊ အမှတ် (၃) စက်ရက်ကန်း၊ ချည်မျှင်နှင့် အထည် စက်ရုံ သမိုင်း။
၁၅။ ဦးရပ်ကိုးဗယာဒူး၊ ပညာသည် (တပ်ဆင်ရေး) အတန်း(၂) ချည်မျှင်နှင့် အမျှောကိုင်စက်ရုံ၊ ပလိပ်။
၁၆။ ဦးနှင်းလှ လက်ထောက်ခတ်ခွဲခန်းမှူး ဗာတာအင်ဂျင်နီယာဌာန ရန်ကုန်စက်မှုတက္ကသိုလ်။
၁၇။ ဦးကျော်ဝင်း၊ စာရေးအဆင့်(၂)၊ စီမံကိန်းနှင့် လုပ်ငန်းစစ်ဆေးရေး ဦးစီးဌာန။
၁၈။ ဦးစိန်မြ၊ စာရေးအဆင့် (၄)၊ ကုန်ဝယ်ကုန်ရောင်းဌာန၊ ကုန်သွယ်ရေးဦးစီးဌာန။
၁၉။ ဦးသောင်းထွန်း၊ ပညာသည် (ထုတ်လုပ်ရေး) အတန်း(၄)၊ ကုန်ထုတ်လုပ်မှုဌာနစု၊ ဝပ်ပြာစက်ရုံ အမှတ် (၂)၊ လိုင်မြို့နယ်။
၂၀။ ဦးမြဟန်၊ ပညာသည်(ထုတ်လုပ်ရေး) အတန်း(၁)ကုန်ထုတ်ဌာန၊ စက်မှုသုံးဆီစက်ရုံ။
၂၁။ ဦးမောင်မောင်လတ်၊ လက်မှတ်ရောင်း/သိမ်း၊ တပင်ရွှေထီးရပ်ရွာရုံ၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။
၂၂။ ဦးကျော်ထင် (ခ) ဦးခင်ဝင်း၊ အလယ်တန်းပြဆရာ၊ အထက (၁)၊ ပုဇွန်တောင်။
၂၃။ ဒေါ်မြင့်မြင့်အေး၊ အလယ်တန်းပြဆရာမ၊ အထက သုဝဏ္ဏမြို့။
၂၄။ ဦးဘဇော်၊ ဒုတိယညွှန်ကြားရေးမှူး၊ ဌာန (၁)၊ ရွှေနေချုပ်ရုံး။
၂၅။ ဦးလှရွှေ၊ ပြည်တွင်းကုန်တင်ကုန်ချလုပ်သား၊ လမ်းမတော် (ငါးဌာနခွဲ)၊ ဗဟို ပြည်တွင်းကုန်တင်ကုန်ချ ကော်မတီ။
၂၆။ ဦးခင်မောင်၊ အမှတ်(၁၇) ကျောက်တံတားလမ်း၊ မကျည်းတန်းမြောက်(အနောက်)ရပ်ကွက်၊ ကြည့်မြင်တိုင် မြို့နယ်။
၂၇။ ဦးလှဝေ၊ ရုံးအုပ်၊ စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန၊ မေ့မြို့ရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန။
၂၈။ ဦးတင်မောင်၊ အမှတ် ၅၀(စီ)၊ နှတ်မောက်လမ်းသွယ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း

ရုံသူရဇတ်ဆိပ်

၁။ ဦးခင်စိုး၊ လေယာဉ်မှူးချုပ် (ပံ့သန်းရေး) မြန်မာ့လေကြောင်း။

ရဲဇလတ်ဆိပ်

၁။ လ ၁၁၀၄၀၃ ဒု–ရဲအုပ် (စခန်းမှူး) ဦးညီညီလင်း ပြည်သူ့ရဲတပ်ဖွဲ့ဌာနချုပ်။
၂။ ဦးဌေးမြင့်၊ လေယာဉ်မှူး၊ မြန်မာ့လေကြောင်း။

ရဲကျော်စွာဇတ်ဆိပ်

၁။ ဦးအောင်ခင်၊ အထက်တန်းလေယာဉ်မောင်၊ မြန်မာ့လေကြောင်း။
၂။ ဦးဌေးမြင့်၊ အထက်တန်းလေယာဉ်မောင်၊ မြန်မာ့လေကြောင်း။

ဂျပန်နိုင်ငံ။ ။ဂျပန် ကေရာင် ဟီရိုဟီတို ၁၉၇၉ ခုနှစ် ဇန်နဝါရီလ ၇ ရက်နေ့တွင် ကွယ်လွန်သောအခါ သားတော် အာကီဟီတို ခမည်းတော်၏ ထီးနန်းကို ဆက်ခံသည်။ နတ်ရွာစံ ဂျပန်ကေရာင်သည် စည်းမျဉ်း ဥပဒေအရ အခွန်ဆောင်ထိုက်သော နန်းမွေပစ္စည်း ယန်းငွေသန်း ၁,၈၀၀ ကို ထားရှိခဲ့သည်။ ယင်းပစ္စည်းများကို သား အာကီဟီတိုနှင့် ဟီရိုဟီတို၏ မိဖုရားကြီး (အာကီဟီတို၏မယ်တော်) နာဂါကိုတို့အား အညီအမျှ ခွဲဝေပေးသည်။

ဟီရိုဟီတို စုဆောင်းသိမ်းဆည်းထားခဲ့သော ပန်းချီ ပန်းပုအနုပညာလက်ရာပစ္စည်းပေါင်း ၃၀၀၀ အနက် အများစုကို နိုင်ငံတော်သို့ ပေးလှူခဲ့သည်။ အရိုးတုန်သည်ဆိုသော မြန်မာစကားပုံအလား ဂျပန်၏စစ်ပြုခဲ့မှုများအတွက် ဟီရိုဟီတိုဘုရင်ကြီးအား ဝေဖန်ခဲ့သူများ ပေါ်ထွက်ခဲ့သည်။ ဘုရင်ကေရာင်ကလည်း နောင်တရခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် တိုကျိုမြို့သို့ဆောက်ရွက်လာသော ထိုစဉ်က တောင်ကိုရီးယားသမ္မတဖြစ်သူ ချန်ဒူးဝှမ်အား 'ကျွန်ုပ်တို့နှစ်အတွင်း ကံမကောင်း အကြောင်းမလှသဖြင့် ကျွန်ုပ်တို့နှစ်နိုင်ငံ စစ်ခင်းခဲ့ကြရသည်ကို ကျွန်ုပ်ဝမ်းနည်းမိပါသည်။ နောင်တွင် ထပ်မံမဖြစ်ပွားစေရပါ' ဟု တစ်စိတ်တစ်ပိုင်း ဝန်ခံသော မိတ်ဖြစ်ဆွေဖြစ်စကား ပြောကြားခဲ့သည်။

နာဂါစကီမြို့တော်ဝန် ဟီတိုရှိမိုတိုရှိမာသည် နာဂါစကီမြို့ရှိ မြို့တော်ခန်းမမှ ထွက်အလာတွင် နောက်ကျောဘက်သို့ သေနတ်ဖြင့် လုပ်ကြံပစ်ခတ်ခံရသဖြင့် ပြင်းထန်စွာ ဒဏ်ရာရရှိသွားသည်။ ၎င်းမြို့တော်ဝန်က ၁၉၈၈ ခုနှစ် ဒီဇင်ဘာလက ဂျပန်ကေရာင် ဟီရိုဟီတို ကင်ဆာရောဂါဖြင့် သေလုမျောပါး ဖြစ်နေချိန်တွင် ၁၉၄၁–၄၅ ခုနှစ်များတွင် ဖြစ်ပွားခဲ့သည့် ပစိဖိတ်ဒေသ စစ်ပွဲတွင် ဂျပန်နိုင်ငံ၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ ကေရာင်ဘုရင်တွင် တာဝန်မကင်းကြောင်း ဝေဖန်ခဲ့သဖြင့် ဤသို့ အသက်အန္တရာယ်ကို ခြိမ်းခြောက်ခံရခြင်း ဖြစ်သည်ဟု ယူဆကြသည်။ ဂျပန်နိုင်ငံ အောက်လွှတ်တော် ရွေးကောက်ပွဲများကို ၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ကျင်းပမည်ဖြစ်ရာ ယခုကဲ့သို့ လုပ်ကြံခံရခြင်းသည် ၎င်း၏ ဝေဖန်ထင်မြင်ချက်များကို မရပ်သိမ်းသည့်အတွက် မြို့တော်ဝန်အား ထုတ်ပယ်ပစ်ခဲ့သည့် လက်ရှိအာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (အယ်ဒီပီ) အဖို့ အရှက်တကွဲဖြစ်စေရသည်။

ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးခြင်းကို ပုံမှန်အားဖြင့် ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် စတင်ရန်ဖြစ်သော်လည်း ဖေဖော်ဝါရီလ ၂ ရက်နေ့ကပင် အဓိကပါတီကြီးများမှ ခေါင်းဆောင်များပါဝင်သည့် စကားစစ်ဆိုးပွဲကို နိုင်ငံအဝန်း ရုပ်မြင်သံကြားထုတ်လွှင့်ခြင်းဖြင့် စတင်လိုက်သည်။ ဂျပန်ဆိုရှယ်လစ်ပါတီခေါင်းဆောင် အမျိုးသမီး တာကာကို ဒိုအီနှင့် အခြားပါတီခေါင်းဆောင်များက ရောင်းချခွန် တိုးမြှင့်ကောက်ခံမှုနှင့်ပတ်သက်၍ ဝန်ကြီးချုပ် ကိုင်ဖုအား ဝေဖန်တိုက်ခိုက်ကြသည်။ ကိုင်ဖုကလည်း အရှေ့ဥရောပတွင် ကွန်မြူနစ်အစိုးရများ ပြိုလဲကျဆုံးခြင်းများကို ထောက်ပြကာ အတိုက်အခံပါတီ၏ ဆိုရှယ်လစ်စနစ်သည် ကမ္ဘာ့ မျက်မှောက်နိုင်ငံရေး အပြောင်းအလဲများကို ဆန့်ကျင်လျက်ရှိသည်ဟု ပြန်လည် ချေပသည်။

ဖေဖော်ဝါရီလ ၁၈ ရက်နေ့က ကျင်းပခဲ့သည့် အောက်လွှတ်တော်ရွေးကောက်ပွဲတွင် မဲဆန္ဒရှင် သန်း ၉၀ အနက် ၇၃.၃ ရာခိုင်နှုန်း မဲပေးခဲ့ရာ ၁၉၇၆ ခုနှစ် နောက်ပိုင်း အောက်လွှတ်တော်ရွေးကောက်ပွဲများတွင် မဲဆန္ဒပေးသူဦးရေ အများဆုံး ဖြစ်သည်။ အောက်လွှတ်တော်ရွေးကောက်ပွဲတွင် အယ်ဒီပီက ဆန္ဒမဲ ၄၆.၁ ရာခိုင်နှုန်း ရရှိခဲ့သည်။ အမတ်ဦးရေ ၅၁၂ နေရာရှိသည့် အောက်လွှတ်တော်တွင် ၂၇၅ နေရာ အနိုင်ရရှိခြင်း ဖြစ်သည်။ ပြီးဆုံးသွားသည့် အောက်လွှတ်တော်တွင် ရရှိခဲ့သည့် နေရာထက် ၂၀ နေရာ လျော့နည်းခဲ့သည်။ အဓိက အတိုက်အခံပါတီကြီးဖြစ်သည့် ဂျပန်ဆိုရှယ်လစ်ပါတီက ၁၃၆ နေရာ (၂၄.၄ ရာခိုင်နှုန်း) အနိုင်ရရှိသဖြင့် ယခင်ကထက် ၅၃ နေရာ ပိုမိုရရှိသွားသည်။ အခြားပါတီများဖြစ်ကြသည့် ကိုမိအိုကို (သန့်ရှင်းသောအစိုးရပါတီ) က ၄၅ နေရာ (၈ ရာခိုင်နှုန်း)၊ ဂျပန်ကွန်မြူနစ်ပါတီက ၁၆ နေရာ (၈ ရာခိုင်နှုန်း)၊ ဒီမိုကရက်တစ်ဆိုရှယ်လစ်ပါတီက ၁၄ နေရာ (၄.၈ ရာခိုင်နှုန်း) အသီးသီးရရှိကြသည်။ အမျိုးသမီးအမတ်ဦးရေ စုစုပေါင်း ၁၂ ဦး ရွေးချယ်ခံရရာ ဂျေအက်စ်ပီမှ ခုနစ်ဦး ပါဝင်သည်။

လွန်ခဲ့သည့် ၁၉၈၉ ခုနှစ်သည် အယ်ဒီပီ၏ အဆိုးဝါးဆုံးသောနှစ်ဟု ဆိုနိုင်ပေသည်။ ရီခရူအရှုပ်တော်ပုံကိစ္စကြောင့် ဂျပန်ဝန်ကြီးချုပ်နှစ်ဦး ရာထူးမှနုတ်ထွက်ပေးလိုက်ရသည်။ ထို့ပြင် ရောင်းချခွန်တိုးမြှင့်ကောက်ခံမှုကိုလည်း ဂျပန်လူထုက မကြိုက်နှစ်သက်ကြပေ။ ထို့ကြောင့် ပင် ၁၉၈၉ ခုနှစ် ဇူလိုင်လတွင် ကျင်းပခဲ့သည့် အထက်လွှတ်တော် ရွေးကောက်ပွဲတွင် အယ်ဒီပီ အနေဖြင့် နေရာအများစု အနိုင်ရရှိခြင်းမရှိတော့ပေ။ အာဏာရပါတီ၏ နိုင်ငံရေးအကျပ်အတည်း ပြဿနာများအပေါ် အခွင့်ကောင်းယူကာ အမျိုးသမီးခေါင်းဆောင် တာကာကိုဒိုအီပါဝင်သော ဂျေအက်စ်ပီဦးဆောင်သည့် အတိုက်အခံပါတီများက ယင်းရွေးကောက်ပွဲတွင် အကျိုးအမြတ်

ရရှိအောင် လုပ်ဆောင်သွားနိုင်ခဲ့သည်။ အထက်လွှတ်တော်တွင် အတိုက်အခံပါတီများက နေရာအများစုအနိုင်ရရှိသွားသည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၀–စာ၊ ၁၀၉–၁၉၀––ရှု။)

ယခု အောက်လွှတ်တော်ရွေးကောက်ပွဲတွင် ရီခရု အရှုပ်တော်ပုံတွင် ပါဝင်ပတ်သက်ခဲ့သည့် နိုင်ငံရေးသမားများ ပြန်လည် အရွေးချယ်ခံရသည်။ ၎င်းတို့အထဲတွင် ဝန်ကြီးချုပ်ဟောင်း နိုဘို့ရူ တာကေရှိတာ၊ တစ်သီးပုဂ္ဂလအဖြစ် ပါဝင်ယှဉ်ပြိုင်သည့် ဝန်ကြီးချုပ်ဟောင်း နာကာဆိုနေ၊ အယ်ဒီပီထိပ်တန်းအဖွဲ့ဝင်များဖြစ်ကြသည့် ရှင်တာရှိအာဘေးနှင့် မီယာဇာဝါတို့ ပါဝင်ကြသည်။ ရွေးကောက်ပွဲအောင်နိုင်မှုကြောင့် အယ်ဒီပီ၏ မဲဆွယ်စည်းရုံးလှုပ်ရှားမှုတွင် အဓိကစွမ်းဆောင်ခဲ့သူ အီချီရို အိုဇာဝါအား ပါတီ၏ အထွေထွေအတွင်းရေးမှူးအဖြစ် ခန့်ထားလိုက်သည်။

ရွေးကောက်ပွဲပြီးသည်နှင့် ဝန်ကြီးချုပ် ကိုင်ဖူသည် တာကေရှိကာအပါအဝင် အခြားအယ်ဒီပီဂိုဏ်းခဲ့ခေါင်းဆောင်များနှင့် အစိုးရသစ်ဖွဲ့စည်းမှုကို ရက်အတန်ကြာ စေ့စပ်ဆွေးနွေးသည်။ ကိုင်ဖူက ၁၉၇၄ ခုနှစ် လော့ခ်ဟီမသမာမှုနှင့် ရီခရု အရှုပ်တော်ပုံတွင် အစွန်းအထင်းရှိခဲ့သူများအား အစိုးရအဖွဲ့သစ်တွင် မပါဝင်စေရန် အဓိကထား၍ ပြောကြားသည်။ ဤရပ်တည်ချက်ဖြင့် ကိုင်ဖူသည် ရှင်တာရှိအာဘေးနှင့် ဂါတာနာဘေးတို့အဆိုပြုသော ဝန်ကြီးများ အမည်စာရင်းကို ကန့်ကွက်နိုင်ခဲ့ပြီး တာကေရှိတာနှင့် အိုဇာဝါတို့က ထောက်ခံတင်ပြသောသူများကိုသာ လက်ခံခဲ့သည်။ ဤအပြုအမူက ကိုင်ဖူသည် တာကေရှိတာ၏ ဦးဆောင်အားပေးမှုပေါ်တွင် မှီခိုလျက်ရှိသည်ဟူသော ယုံကြည်ချက်ကို ပိုမိုခိုင်မာစေသည်။

၁၉၇၉ ခုနှစ်က အတိုက်အခံ ဂျေအက်စ်ပီအမျိုးသမီးခေါင်းဆောင် ဒိုအီ ရေပန်းစားလူကြိုက်များလာခြင်းကို တုံ့ပြန်ရန် ကြိုးပမ်းသည့်အနေဖြင့် ဒီစိုးရအဖွဲ့ဝင်အဖြစ် ခန့်အပ်ခဲ့သည့် အမျိုးသမီးနှစ်ဦးမှာ ယခုအစိုးရအဖွဲ့သစ်တွင် မပါဝင်တော့ချေ။ ထိုမျှသာမက အစိုးရအဖွဲ့သစ်တွင် အမျိုးသမီးတစ်ဦးမျှ ပါဝင်ခြင်း မရှိသည်ကိုလည်း တွေ့ရသည်။ ဖေဖော်ဝါရီ ၂၀ ရက်နေ့တွင် ဂျပန်ကေရာင်အာကီဟီတို့၏ ရွှေမှောက်တွင် အစိုးရအဖွဲ့သစ် ကျမ်းသစ္စာကျိန်ဆိုသည်။

အောက်လွှတ်တော်ရွေးကောက်ပွဲတွင် အမတ်ဦးရေ ပိုမိုရရှိလာသည့် ဂျေအက်စ်ပီကလည်း ပါတီ နှစ်ပတ်လည် ညီလာခံကို ပြီ ၃ ရက်နေ့တွင် စတင်ကျင်းပခဲ့သည်။ ညီလာခံတွင် ဆိုရှယ်လစ်တော်လှန်ရေး ရည်မှန်းချက် ပန်းတိုင်ကို စွန့်လွှတ်ခဲ့ပြီးဖြစ်သည့် ပါတီခေါင်းဆောင် ဒိုအီက ပါတီတွင်း မူဝါဒများ ပိုမို ပြုပြင် ပြောင်းလဲရေးအတွက် ဆိုရှယ်ဒီမိုကရေစီစနစ် မူသစ်ဖြင့် လုပ်ဆောင်ကြရန်တိုက်တွန်းပြောကြားသည်။ ဂျေအက်စ်ပီခေါင်းဆောင်များသည် မေလအတွင်းက ပါတီဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သတ်မှတ်ဖော်ပြထားသည့် "ပါတီ၏ အဆုံးစွန်သောရည်မှန်းချက်ပန်းတိုင်သည် ဆိုရှယ်လစ်တော်လှန်ရေးပင်ဖြစ်သည်" ဟူသည့်အပိုဒ်အား ဖြုတ်ပစ်ရန် သဘောတူညီခဲ့ကြသည်။ ဒိုအီက ဆိုရှယ်ဒီမိုကရေစီစနစ် ဖြစ်ထွန်းအောင် လုပ်ဆောင်ခြင်းသည် ပါတီ၏ ဦးတည်ရာလမ်းကြောင်းသစ်ပင်ဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ မိမိတို့ပါတီအားလူထုက ယုံကြည်ကိုးစားမှုပိုမိုရရှိအောင် လုပ်ဆောင်ရင်း လက်ရှိအာဏာရ အယ်ဒီပီထံမှ အုပ်ချုပ်ရေးအာဏာကို ရယူသွားရန် ဒိုအီက သန္နိဋ္ဌာန်ချထားသည်။

ကွယ်လွန်သွားသည့် အထက်လွှတ်တော်အမတ်တစ်ဦး နေရာအတွက် ဇွန် ၁၀ ရက်နေ့က ကြားဖြတ်ရွေးကောက်ပွဲပြုလုပ်ခဲ့ရာ ဂျပန်ဆိုရှယ်လစ်ပါတီမှ အမတ်လောင်းက အနိုင်ရရှိသွားသည်။ ယခုအခါ အထက်လွှတ်တော်တွင် အယ်ဒီပီက အမတ်နေရာ ၁၁၀ ရရှိထားပြီး ဆိုရှယ်လစ်များက ၇၃ နေရာရရှိထားသည်။

ဆိုရှယ်လစ်ပါတီခေါင်းဆောင် ဒိုအီသည် ဆရာဝန်မိသားစုမှ ၁၉၂၈ ခုနှစ်တွင် ကိုဘီမြို့၌ ဖွားမြင်၍ ပရိုတက်စတင့်ခရစ်ယာန်ဂိုဏ်း၌ သက်ဝင်ယုံကြည်သူဖြစ်သည်။ ကျူတိုမြို့ ဒိုရှိရှားဥပဒေတက္ကသိုလ်၌ ပညာသင်ကြားပြီး

ဂျပန်ဝန်ကြီးချုပ် ကိုင်ဖူနှင့် အမေရိကန်သမ္မတ ကျော့ဘုရှ်တို့ ကာလီဖိုးနီးယားပြည်နယ် ပမ်းစပရင်းတွင် တွေ့ဆုံဆွေးနွေးစဉ်



ဥပဒေကထိကအဖြစ် ဆောင်ရွက်ခဲ့သည်။ ထိုစဉ်အခိုက် ၁၉၆၉ ခုနှစ်တွင် ဆိုရှယ်လစ်ပါတီသို့ ဝင်ရောက်သည်။ စည်းရုံးရေးကျဆင်းနေသော ဆိုရှယ်လစ်ပါတီဥက္ကဋ္ဌအဖြစ် ၁၉၈၆ ခုနှစ်၌ ရွေးချယ်တင်မြှောက်ခြင်း ခံရသည်။ သူမကား အရပ် ၅ ပေ ၆ လက်မမြင့်၍ ပြတ်ပြတ်သားသား ဝေဖန်တတ်သူဖြစ်သည်။ ခင်ပွန်းမရှိပေ။ စာအုပ်စာပေကိုသာ အပေါင်းအသင်းပြုသူဖြစ်သည်။

ဂျပန် ဝန်ကြီး ချုပ် ကိုင်ဖူသည် ၁၉၉၀ ပြည့် နှစ် ဇန်နဝါရီလ ဂ ရက်မှ ၁ဂ ရက်အတွင်း အရှေ့နှင့် အနောက်ဥရောပရှိ နိုင်ငံ ခုနစ်နိုင်ငံသို့ ၁၀ ရက်ကြာ ခရီးလှည့်လည်ခဲ့သည်။ ၎င်း၏ခရီးစဉ်အတွင်း ပိုလန်နိုင်ငံနှင့် ဟန်ဂေရီနိုင်ငံတို့အတွက် ဒေါ်လာ ၁,၉၅၀ သန်း တန်ဖိုးရှိ အကူအညီ အထောက်အပံ့များ ဂျပန်နိုင်ငံက ပေးသွားမည် ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ဗြိတိန်၊ ပြင်သစ်၊ အနောက် ဂျာမနီနှင့် ပိုလန်နိုင်ငံ တို့မှ ခေါင်းဆောင်များနှင့်လည်း တွေ့ဆုံ ဆွေးနွေးခဲ့သည်။ ဥရောပဘုံစျေးအဖွဲ့မှ ဥက္ကဋ္ဌနှင့် တွေ့ဆုံခဲ့ရာတွင် ဘုံစျေးအဖွဲ့ဝင်နိုင်ငံများနှင့် အကျိုးတူအပြန်အလှန် ကုန်သွယ်ဆက်ဆံရေးများကို အားဖြည့်လုပ်ဆောင်သွားရန် ၎င်းအနေဖြင့် သန္နိဋ္ဌာန် ချထားကြောင်း ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး ဟီကာရှု၊ မက်ဆူနာဂါသည် ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေးရန်အတွက် အမေရိကန် ပြည်ထောင်စုသို့ ဇန်နဝါရီ ဂ ရက်နေ့က သွားရောက်ခဲ့သည်။ ဂျပန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့၏ ကုန်သွယ်ရေးဆိုင်ရာ ပြဿနာ၊ ဂျပန်နိုင်ငံ၏ လက်ရှိ ကုန်သွယ်ရေးပိုငွေကိစ္စများအပါအဝင် ၁၉၉၀ ဘဏ္ဍာရေးနှစ်တွင် ဂျပန်နိုင်ငံအနေဖြင့် သွင်းကုန်များ တိုးမြှင့်ရန် ချမှတ်ထားသည့် နိုင်ငံတကာဆိုင်ရာ မဟာဗျူဟာများကို ကျယ်ပြန့်စွာ သုံးသပ်ဆွေးနွေးခဲ့ကြသည်။

ဂျပန်ဝန်ကြီးချုပ် ကိုင်ဖူသည် မတ်လ ၂ ရက်နှင့် ၃ ရက်နေ့များတွင် အမေရိကန်သမ္မတ ဂျော့ဘုရှ်နှင့် ကာလီဖိုးနီးယားပြည်နယ်ရှိ ပမ်းစပရင်းတွင် တွေ့ဆုံပြီး ကုန်သွယ်ရေးနှင့် အခြားပြဿနာများကို ဆွေးနွေးခဲ့သည်။ သို့ရာတွင် ထူးခြားသည်ရလဒ် တစ်စုံတစ်ရာ မရရှိခဲ့ချေ။ ယင်းသို့ တွေ့ဆုံ ဆွေးနွေးရခြင်းမှာ ဖေဖော်ဝါရီ ၂၂–၂၃ အတွင်း ကျင်းပခဲ့သည့် အမေရိကန်နှင့် ဂျပန်ကုန်သွယ်ရေးဆိုင်ရာ အရာရှိများ၏ တတိယအကြိမ် အက်စ်အိုင်အိုင် ဆွေးနွေးပွဲ (Structural Impediment Initative Talks) တွင် အမေရိကန်က ယူဆထားသလို ဂျပန်နိုင်ငံ၏ တရားမျှတမှု မရှိသည့် သွင်းကုန်အတားအဆီးများကိုဖယ်ရှားပစ်ရန် ခိုင်မာသည့် တိုးတက်မှု မရရှိခဲ့ခြင်းအတွက် နှစ်နိုင်ငံ ဆက်ဆံရေးတင်းမာမှုကို လျော့ချပစ်ရန် ကြိုးပမ်းမှုတစ်ရပ်ဖြစ်သည်။ ဂျော့ဘုရှ်နှင့် ဆွေးနွေးအပြီးတွင် ကိုင်ဖူက ဂျပန်စီးပွားရေး ဖွဲ့စည်းမှုပုံသဏ္ဌာန် မြှုပြင်ပြောင်းလဲရေးကို အရှိန်အဟုန်မြှင့်တင်ရန် ၎င်းအနေဖြင့် အစွမ်းကုန်ကြိုးပမ်းသွားမည်ဟု ပြောကြားသည်။

ပမ်းစပရင်းဆွေးနွေးပွဲအပြီး ဂျပန်နိုင်ငံသို့ ပြန်လည် ရောက်ရှိခဲ့ရာတွင် ကိုင်ဖူမှာ ပါလီမန်၏ အပြင်းအထန် ဝေဖန်ခြင်းကို ခံရသည်။ အမေရိကန်ဘက်မှ အပြန်အလှန် အားဖြင့် လုပ်ဆောင်ချက်တစ်စုံတစ်ရာ ရရှိခြင်းမရှိဘဲ အမေရိကန်အား ဂျပန်က တစ်ဘက်သတ်ကတိကဝတ်များ ပြုခဲ့ရသည်ဟူ၍ ကိုင်ဖူအား ဝေဖန်ကြသည်။ ကိုင်ဖူက အမေရိကန်အား ဤကဲ့သို့ အခွင့်ထူးများ ပေးကာ လိုက်လျောမှုမပြုလုပ်ခဲ့ကြောင်း ငြင်းဆိုသည်။

ဂျပန်နိုင်ငံအနေဖြင့် နိုင်ငံတကာငြိမ်းချမ်းရေး ရရှိအောင် ကြိုးပမ်းမှုတွင် တတ်နိုင်သမျှ ပါဝင်ကူညီခဲ့သည်ကို တွေ့ရသည်။ ထိုင်းနိုင်ငံခေါင်းဆောင်များ ဂျပန်နိုင်ငံသို့ ဧပြီ ၆ ရက်မှ ၁၄ ရက်အထိ သွားရောက်လည်ပတ်စဉ်က ဖန့်မ်းပင်အစိုးရ ဝန်ကြီးချုပ် ဟွန်ဆန်နှင့် ခုခံရေးခေါင်းဆောင် မင်းသားကြီးသီဟာနုတို့ တိုက်ဖြိုမို့၌ ဆွေးနွေးပွဲတစ်ရပ်ကျင်းပရန် ဂျပန်နိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပ ပေးရေးအတွက် ချတ်ချိုင်းက မေတ္တာရပ်ခံခဲ့ရာ ကိုင်ဖူက အပြုသဘောဆောင် တုံ့ပြန်ခဲ့သည်။ ကိုင်ဖူသည် ထိုင်းနိုင်ငံသို့ အလည်အပတ်ရောက်ရှိသွားသောအခါ ကမ္ဘောဒီးယားငြိမ်းချမ်းရေး ရရှိရေးအတွက် အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်ရန် ထိုင်းဝန်ကြီးချုပ် ချတ်ချိုင်းနှင့် ဧပြီ ၂၉ ရက်နေ့က သဘောတူညီခဲ့ကြသည်။

ယင်းကြိုးပမ်းမှုရလဒ်အဖြစ် ကမ္ဘောဒီးယားနိုင်ငံ၏ ၁၁ နှစ်ကြာ ပြည်တွင်းစစ် အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်တစ်ရပ်ကို မင်းသားကြီး သီဟာနုနှင့် ဝန်ကြီးချုပ် ဟွန်ဆန်တို့ ဂျပန်နိုင်ငံ တိုက်ဖြိုမို့တွင် ဇွန် ၅ ရက်နေ့က လက်မှတ်ရေးထိုးခဲ့ကြသည်။

ဂျပန်နိုင်ငံနှင့် အမေရိကန်နိုင်ငံ ဆက်ဆံရေးတွင် ကုန်သွယ်ရေးပြဿနာများ ရှိနေကြရာ နှစ်နိုင်ငံ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးခြင်းဖြင့် ပြေလည်မှုရအောင် ကြိုးပမ်းလျက်ရှိသည်။ ၁၉၉၀ ပြည့်နှစ် ဧပြီလတွင် ဂျော့ဘုရှ်အစိုးရက အမေရိကန်ကုန်ပစ္စည်းများအား ဂျပန်စျေးကွက်သို့ ဖွင့်ပေးရန် သဘောတူညီချက်ကို ကြိုဆိုလိုက်သည်။ သို့ရာတွင် တန်ဖိုးအားဖြင့် မည်ရွေ့မည်မျှ ဖြစ်ကြောင်းနှင့် ဂျပန်နိုင်ငံနှင့် ကုန်သွယ်မှုတွင် ဒေါ်လာ ၅၀ ဘီလီယံမျှ အမေရိကန်က လိုငွေပြနေမှုကို

မည်သို့လျင်မြန်စွာ အထောက်အကူပြုစေလိမ့်မည်ဆိုသည့် အချက်များမှာမူ မရှင်းလင်းလှချေ။

အမေရိကန်အပါအဝင် အခြား နိုင်ငံခြားတိုင်းပြည်များမှ ကုန်ပစ္စည်းများကို ဂျပန် စျေးကွက်အတွင်းသို့ ဝင်ခွင့်မရအောင် ဟန့်တားနေသည့် လုပ်ငန်းဆိုင်ရာ ကျင့်ထုံးများနှင့် အစိုးရ မူဝါဒဆိုင်ရာ အတားအဆီးများကို လျှော့ချရန် ဂျပန်နိုင်ငံက လုပ်ဆောင်ပေးမည့် အစီအစဉ်များကို ၎င်း ၅ ရက်နေ့တွင် အမေရိကန် စေ့စပ်ညှိနှိုင်းသူများက ကြေညာသည်။ တိုကျိုမြို့တွင် ဝန်ကြီးချုပ် ကိုင်ဖူက ဂျပန်နိုင်ငံ စီးပွားရေးဖွဲ့စည်းမှု ပုံသဏ္ဌာန်အပြောင်းအလဲများသည် အစဦးဌ ဂျပန်နိုင်ငံအား နစ်နာကောင်း နစ်နာစေမည် ဖြစ်သော်လည်း အဆုံးတွင် ဂျပန်လူထုအား အကျိုးကျေးဇူးဖြစ်စေလိမ့်မည်ဟု ၎င်း ၆ ရက်နေ့က ကတိပြု ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံ၏ ကုန်သွယ်ရေးရှင်းတမ်း ပိုငွေပြမှုသည် ယမန်နှစ်ကထက် ၎င်းလတွင် ၆၉ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းပြီး ဒေါ်လာ ၂ ဒသမ ၀၀၂ ဘီလီယံရှိခဲ့ကြောင်း၊ ယင်းသို့ကျဆင်းရခြင်းမှာ မော်တော်ကားနှင့် သံမဏိများ တင်ပို့မှု ကျဆင်းရခြင်းနှင့် ရေနံများ၊ ကားများ၊ အနုပညာ ပစ္စည်းများနှင့် လေယာဉ်များ ဝယ်ယူတင်သွင်းမှုကြောင့် ဖြစ်ကြောင်းဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဇွန်လ ၁ ရက်နေ့က ထုတ်ပြန် ကြေညာခဲ့သည်။ ထို့ပြင် ဂျပန်နိုင်ငံ၏ သွင်းကုန် ပမာဏသည် ၁၉၈၉ ခုနှစ် ဧပြီလမှ စတင်၍ ၁၆ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ရာ ၁၇ ဒသမ ၁၅ ဘီလီယံ ဒေါ်လာ ရှိခဲ့သည်ဟု ဆိုသည်။ ထို့ကြောင့် ကမ္ဘာ့စျေးကွက်၌ ဂျပန်တို့က အနိုင်ရလျက်ရှိသည်။ ဂျပန်ကရောင်းပြီး ကုန်ပစ္စည်း တန်ဖိုးသည် နိုင်ငံခြားမှ ဝယ်ယူတင်သွင်းသည့် ကုန်ပစ္စည်း တန်ဖိုးထက် အမြဲတမ်း ပိုလျက်ရှိသည်။ ထွက်ငွေ ဝင်ငွေ ချိန်ခွင်လျာတွင် ရောင်းကုန်တန်ဖိုးပမာဏ ပိုလျက်ရှိသော်လည်း တစ်ခါတစ်ရံ ပိုငွေကျဆင်းလျက် ရှိသည်ကိုလည်း တွေ့ရသည်။

ထွက်ကုန် ဝင်ကုန် အသာအနာတွင် ဂျပန်အစိုးရသည် အမေရိကန် အစိုးရနှင့် အတူစကား ပြောရသည်။ အမေရိကန်အစိုးရသည် ပြည်တွင်းလုပ် ကုန်ပစ္စည်းများ၏ အကျိုးစီးပွား ကာကွယ်ရေးအတွက် ဂျပန် ကုန်ပစ္စည်း တင်သွင်းမှုကို တားမြစ်ခြင်း၊ ကန့်သတ်ခြင်း ပြုရသည်။ ၁၉၈၉ ခုနှစ် ဧပြီလတွင် အိလီနွိုက်ပြည်နယ်၌ အခြေစိုက်သော မိုတိုရိုလာ ကုမ္ပဏီက ဂျပန်နိုင်ငံသည် ၁၉၈၅ ခုနှစ် ကုန်သွယ်ရေး သဘောတူညီချက်ကို ဖောက်ဖျက်သည်ဟု တိုင်ကြားသောအခါ နှစ်နိုင်ငံ ဆွေးနွေး ကြရသည်။ လွန်ခဲ့သည့်နှစ် ဇူလိုင်လတွင် ဖြေရှင်းရသော ပြဿနာ တစ်ရပ်မှာ ဂျပန်လုပ် အိတ်ဆောင် တယ်လီဖုန်းများကို တင်သွင်းသကဲ့သို့ အမေရိကန်လုပ် အိတ်ဆောင် တယ်လီဖုန်းများကိုလည်း တင်သွင်းရောင်းချခွင့် ပြုရေး ဖြစ်သည်။ ယင်းပြဿနာမှာ ပြေလည်သွားခဲ့သည်။

ဂျပန်နိုင်ငံမှ နိုင်ငံအသီးသီးသို့ ၁၉၇၈ ခုနှစ်တွင် ကူညီထောက်ပံ့သော ငွေကြေးပမာဏမှာ ဒေါ်လာ ၉ ဘီလီယံ (သန်း ၉၀၀၀)ဖြစ်သည်။ အာဖရိက နိုင်ငံများသို့ ကူညီသည့် ငွေမှာ ကင်ညာ ကူသည့်ငွေ ၁၉၃၃ သန်း အပါအဝင် သန်း ၅၀၀ ဖြစ်သည်။ တရုတ်နိုင်ငံသို့ ၃၄ သန်း၊ ချီလီသို့ ၃၄ သန်း ကူညီမည် ဖြစ်သည်။ မက္ကဆီကိုသို့မူ သန်း ၂၀၀၀ ကူညီမည်ဟု ဆိုသည်။ မက္ကဆီကိုထုတ် ရေနံစည် တစ်သိန်း ဝယ်မည်ဖြစ်သည်။

ဂျပန်နိုင်ငံ၏ နိုင်ငံခြားသို့ သုံးငွေ သီးသန့်ရန်ပုံငွေမှာ ဧပြီလတွင် ဒေါ်လာသန်းပေါင်း ၁,၀၀,၃၆၀ ဖြစ်သည်။ ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီလတွင် အမေရိကန်၌ ၅၀,၄၂၆ သန်း၊ အနောက်ဂျာမနီ၌ ၆၀,၀၂၆ သန်း၊ ဗြိတိန်၌ ၄၄,၃၄၅ သန်း အရန်ထားငွေရှိခဲ့သည်။

ငွေကြေး ကြွယ်ဝချမ်းသာသော နိုင်ငံဖြစ်သည့် အလျောက် နိုင်ငံကြီး နိုင်ငံငယ်များ၌ အရင်းအနှီး မြှုပ်နှံလျက်ရှိသည်။ ဥရောပနိုင်ငံများရှိ မြို့ ၁၆ မြို့တွင် ဂျပန် စက်ရုံ အလုပ်ရုံများနှင့် ကုန်တိုက်များ ဖွင့်လှစ်ထားပြီး ဖြစ်သည်။ အမေရိကန်တွင် နာမည်ကြီး ရောက်ဖဲလား အဆောက်အအုံနှင့် စက်ရုံအလုပ်ရုံများကို ပိုင်ရှင်များထံမှ ဝယ်ယူ၍ ဦးစီးလုပ်ကိုင်လျက်ရှိသည်။

မြန်မာနိုင်ငံတွင်မူ ဆီဒဲမစ်ဆု ရေနံဖွံ့ဖြိုးရေး ကုမ္ပဏီသည် ၁၉၇၉ ခုနှစ် အောက်တိုဘာလ ၃၀ ရက်နေ့တွင် လည်းကောင်း၊ ဒိုင်ခွီကုမ္ပဏီသည် ၁၉၉၀ ပြည့်နှစ် ဧပြီလ ၁၁ ရက်နေ့တွင်လည်းကောင်း မြန်မာနိုင်ငံအစိုးရနှင့် စာချုပ် ချုပ်ဆိုကာရင်း နှီးမြှုပ်နှံသည်။ ငွေရင်းနှီးမြှုပ်နှံကာ ဖက်စပ်လုပ်ကိုင်မည့် ဂျပန်ကုမ္ပဏီများလည်း မြန်မာနိုင်ငံသို့ လာဆဲဖြစ်သည်။

ပြည်ပ၌ ရင်းနှီးမြှုပ်နှံမှုနှင့် အကူအညီပေးမှုသည် ဒွန်တွဲလျက် ရှိပေသည်။ ဥပမာ ဂျပန်ဘဏ် ခြောက်ခုက ဆိုဗီယက်ယူနီယံ ဗဟိုဘဏ်သို့ ဒေါ်လာ ၉၉ သန်း ချေးမည်ဟု ၁၉၉၀ပြည့်နှစ် မတ်လ ၁၁ ရက်နေ့က သိရှိရသည်။ ချေး မည့်ဘဏ်များတွင် အစိုးရက စီမံကွပ်ကဲသော ထုတ်ကုန် သွင်းကုန်ဘဏ်လည်း ပါဝင်သည်။

စစ်ကြိုခေတ်၌ ဂျပန်လုပ် ကုန်ပစ္စည်းများသည် စျေးပေါသည်၊ ပျက်လွယ်သည်ဟု နာမည်ဆိုးရရှိခဲ့သည်။ ယခုခေတ်တွင်မူ ပျက်လွယ်သည်ဆိုသော နာမည် သည် ပျောက်ကွယ်သွားပြီဖြစ်သည်။ ကုန်ပစ္စည်း ကောင်းလာသည့်အပြင် ခိုင်မာလာသည်။

ပစ္စည်းအင်အားကြီးမားတောင့်တင်းသော နိုင်ငံတွင် ကာကွယ်ရေးအတွက် အသင့်ပြင်ရမည်ဖြစ်ရာ ဒုတိယ ကမ္ဘာစစ်ပြီးစ စစ်အင်အား ကန့်သတ်ချက် စာချုပ်အရ ဂျပန်တပ်မတော်တွင် စစ်သည်အင်အား ၂,၄၅,၀၀၀ ထားရှိရသည်။ တိုက်ပဲ့ဝင်သဘော်ဘ ၁၆၀ နှင့် လေယာဉ် ၅၄၀ ရှိသည်။ ရွေးနှုတ်တွင် ကာကွယ်ရေးအတွက် နှစ်စဉ် ဒေါ်လာသန်း ၃၀,၀၀၀ နီးပါး သုံးမည်ဖြစ်ရာ ကာကွယ်ရေးစရိတ်သည် ၆ ဒသမ ၁ ရာခိုင်နှုန်း တိုးလာသည်။ အမေရိကန်တပ်သား ၅၀,၀၀၀ ကိုလည်း အထောက်အကူ ထားရသေးသည်။ အမေရိကန်တပ်သား ဦးရေကို ဖြည်းဖြည်း လျော့ချမည် ဖြစ်သည်။

စက်မှုသိပ္ပံပညာရပ်တွင် ထိပ်တန်းရောက်နေသော ဂျပန်နိုင်ငံသည် လူမပါသော ဒုံးကျည်ကို လ သို့ ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ ၂၄ ရက်နေ့က လွှတ်တင်ခဲ့သည်။ ထိုဒုံးကျည်တွင် ဂြိုဟ်တုနှစ်ခုပါရှိရာ တစ်ခုက လကို ပတ်မည်ဟု ဆိုသည်။ ဖေဖော်ဝါရီလ ၇ ရက် နေ့ကလည်း ဂြိုဟ်တုသုံးခု လွှတ်ခဲ့သည်။

ရုရှ–ဂျပန် သိပ္ပံပညာရပ် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ဂျပန်သတင်းစာဆရာ ခုနစ်ဦးကို ဆိုဗီယက် ကမ္ဘာပတ် အာကာသယာဉ်ဖြင့် တင်ဆောင်ပြသမည် ဖြစ်သည်။ ရွေးချယ်ထားသော ခုနစ်ဦးတွင် အသက် ၂၃ နှစ် အရွယ် လက်ထောက် ဒါရိုက်တာများ၊ အသက် ၄၇ နှစ်အရွယ် ဒုတိယ နိုင်ငံခြားသတင်း အယ်ဒီတာ အပြင် အမျိုးသမီးလက်ထောက် ဒါရိုက်တာတစ်ဦးလည်း ပါဝင်သည်။ အပြီးသတ် အရွေးခံရသူသည် မိယာ အာကာသစခန်းမှ အာကာသယာဉ်ဖြင့် ၁၉၉၁ ခုနှစ် နှစ်ကုန်ပိုင်း၌ လိုက်ပါရန်ရှိသည်။

အလုပ်ရုံ၊ စက်ရုံများပြားပြီး ကုန်သွယ်မှု ထုထည် ကြီးမားသော ဂျပန်နိုင်ငံသို့ အရပ်ရပ်မှ အလုပ်ရှာလာသူများ ပြည့်နှက်နေသည်။ စစ်ဘေးစစ်ဒဏ် ခိုလှုံလာသူများလည်း ရှိသည်။ တရားမဝင်ဝင်ရောက် အလုပ်လုပ်သူများကို ၁၉၉၀ ပြည့်နှစ် ဇွန်လ ကစ၍ ဆိုင်ရာကတင်းတင်း ကျပ်ကျပ် အရေးယူမည် ဖြစ်သည်။ ယင်းဥပဒေအရ တရားမဝင် လုပ်ကိုင်သူများကိုသာမက ခန့်ထားသောအလုပ်ရှင်များနှင့်တကွ စပ်ဟပ်ဆက်သွယ်ပေးသောအလုပ်ပွဲစား (အောဂျင်စီ) များကိုပါ အပြစ်ပေးမည်ဟု ဆိုသည်။ ဗီယက်နန်စစ်ပြေး ဒုက္ခသည် အသွင်ဆောင်လျက် ပြည်တွင်းသို့ ဝင်လာသူ တရုတ်လူမျိုး ၃၀၀ ကိုလည်း အရေးယူသည်။

ဂျာမနီ နှစ်နိုင်ငံ ပြန်လည် ပေါင်းစည်းခြင်း။ ။ ဂျာမနီနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းခြင်း ဖြစ်ရပ်သည်

ကမ္ဘာ့ သမိုင်းတွင်လည်းကောင်း၊ ဥရောပ သမိုင်းတွင်လည်းကောင်း အလွန်ထူးခြားသော ဖြစ်ရပ်အဖြစ် သမိုင်းတွင်ရစ်ပေတော့မည်။ နှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းရေးကို ဦးတည်စေခဲ့သည့် သမိုင်းအလှည့်အပြောင်း ဖြစ်ရပ်များသည် သုက်လက်မြန်ဆန်လှပေသည်။ ၁၉၈၉ ခုနှစ် နှင့် ၁၉၉၀ ပြည့်နှစ်အတွင်း အရှေ့ဂျာမနီနှင့် အနောက်ဂျာမနီနိုင်ငံတို့တွင် တိုးတက်ဖြစ်ပေါ် ခဲ့သည့် သမိုင်းဖြစ်ရပ်များကို တစေ့တစောင်း ပြန်လည်သုံးသပ်ကြည့်မည်ဆိုပါက ထူးခြားချက်များကို အထင်းသား တွေ့မြင်နိုင်မည် ဖြစ်သည်။

၁၉၈၉ ခုနှစ် နိုဝင်ဘာလ ၉ ရက်နေ့တွင် နှစ်နိုင်ငံကို နှစ်ပေါင်း ၃၀ နီးပါး ပိုင်းခြားထားသည့် ဘာလင်တံတိုင်းကြီးကို ဖြိုချဖွင့်လှစ်ပေးလိုက်ရာ အရှေ့အနောက်ဘာလင်သားများသည် ဝမ်းသာရှင်မြူးစွာ ကူးလူးဖြတ်ကျော်ကြသည်။ ထိုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် အရှေ့ဂျာမနီ ကွန်မြူနစ်ပါတီခေါင်းဆောင် အဲဂွန်ခရင့်ဇ်နှင့် ၎င်း၏ ပေါ်လစ်ဗျူရို အဖွဲ့ဝင်များသည် ဗဟိုကော်မတီဝင် အားလုံးနှင့်အတူ နုတ်ထွက်လိုက်ကြသည်။ နုတ်ထွက်သွားသော အဲဂွန်ခရင့်ဇ်၏နေရာတွင် ဥပဒေပညာရှင် တစ်ဦးဖြစ်သူ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (အယ်ဒီပီ) ဥက္ကဋ္ဌ ပါမောကွမန်းဖရက် ဂါလက်အား ဒီဇင်ဘာလ ၆ ရက်နေ့တွင် ယာယီခန့်ထားလိုက်သည်။

၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ ၂၈ ရက်နေ့တွင် အရှေ့ဂျာမနီနိုင်ငံ၌ နိုင်ငံရေးအကျပ်အတည်များကို ညှိနှိုင်းဖြေရှင်းသည့်အနေဖြင့် ပါတီအားလုံး ပါဝင်သည့် ညွှန့်ပေါင်းအစိုးရဖွဲ့စည်းရန် သဘောတူညီမှု ရရှိခဲ့သည်။ ၎င်းအစိုးရအဖွဲ့သည် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အထွေထွေရွေးကောက်ပွဲများ ကျင်းပပြီးစီးသည့်တိုင်အောင် တာဝန်ထမ်းဆောင်မည် ဖြစ်သည်။ ရွေးကောက်ပွဲများကို မူလ သတ်မှတ်ထားသည့် မေလ ၆ ရက်နေ့အစား မတ်လ ၁၈ ရက်နေ့တွင် ကျင်းပရန် ပြောင်းလဲသတ်မှတ်ခဲ့သည်။ ထိုအတောအတွင်း ၂၀၀၀ ဝန်းကျင်ခန့်ရှိသည့် အရှေ့ဂျာမနီ နိုင်ငံသားများသည် အနောက်ဂျာမနီ နိုင်ငံသို့ နေ့စဉ်နှင့်အမျှ ဆက်လက်ထွက်ခွာလျက် ရှိသည်။

ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မော်စကိုသို့ ၂၄ နာရီကြာ သွားရောက်လည်ပတ်ရာမှ ပြန်လည် ရောက်ရှိလာသည့် အရှေ့ဂျာမနီဝန်ကြီးချုပ် ဟန့်စ်မိုဒရိုက စည်းလုံးညီညွတ်ပြီးကြားနေသည့် ဂျာမနီနိုင်ငံကို ဖန်တီးထူထောင်ခြင်းဖြင့် ဂျာမနီနိုင်ငံအား ပိုင်းခြားထားခြင်းကို ကျော်လွှားနိုင်မည့် အဆိုပြုချက်များကိုကြေညာခဲ့သည်။ အနောက်ဂျာမနီနိုင်ငံ၌လည်း ၁၉၉၀ ပြည့်နှစ် တစ်နှစ်

ဂျာမနီနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းခြင်း



အရှေ့ဂျာမနီဝန်ကြီးချုပ် လိုသာဒမင်ဇီရဲနှင့် အနောက်ဂျာမနီ ဝန်ကြီးချုပ် ဟဲလမွတ်ခိုး

တည်းမှာပင် ဖေဖော်ဝါရီလအထိ အရှေ့ဂျာမနီမှ ရောက်ရှိလာသူဦးရေမှာ ၈၅,၀၀၀ အထိ ရှိခဲ့သည်။

အရှေ့ဂျာမနီအစိုးရက မတ်လ ၁၈ ရက်နေ့တွင် ကျင်းပမည့် ရွေးကောက်ပွဲများမတိုင်မီ ကြိုတင်၍ စီးပွားရေးနှင့် ငွေကြေးသမဂ္ဂဆိုင်ရာ နှစ်နိုင်ငံစေ့စပ် ညှိနှိုင်းဆွေးနွေးမှုများ စတင်ရန် အသင့်ရှိနေပြီ ဖြစ်ကြောင်း ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ကြေညာခဲ့သည်။

ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ဒုတိယကမ္ဘာစစ်က အောင်ပွဲခံခဲ့သည့် အဓိကမဟာမိတ် လေးနိုင်ငံဖြစ်သည့် ပြင်သစ်၊ ဆိုဗီယက်ပြည်ထောင်စု၊ ဗြိတိန်၊ အမေရိကန် ပြည်ထောင်စုနှင့် ဂျာမနီနှစ်နိုင်ငံတို့သည် ဂျာမနီပြန်လည်ပေါင်းစည်းရေးဆိုင်ရာ လုံခြုံရေးပြဿနာများကိုင်တွယ်ဖြေရှင်းမည့် ပုံစံနှင့်ပတ်သက်၍ သဘောတူညီကြသည်။

အရှေ့ဂျာမနီနိုင်ငံ၏ ပထမဆုံးအကြိမ် လွတ်လပ်၍ လွှတ်တော်စာ မဲပေးနိုင်ခွင့်ရှိသည့် အထွေထွေရွေးကောက်ပွဲများကို မတ်လ ၁၈ ရက်နေ့တွင် ကျင်းပရာ ဖေဖော်ဝါရီလအတွင်းက ခရစ်ယန်ဒီမိုကရက်တို့ဖွဲ့စည်းခဲ့သည့် ဂျာမနီနိုင်ငံ မဟာမိတ်အဖွဲ့က ၄၈.၁၂ ရာခိုင်နှုန်း အနိုင်ရရှိသည်။ နေရာအများစု အနိုင်မရရှိသော်လည်း အမတ်ဦးရေ ၄၀၀ ရှိသည့် ပါလီမန်တွင် ၁၉၂ နေရာ အနိုင်ရရှိခဲ့သည်။

ဤသို့ အရှေ့ဂျာမနီနိုင်ငံ၌ ရွေးကောက်ပွဲများကျင်းပနေသည့်အချိန်နှင့် မရွေးမနှောင်းမှာပင် အနောက်ဂျာမနီအစိုးရသည် ဒေသနှင့်နယ်မြေဆိုင်ရာ အစိုးရအဖွဲ့များ၏ ဖိအားပေးမှု တိုးပွားလာခြင်းများ အပါအဝင် စီးပွားရေးနှင့်လူမှုရေးဝန်ဆောင်မှုကဏ္ဍများတွင် အခက်အခဲများနှင့်တွေ့ကြုံလာရသဖြင့် အရှေ့ဂျာမနီမှဝင်ရောက်လာသူများအား အရေးပေါ် ကြိုဆိုလက်ခံရေးစခန်းများကို ဇူလိုင်လ ၁ ရက်နေ့မှစ၍ ပိတ်ပစ်ရန် မတ်လ ၂၀ ရက်နေ့တွင် ဆုံးဖြတ်ခဲ့သည်။

အရှေ့ဂျာမနီနိုင်ငံရွေးကောက်ပွဲတွင် အောင်ပွဲဆင်ခဲ့သည့် ခရစ်ယန်ဒီမိုကရက်တစ်ယူနီယံ (စီဒီယူ) ခေါင်းဆောင် လိုသာဒမင်ဇီရဲသည် ညှိနှိုင်းပေါင်းအစိုးရဖွဲ့စည်းရေးနှင့် ပတ်သက်၍ အခြားအဓိကပါတီများနှင့် သဘောတူညီမှု ရရှိခဲ့သည်။ တစ်ချိန်တည်းမှာပင် အနောက်ဂျာမနီနိုင်ငံ ဗဟိုဘဏ်က နှစ်နိုင်ငံငွေကြေးသမဂ္ဂစတင် ပေါ်ပေါက်လာပြီး ငွေရေးကြေးရေးကိစ္စများကိုင်တွယ်ကျင့်သုံးသည့်အခါတွင် အရှေ့နှင့် အနောက်ဂျာမန်သုံးငွေမတ်ကို ၂း၁ နှုန်းဖြင့် ပြောင်းလဲရန် တိုက်တွန်းလိုက်ရာ အရှေ့ဂျာမနီနိုင်ငံတွင် အငြင်းပွားမှုများ ဖြစ်ပေါ်စေခဲ့သည်။

အရှေ့ဂျာမနီနိုင်ငံ၏ အသစ်ရွေးချယ် တင်မြှောက်ခဲ့သည့် ပါလီမန်ပထမဆုံးအစည်းအဝေးကို ဧပြီလ ၅ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ကိုယ်စားလှယ်များက ဆာဗိုင်း ဗတ်မန်းပိုးလ်းအားပါလီမန်ဥက္ကဋ္ဌအဖြစ် ရွေးချယ် တင်မြှောက်လိုက်သည်။ နိုင်ငံတော် ကောင်စီအား ဖျက်သိမ်းခြင်းနှင့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ခြင်းကို ပြဋ္ဌာန်းသည့် အခြေခံဥပဒေ ပြင်ဆင်ချက်ကိုလည်း အတည်ပြုခဲ့သည်။ ကြားဖြတ်ကာလအနေဖြင့် ဗဟန်းပိုးလ်က နိုင်ငံတော်ခေတ္တအကြီးအကဲ (သမ္မတ) ရာထူးကို ဧပြီလ ၉ ရက်နေ့တွင် စတင်ထမ်းဆောင်ခဲ့သည်။ အရှေ့ဂျာမနီနိုင်ငံ အခြေခံဥပဒေ နိဒါန်းတွင်ပါရှိသည့် နိုင်ငံတော်သည် အလုပ်သမားများနှင့် လယ်သမားများ၏ ဆိုရှယ်လစ်နိုင်ငံတော် ဖြစ်သည်ဟူသည့် ပုဒ်စုကို ဖြုတ်ပစ်လိုက်သည်။

အရှေ့ဂျာမနီအစိုးရ ဖွဲ့စည်းရေးအတွက် စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်နေစဉ်မှာပင် အရှေ့ဂျာမနီနှင့်အနောက်ဂျာမနီနှစ်နိုင်ငံစလုံး၌ ဂျာမန်ငွေကြေးသမဂ္ဂ စတင်ကျင့်သုံးရေးဆိုင်ရာ သတ်မှတ်ချက်များနှင့် ပတ်သက်၍ အကြီးအကျယ် အငြင်းပွားမှု ဖြစ်ပေါ်လျက်ရှိနေဆဲပင် ဖြစ်သည်။ သို့ရာတွင် ဧပြီလ ၂၃ ရက်နေ့တွင် အနောက်ဂျာမနီအစိုးရက ပင်စင်ငွေများ၊ လုပ်ခများနှင့်စုဆောင်းငွေ မတ် ၄၀၀၀ အထိကို ၁း၁ ပြောင်းလဲရေးနှုန်းဖြင့် လုပ်ဆောင်ရန်အတွက် အရှေ့ဂျာမနီအစိုးရအား ကမ်းလှမ်းရန် ဆုံးဖြတ်ခဲ့သည်။

မေလ ၅ ရက်နေ့တွင် အရှေ့ဂျာမနီနှင့် အနောက်ဂျာမနီနှစ်နိုင်ငံနှင့်ဒုတိယကမ္ဘာစစ်က မဟာမိတ်လေးနိုင်ငံ

ဖြစ်ကြသည့် ပြင်သစ်၊ ဆိုဗီယက်ပြည်ထောင်စု၊ ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုတို့မှ နိုင်ငံခြားရေးဝန်ကြီးများသည် အနောက်ကျောမနီနိုင်ငံ ဘွန်းမြို့တွင် တွေ့ဆုံပြီး ကျောမနီနှစ်နိုင်ငံ ပေါင်းစည်ရေးဆိုင်ရာ လုံခြုံရေးပြဿနာရပ်များကို ဆွေးနွေးခဲ့ကြသည်။ ၎င်းအစည်းအဝေးကို "နှစ်အပေါင်းလေး" ဆွေးနွေးပွဲဟု ခေါ်ဝေါ်ပေသည်။

တစ်ဆက်တည်းဆိုသလိုပင် အရှေ့နှင့်အနောက်ကျောမနီနှစ်နိုင်ငံတို့မှ ဘဏ္ဍာရေးဝန်ကြီးများသည် နှစ်နိုင်ငံကြားငွေရေးကြေးရေး၊ စီးပွားရေးနှင့် လူမှုရေး သမဂ္ဂဖြစ်ပေါ်ရေးဆိုင်ရာ စာချုပ်ကို မေလ ၁၈ ရက်နေ့တွင် လက်မှတ်ရေးထိုးကြသည်။ ၎င်းစာချုပ်ကို အနောက်ကျောမနီနိုင်ငံ ပါလီမန်နှစ်ရပ်စလုံးက ဇွန်လ ၂၁ ရက်နှင့် ၂၃ ရက်နေ့များတွင် အတည်ပြုခဲ့ပြီး အရှေ့ကျောမနီနိုင်ငံ ပါလီမန်က ဇွန်လ ၂၁ ရက်နေ့တွင် အတည်ပြုခဲ့သည်။

ဇွန်လ ၂၂ ရက်နေ့တွင် "နှစ်အပေါင်းလေး" ဆွေးနွေးပွဲကို ဒုတိယအကြိမ် ကျင်းပပြီး ၎င်းနေ့မှာပင် ဘာလင်မြို့ရှိ ဖြတ်သန်းရာနေရာဖြစ်သည့် ချာလီစစ်ဆေးရေးဂိတ်ကို ဖယ်ရှားခဲ့သည်။

ဒီဇင်ဘာလ ၂ ရက်နေ့တွင် ပေါင်းစည်းထားသော ကျောမနီနိုင်ငံ၏ လွှတ်တော်အတွက် ကိုယ်စားလှယ်များ ရွေးချယ် တင်မြှောက်ရန် အရှေ့ကျောမနီ အစိုးရ အဖွဲ့က ဆုံးဖြတ်လိုက်သည်။ ယင်းဆုံးဖြတ်ချက်ကို အစိုးရ ပြောရေးဆိုခွင့် ရှိသူက အရှေ့ဘာလင် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ဇူလိုင်လ ၄ ရက်နေ့က ထုတ်ဖော် ကြေညာခဲ့ခြင်း ဖြစ်သည်။ အဆိုပါကြေညာချက် ထွက်ပေါ်လာချိန်တွင် အရှေ့ကျောမနီအလုပ်သမားများ၏ သပိတ်မှောက်မှုများ ဆက်လက် ဖြစ်ပွားလျက်ရှိသည်။ ထို့အတောအတွင်း အနောက်ကျောမနီ စီးပွားရေးဝန်ကြီး ကလည်း အကျိုးသင့် အကြောင်းသင့် မဟုတ်သော တောင်းဆိုချက်များ မပြုလုပ်ရန် အလုပ်သမားသမဂ္ဂများအား သတိပေးခဲ့သည်။

ဩဂုတ်လ ၃ ရက်နေ့တွင် ပေါင်းစည်းထားသော ကျောမနီနိုင်ငံ၏ မြို့တော်အဖြစ် ဘာလင်မြို့ကို ရွေးချယ်လိုက်ကြောင်း အရှေ့နှင့် အနောက်ကျောမနီနှစ်နိုင်ငံ စေ့စပ်ရေးအဖွဲ့ဝင်များက ကြေညာလိုက်သည်။ သို့ရာတွင် ဘာလင်မြို့တော်တွင် အစိုးရရုံးစိုက်ရေးကဲ့စ်ကိုမူ နှစ်နိုင်ငံ

အရှေ့ဘာလင်တွင် ငွေလဲလှယ်ရန် တန်းစီစောင့်ဆိုင်းနေကြသော အရှေ့ကျောမနီနိုင်ငံသားများ





စာရေးဆရာ ဌေးလင်း

ပေါင်းစည်းပြီးနောက်ပိုင်းမှ ဆုံးဖြတ်မည်ဟု ဆိုသည်။ တိုးတက်ပြောင်းလဲမှုများဆက်တိုက်ဖြစ်ပေါ်ခဲ့ရာစက်တင်ဘာလ ၁၂ ရက်နေ့တွင် ဒုတိယကမ္ဘာစစ်က မဟာမိတ်ဖြစ်ကြသည့် အင်အားကြီးလေးနိုင်ငံဖြစ်သော ပြင်သစ်၊ ဆိုဗီယက် ပြည်ထောင်စု၊ ဗြိတိန်နှင့် အမေရိကန် ပြည်ထောင်စုတို့က ဘာလင်တွင် ၎င်းတို့၏ ဆက်လက် သိမ်းပိုက်ထားနိုင်ခွင့်ကို အဆုံးသတ်ရန် သဘောတူညီမှု ရရှိခဲ့ကြသည်။

ဤသို့ဖြင့် ၁၉၉၀ ပြည့်နှစ် အောက်တိုဘာလ ၃ ရက်နေ့တွင် ဂျာမနီ နှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းခဲ့သည်။ အောက်တိုဘာလ ၂ ရက်နေ့အကုန် ၃ ရက်နေ့အကူး ညသန်းခေါင်ယံအချိန်တွင် အနောက်ဂျာမနီ ဝန်ကြီးချုပ် ဟဲလမွတ်ခိုးနှင့် အရှေ့ဂျာမနီ ဝန်ကြီးချုပ် လိုသာဒမဇီရဲတို့က လက်မှတ်ရေးထိုးပြီး ဂျာမနီနှစ်နိုင်ငံ ပူးပေါင်းလိုက်ပြီဖြစ်ကြောင်း ကြေညာလိုက်ရာ ဂျာမန်ပြည်သူတို့က တစ်ခဲနက် သြဘာပေးကြသည်။ ဘုရားကျောင်းများမှ ခေါင်းလောင်းများကိုထိုးကာ မီးရှူးမီးပန်းများ ပစ်လွှတ်ခဲ့ကြသည်။ ဂျာမန်ပြည်သူများအဖို့ အစဉ်ထာဝရ သတိရနေမည့် ထူးခြားလေးနက်သော သမိုင်းတွင်နေ့ တစ်နေ့လည်း ဖြစ်ပေသည်။

ဂျာမနီနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းခဲ့ရာတွင် (၁) ဆုံးရှုံးပြီးသားနယ်မြေများကို ပြန်လည်မတောင်းဆိုရေး၊ (၂) ဒီမိုကရေစီကိုသာ အဓိကထား၍ ဆောင်ရွက်ရေး၊ (၃)လက်ရှိနယ်နိမိတ်ကို ပြင်ဆင်တိုးချဲ့ခြင်း မပြုလုပ်ရေး အစရှိသည့် အချက်များကို အခြေခံခဲ့ခြင်းဖြစ်သည်။

ပေါင်းစည်းပြီး ဂျာမနီနိုင်ငံတွင် လူဦးရေ ၇၇ ဒသမ ၄ သန်းရှိရာ စီးပွားရေးနှင့် အလုပ်လက်မဲ့ ပြဿနာများ ဖြေရှင်းဆောင်ရွက်ရန် ရှိနေပေသည်။ အရှေ့ဂျာမနီ၏ ယိုယွင်းပျက်စီးနေသော စီးပွားရေးကိုလည်း ပုံမှန်အခြေအနေသို့ရောက်အောင် နှစ်အတန်ကြာ ပြန်လည်တည်ဆောက်ရပေဦးမည်။ အရှေ့ဂျာမနီရှိ ဆိုဗီယက်တပ်သားဦးရေ ၃,၆၀,၀၀၀ ကို ၁၉၉၄ ခုနှစ် ခန့်လောက်တွင် ပြန်လည်ရုပ်သိမ်းရန်အတွက် ဒေါ်လာ ၈ ဒသမ ၃ ဘီလီယံ ကုန်ကျရန် ရှိနေပြီး စာချုပ်ဟောင်းအရ မော်စကိုမှိုသို့ ဒေါ်လာ ၃ ဒသမ ၈ ဘီလီယံ တန်ဖိုးရှိထုတ်ကုန်ချောများတင်ပို့ရန်လည်း ရှိနေသည်။ ပေါင်းစည်းပြီး ဂျာမနီနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲများကို ဒီဇင်ဘာလတွင် ကျင်းပမည်ဖြစ်သည်။

ဌေးလင်း (ခရစ် ၁၉၁၂ – ၁၉၉၀)။ ။အမျိုးသားစာပေဆုနှင့် ရှမဝတစ်ထောင်ဆုရ စာရေးဆရာဌေးလင်းကို မကွေးတိုင်းမြို့သစ်မြို့နယ် ဂွေးချိရွာ၌ ၁၉၁၂ ခုနှစ် ဇွန်လ ၁၈ ရက်နေ့တွင် အဖ ဦးကြည်သာ၊ အမိ ဒေါ်သိုင်းတို့က မွေးဖွားသည်။ အမည်ခင်း ဦးစိန်ခိုဖြစ်သည်။

ငယ်စဉ်က နတ်မောက်မြို့နယ် ခြောက်ပင်ခြံကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတွင် သဒ္ဒါ၊ သင်္ဂြိဟ်တို့ကို သင်ယူခဲ့ပြီးနောက် တောင်တွင်းကြီးမြို့ ဆရာတော် ဦးဥက္ကဋ္ဌ၏ အင်္ဂလိပ်–မြန်မာ နှစ်ဘာသာသင်ကျောင်း၌ ဆက်လက် ပညာသင်သည်။ ထိုကျောင်းမှ ခုနစ်တန်းအောင်ခဲ့သည်။

ဌေးလင်းသည် ၁၉၃၄ ခုနှစ်မှစ၍ စာ စရေးခဲ့သည်။ ထိုနှစ်တွင်ပင် စျေးနှုန်းသတင်းစာက ကြီးပွားချမ်းသာရေးခေါင်းစဉ်နှင့် ဆောင်းပါးပြိုင်ပွဲပြုလုပ်ရာ ဌေးလင်းသည် အဆိုပါဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိခဲ့ဖူးသည်။

ဌေးလင်းသည် ၁၉၃၅ ခုနှစ်မှစ၍ ရန်ကုန်သို့ ပြောင်းရွှေ့အခြေစိုက်လျက် စာပေနယ်သို့ စတင် ဝင်ရောက်ခဲ့သည်။ ထိုစဉ်က ဌေးလင်း၏ ကလောင်အမည်မှာ တောင်တွင်းကြီး သတိုးစိန် ဖြစ်သည်။ ရှေတွင်းစိန် ကလောင်အမည်နှင့်လည်း ၁၉၃၆–၃၇ ခုနှစ်တွင် ဒီးဒုတ်ဂျာနယ်၌ ဝတ္ထုတို သုံးလေးပုဒ် ရေးခဲ့ဖူးသည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်းတွင် ဌေးလင်းသည် ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ဝင်ရောက်၍ ရခိုင်ပြည်နယ်နှင့် အထက် မြန်မာနိုင်ငံဒေသများ၌ တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် တပ်မှထွက်ခဲ့ပြီး ဂျပန်ခေတ်တွင် ရန်ကုန်ခရိုင် အရေးပိုင်ရုံး၌ စာရေးအဖြစ် အမှုထမ်းခဲ့သည်။

၁၉၅၃ ခုနှစ်တွင် ဤယမုန်ဝတ္ထုဖြင့် ရှမဝတစ်ထောင်ဆုကို ပထမဆုံးရရှိခဲ့သည်။ ထိုအချိန်တွင် စာရေးအမှုထမ်းအဖြစ်မှ နုတ်ထွက်ခဲ့သည်။ ဤယမုန်ဝတ္ထုတွင် ဌေးလင်းကလောင်အမည်ကို စတင် သုံးစွဲခဲ့ခြင်းဖြစ်သည်။ ဌေးလင်းသည် ဤယမုန်ဝတ္ထုကို ၁၉၅၁ ခုနှစ်တွင် ပျို

မောင်ကြီးဝတ္ထုအမည်နှင့် စတင်ရေးသားခဲ့သည်။ ၎င်း၏ ဝတ္ထုကို သခင်ဘသောင်း၊ ရွှေဒုံးဘီအောင်၊ တက်တိုး တို့အား ပေးဖတ်ပြီး ဝေဖန်မှုခံယူခဲ့သည်။ ဌေလင်းသည် ၎င်း၏ ဝတ္ထုကို စာအုပ်အဖြစ် ထုတ်ဝေနိုင်ရန် ကြိုးစားခဲ့သော်လည်းကလောင်သစ်ဖြစ်၍ထုတ်ဝေမည့်သူ မရှိခဲ့ချေ။ ရှမဝတစ်ထောင်ဆု ပေါ်လာသောအခါ ဆုရွေးချယ်ရေးအဖွဲ့၏ စာမျက်နှာသတ်မှတ်ချက်နှင့် ညီညွတ်စေရန် ဖြည့်စွက် ခွဲထုင် ရေးသားပြီး ဝတ္ထု အမည်ကိုလည်း ဤယမုန် ဟူ၍ ပြောင်းခဲ့သည်။ ဌေလင်း၏ ဤယမုန် ဝတ္ထုသည် ရုပ်ရှင်ရိုက်ကူးခဲ့ရသည်။

ဌေလင်းသည် ၁၉၅၃ ခုနှစ်မှ စ၍ အိုးဝေသတင်းစာ၊ ယဉ်ကျေးမှုစာစောင်၊ ပေဖူးလွှာမဂ္ဂဇင်း၊ နဝဒေးမဂ္ဂဇင်းနှင့် သင့်ဘဝမဂ္ဂဇင်းတို့တွင် အယ်ဒီတာ တာဝန်ကို ထမ်းဆောင်ခဲ့သည်။

ဌေလင်းသည် ရှမဝတစ်ထောင်ဆုအပြင် ၁၉၆၅ ခုနှစ်တွင် ပင်းမြို့သူဝတ္ထုဖြင့် အမျိုးသားစာပေ ဝတ္ထုရှည် တတိယဆုကို ရရှိခဲ့သူဖြစ်သည်။ ဌေလင်းသည် နယ်ခဲ့ဆန့်ကျင်ရေးဝတ္ထုများကိုလည်း ရေးသားခဲ့ရာ မြို့လုလင်မှ ပုန်ကန်ခြင်း(၁၉၆၆)၊ ရန်ကုန်စစ်တလင်း (၁၉၆၈)နှင့် သူရဲတစ်ထောင် စသော၀တ္ထုများဖြစ်သည်။

ဌေလင်းသည် ဗမာ့လွတ်လပ်ရေးတပ်မတော်၌ ဝင်ရောက် အမှုထမ်းလျက် လွတ်လပ်ရေးကြိုးပမ်းမှုတွင် တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်ခဲ့သဖြင့် လွတ်လပ်ရေးမော်ကွန်းဝင် တတိယဆင့် ရရှိခဲ့သည်။

အမျိုးသားစာပေဆုနှင့် ရှမဝတစ်ထောင်ဆုရ စာရေးဆရာဌေလင်းသည် ၁၉၈၉ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက် နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

စာပေဗိမာန်စာမူဆု ရွေးချယ်စိစစ်ရေး အဖွဲ့။ ။ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးသည် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဗိမာန်အဖွဲ့က နှစ်စဉ် ချီးမြှင့်လျက်ရှိသည့် စာပေဗိမာန် စာမူဆုများကို စိစစ် ရွေးချယ်နိုင်ရန် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သည့် ၁၉၈၈ ခုနှစ်နှင့် ၁၉၈၉ ခုနှစ်များအတွက်နှစ်နှစ်သက်တမ်း ရှိသော "စာပေဗိမာန်စာမူဆု ရွေးချယ်စိစစ်ရေးအဖွဲ့"ကို ဖွဲ့စည်းပေးခဲ့သည်။

(က) ဦးမောင်ဇမောင်ခင် (တက္ကသိုလ် မောင်မောင်ခင်) အကြံပေး ပုဂ္ဂိုလ်၊ ရုပ်ရှင်လုပ်ငန်း — ဥက္ကဋ္ဌ

(ခ) ဦးစိုးညွန့် (ထီလာစစ်သူ) ဦးဆောင်ညွှန်ကြားရေးမှူး သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း — အဖွဲ့ဝင်

(ဂ) ဦးတင်အောင် အငြိမ်းစား စာတည်းမှူး စာပေဗိမာန်အဖွဲ့ — အဖွဲ့ဝင်

(ဃ) ဦးထွန်းအောင်ခိုင် ပါမောက္ခ၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ် — အဖွဲ့ဝင်

(င) ဗိုလ်မှူး မောင်ဝင်း ညွှန်ကြားရေးမှူး၊ စာပေစိစစ်ရေးနှင့် မှတ်ပုံတင်ဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန — အဖွဲ့ဝင်

(စ) ဒေါ်ရင်ရင် (စောမုံညင်း) မြန်မာစာအဖွဲ့ဝင်၊ မြန်မာစာအဖွဲ့ ဦးစီးဌာန — အဖွဲ့ဝင်

(ဆ) ဒေါ်မြင့်သန်း အငြိမ်းစားကထိက၊ မြန်မာစာဌာန ရန်ကုန်တက္ကသိုလ် — အဖွဲ့ဝင်

(ဇ) ဦးမျိုးသန့် (မောင်ဆုရှင်) ညွှန်ကြားရေးမှူး (စာပေ) စာပေဗိမာန်အဖွဲ့ — အဖွဲ့ဝင်

(စျ) ဒေါ်တင်အေးကြည် စာတည်းမှူး၊ စာပေဗိမာန်အဖွဲ့ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း — အတွင်းရေးမှူး

ဤအဖွဲ့ကို ၁၉၈၇ ခုနှစ်အတွက် ပြိုင်ပွဲဝင်စာမူများမှ ရွေးချယ် စိစစ်သင့်သော စာမူများကိုလည်း စိစစ်၍ ထောက်ခံတင်ပြရန် တာဝန်ပေးအပ်ခဲ့သည်။

ဤအဖွဲ့သည် စာမူဆု ချီးမြှင့်ရေးဆိုင်ရာ မူများ၊ စည်းကမ်းချက်များနှင့် ကိုက်ညီသည့် စာမူများထဲမှ ရွေးချယ်၍ ဆုများချီးမြှင့်ခဲ့ရာ ၁၉၈၇ ခုနှစ်အတွက် စာမူပေါင်း ၁၆၇ ပေါင်းကို ဖတ်ရှုစိစစ်၍ ဘာသာရပ် ၁၁ မျိုးအတွက် ဆုပေါင်း ပထမဆု ရှစ်ဆု၊ ဒုတိယဆု ရှစ်ဆု၊ တတိယဆု ခုနစ်ဆု စုစုပေါင်း ၂၃ ဆုကို ရွေးချယ် ချီးမြှင့်နိုင်ခဲ့သည်။

၁၉၈၈ ခုနှစ်အတွက် ပြိုင်ပွဲခေါ်ယူခြင်းမရှိခဲ့ဘဲ ၁၉၈၉ ခုနှစ်အတွက် ပြိုင်ပွဲဝင် စာမူပေါင်း ၁၄၉ စောင်ကို ဖတ်ရှု စိစစ်ပြီးပထမဆု ခြောက်ဆု၊ ဒုတိယဆု ၁၀ ဆု၊ တတိယဆု ငါး ဆု စုစုပေါင်း ၂၁ ဆုကို ရွေးချယ် ချီးမြှင့်ခဲ့သည်။

၁၉၈၇ ခုနှစ်အတွက် ဆုနှင်းသဘင်မှစ၍ ပထမဆု ကျပ် ၇၀၀၀၊ ဒုတိယဆု ကျပ် ၆၀၀၀၊ တတိယဆု ကျပ် ၅၀၀၀ စီ တိုးတက်ချီးမြှင့်ခဲ့သည်။

စင်ကာပူနိုင်ငံ။ ။စင်ကာပူဝန်ကြီးချုပ် လီကွမ်ယူက ၁၉၉၀ ပြည့်နှစ် နှစ်သစ်ဦးကို ကြို ဆို သော အား ဖြင့် ၁၉၀၉ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့က နှုတ်ခွန်းဆက် စကားပြောကြားရာတွင် ၁၉၀၉ ခုနှစ်က ဖြစ်ပွားခဲ့သည့် ရုတ်ရုတ်သဲသဲကမ္ဘာ့အဖြစ်အပျက်များသည် သမိုင်းခေတ် တစ်ခေတ်ကို ကုန်ဆုံးစေခဲ့သည့် အမှတ်လက္ခဏာများပင် ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးကို ထိန်း သိမ်း ရန် အ တွက် အင်အားညီမျှမှုချိန်ခွင်လျှာအသစ်ကို ကမ္ဘာတွင် ချမှတ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အ ရှေ့ ဥ ရော ပတွင် တုန်လှုပ်ခဲ့သည် နိုင်ငံရေးငလျင်များသည် ကမ္ဘာကြီးနှင့် တကွ ဥရောပတိုက်၏ မြေပုံအနေအထားကိုပါ ပြောင်းလဲ သွားစေခဲ့ရုံမျှမက ကမ္ဘာအဝန်း ပထဝီအနေအထားအရ လည်းကောင်း၊ နိုင်ငံရေးအရ လည်းကောင်း ဆက်စပ် နှီးနှယ်မှုများသည်လည်း ပြောင်းလဲလျက် ရှိနေကြောင်း ဖြင့် ပြောကြားသွားသည်။

လီကွမ်ယူက ဆက်လက်ပြောကြားရာတွင် အာရှနှင့် ပစိဖိတ်ဒေသ ဖွံ့ဖြိုးမှုနှင့် တည်ငြိမ်မှုအတွက် အမေရိကန် နိုင်ငံနှင့် ဂျပန်နိုင်ငံတို့၏ နှစ်နိုင်ငံ ခိုင်မာသည့် ဆက်ဆံ ရေးသည် အရေးပါလှကြောင်း၊ စင်ကာပူနိုင်ငံ၏ စီးပွား ရေးမှာ ၁၉၀၉ ခုနှစ်တွင် ၉.၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး လွန်ခဲ့သော ၁၀ နှစ်တာ ကာလအတွင်း နှစ်စဉ် ၇.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်းနှင့် ၁၉၉၀ ပြည့်နှစ် မကုန် ဆုံးမီ ၎င်း၏ နေ ရာ တွင် အသက် ၄၀ နှစ် အရွယ် ရှိ ဒုတိယဝန်ကြီးချုပ် ဂို ချုပ်တောင်က ဆက်ခံသွား မည် ဖြစ်ကြောင်းများကိုပါ ထည့်သွင်း ပြောကြားခဲ့သည်။ (၁၉၉၀ ပြည့်နှစ် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် လီကွမ်ယူ နှုတ်ထွက်၍ ဂို ချုပ်တောင်က ဆက်ခံသည်။)

မြို့ပြနိုင်ငံဖြစ်သော စင်ကာပူနိုင်ငံတွင် လူဦး ရေ ၂၆ သိန်းသာ ရှိသည်။ ၁၉၉၃ ခုနှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲသည် စင်ကာပူနိုင်ငံအနေဖြင့် နိုင်ငံရေး တည်ငြိမ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရှေ့နှစ်ပေါင်း များစွာဆက်လက်တည်ရှိနေရေး၊ မနေရေးကို အ ဆုံး အဖြတ် ပေးမည်ဟု မျှော်လင့်ရပေသည်။ စင် ကာ ပူ ဝန်ကြီးချုပ်လီကွမ်ယူအနေဖြင့် ၁၉၉၃ ခုနှစ်ရွေးကောက်ပွဲ မတိုင်မီ ယခုနှစ်ကုန်ပိုင်း၌ ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက် ပေးမည့်အပြင် အာဏာရ ပြည် သူ လူပ် ရှား မှု ပါ တီ (ပီအေပီ)၏ ဥက္ကဋ္ဌရာထူးကိုလည်း စွန့်လွှတ်လိမ့်မည်ဖြစ် သည်။

စင်ကာပူနိုင်ငံ၏ ပထမဆုံးနှင့် တစ်ဦး တည်း သော ဝန်ကြီးချုပ် ဖြစ် သည့် လီသည် ၁၉၉၀ ပြည့်နှစ် စက်တင်ဘာ ၁၆ ရက်နေ့တွင် အသက် ၆၇ ခုနှစ်ပြည့်ပြီး သည့်အခါ လက်ရှိဝန်ကြီးချုပ်ရာထူးမှ ဖယ်ရှားပေးမည် ဖြစ်ပေသည်။ လီ၏ အကြီးဆုံးသား ဖြစ်သည့် အသက် ၃၇ နှစ်အရွယ်ရှိ ယခုလက်ရှိ ကုန်သွယ်ရေးနှင့် စက်မှု ဝန်ကြီးဖြစ်သူမှာ ဂို ချုပ်တောင်ထံမှ ဝန်ကြီးချုပ်ရာထူးကို နောက်ပိုင်းတွင်ဆက်ခံသွားရန်အလားအလာကောင်းကာ အခွင့်သာလျက်ရှိသည်။

စင်ကာပူနိုင်ငံသည် တစ်ပါတီစနစ်မဟုတ်သော်လည်း လီကွမ်ယူ၏ ပြည်သူ လူပ်ရှားမှုပါတီ (ပီ အေ ပီ) က ၂၅ နှစ်တိုင် လွှမ်းမိုးအုပ်ချုပ်ခဲ့သည်။ အစ္စ လာမ် မစ် စင်ကာပူပြည်သူလွှတ်မြောက်ရေးအဖွဲ့(အက်စ်ဗီအယ်အို) အဖွဲဝင်များကို ၁၉၈၂ ခုနှစ်မှစ၍ စင်ကာပူအာဏာပိုင် များက ဖမ်းဆီးအရေးယူခဲ့သည်။ (စွယ်စုံနှစ်ချုပ်၁၉၈၄– စာ၊ ၁၆၁—ရှု။) မာ့က်စ်ဝါဒီခေါ် လက်ဝဲသမားနှိမ်နင်း ရေးကို ၁၉၈၇ ခုနှစ်က စတင်ခဲ့သည်။ ပြည်သူစည်းစိမ် ဥစ္စာများကို ကာကွယ်ရန်ဟု အကြောင်းပြကာ လက်ဝဲနှံ သင်းသူတို့ကို ဖမ်းဆီးအရေးယူခဲ့သည်။ အလုပ်သမား ပါတီနှင့် ဗရင်ဂျီ ဘာသာဝင်တို့သည် အတိုက်အခံများ ဖြစ်သည်။

လီကွမ်ယူ၏ ပါတီဖြစ်သည့် ပြည်သူ လူပ်ရှားမှု ပါတီ (ပီအေပီ)၏ ညီလာခံကို ဖေဖော်ဝါရီလ ၂၄ ရက်နေ့က ကျင်းပရာ စင်ကာပူနိုင်ငံအနေဖြင့် တောင် ကို ရီး ယား၊ ထိုင်ဝမ်နှင့် ဟောင်ကောင်တို့၏ ပညာရေးအဆင့်အတန်း များနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အမေရိကန်နိုင်ငံ ပညာရေး စနစ်မျိုး ကဲ့သို့ ပေါ့ပေါ့တန်တန် မဖြစ်စေရဟု မှတ်ချက်ချ ပြောဆိုသွားသည်။

အဆိုပါ ညီလာခံ၌ စာတမ်းတစ်စောင် ဘင်သွင်းခဲ့ရာ စင်ကာပူနိုင်ငံ၏ လူနေမှုဘဝ အချက်အချာနေရာနှစ်ခုတွင် ဖိအားပေးကာ အလေးထား လုပ်ဆောင်နေမှုကြောင့် အချို့သော လူများသည် သက်သောင့်သက်သာ လုပ် ကိုင် နေထိုင်နိုင်သည့် ကနေဒါနှင့် ဩစတြေးလျကဲ့သို့သော နိုင်ငံများဆီသို့ သွား ရောက် ခို လှုံ နေ ထိုင် လျက် ရှိကြ



စင်ကာပူဝန်ကြီးချုပ်ဟောင်း လီကွမ်ယူ

ကြောင်း စာတမ်းတွင် ဖော်ပြထားသည်။ စာတမ်းက ရည်ညွှန်းထားသော ဖိအား ပေးကာ အလေး ထား လုပ်ဆောင်နေသည့် နေရာနှစ်ခုမှာ လုပ်ငန်း ခွင် နှင့် ကျောင်းတို့ ဖြစ်ကြသည်။ လုပ်ငန်းခွင်တွင် စင်ကာပူ နိုင်ငံအနေဖြင့် အမြဲတမ်း နံပါတ်တစ် နေရာတွင် ရှိရန် ကြိုး ပမ်းလုပ် ဆောင် ကြ ရန် နှင့် ကျောင်း များ တွင် ပညာရေးစနစ် အောင်မြင်ရန် ကြိုးစားကြရန် တိုက်တွန်း ထားသည်။ ၁၉၈၈ ခုနှစ်တွင် တိုင်းတပါးသို့ သွားရောက် နေထိုင်သူ မိသားစု ၄,၇၀၇ ဦး ရှိကြောင်း၊ ယင်းမှာ နိုင်ငံ၏ ကျွမ်းကျင်သူ ပုဂ္ဂိုလ်များ ဆုံးရှုံးမှုပင် ဖြစ် ကြောင်းဖြင့် စာတမ်း၌ ဖော်ပြထားသည်။

စင်ကာပူနိုင်ငံ၏ သမ္မတ ရာထူး ကို ပြည် သူ တို့ ရွေးကောက် တင်မြှောက်ခြင်းဖြင့် ရွေးချယ် တာဝန်ပေး သွားရန်နှင့် ယင်းသမ္မတကို ဗီတိုအာဏာများ၊ အပ်နှင်း သွားရန် အစိုးရက အဆိုပြုမည် ဖြစ်ကြောင်း၊ ယင်းသို့ ရွေးကောက် တင်မြှောက်နိုင်ရေးအတွက် ဥပဒေပြဋ္ဌာန်း အချိန်ယူ ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ယင်းဥပဒေ ပြင်ဆင် ပြဋ္ဌာန်းမှုသည် စင်ကာပူဖွဲ့စည်းပုံ အခြေခံဥပဒေ တွင် ကြီးမားသော ပြုပြင် ပြောင်းလဲမှု ဖြစ်ကြောင်းဖြင့် ဇွန်လ ပထမပတ်အတွင်း ကျင်းပခဲ့သည် ပါလီမန် အစည်း အဝေး အဖွင့် မိန့်ခွန်းတွင် စင်ကာပူနိုင်ငံ လက်ရှိ သမ္မတ ဝီးကင်ဝီးက ထည့်သွင်း ပြောကြားသွားသည်။

သမ္မတ ဝီးကင်ဝီးသည် ဒုတိယ လေးနှစ် သက်တမ်း ထမ်းဆောင်နိုင်ရန် ပါလီမန်အမတ်များက လွှန်ခဲ့သည့်နှစ် စက်တင်ဘာလက ရွေး ကောက် တင် မြှောက် ခဲ့ သည်။ လက်ရှိ သမ္မတစနစ်အရ ဥပဒေကြမ်းတစ်ခု ပေါ်ထွက် လာရေးတွင် သမ္မတ လက်မှတ်ထိုးရန် လိုအပ်သော်လည်း သမ္မတတွင် ဗီတိုအာဏာ သုံးစွဲခွင့် မရှိပေ။ ဝန်ကြီးချုပ် ရာထူးကိုမူ ပြည် သူ တို့ ရွေး ချယ် တင် မြှောက် သော ပါလီမန်က ရွေးချယ်တာဝန်ပေးခြင်း ဖြစ်သည်။

စင်ကာပူ ဒုတိယဝန်ကြီးချုပ် ဂိုချုပ်တောင်သည် အဖွဲ့ဝင် ရှစ်ဦးပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဦးဆောင်၍ မတ်လ ပထမပတ်အတွင်းက မလေးရှား နိုင်ငံသို့ အလည်အပတ် သွားရောက်ခဲ့ရာ မလေးရှား ဝန်ကြီးချုပ် မဟာသီယာမိုဟာမက်နှင့် တွေ့ဆုံဆွေးနွေး ခဲ့သည်။ နှစ်ရက်ကြာအလည်အပတ်ခရီးစဉ်အပြီး သတင်း စာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့သည်။

စင်ကာပူနိုင်ငံသည် မလေးရှား ဖက်ဒါရေးရှင်းနှင့် ၁၉၆၃ ခုနှစ်က ပူးပေါင်းခဲ့သည်။ သို့ရာတွင် ၁၉၆၅ ခုနှစ်တွင် စင်ကာပူနှင့် မလေးရှား ရှိ ခေါင်းဆောင်များ အပြန်အလှန် ကတောက်ကဆဖြစ်ကာ အချင်းများကြ ပြီးနောက် ထိုစဉ်က မလေးရှား ဝန်ကြီးချုပ်ဖြစ်သူ တွန်ကူ အဗ္ဗဒူ ရာမန်က စင်ကာပူအား ဖက်ဒါရေးရှင်းမှ ထုတ်ပစ်ခဲ့သည်။

စင်ကာပူနှင့်မလေးရှား နှစ်နိုင်ငံ ဆက်ဆံရေးမှာ လောလောဆယ်တွင် တင်းမာလျက်ပင် ရှိသည်။ ပြဿနာ၏ အကြောင်းရင်းမှာ သူလျှိုကိစ္စနှင့်စပ်လျဉ်း၍ ဖြစ်သည်။ စင်ကာပူဝန်ကြီးချုပ် လီကွမ်ယူသည် မလေးရှားသို့ ဧပြိုလနောက်ဆုံးပတ်က တစ်ရက်ကြာလာရောက် စဉ် မလေးရှား ဝန်ကြီးချုပ် မဟာသီယာ မိုဟာမက်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲအပြီး သတင်းထောက် များနှင့် တွေ့ဆုံရာတွင် မိမိအနေဖြင့် သူလျှိုလုပ်မှုကိစ္စနှင့် စပ်လျဉ်း၍ပင်ပင်လင်းလင်း ဆက်ဆံရန်အသင့်ရှိကြောင်း၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ယုံကြည်မှု ရှိလာစေရေးအတွက် ကာကွယ်ရေးဆိုင်ရာ တည်ဆောက်မှုများကို ပွင့်ပွင့်လင်း လင်း အပြန်အလှန် စစ်ဆေးကြည့်ရှုသင့်ကြောင်း လီကွမ်ယူကပြောကြားသည်။

စင်ကာပူနိုင်ငံ၏ စီးပွားရေး တိုးတက်မှုနှုန်းသည်

ဝန်ကြီးချုပ်သစ် ဂိုချုပ်တောင်



၁၉၇၉ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ ၉ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအတွင်း ရှိနေခဲ့ရာမှ ၁၉၈၂ ခုနှစ်တွင် ၆ ဒသမ ၃ ရာခိုင်နှုန်းသာ ရှိတော့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၃–စာ၊ ၁၇၉—ရှု။) ၁၉၈၃ ခုနှစ်၌ စင်ကာပူနိုင်ငံ၏ စီးပွားရေး တိုးတက်မှုနှုန်းသည် အနိမ့်ဆုံးစံချိန်ဖြစ်ခဲ့သည်။ ၁၉၇၅ ခုနှစ်က စီးပွားရေးတိုးတက်မှုနှုန်း လေးရာခိုင်နှုန်းထက်ပင် နိမ့်ကျခဲ့သည်။ (စွယ်စုံ နှစ်ချုပ် ၁၉၈၄–စာ၊ ၁၆၁—ရှု။)

စီးပွားရေး ဖွံ့ဖြိုးသည်ဟု ကျော်ကြားသော စင်ကာပူနိုင်ငံ၏ စုစုပေါင်းထုတ်ကုန်ပစ္စည်းပမာဏသည် ၁၉၇၅ ခုနှစ်တွင်လျော့ကျခဲ့သည်။ လီကွမ်ယူတို့ ကြိုးစားမှုကြောင့် ၁၉၈၆ ခုနှစ်တွင် ၁ ဒသမ ၉ ရာခိုင်နှုန်း တိုးခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် ၈ ဒသမ ၈ ရာခိုင်နှုန်း တိုးလာသည်။ ကုန်ပစ္စည်း ထုတ်လုပ် ရောင်းချမှုသည် ၂၀ ရာခိုင်နှုန်း တိုးလာကာ အလုပ်သစ်ပေါင်း ၂၀,၀၀၀ ပေါ်ထွန်းလာခဲ့သည်။

စင်ကာပူနိုင်ငံ၏ စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုသည် အကောက်ခွန်လွတ်ပစ္စည်းများ တင်သွင်းရောင်းဝယ်နိုင်ခြင်းနှင့် သက်သာစွာ အခွန်ကောက်ခံခြင်းတို့အပေါ် အခြေခံသည်။ နိုင်ငံခြား စက်မှုလက်မှုကုမ္ပဏီများနှင့် ဒွေပင်ဒွေရင်းတို့ လှိမ့်ဝင်လာသည်။ ထိုအချိန်၌ စင်ကာပူကုန်သည်တို့သည် ဂျပန်ထံမှ နည်းနိဿယကိုအတုယူ၍ ပစ္စည်းထုတ်လုပ်သည်။ ကောင်းကောင်းလုပ်ပြီး စျေးပေါပေါရောင်းသည့်မူကို ၁၉၆၀ ပြည့်နှစ်များက ခံယူကျင့်သုံးခဲ့သည်။ ထို့နောက် ၁၉၇၉ ခုနှစ်တွင် စက်မှုလုပ်ငန်း ဝန်ထမ်းများအား လခကောင်းကောင်း တိုးပေးခဲ့သည်။

ဤသို့ စီးပွားရေးကောင်းသဖြင့် ပစိဖိတ်သမုဒ္ဒရာကမ်းခြေမှ "ကျားကြီး လေးစီး" ဟု နာမည်ပေးခြင်းခံရသော နိုင်ငံလေးနိုင်ငံတွင် အပါအဝင် ဖြစ်သည်။ ထိုလေးနိုင်ငံမှာ တောင်ကိုရီးယား၊ ထိုင်ဝမ်၊ ဟောင်ကောင်နှင့် စင်ကာပူတို့ဖြစ်ကြသည်။ ၁၉၈၉ ခုနှစ် ဧပြီလဆန်းတွင် အရာရှိအရာထမ်းအားလုံး၏ လစာများကို အခြေအနေအရ တိုးမြှင့်လိုက်သည်။ ဝန်ကြီးချုပ် လီကွမ်ယူ၏ လစာကို ၆၀ ရာခိုင်နှုန်း တိုးမြှင့်လိုက်ရာ တစ်နှစ်လျှင် ဒေါ်လာ ၄,၁၅,၅၃၁ ရရှိမည် ဖြစ်သည်။ အမေရိကန် သမ္မတ ဘုရှ် ရရှိသည့် အခြေခံလစာ၏ နှစ်ဆဖြစ်သည်။ ပထမလက်ထောက် ဝန်ကြီးချုပ် ဂိုချုပ်တောင်၏ လစာကို ၅၄ ရာခိုင်နှုန်း တိုးသဖြင့် တစ်နှစ်ရရှိငွေသည် ဒေါ်လာ ၂,၆၇,၀၀၀ ဖြစ်လာသည်။ ထူးချွန်စွာ ဝန်ထမ်းခဲ့ကြမှုကို ဂုဏ်ပြုသော အနေဖြင့် ဝန်ထမ်းများ၏ လစာတိုးခြင်းဖြစ်သည်ဟု မစ္စတာလီက ပြောသည်။

ငွေကြေး တောင့်တင်းလာသည့်အတွက် စင်ကာပူကုန်သည်ကြီးများ၊ လုပ်ငန်းရှင်ကြီးများသည် အိမ်နီးချင်းနိုင်ငံများသို့လည်းကောင်း၊ ရပ်ဝေးဒေသများသို့လည်းကောင်း သွားရောက်ကာ ရင်းနှီးမြှုပ်နှံ အလုပ်လုပ်ကြသည်။ ၁၉၈၈ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ စင်ကာပူဒေါ်လာ ၁၀၁ ဒသမ ၃ သန်းဖိုး (အမေရိကန်ဒေါ်လာ ၆၂ ဒသမ ၂ သန်း) ရင်းနှီးမြှုပ်နှံသည်။ ယမန်နှစ်ကထက် ၃၀ ရာခိုင်နှုန်းတိုး၍ မြှုပ်နှံခဲ့သည်။ စင်ကာပူနှင့် နီးစပ်သော ဂျုံဟိုပြည်နယ်တွင် ပို၍ရင်းနှီးမြှုပ်နှံခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင်မူ လမ်း၊ ဆိပ်ကမ်း တည်ဆောက်မှုစက်ကိရိယာပစ္စည်းများကို လည်းကောင်း၊ ကတ္တရာစေးစသော ပစ္စည်းများကို လည်းကောင်း ရောင်းချသည့် ဆိုင်များကို စင်ကာပူကုမ္ပဏီကြီးများက ၁၉၉၀ ပြည့်နှစ် ဇွန်လတွင် ဖွင့်လှစ်ထားသည်။ လျှပ်စစ်ပစ္စည်းစသည် ရောင်းဝယ်သော မြန်မာ–ပါရမီ ဖက်စပ်အရောင်းဌာနတွင်လည်း စင်ကာပူမှ ပါရမီထရေဒင်ကုမ္ပဏီ (ဖက်စပ်) ပါဝင်သည်။ ဆိုဗီယက် ပြည်ထောင်စု မော်စကိုရှိ တည်ဆောက်မည့် ဟိုတယ်တစ်ခုတွင် စင်ကာပူ ပါဝင် တည်ဆောက်မည်ဟု သိရှိရသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်လျက်ရှိသော စင်ကာပူ နိုင်ငံတွင် ဘဏ္ဍာရေးရှင်းတမ်း၌ ပိုငွေပြလျက်ရှိသည်။ ဧပြီ ၁ ရက်နေ့က စတင်မည့် ၁၉၉၀–၉၁ ဘဏ္ဍာရေးနှစ်အတွက် စင်ကာပူနိုင်ငံအနေဖြင့် စင်ကာပူဒေါ်လာ ၄.၃၉ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂.၆၀ ဘီလီယံ) ပိုငွေပြခဲ့သည်။ စင်ကာပူနိုင်ငံသည် သဘာဝသယံဇာတ ကြွယ်ဝခြင်း မရှိသည့်နိုင်ငံငယ်ကလေးတစ်နိုင်ငံဖြစ်ရာ ယခုကဲ့သို့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမှရရှိလာသော ပိုငွေများကို အလဟဿဖြုန်းတီးမပစ်ဘဲ အကျိုးရှိစွာအသုံးချရန် စီစဉ်ထားသည်။ စီးပွားရေး အောင်မြင် ဖြစ်ထွန်းလာမှုကို ပုဂ္ဂလိကကဏ္ဍနှင့် မျှဝေခံစားသည့်အနေဖြင့် လုပ်ငန်းဌာနကြီးများ ပေးဆောင်နေရသည့် အခွန် ၃၁ ရာခိုင်နှုန်းမှ တစ်ရာခိုင်နှုန်း လျှော့ပေါ့ဖြတ်တောက်ရန် စီမံထားပြီး အပြည်ပြည်ဆိုင်ရာမှ ကုန်ပစ္စည်း ကူးသန်းရောင်းဝယ်ရေး ကုမ္ပဏီများအား အခွန်အကောက် ၁၀ ရာခိုင်နှုန်း လျှော့ပေါ့ သက်သာခွင့် အထူးအခွင့်အရေး ပေးမည်ဟု ကမ်းလှမ်းထားသည်။

ထိုသို့ ဖွံ့ဖြိုးတိုးတက်လာသဖြင့် ဝန်ကြီးချုပ်လီကွမ်ယူမှာ များစွာအားတက်လာသောကြောင့် မိမိတို့အာရှနိုင်ငံများသည် အနောက် ဥရောပနိုင်ငံများ၏ ကြွယ်ဝမှုအဆင့်သို့ လာမည့် ၁၀ နှစ်အတွင်း အမီလိုက်လာကြမည့်အပြင် အမေရိကန်ပြည်ထောင်စု၏ ကြွယ်ဝမှုအဆင့်ကိုပင် မီလာကြလိမ့်မည်ဟု ဇွန် ၆ ရက်နေ့က ပြောကြားသည်။

စင်ကာပူနိုင်ငံအနေဖြင့် လုပ်အားခ၌တဲ့မှု ပြဿနာကို ခံစားနေရသည်ဖြစ်ရာ အခ၌သော ကုမ္ပဏီများသည် လုပ်အား အများအပြား လိုအပ်လျက်ရှိသည့် မိမိတို့၏ လုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများသို့ လွှဲပြောင်းရမည့် အခြေအနေသို့ ဆိုက်ရောက်ခဲ့သည်။ စင်ကာပူနိုင်ငံတွင် လက်ရှိ အလုပ်လုပ်နိုင်သည့် အင်အား ၁.၂ သန်း ရှိရာ ၎င်းတို့အထဲတွင် နိုင်ငံခြားသား ၁,၅၀,၀၀၀ ပါဝင်သည်။ လက်ရှိလုပ်သားအင်အားကို ဖြည့်ဆည်းရန် နောက်ထပ် အလုပ်သမားဦးရေ ၈၀,၀၀၀ လိုအပ်လိမ့်မည်ဟု ခန့်မှန်း တွက်ချက်ထားသည်။

စင်ကာပူနိုင်ငံသည် အလုပ်သမားခ၌တဲ့မှု ပြဿနာကို ကျော်လွှားနိုင်ရန် နိုင်ငံရပ်ခြားမှ လာရောက်လုပ်ကိုင်မည့် အလုပ်သမားများကို ပိုမိုခွင့်ပြုမည်ဟု မတ်လ ၂ ရက်နေ့က ကြေညာသည်။ ထို့ပြင် အသက်ငယ်ရွယ်သော မိခင်များ အနေဖြင့် ဒုတိယမြောက် ကလေးကို စောစောယူမည် ဆိုပါက အခွန်အကောက် သက်သာခွင့် ပေးမည်ဟု မက်လုံးပေးကာ ဆွဲဆောင်ထားသည်။

စင်ကာပူနိုင်ငံရှိ ကုမ္ပဏီအများအပြားကလည်း နိုင်ငံ၏ လုပ်အားခ၌တဲ့မှုကို ကာကွယ်ရန်အတွက် အလုပ်သမား များ အငြိမ်းစားယူရမည့် အသက်အရွယ်ကို ၅၅ နှစ်မှ ၆၀ နှစ်အထိ တိုးမြှင့်ထားသည်။ ယင်းကို အခ၌ လုပ်ငန်းရှင် များက သဘောမတူကြပေ။ အကြောင်းမှာ အလုပ် သမား လုပ်အားခကြီးမြင့်မှုနှင့် အလုပ်သမားများ အိုနာ ရင်း ဝန်ပုံဝင့်သို့ ထောက်ပံ့ငွေများ ကျဉ်ပေးကမ်း ရမှုတို့ ကြောင့် ဖြစ်သည်။

စင်ကာပူနိုင်ငံသည် မိမိနိုင်ငံ၏ ကာကွယ်ရေးအတွက် ငါးနိုင်ငံ ပါဝင်သော ကာကွယ်ရေး စီမံချက် များ ဖြင့် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။ ကာကွယ်ရေး အတွက် ပူးပေါင်းဆောင်ရွက်သည့် ငါးနိုင်ငံမှာ စင်ကာပူ၊ မလေးရှား၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် ဗြိတိန်တို့ ဖြစ်ကြ သည်။ မလေးရှားနှင့် စင်ကာပူနိုင်ငံ လေတပ်များမှ လေယာဉ်များသည် ဇန်နဝါရီလ ၁၁ ရက်နေ့က ကာကွယ် ရေး စွမ်းရည်တိုးတက်ရန်အတွက် ၁၀ နာရီကြာ ပူးတွဲ လေ့ကျင့်ကြသည်ဟု မလေးရှားနိုင်ငံလေတပ်မှ ပြောရေး ဆိုခွင့်ရှိသည့် ပုဂ္ဂိုလ်က ပြောကြားသည်။

ရေယာ စတုရန်းမိုင် ၂၃၀ မိုင်သာ ကျယ်ဝန်းသော စင်ကာပူကျွန်းနိုင်ငံတွင် တပ်အင်အားမှာ သေးငယ်သော်လည်း အသုံးပြုသော လက်နက်များမှာ အသစ်အဆန်း များဖြစ်သည်။ စင်ကာပူ စစ်ပစ္စည်း လက်နက်ရုံတွင် ဒုံးကျည် ပြုလုပ်နိုင်သည်ဟု သိရှိရသည်။ ဆို့ဒင်ပြည်လုပ် လက်နက်များကို မှာယူအသုံးပြုခြင်း၊ ရောင်းချခြင်းပြုလုပ် ခဲ့ရာ ပင်လယ်ကွေ့နိုင်ငံများသို့ လက်နက်များရောက်သွား သည်ဆိုသော သတင်းဖြစ်ပေါ်လာ၍ ဆို့ဒင်လက်နက်များ တင်ပို့မှု ရပ်ဆိုင်းခဲ့သည်။ ထိုအတောအတွင်း ဖိလစ်ပိုင် နိုင်ငံ ဆူးဗစ်ရေတပ်နှင့် ကလပ်အခြေစိုက် လေတပ်စခန်းမှ အမေရိကန် တပ်များထွက်ခွာလျှင် မိမိတို့စင်ကာပူ၌အခြေ စိုက်နိုင်သည်ဟု ၁၉၇၉ ခုနှစ် စက်တင်ဘာလက လီကွမ်ယူ က ပြောကြားခဲ့သည်။

စင်ကာပူနိုင်ငံရှိ စစ်ဘက်ဆိုင်ရာ အဆောက်အအုံများ ကို အမေရိကန်ပြည်ထောင်စုက ယခုနှစ်မှ စတင်ကာ ကျယ်ကျယ်ပြန့်ပြန့် အသုံးချရေးနှင့်ပတ်သက်၍ ညှိနှိုင်း ဆွေးနွေးရန် အမေရိကန်ကွန်ဂရက်လွှတ်တော် ကိုယ်စား လှယ် အဖွဲ့တစ်ဖွဲ့ ဧပြီလ ၁၁ ရက်က စင်ကာပူသို့ ရောက်ရှိ လာသည်။ အမေရိကန်ကိုယ်စားလှယ်အဖွဲ့သည် ဝန်ကြီး ချုပ် လီကွမ်ယူနှင့်တွေ့ဆုံကာ ဒေသအတွင်း အမေရိကန် တပ်များဖြန့်ချရေး၊ ဒေသလုံခြုံရေးအတွက် အာမခံချက် ရှိစေမည့် ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

ခရစ်ယာန် သာသနာပြုရေးနှင့်ပတ်သက်၍ သတင်း ရေးသော အရှေ့ဖျား စီးပွားရေးစာစောင်ကို ဝန်ကြီး ချုပ် လီကွမ်ယူက ၁၉၇၇ ခုနှစ် ဒီဇင်ဘာလတွင် အသရေ ဖျက်မှုဖြင့် တရားစွဲဆိုခဲ့သည်။ ထိုအမှုကို စစ်ဆေးပြီး နောက် ယင်းစာစောင်က လီကွမ်ယူသို့ လျော်ကြေးငွေ ဒေါ်လာ ၁,၁၇,၀၀၀ ပေးဆောင်ရန် တရားရုံးက ၁၉၇၉ ခုနှစ် ဒီဇင်ဘာလတွင် အမိန့်ချမှတ်လိုက်သည်။

တစ်ချိန်တည်းမှာပင် အာရှဝေါစထရီ မဂ္ဂဇင်းကိုလည်း ရုံးတော်ကို မထီမဲ့မြင် ပြုမှုဖြင့် တရားစွဲထားသည်။ တိုင်းမဂ္ဂဇင်းမှာလည်း စောင်ရေဖြတ်တောက်ခြင်း ခံခဲ့ရ သည်။ ဝေါစထရီနှင့် ရီဗြူးမဂ္ဂဇင်းတို့က အယူခံ ဝင်ကြ မည်ဟု ၁၉၇၉ ခုနှစ် ဒီဇင်ဘာလက သတင်းရရှိသည်။

စင်ကာပူအစိုးရသည် ၁၉၉၀ ပြည့်နှစ် ဇူလိုင်လ ၃၀ ရက်နှင့် ၃၁ ရက်နေ့တို့တွင် စင်ကာပူတွင် ကျင်းပမည့် အာရှ–ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ညီလာခံသို့ ဟောင်ကောင်အခြေစိုက် အာရှဝေါစထရီ ဂျာနယ်နှင့် အရှေ့ဖျား စီးပွားရေးရာ စာစောင်တို့မှ သတင်းထောက်များ လာရောက်သတင်းယူခွင့်ကို ပိတ်ပင် လိုက်သည်။ ညီလာခံသတင်း ရယူရန်အတွက် စင်ကာပူသို့ လာရောက်ခွင့်ပြုရန် နိုင်ငံတကာ သတင်းဌာနများနှင့် အဓိကနိုင်ငံခြားနှင့် ဒေသဆိုင်ရာသတင်းစာများ၊ စာနယ် ဇင်းများမှ သတင်းစာဆရာ ၁၀၀ ကျော်တို့က လျှောက် ထားခဲ့ကြသည်။ အကြောင်းမှာ အဆိုပါ စာစောင်နှစ်ခု သည် စင်ကာပူနိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက် စွက်ဖက်ကာ ဝေဖန်ရေးသားမှုများ ပြုခဲ့သဖြင့် ဝင်ရောက် ခွင့် မပေးခြင်းဖြစ်သည်။

ဆိုဗီယက် ဆိုရှယ်လစ် ပြည်ထောင်စု သမ္မတနိုင်ငံ

။ ။၁၉၁၉ ခုနှစ် ဒီဇင်ဘာလတွင် လစ်သူယာနီးယားပြည်နယ် ကွန်မြူနစ်ပါတီက လစ်သူယာနီးယားပြည်နယ်သည် ဆိုဗီယက်ပြည်ထောင်စု ကွန်မြူနစ်ပါတီမှ သီးခြားကင်းလွတ်၍ လွတ်လပ်သည့် ပြည်နယ်တစ်ခု ဖြစ်ကြောင်း ကြေညာရန်ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ရာ ပြည်နယ်ခဲ့ထွက်ရေး ပြဿနာများ ဖြစ်ပေါ်ခဲ့ရသည်။ ယင်းပြဿနာကို ဆွေးနွေးရန် ၁၉၇၉ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နှင့် ၂၆ ရက်နေ့များတွင် ကျင်းပသည့်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီစုံညီ အစည်းအဝေးတွင် ဂေါ်ဘာချေ့အနေဖြင့် လစ်သူယာနီးယား ပြည်နယ်သို့ အလည်အပတ် သွားရောက်သင့်ကြောင်း ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ဆုံးဖြတ်ချက်ကို ဆွေးနွေးခဲ့ကြသည်။ ဤသို့ဖြင့် ဂေါ်ဘာချေ့သည် ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် လစ်သူယာနီးယား ပြည်နယ်သို့ သွားရောက်ခဲ့သည်။

ဂေါ်ဘာချေ့ရောက်ရှိပြီး ညနေပိုင်းတွင် လစ်သူယာနီးယားပြန်လည်တည်ဆောက်ရေး လှုပ်ရှားမှုအဖွဲ့က ဦးဆောင်ကျင်းပသော လူထုပရိသတ် ၃,၀၀,၀၀၀ တက်ရောက်သည့် လူထုအစည်းအဝေးတွင် ခေါင်းဆောင်များက မိန့်ခွန်းပြောကြားရာတွင် ဆိုဗီယက်ပြည်ထောင်စုမှ လုံးဝလွတ်လပ်သည့် လစ်သူယာနီးယားပြည်နယ်အဖြစ် ပြန်လည်ရရှိရေးအတွက် တောင်းဆိုကြသည်။ ဂေါ်ဘာချေ့နှင့်အတူလိုက်ပါသွားသူ ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်တစ်ဦးက ပြည်ထောင်စုမှ ခွဲထွက်ရေးကိစ္စကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် ဆုံးဖြတ်မည်ဟု ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ပြောကြားခဲ့သည်။

ဇန်နဝါရီလ ၁၅ ရက်နေ့တွင် လစ်သူယာနီးယားပြည်ထောင်စုသမ္မတနိုင်ငံ ဦးစီးလွှတ်တော်က ဆိုဗီယက်ပြည်ထောင်စု ပြည်သူ့ ကိုယ်စားလှယ်များ ကွန်ဂရက်က အတည်ပြုခဲ့သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပါရှိသော ကြီးကြပ်ထိန်းသိမ်းရေးဆိုင်ရာ ဆိုဗီယက် ပြည်ထောင်စု ဥပဒေသည် လစ်သူယာနီးယားဒေသတွင် တရားမဝင်ကြောင်း ကြေညာရန် တစ်ခဲနက် မဲပေးဆုံးဖြတ်ခဲ့ကြသည်။

လတ်ဗီးယား ပြည်ထောင်စုသမ္မတနိုင်ငံ ဦးစီးလွှတ်တော်ကလည်း ဇန်နဝါရီလ ၁၁ ရက်နေ့ကတည်းကပင် လတ်ဗီးယားဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှု အခန်းကဏ္ဍကို အာမခံချက်ပေးထားသည်။ ပုဒ်မ ၆ ပါ အပိုဒ်များအား ဖယ်ဖျက်ပစ်ရန်ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။ အလားတူစွာပင် အက်စတိုနီးယား ပြည်ထောင်စုသမ္မတနိုင်ငံ ဦးစီးလွှတ်တော်က ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ကျင်းပသော အစည်းအဝေး၌ လစ်သူယာနီးယားနှင့် လတ်ဗီးယားကဲ့သို့ပင် အဆိုပါ ပုဒ်မ ၆ ပါ အပိုဒ်များအား ပယ်ဖျက်ပစ်ရန် ဆုံးဖြတ်ခဲ့ကြပြန်သည်။ ဤသို့ဖြင့် ဘောလတစ်သုံးနိုင်ငံဖြစ်သည့် အက်စတိုနီးယား၊ လစ်သူယာနီးယားနှင့် လတ်ဗီးယား နိုင်ငံတို့တွင် ဆိုဗီယက်ပြည်ထောင်စုလက်မှ လွတ်မြောက်သောနိုင်ငံအဖြစ် ကြေညာရန် လှုပ်ရှားမှုများနှင့် ဆိုဗီယက်ပြည်ထောင်စု ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှု အခန်းကဏ္ဍကိုပယ်ဖျက်ရန် ကြိုးပမ်းမှုများ ပျံ့နှံ့ရိုက်ခတ်သွားသည်။ အတက်ကြွဆုံးနှင့် အပြင်းထန်ဆုံး လှုပ်ရှားသည့်နိုင်ငံမှာလစ်သူယာနီးယား ဖြစ်သည်။

ဤသို့ ပြည်ထောင်စုနိုင်ငံများ၏ နိုင်ငံရေးပြဿနာများနှင့် ကြုံတွေ့နေရချိန်တွင် ဆိုဗီယက် ပြည်ထောင်စုတောင်ပိုင်းအဇာဘိုင်ဂျန်ပြည်နယ်တွင်လည်း လူမျိုးရေးပဋိပက္ခများကြောင့် မငြိမ်မသက်မှုများ ဖြစ်ပွားခဲ့ရာ ဇန်နဝါရီလလယ်တွင် အခြေအနေမှာ ပိုမိုဆိုးဝါးသွားခဲ့ပြီး အာမေးနီးယား နယ်စပ်ဒေသအထိပါ ပျံ့နှံ့သွားသည်။ ယင်းအခြေအနေတွင် အဇာဘိုင်ဂျန် အမျိုးသားရေးဝါဒီ ပေါ်ပြူလာတပ်ဦးအဖွဲ့က ထောက်ခံမှုများ ရရှိလျက်ရှိရာ ဆိုဗီယက် အုပ်ချုပ်ရေးအာဏာမှာ ယိုင်လဲသွားပြီဟုပင် ထင်မှတ်ရသည်။ ဆိုဗီယက် အစိုးရကတရားဥပဒေ စိုးမိုးရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ စေလွှတ်၍ ဖိဖိစီးစီး ဆောင်ရွက်ခဲ့ရာ အထူးသဖြင့် အဇာဘိုင်ဂျန်ပြည်နယ်မြို့တော် ဗာကူးမြို့တွင် အခြေအနေမှာပြင်းထန်ဆိုးဝါးခဲ့သည်။ နဂါနိုကရာဘတ်နယ်မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အဇာဘိုင်ဂျန်နှင့် အာမေးနီးယားတို့အကြောင်းပွားပြီး လူမျိုးရေးပဋိပက္ခများ ဖြစ်ပွားခဲ့ကြရာ ဇန်နဝါရီလ ၁၃ ရက်မှ ၁၅ ရက်အတွင်း အာမေးနီးယားဆန့်ကျင်ရေးလှုပ်ရှားမှုများတွင် အာမေးနီးယားလူမျိုး ၆၀ ဦးခန့် အသတ်ခံရသည်။

ယင်းကဲ့သို့ အခြေအနေများဆိုးဝါးလာရာ ဆိုဗီယက် ဦးစီးလွှတ်တော် သဘာပတိအဖွဲ့ အရေးပေါ် အစည်းအဝေးက ဖြစ်ပေါ်နေသော မငြိမ်မသက်မှုများကို ဟန့်တားရန်အတွက် အဇာဘိုင်ဂျန်ပြည်နယ်သို့ စစ်သားများပို့လွှတ်ရန် အမိန့်ချမှတ်ခဲ့ပြီး နဂါနိုကရာဘတ်နှင့် အဇာဘိုင်ဂျန်အနီးအနားဒေသများတွင် လည်းကောင်း၊ အာမေးနီးယားနယ်စပ်ဒေသတွင် လည်းကောင်း၊ အီရန်နှင့် တူရကီနိုင်ငံများနှင့် ထိစပ်နေသည့် အဇာဘိုင်ဂျန်နယ်ခြားဒေသတစ်လျှောက်တွင်လည်းကောင်းအရေးပေါ်အခြေအနေ ကြေညာခဲ့သည်။ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ဗာကူးမြို့၌ မငြိမ်မသက်မှုများကို ဆိုဗီယက်စစ်သားများက အင်အားသုံး၍ထိန်းသိမ်းဆောင်ရွက်ခဲ့ရာ

အရပ်သား ၇၀ နီးပါးသေဆုံးသည်ဟုသိရသည်။ သေဆုံးခဲ့ကြသည့် အဇာဘိုင်ဂျန် လူမျိုးများအား စုပေါင်းသင်္ဂြိဟ်သည့် အသုဘ အခမ်းအနားကို ဇန်နဝါရီလ ၂၂ ရက်နေ့က ဗာကူးမြို့တွင် ကျင်းပရာ လူထုပရိသတ် ၇,၅၀,၀၀၀ ပါဝင်တက်ရောက်ခဲ့ကြသည်။ အဇာဘိုင်ဂျန်နှင့် အာမေးနီးယား လူမျိုးရေးပဋိပက္ခဖြစ်ပွားမှုကြောင့် သေဆုံးရသူပေါင်းမှာ ဇန်နဝါရီလ တစ်လတည်းမှာပင် ၂၀၀ ကျော်ရှိသည်ဟု သိရသည်။

သမ္မတ ဂေါ်ဘာချော့သည် ဖေဖော်ဝါရီလ ၅ ရက်မှ ၇ ရက်အထိ ကျင်းပခဲ့သည့် ပါတီဗဟိုကော်မတီ စုံညီအစည်းအဝေးတွင် ပါတီ၏ မူဝါဒသစ် မူကြမ်းနှင့်ပတ်သက်၍ ထောက်ခံမှု ရရှိခဲ့သည်။ လာမည့် ၂၀ ကြိမ်မြောက် ပါတီညီလာခံကသာ ထောက်ခံမည် ဆိုပါကယင်းပါတီ မူဝါဒသစ်အရ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ခွင့်ပြုထားသည့် ကွန်မြူနစ်ပါတီက အာဏာကို လက်ဝါးကြီး အုပ်ထားနိုင်ခွင့်ကို စွန့်လွှတ်မည်ဖြစ်သည်။ သို့မှသာ ဆိုဗီယက်ပြည်ထောင်စုတွင် ပါတီစုံစနစ် ဖြစ်ပေါ်ရေး အတွက် လမ်းစပွင့်လာမည် ဖြစ်သည်။

ဆိုဗီယက်သမ္မတ ဂေါ်ဘာချော့



ဗဟိုကော်မတီ အစည်းအဝေးတွင် ပါတီ၏ မူဝါဒသစ် မူကြမ်းနှင့်ပတ်သက်၍ ကွန်ဆာဗေးတစ် များကပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ကြသည်။ သို့ရာတွင် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် မဲခွဲဆုံးဖြတ်သည့်အခါ ကန့်ကွက်မဲ တစ်မဲ၊ ကြားနေမဲ တစ်မဲ အပါအဝင် ထောက်ခံမဲအများစုဖြင့် ပါတီမူဝါဒသစ် မူကြမ်းအား အတည်ပြုခဲ့သည်။ ကန့်ကွက်မဲပေးသူမှာ ဗဟိုကော်မတီတွင် အတိုက်အခံဘက်မှ ဦးဆောင်ပုဂ္ဂိုလ်တစ်ဦးဖြစ်သူ ဘောရစ် ယဲလ်ဆင် ဖြစ်သည်။ ဘောရစ် ယဲလ်ဆင်က ပြုပြင်ပြောင်းလဲမှုများသည် ပြီးပြည့်စုံအောင် ဆောင်ရွက်နိုင်လိမ့်မည်မဟုတ်ဟု စောဒကတက်ခဲ့သည်။

ပါတီဗဟိုကော်မတီ အစည်းအဝေး မကျင်းပမီ တစ်ရက်အလို ဖေဖော်ဝါရီလ ၄ ရက် နေ့တွင် ပြုပြင်ပြောင်းလဲမှုကို လိုလားသော အုပ်စုအသီးသီးက ဦးဆောင်၍ မော်စကိုမြို့လယ်ခေါင်တွင် လူ ၁,၅၀,၀၀၀ ခန့် ပါဝင်သော ကြီးမားသည့် လူထုဆန္ဒပြပွဲတစ်ရပ်ကို ဆင်နွှဲခဲ့ကြသည်။ ကွန်မြူနစ်ပါတီ၏ အာဏာလက်ဝါးကြီးအုပ်ထားမှုအဆုံးသတ်ရေး၊ ကွန်မြူနစ်ပါတီဦးဆောင်အဖွဲ့မှ ကွန်ဆာဗေးတစ် များဖယ်ရှားရေး၊ ပါတီမှတာဝန်ရှိပုဂ္ဂိုလ်ကြီးများ အခွင့်ထူးခံစားနေမှု အဆုံးသတ်ရေးတို့ကို တောင်းဆိုကြသည်။ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင်လည်း မော်စကိုမြို့ အပါအဝင် အခြားမြို့များ၌ လူထုဆန္ဒပြပွဲများ ဆင်နွှဲခဲ့ကြသည်။

မတ်လ ၁၃ ရက်နေ့တွင် ဆိုဗီယက်ပြည်ထောင်စုပြည် သူ့ကိုယ်စား လှယ်များ ကွန်ဂရက်က လုပ်ပိုင်ခွင့် အာဏာ ကျယ်ကျယ်ပြန့်ပြန့်ရှိစေမည့် သမ္မတရာထူးဖြစ်ပေါ်ရေးကို အတည်ပြုခဲ့ပြီး နှစ်ရက်အကြာ မတ်လ ၁၅ ရက်နေ့တွင် ဂေါ်ဘာချော့အား အဆိုပါ သမ္မတရာထူးသို့ ရွေး ချယ် တင် မြောက် လိုက် သည်။ ယင်းမှာ ဆိုဗီယက်ပြည်ထောင်စုတွင် ကွန်မြူနစ်ပါတီက နိုင်ငံတော်ဦးဆောင်မှုအပိုင်းသို့ နိုင်ငံရေးဆုံးဖြတ်ချက် ချမှတ်နိုင်ခွင့်၊ လွှဲပြောင်းပေးခြင်း၏ အစပျိုးလုပ်ဆောင်ချက်ပင်ဖြစ်သည်ဟု ဆိုရပေမည်။

အသစ်ပြဋ္ဌာန်းသော ဥပဒေအရ သမ္မတသည် လက်နက်ကိုင်တပ်ပေါင်းစု၏ စစ်ဦးစီးချုပ် ဖြစ်လာသည်။ ဝန်ကြီးချုပ် အပါအဝင် ထိပ်တန်းအဆင့် အရာရှိများခန့်ထားနိုင်ခွင့်၊ စစ်အုပ်ချုပ်ရေးဥပဒေနှင့် အရေးပေါ်အခြေအနေ ကြေညာနိုင်ခွင့် အာဏာများကိုပါ ရရှိလိုက်သည်။

ထို့ပြင် မတ်လ ၁၃ ရက်နေ့တွင် ကျင်းပသည့် အဆိုပါ ကွန်ဂရက် အစည်းအဝေးတွင် ကွန်မြူနစ်ပါတီက နိုင်ငံရေးအာဏာ လက်ဝါးကြီး အုပ်ထားမှုကို ဖယ်ရှား

ဆိုဗီယက်ဆိုရှယ်လစ်ပြည်ထောင်စုသမ္မတနိုင်ငံ



အတိုက်အခံခေါင်းဆောင် ယဲ့လ်ဆင်

ပစ်ရန်အတွက် ဆိုဗီယက်ပြည်ထောင်စု၏ ၁၉၇၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ထောက်ခံမဲ ၁,၇၅၁ မဲ၊ ကန့်ကွက်မဲ ၁၆၄ မဲ၊ ကြားနေမဲ ၇၄ မဲဖြင့် ဆုံးဖြတ်ခဲ့သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ဇူလိုင်လတွင် ကျင်းပရန်ရှိသည့် ပါတီညီလာခံအထိ စောင့်မနေတော့ဘဲ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အစည်းအဝေးက ပါတီ၏ထောက်ခံချက်ကို ပေးခဲ့ကြပြီး ဖြစ်သည်။

ဤအတောအတွင်း မတ်လ ၁၁ ရက်နေ့တွင် လစ်သူယာနီးယား ပြည်ထောင်စု သမ္မတနိုင်ငံ ဦးစီးလွှတ်တော်သည် လစ်သူယာနီးယား လွှတ်လပ်ရေးကို တစ်ဘက်သတ် ကြေညာခဲ့သည်။ ယင်းကိစ္စနှင့် ပတ်သက်၍ သမ္မတ ဂေါ်ဘာချော့က လစ်သူယာနီးယား လွှတ်လပ်ရေး ကြေညာချက်သည် စိုးရိမ်ထိတ်လန့်စရာကောင်းသည့် အခြေအနေ ဖြစ်သည်ဟု ပြောကြားပြီး အဆိုပါ ကြေညာချက်သည် ဥပဒေနှင့် ညီညွတ်မှု မရှိကြောင်း၊ တရားမဝင်ကြောင်းဖြင့် ပြစ်တင်ရှုတ်ချခဲ့သည်။ တရားဝင် ပွင့်ပွင့်လင်းလင်း စေ့စပ် ဆွေးနွေးရေး များကို လည်း ပယ်ချခဲ့သည်။

ဆိုဗီယက် အာဏာပိုင်များက လစ်သူယာနီးယား လွှတ်လပ်ရေးကြေညာချက်ကို ပြန်လည် ရုပ်သိမ်းရန် ရာဇသံပေးခဲ့ရာ လစ်သူယာနီးယားတို့က တင်းခံခဲ့ကြသည်။ ဤသို့ဖြင့် ဧပြီလ ၁၈ ရက်နေ့မှ အစပြု၍ စီးပွားရေးပိတ်ဆို့မှု ဆောင်ရွက်ချက်များဖြင့် လစ်သူယာနီးယားအား အရေးယူခဲ့သည်။ လစ်သူယာနီးယားပြည်နယ်သည် အခြေခံစားနပ်ရိက္ခာ လုံလောက်မှုရှိသော်လည်း လောင်စာဆီ ၉၀ ရာခိုင်နှုန်းနှင့် စက်မှုကုန်ကြမ်းပစ္စည်း ၁၀၀ ရာခိုင်နှုန်းကို ဆိုဗီယက်ပြည်ထောင်စု ကျန်ဒေသများမှ တင်သွင်းနေရပေသည်။ စီးပွားရေးပိတ်ဆို့အရေးယူမှုတွင် ရေနံစိမ်း၊ သဘာဝဓာတ်ငွေ့၊ ကုန်ကြမ်းပစ္စည်း၊ အစားအသောက်နှင့် အခြားလူသုံးကုန် ပစ္စည်းများတင်ပို့မှုကို ရပ်ဆိုင်းခဲ့သည်။

အက်စတိုနီးယား ပြည်နယ်တွင်လည်း အက်စတိုနီးယား ကွန်မြူနစ်ပါတီ၏ လွှတ်လပ်ရေး ကြေညာချက်ကို မူအား ဖြင့် ထောက်ခံရန် အက်စတိုနီးယား ကွန်မြူနစ်ပါတီ အရေးပေါ် ပါတီညီလာခံက မတ်လ ၂၅ ရက်နေ့တွင် ဆုံးဖြတ်ခဲ့သည်။ ဆိုဗီယက်ပြည်ထောင်စု ကွန်မြူနစ်ပါတီနှင့် အက်စတိုနီးယား ကွန်မြူနစ်ပါတီတို့ကြား အနာဂတ် ဆက်ဆံရေးများနှင့် စပ်လျဉ်း၍ အပြီးသတ် မဲခွဲမဆုံးဖြတ်မီ ကြားကာလခြောက်လ စောင့်ဆိုင်းရန် အက်စတိုနီးယား ကွန်မြူနစ်ပါတီက ဆုံးဖြတ်ခဲ့သည်။ ယင်းမှာ ဂေါ်ဘာချော့အား အထူးအခွင့်အရေး ပေးခြင်း ဖြစ်သည်ဟု ဆိုသည်။

ဆိုဗီယက်ပြည်ထောင်စု ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုက ဧပြီလ ၉ ရက်နေ့တွင် ပါတီဗဟိုကော်မတီအမည်ဖြင့် ဆိုဗီယက်ကွန်မြူနစ်များ အားလုံးထံသို့ အိတ်ဖွင့်ပေးစာ တစ်စောင် ထုတ်ဝေခဲ့သည်။ အဆိုပါစာတွင် ပါတီတွင်းရှိ ဒီမိုကရက်တစ်မူဝါဒလိုလားသည့် အတိုက်အခံပါတီအုပ်စုအား ပြင်းပြင်းထန်ထန် ရှုတ်ချထားပြီး ၎င်းတို့အနေဖြင့် ပါတီမှထွက်ခွာသွားရန် သို့မဟုတ် ထုတ်ပယ်ခြင်းခံရန် သတိပေးသည့်သဘောမျိုး ရေးသားထားသည်။ ဤသို့ဖြင့် ဇူလိုင်လတွင် ကျင်းပမည့် ၂၈ ကြိမ်မြောက် ပါတီညီလာခံအတွက် ပြင်ဆင်နေချိန်တွင်

ကွန်မြူနစ်ပါတီအတွင်း အုပ်စုအဖွဲ့များ အားပြိုင်မှု နက်ရှိုင်းစွာဖြစ်ပေါ်လျက်ရှိရာ ပါတီအကဲ့အပြဲပင်ဖြစ်နိုင်စရာ အကြောင်းရှိနေပေသည်။ ဒီမိုကရက်တစ်မူဝါဒကို လိုလားသည့်အုပ်စုက မတ်လ ၁၈ ရက်နှင့် ၁၉ ရက်နေ့တွင် ကျင်းပခဲ့သည့်အစည်းအဝေး၌ ဇူလိုင်လ ပါတီညီလာခံတွင် မူဝါဒများ မချမှတ်နိုင်ပါက ညီလာခံအပြီးတွင် ၎င်းတို့အနေဖြင့် ပါတီသစ်တစ်ခု ဖွဲ့စည်းထူထောင်ရန် ပြင်ဆင်သင့် မသင့်ကို ဆွေးနွေးခဲ့ကြသည်။

လက်ရှိအခြေအနေအရ နိုင်ငံ၏ စီးပွားရေးစနစ်ကို ဗဟိုမှ ချုပ်ကိုင်သောစနစ်မှ လွတ်လပ်သော စျေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲရမည်ဖြစ်ကြောင်း ဆိုဗီယက်ဝန်ကြီးချုပ် နီကိုလိုင်ရွှီးကော့က လွှတ်တော်သို့ ၁၉၉၀ ပြည့်နှစ် မေလ ၂၄ ရက်နေ့တွင် အစီရင်ခံသည်။ ဘောင်အတွင်းက စျေးကွက်စနစ်သို့ ပြောင်းလဲရာတွင် အဆင့်ဆင့် ပြောင်းလဲရမည်ဖြစ်ပြီး အချိန်ယူရမည်ဖြစ်သည်ဟု ဆိုသည်။ ၁၉၉၀ ပြည့်နှစ်မဆုံးမီ ပြင်ဆင်မှုများပြီးဆုံးမည် ဖြစ်၏။ တန်ဖိုးသတ်မှတ်ခြင်း၊ အခွန်ကောက်ခြင်း၊ ကြွေးချေးခြင်း ကိစ္စရပ်များကို နောက်အဆင့်တွင် ပြုလုပ်ရမည်ဖြစ်ရာ ၁၉၉၁–၁၉၉၂ ခုနှစ်တွင် ပြီးဆုံးလိမ့်မည်ဟု ဆိုသည်။

ယင်းအစီရင်ခံစာကို တင်သွင်းသောအခါ ဂျင်နဒီဖိလရှင်၊ အလက်ဇန္ဒားအော်လောစသော ကိုယ်စားလှယ်များက အပြင်းအထန် ဝေဖန်ကြသည်။ ထိုအစီရင်ခံစာတွင် စား သုံး ကုန် စျေး နှုန်း များ တက် သွား နိုင် ကြောင်း ဖော်ပြပါရှိသဖြင့် ပြည်သူတို့သည် ကုန်စည်များကို အလုအယက် ဝယ် ယူ သို လှောင် ကြ သည်။ ပြည်သူတို့သည် တန်းစီဝယ်ရမည်ကို မကြောက်၊ ကုန်ဈေးနှုန်း တက်မှုကိုသာ ကြောက်ကြသည်။ ဤတွင် သမ္မတဂေါ်ဘာချော့က မေလ ၂၇ ရက်နေ့တွင် ရုပ်မြင်သံလွှင့်ဌာနမှ အသံလွှင့်ပြောကြားရသည်။ စီးပွားရေး အသွင်ကူးပြောင်းရေးသည် မလွယ်ကူကြောင်းနှင့် ပြည်သူဆန္ဒ ခံယူမည်ဖြစ်ကြောင်း တင်ပြသည်။

ယင်းသို့ အခြေအနေများ ဖြစ်ပေါ်နေစဉ်အတွင်း မေလ ၂၉ ရက်နေ့တွင် ဘောရစ်ယဲလ်ဆင်အား ရုရှားဖက်ဒရေးရှင်း သမ္မတအဖြစ် ရွေးချယ်တင်မြှောက်လိုက်သည်။ ရုရှားဖက်ဒရေးရှင်းသည် ဆိုဗီယက်ပြည်ထောင်စုတွင် အကြီးဆုံးနှင့် အင်အားအကောင်းဆုံး သမ္မတနိုင်ငံတစ်ခုဖြစ်သည်။ သို့ဖြစ်ရာ ဘောရစ်ယဲလ်ဆင်သည် ၎င်း၏ သမ္မတရာထူးအား ပြုပြင်ပြောင်းလဲရေး သြဇာအာဏာအဖြစ် အသုံးချလျက် သမ္မတဂေါ်ဘာချော့၏ အာဏာအား အန်တုစိန်ခေါ်နိုင်စရာအကြောင်းများ ရှိနေပေသည်။ ဂေါ်ဘာချော့အား အပြင်းထန်ဆုံးဝေဖန်သူများထဲတွင် ဘောရစ်ယဲလ်ဆင်မှာ တစ်ဦးဖြစ်သည်။ ယဲလ်ဆင်၏ နိုင်ငံရေးအစီအစဉ်များတွင် အခြေခံစီးပွားရေး ပြုပြင်ပြောင်းလဲမှု တောင်းဆိုချက်များကို ရုရှားအချုပ်အခြာအာဏာ ရပိုင်ခွင့် တောင်းဆိုချက်များနှင့် ပေါင်းစပ်ထားသည်။

ဆိုဗီယက်အစိုးရသည် ဘာသာရေးဌာနလည်းကောင်း၊ လူမှုရေးဌာန လည်းကောင်း၊ စီးပွားရေးဌာန လည်းကောင်း လိုက်လျောခွင့်ပြုမှုများ ပြုလုပ်သည်။ ဘာသာရေးစာပေများကို ရောင်းချခွင့်ပြုသည်။ ဗရင်ကျီဘာသာအပေါ် ဌာနချုပ်ခြယ်ထားမှုများ ဖယ်ရှားသည်။ ပဋိလိကပစ္စည်းပိုင်ဆိုင်ခွင့်ဥပဒေကို ထောက်ခံမဲ ၃၅၃ ကန့်ကွက်မဲ သုံးမဲဖြင့် အတည်ပြုပေးသည်။ တိုင်းရင်းသားအလုပ်သမားဌာနိုင်ခွင့်ကို နိုင်ငံခြားသား လုပ်ငန်းရှင်တို့အား ပေးအပ်သည်။ ထိုမှတစ်ပါး ပုံနှိပ်ထုတ်ဝေမှု လွတ်လပ်ခွင့်နှင့် သတင်းစာဆရာများ အခွင့်အရေးဆိုင်ရာဥပဒေကို ၁၉၉၀ ပြည့်နှစ် ဇွန်လ ၁၂ ရက်နေ့တွင် ဆိုဗီယက်ပါလီမန် လွှတ်တော်က အတည်ပြုသည်။

ဇွန်လ ၂၄ ရက်နေ့တွင် ကျင်းပပြီးစီးသော ရုရှားဖက်ဒရေးရှင်း ကွန်မြူနစ်ပါတီညီလာခံတွင် အတိုက်အခံခေါင်းဆောင် ဘောရစ်ယဲလ်ဆင် ဦးဆောင်၍ ဗဟို အာဏာဖီဆန်ရေးကို ဆုံးဖြတ်သည်။ သီး ခြား ပါ တီ ထူထောင်ရေးနှင့် မိမိတို့ပြည်နယ်က ပြဋ္ဌာန်းသောဥပဒေကို ဗဟိုက မပယ်ဖျက်နိုင်ရေးတို့ကို တောင်းဆိုကြသည်။ ထို့ပြင် ဂေါ်ဘာချော့၏ ငါးနှစ်သက်တမ်းရှိပြီဖြစ်သော ပယ်ရက်စထရိုက်ကာခေါ် လူမှုရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အ ပြင်း အ ထန် ဝေဖန် တိုက်ခိုက် ပြောကြားသွားကြသည်။

ဂေါ်ဘာချော့က ယင်း ရုရှားဖက်ဒရေးရှင်းညီလာခံအပိတ်မိန့်ခွန်း ပြောကြားရာ၌ ၎င်းအနေဖြင့် ကွန်မြူနစ်ပါတီ အကြီးအကဲအဖြစ် ဆက်လက် တည်ရှိနေမည်ဖြစ်ကြောင်း သတိပေးပြောကြားပြီး နိုင်ငံတော်သမ္မတရာထူးနှင့် ကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူးရာထူးတို့ကိုအဆုံးတစ်နေ့တွင်ခွဲခြားသွားရမည်ဖြစ်ကြောင်း ကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။

ဆိုဗီယက်ကွန်မြူနစ်ပါတီ ၂၈ ကြိမ်မြောက် ပါတီညီလာခံကို မော်စကိုမြို့တွင် ဇူလိုင်လ ၂ ရက်နေ့မှ ၁၃ ရက်နေ့အထိ အောင်မြင်စွာကျင်းပခဲ့သည်။ ညီလာခံ နောက်ဆုံးနေ့တွင် ဂေါ်ဘာချော့က နိဂုံးချုပ်မိန့်ခွန်းပြောကြားရာတွင် ဤညီလာခံသည် ပါတီကိုခေတ်နှင့်အညီ တိုးတက်ပြောင်းလဲအောင် ဆောင်ကြဉ်းပေးနိုင်ခဲ့သော အဓိကခြေလှမ်းတစ်ရပ်ဖြစ်ကြောင်းနှင့် ဆိုဗီယက်ကွန်မြူနစ်ပါတီ၏ ဇာတ်သိမ်းခန်းဖြစ်လိမ့်မည်ဟု မျှော်လင့်ထားသူများ

အဖို့ အထင်နှင့်အမြင် တခြားစီဖြစ်သွားစေခဲ့ကြောင်းဖြင့် ပြောကြားသွားသည်။ ယင်းညီလာခံ၌ပင် ဇူလိုင်လ ၁၀ ရက်နေ့တွင် ဂေါ်ဘာချော့အား ပါတီအထွေထွေအတွင်းရေးမှူးအဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်လိုက်သည်။ ယင်းမှာ ပါတီညီလာခံက ပထမဆုံး တိုက်ရိုက်ရွေးချယ်ခြင်း ဖြစ်သည်။ ယခင်က ပါတီဗဟိုကော်မတီကသာ ရွေးချယ်ခဲ့သည်။ ဆိုဗီယက်ရုရှသမ္မတနိုင်ငံ ပါလီမန်ဥက္ကဋ္ဌ ဘောရစ်ယဲလ်ဆင်ကလည်း ဆိုဗီယက်ကွန်မြူနစ်ပါတီမှ ၎င်းနုတ်ထွက်ကြောင်း ပါတီညီလာခံတွင် အတည်ပြု ပြောကြားခဲ့သည်။

ဆိုဗီယက်ပြည်ထောင်စု၏ ၁၉၉၀ ပြည့်နှစ် စီးပွားရေး အခြေအနေမှာ ယိုယွင်းလျက်ရှိသည်။ ပြည်တွင်းသုံးငွေစက္ကူ၏တန်ဖိုးများ ကျဆင်းနေသည်။ အစိုးရသတ်မှတ်သော ရူဘယ်ငွေတန်ဖိုးသည် ၁ ဒေါ်လာလျှင် ဝ.၆ ရူဘယ်ဖြစ်၏။ ခရီးသည်များနှင့် အလုပ်ရှင်များက နားလည်မှုရှိစွာ လဲလှယ်သောတန်ဖိုးမှာ ၁ ဒေါ်လာကို ၆ ရူဘယ်သတ်မှတ်ကြသည်။ မှောင်ခိုဈေးတွင်မူ ၁ ဒေါ်လာအတွက် ၁၅ ရူဘယ် ပေးကြရသည်။

ကုန်ပစ္စည်းများ ရှားပါးသဖြင့် လူများ တန်းစီ၍ ဝယ်ယူကြရသည်။ စားသုံးကုန်ဈေးနှုန်း မကြီးမားစေရန် အစိုးရက ငွေကြေး ပံ့ပိုးကူညီခဲ့ရသည်။ ၁၉၈၉ ခုနှစ်က ပံ့ပိုးငွေသည် ရူဘယ်ငွေ သန်း ၁၁၀ ဖြစ်သည်။ ထို့ကြောင့်ပင် အစိုးရအသုံးစရိတ် ဘတ်ဂျက်ငွေစာရင်း၌ ၁၉၈၉ ခုနှစ်က ရူဘယ်ဘီလီယံ ၉၀ အလျော့ပြခဲ့သည်။

ထိုအကျပ်ဆိုက်မှုကို ကယ်တင်ရန် နည်းမျိုးစုံ ကြိုးပမ်းသည်။ လွတ်လပ်သော ဈေးကွက်စနစ်ကို အတိုင်းအတာဖြင့် ဖွင့်ပေးသည်။ ဗဟိုကချုပ်ကိုင်မှုကို လျော့ပေးကာ ကြီးကြပ်ရေးမှူး မန်နေဂျာများကို လုပ်ပိုင်ခွင့် အာဏာပို၍ ပေးအပ်သည်။ မန်နေဂျာနှင့် ဦးစီးသူများသည် ကုန်ဈေးနှုန်း တိုးမြှင့်မှုကိုသာ ဆောင်ရွက်ပြီး ကုန်ပစ္စည်း ကောင်းမှုနှင့် ကုန်ပစ္စည်း ရရှိမှုဘက်တွင် ဆောင်ရွက်နိုင်စွမ်း မရှိပေ။ ၁၉၈၈ ခုနှစ်နှင့် ၁၉၈၉ ခုနှစ် အတွင်း ကုန်သွယ်ရေးဘဏ်နှင့် သမဝါယမဘဏ် ၁၀၀ ကျော် ဖွင့်ခဲ့သည်။ နိုင်ငံခြားတိုင်းပြည်တို့နှင့် ဖက်စပ်ကုမ္ပဏီများ ဖွင့်ခဲ့သည်။

သို့ရာတွင် ဝယ်လိုအားနှင့် ရောင်းလိုသူအား စီးပွားရေးလမ်းစဉ်ကိုပယ်ခဲ့သော စတာလင်ဝါဒီ အမြစ်တွယ်သည့် တိုင်းပြည်၌ လွတ်လပ်သောဈေးကွက်စနစ် ဖန်တီးရန် မလွယ်ပေ။ ယင်းအခြေအနေတွင် စီးပွားရေးစနစ်သစ်သို့ မပြောင်းလျှင်မဖြစ်၍ မစ္စတာဂေါ်ဘာချော့ အစိုးရအဖွဲ့သည် တစ်ဆင့်ပြီးတစ်ဆင့်ပြောင်းလဲရန် စီစဉ်ကြခြင်းဖြစ်သည်။

ဇောတယ၊ဘဒ္ဒန္တအဂ္ဂမဟာပဏ္ဍိတ၊ ရွှေကျင်သာသနာပိုင်၊ မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုဒ္ဓါရုံတိုက် (မြန်မာ ၁၂၄၇ – ၁၃၅၁)။ ။ ဆရာတော် ဘဒ္ဒန္တ ဇောတယသည်မန္တလေးတိုင်း၊ ဝမ်းတွင်းမြို့နယ်၊ သာဖန်းရွာ၌ ခမည်းတော် ဦးစီလုံး၊ မယ်တော် ဒေါ်ဖော့တို့က သက္ကရာဇ် ၁၂၄၇ ခုနှစ် ပြာသိုလပြည့်နေ့တွင် ဖွားမြင်တော်မူသည်။ ဦးစီလုံး ဒေါ်ဖော့တို့တွင် သားသုံးယောက် သမီးခုနစ်ယောက်ရှိရာ ဆရာတော်သည် ဒုတိယမြောက်ဖြစ်၍ ငယ်မည် မောင်စံပွင့်ဖြစ်သည်။

၁၂၆၂ ခုနှစ် ကဆုန်လဆန်း ၃ ရက် ၁၅ နှစ်အရွယ်သို့ ရောက်သောအခါ ခမည်းတော်မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် သူဌေးကုန်းဆရာတော်ကြီးထံတော်၌ ရှင်သာမဏေအဖြစ် ရောက်တော်မူခဲ့၍ ၁၂၆၇ ခုနှစ် နယုန်လဆုတ် ဂ ရက်တွင် မဟာဝိသုဒ္ဓါရာမ ခဏ္ဍသိမ်တော်၌ ကာရကသံဃာတော် ၂၀၀ တိုနှင့်အတူ တိုက်အုပ်ဆရာတော်ကြီး ဦးပညာကို ဥပဇ္ဈာယ်ပြုလျက် စစ်ကိုင်းတောင်ရိုးခေမသကချောင်ကို ပထမတည်ထောင်သော ဆရာကြီးဒေါ်မေဓာ၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ဤသို့ရဟန်းပြုရာ၌ မဟာဝိသုဒ္ဓါရာမ ဆရာတော် ဘုရားကြီးကိုယ်တိုင် တစ်ပါးတည်း ကမ္မဝါစာဖတ်၍ ချီးမြှောက်ပေးမှုကို ခံယူရရှိတော်မူသည့်အပြင် အလယ်ကျောင်းကြီးအကြားမှ မတ္တရာဝန်ကတော်ကြီး ပစ်ထားသော ပုံသကူသင်္ကန်းတစ်စုံကို ကိုယ်တော်တိုင်ကောက်ယူ၍ ချီးမြှောက်ပေးသနားမှုကိုလည်း ခံယူရရှိတော်မူခဲ့သည်။

ဆရာတော် ဘဒ္ဒန္တဇောတယသည် မိဘနှစ်ပါး၏ သင်ကြားပေးမှုဖြင့် ပရိတ်ကြီး ၁၁ သုတ် ကုန်ခဲ့ပြီးနောက် သာဖန်းရွာ၊ သူဌေးကုန်းကျောင်းဆရာတော်ကြီး အရှင်ဝိမလ၊ မဟာဝိသုဒ္ဓါရုံတိုက် ပထမတိုက်အုပ် ဆရာတော် ဦးပညာ၊ ဒုတိယတိုက်အုပ် ဆရာတော် ဦးဩသဓ (ခေါ်) ဦးဥယျ၊ တံတေးဆရာတော်ဦးနာဂ၊ ကန္ဒီဆရာတော် ဦးကောသလ္လ၊ အတိသုဒ္ဓါရုံ ဆရာတော် ဦးဇောတိပါလတို့ ထံတော်၌ ပရိယတ္တိအခြေခံကျမ်းစာများနှင့် ပါဠိအဋ္ဌကထာဋီကာကျမ်းစာများကို ပါရဂူရောက် တတ်မြောက်လိမ္မာအောင် ကိုးနှစ်သားအရွယ်မှစ၍ သင်ကြားဆည်းပူးတော်မူပြီးလျှင် အစိုးရပထမငယ်၊ ပထမလတ်နှင့် မန္တလေးမြို့၊ သကျသီဟ စာသင်တန်းစာမေးပွဲများကို အောင်မြင်တော်မူခဲ့သည်။ ဆရာတော်သည် ဉာဏ်ပညာ လွန်စွာထူးချွန်တော်မူသည်ဖြစ်ရာ ရှင်အဖြစ်သို့မရောက်မီ ကျောင်းသားဘဝက ကန္ဒီဆရာတော်ထံ ကစာယနသံခိပ်ကျမ်းကို တက်ရောက်သင်ကြား



ရွှေကျင်သာသနာပိုင်ဆရာတော် ဘဒ္ဒန္တ ဇောတယ

စဉ် စာတော်သည့်အတွက် ကစာယနသံခိပ် ပထမရိုက်စာအုပ်ကို ဆုအဖြစ် လက်ခံရရှိခဲ့ဖူးသည်။

ဆရာတော် ဘဒ္ဒန္တဇောတယသည် ရဟန်းသိက္ခာတစ်ဝါရသည့်အချိန်မှစ၍ စာပေကျမ်းဂန်များကို ပို့ချတော်မူခဲ့သည်။ ရဟန်းသိက္ခာခြောက်ဝါအရ ၁၂၇၃ ခုနှစ် တပေါင်းလတွင် မဟာဝိသုဒ္ဓါရုံမဆရာတော်ကြီးက စာချဘုန်းကြီးအဖြစ် ဒသသိအမှတ်ပြု၍ မော်လမြိုင်သူဌေးဦးသာညွှန့်၏အထောက်အပံ့ကို ခံယူစေလျက် ရဟန်းသိက္ခာ ၂၄ ဝါအရ ၁၂၉၁ ခုနှစ် တန်ခူးလဆော်သောအခါ မဟာဝိသုဒ္ဓါရုံမတိုက်၌ ကြေးမြင်ကျောင်းဘုန်းကြီးအဖြစ်လည်းကောင်း၊ ၁၂၉၇ ခုနှစ်တွင် တိုက်ကြပ်ဆရာတော်အဖြစ်လည်းကောင်း၊ တာဝန်ယူ အုပ်ချုပ်တော်မူ၍ စာပေကျမ်းဂန်များပို့ချခြင်း၊ ပေစာတည်းဖြတ်ခြင်းစသော သာသနာ့ကိစ္စများကို ဆက်လက်ဆောင်ရွက်တော်မူသည်။ မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတ (သက္ကသိဟ) အသင်းကြီးက စာပေကျမ်းဂန်ပို့ချမှုဌာန ထင်ရှားသည့် မန္တလေးမြို့ပေါ်ရှိ ဆရာတော်ကြီးများအား ဆက်ကပ်လှူဒါန်းသော "ဘဒ္ဒန္တဇောတယာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ" ဟူသော ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံရရှိတော်မူခဲ့သည်။

ဆရာတော်သည် သိက္ခာတော် ၄၇ ဝါအရ ၁၃၁၄ ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး၌ ကျင်းပသော "ရွှေကျင်နိကာယ အဋ္ဌမအစည်းအဝေးကြီး" က ရွေး ချယ်တင်မြှောက်မှုအရ "ရွှေကျင်နိကာယ ရတ္တညူမဟာနာယက သာသနာပြုဆရာတော်" အဖြစ်လည်းကောင်း၊ ၁၃၂၁ ခုနှစ်တွင် ဆဋ္ဌမမြောက် မဟာဝိသုဒ္ဓါရုံမတိုက်အုပ်ဆရာတော်အဖြစ်လည်းကောင်း၊ ၁၃၃၇ ခုနှစ်တွင် ပဲခူးမြို့ကြခတ်ဝိုင်းကျောင်းတိုက်၌ ကျင်းပသော ရွှေကျင်နိကာယသံဃာ့အစည်းအဝေးကြီးက ရွေးကောက်တင်မြှောက်မှုအရ ကောဒဿမ ရွှေကျင်နိကာရဉ်ကွဋ္ဌမဟာနာယကသမ္မုတိသံဃရုဇာ အဖြစ်လည်းကောင်း၊ တိုက်တာအကျိုး၊ ဂိုဏ်းအကျိုး သာသနာတော်အကျိုးတို့ကို အစဉ်တစိုက် သယ်ပိုးထမ်းရွက်တော်မူခဲ့သည်။

ထို့ပြင် ဆဋ္ဌသင်္ဂါယနာတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ရန်ကုန်မြို့ ကျောင်းတော်ရာ ဝိနည်းစာပြန်ပဲ့၊ ပဲခူးမြို့ ဝိနည်းစာပြန်ပဲ့စသည့် သာသနာရေး ကိစ္စတို့၌ ပါဝင်ဆောင်ရွက်ခြင်း၊ ရွှေကျင်ဂိုဏ်းအတွင်းဖြစ်ပေါ်လာသော ပြဿနာများ မေးခွန်းများကို ဖြေရှင်းဆုံးဖြတ်ခြင်း၊ တိပိဋကပါဠို မြန်မာ အဘိဓာန်ကျမ်း၊ တိပိဋကပါဠို မြန်မာအဘိဓာန်အကျဉ်း၊ ပါဠိပဒပိဋက ကျမ်းညွှန်းစသော ကျမ်းများ ပြုစုရေး၌ ကြီးမှူးဆောင်ရွက်ခြင်းစသော သာသနာတော် တည်တံ့ ထွန်းကားရေးကို အားပေးဆောင်ရွက်တော်မူသည်။

ဤသို့လျှင် သာသနာကျိုးကို သယ်ပိုးဆောင်ရွက်တော်မူခဲ့သောကြောင့် ဆရာတော်ဘဒ္ဒန္တဇောတယာဘိဝံသသည် ၁၃၄၀ ပြည့် နှစ်တွင် နိုင်ငံတော်က ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူသည်။

နိုင်ငံတော်ဩဝါဒစရိယ၊ ကောဒဿမရွှေကျင်နိကာယ ဥက္ကဋ္ဌ ရွှေကျင်သာသနာပိုင် ဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘဒ္ဒန္တ ဇောတယာဘိဝံသသည် မန္တလေးမြို့၊ အရွှေပြင် မဟာဝိသုဒ္ဓါရုံတိုက်၊ ကြေးမြင်ကျောင်း၌သီတင်းသုံးတော်မူလျက် သာသနာ့တာဝန်ကို မငြိုမငြင် ဆောင်ရွက်တော်မူစဉ် သက်တော် ၁၀၄ နှစ်၊ သိက္ခာတော် ဂ၅ ဝါအရ၊ ၁၃၅၁ ခုနှစ် နတ်တော်လဆန်း ၅ ရက်နေ့တွင် သီတင်းသုံးတော်မူရာ ကြေးမြင်ကျောင်း၌ ဘဝနတ်ထံ ပျံလွန်တော်မူသည်။

ဇော်ဂျီ (၁၉၀၇–၁၉၉၀)။ ။အမျိုးသားစာဆိုကြီး ဆရာဇော်ဂျီသည် ရောဝတီတိုင်း၊ ဖျာပုံဇာတိ ဖြစ်ပြီး ၁၉၀၇ ခုနှစ် ဧပြီလ ၁၂ ရက် သောကြာနေ့တွင် အဖဦးယော၊ အမိ ဒေါ်စိန်ညွန့်တို့က မွေးဖွားသည်။ အမည်ရင်း ဦးသိန်းဟန်ဖြစ်ပြီး မွေးချင်းကိုးယောက်တွင် အကြီးဆုံးဖြစ်သည်။

ဖျာပုံမြို့ အမျိုးသားအထက်တန်းကျောင်း၊ ရန်ကုန်မြို့မြို့မ အမျိုးသားအထက်တန်းကျောင်းတို့၌ အခြေခံပညာ



ဆရာ ဇော်ဂျီ

ကို သင်ခဲ့ပြီး ၁၉၂၄–၂၅ တွင် ရန်ကုန် တက္ကသိုလ်၌ ဆက်လက်ပညာသင်သည်။ ၁၉၃၀ တွင် ဂိဠာဘွဲ့၊ ၁၉၃၄ တွင် မဟာဝိဇ္ဇာဘွဲ့ရခဲ့သည်။ ၁၉၄၀ တွင် လန်ဒန် တက္ကသိုလ်နှင့် ဒပ်ဗလင်တက္ကသိုလ်တို့၌ စာကြည့်တိုက်ပညာကိုသင်ယူခဲ့ရာ စာကြည့်တိုက်ပညာ ဒီပလိုမာဘွဲ့ကို ရခဲ့၏။

၁၉၃၁–၃၄ တွင် မြို့မအမျိုးသားအထက်တန်းကျောင်း အထက်တန်းပြဆရာ၊ ၁၉၃၄–၃၈ တွင် ရန်ကုန်တက္ကသိုလ် နှင့် မန္တလေးကောလိပ်တို့၌ မြန်မာ စာ နည်း ပြ ဆ ရာ၊ ၁၉၄၀ တွင် တက္ကသိုလ်စာကြည့်တိုက်မှူး၊ ဒုတိယကမ္ဘာ စစ်အတွင်းတွင် ပညာရေးဌာန၊ ဒုတိယညွှန်ကြားရေးဝန်၊ ဒုတိယကမ္ဘာစစ်အပြီးတွင် ရန်ကုန်ရှိ တက္ကသိုလ်များ ဗဟို စာကြည့်တိုက်မှူး၊ ပညာရေးဌာန ကျောင်းသုံးစာအုပ် ပြုစုရေးဆိုင်ရာ ညွှန်ကြားရေးဝန်၊ ပညာရေးဌာန အာဆူး အရာရှိ၊ မြန်မာနိုင်ငံသမိုင်းကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာစာ ပြုစုရေးနှင့် ဝေါဟာရကော်မရှင် ဝေါဟာရ ကော်မတီ သဘာပတိတာဝန်တို့ကို ယူခဲ့သည်။

၁၉၂၃ မှစ၍ ကဗျာများ စရေးသည်။ ၁၉၂၈ တွင် တက္ကသိုလ်၌ပညာသင်စဉ် ဟံသာကြေးမုံ လက်ရေး စာစောင်ကို ထုတ်သည်။ ခေတ်စမ်းခေတ်ဦးဆောင်သူ တစ်ဦးဖြစ်သည်။ ကဗျာ၊ ဝတ္ထုတို၊ ပြဇာတ်၊ စာပေ ဆောင်းပါးများ၊ ယဉ်ကျေးမှုဆောင်းပါးများနှင့် ဘာသာ ပြန်များကို ရေးခဲ့သည်။

ဆရာသည် ၁၉၅၅ တွင် သခင်ကိုယ်တော်မိုင်းဦးကာ စာအုပ်ဖြင့် စာပေဗိမာန် စာပဒေသာဆု၊ ၁၉၇၉ တွင် နင်လားဟဲ့ချစ်ဒုက္ခနှင့် အခြားဝတ္ထုတိုများ စာ အုပ် ဖြင့် အမျိုးသားစာပေဘာသာပြန်ဆု၊ ၁၉၈၇ တွင် ရွှေးခေတ် ပုဂံကဗျာများနှင့် အခြားကဗျာများ စာအုပ်ဖြင့် အမျိုး သားစာပေကဗျာဆုတို့ကို ရခဲ့၏။

ဆရာပြုစုခဲ့သော အခြားစာအုပ်များမှာ မဟာဆံချင် သူပြဇာတ် (၁၉၃၄)၊ ဂျရတ်နှင့်မားဂရက် (၁၉၄၁)

(အမည်ရင်း မောင်သိန်းဟန် အမည်ခံ၍ ဘာသာပြန် သည်။ ပထမပိုင်းသာ ပြီးခဲ့၏။) စာပေလောက (၁၉၄၉) (မင်းသုဝဏ်နှင့် တွဲဖက်ရေးသည်။) ပိတောက် ရွှေဝါ ကဗျာများ (၁၉၅၁)၊ သုံးပွင့်ဆိုင် ခေတ် စမ်း စာ ပေ (၁၉၅၅)၊ (သိပ္ပံမောင်ဝ၊ မင်းသုဝဏ်တို့နှင့် တွဲဖက်ရေး သည်။)၊ ကာလဒီဒါသ၏သကုန္တလ (၁၉၅၉)၊ ဇော်ဂျီ၏စာ (၁၉၆၀)၊ ရသစာပေဌီကာ၊ ရသစာပေအဖွင့် (၁၉၆၁)၊ ပေဒါလမ်းကဗျာများ (၁၉၆၁)၊ မိုးကြယ်မှိုလား (၁၉၆၆) ဇော်ဂျီကဗျာပေါင်းချုပ် (၁၉၆၆)၊ လမ်းသစ်နှင့်အခြား ဝတ္ထုတိုများ (၁၉၆၆)၊ ခရီးသည် (၁၉၆၇) (မင်းသု ဝဏ်နှင့် တွဲဖက်ရေးသည်။)၊ ပလေးတိုးနိဒါန်း (၁၉၆၇)၊ သိန်းနှင့်ကျားဌီကာ (၁၉၈၄) တို့ဖြစ်၏။

ဆရာဇော်ဂျီသည် ၁၉၉၀ ပြည့်နှစ် စက်တင်ဘာ ၂၆ ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ။ ။ ၁၉၄၉ ခုနှစ် ဧပြီလ တွင် ပါတီမှ အပယ်ခံရသော အသက် ၇၃ နှစ်အရွယ် ဟူယောင်ပန်း ကွယ်လွန်ခဲ့ရာ ၎င်း၏စျာပနကို အကြောင်း ပြု၍ ဝမ်းနည်းကြောင်း အထိမ်းအမှတ် ဆန္ဒပြရာမှ တစ်ဆင့်ကျောင်းသားဆန္ဒပြမှုများ တစ်စတစ်စ ကြီးထွား ဖြစ်ပေါ်ခဲ့သည်။ နောက်ဆုံးတွင် ပီကင်းမြို့ရှိ တီယင်မင် ပြည်သူရင်ပြင်ကိုဗဟိုပြု၍လှုပ်ရှားခဲ့ကြရာ အခြေအနေမှာ ပိုမို ဆိုးရွားပြင်းထန်လာခဲ့သည်။ တရုတ်အစိုးရ အနေဖြင့် မည်သို့ လုပ်ဆောင်ရမည်ကို မဆုံးဖြတ်နိုင်ဘဲ ကာလ အတန်ကြာ အကျပ်ရိုက် စေခဲ့သည်။ ဆန္ဒပြမှုများမှာ ၁၉၈၉ ခုနှစ် ဧပြီလမှ ဇွန်လအထိ သီတင်းပတ်ခုနစ်ပတ်မျှ ကြာညောင်းခဲ့သည်။

ကျောင်းသားများက အဓိကအားဖြင့် ၁၂ ချက် တောင်းဆို သည်။ မိမိတို့၏ဆန္ဒပြမှုကို အစိုးရက ရုပ်မြင်သံလွှင့်အစီ အစဉ်မှ လွှင့်ပြရေးနှင့် တွေ့ဆုံဆွေးနွေးရေး စသည်တို့ ပါဝင်သည်။ အစိုးရကမလိုက်လျောသောအခါ မေလ ၁၅ ရက်နေ့တွင်တီယင်မင်ရင်ပြင်၌ လူ၃၀၀၀ အစာငတ်ခံ ဆန္ဒ ပြကြသည်။ မေလ ၁၈ ရက်နေ့တွင် ကျောင်းသားများ၊ အလုပ်သမားအမှုထမ်းအရာထမ်းများ၊ အနုပညာရှင်များ အပါအဝင် လူတစ်သန်းခန့် ဆန္ဒပြကြသည်။ မေလ ၂၀ ရက်နေ့တွင် စစ်အုပ်ချုပ်ရေး ကြေညာသည်။

၁၉၈၉ ခုနှစ်ဇွန်လ ၃ ရက်နေ့တွင် အစိုးရတပ်သား များက မျက်ရည်ယိုဗုံး၊ ရေပိုက်များကိုအသုံးပြု၍ လူစုခွဲ ရန် ကြိုးပမ်းသည်။ သို့သော် လူစုကွဲမသွားဘဲ ဆက်လက် ဆန္ဒပြနေသဖြင့် စစ်တပ်က အင်အားသုံး၍ ဖိုခွင်းခဲ့ရာ လူ ၁၀၀ ခန့်သေဆုံးပြီး လူအမြောက်အမြား ဖမ်းဆီးခံ ရသည်။ အချို့သော သတင်းများ၌မူ လူ ၁,၂၀၀ ခန့်

သေသည်ဟုဆိုသည်။ အစိုးရကြေညာချက်တွင်အရပ်သား ၂၀၀ သေဆုံး၍ ၃၀၀၀ ဒဏ်ရာရရှိသည်ဟု ဆိုသည်။ အုံကြွမှုတွင် အဓိကခေါင်းဆောင် ၂၁ ဦးရှိရာ ခုနစ်ဦးကို ဖမ်းဆီးရမိသည်။ ဆန္ဒပြပွဲများ အမြို့မြို့သို့ ကူးစက်သွားရာ အစိုးရက အရေးယူထိန်းသိမ်းရသူ လူ ၁၀,၀၀၀ ကျော် ရှိသည်ဟုဆိုသည်။ တက္ကသိုလ်ကျောင်းများကို ဇွန်လ ၁၇ ရက်နေ့တွင် ပြန်၍ဖွင့်သည်။ ပီကင်းမြို့တော်နှင့် ပတ်ဝန်းကျင်၌ တပ်အင်အားကို ၂,၅၀,၀၀၀ အထိ တိုးမြှင့်ထားသည်။

ဒီမိုကရေစီအရေး ဆန္ဒပြလှုပ်ရှားမှုများ၏ အဓိက တောင်းဆိုချက်တစ်ခုမှာ တရုတ်ကွန်မြူနစ်ပါတီမှ ခြစားမှုများကို သုတ်သင်ချေမှုန်းရန်ပင် ဖြစ်သည်။ စီးပွားရေးဒဏ်ခြေအနေ ဆိုးဝါးလာခြင်းနှင့်အတူ အစိုးရအရာရှိများ ခြစားမှုများတိုးပွားလာရာ ပြည်သူလူထုအနေဖြင့် တရုတ်ကွန်မြူနစ်ပါတီအပေါ် ယုံကြည်မှုမှာ ၁၉၈၈ ခုနှစ်နှင့် ၁၉၈၉ ခုနှစ်များအတွင်း လျော့ပါးခဲ့သည်။

ဒီမိုကရေစီအရေး ဆန္ဒပြမှုများအပေါ် တရုတ်အစိုးရ၏ နှိမ်နင်းမှုကို အမေရိကန်ပြည်ထောင်စု၊ ဂျပန်နှင့် ဥရောပ ဘုံစျေးအဖွဲ့ဝင် နိုင်ငံများက ကန့်ကွက်ကာ အကူအညီများ ရပ်ဆိုင်းထားကြသည်။ ကမ္ဘာ့ဘဏ်ကလည်း အကူအညီပေးမှုများကို ရပ်ဆိုင်းထားသည်။ အမေရိကန်ပြည်ထောင်စုသို့ ထွက်ပြေး လွှတ်မြောက်သွားသော ကျောင်းသားများသည် ဒါရှင်တန်မြို့တွင် တိုယင်မင်အထိမ်းအမှတ် တည်ဆောက်ကြသည်။

ဖန်လီဇီးနှင့်ဇနီး



ဆန္ဒပြသူ ကျောင်းသားများအား သွားရောက်တွေ့ဆုံခဲ့ပြီး ၎င်းတို့အပေါ် ကရုဏာသက်ခဲ့သူ တရုတ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ကျောက်ကျိယန်အား ၁၉၈၉ ခုနှစ် ဇွန်လကုန်ပိုင်းတွင် ရာထူးမှ ဖယ်ရှားခဲ့ပြီး ၎င်း၏နေရာတွင် ကျန်ကျိမင်းအား ခန့်ထားလိုက်သည်။ ကျောက်ကျိယန်သည် ပြုပြင်ပြောင်းလဲရေးကို လိုလားသူ ဖြစ်သည်။ ဤကဲ့သို့ ကျောက်ကျိယန်အား ဖယ်ရှားလိုက်ခြင်းသည် ကျောင်းသားများ ဒီမိုကရေစီအရေးဆန္ဒပြမှုများအပေါ် သဘောထားနှင့် ပတ်သက်၍ တရုတ်ကွန်မြူနစ်ပါတီ အတွင်း နှစ်လကြာ အားပြိုင်လှုပ်ရှားမှုတွင် ကွန်ဆာဗေးတစ် အင်အားစုများ အနိုင်ရရှိသွားသည်ကို အချက်ပြလိုက်ခြင်း ဖြစ်သည်။

တရုတ်ကွန်မြူနစ်ပါတီသည် ကွန်မြူနစ်ပါတီဝင်များနှင့် တကွ ဝန်ထမ်းအားလုံးအား ခြိုးခြံရန် ဆော်သြခဲ့သည်။ ဇီမ်ခံပစ္စည်းများ၌ မယစ်မှုးရေး၊ အကုန်အကျများလွန်းသော ထမင်းစားပွဲများကို ရှောင်ကြဉ်ရေး၊ မော်တော်ယာဉ်များကို ဆင်ခြင်သုံးစွဲရေး၊ တာဝန်ခံအရာရှိကြီးများအား အပြင်စီးပွားရေးလုပ်ငန်းများ မလုပ်ဆောင်ရေး၊ ခေါင်းဆောင်ကြီးများ၏ ဆွေမျိုး ညာတိများအား ရာထူးပေးခြင်း၊ အလုပ်ပေးခြင်းမပြုလုပ်ရေး စသည့်တို့ကို ၁၉၈၉ ခုနှစ် ဇူလိုင်လက ကြေညာသည်။ ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်၏ သားတစ်ယောက်မှာ ကုမ္ပဏီနှင့် ဌာနတစ်ခုမှ နုတ်ထွက်လိုက်ရသည်။ ပါတီဝင်များအတွက် ဖွင့်လှစ်ထားရှိသော အထူးဆိုင်များကိုလည်း ပိတ်လိုက်သည်။

ဒီမိုကရေစီအရေး ဆန္ဒပြမှုများ နှိမ်နင်းခြင်းနှင့်အတူ တရုတ်ကွန်မြူနစ်ပါတီသည် ၁၉၈၉ ခုနှစ် ဇူလိုင်လတွင် ခြစားမှု ဆန့်ကျင်ရေးလှုပ်ရှားမှုကို ချမှတ်ဆောင်ရွက်ခဲ့သည်။ ၎င်းမှာ ပြည်သူလူထုအတွင်း မကျေနပ်မှုများတိုးပွားလာခြင်းကို တန်ပြန်ဆောင်ရွက်သည့် ကြိုးပမ်းမှုတစ်ရပ် ဖြစ်ပေသည်။

ဒီမိုကရေစီအရေး ဆန္ဒပြလှုပ်ရှားမှုများကို မချေမှုန်းမီ တရုတ်ကွန်မြူနစ် ပါတီအတွင်း အုပ်စုများ ကွဲနေမှုမှာ ၁၉၈၉ ခုနှစ် နိုဝင်ဘာလ ၆ ရက်မှ ၉ ရက်အထိ တရုတ်ကွန်မြူနစ်ပါတီ ပဥ္စမအကြိမ် ဗဟိုကော်မတီ စုံညီအစည်းအဝေးကျင်းပသောအခါ အနာဟောင်းကို ထိုးဆွပေးသလို ဖြစ်ခဲ့ရသည်။ ကွန်ဆာဗေးတစ်များနှင့်အလယ်အလတ် သမားများသည် အဓိက သော့ချက်ဖြစ်သည့် နိုင်ငံရေးနှင့် စီးပွားရေးပြဿနာများကို မည်သို့ကိုင်တွယ်ဖြေရှင်းရမည်နှင့် ပတ်သက်၍ သဘောထား ကွဲလွဲကြပုံပေါ်သည်။ ထို့ပြင် ကျောက်ကျိယန်၏ အနာဂတ်အရေး အပါအဝင် ပါတီသန့်စင်ရေး လုပ်ဆောင်ရန် မလုပ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ



ဆောင်ရန်ကိစ္စရပ်များ အပေါ်၌လည်း သဘောထား ကွဲလွဲကြသည်။

ဆိုးဝါးလာသည့် နိုင်ငံစီးပွားရေး အခြေအနေများကို ကိုင်တွယ်ဖြေရှင်းရန် စည်းကမ်းတကျ တင်းကျပ်စွာ ဆောင်ရွက်မည့် အစီအစဉ်များကို ပဉ္စမအကြိမ် ဗဟို ကော်မတီစုံညီ အစည်းအဝေးက ကြေညာခဲ့သည်။ ထို့ပြင် ခိုင်မာသည့် ပါတီဦးဆောင်မှုနှင့် စည်းလုံးညီ ညွတ်မှုရှိရေးကိုလည်း တိုက်တွန်းထားသည်။ ပဉ္စမအကြိမ် ဗဟိုကော်မတီစုံညီ အစည်းအဝေးတွင် မိန့်ကြားခဲ့သည့် ကျန်ကျိမင်း၏ မိန့်ခွန်းကို ၁၉၇၉ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့တွင်ထုတ်ပြန်ခဲ့ရာ ပါတီဝင်များအနေဖြင့် မာ့က်စ် ဝါဒ၊ လီနင်ဝါဒကို အရေးတကြီး ပြန်လည်လေ့လာကြ ရန်နှင့် အင်အားတောင့်တင်းမှု ရှိစေရန်အတွက် ပါတီ၏ တိုက်ခိုက်ရေးစွမ်းအားကို တည်ဆောက်ကြရန် တိုက်တွန်း ထားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော် ကောင်စီသည် ဆိုရှယ်လစ် ကိုယ်ကျင့်တရားနှင့် ပူဇော် ဆန့်ကျင်ရေး အလေးထားမှုနှင့်အညီ ၁၉၇၉ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့က "မကောင်းမှုအန္တရာယ်ခြောက်ရပ်" သုတ်သင် ချေမှုန်းရေးဆိုင်ရာ အမျိုးသားလှုပ်ရှားမှုကို ချမှတ် ဆောင်ရွက်ခဲ့သည်။ ၎င်းအန္တရာယ်ခြောက်ရပ်မှာ (၁) ပြည့်တန်ဆာပြုလုပ်ခြင်း၊ (၂) လောင်းကစားခြင်း၊ (၃)အပြာစာအုပ်၊ အပြာဓာတ်ပုံ၊ အပြာရုပ်ရှင်များ ထုတ်လုပ်ရောင်းချဖြန့်ချိခြင်း၊ (၄) မိန်းမများနှင့် ကလေးများအား အတင်းအဓမ္မဖမ်းဆီး၍ ရောင်းချခြင်း၊ (၅) ဘာသာရေးမှိုင်းတိုက်၍ ငွေရှာခြင်း၊ (၆)မူးယစ် ဆေးဝါးစိုက်ပျိုး၊ စားသုံး၊ သယ်ယူ ရောင်းချခြင်းတို့ ဖြစ်ကြသည်။

၁၉၇၉ ခုနှစ် နိုဝင်ဘာလအတွင်း တရုတ်ကွန်မြူနစ် ပါတီ၏ အာဘော်ဖြစ်သည့် ပြည်သူနေ့စဉ်သတင်းစာတွင် ရေးသား ဖော်ပြခဲ့သည့် ဆောင်းပါးများတွင် တရုတ် ကွန်မြူနစ်ပါတီ၏ လူကြိုက်များမှုမှာ ပါတီအဖွဲ့ဝင်များ အတွင်း ခြစားမှုများကြောင့် ယုတ်လျော့ ကျဆင်းခဲ့ရ သည်ဟု မှတ်ချက်ချထားသည်။

၁၉၇၉ ခုနှစ်အတွင်း ပါတီဝင် ၄၈ သန်းအနက် ၁၂,၅၀၀ ဦးကို ခြစားမှုဖြင့် ပါတီမှ ထုတ်ပစ်ခဲ့သည်ဟု တရုတ်ကွန်မြူနစ် ပါတီက နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ကြေညာသည်။ ထို့ပြင် နောက်ထပ်ပါတီဝင် ၆၀,၀၀၁ ကိုလည်း အမှားအယွင်းများပြုလုပ်ခဲ့မှုကြောင့် ပါတီဝင်အဖြစ်မှ မရပ်စဲခဲ့သော်လည်း ပြစ်ဒဏ်ပေးခဲ့သည်ဟု ဆိုသည်။ ပါတီဝင် ၁,၂၀,၀၀၀ ဦးကိုလည်း စုံစမ်းစစ်ဆေးဆဲဖြစ်သည်ဟုသိရသည်။ ၁၉၇၉ ခုနှစ်အတွင်းခြစားမှုပေါင်း ၁,၀၀,၀၀၀ ဖော်ထုတ်နိုင်ခဲ့ရာ ၁၉၇၈ ခုနှစ်ကထက် သုံးဆခန့် ပိုမိုများပြားခဲ့သည်။ ကျူးလွန်သည့် ပြစ်မှုများတွင် လာဘ်ပေးလာဘ်ယူမှု၊ အမြတ်ကြီးရရန် စျေးကစားမှု ဘဏ်များမှ ချေးငွေများ တရားမဝင်ထုတ်ပေးမှု၊ နိုင်ငံပိုင်ပစ္စည်းများအား ခိုးယူမှု၊ တရားမဝင် ဆောက်လုပ်မှုနှင့် အခွန်တိမ်းရှောင်မှုများ ပါဝင်ကြသည်။

တရုတ်အစိုးရသည် တိယင်မင်ရင်ပြင်ကို ဗဟိုပြု၍ ဒီမိုကရေစီအရေးဆန္ဒပြမှုများကြီးထွားလာသည်ကိုဟန့်တားရန်အတွက် ၁၉၇၉ ခုနှစ် မေလက ပြဋ္ဌာန်းခဲ့သော မာရှယ်လောဥပဒေကို ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ပီကင်းမြို့၌ ရုပ်သိမ်းခဲ့သည်။ ယင်းသို့ မာရှယ်လောဥပဒေ ရုပ်သိမ်းလိုက်ခြင်းကို အမေရိကန်သမ္မတ ဂျေ့ဘုရှ်က ကြိုဆိုကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် ၁၉၇၉ ခုနှစ် ဧပြီလမှ ဇွန်လအတွင်း ဒီမိုကရေစီရေးဆန္ဒပြမှုများတွင် ပါဝင်ခဲ့သည့် သူများအား ဖမ်းဆီးခဲ့ရာ ယင်းတို့မှ လူပေါင်း ၅၇၃ ဦးကို အကျဉ်းထောင်များမှ လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း ပြည်သူ့ လုံခြုံရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်က ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ကြေညာခဲ့သည်။

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ ခြောက်ကြိမ်မြောက် စုံညီအစည်းအဝေးကို ၁၉၉၀ ပြည့်နှစ် မတ်လ ၉ ရက်မှ ၁၂ ရက်နေ့အထိ ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးတွင် ပါတီနှင့် လူထု လူတန်းစားများအကြား ဆက်ဆံရေးများ ပိုမိုခိုင်မြဲစေရေးကို တိုက်တွန်းလိုက်ပြီး တောင်းဆိုချက် ခုနစ်ချက်ကို ချမှတ်ခဲ့သည်။ အဆိုပါ တောင်းဆိုချက်များမှာ (၁) ပြည်သူလူထု၏ အကျိုးစီးပွားနှင့်အညီ မူဝါဒများ ချမှတ်၍ ဆောင်ရွက်ရန်၊ (၂) အစိုးရတာဝန်ရှိ ပုဂ္ဂိုလ်များအနေဖြင့် လူထုလူတန်းစားများ ကြားတွင် ဝင်ရောက်၍ ထိတွေ့ရန်၊ (၃) ဆိုရှယ်လစ် ဒီမိုကရေစီနှင့် တရားရေးစနစ်များ ခိုင်မြဲစေရန်၊ (၄) အစိုးရအရာရှိများ ခြစားမှုကို တိုက်ဖျက်ရန်၊ (၅) ယင်းသို့ ခြစားမှုကို တိုက်ဖျက်ရာတွင် အတွင်းအပြင် နှစ်ဌာနမှ ကြီးကြပ်ထိန်းသိမ်းရန်၊ (၆) ပါတီဝင်များ အနေဖြင့် စံပြပြုမူနေထိုင်ပြရန်၊ (၇) မာ့က်စ်ဝါဒဆိုင်ရာ နိုင်ငံရေး အသိစိတ်ဓာတ်မြှင့်တင်ရန်တို့ ဖြစ်သည်။

ဗဟိုကော်မတီ စုံညီအစည်းအဝေး ကျင်းပပြီးနောက် မကြာမီတွင် အမျိုးသားပြည်သူကွန်ဂရက် (အင်ပီစီ) အစည်းအဝေးကို မတ်လ ၂၀ ရက်နေ့တွင် စတင်ကျင်းပခဲ့ရာ ဒုတိယနေ့ဖြစ်သည့် မတ်လ ၂၁ ရက်နေ့တွင် တရုတ်ခေါင်းဆောင် တိန့်ရှောင်ဖိန်သည် နိုင်ငံတော်ဗဟိုစစ်ကော်မရှင် (စီအမ်စီ) ဥက္ကဋ္ဌရာထူးမှ နုတ်ထွက်ခဲ့သည်။ ယင်းရာထူးကို ၁၉၈၁ ခုနှစ်ကတည်းက ရယူခဲ့ခြင်း ဖြစ်သည်။ တိန့်ရှောင်ဖိန်၏နေရာတွင် တရုတ်ကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူး ကျန်ကျိမင်းအား စစ်ကော်မရှင်ဥက္ကဋ္ဌအဖြစ် ရွေးချယ် တင်မြှောက်လိုက်သည်။ တိန့်ရှောင်ဖိန်သည် ရာထူးမှနုတ်ထွက်ခဲ့သော်လည်း တရုတ်နိုင်ငံ၏ သြဇာအရှိဆုံး နိုင်ငံရေး ခေါင်းဆောင်အဖြစ် ဆက်လက် တည်ရှိနေလိမ့်မည်ဟု ယုံကြည်ကြသည်။

အဆိုပါ အမျိုးသားပြည်သူကွန်ဂရက် (အင်ပီစီ) တတိယအကြိမ် အစည်းအဝေးတွင် ဝန်ကြီးချုပ်လီပင်းက အစိုးရလုပ်ငန်းဆိုင်ရာ အစီရင်ခံစာကို တင်ပြခဲ့သည်။ ဘဏ္ဍာရေးဝန်ကြီးကလည်း မတ်လ ၂၁ ရက်နေ့တွင် ၁၉၉၀ ပြည့်နှစ် နိုင်ငံတော်ဘတ်ဂျက်ကို အတည်ပြုပေးရန် တင်သွင်းခဲ့သည်။ အဆိုပါဘတ်ဂျက်တွင် စိုက်ပျိုးရေး၊ ပညာရေးနှင့် သိပ္ပံနှင့် စက်မှုနည်းပညာ တိုးတက်ရေး ကဏ္ဍများအတွက် အသုံးစရိတ်ကိုတိုးမြှင့်ထားသည်။ အများဆုံးမှာ ကာကွယ်ရေး ဒဿမ ၂ ရာခိုင်နှုန်းအထိ တိုးမြှင့် သုံးစွဲထားသည်ကို တွေ့ရသည်။

တရုတ်ပြည် တောင်ဘက်ရှိ ဟောင်ကောင် နယ်ကို ၁၉၉၇ ခုနှစ် ဇွန်လ ၃၀ ရက်တွင် ဗြိတိသျှအစိုးရက တရုတ်အစိုးရသို့ လွှဲအပ်မည်ဖြစ်သည်။ ယင်းနှစ်အခြေခံဥပဒေအရ ပြည်သူကိုယ်စားလှယ်ဦးရေ၏ ထက်ဝက်ကို ပြည်သူတို့က တိုက်ရိုက်ရွေးချယ်ရမည်ဖြစ်သည်။ လက်ရှိအနေဖြင့် ၂၀ ရာခိုင်နှုန်းကိုသာ ရွေးချယ်နိုင်သည်။ ပါတီစုံစနစ်ကို ထားရှိမည်ဖြစ်ရာ မစ္စတာမာတင်လီးဆိုသူက ယူနိုက်တက် ဒီမိုကရက် ပါတီကို ၁၉၉၀ ပြည့်နှစ် ဧပြီလဆန်းတွင် ထူထောင်လိုက်သည်။ ၁၉၉၁ ခုနှစ် စက်တင်ဘာလတွင် ကျင်းပမည်ဖြစ်သော ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည် ဖြစ်သည်။

တရုတ်ဝန်ကြီးချုပ်လီပင်းသည် ဧပြီလ ၂၃ ရက်နေ့တွင် ဆိုဗီယက်ပြည်ထောင်စုသို့ သုံးရက်ကြာ အလည်အပတ် ခရီး သွားရောက်ခဲ့သည်။ တရုတ်ဝန်ကြီးချုပ်တစ်ဦးအနေဖြင့် နှစ်ပေါင်း ၂၆ နှစ်အတွင်း ပထမဆုံး သွားရောက်ခြင်း

ဖြစ်သည်။ ၎င်း၏ ခရီးစဉ်မှာ တရုတ် ဆိုဗီယက်ဆက်ဆံရေး တိုးတက်လာစေရန် ရည်ရွယ်ပေသည်။ ဧပြီလ ၂၃ ရက်နှင့် ၂၄ ရက်နေ့များတွင် ဆိုဗီယက်ဝန်ကြီးချုပ် နီကိုလိုင်ဘူးဇကော့နှင့် တွေ့ဆုံကာ တရုတ် ဆိုဗီယက်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု စွမ်းရည် တိုးမြှင့်ရေးနည်းလမ်းများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ ဧပြီလ ၂၄ ရက်နေ့တွင် လီပင်းနှင့်ဂေါ်ဘာချော့တို့ တွေ့ဆုံခဲ့ရာ နှစ်နိုင်ငံနယ်စပ် ပြဿနာဖြေရှင်းရေးနှင့် နယ်စပ်ဒေသရှိ စစ်သားဦးရေ လျှော့ချရေးတို့တွင် တိုးတက်မှုများရရှိလျက်ရှိသည်ဟု နှစ်ဦးစလုံးက ဆွေးနွေးသုံးသပ်ခဲ့ကြသည်။ လီပင်း၏ ခရီးစဉ်အတွင်း နှစ်နိုင်ငံသဘောတူညီချက် ခုနစ်ချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

တရုတ်ပြည် တောင်ဘက်ကမ်းတွင် ဇာတ်ရှိသော ပေါ်တူဂီပိုင် မကာအို ကိုလည်း ဟောင်ကောင် ကဲ့သို့ပင် တရုတ်ပြည်သို့ ပြန်အပ်ရန် သဘောတူကြပြီး ဖြစ်သည်။ ၁၉၉၀ ပြည့်နှစ် ဇွန်လ ၁၆ ရက်နေ့တွင် တရုတ်ကိုယ်စားလှယ်နှင့် ပေါ်တူဂီကိုယ်စားလှယ်တို့သည် အခြေခံဥပဒေ ရေးဆွဲရေးဆွေးနွေးကြသည်။ တရုတ်အစိုးရသည် ထိုင်ဝမ်အစိုးရနှင့် ပေါင်းစည်းညီညွတ်ရေး ဆွေးနွေးဆဲဖြစ်သည်။ ဟောင်ကောင်ကဲ့သို့ပင် မိမိ၏ ကိုယ်ပိုင် လူမှုရေး စနစ်အုပ်ချုပ်ရေးစနစ်အတိုင်း ဆက်လက်ထားရှိစေမည် ဖြစ်သည်။

တိယင်မင်ရင်ပြင်၌ ဖြစ်ပွားခဲ့သော အရေးအခင်းနှစ်ပတ်လည် တစ်နှစ်မြောက်နေ့ ဖြစ်သည့် ၁၉၉၀ ပြည့်နှစ် ဇွန်လ ၄ ရက်နှင့် ၅ ရက်နေ့များတွင် ထူးထူးခြားခြား ဖြစ်ပေါ်မှုများ မရှိဘဲ ပြီးဆုံးသွားခဲ့သည်။ သို့ရာတွင် ဟောင်ကောင်အပါအဝင် ကမ္ဘာ့နေရာအတော်များများ၌ နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ဆန္ဒပြမှုများ ဇွန်လ ၄ ရက်နေ့တွင် ဖြစ်ပွားခဲ့သည်။

တရုတ်နိုင်ငံ၏ သဘောထားကဲလွဲသူ ရွှေဆောင်ပုဂ္ဂိုလ် တစ်ဦးဖြစ်သည့် ရှပနက္ခတ္တဗေဒ ပညာရှင် ဖန်လီဇီးနှင့် ၎င်း၏ဇနီးတို့အား ပြိတိန်နိုင်ငံတွင် ခိုလှုံရန်အတွက် တရုတ်နိုင်ငံမှ ထွက်ခွာခွင့်ကို တရုတ်အစိုးရက ဇွန်လ ၂၅ ရက်နေ့တွင် ခွင့်ပြုလိုက်သည်။ ၎င်းတို့ ဇနီးမောင်နှံသည် တိယင်မင်ပြည်သူ့ရင်ပြင် အရေးအခင်းအပြီး၌ အမေရိကန်ပြည်ထောင်စုသံရုံးတွင် တစ်နှစ်ကျော် ခိုလှုံခဲ့ခြင်းဖြစ်သည်။ ၎င်းတို့ဇနီးမောင်နှံ သံရုံးအတွင်းသို့ဝင်ရောက်ပြီး မကြာမီမှာပင် ပီကင်း အာဏာပိုင်များက ဖမ်းဆီးရန်ဝရမ်းထုတ်ခဲ့သည်။

တရုတ်ဝန်ကြီးချုပ်လီပင်းသည် အင်ဒိုနီးရှားနှင့် တရုတ် ၂၃ နှစ်ကြာ ဆက်ဆံရေးပြတ်တောက်ခဲ့ပြီးနောက် နှစ်နိုင်ငံ ပုံမှန် ပြန်လည်ဆက်ဆံရန်နှင့် ကမ္ဘောဒီးယား ပဋိပက္ခကို

ဆွေးနွေးရန် ဂျာကာတာသို့ ဩဂုတ်လ ၆ ရက်နေ့က ရောက်ရှိသွားသည်။ တရုတ်နှင့် အင်ဒိုနီးရှားတို့သည် ယခုအခါ ပုံမှန်သံတမန်ဆက်ဆံရေးကို ပြန်လည်ထူထောင်နိုင်တော့မည်ဖြစ်ကြောင်းဖြင့် ဂျာကာတာသို့ ရောက်ရှိလာစဉ် ထုတ်ပြန်သည့်ကြေညာချက်၌ ဖော်ပြထားသည်။ ၁၉၆၅ ခုနှစ်က အင်ဒိုနီးရှား၌ ကွန်မြူနစ်တို့ အာဏာသိမ်းရာတွင် တရုတ်ပြည် ပါဝင်ပတ်သက်ခဲ့သည်ဟု စွပ်စွဲကာ ၂၃ နှစ်ကြာ ဆက်ဆံရေး ဖြတ်တောက်ခဲ့သည်။ လီပင်းသည် တရုတ်ဝန်ကြီးချုပ် အနေဖြင့် ၁၉၆၅ ခုနှစ် နောက်ပိုင်း ပထမဆုံး လာရောက် လည်ပတ်ခြင်း ဖြစ်သည်။ တရုတ်ဝန်ကြီးချုပ် လီပင်းနှင့် အင်ဒိုနီးရှားသမ္မတ ဆူဟာတို့သည် မာဒေးကား(လွတ်လပ်ရေး) နန်းတော်၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အာရှပြည်သူ သန်း ၃၀၀၀ အကြား ညီညွတ်မှု၊ ရင်းနှီးခွစ်ကြည်မှုနှင့် တိုးတက်ဖွံ့ဖြိုးမှု ရည်မှန်းချက်များဖြင့် တရုတ်နိုင်ငံ ပီကင်းမြို့၌ ၁၁ ကြိမ်မြောက် အာရှအားကစားပွဲတော်ကြီးကို ၁၉၉၀ ပြည့်နှစ် စတင်ဘာလ ၂၂ ရက်နေ့တွင် ခမ်းနားသိုက်မြိုက်စွာ ဖွင့်လှစ်လိုက်သည်။ တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာ အားကစားပွဲကြီးမျိုး ပထမဆုံးအကြိမ် လက်ခံကျင်းပခြင်း ဖြစ်သည်သာမက အာရှကစားပွဲ နှစ် ၄၀ သမိုင်းတွင် တရုတ်နိုင်ငံ၌ ပထမဆုံး ကျင်းပခြင်းဖြစ်သည်။ ၁၁ ကြိမ်မြောက် အာရှအားကစားပွဲတော်သို့ အားကစားအဖွဲ့ ၃၇ ဖွဲ့နှင့် အားကစားသမား ၆,၅၇၈ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြရာ ကျင်းပခဲ့သမျှအနက် အားကစားအဖွဲ့နှင့် ပြိုင်ပွဲဝင်အားကစားသမား အများဆုံး ပင် ဖြစ် သည်။ ပြိုင် ပွဲ သို့ တက် ရောက် လာ သည့် ဧည့်သည်များတွင် ပါကစ္စတန် သမ္မတ အစ္စဟာက်ခန်၊ မြောက်ကိုရီးယား ဒုတိယသမ္မတ လီဂျုံအုတ်၊ အီရန်ဒုတိယသမ္မတဂါဗိုရီဖာ့ဒ်၊ ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း တာကေရှိတာ၊ ထိုင်း ဒုတိယ ဝန်ကြီးချုပ် ဇာတာနာကိုဆက်၊ ဗီယက်နမ်ဒုတိယဝန်ကြီးချုပ် ငုယင်ကိယပ်၊ စင်ကာပူ ဒုတိယဒုတိယဝန်ကြီးချုပ် အုံတိန်ချောင်တို့လည်း ပါဝင်သည်။

ထင်ရှားသော ကွယ်လွန်သူ ပုဂ္ဂိုလ်များ (၁၉၉၀)

။ ။ပြည်ထောင်စု မြန်မာနိုင်ငံတော်၌လည်းကောင်း၊ နိုင်ငံတကာ၌လည်းကောင်း သာသနာအကျိုး ဆယ်ပိုးထမ်းရွက်တော်မူရင်း ပျံလွန်တော်မူသွားကြသော ရဟန်းတော်များနှင့် နိုင်ငံရေး၊ လူမှုရေး၊ စာပေ၊ အနုပညာနှင့် သိပ္ပံနယ်ပယ် အသီးသီး၌ ထူးချွန်ထင်ရှားခဲ့ပြီး ကွယ်လွန်သွားကြသည့် လူပုဂ္ဂိုလ်များ ရှိကြသည်။

မြန်မာ

ရဟန်းတော်များ

- ကဝိန္ဒာဘိဝံသ၊ ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ (သက်တော် ၆၆ နှစ်)
  ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊ မဟာသိမ်တော်ကြီး၊ ပရိယတ္တိစာသင်တိုက်၊
  (၂၂-၉-၉၀ ရက်နေ့တွင် ပျံလွန်တော်မူသည်။)
- ကောသရ၊ ဘဒ္ဒန္တ (သက်တော် ၈၆ နှစ်)
  ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့၊ မဟာဗောဓာရုံ၊ ပရိယတ္တိစာသင်တိုက်၊ နိုင်ငံတော်သြဝါဒါစရိယ
  (၁၀-၂-၉၀ ရက်နေ့တွင် ပျံလွန်တော်မူသည်။)
- ဇောတယ၊ ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ (သက်တော် ၁၀၄ နှစ်)
  ရွှေကျင်သာသနာပိုင်၊ မန္တလေးအရွှေပြင်၊ မဟာဝိသုဒ္ဓါရုံတိုက်၊
  (၂-၁၂-၈၉ ရက်နေ့တွင် ပျံလွန်တော်မူသည်။)
- ပဏ္ဍိတ၊ ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ (သက်တော် ၇၈ နှစ်)
  ရှမ်းပြည်နယ်၊ ပင်လုံမြို့ မူလ မင်းကွန်းသာသနာ့ မာရ်အောင် ကမ္မဋ္ဌာန်းကျောင်းတိုက်၊ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်၊
  (၁၀-၁-၉၀ ရက်နေ့တွင် ပျံလွန်တော်မူသည်။)
- ဝိမလ ဘဒ္ဒန္တ (သက်တော် ၉၄ နှစ်)
  ရန်ကုန်တိုင်း၊ တုံတေးမြို့ ညောင်တံခါး ကျောင်းတိုက်၊ နိုင်ငံတော် သြဝါဒါစရိယ၊
  (၂၉-၁-၉၀ ရက်နေ့တွင် ပျံလွန်တော်မူသည်။)
- သူရိယ၊ ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ (သက်တော် ၈၁ နှစ်)
  မန္တလေးတိုင်း၊ မြင်းခြံမြို့၊ မင်းကျောင်းတိုက်၊ ဓမ္မပါလ အုတ်ကျောင်း၊ နိုင်ငံတော် သြဝါဒါ စရိယ၊
  (၂၂-၅-၉၀ ရက်နေ့တွင် ပျံလွန်တော်မူသည်။)
- သူရိယာ ဘိဝံသ၊ ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ (သက်တော် ၇၉ နှစ်)
  ဗဟန်းမြို့နယ်၊ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်၊
  (၁၈-၄-၉၀ ရက်နေ့တွင် ပျံလွန်တော်မူသည်။)
- သဒ္ဓမ္မောဒယ၊ ဘဒ္ဒန္တ၊ အဘိဓဇမဟာရဋ္ဌဂုရု (သက်တော် ၉၀ နှစ်)
  ဗဟန်းမြို့နယ်၊ မင်္ဂလာမဏ္ဍိုင်ကျောင်းတိုက်၊ နိုင်ငံတော် သြဝါဒါစရိယ၊
  (၁၆-၁-၉၀ ရက်နေ့တွင် ပျံလွန်တော်မူသည်။)
- ဥတ္တရာ ဘိဓဇ၊ ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ (သက်တော် ၈၂ နှစ်)
  ပဲခူးတိုင်း၊ ကြို့ပင်ကောက်မြို့၊ ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ နိုင်ငံတော် သြဝါဒါစရိယ၊
  (၁၄-၉-၉၀ ရက်နေ့တွင် ပျံလွန်တော်မူသည်။)

လူပုဂ္ဂိုလ်များ

- ကျော်စိန်၊ သခင် (အသက် ၇၂ နှစ်)
  မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတွင် တစ်တပ်တစ်အား ပါဝင်ခဲ့သူ။
  (၃-၂-၉၀ ရက်နေ့တွင် ကွယ်လွန်သည်။)
- ကြီးခင်၊ ဦး (အသက် ၇၆ နှစ်)
  မင်္ဂလာပုံနှိပ်တိုက်၊ မြန်မာပြည်စာအုပ်တိုက် ပိုင်ရှင်နှင့် စာရေးဆရာကြီး။
  (၁၅-၄-၉၀ ရက်နေ့တွင် ကွယ်လွန်သည်။)
- ကြွယ်ငြိမ်း၊ဦး (ဘိုကလေးဦးကြွယ်) (အသက် ၈၄ နှစ်)
  ဗေဒင်လက္ခဏာဆောင်းပါးများ၊ ဗေဒင်ကျမ်းများ၊ ဒေသန္တရဆောင်းပါးများ ရေးသားခဲ့သော စာရေးဆရာကြီး။
  (၂၁-၄-၉၀ ရက်နေ့တွင် ကွယ်လွန်သည်။)
- ချမ်းသာ၊ ဦး(လက်ဝဲမင်းညို) (အသက် ၈၄ နှစ်) မဟာသရေစည်သူ ဘွဲ့ရ၊ **New College, Oxford University** ထွက် **I.C.S** ဖြစ်ခဲ့သူ၊ မြန်မာစာအဖွဲ့ အဖွဲ့ဝင်နှင့် စာရေးဆရာကြီး။
  (၂၀-၁၁-၉၀ ရက်နေ့တွင် ကွယ်လွန်သည်။)
- ဒွေလင်း (အသက် ၇၇ နှစ်)
  ၁၉၅၃ ခုနှစ် ရှုမဝ ဝတ္ထုရှည်တစ်ထောင်ဆုနှင့် အမျိုးသားစာပေဆု (၁၉၆၅) ရ စာရေးဆရာ။
  (၂၂-၁၂-၈၉ ရက်နေ့တွင် ကွယ်လွန်သည်။)
- စိန်မြင့်၊ ဒေါက်တာ (အသက် ၆၈ နှစ်)
  M.B.B.S, F.R.C.S (Edin:), F.R.C.S (Eng) အင်္ဂြိမ်းစား ပါမောက္ခ၊ ခဲစိတ်ကု ဆရာဝန်ကြီး။
  (၁-၁-၉၀ ရက်နေ့တွင် ကွယ်လွန်သည်။)
- ညီညီ၊ ဦး (အသက် ၇၉ နှစ်)
  သီရိပျံချီဘွဲ့ရ အင်္ဂြိမ်းစား သမဝါယမမင်းကြီးနှင့် အင်္ဂြိမ်းစား ကုလသမဂ္ဂအကြံပေးအရာရှိ။
  (၂၂-၂-၉၀ ရက်နေ့တွင် ကွယ်လွန်သည်။)
- ထွန်းခင်၊ သခင် (ရေနံမြေ) (အသက် ၇၇ နှစ်)
  ယခင် တောင်သူလယ်သမား သမဂ္ဂများအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ မော်ကွန်းဝင် (ဒုတိယဆင့်)နှင့် နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) ရ လွတ်လပ်ရေးကြိုးပမ်းမှုကာလ သခင်တစ်ဦး။
  (၂၄-၄-၉၀ ရက်နေ့တွင် ကွယ်လွန်သည်။)

– ထွန်းညို၊ ဦး (ဗိုလ်ထွန်းညို) (အသက် ၆၇ နှစ်)
မော်ကွန်းဝင် (ပထမဆင့်) နှင့် နိုင်ငံ့ဂုဏ်ရည် (ဒုတိယဆင့်) ရ၊ ဂျပန်ခေတ် စစ်တက္ကသိုလ်၊ ပထမ ပတ်ဆင်း မျိုးချစ်ဗမာ့ တပ်မတော် တပ်မှူးဟောင်း။
(၂၆-၃-၉၀ ရက်နေ့တွင် ကွယ်လွန်သည်။)

– ထွန်းရွှေ၊ သခင်၊ သာယာဝတီ (အသက် ၇၀ နှစ်)
မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုတွင် ပါဝင်ခဲ့သူ မော်ကွန်းဝင် (ပထမဆင့်)ရ၊ ဘီအိုင်အေ ဗိုလ်ဟောင်း။
(၂၄-၁-၉၀ ရက်နေ့တွင်ကွယ်လွန်သည်။)

– ပါနောက်၊ ဦး (အသက် ၇၄ နှစ်)
တစ်ချိန်က ရုပ်ရှင်လောကတွင် လူသိများခဲ့သော လူရွှင်တော် ရုပ်ရှင်သရုပ်ဆောင်။
(၂-၄-၉၀ ရက်နေ့တွင် ကွယ်လွန်သည်။)

– ပြေငြိမ်း (အသက် ၂၉ နှစ်)
တက်သစ်စ ရုပ်ရှင်သရုပ်ဆောင်။
(၁၂-၃-၉၀ ရက်နေ့တွင် ကွယ်လွန်သည်။)

– ပြည်လှဖေ (အသက် ၇၈ နှစ်)
ခေတ်ဟောင်း နိုင်ငံကျော်အဆိုတော်ကြီး၊ အငြိမ်းစား ဒုတိယဝန်ကြီးနှင့် ဒုတိယဗိုလ်မှူးကြီး (အငြိမ်းစား)။
(၁၃-၃-၉၀ ရက်နေ့တွင် ကွယ်လွန်သည်။)

– ပွင့်လန်း (သတ္တုတွင်း) (အသက် ၅၄ နှစ်)
အမျိုးသားစာပေဆုရ စာရေးဆရာ။
(၁၀-၄-၉၀ ရက်နေ့တွင် ကွယ်လွန်သည်။)

– ဗကျိအောင်စိုး (အသက် ၆၇ နှစ်)
မြန်မာနိုင်ငံတွင် မော်ဒန်ပန်းချီခေတ်ကို စတင်တည်ထောင်ခဲ့သူနှင့် ခေတ်သစ်ပန်းချီကားများကို ရေးဆွဲခဲ့သူ နိုင်ငံကျော် ပန်းချီဆရာကြီး။
(၆-၇-၉၀ ရက်နေ့တွင် ကွယ်လွန်သည်။)

– ဘသန်း၊ ဦး (ယူပီအိုင်) (အသက် ၉၂ နှစ်)
ဝါရင့် သတင်းစာဆရာကြီး။
(၁၉-၅-၉၀ ရက်နေ့တွင် ကွယ်လွန်သည်။)

– ဘုန်းမြင့် (အသက် ၇၁ နှစ်)
၁၉၃၉ ခုနှစ်မှစ၍ ဝတ္ထုများရေးသားပြီး စာပေလောကသို့ ရောက်ခဲ့သူ၊ ပင်ကိုရေး ဝတ္ထုများ သာမကအတ္ထုပ္ပတ္တိ ပြဇာတ်များကို ဘာသာပြန်ခဲ့သူ စာရေးဆရာ။
(၁၂-၁၀-၉၀ ရက်နေ့တွင် ကွယ်လွန်သည်။)

– မိမိခိုင်၊ ဒေါ် (အသက် ၇၄ နှစ်)
အမေရိကန် ပြည်ထောင်စု မီချီဂန်တက္ကသိုလ် တွဲဖက် ပါမောက္ခ (၁၉၇၆–၇၈) နှင့်မြန်မာ့ဓလေ့ထုံးတမ်းများကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့သော စာရေးဆရာမ။
(၁၅-၃-၉၀ ရက်နေ့တွင် ကွယ်လွန်သည်။)

– မိုးမိုး (အင်းလျား) (အသက် ၄၆ နှစ်)
အမျိုးသား စာပေဆု လေးကြိမ် ရရှိခဲ့သော စာရေးဆရာမ။
(၁၃-၃-၉၀ ရက်နေ့တွင် ကွယ်လွန်သည်။)

– မန္တလာမြင့်၊ ဒေါ် (အသက် ၉၁ နှစ်)
ခေတ်ဟောင်း အဆိုကျော်ကြီး။
(၃-၅-၉၀ ရက်နေ့တွင် ကွယ်လွန်သည်။)

– မျိုးမြင့်ဆွေ (အသက် ၅၇ နှစ်)
အမျိုးသားစာပေဆုရ ကဗျာဆရာ။
(၁၂-၂-၉၀ ရက်နေ့တွင် ကွယ်လွန်သည်။)

– မြစိန်၊ ဦး (အသက် ၇၄ နှစ်)
သီရိပျံချီ၊ မော်ကွန်းဝင် (ပထမဆင့်)နှင့် နိုင်ငံ့ဂုဏ်ရည် (ဒုတိယဆင့်)ရ အငြိမ်းစား သံအမတ်ကြီး။
(၁၁-၂-၉၀ ရက်နေ့တွင် ကွယ်လွန်သည်။)

– မြလှိုင်၊ ဦး (ဗိုလ်မြလှိုင်) (အသက် ၇၁ နှစ်)
မော်ကွန်းဝင် (ပထမဆင့်)ရ ပေဖူးလွှာ မဂ္ဂဇင်း စာတည်းချုပ်နှင့် စာရေးဆရာ။
(၁၄-၁၀-၉၀ ရက်နေ့တွင် ကွယ်လွန်သည်။)

– ယုဝတီ ကြည်ဝေ (အသက် ၆၅ နှစ်)
နာမည်ကျော် စာရေးဆရာမ။
(၃၀-၆-၉၀ ရက်နေ့တွင် ကွယ်လွန်သည်။)

– လေးမောင်၊ သခင် (အသက် ၈၀ နှစ်)
မြန်မာ့လွတ်လပ်ရေးတိုက်ပွဲတွင် ပါဝင်ခဲ့သော တို့ဗမာ အစည်းအရုံးဝင် နိုင်ငံရေး ခေါင်းဆောင် တစ်ဦး။
(၃-၃-၉၀ ရက်နေ့တွင် ကွယ်လွန်သည်။)

– လှဒင်၊ ဦး (စလင်းကျော်စွာ) (အသက် ၆၉ နှစ်)
နိုင်ငံ့ဂုဏ်ရည် (ဒုတိယဆင့်)နှင့် မော်ကွန်းဝင် (ဒုတိယဆင့်)ရ အငြိမ်းစား စာတည်း။
(၁-၄-၉၀ ရက်နေ့တွင် ကွယ်လွန်သည်။)

– သော်ဇင်၊ ဦး (အသက် ၈၃ နှစ်)
မြန်မာစာအဖွဲ့ဝင် စာရေးဆရာကြီး။
(၁၃-၉-၉၀ ရက်နေ့တွင် ကွယ်လွန်သည်။)

– သက်စု၊ ဦး (စည်သူ) (အသက် ၈၈ နှစ်)
စိုက်ပျိုးရေးဌာန ညွှန်ကြားရေးဝန် (အငြိမ်းစား) နိုင်ငံတော် ကောက်ပဲသီးနှံဆောင်းဝယ်ရေးအဖွဲ့ ဥက္ကဋ္ဌ (အငြိမ်းစား)၊ ကမ္ဘာ့ စားနပ်ရိက္ခာအဖွဲ့၊ ညွှန်ကြားရေးမှူး (အငြိမ်းစား)။
(၂၈-၁၀-၉၀ ရက်နေ့တွင် ကွယ်လွန်သည်။)

– သင်းကြည် ဒေါ်၊ (ဒေါက်တာ) (အသက် ၇၄ နှစ်) BA (Hons) Ph.D (Clark)၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလ အာရှလူငယ် အမျိုးသမီးဌာနတာဝန်ခံ၊ နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)ရ အငြိမ်းစား ပါမောက္ခ (ပထဝီ)။
(၁၃-၁၀-၉၀ ရက်နေ့တွင် ကွယ်လွန်သည်။)

– သိန်းဟန်၊ ဦး (ဇော်ဂျီ) (အသက် ၈၄ နှစ်) ခေတ်စမ်း စာပေခေတ်ကို စတင်ခဲ့သူ တစ်ဦး ဖြစ်သော ငဏ္ဍကျော်ထင်၊ သီရိပျံချီဘွဲ့မျှားနှင့် အမျိုးသား စာပေဆုရ စာရေးဆရာနှင့် ကဗျာဆရာကြီး။
(၂၆-၉-၉၀ ရက်နေ့တွင် ကွယ်လွန်သည်။)

-- သိန်းအောင်၊မြို့တော် (အသက် ၆၈ နှစ်) သဘင်လောကတွင် ပြဇာတ်များဖြင့် နာမည်ကျော်ကြား ခဲ့သော သဘင် အနုပညာရှင်။
(၃၀-၁၂-၉၀ ရက်နေ့တွင် ကွယ်လွန်သည်။)

နိုင်ငံတကာ

ကင်မာဂို, အယ်လ်ဘာတိုလားရတ်စ် (၈၃ နှစ်)
ကိုလုံးဗီးယား နိုင်ငံ၏ နှစ်ကြိမ်တိုင် သမ္မတဖြစ်ခဲ့သူ။

ဂရာဇီယာနို, ရော့ကီး (၇၁ နှစ်)
မစ်ဒယ်လ်ဝိတ် လက်ဝှေ့ချန်ပီယံဟောင်း။ လက်ဝှေ့သက်တမ်း ၁၁ နှစ်အတွင်း၌ အနိုင် ၆၇ ပွဲ၊ အရှုံး ၁၆ ပွဲ၊ အလေထိုးပွဲ ၅၂ ပွဲ ရှိခဲ့သည်။ လက်ဝှေ့လောကမှ အနားယူသွားသောအခါ ဂရာဇီယာနို၏ဘဝဇာတ်လမ်းကို ရေးသားကင်ပြ ထားသော Somebody up There Likes Me သည် အရောင်းရ အတွင်ကျယ်ဆုံး စာအုပ်ဖြစ်ခဲ့သည်။

ဂါဒနာ, အာဗာ (၇၇ နှစ်)
နာမည်ကျော် ရုပ်ရှင်မင်းသမီးကြီး။ ရုပ်ရှင်လောက သက်တမ်း နှစ် ၄၀ အတွင်း ကားပေါင်း ၆၀ ကျော် ရိုက်ကူးခဲ့သည်။ အဆုတ်အအေးမိရောဂါဖြင့် ၂၅-၁-၉၀ နေ့တွင် ကွယ်လွန်သည်။

စတူးဝပ်, မိုက်ကယ် (၇၃ နှစ်)
ပြိတိန်နိုင်ငံဝန်ကြီးချုပ် ဟာရိုးဝီလ်ဆင်၏ လက်အောက်တွင် ၁၉၆၅ ခုနှစ်နှင့် ၁၉၆၈ ခုနှစ် ၁၉၇၀ ပြည့်နှစ်ထိ နှစ်ကြိမ်တိုင်တိုင် နိုင်ငံခြားရေးဝန်ကြီးဖြစ်ခဲ့သူ။

စတန်းဝစ်, ဘာဘရာ (၆၂ နှစ်)
၁၉၃၀ နှင့် ၁၉၄၀ ပြည့်လွန် နှစ်များတွင် ထင်ပေါ်ကျော်ကြားခဲ့သော ဟောလီးဝုဒ် ရုပ်ရှင်မင်းသမီးကြီး။ ရုပ်ရှင်ကားပေါင်း ၈၀ ကျော် ရိုက်ကူးခဲ့သည်။ ၂၀-၁-၉၀ နေ့တွင် နှလုံးရောဂါဖြင့် ကွယ်လွန်သည်။

ပါတီနီ, အလက်ဆန်ဒရို (၉၃ နှစ်)
အီတလီနိုင်ငံ သမ္မတဟောင်း။ ၂၄-၂-၉၀ နေ့တွင် ကွယ်လွန်သည်။

ပေါင်းဝဲလ်, မိုက်ကယ် (၈၄ နှစ်)
ပြိတိသျှ ရုပ်ရှင်ဒါရိုက်တာ၊ ထုတ်လုပ်သူနှင့် ဇာတ်ညွှန်းရေးဆရာ။

ဗားဂတ်စ်, ပီဒရို (၈၅ နှစ်)
မက္ကဆီကန် အဆိုတော်နှင့် ရုပ်ရှင်မင်းသား

ဗော်ဂမ်,ဆာရာ



လီဒတ်သို



အယ်လ်ဘာတိုမော်ရေးဗီးယား



ဗော်ဂမ်, ဆာရာ (၆၆ နှစ်)
အမေရိကန် တေးဂီတသမိုင်းတွင် အထူးကျော်ကြား ထူးချွန်ခဲ့သည့် အမျိုးသမီးအဆိုတော်။ အဆုတ်ကင်ဆာဖြင့် ကွယ်လွန်သည်။

ဘေလီ, ပါးလ် (၇၂ နှစ်)
အမေရိကန် ထိပ်တန်းအနုပညာရှင် အမျိုးသမီးကြီး။

မော်ရေးဗီးယား, အယ်လ်ဘာတို (၈၂ နှစ်)
ဤရာစုနှစ်၌ အကျော်ကြား အထူးခွန်ဆုံး အီတလီစာရေးဆရာကြီး။

ရာဂျနီး, ဘဂဝမ်ဒွရီ (၅၈ နှစ်)
အမေရိကန်နိုင်ငံမှ ပြည်နှင်ဒဏ် ပေးခံရသော အိန္ဒိယလူမျိုးဘာသာရေး ခေါင်းဆောင်။ ၁၉-၁-၉၀နေ့တွင် နှလုံးရောဂါဖြင့် ကွယ်လွန်သည်။

ရူမော, မာရီယာနို (၇၄ နှစ်)
၁၉၆၈ ခုနှစ်မှ ၁၉၇၃ ခုနှစ်အတွင်း ငါးကြိမ်တိုင်တိုင် အီတလီဝန်ကြီးချုပ်ဖြစ်ခဲ့သူ။ နှလုံးရောဂါဖြင့် ကွယ်လွန်သည်။

ရှရိုးဒါး, ဂါးဟတ် (၂၉ နှစ်)
အနောက်ဂျာမနီ နိုင်ငံခြားရေးဝန်ကြီးအဖြစ် ၁၉၆၁ မှ ၁၉၆၆ ခုနှစ်အထိ ထမ်းဆောင်ခဲ့ပြီး အနောက်ဂျာမနီ နိုင်ငံကို အရှေ့ဥရောပနှင့် ဆက်ဆံမှုတိုးတက်စေနိုင်ခဲ့သူ။

လီဒတ်သို (၃၉ နှစ်)
၁၉၇၃ ခုနှစ်တွင် ဗီယက်နမ်မှ အမေရိကန်တပ်များ ရုပ်သိမ်းပေးမှု၌ စေ့စပ်ဆွေးနွေးခဲ့သူ။ ဗီယက်နမ် ကွန်မြူနစ် ပါတီတည်ထောင်ရာတွင် ပါဝင်ခဲ့သူ။ ပေါ်လစ်ဗျူရို အဖွဲဝင်အဖြစ် ၁၉၅၅ ခုနှစ်မှ ၁၉၆၆ ခုနှစ်အထိ ဆောင်ရွက်ခဲ့ပြီးနောက် ဗဟိုကော်မတီ၏ အကြံပေးပုဂ္ဂိုလ်ဖြစ်လာခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် ထိုစဉ်က အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟင်နရီကစ်ဆင်းဂျာနှင့် အတူငြိမ်းချမ်းရေး နိုဗယ်ဆု ပူးတွဲချီးမြှင့်ခံခဲ့ရသော်လည်း သူနိုင်ငံသည် စစ်ဖြစ်နေဆဲဟု အကြောင်းပြလျက် ဆုကို လက်မခံခဲ့ချေ။

လေးမန်း, ရိုစမန်အဲန် (၈၉ နှစ်)
ဗြိတိသျှစာရေးဆရာမ။ သူမ၏ဝတ္ထုရှည်ကြီးများအနက် Dusty Answer နှင့် The Echoing Grove သည် ကျော်ကြားခဲ့သည်။

လိုဂျီဟန်ဆန်, အိုင်ဗာ (၈၉ နှစ်)
၁၉၃၀ ပြည့်လွန်နှစ်များက ဆွီဒင် မြေယာမဲ့လယ်သမားတို့၏ ဘဝသရုပ်ဖော်ဝတ္ထုများရေးသား၍ လယ်ပိုင်ရှင်တို့အပေါ် လယ်ယာလုပ်သားတို့၏ဘဝ လုံးဝမှီခိုနေရသည့် စနစ်ကိုအဆုံးသတ်စေရန် ဖိအားပေးခဲ့သည့် ဆွီဒင်စာရေးဆရာ။ ၁၁-၄-၉၀ နေ့တွင် ကွယ်လွန်သည်။

ဝေါလ့စ်, အာဗင် (၇၄ နှစ်)
ယနေ့ခေတ် အရောင်းရ အတွင်ကျယ်ဆုံး စာရေးဆရာ။ သူ့စာအုပ် ၃၃ အုပ်သည် အုပ်ရေ ၁၉၄ သန်းကျော် ရောင်းခဲ့ရသည်။ ၁၉၆၀ ပြည့်နှစ်တွင် ထုတ်ဝေခဲ့သော The Chapman Report သည် သူ့အား နိုင်ငံတကာသိ အဆင့်သို့ ရောက်စေခဲ့သည်။ ၂၃-၁-၉၀ နေ့တွင် ကျောက်ကပ်ကင်ဆာဖြင့် ကွယ်လွန်သည်။

သီဆန်, ပီတာ အဒေါ့ဖ် (၉၀ နှစ်)
ဆိုဗီယက် အက်တမ်ဗုံးပြုလုပ်ရာ၌ အဓိကအခန်းမှ ပါဝင်ခဲ့သော အရှေ့ဂျာမနီနိုင်ငံမှ သိပ္ပံပညာရှင်။

ဟာနု, ချားလ်စ် (၆၆ နှစ်)
ပြင်သစ်ကာကွယ်ရေးဝန်ကြီးဟောင်း။ ၁၇-၁-၉၀ နေ့တွင် နှလုံးရောဂါဖြင့် ကွယ်လွန်သည်။

ဟာရီဆန်, ရက်ဂ်စ် (၈၂ နှစ်)
My Fair Lady ဇာတ်ကားတွင် ပါမောက္ခ ဟင်နရီဟစ်ဂင်အဖြစ် ထူးချွန်စွာ သရုပ်ဆောင်ခဲ့သည့် ကမ္ဘာကျော်ရုပ်ရှင်မင်းသားကြီး။ ဇာတ်ရုံနှင့် ရုပ်ရှင်အနုပညာသက်တမ်း ၆၅ နှစ်မျှ ရှိခဲ့ပြီး သူ၏ ပထမဆုံးရုပ်ရှင်ကားမှာ Men are not Gods (၁၉၂၉) ဖြစ်သည်။

ဟိဂါရှီကူနို, နာရူအီကို ၊ မင်းသားကြီး (၁၀၂ နှစ်)
ဒုတိယကမ္ဘာစစ်ကြီး အပြီးတွင် ဂျပန်နိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ်ဖြစ်ခဲ့သူ။ ၂၀-၁-၉၀ နေ့တွင် ကွယ်လွန်သည်။

အက်ရှ်တန်, လေဒီ (၉၂ နှစ်)
နာမည်ကျော် ဗြိတိသျှ ဖက်ရှင်မဂ္ဂဇင်း Vogue ၏ အယ်ဒီတာအဖြစ် ၁၉၃၀ ပြည့်လွန်နှစ်များက ဆောင်ရွက်ခဲ့သူ။ ဖက်ရှင်အနုပညာကျောင်း တော်ဝင်ကောလိပ်ကို တည်ထောင်ခဲ့သူ။

ထိုင်းနိုင်ငံ။ ။၁၉၇၆ ခုနှစ် ဩဂုတ်လ ၁၁ ရက်နေ့တွင် ဝန်ကြီးချုပ်တာဝန်ကို ဆက်လက် ထမ်းဆောင်ခဲ့သော ဗိုလ်ချုပ်ကြီး ပရမ်တင်ဆူလာနွန်ဒါသည် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး အားသစ်ကမ်လန်အိုက် အား နိုင်ငံရေး မတည်မငြိမ်ဖြစ်အောင်လုပ်မှုဖြင့် အရေးယူခဲ့သည်။

ထို့နောက် များမကြာမီ အသက် ၅၅ နှစ်အရွယ်ရှိ ဗိုလ်ချုပ်ကြီးချာဗာလစ်ယောင်ချိုင်ယုဒ်ကို ခန့်ထားလိုက်သည်။ သဘောထားကြီးမားကာ လစ်ဘရယ်အယူအဆရှိသည့်အပြင် ခေတ်မီစစ်ပညာ၌ကျွမ်းကျင်သည့် ချာဗာလစ်သည် ကွန်မြူနစ်များ လက်နက်ချရေး ဆောင်ရွက်ရာ၌ အောင်မြင်ခဲ့သူဖြစ်သည်။

နိုင်ငံ၏အရှေ့မြောက်နယ်စပ်၌ မြစိမ်းဆွောင်ဖွဲ့ဖြိုးရေးစိမံကိန်းကို ဗိုလ်ချုပ်ကြီးချာဗာလစ်ကတင်ပြသောအခါ

သန်း ၄၀၀ ကုန်ကျမည့် စီမံကိန်းဖြစ်သည်ဟုဆိုကာ ပရမ်က ရပ်ဆိုင်းထားခဲ့သည်။ ထိုစီမံကိန်းကို ဘုရင်က သဘောကျ၍ ချာဗာလစ်ကို ခေါ်ယူဆွေးနွေးသည်။ ပရမ်ကလည်း အလားတူ နယ်စပ်ဖွံ့ဖြိုးရေး စီမံကိန်းကို ရေးဆွဲ၍တင်ပြသည်။

မူပိုင်မှတ်ပုံတင် ပြုလုပ်ထားသော နိုင်ငံခြားပစ္စည်းများအား အတုပြုလုပ်၍ရောင်းချသည့် လုပ်ငန်းများကို တားမြစ်သည့် ဥပဒေကြမ်းကို ပရမ်အစိုးရကတင်သွင်းရန် စီစဉ်သည်။ ၎င်းကို လှုတ်တော်အမတ်များက မကြိုက်သောကြောင့် ပရမ်အစိုးရအား အယုံအကြည်မရှိ အဆိုတင်သွင်းရာ အတိုက်အခံတို့ဘက်မှ အနိုင်ရရှိသဖြင့် ပရမ်အစိုးရသည် ၁၉၇၈ ခုနှစ် ဧပြီလ ၂၉ ရက်နေ့က ရာထူးမှနုတ်ထွက်လိုက်ရသည်။ ၎င်းနေ့မှာပင် ပရမ်သည် ပါလီမန်ကို ဖျက်သိမ်းခဲ့သည်။

ထို့နောက် ၁၉၇၈ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့တွင် အထွေထွေရွေးကောက်ပွဲကိုကျင်းပရာ အမတ်နေရာ ၃၆၂ နေရာအတွက် ပါတီစုံမှအမတ်လောင်း ၁,၆၀၀ ဝင်ရောက်အရွေးခံကြသည်။ ပါတီကြီးများမှာ ဒီမိုကရေစီပါတီ၊ ချတ်ထိုင်းပါတီ၊ ပလန်ဒါမခေါ်လာဘ်စားမှုပပျောက်ရေးပါတီစသည်တို့ ဝင်ရောက်အရွေးခံကြသည်။ ဗိုလ်ချုပ်ကြီး ချတ်ချိုင်းခွန်ဟာဝမ် ဦးစီးသော ချတ်ထိုင်းပါတီက အများစုရွေးကောက်ခြင်း ခံရသည်။ ဗိုလ်ချုပ်ကြီးပရမ်အား ဝန်ကြီးချုပ်အဖြစ် ပြန်လည်တင်မြှောက်သော်လည်း လက်မခံသဖြင့် ချတ်ချိုင်းခွန်ဟာဝမ်ကို ဝန်ကြီးချုပ်တင်မြှောက်လိုက်သည်။

ဗိုလ်ချုပ်ကြီးပရမ်လက်ထက်တွင် မအောင်မြင်သော အာဏာသိမ်းမှု နှစ်ကြိမ် ဖြစ်ပွားသည်။ ၁၉၇၅ ခုနှစ် စက်တင်ဘာလတွင် ဖြစ်ပွားသော အာဏာသိမ်းမှုတွင် ပရမ်မှာ လူမှားသဖြင့် သိသိကလေး လွတ်သွားသည်။ ထိုင်းဝန်ကြီးချုပ်ဟောင်း ကရီယန်ဆတ်ချာမာနန်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ်ဟောင်း ဆီရင်နာနာကွန်တို့ ပါဝင်ကြသည်။ အားလုံး ၃၀ ကျော်ကို ဖမ်းဆီးစစ်ဆေးသည်။ (စွဲယ်စုံနှစ်ချုပ် ၁၉၇၇ – စာ၊ ၁၈၆—ရှု။) မကြာမီ အာမခံပေးခြင်းနှင့် တရားစွဲမှုမှ ပလပ်ခြင်းများ ပြုခဲ့သည်။ နောက်ဆုံးကျန်ရှိသော တရားခံ ၁၀ ကိုလည်း ၁၉၇၈ ခုနှစ် ဇွန်လ ၂၂ ရက်တွင် ပြုလုပ်ခဲ့သော ဝန်ကြီးများအစည်းအဝေးက လွှတ်ငြိမ်းခွင့်ပြုသည်။

မီ ချိုင်း ရှုချူပန်သည် ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် ဝန်ကြီးချုပ်ရုံးနှင့် တွဲဖက်ခန့်ထားသည့် ဝန်ကြီးရာထူးမှ နုတ်ထွက်ခဲ့သည်။ အဆိုပါ ရာထူးကို ၁၉၇၀ ပြည့်နှစ် ကတည်းက ရရှိခဲ့ခြင်းဖြစ်သည်။ မီချိုင်းသည် ဥပဒေကျွမ်းကျင်သူ ထိပ်တန်းအရာရှိတစ်ဦးဖြစ်၍ ထိုင်းအစိုးရအဖွဲ့တွင် မည်သည့်ပါတီဝင်မျှ မဟုတ်သော တစ်ဦးတည်းသော အဖွဲ့ဝင် ဖြစ်သည်။

ဇန်နဝါရီလ ၇ ရက်နေ့တွင် ဗန်ကောက်မြို့တော်ဝန် အဖြစ် ဗိုလ်ချုပ်ချမ်းလောင်း ဆရီမူယန်အား ရွေးချယ်တင်မြှောက်လိုက်သည်။ ဆန္ဒမဲ ၆၁.၃ ရာခိုင်နှုန်း ရရှိခဲ့သည်။ ထိုင်းဝန်ကြီးချုပ် ဗိုလ်ချုပ် ချတ်ချိုင်းခွန်ဟာဝမ်ကလည်း ဇန်နဝါရီလ ၉ ရက်နေ့တွင် အစိုးရအဖွဲ့အတွင်း နောက်ထပ်အပြောင်းအလဲများ ပြုလုပ်ခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနများ၏ ဝန်ကြီးနေရာများကို ပြောင်းလဲခဲ့သည်။

အသက် ၅၇ နှစ်အရွယ်ရှိ ဗိုလ်ချုပ်ကြီးချာဗာလစ် ယောင်ချိုင်ယုဒ်သည် ၁၉၉၀ ပြည့်နှစ် မတ်လ ၂၇ ရက်နေ့တွင် ထိုင်းတပ်မတော်စစ်ဦးစီးချုပ်အဖြစ်မှ နုတ်ထွက်ခဲ့ပြီး ၎င်းအနေဖြင့် အစိုးရအဖွဲ့တွင် ကာကွယ်ရေးဝန်ကြီးနှင့် ဒုတိယ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်မည်ဟု မတ်လ ၂၈ ရက်နေ့တွင် ကြေညာခဲ့သည်။ ချာဗာလစ်အနေဖြင့် အစိုးရအဖွဲ့အတွင်း ပါဝင် ဆောင်ရွက်ရန် ဖိတ်ခေါ်မှုနှင့်ပတ်သက်၍ ကစ်စုံတစ်ရာ တုံ့ပြန်ပြောကြားခဲ့ခြင်းမရှိဘဲ ယခုကဲ့သို့ ရုတ်တရက်ကြေညာလိုက်ခြင်း ဖြစ်သည်။ ၎င်းအား အဓိကပြုိင်ဘက်အဖြစ် ဝန်ကြီးချုပ် ချတ်ချိုင်း ခွန်ဟာဝမ်၏နေရာကို ဆက်ခံမည့်သူအဖြစ် အများကပင် ယူဆထားကြသည်။ အစိုးရအဖွဲ့အတွင်း ချာဗာလစ်ဝင်ရောက်လာမှုမှာ လွန်ခဲ့သောနှစ်ကဖြစ်ပေါ်ခဲ့သည့် မသမာမှုများ၊ ခြစားမှုများနှင့် အလုပ်သမားပဋိပက္ခအငြင်းပွားမှုများနှင့်ပတ်သက်၍ အစိုးရအုပ်ချုပ်ရေးယန္တရား၏ ဂုဏ်သိက္ခာမြှင့်တင်ရန် ရည်ရွယ်သည်ဟု အများကယုံကြည်မျှော်လင့်ကြသည်။ ချာဗာလစ်အား အစိုးရအဖွဲ့အတွင်း ခန့်ထားမှုကို ဩဇာကြီးမားသည့် ကျောင်းသားလှုပ်ရှားမှုအစိတ်အပိုင်းများက ဆန့်ကျင်ကြပြီး ယခုကဲ့သို့ခန့်ထားမှုသည် ဒီမိုကရေစီနည်းလမ်းမကျဟုဆိုကာ ကန့်ကွက်ကြသည်။ စင်စစ် ချာဗာလစ်သည် ကာကွယ်ရေးဦးစီးချုပ် အနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့်ထိုင်းနိုင်ငံဆက်ဆံရေးတွင် ဩဇာတိက္ကမရှိသူတစ်ဦး ဖြစ်သည်။ ယခုကဲ့သို့ ထိုင်းအစိုးရအဖွဲ့အတွင်း အဓိကကျသည့် ရာထူးများ ပေးထားခြင်းမှာ ထိုင်းနိုင်ငံ၏နိုင်ငံခြားရေးရာ မူဝါဒများကြောင့်ဖြစ်သည်ဟု အများကယုံကြည်ကြသည်။ ယခုကဲ့သို့ ချာဗာလစ်နှင့် ချတ်ချိုင်းတို့အကြား ပြန်လည်စေ့စပ်မှုသည် ဒုတိယတပ်မတော်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးဆူချင်ဒါ ကရာ

ပရာယွန်းအား ကာကွယ်ရေးဦးစီးချုပ်ရာထူးသို့ တိုးမြှင့်ခန့်ထားရန် အခွင့်သာစေခဲ့သည်။ ဆူချင်ဒါအား ချာဗာလစ်က ၎င်း၏နေရာကိုဆက်ခံရန် ၁၉၇၉ ခုနှစ် ဒီဇင်ဘာလကပင် ၎င်းစိတ်ကြိုက်သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။

ထိုအတောအတွင်း သတင်းစာ ချုပ်ချယ်မှုများကို ပယ်ဖျက်ပေးရန် သတင်းစာဆရာများကတောင်းဆိုကာ မေလ ၁၄ ရက်နေ့က ဆန္ဒပြကြသည်။ သတင်းစာ ချုပ်ချယ်ထားသည့်ဥပဒေမှာ ပုဒ်မ ၄၂ ဖြစ်၍ ထိုနေ့ဥ သင့်လျော်သောစာပိုဒ်ကို အစားထိုးပေးရန် ဖြစ်သည်။

ဤကဲ့သို့သောအခြေအနေရှိနေခဲ့ရာမှ ၁၉၉၀ ပြည့်နှစ် ဇွန်လ ၁၁ ရက်နေ့တွင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးရာထူးများမှ ဗိုလ်ချုပ်ကြီးချာဗာလစ်ယောင်ချိုင်ယုဒ် ရုတ်တရက် နုတ်ထွက်လိုက်ရာ ခြောက်ပါတီထိုင်းညွှန်ပေါင်းအစိုးရအဖွဲ့၏ တည်ငြိမ်မှုနှင့်ပတ်သက်၍ တွက်ဆမှုအမျိုးမျိုး ထွက်ပေါ်ခဲ့ရသည်။ ချာဗာလစ် ယခုကဲ့သို့ နုတ်ထွက်လိုက်ခြင်းသည် ခြစားမှု ပြဿနာနှင့် ပတ်သက်၍ အစိုးရအဖွဲ့ဝင်တစ်ဦးနှင့် စကားအချေအတင်များမှကြောင့် ဖြစ်သည်။ ချာဗာလစ်၏ များမြောင်လှသော တာဝန်များအနက် တာဝန်တစ်ခုမှာ အစိုးရအဖွဲ့၏ ခြစားမှုတိုက်ဖျက်ရေး ကော်မရှင်ကို ဦးဆောင်ရန်ပင် ဖြစ်သည်။ မေလနှောင်းပိုင်းက ဗန်ကောက်မြို့ညီလာခံတစ်ခုတွင် ချာဗာလစ်ကမိန့်ခွန်းပြောကြားရာတွင် ၎င်းအနေဖြင့် နိုင်ငံရပ်ခြားသို့ ခရီး သွားရောက်ရာတွင် အရှက်တကဲ့ဖြစ်ခဲ့ရကြောင်း၊ အကြောင်းမှာထိုင်းနိုင်ငံတွင် ခြစားမှုမျိုးရှိနေသည်ကို လူတိုင်းကသိရှိနေသောကြောင့် ဖြစ်ကြောင်းဖြင့် ထည့်သွင်းပြောကြားခဲ့သည်။ အကယ်၍ ခြစားမှုပြဿနာကို မဖြေရှင်းပါက နိုင်ငံချုပ်ငြိမ်းရန်လမ်းစ ဖြစ်ပေါ်နိုင်ကြောင်းကိုလည်း သတိပေး ပြောကြားခဲ့သည်။ ယင်းသို့ ဝေဖန်ပြောကြားမှုအပေါ် ဝန်ကြီးချုပ်ရုံးနှင့် တဲ့ဖက်ထားသည့် ဝန်ကြီးခုနစ်ဦးအနက် ဝန်ကြီးတစ်ဦးဖြစ်သည့် ရဲမှူးကြီးချာလမ်းယူဘမ်ရန်းနှင့် စကားအချေအတင်များခဲ့ပြီး ရာထူးမှနုတ်ထွက်ခဲ့ခြင်း ဖြစ်သည်။

ချာဗာလစ်အပေါ် ချာလမ်းက ပြန်လည်ဝေဖန်တိုက်ခိုက်မှုနှင့် အငြင်းပွားမှု ပြဿနာတွင် ကြားဝင်စေ့စပ်ဖျန်ဖြေပေးရန် ဝန်ကြီးချုပ် ချတ်ချိုင်း ချွန်ဟာဝမ်က ငြင်းဆိုမှုတို့ကြောင့် လက်နက်ကိုင်တပ်ဖွဲ့များအတွင်းမငြိမ်မသက်မှုများဖြစ်ပေါ်ခဲ့ပြီး အာဏာသိမ်းခံရမည့် စိုးရိမ်ပူပန်မှုများလည်း ဖြစ်ပေါ်ခဲ့ရသည်။ စစ်ဘက်အသိုင်းအဝိုင်းက ချာဗာလစ်အပေါ် ဝေဖန်တိုက်ခိုက်မှုများကို ရှုတ်ချသည်။ ဗန်ကောက်မြို့နှင့် အခြားနေရာများတွင် စစ်တန်းလျားများ၌ စစ်သားများက ဆန္ဒပြကြသည်။

ချာဗာလစ်၏နေရာကိုဆက်ခံခဲ့သူ ထိုင်းတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးဆူချင်ဒါကရာပယွန်း

တပ်မှအနားယူသည့် ဗိုလ်ချုပ်ကြီး ချာဗာလစ်ယောင်ချိုင်ယုဒ်ကို နှုတ်ဆက်ပွဲကျင်းပစဉ်



သည် ဝန်ကြီးချုပ် ချတ်ချိုင်းနှင့် အတူလိုက်ပါပြီး ထိုင်းဘုရင်နှင့် တွေ့ဆုံခဲ့သည်။ တွေ့ဆုံဆွေးနွေးအပြီး၌ ဗိုလ်ချုပ်ကြီးဆူချင်ဒါက ထိုင်းဝန်ကြီးချုပ်အား စစ်တပ်အနေဖြင့် အစိုးရအပေါ် သစ္စာစောင့်သိမည်ကိုကတိပေးပြောကြားခဲ့သည်။

ချာဗာလစ် ရာထူးမှနုတ်ထွက်သွားပြီးနောက် ထိုင်းနိုင်ငံရေးလောကတွင် ချာဗာလစ်၏ အနာဂတ်အခန်းကဏ္ဍနှင့်ပတ်သက်၍ တွက်ဆမှုမျှားထွက်ပေါ်လာခဲ့သည်။ မည်သည့်နိုင်ငံရေးအဖွဲ့အစည်း၏ အဖွဲ့ဝင် မဟုတ်သည့် ချာဗာလစ်အား နိုင်ငံရေးပါတီ အတော်များများက ၎င်းတို့ ပါတီသို့ဝင်ရန် ဆွဲဆောင် စည်းရုံးကြသည်။ ဝန်ကြီးချုပ်ချတ်ချိုင်းက ချာဗာလစ်အား မူးယစ်ဆေးဝါးကာကွယ်ရေး၊ နိုင်ငံခြားရေးရာနှင့် အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ်အဖြစ် ခန့်အပ်ခဲ့ရာ ချာဗာလစ်က ယင်းရာထူးကိုလက်ခံရန်ငြင်းဆိုကြောင်း ဇွန်လ ၂၁ ရက်နေ့တွင် ကြေညာခဲ့သည်။ ဇွန်လ ၂၇ ရက်နေ့တွင် ပြည်ထဲရေး ဝန်ကြီးက ချာဗာလစ်အနေဖြင့် ဝန်ကြီးချုပ်ချတ်ချိုင်းဦးဆောင်သော ချတ်ထိုင်းပါတီသို့ ဝင်ရောက်မည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။

၁၉၉၀ ပြည့်နှစ် ဇူလိုင်လ ၂၀ ရက်နေ့တွင် ဝန်ကြီးချုပ် ချတ်ချိုင်းအစိုးရအပေါ် အယုံအကြည်မရှိအဆို တင်သွင်းရာ ၂၂၇ မဲ၊ ၃၀ မဲဖြင့် အဆိုရှုံးနိမ့်ခဲ့သည်။ ဩဂုတ်လ ၂၇ ရက်နေ့တွင် ဝန်ကြီးချုပ် ချတ်ချိုင်း ချွန်ဟာဝမ်သည် ၎င်း၏အစိုးရအဖွဲ့ကို ပိုမိုတောင့်တင်းလာစေရန် ဝန်ကြီးသစ် ခုနစ်ဦးတိုးခဲ့ခြင်း ခန့်အပ်ကာ ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ချတ်ထိုင်းပါတီ၊ ဆိုရှယ်အက်ရှင်ပါတီနှင့် ဒီမိုကရက်ပါတီ အပါအဝင် ခြောက်ပါတီမှ ကိုယ်စားလှယ်များ ပါဝင်သည့် ညွှန်ပေါင်းအစိုးရဖွဲ့စည်းခြင်း ဖြစ်သည်။ ကက်ဘိနက်တွင် အဖွဲ့ဝင် ၄၄ ဦးပါရှိသည်။

ထိုင်းတပ်မတော်စစ်ဦးစီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီး ချာဗာလစ်ယောင်ချိုင်ယုဒ်ကလည်း နိုင်ငံရေးပါတီတစ်ရပ်ကို ထူထောင်ဖွဲ့စည်းလိုက်ကြောင်းဖြင့် စက်တင်ဘာလ ၂ ရက်နေ့တွင် ကြေညာလိုက်ပြီး မိမိသည်ထိုင်းနိုင်ငံ၌ နောက်တက်လာမည့်ဝန်ကြီးချုပ်ဖြစ်လာစေရန် ရည်မှန်းထားကြောင်းဖြင့် ထုတ်ဖော်ပြောကြားသည်။

ဆန်းသစ်ခေတ်မီသော အစီအစဉ်များကြောင့် ထိုင်းနိုင်ငံ၏ စီးပွားရေးသည် တစ်နှစ်ပြီးတစ်နှစ် တိုးတက်လျက်ရှိသည်။ ၁၉၈၇ ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်းသည် ၇ ဒသမ ၁ ရာခိုင်နှုန်းဖြစ်၍ ၁၉၈၈ ခုနှစ်တွင် ၁၀ ဒသမ ၁ ရာခိုင်နှုန်း ဖြစ်သည်။ ၁၉၈၉ ခုနှစ်တွင်မူ စီးပွားရေးတိုးတက်မှုနှုန်းသည် ၁၂ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ပြီး ယခုနှစ်တွင် ၁၀ ဒသမ ၄ ရာခိုင်နှုန်း ရှိလိမ့်မည်ဟု မျှော်လင့်ထားသည်။ ပြည်ပကုန်သွယ်မှုပမာဏသည် ပို့ကုန်သွင်းကုန် နှစ်မျိုးစလုံး၌ ပိုမိုတိုးတက်လာသည်။ ၁၉၉၀ ပြည့်နှစ် ပထမသုံးလပတ်တွင် ကုန်သွယ်မှုသည် ဒေါ်လာ ၁၂ ဒသမ ၂၃၂ ဘီလီယံရှိသဖြင့် ယခင်နှစ် ပထမသုံးလပတ်ထက် ၁၅ ရာခိုင်နှုန်း တိုးမြင့်လာသည်။ ထိုအတွင်း ပို့ကုန်တင်ပို့မှုတန်ဘိုးသည် ၁၅ ဒသမ ၂၄ ဘီလီယံဖိုး ရှိခဲ့ရာ ၁၂ ရာခိုင်နှုန်း တိုးမြင့်လာသည်။ သွင်းကုန်တန်ဖိုးမှာ ၇ ဒသမ ၀၈ ဘီလီယံဖိုး ရှိခဲ့ရာ ၁၈ ရာခိုင်နှုန်း တိုးမြင့်လာသည်။

ထိုင်းနိုင်ငံတွင် နှစ်စဉ် စီးပွားရေးတိုးတက်မှုနှုန်း ၉ ရာခိုင်နှုန်းရှိစေမည့် ၁၉၉၂ – ၉၆ ခုနှစ် စီးပွားရေးစီမံကိန်းလမ်းညွှန်မှုများကို ဝန်ကြီးအဖွဲ့က ၁၉၉၀ ပြည့်နှစ် ဩဂုတ်လ ၈ ရက်နေ့က အတည်ပြုလိုက်သည်။ အဆိုပါလမ်းညွှန်မှုများ အရ ၁၉၉၆ ခုနှစ်တွင် လူတစ်ဦးချင်း ဝင်ငွေသည်ဘတ် ၇၅,၀၀၀ (အမေရိကန်ဒေါ်လာ ၂,၉၄၀ ခန့်) အထိမြင့်တက်လာမည်ဟု ဆိုသည်။ ၁၉၈၉ ခုနှစ်က လူတစ်ဦးချင်း ဝင်ငွေသည် ဘတ် ၃၂,၄၀၀ (ဒေါ်လာ ၁,၂၇၀) သာရှိခဲ့သည်။

နမိုးဗိုးယားနိုင်ငံ။ ။နမိုးဗိုးယားဒေသမှာ မကြာခင်ကမှ လွတ်လပ်ရေးရရှိခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ရာ ၎င်း၏အတိတ်သမိုင်းကြောင်းမှာ ရှည်လျားစွာ ရှိခဲ့သည်။ ၁၈၇၈ ခုနှစ်တွင် ဝေါလ်ဗစ်ပင်လယ်အော် ဒေသအား ဗြိတိန်တို့က သိမ်းပိုက်ခဲ့ပြီး ၁၈၈၄ ခုနှစ်တွင် ဂျာမန်ကိုလိုနီအုပ်ချုပ်ရေး စတင်ခဲ့သည်။ ၁၉၁၅ ခုနှစ်တွင် ဂျာမန်တို့သည် နမိုးဗိုးယားဒေသအား တောင်အာဖရိကစစ်သားများလက်သို့ စွန့်လွှတ်ခဲ့သည်။ ၁၉၂၀ ခုနှစ်တွင် နိုင်ငံပေါင်းချုပ်အသင်းကြီးက ညွှန်ကြားချက်အမိန့်ဖြင့် နမိုးဗိုးယားဒေသကို ဗြိတိသျှတို့ကိုယ်စား တောင်အာဖရိကနိုင်ငံကအုပ်ချုပ်ရန် ခွင့်ပြုခဲ့သည်။ ဤသို့ဖြင့် တောင်အာဖရိကသည် နမိုးဗိုးယားဒေသသို့ လာရောက် အခြေစိုက် နေထိုင်ကြသည်။ လူဖြူများအား မြေယာများ စတင်ခွဲဝေပေးခဲ့သည်။ လူဖြူများအတွက် ဥပဒေပြုကောင်စီကို ၁၉၂၅ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် တောင်အာဖရိကနိုင်ငံက နမိုးဗိုးယားဒေသကို ကုလသမဂ္ဂ၏ ထိန်းသိမ်းစောင့်ရှောက်မှုအောက်သို့ လွှဲပြောင်းပေးရန် ငြင်းဆိုခဲ့သည်။ အကြောင်းမှာ ကုလသမဂ္ဂအား နိုင်ငံပေါင်းချုပ်အသင်းကြီးကို ဆက်ခံသည့် အဖွဲ့အစည်းအဖြစ် တောင်အာဖရိကနိုင်ငံက အသိအမှတ်မပြုသောကြောင့် ဖြစ်သည်။ နမိုးဗိုးယားလူမျိုးများက တောင်အာဖရိကအုပ်ချုပ်မှု အဆုံးသတ်ရေး

အတွက် ၁၉၄၉ ခုနှစ်တွင် ကုလသမဂ္ဂသို့ လျှောက်ထားအသနားခံသည်။

၁၉၆၀ ပြည့်နှစ်တွင်အနောက်တောင်အာဖရိကပြည်သူ့အဖွဲ့(ဆွာပို)ကို စတင် ဖွဲ့စည်းခဲ့သည်။ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံက တောင်အာဖရိက၏ အုပ်ချုပ်မှုအာဏာကို ၁၉၆၆ ခုနှစ်တွင် ရုပ်သိမ်းခဲ့ရာ တောင်အာဖရိကက ဆုတ်ခွာပေးရန် ငြင်းဆန်သည်။ သို့ဖြစ်ရာ ဆွာပိုအဖွဲ့က ပြောက်ကျားစစ် စတင်ဆင်နွှဲခဲ့သည်။ နမီးဗီးယားဒေသကို လွတ်လပ်ရေး ရရှိသည်အထိ ကုလသမဂ္ဂကိုယ်စား ထိန်းသိမ်း အုပ်ချုပ်ရန် နမီးဗီးယားဒေသဆိုင်ရာ ကုလသမဂ္ဂကောင်စီကို ၁၉၆၇ ခုနှစ်တွင် ဖွဲ့စည်းထူထောင်ခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် ဆွာပိုအဖွဲ့ဝင် ၂၁ ဦးတို့သည် အကြမ်းဖက်မှုပြစ်ဒဏ်များဖြင့် ရော့ဘင်ဘင်ကျွန်းတွင် တစ်သက်တစ်ကျွန်းဒဏ် ကျခံကြရသည်။ ၎င်းနှစ်မှာပင် နမီးဗီးယားဒေသသည် မိမိတို့ပိုင်ဆိုင်ရာ ဒေသဖြစ်သည်ဆိုသည့် မူဝါဒကို စတင်အကောင်အထည် ဖော်ခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ တရားရုံးက နမီးဗီးယားဒေသအား တောင်အာဖရိက ကသိမ်းပိုက်မှုကို တရားမဝင်ဟု ဆုံးဖြတ်ခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် အန်ဂိုလာနိုင်ငံ လွတ်လပ်ရေးရရှိသွားရာ အန်ဂိုလာနိုင်ငံ၌ စခန်းများ ထူထောင်ရန် ဆွာပိုအဖွဲ့အား ခွင့်ပြုခဲ့သည်။

၁၉၇၇ ခုနှစ်တွင် တောင်အာဖရိကနိုင်ငံက နမီးဗီးယားဒေသကို အုပ်ချုပ်ရန် အာဏာအပြည့်အဝရှိသည့် အထွေထွေအုပ်ချုပ်ရေးမှူး ခန့်အပ်ခဲ့သည်။ ၎င်းနိုင်ငံပါဝင်သည့် အနောက်အုပ်စုဆက်သွယ်ရေးအဖွဲ့ကို တောင်အာဖရိကနှင့် စေ့စပ်ဆွေးနွေးရန် ဖွဲ့စည်းခဲ့သည်။ အဆိုပါ ဆက်သွယ်ရေးအဖွဲ့၏ အဆိုပြုချက်များကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၄၃၅ တွင် ပေါင်းစုထည့်သွင်းခဲ့သည်။ တောင်အာဖရိက နိုင်ငံက ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်ကို အလေးမထားဘဲ ပြည်တွင်းရှေးကောက်ပွဲများ ကျင်းပပြီးကြားဖြတ်အစိုးရသစ် ဖွဲ့စည်းထူထောင်ခဲ့သည်။ ယင်းလုပ်ရပ်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက တရားမဝင်ပျက်ပြယ်ကြောင်း ကြေညာသည်။

၁၉၈၁ ခုနှစ် အမေရိကန်သမ္မတ ရေဂင်လက်ထက်တွင် နမီးဗီးယားပြဿနာဖြေရှင်းရေးနှင့် အန်ဂိုလာမှ ကျူဘားတပ်များ ရုပ်သိမ်းရေးကို ဆက်နွယ်ထားသည့် မူဝါဒကို စတင်ချမှတ်ခဲ့သည်။ တောင်အာဖရိကနိုင်ငံက နမီးဗီးယားဒေသအား တိုက်ရိုက်အုပ်ချုပ်မှုကို ၁၉၈၃ ခုနှစ်တွင် ပြန်လည်စတင်ခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် အန်ဂိုလာတောင်ပိုင်း ကျူအီဘိုကျူယာနာဗေးလ် စစ်ပွဲတွင် တောင်အာဖရိကတပ်ဖွဲ့များ အရေးနိမ့်ခဲ့သည်။ ဤသို့ဖြင့် တောင်အာဖရိက၊ အန်ဂိုလာ၊ ကျူးဗားနှင့် အမေရိကန် ပြည်ထောင်စုတို့အကြား တပ်မျှားရုပ်သိမ်းရေးဆိုင်ရာ အချိန်ဇယားနှင့်ပတ်သက်၍ သဘောတူညီမှု ရရှိခဲ့ကြသည်။

ယင်းသို့အခြေအနေများ တိုးတက်ကောင်းမွန်လာရာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်နှင့်အညီ နမီးဗီးယား လွတ်လပ်ရေးအစီအစဉ်ကို ၁၉၈၉ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ဥပဒေပြု လွှတ်တော်ဆိုင်ရာ ရွေးကောက်ပွဲများကို ၁၉၈၉ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့ကကျင်းပခဲ့ရာ ဆမ်နုဂျိုမာဦးဆောင်သော အနောက်တောင်အာဖရိကပြည်သူ့အဖွဲ့(ဆွာပို) က လွှတ်တော်တွင် နေရာအများစု ရရှိခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၀–စာ၊ ၂၂၅၊ ၂၂၆—ရှု။) ယင်းလွှတ်တော်တွင် နမီးဗီးယား အခြေခံဥပဒေသစ်ကို ရေးဆွဲပြီး လွှတ်လပ်ရေးရယူရန် ဖြစ်သည်။

ဥပဒေပြုလွှတ်တော်သည် နမီးဗီးယားလွှတ်လပ်ရေးတရားဝင်ကြေညာမည့်နေ့ရက်ကို ၁၉၉၀ ပြည့်နှစ် မတ်လ ၂၁ ရက်နေ့ကို သတ်မှတ်ရန် ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ ၃၁ ရက်နေ့က တညီတညွတ်တည်း ဆုံးဖြတ်ခဲ့သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းနှင့် ပတ်သက်၍မူကိုယ်စားလှယ် ၇၂ နေရာရှိသည့် လွှတ်တော်အတွင်း သဘောမတူညီမှုများ ရှိနေမှုကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား တရားဝင်ပြဋ္ဌာန်းရန်ဖေဖော်ဝါရီလ ၉ ရက်နေ့အထိ ရွှေဆိုင်းသွားခဲ့သည်။

နမီးဗီးယားနိုင်ငံတွင်းမှ ကုလသမဂ္ဂတပ်ဖွဲ့များ



ဥပဒေပြုလွှတ်တော်သည် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် အခြေခံဥပဒေကို တညီတညွတ်တည်း ပြဋ္ဌာန်းလိုက်သည်။ ယင်းဥပဒေတွင် လူ့အခွင့်အရေးများနှင့် လွှတ်လပ်ခွင့်များကို အကာအကွယ် ပေးထားပြီး သမ္မတ၏အာဏာ ကန့်သတ်ထားရှိမှုများလည်း ပါဝင်သည်။ ယင်းဥပဒေအရ နမိးဗီးယားနိုင်ငံအား ပါတီစုံစနစ်ကို ကျင့်သုံးမည့်သမ္မတနိုင်ငံအဖြစ် ပြဋ္ဌာန်းထားသည်။ နိုင်ငံအကြီးအကဲမှာသမ္မတဖြစ်၍ သမ္မတသက်တမ်းကို ငါးနှစ်သတ်မှတ်ထားသည်။ သမ္မတသက်တမ်း နှစ်ကြိမ်သာ ရွေးချယ်ခံပိုင်ခွင့်ရှိစေရမည်ဟု ကန့်သတ်ထားသည်။

ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် အနောက်တောင်အာဖရိကပြည်သူ့အဖွဲ့(ဆွာပို)ခေါင်းဆောင် ဆမ်နုကျိုမာအား နမိးဗီးယားသမ္မတအဖြစ် လွှတ်တော်က တညီတညွတ်တည်း ရွေးချယ်တင်မြှောက်လိုက်သည်။

၁၉၉၀ ပြည့်နှစ် မတ်လ ၂၁ ရက်နေ့တွင် တောင်အာဖရိကဥ်နောက်ဆုံးကိုလိုနီနိုင်ငံဖြစ်သည့် နမိးဗီးယားဒေသသည် အချုပ်အခြာအာဏာပိုင်ဆိုင်သည့် လွှတ်လပ်သည့်နိုင်ငံတစ်နိုင်ငံ ဖြစ်လာသည်။ ဤသို့ဖြင့် နှစ်ပေါင်း ၁၀၆ နှစ်ကြာ ကိုလိုနီအုပ်ချုပ်မှုမှာ အဆုံးသတ် သွားခဲ့သည်။ ပထမတွင် ၁၈၁၄ ခုနှစ်မှ ၁၉၁၅ ခုနှစ်အထိ ဂျာမန်တို့လက်အောက် ကျရောက်ခဲ့ပြီး ၎င်းနောက်ပိုင်းတွင် ဗြိတိသျှအာဖရိကအုပ်ချုပ်မှုအောက်သို့ ကျရောက်ခဲ့ခြင်း ဖြစ်သည်။

လွှတ်လပ်ရေးအခမ်းအနားကို မတ်လ ၂၀ ရက်နေ့က ကမ္ဘာ့ကုလသမဂ္ဂ၏ ကြီးကြပ်မှုဖြင့် ဝင်းဟုခ်မြို့တွင် ကျင်းပခဲ့ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ပဲရက် ဒဲကွေးလျားက သဘာပတိအဖြစ်ဆောင်ရွက်ပြီး ဒုစိုးရအဖွဲ့ အများအပြားမှ ခေါင်းဆောင်များနှင့် အာဖရိကအမျိုးသားကွန်ဂရက် (အေအင်စီ) ခေါင်းဆောင် နယ်လ်ဆင်မန်ဒဲလားအပါအဝင် ပရိသတ် ၂၀,၀၀၀ ကျော် တက်ရောက်သည်။ ယင်း အခမ်း အနား တွင် တောင်အာဖရိကနိုင်ငံ လူဖြူအစိုးရ သမ္မတ ဒီကလပ်က နောက်ဆုံးမိန့်ခွန်းပြောကြားပြီးနောက် တောင်အာဖရိကနိုင်ငံ၏အမျိုးသားသီချင်းကို စစ်တပ်ဘင်ခရာအဖွဲ့က တီးမှုတ်ခြိန်တွင် တောင်အာဖရိကအလံကို လျှော့ချလိုက်ပြီး အပြာ၊ အနီ၊ အစိမ်းနှင့် ရွှေရောင်များပါရှိသော နမိးဗီးယားနိုင်ငံတော်အလံကို လွှင့်တင်ခဲ့သည်။

ယင်းမတ်လ ၂၀ ရက်နေ့မှာပင် ဆွာပိုအဖွဲ့ခေါင်းဆောင် ဆမ်နုကျိုမာသည် နမိးဗီးယားနိုင်ငံ၏ ပထမဆုံးသမ္မတအဖြစ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ပဲရက်ဒဲကွေးလျား၏ ရှေ့မှောက်တွင် ကျမ်းသစ္စာကျိန်ဆိုသည်။ လွှတ်လပ်ရေးရရှိခြင်းနှင့်အတူ ဥပဒေပြု လွှတ်တော်ကို လွှတ်တော်နှစ်ရပ်ထားရှိမည့်အနက် အောက်လွှတ်တော်ပုံစံအဖြစ် ပြောင်းလဲခဲ့ပြီး အမျိုးသားလွှတ်တော်ဟု ခေါ်တွင်စေသည်။ ဒေသဆိုင်ရာ ခေါင်းဆောင်များကို ကိုယ်စားပြုမည့် အထက်လွှတ်တော်ကို လွှတ်လပ်ရေးရရှိပြီး နှစ်နှစ်အကြာတွင် ဖွဲ့စည်းမည် ဖြစ်သည်။

လွှတ်လပ်ရေးရရှိခဲ့သည့် နမိးဗီးယားနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့သို့ ၁၆၀ မြောက် အဖွဲ့ဝင် နိုင်ငံအဖြစ် ၁၉၉၀ ပြည့်နှစ် ဧပြီလ ၂၃ ရက်နေ့တွင် တရားဝင် ဝင်ရောက်ခွင့် ရရှိခဲ့သည်။ ထို့ပြင်ဧပြီလ ၁၁ ရက်နေ့ကလည်း နမိးဗီးယားဒေသဆိုင်ရာကုလသမဂ္ဂကောင်စီသည်နမိးဗီးယားနိုင်ငံတွင် ယင်း၏ ပထမဆုံးအစည်းအဝေး ကျင်းပရာတွင် အဆိုပါကောင်စီကို ဖျက်သိမ်း၍ ရပိုင်ခွင့်များကို နမိးဗီးယားအစိုးရသို့ လွှဲပြောင်းပေးရန် ဆုံးဖြတ်ခဲ့သည်။

ဧပြီလ ၃၀ ရက်နေ့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိုပ်ချ်အို) သို့ တင်းပြည့်အဖွဲ့ဝင်အဖြစ် တရားဝင် ဝင်ရောက်ခွင့် ရရှိခဲ့သည်။ ယခင်က တဲ့ဖက်အဖွဲ့ဝင်သာ ဖြစ်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) သို့လည်း အဖွဲ့ဝင်အဖြစ် ဝင်ခွင့်ရရှိရန် ၁၉၉၀ ပြည့်နှစ် ဇွန်လက နမိးဗီးယားနိုင်ငံက တရားဝင် လျှောက်ထားခဲ့သည်။

လွှတ်လပ်ရေးရရှိပြီးနောက် မရွေးမနှောင်းတွင် နမိးဗီးယားနိုင်ငံနှင့် သံတမန်ဆက်သွယ်ခဲ့သည့် နိုင်ငံများမှာ ဗူလဂေးရီးယား၊ ကိုလုံးဗီးယား၊ ချက်နှင့်စလိုဗက်၊ ဒိန်းမတ်၊ ဖင်လန်၊ ပြင်သစ်၊ အိန္ဒိယ၊ အီရန်၊ လစ်ဗျ၊ မော်ရိုကို၊ ပိုလန်၊ တျူနစ်ဇီးယားနှင့် ဗင်နီဇွဲလားနိုင်ငံတို့ ဖြစ်ကြသည်။

နီပေါနိုင်ငံ။ ။နီပေါနိုင်ငံသည် အာရှတိုက် အလယ်ပိုင်း ဟိမဝန္တာတောင်တန်း၏ တောင်ဘက်ပိုင်း တောင်ခြေဒေသ တည်ရှိပြီး တရုတ် ပြည်သူ သမ္မတ နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ ဝန်းရံလျက်ရှိသော နိုင်ငံ ဖြစ်သည်။ ၁၉၇၉ ခုနှစ် ခန့်မှန်းခြေ စာရင်း အရ လူဦးရေ ၁,၇၇,၆၀,၀၀၀ ရှိပြီး စတုရန်း မိုင်ပေါင်း ၅၆,၁၃၆ ကျယ် ၍ စ တု ရန်း တစ်မိုင် အတွင်း၌ လူဦးရေ ၃၃၄ ဦး နေ ထိုင် သည်။ လူမျိုးစု များစွာတို့မှာ အိန္ဒိယနှင့် တိဘက် အနွယ်များနှင့် အာရှတိုက် အလယ်ပိုင်းမှ ဝင်ရောက် လာ သူ များ ဖြစ်ကြသည်။ နီပေါ ဘာသာ စကားမှာ ရုံး သုံး ဖြစ် ၍ အခြား ဘာသာစကားကိုလည်း ပြောဆိုကြသည်။ ဟိန္ဒူ ဘာသာဝင် ၉၀ ရာခိုင်နှုန်း၊ ဗုဒ္ဓဘာသာဝင် ၉ ရာ ခိုင်နှုန်းနှင့် ကျန် တစ်ရာခိုင်နှုန်းမှာ အခြားဘာသာ များ ကို ကိုးကွယ်ကြသည်။ လူမျိုးစုများမှာ လသိဘူ၊ မာဂါး နှင့် ဂူရန်တို့ ဖြစ်ကြပြီး ဂေါ်ရခါး ဟု ခေါ်တွင် ကြသည်။



နီပေါဘုရင် ဘီရင်ဒရာ

နီပေါနိုင်ငံသည် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရဘုရင် စနစ်ဖြင့် အုပ်ချုပ်သည့် နိုင်ငံဖြစ်သည်။ လုပ် ပိုင် ခွင့် အာဏာကို နီပေါဘုရင် ဘီရင်ဒရာ၏ လက်ထဲတွင် အပ်နှံထားသည်။ ဘုရင် ဘီရင်ဒရာသည် အဖွဲဝင် ၁၄၀ ရှိသော လွှတ်တော် တစ်ရပ်တည်းဖြစ် သည့် ရပ် ရှ်တ ရီ ယာ ပန်ချာယတ်ကို ဦးဆောင်သည်။ ပါ တီ စုံ စ နစ် ပြဋ္ဌာန်းရေးကို ၁၉၆၀ ပြည့်နှစ် ပြည်သူ့ဆန္ဒခံယူပွဲဖြင့် ပယ်ချခဲ့သည်။ နီပေါနိုင်ငံ၏ နောက် ဆုံး ပါ လီ မန် အထွေထွေ ရွေးကောက်ပွဲများကို ၁၉၈၆ ခုနှစ် မေလ တွင် ကျင်းပခဲ့ရာ ပန်ချာယတ် စနစ် ကို ဆန့် ကျင် သည့် အမတ်လောင်း အတော်များများ အနိုင် ရ ရှိ ခဲ့ သည်။ (စွယ်စုံ နှစ်ချုပ် ၁၉၈၇–စာ၊ ၁၉၅ —— ရှု။)

၁၉၈၉ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင် ပါလီမန် (ရပ်ရှ်တရီယာ ပန်ချာယတ်)က ၁၉၆၁ ခုနှစ် ပြည် သူ့ လုံခြုံရေးအက်ဥပဒေ ပြင်ဆင်ချက်ကို အတည် ပြုခဲ့သည်။ ထိုနှစ် နိုဝင်ဘာလ ၆ ရက်နေ့တွင် ခရိုင် အ ရာ ရှိ အကြီးအကဲများအား တရားဥပဒေစိုးမိုးရေးအတွက်မည်သူ့ကို မဆို ထိန်းသိမ်းနိုင်ခွင့် အာဏာကို အကန့် အ သတ် မရှိ အပ်နှင်းကြောင်း အစိုးရက ကြေညာသည်။ ၎င်းကို ပြည်တွင်းဥ္စရော ပြည်ပကပါ နိုင်ငံအတွင်း အခြေခံ လွတ်လပ်ခွင့် ကင်းမဲ့သည့် လုပ်ရပ်ဖြစ်သည်ဟု ဝေဖန်ရာ ထိန်းသိမ်းခွင့် အမိန့်များကို သဘောရိုးဖြင့် မဟုတ်ဘဲ တမင် ရည်ရွယ်၍ ထုတ်ပါက နယ်မြေ အရာရှိများအား ဌာနဆိုင်ရာ အရေးယူမှုများ ပြုလုပ်ရမည်ဟု အစိုးရက ကြေညာခဲ့ရသည်။

အတိုက်အခံ ခေါင်းဆောင်များ ဖြစ်သည့် တား ဆီး ပိတ်ပင် ထားခြင်းခံရသည့် နီပေါ ကွန် ဂ ရက် ပါ တီ (အင်စီပီ) အထွေတွေ အတွင်းရေးမှူးနှင့် ခေါင်းဆောင် ဖြစ်သူ ဂျာနက်ရှ် မန်းဆင်းနှင့် နီပေါ ကွန်မြူနစ် ပါတီ ခေါင်းဆောင် မန်မိုဟန် အဒီကာရီ တို့အား ၁၉၈၉ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက် နေ့တွင် ဖမ်းဆီးခဲ့သည်။ ၎င်းတို့ အနေဖြင့် နီပေါ နိုင်ငံ ၏ လက်ရှိ နိုင်ငံရေး စ နစ် ကို အလျင်အမြန် ဖျက်သိမ်းပစ်ရန်နှင့် အမျိုးသားအစိုးရ ဖွဲ့စည်းပေးရန် တောင်းဆိုခဲ့ကြ သောကြောင့် ဖြစ်သည်။

နီပေါနိုင်ငံတွင် ၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါ ရီ လ ၁၈ ရက် နေ့မှစ၍ ဒီမိုကရေစီ အရေးကို တောင်း ဆို သည့် ငြိမ်းချမ်းစွာ ဆန္ဒပြ မှု များ ဖြစ် ပွား ခဲ့ သည်။ ယင်း ဆန္ဒပြပွဲ များကို တားမြစ် ပိတ်ပင်ခြင်း ခံ ထား ရ သည့် နီပေါကွန်ဂရက် ပါတီ (အင်စီပီ) နှင့် အခြား ကွန်မြူနစ် ဂိုဏ်းခွဲ ခုနစ်ခု တို့ဖြင့် ညွှန့်ပေါင်း ဖွဲ့စည်းထား သည့် ဒီမိုကရေစီ ပြန်လည် တည်ဆောက်ရေး လှုပ်ရှားမှု အဖွဲ့ (ဒမ်အာရ်ဒီ) က ဦးဆောင် ဆင်နွှဲခြင်းဖြစ်သည်။ အရှေ့ ဥရောပတွင် ပြောင်းလဲနေသည့် အခြေအနေများက နိုင်ငံရေး အသိစိတ်ဓာတ်ကို နှိုးဆွပေးသလို ဖြစ်ခဲ့ သည်။ အမ်အာရ်ဒီက ၁၉၆၀ ပြည့်နှစ် ကတည်းက တားမြစ် ပိတ်ပင်ခြင်း ခံရသည့် ပါတီစုံ နိုင်ငံရေး စနစ် ကျင့်သုံးရေးနှင့် လက်ရှိ နီပေါနိုင်ငံ ပါ လီ မန် စ နစ် (ပန်ချာယတ်) အဆုံးသတ်ရေးကို တောင်းဆို ကြ သည်။

ယင်း ဆန္ဒပြပွဲတွင် လူသုံးဦးနှင့် ရဲတပ်သား တစ်ဦး သေဆုံးပြီး လူပေါင်း ၁၇၅ ဦး ကို ထိန်း သိမ်း လိုက် သည်။ အတိုက် အခံ ခေါင်းဆောင်များက ထိခိုက် သေဆုံးမှု ထို့ထက်ပိုမိုသည်ဟု ဆိုသည်။ အင် စီပီခေါင်း ဆောင် သုံးဦးကိုလည်း အကျယ်ချုပ် ချထားလိုက်သည်။ ဆန္ဒပြသူများနှင့် ပန်ချာ ယတ် ပါလီမန် စ နစ် ကို ထောက်ခံသည့် သူများကြား တိုက်ခိုက်မှုများ ဖြစ်ပွား ခဲ့ပြီး အစိုးရဝန်ကြီး အများ အပြားက ကန့် ကွက် ဆန္ဒ ပြသူများကို ကျောက်ခဲများဖြင့် ပစ်ပေါက်ခဲ့သည်ဟု သိရှိရသည်။

အတိုက် အခံများက အထွေထွေ သပိတ်ကို ဖေဖော် ဝါရီလ ၁၉ ရက်နေ့တွင် ဆင်နွှဲသည်။ ကွန် မြူ နစ် တို့ ကြီးစိုးရာ ဒေသဖြစ်သည့် ဘဟက်တာပါ အနီးတွင်

ရဲမျှားက ဆန္ဒပြသူ ငါးဦးကို ပစ်သတ်ခဲ့သည်။ အနည်းဆုံး လူ ၂၀ ဒဏ်ရာ ရရှိသည်။ ဖေဖော်ဝါရီ လ ၂၀ ရက်နေ့တွင်လည်း နီပေါရွှေနေ ၁,၀၀၀ ကျော်တို့က ကန့်ကွက် ဆန္ဒပြ မှုများကို ထောက်ခံသည့် အနေဖြင့် ၂၄ နာရီကြာ သပိတ် မှောက်သည်။

ဒီမိုကရေစီ ပြန်လည် တည်ဆောက်ရေး လှုပ် ရှား မှု အဖွဲ့ (အမ်အာရ်ဒီ)၏ ဦးဆောင်မှုဖြင့် ဒုတိယ အ ကြိမ် ကန့်ကွက် ဆန္ဒပြရန် ကြိုးပမ်းမှုကို နီပေါ အစိုးရက ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် တင်းတင်းကျပ်ကျပ် ပြန်လည် တုံ့ပြန်ခဲ့သည်။ လုံခြုံရေး ရဲမျှားက အခါမလပ် ကင်းလှည့်လျက်ရှိပြီး ရှောင်တခင် ဖမ်းဆီးခြင်းမျှားလည်း ရှိခဲ့သည်။ ယင်းသို့ လုပ်ဆောင်ခြင်းမျှားမှာ အတိုက်အခံ မျှားက ကြုံရွယ်ထားသည့် 'အမှောင်လွှမ်းသောနေ့' အမည်ရှိ နှစ်ရက်ကြာ ကန့်ကွက်ဆန္ဒပြမည့် အရေးကို ဟန့်တားရန် ဖြစ်သည်။

မတ်လ ၂ ရက်နေ့တွင် နိုင်ငံလုံးဆိုင်ရာ အထွေထွေ သပိတ်မှောက်သည့် အချိန်တွင် ဖေဖော်ဝါရီလ အ တွင်း ကန့်ကွက်ဆန္ဒပြမှုမျှားတွင် ၁၂ ဦး သေဆုံးခဲ့မှုကို အစိုးရက အသိအမှတ်ပြုရန် ဝန်ခံ ပြော ကြား သည်။ ဤ အခြေအနေတွင် ဘုရင့်မိသားစုဝင်အချို့ အတွင်းဌာလည်း မကျေနပ်မှုမျှား ကြီးထွား ဖြစ်ပေါ် ခဲ့သည်။

ဤသို့ အခြေအနေမျှား ဖြစ်ပေါ် နေ ခဲ့ရာမှ မတ် လ ၂၉ ရက် နေ့တွင် ကျောင်းသား ဆန္ဒပြမှုမျှား ဖြစ် ပွား ရာ ၂၀၀ ခန့် ဖမ်းဆီးခြင်း ခံရသည်။ တစ် ဆက် တည်း ဆိုသလိုပင် မတ်လ ၃၀ ရက်နေ့တွင် ရဲမျှားက ဆန္ဒ ပြ သူမျှားအား ပစ်ခတ်ရာ နှစ်ဦးသေဆုံး၍ လေးဦးဒဏ်ရာ ရရှိသည်။ အစိုးရ၏ ကိုင်တွယ် ဖြေရှင်းမှု လုပ်ရပ်အပေါ် ဆန့်ကျင်ဝေဖန်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးမှာ ရာထူးမှ နုတ်ထွက်ခဲ့ရသည်။ မတ်လ ၃၁ ရက်နေ့တွင် ခတ္တမန္တ၊မြို့တော်နေရာ အနှံ့အပြားတွင် ဆန္ဒပြသူမျှားအားရဲမျှားက ထပ်မံ ပစ်ခတ်ကြပြန်သဖြင့် လူ လေးဦး သေဆုံးခဲ့သည်။

ဤသို့အခြေအနေမျှား တစ်စတစ်စ တင်းမာလာရာ နီပေါဘုရင် ဘီရင်ဒရာသည် ဝန်ကြီးချုပ် မရစ်ချ် မန်းဆင်း ရှရက်စသာ၏ ဖိတာင်းဆိုချက်အရ အစိုးရအဖွဲ့ဝင် ဝန်ကြီးကိုးဦးကို ဧပြီလ ၁ ရက်နေ့တွင် ရာထူးမှ ထုတ်ပစ်ခဲ့သည်။ အဆိုပါဝန်ကြီးများသည် အစိုးရ၏ တင်းမာသည့် ရပ်တည်ချက်ကို သဘောမကျကြဟု သိရှိရသည်။ ဧပြီလ ၂ ရက်နေ့တွင် ဒီမိုကရေစီအရေး လှုပ်ရှားမှုကို ထောက်ခံသည့်အနေဖြင့်လူ ၅၀,၀၀၀ ခန့် ခတ္တမန္တ၊မြို့တွင် ဆန္ဒပြကြပြန်သည်။ ဆရာဝန်များ အပါအဝင် အခြား အလုပ်ဌာန အလှာအသီးသီးမှ သူများက အထွေထွေ သပိတ်တိုက်ပွဲတွင် ပါဝင်လက်တွဲကြသည်။ ရဲမျှားက ပစ်ခတ်နှိမ်နင်းရာ ငါးဦးထက်မနည်း သေဆုံးသည်ဟု ဆိုသည်။ ဧပြီလ ၃ ရက်၊ ၄ ရက်နှင့် ၅ ရက်နေ့များတွင်လည်း သပိတ်တိုက်ပွဲများ ဆက်လက်ဖြစ်ပွားခဲ့သည်။

ဤတွင် နီပေါဘုရင်က ဝန်ကြီးချုပ် ရှရက်စသာအား ဧပြီလ ၆ ရက်နေ့တွင် ရာထူးမှဖယ်ရှားခဲ့ပြီး ၎င်း၏နေရာတွင် ယခင်ဝန်ကြီးချုပ်ဟောင်း လိုကင်ဒရာ ဗဟာဒူးချမ်းကို ခန့်အပ်ခဲ့သည်။ အမ်အာရ်ဒီနှင့်လည်း စေ့စပ်ညှိနှိုင်းရန် လမ်းဖွင့်ပေးခဲ့သည်။ ထို့ပြင် ရဲမျှား၏ အကြမ်းဖက်နှိမ်နင်းပစ်ခတ်မှု စုပ်စုံချက်မျှား စုံစမ်းစစ်ဆေးရေး ကော်မရှင် ဖွဲ့စည်းကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ကော်မရှင် ဖွဲ့စည်းကြောင်းကို ဘုရင် ဘီရင်ဒရာက ကြေညာခဲ့သည်။

အတိုက်အခံများက ၎င်းလိုက်လျောမှုမျှားကို ပယ်ချခဲ့ပြီး စေ့စပ်ဆွေးနွေးခြင်း မတိုင်မီ နိုင်ငံရေးပါတီမျှား ဖွဲ့စည်းရပ်တည်ခွင့်ကို တောင်းဆိုကြသည်။ ဘုရင်ဘီရင်ဒရာ၏ နန်းတော်အား ဝိုင်းရံစောင့်ကြပ်ထားသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွင်းသို့ အင်အား ၂,၀၀,၀၀၀ ခန့်ရှိသည့် လူထုပရိသတ်ကြီးက အ တင်း ဝင် ရောက် ထိုးဖောက်ရန် ကြိုးပမ်းရာမှ ရဲမျှားက ပစ်ခတ်နှိမ်နင်းရာ လူ ၅၀ ဦး သေဆုံးပြီး ၂၀၀ ကျော် ဒဏ်ရာရရှိသွားသည်။ ဧပြီလ ၇ ရက်နေ့တွင် ခတ္တမန္တ၊မြို့၌ အကန့်အသတ်မရှိ ညမထွက်ရအမိန့် ထုတ်ပြန်ကြေညာသည်။

ဧပြီလ ၈ ရက်နေ့တွင် နီပေါဘုရင်က နိုင်ငံရေးပါတီများအား တားမြစ်ပိတ်ပင်ထားခြင်းကို ရုပ်သိမ်းလိုက်ရာ ဒီမိုကရေစီ ပြန်လည်တည်ဆောက်ရေး လှုပ်ရှားမှုအဖွဲ့ (အမ်အာရ်ဒီ) ကလည်း သပိတ်လှုန်ခဲ့သည်။ ဧပြီလ ၉ ရက်နေ့တွင် ညမထွက်ရအမိန့် ရုပ်သိမ်းလိုက်ပြီး ဘုရင် ဘီရင်ဒရာနှင့် အတိုက်အခံအုပ်စုတို့ တွေ့ဆုံဆွေးနွေးခဲ့သည်။ ဒီမိုကရေစီ အပြည့်အဝရရှိအောင် လုပ်ဆောင်မည်ဖြစ်ကြောင်း အတိုက်အခံတို့ဘက်မှ အတည်ပြုပြောကြားခဲ့သည်။

အတိုက်အခံတို့က အစိုးရအဖွဲ့နှင့် ပါလီမန်ဖျက်သိမ်းရေး၊ အထိန်းသိမ်းခံ နိုင်ငံရေး အကျဉ်းသမားအားလုံး လွှတ်ပေးရေး၊ ရဲမျှားပစ်ခတ်သဖြင့် သေဆုံးခဲ့သူမျှားကို လျော်ကြေးပေးရေး၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြုပြင်ရေးဆွဲရေး ကော်မရှင်တွင် အတိုက်အခံ ကိုယ်စားလှယ်များ ပါဝင်ရေးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ကျူးလွန်ခဲ့သည့် ပြစ်မှုမျှားကို စုံစမ်းစစ်ဆေးရန် လွှတ်လပ်သည့် ကော်မတီ ဖွဲ့စည်းထူထောင်ရေးတို့ကို တောင်းဆိုကြသည်။

နီပေါဘုရင်သည် နီပေါ ကွန်ဂရက်ပါတီ (အင်စီပီ) ခေါင်းဆောင် ဂျာနက်ရှ် မန်း ဆင်းနှင့် ဧပြီလ ၁၃ ရက်

နေ့တွင် တွေ့ဆုံဆွေးနွေးပြီး အတိုက်အခံအဖွဲ့တို့က ဦးဆောင်သည့် အစိုးရဖွဲ့စည်းရေးမူကို လက်ခံခဲ့သည်။ ဧပြီလ ၁၅ ရက်နေ့တွင် ဝန်ကြီးချုပ် လိုကင်ဒရာ ဗဟာဒူး ချမ်းနှင့် အတိုက်အခံနိုင်ငံရေးပါတီများ စေ့စပ်ဆွေးနွေးခဲ့ကြရာ မအောင်မြင်ခဲ့ချေ။ ထိုနေ့မှာပင် ချမ်းသည် နုတ်ထွက်လွှာ တင်သွင်းခဲ့သည်။

နီပေါဘုရင် ဘီရင်ဒရာသည် ၎င်း၏အစိုးရအဖွဲ့နှင့် ပါလီမန် (ရပ်ရှ်တရိယာပန်ချာယတ်)ကို ဧပြီလ ၁၆ ရက်နေ့တွင် ဖျက်သိမ်းလိုက်သည်။ ပါတီစုံ ဒီမိုကရေစီစနစ်ကျင့်သုံးရန် လမ်းဖွင့်ပေးသည့် အနေဖြင့် ထိုသို့ဆောင်ရွက်ခြင်း ဖြစ်သည်။ ဝန်ကြီးချုပ် ချမ်းနုတ်ထွက်ခြင်းအား လက်ခံကြောင်းကိုလည်း နီပေါဘုရင်က ကြေညာခဲ့သည်။ သို့ရာတွင် အိမ်စောင့်အစိုးရ ဝန်ကြီးချုပ်အဖြစ် ဆက်လက်ရှိနေဦးမည် ဖြစ်ကြောင်းဖြင့် ဘုရင်ကပြောကြားသည်။

နီပေါနိုင်ငံ အစိုးရအဖွဲ့သစ်သည် ဧပြီလ ၁၉ ရက်နေ့တွင် ကျမ်းသစ္စာကျိန်ဆိုသည်။ အစိုးရအဖွဲ့သစ်ကို နီပေါကွန်ဂရက်ပါတီ (အင်စီပီ) ဥက္ကဋ္ဌ ခရစ်ရှနား ပရာဆတ် ဘက်တာရိုင်းက ဦးဆောင်သည်။ ၎င်းသည် ကာကွယ်ရေးနှင့် နိုင်ငံခြားရေး ဝန်ကြီးဌာနကို တာဝန်ယူထားသည်။

နီပေါ ကွန်ဂရက်ပါတီ ဗဟိုအလုပ် အမှုဆောင်ကော်မတီသည် ဧပြီလ ၂၆ ရက်နေ့တွင် အစည်းအဝေးကျင်းပပြီး ခရိုင်နှင့် မြို့နယ်ဆိုင်ရာ ပါတီမဲ့ ပန်ချာယတ်စနစ်ဖျက်သိမ်းရေး၊ စည်းမျဉ်းခံဘုရင်စနစ် ထူထောင်ရေးနှင့် တစ်နှစ်အတွင်း ဒေသကောက်ပွဲများ ကျင်းပရေး ဆုံးဖြတ်ချက်များကို အတည်ပြုခဲ့သည်။ ဧပြီလ ၂၇ ရက်နေ့တွင် အစိုးရက နယ်မြေဒေသဆိုင်ရာ ပန်ချာယတ်စနစ်ဖျက်သိမ်းကြောင်း ကြေညာသည်။

ခရစ်ရှနား ပရာဆတ် ဘက်တာရိုင်း ဦးဆောင်သည့် အစိုးရအဖွဲ့သစ်သည် ၁၉၉၀ ပြည့်နှစ် မေလအတွင်းတွင် အစိုးရအဖွဲ့၏ ဆောင်ရွက်ချက်များ စုစည်းခိုင်မာစေရန် လုပ်ဆောင်ခဲ့သည်။ နီပေါဘုရင်က ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မတီ ဖွဲ့စည်းကြောင်း မေလ ၁၁ ရက်နေ့တွင် တစ်ဖက်သတ် ကြေညာခဲ့သည်။ မေလ ၁၅ ရက်နေ့တွင် နီပေါဘုရင်နှင့် ဘက်တာရိုင်းတို့ တွေ့ဆုံပြီးနောက် အဆိုပါဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲရေး ကော်မတီကို ဖျက်သိမ်းကြောင်း ဘုရင့်နန်းတော်မှ ကြေညာချက် ထုတ်ပြန်သည်။ တစ်ဖန် မေလ ၃၀ ရက်နေ့တွင် အစိုးရ၏ အကြံပေးချက်အရ အဖွဲ့ဝင် ကိုးဦးပါဝင်သော အခြေခံဥပဒေ ရေးဆွဲထောက်ခံအကြံပြု တင်ပြရေးကော်မရှင်ကို ဖွဲ့စည်းပြီးကြောင်း ဘုရင်က ကြေညာခဲ့ပြန်သည်။ အဆိုပါကော်မရှင်အား အခြေခံဥပဒေမူကြမ်းကို သုံးလအတွင်း ပြင်ဆင်ရေးဆွဲရန် ညွှန်ကြားထားသည်။

ဤသို့ဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေး ကော်မရှင်က အခြေခံဥပဒေကိုရေးဆွဲပြီး ဘုရင်ထံ တင်ပြခဲ့ရာ ဘုရင့်နန်းတော်နှင့် ဝန်ကြီးချုပ်တို့ အကြားတွင် ဘုရင့်အာဏာနှင့် ပတ်သက်၍ အငြင်းပွားနေခဲ့သဖြင့် အတည်ပြု ပြဋ္ဌာန်းရေးမှာ ကြန့်ကြာခဲ့ရသည်။ ဘုရင် ဘီရင်ဒရာက အဆိုပါဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းမှာ ၎င်း၏ အခွင့်အာဏာများကို ကန့်သတ်ရန် ကြိုးပမ်းမှု ဖြစ်သည်ဟုဆိုကာ ငြင်းပယ်ခဲ့သည်။ အတိုက်အခံအုပ်စုများကလည်း နီပေါဘုရင်၏ အခွင့်အာဏာများကို ဖြတ်တောက် လျှော့ချခြင်းမပြုခဲ့လျှင် နီပေါနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို လက်ခံမည် မဟုတ်ကြောင်း ပြောကြားသည်။

နောက်ဆုံးတွင် ဘုရင် ဘီရင်ဒရာက မိမိ၏ အခွင့်အာဏာများကို လျှော့ပါးသွားစေမည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို နိုဝင်ဘာလ ၅ ရက်နေ့တွင် အတည်ပြု ပြဋ္ဌာန်းလိုက်သည်။

ဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်း ဥပဒေသစ်အရ နီပေါနိုင်ငံသည် ပါတီစုံ ဒီမိုကရေစီကို အခြေခံပြီး စည်းမျဉ်းခံဘုရင်စနစ်ကို ကျင့်သုံးသည့် နိုင်ငံအဖြစ် ထူထောင်လိုက်သည်။ အထွေထွေ ရွေးကောက်ပွဲများကို ၁၉၉၁ ခုနှစ် ဧပြီလ သို့မဟုတ် မေလတွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

နီပေါနိုင်ငံသည် ဖွံ့ဖြိုးမှုနှေးကွေးဆုံးသော နိုင်ငံများတွင်ပါဝင်၍ နိုင်ငံတကာမှ အထောက်အပံ့နှင့် ပူးပေါင်းဆောင်ရွက်မှုများကို မျှော်မှီအားထားနေရသည်။ စိုက်ပျိုးရေးအထွက်နှုန်း နိမ့်ကျလာခြင်း၊ ရာသီဥတု အခြေအနေ ဖောက်ပြန်ခြင်း၊ အိန္ဒိယနှင့်ကုန်သွယ်မှု ကျဆင်းလာခြင်း၊ အခြေခံ စားသုံးကုန်ပစ္စည်းများ ဈေးတက်ခြင်း၊ ရေနံထွက်ပစ္စည်းများ ဈေးနှုန်းတိုးမြှင့်ခြင်းနှင့် နိုင်ငံရေး အခြေအနေ မငြိမ်သက်မှုများကြောင့် စီးပွားရေးကို ဂယက်ရိုက်လျက်ရှိသည်။

နိုဗဲဆု။ ။၁၉၉၀ ပြည့်နှစ်အတွက် နိုဗဲဆုရရှိသူများတွင် ဆိုဗီယက်ပြည်ထောင်စုမှ တစ်ဦး၊ လက်တင် အမေရိကမှ (မက္ကဆီကိုနိုင်ငံသား) တစ်ဦး၊ ကနေဒါနိုင်ငံမှတစ်ဦးနှင့် အမေရိကန် ပြည်ထောင်စုမှရှစ်ဦးတို့ ပါဝင်ဆုရရှိသွားကြသည်။ ထူးခြားချက်မှာ ယခင်သုံးလေးနှစ်အတွင်းကကဲ့သို့ ဥရောပတိုက်သားများ ပါဝင်ခြင်းမရှိတော့ပေ။ နိုဗဲဆု၏ တန်ဖိုးမှာလည်း လွန်ခဲ့သော ၁၀ နှစ်ခန့်က အမေရိကန်

ဒေါ်လာတစ်သိန်းပတ်ဝန်းကျင်မှ ယခုဆုတစ်ဆု လျှင် တန်ဖိုးဒေါ်လာ ခုနစ်သိန်းမျှရှိလာပြီဖြစ်သည်။

ရူပဗေဒဆု–၁၉၆၀ ပြည့်နှစ်လောက်တွင် အခြေခံအမှုန်ဟု ယခင်က ယူဆခဲ့သော ဟေဒရွန် (hadron) ခေါ် အမှုန်များမှာ သာလွန်၍အခြေခံကျသောကွပ်ခ် (quark) ခေါ် အမှုန်များဖြင့် ဖွဲ့စည်းထားကြောင်း အစွမ်းရေး ရူပဗေဒပညာရှင် ဒေါက်တာ ယူဗဲလနီးမင်းနှင့် အမေရိကန် ရူပဗေဒပညာရှင် ဒေါက်တာ မာရေးဂဲလ်မင်းတို့၏ အခြေခံသီအိုရီမှ သီအိုရီ ရူပဗေဒပညာရှင်များက ဟော ကိန်းထုတ်ခဲ့ကြသည်။ ဂဲလ်မင်းက အိုမီဂါ – မိုင်နပ်စခေါ် ကွပ်ခ်သုံးခုပါဝင်သော အမှုန်ကို ဟောကိန်းထုတ်နိုင်ခဲ့၍ ၁၉၆၉ ခုနှစ်တွင် နိဗဲဆုကို ရရှိခဲ့ပြီးဖြစ်သည်။ ဂဲလ်မင်း သည် ကွပ်ခ်များပါရှိသည့် အမှုန်ကို ၁၉၆၂ ခုနှစ်တွင် ကြိုတင်ဟောကိန်းထုတ်နိုင်ခဲ့ပြီး ၁၉၆၄ ခုနှစ်တွင် တွေ့ရှိခဲ့ကြသည်။ ရူပဗေဒပညာရှင် လော့ ရပ်သာဖို့၏ အက်တမ်ပုံစံတွင် နျူကလိယခေါ် အက်တမ်ဝတ်ဆံတွင် ပရိုတွန်နှင့် နျူထရွန်များရှိရမည် ဖြစ်သည်။ တစ်ချိန်က ထိုပရိုတွန်နှင့်နျူထရွန်မှာ အဖွဲ့အစည်းမဲ့အခြေခံကျသော အမှုန်ဟုယူဆခဲ့ကြသည်။ ပရိုတွန်ထဲတွင် uud ခေါ် ကွပ်ခ် သုံးမျိုးရှိပြီး နျူထရွန်ထဲတွင် udd ခေါ် ကွပ်ခ်သုံးမျိုး ရှိကြောင်းကို ဂဲလ်မင်း – နီမင်းတို့သီအိုရီမှသိသော်လည်း လက်တွေ့အားဖြင့် ၁၉၉၀ ပြည့်နှစ် နိဗဲဆုရှင် အမေရိကန် ရူပဗေဒပါမောက္ခ ဒေါက်တာဂျေဖရိမင်း၊ ဒေါက်တာ အိပ်ခ်ျကင်ဒေါလ်နှင့်ကနေဒါရူပဗေဒပညာရှင် ဒေါက်တာ အာဟေလာတို့က စတင်းဖို့တက္ကသိုလ်ရှိ အဖြောင့်အရှိန် ပေးစက် (SLAC = Stanford Linear Accelerator) ကို အသုံးပြုပြီး ၁၉၆၀ ပြည့်နှစ် နှောင်းပိုင်းတွင် လက်တွေ့ ပြခဲ့ကြသည်။ အီလက်ထရွန်ခေါ် အမမှုန်များကို အရှိန် ပေးစက်မှထုတ်ပြီး ပရိုတွန်နှင့်နျူထရွန်တို့ကို တိုက်ခိုက် စေသည်။ ပရိုတွန်နှင့်နျူထရွန်တို့မှ တိုက်ထုတ်ခံရသော အီလက်ထရွန်များက ပရိုတွန်နှင့်နျူထရွန်တို့တွင် အတွင်း အဖွဲ့အစည်း ကွပ်ခ်သုံးမျိုးရှိကြောင်း သိရှိရလေသည်။ ရူပဗေဒပညာရှင်များ လက်ခံထားသော ကွပ်ခ် အရေ အတွက်မှာ ခြောက်ခုဖြစ်သည်။ ယင်းတို့မှာ–

ကွပ်ခ်	အမည်	လျှပ်စစ်
u	up	0.67
d	down	– 0.33
s	strange	– 0.33
c	charm	0.67
b	beauty	– 0.33
t	truth	0.67

ကွပ်ခ်တစ်ခုချင်းတွင်အရောင်သုံးမျိုးရှိနိုင်၍ အရောင်စုံ ကွပ်ခ်များ၏အရေအတွက်မှာ ၁၈ ဖြစ်သည်။ လက်တွေ့ အားဖြင့်မူ ကွပ်ခြောက်မျိုးဟုသာသတ်မှတ်၏။ အဘယ် ကြောင့်ဆိုသော် ရောင်စုံအမှုန်ကို သဘာဝအားမပေး၍ သဘာဝတွင်မတွေ့မြင်ရ (Nature is colour blind) ဟု ယူဆကြသည်။ သဘာဝတွင် အမှုန်တစ်ခု၏ လျှပ်စစ် ကို သတ်မှတ်ရာတွင် 0, $\pm$ 1, အစရှိသဖြင့် ကိန်းပြည့် ယူနစ်အဖြစ် သာ သတ်မှတ် လေ့ရှိပြီး ကွပ်ခ်များမှာမူ $\pm \frac{1}{3}$, $\pm \frac{2}{3}$ လျှပ်စစ်ဆောင်အမှုန်များ ဖြစ်နေသည်။ ၁၉၇၆ ခုနှစ်တွင် ဆိုင် (သို့မဟုတ်) ဂျေခေါ် အမှုန်ကို တွေ့ ရှိမှုအတွက် အမေရိကန်နှင့် တရုတ် - အမေရိကန် ရူပဗေဒ ပညာရှင် နှစ်ဦးဖြစ်သော ဒေါက်တာ ဘာတင်ရစ်ချ်တာနှင့် ဒေါက်တာ ဆင်မြူရယ်တင်တို့ ရူပဗေဒနိဗဲဆု ရရှိခဲ့ကြ သည်။ ဂျေ (သို့) ဆိုင် (meson) မယ်စွန်အမှုန်၏ ဖွဲ့စည်းပုံကို $C + \bar{C}$ ဖြင့် ဖော်ပြနိုင်သည်။

C နှင့် $\bar{C}$ မှာ ချမ်း (charm) ကွပ်ခ်နှင့် ယင်း၏ ဆန့်ကျင်ဘက် ကွပ်ခ်တို့ဖြစ်သည်။ တစ်နည်းဆိုလျှင် ကွပ်ခ် အမှုန်များအထောက်အထား တွေ့ရှိမှုအတွက် ၁၉၉၀ ပြည့်နှစ်နိဗဲဆုမှာတတိယမြောက်ဖြစ်သော်လည်း (၁၃ နှစ် ကြာမှသာပေးသော) ဒုတိယမြောက်ဆု ဖြစ်သင့်ပေသည်။

သဘာဝတွင် ရှိရှိသမျှ အခြေခံအမှုန်များမှာ နှစ်မျိုး သာလျှင်ဖြစ်ရမည်ဟုစံပြုရူပဗေဒပုံစံ(Standard Model) ကိုဆိုထားသည်။ လက်ပတွန် (Lepton) အုပ်စုဖြစ်သော အီလက်ထရွန်၊ မြူယွန်၊ တောင်၊ အီလက်ထရွန်နျူထရီနို၊ မြူယွန်နျူထရီနိုနှင့် တောင်နျူထရီနိုဖြစ်ပြီး အခြား အုပ်စုမှာ ယူ၊ ဒီ၊ အက်စ်၊ စီ၊ ဘီ၊ တီခေါ် ကွပ်ခ်ခြောက်မျိုး ဖြစ်သည်။ ကွပ်ခ်တစ်ခုချင်းသည် အနှီ၊ အစိမ်းနှင့် အပြာ အရောင်ဆောင်နိုင်သည်။ အား သို့မဟုတ် စက်ကွင်း အပိုင်းတွင်မူ ဖိုတွန်(အလင်းကွမ်တမ်)၊ W $\pm$, Z ခေါ် အလေးစားဖိုတွန်များ၊ ကွပ်ခ်များအကြား ဖလှယ်မှုန် ဂလူယွန်(gluon)ရှစ်မျိုးနှင့် ဒြပ်ဆွဲကွမ်တမ်(graviton) တို့ပါဝင်သည်။ ယခုခိုင်ခဲ့လျက်ရှိသော သီအိုရီ၏အခြေခံ ကျသောတွေ့ရှိချက်အတွက် ၁၉၉၀ ပြည့်နှစ် ရူပဗေဒဆုကို ချီးမြှင့်ခြင်းပင် ဖြစ်သည်။

ဓာတုဗေဒဆု – ဓာတုဗေဒ နိဗဲဆုရရှိသူမှာ ဒေါက်တာ အီလိုင်ရာဂျိမ်းကိုရေးဖြစ်ပြီး ၁၉၂၀ ပြည့်နှစ်တွင် မက်သူ ရင်မြို့၊ မက်ဆာချူးဆက်ပြည်နယ်တွင် မွေးဖွားခဲ့သည်။ အမေရိကန်ပြည်ထောင်စု အီလီနွိုက်တက္ကသိုလ်မှ ဓာတု ဗေဒ ဒေါက်တာဘွဲ့ကိုရရှိခဲ့ပြီး ၁၉၅၃ – ၅၅ ခုနှစ် အထိ လက်ထောက်ပါမောက္ခအဖြစ်လည်းကောင်း၊ ၁၉၅၆ ခုနှစ် မှ ၁၉၅၉ ခုနှစ်ထိ ပါမောက္ခအဖြစ် လည်းကောင်း အမှုထမ်းခဲ့သည်။ ၁၉၅၉ ခုနှစ်မှစ၍ ထင်ရှားသော

ပါမောက္ခရာထူးတစ်ခုဖြစ်သော အမွှရီတပ်ပါမောက္ခ (ဂုဏ်ထူးဆောင်ပါမောက္ခ)အဖြစ်ဟားဗတ်တက္ကသိုလ်တွင် ချီးမြှင့်ခြင်းခံရသည်။ ဟားဗတ်တက္ကသိုလ် ဓာတုဗေဒ ဌာန၏ ဌာနမှူးအဖြစ် ၁၉၆၅ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည်။ သိပ္ပံလောကတွင် ထင်ရှားသော ဝုဖ်ဆု (**Wolf Prize**) ကို ၁၉၈၆ ခုနှစ်တွင် ရရှိခဲ့သည်။

ဒေါက်တာကိုရေးသည် ဆေးဝါးဓာတုပစ္စည်း၊ ပလတ်စတစ်ပစ္စည်းနှင့် ဇီဝမော်လီကျူးများကို တီထွင် ထုတ်ဖော်နိုင်ခဲ့သည်။ ဓာတုဗေဒပညာရှင်များ ပုံမှန်လုပ်ရမည့် လုပ်ငန်းကို ကွန်ပျူတာဖြင့်ခွဲခြမ်းစိတ်ဖြာ၍ ဓာတုစည်းတစ်ခုကို ဖယ်ရှားပြီး ပိုမိုသေးငယ်သော အစိတ်အပိုင်းဖော်ထုတ်လေ့လာနည်းကို ဖော်ထုတ်နိုင်ခဲ့သည်။ ဒေါက်တာကိုရေး ထုတ်ဖော်ခဲ့သော ပဲ့ိမုန်းများပါဝင်သော ဓာတုပစ္စည်းများသည် သားသမီးထွန်းကားစေရန် အထောက်အကူပြုသည့် ဆေးဝါးများပါဝင်သကဲ့သို့ ပင်္ခီသန္ဓေတားဆီးစေနိုင်သော ဆေးဝါးများလည်း ပါဝင်သည်။

ဂြိမ်းချမ်းရေးဆု – ဆိုဗီယက်နိုင်ငံမှ အသက် ၅၉ နှစ်ရှိ မီခါယီး ဂေါ်ဘာချော့ (**Mikhail Gorbachev**) မှာ တက္ကသိုလ်ပညာကို ကောင်းမွန်စွာ သင်ကြားခဲ့သော ခေါင်းဆောင် ဖြစ်သည်။ ၁၉၅၅ ခုနှစ်တွင် ဥပဒေဘွဲ့နှင့် ၁၉၆၇ ခုနှစ်တွင် စီးပွားရေး ဘွဲ့နှစ်ခုကို ရရှိခဲ့သည်။ ဆိုဗီယက်ပြည်ထောင်စုတွင် ပွင့်ပွင့်လင်းလင်းဆက်ဆံမှုနှင့် ၂၀၇ သန်း အရေအတွက်ရှိ တိုင်းသူပြည်သားများအတွက် လုံလောက်စွာ ကုန်ထုတ်စွမ်းအားရှိသည့် စီးပွားရေး စနစ်တို့ အကောင်အထည်ဖော်ရာတွင် ဂလပ်စနော့နိုင်ငံရေးအရ ပွင့်လင်းမှု အစီအစဉ်နှင့် ပယ်ရက်စထရိုက ကာ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းစဉ်တို့ကို ၁၉၈၇ ခုနှစ်မှ စတင်ခဲ့သည်။

ဆိုဗီယက်ပြည်ထောင်စုတွင် ထိပ်တန်းခေါင်းဆောင် တစ်ဦးဖြစ်သူ အန်ဒရေ ဂရိုမီကိုသည် ဂေါ်ဘာချော့အား အထေ့ထေ့အတွင်းရေးမှူးအဖြစ် တင်မြှောက်ရန် ၁၉၈၅ ခုနှစ်တွင် အဆိုပြုခဲ့သည်။ ဂရိုမီကိုမှာ စီးပွားရေးပညာ ဌ် ဒေါက်တာဘွဲ့ ရရှိခဲ့သူ ဖြစ်သည်။ ဂေါ်ဘာချော့သည် ကမ္ဘာက အသိအမှတ်ပြုခံရသော ပြိုင်ဖက်မရှိ ခေါင်းဆောင်တစ်ဦးအဖြစ် ထင်မြင်ယူဆခြင်း ခံရသူဖြစ်သည်။ အမေရိကန်ပြည်ထောင်စု အတွင်းဌ် အရွေးခံခွင့် ရှိသူတစ်ဦးဖြစ်လျှင် သူနှင့် ပြိုင်ရွေးဝံ့သူ ရှိမည်မဟုတ်ဟု အမေရိကန် လွှတ်တော်အမတ်တစ်ဦးက ဝန်ခံတင်ပြခဲ့ဖူးသည်။

ဂေါ်ဘာချော့သည် ကမ္ဘာ့ခေါင်းဆောင်များတွင် အအောင်မြင်ဆုံး တစ်ဦးဖြစ်သည်။ ၁၉၈၈ ခုနှစ်တွင် ဆိုဗီယက်တပ်များ အာဖဂန်စတန်မှ ရုပ်သိမ်းပေးခဲ့ခြင်း၊ အရှေ့အနောက် ဂျာမနီပေါင်းစည်းရေးအတွက် ကန့်ကွက်ခြင်း မရှိဘဲ အကောင်အထည်ဖော်ရာတွင် ပံ့ပိုးခဲ့ခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့သည်။

စီးပွားရေးဆု – ဆုစတင်ပေးအပ်သည့် ၁၉၆၈ ခုနှစ်မှ ယခုနှစ် ၁၉၉၀ ပြည့်နှစ်တိုင်အောင် ဆုရရှိသူ ၃၀ တို့တွင် ၁၈ ဦးမှာ အမေရိကန်ပြည်ထောင်စုမှ သုတေသီများ ဖြစ်သည်။ ယခုနှစ်တွင် ဌေပင်ဌေရင်းစိုက်ထုပြီး စီးပွားလုပ်သူများ၊အစုရှယ်ယာဝင်သူများအတွက် အကျိုးများစေသော ဌေကြေးနှင့် ပတ်သက်သည့် စီးပွားရေးဈေးကွက်ဆိုင်ရာ လုပ်ငန်းအတွက် အမေရိကန်စီးပွားရေးသုတေသီ သုံးဦးဖြစ်သော နယူးယောက်မြို့ စီတီတက္ကသိုလ်မှ ပါမောက္ခ ဟယ်ရီမာကိုဗစ်၊ ရှိကာဂို တက္ကသိုလ်မှ ပါမောက္ခ မာတွန်မီလာ၊ စတင်းဖို့ တက္ကသိုလ်မှ ပါမောက္ခ ဝီလီယံရှပ်တို့ကို စီးပွားရေး နိုဗဲဆု ချီးမြှင့်ခဲ့သည်။

မာကိုဗစ်သည် ပေါ်ဖိုလီယိုသီအိုရီ **Portfolio theory** ခေါ် မိသားစုနှင့် အဖွဲ့အစည်းများ ရှယ်ယာများကို အရှုံးများမည့်ဘေးကို ရှောင်၍ ဆောင်ရွက်ပုံ သီအိုရီကို ၁၉၅၀ ပြည့်နှစ်တွင် စတင်ပြုစုခဲ့ပြီး ၁၉၈၁ ခုနှစ်တွင် ဒေါက်တာ ဂျိမ်းတိုဗင်သည် ယင်းသီအိုရီကို စီးပွားရေး ကဏ္ဍသက်သက်အတွက် အသုံးချမှုဖြင့် စီးပွားရေးနိုဗဲဆု ပင်ရရှိခဲ့ပြီးဖြစ်သည်။ ၁၉၉၀ ပြည့်နှစ်အတွက်ဆုကြေညာချိန်တွင် မာကိုဗစ်သည် ဂျပန်ပြည် တိုကျိုတက္ကသိုလ်တွင် ပေါ်ဖိုလီယို သီအိုရီ ပို့ချနေစဉ်ဖြစ်သည်။ မီလာမှာ ၆၇ နှစ်ရှိပြီး မာကိုဗစ်ထက် နှစ် နှစ် ကြီးသော်လည်း မာကိုဗစ်သီအိုရီကို အခြေခံပြီး သုတေသန ပြုခဲ့သည်ဟု ဝန်ခံသည်။ အငယ်ဆုံးပညာရှင်မှာ အသက် ၅၆ နှစ်ရှိ ရှပ် ဖြစ်သည်။ ရှပ်က မာကိုဗစ်မှာ မိမိ၏ ဆရာတစ်ဦး အဖြစ် ယူဆကြောင်း ဖွင့်ဟပြောကြားသည်။

ဂြိမ်းချမ်းရေးနိုဗဲဆုရ ဂေါ်ဘာချော့



၁၉၆၁ ခုနှစ်တွင် ဒေါက်တာဘွဲ့ကို ကာလီဖိုးနီးယား တက္ကသိုလ်မှ ရရှိခဲ့သူ ရှပ်သည် ဝစ္စကွန်စင် တက္ကသိုလ်တွင် ၁၉၆၁ ခုနှစ်တွင် လက်ထောက်ပါမောက္ခ၊ ၁၉၆၃ ခုနှစ်တွင် တဲ့ဖက် ပါမောက္ခ၊ ၁၉၆၇ ခုနှစ်တွင် ပါမောက္ခအဖြစ် အမှုထမ်းပြီး ၁၉၇၀ ပြည့်နှစ်တွင် စတင်းဖို့ တက္ကသိုလ် ပါမောက္ခ အဖြစ် အမှုထမ်းသည်။ ရှပ်၏ သုတေသန နယ်ပယ်ကို သူ ပြုစုထားသော ကျမ်းစာအုပ်များ (Economics of Computers 1961, Portfolio Theory & Capital Markets 1970, Investments 1981) က ပေါ်လွင်စေသည်။

ဒေါက်တာမီလာမှာ ဂျွန်ဟော့ပကင်း တက္ကသိုလ်မှ ၁၉၅၂ ခုနှစ်တွင် ဒေါက်တာဘွဲ့ကိုရရှိခဲ့ပြီး လန်ဒန် တက္ကသိုလ်စီးပွားရေး မဟာဌာနတွင် ၁၉၅၂ ခုနှစ်တွင်ပင် လက်ထောက် ကထိကအဖြစ် စတင် အမှုထမ်းသည်။ ၁၉၅၈ ခုနှစ်တွင် ကာနယ်ဂျီ စက်မှုတက္ကသိုလ်တွင် လက်ထောက် ပါမောက္ခ၊ ၁၉၆၁ ခုနှစ်မှစ၍ ရှိကာဂို တက္ကသိုလ်တွင် ပါမောက္ခအဖြစ် အမှုထမ်းသည်။ မီလာ၏ သုတေသန နယ်ပယ်ကို ဖော်ပြသော ကိုယ်တိုင်ပြုစုထားသည့် ကျမ်းစာအုပ်များမှာ Theory of Finance 1972 နှင့် Microeconomics 1971 တို့ ဖြစ်ကြသည်။


စာပေနိုဗဲဆု – ၁၉၉၀ ပြည့်နှစ်အတွက် စာပေနိုဗဲဆု ရရှိခဲ့သော အော့တေဗီယိုပါဇ်သည် မက္ကဆီကို တက္ကသိုလ်တွင် ပညာသင်ကြားခဲ့ပြီး ၇၆ နှစ် အရွယ်ရှိ မက္ကဆီကန် လူမျိုး ကဗျာဆရာ၊ စာရေးဆရာ တစ်ဦးဖြစ်သည်။ သူ၏ တပည့်နောက်ပါများက သူ့အား ဥရောပတိုက်မှ ဂျော့ဩဝဲလ် (George Orwell) ကဲ့သို့ မှတ်ယူ လေးစားမှုကို ရရှိသူဖြစ်သည်။

ပါဇ်သည် ၁၉၆၂–၆၈ ခုနှစ်တွင် အိန္ဒိယနိုင်ငံတွင် သံအမတ်အဖြစ် ဆောင်ရွက်ခဲ့ဖူးပြီး ပြင်သစ်နှင့် ဂျပန် နိုင်ငံများသို့လည်း ရောက်ဖူးသည်။ အင်္ဂလန်နိုင်ငံ ကိန်းဗရစ် တက္ကသိုလ်တွင် လက်တင်အမေရိကန် ဘာသာရပ် ပါမောက္ခအဖြစ် ၁၉၇၁–၇၂ ခုနှစ်တွင် လည်း ကောင်း၊ အမေရိကန်ပြည်ထောင်စု ဟားဗတ် တက္ကသိုလ်တွင် ၁၉၇၁–၇၂ ခုနှစ်တွင် ကဗျာ ဘာသာရပ် ပါမောက္ခအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ဖူးသည်။ ရေးသားခဲ့သော စာအုပ်များတွင် La Centena, The Labyrinth of Solitude နှင့် နာမည်ကျော် ကဗျာ Sun Stone တို့ ပါဝင်သည်။

ဆေးပညာဆု – ၁၉၉၀ ပြည့်နှစ် ဆေးပညာဆုကို ကျောက်ကပ်၊ နှလုံး၊ ခြင်ဆီ အစားထိုး ကုသမှု အောင်

စာပေနိုဗဲဆုရ အော့တေဗီယိုပါဇ်





ဆေးပညာနိုဗယ်ဆုရ ဒေါက်တာသောမတ်နှင့် ဒေါက်တာမာရေး

မြင်မှုအတွက် အမေရိကန် ဆေးပညာဆိုင်ရာ သုတေသီ ဆရာဝန် ဒေါက်တာ အီးဒေါ်နယ်လ် သောမတ်နှင့် ဒေါက်တာ ကျိုးဆက်မာရေးတို့ ရရှိကြသည်။ ၁၉၅၀ ပြည့်နှစ် စောစောပိုင်းကာလများ၌ ဆရာဝန်ကြီးများပင် ဖြစ်နိုင်လိမ့်မည်ဟု မျှော်လင့်ချက် မထားခဲ့သော အစားထိုး ကုသမှု လုပ်ငန်းများအတွက် နိုဗယ်ဆုရရှိသူ ဆရာဝန်ကြီး နှစ်ဦးမှာ ဘော်စတွန်မြို့ဆေးရုံတစ်ခုတွင် အတူလုပ်ကိုင်ရင်းမှ အနှစ် ၅၀ သိကျွမ်းခဲ့သော မိတ်ဆွေများဖြစ်ခဲ့သည်။ ဒီအင်အေ၊ မျိုးရိုးဗီဇ အင်ဂျင်နီယာ သုတေသနကိစ္စအတွက် ဓာတုဗေဒနှင့် ရူပဗေဒ ပညာရှင်များကိုပါ ဆေးပညာဆု ပေးခဲ့ရာမှ ခဲစိတ်ကုသမှု ဆေးပညာနှင့် ပတ်သက်သည့် ကျောက်ကပ်၊ နှလုံး၊ ခြင်ဆီ အစားထိုး လုပ်ငန်းများ ဆောင်ရွက်နိုင်သော ဆရာဝန်ကြီးများကို ယခုနှစ် ဆုချီးမြှင့်ခြင်း ဖြစ်သည်။ အသက် ၇၀ နှစ်ရှိ ဒေါက်တာ သောမတ်က သွေးကင်ဆာကို ခြင်ဆီ အစားထိုး ကုသမှုဖြင့် ခွေးများတွင် စမ်းသပ်ခဲ့ရာမှ အမြှောပူးများကို တစ်ဆင့် ကုသအောင်မြင်ခဲ့ပြီး ယနေ့အခြေအနေတွင်မူ အောင်မြင်မှု ရာနှုန်းမှာ ၅၀ ရာနှုန်းအထက်ဟု မှန်းဆရသည်။ အသက် ၇၁ နှစ်ရှိ ဒေါက်တာမာရေးမှာ အရေပြားအစားထိုး ကုရာမှ ကိုယ်ခန္ဓာအပြင်ဘက်တွင် အစားထိုး ဇီဝပစ္စည်းကို အသက်ရှင်အောင် ထားနိုင်ခဲ့သည်။

ဘော်စတွန်မြို့ ဘရစ်ဟမ်နှင့် အမျိုးသမီးဆေးရုံတွင် အမှုထမ်းနေသော ဒေါက်တာ ကျိုးဆက်မာရေးသည် ၁၉၅၄ ခုနှစ်က ကျောက်ကပ်အစားထိုးမှုကို ပထမဆုံး အောင်မြင်စွာ ပြုလုပ်ခဲ့ပြီး ဆီတဲမြို့ ဖရက်ဟတ်ချင်ဆန်ကင်ဆာ သုတေသနဌာနတွင် တာဝန်ထမ်းဆောင်နေသော ဒေါက်တာ အီးဒေါ်နယ် သောမတ်သည် ၁၉၅၆ ခုနှစ်က ရိုးတွင်းခြင်ဆီ အစားထိုးကုသမှုကို အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းများ

။ ။ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ နယ်စပ်ဒေသများတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများသည် ကိုလိုနီခေတ်၌ နယ်ခြုံပြိုတိသျှ အစိုးရ၏ ပြည်နယ်ပြည်မ ခွဲခြားအုပ်ချုပ်မှုကြောင့် လည်းကောင်း၊ လွတ်လပ်ရေး ရပြီးနောက်တွင်လည်း လွတ်လပ်ရေးနှင့် အတူ ပေါ်ပေါက်ခဲ့သော ပြည်တွင်းသောင်းကျန်းသူများ၏ဒဏ်ကို ခေတ်အဆက်ဆက် ခံခဲ့ရသောကြောင့် လည်းကောင်း၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး နယ်ပယ် အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှု မရှိနောက်ကျ ကျန်ရစ်ခဲ့သည်။

ယခုအခါ ယင်းနယ်စပ်ဒေသများတွင် သောင်းကျန်းမှုများ ချုပ်ငြိမ်းစပြုကာ နယ်မြေအေးချမ်းမှု ရှိလာပြီဖြစ်ရာ နယ်စပ်ဒေသနှင့် ထိုဒေသများရှိ တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့သည် အထူးအလေးထားဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် စနစ်တကျ ဆောင်ရွက်သွားနိုင်ရန် ၁၉၈၉ ခုနှစ် မေလ ၂၅ ရက်နေ့တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို အမိန့်ကြော်ငြာစာ အမှတ် ၂၃/၈၉ ဖြင့် ဖွဲ့စည်းခဲ့သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ

(၁) ဒုတိယဗိုလ်ချုပ်ကြီးသန်းရွှေ ဥက္ကဋ္ဌ
ကာကွယ်ရေးဦးစီးချုပ် (ကြည်း)

(၂) ဗိုလ်ချုပ်မောင်မောင်ခင် အဖွဲ့ဝင်
ကာကွယ်ရေးဦးစီးချုပ် (ရေ)

(၃) ဗိုလ်ချုပ်တင်ထွန်း အဖွဲ့ဝင်
ကာကွယ်ရေးဦးစီးချုပ် (လေ)

(၄) ဗိုလ်မှူးချုပ်ခင်ညွန့် အတွင်းရေးမှူး (၁)
အတွင်းရေးမှူး (၁)
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု
တည်ဆောက်ရေးအဖွဲ့

(၅) ဗိုလ်မှူးချုပ်တင်ဦး အတွင်းရေးမှူး (၂)
အတွင်းရေးမှူး (၂)
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု
တည်ဆောက်ရေးအဖွဲ့

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အထူးစိမ်ကိန်း

ချမှတ်၍ ဆက်စပ် အကောင်အထည်ဖော် ဆောင်ရွက် သွားနိုင်ရန် ၁၉၈၉ ခုနှစ် မေလ ၃၁ ရက်နေ့တွင် အမိန့်ကြော်ငြာစာ အမှတ် ၂၄/၈၉ ဖြင့်၊ နယ်စပ်ဒေသ နှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင် အထည်ဖော်ရေး လုပ်ငန်း ကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းခဲ့ပြန်သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ

(က) ဗိုလ်မှူးချုပ်ခင်ညွန့် ဥက္ကဋ္ဌ
အတွင်းရေးမှူး (၁)
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု
တည်ဆောက်ရေးအဖွဲ့

(ခ) ဗိုလ်မှူးချုပ်တင်ဦး ဒုတိယဥက္ကဋ္ဌ
အတွင်းရေးမှူး (၂)
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု
တည်ဆောက်ရေးအဖွဲ့

(၀) ဦးကို့ အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
အစိုးရအဖွဲ့ရုံး

(ဃ) ဦးအုံးဇော် အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
နိုင်ငံရေးရာဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(င) ဗိုလ်မှူးကြီးသူရဖေအောင် အဖွဲ့ဝင်
ရဲချုပ်
ပြည်သူရဲတပ်ဖွဲ့
ပြည်ထဲရေးနှင့် သာသနာရေး
ဝန်ကြီးဌာန

(စ) ဦးမောင်မောင်ဘို အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန
လယ်ယာနှင့် သစ်တောဝန်ကြီးဌာန

(ဆ) ဦးတင်မောင်မြင့် အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်း
ဝန်ကြီးဌာန

(ဇ) ဗိုလ်မှူးကြီးသောင်းမြင့် အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး
ကာကွယ်ရေးဝန်ကြီးဌာန

(စျ) ဦးမောင်မောင်ကျော် အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ကုန်သွယ်ရေးဦးစီးဌာန
ကုန်သွယ်ရေးဝန်ကြီးဌာန

(ည) ဦးအောင်ဖုန်း အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
အိုးအိမ်ဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဋ) ဦးခင်မောင်သိန်း အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
စွမ်းအင်ဝန်ကြီးဌာန

(ဌ) ဒေါက်တာတင်ဦး အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ဍ) ဦးစိုးညွှန့် အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန

(ဎ) ဦးမင်းအောင် အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန


(ဏ) ဦးကျော်အေး အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု
တည်ဆောက်ရေးအဖွဲ့ရုံး

(တ) ဒုတိယဗိုလ်မှူးကြီးသန်းတင့် တွဲဖက်
အတွင်းရေးမှူး(၁)
အထူးအရာရှိ
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု
တည်ဆောက်ရေးအဖွဲ့ရုံး


(ထ) ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း တွဲဖက်
အတွင်းရေးမှူး(၂)
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု
တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌရုံး

တစ်ဖန် သက်ဆိုင်ရာလုပ်ငန်း ကဏ္ဍများ အလိုက် အနီးကပ်ကြီးကြပ် တာဝန်ခံ၊ တာဝန်ယူ ဆောင်ရွက် သွားနိုင်ရေးအတွက် ဌာနဆိုင်ရာအကြီးအကဲများပါဝင် သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုး

နမ့်တိန်တံတား



ချင်းရွှေဟော်မြို့သစ်



ကိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းဆပ်ကော်မတီ ၁၁ ခုကို ၁၉၈၉ ခုနှစ် မေလ ၃၁ ရက်နေ့တွင်ပင် ဖွဲ့စည်းပေးခဲ့သည်။ အဆိုပါလုပ်ငန်း ဆပ်ကော်မတီ ၁၁ ခုမှာ –

(က) စိုက်ပျိုးရေးနှင့် သစ်တောလုပ်ငန်း ဆပ်ကော်မတီ၊
(ခ) မွေးမြူရေးလုပ်ငန်း ဆပ်ကော်မတီ၊
(ဂ) လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း ဆပ်ကော်မတီ၊
(ဃ) ကုန်သွယ်ရေးနှင့်သမဝါယမလုပ်ငန်းဆပ်ကော်မတီ၊
(င) အိမ်ရာ ဆောက်လုပ်ရေးလုပ်ငန်း ဆပ်ကော်မတီ၊
(စ) စွမ်းအင်လုပ်ငန်းဆပ်ကော်မတီ၊
(ဆ) ကျန်းမာရေးနှင့် ပညာရေးလုပ်ငန်းဆပ်ကော်မတီ၊
(ဇ) ပြည်သူ့ဆက်ဆံရေးလုပ်ငန်း ဆပ်ကော်မတီ၊
(စျ) ဆက်သွယ်ရေးလုပ်ငန်း ဆပ်ကော်မတီ၊
(ည) သတ္တုရှာဖွေတူးဖော် ထုတ်လုပ်ရေး လုပ်ငန်း ဆပ်ကော်မတီ၊
(ဋ) စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေး လုပ်ငန်း ဆပ်ကော်မတီများ ဖြစ်သည်။

ထိုသို့ဖွဲ့စည်းပြီးနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို အောက်ပါအတိုင်း လုပ်ငန်းဆောင်တာ ၁၁ မျိုး ပိုင်းခြားသတ်မှတ်ဆောင်ရွက်ခဲ့သည် –


(က) စိုက်ပျိုးရေးနှင့် သစ်တောလုပ်ငန်း၊
(ခ) မွေးမြူရေးလုပ်ငန်း၊
(ဂ) လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊
(ဃ) ဆက်သွယ်ရေးလုပ်ငန်း၊
(င) ကုန်သွယ်ရေးနှင့် သမဝါယမလုပ်ငန်း၊
(စ) အိမ်ရာဆောက်လုပ်ရေးလုပ်ငန်း၊
(ဆ) စွမ်းအင် လုပ်ငန်း၊
(ဇ) ကျန်းမာရေးနှင့် ပညာရေးလုပ်ငန်း၊
(စျ) ပြည်သူ့ဆက်ဆံရေးလုပ်ငန်း၊
(ည) သတ္တုရှာဖွေ တူးဖော် ထုတ်လုပ်ရေးလုပ်ငန်း၊
(ဋ) အထွေထွေလုပ်ငန်း။

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကိုအထက်ဖော်ပြပါအတိုင်း ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ လုပ်ငန်းဆပ်ကော်မတီများဖွဲ့စည်း၍ ဆောင်ရွက်ရာတွင် ရှေးဦးစွာ ရှမ်းပြည်နယ် နယ်စပ်ဒေသများနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို စတင် အကောင်အထည်ဖော်ခဲ့သည်။

ရှမ်းပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဒေသဆိုင်ရာလုပ်ငန်းကော်မတီကို ဖွဲ့စည်းလျက် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ကိုးကန့် ဒေသ၊ ဝဒေသ တို့တွင်လည်းကောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ကျိုင်းတုံအရှေ့ခြမ်း ဒေသ၊ မော်ဖဒေသတို့တွင်လည်းကောင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။


ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်နယ်မြေတွင် ဒေသဖွံ့ဖြိုးရေးဌာန အဓိကကျသော လမ်းများဖောက်လုပ်ခြင်းလုပ်ငန်းကို ၁၉၈၉ ခုနှစ် မေလခန့်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ကိုးကန့်နယ်မြေအတွင်း လမ်းဖောက်လုပ်ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာတပ်မတော်မှ တာဝန်ယူဖောက်လုပ်လျက်ရှိသော လမ်းများအနက် ဟိုပန် ချင်းရွေဟော်ကျောက်ခင်းလမ်း သုံးမိုင်တစ်ဖာလုံနှင့် ကတ္တရာလမ်း နှစ်မိုင် နှစ်ဖာလုံကို ၁၉၉၀ ပြည့်နှစ် မတ်လ အတွင်းတွင် ပြီးစီးခဲ့သည်။ ချင်းရွေဟော်မြို့တွင် လမ်း သုံးမိုင် နှစ်ဖာလုံကို အချောဖောက်လုပ်ပြီးစီးခဲ့သည်။ ထို့ပြင် ချင်း ရွေ ဟော် – လောက် ကိုင် လမ်း၊ လောက်ကိုင် – ကုန်ကြမ်းလမ်း၊ လောက်ကိုင် – ရန်လုံမြိုင် လမ်းတို့ကိုလည်း ၁၉၉၀ ပြည့်နှစ် မတ်လအတွင်းဖောက်လုပ်ပြီးခဲ့သည်။ ထို့အပြင် ကိုးကန့်နယ်မြေ သယ်ယူပို့ဆောင်ရေးတွင် အရေးပါလှသော နမ့်တိန် ချောင်းကူးတံတားကိုလည်း ငါးလနှင့် နှစ်ရက်အတွင်း တည်ဆောက်ပြီးစီးခဲ့သည်။ အဆိုပါတံတားကို ၁၉၈၉ ခုနှစ် နိုဝင်ဘာလ အတွင်း စတင်တည်ဆောက်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ် မတ်လတွင် ပြီးစီးခဲ့သည်။ တံတားသည် အလျားပေ ၄၄၀ ရှိသည်။ အကျယ် ၁၂ ပေ ၄ လက်မရှိသည်။ အခန်းဖွင့် သုံးခုရှိသည်။ တံတား၏ ခံနိုင်ဝန်မှာ ၁၈ တန်ရှိပြီး နောင်တွင် ၂၅ တန် အထိ တိုးမြှင့်ပေးရန် စီစဉ်ပြီးဖြစ်သည်။

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း ကဏ္ဍတစ်ခုဖြစ်သော ဆက်သွယ်ရေး လုပ်ငန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ဆက်သွယ်ရေးလုပ်ငန်းများကို တည်ဆောက်ခဲ့ရာ ကွမ်းလုံ-လားရှိုး ရေဒီယို တယ်လီဖုန်းလုပ်ငန်း၊ ကွမ်းလုံတယ်လီဖုန်း ဆက်သွယ်မှုစနစ် တည်ဆောက်ခြင်း လုပ်ငန်း၊ ကွမ်းလုံ-သိန္နီ တယ်လီဖုန်းလိုင်းလုပ်ငန်း၊ ကွမ်းလုံမြို့တွင်းဆက်သွယ်ရေးစက် တပ်ဆင်မှု လုပ်ငန်းများကို ၁၉၉၀ ပြည့်နှစ် မတ်လတွင် ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။



နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအဖွဲ့ဝင်၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်မောင်မောင်ခင် (ယခု ဒုတိယဗိုလ်ချုပ်ကြီး)၊ ဗဟိုကော်မတီအတွင်းရေးမှူး (၁)၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ခင်ညွန့် (ယခု ဗိုလ်ချုပ်) နှင့် အဖွဲ့သည် ၁၉၉၀ ပြည့်နှစ်၊ မတ်လ ၁၈ ရက် နေ့က နမ့်တိန်ချောင်းကူးတံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု



ကွမ်းလုံချင်းရွေဟော်ကားလမ်း ကျောက်ခင်းနေပုံ

ကျန်းမာရေးနှင့် ပညာရေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စတင်ခဲ့သည့် ၁၉၈၉ ခုနှစ် မေလမှ ၁၉၉၀ ပြည့်နှစ် မတ်လအတွင်းအထိ ကျန်းမာရေးနှင့် ပညာရေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း ဆောင်ရွက်ပြီးစီးခဲ့သည်များမှာ ချင်းရွေဟော် မြို့သစ်နှင့် လောက်ကိုင်တွင် ဆေးရုံနှစ်ရုံ ဖွင့်ပေးနိုင်ခဲ့ခြင်း၊ ပါစင်ကျော်၊ တာရွှေထန်နှင့် စီအောတို့တွင် ဆေးပေးခန်းသုံးခန်း ဖွင့်လှစ်ပေးနိုင်ခြင်းများဖြစ်သည်။ လောက်ကိုင်၊ ချင်းရွေဟော်၊ စီအော၊ ပါစင်ကျော်၊ တာရွှေထန်နှင့် နန့်ကော်တို့တွင် ပညာရေး တိုးတက်ဖွံ့ဖြိုးရေး အတွက် အစိုးရမူလတန်းကျောင်း ခြောက်ကျောင်း ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် အထွေထွေ ပံ့ပိုးကူညီမှု ထောက်ပံ့မှုများကိုလည်း ဆောင်ရွက်ပေးခဲ့သည်။ ရှမ်းပြည်နယ်မြောက်ပိုင်း နယ်စပ်ဒေသများအတွက် တီအီး ၂၁ ကား သုံးစီး၊ ၁၉၈၉ ခုနှစ် ဇွန်လမှ ၁၉၉၀ ပြည့်နှစ် မတ်လအထိ ဆန်အိတ် ၂၂,၀၀၀ နှင့် ဆေးဝါးစုစုပေါင်း ကျပ် ၆၄,၀၀၀ ကျော်ဖိုး ထောက်ပံ့ပေးခဲ့သည်။ စွမ်းအင်လုပ်ငန်းများနှင့် စပ်လျဉ်း၍လည်း လုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရွက်ခဲ့သည်။ ရှမ်းပြည်နယ်မြောက်ပိုင်း ချင်းရွေဟော်မြို့သစ်တွင် နေ့စဉ် ညခြောက်နာရီမှ ၁၁ နာရီအထိ လျှပ်စစ်မောတ်အား ဖြန့်ဖြူးပေးလျက်ရှိပြီး မောတ်အား ခများကိုလည်း စနစ်တကျ ကောက်ခံလျက်ရှိသည်။ ကွမ်းလုံတွင် ရေနုံထွက် ပစ္စည်းရောင်းဝယ်ရေး ဌာနခဲ့ ဖွင့်လှစ်ထားရှိနိုင်ခဲ့ပြီး ဂါလန် ၁၂,၀၀၀ ဆုံ ရေနုံသိုလှောင်ကန်များ ဆောက်လုပ်ပေးခဲ့ပြီးဖြစ်သည်။

၁၉၈၉ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ် မတ်လအတွင်း နယ်စပ်ဖွံ့ဖြိုးရေး၊ ဆောက်လုပ်ရေး လုပ်ငန်းများကိုလည်း အကောင်အထည် ဖော် ဆောင်ရွက်ခဲ့သည်။ ယာယီအဆောက်အအုံ အဖြစ် ချင်းရွေဟော်နှင့် လောက်ကိုင်ဒေသတွင် ဆေးရုံနှစ်ရုံ၊ ပါစင်ကျော်၊ တာရွှေထန်နှင့် စီအော တို့တွင် ဆေးပေးခန်းသုံးခန်း၊ အစိုးရ မူလတန်းကျောင်း ငါးကျောင်း၊ စုဝေးဆောင်၊ တည်းခိုဆောင်၊ မီးစက်နှင့် ဝန်ထမ်းနေအိမ်များ ဆောက်လုပ် ပြီးစီးခဲ့သည်။ အခိုင်အမာအဆောက်အအုံ အဖြစ် လောက်ကိုင်တွင် ဆေးရုံတစ်ရုံ ဆောက်လုပ် ပြီးစီးပြီ ဖြစ်သည်။

ရှမ်းပြည်နယ် မြောက်ပိုင်း ဝနယ်မြေ လမ်းပန်းဆက်သွယ်မှု ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများ ကိုလည်း ဆောင်ရွက် ပေးခဲ့သည်။ ၁၉၉၀ ပြည့်နှစ် မတ်လတွင် ဟိုပန်–နန့်တစ်လမ်းမှာ ဖောက်လုပ် ပြီးစီးခဲ့ပြီ ဖြစ်သည်။ ထို့နောက် ဟိုပန်–ဗင်းဟင်လမ်း၊ မန်ကန်–လွယ်ပါလုံ–မန်မန်ဆိုင်လမ်းတို့ကို ဆက်လက်ဖောက်လုပ်လျက်ရှိသည်။

ဝနယ်မြေတွင် ကျန်းမာရေးနှင့် ပညာရေး တိုးတက်ဖွံ့ဖြိုးမှု လုပ်ငန်းများကိုလည်း အကောင် အထည် ဖော်

ဆောင်ရွက်လျက်ရှိရာ ၁၉၉၀ ပြည့်နှစ် မတ်လ အတွင်း မိုင်းမော ဒေသတွင် ဆေးရုံ တစ် ရုံကို ဖွင့်လှစ် နိုင် ခဲ့ ပြီ ဖြစ်သည်။ ထို့ပြင် မက်မန်း ဆေးခန်းကို ဆေးရုံ အဖြစ် တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည်။ ထိုမျှသာမကဆေးရုံ ဆေးခန်း မရှိခဲ့သော နန့်တစ်၊ ဝိန်းနောင်နှင့် ဆွတ်ဝိုး တို့ တွင် ဆေးခန်းများ ဖွင့် လှစ်နိုင်ခဲ့သည်။ ထပ် မံ၍ ထိုဒေသ များတွင် ဆေးရုံ နှစ်ရုံနှင့် ဆေးပေးခန်း ခြောက်ခန်း ဆက်လက်တည်ဆောက် ဖွင့်လှစ်ရန် ဆောင် ရွက်လျက်ရှိ သည်။

ပညာရေး တိုးတက်ဖွံ့ဖြိုးမှု အတွက်လည်း ကျောင်း များ ဆောက်လုပ် ပေးခဲ့ရာ ၁၉၉၀ ပြည့်နှစ် မတ် လ တွင် ဆွတ်ဝိုး၊ မက်မန်း၊ ငှက်ယောင်း၊ ဝိန်းနောင်၊ ဝမ်စလောင်း၊ မုလူ၊ အေးကျန့်၊ တာကော်လေးနှင့် ကောင်း လန်တို့တွင် အစိုးရမူလတန်းကျောင်း တစ်ကျောင်းစီ ဆောက်လုပ်ပေးခဲ့ပြီး ဖြစ်သည်။ ယခင်က ထိုဒေသများ တွင် စာသင်ကျောင်းမရှိခဲ့ချေ။ ထို့ပြင် ထိုဒေသများ တွင် အစိုးရမူလတန်းကျောင်း ခုနစ်ကျောင်း ထပ်မံတိုးချဲ့ ဖွင့်လှစ်ရန် စီစဉ်လျက်ထားပြီး ဖြစ်သည်။

ထိုဒေသများ၏ ဖွံ့ဖြိုး တိုးတက်ရေး ထောက်ပံ့မှုများ ကိုလည်း ဆောင်ရွက်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ် မတ်လ အတွင်း တီအီး ၂၁ ကားသုံးစီး၊ မာဇဒါဂျစ် တစ်စီး၊ ၁၉၇၉ ခုနှစ် ဇွန်လမှ ၁၉၉၀ ပြည့်နှစ် မတ်လအထိ ဆန်အိတ် ၂၃,၀၀၀၊ ဓာတ်ဆီ၊ ချောဆီ၊ စက်ဆီနှင့် ရုပ်မြင်သံကြား စက်တစ်စုံ စုစုပေါင်း တန်ဖိုး ကျပ် ၂,၁၀,၀၀၀ ကျော် ထောက်ပံ့မှုများ ဆောင်ရွက်ခဲ့ သည်။

ယခင်က လျှပ်စစ် အလင်းရောင် မရရှိခဲ့သော မိုင်း မော၊ ပန်ဝိုင်း၊ ငှက်ယောင်း၊ ဆွတ်ဝိုးနှင့် ဝိန်း နောင် ဒေသများ၌ ၁၉၉၀ ပြည့်နှစ် မတ်လတွင် လျှပ်စစ်ဓာတ် အား ဖြန့်ဖြူးနိုင်ခဲ့ပြီ ဖြစ်၍ အမှောင်ခွင်းအလင်းဆောင် လျက် ရှိပေသည်။ ထို့ပြင် မိုင်းမော မြို့တွင် ရေအား လျှပ်စစ် ထုတ်လုပ်နိုင်မည့် နေရာ များကို လေ့လာ တိုင်းတာ တွေ့ရှိထားပြီ ဖြစ်သည်။

ရှမ်းပြည်နယ် မြောက်ပိုင်း နယ်စပ် ဒေ သ များ တွင် ဆောက်လုပ်ရေး လုပ် ငန်း များ ကို လည်း အကောင် အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ထိုဒေသများ၌ ၁၉၉၀ ပြည့်နှစ် မတ်လအတွင်း ယာယီဆေးရုံ အဆောက် အအုံ သုံးလုံး၊ ဆေးခန်း အဆောက်အအုံ သုံးခန်းနှင့် ယာယီ ကျောင်း အဆောက်အအုံ သုံးကျောင်း၊ ဆောက်လုပ် ပြီးစီးခဲ့သည်။

ရှမ်းပြည်နယ် တောင်ပိုင်း၊ ကျိုင်းတုံ အရှေ့ခြမ်း ဒေသများတွင်လည်း နယ်စပ် ဒေသ ဖွံ့ဖြိုးရေး လုပ် ငန်း များကို ဆောင်ရွက်ခဲ့ရာ ၁၉၉၀ ပြည့်နှစ် မတ် လ တွင် တိုးတက်ပြီးစီးမှု အခြေအနေများ များစွာ ရှိသည်။ နယ်စပ် ဖွံ့ဖြိုးရေးတွင် အရေးပါလှသော လမ်းပန်းနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများတွင် တပ်မတော်မှ တာဝန်ယူဖောက်လုပ်သည့်လမ်း လုပ်ငန်းများ ဖြစ်သော မိုင်းယန်း–ဆီလူး လမ်းမှာဖောက်လုပ် ပြီးစီးသွားပြီ ဖြစ် သည်။ မိုင်းငေါင်း–မိုင်းဝ မြေလမ်း ၅ မိုင် ၅ ဖာလုံ မှာ လည်း ဖောက်လုပ်ပြီးဖြစ်သည်။ မိုင်းယန်း–ဆီးလူးလမ်းမှာ ဂ မိုင် ၆ ဖာလုံ ရှိ ပြီး ခွင့်ပြုငွေ ၃ ဒသမ ၄ သိန်း အကုန်အကျခံ ဖောက်လုပ်ခဲ့ခြင်း ဖြစ်သည်။ မိုင်းငေါင်း–မိုင်းဝလမ်းမှာ မိုင် ၂၀ ရှည်လျားပြီး ခွင့်ပြုငွေ ၇ ဒသမ ၁၁ သိန်း အကုန်အကျခံ ဖောက်လုပ်ခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် မိုင် ၂၀ ကျော် ရှည်လျားသော မိုင်းယောင်း–မိုင်းယု မြေလမ်းကိုလည်း ခွင့်ပြုငွေ ၁၄ ဒသမ ၄၄ သိန်း အကုန်အကျခံ၍ ဖောက်လုပ်ခဲ့သည်။ ထို့ပြင် ကျပ် ၇၄ သိန်းကျော် အကုန်အကျခံ ဖောက်လုပ်လျက်ရှိသော ဝမ်တာပင်း–ပန်းဟိုမုန်းလမ်းမှာ ၁ဂ မိုင် ခြောက်ဖာလုံ မြေလမ်း အကြမ်း ဖောက်လုပ်ပြီး ဖြစ်သည်။ ကျပ် ငွေ ၄၅ သိန်းကျော် အကုန် အကျခံ ဖောက်လုပ် ခဲ့ သော ၂၄ ဒသမ ၄ ကီလိုမီတာ ရှည်လျားသည့် ပန်ဟိုမုန်း– မိုင်းလားလမ်းမှာ ၁၉၉၀ ပြည့်နှစ် မတ်လ အတွင်း ပြီး စီးခဲ့ပြီ ဖြစ်သည်။ ကျပ်ငွေ ၂၁ သိန်းကျော် အကုန် အကျခံ ဖောက်လုပ်ခဲ့သော ၂၅ ဒသမ ဂ ကီလိုမီတာ ရှည်လျားသည့် ဝမ်ဖြတ်မှ နယ် ခြား ကျောက် တိုင် အမှတ် ၂၄၀ လမ်း၊ ကျပ် ၂ သိန်း ကျော် အ ကုန် အကျခံ ဖောက်လုပ်ခဲ့သော ဝမ်ဖြတ်–မိုင်းဟဲလမ်းများမှာ လည်း ဖောက်လုပ် ပြီးစီးခဲ့ပြီ ဖြစ် သည်။ ကျိုင်းတုံမြို့ နှင့် မိုင်းမ၊ မိုင်းလား စသော နယ်စပ်ဒေသများ ကူးလူး ဆက်ဆံမှုကို လွယ်ကူ ချောမော စေမည့် တာပင်းတံတား များ ဆောက်လုပ်ပြီး ဖြစ် ၍ ၁၉၉၀ ပြည့် နှစ် မတ်လ ၂၇ ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပေသည်။

ဆက်သွယ်ရေးလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေး အ တွက် စာတိုက်နှင့် ကြေးနန်း ဌာနများကိုလည်း ဖွင့်လှစ် ပေး ခဲ့သည်။ မိုင်းခတ် စာတိုက်နှင့် ကြေးနန်းဌာနကို ၁၉၇၉ ခုနှစ် နိုဝင်ဘာလ ၁၄ ရက် နေ့ တွင် လည်း ကောင်း၊ မိုင်းတုံ စာတိုက်နှင့် ကြေးနန်းဌာနကို နိုဝင်ဘာလ ၁၇ ရက်နေ့၌ လည်းကောင်း၊ မိုင်းယောင်းစာတိုက် ကြေးနန်း ဌာနကို နိုဝင်ဘာလ ၂၃ ရက် နေ့ တွင်လည်းကောင်း၊ မိုင်းယန်း စာတိုက် ကြေးနန်းဌာနကို နိုဝင်ဘာလ ၁၃ ရက် နေ့တွင် လည်းကောင်း ဖွင့်လှစ်နိုင်ခဲ့သည်။

ရှမ်းပြည်နယ်တောင်ပိုင်း ကျိုင်းတုံအရှေ့ခြမ်း နယ်စပ် ဒေသများတွင် ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း

များကို ဆောင်ရွက်ခဲ့သည်။ မိုင်းမ၊ ကျိုင်းခမ်းနှင့် မိုင်းဟဲ ဆေးပေးခန်းများကို ခွင့်ပြုငွေများထုတ်ပေး၍ ဆောက်လုပ်စေခဲ့ရာ ယာယီဆေးပေးခန်း အဆောက်အအုံ တစ်ခုစီ အတွက် ငွေကျပ် ၁,၃၉,၂၀၀ ထုတ်ပေး ဆောက်လုပ်စေခဲ့သည်။ ထို့နောက် မိုင်းလားနှင့်မိုင်းယု တိုက်နယ်များ ဆေးရုံများအတွက် ခွင့်ပြုငွေ ကျပ် ၁,၀၂,၀၀၀ ကျပ်စီ ထုတ်ပေးခဲ့သည်။

ကျိုင်းတုံအရှေ့ခြမ်းဒေသ နယ်စပ်ဒေသများ တွင် စာသင်ကျောင်း၊ ဆေးပေးခန်းနှင့် တိုက်နယ်ဆေးရုံ ယာယီအဆောက်အအုံများ ဆောက် လုပ် ရန် အ တွက် ကျပ်ငွေ ၉,၀၉,၂၀၀ ထုတ်ပေးပြီး မိုင်းလား၊ မိုင်းယု၊ ကျိုင်းခမ်း၊ မိုင်းဟဲစသော ဒေသများ၌ စာသင်ကျောင်း၊ ဆေးပေးခန်း၊ တိုက်နယ်ဆေးရုံများ ဆောက်လုပ်ခဲ့ပြီး ဖြစ်သည်။ ထိုသို့ ဆောက်လုပ်ခဲ့သဖြင့် ဆေးရုံနှစ်ရုံကို မိုင်းလားနှင့် မိုင်းယုတို့တွင်လည်းကောင်း၊ ဆေးပေးခန်း လေးခုကို မိုင်းမ၊ ဆီလူး၊ ကျိုင်းခမ်း(မိုင်း၀)နှင့် မိုင်းဟဲတို့တွင် ၁၉၉၀ ပြည့်နှစ် မတ်လတွင် တည်ဆောက် ဖွင့်လှစ်ခဲ့ပြီး ဖြစ်သည်။ ထို့ပြင် မူ လ တန်း ကျောင်း တစ်ကျောင်းစီကို မိုင်းလား၊ မိုင်းမ၊ မိုင်းယု၊ မိုင်းကွယ်၊ ဆီလူး၊ ကျိုင်းခမ်း(မိုင်း၀)၊ ဝမ်ဖြတ်နှင့် မိုင်းဟဲတို့တွင် လည်း ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။

ထပ်မံ၍ အခိုင်အမာ အဆောက် အအုံများကို ဆက်လက်ဆောက်လုပ်ပေးသွားမည်ဖြစ်ရာမိုင်းမတွင် မူလ တန်းကျောင်းအတွက် ငွေကျပ် ၁၂,၀၉,၇၀၀၊ ဆေးရုံ အဆောက်အအုံအတွက် ငွေကျပ် ၁၉,၁၃,၀၀၀၊ အကုန် အကျခံထားပြီးဖြစ်သည်။ မိုင်းယုတွင် မူလတန်းကျောင်း အဆောက်အအုံအတွက် ၁၂,၉၀,၀၀၀၊ ဆေးရုံအဆောက် အအုံအတွက် ငွေကျပ် ၂၂,၂၇,၂၀၀ အကုန်အကျ ခံထား ပြီးဖြစ်သည့်ပြင် ရင်ခွဲရုံအဆောက်အအုံအတွက် ငွေကျပ် ၆၈,၄၀၀ ထုတ်ပေးထားပြီး ဖြစ်သည်။

လျှပ်စစ်မောတ်အားမရရှိခဲ့သေးသော ကျိုင်းတုံအရှေ့ခြမ်း နယ်စပ်ဒေသများတွင် လျှပ်စစ်မောတ်အား ရရှိရေးအတွက် မီးစက်များ ထားရှိပေးခဲ့ရာ မိုင်းဆတ်တွင် ၄ ကေဗွီအေတစ်လုံးကို ၁၉၈၉ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့တွင် လည်းကောင်း၊ မိုင်းတုံမြို့တွင် အလားတူ အမျိုးအစား မီးစက်တစ်လုံးကို နိုဝင်ဘာလ ၅ ရက်နေ့တွင်လည်းကောင်း တပ်ဆင်၍ မီးပေးနိုင်ခဲ့သည်။ ထို့ပြင် မိုင်းယန်းနှင့် မိုင်းခတ်တွင် ၂ ကေဗွီအေ မီးစက်တစ်လုံးစီကို နိုဝင်ဘာလ ၂၇ ရက်နှင့် ၂၈ ရက် နေ့များတွင် လည်းကောင်း၊ ဆီလူးနှင့်မိုင်းလားတွင် ၄ ကေဗွီအေ မီးစက် တစ်လုံးစီကို ၁၉၈၉ ခုနှစ် နို ဝင် ဘာ လတွင် လည်းကောင်း တပ်ဆင်ပေးနိုင်ခဲ့သည်။

ကျိုင်းတုံအရှေ့ခြမ်းဒေသ ထောက်ပံ့မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့သည်။ ဆီလူး၊ မိုင်းမ၊ မိုင်းလား၊ ဝမ်ဖြတ်နှင့် မိုင်းဟဲဒေသများသို့ ဆန်များ လစဉ်ထောက် ပံ့ပေးပို့ခဲ့သည်။ ၁၉၈၉ ခုနှစ် စက်တင်ဘာလမှ စ၍ ဆီလူးဒေသသို့ ဆန်အိတ် ၆၀၀၊ မိုင်းမ–မိုင်းလားဒေသသို့ အိတ် ၄၀၀၊ ဝမ်ဖြတ်မိုင်းဟဲဒေသသို့ အိတ် ၁၀၀၀ လစဉ် ပေးပို့ခဲ့သည်။ ထို့ပြင် ရှမ်း ဒေ သ ၌ လည်း ထောက်ပံ့မှု များဆောင်ရွက်ခဲ့ရာ တီအီး ၂၁ ကား တစ်စီး၊ မာဇဒါကျစ် တစ်စီး ဝယ်ပေးခဲ့ပြီး ၁၉၉၀ ပြည့်နှစ် မတ်လတွင်း ဆန်အိတ် ၄,၃၀၀ ထောက်ပံ့ခဲ့ပြီးဖြစ်သည်။ အလားတူ ထောက်ပံ့မှုများကို ကျိုင်းတုံအရှေ့ခြမ်းဒေသတွင်လည်း ဆောင်ရွက်ခဲ့ရာ ၁၉၈၉ ခုနှစ် ဇွန်လမှ ၁၉၉၀ ပြည့်နှစ် မတ်လ အထိ ဆန်အိတ် ၈,၅၀၀၊ ဆားအိတ် ၅၀၀ ထောက်ပံ့ခဲ့ပြီးတီအီး ၂၁ ကားနှစ်စီး၊ မာဇဒါကျစ် နှစ်စီး ဝယ်ပေးခဲ့သည်။

ထိုပွဲဖြိုးရေးလုပ်ငန်းများသာမက ထွန်စက်စခန်းများ ဖွင့်ခြင်း၊ ရေရရှိရေးဆောင်ရွက်ပေးခြင်း၊ ရော်ဘာ၊ ကြံ၊ လက်ဖက်၊ သစ်တော်စသော သီးနှံများ စိုက်ပျိုးနိုင်ရေး အတွက် မျိုးစေ့များ၊ ဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေး များ ဖြည့်တင်းပေးခြင်းစသော စိုက်ပျိုးရေးနှင့်သစ်တော လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးခဲ့သည်။ ဤသို့ ဖြင့် ရှမ်းပြည်နယ် နယ်စပ်ဒေသများတွင် စိုက်ပျိုးရေး လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ သစ်တောလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့၊ ဆောင်ရွက်ဆဲ ဖြစ်ပေသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုး တိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းများကို ပထမဦးစွာ ရှမ်းပြည်နယ်တွင်လည်းကောင်း၊ ထို့နောက် ကချင်ပြည်နယ် ဆမားဆဒုံး ဒေ သ တွင် လည်း ကောင်း တစ်စတစ်စတိုး၍ ဆောင်ရွက်ခဲ့သည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင် အထည်ဖော်ရေး လုပ်ငန်းများအတွက် ၁၉၈၉ ခုနှစ်နှင့် ၁၉၉၀ ပြည့်နှစ်အတွင်း သုံးစွဲခဲ့သည့်ငွေပေါင်းကို ဒေသ အလိုက်ခွဲခြားဖော်ပြရသော် ကိုးကန့်ဒေသအတွက် သုံးစွဲ သည့် ငွေ ပေါင်း မှာ ၂,၀၇,၀၂,၉၇၂ ဒသမ ၇၃ ကျပ်၊ ဝဒေသအတွက် ၁,၅၇,၂၂,၆၈၄ ဒသမ ၉၁ ကျပ်၊ ရှမ်း ဒေသအတွက် ၄၁,၁၁,၈၈၃ ဒသမ ၀၀ ကျပ်၊ ကျိုင်းတုံ အရှေ့ခြမ်းဒေသအတွက် ၂,၈၅,၂၄,၈၂၇ ဒသမ ၆၉ ကျပ်၊ မော်ဖဒေသအတွက် ၅,၈၂,၅၀၃ ဒသမ ၅၂ ကျပ်နှင့် ကချင်(မြောက်)ဒေသအတွက် ၃၀,၀၅,၃၀၀ ဒသမ ၀၀ ကျပ် စုစုပေါင်းငွေကျပ် ၇,၂၆,၅၀,၁၈၂ ဒသမ ၆၅ ကျပ် ဖြစ်ပေသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်ခဲ့သော ပြည်တွင်းသောင်းကျန်းသူများ၏ ဒဏ်ကို ခေတ်အဆက်ဆက် ခံစားခဲ့ကြရသည့် နယ်စပ်ဒေသ တိုင်းရင်းသားများအတွက် ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ပေးရန်၊

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဦးတည်ချက်များဖြင့် ခေတ်နောက်ကျကျန်ခဲ့သည့် တိုင်းရင်းသားများအတွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရန်၊

ယခင် ဗကပများကြီးစိုးခဲ့စဉ် ဘိန်းစိုက်ပျိုး၍ မူးယစ်ဆေးဝါးထုတ်လုပ်ရာ ဒေသများဖြစ်ခဲ့သည့် နယ်စပ်ဒေသရှိ တိုင်းရင်းသားများအတွက် ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးထုတ်လုပ်စေပြီး မူးယစ်ဆေးဝါးထုတ်လုပ်မှု လုံးဝချုပ်ငြိမ်းရေးကို ဦးတည်၍ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိခံစားနိုင်စေရန်ဟူသော ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းများကို မြန်မာနိုင်ငံ နယ်စပ်ဒေသများတွင် လူအား၊ ငွေအား၊ ပစ္စည်းအားဖြင့် ဆက်လက်ဆောင်ရွက် အကောင်အထည်ဖော်လျက်ရှိပေသည်။

(ဦးအုန်းလွင်)

ပနားမားနိုင်ငံ။ ။ပနားမားနိုင်ငံသမ္မတရွေးကောက်ပွဲတွင် စစ်ခေါင်းဆောင် ဗိုလ်ချုပ်ကြီးမင်နျူယဲ အန်တိုနီယို နိုရီယေးဂါးထောက်ခံသော သမ္မတလောင်း ကာလို့စ်ဒုကေးနှင့် အတိုက်အခံသမ္မတလောင်း ဂီလာမိုအင်ဒါရာတို့သည် အနိုင်ရရှိကြောင်း အပြန်အလှန်ကြေညာခဲ့ကြပြီးနောက် ရွေးကောက်ပွဲခုံသမာဓိရုံးက ရွေးကောက်ပွဲကိုဖျက်သိမ်းကြောင်း ၁၉၈၉ ခုနှစ် မေလ ၉ ရက်နေ့တွင် ကြေညာသည်။ ဩဂုတ်လ ၂၀ ရက်နေ့တွင် ပနားမားနိုင်ငံအစိုးရသည် အတိုက်အခံနိုင်ငံရေးပါတီများ၏ သတင်းစာသုံးစောင်ကို ပိတ်ပစ်လိုက်သည်။

၁၉၈၉ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ပနားမားနိုင်ငံ ယာယီသမ္မတ ဖရန်စစ္စကို ရိုဒရီဂွက်ဇ်က ကျမ်းသစ္စာကျိန်ဆိုသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ စက်တင်ဘာလ ၁ ရက်နေ့တွင် အစိုးရအဖွဲ့သစ်နှင့် အဟောင်းတို့ အာဏာလဲပြောင်းရမည် ဖြစ်သည်။ သို့ရာတွင် မေလ ၇ ရက်နေ့ ရွေးကောက်ပွဲ၌ မသမာမှုများရှိသည်ဟူသော စွပ်စွဲချက်များကြောင့် ရွေးကောက်ပွဲကို ဖျက်သိမ်းခဲ့ပြီး ယာယီအစိုးရဖွဲ့စည်းရခြင်း ဖြစ်သည်။

ယင်းသို့ အခြေအနေများ ဖြစ်ပေါ်နေရာမှ ၁၉၈၉ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့တွင် ပနားမားနိုင်ငံ စစ်ဘက်ခေါင်းဆောင် ဗိုလ်ချုပ်ကြီး နိုရီယေးဂါးအား ဖြုတ်ချရန်ကြိုးပမ်းသည့် မအောင်မြင်သော အာဏာသိမ်းမှု ဖြစ်ပွားသည်။ ယင်းအာဏာသိမ်းရန်ကြိုးပမ်းမှုတွင် အမေရိကန်နိုင်ငံ ပါဝင်ပတ်သက်နေသည်ဟု ပနားမားနိုင်ငံက စွပ်စွဲခဲ့သည်။

၁၉၈၉ ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့တွင် ပနားမားနိုင်ငံပြည်သူလွတ်တော်အသစ်က ဗိုလ်ချုပ်ကြီး နိုရီယေးဂါးအား မဟာဥက္ကဋ္ဌနိုင်းကွပ်ကဲသူ ဘွဲ့ကို အပ်နှင်းသည်။ ထို့နောက် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် လွတ်တော်ဥက္ကဋ္ဌအဖြစ် တင်မြောက်ကြသည်။ နိုင်ငံတွင်းတရားဝင် အာဏာပေးနိုင်ရန် ဤသို့ ရာထူးအပ်နှင်းခြင်းဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၀ —စာ၊ ၂၉၅ — ရှ။)

အမေရိကန်ပြည်ထောင်စု မိယာမီနှင့် တမ်ပါမြို့တို့ရှိ ပြည်တောင်စုတရားရုံးတို့က ဗိုလ်ချုပ်ကြီး နိုရီယေးဂါးနှင့် အပေါင်းအပါ ၁၄ ဦးတို့အား မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုဖြင့် ၁၉၈၈ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့ကပင် တရားစွဲဆိုထားပြီး ဖြစ်သည်။ ယင်းသို့အခြေအနေတွင် နိုရီယေးဂါးအား ယခုကဲ့သို့ရာထူးများအပ်နှင်းချီးမြှင့်လိုက်ရာ အမေရိကန်အစိုးရကို မထေမဲ့မြင်ပြုရာရောက်ပေသည်။

တစ်ဖန် ၁၉၈၉ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် စစ်ဘက်ခေါင်းဆောင် နိုရီယေးဂါးဦးစီးသောလွတ်တော်က အမေရိကန်ပြည်ထောင်စုအား ရန်စ စကားပြောကြားခြင်းဖြင့် အမေရိကန်တို့ကို စိန်ခေါ်လိုက်သည်။ စစ်မက်ဖြစ်ပွားသောအခြေအနေသို့ ရောက်ရှိနေပြီ ဖြစ်ကြောင်း ကြေညာလိုက်ခြင်းဖြစ်သည်။

၎င်းကို အမေရိကန်အစိုးရက စစ်ကြေညာချက်ဟု ယူဆခဲ့သည် ။ နှစ်ရက်အကြာ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် အမေရိကန် ရေတပ်လက်ဖတင်နင် တစ်ဦးကို ကားပေါ်မှ ဆွဲချပြီး ပနားမားစစ်သားက ရိုက်သည်ဆိုသောသတင်းများ ထွက်ပေါ်လာခဲ့သည်။

ယင်းသို့ အခြေအနေများတင်းမာလာရာ အမေရိကန်သမ္မတကျေ့ဘုရှ်သည် စစ်ဦးစီးချုပ်အပါအဝင် ကာကွယ်ရေးဝန်ကြီး၊ အမျိုးသားလုံခြုံရေး အတိုင်ပင်ခံတို့နှင့် လျှို့ဝှက်ဆွေးနွေးတိုင်ပင်၍ ပနားမား စစ်ဆင်ရေး စီမံကိန်းကို ရေးဆွဲကြသည်။

၁၉၈၉ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ပနားမား စစ်ဘက်ခေါင်းဆောင် ဗိုလ်ချုပ်ကြီးနိုရီယေးဂါးအား ဖြုတ်ချရန်အတွက် အမေရိကန်သမ္မတကျေ့ဘုရှ်က အမိန့်တစ်ရပ်ထုတ်ပြန်လိုက်ပြီးနောက် အမေရိကန် တပ်ဖွဲ့များ

ပနားမားနိုင်ငံ



ပနားမားကွင်ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့များ

သည် ပနားမားမြို့တော်သို့ဝင်ရောက်ကာ ပနားမားစစ်ဌာနချုပ်ကိုတိုက်ခိုက်သည်။ ပနားမားတွင် ချထားသော အမေရိကန်စစ်အင်အားမှာ ၂၂,၀၀၀ ဖြစ်ရာ နောက်ထပ်တပ်သား ၂၀၀၀ ထပ်ဖြည့်လိုက်သည်။ ဒီဇင်ဘာလ ၂၀ ရက် ညဥ့်သန်းခေါင်တွင် နာမည် အကြီးဆုံး ခေတ်အမီဆုံးနှင့် နောက်ဆုံးပေါ် ဖြစ်သော စတီးလ်လေယာဉ်နှစ်စီးဖြင့် စတင်ဗုံးကြဲသည်နှင့် တစ်ပြိုင်နက် အမေရိကန်မရိမ်းတပ်များကလည်း ပနားမားမြို့တော်ကို အသင့် ဝိုင်းဝန်းစီးနင်းပြီး ဖြစ်သည်။

တိုက်ပွဲတွင် ပနားမားပြည်သူ ၂၂၀ ဦး သေဆုံး၍ ပနားမားစစ်ဘက်ဆိုင်ရာ ၃၁၄ ဦး သေဆုံးသည်ဟု အမေရိကန်စစ်ဌာနချုပ်က ကြေညာသည်။ နိုရီယေးဂါးနေထိုင်သော ဌာနချုပ်ကိုထိမှန်သော်သည်း နိုရီယေးဂါး သီသီလေး လုတ်သွားသည်။ ယင်းသို့တိုက်ခိုက်ခြင်းမပြုမီ တစ်နာရီအလိုတွင် အမေရိကန်ကို ထောက်ခံအားပေးသော အတိုက်အခံခေါင်းဆောင် ဂီလာမို အင်ဒါရာဦးဆောင်သည့် အစိုးရအဖွဲ့က ကျမ်းသစ္စာကျိန်ဆိုသည်။

ရာထူးမှ ဖယ်ရှားခြင်းခံရသူ ပနားမားစစ်ဘက်ခေါင်းဆောင် ဗိုလ်ချုပ်ကြီးနိုရီယေးဂါးသည် ၁၉၈၉ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ပနားမားမြို့တော်ရှိ ဗက်တီကန် သံရုံးသို့ ဝင်ရောက်၍ နိုင်ငံရေး ခိုလှုံခွင့် တောင်းခံသည်။ အမေရိကန်တပ်သားများနှင့် သံချပ်ကာ ကားများက ဗက်တီကန်သံရုံးအား ဒီဇင်ဘာလ ၂၅ ရက်နေ့မှ စ၍ ဝိုင်းရံထားကာ နိုရီယေးဂါးအား ၎င်းတို့လက်သို့ အပ်နှင်းရန် တောင်းဆိုသည်။

သံရုံးမှနိုရီယေးဂါးကို ထုတ်ပေးရန် အမေရိကန်တို့၏ တောင်းဆိုချက်ကို သံရုံးကမလိုက်လျောခဲ့ချေ။ သို့ဖြစ်ရာ သံရုံးပတ်ပတ်လည်တွင် အသံခွေစက်များဖြင့် ၂၄ နာရီ မပြတ် တေးသီချင်းများဖွင့်ကာ အသံလိုင်းလက်နက်ကို အသုံးပြု၍ အမေရိကန်တို့က စိတ်ဓာတ်စစ်ဆင်ရေးဆင်နွှဲလိုက်သည်။

နောက်ဆုံးတွင် ဗက်တီကန်သံရုံးမှ ပုပ်ရဟန်းမင်းကြီး၏ သံတမန်က ဖျောင်းဖျပေးရာ ဗိုလ်ချုပ်ကြီးနိုရီယေးဂါးသည် ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် စစ်ဝတ်စုံအပြည့် ဝတ်ဆင်လျက် ဗက်တီကန်သံရုံးအပြင်ဘက်သို့ထွက်ကာ အမေရိကန် တပ်ဖွဲ့ဝင်များ လက်သို့လက်နက်ချ အညံ့ခံခဲ့သည်။ ၎င်းအား အမေရိကန်တို့က ပြစ်မှုမျှားအတွက် သေဒဏ်ပေးမည် မဟုတ်ကြောင်းနှင့် ၎င်း၏အမှုကို တရားမျှတစွာ စစ်ဆေးစီရင်မည် ဖြစ်ကြောင်း အာမခံချက်ပေးခဲ့သည်။

နိုရီယေးဂါးအား ဖမ်းဆီးပြီး ချက်ချင်း ဆိုသလိုပင် ပနားမားရှိ ဟောင်းဝပ်လေတပ် အခြေစိုက်စခန်းသို့ သယ်ဆောင်သွားပြီး အမေရိကန်ပြည်ထောင်စု မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးအေဂျင်စီ ကိုယ်စားလှယ်များလက်သို့ လွှဲပြောင်းပေးခဲ့သည်။ ထိုမှ တစ်ဆင့် အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါသို့ လေယာဉ်ဖြင့်

ပို့လိုက် သည်။ ဇန်နဝါရီလ ၄ ရက်နေ့တွင် မီယာမီ ပြည်နယ် ဖက်ဒရယ်တရားရုံးအချုပ်ခန်းသို့ လွှဲပြောင်း ပေး ခဲ့ သည်။ နိုရီယေးဂါးအား ၁၉၈၁ ခုနှစ် နှင့် ၁၉၈၆ ခုနှစ် များအတွင်း အမေရိကန်ပြည်ထောင်စု အတွင်းသို့ မူးယစ်ဆေးဝါးများ သယ်ယူတင်သွင်းရာတွင် ကိုလုံးဗီးယားနိုင်ငံ မူးယစ်ဆေးဝါးဂိုဏ်းများနှင့်ပူးပေါင်း ကြံ စ ည် ခဲ့ မှု များ ဖြင့် တရားစွဲဆိုမည် ဖြစ်သည်။ ဇန်နဝါရီလ ၄ ရက်နေ့တွင် နိုရီယေးဂါးအား ပထမဆုံး ရုံးထုတ်ခဲ့ရာ ၎င်းအနေဖြင့် တရားမဝင်ဖမ်းဆီးခြင်းခံရ သည့်နိုင်ငံရေးအကျဉ်းသမားဖြစ်သဖြင့် အမှုနှင့်ပတ်သက်၍ ထုချေချက်တင်သွင်းရန် ငြင်းဆိုသည်။ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် နိုရီယေးဂါးအား အာမခံပေး၍ လွှတ်ပေးရန်အဆိုကို ငြင်းဆိုခဲ့သည်။ နိုရီယေးဂါးဘက်မှအဆိုပြုချက်တွင် ၎င်းအနေဖြင့် အမေရိကန်ပြည်ထောင်စု၏ စစ်သုံပန်းတစ်ဦးဖြစ်သဖြင့် ကြာနေတတိယနိုင်ငံသို့ လွှဲပြောင်း၍ စစ်ဆေးသင့်ကြောင်း ဖော်ပြခဲ့သည်။ နိုရီယေးဂါးအား မီယာမီမြို့ တောင်ဘက် ၂၅ မိုင်အကွာရှိ မြို့ပြပြန်လည်ပြုပြင်ရေးဌာနသို့ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် လွှဲပြောင်းပေးခဲ့သည်။

အမေရိကန်တို့သည် ပနားမားသို့ ရည်ရွယ်ချက်သုံးရပ်ဖြင့် ဝင်ရောက်ခဲ့သည်။ (၁) နိုရီယေးဂါးဖမ်းဆီးရေး၊ (၂) မူးယစ်ဆေးဝါးနှိမ်နင်းရေးနှင့် (၃) ဒီမိုကရေစီနိုင်ငံထူတောင်ရေးတို့ ဖြစ်သည်။ ကျူးဗား၊ ဆိုဗီယက်ယူနီယံနှင့် အမေရိကန်နိုင်ငံများအဖွဲ့ (အိုင်အေအက်စ်) တို့က ဝေဖန်ခဲ့ကြသည်။

နိုရီယေးဂါး



အမေရိကန်အစိုးရသည် နိုရီယေးဂါးကို အသုံးချခဲ့ပုံသည်။ အမေရိကန် ထောက်လှမ်းရေးနှင့် မူးယစ်ဆေးဝါးနှိမ်နင်းရေးရဲအဖွဲ့သည် ၁၉၇၂ ခုနှစ်က နိုရီယေးဂါးနှင့် ဆွေးနွေးဖူးသည်။ စူးအက်တူးမြောင်းကို ဖြတ်၍ဝင်လာသော သဘော်ဝများအပေါ် ဘိန်း၊ ဘိန်းဖြူ၊ ကိုကင်း စသည်တို့ တင်သွင်းခွင့် မပြုရန် အမေရိကန်အရာရှိတို့က အဆိုသွင်းသည်ကို နိုရီယေးဂါးက ကန့်ကွက်ခဲ့သည်။ ထို့နောက် ယင်းတူးမြောင်းလမ်းကို ဆေးဝါးကုန်သွယ်ရေးလမ်းအဖြစ် အသုံးချခဲ့သည်ဟု ဆိုသည်။

ထို့အပြင် ကိုလုံးဗီးယား မှောင်ခိုကိုဏ်း၏ သူဌေးများကို အားပေးကူညီမှု အချို့ကို ပနားမားဥပင်ဘိန်းဖြူအဖြစ် ချက်လုပ်ရန် ခွင့်ပြုမှု ငွေမည်းကို ငွေဖြူပြုမှု စသည်တို့ဖြင့် အမေရိကန်အစိုးရက စွပ်စွဲခဲ့သည်။ ကွန်ထရာ သူပုန်တို့ကိုလည်း ကိုဘရာဝက်ကျန်းဥ သင်တန်းစခန်း ခွင့်ပြုခဲ့သည်။ ၎င်းပြင် အိုလီဗာနော့သ်တို့နှင့်လည်း ဆက်သွယ်ဖူးသည်။ သို့ရာတွင် စီအိုင်အေက သူအား မကူညီနိုင်တော့ပေ။ ၎တို့ရာနေရာ၌ ပစ်သတ်နိုင်ရန် မူးယစ်ဆေးဝါး တားမြစ်ရေး ရဲတို့က အခွင့် တောင်းသည်ကို ထိုစဉ်က သမ္မတ နစ်ဆင်က ခွင့်မပြုခဲ့ပေ။

နောက်ဆုံး၌ နိုရီယေးဂါးနှင့် ကုမ္ပဏီလုပ်ငန်းသည် ကြီးထွားလာသည်။ ကိုကင်းနှင့် လက်နက်များ ရောင်းချသည့်အလုပ်ကို လုပ်ကိုင်လာခဲ့သည်။ နိုရီယေးဂါးသည် ထိုကုမ္ပဏီ အမြတ်အစွန်းကို တပ်မတော်အတွက် အသုံးချသည်။ ရေတပ်သစ်ထူထောင်ရန် ကြိုးပမ်းခဲ့သည်။

နိုရီယေးဂါးပိုင် ငွေကျပ်ကုဋေ ၂၂၀ ခန့်ကို သိမ်းထားသဖြင့် တရားခံ ရှေနေတို့မှာ တရားခံထံမှ ငွေမရနိုင်၍ အခက်အခဲတွေ့နေကြရသည်။ ထိုနည်းအတူ မှခင်းဆိုင်ရာ မှတ်တမ်းများ မရနိုင်သဖြင့် မှ ခင်း ၌ ထိ ရောက် စွာ မလျှောက်လဲနိုင်ပေ။ ထို့ကြောင့် မှတ်တမ်းများ ရရှိရေးအတွက် တရားခံရှေနေများက တရားသူကြီးထံ လျှောက်ထားသောအခါ တရားသူကြီးက ခွင့်ပြုလိုက်သည်။

နိုရီယေးဂါး၏ မူး ယစ် ဆေး ဝါး မှ ခင်း မှ တစ် ပါး အုပ်ချုပ်ရေးယန္တရား၌ ပါဝင်ခဲ့သူ ၅၀ ကိုလည်း ပနားမား ရှေနေချုပ် ရိုဂယ်လီယိုခရင်းက တရားစွဲဆိုထားသည်ဟုသိရှိရရာ တရားခံများတွင် နိုရီယေးဂါး၏ဇနီးဖယ်လီစီဖက်နှင့် သမ္မတဟောင်း ဆိုလစ်ပါးလ်များတို့ ပါဝင်သည်။ နိုရီယေးဂါးမိသားစုသည် ဒိုမီနီကန်နိုင်ငံ၌ ခိုလှုံလျက်ရှိသည်။

အမေရိကန်အစိုးရသည် ယခင်ရှေးကောက်ပဲမှ တရားသဖြင့် ရှေးချယ်ခြင်း ခံရသောအင်ဒါရာကို သမ္မတခန့်ထားလိုက်သည်။ ယခင်က ထိန်းချုပ်ထားခဲ့သော ဘဏ်ငွေများကို လည်းကောင်း၊ အမေရိကန်က ပေးရန် ရှိသော တူးမြောင်းခများကို လည်းကောင်း အင်ဒါရာသို့ ထုတ်ပေး

သည်။ စုစုပေါင်း ထုတ်ပေးသည့်ငွေမှာ ဒေါ်လာသန်း ၅၀၀ ဖြစ်၏။ အပြည်ပြည်ဆိုင်ရာ ငွေကြေး ရန်ပုံငွေအဖွဲ့ (အိုင်အမ် အက်ဖ်) ကလည်း ဆိုင်းငံ့ထားသော ငွေများကို ထုတ်ပေးမည် ဖြစ်သည်။

၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ပနားမား အမျိုးသား တစ်ဦးကို ပနားမား တူးမြောင်းအုပ်ချုပ်ရေးမှူးအဖြစ် ခန့်ထားလိုက်သည်။ ၎င်းမှာ ၁၉၇၇ ခုနှစ် ပနားမား တူးမြောင်း စာ ချုပ် အ ရ ဆောင် ရွက် ခြင်း ဖြစ်သည်။ ဇန်နဝါရီလ ၂ ရက်နေ့တွင် ပနားမားမှ အမေရိကန်တပ်များကို စတင် ရုပ်သိမ်းသည်။ ဇန်နဝါရီလ ၇ ရက်နေ့တွင် ပနားမားရှိ အမေရိကန် တပ်ဖွဲ့ အင်အား ၂၆,၁၁၁ အနက် ၃,၃၀၀ ရုပ်သိမ်းပြီး ဖြစ်သည်ဟု သိရသည်။

အမေရိကန် တပ်ဖွဲ့ဝင်များ ပနားမားသို့ ဝင်ရောက် တိုက်ခိုက်မှုကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန် ဒေါ်လာသန်း ၂၀၀၀ ရှိမည်ဟု ခန့်မှန်းထားသည်။ အမေရိကန်တို့တင်မြှောက်ခဲ့သည့် သမ္မတအင်ဒါရာက ပနားမား နိုင်ငံအား ပြန်လည် တည်ဆောက်ရန်အတွက် နိုင်ငံတကာ အကူအညီများရရှိရန် ဇန်နဝါရီလ ၁၈ ရက်နေ့က ပန်ကြားခဲ့ပြီး အမေရိကန် သမ္မတ ဂျော့ဘုရှ်ကလည်း ပနားမားသို့ ဒေါ်လာသန်း ၁၀၀၀ တန်ဖိုးရှိ အကူအညီပေးရေး အစီအစဉ်များကို ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ကြေညာခဲ့သည်။ အမေရိကန် ဒုတိယသမ္မတ ဒန်ကွေးလ်သည် ပနားမားနိုင်ငံသို့ ဇန်နဝါရီလ ၂၇ ရက်မှ ၂၈ ရက်နေ့အထိ သွားရောက် လည်ပတ်ခဲ့ပြီး အမေရိကန်နိုင်ငံ အနေဖြင့် ၎င်း၏ တပ်ဖွဲ့များကို ပနားမားမှ မြန်နိုင်သမျှ မြန်မြန် ပြန်လည် ရုပ်သိမ်းရန် ဆန္ဒရှိကြောင်း ကြေညာခဲ့သည်။

ပနားမားကို အမေရိကန်တို့ ကျူးကျော် ဝင်ရောက်ကာ ဗိုလ်ချုပ်ကြီး နိုရီယေးဂါးအား ရာထူးမှဖယ်ရှားခဲ့ပြီး နောက်ပိုင်းတွင် ပနားမားကာကွယ်ရေးတပ်ဖွဲ့ကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့အဖြစ် ပုံစံပြောင်း၍ ဖွဲ့စည်းခဲ့သည်။ လက်ရှိတပ်ဖွဲ့ဝင်အင်အားမှာ ၁၂,၀၀၀ ခန့် ရှိသည်။

ပနားမားနိုင်ငံ သမ္မတ ဂီလာမိုအင်ဒါရာသည် ၁၉၉၀ ပြည့်နှစ် မတ်လ ၁၃ ရက်နေ့တွင် ၁၃ ရက်ကြာ အစာငတ်ခံ ဆန္ဒပြမှုကို အဆုံးသတ်ခဲ့သည်။ ၎င်းသည် ယင်းသို့အစာငတ်ခံဆန္ဒပြခြင်းကို နိုင်ငံ၏စီးပွားရေးအခြေအနေဆိုးဝါးနေသည့်အချိန်ကာလတွင် အခွှိုတဲ့ဆုံး ပနားမားပြည်သူများနှင့်အတူ တစ်သားတည်း ရှိနေခြင်းကို ပြသသည့် အနေဖြင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စု ဒီစတြိတ်တရားရုံး တရားသူကြီး ဝီလျံဟိုဗဲလားက နိုရီယေးဂါးနှင့် အပေါင်းအပါ လေးဦးတို့၏ မူးယစ်ဆေးဝါးအမှု ကြားနာစစ်ဆေးခြင်းကို ၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်နေ့တွင် စတင်မည်ဟု မတ်လ ၁၄ ရက်နေ့က ကြေညာသည်။ ထို့ပြင် နိုရီယေးဂါးဘက်မှ လိုက်ပါ ဆောင်ရွက်မည့် ရှေနေများကိုလည်း မှုခင်းဆိုင်ရာ အစိုးရ သီးသန့်မှတ်တမ်းများ ရယူခြင်းမပြုမီ တရားရုံး၏အတည်ပြုချက်ရယူရမည်ဟု ပြောကြားခဲ့သည်။ ထိုအတောအတွင်း ပနားမားအစိုးရကလည်း အမေရိကန်တပ်များ ဝင်ရောက်စဉ်က သိမ်းယူသွားသော လက်နက်များအတွက် လျော်ကြေးပေးရန် မတ်လ ၁၉ ရက်နေ့က တောင်းဆိုခဲ့သည်။

ပါတီနီ, ဆန်ဒရီ (ခရစ် ၁၈၉၆ – ၁၉၉၀)။ ဘဝသက်တာတစ်လျှောက်လုံး ဆိုရှယ်လစ် ဝါဒီတစ်ဦး ဖြစ်ခဲ့ပြီး အီတလီ နိုင်ငံရေး လောကတွင် ထင်ရှားသည့် ဆန်ဒရီ ပါတီနီကို အီတလီနိုင်ငံ လီဂူးရီးယားတွင် ရှိစတယ်လာမြို့ အနီး၌ ၁၈၉၆ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့တွင် မွေးဖွားသည်။ ဆန်ဒရီ ပါတီနီသည် ရှေနေတစ်ဦးအဖြစ် လည်းကောင်း၊ စာနယ်ဇင်းသမား တစ်ဦးအဖြစ်လည်းကောင်း လေ့ကျင့်သင်ကြားခဲ့သူ ဖြစ်သည်။ ပထမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ်များတွင်လည်း နိုင်ငံအတွက်စစ်မှုထမ်းခဲ့သည်။

၁၉၁၈ ခုနှစ်တွင် ဆိုရှယ်လစ်ပါတီသို့ ဝင်ရောက်ခဲ့ရာ ဖက်ဆစ်စနစ်ကို ပြင်းပြင်းထန်ထန် ဆန့်ကျင်ခဲ့သည်။ ဖက်ဆစ်စနစ်ကို ဆန့်ကျင်သည့် စာရွက် စာတမ်းများ ရိုက်နှိပ်ထုတ်ဝေခဲ့ခြင်းကြောင့် ၁၉၂၅ ခုနှစ်တွင် ဖမ်းဆီးခြင်းခံရသည်။ ဆန်ဒရီ ပါတီနီသည် ၁၉၂၀ ပြည့်လွန်နှစ်များနှင့် ၁၉၃၀ ပြည့်လွန် နှစ်များအတွင်း နှစ်အတန်ကြာ အကျဉ်းဒဏ် ကျခံခဲ့ပြီးနောက် ဒုတိယ ကမ္ဘာစစ်ကာလတွင် ဆိုရှယ်လစ် ပါတီဝင်များနှင့် အတူ ဝင်ရောက်တိုက်ခိုက်ခဲ့သည်။

ပါတီနီသည် ပြင်သစ်နိုင်ငံသို့ ရွှေ့ပြောင်းနေထိုင်ခဲ့ရာတွင် နိုင်ငံရေး မငြိမ် မသက် ဖြစ်မှုများနှင့် ဖက်ဆစ် ဆန့်ကျင်ရေး လှုပ်ရှားမှုများကြောင့် ဖမ်းဆီးခြင်း ခံရပြန်သည်။ ဤသို့ဖြင့် ၁၉၂၇ ခုနှစ်တွင် အီတလီနိုင်ငံသို့ ပြန်လည် ရောက်ရှိခဲ့သည်။ တစ်ဖန် ၁၉၂၈ – ၃၅ ခုနှစ်များအတွင်း အကျဉ်းချထားခြင်း ခံရပြီး ၁၉၃၅ – ၄၅ ခုနှစ်တွင် နိုင်ငံရေး အကျဉ်းစခန်း၌ ထိန်းသိမ်းထားခြင်း ခံရသည်။

၁၉၄၃ ခုနှစ် ဩဂုတ်လတွင် အီတလီဆိုရှယ်လစ်ပါတီ အလုပ် အမှုဆောင်ကောင်စီဝင် ဖြစ်လာသည်။ အီတလီနိုင်ငံ ပေါ်တာဆန်ပါအိုလို၌ ဂျာမန်စစ်သားများအား တိုက်ခိုက်ခဲ့သဖြင့် ဖမ်းဆီးခြင်း ခံရရာ ၁၉၄၄ ခုနှစ် ဇန်နဝါရီလတွင် ထွက်ပြေး လွတ်မြောက်သွားခဲ့သည်။

၁၉၄၅ ခုနှစ် ဧပြီလတွင် ဆိုရှယ်လစ်ပါတီ၏ အတွင်းရေးမှူးဖြစ်လာပြီး အီတလီနိုင်ငံ မြောက်ပိုင်း၌ တော်လှန်ပုန်ကန် ခြားနားခြင်းများကို ဦးဆောင် စည်းရုံးလှုပ်ရှားခဲ့သည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ တိုင်အောင် ဆိုရှယ်လစ်ပါတီ အုပ်ချုပ်ရေး အဖွဲ့၏ အဖွဲ့ဝင်တဦး ဖြစ်ခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် ဂျင်နိုယာ၊ ဖလော့ရင့်နှင့် နက်ပယ် မဲဆန္ဒနယ်များ၏ ကိုယ်စားလှယ်အဖြစ် တိုင်းပြူပြည်ပြူလွှတ်တော်သို့ ရွေးချယ် တင်မြှောက်ခြင်း ခံရသည်။ ၁၉၄၈၊ ၁၉၅၃၊ ၁၉၅၈၊ ၁၉၆၃ နှင့် ၁၉၆၈ ခုနှစ်များတွင်လည်း ပါလီမန် အမတ် တစ်ဦး ဖြစ်ခဲ့သည်။

၎င်းနောက် ပါလီမန်၌ ဆိုရှယ်လစ်အုပ်စု၏ ဥက္ကဋ္ဌ ဖြစ်လာပြီး ဂျင်နိုယာ မဲဆန္ဒနယ်၏ ကိုယ်စားလှယ်အဖြစ် အောက်လွှတ်တော်သို့ ရွေး ချယ် တင် မြှောက် ခံ ရ ပြန်သည်။ ၁၉၆၃–၆၈ ခုနှစ်တွင် အောက်လွှတ်တော်ဒုတိယ ဥက္ကဋ္ဌဖြစ်လာပြီး ၁၉၆၉ ခုနှစ် တွင် အောက်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသည်။ ယင်းရာထူးမှ တစ်ဖန် ၁၉၇၈ ခုနှစ် အသက် ၈၁ နှစ်အရွယ်တွင် အီတလီနိုင်ငံသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရရာ ၁၉၈၅ ခုနှစ် တိုင်အောင် တာဝန် ထမ်းဆောင်ခဲ့ရသည်။

ဆန်ဒရို ပါတီနီ သမ္မတရာထူးအဖြစ် တာဝန်ထမ်းဆောင်ချိန်တွင် အီတလီနိုင်ငံရေးလောကဌ နိုင်ငံရေး သိက္ခာနှင့်အရှိန်အဟုန် ကျဆင်းနေချိန်ဖြစ်သည်။ ပါတီနိမတိုင်မီက သမ္မတဖြစ်ခဲ့သူ ဂီယိုဗန်နီ လီအွန်းမှာ လော့ခ်ဟိ မသမာမှု ကိစ္စနှင့် စပ်လျဉ်း၍ ရာထူးမှ နုတ်ထွက်ခဲ့ရပြီး ဝန်ကြီးချုပ်ဖြစ်သူ အယ်ဒိုမိုရိုမှာလည်း တပ်နီအဖွဲ့၏ လုပ်ကြံ သတ်ဖြတ်ခြင်းကို ခံလိုက်ရချိန် ဖြစ်သည်။ ယင်းအခြေအနေတွင် ဆန်ဒရို ပါတီနီသည် အီတလီနိုင်ငံ၏ ယုံကြည် ကိုးစားမှုများနှင့် မိမိကိုယ်ကို လေးစားမှုများကို ပြန်လည်ရရှိအောင် ကြိုးပမ်းလုပ်ဆောင်နိုင်ခဲ့ရာ နိုင်ငံရေးသိက္ခာ ပြန်လည် မြင့်တက်လာသည်။

ပါတီနီက တရားဝင်သမ္မတအိမ်တော်တွင် နေထိုင်ရန် ငြင်းဆန်ပြီး အများသူငါလိုသာနေထိုင်ခဲ့သည်။ အီတလီနိုင်ငံသားများ အနေဖြင့် ပါတီနီ၏ လူ အခွင့်အရေးရရှိ

ဆန်ဒရိုပါတီနီ



ရေးအတွက် ထောက်ခံ အားပေးမှုများကိုလည်းကောင်း၊ နိုင်ငံဘေးဒုက္ခရောက်နေချိန်တွင်ဖြစ်စေ၊ အောင်မြင်မှုရရှိနေချိန်တွင်ဖြစ်စေ၊ ပုဂ္ဂိုလ်ရေးရာအားဖြင့် မားမားမတ်မတ် ရပ်တည်ခဲ့ပုံများကိုလည်းကောင်း၊ မာဖီးယားဂိုဏ်းနှင့် အကြမ်းဖက်ရေးဝါဒကို ပြတ်ပြတ် သားသား ဆန့်ကျင်ခဲ့ပုံများကိုလည်းကောင်း သတိတရ ရှိနေကြပေမည်။ စင်စစ် ဆန်ဒရီ ပါတီနီမှာ ဒီမိုကရေစီအရေးအတွက်ဆောင်ရွက်ချက်များ၊ အီတလီနိုင်ငံသားများနှင့် တစ်သားတည်းရှိနေမှုများနှင့် ၎င်း၏ ရိုးသားဖြောင့်မတ်၍ သမာဓိရှိမှုများကြောင့် အများ၏ ကြည်ညိုလေးစားမှုကိုခံရသည်။

ဤသို့ဖြင့် စစ်ပြီးခေတ် အီတလီ နိုင်ငံသမိုင်းတွင် အထူး ထင်ရှားကျော်ကြားခဲ့သည့် သမ္မတဟောင်းဖြစ်သူ ဆန်ဒရီ ပါတီနီသည် အသက် ၉၃ နှစ်အရွယ် ၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် အီတလီနိုင်ငံ ရောမမြို့၌ အိပ်ပျော်ရင်းဖြင့် ကွယ်လွန်ခဲ့သည်။

ပဏ္ဍိတ၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ ရှမ်းပြည်နယ် ပင်လုံမြို့၊မူလမင်းကွန်း သာသနာ့မာရ် အောင် ကမ္မဋ္ဌာန်းကျောင်းတိုက် (မြန်မာ ၁၂၇၄–၁၃၅၁)။

။ပင်လုံမြို့၊ မူလမင်းကွန်း သာသနာ့မာရ် အောင် ကမ္မဋ္ဌာန်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာန မဟာနာယကဖြစ်တော်မူသော နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲဝင် ဆရာတော်ဘဒ္ဒန္တပဏ္ဍိတသည် ပါဠို၊ အဋ္ဌကထာ၊ နေ့ဝါညဝါ ကျမ်းစာများကို ဆရာတော်ကြီးများထံတွင် တတ်မြောက်အောင် သင်ကြားတော်မူခဲ့ပြီး ရှမ်းရိုးမ ဂဏသမူဟ သံဃ အဖွဲ့တွင် ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပဋ္ဌကတ်တော် ရှမ်းသာသနာပြန် သံဃာ့အဖွဲ့၏ သံဃာ့မဟာနာယက ဆရာတော်အဖြစ်လည်းကောင်း ဆောင်ရွက်တော်မူခဲ့ခြင်း၊ ရှမ်းပြည်နယ်လုံးဆိုင်ရာ ပရိယတ္တိ သဒ္ဓမ္မပါလ စာပြန်ပွဲတော်ကြီးကိုလည်းယနေ့တိုင်ကျင်းပပေးတော်မူခဲ့ခြင်း၊ မိုင်းနောင်မြို့ မင်္ဂလာရုန်အောင် ပရိယတ္တိစာသင်တိုက်၊ ပင်လုံမြို့ ပိဋ္ဌကတ်တော် ရှမ်းဘာသာပြန်စာသင်တိုက်၊ လဲချား ဝမ်ဆန်ကျောင်းစာသင်တိုက်၊ တောင်ကြီးမြို့ ဝေဠုဝန် ပရိယတ္တိစာသင်တိုက်နှင့် ပိဋ္ဌကတ်ဘာသာပြန် စာသင်တိုက်များကို တည်ထောင်ဖွင့်လှစ်ပေးတော်မူခဲ့ခြင်း၊ ထို့ပြင် ပဋ္ဌပတ္တိသာသနာ ထွန်းကားရေးအတွက် မိုင်းနောင်ကမ္မဋ္ဌာန်းတိုက်၊ နောင်ဆွမ်း ကမ္မဋ္ဌာန်းတိုက်၊ ကျေးသီး ကမ္မဋ္ဌာန်းတိုက်၊ မိုင်းကိုင်ကမ္မဋ္ဌာန်းတိုက်များကို ဖွင့်လှစ်ပေးတော်မူခဲ့ခြင်း၊ လောကုတ္တရာစာပေကျမ်းဂန်များကို ရေးသားပြုစုတော်မူခဲ့ခြင်း၊ တပည့်ရဟန်းသံဃာများအား စာပေ ပရိယတ်ပိဋကတ်များ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း စသော သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးများကို ဆောင်ရွက်တော်မူခဲ့သောကြောင့် နိုင်ငံတော်အစိုးရက ၁၉၇၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၆–စာ၊ ၂၁၉---ရှု။)

မိုင်းနောင်ဆရာတော်ဟု ထင်ရှားတော်မူခဲ့သော အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတသည် ၁၃၅၁ ခုနှစ် ပြာသိုလပြည့်နေ့တွင် တောင်ကြီးမြို့ ရှမ်းပိဋကတ် ဘာသာပြန် ကျောင်းတိုက်၌ ဘဝနတ်ထံ ပျံလွန်တော်မူသည်။

ပြည်လှဖေ (ခရစ် ၁၉၁၂–၁၉၉၀) ။ ။ စစ်ကြို ခေတ် ဓာတ်ပြားလောကတွင် ထင်ရှား ကျော်ကြားခဲ့ရုံမျှမက ယခုခေတ်တိုင် မရိုးနိုင်သော ရသမြောက် သီချင်းများကို သီဆိုခဲ့သူ ခေတ်ဟောင်းအဆိုကျော်ကြီး ပြည်လှဖေကို ဗန်းမော်မြို့၌ အဖ ဦးတူ၊ အမိ ဒေါ်ကျင်တို့က ၁၉၁၂ ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့တွင် မွေးဖွားသည်။ သားသမီးခြောက်ယောက်အနက် တတိယမြောက် သားဖြစ်သည်။

ငါးနှစ်သားအရွယ်မှစ၍ ကသာမြို့ အစိုးရအထက်တန်းကျောင်း၌ စတုတ္ထတန်း အောင်သည်အထိ ပညာသင်ခဲ့သည်။ထို့နောက် ညောင်လေးပင်မြို့ အာစီအမ်အလယ်တန်းကျောင်း၊ မုံရွာမြို့ ဗုဒ္ဓဘာသာ အထက်တန်းကျောင်း၊ ပြည်မြို့အစိုးရအထက်တန်းကျောင်းနှင့် ရန်ကုန်မြို့ အစိုးရအထက်တန်းကျောင်းများတွင် ၁၀ တန်းအထိ ပညာသင်ကြားခဲ့သည်။ ၁၉၃၃ ခုနှစ်မှ ၁၉၃၆ ခုနှစ်အထိ အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့တွင် ပညာဆက်လက်သင်ရာ အင်ဂျင်နီယာဒီပလိုမာဘွဲ့ ရရှိခဲ့သည်။ ထို့နောက် ၁၉၄၁ ခုနှစ်အထိ အေဝမ်းရုပ်ရှင်တွင် အလုပ်လုပ်ခဲ့ပြီး တစ်ဖန် စစ်ပြီးကာလတွင် ကာလကတ္တား၌ ဓာတ်ပြားအသံဖမ်းပညာ သင်ကြားခဲ့ပြန်သည်။

ပြည်လှဖေသည် သီချင်းဆိုဝါသနာပါသူဖြစ်၍ အသက် ၂၀ ကျော်အရွယ် အိုလံပီယာဓာတ်ပြားခေတ်ကတည်းက သီချင်းများ သီဆိုခဲ့သည်။ ခေတ်ဟောင်းတေးလောကဘွဲ့ ပြည်လှဖေ သီချင်းသီဆို၍ ဓာတ်ပြား သွင်းခဲ့သည့် အချိန်ကာလမှာ ၁၉၃၈ ခုနှစ်မှ ၁၉၄၁ ခုနှစ် ဖြစ်သဖြင့် သုံးနှစ်ကျော် ကာလမျှသာဖြစ်သော်လည်း စစ်ကြိုခေတ်မှ ယနေ့တိုင်အောင် ၎င်း၏သီချင်းများမှာ ရိုးမသွား၊ အိမသွားဘဲ နားဝင်ချိုမြဆဲပင် ဖြစ်သည်။ စစ်ကြို ခေတ်



ပြည်လှဖေ

ကာလက လူငယ်လူရွယ်များ၏နှုတ်ဖျားတွင် ရေပန်းစား ခဲ့သည့် ချစ်မိုးစွေ၊ မာနရှင်၊ ကဥ္စန၊ ဂုဏ်မြင့်သူ စသည့် သီချင်းတို့မှာ ယနေ့တိုင်အောင်နားဝင်ချိုဆဲ၊ နားထောင် ကောင်းဆဲ ဖြစ်သည်။

ပြည်လှဖေ သီဆိုခဲ့သော ဘာသာရေးဓမ္မတေးသံသာ ဟုခေါ်ဆိုရမည့် ဂုဏ်တော်ဘွဲ့၊ မေတ္တာဂုဏ်၊ ရှင်သိဝလိ သီချင်းများကိုလည်း လူအများ ကြိုက်နှစ်သက်ခဲ့ကြ သည်။ ထို့အတူ အမျိုးသမီးအဆိုတော် (ဒေါ်)မေရှင်နှင့် တွဲဖက်သီဆိုခဲ့သော သက်ဝေ၊ ချစ်မှာလား၊ နန်းကေသီ စသော သီချင်းများသည် လူကြိုက်များသော သီချင်း များပင် ဖြစ်သည်။ စုံတွဲသီချင်းများကို တင်တင်အေး နှင့်လည်း တွဲဖက်သီဆိုခဲ့သေးသည်။ ထို့ပြင် အာဇာနည် သီချင်းကို ရွှေညာမောင်နှင့် တွဲဖက်၍ သံပြိုင်သီဆိုခဲ့ သည်။

ဒုတိယကမ္ဘာစစ် ဖြစ်ခါနီးမှ ဓာတ်ပြားထွက်ခဲ့သည့် ပြည်လှဖေ၏ နတ်သျှင်နောင်သီချင်း၊ ပပဝင်းသီချင်းနှင့် ရွှေတံငါသီချင်းတို့ကား ဂျပန်ခေတ်အတွင်းက ကောင်းစွာ နားမထောင်ခဲ့ကြရ။ ဒုတိယ ကမ္ဘာစစ် ပြီးဆုံးမှ ပို၍ ကျော်ကြားကာ လူကြိုက်များခဲ့သည်။

ပြည်လှဖေသည် တယောကို ကျွမ်းကျင်နိုင်နင်းစွာ ဆိုးတတ်သည့် ဂီတပညာရှင် တစ်ဦးလည်း ဖြစ်ပေသည်။ ယင်းဂီတပညာ အခြေခံကြောင့်ပင် သီချင်း ဆိုရာ၌ စည်းထား၀ါးထားမှအစ အရှုံးအရှိုက် မှုင်မောင်း အဟန့် အတန့် ကောင်းကောင်းဖြင့် ပိုင်ပိုင်နိုင်နိုင် သီဆိုနိုင်ခဲ့ သည်။ ထိုစဉ်အခါက အေဝမ်းသံစုံတီးဝိုင်းတွင် တယော ထိုးနိုင်သူ ဂီတပညာရှင်များမှာ ခေတ္တရာအေး၊ တယော မောင်တာနှင့် ပြည်လှဖေတို့ဖြစ်ရာ ဤသုံးဦးထဲတွင် ပြည် လှဖေသည် ဓာတ်ပြားအတော်များများ၌ တယောထိုးခဲ့ ရသည်။

ရင်ရင်၏ မဟာဇနက၊ မေရှင်၏ ချစ်ရေစင်၊ ခေတ် ပြောင်းချိန်၊ ချစ်ပန်လွှာ၊ အောင်ခြင်းရှစ်ပါး၊ တေမိယ၊

ဦးဘညွှန့်၏ ချစ်ဒုက္ခ၊ ရွှေညာမောင်၏ ခေတ်ဆန်းချိန် နှင့် လက်ဝဲသုန္ဒရ စသည့် သီချင်းများတွင် ပြည်လှဖေ၏ တယောလက်သံများကို ကြားနိုင်သည်။

ပြည်လှဖေသည် အေဝမ်းမှ သဘင်ဝန်တံဆိပ် ဓာတ် ပြားများ မထုတ်လုပ်မီ ရှေးမဆွကပင် သူ၏ တယော လက်စွမ်းပြအနေဖြင့် အဆိုတော် ချိုးကြာမယ် မခင် သန်းနှင့် တွဲဖက်ကာ ဓာတ်ပြားသွင်းခဲ့ဖူးသည်။ ဓာတ် ပြားတစ်ချပ်ထဲမှာပင် တစ်ဘက်ကို သီချင်းတစ်ပုဒ်စီဖြင့် နှစ်ပုဒ်သွင်းခဲ့ရာ ရွှေလသာ နှင့် မယ့်ကြမှာ သီချင်းများ ဖြစ်သည်။ အတီးမှာမူ ပြည်လှဖေ၏ တစ်လက်တည်း သော တယောလက်စွမ်းပြဖြစ်သည်။ အဆိုပါ ဓာတ်ပြား များကို မက်ဂါဖုံး ဝာတ်ပြားကုမ္ပဏီမှ ဓာတ်ပြားအမှတ် J.N.G 5147 ဖြင့် ဖြန့်ချိခဲ့သည်။

ပြည်လှဖေသည် အေဝမ်းရုပ်ရှင်မှ ရိုက်ကူးထုတ်လုပ်ခဲ့ သော စောင်းတော်ရှင် ဇာတ်ကားတွင် မေရှင်နှင့်တွဲဖက် ၍ မင်းသား အဖြစ်ဖြင့်လည်း ပါဝင် သရုပ်ဆောင်ခဲ့သူ ဖြစ်သည်။

ပြည်လှဖေသည် ၁၉၄၈ ခုနှစ် သြဂုတ်လ ၃၁ ရက် နေ့၌ တပ်မတော်သို့ ဝင်ရောက်ကာ အခြေစိုက်အလုပ်ရုံ (ဘီအီး အမ်အီး) တွင် ဒုဗိုလ်အဖြစ် စတင်ထမ်းရွက် သည်။ ၁၉၆၆ ခုနှစ်မှ စ၍ ဒုတိယဗိုလ်မှူးကြီး အဖြစ် တာဝန်တိုးမြှင့်ထမ်းဆောင်ခဲ့ရာ အသက် ၆၀ ပြည့်သည့် အချိန် ၁၉၇၂ ခုနှစ်တွင် တပ်မတော်မှ အငြိမ်းစားယူခဲ့ သည်။ တပ်မတော်တွင် တာဝန်ထမ်းဆောင်နေစဉ် အတွင်း နိုင်ငံတော် စစ်မှုထမ်းတံဆိပ်နှင့် ပြည်သူ့စစ် တိုက်ပွဲဝင် တံဆိပ်တို့ကို ဆွတ်ခူးရရှိခဲ့သည်။ ပထမဇနီး ဒေါ်ခင်ခင်ကြီးကွယ်လွန်၍ ၁၉၆၈ ခုနှစ်တွင် ဒေါ်ခင်ကြီး (မိုးကုတ်)နှင့် အိမ်ထောင်ပြုခဲ့သည်။

ဒုတိယဗိုလ်မှူးကြီး (အငြိမ်းစား) ပြည်လှဖေသည် ဝါဇီစိမ်ကိန်းစက်ရုံမှူး၊ စက်မှုလယ်ယာ စက်မှုအရာရှိချုပ် စသည့် တာဝန်များကို ထမ်းရွက်ခဲ့သည့်အပြင် ၁၉၇၈ ခုနှစ်မှ ၁၉၈၄ ခုနှစ်အထိ အမှတ်(၂) စက်မှုဝန်ကြီးဌာန နှင့်ယဉ်ကျေးမှုဝန်ကြီးဌာနတို့တွင် ဒုတိယဝန်ကြီးတာဝန် ကို ထမ်းဆောင်ခဲ့သည်။

ခေတ်ဟောင်းအဆိုကျော်ကြီး ပြည်လှဖေသည် ၁၉၉၀ ပြည့်နှစ် မတ်လ ၁၃ ရက်နေ့တွင် ဗြိတိန်နိုင်ငံ North-ampton ဆေးရုံ၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်ခင်ကြီးနှင့် သားနှစ်ယောက် သမီးသုံးယောက် ကျန်ရစ်သည်။

ပွင့်လန်း(သတ္တုတွင်း) (ခရစ် ၁၉၃၆–၁၉၉၀)။ ။

အမျိုးသားစာပေဆုရ စာရေးဆရာပွင့်လန်း(သတ္တုတွင်း)



ပုဂ္ဂလိက (သတ္တုတွင်း)

ပုဂ္ဂလိက (သတ္တုတွင်း)

ကို ပျဉ်းမနားမြို့၌ အဖ နယ်စီးတော်အုပ် ဦးပိုးခန့်၊ အမိ ဒေါ်နန်းတင့်တို့က ၁၉၃၆ ခုနှစ် ဧပြီလ ၈ ရက်နေ့တွင် မွေးဖွားသည်။ အမည်ရင်း ဦးလှထွန်း ဖြစ်သည်။

ပျဉ်းမနား၌ မွေးဖွားခဲ့သော်လည်း စေတုတ္တရာမြို့နယ် တန်းလည်ကျင်းရွာတွင် ကြီးပြင်းခဲ့သည်။ ထိုကျေးရွာမူလတန်းကျောင်း၌ စတင်ပညာသင်ကြားရာ ပထမတန်း အောင်မြင်သည်။ ဂျပန်ခေတ်တွင် စစ်ဘေးတိမ်းရှောင်ရင်း မုန်းမြစ်ဖျား ရှိ ချီချောင်းကျေးရွာ ဘုန်းကြီးကျောင်းတွင် ဆက်လက်ပညာသင်ကြားသည်။

ထို့နောက် ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် စလင်းမြို့မြူနီစီပယ်ကျောင်း၊ ပုဂ္ဂိုလ်မြို့ အစိုးရအလယ်တန်းကျောင်းတို့တွင် ပညာသင်ကြားပြီး ၁၉၅၁ ခုနှစ်တွင် မင်းဘူးမြို့ အစိုးရအထက်တန်းကျောင်းသို့ ပြောင်း၍ ပညာသင်သည်။ တစ်ဖန် မုံရွာမြို့ ဦးဘစိန်အလုတ် ပညာသင်ကျောင်းတွင် ဆက်လက် ပညာသင်ကြား ပြီး နောက် မန္တလေးမြို့အမှတ်(၁)အထက်တန်းကျောင်းသို့ပြောင်း၍ ပညာသင်စဉ် နံရံကပ်စာစောင်၊ ကျောင်းစာစောင်များ ထုတ်ဝေလျက် ဝတ္ထု၊ ကဗျာများကို ရေးသားခဲ့သည်။

၁၉၅၅–၅၆ ခုနှစ်တွင် ရန်ကုန်မြို့ ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့၌ စာရေးအဖြစ် စတင်အမှုထမ်းသည်။ ထို့နောက် ၁၉၅၆ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင် မြင်ပြီး သက်ကြီးတက္ကသိုလ်သို့ တက်ရောက်ခဲ့သေးသည်။ ပုဂ္ဂလိန်း သည် ရန်ကုန်စာတိုက်ကြီးတွင်လည်းကောင်း၊ ထိုမှ ဓာတ်သတ္တု ရှာဖွေထုတ်လုပ်ရေး ကော်ပိုရေးရှင်း၊ ဘူမိဗေဒဌာနခွဲတွင် အထက်တန်း ဘူမိဗေဒလက်ထောက် အဖြစ်လည်းကောင်း အမှုထမ်းခဲ့သည်။

ပုဂ္ဂလိန်းသည် စာပေနယ်သို့ ဝင်ရောက်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် ၁၉၅၄ ခုနှစ်တွင် ရန်ကုန်မြို့သို့ ရောက်လာခဲ့ရာ ၁၉၅၇ ခုနှစ်တွင် မမမင်းသမီး လုံးချင်း ဝတ္ထုကို ပထမဆုံးရေးသားထုတ်ဝေနိုင်ခဲ့သည်။ ထို့နောက် ၁၉၅၈ ခုနှစ်တွင် မောင့်တော်ဝင်ပန်း ဝတ္ထုကို ရေးသားသည်။

ထို့နောက် ၁၉၆၅ ခုနှစ်တွင် တောင်ကျစမ်းများ မခန်းလေ ဝတ္ထုရှည်စာမူဖြင့် အမျိုးသားစာပေဆုပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရာ ဝတ္ထုရှည်ဒုတိယဆုကို ရရှိခဲ့သည်။ အမျိုးသားစာပေ ဝတ္ထုရှည်ဒုတိယဆုရ ပုဂ္ဂလိန်း၏ တောင်ကျစမ်းများ မခန်းလေဝတ္ထုသည် ချင်း၊ ဗမာ ချစ်ကြည်ရေးကို ဦးတည်ရေးဖွဲ့ထားသော ဝတ္ထုဖြစ်သည်။ ဗမာအမျိုးသား ဘူမိဗေဒအရာရှိ ဦးကျော်ခိုင်နှင့် ချင်းတိုင်းရင်းသူလေး ဒေါက်တာ မသီတာတို့၏ မေတ္တာဖွဲ့ကို ရေးသီလျက် ချင်းပြည်နယ် မြေတောင်စခန်း ဓာတ်သတ္တုရှာဖွေရေး လုပ်ငန်းများကို တင်ပြရင်း တိုင်းရင်းသားချစ်ကြည်ရေး တည်ဆောက်မှုကို ရှေးရှုသရုပ်ဖော်ထားသည်။ တောင်ကျစမ်းများသည် မည်သည့်အခါမျှ မခန်းသော်သို့ တိုင်းရင်းသားများ၏ ချစ်ကြည်ရေးအစဉ်သည်လည်း တသင့်သင့်စီးဆင်းနေပေလိမ့်မည်ဟူသော အဓိပ္ပာယ်ဖြင့် တောင်ကျစမ်းများ မခန်းလေဟူ၍ ဝတ္ထုအမည်ပေးထားခြင်း ဖြစ်သည်။

ပုဂ္ဂလိန်း(သတ္တုတွင်း)သည် ၁၉၆၇ ခုနှစ်တွင် အစိုးရဝန်ထမ်းအဖြစ်မှ နုတ်ထွက်ပြီး စာပေနယ်သို့ လုံးလုံးလျားလျား ဝင်ရောက်ခဲ့သည်။ ထို့နောက် ၁၉၆၇ ခုနှစ်တွင် မိုးလမ်းလေလမ်း မုန်တိုင်းလမ်း၊ ၁၉၆၈ ခုနှစ်တွင် နေထွက်အောင်နှင့် နေဝင်အောင် လုံးချင်းဝတ္ထုနှင့် ရွက်စိမ်းဝတ္ထု၊ ၁၉၆၉ ခုနှစ်တွင် အနုပညာရယ် အသည်းနှလုံးရယ် မိန်းကလေးရယ် စသောဝတ္ထုများကို ရေးသားခဲ့သည်။

"သက်တန့်ကွေးနှင့်၊ ဘေးဘိုးပါဆင်းသက်၍၊ ဘလက်ထက်တိုင်၊ လေးတော်နှင့်ပုဂ္ဂလိန်း၊ မှုတော်ကို ထမ်းခဲ့သည်" ဟူသော ဦးကြင်ဉ၏ လေးကြီးရှင်ကဗျာပါ ပုဂ္ဂလိန်းဟူသော စကားကိုစွဲ၍ တက္ကသိုလ်ပုဂ္ဂလိန်းကလောင် အမည်ယူခဲ့သည်။ နောင်တွင် တက္ကသိုလ်ပုဂ္ဂလိန်းအမည်ဖြင့် ကလောင်အမည်တူ ပေါလာသော ကြောင့် ပုဂ္ဂလိန်း(သတ္တုတွင်း)ဟူသော ကလောင်အမည်ကို ပြောင်းခဲ့သည်။ ပုဂ္ဂလိန်းသည်ဝတ္ထုရှည်အပြင်ဝတ္ထုတိုနှင့် ဆောင်းပါးများကိုလည်း ရေးသားခဲ့သူဖြစ်သည်။

အမျိုးသားစာပေဆုရ စာရေးဆရာ ပုဂ္ဂလိန်း(သတ္တုတွင်း)သည် ၁၉၉၀ ပြည့်နှစ် ဧပြီလ ၁၀ ရက်နေ့တွင် သံလျင်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ၅၃ နှစ် ဒေါ်လှမြင့်နှင့် သားသမီးများ ကျန်ရစ်သည်။

ဖိုလစ်ပိုင်သမ္မတနိုင်ငံ။ ။ဖိလစ်ပိုင်ငံတွင် စစ်တပ်၏ အစိတ်အပိုင်းတစ်ခုမှ အာဏာသိမ်းရန် ကြိုးပမ်းမှုတစ်ရပ်



သမ္မတအကီနို

၁၉၇၉ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှစ၍ ဖြစ်ပွားခဲ့သည်။ အစိုးရသစ္စာခံ တပ်ဖွဲ့များနှင့် အာဏာသိမ်းတပ်ဖွဲ့တို့ကြား တိုက်ပွဲများ ဆက်တိုက်ဖြစ်ပွားပြီး နောက်ဆုံး ဒီဇင်ဘာလ ၉ ရက်နေ့တွင် အာဏာသိမ်း တပ်ဖွဲ့တို့ လက်နက်ချခဲ့ကြသည်။ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် သမ္မတ အကီနို့က သူမ၏အစိုးရအဖွဲ့အတွင်း အပြောင်းအလဲပြုလုပ်ကြောင်း ကြေညာကာ အချက်အချာကျသည့် ရာထူးများ၌ လူသစ်ကိုးဦး ခန့်အပ်ခဲ့သည်။ ယင်းသို့ ပြုလုပ်ခြင်းမှာ သူပုန်တပ်ဖွဲ့ စစ်သားများက သူမအပေါ် စွပ်စွဲထားချက်များကို ပြန်လည်တုံ့ပြန်ရန် ဖြစ်သည်ဟု ဆိုသည်။

သမ္မတ ကိုရဇွန် အကီနို့၏ အတိုက်အခံပြိုင်ဘက်ဖြစ်သူ ကွန်ဆာဗေးတစ် ခေါင်းဆောင်အမတ် အင်ရီလေးကို လူသတ်မှု၊ ပုန်ကန်မှုနှင့် ရာဇဝတ် ကောင်များအား လက်ခံထားရှိမှု စွဲချက်များဖြင့် ၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ဖမ်းဆီးခဲ့သည်။ လွန်ခဲ့သည့်နှစ် ဒီဇင်ဘာလက ဖြစ်ပွားခဲ့သည့် မအောင်မြင်သော အာဏာသိမ်းမှုမှ စတင်ကာ အင်ရီလေးအပေါ် စွဲချက်များ ပေါ်ထွက်ခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သည့် ၁၉၈၉ ခုနှစ် ဒီဇင်ဘာလက အာဏာသိမ်းရန် ကြိုးပမ်းမှုတွင် ခေါင်းဆောင်ခဲ့သူများ အနက် တစ်ဦးမှာ အင်ရီလေးနှင့် ရင်းနှီးသူ ဗိုလ်မှူးကြီး ဂရီဂိုရီယို ဟိုနာဆန်ဖြစ်သည်ဟု အစိုးရက ယူဆထားသည်။ အာဏာသိမ်းရန် ကြိုးပမ်းမှု မလုပ်ဆောင်မီ တစ်ရက်အလိုတွင် ဟိုနာဆန်အား အင်ရီလေးက ၎င်း၏ နေအိမ်တွင် လက်ခံ ထားရှိသည်ဟု စွပ်စွဲ ထားသည်။ ဟိုနာဆန်သည် ၁၉၇၇ ခုနှစ် ဩဂုတ်လက အာဏာသိမ်းရန် ကြံစည်မှုတွင်လည်း ပါဝင်ခဲ့သည့် ခေါင်းဆောင်တစ်ဦး ဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၈–စာ၊ ၂၂၁—ရှု။)

အင်ရီလေးအား ဖမ်းဆီးပြီးနောက် မနီလာမြို့တော်ရှိ အကျဉ်းထောင်တွင် အာမခံမပေးဘဲ ထိန်းသိမ်းထားလိုက်ပြီး ဒုမှူစတင်ကြားနာရန် ရက်ကို မတ်လဆန်းအထိ ဆိုင်းငံ့ထားလိုက်သည်။ အင်ရီလေးအား ထောက်ခံသူများက တန်ပြန်လှုပ်ဆောင်လာမည့် လုပ်ရပ်များကို စောင့်ကြပ် ကာကွယ်ရန် မနီလာမြို့တော် တစ်ခွင်တွင် စစ်သားများအား တပ်လှန့်ထားသည်။

အသက် ၆၆ နှစ်အရွယ်ရှိ အင်ရီလေးမှာ အကီနို့ အစိုးရတွင် ကာကွယ်ရေး ဝန်ကြီးဟောင်းတစ်ဦး ဖြစ်ခဲ့သည်။ ၁၉၈၆ ခုနှစ် ဖိလစ်ပိုင်နိုင်ငံ သမ္မတရွေးကောက်ပွဲတွင် အနိုင်အရှုံးနှင့်ပတ်သက်၍ အငြင်းပွားမှု ဖြစ်ပွားခဲ့ရာမှ မားကို့အားဖြုတ်ချခဲ့ရာတွင် အင်ရီလေးအနေဖြင့် အရေးပါသောအခန်းမှ ပါဝင်ခဲ့သည်။ အကီနို အာဏာရရှိလာပြီး နောက်ပိုင်းတွင်အင်ရီလေးနှင့် အကီနို့တို့ကြား သဘောထားကွဲလွဲမှုများကြောင့် ဆက်ဆံရေးဆိုးဝါးလာပြီး ၁၉၈၆ ခုနှစ် နိုဝင်ဘာလတွင် အစိုးရအဖွဲ့မှ အင်ရီလေး နုတ်ထွက်ခဲ့ရသည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၇–စာ၊ ၂၁၅ — ရှု။) ဒုတိယသမ္မတ၊ ဆာဗေဒိုလော်ရဲက အင်ရီလေးအား ဖမ်းဆီးခြင်းမှာ တရားဝင်နိုင်ငံရေး အတိုက်အခံအဖွဲ့ကို ဖိနှိပ်ရန် ကြိုးပမ်းသည့် လုပ်ဆောင်ချက် ဖြစ်သည်ဟု ပြောကြားပြီး ရှုတ်ချခဲ့သည်။


သမ္မတ ကိုရဇွန်အကီနိုအား သစ္စာခံသောတပ်များက ရာထူးမှချထားခြင်း ခံရသည့် ကာဂါယန်ပြည်နယ် အုပ်ချုပ်ရေးမှူး ရိုဒေါလ်ဖို အင်္ဂနယ်ဒိုအား ထောက်ခံသူများ၏ တော်လှန်ပုန်ကန်မှုကို မတ်လ ၄ ရက်နေ့တွင် ချေမှုန်းခဲ့သည်။ အင်္ဂနယ်ဒိုမှာ ၁၉၈၉ ခုနှစ် ဒီဇင်ဘာလက အာဏာသိမ်းရန် ကြိုးပမ်းမှုကို ထောက်ခံမှုကြောင့် ရက်ပေါင်း ၆၀ ကြာရာထူးချထားခြင်း ခံခဲ့ရသူ ဖြစ်သည်။ အင်္ဂနယ်ဒိုအား ထောက်ခံသူ ၂၀၀ ခန့်ကို လက်ရဖမ်းဆီးမိသည်။ သို့ရာတွင် အင်္ဂနယ်ဒိုနှင့် ၎င်း၏ နောက်လိုက် ၂၀၀ ကျော်မှာ ထွက်ပြေးလွတ်မြောက်သွားသည်။

ဖိလစ်ပိုင်နိုင်ငံ တရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်အရ ဖမ်းဆီး ထိန်းသိမ်းထားသည့် ယွန် ပွန်စီ အင်ရီလေးကို အာမခံဖြင့် မတ်လ ၆ ရက်နေ့တွင် လွှတ်ပေးခဲ့သည်။ မတ်လ ၁၀ ရက်နေ့တွင် အင်ရီလေး အားနောက်ထပ်စွဲချက်အသစ်များ တင်သည်ဟု သိရသည်။ ထို့ပြင် ၁၉၇၉ ခုနှစ် ဒီဇင်ဘာလ အာဏာသိမ်းရန် ကြိုးပမ်းမှုနှင့်ပတ်သက်၍ ရာထူးမှဖယ်ရှားခဲ့သည့် စစ်ဘက် အရာရှိသုံးဦးကိုလည်း လူသတ်မှု၊ တော်လှန်ပုန်ကန်မှု များဖြင့် စွဲချက်တင်ခဲ့သည်။

ဒီဇင်ဘာလ အခဏာသိမ်းရန် ကြိုးပမ်းမှုတွင် ဦးဆောင်ခဲ့သူတစ်ဦးဖြစ်သည့် ရေတပ်ဗိုလ်ချုပ် ဘီဘစ်သည် မနီလာအကျဉ်းထောင်မှ ဧပြီလ ဂ ရက်နေ့တွင် ထွက်ပြေးလွှတ်မြောက်သွားခဲ့သည်။ အကိုနှိုက ဘီဘစ်အား ပြန်လည်ဖမ်းဆီးရန် နိုင်ငံအနှံ့ စစ်ဆင်ရေးကို အလျင်အမြန် အမိန့် ထုတ်ပြန်ခဲ့သည်။ အစိုးရ၏ ဂုဏ်သိက္ခာမှာလည်း ထိခိုက်ခဲ့ရသည်။

ဖိလစ်ပိုင်ရှိ အမေရိကန် စစ်စခန်းများ ဖယ်ရှားပေးရေးကိုတောင်းဆိုရန် မေလ ၁ ရက်နေ့က နိုင်ငံတစ်ဝန်း၌ ပြည်သူထောင်ပေါင်းများစွာ ဆန္ဒပြကြစဉ် ကန့်ကွက်ဆန္ဒပြသူများနှင့် ရဲတို့ ပဋိပက္ခဖြစ်ပွားကြရာ အနည်းဆုံး လူ ၂၅ ဦး ဒဏ်ရာရသွားသည်ဟု ဆိုသည်။ အမေရိကန်သံရုံးအနီး၌ ဆန္ဒပြခြင်းမှာ အကြီးကျယ်ဆုံးဖြစ်၍ ပြည်သူ ၅၀,၀၀၀ ခန့် ပါဝင်သည်။ လွှန်ခဲ့သော လေးနှစ်က သမ္မတကိုရင့်နှိုက အကီနို ရာထူးရခဲ့ချိန်မှစ၍ ဖြစ်ပွားသော လူထုဆန္ဒပြပွဲများအနက် ယခု စစ်အခြေစိုက်စခန်း ဆန့်ကျင်ရေး ဆန္ဒပြပွဲသည် အလွန်ကြီးကျယ်ထိရောက်လှသည်။

ဖိလစ်ပိုင်နိုင်ငံအတွင်း အမေရိကန် စစ်စခန်းများ၏ အနာဂတ်နှင့်ပတ်သက်၍ မေလ ၁၄ ရက်နေ့က ဆွေးနွေးပွဲစတင်နေစဉ် ဖိလစ်ပိုင်နိုင်ငံ ကလပ် လေတပ်စခန်း အပြင်ဘက်၌ ကွန်မြူနစ်ပြောက်ကျားများဟု သံသယရှိသူများက အမေရိကန်လေတပ်သား နှစ်ဦးကို ပစ်သတ်လိုက်သည်။ အမေရိကန်ပြည်ထောင်စုနှင့် ချစ်ကြည်စွာ ဆက်ဆံရေးများကို ထိန်းသိမ်းလိုကြောင်း သမ္မတအကီနို က ပြောကြားသည်။ သို့သော် အမျိုးသားအကျိုးစီးပွားကို ဦးစားပေး စဉ်းစားရလိမ့်မည်ဟု ပြောကြားလျက် အမေရိကန်စစ်စခန်းများ သက်တမ်းတိုးရေးကို သဘောတူညီမည်ဟူသော အရိပ်လက္ခဏာ မပြခဲ့ပေ။ လွှန်ခဲ့သော နှစ်နှစ်ခွဲအတွင်း အမေရိကန်တပ်သားများ အသတ်ခံရသူ ပေါင်း ၁၀ ဦး ရှိသွားပြီ ဖြစ်သည်။ ဆွေးနွေးပွဲများကို စီစဉ်ထားသည့်အတိုင်း ဆက်လက်ကျင်းပခဲ့ရာ လက်ရှိ ၂၃ နှစ် သက်တမ်းရှိသော သဘောတူ စာချုပ်ကို သက်တမ်းတိုးမြှင့်နိုင်မည် မဟုတ်ကြောင်းဖြင့် ဖိလစ်ပိုင်ဘက်က ပြောကြားခဲ့သည်။



ဂရီဂိုရီယို ဟိုနာဆန်

ဆွေးနွေးပွဲ၌ လက်ရှိသဘောတူစာချုပ်သည် ၁၉၄၁ ခုနှစ်တွင် သက်တမ်းကုန်ဆုံးမည်၊ သို့မဟုတ် ၁၉၄၂ ခုနှစ်တွင်မှ သက်တမ်းကုန်ဆုံးမည်စသည်ဖြင့် အငြင်းပွားကြရာ ဆွေးနွေးပွဲမှာ တင်းမာလာခဲ့သည်။ အမေရိကန်ပြည်ထောင်စုအနေဖြင့် ၁၉၀၀ ခုနှစ် စစ်အခြေစိုက်စခန်းများ ပြန်လည်သုံးသပ်မှု သဘောတူညီချက်အရ ဖိလစ်ပိုင်နိုင်ငံသို့ နှစ်စဉ်ကူညီထောက်ပံ့ငွေ ဒေါ်လာ ၄၀၁ သိန်းပေးရန် ကတိကဝတ်ပျက်ကွက်ခဲ့သည်ဟု ဖိလစ်ပိုင်ဘက်က စွပ်စွဲသည်။

ဖိလစ်ပိုင်နိုင်ငံတရားလွှတ်တော်ချုပ်က အင်ရီလေးနှင့် ၁၉၀၉ ခုနှစ် ဒီဇင်ဘာလ အာဏာသိမ်းရန်ကြိုးပမ်းမှုတွင် ပါဝင်ခဲ့သည့် အခြားပုဂ္ဂိုလ် ၂၂ ဦးတို့အပေါ် စွဲတင်ထားသည့် စွဲချက်များကို ဇွန်လ ၅ ရက်နေ့တွင် ပယ်ဖျက်လိုက်ရာ သမ္မတအကီနိုအဖို့ နိုင်ငံရေးအရ အဆိုနာပြီး အရှက်တကွဲဖြစ်စေသည်ဟု အကဲခတ်သမားများက ယူဆကြသည်။

ဤအတောအတွင်း ရက်ပေါင်း ၁၀၀ မျှ ပုန်းအောင်းနေခဲ့သည့် ကာဂါယန်ပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်း ရိုဒေါလ်ဖို အဂ်ဒနယ်ဒိုသည် ပုန်ကန်မှုဖြင့်တရားစွဲဆိုခြင်းကို

ရင်ဆိုင်ရန် မနီလာမြို့မြောက်ဘက် မိုင် ၂၁၀ အကွာရှိ ပြည် နယ် မြို့ တော် တူဂူဂါရာအို တရားရုံး တစ်ရုံးသို့ သွားရောက်ကာ ဇွန်လ ၁၂ ရက်နေ့က မိမိကိုယ်ကို အပ်နှံလိုက်သည်။ အလားတူပင် အတိုက်အခံခေါင်းဆောင် တို မို ဘို နို အ ဒါ ဇာ သည် လည်း ရက်ပေါင်း ၅၀ မျှ ပုန်းအောင်းရာမှပေါ်ထွက်လာပြီး ဇွန်လ ၁၁ ရက်နေ့က လက်နက်ချခဲ့သည်။ တရားလွှတ်တော်ချုပ်က ၎င်းတို့ အပေါ် အစိုးရ၏ စွဲချက်များ ပယ်ဖျက်ပြီးဖြစ်ရာ လက်နက်ချရေးအတွက် လမ်းပွင့်သွားခဲ့ခြင်း ဖြစ်သည်။

ဇူလိုင်လ ၁၆ ရက်နေ့တွင် ဖိလစ်ပိုင်နိုင်ငံ၌ ငလျင် လှုပ်ခဲ့ရာ သမ္မတအကိုနို၏ အတိုက်အခံများ လှုပ်ရှားမှုမှာ ယာယီရပ်ဆိုင်းသွားခဲ့သည်။ လူပေါင်း ၁,၆၀၀ ကျော် သေဆုံးခဲ့ရသော ငလျင်လှုပ်မှုကြောင့် ဖိလစ်ပိုင်နိုင်ငံရှိ အမေရိကန်စစ်စခန်း ခြောက်ခု၏ အနာဂတ် အရေး ဆွေးနွေးပွဲများကို ထိခိုက်နိုင်ဖွယ်ရာရှိသည်။ ကွန်မြူနစ် ပြည်သူ့တပ်မတော်သစ် (အင်ပီအေ) ကလည်း အပစ် အခတ်ရပ်စဲရေးကို တစ်ဖက်သတ် ကြေညာသည်။ ၎င်း ကြေညာချက်ကို သမ္မတအကိုနိုကပယ်ချ၍ ကာကွယ်ရေး ဝန်ကြီးရာမို့စ်က အပစ်အခတ်ရပ်စဲရေး အဆိုပြုချက်ကို ဂရုတစိုက်လေ့လာသင့်သည်ဟု ပြောကြားသည်။

ငလျင်ဘေးဒုက္ခသည်များအတွက် အရေးပေါ်အကူ အညီ ပီဆို ၁၀ ဘီလီယံ (အမေရိကန် ဒေါ်လာ ၄၄၀ ၀၀၀) တောင်းဆိုချက်ကို ကွန်ဂရက်လွှတ်တော်က ခွင့်ပြုခဲ့သည်။ မြေငလျင်ကယ်ဆယ်ရေး ဆောင်ရွက်ရန် အမေရိကန်၊ ဗြိတိသျှနှင့် ဂျပန်ကယ်ဆယ်ရေးပါရဂူများ မနီလာသို့သွားရောက်ဆောင်ရွက်၍ နိုင်ငံတကာမှ ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့ကြသည်။ ဖိလစ်ပိုင် ဘဏ္ဍာရေးဝန်ကြီးကလည်း ငလျင် ဒဏ် ပြန် လည် ထူထောင်ရေးအတွက် ဒေါ်လာသန်း ၅၀၀ အကူအညီ တောင်းရန် အမေရိကန်ပြည်ထောင်စုနှင့် ဂျပန် နိုင်ငံများသို့ သွားရောက်ခဲ့သည်။

ငလျင်ဒဏ်နှင့်ပင်လယ်ကွေ့အရေးအခင်းကြောင့် ဖိလစ်ပိုင်နိုင်ငံ၏ စီးပွားရေးတိုးတက်မှု အနည်းဆုံး တစ်ရာခိုင်နှုန်း လျော့နည်းခဲ့ရသည်။ ၁၉၉၀ ပြည့်နှစ်တွင် အမျိုးသားထုတ်ကုန် စုစုပေါင်းတိုးတက်မှု ၃ ဒသမ ဂ ရာခိုင်နှုန်းရှိရန် လျာထားသည်။ ယခင်နှစ်က တိုးတက်မှုနှုန်းမှာ ၅ ဒသမ ၆၆ ရာခိုင်နှုန်း ရှိခဲ့သည်။

မြေငလျင်တုန်လှုပ်ပြီးနောက် နိုင် ငံ ပြန် လည် တည် ဆောက်ရာ၌ ဒွေကြေးသုံးစွဲနိုင်စေရန် နိုင်ငံခြားကြွေးမြီ ပြန်လည်ပေးဆပ်မှုကို လပေါင်း ၃၀ ဆိုင်းငံ့ထားရေး တောင်းဆိုချက်ကို ဖိလစ်ပိုင် အောက် လွှတ် တော် က ဇူလိုင်လ ၂၆ ရက်နေ့တွင် အတည်ပြုခဲ့သည်။ ဖိလစ်ပိုင်၏ နိုင်ငံခြားကြွေးမြီ ဒေါ်လာ ၂၆ ဘီ လီ ယံ ပြန် လည် ပေးဆပ်ရေးကိစ္စအား ချုပ်ချယ်ကန့်သတ်မှု သို့မဟုတ် ဆိုင်းငံ့မှုကို သမ္မတအကီနိုက ဗီတို အာ ဏာ သုံး ကာ ပယ်ချမည်ဟု အရိပ်အမြွက်ပြောကြားသည်။

ဩဂုတ်လ ၁၃ ရက်နေ့မှစ၍ ဗုံး ၁၅ လုံး ပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ နောက်ထပ် အာဏာသိမ်းလိမ့်မည်ဟူသော ကောလာဟလများ မနီလာမြို့၌ ပျံ့နှံ့နေခဲ့သည်။ သူပုန် ခေါင်းဆောင် ဟိုနာဆန်ကလည်း ၁၉၉၂ ခုနှစ် သမ္မတ သက်တမ်းမကုန်မီ အကီနိုအားဖြုတ် ချ ရန် ကြိုး ပမ်း နေသည်။ ပင်လယ်ကွေ့အရေးအခင်းကြောင့် ပေါ်ပေါက် လာသော စွမ်းအင်ပြဿနာကို ဖြေရှင်းရန် အစိုးရ အနေဖြင့် ရေနံ သိုလှောင်ခြင်းများ ပြုလုပ်ခဲ့ရုံမျှမက တရုတ်ပြည်အပါအဝင် အရှေ့အလယ်ပိုင်း မဟုတ် သော နိုင်ငံများမှ ရေနံဝယ်ယူရရှိရန် ကြိုးပမ်းလျက်ရှိသည်။

ဖိလစ်ပိုင်ရှိ အမေရိကန်စစ်စခန်းများ ရုပ်သိမ်းသွားရေးကို လိုလားကြောင်း သမ္မတအကီနိုက စက်တင်ဘာ လ ၁၇ ရက်နေ့တွင် ပထမဆုံး အကြိမ် ထုတ် ဖော် ပြောကြားလိုက်သည်။ သမ္မတအကီနိုက ထိုသို့ပြောကြား စဉ်မှာပင် မနီလာမြို့လမ်းများပေါ်၌ လူရာပေါင်းများစွာ တို့က အမေရိကန်တို့ ထွက်ခွာသွားရေးအတွက် ဆန္ဒပြပွဲများ ပြုလုပ်လျက်ရှိသည်။ ဖိလစ်ပိုင်ရှိ အမေရိကန် စစ်စခန်းများအပေါ် ဆန့်ကျင်မှုများ တစ်နေ့တခြား

အမေရိကန် စစ်အခြေစိုက်စခန်းများ ထားရှိမှုကို ကန့်ကွက်ဆန္ဒပြနေကြသူများ


U.S. BASES OUT
U.S. BASES OUT
U.S. BASES OUT

ပို၍ပို၍များပြားလာသည်။ကွန်မြူနစ်များကလည်း ဖိလစ်ပိုင်အစိုးရအနေဖြင့် အမေရိကန်စစ်စခန်းများ ဆက်လက်ထားရှိရေးကို လျှို့ဝှက်ဆွေးနွေးရန် ကြိုးပမ်းမည်ဆိုပါက ဆန့်ကျင်ကြောင်း သတိပေးပြောကြားလိုက်သည်။

၁၉၉၀ ပြည့်နှစ် အောက်တိုဘာလ ၁၉ ရက်နေ့တွင် ဖိလစ်ပိုင်သမ္မတ ကိုရဇွန် အကီနိုသည် ဖိလစ်ပိုင်နိုင်ငံအတွက် စက်မှုလယ်ယာစီးပွားရေးစီမံကိန်းကြီးတစ်ရပ်ကို ဖွင့်လှစ်ပေးလိုက်သည်။

အဆိုပါစီမံကိန်းသည် ဒေသဆိုင်ရာစီးပွားရေးဖွံ့ဖြိုးမှုအတွက် စံပြစီမံကိန်းကြီး တစ်ရပ်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ဖိလစ်ပိုင်နိုင်ငံအား တိုးတက်မှုလမ်းကြောင်းပေါ် သို့ ပို့ဆောင်ပေးမည့် စီမံကိန်းကြီးဖြစ်ကြောင်းဖြင့် သမ္မတအကီနိုက ပြောကြား လိုက်သည်။

ဗဂျိုအောင်စိုး(ခရစ် ၁၉၂၄–၁၉၉၀)။

။ခေတ်သစ်ပန်းချီနှင့် ရိုးရာပန်းချီများကို ဆက်နွယ်ပေါင်းကူးပေးခဲ့သော ပန်းချီ အနုပညာဆောင်းပါးများနှင့် ပန်းချီအကြောင်းစာအုပ်များ ရေးသားပြုစုခဲ့သူ နိုင်ငံကျော် ပန်းချီဆရာကြီး ဗဂျိုအောင်စိုးကို ရန်ကုန်မြို့၌ အဖဦးဘချစ်တင်၊ အမိ ဒေါ်တင့်အုံတို့က ၁၉၂၄ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင်မွေးဖွားသည်။

ဗဂျိုအောင်စိုးသည် ရန်ကုန် ရေကျော် မက်သဒစ်ကျောင်းနှင့် မန္တလေး ဝက်စလီယံ ကျောင်းများတွင် ပညာသင်ခဲ့သည်။ မက်သဒစ်ကျောင်းမှ ပုံဆွဲဆရာဦးလှဘော်သည် ဗဂျိုအောင်စိုး၏ ပန်းချီပညာသင်လက်ဦးဆရာ ဖြစ်သည်။ နောင်တွင် ဗဂျိုအောင်စိုးသည် ဆရာဦးဘဉာဏ်ထံမှလည်း ပန်းချီပညာဆည်းပူးသည်။

ဗဂျိုအောင်စိုးသည် ဂျပန်ခေတ်က ရန်ကုန် ဗဟန်းတိုက်နယ် အာရှလူငယ် အစည်းအရုံး၏ ဥက္ကဋ္ဌလမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ထိုစဉ်က အစည်းအရုံးတာဝန်များအပြင် ဆရာဦးလှဘော်နှင့်အတူ ဗဟန်းရပ်ကွက် လူမှုရေးလုပ်ငန်းများကို လုပ်ကိုင်သည်။ ပန်းချီကိုလည်း လေ့လာရေးဆဲသည်။ ဗဂျိုအောင်စိုးသည် ဗမာ့ကာကွယ်ရေးတပ်မတော်တွင်လည်း ဝင်ရောက်အမှုထမ်းဖူးသည်။

စစ်ပြီးကာလ ၁၉၄၇ ခုနှစ်၌ တာရာမဂ္ဂဇင်းတွင် ပန်းချီစတင်ရေးဆွဲသည်။ ထိုစဉ်က ဗဂျိုအောင်စိုးကို တိုးတက်သော လူငယ်ပန်းချီဆရာတစ်ဦးဟု အသိအမှတ်ပြုကြသည်။ အနုပညာသည် ပြည်သူအတွက်ဖြစ်သည်။ အနုပညာသည် ပြည်သူများဘက်မှ ဘက်လိုက်ရမည်။ အနုပညာရှင်သည် မြေကြီးနှင့် နီးစပ်ရမည် စသော သဘောထားများကို ခံယူ၍ ဗဂျိုအောင်စိုးသည် ပန်းချီရေးဆွဲခဲ့သည်။ ထို့ပြင် အချောအလှပုံများကိုမရေးဆွဲဘဲ စုတ်ချက် ကြမ်းကြမ်း၊ ကလောင်ချက် ကြမ်းကြမ်းဖြင့် ရေးဆွဲသဖြင့် ဗဂျိုအောင်စိုး၏ လက်ရာမှာ ထူးခြားခဲ့သည်။

ဗဂျိုအောင်စိုးသည် မိမိ၏အယူအဆ၊ ယုံကြည်မှုများကို ကာတွန်းများ ရေးဆွဲလည်း ဖော်ပြခဲ့သည်။ ကာတွန်းသည် ပြည်သူအများစုထံရောက်ပြီး ပြည်သူများက အလွယ်တကူ နားလည်နိုင်သည့် ပြည်သူပန်းချီ (Mass Art) ဟု သဘောပေါက်ခံယူသူ ဖြစ်သည်။ မော်ဒန် ပန်းချီကို စိုက်စိုက်မတ်မတ် ရေးဆွဲသူလည်း ဖြစ်သည်။ မော်ဒန်ပန်းချီကားများဆွဲ၍ ပြပွဲတင်သည်။ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များတွင် မော်ဒန်ပန်းချီဖြင့် သရုပ်ဖော်ရေးဆွဲသည်။ သူ၏ မော်ဒန်လက်ရာများကို ဝေဖန်သူများ ပေါ်ပေါက်ခဲ့သည်။ သူက ဇဲ့ကောင်းကောင်းနှင့် မော်ဒန်ပန်းချီများရေးဆွဲရာ ပန်းချီလောကတွင် မြန်မာမော်ဒန်ခေတ်ကို ခိုင်မာစွာထူထောင်ခဲ့သူဟု နောင်တွင် အသိအမှတ်ပြုခဲ့ကြသည်။ ဗဂျိုအောင်စိုးသည် မြန်မာ့ရိုးရာပန်းချီကို ဟန်သစ်ဖြင့်လည်း ရေးဆွဲလေ့ရှိသည်။ ကျေးလက်ပန်းချီ (Folk Art) ကိုလည်း ဟန်သစ်ဖြင့် ရေးဆွဲတတ်သည်။ ထိုရေးဆွဲနည်းနှစ်မျိုးဖြင့်လည်း ဗဂျိုအောင်စိုးနာမည်ကြီးသည်။

ဗဂျိုအောင်စိုးသည် ၁၉၅၁ ခုနှစ်၌ အိန္ဒိယနိုင်ငံ ရှန်တိနိကေတန် တက္ကသိုလ်သို့ တက်ရောက်၍ ပန်းချီပညာသင်ယူခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တစ်ဝိုက်က မြန်မာ့ရိုးရာ ပန်းချီဖော်ထုတ်ရေး လှုပ်ရှားမှု ဖြစ်ပေါ်ခဲ့သည်။ မြန်မာ့ရိုးရာပန်းချီ ဖော်ထုတ်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများမှ ပန်းချီများကို လေ့လာရန် လိုမည်ဟု သဘောပေါက်ကြသည်။ ထို ရည်မှန်းချက်အရ ဗဂျိုအောင်စိုးကို ရွေးချယ်၍ ရှန်တိနိကေတန်သို့ ပညာသင်



ဗဂျိုအောင်စိုး

ဧလ္တတ်ခဲ့ခြင်း ဖြစ်သည်။ အိန္ဒိယမှ ပြန်လာသောအခါ ဗကျိအောင်စိုးတွင် အိန္ဒိယပန်းချီ အင်ဇွေအသက် ပါလာသော်လည်း တိထွင်ဖန်တီးတတ်မှုနှင့် အိန္ဒိယပန်းချီ ရနံ့ပေါင်းစပ်၍ သူ၏ကိုယ်ပိုင် မော်ဒန်ပန်းချီဖြစ်ပေါ်လာသည်။ ဗကျိအောင်စိုး၏ ကိုယ်ပိုင် မော်ဒန်ပန်းချီလက်ရာသည် ကမ္ဘာမှာလည်းမရှိ၊ မြန်မာမှာလည်း သူတစ်ယောက်မှလွဲ၍ မရှိသော ထူးခြားသည့် လက်ရာဖြစ်သည်။

၁၉၅၂ ခုနှစ်၌ ဗကျိအောင်စိုးသည် ပါမောက္ခဦးအောင်လှ ဦးဆောင်သော ယဉ်ကျေးမှုအဖွဲဝင်တစ်ဦးအဖြစ် ဆိုဗီယက်ရုရှားသို့ သွားရောက်ခဲ့သည်။ လမ်းခရီးတွင် အိန္ဒိယနိုင်ငံနယူးဒေလီမြို့၊ ပါကစ္စတန်နိုင်ငံလာဟိုမြို့၊ ပက်ရှဝါမြို့၊ အာဖဂန်နိစတန် နိုင်ငံ ကဘူးမြို့များတွင် အာရုပန်းချီကို လေ့လာခဲ့သည်။ မော်စကို စသောမြို့ကြီးများသို့လည်း ရောက်ခဲ့သည်။

၁၉၅၃ ခုနှစ်၌ အစိုးရဆေးဆိုးပန်းရိုက် သင်တန်းကျောင်းတွင် တဲဖက်သင်တန်းမှူးအဖြစ် ခန့်အပ်ခြင်းခံရသည်။ သင်တန်းမှူးမှာ အိန္ဒိယမှခေါ်ယူသော ဆေးဆိုးပန်းရိုက်ပညာရှင် မစ္စတာ ရှားမားဖြစ်သည်။ မစ္စတာရှားမားက ဗကျိအောင်စိုး၏ ပန်းချီလက်ရာကို နှစ်သက်သဖြင့် ၎င်းနှင့် တဲဖက်လုပ်ကိုင်ခြင်းဖြစ်သည်။ ထိုစဉ်က ဗကျိအောင်စိုးသည် မြန်မာ့ရိုးရာပစ်တိုင်းထောင်၊ ဖိုးဝရုပ်၊ ဝါးလက်ခုပ်၊ ဆင်၊ ကျား၊ မြင်းရုပ် စသည် များဖြင့် ဆေးဆိုးပန်းရိုက် ဒီဇိုင်းများကို တီထွင်ရေးဆွဲခဲ့ရာ လူကြိုက်များခဲ့သည်။

ဗကျိအောင်စိုးသည် ရန်ကုန်တက္ကသိုလ်ပညာရေးမဟာဌာနတွင် ပန်းချီကထိကအဖြစ် ယာယီအမှုထမ်းခဲ့သည်။ ရန်ကုန်တက္ကသိုလ် အင်ဂျင်နီယာမဟာဌာနနှင့် ရန်ကုန်စက်မှုတက္ကသိုလ်များတွင် ဂရုပ်ဖစ်ပန်းချီ(Graphic Art) နှင့် ပန်းချီသမိုင်း (History of Art)များကို အချိန်ပိုင်း သင်ပြပို့ချပေးခဲ့သည်။

ဗကျိအောင်စိုးသည် "စာမဲ့ကဗျာ" နှင့် "ရိုးရာမှသည် ခေတ်သစ်သို့" ပန်းချီစာအုပ်များ ရေးသားပြုစုခဲ့သည်။ ပန်းချီအနုပညာ ဆောင်းပါးများလည်း ရေးခဲ့သည်။ ဗကျိအောင်စိုးသည် အားလပ်ချိန်များ၌ ဂိတ်ကြိုက်ပုံများကို ရေးဆွဲနေသည်သာများသည်။ ခဲတံရောင်စုံ၊ မင်ရောင်စုံ၊ ဖျူးကပ်၊ ပေစတယ်၊ ပင်တယ်၊ တင်ပါရာ၊ မှုန်ကာစသည့် နည်းမျိုးစုံဖြင့် ဖန်တီးရေးဆွဲတတ်သည်။ သူ၏မြန်မာ့ရိုးရာဟန်ဖြင့်ရေးဆွဲထားသော "မိခင်နှင့်ကလေး" ပန်းချီကားငယ်ကို ရန်ကုန်မြို့အမျိုးသားပြတိုက် ပန်းချီခန်းတွင် တွေ့နိုင်သည်။

ဗကျိအောင်စိုးသည် ပန်းချီအနုပညာ ဘက်တွင်သာ အောင်မြင်သည်မဟုတ်၊ ရုပ်ရှင်အနုပညာဘက်တွင်လည်း အောင်မြင်ခဲ့သူ ဖြစ်သည်။ ဖြိုတိသျှဘားမားမှ ရိုက်ကူးသော "တစ်မိနစ်အလို" ဇာတ်ကားမှ စ၍ရုပ်ရှင်လောကသို့ဝင်ခဲ့သည်။ ဒါရိုက်တာဦးသုခ ရိုက်ကူးသည့် "မိုးလုံးပတ်လည်" ဇာတ်ကားတွင် ခေါင်းဆောင်မင်းသားအဖြစ် ပါဝင်ခဲ့ရသည်။ ရုပ်ရှင်ဇာတ်ကား ၆၀ ခန့်တွင် ဇာတ်ဆောင်အဖြစ်ပါဝင်ခဲ့သည်။

ဗကျိအောင်စိုးသည် ၁၉၉၀ ပြည့်နှစ် ဇူလိုင်လ ၆ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ မကွယ်လွန်မီ နောက်ဆုံးအချိန်အထိ ပန်းချီကားများ ရေးဆွဲခဲ့သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်အမာခေါ် ဒေါ်သန်းကြည်နှင့် သားသမီးရှစ်ယောက် ကျန်ရစ်သည်။

ဖြိုတိန်နိုင်ငံ။ ။ဝန်ကြီးချုပ် မာဂရက်သက်ချာသည် ဖြိုတိန်နိုင်ငံသမိုင်း၌ သက်တမ်းအရှည်ကြာဆုံး ဝန်ကြီးချုပ်တာဝန်ကို ထမ်းဆောင်နိုင်သည့် ခေါင်းဆောင်တစ်ဦးဟု ဆိုရပေမည်။ သက်ချာသည် ၁၉၇၉ ခုနှစ် မေလတွင် ရွေးကောက်ပွဲ၌ အနိုင်ရရှိသဖြင့် ဖြိုတိန်နိုင်ငံတွင် သာမက ဥရောပတိုက်တွင် ပထမဆုံး ဝန်ကြီးချုပ်ဖြစ်လာသည်။ ၁၉၈၁ ခုနှစ် ဒီဇင်ဘာလတွင် အလုပ်လက်မဲ့ပြဿနာနှင့် ကြုံတွေ့ခဲ့ရသည်။ ၁၉၈၂ ခုနှစ် ဇွန်လတွင် ဖောက်ကလင်ကျွန်းအရေးအခင်း အောင်ပွဲခံခဲ့ပြီး ၁၉၈၃ ခုနှစ် ဇွန်လ၌ ပြန်လည်အရွေးခံရသည်။ ၁၉၈၆ ခုနှစ် ဖေဖော်ဝါရီလတွင် အစိုးရအဖွဲ့အတွင်း ဝန်ကြီးရာထူးအပြောင်းအလဲပြုလုပ်ခဲ့၍ ၁၉၈၇ ခုနှစ် ဇွန်လရွေးကောက်ပွဲတွင် ပြန်လည်အရွေးခံရသည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၈–စာ၊ ၂၃၄—ရှု။)

ဤသို့ နိုင်ငံရေးအစဉ်အလာကြီးများခဲ့သည် ဝန်ကြီးချုပ် မာဂရက်သက်ချာမှာ ၁၉၉၀ ပြည့်နှစ်အတွင်းတွင် ရုတ်ခြည်းဖြစ်ပေါ်ခဲ့သော နိုင်ငံရေး အလှည့်အပြောင်းများကြောင့် အကျပ်အတည်းများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ သူမဦးဆောင်သည့် ကွန်ဆာဗေးတစ်ပါတီမှာလည်း လူကြိုက်နည်းလာရသည်။ အဓိကပြဿနာမှာ လူခွန်ကောက်ခံမှုစနစ်သစ်ကြောင့်ပင်ဖြစ်သည်။ အတိုက်အခံ နိုင်ငံရေးပါတီများက ၎င်းပြဿနာကို အဓိကပစ်မှတ်ထား၍ တိုက်ခိုက်ကြသည်။

၁၉၉၀ ပြည့်နှစ် မတ်လ ၂၂ ရက်နေ့က မစ်စတက်ဖို ရိုင်းယား၌ ကျင်းပသည့် ပါလီမန်ကြားဖြတ်ရွေးကောက်ပွဲတွင် အတိုက်အခံ လေဘာပါတီက အောင်ပွဲခံခဲ့သည်။ ၁၉၈၇ ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ ကွန်ဆာဗေးတစ်ပါတီမှာ တစ်တို အများစု အနိုင်ရရှိခဲ့သည်ကို ယခု အကြိမ်တွင် ပြည်လည်ထိုးနှက်နိုင်ခဲ့သည်။ အဆိုပါ ကြားဖြတ်ရွေး



(အထွက်)

အမှတ် ၁၀၊ ဒေါင်းနှင်းလမ်း၊
လန်ဒန်တွင် မဂ္ဂရက်သက်ချာနှင့်
ခင်ပွန်း

ကောက်ပွဲကို မတ်လ ၂၀ ရက်နေ့၌ ၁၉၉၀–၉၁ ခုနှစ် အတွက် ဘတ်ဂျက်ကို တင်သွင်းပြီး နှစ်ရက်အကြာတွင် ကျင်းပခြင်းဖြစ်ရာ အချိန်ကိုက်၍ ကျင်းပခဲ့သည်ဟုဆိုရပေမည်။ ကြားဖြတ်ရွေးကောက်ပွဲတွင် ကွန်ဆာဗေးတစ်တို့အဖို့ အားနည်းချက်ဖြစ်စေသည့် အဓိကပြဿနာမှာ အင်္ဂလန်နှင့် ဝေလနယ်တို့တွင် ဧပြီလဆန်းမှစ၍ ကျင့်သုံးမည့် လူခွန် ကောက်ခံရေး စနစ်ကြောင့်ပင် ဖြစ်သည်။

မတ်လအတွင်းတွင် လူခွန်ကောက်ခံရေး စနစ်ကို ဆန့်ကျင်ကန့်ကွက်သည့် လူထုဆန္ဒပြပွဲများကို ဗြိတိန်နိုင်ငံ၌ တွေ့မြင်လာရသည်။ ဗြိတိန်နိုင်ငံလုံးဆိုင်ရာ လူခွန် စနစ်ဆန့်ကျင်ရေး ဖက်ဒရေးရှင်းက ဦးဆောင်လျက် လန်ဒန်မြို့တွင် မတ်လ ၃၁ ရက်နေ့က ကန့်ကွက် ဆန္ဒပြပွဲ တစ်ရပ် ဆင်နွှဲရာ ဆန္ဒပြသူ အုပ် စု များ နှင့် ရဲတို့ကြား အဓိကရုဏ်းများ ပြင်း ပြင်း ထန် ထန် ဖြစ်ပွားခဲ့သည်။ လူပေါင်း ၃၄၀ ဦးကို ဖမ်းဆီးခဲ့သည်။

ဧပြီလ ၁ ရက်နေ့ကလည်း လူခွန် စနစ်ကို လန်ဒန်မြို့၌ ပြည်သူတို့က ကန့်ကွက်ဆန္ဒပြရာ ရဲအရာရှိ ၃၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြသည်။ ပြည်သူ ၄၀,၀၀၀ တို့က ဝန်ကြီးချုပ် နေထိုင်ရာ ဒေါင်း နှင်း လမ်း အမှတ် ၁၀ သို့ အေးချမ်းစွာ ဆန္ဒပြချီတက်ခဲ့ကြသည်။ ၁၀ ပေမြင့် သော ဝင်းတံခါးကို ဆန္ဒပြသူများက ဖွင့်ရန်ကြိုးစားရာမှ ရဲနှင့် ပဋိပက္ခဖြစ်ကြရသည်။ အခြေအနေရှုပ်ထွေးနေစဉ် ဆန္ဒပြသူ ၃၀၀၀ ခန့်မှာ ရပ်ကွက်အတွင်းရှိ လူနေအိမ်များနှင့် မော် တော် ယာဉ် များ ကို မီး တင် ရှို့ ခြင်း၊ စား သောက် ဆိုင် များ ကို လုယက် တိုက်ခိုက်ခြင်းများ ပြုလုပ်ကြသည်။

နှစ်ပေါင်း ၅၀ ကျော်လောက်က ပြည်သူ ဆန္ဒခံယူပွဲ

စတင်ပြုလုပ်ခဲ့ကြောင်း ဝန်ကြီးချုပ် မာဂရက်သက်ချာမှာ လူကြိုက်အနည်းဆုံး ဗြိတိသျှ ခေါင်းဆောင်တစ်ဦးဖြစ်ခဲ့ကြောင်း ဧပြီလ ၆ ရက်နေ့ကထုတ်ပြန်သော လေ့လာချက်တစ်ခုဌ ဖော်ပြခဲ့သည်။ တွေ့ဆုံမေးမြန်းခဲ့သော မဲဆန္ဒရှင် ၂၄ ရာခိုင်နှုန်းကသာ အသက် ၆၄ နှစ်အရွယ်ရှိသူ ဝန်ကြီးချုပ်၏ဆောင်ရွက်ချက်ကိုထောက်ခံကြောင်း ကွန်ဆာဗေးတစ်လိုလားသော ဒေး လီး တယ် လီ ဂ ရပ်သတင်းစာဌ ယင်းလေ့လာချက်ကို ဖော်ပြသည်။ အခွန်ဆမ်း မဲဆန္ဒရှင်များအပေါ် အစိုးရက အကောက်ခွန်သစ်များ စည်းကြပ်ခြင်းကြောင့် ဝန်ကြီးချုပ်ကို လူကြိုက်နည်းလာခြင်းဖြစ်သည်။ လွန်ခဲ့သော ၁၁ နှစ်ကာလတွင် အာဏာရလာချိန်မှစ၍ မာဂရက်သက်ချာမှာ အဆိုးဆုံးသော နိုင်ငံရေးအကျပ်အတည်းတွင် ရောက်ရှိနေ၍ ပြန်လည်နာလန်ထူနိုင်စရာ အခြေအနေမရှိဟု ဆိုသည်။

ဗြိတိန်နိုင်ငံ၏ သက်တမ်းအရင့်ဆုံးသော အကျဉ်းထောင်များအနက် တစ် ခု ဖြစ် သည့် စထရိန်းဂျိဝေး အကျဉ်းထောင်တွင် အကျဉ်းသားရာပေါင်းများစွာတို့က ဧပြီလ ၁ ရက်နေ့၌ အချုပ်ခန်းများကို ဖောက်ထွက်ပြီး ဆူပူဆန္ဒပြရာ အကျဉ်းသား ၅၀ ခန့် ဒဏ်ရာရခဲ့ကြသည်။ ယင်းအကျဉ်းထောင်မှာ မန်ချက်စတာမြို့ မြောက်ဘက်တွင် တည်ရှိသည်။ အကျဉ်းသား ၉၇၀ ထားနိုင်သော အကျဉ်းထောင်၌ အကျဉ်းသား ၁,၆၀၀ ထားရာ အကျဉ်းသား ၁၀၀၀ ခန့်တို့က မကျေနပ်၍ ဆန္ဒပြကြခြင်း ဖြစ်သည်။ ဗြိတိသျှထောင်သမိုင်း၌ အဆိုးဝါးဆုံး ဖြစ်ရပ်ဟု တာဝန်ရှိသူများက ပြောသည်။ သက်တမ်း ၁၂၂ နှစ်ရှိသော ယင်းထောင်၌ ဆူပူအကြမ်းဖက်မှုဖြစ်ပွားခြင်းကို ထောင်အာဏာပိုင်များ စေ့စပ်ညှိနှိုင်းမှုဖြင့် ၃ ရက်အကြာတွင် ငြိမ်းချမ်းသွားသည်။ ဧပြီလ ၂၅ ရက်ဟူသော အကျဉ်းထောင်ဆူပူမှု အဆုံးသတ်သွားသည်။ အင်္ဂလန်နိုင်ငံ အနောက်ဟောင်ပိုင်းရှိ ဒတ်မော် အကျဉ်းထောင်၌လည်း ဧပြီလ ဂ ရက်နေ့တွင် ဆူပူမှုဖြစ်ပွားသည်။ ၁၈၀၉ ခုနှစ်တွင် နပိုလီယံစစ်ပွဲမှ ပြင်သစ်စစ်သုံ့ပန်းများကိုထားရန် ယင်းထောင်ကိုဖွင့်လှစ်ခဲ့သည်။ အကျဉ်းသား ၆၀၀ အနက် ၁၂၀ ခန့်မှာ ဆူပူမှုတွင် ပါဝင်ခဲ့ကြသည်။

မေလ ၃ ရက်နေ့က ကျင်းပသော တစ်နိုင်ငံလုံး ဒေသဆိုင်ရာ ရွေးကောက်ပွဲများ၌ ဗြိတိသျှမဲဆန္ဒရှင်များက အတိုက်အခံ လေဘာပါတီအား တခဲနက် ထောက် ခံ အား ပေး လိုက် ခြင်း အား ဖြင့် ဝန်ကြီးချုပ် မာဂရက်သက်ချာ၏ ကွန်ဆာဗေးတစ်ပါတီကို အကောက်ခွန်စနစ်သစ်ကြောင့် လူကြိုက်နည်းကြောင်း ပြသလိုက်ကြသည်။ အင်္ဂလန်၊ ဝေလနယ်နှင့် စကော့တလန်ပဒေသတွင် ဒေသဆိုင်ရာကောင်စီ ၂၀၁ နေရာအနက် ၁၆၀ အနိုင်ရရှိသဖြင့် ကွန်ဆာဗေးတစ်ပါတီဝင်များမှာ ၂၆ဂ နေရာရှုံး၍ ၇၁ နေရာ အနိုင်ရရှိသည်။ လေဘာပါတီကမူ ၃၄၀ အနိုင်ရရှိပြီး ၃၉ နေရာ ရှုံးခဲ့သည်။ ဒေသဆိုင်ရာ ဝန်ဆောင်မှုစရိတ်များအတွက် အသုံးပြုသော ပစ္စည်းခွန်စနစ်ဟောင်းကို အစားထိုးရန် အရွယ်ရောက်သူအားလုံးအပေါ် အခွန်ကောက်ခံသောအခွန်သစ်တွင် လူထုဆန္ဒခံယူခြင်းဖြင့် ဒေသဆိုင်ရာ ရွေးကောက်ပွဲများတွင် ဝင်ရောက်ရန် လေဘာပါတီကကြိုးစားခဲ့သည်။ လေဘာခေါင်းဆောင် နေးလ်ကင်နော့က ရွေးကောက်ပွဲအနိုင်ရရှိ၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသည်။ မေလ ၅ ရက်နေ့ကကျင်းပသော လန်ဒန်မြို့တော် ကောင်စီရွေးကောက်ပွဲတွင်လည်း လေဘာပါတီက အနိုင်ရရှိခဲ့သည်။


ဝန်ကြီးချုပ် မာဂရက်သက်ချာအနေဖြင့် အကောက်ခွန်သစ်စနစ်ကို ပြန်လည်ပြုပြင်ရန် မလုပ်ဆောင်ပါကလာမည့် အထွေထွေရွေးကောက်ပွဲတွင် ရှုံးလိမ့်မည်ဟု ကွန်ဆာဗေးတစ် အမတ်လောင်းတစ်ဦးက သတိပေးပြောကြားခဲ့သည်။ ဗြိတိသျှအသံလွှင့်ကော်ပိုရေးရှင်းကပြည်သူဆန္ဒခံယူရာ မာဂရက်သက်ချာ၏ ခေါင်းဆောင်မှုကို ကျေနပ်သူ ၂၅ ရာခိုင်နှုန်းရှိ၍ လေဘာပါတီက ၂၃ မှတ် အသာရနေသည်။ ၎င်းအပြင် ဟောင်ကောင်ကျွန်းတွင်နေထိုင်သူ ၂,၂၅,၀၀၀ ခန့်အား ဗြိတိသျှနိုင်ငံကူးလက်မှတ်ထုတ်ပေးရန် ဥပဒေကြမ်းတင်သွင်းရာတွင်လည်း မာဂရက်သက်ချာမှာ ပြဿနာကြုံတွေ့နေရသည်။ ပြည်သူဆန္ဒခံယူရာ ယင်းဥပဒေကြမ်းကို ဗြိတိန်နိုင်ငံသား ၆၅ ရာခိုင်နှုန်းက ကန့်ကွက်ခဲ့ကြသည်။

မာဂရက်သက်ချာ၏ အစိုးရအဖွဲ့ဝင် ကုန်သွယ်ရေးနှင့် စက်မှုလက်မှုဝန်ကြီး နိကိုလတ်ရစ်ဒလေမှာ အနောက်ဂျာမန်အစိုးရအား ပုတ်ခတ်ဝေဖန်မိ၍ ရာထူးမှ နုတ်ထွက်ခဲ့ရသည်။ ရစ်ဒလေ၏ ပြောကြားချက်များမှာ အစိုးရ၏ သဘောထားမဟုတ်ကြောင်း မာဂရက်သက်ချာက ပြောကြားသည်ကို အထက်လွှတ်တော်တွင် အတိုက်အခံခေါင်းဆောင် နေးလ်ကင်နော့က ပြစ်တင်ပေဖန်သည်။ ကွန်ဆာဗေးတစ်ပါတီအတွင်း၌ ဆာမာကတ်စ်ဖောက်စ်ကလည်း ၎င်းဖြစ်ရပ်ကို ဝေဖန်ပြောကြားသည်။ ရစ်ဒလေကမူ အနောက်ဂျာမန်အစိုးရက ဥရောပဘုံစျေးအဖွဲ့ကို အပိုင်စီးရန်ဆောင်ရွက်ပုံများကို ဝေဖန်ခဲ့သည်။

ဝန်ကြီးရစ်ဒလေနုတ်ထွက်ပြီးနောက် တစ်ရက်အကြာတွင် မာဂရက်သက်ချာမှာ ဂျာမန်အရေးနှင့်ပတ်သက်၍ ပြဿနာတွေ့ရပြန်သည်။ ဂျာမန်တို့၏ အမျိုးသားစိတ်ဓာတ်နှင့်ပတ်သက်၍ အစိုးရဝန်ကြီးအချို့က ဘဝင်မကျ ဖြစ်နေကြသည်။

ယင်းသို့ အခြေအနေများဖြစ်နေစဉ်အတွင်း ဗြိတိန်နိုင်ငံ၏ မြောက်ပင်လယ်အတွင်းရှိ ကမ်းလွှန်ရေနံတွင်းများမှ ပြုပြင်ထိန်းသိမ်းရေးလုပ်သားများမှာ သြဂုတ်လ ၅ ရက်နေ့တွင် သပိတ်မှောက်ခဲ့ကြသည်။ နံနက် ၇ နာရီတွင် သပိတ်မှောက်ခြင်းကိုစတင်ခဲ့ရာ ရေနံတူးစင် ၁၀၀ ခန့်ပေါ်ရှိ လုပ်သားများပါဝင်ခဲ့ကြသည်။ ရေနံလုပ်သား ၇၀၀၀ ကျော် ပါဝင်ဆန္ဒပြခဲ့ကြသည်။ ၁၉၆၇ ခုနှစ်တွင် ဓာတ်ငွေ့နှင့် ၁၉၇၅ ခုနှစ်တွင် ရေနံစိမ်းကို ဗြိတိန်က တင်ပို့ခဲ့ချိန်မှစ၍ မြောက်ပင်လယ်ကမ်းလွှန်ရေနံတွင်းများ၌ အလုပ်သမားပြဿနာ ပေါ်ပေါက်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်မှစ၍ မြောက်ပင်လယ်ရေနံတွင်းများမှထွက်သော ရေနံမှာ ဗြိတိန်နိုင်ငံ၌ပြည်တွင်းသုံး လုံလောက်ခဲ့သည်။ လောလောဆယ်တွင် တစ်နေ့လျှင် ရေနံစည် ၉၂ သန်း ထွက်ရှိသည်။ သပိတ်မှောက်ခြင်းကြောင့် ရေနံထုတ်လုပ်မှုကို မထိခိုက်ဘဲ ရေနံတူးစင်များ ပြင်ဆင်ချိန်ရခဲ့သည်ဟု ဆိုသည်။

ပင်လယ်ကွေ့ပြဿနာ ပေါ်ပေါက်ခဲ့ရာ ဘဂ္ဂဒက် စီးပွားရေးလမ်းကြောင်း ပိတ်ဆို့ရန် ပင်လယ်ကွေ့ရှိ စစ်သင်္ဘောများအား သြဂုတ်လ ၁၉ ရက်နေ့တွင် အမိန့်ပေးပြီးဖြစ်ကြောင်း ဗြိတိန်က ကြေညာခဲ့သည်။ အီရတ်အားစီးပွားရေး ပိတ်ဆို့အရေးယူခြင်းကို အမေရိကန်နှင့် ဗြိတိန်က သဘောတူခဲ့သည်။ ကူဝိတ်နိုင်ငံကို သိမ်းယူပြီးနောက် အီရတ်နယ်စပ်ကို ပိတ်လိုက်သောအခါ ပိတ်မိနေသော နိုင်ငံခြားသား ၂ သန်း



(အဝင်)

အမှတ် ၁၀၊ ဒေါင်းနင်းလမ်း၊ လန်ဒန်တွင် ဂျွန်မေဂျာနှင့်ဇနီး

ခန့်အနက် အနောက်နိုင်ငံများမှ ၂၁,၀၀၀ ရှိရာ အမေရိကန်လူမျိုး ၃၀၀၀ နှင့် ဗြိတိသျှလူမျိုး ၄၀၀၀ ပါဝင်သည်။ ဗြိတိသျှအမျိုးသားများ လွတ်မြောက်ရေးအတွက် မည်သည့်အခါမျှ ဆေးနွေးလိမ့်မည် မဟုတ်ကြောင်း ဗြိတိသျှဝန်ကြီးချုပ် မာဂရက်သက်ချာက ဩဂုတ်လ ၂၀ ရက်နေ့က ပြောကြားခဲ့သည်။

ဗြိတိန်နိုင်ငံ၌ အမြဲတမ်းနေရာရရှိရေးကို ရှာဖွေနေသူ တစ်သန်းခန့်ရှိရာ ၎င်းတို့အနက် ၃,၇၀,၀၀၀ မှာ လန်ဒန်မြို့၌ဖြစ်ကြောင်း ရှယ်လတ်အမည်ရှိ အမျိုးသားအိုးအိမ်မဲ့အသင်းက ခန့်မှန်းသည်။ လန်ဒန်မြို့၌ အိုးမဲ့အိမ်မဲ့များအနက် ၅၀,၀၀၀ ခန့်မှာ အသက် ၂၅ နှစ် မပြည့်သူများ ဖြစ်သည်ဟု ဆိုသည်။ သက်ချာအစိုးရမှာ ဆင်းရဲမှုပပျောက်ရေးကို မဆောင်ရွက်နိုင်ကြောင်း အထက်လွှတ်တော်တွင် ဝေဖန်ခံနေရသည်။ ဗြိတိန်နိုင်ငံမှာရင်းနှီးမြှုပ်နှံမှုကျဆင်း၊ ငွေကြေးဖောင်းပွမှုမြင့်တက်၊ ပညာရေးနိမ့်ကျဖြစ်နေရာ ဥရောပဘုံစျေးအဖွဲ့၌ ပြိုင်ဆိုင်ရာတွင် အရေးကြီးသောပြဿနာများကြုံတွေ့ရလိမ့်မည်ဟု ဝေဖန်ကြသည်။ လွန်ခဲ့သော ၁၀ နှစ်အတွင်း ပြည်သူအတွက် သုံးစွဲငွေ ၁၃ ရာခိုင်နှုန်းတိုးတက်ခဲ့သော်လည်း ပြည်သူ ၇၀ ရာခိုင်နှုန်းသာ အကျိုးခံစားရ၍ အခြား ၃၀ ရာခိုင်နှုန်းမှာ ရွေးကထက် ပိုဆိုးနေသည်ဟု ဝေဖန်ကြသည်။

၁၉၇၈ ခုနှစ်မှစ၍ အမျိုးသား ကျန်းမာရေးလုပ်ငန်းဘွင် အစိုးရက ငွေပိုမိုသုံးစွဲခဲ့သည်။ သို့သော် ကျန်းမာရေးလုပ်ငန်းမှာ ဆက်လက် ကျဆင်းနေသည်။ အင်္ဂလန်၊ စကော့တလန်နှင့် ဝေလနယ်တို့တွင် ဆေးရုံတက်ရန်စောင့်နေရသူ တစ်သန်းခန့်ရှိကြောင်း နောက်ဆုံးလေ့လာချက်၌ ဖော်ပြထားသည်။ အင်္ဂလန်တွင် လူနာများနှင့် ဆေးရုံတက်ရန် စောင့်နေသူ ၇,၇၆,၀၀၀ အနက် ၄၂ ရာခိုင်နှုန်းမှာ စောင့်နေရသည်မှာ တစ်နှစ်ကျော်ကြာပြီ ဖြစ်သည်။ ဆေးရုံမှာလည်း ပြိုပျက်ဟောင်းနွမ်းနေပြီဟု ဆိုသည်။ ဤသို့သောအကြောင်းများကြောင့် ဝန်ကြီးချုပ် မာဂရက် သက်ချာမှာ လူကြိုက်နည်းလာသည်ဟု ဝေဖန်ကြသည်။

လန်ဒန်မြို့၌ ပြည်သူ ၂ ဒသမ ဂ သန်းမှာ နေ့စဉ်မြေအောက်ရထားကို အသုံးပြုနေရာ ၁၉၇၂ ခုနှစ်တွင် အသုံးပြုသူ ၇၀ ရာခိုင်နှုန်းကျော် တိုးလာသည်။ သို့သော် ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းမှာ ၁၀ ရာခိုင်နှုန်းသာ တိုးတက်ခဲ့သည်။

အိုင်းရစ်ရီပတ်ဗလစ်ကင်တပ်မတော်(အိုင်အာရ်အေ)က သက်ချာအစိုးရအား တိုက်ခိုက်မှုကျယ်ပြန့်လာရာ ဩဂုတ်လ ပထမပတ်အတွင်းက ဥပဒေပြုအမတ် မစ္စတာ ဂိုးအား သူ၏ကားအတွင်း ခွိုန်ကိုက်ပုံးခဲ့၍ လုပ်ကြံရာ သေဆုံးခဲ့သည်။ ယင်းလုပ်ကြံမှုမှာ ရက်သတ္တခြောက်ပတ်အတွင်း တတိယအကြိမ်နှင့် အရက်စက်ဆုံးဖြစ်သည်။ စိန့်ဂျမ်းလမ်းရှိ ကာလ်တန်ကလပ်တွင် ဇွန်လ ၂၅ ရက်နေ့က ခွိုန်ကိုက်ပုံးခဲ့ခဲ့ရာ လူခုနစ်ဦးထိခိုက်ခဲ့သည်။ လန်ဒန်မြို့မြောက်ဘက် စတန်မိုပတ်ဒေသ ဘုရင့်လေတပ်စခန်းတွင် ဇွန်လ ၂၁ ရက်နေ့က ပုံးပေါက်ခဲ့ခဲ့ရာ ဒဏ်ရာရသူမရှိခဲ့ပေ။ အိုင်အာရ်အေက ဗြိတိသျှအစိုးရကို အကြမ်းဖက်တိုက်ခိုက်နေသည်မှာ နှစ်ပေါင်း ၂၀ ရှိပြီဖြစ်သည်။ ယခုအခါ ဗြိတိသျှနိုင်ငံရေးသမားများနှင့် အခြားအရေးကြီးသော ပစ်မှတ်များမှာ မိမိတို့ လုံခြုံရေးအစီအစဉ်အပေါ် မှီခိုအားထားနေရသည်။ ဗြိတိသျှဥပဒေအရ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ထိပ်တန်းပြည်သူဝန်ထမ်းများသာ ရဲအဖွဲ့၏ ၂၄ နာရီ ကာကွယ်စောင့်ရှောက်မှုကို ခံယူခွင့်ရှိသည်။ ပါလီမန်အမတ်များက သူတို့၏ ကားများအောက်၌ ဗုံးများ ရှိမရှိ စစ်ဆေးနိုင်ရန် အထူးမှန်များ တောင်းဆိုခဲ့ရာ ဝန်ကြီးချုပ် သက်ချာက မိမိတို့လုံခြုံရေးကို မိမိဘာသာ ဂရုစိုက်ကြရန် ဥပဒေပြု အမတ်များအား ပန်ကြားခဲ့သည်။ မာဂရက်သက်ချာမှာ ဘုံစျေးအဖွဲ့၊ အနောက်ဂျာမနီတို့နှင့်လည်း မပြေမလည် ဖြစ်ခဲ့ရသည်။

ယင်းအခြေအနေတွင် ပြည်တွင်း၌လည်း ငွေကြေးဖောင်းပွမှုနှုန်းနှင့် ကြုံတွေ့ခဲ့ရသည်။ ဗြိတိန်နိုင်ငံ၏ နှစ်ပတ်လည် ငွေကြေးဖောင်းပွမှုနှုန်းသည် ဩဂုတ်လက အရေးအကြီးဆုံးအဆင့်၊ သတ်မှတ်ထားသည့် အဆင့် ၁၀ ရာခိုင်နှုန်းထက် ကျော်လွန် မြင့်တက်ခဲ့ကြောင်း၊ ယင်းသို့ ငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်ခြင်းသည် ရှစ်နှစ်အတွင်း ပထမဦးဆုံးအကြိမ်ပင် ဖြစ်သည်ဟု ဗြိတိန်နိုင်ငံက စက်တင်ဘာလ ၁၄ ရက်နေ့က ပြောကြားသည်။ ငွေကြေး ဖောင်းပွမှုနှုန်းသည် ဩဂုတ်လက ၁၀ ဒသမ ၆ ရာခိုင်နှုန်းရှိပြီး စက်တင်ဘာလတွင် ၁၀ ဒသမ ၉ ရာခိုင်နှုန်းအထိ ပိုမိုမြင့်တက်ခဲ့သည်။

အောက်တိုဘာလ ၂၀ ရက်နေ့က လူခွန်ကောက်ခံမှုအပေါ် ကန့်ကွက်ဆန္ဒပြပွဲ လန်ဒန်မြို့၌ ထပ်မံဖြစ်ပွားရာ လွန်ခဲ့သည့် မတ်လ ၃၁ ရက်နေ့နောက်ပိုင်း ဒုတိယ အကြီးမားဆုံး ဖြစ်သည်ဟု သိရသည်။ အရပ်သား ခြောက်ဦးနှင့် ရဲတပ်သားခြောက်ဦး ဒဏ်ရာရရှိသွားသည်။

(နိုဝင်ဘာလ ၂၂ ရက်နေ့တွင် မာဂရက်သက်ချာသည် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်လိုက်သည်။ ဂျွန်မေဂျာက ဝန်ကြီးချုပ်ဖြစ်လာသည်။)

ဘသန်း၊ ဦး (ယူပီအိုင်) (ခရစ် ၁၈၉၉–၁၉၉၀)။ ။ သတင်းစာ လောကတွင် ထင်ရှားခဲ့သော သတင်းစာဆရာကြီး ယူ–ပီ–အိုင် ဦးဘသန်းကို ၁၈၉၉ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ၁၆ လမ်းတွင် အဖ ဦးအုန်း၊ အမိ ဒေါ်ဖွားတို့က မွေးဖွားသည်။

ငယ်စဉ်က မြန်မာစာသင်ကျောင်းတွင် ပညာသင်ကြားပြီးနောက် အစိုးရ ဟိုက်စကူးကျောင်း (ယခု အခြေခံအထက်တန်းကျောင်း အမှတ် ၁ လသာ) သို့ ပြောင်းရွှေ့၍ လေးတန်းမှ ကာလကတ္တားတက္ကသိုလ် လက်အောက်ခံ မက်ထရစ် ၁၀ တန်းထိ ပညာသင်ခဲ့သည်။ ၁၉၁၇ ခုနှစ်တွင် ကာလကတ္တားတက္ကသိုလ်မှ ကျင်းပသော တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်ခဲ့သည်။ ထို့နောက် ရန်ကုန်ကောလိပ်တွင် ၁၉၁၇ ခုနှစ်မှစ၍ ဆက်လက် ပညာသင်သည်။

၁၉၂၀ ပြည့်နှစ် ဘီအေ အောက်တန်းတွင် ပညာသင်ကြားနေစဉ် ယူနီဗာစီတီအက်ဥပဒေကို ဆန့်ကျင်၍ သပိတ်မှောက်ခဲ့ရာတွင် ခေါင်းဆောင်ပိုင်းမှ ပါဝင်လှုပ်ရှားခဲ့သည်။

၁၉၂၁ ခုနှစ်မှ ၁၉၃၀ ပြည့်နှစ်အထိ အမျိုးသားကျောင်းများ ဖွင့်လှစ်သော အခါ စစ်ကိုင်းမြို့နှင့် ခရမ်းမြို့များရှိ အမျိုးသား အထက်တန်းကျောင်းများတွင် ကျောင်းဆရာအဖြစ် အမှုထမ်းခဲ့သည်။

၁၉၃၁ ခုနှစ်တွင် ကျောင်းဆရာအဖြစ်မှ နုတ်ထွက်ခဲ့ပြီး 'သူရိယသတင်းစာတိုက်' တွင် သတင်းထောက်အဖြစ် စတင်ဝင်ရောက် လုပ်ကိုင်ခဲ့သည်။ ထို့နောက် ညအယ်ဒီတာအဖြစ် ၁၉၄၂ ခုနှစ်အထိ လုပ်ကိုင်ခဲ့သည်။

၁၉၄၂ ခုနှစ် ဒီဇင်ဘာလ ဂ ရက်နေ့တွင် ဗြိတိသျှအစိုးရက ဦးဘသန်းအား ဖမ်းဆီးခဲ့သည်။ သို့သော် ရန်ကုန်မြို့မှ ဗြိတိသျှအစိုးရ တွက်ခွာသွားရသောအခါ လွှတ်မြောက်ခဲ့သည်။

ထို့နောက် ဦးဘသန်းသည် သူရိယ သတင်းစာတိုက်တွင် ဆက်လက်လုပ်ကိုင်ပြန်သည်။ ၁၉၄၆ ခုနှစ်တွင် သူရိယသတင်းစာတိုက်မှ နုတ်ထွက်ပြီးလျှင် ပြန်ကြားရေးဌာနခဲ့တွင် သတင်းစာ ဆက်သွယ်ရေး အရာရှိအဖြစ် ၁၉၅၃ ခုနှစ်အထိ အမှုထမ်းခဲ့သည်။

ထို့နောက် ၁၉၅၄ ခုနှစ်မှ ၁၉၅၆ ခုနှစ်အထိ မြန်မာသတင်းစာတိုက်ပိုင်ရှင်များ ဖွဲ့စည်း တည်ထောင်သော 'ဘားမား ပရက်စ် ဆင်ဒီကိတ်' (Burma Press Syndicate) တွင် အုပ်ချုပ်မှုအယ်ဒီတာ အဖြစ်ဖြင့် ကမ္ဘာ့ကြေးနန်းသတင်းများ ဖြန့်ချိခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် 'နယူး တိုင်းအော့ဖ် ဘားမား' (New Time of Burma) သတင်းစာတိုက်၌ သတင်းထောက်ချုပ်



သတင်းစာဆရာကြီး ယူ ပီ အိုင် ဦးဘသန်း


အဖြစ် လုပ်ကိုင်ခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် ယူနိုက်တက် ပရက်စ် အင်တာနေရှင်နယ် (United Press International) ယူပီအိုင် (U P I) နိုင်ငံခြားသတင်းဖြန့်ချိရေးဌာနတွင် အုပ်ချုပ်မှု အယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့သည်။

၁၉၇၃ ခုနှစ် ဒီဇင်ဘာလတွင် အလုပ်မှ အငြိမ်းစားယူပြီးနောက် သတင်းစာနှင့် မဂ္ဂဇင်းများတွင် ဆောင်းပါးများရေးသားခဲ့သည်။ အထူးသဖြင့် ၁၉၇၅ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ သွေးသောက်မဂ္ဂဇင်းတွင် 'ဘဝအတွေ့အကြုံ' အခန်းဆက်ဆောင်းပါးများ ရေးသားခဲ့သည်။

သတင်းစာဆရာကြီး ယူပီအိုင် ဦးဘသန်းသည် ၁၉၉၀ ပြည့်နှစ် မေလ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် အသက် ၉၀ ရှိ ဇနီးနှင့် သားသမီးခြောက်ယောက်၊ မြေး ၁၀ ယောက်၊ မြစ်ခြောက်ယောက်တို့ ကျန်ရစ်ခဲ့သည်။

ဘက်တဲဟိုင်း, ဗရှုနို (ခရစ် ၁၉၀၃ – ၁၉၉၀)။ ။ ဝန်းကျင်ရှိ အဖြစ်မှန်များကို ကျောခိုင်း၍ ငါစွဲဖြင့် စိတ်ကွန့်မြူးကာ ကိုယ်လိုရာ အတွေးလွှန်နေတတ်သည့် ကလေးသူငယ်များကို ပညာပေး ပြုပြင်ရေး အ တွက် သုတေသနပြုခဲ့သူ စိတ်ပညာရှင်ကြီး ဗရှုနိုဘက်တဲဟိုင်းကို ၁၉၀၃ ခုနှစ် သြဂုတ်လ ၂၈ ရက်နေ့တွင် ဗီယင်နာမြို့၌ မွေးဖွားခဲ့သည်။

ဘက်တဲဟိုင်းသည်, ထင်ရှားသော စိတ်ခွဲပညာရှင် ဆစ်ဂမွန်ဖရွိုက် (၁၈၅၆ – ၁၉၃၉) ၏ တပည့်အဖြစ် ပညာဆည်းပူးခဲ့ရာ ၁၉၃၈ ခုနှစ်တွင် ဗီယင်နာတက္ကသိုလ်မှ စိတ်ပညာပါဂူဘွဲ့ကို ရရှိခဲ့သည်။ သို့ရာတွင် ထိုနှစ်တွင်ပင် သြစတြီးယားနိုင်ငံကို နာဇီတပ်များသိမ်းပိုက်ခဲ့သောအခါ



ဗရှုနိုးဘက်တဲဟိုင်း

ဘက်တဲဟိုင်းကို ရိုက်နှက် ဖမ်းဆီးသွားပြီး ဒါရှောင်နှင့် ဘူရှင်ဗား အမည်ရှိ ဂျာမန်အကျဉ်းစခန်းများ၌ ချထားခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် ဘက်တဲဟိုင်းသည် အကျဉ်းစခန်းမှ လွတ်မြောက်လာ၍ အမေရိကန်ပြည်တောင်စုသို့ ပြောင်းရွှေ့ အခြေစိုက် နေထိုင်သည်။ အမေရိကန်ပြည် ထောင်စု ရှီကာဂိုတက္ကသိုလ်၌ တိုးတက်သော ပညာရေး အသင်းတွင် သုတေသန တဲဖက်အရာရှိ ဖြစ်လာသည်။ ထို့နောက် အီလီနွိုက်ပြည်နယ် ရော့ဖို့ဒ် ကောလိပ်၌ တဲဖက်ပါမောက္ခအဖြစ် တာဝန် ထမ်းဆောင်သည်။ ၁၉၄၃ ခုနှစ် အောက်တိုဘာလတွင် "အစ္စန်းရောက် အခြေအနေတို့တွင် တစ်ဦးချင်းနှင့် အစုအဖွဲလိုက် အပြုအမူ" အမည်ရှိ ဆောင်းပါးကို ရေးသားခဲ့ရာ တစ်ဟုန်တိုး ထင်ရှားလာခဲ့သည်။ အကျဉ်းစခန်းဘဝ၏ စိတ်ဖိစီးမှုများ အပေါ် လူသားအဖြစ် အလိုက်သင့် ပြုနိုင်စွမ်းကို ဒါရှောင်နှင့် ဘူရှင်ဗားတို့တွင် ရရှိခဲ့သည့် လေ့လာဆန်းစစ်ချက်များကို အခြေခံလျက် ရေးသားခဲ့ခြင်းဖြစ်သည်။ ယင်း အကျဉ်းစခန်းများတွင် အစောင့်များသည် အကျဉ်းသားတို့၏ အမျိုးအမည်ဖော်နိုင်စွမ်း၊ တန်ဖိုးနှင့် အဓိပ္ပာယ်ကို နှားလည်နိုင်စွမ်း စသည့် ကိုယ်ရည် ကိုယ်သွေး တို့ကို ချေဖျက်ရန်စနစ်တကျ ကြိုးပမ်းခဲ့ကြောင်းဖြင့် ထောက်ပြခဲ့သည်။

၁၉၄၄ ခုနှစ်တွင် ရှီကာဂိုတက္ကသိုလ် စိတ်ပညာလက်ထောက် ပါမောက္ခအဖြစ် လည်းကောင်း၊ ယင်း တက္ကသိုလ်၏ ဆိုနီယာရှန်ကဗန် ချို့တဲ့ ကလေးသူငယ်ကျောင်း၏ အကြီးအကဲအဖြစ်လည်းကောင်း ခန့်အပ်ခြင်း ခံရသည်။ ယင်းကျောင်းသည် ပြင်းထန်သော စိတ်လှုပ်ရှားမှု ပြဿနာများရှိသည်။ အသက်ခြောက်နှစ်အရွယ်မှ အသက် ၁၄ နှစ်အရွယ်ထိ ကလေးသူငယ်များ အတွက် အခြေစိုက် လေ့လာရေး စခန်းလည်းဖြစ်၍ စိတ်ကွန့်မြူးဝေဒနာရှင် ကလေးသူငယ်များကို ဘက်တဲဟိုင်း လေ့လာသည့် ဗဟိုဌာနလည်းဖြစ်သည်။ ၁၉၄၇ ခုနှစ်တွင် တဲဖက်ပါမောက္ခဖြစ်လာပြီး ၁၉၅၂ ခုနှစ်တွင် ပါမောက္ခဖြစ်လာသည်၊ အထူးသဖြင့် ကလေးသူငယ်များ ပြုစုပျိုးထောင်ရေးနှင့် ဆက်စပ်နေသော လူမှုပြဿနာများကို စိတ်ခဲ့ပညာဥပဒေသများဖြင့် ဖြေရှင်းနိုင်ရန် စတင်အားထုတ်ခဲ့သည်။ ဆိုနီယာရှန်ကဗန် သုတေသနကို ၁၉၅၂ ခုနှစ်အထိ ဦးဆောင်ခဲ့သည်။ စိတ်ကွန့်မြူးဝေဒနာရှင် အနည်းဆုံး ၃၀ ကို ကုထုံးခန်းတွင်ထားလျက် ဆွေးနွေးကုသမည့်သူများက နှစ်ဆယ့်လေးနာရီလုံး အတူနေကာ လမ်းညွှန်ကုသခဲ့သည်။ ယင်းလူနာ ၈၅ ရာခိုင်နှုန်းသည် ဘဝတွင် အပြည့်အဝ ပြန်လည် ဝင်ဆံ့ ကျင်လည် နိုင်ခဲ့သည် ဟု ဆိုသည်။

ဟယ်ရီ – ပြန် လည် ပျိုး ထောင် ရေး လေ့ လာ ချက် (၁၉၄၉)၊ မေတ္တာဟူသည် ပိုလွန်းသည်မရှိ (၁၉၅၀)၊ ဘဝမှရှောင်ခွာပြေးသူများ (၁၉၅၄) စသည့်ဆောင်းပါးများသည် အထူးထင်ရှားသည်။ စိတ် ထိ ခိုက်နေသော ကလေးသူငယ်များ၏ စိတ်လှုပ်ရှားမှုဝေဒနာနှင့် ဆိုးသွမ်းမှု အမူအရာတို့ကို လျော့ပါးစေရန်လည်းကောင်း၊ လူမှုရေးအရ အသုံးဝင်နိုင်မည့် အ ရည် အ သွေး များဖြင့် အကျိုးပြုနိုင်ကြစေရန် လည်းကောင်း ဘက်တဲဟိုင်းက ရေးသား တင်ပြခဲ့သည်။ စံမီ ကလေးသူငယ်များကို အကျိုးရှိရှိ ဆက်ဆံပျိုးထောင်နိုင်ရေးအတွက်လည်း စူးရှထက်မြက်သော အကြံဉာဏ်များကို ဘက်တဲဟိုင်း၏ စာများ၌ တွေ့ရှိနိုင်သည်။ စင်စစ်အားဖြင့် ကလေးသူငယ် အားလုံး လူမှုရေးအရ အားကိုးထိုက်သူများ ဖြစ်လာစေရေးအတွက် လမ်း ညွှန် ချက် များ ကို ပြုစုခဲ့ခြင်းဖြစ်သည်။

သိနှားလည်ထားသော နှလုံးသား (၁၉၆၀) နှင့် လူသူကင်းသောခံတပ် (၁၉၆၇) စာအုပ်တို့တွင် စိတ်ကွန့်မြူးခြင်းဝေဒနာရှင် က လေး သူ ငယ် များ အကြောင်းကို ဆွေးနွေးထားသည်။ အိပ်မက်ရှင်ကလေးများ (၁၉၆၇) စာအုပ်တွင် အစ္စရေးကစ်ဆုဇင် ဘုံရိပ်သာ၌ ကလေးသူငယ်များကို စုပေါင်းပြုစုပျိုးထောင်ပုံကို ရေးသားထားသည်။ ရှေးရိုးစဉ်လာ မိသားစု အဖွဲ့အစည်းနှင့် လူငယ် ပြုပြင်ပညာပေးနည်းတို့ကို ကစ်ဆုဇင် စုပေါင်းနေထိုင်မှု ဘဝအတွေ့အကြုံများကို အခြေခံလျက် ပြန်လည်ဆန်းစစ်သင့်ကြောင်းကို ယင်းစာအုပ်တွင် အကြံပြုဆွေးနွေးထားသည်။

ဘက်တဲဟိုင်းသည် မိခင်များနှင့် ဆွေးနွေးချက်များ (၁၉၆၂)၊ နှလုံးသားအတွက်နားခိုရာ (၁၉၇၄)၊ ပဉ္စလက်ကို အသုံးချနည်းများ (၁၉၇၆) (ဒဏ္ဍာရီပုံပြင်များ

ကို လေ့လာထားချက်)၊ ဖရိုက်နှင့် လူသား၏ဝိညာဉ် (၁၉၇၃) စာအုပ်များ ကို လည်း ရေး သား ခဲ့သည်။ ကောင်း သင့် သ လောက် ကောင်း သော မိဘ (၁၉၇၇) စာအုပ်သည် ကွယ်လွန် ချိန် ထိ ဆွေး နွေး ဝေ ဖန် မှု များပြားခဲ့သော စာအုပ်ဖြစ်သည်။ ယင်းစာအုပ်တွင် ဘက်တဲဟိုင်းက "ခြောက်ပြစ်ကင်း သဲလဲစင် မိဘဟူ၍ လည်းမရှိ၊ ခြောက်ပြစ်ကင်းသဲလဲစင် ရင်သွေးဟူ၍လည်း မရှိ၊ သို့ရာတွင် မိဘတိုင်းသည် ကောင်း သင့် သ လောက် ကောင်းနိုင်ကြသည်ချည်းဖြစ်သည်" ဟု တင်ပြခဲ့သည်။


လူမှုဆက်ဆံရေး စိတ်ပညာနယ်ပယ်တွင် အထူးထင်ရှား သည့် ဗရူနိုဘက်တဲဟိုင်းသည် ၁၉၉၀ ပြည့်နှစ်မတ်လတွင် အမေရိကန် ပြည်ထောင်စု၊ ကာလီဖိုးနီးယား ပြည်နယ်၊ ဆန်တာမိုနိကာမြို့၌ ကွယ်လွန်ခဲ့သည်။

ဘင်္ဂလားဒေ့ရှ်သမ္မတနိုင်ငံ။ ။ ဟို စိန် မိုဟမ္မက် အာရှတ်သည် ၁၉၇၂ ခုနှစ်တွင် စစ်တပ်မှ အာဏာသိမ်း ပြီးနောက် နိုင်ငံရေးအာဏာရရှိလာခဲ့ရာ ၁၉၇၆ ခုနှစ် အောက်တိုဘာလတွင် ငါးနှစ်သက်တမ်းရှိသည့် သမ္မတ ရွေးကောက်ပွဲတွင်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၇ – စာ၊ ၂၃၂—ရှု။) ၁၆ နှစ်တာကာလအတွင်း တတိယမြောက် ရွေးချယ် တင်မြှောက်ခံရသော သမ္မတ ဖြစ်သည်။ တစ်ဖန် ၁၉၇၈ ခုနှစ် မတ်လတွင် အထွေထွေရွေးကောက်ပွဲများ ကျင်းပခဲ့ရာ သမ္မတအာရှတ်၏ ဂျတိယဆန်ဆဒ်ပါတီက နေရာအများစုကို အနိုင်ရရှိခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၉–စာ၊ ၂၂၀ —ရှု။) အဓိက အတိုက်အခံများမှာ အဝါမိအဖွဲ့ချုပ်ဦးဆောင်သည့် ဆို့ရှယ်လစ်မဟာမိတ်များ နှင့် ဘင်္ဂလားဒေ့ရှ်ဒမျိုးသားပါတီ (ဘီအင်ပီ)ဦးဆောင် သော လက်ျာအလယ်အလတ် အုပ်စုများ ဖြစ်ကြသည်။

ပါလီမန်က ၁၉၇၉ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့တွင် ငါးနှစ်သက်တမ်းနှစ်ကြိမ် သမ္မတအဖြစ် ရွေးချယ်ခံပိုင်ခွင့် ကို ကန့်သတ်ခြင်းနှင့် ဒုတိယသမ္မတထူးအတွက် ရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင် ချက်များကို အတည်ပြုခဲ့သည်။ သမ္မတအာရှတ်သည် ၁၉၇၉ ခုနှစ် တစ်လျှောက်လုံးတွင် ၎င်း၏ အစိုးရအဖွဲ့ အတွင်း အပြောင်းအလဲများ ပြုလုပ်ခဲ့သည်။ ခြစားမှုနှင့် ဆက်နွယ်နေသော ဝန်ကြီးများအား လည်း ရာထူးမှ ဖယ်ရှားခဲ့သည်။ ယင်းသို့ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ အာဏာရ ဂျတိယပါတီအတွင်း အင်အားချိန်ခွင်လျှာ ညီမျှစေရန် ဖြစ်သည်။

ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်နိုင်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ချက် ခွင့်ပြုချက်နှင့်အညီ မိုးဒတ် အာမက်အား ဒုတိယသမ္မတအဖြစ် ခန့်အပ်ခဲ့ရာ အာရှတ်၏ ဂျတိယပါတီအတွင်း မငြိမ်မသက်မှုများဖြစ်ပေါ်စေခဲ့ သည်။ ဒုတိယသမ္မတဟောင်းဖြစ်သူ နှုန်းအစ္စလာမ်က ၁၉၇၉ ခုနှစ် သြဂုတ်လ ၁၃ ရက်နေ့တွင် ၎င်းအား ရာထူးမှ ဖယ်ရှားခဲ့ခြင်းကို ကန့်ကွက်ခဲ့သည်။ ၎င်းနေ့ မှာပင် ဒုတိယဝန်ကြီးချုပ် အမ်အေမာတင်သည် ရာထူး မှနုတ်ထွက်ခဲ့သည်။ ၁၉၇၉ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင် အစိုးရအဖွဲ့အတွင်းနောက်ထပ်အပြောင်း အလဲများ ထပ်မံပြုလုပ်ခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘဏ္ဍာရေး ဝန်ကြီးဝါဟီဒူလ် ဟတ်သည် မတ်လ ၁၆ ရက်နေ့တွင် ဝန်ကြီးတာဝန်မှ နုတ်ထွက်ခဲ့သည်။ ဟတ်သည် ၁၉၇၈ ခုနှစ် သြဂုတ်လတွင် ဘဏ္ဍာရေးဝန်ကြီးမဖြစ်မီက ကနေဒါနိုင်ငံ တက္ကသိုလ်တွင် စီးပွားရေးပါမောက္ခတစ်ဦး ဖြစ်ခဲ့သည်။ ဘင်္ဂလားဒေ့ရှ် နိုင်ငံ၏ ဘတ်ဂျက်လိုငွေပြမှုတိုးမြှင့်လာပြီး အနောက် အုပ်စုစီးပွားရေး အပွဲအစည်းများနှင့် ဆက်ဆံရေး တင်းမာလာမှုအတွက် ပြစ်တင်ဝေဖန်ခြင်းခံရရာ ယခု ကဲ့သို့ နုတ်ထွက်လိုက်ခြင်း ဖြစ်သည်။ ဟတ်နုတ်ထွက်သွား ပြီး မကြာမီတွင် အစိုးရက ပြည်သူလူထု အသုံးစရိတ် ဖြတ်တောက်မည့် အစီအစဉ်များကို ထုတ်ပြန်ကြေညာ သည်။ ယင်းသို့ ပြုလုပ်ခြင်းမှာ အပြည်ပြည် ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ အိုင် အမ် အက်ဖ်နှင့် ကမ္ဘာ့ဘဏ် တို့မှ ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ချေးမည့် အမေရိကန် ဒေါ်လာ သန်း ၅၀၀ ရရှိရန် ဆွဲဆောင်ကြိုးပမ်းမှုတစ်ရပ် ဖြစ်သည်ဟု သိရသည်။ အဆိုပါချေးငွေကို ဘင်္ဂလား ဒေ့ရှ်နိုင်ငံ၏ စီးပွားရေးစီမံခန့်ခွဲမှုနှင့် ပတ်သက်၍ စိုးရိမ် မကင်း ရှိသဖြင့် ရပ်တန့်ထားခဲ့ခြင်း ဖြစ်သည်။



သဘာဝဘေးအန္တရာယ်များနှင့် ဆင်းရဲချို့တဲ့မှုနှစ်စဉ်ကြုံတွေ့နေရသော ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ယခုနှစ်တွင် စားသုံးသီးနှံစံချိန်တင်ထွက်မည့်အလားအလာရှိရာ ချို့တဲ့ဆဲစီးပွားရေးကိုပံ့ပိုးထူမတ်ပေးနိုင်ဖွယ် ရှိနေပေသည်။ စပါးနှင့်ဂျုံတန်ချိန် သန်း ၂၀ နီးပါးအထိ စံချိန်တင်ထွက်ရှိမည်ဖြစ်ရာ ၁၉၇၉ ခုနှစ် ဇူလိုင်လမှ ၁၉၉၀ ပြည့်နှစ် ဇွန်လအထိဖြစ်သော ဘဏ္ဍာရေးနှစ်တွင် စီးပွားရေးဖွံ့ဖြိုးမှုနှုန်း ၅ ဒသမ ဂ ရာခိုင်နှုန်းရှိမည်ဟု ဘင်္ဂလားဒေ့ရှ်နိုင်ငံကမျှော်မှန်းထားသည်။ ယမန်နှစ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် စပါးနှင့် ဂျုံတန်ချိန် ၁၆ ဒသမ ၆ သန်းသာ ထွက်ခဲ့သည်။ ယခုနှစ်တွင် ကုန်ဆုံးမည့် တတိယငါးနှစ် စီမံကိန်းကာလတွင် ပြည်တွင်းအသားတင် ဆုတ်လုပ်မှု (ဂျီဒီပီ) ပျမ်းမျှ ၃ ဒသမ ၉ ရာခိုင်နှုန်းရှိမည်ဟု တရားဝင်စာရင်းဇယားများတွင် ဖော်ပြသည်။ အဆိုပါကာလအတွက် ဂျီဒီပီလျာထားချက်မှာ ၅ ဒသမ ၄ ရာခိုင်နှုန်း ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ငွေဖောင်းပွနှုန်း ၂၀ ရာခိုင်နှုန်းရှိနေသည်ကို သိသာစွာလျှော့ချနိုင်မည်ဟုဆိုသည်။ ယခုနှစ်တွင် ဒေါ်လာ ၄၅၇ သန်းရှိမည်ဟုခန့်မှန်းထားသော အရန်နိုင်ငံခြားသုံးငွေ အခြေအနေတိုးတက်လာမည်ဟု မျှော်လင့်ထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်းမှာ ဂျီဒီပီ ၁၆ ရာခိုင်နှုန်း ပါဝင်သည်။ ကမ္ဘာတွင် အဆင်းရဲဆုံးတစ်နိုင်ငံဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ တစ်ဦးချင်းဝင်ငွေမှာ ဒေါ်လာ ၁၇၀ ဖြစ်၍ လူဦးရေမှာ ၁၁၆ သန်းရှိပြီး နှစ်စဉ် ၂ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်နေသည်။ ထုတ်ကုန်တိုးတက်လာခြင်းနှင့် ငွေကြေးအစီအမံကောင်းခြင်းတို့မှာ ဆင်းရဲသောဘင်္ဂလားဒေ့ရှ် နိုင်ငံအား ယခု ဘဏ္ဍာရေးနှစ်၌ စီးပွားရေးတိုးတက်မှုကို အထောက်အကူဖြစ်လိမ့်မည်ဟု ၁၉၉၀ ပြည့်နှစ် ဧပြီလ ၁၂ ရက်နေ့တွင် သမ္မတအာရှက်က ပြောကြားခဲ့သည်။ အစားအစာထုတ်လုပ်နှုန်းမှာ ၁၉၈၉–၉၀ (နောက်နှစ် ဇွန်လ ၃၀ ရက်နေ့တွင် ကုန်ဆုံးမည့်) ခုနှစ်အတွင်း ၁၉ ဒသမ ၅ တန်အထိ ရှိမည်ဖြစ်ရာ ၁၈ ရာခိုင်နှုန်းတိုးတက်မည်ဟု မျှော်မှန်းထားသည်။ စက်မှုထုတ်ကုန်တိုးတက်နှုန်းမှာ ယခင်နှစ် ၂ ဒသမ ၃ ရာခိုင်နှုန်းမှ ၇ ဒသမ ၈ ရာခိုင်နှုန်းအထိ တိုးတက်လာမည်ဖြစ်သည်။

၁၉၈၈–၈၉ ခုနှစ်တွင် ဒေါ်လာ သန်းပေါင်းတစ် ထောင် ကျော် ဖိုးရှိခဲ့သော ထုတ်ကုန်လုပ်ငန်းမှာ ယခုနှစ်တွင် ၂၀ ရာခိုင်နှုန်းတိုးလာရာ ပြည်တွင်းထုတ်လုပ်မှုနှစ်စဉ် တိုးတက်နှုန်း ၆ ရာခိုင်နှုန်း ရရှိစေမည်ဖြစ်သည်။ ယခင်နှစ်က နှစ်ရာခိုင်နှုန်းသာရှိခဲ့သည်။ လာမည့်ဇူလိုင်လမှ စတင်သော စတုတ္ထငါးနှစ် စီမံကိန်းကာလအတွင်း နှစ်စဉ်ပျမ်းမျှ တိုးတက်နှုန်း ၅ ရာခိုင်နှုန်း ရှိမည်ဟု တွက်ဆထားသည်။

ကျဆင်းနေသော စီးပွားရေး ပြဿနာ များကို ဖြေရှင်းရန် ကမ္ဘာ့ဘဏ်မှ ဒေါ်လာ ၂၇၅ ဒသမ ၃ သန်း ရရှိမည်ဟု ဘင်္ဂလားဒေ့ရှ်နိုင်ငံက မျှော်မှန်းထားသည်။ ဧပြီလဆန်းတွင် ဝါရှင်တန်မှ ပြန်ရောက်လာသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘဏ္ဍာရေးအဖွဲ့သည် ဒေါ်လာ ၁၇၅ သန်း ရရှိရေးအတွက် ကမ္ဘာ့ဘဏ် အရာရှိများနှင့် စေ့စပ်ဆွေးနွေးခဲ့ကြသည်။ နှစ်စဉ် ဒေါ်လာသန်း ၂၅၀ ရရှိရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ကြိုးပမ်းခဲ့သည်။ ဧပြီလ တတိယပတ်ထွင် ပါရီမြို့၌ကျင်းပသော ကမ္ဘာ့ဘဏ်ကြီးမှူးသည့် အလှူရှင်များ အစည်းအဝေးက လာမည့် ဇူလိုင်လ၌ စတင်သော ၁၉၉၀–၉၁ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် အကူအညီ ဒေါ်လာ ၁ ဒသမ ဂ ဘီလီယံပေးရန် ကတိပြုလိုက်သည်။ ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံပေးရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံက တောင်းဆိုထားသည်။ ၁၉၈၉–၉၀ ခုနှစ်ကလည်း ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံပေးရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံအား ကတိပြုခဲ့ရာ ဇွန်လကုန်တွင် ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံထက် မကျော်လွန်သော ငွေပမာဏကို သုံးရသေးသည်။

ဘင်္ဂလားဒေ့ရှ် အမျိုးသမီးများနှင့် ကလေးများကို ပြည်ပ၌ ရောင်းစားရန် ခိုးထုတ်နေသော ဂိုဏ်းအား ဖိုခွင်းရန် သမ္မတအာရှက်က ဧပြီလ ၁၈ ရက်နေ့တွင် အမိန့်ပေးခဲ့သည်။ ဒါကာမြို့ ဟော်တယ်တစ်ခုမှ ရဲအဖွဲ့က ကယ်ဆယ်ထားခဲ့သော အမျိုးသမီးနှင့် ကလေး ၁၅ ဦးထံသွားရောက်ကြည့်ရှုပြီးနောက် အာရှက်က ယင်းအမိန့်ကို ထုတ်ပြန်ခဲ့သည်။ နိုင်ငံမှ ယင်းအမျိုးသမီးများကို ခိုးထုတ်ရန် ကြံရွယ်ကြောင်း ဝန်ခံသူ ခြောက်ဦးအား ရဲအဖွဲ့က ဖမ်းဆီးခဲ့သည်။ လူသားများအား ခိုးထုတ်ရာတွင် ပါဝင်သော ဂိုဏ်းများအား ခြေရာခံရန် အထူးရဲအဖွဲ့များ ဖွဲ့စည်းရန် ပြည်ထဲရေး ဝန်ကြီးဌာနအား သမ္မတအာရှက်က အမိန့်ပေးခဲ့သည်။ အလုပ်ရှာဖွေရေးအတွက် နှစ်စဉ် တရားမဝင် နိုင်ငံမှထွက်ခွာသူ ဘင်္ဂလားဒေ့ရှ်လူမျိုး ၅၀၀၀ ခန့် ရှိနေသည်။

၎မလဆန်းပိုင်းတွင် အစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်းရာ၌ အငြိမ်းစား တရားသူကြီးတစ်ဦး အပါအဝင် ဝန်ကြီးသစ် လေးဦးကို သမ္မတအာရှက်က ခန့်အပ်လိုက်သည်။ ဘတ်ဂျက် ဆွေးနွေးရေးအတွက် ပါလီမန် စည်းဝေးပွဲ မကျင်းပမီ သုံးရက်အလိုတွင် သူ၏ အစိုးရအဖွဲ့ကို အာရှက်က ပြင်ဆင်ဖွဲ့စည်းလိုက်ခြင်း ဖြစ်သည်။ နိုင်ငံ၏ချွတ်ခြုံကျနေသော စီးပွားရေးကို ကယ်တင်ရန် အစိုးရက အကောက်ခွန် တိုးမြှင့်ကောက်ခံရန် ကြံရွယ်

ထား သည်။ အ တတ် ပ ညာ ရှင် များ နှင့် နိုင်ငံ ရေး သမား များ ပေါင်း စပ် ထား သော အ စိုး ရ အ ဖွဲ့ ကို အာရှတ်ကစီစဉ် ထား ကြောင်း သ မ္မ တ လက် ထောက် တစ်ဦး က ပြော ကြား သည်။

လာမည့်နှစ်တွင် ကျင်းပရန်ရှိသော ရွေးကောက်ပွဲ များ၌ ငါးနှစ်သက်တမ်းကို မိမိအနိုင်ရရှိအောင် ကြိုးပမ်း မည် ဖြစ်ကြောင်း လွှန်ခဲ့သော ရှစ်နှစ်ကျော်က စစ်တပ် ဖြင့် အာဏာသိမ်းယူခဲ့သော ဘင်္ဂလားဒေ့ရှ် သမ္မတ ဟူစိန်မိုဟမ္မက်အာ ရှတ်က မေလ ၂၃ ရက် နေ့ တွင် ပြော ကြား ခဲ့သည်။ ၁၉၇၆ ခုနှစ် သမ္မတ ရွေးကောက် ပွဲတွင် အာရှတ်အနိုင်ရရှိခဲ့ရာ အတိုက်အခံနိုင်ငံရေးပါတီ များက ထို ရွေးကောက်ပွဲကို သပိတ် မှောက်ခဲ့ သည်။ သမ္မတမှာ ရွေးကောက်ပွဲတွင် မဲကို မသမာသောနည်းဖြင့် ရကြောင်း အတိုက်အခံများက စွပ်စွဲကြသည်။ သမ္မတ အာရှတ် ရာထူးမှ ဆင်းပေးပြီး အိမ်စောင့် အ စိုး ရ က တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပပေးရန် အတိုက်အခံ ပါတီများက တောင်းဆိုသည်။ သမ္မတ ရွေးကောက်ပွဲမတိုင်မီ ပါလီမန် ရွေးကောက်ပွဲ ကျင်းပ ပေးရန်ကိုလည်း အတိုက်အခံတို့က လိုလားကြသည်။ တောင်းဆိုချက် နှစ်ခုစလုံးကို အာရှတ်ကပယ်ချခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နိုဝင်ဘာလအတွင်းက ဆူပူမှု များ ဖြစ်ပွားခဲ့ပြီး လူထုအုံကြွမှု ကြီးထွားလာသဖြင့် သမ္မတအာရှတ် နုတ်ထွက်ပေးခဲ့ရပြီး လွှတ်တော်တရားသူ ကြီးချုပ် ရှဟာဘတ်ဒင်အာမက် သမ္မတ ဖြစ်လာခဲ့သည်။

မလေးရှားနိုင်ငံ။ ။ ၁၉၇၆ ခုနှစ်တွင် မလေးရှား ဝန်ကြီးချုပ် တုန်ဟာဂျီအဗ္ဗဒူရာဇတ် ကွယ်လွန်သော အခါ ဒါတုတ်ဟူစိန်အွန်းသည် ဝန်ကြီးချုပ် ဖြစ်လာခဲ့ သည်။ တဖန် ၁၉၈၁ ခုနှစ် မေလတွင် ဝန်ကြီးချုပ် ရာထူးမှ စွန့်လွှတ်ကြောင်း ဒါတုတ်ဟူစိန်အွန်းက ကြေညာခဲ့ပြီးသည့်နောက် ထိုနှစ် ဇူလိုင်လတွင်ဒေါက်တာ မဟာသီယာမိုဟာမက်သည် ဝန်ကြီးချုပ်အဖြစ် ကျမ်း သစ္စာ ကျိန်ဆိုခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၂ – စာ၊ ၂၅၄၊ ၂၅၅ — ရှု။) မဟာသီယာအနေဖြင့် လက်ရှိ အချိန်အထိ ဝန်ကြီးချုပ်သက်တမ်း ကိုးနှစ် ကြာမြင့်ခဲ့ပြီ ဖြစ်သည်။

မလေးရှားနိုင်ငံသည် ပြည်တွင်းလုံခြုံရေးအက်ဥပဒေ နှင့် ရုံးတင်စစ်ဆေးခြင်းမရှိဘဲ ထိန်းသိမ်းထားခွင့်ပြုသည့် အခြားဥပဒေများကို အကန့်အသတ်မရှိ ဆက်လက်ကျင့် သုံးသွားမည်ဖြစ်ကြောင်း ဇန်နဝါရီလ ၂၅ ရက်နေ့ထုတ် မလေးရှားသတင်းစာများတွင် ဖော်ပြသည်။

ဝန်ကြီးချုပ် မဟာသီယာမိုဟာမက် စတင်တာဝန် ထမ်းဆောင်သည့် ၁၉၈၁ ခုနှစ် ဇူလိုင်လတွင် ပြည်တွင်း လုံခြုံရေးအက်ဥပဒေအရ ရုံးတင်စစ်ဆေးခြင်းမပြုဘဲ ထိန်းသိမ်းထားသူပေါင်း ၅၅၀ ဦးခန့် ရှိခဲ့သည်။ ယခု အခါ ယင်းသို့ထိန်းသိမ်းထားသူ ၅၅ ဦးခန့်သာ ကျန်တော့သည်။ အဆိုပါဥပဒေကို ဖြုတ်သျှဘ်လိုနီခေတ် အုပ်ချုပ်ရေးအဖွဲ့က ၁၉၄၈ ခုနှစ် ကွန်မြူနစ်ပြောက်ကျား လှုပ်ရှားမှုများအား တားဆီးရန် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။

ဥရောပဘုံစျေးအဖွဲ့နှင့် အာစီယံ နိုင်ငံခြားရေးဝန် ကြီးများ အစည်းအဝေးကို ဖေဖော်ဝါရီလ ၁၆ ရက်နေ့ တွင် မလေးရှားနိုင်ငံအရှေ့ပိုင်း ဘော်နီယိုကျွန်းရှိ ကူချင်း မြို့၌ စတင်ကျင်းပခဲ့သည်။ အဆိုပါ အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် မလေးရှားဝန်ကြီးချုပ် မဟာသီယာ မိုဟာမက်က ဥရောပမှရင်းနှီးမြှုပ်နှံသူများသည် ၎င်းတို့ ၏ငွေကြေးများကို ဥရောပနှင့် မြောက်အမေရိကခွဲသာ ရင်းနှီးမြှုပ်နှံလိုကြဆဲဖြစ်ကြောင်းနှင့် ဥရောပတွင် နိုင်ငံ ရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲနေခြင်းသည် ဖွံ့ဖြိုး ဆဲ နိုင်ငံများအဖို့ အခက်အခဲ အကျပ်အတည်းများနှင့် တွေ့ကြုံလာနိုင်ကြောင်းဖြင့် ပြောကြားခဲ့သည်။

ထိုင်းပင်လယ်ကွေ့တွင် ဖက်စပ် ရေနံရှာဖွေရေး အတွက် ဒေသတစ်ခု ထူထောင်ရန် ဆယ်နှစ်ကြာမျှ စေ့စပ်ဆွေးနွေးခဲ့ကြပြီးနောက် မလေးရှားနှင့် ထိုင်း နိုင်ငံတို့ စည်းကမ်းချက်အားလုံးအပေါ် သဘောတူညီမှု ရရှိခဲ့ကြကြောင်း မလေးရှားအမျိုးသားသတင်းဌာနက ဖေဖြော်လ ၂၃ ရက်နေ့တွင် ကွာလာလမ်ပူမြို့၌ ကြေညာ ခဲ့သည်။ သူပိုင်ငါပိုင် နှစ်ဖက်စလုံး အငြင်းပွားနေ သော ဒေသတစ်ခုတွင် ရေနံရှာဖွေရန် ဖက်စပ်လုပ်ငန်း ထူထောင်နိုင်ခြင်းမှာ ကမ္ဘာတွင် ပထမဆုံးဖြစ်သည်။ ထိုင်းနိုင်ငံတောင်ပိုင်းရှိ ပတ္တယားဒေသသို့ မလေးရှား ဝန်ကြီးချုပ် မဟာသီယာ သွားရောက်ကြည့်ရှု၍ နောက်ဆုံးသဘောတူညီချက် လက်မှတ် ရေးထိုးခဲ့သည်။

လက်ခံရန် အကောင်းဆုံး ဖြစ်သည်ဟု သဘောရှိ လျှင် ဖိလစ်ပိုင် နိုင်ငံအတွင်းရှိ အမေရိကန် စစ်စခန်း များကို မလေးရှားနိုင်ငံက လက်ခံနိုင်ကြောင်း မေလ ၁၅ ရက်နေ့တွင် မလေးရှား ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။ ဒေသအတွင်း၌ ငြိမ်းချမ်းရေး၊ လွတ်လပ်ခွင့်နှင့် ကြားနေရေးဆိုင်ရာ ဒေသသဘော ထားကို အရှေ့တောင်အာရှနိုင်ငံများအဖွဲ့က လိုလား ခဲ့ကြသည်။ အာစီယံအဖွဲ့ဝင်နိုင်ငံများမှာ မလေးရှား၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ထိုင်း၊ စင်ကာပူနှင့် ဘရူနိုင်း တို့ဖြစ်ကြသည်။ ဖိလစ်ပိုင်ရှိ အမေရိကန် စစ်စခန်း ခြောက်ခု၏ အနာဂတ်နှင့် ပတ်သက်၍ အမေရိကန်



မလေးရှားဝန်ကြီးချုပ် မဟာသီယာ မိုဟာမက်ဘား ညွှန်ခဲ့တစ်ခုတွင် တွေ့ရစဉ်

ပြည်ထောင်စုနှင့် ဖိလစ်ပိုင်တို့ မေလ ၁၄ ရက်နေ့တွင် ဆွေးနွေးပွဲ ဖွင့်လှစ်ခဲ့ကြသည်။ ၁၉၉၁ ခုနှစ်တွင် ယင်းစစ်စခန်းများ ငှားရမ်းထားသော သက်တမ်း ကုန်ဆုံးမည် ဖြစ်သည်။

မလေးလူမျိုးများအား အသာစီးပေး၍ လူမျိုး အလိုက် ခွဲတမ်းသတ်မှတ်မှုစနစ်ကို တဖြည်းဖြည်းဖျက် သိမ်းသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် မဟာသီယာ မိုဟာမက်က ဇွန်လ ၉ ရက်နေ့တွင် ကွာလာလမ်ပူ မြို့၌ ပြောကြားခဲ့သည်။ လူမျိုးအလိုက်ခွဲတမ်းသတ် မှတ်မှုစနစ် ဖျက်သိမ်းပစ်ရေးသည် အစိုးရ၏အပြီးသတ် ရည်မှန်းချက်ပင်ဖြစ်ကြောင်း၊ သို့သော် ယင်းသို့မဆောင် ရွက်မီ အခြေးဒေသများနှင့် ယှဉ်ပါက အောက်ကျ နေသော ဒေသများကို တိုးတက်အောင် ဦးစွာဆောင် ရွက်ပေးရမည်ဖြစ်ကြောင်း နိုင်ငံရေးပါတီ ဆွေးနွေးပွဲ တစ်ရပ်အပြီး၌ ဝန်ကြီးချုပ် မဟာသီယာက သတင်း ထောက်များအား ပြောကြားသည်။ လူမျိုးအလိုက်ခွဲ ခြား၍ ခွဲတမ်းသတ်မှတ်မှုစနစ်အစား တရားမျှတမှုရှိ သော သာတူညီမျှစနစ်ကို အစားထိုးဆောင်ရွက်ပေး ရန် မလေးရှား ပြည်သူ့လွှတ်ရှားမှုပါတီ ဥက္ကဋ္ဌ လင်မ် ကစ်ယိတ်၏ တောင်းဆိုမှုအပေါ် မဟာသီယာက ထိုသို့ တုံ့ပြန် ပြောဆိုလိုက်ခြင်းဖြစ်သည်။ မလေးရှား၌ လူဦးရေ ၁၇ ဒသမ ဂ သန်း ရှိသည့်အနက် မလေး လူမျိုးများက ၅၅ ရာခိုင်နှုန်းရှိပြီး စီးပွားရေးအရ နိမ့်ကျသော်လည်း နိုင်ငံရေးအရ အဓိကနေရာ များ၌ နေရာရရှိနေကြသည်။ ၃၇ ရာခိုင်နှုန်း ရှိသော တရုတ်လူမျိုးများနှင့် အခြား အိန္ဒိယနွယ်ဖွား များတို့မှာမူ စီးပွားရေးအရ ရွေတန်း၌ရှိနေသော်လည်း နိုင်ငံရေးအဓိက နေရာရရှိမှု နည်းပါးနေသည်။

၁၉၆၉ ခုနှစ်တွင် မလေးနှင့် တရုတ်လူမျိုးတို့ အဓိကရုဏ်းဖြစ်ပွားခဲ့ရာ လူ ၅၀၀ ကျော် သေဆုံးခဲ့ ရသည်။ ယင်းသို့ဖြစ်ရခြင်းမှာ စီးပွားရေး၌ မည်မျှ မှုကြောင့် ဖြစ်ရသည်ဟု အစိုးရက ဆုံးဖြတ်ခဲ့သည်။ ယင်းသို့ အဓိကရုဏ်းဖြစ်ပွားပြီးနောက် သုံးနှစ်အကြာ တွင် အစိုးရက စီးပွားရေးမူဝါဒသစ်များ ချမှတ်ပြီး မလေးလူမျိုးများပို၍ စီးပွားရေးနေရာ ရရှိစေခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၃ – စာ၊ ၂၄၀ — ရှု။) ယင်း စီးပွားရေးမူဝါဒကို ယခုနှစ်တွင် ဖျက်သိမ်းပြီး ယခု ရေးဆွဲလျက်ရှိသော အစီအစဉ်သစ်ဖြင့် အစားထိုး ဆောင်ရွက်သွားမည်ဟု မဟာသီယာနှင့် အခြားး ခေါင်းဆောင်ပိုင်းက ပြောကြားသည်။

ဇွန်လ ၁၆ ရက်နေ့က ကွာလာလမ်ပူမြို့အမျိုးသား သတင်းစာဆရာများသမဂ္ဂ၏ နှစ်ပတ်လည်ညစာစားပွဲတွင် ဝန်ကြီးချုပ်မဟာသီယာမိုဟာမက်က နိုင်ငံခြားသတင်းစာများကို ပြစ်တင်ဝေဖန်ပြောကြားခဲ့သည်။ မလေးရှား ဥပဒေအရ စာပေထုတ်ဝေမှုအားလုံး လိုင်စင်ယူရပြီး နှစ်စဉ် အသစ်လဲရသည်။ အစိုးရသည် ပုံနှိပ်ရန်ခွင့်ပြုချက်ကို အချိန်မရွေးပယ်ဖျက်နိုင်ခွင့် ရှိသည်။ ၁၉၇၇ ခုနှစ် အောက်တိုဘာလတွင် မလေးတရုတ် အဓိကရုဏ်း အကြောင်းရေးသား၍ သတင်းစာအချို့ကို အစိုးရက ပိတ်ပင်ခဲ့ရပြီး နောင်အခါကျမှ ပြန်လည်ထုတ်ဝေခွင့် ပြုလိုက်သည်။

ဇွန်လ ၂၃ ရက်နေ့က ပါလီမန်၌ တင်သွင်းလိုက်သော ကမ်းလွန်ကုမ္ပဏီများ ဥပဒေအရ လာဘူယင်ကျန်းမှာ မလေးရှားနိုင်ငံ၏ ပထမဆုံး ကမ်းလွန်ဒေကြေးဌာန ဖြစ်လာတော့မည်ဖြစ်သည်။ ဘာဟာမားနှင့် ဟောင်ကောင်ကဲ့သို့ ယင်းကျန်းကိုကမ်းလွန်ဒေကြေးဌာနဖြစ်ရန် မလေးရှားအစိုးရက လိုလားသည်။ လာဘူယင်ကျန်းမှာ ကွာလာလမ်ပူမြို့၏အရှေ့ဘက် မိုင် ၈၆၀ အကွာတွင် တည်ရှိသည်။ ယင်းလုပ်ငန်းတွင် ကမ်းလွန်ဘဏ်လုပ်ငန်းများ၊ ကမ်းလွန်ကုန်သွယ်ရေးနှင့် ကုန်သွယ်ရေးမဟုတ်သော လုပ်ငန်းများ၊ ကမ်းလွန်အာမခံလုပ်ငန်းများ၊ နိုင်ငံစုံကမ်းလွန်ကုမ္ပဏီများစသည်တို့ပါဝင်မည် ဖြစ်သည်။

ဇူလိုင်လ ၃၀ ရက်နေ့တွင် ကျင်းပသော မလေးရှား တရုတ်လူမျိုးများအသင်း (အမ်စီအေ) ၏ နှစ်ပတ်လည် ညီလာခံဖွင့်ပွဲတွင် ဝန်ကြီးချုပ်မဟာသီယာ့က အခြားလူမျိုးများ၏အရေးပါမှုကို လူမျိုးတိုင်းကစဉ်းစားရမည် ဖြစ်ကြောင်းနှင့် အမြင်မကျယ်၍ သည်းခံမှုမရှိသူများ အနေဖြင့် အမျိုးသားညွှန်ပေါင်းအဖွဲ့၌ နေရာရရှိနိုင်မည် မဟုတ်ကြောင်းဖြင့် ပြောကြားခဲ့သည်။ မလေးရှား တိုင်းရင်းသားများအား မျက်နှာသာ ပေးထားသော သက်တမ်းအနှစ် ၂၀ ရှိ စီးပွားရေးမူဝါဒသစ်ကို တရုတ်လူမျိုးများက အလိုမရှိကြပေ။ ထို့ပြင် ယခုနှစ်တွင် သက်တမ်းကုန်ဆုံးမည့် အဆိုပါ စီးပွားရေးမူဝါဒသစ်ကို တရုတ်လူမျိုးများက ဆက်လက် မသုံးစွဲလိုတော့ချေ။ မလေးရှား – တရုတ်လူမျိုးများအသင်းမှာ မလေးရှား နိုင်ငံ၌ အကြီးဆုံးတရုတ်နိုင်ငံရေး ပါတီကြီးဖြစ်ပြီး အပြင် မဟာသီယာ၏ ၁၁ ပါတီညွှန်ပေါင်းအစိုးရအဖွဲ့တွင်လည်း အရေးပါသောပါတီကြီး ဖြစ်သည်။

အိုပက်အဖွဲ့ဝင်မဟုတ်သော နိုင်ငံများအနက် ဓနရှိ အဓိကထုတ်လုပ်သော မလေးရှားနိုင်ငံသည် ရေနံစိမ်းထုတ်လုပ်မှုကို တစ်နေ့လျှင်စည်ပေါင်း ၁၀,၀၀၀ တိုးမြှင့်မည်ဖြစ်ကြောင်း၊ ပင်လယ်ကွေ့ပြဿနာကြောင့် ရေနံဝယ်လိုအားတက်လာသည်ကို ဖြည့်ဆည်းရန် ယင်းသို့တိုးမြှင့်ခြင်းဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ် မဟာသီယာမိုဟာမက်၏ ပြောကြားချက်ကို အစိုးရသတင်းဌာန ဘာနာမားက ကြေညာသည်။ မလေးရှား၌ လက်ရှိ ရေနံထုတ်လုပ်မှု တစ်နေ့လျှင် စည်ပေါင်း ၅,၉၅,၀၀၀ အနက် ၄၁,၀၀၀ ကို ပြည်ပသို့တင်ပို့လျက် ရှိသည်။ မလေးရှားရေနံကို စင်ကာပူ၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံများသို့ အများဆုံးတင်ပို့သည်။ မလေးရှားအစိုးရအဖွဲ့က ရေနံထုတ်လုပ်မှုပမာဏကို တစ်နေ့လျှင်စည်ပေါင်း ၆,၀၅,၀၀၀ သို့ တိုးမြှင့်ရန် ဆုံးဖြတ်ထားသည်။

အီရတ်တပ်သားများက ဆအူးဒီ အာရေဗျနိုင်ငံသားများအား အန္တရာယ်ပြုခြင်းကိုကာကွယ်ရန် ကုလသမဂ္ဂအဖွဲ့က တောင်းဆိုလာလျှင် မလေးရှားနိုင်ငံက ဆအူးဒီအာရေဗျနိုင်ငံသို့ တပ်ဖွဲ့များ စေလွှတ်မည်ဖြစ်ကြောင်း ဩဂုတ်လ ၂၄ ရက်နေ့တွင် ဝန်ကြီးချုပ် မဟာသီယာမိုဟာမက်က ပြောကြားသည်။ နိုင်ငံကိုကာကွယ်ရန် မလေးရှားတပ်ဖွဲ့များရရှိရေးအတွက် ဆအူးဒီ အာရေဗျဘုရင်ဖတ်က ကွာလာလမ်ပူမြို့သို့ အထူးသံတမန်တစ်ဦးကို စေလွှတ်ခဲ့သည်။ မဟာသီယာ၏ ကြေညာချက်မှာ တောင်းဆိုချက်နှင့်ပတ်သက်၍ မလေးရှားနိုင်ငံ၏တုံ့ပြန်ချက်ကို ပထမဆုံး လူသိရှင်ကြား ထုတ်ဖော်ပြောကြားခြင်း ဖြစ်သည်။

မိမိခိုင်၊ ဒေါ် (ခရစ် ၁၉၁၆ – ၁၉၉၀) ။ ။ အင်္ဂလိပ်ဘာသာဖြင့် မြန်မာတို့၏ ဓလေ့ထုံးတမ်းစဉ်လာနှင့် ယဉ်ကျေးမှု၊ ယုံကြည်ကိုးကွယ်မှု၊ နေထိုင်စားသောက်ပုံ၊ မြန်မာတို့၏ အတွေးအခေါ် အယူအဆတို့အကြောင်းကို စာအုပ်များ ရေးသားခဲ့သော ဒေါ်မိမိခိုင်ကို ၁၉၁၆ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် သာယာဝတီခရိုင် မင်းလှမြို့၌ အဖ အရေးပိုင် ဦးချစ်ခိုင်နှင့် အမိ ဒေါ်မမကြီးတို့က မွေးဖွားသည်။ မူနဲ မြန်မာ ဗုဒ္ဓဘာသာဖြစ်သည်။

ဒေါ်မိမိခိုင်သည် ထိုအချိန်က ရန်ကုန်မြို့တွင် နာမည်အကြီးဆုံး မိန်းကလေးကျောင်းအဖြစ် လူသိများခဲ့သည့် ခရစ်ယာန် မယ်သီလရှင်တို့ ဦးစီး ဖွင့်လှစ်ထားသော St. John's Convent School ၌ ၁၀ တန်း အောင်သည်အထိ ပညာသင်ကြားခဲ့သည်။

ထို့နောက် ရန်ကုန်တက္ကသိုလ်၌ ပညာဆက်လက်သင်ကြားခဲ့ရာ ၁၉၃၇ ခုနှစ်တွင် ဝိဇ္ဇာဂုဏ်ထူးတန်းကို အင်္ဂလိပ်ဘာဖြင့် ပထမဆင့် (B . A, Honours English First Class) မှ အောင်မြင်ခဲ့သည်။ တက္ကသိုလ်တွင် ထိုနှစ်ကဖြေဆိုသည့် ဝိဇ္ဇာဂုဏ်ထူးတန်းတွင် အမှတ် အများဆုံးရ၍ ဦးဘိုးနှစ် ရွှေတံဆိပ်ဆုကိုလည်း ရန်ကုန် တက္ကသိုလ်



ဒေါ်မိမိခိုင်

ဘွဲ့နှင်းသဘင်တွင် ချီးမြှင့်ခြင်း ခံရသည်။ ထို့နောက် လန်ဒန်တက္ကသိုလ်၏ ဘုရင့်ကောလိပ်(King's College University of London)တွင် ပညာသင်အဖြစ် ဆက်လက် သင်ကြားခဲ့ရာ ၁၉၄၀ ပြည့်နှစ်တွင် သိပ္ပံဘွဲ့ကို အောင်မြင် ရရှိခဲ့ပြန်သည်။ အိမ်တွင်းမှုသိပ္ပံ(Domestic Science)ကို အထူး အလေးပေး လေ့လာခဲ့သည်။

ပညာသင်အဖြစ် အင်္ဂလန်သို့ သွားရောက်ပြီးနောက် ရန်ကုန်သို့ ၁၉၄၀ ပြည့်နှစ် နှောင်းပိုင်းတွင် ပြန်လည် ရောက်ရှိသောအခါ ရန်ကုန်တက္ကသိုလ်၏ ဆရာအတတ် သင်ကောလိပ် (Teacher Trainning College)(ယခု ပညာရေး တက္ကသိုလ်) တွင် ဘွဲ့လွန်ကျောင်းသူကျောင်း သား များအား စာသင်ကြားပို့ချပေးခဲ့သည်။ ထိုတီတိစီ ကောလိပ်တွင် ၁၉၄၂ ခုနှစ် ဒုတိယကမ္ဘာစစ်မီး မြန်မာ နိုင်ငံသို့ ကျရောက်လာသည်အထိ ကထိကအဖြစ် ဆောင် ရွက်ခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း အိန္ဒိယနိုင်ငံသို့ သွားရောက်နေထိုင်စဉ် ၁၉၄၂ ခုနှစ်မှ ၁၉၄၆ ခုနှစ်အထိ နယူးဒေလီမြို့ရှိ ဗြိတိသျှ ပြန်ကြားရေးဌာနတွင် လက် ထောက် သုတေသန အရာရှိအဖြစ် လုပ်ကိုင်ခဲ့သည်။

ဒေါ်မိမိခိုင်သည် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီး နောက် ၁၉၅၁ ခုနှစ်မှ ၁၉၆၃ ခုနှစ်အထိ တောင်ကြီးမြို့ ကမ္ဘာဇကောလိပ် (Kanbawsa College) တွင် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူ ထမ်းဆောင်ခဲ့သည်။ ကမ္ဘောဇကောလိပ်သည် ရှမ်းစော်ဘွားများ၏ သား သမီးများအတွက် စတင်တည်ထောင်ခဲ့သော ကျောင်း တစ်ကျောင်းဖြစ်ပြီး နောက်ပိုင်းတွင် ရှမ်းပြည်နယ်၌ အကျော်ကြားဆုံး အထက်တန်းကျောင်းကြီးဖြစ်သည်။ ထိုအချိန်က ကျောင်းသူကျောင်းသား ၇၀၀ ကျော် ရှိခဲ့ပြီး မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသား ဆရာ ဆရာမ ၂၂ ဦး ရှိသည်။

ကျောင်းအုပ်ကြီးအဖြစ်ဆောင်ရွက်စဉ် စာသင်ကြား ရေးကို ဝါသနာအလျောက် ကိုယ်တိုင်ပါဝင်သင်ကြားခဲ့ရာ အထက်တန်း ကျောင်းသူကျောင်းသားများအား မြန်မာ့ သမိုင်းကို တက္ကသိုလ် အဆင့်အထိ သင်ကြား ပို့ချပေးခဲ့ သည်။ ကမ္ဘောဇကောလိပ်ကို ပြည်သူပိုင်သိမ်းပြီးနောက် ကျောင်းအုပ်ကြီး ရာထူးမှ အငြိမ်းစား ယူခဲ့သည်။ ကျောင်းအုပ်ကြီးအဖြစ်မှ အငြိမ်းစားယူပြီးနောက် ၁၉၆၃ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ တောင်ကြီးမြို့၌နေပြီး ကလေး ငယ်များကို ပညာသင်ကြား ပြုစုပျိုးထောင်ပေးခဲ့သည်။

ထို့နောက် ၁၉၇၆ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ အမေရိ ကန်နိုင်ငံ မီချီကန် တက္ကသိုလ် တောင်အာရှနှင့် အရှေ့ တောင်အာရှ သုတေသနကျောင်း (University of Michigan, Center for South and Southeast Asian Studies)၌ ည့ွှတ်တဲ့ဖက် ပါမောက္ခ(Visiting Associate Professor)အဖြစ် သွားရောက်ဆောင်ရွက်ခဲ့သည်။ ထိုစဉ် မြန်မာနိုင်ငံအကြောင်း ဟောပြောခြင်း၊ စာအုပ်စာတမ်း ဆောင်းပါးများ ရေးသားခြင်းတို့ကို ပြုလုပ်ခဲ့သည်။ ထိုနှစ်နှစ်အတွင်း အာရှဆိုင်ရာ သုတေသနအသင်း (Association for Asian Studies) ၏ ဆွေးနွေးပဲ့ အားလုံးတွင် စာတမ်းများ ဖတ်ကြားခဲ့သည်။ ထို့အပြင် အမေရိကန်တက္ကသိုလ်များတွင်လည်း မြန်မာ့ယဉ်ကျေးမှု၊ စာပေ၊ သမိုင်းအကြောင်း လှည့်လည်ဟောပြောခဲ့သည်။

ဒေါ်မိမိခိုင်သည် ၁၉၇၄ ခုနှစ်မှ စ၍ မျက်စိမှုန်လာရာ ၁၉၇၇ ခုနှစ်ခန့်တွင် စာမဖတ်နိုင်သည့် အခြေအနေအထိ မျက်စိရောဂါ ခံစားခဲ့ရသည်။

ဒေါ်မိမိခိုင် အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြုစုခဲ့သော စာအုပ်များအနက် စစ်ပြီးခါစ အစောဆုံး ရေးသား ထုတ်ဝေသည့် မြန်မာမိသားစု(The Burmese Family) စာအုပ်မှာ အကျော်ကြားဆုံး စာအုပ်ဖြစ်သည်။ မိမိ၏ မိသားစု မိဘများနှင့် မိမိ၏ မောင်နှမများ၏ ဘဝ အတွေ့ အကြုံပေါ် အခြေခံပြီး မြန်မာ မိသားစုတို့၏ ဓလေ့ထုံးစံ၊ အဝတ်အစား၊ အစားအသောက်၊ သွားလာ နေထိုင်မှု စသည်တို့ကို ငယ်ရွယ်စဉ် ကလေးဘဝမှ ၁၉၄၂ ခုနှစ် စာရေးသူ အသက် ၂၅ နှစ်ကျော်ခန့်တွင် အိန္ဒိယသို့ စစ်ပြေးရန် သွားရောက်သည်အထိ ရေးသားထားသည်။ ထိုစာအုပ်ကို ၁၉၄၆ ခုနှစ်က ပထမအကြိမ် စတုတ်ပြီး ၁၉၅၆ ခုနှစ်တွင် ဒုတိယအကြိမ်အဖြစ်အိန္ဒိယနိုင်ငံ Orient Longmans မှ ပုံနှိပ် ထုတ်ဝေခဲ့သည်။ အကြိမ်ကြိမ် ထပ်မံပုံနှိပ်ရသော စာအုပ်ဖြစ်သည်။ ၁၉၆၂ ခုနှစ်တွင် အမေရိကန်နိုင်ငံ Indiana University Press က နိဒါန်း အသစ်များနှင့် ပုံနှိပ်ထုတ်ဝေခဲ့ပြန်သည်။

မြန်မာထမင်း ဟင်း ချက်ပြုတ်နည်းများနှင့် အတူ အစားအသောက်၊ အပြင်အဆင်၊ ထမင်းစားပွဲစသည်တို့

နှင့် ပတ်သက်၍ မြန်မာတို့၏ အယူအဆကို အင်္ဂလိပ်ဘာသာဖြင့် ပထမဆုံးအကြိမ် ပြည့်ပြည့်စုံစုံ ရေးသားထားသည့် Cook and Entertain the Burmese Way စာအုပ်ကို ၁၉၇၅ ခုနှစ်တွင် ရန်ကုန်၌ပင် စတင်ပုံနှိပ်ပြီး များမကြာမီ ဒုတိယအကြိမ် ပြန်လည် ပုံနှိပ်ရသည်။ ထိုစာအုပ်ကို ယခုအထိ ရန်ကုန်မြို့ရှိ ဟိုတယ်များ၊လေဆိပ်ရှိ မြန်မာ့ခရီးသွားလုပ်ငန်း ဆိုင်ရာများတွင် နိုင်ငံခြားခွင့်ဖြင့် ရောင်းချလျက်ရှိသည်။

ဒေါ်မိမိခိုင်၏ ခင်ပွန်းမှာ ကျိုင်းတုံ စော်ဘွား၏သားစောဆိုင်မိုင်းဖြစ်ပြီး ၁၉၄၀ ပြည့်နှစ်မှ ၁၉၆၂ ခုနှစ်အထိ ရှမ်းပြည်နယ် ပညာရေးအရာရှိချုပ် (Chief Education Officer Shan State) အဖြစ် အမှုထမ်းခဲ့သူ ဖြစ်သည်။

စာအုပ်စာပေများကို အင်္ဂလိပ်ဘာသာဖြင့် အများအားဖြင့် ရေးသားပြုစုခဲ့သူ ဒေါ်မိမိခိုင်သည် ၁၉၉၀ ပြည့်နှစ် မတ်လ ၁၅ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ခင်ပွန်းဖြစ်သူမှာ လွန်ခဲ့သည့် ၁၉၈၇ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့တွင် ကွယ်လွန်သွားပြီး ဖြစ်ရာ ဒေါ်မိမိခိုင် ကွယ်လွန်ချိန်တွင် သမီးနှစ်ယောက်၊ သားတစ်ယောက် ကျန်ရစ်သည်။

မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေး (မြန်မာနိုင်ငံ) (၁၉၉၀)

။ ။ လူသားများအား လူညှန့်တုံးစေသည့် မူးယစ်ဆေးဝါးများတွင် ဘိန်းဖြူသည် အန္တရာယ် အကြီးမားဆုံး ဖြစ်သည်။ ဘိန်းဖြူသည် ၁၉၇၀ ပြည့်လွန်နှစ်များမှစ၍ မြန်မာနိုင်ငံ အတွင်းသို့ ချင်းနင်း ဝင်ရောက်လာခဲ့ရာ ဘိန်းဖြူအပါအဝင် မူးယစ်ဆေးဝါးများ၏ အန္တရာယ်ကို တားဆီးကာကွယ် နှိမ်နင်းနိုင်ရေးအတွက် ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေကို ၁၉၇၄ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။ ထို ဥပဒေတွင် မူးယစ်ဆေးဝါးများနှင့် ပတ်သက်၍ စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လဲ့ပြောင်းခြင်း၊ ရောင်းချခြင်းတို့ကို တားမြစ်ပြီး ဥပဒေချိုးဖောက် သူများကို အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်မှ အများဆုံး သေဒဏ်အထိ အပြစ်ပေးနိုင်သည်။ ထို့ပြင် မူးယစ်ဆေးဝါးသုံးသူများသည် နိုင်ငံတော်က သတ်မှတ်ထားသော ဌာနများတွင် သွားရောက် မှတ်ပုံတင်၍ ဆေးဝါးကုသမှုခံယူရမည်ဖြစ်ပြီး ပျက်ကွက်ပါက အရေးယူခံရမည်ဖြစ်သည်။ ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေကို ၁၉၇၃ ခုနှစ်နှင့် ၁၉၈၈ ခုနှစ်တို့တွင် ထပ်မံ ပြင်ဆင် ဖြည့်စွက် ပြဋ္ဌာန်းခဲ့သည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းကို အမျိုးသားရေး အမြင်ဖြင့် တမျိုးသားလုံး ပါဝင်လှုပ်ရှား ဆောင်ရွက်နိုင်ရန် ၁၉၇၅ ခုနှစ်တွင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် ပြင်ဆင်ဖွဲ့စည်း ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် တားဆီးနှိမ်နင်းရေး၊ အစားထိုးစိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆေးဝါးကုသရေး၊ ပြန်လည် ထူထောင်ရေး၊ ပညာရေးနှင့် ကျန်းမာရေး လုပ်ငန်းများကို လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းပြီး မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းများကို နိုင်ငံတစ်ဝန်းလုံး ကျယ်ပြန့်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ကုလသမဂ္ဂ–မြန်မာ ပူးပေါင်းဆောင်ရွက်မှု

မြန်မာနိုင်ငံ မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းအတွက် ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံ အစိုးရတို့သည် ၁၉၇၆ ခုနှစ်မှစ၍ ငါးနှစ်စီသက်တမ်းရှိသော စာချုပ် သုံးကြိမ်ချုပ်ဆိုပြီး ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်သည် တတိယအကြိမ် စာချုပ်ပါကာလဖြစ်သည့် ၁၉၈၆ ခုနှစ်မှ ၁၉၉၁ ခုနှစ်ကာလအတွင်း အကျုံးဝင်လျက်ရှိသည်။ စာချုပ် သုံးကြိမ်အတွက် ကုလသမဂ္ဂမှ အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၅ သန်း၊ မြန်မာနိုင်ငံအစိုးရမှ ကျပ် ၂၀၁ ဒသမ ၇၉ သန်း ငွေကြေးပူးပေါင်း ထည့်ဝင်ခဲ့သည်။ ကုလသမဂ္ဂ – မြန်မာ မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေး အစီအစဉ်တွင် မူးယစ်ဆေးဝါး တရားမဝင်စိုက်ပျိုးထုတ်လုပ်မှု၊ တရားမဝင်မှောင်ခိုရောင်းဝယ်မှုများကို တိုက်ဖျက်ရန်၊ ဆေးဝါးအတွက် မဟုတ်သော် မူးယစ်ဆေးဝါးထုတ်လုပ် ဖြန့်ဖြူးသုံးစွဲခြင်းမှ ကာကွယ်ရန်၊ မူးယစ်ဆေးစွဲသူများကို ဆေးဝါးကုသ၍ ပြန်လည် ထူထောင်ပေးရန်၊ ဝေးလံခေါင်းပါးဒေသရှိ လူများ မူးယစ်ဆေးဝါးအပေါ် မှီခိုမှုမှ ကင်းလွတ်၍ အခြားနည်းဖြင့် လူနေမှုအဆင့်အတန်း မြင့်မားစေရန်ဟူသော အဓိကရည်မှန်းချက် လေးရပ်နှင့် ဥပဒေပြဋ္ဌာန်း ကျင့်သုံးရေး၊ လယ်ယာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ လူမှုဝန်ထမ်း၊ ပညာရေး၊ ပြန်ကြားရေး စသည့် အဓိက ကဏ္ဍကြီး ခုနစ်ရပ်တို့ပါရှိသည်။ အဓိကရည်မှန်းချက်၊ ကဏ္ဍများနှင့်အညီ ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံ အစိုးရတို့ ပူးပေါင်း၍ အစားထိုးစိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆေးဝါးကုသရေး၊ ပြန်လည်ထူထောင်ရေး၊ ပညာပေးရေး၊ ပြန်ကြားရေး တားဆီး နှိမ်နင်းရေး၊ ဘိန်းပင်နှင့် ဆေးခြောက်ခင်းများ ဖျက်ဆီးရေး၊ မူးယစ်

ဆေးဝါးဖမ်းဆီးရေး၊ ဘိန်းချက်စခန်းများ ဖျက်ဆီးရေး စသည့်လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ဤကာလ များအတွင်း အစားထိုးသီးနှံ ၁,၆၃,၀၉၁ ကေကို ဘိန်း ဖျက်ခံ ဒေသများတွင် စိုက်ပျိုးနိုင်ခဲ့ပြီး မွေးမြူရေး တိရစ္ဆာန်များ ဖြန့်ဖြူး ပေးခဲ့သည်။ မူးယစ်ဆေးစွဲသူ ၃,၅၀၀ ကျော်ကို ဆေးရုံခြောက်ခုနှင့် ဆေးကုသဆောင် ၁၉ ခု ဖွင့်လှစ် ကုသပေးခဲ့ပြီး ဆေးကုသ ပေးပြီးသူ ၃,၂၀၀ ကျော်ကို အသက်မွေးဝမ်းကြောင်းနှင့် ကိုယ် ခန္ဓာ သန့်စင်ရေးသင်တန်းများ ပေးခဲ့သည်။ ကျောင်း သားလူငယ်များ မူးယစ်ဆေးဝါး အသိပညာရရှိစေရေး အတွက် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ပြပွဲများ၊ စာစီစာကုံး၊ ကဗျာ၊ ပန်ချီ၊ ပိုစတာ၊ ကာတွန်းပြိုင်ပွဲများ၊ ဟောပြောပွဲများ ကျင်းပပေးခဲ့ သည်။ မူးယစ်ဆေးဝါး အန္တရာယ် အသိဉာဏ်ပေးခြင်း ဆိုင်ရာစာအုပ်စာတမ်း၊ ပိုစတာ၊ လက်ကမ်း စာစောင် များကို ပြည်သူလူထုအတွင်း ဖြန့်ဖြူးပေးခဲ့သည်။ ထို့ပြင် နေ့စဉ်ထုတ် သတင်းစာများ၊ မဂ္ဂဇင်းစာစောင်များ၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ ရုပ်ရှင်တို့ဖြင့် မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ ပြန်ကြားရေး လုပ်ငန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက် ခဲ့သည်။

ကုလသမဂ္ဂ–မြန်မာ မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေး အစီအစဉ်ဖြင့် မြန်မာ လေ့လာ ရေး ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီလ ၃ ရက် နေ့တွင် နော်ဝေနိုင်ငံနှင့် ဆွီဒင်နိုင်ငံသို့ လည်းကောင်း၊ မြန်မာ ပညာရေးကိုယ်စားလှယ် အဖွဲ့နှင့် ပြန်ကြားရေး ကိုယ်စားလှယ် အဖွဲ့သည် ဖြေလ ၁၄ ရက် နေ့ တွင် ဟောင်ကောင်၊ ထိုင်းနှင့် မလေးရှား နိုင်ငံ သို့ လည်း ကောင်း သွားရောက်၍ မူးယစ်ဆေးဝါး အန္တရာယ် တားဆီး ကာကွယ်ရေး လုပ်ငန်း များ ကို လေ့ လာ ခဲ့သည်။

တားဆီး နှိမ်နင်းမှု

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ် ခြင်းနှင့် သယ်ယူ ဖြန့်ဖြူး ရောင်းချခြင်း လုပ်ငန်းများ ကို သောင်းကျန်းသူများက စီမံလုပ်ကိုင်လျက် ရှိခြင်း ကြောင့် တပ်မတော်နှင့် ပြည် သူ ရဲ တပ် ဖွဲ့ တို့ သည် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းမှုတွင် အရေးကြီးသော ကဏ္ဍမှ ထိထိရောက်ရောက် ပါဝင်ခဲ့သည်။ တပ်မတော် နှင့် ပြည်သူရဲတပ်ဖွဲ့တို့သည် ဒေသခံ တိုင်းရင်းသား များ၊ တာဝန်သိ ပြည်သူများနှင့် ပူး ပေါင်း လျက် မူးယစ်ဆေးဝါး တားဆီး နှိမ်နင်း မှု နှင့် ဖော် ထုတ်

မူးယစ်ဆေးဝါးများအား မီးရှို့ဖျက်ဆီးနေပုံ

ဖင်ဆီဒိုင်းဆေးရည် ပုလင်းများကို ဤသို့ ဖျက်ဆီးခဲ့သည်။

အရေးယူမှုများကို အစွမ်းကုန် ကြိုးပမ်း ဆောင် ရွက် လျက် ရှိသည်။

မူးယစ်ဆေးဝါး စိုက်ပျိုး ထုတ်လုပ် ရောင်း ဝယ် မှု လုပ်ငန်းများ လုပ်ကိုင် နေသော သောင်းကျန်းသူများ ကို ၁၉၇၅ ခုနှစ်မှစ၍ တပ်မတော်က စစ်ဆင်ရေးများနှင့် တိုက်ခိုက်ခဲ့သည်။ အဓိက စစ်ဆင် ရေးမှာ မိုး ဟိန်း စစ်ဆင်ရေး ဖြစ်ပြီး ၁၉၈၈ ခုနှစ် အ ထိ အ ဆင့် ၁၂ ဆင့် ဆင်နွှဲ တိုက်ခိုက်ခဲ့သည်။ မိုးဟိန်း စစ် ဆင် ရေးများ အပါအဝင် အ ခြား စစ်ဆင်ရေးများကြောင့် ၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၃ ရက် နေ့ အ ထိ တပ်မတော်မှ ဘိန်း ၇,၂၁၆ ကီလို၊ ဘိန်းညို ၅၃၈ ကီလို၊ ဘိန်းဖြူ ၂၂၄ ကီလိုနှင့် အက်စစ်တစ် အင်ဟိုက် ဒရိုက် ၂၅၇ ဂါလံ ဖမ်းမိခဲ့သည်။ ထို့ပြင် ဘိန်း ချက် စက်ရုံများ၊ ဘိန်းစိုက်ခင်းများကို ဖျက် ဆီး နိုင် ခဲ့ ပြီး ဘိန်းချက်ကိရိယာများ၊ ဓာတု ဗေ ဒ ဆေး ရည် များ၊ လက်နက်ခဲယမ်းများကိုလည်း သိမ်းဆည်း ရမိခဲ့သည်။ ဘိန်း ခင်း များ ကို လူ အင် အား ဖြင့် လည်း ကောင်း၊ လေ ယာဉ် နှင့် ဆေး ဖျန်း ခြင်း ဖြင့် လည်း ကောင်း၊ ၂,၀၇,၆၇၂ ကေ ဖျက်ဆီးနိုင်ခဲ့ခြင်းကြောင့် မြန်မာငွေ ကျပ် ၅၄၀ ကုဋေ၊ အမေရိကန် ဒေါ်လာ ဂ၁ ကုဋေ တန်ဖိုးရှိ ဘိန်း ၉၁၃ တန် (ဘိန်းဖြူ ၉၁ တန်) မထုတ် လုပ်နိုင်အောင် ဟန့်တားနိုင်ခဲ့သည်။ ဆေးခြောက် ၁၀,၂၇၂ တန် ဖျက်ဆီးနိုင်ခဲ့ခြင်းကြောင့် မြန်မာငွေ ကျပ် ၁,၀၂၇ ကုဋေ၊ အမေရိကန်ဒေါ်လာ ၁၅၅ ကုဋေ ဖိုး မထုတ်လုပ်နိုင်အောင် ဟန့်တားနိုင်ခဲ့သည်။

ပြည်သူရဲတပ်ဖွဲ့ကလည်း ၁၉၈၅ ခုနှစ်တွင် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ ကျိုင်းတုံ၊ လားရှိုး မူး ယစ် အထူးအဖွဲ့ ငါးဖွဲ့၊ ၁၉၈၈ ခုနှစ်တွင် မုံရွာ၊ ကသာ၊ ကလေး၊ မူးယစ်အထူးအဖွဲ့ သုံးဖွဲ့၊ ၁၉၈၉ ခုနှစ်တွင် မြစ်ကြီးနား၊ မင်္ဂလာဒုံလေဆိပ်၊ စစ်တွေ၊ မြိတ်၊ မူးယစ် အထူးအဖွဲ့လေးဖွဲ့နှင့် ၁၉၉၀ ပြည့်နှစ်တွင် ပုသိမ်၊ မော်လမြိုင် မူးယစ်အထူးအဖွဲ့ နှစ်ဖွဲ့ စုစုပေါင်း မူးယစ် အထူး အဖွဲ့ ၁၄ ဖွဲ့ ဖွဲ့စည်းပြီး မူး ယစ် ဆေး ဝါး သယ် ယူ ရောင်းဝယ်မှုများကို ထိရောက်စွာ ဖော် ထုတ် ဖမ်း ဆီး အရေးယူနိုင်ခဲ့သည်။ ၁၉၇၄ ခုနှစ်မှ ၁၉၈၉ ခုနှစ် အထိ ဘိန်း ၂၀,၇၄၂ မူနှင့် ၅၀,၁၄၁ ကီလို၊ ဘိန်းညို ၅၃ မူနှင့် ၁,၀၉၁ ကီလို၊ ဘိန်းဖြူ ၁၂,၈၆၁ မူနှင့် ၃,၀၃၃ ကီလို၊ ဆေးခြောက် ၆,၈၄၇ မူ နှင့် ၁,၅၁,၇၃၄ ကီလို တို့ကို ဖမ်းဆီး အရေးယူခဲ့ရာ တန်ဖိုးအားဖြင့် မြန်မာငွေ ကျပ် ၁၄၅ ကုဋေ၊ အမေရိကန် ဒေါ်လာ ၂၂ ကုဋေ ရှိသည်။ ၁၉၈၉ ခုနှစ် နှစ်ဦးပိုင်းမှစ၍ ရဲမင်း အောင် စစ် ဆင် ရေးကို ဒေသခံ ပြည် သူ များ၊ တပ်မတော် သား များ၊

နယ်မြေ ပြည် သူ ရဲ တပ်ဖွဲ့ဝင်များနှင့် ပူး ပေါင်း ဆောင် ရွက်ခဲ့သည်။ ရဲမင်းအောင် စစ်ဆင် ရေး အဆင့် ၁ မှ ၄ အထိ ဘိန်းဖြူ ကီလို ၁၇၀ ကျော်၊ ဘိန်း ကီ လို ၄၀၀ ကျော်၊ ဆေးခြောက်ကီလို ၅၀ ကျော်နှင့် ဖင် ဆီ ဒိုင်း ဆေးရည် လစ်တာ ၂,၃၀၀ ကျော် ဖမ်းဆီး ရမိ ခဲ့သည်။

၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလမှ ဇွန်လ ၁၅ ရက်နေ့ အထိ ဘိန်းဖြူ ဂဝ၁ မှုနှင့် ၉၁ ဒသမ ၉၉၄ ကီ လို၊ ဘိန်း ၃၄၆ မှုနှင့် ၄၆၈ ဒသမ ၄၀၉ ကီလို၊ ဆေးခြောက် ၃၃၄ မှုနှင့် ၃၆၉ ဒသမ ၉၁၄ ကီလို၊ ဖင်ဆီ ဒိုင်း ဆေး ရည် ၁၁၉ မှုနှင့် ၉၅၄ ဒသမ ၁ လစ်တာ၊ ဘိန်း ညှို နှစ်မှုနှင့် ၄ ဒသမ ဝဝ၇ ကီလို၊ မက်သာကွာလုံး ဆေးပြား လေးမှုနှင့် ဆေး ပြား ၄၂၅ ပြား၊ မော် ဖင်း ထိုးဆေး တစ်မှုနှင့် ဆေးပုလင်း ၂၄၅ ပုလင်း၊ တရုတ် ချောင်းဆိုး ပျောက်ဆေးပြား တစ်မှုနှင့် ဆေးပြား ၂၄,ဝဝဝ တို့ ကို ဖမ်း ဆီး အရေးယူခဲ့ ရာ တန် ဖိုး အား ဖြင့် မြန် မာ ငွေ ကျပ် ၃၇ သန်း ကျော်၊ အမေရိကန် ဒေါ် လာ ၅ ဒသမ ၆ သန်းကျော် ရှိသည်။ ထို့ပြင် ရှမ်းပြည်နယ်နှင့် ချင်းပြည် နယ်တွင် ဘိန်း စိုက် ခင်း ၁၂၁ ဒသမ ၃၆ ဧက ကို ဖျက်ဆီးနိုင်ခဲ့သည်။ ဇူလိုင်လ ၁ ရက်နေ့ မှစ၍ ရဲ မင်း အောင်စစ်ဆင်ရေး အဆင့် ၅ ကို ဆက်လက် ဆောင်ရွက် ခဲ့ရာ လားရှိုး မူးယစ်အထူးအဖွဲ့မှ ဇူလိုင်လ ၁၆ ရက် နေ့တွင် ဘိန်းဖြူ ၁၄ ဒသမ ၂၀၅ ကီလို၊ ကာလတန်ဖိုး ကျပ် ၄၂ သိန်းကျော်ဖိုး ဖမ်းဆီးရမိခဲ့သည်။ ဇူလိုင်လ ၁ ရက်နေ့မှ ၁၆ ရက်နေ့အထိ လားရှိုး မူးယစ် အထူး အဖွဲ့မှ ဘိန်းဖြူ ၂၈ မှုနှင့် ၂၈ ဒသမ ၅၃၄ ကီလို၊ ဘိန်းစိမ်း ၁၉ မှုနှင့် ၂၂ ဒသမ ၂၁၂၂ ကီလို တို့ကို ဖမ်းဆီးရမိခဲ့ရာ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါး များ၏ တန်ဖိုးမှာ ကျပ် ၁၀ သန်းကျော် ရှိသည်။

မူးယစ်ဆေးဝါး ကာကွယ်တိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာ အစည်းအဝေးတက်ရောက်ခြင်းများ

မြန်မာနိုင်ငံတွင် မူးယစ် ဆေးဝါးအန္တရာယ် တားဆီး ကာကွယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးကိုလည်း လက်ရှိမူဝါဒ အတိုင်း ကျင့်သုံးဆောင်ရွက်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ ၂၉ ရက်နေ့မှ ဖေဖော်ဝါရီလ ၂ ရက်နေ့အထိ ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် ကျင်းပခဲ့သော မူးယစ်ဆေးဝါးကော်မရှင် ၁၁ ကြိမ်မြောက်အစည်းအဝေး၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှ ၂၃ ရက်နေ့အထိ အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကျင်းပခဲ့သော ၁၇ ကြိမ်မြောက် မူးယစ်ဆေးဝါးဆိုင်ရာကုလသမဂ္ဂ အထူး အထွေထွေညီလာခံ၊ ဧပြီလ ၉ ရက်နေ့မှ ၁၁ ရက်နေ့အထိ ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင်ကျင်းပခဲ့သော မူးယစ်ဆေးဝါး တရားမဝင်သုံးစွဲမှု လျော့ချရေး၊ ကိုကင်းအန္တရာယ် တိုက်ဖျက်ရေးဆိုင်ရာ ကမ္ဘာ့ဝန်ကြီးများအဆင့် ညီလာခံ၊ ဇွန်လ ၁၈ ရက်နေ့မှ ၂၂ ရက်နေ့အထိ ဗဲလ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင်ကျင်းပခဲ့သော ၁၉၇၈ ခုနှစ် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် စိတ် ချောက် ချား စေ တတ် သော ဆေးဝါးများ တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေး စာချုပ်အပိုင်း ၁၂ အသုံးချရေးဆိုင်ရာဆွေးနွေးပွဲများသို့ မြန်မာနိုင်ငံမှကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့သည်။

ထို့ပြင်ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၊ ကမ္ဘာ့စားနပ်ရိက္ခာ နှင့် စိုက်ပျိုးရေးအဖွဲ့၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ရန်ပုံငွေ အဖွဲ့၊ အမေရိကန် မူးယစ်ဆေးဝါးနှိမ်နင်းရေး အဖွဲ့တို့မှ ကိုယ်စားလှယ်များသည် မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် လာရောက်တွေ့ဆုံပြီး မူးယစ်ဆေးဝါးအန္တရာယ် တားဆီး ကာကွယ်ရေးလုပ်ငန်းများကို ဆွေးနွေးခဲ့သည်။

၁၉၉၀ ပြည့်နှစ် ဩဂုတ်လ အတွင်း ထိုင်းနိုင်ငံ The Academy of Local Government Administration သင်တန်းသား အမှတ်စဉ် (၂၅) မှ သင်တန်းသား နယ်ဘက်ဝန်ထမ်းများ လေ့လာရေးအဖွဲ့နှင့် တရုတ်ပြည်သူ သမ္မတနိုင်ငံ ပြည်သူလုံခြုံရေးဌာနမှ ကိုယ်စားလှယ်အဖွဲ့ တို့သည် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးအန္တရာယ် တားဆီး ကာကွယ်ရေးလုပ်ငန်းများကို လာရောက်လေ့လာခဲ့သည်။

မူးယစ်ဆေးဝါးဆန့်ကျင်ရေးနေ့ကျင်းပခြင်း

၁၇ ကြိမ်မြောက် မူးယစ်ဆေးဝါးဆိုင်ရာ ကုလသမဂ္ဂ အထူးအထွေထွေညီလာခံဆုံးဖြတ်ချက်အရ ဇွန်လ ၂၆ ရက် နေ့ကို အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးစား မှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေး အထိမ်း အမှတ်နေ့အဖြစ် သတ်မှတ်ခဲ့သည်။ အထိမ်းအမှတ်နေ့ ကျင်းပခြင်း၏ အနှစ်သာရကို ကျောင်းသားလူငယ်များ သိရှိနားလည်စေရန် နိုင်ငံတော်အစိုးရ၏ မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းကို သိမြင် သဘောပေါက်စေရန်၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီး ကာကွယ်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ် အဖြစ် သိရှိနားလည်ဆောင်ရွက်တတ်စေရန် ဟူသော ရည်ရွယ်ချက်များဖြင့် အခြေခံပညာကျောင်းများ၊ ဆရာ အတတ်သင်သိပ္ပံနှင့် ကျောင်းများတွင် ဟောပြောပွဲများ၊ စာစီစာကုံးပြိုင်ပွဲများ နံရံကပ်စာစောင်များ ပြုလုပ်ခြင်း တို့ဖြင့် ဇွန်လ ၂၆ ရက်နေ့မတိုင်မီ ရက်သတ္တတစ်ပတ်မှစ၍ အထိမ်းအမှတ်နေ့ ကျင်းပခဲ့သည်။ ထို့ပြင် ပြည်ထောင်စု

မြန်မာနိုင်ငံတော်အစိုးရအဖွဲ့က ၂၃–၆–၉၀ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁၀/၉၀ ကို ထုတ်ပြန်ကြညာကာ နှစ်စဉ် ဇွန်လ ၂၆ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေး အထိမ်းအမှတ်နေ့အဖြစ် သတ်မှတ်ပေးခဲ့သည်။ ဇွန်လ ၂၆ ရက်နေ့တွင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန၊ ပြန်ကြားရေး ဝန်ကြီးဌာန နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဘုန်းမြင့်က အထိမ်းအမှတ်နေ့သဝဏ်လွှာ ပေးပို့ခဲ့သည်။

မူးယစ်ဆေးဝါးများဖျက်ဆီးသည့်ပြပွဲ

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေး ဗဟိုအဖွဲ့က ကြီးမှူးပြုလုပ်ခဲ့သော ဖမ်းဆီးရမိခဲ့သည့် မူးယစ်ဆေးဝါးများ ပထမအကြိမ် ဖျက်ဆီးသည့်ပြပွဲနှင့် ဒုတိယအကြိမ် ဖျက်ဆီးသည့်ပြပွဲကို မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ အောင်သပြေ ရဲရိပ်သာခန်းမ၌ ဖေဖော်ဝါရီလ ၁၃ ရက်နေ့နှင့် ဧပြီလ ၃၀ ရက်နေ့တွင် ကျင်းပခဲ့သည်။ ပထမအကြိမ် ဖျက်ဆီးသည့် ပြပွဲတွင် ဘိန်းဖြူ ၂၀၉ ဒသမ ဝ၆၆ ကီလို၊ ဘိန်းဆီ ၁၄ ဒသမ ၈၃၂ ကီလို၊ ဘိန်းရည် ၂ ဒသမ ၃၉၁ ကီလို၊ ဖင်ဆီဒိုင်းဆေးရည် ၅၄ ဒသမ ၄ ကီလို စုစုပေါင်းကာလပေါက်ဈေး အမေရိကန်ဒေါ်လာ ၄၁၈ သန်းကျော် တန်ဖိုးရှိသည့် မူးယစ်ဆေးဝါးများနှင့် ဒုတိယအကြိမ် ဖျက်ဆီးသည့် ပြပွဲတွင် ဘိန်းဖြူ ၂၅၁ ဒသမ ၄၀၂ ကီလို၊ ဘိန်းဆီ ၁၀ ဒသမ ၃၀၉ ကီလို၊ ဘိန်းရည် ၁၆ ဒသမ ၂၂၀ ကီလို၊ ဆေးခြောက် ၈၂၆ ဒသမ ၈၃၉ ကီလို၊ ဖင်ဆီဒိုင်းဆေးရည် ၅,၂၉၂ ဒသမ ၅ လစ်တာ စုစုပေါင်း ကာလပေါက်ဈေး အမေရိကန်ဒေါ်လာ ၄၂၁ သန်းကျော်တန်ဖိုးရှိသည့် မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးပစ်ခဲ့သည်။

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ဒေသ နားဆိုင်ရာ အနီး ဘိန်းဖြူချက်စက်ရုံနှင့် ဘိန်းချက် ပစ္စည်း ကိုရိယာများ ဖျက်ဆီးခြင်းလုပ်ငန်းကို နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပခဲ့သည်။ ကိုးကန့်တိုင်းရင်းသားခေါင်းဆောင်များ၊ ကုလသမဂ္ဂလက်အောက် အဖွဲ့အစည်းများ၊ အမေရိကန် မူးယစ်ဆေးဝါး တာဆီးရေးအဖွဲ့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များက စက်ရုံတွင်အသုံးပြုသည့် ဘိန်းမည်း၊ စက်ရုံထွက် ဘိန်းညိုမှုန့်နှင့် ဘိန်းဖြူမှုန့်များကိုလည်းကောင်း၊ ဒေသခံတိုင်းရင်းသားများက ဘိန်းချက်ရုံ သုံးရုံနှင့် တန်းလျားတဲများကိုလည်းကောင်း အသီးသီး မီးရှို့ဖျက်ဆီးခဲ့ကြသည်။

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ကြီးမှူးပြုလုပ်ခဲ့သော ဖမ်းဆီးရမိခဲ့သည့် မူးယစ်ဆေးဝါးများ တတိယအကြိမ် ဖျက်ဆီးသည့်ပြပွဲကို နိုဝင်ဘာလ ၂၆ ရက်နေ့တွင် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ အောင်သပြေ ရဲရိပ်သာ၌ ကျင်းပခဲ့သည်။

ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ်နှင့် ကိုးကန့်ဒေသတွင် ဖျက်ဆီးခဲ့သည့် မူးယစ်ဆေးဝါးများမှာ ဘိန်းဖြူစုစုပေါင်း ၇၃၅ ဒသမ ၇၆၈ ကီလို၊ ဘိန်းစိမ်း ၉၇ ဒသမ ၉၈ ကီလို၊ ဘိန်းညို ၁၄၇ ဒသမ ၁၀ ကီလို၊ ဘိန်းဆီ ၃၆ ဒသမ ၇၄၂ ကီလို၊ ဘိန်းရည် ၁၀၄ ဒသမ ၇၇၂ ကီလို၊ ဆေးခြောက် ၂,၀၁၇ ဒသမ ၃၀၃ ကီလို၊ ဖင်ဆီဒိုင်း ၅၄ ကီလိုနှင့် ၁၀,၈၃၃ ဒသမ ၅၀၀ လစ်တာ ဖြစ်ပြီး စုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်းပေါင်း ၁,၈၂၀ ဒသမ ၈၂၄ ဖြစ်သည်။

မိုးမိုး (အင်းလျား) (ခရစ် ၁၉၄၄–၁၉၉၀)။ ။ အမျိုးသား စာပေဆု လေးကြိမ်တိုင်တိုင် ရရှိခဲ့သော စာရေးဆရာမ မိုးမိုး (အင်းလျား)ကို ပဲခူးတိုင်း ဒိုက်ဦးမြို့နယ်တွင် အဖ ဦးထွန်း၊ အမိ ဒေါ်မြရှင်တို့က ၁၉၄၄ ခုနှစ် အောက်တိုဘာလ ၂၄ ရက်၌ မွေးဖွားသည်။ အမည်ရင်း ဒေါ်စန်းစန်းဖြစ်သည်။

ဒိုက်ဦးမြို့ အစိုးရ အထက်တန်းကျောင်းတွင် စတင် ပညာသင်ကြားပြီး ၁၉၅၆ ခုနှစ်တွင် စတုတ္ထဟန်း စကောလားရှစ်ဆု ရသည်။ ခုနှစ်တန်း ကျောင်းသူဘဝတွင် ကဗျာများ စတင် ရေးစပ်သည်။ ကျောင်းစာကြည့်တိုက်နှင့် နံရံကပ်စာစောင် ကော်မတီများတွင် အမှုဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။ အထက်တန်း



အမျိုးသားစာပေဆုရှင်
စာရေးဆရာမ
မိုးမိုး (အင်းလျား)

ကျောင်းသူဘဝတွင် ခရိုင်အလိုက် စာစီစာကုံးပြိုင်ပွဲများ၌ ဆုများရရှိခဲ့သည်။

၁၉၆၅ ခုနှစ်တွင် ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်တွင် သခ်ၤာဘာသာအဓိကဖြင့် တက်ရောက် ပညာသင်ကြားသည်။ ပညာသင်ကြားရင်း နေထိုင်ရာ အဆောင်အမည်ကို အစွဲပြု၍ မိုးမိုး (အင်းလျား) ဟူသော ကလောင်အမည်ဖြင့် ကဗျာ၊ဆောင်းပါးများ စတင်ရေးသားသည်။ ပထမဆုံး ရွှေးချယ် ဖော်ပြခံရသောဝတ္ထုတိုမှာ ၁၉၇၂ ခုနှစ် စက်တင်ဘာလထုတ် ဌေတာရီမဂ္ဂဇင်းပါ "**အိမ်နီးချင်း**" ဝတ္ထု ဖြစ်သည်။ ထိုဝတ္ထုတိုကို မြန်မာ့အသံမှ ဇာတ်လမ်းပမာ နားဆင်စရာအဖြစ်လည်း အသံလွှင့်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် ပထမဆုံး လုံးချင်းဝတ္ထုရှည်ဖြစ်သော "ပျောက်သော လမ်းမှာ စမ်းတဝါး" ဝတ္ထုကို ရေးသားသည်။

ထိုစဉ်မှစ၍ ဝတ္ထုတို၊ ဝတ္ထုရှည်နှင့် ဆောင်းပါးများကို ကုယ်လုန်ချိန်အထိ အဆက်မပြတ် ရေးခဲ့ရာ ဝတ္ထုတိုနှင့် မဂ္ဂဇင်းဝတ္ထုရှည် စုစုပေါင်း ၁၀၁ ပုဒ်၊ လုံးချင်းဝတ္ထု ၂၄ ပုဒ်နှင့် ဆောင်းပါး ၅၅ ပုဒ်ခန့် ရှိသည်။

ရေးသားခဲ့သော ဝတ္ထုတိုများကို စုပေါင်း၍ "မဂ္ဂဇင်းဝတ္ထုရှည်များ"၊ "ဝတ္ထုတိုများ(၁)"၊ "မြန်မာ ပြည်မှာ နေကြသည်"၊ "ထိုနေ့က မိုးမလာပါ"နှင့် "မိုးမိုး (အင်းလျား)၏ မဂ္ဂဇင်းဝတ္ထုရှည်များ(၂)"နှင့် "ဝတ္ထုတိုများ(၂)"တို့ကို စာအုပ် ထုတ်ဝေခဲ့သည်။

မိုးမိုး(အင်းလျား) သည် "ပျောက်သော လမ်းမှာ စမ်းတဝါး" လုံးချင်း ဝတ္ထုရှည်ဖြင့် ၁၉၇၄ ခုနှစ် အမျိုးသား စာပေ ဝတ္ထုရှည်ဆုကို လည်းကောင်း၊ "မဂ္ဂဇင်းဝတ္ထုရှည်များ" ဖြင့် ၁၉၈၀ ပြည့်နှစ် အမျိုးသားစာပေ ဝတ္ထုတိုပေါင်းချုပ် ဆုကိုလည်းကောင်း၊ "ဝတ္ထုတိုများ(၁)"ဖြင့် ၁၉၈၂ ခုနှစ် အမျိုးသားစာပေ ဝတ္ထုတိုပေါင်းချုပ်ဆုကိုလည်းကောင်း၊"ဝတ္ထုတိုများ(၂)"ဖြင့် ၁၉၈၆ ခုနှစ် အမျိုးသားစာပေ ဝတ္ထုတိုပေါင်းချုပ် ဆုကိုလည်း ကောင်း အမျိုးသားစာပေဆုရှင် စာရေးဆရာမ မိုးမိုး (အင်းလျား)

မန္တလာမြင့် (ခရစ် ၁၉၀၀–၁၉၉၀) ။ ။ခေတ်ဟောင်းဓလေ့ထုံးတမ်းစဉ်လာများအရ ကျောင်းသူဘဝတွင် ခရိုင်အလိုက် စာစီစာကုံးပြိုင်ပွဲများ၌ ဆုများရရှိခဲ့သည်။

၁၉၆၅ ခုနှစ်တွင် ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်တွင် သခ်ၤာဘာသာအဓိကဖြင့် တက်ရောက် ပညာသင်ကြားသည်။ ပညာသင်ကြားရင်း နေထိုင်ရာ အဆောင်အမည်ကို အစွဲပြု၍ မိုးမိုး (အင်းလျား) ဟူသော ကလောင်အမည်ဖြင့် ကဗျာ၊ဆောင်းပါးများ စတင်ရေးသားသည်။ ပထမဆုံး ရွှေးချယ် ဖော်ပြခံရသောဝတ္ထုတိုမှာ ၁၉၇၂ ခုနှစ် စက်တင်ဘာလထုတ် ဌေတာရီမဂ္ဂဇင်းပါ "**အိမ်နီးချင်း**" ဝတ္ထု ဖြစ်သည်။ ထိုဝတ္ထုတိုကို မြန်မာ့အသံမှ ဇာတ်လမ်းပမာ နားဆင်စရာအဖြစ်လည်း အသံလွှင့်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် ပထမဆုံး လုံးချင်းဝတ္ထုရှည်ဖြစ်သော "ပျောက်သော လမ်းမှာ စမ်းတဝါး" ဝတ္ထုကို ရေးသားသည်။

ထိုစဉ်မှစ၍ ဝတ္ထုတို၊ ဝတ္ထုရှည်နှင့် ဆောင်းပါးများကို ကုယ်လုန်ချိန်အထိ အဆက်မပြတ် ရေးခဲ့ရာ ဝတ္ထုတိုနှင့် မဂ္ဂဇင်းဝတ္ထုရှည် စုစုပေါင်း ၁၀၁ ပုဒ်၊ လုံးချင်းဝတ္ထု ၂၄ ပုဒ်နှင့် ဆောင်းပါး ၅၅ ပုဒ်ခန့် ရှိသည်။

ရေးသားခဲ့သော ဝတ္ထုတိုများကို စုပေါင်း၍ "မဂ္ဂဇင်းဝတ္ထုရှည်များ"၊ "ဝတ္ထုတိုများ(၁)"၊ "မြန်မာ ပြည်မှာ နေကြသည်"၊ "ထိုနေ့က မိုးမလာပါ"နှင့် "မိုးမိုး (အင်းလျား)၏ မဂ္ဂဇင်းဝတ္ထုရှည်များ(၂)"နှင့် "ဝတ္ထုတိုများ(၂)"တို့ကို စာအုပ် ထုတ်ဝေခဲ့သည်။


မိုးမိုး(အင်းလျား) သည် "ပျောက်သော လမ်းမှာ စမ်းတဝါး" လုံးချင်း ဝတ္ထုရှည်ဖြင့် ၁၉၇၄ ခုနှစ် အမျိုးသား စာပေ ဝတ္ထုရှည်ဆုကို လည်းကောင်း၊ "မဂ္ဂဇင်းဝတ္ထုရှည်များ" ဖြင့် ၁၉၈၀ ပြည့်နှစ် အမျိုးသားစာပေ ဝတ္ထုတိုပေါင်းချုပ် ဆုကိုလည်းကောင်း၊ "ဝတ္ထုတိုများ(၁)"ဖြင့် ၁၉၈၂ ခုနှစ် အမျိုးသားစာပေ ဝတ္ထုတိုပေါင်းချုပ်ဆုကိုလည်းကောင်း၊"ဝတ္ထုတိုများ(၂)"ဖြင့် ၁၉၈၆ ခုနှစ် အမျိုးသားစာပေ ဝတ္ထုတိုပေါင်းချုပ် ဆုကိုလည်း

မိုးမိုး (အင်းလျား) သည် ၁၉၈၉ ခုနှစ် ဩဂုတ်လမှစ၍ ကုယ်လုန်ချိန်အထိ စံပယ်ဖြူမဂ္ဂဇင်းတွင် တာဝန်ခံစာတည်းအဖြစ် ဆောင်ရွက်ခဲ့သည်။

မိုးမိုး (အင်းလျား) သည် စာပေ တာဝန်ကို ထမ်းဆောင်ရင်း ၁၉၉၀ ပြည့်နှစ် မတ်လ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့၌ ကုယ်လုန်သည်။ ကုယ်လုန်ချိန်တွင် ခင်ပွန်း ဦးမျိုးညွန့်နှင့် သားနှစ်ယောက်၊ သမီး တစ်ယောက် ကျန်ရစ်သည်။

မန္တလာမြင့် (ခရစ် ၁၉၀၀–၁၉၉၀) ။ ။ခေတ်ဟောင်းဓလေ့ထုံးတမ်းစဉ်လာများအရ အဆိုတော်ကြီး ဒေါ်မန္တလာမြင့်ကို မန္တလေးမြို့ ရေကြည်ရပ်၌ အဖ ဦးမှင်၊ အမိ ဒေါ်ဆင့်တို့က ၁၉၀၀ ပြည့်နှစ် မတ်လ ၁၆ ရက်နေ့တွင် မွေးဖွားသည်။ အမည်ရင်း ဒေါ်ငွေဖြစ်သည်။ မွေးချင်း ငါးယောက်အနက် တတိယမြောက် သမီးဖြစ်ပြီး ခုနစ်လသမီးအရွယ်ကတည်းက မျက်စိကုယ်ခဲ့သည်။

ဒေါ်မန္တလာမြင့်သည် ၁၁ နှစ်သမီး အရွယ်တွင် စေးချိုရုံ ပိုးတန်း၌ သီချင်းဆိုပြခဲ့ဖူးသည်။ ထို့နောက် အသက် ၂၅ နှစ် အရွယ်တွင် မန္တလေးမြို့ ရိုးကုမ္ပဏီတိုက်ခွဲမှ တစ်ဆင့် ရန်ကုန်မြို့ရှိ ကိုလံဘီယာဓာတ်ပြား ကုမ္ပဏီသို့



အဆိုတော်ကြီး
မန္တလာမြင့်

ရောက်ရှိခဲ့ပြီး အဆိုပါ ဓာတ်ပြားကုမ္ပဏီအတွက် သီချင်းဆိုခဲ့သည်။ သည့်နောက် ၁၉၃၅ ခုနှစ်ခန့်မှစ၍ ဓာတ်ပြားသွင်းခဲ့ရသည်။

ဒေါ်မန္တလာမြင့် ပထမဆုံး သီဆိုခဲ့သည် သီချင်းမှာ ဆရာရွှေတိုင်ညွှန့်ရေးစပ်သော ဘောလယ်သံဆန်းဖြစ်ပြီး ထိုသီချင်းဖြင့်ပင် မန္တလာမြင့်ဟူသော အမည်သည် ဂီတလောကတွင် ထင်ရှား ကျော်ကြားလာခဲ့သည်။ ဒေါ်မန္တလာမြင့် သီချင်းဆိုရာတွင် မသီဆိုမီ အဆိုတော် ဒေါ်ကြည်အောင်က အဆို ချပေးသည်။

နန်းတော်ရှေ့ ဆရာတင်ရေးစပ်ပြီး ဒေါ်မန္တလာမြင့်၏ အကျော်ကြားဆုံး သီချင်း ဖြစ်သည့် ရွှေဘိုသနပ်ခါး သီချင်းကို ၁၉၃၈ ခုနှစ် ဇွန်လတွင် ဓာတ်ပြားသွင်းခဲ့သည်။ ဆက်လက်၍နန်းတော်ရှေ့ဆရာတင်၏ သာသနာ့ဒါယကာသီချင်းကို ၁၉၃၈ ခုနှစ် အောက်တိုဘာလတွင် ဓာတ်ပြား သွင်းခဲ့သည်။ ပုဗ္ဗမင်္ဂလာ ရတုကိုလည်း ဓာတ်ပြားသွင်းခဲ့သည်။

ဒေါ်မန္တလာမြင့်သည် အဆိုအတီး ပညာရှင်များဖြစ်သော ရွှေပြည်အေး၊ ဂီတာဦးသိန်းမောင်၊ ဦးသောင်းဖေ (ဂီတာသောင်း)၊ စောင်းဦးဘသန်း၊ ဦးဘထင်၊ ဦးအုန်းမောင်၊ ဦးအောင်ချင်း (ဂီတာဦးစိမ်းမောင်၏ဖခင်) စသည့်ပုဂ္ဂိုလ်များနှင့် တွဲဖက်သီဆိုခဲ့ရသည်။

သီဆိုခဲ့သော သီချင်းများမှာ ဘောလယ်သံဆန်း၊ ဘာသာတရား၊ အပျော်ဆုံးနေ့၊ သောင်းသောင်းညံ (ယိုးဒယား)၊ တင်လွှာတော်၊ အပျိုဂုဏ်ရည်၊ မြို့ငှက်တောစွယ်၊ နတ်ပန်းမဿူ၊ ထမနဲပါတီ၊ မေတ္တာရေ၊ ကိန္နရီမောင်နှံ၊ ငါးပွင့်ဆိုင်၊ ဝေဿန္တရာ၊ လွှတ်လပ်ရေး၊ ပါတော်မူ၊ အညာသားစုံတွဲ (ဥဩဦးဘသောင် နှင့်စုံတွဲဆို)၊ ဗိမ္မိသာရ၊ ရွှေဘိုသနပ်ခါး၊ ရွှေပြည်ကြီး၊ ရွှေနန်းတော်၊ လယ်သမား၊ ရက်ရာဇာ၊ အပျိုကြီးစိတ်ကူး၊ သာသနာ့ဒါယကာနှင့် ပုဗ္ဗမင်္ဂလာ (ရတု)စသည်တို့ ဖြစ်သည်။

ခေတ်ဟောင်း အဆိုတော်ကြီး ဒေါ်မန္တလာမြင့်သည် တူ၊ တူမများနှင့် နေထိုင်ရင်း မျက်မမြင်ဘဝမှာပင် လှည့်လည်သီချင်းဆို အသက်မွေးရင်း အသက် ၉၁ နှစ် အရွယ် ၁၉၉၀ ပြည့်နှစ် မေလ ၃ ရက်နေ့ မန္တလေးမြို့ ပြည်ကြီး ကျက်သရေအနောက်၊ မြင်းစာရေးကြီးဝင်း နေအိမ်တွင် ကွယ်လွန်ခဲ့သည်။

မန်ဒဲလား, နယ်လ်ဆင်။ (ခရစ် ၁၉၁၀–)။ ။ တောင်အာဖရိက လူမည်းအမျိုးသား ရေး ဝါဒီ ခေါင်းဆောင် နယ်လ်ဆင် မန်ဒဲလားကို တောင်အာဖရိက နိုင်ငံ အွမ် တာ တာ (ယ ခု ထ ရန် စ ကေး နယ်မြေ)၌

၁၉၁၀ ခုနှစ် ဇူလိုင်လ ၁၈ ရက်နေ့တွင် မွေးဖွားခဲ့သည်။ အိတ်ဂ်စ်ဇိုဆာလူမျိုး သဲမ်ဘူလူမျိုးနွယ် မိသားစုမှ မွေးဖွားခဲ့ခြင်းဖြစ်သည်။ စင်စစ် တောင်အာဖရိကနိုင်ငံရှိ အဖိနှိပ်ခံ အသားမည်းတို့ကို ရွှေဆောင်လမ်းပြ ဦးဆောင်ရန် မန်ဒဲလားအား မွေးဖွားခဲ့သည်ဆိုက မှားမည်မဟုတ်ချေ။

ငယ်စဉ်က မန်ဒဲလားမှာ နွားကျောင်းသားအဖြစ် ကြီးပြင်းလာခဲ့ရသည်။ နွားကျောင်း ဆိတ်ကျောင်းရင်း တစ် ဖက် တွင် ထွန် ယက် စိုက် ပျိုး ရေး အ လုပ်ကိုလည်း ကူညီလုပ်ကိုင်ခဲ့သည်။ မန်ဒဲလား၏ ငယ်စဉ်ဘဝပထမဆုံး နိုင် ငံ ရေး အသိ အမြင် များ သည် ကျေး လက်ဒေသမှ အခြေခံခဲ့သည်ဟု ဆိုနိုင်ပေသည်။ လူမျိုးစု အကြီးအကဲ ခေါင်းဆောင်များနှင့် ၎င်းတို့၏ အတိုင်ပင်ခံများသည် ပွင့်ပွင့်လင်းလင်းရှိကြကာ အများဆန္ဒအရသာ ဆောင်ရွက်လုပ်ကိုင်တတ်ကြသည်။ မန်ဒဲလားသည် ငယ်စဉ်အခါကပင် လူမျိုးစုဆိုင်ရာ တရားရုံးများဖြစ်ပေါ် ရေးအတွက် စိတ်ကူးစိတ်သန်းများ ပေါ် ပေါက်ခဲ့ဖူးသည်။

မန်ဒဲလားအဘိုး၏ အဘိုးသည် ထင်ရှားသည့် ထရန်စကေးယန်း ဘုရင်တစ်ပါးဖြစ်ပြီး မန်ဒဲလား၏ ဖခင် မှာလည်းနန်းတွင်းမင်းတိုင်ပင်မှူးမတ်တစ်ဦး ဖြစ်ခဲ့သည်။ သို့ဖြစ်ရာ မျိုးရိုးစဉ်လာအရပါလာသည့် သွေးနှင့် လူမျိုးစုဆိုင် ရာ ဓလေ့ထုံးတမ်း အ စဉ်အလာများ ပေါင်းစပ်ပေးလိုက်သည့်အခါ မန်ဒဲလားတွင် ထူးခြားသည့် စရိုက်သွင်ပြင်လက္ခဏာများ ဖြစ်ပေါ်လာရသည်။ ယင်းတို့မှာ မိ မိ ကိုယ် ကို ယုံ ကြည် မှု ရှိ ခြင်း၊ ဂုဏ်သိက္ခာရှိခြင်းနှင့် လိုအပ်ပါက ရက်စက်ကြမ်းကြုတ်ခြင်းတို့ပင် ဖြစ်သည်။

မန်ဒဲလား၏မိခင်မှာ ခရစ်ယာန်ဘာသာကို အလွန်ရိုသေကိုင်းရှိုင်းသူ တစ်ဦး ဖြစ်သည်။ မိခင်ကဇင်းအား မက်ဒရစ်ခရစ်ယာန်အဖြစ် သွတ်သွင်းကာ ဘာသာရေးကျောင်းများတွင် အပ်နှံ၍ ပညာ သင်ကြားစေသည်။ မန်ဒဲလား ၁၀ နှစ်သားအရွယ်တွင် ဖခင်သေဆုံးသဖြင့် ဦးလေးဖြစ်သူက ၎င်း၏ပညာရေးကို တာဝန်ယူခဲ့သည်။ မန်ဒဲလားသည် ဖခင်၏ အဝတ်အစားများအား ၎င်းနှင့်သင့် လျော် အောင် ပြု ပြင် ချုပ် လုပ် ထားသည်များကို ဝတ် လျက် ကျောင်း တက် ရာ အ ခြား က လေး များ၏ လှောင်ပြောင်ရယ်မောခြင်းကို ခံခဲ့ရသည်။ သို့ရာတွင် မန်ဒဲလားသည် လိမ္မာရေးခြားရှိသော ကျောင်းသား တစ် ဦး အ ဖြစ် နေ ထိုင် ပြ နိုင် ခဲ့ သည်။ ပ ညာ ရေး ကို အားပေးသော ဦးလေးဖြစ်သူက မန်ဒဲလားအား အဝတ်အစားအသစ် သုံးစုံဆင်မြန်းကာ ဖို့ဟဲယားရှိ လူမည်းများ ကောလိပ်ကျောင်းအထိသို့ပင်ပို့လျက် ပညာဆက်လက် သင် ကြား စေ သည်။ မန် ဒဲ လား က လည်း ပ ညာ ကို



အာဖရိက လူမည်းခေါင်းဆောင် နယ်လ်ဆင်မန်ဒဲလား

ကြိုးစားသင်ယူရင်း နိုင်ငံ၏ မျက်မှောက်ရေးရာ ကိစ္စရပ်များအပေါ် စိတ်ဝင်စားစပြုလာသည်။

၁၉၄၂ ခုနှစ်တွင် ဦးလေးဖြစ်သူက အိမ်ထောင်ချရန် စီစဉ်သောအခါ သတိုးသမီးမှာ ဝလွန်းသဖြင့် မကြိုက်နှစ်သက်ရာ ယိုဟန်နက်စ်ဘတ်မြို့သို့ ထွက်ပြေးခဲ့သည်။ ယင်းမြို့တွင်နေထိုင်ရင်း ဝေါလတာ ဆီဆူလူနှင့် တွေ့ဆုံကာ ခင်မင်ရင်းနှီးခဲ့သည်။ ဆီဆူလူက ၎င်းအာ ဥပဒေပညာကို လေ့လာရန် အားပေးတိုက်တွန်းပြီး ဂျူးလူမျိုး ရွှေနေတစ်ဦးနှင့် မိတ်ဆက်ပေးခဲ့သည်။ ၎င်း ရွှေနေထံတွင် အလုပ်သင်အဖြစ် လုပ်ကိုင်ရင်း ဥပဒေပညာကို လေ့လာခဲ့သည်။ ၎င်းနှစ်မှာပင် ဥပဒေဘွဲ့ရယူရန်အတွက် ဝစ် ဝါတား စထရင်း တက္ကသိုလ်တွင် တက်ရောက်သင်ကြားခဲ့သည်။

၎င်းနောက် ကျောင်းနေဘက် ဖြစ်သည့် အိုလီဗာ တမ်ဘို့နှင့်အတူ ဥပဒေရုံးခန်း ဖွင့်လှစ်တည်ထောင်၍ လုပ်ကိုင်ခဲ့ရာ တောင်အာဖရိကနိုင်ငံ လူမည်း လူမျိုးတို့ကြားတွင် ထင်ရှားကာ လူသိများလာသည်။ ယိုဟန်နက်စ်ဘတ် မြို့လယ်ခေါင်ရှိ မန်ဒဲလားတို့ ရုံးခန်းသည် ၁၉၅၀ ပြည့်လွန်နှစ်များဆီက နိုင်ငံရေး အဖွဲ့အစည်းများဆုံဆည်းရာ အချက်အချာ နေရာတစ်ခုဖြစ်ခဲ့ရုံမျှမက ဥပဒေရေးရာ အကူအညီတောင်းခံရန်နှင့် နိုင်ငံရေးခံစားချက်များကို ပွင့်ပွင့်လင်းလင်း ရင်ဖွင့်ရန် လာရောက်ကြသည့် လူငယ်လူရွယ်လူမည်းများဖြင့် အမြဲစည်ကားလျက် ရှိသည်။ သို့ရာတွင် ၎င်းတို့၏ လုပ်ရပ်များကို အနီးအနားပတ်ဝန်းကျင်ရှိ လူဖြူအရာရှိများက သတိမမူမိခဲ့ကြပေ။ လူဖြူများကြီးစိုးသော စာနယ်ဇင်းလောကနှင့် လူဖြူနိုင်ငံရေးသမား ပုဂ္ဂိုလ်များအနေဖြင့် တောင်အာဖရိက အမျိုးသား ကွန်ဂရက်ကို ကောင်းစွာ သိရှိခြင်း မရှိကြပေ။ သိရှိသည့်တိုင်အောင် အလေးထားစရာမလိုဟု သဘောပိုက်ကာ မထေမဲ့မြင် ပြုထားသည်။

ဆီဆူလူသည် တွေးခေါ် မြော်မြင်တတ်မှုရှိကာ ကိုယ့်ဘာသာကိုယ် လေ့လာသင်ကြား တတ်မြောက်ခဲ့သူ ဖြစ်သည်။ တမ်ဘိုမှာ အေးဆေးငြိမ်သက်ပြီး ပညာဗဟုသုတဖြင့် ပြည့်စုံသူတစ်ဦး ဖြစ်သည်။ မန်ဒဲလားက စိတ်မြန်လက်မြန် ရှိသည်။ ဆီဆူလူက မန်ဒဲလားနှင့် တမ်ဘိုတို့နှစ်ဦးအား အာဖရိက အမျိုးသား ကွန်ဂရက် (အေအင်စီ) တွင် ပါဝင်လှုပ်ရှားစေရန် ဦးဆောင်လမ်းပြပေးခဲ့သည်။ ဤသို့ဖြင့် ၁၉၄၄ ခုနှစ်တွင် မန်ဒဲလားသည် အာဖရိကအမျိုးသား ကွန်ဂရက်အဖွဲ့သို့ ဝင်ရောက်ခဲ့သည်။ ဆီဆူလူ၏ ညီမဝမ်းကွဲတော်သူ အီဒဲ့ ်ငံးနှင့် ပထမအိမ်ထောင်အဖြစ် လက်ထပ်ခဲ့သည်။ အ ာဖရိကအမျိုးသားကွန်ဂရက် လူငယ်အဖွဲ့ချုပ်ကိုလည်း ဆီဆူလူ တမ်ဘိုတို့နှင့်အတူ ပူးပေါင်း ထူထောင်ခဲ့ကြသည်။ သုံးနှစ်အကြာ ၁၉၄၇ ခုနှစ်တွင် ဆန္ဒပြကန့်ကွက်ရေး သပိတ်မှောက်ရေးနှင့် အာဏာဖီဆန်ရေး လှုပ်ရှားမှုအစီအစဉ်များကို စီစဉ်ရေးဆွဲခဲ့ကြသည်။

၁၉၅၂ ခုနှစ်တွင် အာဖရိကအမျိုးသား ကွန်ဂရက် ထရန်စဗားလ်အဖွဲ့ခွဲ ဥက္ကဋ္ဌအဖြစ် ရွေးချယ် တင်မြှောက်ခံရပြီး ယင်းအဖွဲ့၏ နိုင်ငံလုံးဆိုင်ရာ ဒုတိယ ဥက္ကဋ္ဌ ဖြစ်လာသည်။ ယင်းနှစ်တွင် အသားအရောင် ခွဲခြားမှုကို ဆန့်ကျင်သည့်အနေဖြင့် တောင်အာဖရိက လူဖြူအစိုးရအား အန်တုဖက် ပြိုင် လှုပ်ရှားမှုတွင် မန်ဒဲလားက ဦးဆောင်ခဲ့သည်။ ယင်းလှုပ်ရှားမှုတွင် လူမည်း လူငယ်လူရွယ် အများအပြားထင်ပေါ်ကာ လူသိများလာသည်။ မန်ဒဲလားက လူငယ်များအား စည်းရုံးရေး တာဝန်ကို ယူခဲ့သည်။ အစိုးရက ပြင်းထန်သည့် ဥပဒေဖြင့်နှိပ်ကွပ်ရန် တုံ့ပြန်သည့်အခါ အာဖရိကအမျိုးသား ကွန်ဂရက်က ကန့်ကွက်ဆန္ဒပြမှုများ၊ ဆန္ဒပြချီတက်ပွဲများဖြင့် တန်ပြန်ခဲ့သည်။ ရွှေတန်းတပ်ဦးမှ မန်ဒဲလားကိုယ်တိုင် တက်ကြွစွာ ပါဝင်ခဲ့သည်။

၁၉၅၃ ခုနှစ်တွင် တောင်အာဖရိကနိုင်ငံတွင် အာဖရိကလူမျိုးများ၏ ပထမဆုံး တရားဝင်လုပ်ငန်းအဖွဲ့ကို အိုလီဗာ တမ်ဘိုနှင့်အတူ တည်ထောင်ခဲ့သည်။ သို့ရာတွင် ၁၉၅၂ ခုနှစ်က အစိုးရအား အံတုဖက်ပြိုင် စိန်ခေါ်မှုတွင် စည်းရုံးလှုပ်ရှားခဲ့သဖြင့် ယင်းလုပ်ငန်းအား ပိတ်ပင်ဆိုင်းငံ့ခြင်း ခံခဲ့ရသည်။ ၁၉၅၅ ခုနှစ်တွင် စီးပွားရေးစနစ် ယုံကြည်ချက်နှင့် စပ်ဆိုင်သော ဆိုရှယ်လစ် အတွေးအခေါ်ဘက်သို့ ယိမ်းသည့် 'လွတ်လပ်မှုပဋိညာဉ်စာတမ်း' ကို မန်ဒဲလားတို့က ထောက်ခံခဲ့ကြသည်။

မန်ဒဲလားမှာ ၁၉၅၆ ခုနှစ်တွင် အခြားတက်ကြွသူ လူမည်းအမျိုးသားရေးဝါဒီ ၅၅ ဦးနှင့်အတူ နိုင်ငံတော်သစ္စာဖောက်မှုဖြင့် စွဲချက်တင်ကာ ဖမ်းဆီးခြင်းခံရသည်။ အမှုကို ငါးနှစ်ကြာ ကြားနာစစ်ဆေးပြီးနောက် ၁၉၆၁ ခုနှစ်တွင် လွတ်မြောက်ခဲ့သည်။ အမှုရင်ဆိုင်နေရစဉ်ကာလတွင် သူ၏ ပထမအိမ်ထောင်ပျက်သွားသည်။ ကြေးမြီများတင်ကာ ပြန်လည်ပေးဆပ်နိုင်ခြင်း မရှိတော့သဖြင့် မန်ဒဲလား၏ကမ္ဘာမှာ ယိုင်လဲပြိုကျစပြုပြီဟု ဆိုရပေမည်။ ဤသို့ဖြင့် အမှုရင်ဆိုင်စဉ်ကာလ ၁၉၅၈ ခုနှစ်တွင် ၎င်းမွေးဖွားခဲ့ရာ ထရန်စကေးဒေသမှ နိုင်ငံရေးသမား တစ်ဦး၏ သမီးဖြစ်သူ ဝင်နီ မာဒီကီဇဲလား (ဝင်နီမန်ဒဲလား)နှင့် တွေ့ဆုံကာ ချစ်ကျွမ်းဝင်ခဲ့သည်။ သူမသည် စိတ်ဓာတ်ကြံ့ခိုင်သည့် လူမှုဝန်ထမ်း လုပ်သားပျိုရွယ် တစ်ဦးဖြစ်သည်။ သူမနှင့် ဒုတိယ အိမ်ထောင်ဆက်အဖြစ် လက်ထပ်ခဲ့ကြပြီးနောက် ယိုဟန်နက်စ်ဘတ်မြို့အပြင်ဘက်ရှိ တိုက်အိမ်သေးသေး တစ်လုံးတွင် ရွှေပြောင်းနေထိုင်ခဲ့ကြသည်။

၁၉၆၀ ပြည့်နှစ်တွင် ရှပ်ပီဗယ်ဠ်၌ အစိုးရရဲများကပစ်ခတ်သဖြင့် လူပေါင်း ၆၉ ဦး သေဆုံးကြရသည်။ ဤသို့အစုလိုက် အပြုံလိုက် သတ်ဖြတ်ခြင်း ခံရသည့်အတွက် လူမည်းများ၏ အမျက်ဒေါသကို ဆူပေးသလိုဖြစ်ခဲ့သည်။ ယင်းဖြစ်ရပ်ကြောင့်ပင် အာဖရိက အမျိုးသား ကွန်ဂရက်အား အစိုးရက ပိတ်ပင်တားမြစ်လိုက်သည်။ စင်စစ် မန်ဒဲလားတို့က ငြိမ်းချမ်းစွာ ဆန္ဒပြသည့် နည်းလမ်းဖြင့် သာ တိုက်ပွဲဝင်ခဲ့ငြားသော်လည်း ရက်စက်စွာ နှိပ်ကွပ်ဖြိုခွဲခြင်းခံရခြင်း ဖြစ်သည်။ ဤတွင် မန်ဒဲလားနှင့် ဆီဆူလူတို့သည် အကြမ်းမဖက်ရေး လမ်းစဉ်ကို စွဲကိုင်ကာ ဆက်လက်လှုပ်ရှားရန် မဖြစ်နိုင်တော့ကြောင်း သဘောပေါက်လာကြသည့် အလျောက် သူတို့နှစ်ဦးပူးပေါင်း၍ "အွမ် ခွန် တို ဝိ ဆီဇဲ့ (နိုင်ငံ့ရွေးဆောင်တပ်ဦး)" ဟု ခေါ်သည့် လက်နက်ကိုင် အဖွဲ့အစည်းကို တည်ထောင်လိုက်ကြသည်။ ယင်းအဖွဲ့တွင် မန်ဒဲလားက စစ်သေနာပတိချုပ် ဖြစ်သည်။ ဤသို့ လက်နက်စွဲကိုင်၍ တိုက်ပွဲဝင်မည် ဖြစ်သော်လည်း မန်ဒဲလားတို့ အနေဖြင့် နိုင်ငံတကာမှ ဖိအားပေးမှုအပေါ်တွင် ယုံကြည်ကိုးစားမှု ရှိကြသည်။ မန်ဒဲလားတို့၏ တောင်အာဖရိကနိုင်ငံအား ဖောက်ခဲ့ ဖျက်ဆီးရေးဆိုသည့် ရည်မှန်းချက် များမှာ စီး ပွား ရေး အ ရ တား ဆီး ပိတ် ဆို့အ ရေး ယူ ရန်ပင် ဖြစ်သည်။ ယင်းနှစ်တွင်ပင် မန်ဒဲလားတို့ အုပ်စုမှ တမ်ဘိုသည် တိုင်းတစ်ပါးသို့ထွက်ပြေးခိုလှုံကာ အင်အားစီကို ဦးဆောင်လှုပ်ရှားခဲ့သည်။ မန်ဒဲလား၊ ဆီဆူလူနှင့် အခြား အဖွဲ့ဝင်များက ဖောက်ခဲ့ဖျက်ဆီးရေး လုပ်ရပ်များကို စတင်စည်းရုံး လှုပ်ရှားကြသည်။ သို့ရာတွင် ယင်းတို့၏ ကြိုးပမ်းမှုများသည် မထိရောက်လှဘဲ အပျော်တမ်းသဘောမျိုး ဖြစ်နေသည်။ အကြောင်းမှာ အစိုးရ ရဲအဖွဲ့များက အစိုးရ သတင်းပေးများနှင့် သတင်းထောက်လှမ်းသူများ စုရုံးဖွဲ့စည်း ထားရှိကာ အကာအကွယ်ယူထားခြင်းကြောင့် ဖြစ်သည်။

မန်ဒဲလားသည် ၁၉၆၁ ခုနှစ် မေလတွင် မြေအောက်လှုပ်ရှားမှု အဖွဲ့အား စည်းရုံးဖွဲ့စည်းရန်နှင့် အွမ်ခွန်တို ဝိ ဆီဇဲ့ (နိုင်ငံ့ရွေးဆောင်တပ်ဦး) ဟုခေါ်သည့် လက်နက်ကိုင်အဖွဲ့အား ဖွဲ့စည်းရာတွင် အကူအညီပေးရန် အတွက် မြေပေါ်မှ ပုန်းလျှိုး ပျောက်ကွယ်သွားခဲ့သည်။ ၁၉၆၂ ခုနှစ် ဇန်နဝါရီလတွင် တောင်အာဖရိကနိုင်ငံမှ တရားမဝင် တိတ်တဆိတ်ထွက်ခွာကာ အာဖရိကတိုက်အနှံ့ခရီးဆန့်ခဲ့သည်။ အာဖရိကနိုင်ငံများမှ ခေါင်းဆောင်များနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။ အယ်ဂျီးရီးယား နိုင်ငံတွင် ပြောက်ကျားစစ်ဆင်ရေးသင်တန်း တက်ရောက်ခဲ့သည်။ ၎င်းနောက် ဗြိတိန်နိုင်ငံသို့ အလည်အပတ် သွားရောက်ခဲ့ပြီး ပြည်တော်ပြန်ခဲ့သည်။

ဤသို့ဖြင့် မန်ဒဲလားသည် ၁၇ လကြာ ထွက်ပြေးတိမ်းရှောင်နေရာမှ တစ်နေ့သ၌ ကားမောင်းသမားတစ်ဦးအသွင် ရုပ်ဖျက်လျှက် မြို့ထဲသို့ ထွက်အလာတွင် လမ်းပိတ်ဆို့မှုနှင့်ကြုံတွေ့ရပြီး ဖမ်းဆီးခြင်းခံလိုက်ရသည်။ လှုထုအား ဆန္ဒပြ ကန့်ကွက်ပွဲများပြုလုပ်ရန် စည်းရုံးလှုံ့ဆော်ခဲ့ခြင်းနှင့် ပြင်ပသို့ တရားမဝင် ထွက်ခွာသွားခြင်းစသည့် ပြစ်မှုများဖြင့် pieter manity burg အစိုးရက ၁၉၆၂ ခုနှစ် နိုဝင်ဘာလတွင် ထောင်ဒဏ်ငါးနှစ် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ မန်ဒဲလားအား လှုထုရွှေ့မျောက်တွင် နောက်ဆုံးအကြိမ် တွေ့မြင်ခဲ့ရသည်မှာ ၁၉၆၁ ခုနှစ်က ပီယက်တာ မာရစ်ဇာဘတ်တွင် ကျင်းပသည့် ညီလာခံ၌ ဖြစ်သည်။ ယင်းညီလာခံတွင် မန်ဒဲလားက လူမျိုးရေးခွဲခြားမှုမရှိဘဲ ဒီမိုကရေစီ နည်းလမ်းအရ ကျင့်သုံးဆောင်ရွက်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို အဆိုပြုခဲ့သည်။

ထောင်ဒဏ် ကျခံနေရစဉ်မှာပင် ၁၉၆၃ ခုနှစ် အောက်တိုဘာလ၌ သစ္စာဖောက်မှုဖြင့် စွဲချက်တင်ကာ ရီဗွန်နီးယား တရားခွင်တွင် အခြား အာဖရိကအမျိုးသား ကွန်ဂရက်ခေါင်းဆောင်များနှင့်အတူ ရုံးတင် စစ်ဆေးခြင်း ခံရပြန်သည်။ ယင်းအချိန်တွင် မန်ဒဲလားမှာ ကမ္ဘာ့နိုင်ငံရေးမျက်နှာစာတွင် ယခင်ကထက် ပိုမိုထင်ရှားလာတော့သည်။ ၁၉၆၄ ခုနှစ် ဇွန်လတွင် အဆိုပါ ပြစ်မှုအတွက် ထောင်ဒဏ် တစ်သက် ပြစ်ဒဏ်စီရင်ခံရပြီး ကိပ်တောင်းအလွန် တောင်အတွင်လန္ဓိတ်တွင်ရှိ လေထန်

ကုန်းဟုခေါ်ဆိုရမည့် ရော့ဘ်ဘင်ကျန်းသို့ပို့ကာ အကျဉ်း ချထားခြင်း ခံရသည်။ ၎င်းကျန်းတွင် နှစ်ပေါင်း ၁၈ နှစ်မျှ ကြာခဲ့သည်။

မန်ဒဲလား သည် လက်မြောက် အရှေ့ပိုင်း တတ်သူ မဟုတ်ခေါ်။ အကျဉ်းထောင်တွင် နံနက်တိုင်း ၃ နာရီခွဲ၌ အိပ်ရာမှထကာ နှစ်နာရီကြာ ကိုယ်လက် လှုပ်ရှားလေ့ကျင့်ခန်း ပြုလုပ်တတ်သည်။ ထို့နောက် တစ်နေ့လုံး စာပေဖတ်ရှု လေ့လာခြင်းဖြင့် အချိန်ကုန်လွန်စေသည်။ ဥပဒေပညာကို အကျဉ်း ထောင်မှ နေ၍ စာပေးစာယူ သင်တန်းဖြင့် ဆက်လက်လေ့လာ သင်ကြား ခဲ့သည်။ စီးပွားရေးနှင့် သမိုင်းပညာရပ်များကိုလည်း အထူးစိတ်ဝင်စားသည်။ အာဖရိက တောင်ပိုင်း၊ ဒတ်ချ်ဘာသာ စကားကို လေ့လာဆည်းပူးပြီး ယင်းဒေသမှ ကဗျာများကိုလည်း နှစ်နှစ်ခြိုက်ခြိုက် ဖတ်ရှုတတ်သည်။ သို့ဖြစ်ရာ ၁၉၇၆ ခုနှစ် ဆိုဝီတို အုံကြွမှု ဖြစ်ပွားပြီး နောက် ရော့ဘ်ဘင်ကျန်းသို့ အကျဉ်းဒဏ်နှင့် ရောက်ရှိလာသော လူငယ်လူရွယ် အကျဉ်းသားများအဖို့ မန်ဒဲလားသည် စံပြ ပုဂ္ဂိုလ်တစ်ဦးဖြစ်ခဲ့သည်။ အများက ရော့ဘ်ဘင်ကျန်းကို မန်ဒဲလား တက္ကသိုလ်ဟုပင် တင်စား ခေါ်ဝေါ်ကြသည်။ မန်ဒဲလား၏ ဩဇာသက်ရောက်မှုကို စိုးရိမ်ပူပန်မိသည့် အစိုးရအာဏာပိုင်များက မန်ဒဲလား ကို ရော့ဘ်ဘင်ကျန်းမှ ပိုးလ်စမိုး အကျဉ်းထောင်သို့ ၁၉၆၂ ခုနှစ် ဧပြီလတွင် ရွှေ့ပြောင်းခဲ့သည်။ ယင်းအကျဉ်းထောင်တွင် ၁၀ နှစ်ကြာ နေခဲ့ရသည်။

မန်ဒဲလားသည် အစကတည်းကပင် အမျိုးသားရေး ဝါဒီတစ်ဦး ဖြစ်သည်။ ၎င်း၏ ရန်ဘက်များက မကြာခဏ စွပ်စွဲသကဲ့သို့ ကွန်မြူနစ်တစ်ဦး မဟုတ်ခေါ်။ ၁၉၄၀ ပြည့်လွန်နှစ်များ အစောပိုင်းကာလတွင် မန်ဒဲလားသည် တောင်အာဖရိကရှိ အင်ဒီးယန်း အတော်များများနှင့် ထိတွေ့ဆက်ဆံခဲ့ရာ ၎င်းတို့နှင့်အတူ လက်ဖက်ရည်ကြမ်းပူပူ သောက်ရင်း၊ ဟင်းခပ်စပ်စပ်စားရင်း၊ မြူးမြူးကြွကြွ ဆူဆူ ညံညံသီဆိုကခုန်ရင်း ကားလ်မာ့စ်၏ လူတန်းစားရုန်းကန် မှုဆိုင်ရာ သဘောတရားများကိုလည်းကောင်း၊ မဟတ္တမ ဂန္ဒီ၏ အကြမ်းမဖက်ရေးလမ်းစဉ်ဖြင့် အာဏာဖီဆန်ရေး နည်းလမ်းများကိုလည်းကောင်း၊ ငြင်းကြ ခုံကြ ဆွေးနွေး ခဲ့ကြသည်။ အေအင်စီ လူငယ်အဖွဲ့ချုပ် လူငယ်ခေါင်း ဆောင်တစ်ဦးအနေဖြင့်လည်း မန်ဒဲလားသည် ကွန်မြူနစ် ဝါဒီတို့ကို ဆန့်ကျင်ခဲ့ကြသည်။

မန်ဒဲလားသည် အကျဉ်းသားဘဝဖြင့် နေထိုင်စဉ် အကျဉ်းထောင်မှနေ၍ ဇနီးသည်ထံသို့ စာများ ရေးသား ပေးပို့ခဲ့ရာ ၎င်းအနေဖြင့် လှမ်းဆွတ်သတိအရဆုံး အရာ များကား တစ်ယောက်လက်ကို တစ်ယောက် ချိတ်တွဲ လျက် သွားလာခဲ့ပုံများ၊ လက်ဝှေ့ထိုးသတ်ပွဲများ၊ ဂီတ ဖျော်ဖြေပွဲနှင့် ရုပ်ရှင်ပွဲများဖြစ်သည်ဟု ရေးသားထား သည်။ အားလုံးအနက်မှ အခံစားရဆုံးအချိန်မှာ ညအိပ် ရာဝင်ရန် အိပ်ခန်းတံခါးပိတ်ချိန်ပင် ဖြစ်သည်ဟု မန်ဒဲ လားကဆိုသည်။

တစ်ဖက်တွင် မန်ဒဲလားသည် ဇွဲမလျှော့ဘဲ ကိုးစား အားထုတ်သူတစ်ဦးဖြစ်ရာ ဥပဒေပါရဂူဘွဲ့များကို လိမ်ဆိုသို အမျိုးသားတက္ကသိုလ်မှ ၁၉၇၉ ခုနှစ်တွင် လည်းကောင်း၊ နယူးယောက်စီးတီး ကောလိပ်နှင့် တက္ကသိုလ်မှ ၁၉၈၃ ခုနှစ်တွင်လည်းကောင်း၊ လန်ကာစတာတက္ကသိုလ်မှ ၁၉၈၄ ခုနှစ်တွင် လည်းကောင်း အသီးသီးရရှိခဲ့သည်။ ထို့ပြင် ဂျဝါဟလာ နေရူးဆု (အိန္ဒိယ) (၁၉၇၉)၊ လူအခွင့်အရေး ဆိုင်ရာ ဘရူနိုကရေးစကီးဆု (၁၉၈၁)၊ ဆိုင်မွန်ဘိုလီဗာ အပြည်ပြည်ဆိုင်ရာဆု (ယူနက်စကို) (၁၉၈၃) တို့ကိုလည်း ချီးမြှင့်ခြင်း ခံရသည်။ ၁၉၆၅ ခုနှစ်ကလည်း "လျှောက် လှမ်းရ မလွယ် လွတ်မြောက်ရေး လမ်း ကြောင်း ဝယ်" အမည်ရှိ စာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။

၁၉၈၅ ခုနှစ် ဇန်နဝါရီလတွင် ထိုစဉ်က သမ္မတဖြစ်သူ ဘိုသာက မန်ဒဲလားအနေဖြင့် အေအင်စီအဖွဲ့၏ လက်နက် ကိုင်လှုပ်ရှားမှုကို စွန့်လွှတ်မည်ဆိုပါက အကျဉ်းထောင်မှ လွှတ်ပေးမည်ဟု စကားကမ်းလှမ်းခဲ့ရာ မန်ဒဲလားက ပယ်ချခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် ကိပ်တောင်းရှိ ပိုးလ်စမိုး အကျဉ်းထောင်မှ ပါးလ်တွင်ရှိ ဗစ်တာ ဗာစတာအကျဉ်း ထောင်အတွင်း ထောင်အကြပ်၏ နေအိမ်သို့ရွှေ့ပြောင်း ထားခဲ့သည်။ မန်ဒဲလားသည် ၁၉၈၉ ခုနှစ် နှစ်ဦးပိုင်းက အကျဉ်းထောင်မှနေ၍ တောင်အာဖရိက လူဖြူအစိုးရ ခေါင်းဆောင်များထံသို့ သမိုင်းဝင် စာတစ်စောင် ရေးသား ပေးပို့ခဲ့သည်။ အဆိုပါစာတွင် မန်ဒဲလားက တောင်အာဖရိက အမျိုးသား ကွန်ဂရက်နှင့် တောင် အာဖရိက လူဖြူအစိုးရတို့အား နှိုင်ငံရေး သင့်မြတ်မှု အဖြေရှာရန်အတွက် အမြန်ဆုံး စေ့စပ်ညှိနှိုင်း ဆွေးနွေး ကြရန် တိုက်တွန်းထားသည်။

၁၉၈၉ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ကိပ် တောင်းရှိ သမ္မတအိမ်တော်၌ ဒီကလပ်နှင့် မန်ဒဲလားတို့ သည် အမျိုးသားအစိုးရအဖွဲ့အား ရွေးချယ်တင်မြှောက် ရာတွင် လူမည်းလူမျိုးများအား မဲဆန္ဒပေးပိုင်ခွင့်ကို ပြဋ္ဌာန်းပေးမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲနိုင် ရေးအတွက် စေ့စပ်ညှိနှိုင်းအဖြေရှာနိုင်မည့် နည်းလမ်း များကို ပထမဆုံးအကြိမ်အဖြစ် တိုင်ပင်ဆွေးနွေးခဲ့ကြ သည်။

မန်ဒဲလားသည် အကျဉ်းထောင်အတွင်း ရှိနေစဉ်မှာ ပင် သုံးနှစ်တာကာလကြာမျှ အစိုးရအရာရှိများနှင့်လည်း

ကောင်း၊ အစိုးရအဖွဲ့ ဝန်ကြီးများနှင့်လည်းကောင်း တွေ့ဆုံဆွေးနွေး ညှိနှိုင်းခဲ့ကြသည်။ ထို့ပြင် အသားအရောင်ခဲခြားမှု ဆန့်ကျင်ရေးခေါင်းဆောင်များနှင့်လည်း နေ့စဉ်ဆိုသလို တွေ့ဆုံကာ နိုင်ငံရေးပြဿနာများကို ညှိနှိုင်းအဖြေရှာခဲ့သည်။

၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂ ရက်နေ့သည် တောင်အာဖရိက တစ်နိုင်ငံလုံးအဖို့ အံ့သြဝမ်းသာ တုန်လှုပ်ရသည့် နေ့တစ်နေ့ဟုဆိုက မှားမည်မဟုတ်ချေ။ ယင်းနေ့တွင် တောင်အာဖရိကနိုင်ငံသမ္မတ အက်ဖ်ဒဗလျူ ဒီကလပ်က ပါလီမန်၌ အဖွင့်မိန့်ခွန်း ပြောကြားရာတွင် လူမည်း ခေါင်းဆောင် နယ်လ်ဆင် မန်ဒဲလားအား ခြွင်းချက်မရှိ လွှတ်ပေးမည်ဖြစ်ကြောင်း ကြေညာလိုက်ရာ ၎င်းအား ထောက်ခံသူများအပါအဝင် ဝေဖန်ရေးသမားများကိုပါ အံ့အားသင့်သွားစေခဲ့သည်။ ဖေဖော်ဝါရီ ၁၀ ရက်တွင် ပြုလုပ်သည့် သတင်းစာ ရှင်းလင်းပွဲတွင်လည်း ဒီကလပ်က မန်ဒဲလားအား အကျဉ်းထောင်မှ လွှတ်ပေးမည့်နေ့ကို ထပ်ကြေညာခဲ့သည်။

တောင်အာဖရိကနိုင်ငံ၌ ထူးခြား လေးနက်သည့် သမိုင်းမှတ်တိုင်တစ်ခုအဖြစ် သမိုင်းတွင်ရစ်မည့် နေ့တစ်နေ့မှာ ၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၁ ရက်ဖြစ်သည်။ ယင်းနေ့တွင် နယ်လ်ဆင်မန်ဒဲလားအား ဗစ်တာဗာစတာအကျဉ်းထောင်မှ လွှတ်ပေးခဲ့သည်။ မန်ဒဲလားသည် ဇနီးဖြစ်သူ ဝင်နီမန်ဒဲလားနှင့်အတူ မောင်နှံတူစုံလက်ချင်းယှက်လျက် ကိပ်တောင်းမှ ၃၅ မိုင်အကွာ ပါးလ်းတွင်ရှိ ဗစ်တာ ဗာစတာအကျဉ်းထောင်ဝင်းတံခါးမကြီးမှ ကျော်ဖြတ်ကာ လွှတ်မြောက်သောခြေလှမ်းများဖြင့် လျှောက်လှမ်းရင်း အနှောင်အဖွဲ့ကင်းသည့် ပြင်ပကမ္ဘာနှင့် စတင်ထိတွေ့လိုက်သည်။ နှစ်ပေါင်း ၂၀ နီးပါး အကျဉ်းချထားခြင်းခံရသည့် ဒဏ်ကြောင့် ဖြူဖွေးသောဆံပင်များနှင့် ပါးလျလျအသွင်ရှိနေသည့် အသက် ၇၁ အရွယ်ရှိ နယ်လ်ဆင်မန်ဒဲလားအား အပြင်ဘက်တွင် နာရီပေါင်းများစွာ စောင့်ဆိုင်းနေကြသည့် လူအုပ်ကြီးက ကောင်းချီးသြဘာပေးကာ အားပါးတရ အော်ဟစ်နှုတ်ဆက်ကြသည်။ ယင်းခဏ၌ပင် မန်ဒဲလား၏ မျက်နှာမှာဝင်းလက်၍သွားပြီး လက်သီးဆုပ်ကို လေထဲသို့ပစ်မြောက်လျက် လူထုကြီးအား ပြန်လည်အလေးပြုနှုတ်ဆက်လိုက်သည်။

မန်ဒဲလား အကျဉ်းထောင်မှ လွှတ်မြောက်လာပုံကို ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသပေးရာ တောင်အာဖရိက နိုင်ငံအနှံ့ မြို့ကြီးမြို့ငယ် လမ်းမများပေါ်၌ ဝမ်းမြောက်ဝမ်းသာဖြစ်နေကြသည့် လူမည်းများ၊ သိန်းဆိုကခုန် ရှင်မြူးနေကြသည့် အာဖရိက တစ်တိုက်လုံးရှိ လူမည်းများက အောင်ပွဲရအထိမ်းအမှတ်အဖြစ် ပျော်ရွှင်မြူးတူးခဲ့ကြသည်။ မန်ဒဲလားလွှတ်မြောက်မှုကို ကြားသိလိုက်ရသည့် ငြိမ်းချမ်းရေးနိုဗယ်ဆုရ ဘုန်းတော်ကြီး ဒက်စမွန် တူတူကလည်း ၎င်းအနေဖြင့် ဤသတင်းကို ကြားသိလိုက်ရစဉ်က အသက်ရှူမဝင်ခေတ္တမျှရပ်သွားသည်ဟု ထင်မိကြောင်း၊ ၎င်း၏ ဝမ်းမြောက်မှုကို ဖော်ပြရန် အလွန်ကြီးမားသော အဘိဓာန်ကြီးထဲမှ စကားလုံးများရှာဖွေရဦးမည်ဖြစ်ကြောင်းဖြင့် လှိုက်လှဲဝမ်းမြောက်စွာ ပြောကြားခဲ့သည်။ စင်စစ် မန်ဒဲလားမှာ ၁၉၆၂ ခုနှစ်တွင် အကျဉ်းချထားခြင်းခံရစဉ်ကတည်းကပင် တောင်အာဖရိကလူမည်းလူမျိုးများ၏ နှလုံးသား၌ ၎င်းတို့၏ မှီခိုအားထားရာ ကယ်တင်ရှင်သူရဲကောင်းအဖြစ် စွဲမှတ်ထားခဲ့ပြီး ဖြစ်သည်။ မန်ဒဲလားကို လွှတ်ပေးလိုက်ခြင်းဖြင့် တောင်အာဖရိကတွင် အသားရောင်ခဲခြားမှု အဆုံးသတ်ရေးမှာ အစပျိုးလျက်ရှိနေပြီဟု အချက်ပေးလိုက်ခြင်း ဖြစ်သည်။

မန်ဒဲလားသည် ဇနီးသည် ဝင်နီမန်ဒဲလား လိုက်ပါလျက် ဗစ်တာ ဗာစတာအကျဉ်းထောင်မှ ကိပ်တောင်းသို့ ကားဖြင့် ဆက်လက်ထွက်ခွာလာခဲ့ရာ လမ်းဘေးဝဲယာတို့မှ ထောင်ပေါင်းများစွာသော လူထုကြီးက အားပါးတရ ကြိုဆိုနှုတ်ဆက်ကြသည်။ မန်ဒဲလားအလာကို နာရီပေါင်းများစွာ စောင့်ဆိုင်းနေကြသည့် များပြားလှသော လူထုကြီးအား မြို့တော်ခန်းမ အဆောက်အအုံလေ့ကားထက်တွင်ရပ်လျက် မန်ဒဲလားက မိန့်ခွန်းပြောကြားရာတွင် "သင်တို့ရွှေမှောက်တွင် ကျွန်ုပ်သည် ပညာရှိပုရောဟိတ်ကြီး တစ်ဦးအသွင်ဖြင့် ရပ်နေခြင်းမဟုတ်ပါ။ သင့်တို့အား အလုပ်အကျွေးပြုရန် အစေအပါးအဖြစ်သာ ရောက်ရှိလာခြင်း ဖြစ်ပါသည်။ သင်တို့၏ ရဲစွမ်းသတ္တိအပြည့်အဝဖြင့် စွန့်လွှတ်စွန့်စား လုပ်ဆောင်မှုတို့ကြောင့် ယနေ့ ဤနေရာသို့ကျွန်ုပ်ရောက်ရှိလာနိုင်ခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ ရွှေဆက်ရမည့် ကျွန်ုပ်၏ ဘဝအား သင်တို့ထံတွင် အပ်နှံပါရစေ" ဟု လှိုက်လှိုက်လှဲလှဲ ပြောကြားခဲ့သည်။

ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် မန်ဒဲလားသည် ၎င်း၏ ပထမဦးဆုံး ဖြစ်သော သတင်းစာ ရှင်းလင်းပွဲကို ကိပ်တောင်းတွင် ကျင်းပသည်။ နောက်တစ်နေ့တွင် ၎င်း၏ နေအိမ်ရှိသည့် ဆိုဝီတိုမြို့သို့ သွားရောက်ကာ ဘော လုံး ကစားပြိုင် ကွင်း တစ် ခု၌ လူထုပရိသတ် ၁,၃၀,၀၀၀ အား မိန့်ခွန်းပြောကြားသည်။

ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ၁၇ ရက်ကြာ ပြည်ပခရီးစဉ်အဖြစ် နိုင်ငံရပ်ခြားသို့ သွားရောက်ခဲ့သည်။ ၁၉၆၂ ခုနှစ် အကျဉ်းချထားခြင်းခံရသည့် နောက်ပိုင်း



ကဗျာဆရာ မျိုးမြင့်ဆွေ

မျိုးမြင့်ဆွေ(ခရစ် ၁၉၃၃ – ၁၉၉၀)။ ။အမျိုးသား စာပေဆုရ ကဗျာဆရာ မျိုးမြင့်ဆွေကို ၁၉၃၃ ခုနှစ် အောက်တိုဘာလတွင် ရွှေဘိုခရိုင်၊ ရေဦး မြို့နယ်၊ မန်ကျည်းတောရွာ၌အဖဦး အေးမောင်၊ အမိ ဒေါ်လေးငွေတို့က မွေးဖွားခဲ့သည်။ အမည်ရင်း ဦးမြသောင်း ဖြစ်သည်။

ကဗျာဆရာ မျိုးမြင့်ဆွေသည် ၁၉၆၀ ပြည့်နှစ်တွင် မိုးသောက်ယံ ကဗျာများကိုလည်းကောင်း၊ ၁၉၆၅ ခုနှစ်တွင် အလင်းခေက် ကဗျာများကိုလည်းကောင်း ရေးသားထုတ်ဝေခဲ့သည်။ ထို့နောက် မျိုးမြင့်ဆွေသည် အမျိုးသား စာပေဆုအတွက် လူသားနှင့်ဝန်းကျင်ကဗျာများ စာမူဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရာ ၁၉၆၇ ခုနှစ် အမျိုးသားစာပေဆု ကဗျာပထမဆုကို ရရှိခဲ့သည်။ အဆိုပါစာမူကို စာပေဗိမာန်က စာအုပ်အဖြစ် ထုတ်ဝေခဲ့သည်။

လူသားနှင့်ဝန်းကျင် ကဗျာများသည် လူနှင့်ပတ်ဝန်းကျင်မှ အကြောင်းအရာများကို ဖွဲ့ဆိုထားသောကဗျာများဖြစ်သည်။ ပြဿနာတစ်ရပ်ကို ကြည့်ရှုရာတွင် ဒရင်းအမြစ်ကို မြင်ဘတ် တွေးတတ်ဖို့လိုကြောင်း၊ ပြဿနာကို စိစစ်သုံးသပ်ပြီးနောက် မှန်ကန်သောခံယူချက် ရရှိရန်လိုကြောင်း၊ သယံဇာတပေါကြွယ်ဝသော မြန်မာနိုင်ငံတွင် နေထိုင်သည့် မြန်မာတိုင်းရင်းသားတို့မှာ စိတ်အားငယ်ရန်မရှိ၊ ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ နေနိုင်ကြောင်း စသည်ဖြင့် လူဘောင်၏တိုးတက်သာယာရေး တည်တံ့ရေးတို့ကို လှုပ်စွဲဖွဲ့ဆိုထားသည့် ကဗျာများဖြစ်သည်။

ကဗျာဆရာ မျိုးမြင့်ဆွေသည် ၁၉၅၉ ခုနှစ် မြတ်မှန်ရတနာမဂ္ဂဇင်း စာပေပြိုင်ပွဲတွင် ရွှေမန်းတောင်တော်ကဗျာဖြင့်ပထမဆုကိုလည်းကောင်း၊ ၁၉၆၂ ခုနှစ် အထက်မြန်မာနိုင်ငံ စာရေးဆရာအသင်း စာဆိုတော်နေ့ စာပေပြိုင်ပွဲတွင် နိုင်ငံတော်ဆီသို့ ကဗျာဖြင့် ဒုတိယဆုကို

တွင် ၎င်း၏ ပထမဆုံးပြည်ပခရီးစဉ် ဖြစ်သည်။ ပထမဆုံး ခရီးတစ်ထောက်အဖြစ် အာဖရိက အမျိုးသား ကွန်ဂရက်ဌာနချုပ်တည်ရှိရာ ဇမ်ဘီယာနိုင်ငံ လူဆာကာမြို့သို့ သွားရောက်ပြီး ပြင်ပရောက် အေအင်စီအလုပ်အမှုဆောင်ကော်မတီဝင်များနှင့် တွေ့ဆုံသည်။ မန်ဒဲလားသည် ၎င်း၏ ခရီးစဉ်အတွင်း နိုင်ငံခေါင်းဆောင်များနှင့် လည်းကောင်း၊ ဘုံစျေးအဖွဲ့ ကိုယ်စားလှယ်များနှင့် လည်းကောင်း တွေ့ဆုံခဲ့သည်။ ရောက်လေရာတွင် မန်ဒဲလားအား နိုင်ငံအကြီးအကဲ ခေါင်းဆောင်းများအား ပုံမှန်ကြိုဆိုသည့် အခမ်းအနားဖြင့် ကြိုဆိုကြသည်။

၁၉၉၀ ပြည့်နှစ် မတ်လ ၂ ရက်နေ့တွင် ဇမ်ဘီယာနိုင်ငံ လူဆာကာမြို့တွင်ကျင်းပသည့် အာဖရိကအမျိုးသား ကွန်ဂရက်၏ အလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးတွင် နယ်လ်ဆင်မန်ဒဲလားအား အာဖရိက အမျိုးသား ကွန်ဂရက်၏ ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်လိုက်သည်။

မန်ဒဲလား၏ အကျဉ်းထောင်မှပေးစာများကို ဖာတီမာမီးယားရေးသားသည့် 'မျော်လင့်သည်ထက် ပိုမိုမြင့်မားစွာ' အမည်ရှိ မန်ဒဲလား၏အတ္ထုပ္ပတ္တိစာအုပ်တွင် လေ့လာဖတ်ရှုနိုင်ပေသည်။ ယင်းစာအုပ်ကို ဗြိတိန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့တွင် ရိုက်နှိပ်ထုတ်ဝေမည် ဖြစ်သည်။

မန်ဒဲလားက တကယ့်လူဆိုသည်မှာ မိမိခြေထောက်ပေါ်တွင် ယုံယုံကြည်ကြည် ခိုင်ခိုင်မာမာဖြင့် ကြွံ့ကြွံ့ခံရပ်တည်ရင်း ဘယ်တော့မှ ဒူးမထောက်လက်မခြောက် အရှုံးမပေးတတ်သည့် လူစားမျိုးဖြစ်သည်ဆိုသည့် အဘိဓမ္မာကို စွဲကိုင်ထားသည်။ ၎င်းအနေဖြင့် မည်သည့်အခါကမျှ စိတ်ဓာတ်မကျခဲ့ကြောင်း၊ တစ်နေ့နေ့တွင် ၎င်းအောင်နိုင်မည်ဟုယုံကြည်ကြောင်း ပြောကြားခဲ့ဖူးသည်။

စင်စစ် အိုမင်းရင့်ရော်ခဲ့ပြီဖြစ်သော တောင်အာဖရိကနိုင်ငံဟောင်းသည် မနေ့ကပင် တစ်စခန်းသိမ်းကာ နေဝင်သွားခဲ့ပေပြီ။ ယနေ့မှာပင် နုပျိုလန်းဆန်းတက်ကြွသည့် အာဖရိကနိုင်ငံသစ် နေမင်းကြီး ပေါ်ထွက်ခဲ့ပြီ မဟုတ်ပါလော။


မန်ဒဲလားအဖို့ အနာဂတ်ကာလတွင် ဆောင်ရွက်စရာကိစ္စများ အများအပြား ရှိနေပေသည်။ ပြဿနာရပ်များကို ကိုင်တွယ်ဖြေရှင်းရာတွင် အောင်မြင်မှုရရှိအောင် အထောက်အပံ့ဖြစ်စေမည့် အရည်အသွေးတစ်ခုမှာ ၎င်း၏ သည်းခံစိတ်ရှည်မှုပင် ဖြစ်ပေလိမ့်မည်။ မည်သို့ပင်ဆိုစေ တောင်အာဖရိကနိုင်ငံတွင် အနာဂတ်၌ ဆက်လက်ပေါ်ထွက်လာမည့် သမိုင်းစာမျက်နှာသစ်များကို စောင့်စားကြည့်ရှုရန်ပင် ရှိပေတော့သည်။

လည်းကောင်း၊ ၁၉၆၄ ခုနှစ် ဓနသဟာယစာစောင် ကဗျာ ပြိုင်ပွဲတွင် မောင်ကြီးတို့ရွာ ကဗျာဖြင့် ပထမဆုကို လည်းကောင်း ဆွတ်ခူးရရှိခဲ့ဖူးသူ ဖြစ်သည်။

မျိုးမြင့်ဆွေ ရေးစပ်ပြီး ရှုမဝရုပ်ရှင်မှ စေလိုရာစေ ရုပ်ရှင်ဇာတ်ကားတွင် ဇော်ဝမ်းသီဆိုခဲ့သော ကျောက်ခဲသီချင်းနှင့် တက္ကသိုလ်အေးမောင်သီဆိုခဲ့သော ဂျိန်းဖော ပွဲတော်သီချင်းတို့သည် ဂီတလောကတွင် အောင်မြင် ကျော်ကြားခဲ့သည်။

မျိုးမြင့်ဆွေသည် ပန်းချီဆရာ၊ ကဗျာဆရာ၊ ဂီတ စာဆိုဘဝတွင် ကျင်လည်ရင်း ၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် မန္တလေးမြို့၌ ကွယ်လွန်သည်။

မကွယ်လွန်မီ တစ်ရက်အလိုတွင် ဆေးရုံပေါ်၌ နောက်ဆုံးကဗျာဝါစ်ပုဒ် ရေးဖွဲ့သွားခဲ့သည်။



သီရိပျံချီ ဦးမြစိန်

မြစိန်၊ ဦး (ခရစ် ၁၉၁၆–၁၉၉၀) ။ ။လွတ်လပ်ရေး မော်ကွန်းဝင် (ပထမဆင့်)၊ နိုင်ငံ့ဂုဏ်ရည်(ဒုတိယဆင့်) ရ အငြိမ်းစား သံအမတ်ကြီး သီရိပျံချီ ဦးမြစိန်ကို ၁၉၁၆ ခုနှစ် သြဂုတ်လ ၁၇ ရက်နေ့တွင် အဖ ဦးဂုဏ်မာန်၊ အမိ ဒေါ်မြိုင်တို့က ပုသိမ်မြို့၌ မွေးဖွားသည်။

၁၉၃၅ ခုနှစ်တွင် ရန်ကုန်မြို့ ဒိုင်အိုစိဆင်ယောကျ်ား ကလေးအထက်တန်းကျောင်း (Dioceson Boys' High School) မှ ဆယ်တန်းအောင်မြင်သည်။ ရန်ကုန်တက္ကသိုလ်၌ ပညာဆက်လက် သင်ကြားသည်။ ၁၉၃၆ ခုနှစ် ကျောင်းသားသပိတ်တွင် ပါဝင်ခဲ့ပြီး ၁၉၃၇–၃၈ ခုနှစ်တွင် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂ အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။ ထို့အချိန်က သမဂ္ဂဥက္ကဋ္ဌမှာ သခင်အောင်ဆန်း ဖြစ်သည်။ ၁၉၃၈ ခုနှစ် ဗိုလ်အောင်ကျော်အရေးအခင်း၌ ပါဝင်ခဲ့ပြီး ကသာမြို့တွင် ကျောင်းသားများ သပိတ်မှောက်ရန် လှုံဆော်ခြင်း၊ နယ်ခဲ့၍ ဆန့်ကျင်ရေးတရား ဟောပြော ခြင်းတို့ကြောင့် အင်္ဂလိပ်အစိုးရ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။

တစ်ဖန် ၁၉၃၉ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ အလုပ်အမှုဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၀ ပြည့်နှစ်တွင် တက္ကသိုလ် ကျောင်းသားသမဂ္ဂ မဂ္ဂဇင်းဖြစ်သော အိုးဝေမဂ္ဂဇင်းတွင် အယ်ဒီတာတစ်ဦး အဖြစ် ဆောင်ရွက်ခဲ့သည်။ ထိုနှစ်၌ပင် မြန်မာ့ရုပ်ရှင်မြင့်တင်ရေးအတွက် "Films and Follies" အမည်ရှိ စာအုပ်ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြုစု ထုပ်ဝေခဲ့သည်။

၁၉၄၁–၄၂ ခုနှစ်တွင် ရန်ကုန် တက္ကသိုလ် ကျောင်းသားများ သမဂ္ဂ အဖွဲ့ဥက္ကဋ္ဌလုပ်ဆောင်ရန် တင်မြှောက်ခြင်း ခံရသည်။ သို့သော် တက္ကသိုလ် စရောက်သည့်နှစ်မှစ၍ နိုင်ငံရေးလှုပ်ကိုင်ခဲ့ပြီး ကျောင်းသား သပိတ်များတွင် ဦးဆောင်မှုပေးခဲ့သဖြင့် ဘွဲ့ရရေးအတွက် ကြန့်ကြာနေမည်ကြောင့် ကျောင်းစာကို ဖိဖိစီးစီး စူးစိုက်နိုင်ရန် ဥက္ကဋ္ဌတင်မြှောက်ခြင်းကို ငြင်းဆိုလိုက်သည်။

၁၉၄၂–၄၃ ခုနှစ်တွင် ပုသိမ်မြို့၌ ပုသိမ်ခရိုင် ငြိမ်းချမ်းရေး ထိန်းသိမ်းမှု ကော်မတီဝင် (Peace Preservation Committee)အဖြစ် တာဝန်ယူခဲ့သည်။ ၁၉၄၃–၄၄ ခုနှစ်တွင် ပုသိမ်ခရိုင် အာရှလူငယ်အဖွဲ့တွင် ပထမဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ တစ်ချိန်တည်းမှာပင် စေတနာ့ဝန်ထမ်း အမျိုးသား ကျောင်းအုပ် နှင့် စေတနာ့ဝန်ထမ်း မြူနီစီပါယ် အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၅ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်း ဟင်္သာတ သို့ အသွားတွင် ကန်ကြီးဒေါင့်ရှိ ဦးမြစိန်ရှိရာသို့ဝင်၍ တာဝန် ပေးချက်အရ ကရင်–ဗမာ ချစ်ကြည်ရေး အတွက် ကရင်ရွာများသို့ သွားရောက်ပြီး ကရင် ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့သည်။ ၁၉၄၅ ခုနှစ် ပုသိမ်ခရိုင်၌ တော်လှန်ရေးဆောင်ရွက်နေစဉ် အာရှလူငယ်ပေါင်း ၃၀ ကျော် တို့နှင့်အတူ ဦးမြစိန်အား ရက်ပေါင်း ၃၄ ရက် ဂျပန်ကင်ပေတိုင်က ဖမ်းဆီးခဲ့သည်။ အာရှလူငယ်ပေါင်း ၃၀ မှာ ကင်ပေတိုင်၏ သတ်ဖြတ်ခံခဲ့ရသည်။ သို့သော် ဦးမြစိန်သည် ပုသိမ်ခရိုင် အာရှလူငယ်ခေါင်းဆောင် ဖြစ်နေသည်ကတစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက် မိတ်ဆွေရင်း ဖြစ်နေ၍ တစ်ကြောင်း ဦးမြစိန်အား ဂျပန်ကင်ပေတိုင်က အသက်ဘေးမှ ချမ်းသာခွင့် ပေးခဲ့သည်။

ထို့နောက် စစ်ပြီးကာလမှစ၍ ပုသိမ်ခရိုင် ဖဆပလ အဖွဲ့၏ ပထမဦးဆုံး ဥက္ကဋ္ဌအဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။ စစ်ပြီးကာလ ရန်ကုန်တက္ကသိုလ်တွင် ပညာ ဆက်

လက် သင်ကြားခဲ့ပြီး ၁၉၄၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဂုဏ်ထူးကို အင်္ဂလိပ်စာနှင့် အောင် မြင် ပြီး ဥပဒေဝိဇ္ဇာ(ဘီ–အယ်လ်)ကို ဆက်လက်သင်ကြားခဲ့သေး သော်လည်း တိုင်းပြူပြည်ပြူလှုတ်တော်အမတ် တာဝန်ယူရသောကြောင့် စာမေးပွဲ မဖြေဆိုဖြစ်ခဲ့ခြေ။

ဦးမြစိန်သည် ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲရေးအဖွဲ့တွင် အဖွဲ့ဝင် အဖြစ်လည်း ပါဝင် ဆောင်ရွက်ခဲ့သည်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးသည့် အချိန်မှစ၍ နိုင်ငံရေးလောကမှ အနားယူခဲ့သည်။ ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ပထမအတွင်းဝန်အဖြစ် စတင် အမှုထမ်းဆောင်သည်။ ၁၉၄၈ ခုနှစ်၌ ဦးမြစိန်သည် သီပေါမင်း၏ သီဟာသန ပလ္လင်ကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ ဘုရင်ခံချုပ် မောင့်ဘက်တန်ထံမှ လက်ခံရယူပြီး မြန်မာနိုင်ငံသို့ ပြန်လည်ယူဆောင်လာခဲ့သူဖြစ်သည်။

ဦးမြစိန်သည် ပြင်သစ်နိုင်ငံဆိုင်ရာ ပထမဆုံး မြန်မာသံအမတ်ကြီးအဖြစ် ၁၉၄၉ ခုနှစ်မှ ၁၉၅၁ ခုနှစ် အထိ လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံ မြန် မာ သံ ရုံး တွင် အတိုင်ပင်ခံသံမှူးအဖြစ် ၁၉၅၂ ခုနှစ်မှ ၁၉၅၃ ခုနှစ်အထိ လည်းကောင်း၊ ၁၉၅၅ ခုနှစ်မှ ၁၉၅၉ ခုနှစ်အထိ ရန်ကုန်မြို့ နိုင်ငံခြားရေးရုံးတွင် ကုလသမဂ္ဂနှင့် နိုင်ငံခြားရေးဌာနခွဲ၏ ဌာနခွဲမှူး (Chief of Division)အဖြစ် လည်းကောင်း၊ ၁၉၅၉ ခုနှစ်မှ ၁၉၆၁ ခုနှစ်အထိ မလေးရှား နိုင်ငံတွင် ပထမဆုံး မြန်မာ သံအမတ်ကြီးအဖြစ် လည်းကောင်း၊ ၁၉၆၁ ခုနှစ်မှ ၁၉၆၇ ခုနှစ်အထိ သြစတြေးလျနိုင်ငံနှင့် နယူးဇီလန်နိုင်ငံ ဆိုင်ရာ မြန်မာ သံအမတ်ကြီး အဖြစ် လည်းကောင်း၊ ၁၉၆၇ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ နိုင်ငံခြားရေး ဝန်ကြီးဌာနတွင် သုတေသနမှူးနှင့် ကုလသမဂ္ဂ ဌာနခွဲမှူး အဖြစ်လည်းကောင်း အသီးသီး တာဝန်ယူ ဆောင်ရွက်ခဲ့ပြီး ၁၉၇၀ ပြည့်နှစ်တွင် အငြိမ်းစား ယူခဲ့သည်။

၁၉၄၈ ခုနှစ်မှ ၁၉၆၇ ခုနှစ်အတွင်း သံတမန်အဖြစ် အမှုထမ်းဆောင်စဉ် အပြည်ပြည်ဆိုင်ရာညီလာခံများတွင် ခေါင်းဆောင် သို့မဟုတ် အဖွဲ့ဝင်အဖြစ် ကုလသမဂ္ဂ ညီလာခံများ၊ ဘန်ဒေါင်းကွန်ဖရင့်၊ ပင်လယ်ရေပြင်ဥပဒေ ညီလာခံ (Law of the Sea Conference), GATT, ECAFE, WHO, UN Trusteeship Council အစရှိသည့် အစည်းအဝေးများသို့ မြန်မာ ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။

ဦးမြစိန်သည် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်စဉ်အတွင်း ပြင်သစ်အစိုးရက ၁၉၅၁ ခုနှစ်တွင် ချီးမြှင့်သည့် Legion of Honour ဘွဲ့တံဆိပ် ကိုလည်း

ကောင်း၊ ၁၉၅၆ ခုနှစ်တွင် ဆင်္ဂသင်္ဂါယနာ ဘွဲ့ကိုလည်းကောင်း၊ ၁၉၆၀ ပြည့်နှစ် တွင် Star of Revolution (Order of Third Degree) ကိုလည်းကောင်း၊ ၁၉၆၁ ခုနှစ်တွင် သီရိပျံချီဘွဲ့ကိုလည်းကောင်း၊ ၁၉၇၆ ခုနှစ်တွင် လွတ် လပ် ရေး မော် ကွန်း ဝင် (ပထမဆင့်) ကိုလည်းကောင်း၊ ၁၉၈၀ ပြည့်နှစ်တွင် နိုင်ငံ့ဂုဏ်ရည် (ဒုတိယဆင့်) ကိုလည်းကောင်း အသီးသီး ရရှိခဲ့သည်။


ဦးမြစိန်သည် စစ်ကြိုခေတ်က ဂန္ဓလောက (The World of Books) တက္ကသိုလ် မဂ္ဂဇင်း၊ အိုးဝေမဂ္ဂဇင်း၊ နယူးဘားမား စသည့် စာစောင်များနှင့် စစ်ပြီးခေတ်တွင် Burma Digest, Rangoon Review, The Ray, The Guardian Magazine စသည့် စာ စောင် တို့ တွင် ဆောင်းပါးနှင့် ဝတ္ထုတိုများ ရေးသားခဲ့သည်။

၁၉၄၃ ခုနှစ်တွင် ဦးမြစိန်သည် ဆေး တ က္က သိုလ် (2nd M. B. B. S. senior)တက်ရောက်နေသည့် ဒေါ်နုနုနှင့် လက်ထပ်ခဲ့ရာ သားလေးယောက်နှင့် သ မီး တစ် ယောက် ထွန်းကားခဲ့သည်။

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် တစ်တပ်တစ်အား ပါဝင်ခဲ့သော အငြိမ်းစားသံအမတ်ကြီး သီရိပျံချီ ဦးမြစိန်သည် ၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ၈နှီး ဒေါ်နုနုနှင့် သားသမီးများ ကျန်ရစ်သည်။

မြလှိုင် ဦး(ခရစ် ၁၉၂၁ – ၁၉၉၀)။ ။ မော်ကွန်း ဝင်(ပထမဆင့်)ရ အမျိုးသား စာပေဆုရှင် စာရေးဆရာမြလှိုင် အမည်ခံ ဦးမြလှိုင်ကို ၁၉၂၁ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် ဖျာပုံမြို့၌ အဖ ဦးစိန်သွင်၊ အမိ ဒေါ်ကျင်မြိုင်တို့က မွေးဖွားသည်။ မွေးချင်းမောင်နှမ ခုနစ်ယောက်အနက် ဆင္ဌမမြောက်သားဖြစ်သည်။

စာရေးဆရာ ဦးမြလှိုင်



၁၉၃၀ ခုနှစ်တွင် ဖျာပုံမြို့နယ်လုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၃၉ ခုနှစ်တွင် ဖျာပုံမြို့နယ်လုံးဆိုင်ရာ တို့ဗမာအစည်းအရုံး အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၄၁ ခုနှစ်တွင် မြို့မ အမျိုးသား အထက်တန်းကျောင်း .မှ ၁၀ တန်းအောင်မြင်ခဲ့သည်။

၁၉၄၂ ခုနှစ်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော် ဗမာ့ကာကွယ်ရေးတပ်မတော် မျိုးချစ်ဗမာ့တပ်မတော်တို့တွင် ဖက်ဆစ် တော်လှန်ရေး ပြီးသည်အထိ တစ်ဆက်တည်း တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၄၅ ခုနှစ်တွင် ဖျာပုံခရိုင် ပြည်သူ ရဲဘော်အဖွဲ့ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဖျာပုံမြို့နယ် ဖဆပလအဖွဲ့ အတွင်းရေးမှူးအဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။

၁၉၄၆ – ၄၇ ခုနှစ်တွင် ဖျာပုံ မြူနီစီပါယ် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၄၈ ခုနှစ်မှ ၁၉၅၂ ခုနှစ်အထိ မြိတ်ခရိုင်တွင် စစ်ရဲ တပ်ရင်း၊ တပ်ခွဲ ၁၁ ခွဲ လည်းကောင်း၊ မြိတ်ခရိုင် စစ်ဝန်ထမ်းတပ် ခေတ္တ တပ်ရင်းမှူးအဖြစ် လည်းကောင်း ကာဝန်ယူ ဆောင်ရွက်ခဲ့သည်။

၁၉၅၃ ခုနှစ် မှ ၁၉၅၆ ခုနှစ်အထိ ကာကွယ်ရေးဝန်ကြီးဌာန၊ စိတ်ဓာတ်စစ်ဆင်ရေးဌာနတွင် စိတ်ဓာတ်စစ်ဆင်ရေးအရာရှိ အဖြစ်လည်းကောင်း၊ မြဝတီမဂ္ဂဇင်း အယ်ဒီတာချုပ်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

၁၉၆၉ ခုနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ စာပေစိစစ်ရေးဌာနတွင် သုတေသနအရာရှိအဖြစ်လည်းကောင်း ၁၉၇၃ ခုနှစ်တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ စာပေစိစစ်ရေးဌာနခွဲ စာပေ စိစစ်ရေးမှူးအဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။ တောင်သူလယ်သမားကျေးနယ်တာဝန်ခံအယ်ဒီတာအဖြစ်လည်း ဆောင်ရွက်ခဲ့သည်။

၁၉၈၁ ခုနှစ် ဇွန်လတွင် ပေဖူးလွှာ မဂ္ဂဇင်းကို ပြန်လည် ထုတ်ဝေပြီး စာတည်းမှူးချုပ်အဖြစ် ကွယ်လွန်ချိန်အထိ ဆောင်ရွက်ခဲ့သည်။

မြဝတီ၊ ဒွေတာရီ၊ ရွှမဝ၊ သွေးသောက်၊ နဝဒေး၊ မိုးဝေ စသော မဂ္ဂဇင်းများတွင် ဝတ္ထုရှည် ဝတ္ထုတိုနှင့် ဆောင်းပါးများ ရေးသားခဲ့သည်။ "ဘဝနေဝင်ချိန်" နှင့် "ကျွန်တော်ငယ်စဉ်ကအကြောင်း" အခန်းဆက် ဝတ္ထုတို့မှာ လူကြိုက်များလှသည်။ ၁၉၇၅ ခုနှစ်တွင် "တော်လှန်ရေး ဝတ္ထုတိုများ" ဝတ္ထုတို ပေါင်းချုပ် စာအုပ်ဖြင့် အမျိုးသားစာပေဆုကိုရရှိခဲ့သည်။ "ဘုန်းကြီးကျောင်းသား ဒေါက်တာ မြတ်ကျော်" နှင့် "ကျွန်တော် ငယ်စဉ်ကအကြောင်း" လုံးချင်းဝတ္ထုများကိုလည်း ရေးသားထုတ်ဝေခဲ့သည်။

မကွယ်လွန်မီ 'စိတ်ကူးအိပ်မက်' အခန်းဆက်ဝတ္ထုရှည်ကို ရေးသားခဲ့သည်။ ထိုဝတ္ထုကို ရေးသားလျက်ရှိနေစဉ် ကျန်းမာရေးချို့တဲ့လာပြီး ၁၉၉၀ ပြည့်နှစ် အောက်တိုဘာလ ၁၄ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

မြန်မာနိုင်ငံစာပေဆုများ။ ။၁၉၈၉ ခုနှစ်အတွက် အမျိုးသားစာပေဆုနှင့်စာပေဗိမာန်စာမူဆု ဆုနှင်းသဘင် အခမ်းအနားကို ၁၉၉၀ ပြည့်နှစ် နိုဝင်ဘာလ ၁၇ ရက် (၁၃၅၂ ခုနှစ် နတ်တော်လဆန်း ၁ ရက်) စာဆိုတော်နေ့တွင် ရန်ကုန်မြို့ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့ ပြည်သူစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဘုန်းမြင့် တက်ရောက် အမှာစကားပြောကြားပြီး ဆုရရှိသူများအား ဆုများ ချီးမြှင့်သည်။

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီသည် အမျိုးသားစာပေဆု ချီးမြှင့်ရေးမူဝါဒ ကိုးချက်နှင့် သတ်မှတ်ထားသည့် အမျိုးသားစာပေဆု စည်းကမ်းချက်များနှင့်အညီ ၁၉၈၉ ခုနှစ်အတွက် သက်ဆိုင်ရာဘာသာရပ်အသီးသီးတွင် အမျိုးသားစာပေဆုချီးမြှင့်ရန် အထိုက်တန်ဆုံး စာအုပ်များကို ရွေးချယ်ခဲ့သည်။

ထိုသို့ ရွေးချယ်ရာ၌ အမျိုးသားစာပေဆုချီးမြှင့်ရန် သတ်မှတ်ထားသည့် ဘာသာရပ်များအနက် ကဗျာဆု၊ စာပဒေသာဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆု၊ ကလေးစာပေဆု၊ လူငယ်စာပေဆု၊ သုတပဒေသာ (ဝိဇ္ဇာ) ဆု၊ သုတပဒေသာ (သိပ္ပံ) ဆု စုစုပေါင်း ခုနစ်ဆုသာ အရွေးချယ်ခံခဲ့ရသည်။ ဝတ္ထုရှည်ဆု၊ ဝတ္ထုတိုပေါင်းချုပ်ဆု၊ ပြဇာတ်ဆုနှင့် ဘာသာပြန် (သုတစာပေ/ရသစာပေ) ဆုများ အရွေးချယ်မခံရချေ။

အမျိုးသား စာပေဆုအတွက် ဆုလက်မှတ်နှင့်အတူ ငွေကျပ် ၂၀,၀၀၀ စီ ချီးမြှင့်ပြီး စာပေဗိမာန်စာမူဆု ပထမဆုအတွက် ဆုလက်မှတ်နှင့် ငွေကျပ် ၇၀၀၀၊ ဒုတိယဆုအတွက် ဆုလက်မှတ်နှင့် ငွေကျပ် ၆၀၀၀၊ တတိယဆုအတွက် ဆုလက်မှတ်နှင့် ငွေကျပ် ၅၀၀၀ စီ ချီးမြှင့်သည်။

စာအုပ်အဖြစ် ထုတ်ဝေရန် အခက်အခဲရှိနေသည့် အဆင့်မီစာမူများကို စာအုပ်အဖြစ် ရောက်ရှိစေရန်နှင့် အရည်အသွေးရှိသည့် ကလောင်ရှင်များကို ချီးမြှောက် အားပေးရန်ဟူသော ရည်ရွယ်ချက်ဖြင့် စာပေဗိမာန်စာမူ

ပြိုင်ပွဲကို ၁၉၆၉ ခုနှစ်မှစ၍ပြုလုပ်ပေးခဲ့ရာ ယခု အနှစ် ၂၀ ရှိပြီဖြစ်သည်။

စာပေဗိမာန်စာမူဆု ရွေးချယ်စိစစ်ရေး အဖွဲ့သည် စာပေဗိမာန်စာမူဆု ရွေးချယ်စိစစ်ရေး မူဝါဒနှင့် စည်းကမ်းချက်များနှင့်အညီ ဖတ်ရှုစိစစ်၍ ၁၉၇၉ ခုနှစ် အတွက် ဆုပေါင်း ၂၁ ဆုကို ရွေးချယ်ချီးမြှင့်ခဲ့သည်။



၁၉၇၉ ခုနှစ်အတွက် အမျိုးသားစာပေဆု ချီးမြှင့်နေစဉ်

၁၉၇၉ ခုနှစ် အမျိုးသားစာပေဆုများ

ဘာသာရပ်	စာအုပ်အမည်	စာရေးသူ
ကဗျာ	လမ်းနှင့်ပန်းနှင့်စခန်းသစ်	တက်လူ
စာပဒေသာ	ပန်းလိုချင် တတ်မှ	အပင်ကိုပျိုး လယ်တွင်းသာ စောချစ်
မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ	မြန်မာအမျိုးသမီး ထုံးဖွဲ့မှု	ဆင်ယင် စောမုံညင်း
ကလေးစာပေ	မာန်နှင့်အခြားဝတ္ထုတိုများ	မြတ်မျိုးမြင့်
လူငယ်စာပေ	အစားထိုးသီးနှံနှင့် အခြားဝတ္ထုတိုများ	အစားထိုးသီးနှံနှင့် အခြား စုကြည်မျိုး
သုတပဒေသာ (ဝိဇ္ဇာ)	လယ်တွင်းကိုးခရိုင်၊ ခေတ်မြန်မာတို့၏ စပါးကျီ	ရွှေ ဒါရိုက်တာ မြင့်မောင်
သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံ)	မြန်မာ့လေမြန်မာ့ရေ	နိုင်ဌေမိုး

၁၉၇၉ ခုနှစ် စာပေဗိမာန်စာမူဆုများ

ဘာသာရပ်	ဆုအမျိုးအစား	စာမူအမည်	စာရေးသူ
သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံ)	ပထမဆု	သန္ဓေသား	ဒေါက်တာ မြင့်သန်း
	ဒုတိယဆု	စပါးနှင့်အခြား ကောက်ပဲသီးနှံများကို အမြစ်ခံ ရွက် တို့မှ စိုက်ပျိုးနည်း	ဒေါက်တာ မောင်သင်း
ပြဇာတ်စာပေ	ဒုတိယဆု	မြန်မာ့ပုဂံ ကျွန်မခံ	ဒိုလ်ကျော် ဆန်း
နိုင်ငံရေးစာပေ	ဒုတိယဆု	မြန်မာ့နိုင်ငံရေး ခေတ်အပြောင်းအလဲနှင့် ပြည်တွင်း ကုန်တင် ကုန်ချ အလုပ်သမားဘဝ	သခင် ခင်ဇော်
ဝတ္ထုတိုစာပေ	ဒုတိယဆု	မြစ်ကြီးနားသို့	မောင်မောင် ကွယ် အဓိက ကုသပြုစုစောင့် ရှောက်ကြ

၁၉၇၉ ခုနှစ် စာပေဗိမာန်စာမူဆုများ

ဘာသာရပ်	ဆုအမျိုးအစား	စာမူအမည်	စာရေးသူ
ဝတ္ထုရှည်	ပထမဆု	နော်ရင်မွှေး	မြသန္တာ
။	ဒုတိယဆု	ရွက်နုဝေဖြာ	ချစ်ကိုကိုယု
		သံယောဇဉ်	
		ကမ္ဘာ	
။	တတိယဆု	နာဂမြေမှ	နာဂတင်ဦး
		ရတနာများ	
ဝတ္ထုတို	ဒုတိယဆု	ကြူရတနာ	ကြူရတနာ
ပေါင်းချုပ်		ဝတ္ထုတိုများ	မောင်မြကြိုင်
။	တတိယဆု	မေတ္တာနှောင်ကြိုးနှင့် အခြားဝတ္ထုတိုများ	ခိုင်လွှမ်းဝေ (ကန္ဒရဝတီ)
စာပဒေသာ	ပထမဆု	ပုံတောင်ပုံညာခရီးသည်	တင်မြင့်
။	ဒုတိယဆု	တောပန်းတစ်ရုံ သွေးဂဏ်နှင့်လှစေတော့	သန်းအောင် (အညာမြေ)
။	တတိယဆု	သွေးချင်းတို့ ဌာနေကချင်မြေ	ဟသံ

ကလေးစာပေ	ပထမဆု	ကျေးလက်ဒေသမှ ကလေးများ	ကန့်ဘလူခင်မောင်ဆွေ
။	ဒုတိယဆု	စပ်စုမနှင့် သဘာဝရတနာများ	မောင်ကြည်သန့်
လူငယ်စာပေ	ဒုတိယဆု	ရှင်မတောင်ခြေမှာ မောင်ဆင့်ဆင့်နေသည်။	မောင်မျိုး (မြန်မာစာ)
မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ	ပထမဆု	ပန်တျာဂီတလမ်းညွှန်	သန်လျင်မြဦး
။	ဒုတိယဆု	ဇာတ်ဆရာကြီး ဦးကြင်ဥနှင့် သူ၏ပြဇာတ်များ	သောင်းရွှေညို
။	တတိယဆု	ကောက်သင်းစာ	ကြူရတနာမောင်မြကြိုင်
သုတပဒေသာ (ဝိဇ္ဇာ)	ပထမဆု	ဝန်ထမ်းစည်းကမ်း	ဦးတင်မောင်
။	ဒုတိယဆု	ကနုန်းစာလှ	မောင်ကျော်ရှင်း

မြန်မာနိုင်ငံတော်၊ ပြည်ထောင်စု။ ။ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ၁၉၉၀ ပြည့်နှစ် နှစ်ဦးပိုင်းမှ စက်တင်ဘာလအထိ တိုးတက်ဖြစ်ပေါ်ခဲ့သော ထင်ရှားသည့် အကြောင်းရပ်အချို့ကို အောက်ပါအတိုင်း ဖော်ပြပါသည်။

ဘွဲ့ထူးဂုဏ်ထူးများ၊ ချီးမြှင့်ခြင်း

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင်သည် ဧပြီလ ၂၇ ရက်နေ့တွင် ပြည်သူလူထုတော် သဘင်ဆောင်၌ ကျင်းပသည့် ဂုဏ်ထူးဆောင်ဘွဲ့များ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနား သို့တက်ရောက်မိန့်ခွန်း မြွက်ကြား၍ စွမ်းရည်သတ္တိ ဆိုင်ရာ ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်များကို ချီးမြှင့်အပ်နှင်းပြီး စွမ်းဆောင်မှုဆိုင်ရာ ဘွဲ့တံဆိပ်များကို သက်ဆိုင်သူများအား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌကိုယ်စား ချီးမြှင့်အပ်နှင်းနိုင်ရန် ပြည်နယ်နှင့်တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ရှစ်ဦးတို့အား တာဝန်များ ပေးအပ်ခဲ့သည်။

ထို့ပြင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် အမိန့်ကြော်ငြာစာများထုတ်ပြန်ကာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်းခြင်း၊ ဂုဏ်ထူးဆောင် ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ၊ စစ်မှုထမ်း ကောင်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းတံဆိပ်နှင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်အပ်နှင်းခြင်းများပြုလုပ်ခဲ့သည်။

ဖေဖော်ဝါရီလ ၁၂ ရက် ပြည်ထောင်စုနေ့တွင်လည်း

အမိန့်ကြော်ငြာစာ ထုတ်ပြန်ကာ ဂုဏ်ထူးဆောင် တံဆိပ်များ အပ်နှင်းခြင်း ပြုလုပ်ခဲ့သည်။ မတ်လ ၂၇ ရက် တပ်မတော်နေ့ (တော်လှန်ရေးနေ့) တွင် လည်း အမိန့်ကြော်ငြာစာများ ထုတ်ပြန်ကာ သူရဲကောင်း မှတ်တမ်းဝင်တံဆိပ်များနှင့် ပြည်သူ့ဝန်ထမ်း ကောင်းတံဆိပ်များ အပ်နှင်းခြင်း ပြုလုပ်ခဲ့သည်။ ထို့ပြင် ဧပြီလ ၁၃ ရက်နေ့တွင်လည်း အမိန့်ကြော်ငြာစာများ ထုတ်ပြန်ကာ ရဲကျော်သူတံဆိပ်နှင့် ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်များ အပ်နှင်းခြင်း ပြုလုပ်ခဲ့သည်။ မေလ ၂၅ ရက် နေ့တွင်လည်း အမိန့်ကြော်ငြာစာဖြင့် ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ် ချီးမြှင့်ခံရသူများ၏ အမည်စာရင်းကို ထုတ်ပြန်ခဲ့သည်။ (ဂုဏ် ထူး ဆောင် ဘွဲ့ များ၊ ဂုဏ် ထူး ဆောင် တံ ဆိပ် များ—ရှု။)

နိုင်ငံတော်ပိုင် အမျိုးသား ရတနာများ

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင်၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် နဝရတ် ရတနာ မြေမှ တူး ဖော် ရ ရှိ ခဲ့ သော အ လေး ချိန် ၅ ဒသမ ၂၅ ကရက်ရှိ ပတ္တမြားကြီးကို ဧပြီလ ၂၆ ရက်နေ့တွင် ကြည့်ရှု စစ်ဆေးခဲ့သည်။ ပ တ္တ မြား ကြီးသည် ခိုသွေးရောင်ရှိပြီး အရောင်အသွေးကောင်းမွန်ခြင်း၊ အပြစ်အနာ လုံးဝကင်းခြင်း၊ အရွယ်အစား ကောင်းခြင်း၊ သွေးပုံလှပခြင်း၊ ပွင့်ရည်ကောင်းခြင်း၊ ချွန်တည့်ဝန်းတည့် ဖြစ်ပြီး ပွင့်ရည်ပထမတန်းစား ဖြစ်ကြောင်း သိရှိရသဖြင့် ပတ္တမြားကြီးအား စံကျောက် အ ဖြစ် လည်း ကောင်း၊ နိုင် ငံ တော် ပိုင် အမျိုးသား ရတနာအဖြစ် စံပြုထိန်းသိမ်း မည့် ပ တ္တ မြား ကြီး အဖြစ်လည်းကောင်း သတ်မှတ်ပေးခဲ့သည်။ ထိုပတ္တမြားကြီးသည် နဝရတ် ရတနာမြေမှ ဧပြီလ ၂၃ ရက်နေ့တွင် တူးဖော်ရရှိခဲ့သည်။ အလျား ၁၁ မီလီမီတာ၊ အနံ ၁၀ မီလီမီတာ၊ ထု ၇ မီလီမီတာ၊ အလေးချိန် ၉ ဒသမ ၇၀ ကရက်ရှိ ထူးခြားကောင်းမွန်သည့် ပတ္တမြား အရိုင်းကြီးတစ်ပွင့်ကို သွေးယူခဲ့ခြင်းဖြစ်သည်။

တစ်ဖန် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင်၊ ဒုတိယ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး သန်းရွှေနှင့် အဖွဲ့ဝင်များသည် ပြည်ပမှ ပြန်လည် သိမ်းဆည်းရမိသော အလေးချိန် ၄၉၆ ဒသမ ၅ ကရက်ရှိ ပတ္တမြားရတနာကြီးကို ဩဂုတ်လ ၂၀ ရက်နေ့တွင်ကြည့်ရှုစစ်ဆေးခဲ့ပြီး "နဝတပတ္တမြားကြီး" (**SLORC RUBY**) ဟု အမည်သတ်မှတ် ပေးခဲ့သည်။ နဝတ ပတ္တမြားကြီးအား နိုင်ငံတော်ပိုင် အမျိုးသားရတနာ အဖြစ် စံပြုထိန်းသိမ်းထားရှိမည်ဖြစ်သည်။ ထိုပတ္တမြားကြီးသည် ဩဂုတ်လ ၁၈ ရက်နေ့တွင် ပြည်ပမှ ခဲရာခဲဆစ် ပြန်လည်ဖော်ထုတ် သိမ်းဆည်းရရှိခဲ့ခြင်းဖြစ်ပြီး မိုးကုတ် ကျောက်မျက်ရတနာ နယ်မြေမှ ကျောက်ကုန်သည်အချို့ တရားမဝင် ခိုးယူတူးဖော်ခဲ့သည့် ပတ္တမြားကြီးဖြစ်သည်။ ပြန်လည်သိမ်းဆည်းရရှိချိန်တွင် အလေးချိန် ၅၀၄ ဒသမ ၅ ကရက်၊ အလျား ၄၃ မီလီမီတာ၊ အနံ ၃၇ မီလီမီတာ၊ ထု ၃၃ မီလီမီတာရှိ ပတ္တမြားအရိုင်းတုံးကြီးဖြစ်ပြီး သန့်စင်မှမ်းမံပြီးနောက် အလေးချိန် ၄၉၆ ဒသမ ၅ ကရက်ရှိ ပတ္တမြားကြီးအဖြစ် ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ထိုပတ္တမြားကြီးသည် အရည်အသွေး ကောင်းမွန်ပြီး ပတ္တမြား ညွှန်ရည်ဟု ခေါ်သော နှင်းဆီပန်းအနီရင့် အရောင် အသွေးရှိပြီး အပြစ် အနာအဆာ ကင်း၍ အဖိုး အနဂ္ဃ ထိုက်တန်သည့် ပတ္တမြားကြီး ဖြစ်သည်။

စက်တင်ဘာလ ၆ ရက်နေ့တွင်လည်း နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင်၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မိုးကုတ်မြို့ ရတနာကုဋ္ဌကုဋ္ဌာစခန်းမှ တူးဖော်ရရှိခဲ့သော အလေးချိန် ၉၇၉ ကရက်ရှိ နီလာ ဂေါ်ကြိုးကျောက်ကြီး နှင့် အခြား အ ရည် အ သွေး ကောင်းမွန်သော ပတ္တမြား ရတနာများကို ကြည့်ရှု စစ်ဆေးခဲ့သည်။ နီလာကျောက်ကြီးမှာ အသားကောင်း၊ တိမ်ပြာရောင်အရင့်နှင့် အပြစ်အနာအဆာ နည်းပါးသည့် ကျောက်ကြီးဖြစ်ရာ နီလာဂေါ်ကြိုးအဖြစ် သွေးယူနိုင်မည့် ကျောက်ကြီးဖြစ်သည်။

နဝရတ်ရတနာမြေ

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာအမှတ် ၆/၉၀ ကို ဧပြီလ ၄ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ပြင်လုံဒေသကို "နဝရတ်ရတနာမြေ"အဖြစ် သတ်မှတ်ခဲ့သည်။ ပြင်လုံဒေသတွင် ကျောက်မျက်ရတနာ ရှာဖွေစမ်းသပ်တိုင်းတာမှုများကို ၁၉၈၉ ခုနှစ် ဒီဇင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီလအထိ ရတနာတန်းဝင်ပတ္တမြား၊ အရည်မှန်ပတ္တမြားနှင့် အညံ့ရောရာ ကရက်ပေါင်း ၆၀၀၀ ကျော် ရရှိခဲ့သည်။

ငွေစက္ကူသစ်ထုတ်ဝေခြင်း

မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ တစ်ကျပ်တန်ငွေစက္ကူ အမျိုးအစားသစ်ကို မတ်လ ၁ ရက်နေ့တွင်လည်းကောင်း၊

နှစ်ရာကျပ်တန် ငွေစက္ကူအမျိုးအစားသစ်ကို မတ်လ ၂၇ ရက်နေ့တွင်လည်းကောင်း စတင်ထုတ်ဝေခဲ့သည်။

ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပခြင်း

လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို မေလ ၂၇ ရက် နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ် ၃၁၀ မြို့နယ်တွင် တစ်ချိန်တည်း တစ်ပြိုင်တည်း အောင်မြင်စွာ ကျင်းပ ပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးရှိ ကိုယ်စားလှယ်လောင်း အရေအတွက်မှာ ၂,၂၉၆ ဦးဖြစ်ပြီး တစ်သီးပုဂ္ဂလ ၇၇ ဦး ပါဝင်သည်။ တစ်နိုင်ငံလုံးရှိ မဲဆန္ဒရှင်အရေအတွက်မှာ ၂,၀၆,၁၉,၅၀၀ ရှိသည်။ (ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ — ရှု။)

နိုင်ငံခြားဆက်ဆံရေး

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင်သည် မြန်မာနိုင်ငံသို့ ရောက်ရှိလာသော နိုင်ငံခြားတိုင်းပြည်များမှ ပုဂ္ဂိုလ် အသီးသီးအား လက်ခံတွေ့ဆုံခဲ့သည်။

ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ထိုင်းနိုင်ငံ ဒုတိယ ဝန်ကြီးချုပ် မစ္စတာပေါင်ဆာရာစင်အား လည်းကောင်း၊ ၂၀ ရက်နေ့တွင် ကိုရီးယားသမ္မတနိုင်ငံ စက်မှုသိပ္ပံနှင့် နည်းပညာဆိုင်ရာ သုတေသနဌာန အကြံပေးပုဂ္ဂိုလ် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားသိပ္ပံပညာအဖွဲ့ အဖွဲ့ဝင် ဒေါက်တာ အိပ်ချ်၊ အက်စ်၊ ချုံငုံးတို့အား လည်းကောင်း၊ မတ်လ ၇ ရက်နေ့တွင် စင်ကာပူသမ္မတနိုင်ငံ ကာကွယ်ရေး ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဝင်စတန်ဒဗလျူအယ်လ် ချူး၊ ၉ ရက်နေ့တွင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သီယင်ချိုင်းဆရီဆူပန်နှင့် ထိုင်းဘုရင့် တပ်မတော် စစ်ဆေးရေး အရာရှိချုပ် ဗိုလ်ချုပ်ကြီး ပက်အကာနိဘွတ် ခေါင်းဆောင်သည့် ချစ်ကြည်ရေးနှင့် လေ့လာရေးအဖွဲ့၊ ၁၃ ရက်နေ့တွင် ထိုင်းဘုရင့် တပ်မတော် ယာယီစစ်သေနာပတိချုပ်နှင့် ထိုင်းဘုရင့်ကြည်း တပ်မတော် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ချာဗလစ် ယောင်ချိုင်ယုဒ်၊ ၂၂ ရက်နေ့တွင် မလေးရှားနိုင်ငံ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး တန်ဆရီ ဟာရှင်ဘင်မိုဟာမက်အလီနှင့် ၂၈ ရက်နေ့တွင် ကိုရီးယားသမ္မတနိုင်ငံ ဒေဝူးအဖွဲ့ဥက္ကဋ္ဌ မစ္စတာကင်မ်ဝူခွန်းတို့အား လည်းကောင်း၊ ဧပြီလ ၁၀ ရက်နေ့တွင် ဂျပန်နိုင်ငံ ဒိုင်ချီအဖွဲ့ဥက္ကဋ္ဌ မစ္စတာ ဘားနတ်အိတ်ချ် ချုံငုံးအား လည်းကောင်း၊ ဩဂုတ်လ ၁၇ ရက်နေ့တွင် အမေရိကန် ပြည်ထောင်စု အမိုကို ကော်ပိုရေးရှင်း ဥက္ကဋ္ဌ မစ္စတာ ရစ်ချတ်မာတင်မော်ရိုး၊ အမိုကို ထုတ်လုပ်ရေးကုမ္ပဏီ ဥက္ကဋ္ဌ မစ္စတာ ပက်ထရစ်ဂျိုးဇက်အာလီ၊ အမိုကိုထုတ်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ မစ္စတာ လက်တင်အမေရိကနှင့် အရှေ့ဖျား ဒေသဆိုင်ရာဥက္ကဋ္ဌ မစ္စတာ ရောဘတ်လောရင့်စ်ဘလန် တန်တို့အားလည်းကောင်း၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် ဂျပန်နိုင်ငံအောက်လုတ်တော်အမတ်မစ္စတာမီချီယိုဝါတာ နာဘေးတို့အားလည်းကောင်း လက်ခံတွေ့ဆုံခဲ့သည်။

လမ်းတံတား ပြုပြင်တည်ဆောက်မှု လုပ်ငန်းများ

ကျောက်တန်းမြို့ မင်းကျောင်း ကတ္တရာလမ်းသစ် ဖွင့်ပွဲကို ဇန်နဝါရီလ ၁ ရက်နေ့တွင် ကျင်းပခဲ့သည်။ မင်းကျောင်းလမ်းသစ်မှာ အရှည် ၂,၂၀၀ ပေရှိပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ငွေကျပ် ၆,၀၀,၀၀၀ ကျော် အကုန်အကျခံ ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

မန္တလေး–မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးဖွင့်ပွဲကို ကချင်ပြည်နယ်နှင့်စစ်ကိုင်းတိုင်းနယ်စပ် နန့်စီအောင်တွင် ဇန်နဝါရီလ ၂ ရက်နေ့က ကျင်းပခဲ့သည်။ နန့်စီအောင် ပြည်ထောင်စု လမ်းမကြီးနှင့် နန့်စီအောင် တံတားမှာ မြစ်ကြီးနားမှ မော်တော်ကားလမ်းခရီး ၁၂၁ မိုင်၊ ရွှေဘို မှ မော်တော်ကားလမ်းခရီးမိုင် ၁၆၀ ဝေးကွာပြီး ကချင် ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်း များသို့ ဆက်သွယ်ရာ အဓိကလမ်းမကြီးဖြစ်သည်။

ဝက်လက်မြို့နယ် ဝက်လက်မှ ဟန်လင်းကျေးရွာသို့ သွားသည့် အရှည်ခြောက်မိုင်ရှိ ဖြတ်လမ်းကို ၁၉၇၉ ခုနှစ် ဒီဇင်ဘာလ နောက်ဆုံးပတ်မှစတင်၍ နေ့စဉ် လူထုအင်အား ၁,၅၀၀ ကျော်ဖြင့် မြေဖို သဲခင်း လုပ်အားပေး ဆောင်ရွက်ခဲ့ကြရာ ဇန်နဝါရီလ ၃ ရက်နေ့တွင် လမ်းဖောက်လုပ်ပြီးစီးခဲ့သည်။

မန္တလေးမြို့ နန်းမြို့မြောက်ဘက်ရှိ လေးသိန်းတံခါး ပြာသာဒ်၊ လမ်း ၈၀ နှင့် ၂၄ လမ်းထောင့်တွင် တည်ဆောက်ခဲ့သော မေတ္တာပေါင်းကူးတံတားနှစ်ခု၊ ၈၄ လမ်းနှင့် ၈၅ လမ်းကြား ၂၆ လမ်း (ဘုရင့်နောင် လမ်း) တွင် ငွေကျပ် ၁၉ သိန်းကျော် အကုန်အကျခံ တည်ဆောက်ခဲ့သော မြေအောက်ကူးဥမင်၊ ခရီးမိုင်ရှစ်မိုင် ရှည်သည့် မန္တလေးအနောက်ခြမ်း မြို့ပတ်ရထားလမ်း၊ သင်္ဃာချောင်း ချမ်းသာရ လူကူးတံတားတို့ကို ဇန်နဝါရီ လ ၄ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ ထို့ပြင် မန္တလေးမြို့ ကျုံးရေပြင်တွင် ပြည်ကြီးမှန်ဖောင်တော်နှင့် နန်းတွင်း တွင် နန်းမြင့်တို့ကိုလည်း တည်ဆောက်ခဲ့သည်။

ဒလမြို့နယ် မြို့မ(၁)ရပ်ကွက်နှင့် အုံကြီးအရှေ့ရပ်ကွက် ဆက်သွယ်သည့် ကမာအောင် ချောင်းကူးတံတားဖွင့်ပွဲကို

ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ကျင်းပခဲ့သည်။ တံတားမှာ အရှည်ပေ ၂၀၀၊ အကျယ် ရှစ်ပေရှိသည်။ တံတားကို ၁၉၇၉ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့မှစ၍ ဆောက်လုပ်ခဲ့ပြီး ကျပ်နှစ်သိန်းကျော် ကုန်ကျ၍ ပျဉ်းကတိုးသစ်တန် ၂၀ ကျော်ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထား၏ အင်းစိန်ခုံးကျော်တံတားကြီးပွင့်ပွဲကို ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ကျင်းပခဲ့သည်။ တံတားကြီးကို ၁၉၇၉ ခုနှစ် ဧပြီလ ၂၀ ရက်နေ့မှစ၍ တည်ဆောက်ခဲ့ခြင်း ဖြစ်ပြီး သတ်မှတ် ကာလထက် သုံးလစောပြီး တည်ဆောက်နိုင်ခဲ့သည်။

တံတားကြီးသည် အင်းစိန်မြို့နယ် လှိုင်မြစ်လမ်းပေါ်တွင်တည်ရှိ၍ ၅၇ ပေ၊ ၅ လက်မရှိ ခန်းဖွင့် ၁၄ ခန်း ပါဝင်ပြီး အလျား ဂဝ၅ ပေရှိသည်။ တံတားကြီး၏ အနောက်တွင် ပေ ၁၅၀ ခန်ရှိ ချဉ်းကပ်လမ်း နှင့် အနောက်ဘက်တွင် ပေ ၃၀၀ ခန်ရှိ ချဉ်းကပ်လမ်းများ အပါအဝင် စုစုပေါင်း ၁,၂၄၅ ပေ ၉ လက်မ ရှည်လျားပြီး တံတား၏အမြင့်မှာ ၁၄ ပေ ၉ လက်မ ရှိသည်။ တံတားကြီး၏ ကားလမ်းအကျယ်မှာ ၂၆ ပေ ၆ လက်မ ရှိပြီး ယာဉ်သွားလမ်းနှစ်ခုပါရှိကာ တစ် ဖက် စီ တွင် ၃ ပေ ၉ လက်မစီ အကျယ်ရှိသည့် လူသွားလမ်းနှစ်ခုပါရှိသဖြင့် စုစုပေါင်းတံတားအကျယ် ၃၄ ပေရှိသည်။ တံတားကြီး တည်ဆောက်ရာတွင် ကြိုတင် အားဖြည့် ကွန်ကရစ် ရက်မများကို အသုံးပြုထားပြီး အများဆုံး ယာဉ်အလေးချိန် ၃၆ တန်အထိ ဖြတ်သန်းသွားလာနိုင်သည်။ တံတားကြီးနှင့် ချဉ်းကပ်လမ်းများ တည်ဆောက်ခြင်းကို မြန်မာ့မီးရထားမှ တာဝန်ယူ ဆောင်ရွက်ပြီး တံတားကြီးပေါ်ရှိ လမ်းကို ကတ္တရာခင်းခြင်း၊ တံတားကြီးပတ်လမ်းများ ဖောက်လုပ်ခြင်း တို့ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူ ဆောင်ရွက်ခဲ့သည်။ တံတားကြီးတည်ဆောက်မှုအတွက် ငွေကျပ် ၁၉၆ ဒသမ ၅ သိန်း ကုန်ကျခဲ့သည်။

သာစည်မြို့၊ မိတ္ထီလာ–တောင်ကြီး၊ ကျိုင်းတုံလမ်းမကြီးပေါ်ရှိ တံတားအမှတ် (၁/၂၂) ခံချောင်းတံတားကို ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ တံတားသစ်မှာ အလျား ၁၂၉ ပေရှိပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ငွေကျပ် ၃၂ သိန်းကျော် အကုန်အကျခံ တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

မန္တလေးမြို့ ရန်ကြီးအောင် ခုံးကျော်တံတားဖွင့်ပွဲကို ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျင်းပခဲ့သည်။ ခုံးကျော်တံတားသည် ၃၅ လမ်း၊ ရန်ကြီးအောင်လမ်း၊ ၇၀ လမ်းနှင့် လမ်း ဂဝ ကြားတွင် တည်ရှိသည်။ တံတား အရှည် ဂ၆၃ ပေ ၁ လက်မခွဲ၊ အကျယ် ၃၄ ပေ၊ အမြင့် ၁၄ ပေခွဲ၊ ခံနိုင်သည့် ဝန်ချိန် ၃၆ တန်ဖြစ်သည်။ ခုံးကျော်တံတားတည်ဆောက်မှုအတွက် ကျပ် ၁၁၅ သိန်း ကုန်ကျခဲ့သည်။

ပုသိမ်မြို့ ပုသိမ်–မော်တင်စွန်း ကားလမ်းသစ်ဖွင့်ပွဲကို ပုသိမ်တစ်ဖက်ကမ်း သလပ်ခွာကျေးရွာတွင် ဖေဖော်ဝါရီလ ၂၇ ရက်နေ့က ကျင်းပခဲ့သည်။ လမ်းသစ်မှာ ၉၀ မိုင်ရှည်လျား၍ ဧရာဝတီတိုင်း ပင်လယ်ပိုင်းဒေသ ဖွံ့ဖြိုးရေးလမ်းဟု အမည်ပေးထားသည်။ ၁၉၇၉ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့မှစ၍ ဖောက်ခဲ့ပြီး ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ပြီးစီးခဲ့သည်။


ရွှေတိဂုံစေတီတော်နှင့် မဟာဝိဇယ စေတီတော်တို့အား ဆက်သွယ်ထားသည့် ပေါင်းကူးတံတားသစ် ဖွင့်ပွဲကို မတ်လ ၁၀ ရက်နေ့တွင် ကျင်းပခဲ့သည်။ ပေါင်းကူးတံတားသစ်သည် ဦးထောင်ဘိုလမ်းကို ဖြတ်ကူးတည်ဆောက်ထားခြင်းဖြစ်သည်။ တံတား၏အလျား ၁၂၆ ပေ၊ အမြင့် ၁၇ ပေ၊ လူသွားလမ်း အကျယ် ၁၀ ပေဖြစ်ပြီး ကုန်ကျစရိတ်မှာ ကျပ် ၁၉ သိန်း ကိုးသောင်းဖြစ်သည်။ တံတားအား ၁၉၇၉ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် စတင်ပန္နက်စိုက်ထူခဲ့ပြီး ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် တည်ဆောက်ပြီးစီးခဲ့သည်။

ကွမ်လုံ–ဟိုပန် ဆက်သွယ်သည့် နမ့်တိန်ချောင်းကူးတံတားကို မတ်လ ၁၈ ရက်နေ့တွင် ဖွင့် လှစ် ခဲ့သည်။ နမ့်တိန်ချောင်းကူးတံတားကြီးမှာ အလျားပေ ၄၄၀ ရှည်ပြီး အခန်းဖွင့်လေးခုရှိသည်။ တံတားအကျယ်မှာ ၁၂ ပေ ၄ လက်မနှင့် တံတားခံနိုင်ဝန်မှာ ၁၈ တန်ရှိသည်။ တံတားကြီးသည် ဘေလီတံတား အမျိုးအစားဖြစ်ပြီး ငွေကျပ် သိန်း ၈၀ ကျော် အကုန်အကျခံ၍ ငါးလနှစ်ရက်နှင့် အပြီး တည်ဆောက်ခဲ့သည်။

သူရဲကောင်းစစ်သည်ဗိမာန်ကို ရန်ကုန်မြို့ အာဇာနည်ဗိမာန်၏ အရှေ့မြောက်ဘက် ကုန်းမြင့်ပေါ်တွင် ၁၉၇၉ ခုနှစ် ဇွန်လ ၂၅ ရက်နေ့မှစတင်၍ တည်ဆောက်ခဲ့ရာ ၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် တည်ဆောက်ပြီးစီးကာ ၁၉၉၀ ပြည့်နှစ် မတ်လ ၂၇ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပါသည်။

ထန်းတပင်မြို့နှင့် လှိုင်သာယာ၊ညောင်တုန်းဆက်သွယ်ထားသော သီတာအေးကားလမ်းကို မတ်လ ၂၇ ရက်နေ့တွင် ဖွင့် လှစ် ခဲ့သည်။ သီတာအေးကားလမ်းမှာ အရှည်ရှစ်မိုင်လေးဖာလုံ၊ အကျယ် ပေ ၂၀ ရှိပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ငွေကျပ် ၇၂ သိန်း အကုန်အကျခံ၍ ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ကျိုင်းတုံမြို့နယ် နမ့် လေ့ချောင်းကူး ဝမ်တာပင်း





ယူရဲကောင်းစစ်သည်ဗိမာန် ဖွင့်ပွဲအခမ်းအနား

မဇ္ဈလေး နန်းမြင့်



မြည်ကြီးမှန်ဟောင်တော် (မန္တလေး)





နဝတပတ္တမြားကြီး တန်ဖိုးမဖြတ်နိုင်သည့် နှင်းဆီရောင်အသွေးရှိသော နဝတပတ္တမြားကြီးကို ၁၉၉၀ ပြည့်နှစ် နှစ်ဦးပိုင်းက မိုးကုတ်ရတနာမြေမှ တွေ့ရှိခဲ့သည်။ အရွယ်မှာ ၄၃ မီလီမီတာ × ၃၇ မီလီမီတာ × ၃၃ မီလီမီတာရှိပြီး မူလအလေးချိန် ၅၀၄.၅ ကာရက်၊ သန့်စင်ပြီးအလေးချိန် ၄၉၆.၅ ကာရက်ရှိသည်။

တံတားသစ်ဖွင့်ပွဲကို မတ်လ ၂၇ ရက်နေ့တွင် ကျင်းပခဲ့သည်။ တံတားသစ်မှာ ပေ ၂၇၀ ရှည်ပြီး အကျယ် ၁၄ ပေ ရှိသည်။ ပေ ၉၀ အခန်း သုံးခန်း ပါဝင်ပြီး နှစ်လှာထပ် ဘေလီတံတားဖြစ်သည်။ သံထည်ပစ္စည်း တန်ဖိုးမပါ ကုန်ကျငွေမှာ ကျပ် ၁၉ သိန်းခွဲဖြစ်သည်။ ဝမ်တာပင်းတံတားသည် ကျိုင်းတုံမြို့မှ ၂၄ မိုင်ဝေးပြီး မိုင်းမ မိုင်းလားမှ ၃၂ မိုင်ကွာဝေး၍ ရှမ်းပြည်နယ်အရှေ့ပိုင်း နယ်စပ်ဒေသဖွံ့ဖြိုးမှု အာကောင်အထည်ဖော်ရေး လုပ်ငန်းတွင် ပထမဆုံးအကြိမ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

မင်းဘူးမြို့နှင့် အမ်းမြို့ ဆက်သွယ်ဖောက်လုပ်ထားသည့် မင်းဘူး–အမ်း တပ်တောင်လမ်း အမ်းချောင်းကြိုးတံတားဖွင့်ပွဲကို မတ်လ ၂၇ ရက်နေ့တွင် ကျင်းပခဲ့သည်။ မင်းဘူး–အမ်း ကားလမ်းအရှည်မှာ ၁၁၈ မိုင်ရှိပြီး တံတားပေါင်း ၇၉ ခုရှိသည့်အနက် အမ်းချောင်းကြိုးတံတားသည် ပေ ၅၆၀ ရှည်၍ မြန်မာနိုင်ငံတွင် ကွန်လုံကြိုးတံတားပြီးလျှင် အကြီးဆုံးနှင့် အရှည်ဆုံးဖြစ်သည်။

အမှတ် ၁ စက်မှုလမ်းသစ်ဖွင့်ပွဲကို ဧပြီလ ၁ ရက်နေ့တွင် ကျင်းပခဲ့သည်။ လမ်းသစ်တွင် ယာဉ်ကြောခြောက်ခု ယာဉ်သွားလမ်း အကျယ် ၃၃ ပေစီ တစ်ဖက်တစ်ချက်၌ရှိပြီး လမ်းလယ်ကျွန်းမှာ အကျယ်ခြောက်ပေ လူသွားစင်္ကြံမှာ လမ်းတစ်ဖက်တစ်ချက် ကိုးပေစီရှိသည်။ ဂျိုးဖြူပိုက်လိုင်းကျော်ဖြတ်သည့် ၉၂ ပေ အကျယ်ရှိ တံတားကြီးတစ်ခုပါရှိသည်။ လမ်းသစ်သည် ရန်ကုန် အရှေ့ပိုင်းနှင့် အနောက်ပိုင်းမြို့နယ်များကို လွယ်ကူစွာ ဆက်သွယ်ပေးသည့် လမ်းဖြစ်သည်။

သိမ်ကြီးစျေးစတုဂံလူကူးခုံးကျော်တံတားသစ်ဖွင့်ပွဲကို ဧပြီလ ဂ ရက်နေ့တွင် ကျင်းပခဲ့သည်။ လူကူးခုံးကျော်တံတားမှာ ကားလမ်းမှ ၁၇ ပေမြင့်ပြီး တံတားပေါ် လူသွားလမ်းအကျယ် ကိုးပေရှိသည်။ တံတားပေါင်းများမှာ ကြိုတင်အားဖြည့်သည့် နည်းစနစ်ဖြင့်ထုတ်လုပ်ထားသည့် ကွန်ကရစ် တံတားပေါင်းများ ဖြစ်သည်။ တံတားတည်ဆောက်ချိန် သုံးလနှင့် ၁ဂ ရက်ကြာမြင့်ခဲ့သည်။ တံတားတည်ဆောက်မှု ကုန်ကျစရိတ်မှာ ကျပ် ၃၂ သိန်းဖြစ်သည်။

ကြည့်မြင်တိုင်ဗားကရာ ရထားလမ်းတံတားကို ဧပြီလ ဂ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ တံတားသစ်တွင် ၅၅ ပေ ရှည်သော ကြိုတင်အားဖြည့် ကွန်ကရစ်တံတားပေါင်း ၂၆ ချောင်းကို အသုံးပြုထားပြီးအလယ်တွင် ထောက်တိုင်များမပါရှိဘဲ ပေ ၅၀ ကျယ်သည့် မော်တော်ကားလမ်း ရှိသည်။ တံတားအကျယ် ၅၂ ပေရှိပြီး ရထားလမ်းတစ်လမ်းလျှင် ၁၄၄ တန်ခံနိုင်သည့် ရထားလမ်းပေါင်း ငါးလမ်းပါဝင်သည်။ တံတားတည်ဆောက်ချိန် ခြောက်လကြာမြင့်ခဲ့ပြီး ကုန်ကျစရိတ်မှာ ကျပ် ၃၅ သိန်းဖြစ်သည်။ တံတားကို ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားမှ တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

ပုသိမ်–သာပေါင်း မော်တော်ကားလမ်းကို ဧပြီလ ၁၇ ရက်နေ့တွင်ဖွင့်လှစ်ခဲ့သည်။ပုသိမ်–သာပေါင်းကားလမ်းကို သာပေါင်းမှပုသိမ်ထိ ကွက်ပြင်၊ ကွင်းကောက်၊ ရွှေဇံအို၊ ဇီးဖြူကွင်း၊ အောင်တပ်နှင့် သဲဖြူကျေးရွာအုပ်စုများကို ဖြတ်ဆက်ကာ လမ်းတစ်လျှောက်တွင် ချောင်းကူးတံတား ၁၇ ခု တည်ဆောက် ဖောက်လုပ်ခဲ့ခြင်း ဖြစ်သည်။ သာပေါင်းမှ ပုသိမ်သို့ ရေလမ်းတစ်ခုတည်းသာ အဆက်အသွယ်ရှိခဲ့၍ ပုသိမ်အရောက် လေးနာရီကျော် ကြာမြင့်ခဲ့ပြီး ကားလမ်းဖြင့် တစ်နာရီခွဲခန့်သာ ကြာမြင့်မည် ဖြစ်သည်။

မန္တလေးမြို့အရှေ့ဘက်ခြမ်း မြို့ပတ်ရထားလမ်းဖွင့်ပွဲကို မေလ ၁ ရက်နေ့တွင် ကျင်းပခဲ့သည်။ အရှေ့ဘက်ခြမ်း မြို့ပတ်ရထားလမ်းတွင် ဘူတာ ၁၃ ဘူတာရှိပြီး ရထားလမ်းအရှည် ၁၆ မိုင်ဖြစ်၍ တံတားကြီးငယ်ပေါင်း ၂၆ ခုပါဝင်သည်။ ရထားခရီးတစ်ပတ်လျှင် တစ်နာရီ ၄၀ မိနစ်ကြာမြင့်သည်။ မြို့ပတ်ရထားလမ်းကို မြန်မာ့မီးရထားမှ သုံးလခွဲနှင့်အပြီး တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

မြောက်ဥက္ကလာပမြို့နယ် ၌ ရပ်ကွက်ရှိ မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ် ဆက်သွယ်ထားသော ငမိုးရိပ်ချောင်းကို ဖြတ်ကျော်ဆောက်လုပ်ထားသည့် ဒဂုံမြို့သစ်လူကူးကြိုးတံတားကို ဇူလိုင်လ ၂၂ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ ကြိုးတံတား၏ ရေလယ်ခန်းဖွင့်အကျယ်မှာ ပေ ၄၀၀ လူသွားလမ်းအကျယ်မှာ ၆ ပေ ၁၀ လက်မရှိပြီး စက်ဘီးနှင့် ဆိုက်ကားများပါ သွားလာနိုင်သည်။ တံတားတိုင်အမြင့်မှာ ၆၄ ပေ ၆ လက်မ၊ တံတားဗဟို နေရာ ရေကြောင်းကင်းလွတ်နယ်အမြင့်မှာ ၁၅ ပေ ရှိသည်။

တံတားခုံအောက်မှ သံပေါင်ပိုင်တိုင် ရှစ်ချောင်းကို အနက် ၁၄ မီတာအထိ တုန်ခါပိုင်ရိုက်စက်ဖြင့် ရိုက်သွင်းထားသည်။ ပင်မကြိုးနှင့် လေထိန်းကြိုး၊ ကျောက်ဆူးအထိုင် ကွန်ကရစ် ခုံအောက်တွင်လည်း ပိုင်တိုင်အတွဲ ခြောက်လုံးစီကို အနက် ၁၂ မီတာအထိ ရိုက်သွင်းထားသည်။ တံတားတိုင်များပေါ်တွင် သံမဏိကြိုး ၁၂ ချောင်းကို အသုံးပြု တည်ဆောက်ထားသည်။ ကြိုးတံတားကို မတ်လ ၇ ရက်နေ့မှ စတင်တည်ဆောက်ခဲ့ရာ ဇူလိုင်လ ၂၀ ရက်နေ့တွင် ပြီးစီးခဲ့ပြီး လေးလနှင့် ၁၃ ရက် ကြာမြင့်ခဲ့သည်။

ဆက်သွယ်ရေးဂြိုဟ်တုမှတစ်ဆင့် ရုပ်မြင်သံကြား အစီအစဉ်များ ထုတ်လွှင့်ခြင်း

ဆက်သွယ်ရေးဂြိုဟ်တုမှတစ်ဆင့် ရုပ်မြင်သံကြား အစီအစဉ်များထုတ်လွှင့်နိုင်ရန်မြေပြင်စခန်းများအတွက်ပစ္စည်းများကို ၁၉၇၉ ခုနှစ် ဒီဇင်ဘာလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စာချုပ်ချုပ်ဆို ဝယ်ယူဆောင်ရွက်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလတွင် အေရှဆက်ဝမ်း ဆက်သွယ်ရေးဂြိုဟ်တုမှ ဆက်ကြောင်း ငှားရမ်းခြင်း အတွက် စာချုပ်ခဲ့ရာ စုစုပေါင်းနိုင်ငံခြားသုံးငွေ ဒေါ်လာ ဂဒသမ ဂဉ၆ သန်းရှိသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြီ ၇ ရက်နေ့တွင် လွှတ်တင်ခဲ့သော အေ ရှ ဆက်ဝမ်း ဆက်သွယ်ရေး ဂြိုဟ်တုမှတစ်ဆင့်ရုပ်မြင်သံကြားအစီအစဉ်များကို မေလ ၂၀ ရက်နေ့မှစ၍ စမ်းသပ် ထုတ်လွှင့်ခဲ့သည်။

ပြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာန၏ ဆက်သွယ်ရေးဂြိုဟ်တုမှတစ်ဆင့် ရုပ်မြင်သံကြားအစီအစဉ်များ ထုတ်လွှင့်ရန် မြေပြင်အခြေစိုက်စခန်းဖွင့်ပွဲအခမ်းအနားကို မေလ ၃၀ ရက်နေ့တွင် ဒဂုံမြို့သစ်မြို့နယ် တိုးကြောင်ကလေး မြေပြင်အခြေစိုက်စခန်း ယာယီမဏ္ဍပ်၌ကျင်းပခဲ့သည်။ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို ၁၉၈၀ ပြည့်နှစ်မှ စတင်ထုတ်လွှင့်ခဲ့သော်လည်း ဆက်သွယ်ရေး ဂြိုဟ်တုမှ တစ်ဆင့် ထုတ်လွှင့်နိုင်မှုသည် ပထမဆုံးအကြိမ်ဖြစ်သည်။ ဂြိုဟ်တုမှတစ်ဆင့် ရုပ်မြင်သံကြားထုတ်လွှင့်မှု လုပ်ငန်းတွင် မြေပြင်အခြေစိုက်စခန်းက လွှင့်ထုတ်ပေးမှသာ ဂြိုဟ်တုမှ တစ်ဆင့်ထပ်ဆင့်လွှင့်စက်ရုံများမှ ဖမ်းယူပြီး ထပ်ဆင့် ထုတ်လွှင့်နိုင်မည်ဖြစ်သည်။ ယခုအခါ ဆက်သွယ်ရေးဂြိုဟ်တုမှတစ်ဆင့် မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို မေလ ၂၇ ရက်နေ့မှစ၍ မြန်မာနိုင်ငံအတွင်း ထပ်ဆင့်လွှင့်စက်ရုံရှိသော နေရာအားလုံးသို့ ပုံမှန်ထုတ်လွှင့်ပေးလျက်ရှိသည်။

ထို့ပြင်ကျိုင်းတုံမြို့နယ်လွယ်မွေရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ၊ လားရှိုးမြို့နယ် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံနှင့် မြစ်ကြီးနား ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ ဖွင့်ပွဲ အခမ်းအနားများကို မေလ ၃၀ ရက်နေ့တွင် အသီးသီးကျင်းပခဲ့သည်။

ဟိုတယ်နှင့် ခန်းမများ ဖွင့်လှစ်ခြင်း

မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ပုဂံသဲတဲဟိုတယ် ဖွင့်ပွဲကို ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျင်းပခဲ့သည်။ ပုဂံသဲတဲဟိုတယ်တွင် နှစ်ယောက်အိပ်ခန်း ၃၀ ပါရှိပြီး အိပ်ခန်းတိုင်းတွင် လေအေးစက်၊ ရုပ်မြင်သံကြားစက်၊ ရေခဲသေတ္တာနှင့် ရေပူရေအေးပေးကိရိယာများ တပ်ဆင်ထားသည်။

မန္တလေးမြို့ အင်းဝဟိုတယ်ကို မတ်လ ၂၂ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ အင်းဝဟိုတယ်တွင် အိပ်ခန်း ၄၈ ခန်း ပါဝင်ပြီး အိပ်ခန်းတိုင်းတွင် လေအေးစက်၊ ရုပ်မြင်သံကြားစက်၊ ရေခဲသေတ္တာနှင့် ရေပူ ရေအေးစနစ်တို့ တပ်ဆင်ထားသည်။ ပြင်ဦးလွင်မြို့ သဇင်မြို့ဟိုတယ်သစ်ကို မတ်လ ၂၉ ရက်နေ့တွင်လည်းကောင်း၊ ဂန္ဓမာမြို့ဟိုတယ်သစ်ကို ဧပြီလ ၄ ရက်နေ့တွင်လည်းကောင်း ဖွင့်လှစ်ခဲ့ပြီး မော်လမြိုင်မြို့ မော်လမြိုင်ဟိုတယ်ဖွင့်ပွဲကို ဧပြီလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည်။ ထို့ပြင် ၁၉၈၉ ခုနှစ် စက်တင်ဘာလမှ စတင်ဆောက်လုပ်ခဲ့သော ငွေကျပ် ၁၁ သိန်း ကျော်တန် ဟင်္သာတမြို့ မြို့တော်ခန်းမကို ဇန်နဝါရီလ ၃၀ ရက် နေ့တွင်လည်းကောင်း၊ တပ်ကုန်းမြို့ အောင်ဆန်းခန်းမသစ်ကို ဇွန်လ ၂၇ ရက်တွင် လည်းကောင်း၊ ပန်းတနော်မြို့ ပန်းရောခန်းမဆောင်ကို မတ်လ ၅ ရက်တွင် လည်းကောင်း၊ ကျန်းစုမြို့နယ် ညွှန်ရိပ်သာကို ဇူလိုင်လ ၂၈ ရက်နေ့တွင်လည်းကောင်း၊ သီပေါမြို့ နန်းစပယ်ခန်းမဆောင်ကို ဇူလိုင်လ ၃၁ ရက်၊ ကျပ်သိန်း ၃၀ တန် မကွေးမြို့ မြို့တော်ခန်းမကို မတ်လ ၂၇ ရက်၊ မြင်းခြံမြို့ မဏိကဉ္စနာခန်းမနှင့် နာရီစင်ကို ဧပြီလ ၃၀ ရက်၊ သီပေါမြို့ ကျက်သရေဆောင် ခန်းမကို မေလ ၁ ရက်နေ့များတွင် လည်းကောင်း အသီးသီး ဖွင့်လှစ်ခဲ့သည်။

ထို့ပြင် မန္တလေး အရှေ့တောင်မြို့နယ် မန်းမြို့မင်္ဂလာခန်းမကို ဇူလိုင် ၄ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ မင်္ဂလာခန်းမသည် မဟာအောင်မြေအနောက်ပိုင်း အောင်ဆန်းလမ်းတွင် တည်ရှိသည်။ ခန်းမအဆောက်အအုံမှာ အလျား ၉၆ ပေ၊ အနံပေ ၆၀ ရှိပြီး သုံးမိုး အုတ်ကာ၊ အုတ်ခင်းနှစ်ထပ် အဆောက်အအုံ ဖြစ်သည်။ အောက်ထပ်တွင် ဆိုင်ခန်း ၃၁ ခန်းပါရှိပြီး အပေါ်ထပ်ကို ခန်းမအဖြစ် ထားရှိသည်။ ခန်းမအဆောက်အအုံကို ငွေကျပ် ၄၈ သိန်း အကုန်အကျခံ ဆောက်လုပ်ခဲ့ခြင်း ဖြစ်သည်။ ပဲခူးမြို့နယ် သီရိဟံသာခန်းမနှင့် ညွှန်ရိပ်သာအဆောက်အအုံကို ဇွန်လ ၁၆ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ အဆောက်အအုံကို ဖေဖော်ဝါရီ ၁၅ ရက်နေ့မှ စတင်ဆောက်လုပ်ခဲ့ပြီး ဇွန်လ ၁၅ ရက်နေ့တွင် ပြီးစီးသဖြင့် လေးလကြာ ဆောက်လုပ် ခဲ့သည်။ ကုန်ကျငွေကျပ်သိန်း ၂၀ ကို မြို့နယ် စည်ပင်သာယာရေး အဖွဲ့က ကျခံသုံးစွဲခဲ့သည်။

စီးပွားရေးလုပ်ငန်းများ

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ချမှတ်ထားသော တာဝန်ကြီးလေးရပ်ကို ဆောင်ရွက်ရာတွင် ပြည်သူများ၏ စားဝတ်နေရေး ချောင်လည်

စေရန် အစုမ်းကုန်ကြိုးပမ်းဆောင်ရွက်ရေးနှင့် ပဂ္ဂလိက၊ သမဝါယမတို့က ဆောင်ရွက်နိုင်အောင်လည်း တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးရန်ဟူသော တတိယတာဝန်ကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပြောင်းလဲနေသော ကမ္ဘာ့စီးပွားရေး အခြေအနေနှင့်အညီ မြန်မာ့စီးပွားရေးစနစ်ကို ပြုပြင်ပြောင်းလဲခဲ့ပြီး စျေးကွက်စီးပွားရေးစနစ်ကို ချမှတ်ခဲ့သည်။ စျေးကွက်စီးပွားရေးစနစ်နှင့်အညီ ကုန်သွယ်မှုဆိုင်ရာ အခြေခံမူဝါဒသုံးရပ်ကို ချမှတ်ပြီး ကုန်သွယ်မှု လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းကြောင့် နိုင်ငံတော် စီးပွားရေးအဖွဲ့အစည်းများ၊ ပြည်ပကုမ္ပဏီများ၊ ပြည်ပ လုပ်ငန်းရှင်များနှင့် ပြည်တွင်း ပဂ္ဂလိက လုပ်ငန်းရှင် အသီးသီးတို့သည် ပြည်တွင်း ပြည်ပစီးပွားရေး လုပ်ငန်းများကို ယခင်ကထက် ပိုမိုကျယ်ပြန့်စွာ လုပ်ကိုင် ဆောင်ရွက်နိုင်ခဲ့သည်။ ကုန်သွယ်ရေးဝန်ကြီးဌာနသည် ဇန်နဝါရီလမှ ဩဂုတ်လအတွင်း ဖက်စပ်ကုမ္ပဏီလိမိတက်ပေါင်း ၁၇ ခုကို ဖွဲ့စည်းခွင့်ပြုခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ ၂၆ (၁)အရ ပြည်ထောင်စု မြန်မာနိုင်ငံမူဆယ်၊ နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်းကို မေလ ၁၃ ရက်နေ့တွင် အသင်း မှတ်ပုံတင်ခွင့် လိုင်စင် ထုတ်ပေးခဲ့သည်။ ကုန်သွယ်ရေးဝန်ကြီးဌာနသည် ၁၉၅၄ ခုနှစ် သွင်းကုန်ထုတ်ကုန် လုပ်ငန်းရှင်များ မှတ်ပုံတင်ခြင်းအမိန့် အပိုဒ် (၇)နှင့် ၁၉၈၉ ခုနှစ် စီးပွားရေး အကျိုးဆောင်များ မှတ်ပုံတင်ခြင်း အမိန့် (အမိန့်အမှတ် ၂/၈၉) တို့နှင့်အညီ ဩဂုတ်လအထိ ထုတ်ကုန်လုပ်ငန်းရှင် ၁,၂၂၂ ဦး၊ သွင်းကုန် လုပ်ငန်းရှင် ၄၇၉ ဦးနှင့် စီးပွားရေး အကျိုးဆောင် ၃၄၂ ဦးတို့ကို မှတ်ပုံတင်ခွင့်ပြုခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေအရ လည်းကောင်း၊ အစုစပ်လုပ်ငန်း အက်ဥပဒေအရလည်းကောင်း ဩဂုတ်လအထိ လိမိတက်ကုမ္ပဏီပေါင်း ၄၁၆ ခု၊ နိုင်ငံခြားကုမ္ပဏီ ရုံးခွဲ ၆၀ ခုနှင့် အစုစပ်လုပ်ငန်းပေါင်း ၄၆၁ ခုတို့ကို မှတ်ပုံတင်ခွင့်ပြုခဲ့သည်။ ရေတိုစီးပွားရေးလုပ်ငန်းအဖြစ် နယ်စပ်ဒေသသစ်ထုတ်လုပ်ရေး လုပ်ငန်းများအပါအဝင် နယ်စပ်ကုန်သွယ်မှု လုပ်ငန်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် ဆောင်ရွက်လျက်ရှိသည်။ ရေရှည်စီးပွားရေးလုပ်ငန်းအဖြစ် နိုင်ငံခြားကုမ္ပဏီများနှင့် ထုတ်လုပ်ခြင်းအပေါ် ခဲ့ဝေခံစားမှု စာချုပ်များ ချုပ်ဆိုကာ လုပ်ကိုင်လျက်ရှိသည်။ ကမ်းလွန် ခဲမဖြူရှာဖွေ တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းကွက်အမှတ် (၄) တွင် ခဲမဖြူရှာဖွေ တူးဖော် ထုတ်လုပ်ရေးလုပ်ငန်းကို ဖက်စပ်လုပ်ကိုင်ရန်အတွက် သတ္တုတွင်းဝန်ကြီးဌာန အမှတ် (၂) သတ္တုတွင်း လုပ်ငန်းနှင့် ထိုင်းနိုင်ငံ ပင်လယ်ပြင်ရှာဖွေရေးနှင့် သတ္တုတူးဖော်ထုတ်လုပ်ရေး (မြန်မာ) ကုမ္ပဏီလိမိတက်တို့ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် စာချုပ်ချုပ်ဆိုခဲ့သည်။ ကုန်းပိုင်းရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေထုတ်လုပ်ရေးလုပ်ငန်းကွက် (ည)တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ ထုတ်လုပ်ရေး လုပ်ငန်းကို ဖက်စပ်လုပ်ကိုင်ရန်အတွက် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ပြိတိန်နိုင်ငံ ကက်လန်ရီဆိုစစ်ကုမ္ပဏီတို့ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် စာချုပ်ချုပ်ဆိုခဲ့သည်။

ကမ်းလွန်ခဲမဖြူ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းကွက် အမှတ် (၇) တွင် ခဲမဖြူ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းကို ဖက်စပ်လုပ်ကိုင်ရန်အတွက် အမှတ် (၂) သတ္တုတွင်း လုပ်ငန်းနှင့် ထိုင်းနိုင်ငံ ဆွန်ထိုင်းဆောက်လုပ်ရေးနှင့် ကုန်သွယ်ရေး (မြန်မာ) ကုမ္ပဏီလိမိတက်တို့ ဧပြီလ ၂၀ ရက်နေ့တွင် စာချုပ် ချုပ်ဆိုခဲ့သည်။ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေထုတ်လုပ်ရေးလုပ်ငန်းကွက် အမ်–၁၃ နှင့် အမ်–၁၄ တို့တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေရေးလုပ်ငန်းကို ဖက်စပ်လုပ်ကိုင်ရန်အတွက် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ပြိတိန်နိုင်ငံ ပရီမီးယားပက်ထရိလီယံ မြန်မာလိမိတက်တို့ မေလ ၃ ရက်နေ့တွင် စာချုပ် ချုပ်ဆိုခဲ့သည်။ ရေနက်ပိုင်း ငါးဖမ်းကွက်များတွင် ကမ်းဝေး ငါးဖမ်းလုပ်ငန်းကို ဖက်စပ်လုပ်ကိုင်ရန်အတွက်မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မြန်မာ့ရေလုပ်ငန်းနှင့် အမေရိကန်ပြည်ထောင်စု Miriam Maarshall -Associates တို့ ဇူလိုင် ၁၀ ရက်နေ့တွင်စာချုပ် ချုပ်ဆိုခဲ့သည်။

ရေငန်စပ် ပုစွန်မွေးမြူရေးလုပ်ငန်းကို ဖက်စပ်လုပ်ကိုင်ရန်အတွက် မြန်မာ့ရေလုပ်ငန်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ Cox's Bazar Sea Foods တို့ ဇူလိုင်လ ၁၆ ရက်နေ့တွင် စာချုပ် ချုပ်ဆိုခဲ့သည်။ ထို့ပြင် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ပဂ္ဂလိက ကျောက်မျက်ကျောက်စိမ်းတူးဖော်လုပ်ကိုင်လိုသူများ ပူးပေါင်း၍ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်မှုလုပ်ငန်းကို ဖက်စပ် လုပ်ကိုင်နိုင်ရန် အတွက် ပထမအသုတ်အနေဖြင့် လုပ်ကွက် ၂၃၇ ကွက်အတွက် မေလ ၂၄ ရက်နေ့တွင် စာချုပ် ချုပ်ဆိုခဲ့သည်။

စက်ရုံသစ်များတည်ဆောက်ခြင်း

သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ၊ အထည်ချုပ် စက်ရုံအမှတ် (၅) နှင့် ပိုးသတ်ဆေး ရွှေပြေးစက်ရုံများကို တည်ဆောက်ဖွင့်လှစ်ခဲ့သည်။

သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ။ ။စွမ်းအင်ဝန်ကြီးဌာန မြန်မာ့လျှပ်စစ်လုပ်ငန်း သာကေတ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေး စက်ရုံနှင့် ပင်မဓာတ်အားခွဲရုံဖွင့်ပွဲကို မတ်လ ၁၆ ရက်နေ့တွင် ကျင်းပခဲ့သည်။ သာကေတ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံသည် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ဓာတ်ငွေ့သုံးစက်ရုံများအနက် အမှတ် (၇) စက်ရုံဖြစ်ပြီး စက်ရုံ၏စက်တပ်အင်အားမှာ ၁၉ မဂ္ဂါဝပ်ရှိ ဓာတ်အားပေးစက်သုံးလုံး၊ စုစုပေါင်း ၅၇ မဂ္ဂါဝပ် ရှိသည်။ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းသည် ၁၉၇၂ ခုနှစ်မှစ၍ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများ တည်ဆောက်ခဲ့ရာ သာကေတ စက်ရုံအပါအဝင် စုစုပေါင်း သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ တပ်ဆင်အင်အား ၃၅၇ မဂ္ဂါဝပ်ခန့် ရှိပြီးဖြစ်သည်။ ကျိုက်လတ်မြို့နယ် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဘုရားကုန်းရေနံမြေမှ သဘာဝဓာတ်ငွေ့ကို သာကေတသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံသို့ ပို့လွှတ်ပြီး ယင်းမှထုတ်လုပ်သောဓာတ်အားကို ရန်ကုန်မြို့တွင်းသို့ အနီးကပ်ပို့လွှတ်ဖြန့်ဖြူးပေးမည်ဖြစ်သည်။ သာကေတ ၂၃၀ ကေဗွီ ၂၀၀ အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံကိုလည်း တည်ဆောက်ပြီးစီးပြီဖြစ်၍ သာကေတ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံမှဓာတ်အားကိုပင်မဓာတ်အားခွဲရုံမှတဆင့် ရန်ကုန်မြို့တွင်းနှင့် မဟာဓာတ်အားလိုင်းစနစ်အတွင်းသို့ လိုအပ်သလို ပို့လွှတ်နိုင်ပြီဖြစ်သည်။ သာကေတသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံအတွက် ကုန်ကျသည့် နိုင်ငံခြားသုံးငွေကို ဂျပန်နိုင်ငံ ပင်လယ်ရပ်ခြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေအဖွဲ့(အိုအီးစီအက်ဖ်)မှ ချေးယူရရှိသော ဂျပန်ယန်းငွေ သန်းပေါင်း ၅၀၀၀ မှ သုံးစွဲခဲ့ခြင်းဖြစ်ပြီး ပြည်တွင်းသုံးငွေကျပ် ၁၂၅ သန်းခန့် ရင်းနှီးမြှုပ်နှံခဲ့သဖြင့် စုစုပေါင်း ကျပ်သန်း ၃၀၀ ခန့် ရင်းနှီးမြှုပ်နှံခဲ့သည်။ စက်ရုံမှ ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးမည်ဖြစ်သည်။

အထည်ချုပ်စက်ရုံအမှတ်(၅) – အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာအထည်အလိပ်လုပ်ငန်း အထည်ချုပ်စက်ရုံအမှတ်(၅)ဖွင့်ပွဲကို ဧပြီလ ၃ ရက် နေ့တွင် ကျင်းပခဲ့သည်။ အထည်ချုပ်အမှတ်(၅) သည် သန်လျင်စက်မှုနယ်မြေတွင် တည်ရှိသည်။ စက်ရုံတည်ဆောက်ရေးအတွက် စာချုပ်ကို မြန်မာ့အထည်အလိပ်လုပ်ငန်းနှင့် ကိုရီးယားသမ္မတနိုင်ငံ ဒေဝူးကော်ပိုရေးရှင်းတို့ ၁၉၈၉ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ရှစ်လအကြာတွင် စက်ရုံတည်ဆောက်မှု၊ စက်များတပ်ဆင်မှုနှင့် စမ်းသပ်လည်ပတ်မှုလုပ်ငန်းများပြီးစီးခဲ့သည်။ အထည်ချုပ်စက်ရုံအမှတ်(၅)၏ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုမှာ ကျပ် ၅၀ ဒသမ ၄၂ သန်း တန်ဖိုးရှိသည်။ စက်နှင့်စက်ပစ္စည်း စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်း အနက် ၁ ဒသမ ၄ သန်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်မှ လက်ငင်းငွေချေဝယ်ယူခဲ့ပြီး ၁ ဒသမ ၁ သန်းကို ဒေဝူးကော်ပိုရေးရှင်းမှ ထည့်ဝင်ခဲ့ခြင်းဖြစ်သည်။ စက်ရုံတွင် အပ်ချုပ်စက် ၃၆၂ လုံး၊ အထည်ညှပ်စက် ၁၄ လုံးနှင့် အခြောကိုင်စက် ၆၄ လုံးရှိပြီး တစ်နှစ်လျှင် ပျမ်းမျှရှပ်အင်္ကျီ ဒါဇင်ပေါင်း တစ်သိန်း ထုတ်လုပ်ပြီး နိုင်ငံခြားသို့ တင်ပို့ရောင်းချမည်ဖြစ်၍ တစ်နှစ်လျှင်ဝင်ငွေ အမေရိကန်ဒေါ်လာ တစ်သန်းရရှိမည်ဖြစ်သည်။ ထို့ပြင် စက်ရုံသစ်တည်ဆောက်ခြင်းကြောင့် နိုင်ငံခြားသို့ ပညာတော်သင် ၁၀ ဦး စေလွှတ်နိုင်ခဲ့ပြီး အလုပ်သမားဝန်ထမ်း ၇၁၇ ဦး အလုပ်အကိုင်ရရှိပြီး ဆောင်ရွက်လျက်ရှိသည်။

ပိုးသတ်ဆေးရှေပြေးစက်ရုံ – မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ပိုးသတ်ဆေး ရှေပြေးစက်ရုံသည် မော်ဘီမြို့နယ် ဝါးနက်ချောင်းတွင်တည်ရှိပြီး မြန်မာနိုင်ငံတွင် ပထမဆုံးတည်ဆောက်ခဲ့သည့် စက်ရုံဖြစ်သည်။ စက်ရုံကို ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၉၄ သန်းရယူပြီး မြန်မာအစိုးရဘက်မှ ကျပ် ၄၆ ဒသမ ၆၇ သန်း ထည့်ဝင်၍ ၁၉၈၃ ခုနှစ်မှ စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ စက်ကိုယခုနှစ်ဇွန်လ ဂ ရက်နေ့တွင်စတင်လည်ပတ်ခဲ့သည်။ စက်ရုံတွင် ပိုးသတ်ဆေးအရည်ကိုသာ ဖော်စပ်ထုတ်လုပ်ခြင်းဖြစ်ပြီး တစ်နေ့လျှင် ရှစ်နာရီတစ်ဆိုင်းဖြင့် လည်ပတ်ထုတ်လုပ်ပါက လီတာ ၄,၅၀၀ ထုတ်ရှိပြီး တစ်နှစ်လျှင် လီတာ တစ်သန်း ခန့် ထုတ်လုပ်နိုင်သည်။ ထုတ်လုပ်သည့် ပိုးသတ်ဆေးရည်များမှာ ဖီနိုက်ထရိုသီယွန် ၅၀ အီးစီ၊ ဒိုင်ယာဂိန္ဒန် ၄၀ အီးစီ၊ ဖန်သိုအိပ် ၅၀ အီးစီ၊ အင်ဒိုဆာလ်ဖန် ၃၅ အီးစီ၊ ဆိုက်ပါမီသရင် ၁၀ အီးစီတို့ ဖြစ်သည်။ ထုတ်လုပ်သည့် ပိုးသတ်ဆေးရည်များကို လယ်ယာနှင့်သစ်တော ဝန်ကြီးဌာနမှတစ်ဆင့် တောင်သူများထံသို့ ဖြန့်ဖြူးရောင်းချပေးမည် ဖြစ်သည်။ပိုးသတ်ဆေးများကိုနိုင်ငံတော်မှထုတ်ပြန်ထားသော ပိုးသတ်ဆေးဥပဒေနှင့်အညီထုတ်လုပ်ထားခြင်းဖြစ်၍ ယုံကြည်စိတ်ချစွာ သုံးစွဲနိုင်မည်ဖြစ်ပေသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ရောင်စုံဓာတ်ပုံပြိုင်ပွဲ။ ။ကုန်သွယ်ရေး ဝန်ကြီးဌာန၊ စာရေးကိရိယာ ပုံနှိပ်နှင့် ဓာတ်ပုံပစ္စည်းရောင်းဝယ်ရေး ကိုနီကာကုမ္ပဏီ(စင်ကာပူ)နှင့် မြန်မာနိုင်ငံဓာတ်ပုံအသင်းတို့ ပူးပေါင်း၍ ပထမဆုံး

ပုဂံဧရာဝတီမြစ်ကမ်းပါးပေါ်မှ ဘုရားပုထိုးများ

အကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ ကိုနီကာ ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ကျင်းပခဲ့သည်။

ပြိုင်ပွဲကို(၁) လူနှင့်ပတ်ဝန်းကျင်၊ (၂) တိုင်းရင်းသားများ၏ ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် (၃) သဘာဝလေ့လာချက်ဟူ၍ ကဏ္ဍသုံးရပ်ခွဲ၍ကျင်းပရာ မြန်မာနိုင်ငံဓာတ်ပုံပြိုင်ပွဲများ သမိုင်းတွင် အကြီးဆုံး ဓာတ်ပုံပြိုင်ပွဲဖြစ်ပေသည်။ မြန်မာနိုင်ငံအရပ်ရပ်မှ ဓာတ်ပုံဝါသနာအိုး ၂၀၂ ဦးထံမှ ရောင် စုံ ဓာတ် ပုံ ပေါင်း ၈၄၁ ပုံကိုပေးပို့ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲများ၏ ခန့်မှန်းကုန်ကျငွေမှာ ကျပ်နှစ်သိန်းခန့်ရှိပြီး ဆုအဖြစ်ပေးဝေသောကင်မရာနှင့် ဖလင်လိပ်များ၏ တန်ဖိုးမှာလည်း ခန့် မှန်း ခြေ ကျပ် တစ်သိန်းခွဲခန့် ဖြစ်သည်။

ပြိုင်ပွဲဝင်ပုံများကို မြန်မာနိုင်ငံဓာတ်ပုံအသင်းမှ ဝါရင့်ဓာတ်ပုံပညာရှင်ကြီးများဖြစ်ကြသော (၁) ဦးခင်လေးမောင်၊ (၂) ဦးသိန်းမောင်နှင့် (၃) ဦးအမ်တင်အေးတို့က အကဲဖြတ်ရွေးချယ်ပေးခဲ့ကြသည်။

လူနှင့် လူပတ်ဝန်းကျင်ကဏ္ဍတွင် (ပ ထ မ) ကိုစိုး၊ (ဒုတိယ) ကိုအောင်ခိုင်၊ (တတိယ) မအေးမြင့်သန်းတို့ ဖြစ်ကြပြီး နှစ်သိမ့်ဆုရှင် ဆယ်ဦး ရှိသည်။ တိုင်းရင်းသားများ၏ ယဉ်ကျေးမှု ဓလေ့ထုံးစံများကဏ္ဍတွင် (ပထမ) ခင်မောင်ဝင်း (ရွှေအင်းသား)၊ (ဒုတိယ) ကိုသန့်ဇင်၊ (တတိယ) ဇူလိုင်စိုးတို့ဖြစ်ကြပြီး နှစ်သိမ့်ဆုရှင် ဆယ်ဦး ဖြစ်သည်။ သဘာဝလေ့လာချက်ကဏ္ဍတွင် (ပ ထ မ) ကိုကျော်ဌေး၊ (ဒုတိယ) ကိုသန်းအောင်၊ (တတိယ) ကိုအောင်နိုင်တို့ဖြစ်ကြပြီး နှစ် သိမ့် ဆု နှစ် ဆယ် ဦး ဖြစ်သည်။ ပြိုင်ပွဲကို နှစ်စဉ်ကျင်းပသွားမည်ဟု သိရသည်။

တိုင်းရင်းသားများ၏ ယဉ်ကျေးမှု ဓလေ့ထုံးစံများကဏ္ဍတွင် ပထမဆုရရှိသော အင်း လေး ဒေ သ တွင် ဆွမ်းလောင်းနေပုံ ရောင်စုံဓာတ်ပုံကို ဖော်ပြထားပါသည်။

မွန်ကိုလီးယား ပြည်သူ သမ္မတနိုင်ငံ။ ။အာရှတိုက် အရှေ့ပိုင်းရှိ မွန်ကိုလီးယား ကုန်းပြင်မြင့်ကြီးမှာ မြောက်ဘက်တွင် ရုရှပိုင်ဆိုက်ဗေးရီးယား၊ အရှေ့ဘက်၊ အနောက်ဘက်နှင့် တောင်ဘက်တွင် တရုတ်ပြည်နှင့် နယ်ချဲ့ဆက်စပ်နေသည်။ အကျယ်အဝန်း စတုရန်းမိုင်ပေါင်း ၁၇,၂၅,၀၀၀ ရှိ၍ ပင်လယ်ပြင်အထက် ပေပေါင်း ၃၀၀၀ မှ ၄၀၀၀ အကြားတွင် ရှိသည်။ မွန်ကိုလီးယားဒေသကို သုံးပိုင်းခွဲခြားပါက တောင်ထူထပ်သောအနောက်မြောက်ပိုင်းကို အပြင်မွန်ကိုလီးယား၊ အရှေ့တောင်ဘက် မြေပြန့်ပိုင်းကို အတွင်းမွန်ကိုလီးယားဟုခေါ်၍ ၎င်းတို့ကြားတွင် ကိုဘီသဲကန္တာရကြီး ရှိသည်။

မွန်ကိုလီးယားပြည်သူ သမ္မတနိုင်ငံ (အပြင်မွန်ကိုလီးယား)၏အကျယ်အဝန်းမှာ ၆၀,၄၀,၀၉၅စတုရန်းမိုင်ရှိပြီး လူဦးရေ တစ်သန်းကျော် ရှိသည်။ ကျောက်မီးသွေး၊ ရွှေ၊ ဓာတ်ဆားအမျိုးမျိုး၊ ယူရေနီယံ၊ ရေနံ၊ ခဲမဖြူ၊ ကြေးနီ၊ စကျင်ကျောက်၊ အဖြိုက်နက်၊ ပဲလ်စပါ၊ မိုလီဒီနယ် စသည်များ ထွက်ရှိသည်။ ဖွံ့ဖြိုးရေး စီမံကိန်းများ ချမှတ် ဆောင်ရွက်ခြင်းကြောင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်လာပြီး လူနေမှုအဆင့်အတန်း မြင့်လာသည်။ အဓိကစိုက်ပျိုးသီးနှံများမှာ ဂျုံ၊ ဘာလီ၊ အာလူး၊ ဟင်းသီးဟင်းရွက်၊ တိရစ္ဆာန်အစားအစာ စသည်တို့နှင့် အခြားကောက်ပဲသီးနှံတို့ ဖြစ်သည်။ အဓိက စီးပွားရေးလုပ်ငန်းမှာ မွေးမြူရေးဖြစ်၍ မြင်း၊ နွား၊ သိုး၊ ဆိတ်၊ ကြက်၊ ဝက် စသော တိရစ္ဆာန်များနှင့် အသား၊ နို့၊ ကြက်ဥစသည့် တိရစ္ဆာန်ထွက် ပစ္စည်းများမှာ အဓိက ထွက်ကုန်များဖြစ်ကြသည်။ သိုးမွေးမြူရေးကို ဦးစားပေးဆောင်ရွက်ရာ ၆၀ ရာခိုင်နှုန်းဖြစ်၍ ဒုတိယ ဦးစားပေးလုပ်ငန်းမှာ ဆိတ်မွေးမြူရေးလုပ်ငန်း ဖြစ်သည်။ သဲကန္တာရများ၌ ကုလားအုတ်များကို စီးပွားဖြစ် မွေးမြူကြသည်။

၁၉၂၄ ခုနှစ်တွင် ထူထောင်ခဲ့သည့် မွန်ကိုလီးယား ပြည်သူ သမ္မတနိုင်ငံတွင် အဓိက နိုင်ငံရေးအာဏာမှာ ကွန်မြူနစ်ပါတီဖြစ်သည့် မွန်ကိုလီးယား ပြည်သူတော်လှန်ရေးပါတီ လက်ထဲတွင် ထိန်းချုပ်ထားပေသည်။ မွန်ကိုလီးယားနိုင်ငံမှာ ကမ္ဘာတွင် ဒုတိယသက်တမ်းအရင့်ဆုံး ကွန်မြူနစ်နိုင်ငံ ဖြစ်သည်။ ပါလီမန် (လွှတ်တော်) တစ်ရပ် သာရှိ၍ သက်တမ်းမှာ ငါးနှစ်ဖြစ်သည်။

စင်စစ် မွန်ကိုလီးယားနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများမှာ ၁၉၈၉ ခုနှစ် ဒီဇင်ဘာလတွင် ဖြစ်ပွားခဲ့သော မွန်ကိုလီးယား ဒီမိုကရက်တစ် သမဂ္ဂ ဦးဆောင်သည့် ငြိမ်ချမ်းစွာ ဆန္ဒပြမှုများက အစပျိုးခဲ့သည်ဟု ဆိုရပေမည်။

၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ အတွင်းတွင်လည်း ကျောင်းသားများ အပါအဝင် အသိပညာရှင် အတတ်ပညာရှင်များက ငြိမ်းချမ်းစွာဆန္ဒပြခဲ့ရာ ၁၉၂၄ ခုနှစ် ကတည်းက အာဏာရရှိလာသည့် မွန်ကိုလီးယား ပြည်သူတော်လှန်ရေးပါတီ (အမ်ပီအာရ်ပီ) အနေဖြင့် ပထမဆုံး အကြိမ် သိသိသာသာ ပြောင်းလဲမှုများ ပြုလုပ်လာရတော့သည်။

ဇန်နဝါရီလ ၁၄ ရက်နေ့တွင် မြို့တော်အူလန်ဘာတော်၌ မွန်ကိုလီးယားဒီမိုကရက်တစ်သမဂ္ဂ (အမ်ဒီယူ) ၏ လူထုစည်းဝေးပွဲတစ်ရပ် ကျင်းပရာ ပရိသတ် ၅၀၀၀ ခန့် တက်ရောက်ကြသည်။ အစည်းအဝေးတွင် မွန်ကိုလီးယား အစိုးရ၏ စီးပွားရေးနှင့် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု အစီအစဉ်များ နှေးကွေးနေခြင်းကို ဝေဖန်ခဲ့ကြသည်။

မွန်ကို လီးယား ပြည်သူ သမ္မတနိုင်ငံ

ထို့ပြင် ၁၉၇၄ ခုနှစ်က ရာထူးမှဖယ်ရှားခြင်းခံရပြီးနောက် ဆိုဗီယက်ပြည်ထောင်စု မော်စကိုမြို့တွင် သွားရောက်ခိုလှုံနေသည့် မွန်ဂိုလီးယား သမ္မတဟောင်းနှင့် ပါတီခေါင်းဆောင်ဟောင်းဖြစ်သူ ယွမ်းကျားကျီယင် ဆီဒင်ဘယ်အား နိုင်ငံသို့ပြန်လာပြီး ၎င်းကျူးလွန်ခဲ့သည့် စတာလင်ဝါဒ ဆိုင်ရာပြစ်မှုများအတွက် တရားရင်ဆိုင်ရန် တောင်းဆိုခဲ့ကြသည်။ အူလန်ဘာတော မြို့လယ်ခေါင်ရှိ စတာလင် ရုပ်တုနှစ်ခု ဖယ်ရှားပစ်ရေးကိုလည်း တောင်းဆိုကြသည်။ ရုပ်တုတစ်ခုကို ဇန်နဝါရီလ ၁၆ ရက်နေ့တွင် အာဏာပိုင်များက ဖယ်ရှားခဲ့သည်။

မွန်ဂိုလီးယားပါလီမန် (ဟူရယ်) က အူလန်ဘာတော မြို့တော်၏ အချက်အချာဒေသများတွင် လူထုစည်းဝေးပွဲများနှင့် ဆန္ဒပြခြင်းများကို တားမြစ်သည့် ယာယီ လုပ်ဆောင်ချက်များကို ဇန်နဝါရီလ ၁၉ ရက်နေ့တွင် အတည်ပြုခဲ့သည်။ သို့ရာတွင် အမ်ဒီယူ၏ ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းနှင့် လူထုစည်းဝေးပွဲများ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ဆက်လက်ဖြစ်ပွားခဲ့ပြီး ထိုနေ့မှာပင် အမ်ဒီယူခေါင်းဆောင်များသည် အမ်ပီအာရ်ပီ အရာရှိများနှင့် ပထမဆုံးအစည်းအဝေး ကျင်းပခဲ့သည်။ မွန်ဂိုလီးယား ဒီမိုကရက်တစ်သမဂ္ဂ (အမ်ဒီယူ) ၏ လူထုစည်းဝေးပွဲများကြောင့်ပင် အစိုးရအနေနှင့်ရော အာဏာရမွန်ဂိုလီးယားပြည်သူ တော်လှန်ရေးပါတီ (အမ်ပီအာရ်ပီ) အနေနှင့်ပါ ဆန္ဒပြသူများအား ကျေနပ်နှစ်သိမ့်စေမည့် လုပ်ဆောင်ချက်အစီအစဉ်များကို ကြေညာလာရတော့သည်။

ဇန်နဝါရီလ ၂၁ ရက်နေ့တွင် မွန်ဂိုလီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်က အခြေခံဥပဒေသစ် ရေးဆွဲလျက် ရှိကြောင်းနှင့် ပါတီစုံစနစ်ကျင့်သုံးရေးနှင့် ပတ်သက်၍ စတင် ဆွေးနွေးလျက် ရှိကြောင်း ရုပ်မြင်သံကြားမှ ကြေညာခဲ့သည်။

အမ်ဒီယူ၏ ပထမဆုံးအကြိမ် ညီလာခံကို အစိုးရက ခွင့်ပြုသည့် ခန်းမ၌ ဖေဖော်ဝါရီလ ၁၈ ရက်နေ့က ကျင်းပရာ ရုပ်မြင်သံကြား အစီအစဉ်မှ တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သည်။ ညီလာခံသို့တက်ရောက်သည့် ကိုယ်စားလှယ်များက အစိုးရဝန်ကြီးအဖွဲ့နုတ်ထွက်ရေး ပါလီမန်ဖျက် သိမ်းရေးနှင့် အာဏာရ မွန်ဂိုလီးယား ပြည်သူ တော်လှန်ရေးပါတီ ဗဟိုကော်မတီ နုတ်ထွက်ရေး တောင်းဆိုချက်များကို ချမှတ် အတည်ပြုခဲ့ကြသည်။ ထို့ပြင် အမ်ဒီယူ၏ ဦးစီးခေါင်းဆောင်အဖြစ် ဆန်ဂျားဆူရင်ဂျီယင်ဇိုးရစ်အား ညီလာခံက အတည်ပြုခဲ့သည်။

ပါတီစုံစနစ်ကျင့်သုံးရေးနှင့်စပ်လျဉ်း၍ မွန်ဂိုလီးယားနိုင်ငံဝန်ကြီးချုပ် ဆောဒ်နွမ်က အာဏာရ ပါတီဖြစ်သည့် အမ်ပီအာရ်ပီ အနေဖြင့် တိုးတက်အောင် ပြုပြင်ရန်



မွန်ဂို လီးယားနိုင်ငံတွင် ဆန္ဒပြနေစဉ်

လိုကြောင်း နိုင်ငံနှင့်လူမျိုးအကျိုးအတွက် နိုင်ငံရေးပါတီသစ်များ ဖွဲ့စည်းမည်ဆိုပါက ပါတီများအနေဖြင့် သာတူညီမျှ ယှဉ်ပြိုင်သင့်ကြောင်းဖြင့် ဝေဖန်ထောက်ပြခဲ့သည်။

အမ်ဒီယူညီလာခံမကျင်းပမီ တစ်ရက်အလို ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် အမ်ဒီယူအဖွဲဝင် ၃၀၀ ဦးတို့က မွန်ဂိုလီးယား ဒီမိုကရက်တစ်ပါတီ (အမ်ဒီပီ) ကို ဖွဲ့စည်းထူထောင်ခဲ့ကြသည်။ မွန်ဂိုလီးယားနိုင်ငံတွင် ပါတီစုံစနစ်ထူထောင်ရေးအတွက် အမ်ဒီပီ၏ လှုပ်ရှားကြိုးပမ်းမှုများကို အမ်ဒီယူကထောက်ခံကူညီမည် ဖြစ်သည်။

မတ်လ ၄ ရက်နေ့တွင် မွန်ဂိုလီးယားဒီမိုကရက်တစ်သမဂ္ဂ ဆိုရှယ် ဒီမိုကရက်တစ်ပါတီ တိုးတက်ရေးအဖွဲ့အစည်းသစ်နှင့် ဒီမိုကရက်တစ် ကျောင်းသားများသမဂ္ဂတို့ ပူးပေါင်း၍ အူလန်ဘာတောမြို့တော်တွင် ပရိသတ် ၄၀,၀၀၀ ခန့် တက်ရောက်သည့် လူထုစည်းဝေးပွဲကြီး ကျင်းပပြီး မွန်ဂိုလီးယား ပြည်သူ တော်လှန်ရေးပါတီ (အမ်ပီအာရ်ပီ) ၏ အရေးပေါ်ပါတီညီလာခံကို မတ်လ မကုန်မီ ကျင်းပပြီး ဗဟိုကော်မတီသစ် ရွေးချယ်ရန် တောင်းဆိုကြသည်။

အမ်ပီအာရ်ပီ ဗဟိုကော်မတီစုံညီ အစည်းအဝေးကို မတ်လ ၁၂ ရက်နေ့တွင် စတင်ကျင်းပသောအခါ အမ်ပီအာရ်ပီ အထွေထွေအတွင်းရေးမှူးက ၎င်းနှင့်အတူ ဗဟို

ကော်မတီဝင် အဖွဲ့ဝင် ခုနစ်ဦး နုတ်ထွက်ကြောင်း ကြေညာသည်။

တစ်ဖန် မတ်လ ၂၁ ရက်နေ့တွင် ပါလီမန် အစည်းအဝေး ခေါ်ယူကျင်းပသောအခါ အမ်ပီအာရ်ပီ အထွေထွေအတွင်းရေးမှူးနှင့် သမ္မတဖြစ်သူ ဂျမ်ဘိုင်ဘက်မွန်နှင့် ဝန်ကြီးချုပ်ဆော့ဒ်နွမ်တို့ နုတ်ထွက်ခဲ့ကြသည်။ ပွန်ဆယ်မားဂျီယင် အိုချာဘတ်ကို သမ္မတအဖြစ်လည်းကောင်း၊ ရှာရာဗိုင်း ဂျန်ဂါးဒေါဂျိကို ဝန်ကြီးချုပ် အဖြစ်လည်းကောင်း ပါလီမန်က ရွေးချယ်တင်မြှောက်လိုက်သည်။

အစိုးရအဖွဲ့အတွင်း အမ်ပီအာရ်၏ ဦးဆောင်မှုအခန်းကဏ္ဍကို ခွင့်ပြုထားသည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပါ ပုဒ်မ ဂ၂ ကို ပါလီမန် ကိုယ်စားလှယ်များက ထောက်ခံမဲ ၃၂၄ မဲ၊ ကြားနေမဲ ၁၀ မဲဖြင့် မဲခွဲဆုံးဖြတ်ကာ အခြေခံဥပဒေမှ ဖြုတ်ပစ်လိုက်သည်။

အမ်ပီအာရ်ပီ၏ ပထမအကြိမ် အရေးပေါ် ပါတီညီလာခံကို ဧပြီလ ၁၀ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့ရာ ရွှမ်ဘိုဂျာဗိုင်း အိုချာဘက်အား ပါတီဥက္ကဋ္ဌအဖြစ် ရွေးချယ် တင်မြှောက်ခဲ့သည်။

အလားတူစွာပင် အတိုက်အခံပါတီဖြစ်သည့် မွန်ဂိုလီးယားဒီမိုကရက်တစ်ပါတီ (အမ်ဒီပီ) ၏ ပထမအကြိမ် ပါတီညီလာခံကို ဧပြီလ ဂ ရက်မှ ၉ ရက်အထိ ကျင်းပခဲ့သည်။ ၎င်းအချိန်၌ပင် မွန်ဂိုလီးယားနိုင်ငံ၏ သတင်းစာအသစ်နှစ်စောင်ဖြစ်သည့် အမ်ဒီပီ၏ 'ဒီမိုကရေစီ' သတင်းစာနှင့် ၎င်းနှင့် တစ်ဖွဲ့တည်းဖြစ်သည့် အမ်ဒီယူ၏ 'ကြေးမုံ' သတင်းစာတို့ကို စတင် ထုတ်ဝေခဲ့သည်။

မေလ ၁၀ ရက်မှ ၁၁ ရက်နေ့အထိ ကျင်းပခဲ့သည့် ပါလီမန်အစည်းအဝေးက ပါတီစုံစနစ်ကို တရားဝင်ခွင့်ပြုသည့် ဥပဒေကို အတည်ပြုခဲ့သည်။ ထို့ပြင် အင်အားအနည်းငယ်ဖြင့် ပါလီမန်အငယ်စားတစ်ရပ် ဖွဲ့စည်းခြင်းကိုခွင့်ပြုသည့် အခြေခံဥပဒေ ပြင်ဆင်ချက်များကိုလည်း အတည်ပြုခဲ့သည်။ စနစ်သစ်အရ စီးပွားရေးနှင့်အစိုးရအဖွဲ့အား ကြီးကြပ်ကွပ်ကဲခြင်းကို ပါလီမန်ငယ်ကဆောင်ရွက်မည်ဖြစ်ပြီး ပါလီမန်ကြီးအနေဖြင့် ပြည်တွင်းနှင့်နိုင်ငံခြားမူဝါဒရေးရာ အခြေခံပြဿနာများကို ကိုင်တွယ်ဖြေရှင်းမည်ဖြစ်သည်။

နိုင်ငံရေးပါတီများ ဖွဲ့စည်းခွင့်ပြုလိုက်သည်နှင့် မေလအတွင်း အတိုက်အခံ နိုင်ငံရေးပါတီများ အပါအဝင် အာဏာရပါတီတို့ တရားဝင်မှတ်ပုံတင်ခဲ့ကြသည်။ မွန်ဂိုလီးယားနိုင်ငံတွင် မှတ်ပုံတင်ထားသည့် တရားဝင်နိုင်ငံရေးပါတီများမှာ (၁) မွန်ဂိုလီးယား ပြည်သူတော်လှန်ရေးပါတီ၊ (၂) မွန်ဂိုလီးယားဒီမိုကရက်တစ်ပါတီ၊ (၃) အမျိုးသားတိုးတက်ရေးပါတီ၊ (၄) ဆိုရှယ် ဒီမိုကရက်တစ်ပါတီ၊ (၅) လွတ်လပ်သည့် မွန်ဂိုလီးယား အလုပ်သမားပါတီနှင့် (၆) မွန်ဂိုလီးယား အစိမ်းရောင်ပါတီတို့ ဖြစ်ကြသည်။ အတိုက်အခံ အဖွဲ့များအနက် အင်အားအကောင်းဆုံးမှာ မွန်ဂိုလီးယား ဒီမိုကရက်တစ်ပါတီ ဖြစ်သည်။

ဗဟိုနှင့် ဒေသဆိုင်ရာ ရွေးကောက်ပွဲများကို ၁၉၉၀ ပြည့်နှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း မေလ ၁၄ ရက်နေ့တွင် အစိုးရကတရားဝင်ကြေညာသည်။

ပါလီမန်ငယ် (အောက်လွှတ်တော်) ရွေးကောက်ပွဲများကို ဇူလိုင်လ ၂၂ ရက်နေ့တွင်လည်းကောင်း၊ ပါလီမန်ကြီး (အထက်လွှတ်တော်) ရွေးကောက်ပွဲများကို တစ်ပတ်အကြာ ဇူလိုင်လ ၂၉ ရက် နေ့တွင်လည်းကောင်း အသီးသီး အောင်မြင်စွာ ကျင်းပခဲ့သည်။ အနောက်ဥရောပတမျှ ကြီးမားကျယ်ပြန့်သည့် မွန်ဂိုလီးယားနိုင်ငံအနှံ့မှ မဲရုံများတွင် သတ်မှတ်ချိန်ထက် လေးနာရီစောပြီး မဲပေး ပြီးစီးခဲ့ကြသည်။ မွန်ဂိုလီးယားမှ မဲပေးခွင့်ရသူ ပြည်သူ နှစ်သန်းတို့က မဲပေးရန် လာရောက်ကြရာတွင် အချို့လူများမှာ မြို့တော် အူလန်ဘာတောသို့ မိုင် ၂၀ နီးပါးမျှ မြင်းစီး၍ လာရောက်ကြရသည်။ အချို့လူများမှာ လော်ရီကားများ ဘတ်စကားများဖြင့် လာရောက်ကြရသည်။ ဗြိတိန်၊ အမေရိကန်ပြည်ထောင်စု၊ ပိုလန်နှင့် ဆိုဗီယက် ပြည်ထောင်စုတို့မှ နိုင်ငံခြားသား လေ့လာရေးသမား ၁၉ ဦးတို့ကလည်း ရွေးကောက်ပွဲ ကျင်းပနေပုံကို ကြည့်ရှုလေ့လာ ခဲ့ကြသည်။

မဲများရေတွက်ပြီးစီးသောအခါ အာဏာရ ကွန်မြူနစ်ပါတီဖြစ်သည့် မွန်ဂိုလီးယား ပြည်သူတော်လှန်ရေးပါတီ (အမ်ပီအာရ်ပီ)က နေရာအများစုကို အနိုင်ရရှိခဲ့သည်။ နေရာ ၅၃ နေရာရှိသည့် အောက်လွှတ်တော်တွင် ၆၀ ရာခိုင်နှုန်း အနိုင်ရရှိပြီး နေရာ ၄၃၀ ရှိသည့် အထက်လွှတ်တော်တွင်လည်း ၇၅ ရာခိုင်နှုန်း အနိုင်ရရှိသွားသည်။ အင်အားအကြီးမားဆုံး အတိုက်အခံပါတီဖြစ်သည့် မွန်ဂိုလီးယားဒီမိုကရက်တစ်ပါတီ (အမ်ဒီပီ)က ဒုတိယနေရာကလိုက်ပြီး အောက်လွှတ်တော်တွင် ၁၂ နေရာနှင့် အထက်လွှတ်တော်တွင် ၃၆ နေရာ အနိုင်ရရှိခဲ့သည်။

အသစ် ရွေးချယ်တင်မြှောက်ခဲ့သည့် မွန်ဂိုလီးယားနိုင်ငံ၏ ပထမဆုံးအကြိမ် အထက်လွှတ်တော် အစည်းအဝေးကို ၁၉၉၀ ပြည့်နှစ် စက်တင်ဘာလ ၃ ရက်နေ့တွင် ကျင်းပရာ ပွန်ဆယ်မားဂျီယင် အိုချာဘတ်ကို သမ္မတအဖြစ် ပြန်လည် ရွေးချယ်တင်မြှောက်ခဲ့သည်။ စက်တင်ဘာလ ၁၀ ရက်နေ့တွင်လည်း အထက်လွှတ်တော်သည် သမ္မတက ဒက်ရှ်ဘမ်ဘာဆူရင်အား ဝန်ကြီးချုပ်အဖြစ် လျာထားသတ်မှတ်ခြင်းကို အတည်ပြုခဲ့သည်။

၁၉၇၄ ခုနှစ်တွင် ဆိုဗီယက်သမ္မတ ကေဂီဘာချေ့၏ ဖိအားပေးမှုကြောင့် မွန်ဂိုလီးယားတွင် ပြုပြင်ပြောင်းလဲမှုများ စတင် ပြုလုပ်လာရသည်။ မွန်ဂိုလီးယား၌ ကျွမ်းကျင်သူ ၃၀,၀၀၀ နှင့် ကျွမ်းကျင်မှုလုပ်သားများကို ဆိုဗီယက်ကပြန်ခေါ်သည်။ ၁၉၆၀ ပြည့်နှစ်တွင် တရုတ်တို့၏နယ်ချဲ့မှုကို ကာကွယ်ရန် ပို့ထားသော ဆိုဗီယက်တပ်သား ၅၀,၀၀၀ကို အပြီးသတ် ရုပ်သိမ်းနေသည်။ အမျိုးသားဝါဒနှင့် တိုင်းရင်းသားယဉ်ကျေးမှုကို ပြုပြင်ပြောင်းလဲရေး၏ အရေးပါသော လက်နက်များအနေဖြင့် မွန်ဂိုလီးယား အစိုးရက ယူဆသည်။ စာသင်ကျောင်းများ၌ မွန်ဂိုအက္ခရာဖြင့် ရေးသောစာများကို စတင်သင်ကြားလာသည်။ ရှေးဟောင်းမွန်ဂို စာပေကို ဖော်ထုတ် သင်ကြားလာသည်။ ဂန်ဒေါင် ဗုဒ္ဓဘာသာ ဘုရားကျောင်းသို့ ဗုဒ္ဓရုပ်ပွားတော်ကြီးကို ပြန်ပို့ရန် မော်စကိုအား မွန်ဂိုလီးယားအစိုးရက တောင်းဆိုခဲ့သည်။ ဂန်ဒေါင် ဘုရားကျောင်းမှာ နိုင်ငံ၏ တစ်ခုတည်းသော ဘာသာရေးဆောင်ရွက်ရာ ကျောင်းဖြစ်သည်။ ၁၉၃၀ ပြည့်နှစ် များအတွင်းက လီနင်ဂရက်မြို့သို့ ဗုဒ္ဓရုပ်ပွားတော်ကြီးကို ပင့်ဆောင် သွားခဲ့သည်။

ကေရောင်ဘုရင် ဂျင်ဂျစ်ခန်၏ ရုပ်ပုံများကို နေရာတိုင်း၌ တွေ့မြင်လာရသည်။ အရက်ပုလင်းများမှာပင် ဂျင်ဂျစ်ခန်၏ ရုပ်ပုံများ ကပ်ထားကြသည်။ လူဦးရေတိုးပွားခြင်းကို အစိုးရကလိုလားနေရာ သားသမီး ၆ယောက် အထိ မွေးဖွားသူ အမျိုးသမီးအား ဆုတံဆိပ်များပေးအပ်သည်။ နိုင်ငံခြားဆက်ဆံရေးကို သတိဖြင့် ဆောင်ရွက်နေသည်။ ဆိုဗီယက်နှင့်ကုန်သွယ်ရေးမှာ ဂဝ ရာခိုင်နှုန်း ရှိနေဆဲဖြစ်သည်။ မွန်ဂိုလီးယား၌ သံမဏိစက်ရုံတည်ဆောက်ရေးနှင့် ရောင်စုံ ရုပ်မြင်သံကြားစက်တည် ဆောက်ရေးအတွက် ဂျပန်ကုမ္ပဏီများမှ ကတိပြုချက် ရရှိထားသည်။ ရုရှားအာဏာရှင်စတာလင်၏ ရုပ်တုကြီးကို ဖြိုချဖျက်ဆီးပစ်လိုက်၍ ၎င်း၏နေရာ၌ ဂျင်ဂျစ်ခန်၏ ရုပ်တုကို စိုက်ထူကြမည် ဖြစ်သည်။



သခင်လေးမောင်

၁၉၃၀ ပြည့်နှစ် စက်တင်ဘာလတွင် ကျင်းပသော ကျောင်းသားပေါင်းစုံနှင့် လူငယ်ပေါင်းစုံအစည်းအဝေးကြီးက မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်များအစည်းအရုံးကြီး (All Burma Youth League) ကို ဖွဲ့စည်းခဲ့ရာ အမှူဆောင်အဖြစ် ပါဝင်လှုပ်ရှားခဲ့သည်။ သခင်လေးမောင်သည် တက္ကသိုလ်မှ သိပ္ပံဘွဲ့ကို လက်ခံရယူခြင်းမရှိဘဲ လူငယ်များစည်းရုံးရေးအတွက် ၁၉၃၂ ခုနှစ် ဒီဇင်ဘာလမှစ၍ အချိန်ပြည့် ပါဝင်လှုပ်ရှား ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်များအစည်းအရုံးတွင် အကျိုးဆောင်အဖြစ် တာဝန်ယူခဲ့သည်။

၁၉၃၄ ခုနှစ် မေလ ၃ ရက်နေ့တွင် သခင်လေးမောင်သည် နိုင်ငံရေးလှုပ်ရှားမှုဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ်သုံးလ ကျခံခဲ့ရသည်။

ထို့နောက် "တို့ဗမာ" အစည်းအရုံးကြီး၌ ပါဝင်လှုပ်ရှားခဲ့သည်။ ၁၉၃၅ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ရေနံချောင်းမြို့ လည်ပေါ်တန်ဆောင်းကြီး၌ကျင်းပသော တို့ဗမာအစည်းအရုံး သီလဝခံကြီးက ဌာနချုပ်အလုပ်အမှူဆောင်များကို ရွေးချယ်တင်မြှောက်ခဲ့ရာ သခင်လေးမောင်သည် ဒုတိယဥက္ကဋ္ဌတင်မြှောက်ခြင်းခံရသည်။

၁၉၃၆ ခုနှစ် ဇွန်လ ၂၇ ရက်မှ ၂၉ ရက်နေ့အထိ သုံးရက်တိုင် မြင်းခြံမြို့နယ် ကိုးခန်း တန်ဆောင်းကြီး၌ ကျင်းပခဲ့သော ဒုတိယအကြိမ်မြောက် ပြည်လုံးကျွတ် တို့ဗမာ အစည်းအရုံးနှင့် လူငယ်များ အစည်းအရုံးတို့၏ နှစ်ပတ်လည် ညီလာခံကြီးက သခင်လေးမောင်ကို ဌာနချုပ် အလုပ်အမှူဆောင်အဖွဲ့ ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခဲ့ကြသည်။

လေးမောင်၊ သခင် (ခရစ် ၁၉၁၀ – ၁၉၉၀)။ ။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပါဝင်ခဲ့သော သခင်လေးမောင်ကို ၁၉၁၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် အဖ ဦးဖိုးထွန်း၊ အမိ ဒေါ်တင့်တို့က မုံရွာခရိုင် ချောင်ဦးမြို့နယ် အမြင့်ရွာ၌ မွေးဖွားခဲ့သည်။ မိဘများမှာ ကုန်သည်များဖြစ်ကြသည်။

၁၉၃၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ သိပ္ပံဘွဲ့ကို ရရှိခဲ့သော်လည်း ဗြိတိသျှ ကိုလိုနီပညာရေး စနစ်ကို ဆန့်ကျင်ကန့်ကွက်သောအားဖြင့် ဘွဲ့ကို ငြင်းပယ်ခဲ့သည်။

၁၉၃၀ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် ပြည်မြို့ ပလီကွင်းရှိ ညီလာခံမဏ္ဍပ်ကြီး၌ကျင်းပသော တတိယအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအရုံး ညီလာခံသဘင်ကြီးက သခင်လေးမောင်အား ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အထွေထွေ အတွင်းရေးမှူးအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။

၁၉၃၇ ခုနှစ်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ရေနံမြေသပိတ်နှင့် ၁၉၃၈ ခုနှစ်တွင် ရန်ကုန် အထွေထွေသပိတ်ကို ဦးဆောင်ခဲ့သည်။ မြန်မာနိုင်ငံကို ဂျပန်သိမ်းပိုက်ပြီးနောက် ၁၉၄၃ ခုနှစ် သြဂုတ်လ၌ မြန်မာအစိုးရအဖွဲ့တွင် ဆက်သွယ်ရေး ဝန်ကြီးအဖြစ် ခန့်အပ်ခြင်း ခံရသည်။ ၁၉၅၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ အလုပ်သမားပါတီ၌ ပါဝင်လှုပ်ရှားခဲ့သည်။ ၁၉၅၅ ခုနှစ်မှ ၁၉၅၉ ခုနှစ်အထိ ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက် (မြန်မာနိုင်ငံ) (World Peace Congress) တွင် ဒုတိယဥက္ကဋ္ဌအဖြစ် ကမ္ဘာ့ငြိမ်းချမ်းရေး လှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် မြန်မာနိုင်ငံ အလုပ်သမားပါတီမှ နုတ်ထွက်ခဲ့သည်။

၁၉၄၉ ခုနှစ်တွင် ဂျာမနီနိုင်ငံ၌ကျင်းပသော တတိယကမ္ဘာလူငယ်ပွဲတော်သို့ တက်ရောက်ခဲ့သည်။ ထို့နောက် ဂျပန်နိုင်ငံသို့ ဝင်ရောက်ခဲ့သည်။ ထိုနှစ်တွင်ပင် ဩစတြေးလျနိုင်ငံ၌ ကျင်းပပြုလုပ်သည့် ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက်သို့ မြန်မာနိုင်ငံ၏ ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် တရုတ်ပြည်သူသမ္မတနိုင်ငံနှင့် ဆိုဗီယက်ပြည်ထောင်စုသို့ သွားရောက်ခဲ့သည်။

၁၉၅၄ ခုနှစ်တွင် ဘာလင်မြို့၌ ကျင်းပ ပြုလုပ်သည့် ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက် ပြူ ရို အ စည်း အ ဝေး (Bureau Meeting of World Peace Congress) သို့ တက်ရောက်ခဲ့သည်။

၁၉၅၈ ခုနှစ်တွင် စတော့ဟုမ်းမြို့၌ကျင်းပပြုလုပ်သည့် 'လက်နက်လျှော့ပေါ့ရေး အထူး ညီလာခံကြီး' (Special Conference for Disarmment) သို့ ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။

သခင် လေးမောင်သည် ကျောင်းသား ဘဝကပင် စာရေးဝါသနာပါခဲ့သည်။ တို့ဗမာအစည်းအရုံးဝင်အဖြစ်နှင့် နိုင်ငံရေးစာပေများ ရေးသားခဲ့သည်။ ဗမာ့ရေနံပြဿနာ၊ ရာဇဝတ်မှုပြဿနာများ စာအုပ်များ ရေးသားခဲ့သည်။ ရာဇဝတ်မှုပြဿနာများ စာအုပ်သည် ၁၉၆၃ ခုနှစ် အနုပညာစာပေဆိုင်ရာဆု (နိုင်ငံရေးစာပေဆိုင်ရာ ဒုတိယဆု) ချီးမြှင့် ခြင်း ခံ ရ သည်။ ထို့ပြင် ကမ္ဘာ့အန္ဓကာပြားသို့ လှည့်လည်ခဲ့စဉ် အတွေ့အကြုံများကိုလည်း ဒေသန္တရ ဆောင်းပါးများ အဖြစ် အများအပြား ရေးသားခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုတွင် တစ်တပ်တစ်အား ပါဝင်ခဲ့သော သခင်လေးမောင်သည် ၁၉၉၀ ပြည့်နှစ် မတ်လ ၃ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

ဝိသဒ္ဓာဏ၊ ဆရာတော်ဘဒ္ဒန္တ၊အဘိဓဇမဟာရဋ္ဌဂုရု လက်ပံတန်းမြို့၊ သဒ္ဓမ္မောဒယ အဘိဓမ္မာ ညဝါ တက္ကသိုလ် (မြန်မာ ၁၂၆၂ – ၁၃၅၁) ။ ။

ယမကတ္ထဝိဘာဝနီ၊ ပဋ္ဌာနသာရဝိဘာဝနီ၊ ဆန္ဒောသာရဝိဘာဝနီ စသော ကျမ်းတို့ကို ပြုစုတော်မူခဲ့သော အဘိဓဇ မဟာရဋ္ဌဂုရု သဒ္ဓမ္မောဒယ ဆရာတော် ဘဒ္ဒန္တဝိသဒ္ဓာဏာကို ပဲခူးတိုင်း လက်ပံတန်းမြို့၊ ၃ လမ်း၌ ခမည်းတော် ဆေးဆရာကြီး ဆရာတုပ်၊ မယ်တော်ဒေါ်ပုတို့က သက္ကရာဇ် ၁၂၆၂ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၁ ရက်၊ ဗုဒ္ဓဟူးနေ့ နံနက် ၄ နာရီ အချိန်တွင် ဖွားမြင်ခဲ့သည်။

ငယ်စဉ်က လက်ပံတန်းမြို့၊ ၂ လမ်းရှိ ဆရာကြီး ဦးစိန်ကျောင်း၌ အတန်းပညာကို ၅ တန်းအထိ သင်ကြားခဲ့သည်။ ထို့နောက် လက်ပံတန်းမြို့ မြောက်ပြင် မဟာဇေယျဝန္ဒသကျောင်းဆရာတော်ဘုရားကြီးထံ သွားရောက်၍ သာမဏေ ဝတ်သည်။ သာမဏေ ဘဲ့မှာ ရှင်ဝိရိယ ဖြစ်သည်။

ထို့နောက် ဆရာတော်ကြီးက ရှင်ဝိရိယ၏ လုံလ၊ ဇဲ့သတ္တိတို့ကို သိမြင်သဖြင့် ဓနုဖြူမြို့ တောင်ပေါ်ကျောင်း အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီး ဦးကောသလ္လထံ ပို့လှတ်ပညာသင်ကြားစေသည်။

သက်တော် ၂၀ ပြည့်သောအခါ ဓနုဖြူမြို့ အဂ္ဂမဟာပဏ္ဍိတ သဒ္ဓမ္မဇောတိကာရုံ ဆရာတော် ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ လက်ပံတန်းမြို့ ၄ လမ်းနေ ဒေါ်မှိန်နှင့် ရွှေပန်းတိမ်ဆရာကြီးဦးဖိုးစံ၊ ဒေါ်ဒေါင်းဥတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ၁၂၇၂ ခုနှစ် နယုန်လဆန်း ၉ ရက် အင်္ဂါနေ့တွင် မြင့်မြတ်သော ရဟန်းအဖြစ် ရောက်တော်မူသည်။

ဓနုဖြူဆရာတော်ဘုရားကြီး၏ ခြေတော်ရင်း၌ ပညာသင်ကြားနေစဉ် ဆရာတော်၏ ဉာဏ်အမြင် ကြည်လင်သန့်ရှင်းပုံကို တွေ့မြင်ရသဖြင့် ဆရာတော်ဘုရားကြီးက "ဦးဝိသဒ္ဓာဏာ" ဟု ဘွဲ့အမည် ပြောင်းခဲ့သည်။

ဆရာတော်သည် မဟာဒဠှိရနိကာယ ဂိုဏ်းလုံးဆိုင်ရာ ဝိနည်း စာမေးပွဲကြီး၏ နိဿယ မုစ္စနက ဗဟုသုတ အငယ်တန်း၌ ပထမ၊ နိဿယမုစ္စနက ဗဟုသုတ အကြီး



ဆရာတော် ဘဒ္ဒန္တဝိသဒ္ဓာဇ

တန်းဌ် ပထမနှင့် ပရိသူပဌာပက ဗဟုသုတ အကြီးတန်းဌ် ဝိနယဓရမဟာ ပထမကျော်တို့ကို အောင်မြင်ခဲ့သည့်ပြင် အစိုးရပါဠိ ပထမပြန် စာမေးပွဲဌ်လည်း ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းတို့ကို အောင်မြင်ခဲ့သည်။

ဆရာတော်လောင်းလျာသည် မဟာဝိသုဒ္ဓာရုံ အဂ္ဂမဟာပဏ္ဍိတ စည်ရှင်ဆရာတော်ကြီး၊ စကုဆရာတော်ဘုရားကြီး၊ (စစ်ကိုင်းတောင်ရိုး မဟာအေးမြို့ကြီးချောင်ဆရာတော်ဘုရားကြီး)၊ ထီးလင်းတိုက် ဗန်းမော် ဆရာတော်ဘုရားကြီး၊ ဒက္ခိဏာရာမ ဘုရားကြီးတိုက် ဆရာတော်ဘုရားကြီး ဦးဇာဂရ၊ ရေနံချောင်းမြို့ မန္တလေးတိုက်ဆရာတော်ဦးသီလ၊ ရွှေရေးဆောင်ဆရာတော်ဘုရားကြီး ဦးအာဒိစ္စရံသီ (ခေါ်) ဦးကြည် စသော ဆရာတော်ကြီးများထံတွင် နှေဝါညဝါ ပိဋကတ် ကျမ်းစာများကို သင်ကြားခဲ့ပြီးဓနုဖြူမြို့ သဒ္ဓမ္မဇောတိကာရုံ ဆရာတော်ဘုရားကြီး၏ ပြန်လည်ခေါ်ဆောင်ချက်အရ ဓနုဖြူမြို့သို့ ပြန်ကြွ၍ တပည့်များအား စာပေပို့ချနေထိုင်ခဲ့သည်။

ရဟန်းကိုးဝါအရတွင် လက်ပံတန်းမြို့ ဆရာတော်ကြီး ဦးပဏ္ဍိတက လောကဥဿော်ဘုရားအနီး ပရိတ္တာရုံကျောင်းကို လှဲအပ်သဖြင့် တပည့်သံဃာ ၃၀ ကျော်ဖြင့် ၁၂၉၁ ခုနှစ်တွင် စာသင်တိုက်ဖွင့်လှစ်ကာ ကျောင်းထိုင်ဖြစ်လာသည်။ ၁၂၉၁ ခုနှစ်တွင် အောက်ယမိုက် ငါးကျမ်းအဖွင့် (ယမကတ္ထဝိဘာဝနီ) ပထမတွဲနှင့် အထက်ယမိုက်ငါးကျမ်းအဖွင့် ဒုတိယတွဲတို့ကို ရေးသားခဲ့သည်။

ဆဋ္ဌသံဂါယနာကြုံစဉ်က ကျရာတာဝန်ကို မငြီးမငြူ အားသွန်ကြိုးပမ်း ဆောင်ရွက်တော်မူခြင်း၊ သာသနာတော်အကျိုး သည်ပိုးဆောင်ရွက်တော်မူခြင်း၊ သီလ၊ သမာဓိ၊ ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူခြင်း တို့ကြောင့် ၁၃၁၀ ခုနှစ်တွင် အစိုးရက ဆရာတော်အား အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

၁၉၁၀ ပြည့်နှစ် လွတ်လပ်ရေးနွေတွင် နိုင်ငံတော်အစိုးရကအဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကိုဆက်ကပ်လှူဒါန်းသဖြင့် အလှူခံရရှိတော်မူခဲ့သည်။

ဆရာတော်သည် သက္ကရာဇ် ၁၃၇၁ (၁၉၁၀) ပြည့်နှစ် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးနှင့် ကြံ့စည်နိုင်ငံတော် သံဃာ့မဟာနာယက အဖွဲ့ ၄၅ ပါးစုံညီ အစည်းအဝေးသို့ နိုင်ငံတော် ဩဝါဒစရိယအဖြစ် တက်ရောက်တော်မူခဲ့သည်။ ထိုသို့တက်ရောက်စဉ် ဆီးရောဂါဝေဒနာဖြစ်သည့်အတွက် သာသနာရေးဦးစီးဌာနက တာဝန်ယူ၍ ပြည်သူ့ဆေးရုံကြီးသို့ တက်ရောက်ခဲ့စိတ်ကုသခဲ့ရသည်။

ဆရာတော်သည် ထိုခဲ့စိတ်ကုသမှုကြောင့် ကိုယ်ခန္ဓာအောက်ပိုင်းမှာလှုပ်ရှားခြင်းမပြုနိုင်တော့ဘဲ ရန်ကုန်တိုင်းဗဟန်းမြို့နယ် အာဇာနည်ဗိမာန်လမ်း အမှတ် (၅၇) ရှိ မင်္ဂလာမဏ္ဍိုင်ကျောင်းတိုက်တွင် ဆေးဝါးကုသမှုကို ခံယူသိတင်းသုံးရင်း သက်တော် ၉၀ သီကျွတော် ၇၀ တွင် ၁၃၅၁ ခုနှစ် ပြာသိုလပြည့်ကျော် ၆ ရက်၊ အင်္ဂါနေ့ည ၉ နာရီအချိန်၌ ဘဝနတ်ထံပျံလွှန်တော်မူခဲ့သည်။

သော်ဇင်၊ ဦး (၁၉၀၇–၉၀)။ ။စာရေးဆရာကြီး ဦးသော်ဇင်သည် ရောဝတီတိုင်း၊ ရေကြည်မြို့နယ် ဇရပ်လှကျေးရွာ ဇာတိဖြစ်ပြီး အဖ လယ်သမား ဦးရွှက်ကြီး၊ အမိ လယ်သူမ ဒေါ်နက်ကျော်တို့က ၁၉၀၇ ခုနှစ်တွင် မွေးဖွားသည်။ အမည်ရင်း ဦးသော်ဇင်ဖြစ်ပြီး မွေးချင်းလေးယောက်တွင် ဒုတိယမြောက်ဖြစ်သည်။

ငယ်စဉ်က ဟသ်ာတမြို့၊ မြစ်ကွေ့ဆရာတော် ဦးပညာဝံသထံ၌ ပညာသင်ကြားခဲ့၏။ ရဟန်းဘွဲ့ရှင်သောမဖြင့် ရဟန်းတက်ခဲ့သည်။ ရန်ကုန်၊ မန္တလေးတို့၌ သက္ကတ၊ ဟင်ဒီနှင့် ဗင်္ဂလီစသောဘာသာတို့ကို သင်ယူလေ့လာခဲ့၏။

ဦးသော်ဇင်



၁၉၃၉ ခုနှစ်တွင် ဂန္ဓလောက မဂ္ဂဇင်းမှ စတင်၍ 'ရှင်သေမ ဘိက္ခု' ကလောင်အမည်ဖြင့် စာပေနယ်သို့ ဝင်ရောက်သည်။ ပထမ ရေးသောစာမူမှာ 'သရက်ချဉ်' အမည်ရှိ ဆောင်းပါးဖြစ်၏။

၁၉၄၉ ခုနှစ်တွင် ဟင်္သာတမြို့မှ ထုတ်ဝေသော လူထု အာဘော် သတင်းစာတွင် စာတည်းအဖြစ် ဆောင်ရွက်ခဲ့ပြီး တိုင်းရင်းမေ၊ သက်လျာ၊ သင့်ဘဝစသည့် မဂ္ဂဇင်းများတွင် စာတည်းအဖြစ် အမှုထမ်းခဲ့သည်။

ဦးသော်ဇင်သည် ၁၉၆၀ ပြည့်နှစ်မှ စတင်၍ ရသစာပေ၊ ပြဇာတ်သမိုင်း(၁၉၆၅)၊ ဇင်းမယ်ပြန် (၁၉၆၇)၊ စဉ့ငယ်ဘဉ် (၁၉၆၉)၊ နန်းစဉ်ပုစ္ဆာ (၁၉၇၀)၊ ပြဇာတ်ကထာ(၁၉၈၁)၊ သုတဥ္ဇလီ(၁၉၈၄) စသည့်စာပေ၊ ယဉ်ကျေးမှု၊ ဘာသာရေးကျမ်းအများအပြားကို ပြုစုခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် စာဉယျာဉ် စာအုပ်ဖြင့် အမျိုးသားစာပေ စာပဒေသာဆုကို ရခဲ့၏။

ဆရာ ဦးသော်ဇင်သည် ၁၉၆၁ ခုနှစ်မှစ၍ မြန်မာစာကော်မရှင်အဖွဲ့ဝင်ဖြစ်ခဲ့ပြီး ၁၉၈၃ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ မြန်မာစာ အဖွဲ့ဝင် လူကြီးတစ်ဦးအဖြစ် တာဝန်ယူခဲ့၏။

၁၉၅၆ ခုနှစ်မှ ၁၉၆၃ ခုနှစ်အထိ မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်း၏ ဒုတိယဥက္ကဋ္ဌတာဝန်ကို ယူခဲ့သည်။

ဆရာ ဦးသော်ဇင်သည် ၁၉၉၀ ပြည့်နှစ် စက်တင်ဘာလ ၁၃ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

အမျိုးသားစာပေဆု စိစစ် ရွေးချယ်ရေးကော်မတီ

။ ။ပြန်ကြားရေး ဝန်ကြီးဌာနသည် မြန်မာစာပေဖွံ့ဖြိုး တိုးတက်ရေးကို ရွေးရွယ်လျက် ပြက္ခဒိန်နှစ် တစ်နှစ်အတွင်း ထုတ်ဝေသော စာအုပ်များထဲမှ ဘာသာရပ် ၁၃ မျိုး ခွဲခြားလျက် ဘာသာရပ်တစ်မျိုးတွင် အကောင်းဆုံး တစ်အုပ်စီကို ရွေးချယ်၍ ဆုများ ချီးမြှင့်နိုင်ရန် နှစ်နှစ် သက်တမ်းရှိသော "အမျိုးသား စာပေဆု စိစစ် ရွေးချယ်ရေး ကော်မတီ" ကို ၁၉၈၈ ခုနှစ်နှင့် ၁၉၈၉ ခုနှစ်အတွက် အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပေးခဲ့ပါသည်။

(က) ဦးစိုးညွန့် (ထီလာစစ်သူ) ဥက္ကဋ္ဌ
ဦးဆောင် ညွှန်ကြားရေးမှူး
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(ခ) ဦးမောင်မောင်ခင် အဖွဲ့ဝင်
(တက္ကသိုလ် မောင်မောင်ခင်)
အကြံပေးပုဂ္ဂိုလ်၊ ရုပ်ရှင်လုပ်ငန်း

(ဂ) ဦးသန်းစော (အောင်မိုး) အဖွဲ့ဝင်
အငြိမ်းစား ညွှန်ကြားရေးမှူး
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

(ဃ) ဒေါက်တာ ခင်မောင်ညွန့် အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ရှေးဟောင်းသုတေသနဦးစီးဌာန

(င) ဗိုလ်မှူး မောင်ဝင်း အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
စာပေစိစစ်ရေးနှင့်မှတ်ပုံတင်
ဌာနခွဲ၊ အထွေထွေအုပ်ချုပ်ရေး
ဦးစီးဌာန

(စ) ဦးမောင်မောင်တင် အဖွဲ့ဝင်
(မဟာဝိဇ္ဇာ)
မြန်မာစာအဖွဲ့ဝင်
မြန်မာစာအဖွဲ့ဦးစီးဌာန

(ဆ) ဒေါ်ကြန် အဖွဲ့ဝင်
အငြိမ်းစား အထက်တန်း
သုတေသနမှူး၊ နိုင်ငံသမိုင်း
သုတေသနဦးစီးဌာန

(ဇ) ဒေါ်ရင်ရင် (စောမုံညင်း) အဖွဲ့ဝင်
မြန်မာစာအဖွဲ့ဝင်
မြန်မာစာအဖွဲ့ဦးစီးဌာန

(စျ) ဒေါ်မြင့်သန်း အဖွဲ့ဝင်
အငြိမ်းစားကထိက
မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

(ည) ဦးမြင့်ကြည် အဖွဲ့ဝင်
(တက္ကသိုလ်မြတ်စိုး)
ညွှန်ကြားရေးမှူး
မြန်မာစာအဖွဲ့ဦးစီးဌာန

(ဋ) ဦးသော်ကောင်း အဖွဲ့ဝင်
စာကြည့်တိုက်မှူး
တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်

(ဌ) ဒေါက်တာမောင်မောင်ညို အဖွဲ့ဝင်
ပါမောက္ခ
ဆေးတက္ကသိုလ် (၂)

(ဍ) ဦးကျော်အောင် အဖွဲ့ဝင်
(ကျော်အောင်)
အငြိမ်းစား စာတည်းမှူး
တက္ကသိုလ်ဘာသာပြန်နှင့်
စာအုပ်ထုတ်ဝေရေးဌာန

(၁) ဦးတင်အောင် အဖွဲ့ဝင်	ခုနှစ်	တစ်နှစ်အတွင်း ထုတ်ဝေသော စာအုပ်များ	ဆုအရေအတွက်
အငြိမ်းစား စာတည်းမှူး စာပေဗိမာန်အဖွဲ့	၁၉၈၇	၅၈၀	၆ ဆု
ပုံနှိပ်ရေးနှင့်စာအုပ် ထုတ်ဝေရေးလုပ်ငန်း	၁၉၈၈	၄၄၅	၇ ဆု
(၈) ဦးမျိုးသန့် အတွင်းရေးမှူး	၁၉၈၉	၇၁၄	၇ ဆု
(မောင်ဆုရှင်) ညွှန်ကြားရေးမှူး (စာပေ) စာပေဗိမာန်အဖွဲ့			

ဤကော်မတီကို ၁၉၈၇ ခုနှစ်ထုတ် စာအုပ်များမှ ရွေးချယ်စိစစ်သင့်သော စာအုပ်များကိုလည်း စိစစ်၍ ထောက်ခံတင်ပြရန် တာဝန်ပေးအပ်ခဲ့ပါသည်။

အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ရွေးချယ်ရာတွင် အောက်ဖော်ပြပါမူများကို အခြေခံ၍ ရွေးချယ်ပါသည်။

၁။ မြန်မာစာပေ ဖွံ့ဖြိုး တိုးတက်စေရန်၊
၂။ မြန်မာ့ရိုးရာယဉ်ကျေးမှု ထွန်းကားစေရန်၊
၃။ မျိုးချစ်စိတ်နှင့် တိုင်းချစ်ပြည်ချစ်စိတ် ထက်သန်စေရန်၊
၄။ တိုင်းရင်းသား လူမျိုးများ သွေးစည်းညီညွတ်စေရန်၊
၅။ အတွေးအခေါ် မှန်ကန်စေရန်နှင့် အသိဉာဏ် တိုးပွားစေရန်၊
၆။ နည်းလမ်း မှန်ကန်သော ဗဟုသုတ တိုးပွားများပြားစေရန်၊
၇။ အကျင့်စာရိတ္တ ပြုပြင်ရေးနှင့် ကိုယ် ကျင့် တရားကောင်းမွန်ရေးအတွက် အထောက်အကူဖြစ်စေရန်၊
၈။ နိုင်ငံတော် အချုပ်အခြာ အာဏာ တည်တံ့ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းသာယာရေးကို အထောက်အကူပြုစေရန်၊
၉။ သုတ၊ ရသစာပေအရည်အသွေး ပြည့်စုံစေရန် ကြိုးပမ်း လေ့လာ အားထုတ် ရေးသားပြုစုထားသော စာပေ ဖြစ်စေရန်။

အထက်ဖော်ပြပါ အမျိုးသားစာပေ စိစစ်ရွေးချယ်ရေး ကော်မတီသည် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရန် ချမှတ်ထားသောမူဝါဒများ၊ သတ်မှတ်ထားသည့် စည်းကမ်းများနှင့်ကိုက်ညီသည့် စာအုပ်များကို ရွေးချယ်၍ မိမိတာဝန်ယူရသော ကာလအတွင်း အောက်ဖော်ပြပါ အမျိုးသားစာပေဆုများကို စိစစ်ရွေးချယ်၍ ဆုများ ချီးမြှင့်ခဲ့ပါသည်။

ဆုငွေကို ယခင်က ငွေကျပ် ၁၀၀၀၀/– (ကျပ်တစ်သောင်း) အထိသာ အမြင့်ဆုံး ချီးမြှင့်နိုင်ခဲ့သော်လည်း အထက်ပါ ကော်မတီသည် ဆုတစ်ဆုလျှင် ငွေကျပ် ၂၀၀၀၀/ (ကျပ်နှစ်သောင်း) စီ ထောက်ခံတင်ပြ၍ ချီးမြှင့်နိုင်ခဲ့ပါသည်။

အိရတ်နိုင်ငံ။ ။၁၉၈၀ ပြည့်နှစ် စက်တင်ဘာလတွင် စတင်ဖြစ်ပွားခဲ့သော ပင်လယ်ကွေ့စစ်ပွဲကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် ၅၉၈ (၁၉၈၇) အရ ၁၉၈၈ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့တွင် လုံးဝရပ်စဲခဲ့ပြီးနောက် အီရန်–အီရတ် အပြီးသတ်ငြိမ်းချမ်းရေး သဘောတူညီချက်တစ်ရပ် ရရှိရေးအတွက် ဆွေးနွေးပွဲများကို ၁၉၈၈ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့မှစ၍ ဂျီနီဗာနှင့် နယူးယောက်မြို့များတွင် ကျင်းပလာခဲ့ရာ အပြီးသတ် သဘောတူညီချက်တစ်ရပ် မထွက်ပေါ်လာနိုင်သေးပေ။ (စွယ်စုံနှစ်ချုပ် ၁၉၈၉–စ၊ ၃၀ နှင့် ၁၉၉၀–စ၊ ၁၄၄—ရှု။)

အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်က ဂျီနီဗာရှိ ကုလသမဂ္ဂ ဌာနချုပ်၌ ရပ်ဆိုင်းထားခဲ့ရသော စေ့စပ်ဆွေးနွေးပွဲများကို ဆက်လက်ကျင်းပနိုင်ရေးအတွက် အချက်သုံးချက်ပါ အစီအစဉ်တစ်ရပ်ကို ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ ၅ ရက်နေ့တွင် တင်ပြခဲ့သည်။ ယင်းအစီအစဉ်တွင် နိုင်ငံတကာ အသိအမှတ်ပြု နယ်နိမိတ်မှ တပ်များရုပ်သိမ်းရေးကိစ္စကို ထည့်သွင်းထားခြင်းမရှိသဖြင့် အီရန်က ပယ်ချခဲ့သည်။ သမ္မတဆက်ဒမ်ဟူစိန် တင်ပြသည့် အစီအစဉ်တွင် (၁) ကုလသမဂ္ဂအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဆွေးနွေးညှိနှိုင်းပွဲကို နှစ်နိုင်ငံမြို့တော်များတွင် အလှည့်ကျပြုလုပ်ကျင်းပရန်၊ (၂) ထိခိုက်ဒဏ်ရာရရှိထားသည့် စစ်သုံ့ပန်းများနှင့် နာမကျန်းဖြစ်နေသည့် စစ်သုံ့ပန်းများကို ခြွင်းချက်မဲ့ လွှတ်ပေးရန်နှင့် (၃) နှစ်နိုင်ငံရှိ ဘာသာရေးအဆောက်အအုံများသို့ နှစ်နိုင်ငံ နိုင်ငံသားများ လွှတ်လပ်စွာ အပြန်အလှန် သွားရောက်လည်ပတ် နိုင်ရေးအတွက် နယ်စပ်ဒေသများကို ဖွင့်လှစ်ထားပေးရန်တို့ ပါဝင်သည်။

အီရန်နိုင်ငံတွင်မွေးဖွားခဲ့ပြီး ပြိတိန်နိုင်ငံတွင် နေထိုင်သည့် လန်ဒန်အခြေစိုက် အော်ဘဇာဗာ သတင်းစာ၏

သတင်းထောက်တစ်ဦးဖြစ်သူ ဖာဇဒ်ဘဇော့ဖ်အား မတ်လ ၁၅ ရက်နေ့တွင် သူလျှိုမှုဖြင့် ဘဂ္ဂဒက်မြို့၌ ကြိုးပေးခဲ့သည်။ ဗြိတိသျှလူမျိုး သူနာပြုတစ်ဦးဖြစ်သည့် ဒက်ဖနီ ပါရစ်ရှ်အား ဘဇော့ဖ်၏ ကြံရာပါအဖြစ် ထောင်ဒဏ် ၁၅ နှစ် ချမှတ်ခဲ့သည်။ ဘဇော့ဖ်အား သုံးရက်ကြာစစ်ဆေးခဲ့ပြီးနောက် မတ်လ ၁၀ ရက်နေ့တွင် သေဒဏ်ချမှတ်ခဲ့ရာ ဗြိတိန်အစိုးရ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ပဲရက်ဒေကွေးလျားနှင့် ဂျော်ဒန်ဘုရင် ဟူစိန်တို့အပါအဝင် ကမ္ဘာ့ခေါင်းဆောင်အများအပြားက ဘဇော့ဖ်၏ အသက်ကို ချမ်းသာပေးရန် အီရတ်သမ္မတ ဆက်ဒမ်ဟူစိန် အား မေတ္တာရပ်ခံခဲ့ကြရာ လက်မခံခဲ့ပေ။ ဗြိတိန်နိုင်ငံနှင့် အစ္စရေးနိုင်ငံတို့အတွက် သူလျှိုလုပ်ခဲ့သည်ဟု ယင်းအား သေဒဏ်စီရင်သည့်နေ့တွင် ဘဇော့ဖ်က ဝန်ခံခဲ့ကြောင်း အီရတ်သတင်းရပ်ကွက်က ဖော်ပြခဲ့သည်။


အီရတ်နှင့် ဗြိတိန်ဆက်ဆံရေးကို ပိုမိုဆိုးရွားသွားစေသည့်အချက်မှာ ဘဂ္ဂဒက်သို့ တင်ပို့မည့် စစ်ဘက်ဆိုင်ရာကန်သတ်ပစ္စည်း ၄၀ ကို လန်ဒန်မြို့ ဟီးသရိုးလေဆိပ်၌ မတ်လ ၂၀ ရက်နေ့တွင် ဖမ်းဆီးလိုက်ခြင်းပင် ဖြစ်သည်။ ထို့ပြင် လူလေးဦးကို ဤကိစ္စနှင့်ပတ်သက်၍ ဖမ်းဆီးခဲ့ပြီး လန်ဒန်မြို့ရှိ အီရတ်လေကြောင်းရုံးမှ မန်နေဂျာ အိုမာ လတ်တဖ်ကို မတ်လ ၃၁ ရက်နေ့တွင် ဗြိတိန်နိုင်ငံမှ ထုတ်သွားစေခဲ့သည်။ သိမ်းဆည်းလိုက်သည့် အဆိုပါ ပစ္စည်း ၄၀ မှာ ဓာတ်ကလီးယားဗုံးဖောက်ခဲ့ရာတွင် အသုံးပြုသည့် ခရိုက်တွန်ဟုခေါ်သော အီလက်ထရွန်နစ် ခလုတ်များပင်ဖြစ်သည် ဆို၏။ အီရတ်အစိုးရကမူ ယင်းပစ္စည်းများမှာ စက်မှုလက်မှု၊ သိပ္ပံနှင့် နည်းပညာရပ်များဆိုင်ရာ လုပ်ငန်းမြောက်များစွာတွင် အသုံးပြုနိုင်သည့် အီလက်ထရွန်နစ်ပစ္စည်းများသာ ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

အထက်ပါ ဓာတ်ကလီးယားဗုံးသုံး အီလက်ထရွန်နစ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည့် သတင်းကြောင့် အီရတ်နိုင်ငံ၏ ဓာတ်ကလီးယားဗုံး ထုတ်လုပ်ပိုင်ဆိုင်နိုင်ရေး စီမံကိန်းသည် နောက် နှစ်နှစ် သုံးနှစ်ခန့်အတွင်း အောင်မြင်လာနိုင်ဖွယ်ရှိကြောင်း လေ့လာသူများက တွေးထင်ယူဆလာခဲ့ကြသည်။

အမေရိကန်သမ္မတ ဂျော့ဘုရှ်က ဓာတုလက်နက်များထုတ်လုပ်နေခြင်းကို ရပ်ဆိုင်းရေးအတွက် အီရတ်အား အပြင်းအထန်တိုက်တွန်းထားသည့် ကြေညာချက်တစ်စောင်ကို ဧပြီလ ၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ ထို့နောက် နှစ်ရက် ခန့် အကြာတွင် နယူးယောက်ရှိ ကုလသမဂ္ဂရုံး ချုပ်တွင် တာဝန်ထမ်းဆောင်နေသည့် အီရတ်သံတမန်တစ်ဦးကို အမေရိကန်ရှိ အီရတ်အတိုက် အခံခေါင်းဆောင်များအား လုပ်ကြံရန်ကြိုးပမ်းမှုတစ်ရပ်၌ ပါဝင်ပတ်သက်မှုဖြင့် အမေရိကန်ပြည်ထောင်စုမှ နှင်ထုတ်ခဲ့သည်။ အီရတ်နိုင်ငံက ယင်းစွပ်စွဲချက်ကို ငြင်းဆိုလိုက်ပြီး အမေရိကန်ပြည်ထောင်စုက အီရတ်ဆန့် ကျင် ရေး စီ မံ ကိန်း များ ကို တိုးမြှင့်ဆောင်ရွက်နေကြောင်း ပြော ဆို ခဲ့ သည်။ တစ် ချိန် တည်း မှာ ပင် အမေရိကန်ပြည်ထောင်စု၏ လုပ်ရပ်ကို လက်တုံ့ပြန်သည့်အနေဖြင့် ဘဂ္ဂဒက်မြို့ရှိ အမေရိကန်သံတမန်တစ်ဦးကို ဧပြီလ ၁၁ ရက်နေ့တွင် နှင်ထုတ်ခဲ့သည်။

အမေရိကန်အင်ဘီအက်စ် သတင်းတစ်ရပ်၌ အီရတ်နိုင်ငံသည် ဇီဝလက်နက်များကို အမြောက်အမြားထုတ်လုပ်စုဆောင်းနေကြောင်း ဧပြီလ ၁၁ ရက်နေ့က ဖော်ပြခဲ့သည်။ အီရတ်သမ္မတဆက်ဒမ်ဟူစိန်က အမေရိကန် အထက်လွှတ်တော် ကိုယ်စားလှယ်အဖွဲ့ တစ်ခုအား လက်ခံတွေ့ဆုံစဉ် ယင်းစွပ်စွဲချက်ကို ငြင်းပယ်ခဲ့သော်လည်း၊ အီရတ်သိပ္ပံပညာရှင်များအနေဖြင့် ဇီဝလက်နက်ကို သုတေသနမပြုလုပ်ပါဟူ၍ ကတိပေးရန်ကိုမူ ငြင်းဆန်ခဲ့သည်။

သူလျှိုလုပ်မှုဖြင့် အီရတ်နိုင်ငံက သေဒဏ်အပြစ်ပေးခဲ့သည့် ဗြိတိန်အခြေစိုက် အီရန်လူမျိုး သတင်းစာဆရာကို အကူအညီပေးခဲ့မှုဖြင့် ထောင်ဒဏ် ၁၅ နှစ်ချမှတ်ထားသည့် ဗြိတိသျှလူမျိုး သူနာပြု ဒက်ဖနီပါရစ်ရှ်အား အီရတ်နိုင်ငံက ၁၆–၇–၉၀ ရက်နေ့က အကျဉ်းထောင်မှ ပြန်လွှတ် ပေးလိုက်သည်။ ကူဝိတ်နှင့် အာရပ်စော်ဘွားများနိုင်ငံ (ယူအေအီး) တို့က အိုပက်အဖွဲ့၏ ကန့်သတ်ခဲ့တမ်းကို ချိုးဖောက်ပြီး စျေးလျှော့ရောင်းချနေသည့်အတွက် အီရတ်နိုင်ငံအနေဖြင့် ဒေါ်လာ ၁၄ ဘီလီယံခန့် နစ်နာဆုံးရှုံးခဲ့ရကြောင်း ပင်လယ်ကွေ့ အာရပ်နိုင်ငံများသည် အီရတ်နိုင်ငံ၏ စီးပွားရေး ကျဆင်းသွားစေရန်နှင့် အီရတ်တပ်မတော်ပြန်လည်ထူထောင်မှု ပျက်ပြားစေရန်တို့အတွက် အမေရိကန်၊ အစ္စရေးတို့နှင့် ပူပေါင်းကြံစည်နေကြောင်း အီရတ်သမ္မတက ၁၇–၇–၉၀ ရက်နေ့က စွပ်စွဲပြောဆိုခဲ့သည်။ အီရတ်အစိုးရ သတင်းစာများကလည်း ကူဝိတ်ကို ဆက်လက်ဝေဖန်တိုက်ခိုက် ရေးသားလာခဲ့ကြပြီး အီရတ်၏လုပ်ပိုင်ခွင့်နှင့် အကျိုးစီးပွားကို ကာကွယ်ဆောင်ရွက်ရမည်ဟု တပ်မတော်သတင်းစာက ရေးသားခဲ့သည်။ အီရတ်သည် ရေနံသိုက် စည်ပေါင်းသန်း ၂၀,၀၀၀ ခန့်ရှိပြီး အီရတ်ကူဝိတ်နယ်စပ်၌ တည်ရှိသည့် ရှုမီလာရေနံမြေ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကူဝိတ်နှင့် မူလက အငြင်းပွားမှုရှိခဲ့သည်။ အီရတ်နိုင်ငံခြားရေးဝန်ကြီးတာရစ်အဇစ်က ရှုမီလာတောင်ပိုင်းရေနံမြေများမှ ရေနံများကို ကူဝိတ်နိုင်ငံက ၁၉၆၀ ပြည့်နှစ်မှစ၍ ထုတ်



ဆက်ဒမ် ဟူစိန်

လုပ်လျက်ရှိရာ ဒေါ်လာ ၂ ဒသမ ၄ ဘီလီယံဖိုးမျှရှိကြောင်း ယင်းအတွက် အီရတ်သို့ ကူဝိတ်ကပြန်ပေးရမည်ဖြစ်ကြောင်း ၁၈-၇-၉၀ ရက်နေ့တွင် တောင်းဆိုခဲ့သည်။ ကူဝိတ်ကလည်း အီရတ်သည် နယ်မြေကျူးကျော်သည်သာမက ရေနံများကိုပါ ခိုးထုတ်နေကြောင်းဖြင့် အာရပ်အဖွဲ့ချုပ်သို့ တိုင်တန်းခဲ့သည်။

ဤသို့ဖြင့် အီရတ်နှင့် ကူဝိတ်နိုင်ငံတို့ကြားတွင် ပေါ်ပေါက်လာခဲ့သော အငြင်းပွားမှုကို လျော့ပါးသွားစေရေးအတွက် အာရပ်နိုင်ငံများက တက်ကြွစွာ ကြိုးပမ်းဆောင်ရွက်လာခဲ့ကြသည်။ ထိုအခြေအနေတွင် အီရတ်အစိုးရသတင်းစာများက ကူဝိတ်စော်ဘွား၏ညီဖြစ်သူ ကူဝိတ်နိုင်ငံခြားရေးဝန်ကြီး ရှိတ်ဆာဘားအယ်အာမက်အယ်ဆာဘားသည် အမေရိကန်ပြည်ထောင်စု၏ ထောက်လှမ်းရေးတစ်ဦးဖြစ်ပြီး အီရတ်နိုင်ငံအပေါ် ထိခိုက်နစ်နာအောင် လုပ်ဆောင်နေသူဖြစ်ကြောင်း ရေးသားဖော်ပြခဲ့ကြသည်။ အီရတ်ကူဝိတ်ပြဿနာ လျော့ပါးစေရေးအတွက် အတက်ကြွဆုံးဆောင်ရွက်သူ အီဂျစ်သမ္မတ မူဘာရက်သည် နှစ်နိုင်ငံမြို့တော်များသို့သွားရောက်ပြီး တွေ့ဆုံညှိနှိုင်းမှုများပြုခဲ့သည်။ ထို့နောက် ယင်းက အီရတ်နှင့်ကူဝိတ်တို့သည် နှစ်နိုင်ငံအငြင်းပွားမှုကို ဖြေရှင်းရန် တိုက်ရိုက်ဆွေးနွေးကြတော့မည်ဖြစ်ကြောင်း အီရတ်နိုင်ငံတောင်ပိုင်း ကူဝိတ်နယ်စပ်သို့ အီရတ်စစ်တပ်များကို စေလွှတ်ထားခြင်းမှာ မဟုတ်မှန်ကြောင်း သမ္မတ ဆက်ဒမ်ဟူစိန်က ငြင်းဆန်ခဲ့သည်ဟု ၂၅-၇-၉၀ ရက်နေ့တွင် ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုကမူ ကူဝိတ် နယ်စပ်တွင် အီရတ်စစ်တပ်တစ်တပ် စုရုံးရောက်ရှိနေကြောင်း အတည်ပြုဖော်ပြခဲ့သည်။ ထို့နောက် အီရတ်အား အမေရိကန်အစိုးရက ချေးငွေပေးကမ်းမှု လက်နက်ရောင်းချမှုနှင့် အဆင့်မြင့်နည်းပညာတင်ပို့မှုတို့ကို ပိတ်ပင်ရန် အမေရိကန်အထက်လွှတ်တော်၌ မဲခွဲဆုံးဖြတ်ခဲ့သည်။

အီရတ်နိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေ (မူကြမ်း) တစ်ရပ်ကို အများပြည်သူများ ဖတ်ရှုဆွေးနွေးနိုင်ရန် အတွက် အစိုးရပိုင်သတင်းစာများက ၃၀-၇-၉၀ ရက်နေ့က ပုံနှိပ်ဖော်ပြခဲ့သည်။ ယင်းဥပဒေသစ်အရ သမ္မတ၏ ဘက်တမ်းမှာ ရှစ်နှစ်သတ်မှတ်ပြီး နိုင်ငံအကြီးအကဲနှင့် ဝန်ကြီးချုပ်အဖြစ်လည်း တာဝန်ယူရမည့်အပြင် လက်နက်ကိုင်တပ်ပေါင်းစု၏ ဦးစီးချုပ်အဖြစ်လည်း ဆောင်ရွက်ရမည်ဖြစ်သည်။

အီရတ်လက်နက်ကိုင်တပ်ဖွဲ့များသည် ၂-၈-၉၀ ရက်နေ့ အရုဏ်တက်အချိန်တွင် ကူဝိတ်နိုင်ငံအတွင်းသို့ ဝင်ရောက်သိမ်းပိုက်ခဲ့ကြသည်။ ကူဝိတ်တပ်မတော်အရာရှိငယ်များက အာဏာသိမ်းယူခဲ့ပြီးနောက် မိမိတို့အား အကူအညီတောင်းခံခဲ့သဖြင့် ဝင်ရောက်ခဲ့ရကြောင်း အီရတ်ကကြေညာခဲ့သည်။ အီရတ်စစ်သား ၁,၀၀,၀၀၀ ကျော်က တင့်ကားများဖြင့် ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး ကူဝိတ်စော်ဘွားနှင့်မိသားစုမှာ အိမ်နီးချင်း ဆာအူးဒီအာရေဗျနိုင်ငံသို့ ထွက်ပြေး လွှတ်မြောက်သွားခဲ့သည်။ အီရတ်နိုင်ငံအား အမေရိကန်၊ အနောက်ဥရောပနိုင်ငံများ၊ ဂျပန်၊ ဆိုဗီယက်ပြည်ထောင်စုတို့ အပါအဝင် ကမ္ဘာ့နိုင်ငံအများအပြားက ရှုတ်ချခဲ့ကြပြီး ကူဝိတ်မှ တပ်ဖွဲ့များအမြန်ဆုံးရုပ်သိမ်းပေးရန် တောင်းဆိုခဲ့ကြသည်။ အီရတ်သို့ စစ်လက်နက်များ အကြီးအကျယ်ပေးပို့ခဲ့သည် ဆိုဗီယက်ပြည်ထောင်စုက လက်နက်နှင့် အခြားစစ်ဘက်သုံးပစ္စည်းများတင်ပို့ခြင်းကို ရပ်ဆိုင်းထားလိုက်သည်။

ကိုင်ရိုတွင်ကျင်းပလျက်ရှိသည့် အဖွဲ့ဝင် ၂၁ နိုင်ငံပါဝင်သည့် အာရပ်အဖွဲ့ချုပ်ကောင်စီ၏ အရေးပေါ်အစည်းအဝေးကလည်း ၃-၈-၉၀ ရက်နေ့က အီရတ်အား ပြင်းပြင်းထန်ထန်ရှုတ်ချပြီး တပ်ဖွဲ့များအမြန်ဆုံးရုပ်သိမ်းရန် တောင်းဆိုခဲ့သည်။ ထို့ပြင် အီရတ်-ကူဝိတ်ပဋိပက္ခဥ္စနိုင်ငံခြားမှဝင်ရောက်စွက်ဖက်မှုကို လုံးဝလက်မခံကြောင်း ဖော်ပြခဲ့သည်။ အီရတ်နိုင်ငံအား ပြစ်တင်ရှုတ်ချကြောင်း

အဆိုကို မဲခွဲရာတွင် အဖွဲဝင် ၂၁ နိုင်ငံအနက် ၁၄ နိုင်ငံ ကသာ ထောက်ခံမဲပေးပြီး ဆူဒန်၊ ပါလက်စတိုင်း၊ ဂျော်ဒန်၊ မော်ရီတေးနီးယား၊ အီရတ်နှင့် ယီမင်တို့ကမူ ကြားနေခဲ့ကြသည်။ လစ်ဗျနိုင်ငံမှာမူ အစည်းအဝေးထိုမတက်ရောက်ခဲ့ချေ။

ကူဝိတ်နိုင်ငံကိုအီရတ်နိုင်ငံ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ထည့်သွင်း သိမ်းယူလိုက်ပြီဖြစ်ကြောင်း အီရတ်နိုင်ငံက ၈-၈-၉၀ နေ့တွင် ကြေညာခဲ့ပြီး ကူဝိတ်တွင်ရှိသည့် နိုင်ငံခြားသံရုံးများအားလုံးကို သြဂုတ်လ ၂၄ ရက်နေ့ကို နောက်ဆုံးထား၍ ပိတ်ပေးရမည်ဖြစ်ကြောင်း တောင်းဆိုခဲ့သည်။ ၁၀-၈-၉၀ ရက်နေ့တွင် ကိုင်ရိုမြို့၌ အာရပ်အဖွဲ့ချုပ် ထိပ်သီးအစည်းအဝေးကို ကျင်းပခဲ့ရာ ဆအူးဒီအာရေဗျနိုင်ငံအား ကာကွယ်ရေးအတွက် အာရပ်နိုင်ငံပေါင်းစုံမှတပ်ဖွဲ့များ စေလွှတ်ရန်အဆိုကို ထောက်ခံမဲ ၁၂ မဲဖြင့်အတည်ပြုခဲ့ကြသည်။ အီရတ်သမ္မတဆက်ဒမ်ဟူစိန်က အီရတ်တပ်ဖွဲ့များ ကူဝိတ်မှဆုတ်ခွာပေးရန်ကိစ္စကို အစ္စရေးတပ်ဖွဲ့များ အသိမ်းပိုက်ခံအာရပ်နယ်မြေများမှဆုတ်ခွာရန်ကိစ္စနှင့် ဆက်စပ်စဉ်းစားရမည်ဖြစ်ကြောင်း ၁၂-၈-၉၀ ရက်နေ့တွင် တင်ပြခဲ့သည်။ အစ္စရေးဝန်ကြီးချုပ်ရှမီးယားက ဆက်ဒမ်ဟူစိန်သည် ယင်း၏ကျူးကျော်မှုကြောင့် ပေါ်ပေါက်နေရသော ပင်လယ်ကွေ့ အရေးအခင်းကို အာရပ်-အစ္စရေးပဋိပက္ခအသွင်သို့ကူးပြောင်းရန် ကြိုးပမ်းနေကြောင်း ပြောကြားခဲ့သည်။ အီရတ်နှင့် ကူဝိတ်တွင် ပိတ်မိနေခဲ့သည့် အနောက်နိုင်ငံသားများကို လူသားဒိုင်းကာအဖြစ် အသုံးချရန်အတွက် အီရတ်ရှိစစ်ရေးအရအချက်အခြာကျသည့်နေရာများသို့ပို့ပေးမည်ဖြစ်ကြောင်း အီရတ်က ၁၇-၈-၉၀ ရက်နေ့တွင် ကြေညာခဲ့သည်။

သြဂုတ်လ ၂၄ ရက်နေ့တွင်ကူဝိတ်ရှိသံရုံးများမှ စွန့်ခွာရန် ငြင်းဆန်ခဲ့ကြသည့် သံရုံးအချို့တို့ကို အီရတ်က မီးနှင့် ရေဖြတ်တောက်ခဲ့သည်။ သြဂုတ်လ ၂၅ ရက်နေ့တွင် အီရတ်နိုင်ငံအား စီးပွားရေးပိတ်ဆို့ခြင်းကို ရေတပ်သင်္ဘောများဖြင့် အင်အားသုံး ဆောင်ရွက်နိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် ၆၆၅ ကိုချမှတ်ခဲ့သည်။ အီရတ်နိုင်ငံကကူဝိတ်အား ယင်း၏ ၁၉ ခုမြောက် ပြည်နယ်အဖြစ် သတ်မှတ်လိုက်ကြောင်း ၂၈-၈-၉၀ ရက်နေ့က ကြေညာခဲ့သည်။ ဤနေ့မှာပင် လူသားဒိုင်းကာအဖြစ်ထိန်းသိမ်းထားသည့် နိုင်ငံခြားသားများအနက်မှ အမျိုးသမီးများနှင့်ကလေးများအားလုံးကို အီရတ်ကပြန်လွှတ်ပေးခဲ့သည်။ နိုင်ငံတကာကုန်သွယ်ရေးပိတ်ဆို့မှုကြောင့် အစားအစာများ ပြည်ပမှတင်သွင်းမှုရပ်ဆိုင်းသွားခဲ့ရာ ၈-၉-၉၀ ရက်နေ့မှစ၍ခဲ့တမ်းစနစ်ဖြင့် အစားအသောက်များကို ဖြန့်ဝေ ရောင်းချခဲ့ရသည်။ ပြည်ပသို့ ထွက်ပြေးသွားခဲ့သည့် ကူဝိတ်လူမျိုး ထောင်ပေါင်းများစွာတို့၏ နေအိမ်ခန်းများတွင် ဝင်ရောက်နေထိုင်ရန်အတွက် အီရတ်နိုင်ငံသား အမြောက်အများကို ကူဝိတ်သို့ပြောင်းရွှေ့ပေးခဲ့သည်။

ကုလသမဂ္ဂက အီရတ်နိုင်ငံအပေါ် ကုန်သွယ်ရေးပိတ်ဆို့မှုပြုလုပ်ခြင်းကို တုံ့ပြန်သည့်အနေဖြင့် အီရတ်ကတင်ရှိနေသော ကြီးမားများပြောင်လှသည့် နိုင်ငံခြားကြေးမြီများပြန်ဆပ်မှုကို ၃-၉-၉၀ ရက်နေ့မှစ၍ ရပ်ဆိုင်းထားတော့မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ နိုင်ငံတကာကြက်ခြေနီကော်မတီ ဥက္ကဋ္ဌဆန်မာရှဂါသည် ဘဂ္ဂဒက်မြို့သို့ သွားရောက်ပြီး အီရတ်နှင့် ကူဝိတ်၌ သောင်တင်နေသော နိုင်ငံခြားသားများကို ကယ်ဆယ်ခွင့်ပြုရန်နှင့် အပြန်အလှန်အားဖြင့် စားနပ်ရိက္ခာနှင့် ဆေးဝါးများ အီရတ်သို့ တင်သွင်းခွင့်ရအောင် ဆောင်ရွက်ရေးကိစ္စတို့ကို အီရတ်အာဏာပိုင်များဖြင့် ညှိနှိုင်းခဲ့ရာ အီရတ်တို့ကလိုက်လျောမှုမရှိသဖြင့် မအောင်မြင်ခဲ့ပေ။ အီရတ်နိုင်ငံခြားရေးဝန်ကြီး တာရစ်အဇစ်သည် ၉-၉-၉၀ ရက်နေ့တွင် အီရန်နိုင်ငံ တီဟီရန်မြို့သို့သွားရောက်ခဲ့ပြီး နှစ်နိုင်ငံရေးရာကိစ္စရပ်များကို ညှိနှိုင်း ဆွေးနွေးခဲ့သည်။ ထို့နောက် အီရန်ဒုတိယနိုင်ငံခြားရေးဝန်ကြီးကလည်း ဘဂ္ဂဒက်မြို့သို့ လာရောက်ခဲ့သည်။ ကူဝိတ်သို့ ကျူးကျော်ဝင်ရောက်ခဲ့မှုကြောင့် နိုင်ငံတကာတပ်ဖွဲ့ဝင်များနှင့် ရင်ဆိုင်လာရသော အီရတ်နိုင်ငံသည် ယင်းနှင့်ရှစ်နှစ်နီးပါး စစ်ဖြစ်ခဲ့သော အီရန်နိုင်ငံနှင့် ဆက်ဆံရေးကောင်းမွန်စေရန် လိုက်လျောဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည်။ သိမ်းပိုက်ထားသည့် နယ်မြေများမှ အီရတ်တပ်ဖွဲ့များအား ရုပ်သိမ်းပေးခဲ့ပြီး စစ်အကျဉ်းသားများ အပြန်အလှန်လွှတ်ပေးရေးကိုလည်း ဆောင်ရွက်နိုင်ခဲ့သည်။

ဆိုဗီယက် သမ္မတ ဂေါ်ဘာချော့ဗ်၏ အကြံပေးကောင်စီဝင်တစ်ဦးဖြစ်သူ ပရီမာကော့ဗ်သည် ပင်လယ်ကွေ့ ပြဿနာကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရေးအတွက် နည်းလမ်းရှာဖွေရန် အောက်တိုဘာလအတွင်း ဘဂ္ဂဒက်မြို့သို့ နှစ်ကြိမ်တိုင်သွားရောက်ခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ပေ။ အီရတ်နိုင်ငံက သိမ်းပိုက်ခံ ကူဝိတ်နိုင်ငံသို့ တပ်ဖွဲ့များ အမြောက်အမြား ထပ်စေလွှတ်ခဲ့ရာ နိုဝင်ဘာလ ပထမပတ်အထိ ကာလအတွင်း အီရတ်တောင်ပိုင်းနှင့် ကူဝိတ်နိုင်ငံရှိ အီရတ် တပ်ဖွဲ့ဝင်များ အင်အားမှာ တပ်သား ၄,၃၀,၀၀၀ နှင့် တင့်ကားစီးရေ ၃,၅၀၀ ဖြစ်၏။ တစ်ချိန်တည်းမှာပင် ဆအူးဒီ အာရေဗျနိုင်ငံ၏ ဖိတ်ခေါ်ချက်နှင့် အမေရိကန်သမ္မတ ဂျေ့ဘုရှ်၏ စည်းရုံးတိုက်တွန်းမှုတို့ကြောင့် အမေရိကန် အပါအဝင် နိုင်ငံပေါင်း ၂၆ နိုင်ငံတို့မှ တပ်ဖွဲ့ဝင်များကို ဆအူးဒီ အာရေဗျနိုင်ငံနှင့်

ပင်လယ်ကွေ့ဒေသသို့ စေလွှတ်ထားခဲ့ကြသည်။ နိုဝင်ဘာလ ပထမပတ်အထိ ကာလအတွင်း ဆအူးဒီ အာရေဗျသို့ ရောက်ရှိနေသည့် တပ်ဖွဲ့ဝင်များ အင်အားမှာ ၃,၀၀,၀၀၀ ခန့် (အမေရိကန် တပ်သား ၂,၁၀,၀၀၀ အပါအဝင်) တင့်ကား ၁,၇၅၀၊ စစ်လေယာဉ်ပေါင်း ၁,၁၀၉ စီးနှင့် စစ်သင်္ဘောပေါင်း ၁၄၀ စီးတို့ ဖြစ်သည်။ ယင်းတို့တွင် အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်၊ အီဂျစ်၊ ဆီးရီးယား၊ ပြင်သစ်၊ ပါကစ္စတန်၊ မော်ရိုကို၊ ဘင်္ဂလားဒေ့ရှ်၊ ချက်ကို စလိုဗက်ကီးယား၊ တူရကီ၊ ကနေဒါ၊ နယ်သာလန်၊ ဂျာမနီ၊ စပိန်၊ အာဂျင်တီးနား၊ ဒိန်းမတ်၊ ဂရိနှင့် ပေါ်တူဂီ နိုင်ငံများမှ လက်နက်ကိုင် တပ်ဖွဲ့ဝင်များ ပါဝင်သည်။

ဂျပန် ဝန်ကြီးချုပ်ဟောင်း နာကာဆိုနေ နှင့် အနောက်ဂျာမနီ ဝန်ကြီးချုပ်ဟောင်း ဝီလီဘရန့်သည် နိုဝင်ဘာလ ပထမပတ်အတွင်း အီရတ်နိုင်ငံသို့ သီးခြားစီ သွားရောက်ခဲ့ပြီး အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်အား တွေ့ဆုံကာ ယင်းတို့၏ နိုင်ငံသား ဓားစာခံများ လွှတ်မြောက်ရေးအတွက် မေတ္တာရပ်ခံခဲ့ကြသည်။ ထို့ကြောင့် သက်ကြီးရွယ်အိုများ ကျောင်းသားများနှင့် ဖျားနာနေသူများပါဝင်သည့် ဂျပန်ဓားစာခံ ၃၃ ဦးနှင့် အနောက်ဂျာမနီနိုင်ငံသား ၁၀၀ ကျော်တို့ကို အီရတ်က ပြန်လွှတ်ပေးခဲ့သည်။ အီရတ်က ကူဝိတ်အား ကျူးကျော်သိမ်းပိုက်မှုကြောင့် ဖြစ်ပေါ်လာခဲ့သည့် ပင်လယ်ကွေ့အရေးအခင်းကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရေးအတွက် အာရပ်ထိပ်သီး ဆွေးနွေးပွဲတစ်ရပ် ကျင်းပရန် မော်ရိုကိုဘုရင်ဟက်စန်က ၁၀–၁၁–၉၀ ရက်နေ့က အာရပ်နိုင်ငံများအားမေတ္တာရပ်ခံခဲ့သည်။ အီရတ်နိုင်ငံကမူ အဆိုပါ ထိပ်သီးအစည်းအဝေးတွင် ပါလက်စတိုင်းပြဿနာကို ထည့်သွင်း ဆွေးနွေးမည်ဆိုပါမှ တက်ရောက်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

အီရတ်နှင့် အသိမ်းပိုက်ခံ ကူဝိတ်တို့တွင် ဖမ်းဆီးထားသည့် နိုင်ငံခြားသား ၂၀၀၀ ကို ဒီဇင်ဘာလ ၂၅ ရက်နေ့မှ စ၍လွှတ်ပေးတော့မည်ဖြစ်ကြောင်း အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်က ၁၈–၁၁–၉၀ ရက်နေ့တွင် ပြောကြားခဲ့ပြီးနောက် ကူဝိတ်သို့ နောက်ထပ် အီရတ်တပ်ဖွဲ့ဝင်ပေါင်း ၂,၅၀,၀၀၀ စေလွှတ်မည်ဖြစ်ကြောင်း ၁၉–၁၁–၉၀ ရက်နေ့တွင် ပြောကြားခဲ့သည်။ အီရတ် ကူဝိတ်အရေးအခင်းကို ငြိမ်းချမ်းစွာ ဖြေရှင်းရန်လိုအပ်ကြောင်း ဂျာမနီ ဝန်ကြီးချုပ် ဟဲလမို့ဇိုးလ်က ၁၈–၁၁–၉၀ ရက်နေ့တွင် တင်ပြခဲ့ပြီးမှ ယင်း၏အဆိုပြုချက်ကို တောက်ခံသည့်အနေဖြင့် ဖမ်းဆီးထားသည့် ဂျာမနီနိုင်ငံသား ၁၇၀ ဦးတို့ကို ပြန်လွှတ်ပေးရန် ဆက်ဒမ်ဟူစိန်က ၂၀–၁၁–၉၀ ရက်နေ့တွင် အမိန့်ပေးခဲ့သည်။ အီရတ်နိုင်ငံအပေါ် ကုလသမဂ္ဂက ကုန်သွယ်ရေးပိတ်ဆို့အရေးယူခဲ့ခြင်းကြောင့် အစားအစာနှင့် ဆေးဝါးများပြတ်လပ်ကာ အီရတ်လူမျိုး အများအပြား သေဆုံးခဲ့ရကြောင်း သို့သော် ကူဝိတ်မှရှုပ်သိမ်းရေး ကိစ္စကိုမူ လုံးဝ စဉ်းစားမည် မဟုတ်ကြောင်းနှင့် အီရတ်နိုင်ငံကို တိုက်ခိုက်လာပါက အာရေဗျကျွန်းဆွယ်တစ်ခုလုံး ပြာကျသွားစေရမည်ဖြစ်ကြောင်း အီရတ်သမ္မတက ၂၆–၁၁–၉၀ ရက်နေ့တွင် ပြောကြားခဲ့သည်။ ထို့နောက် အီရတ်တောင်ပိုင်းနှင့် အသိမ်းပိုက်ခံ ကူဝိတ်တို့တွင် အီရတ် တပ်ဖွဲ့ဝင်အင်အားကို ၄,၅၀,၀၀၀ အထိ တိုးမြှင့်မည်ဖြစ်ကြောင်း အမေရိကန်၏စစ်ရေးစွမ်းအားကို အီရတ်နိုင်ငံအနေဖြင့် လုံးဝ စိုးရိမ် ထိတ်လန့်ခြင်းမရှိကြောင်းနှင့် ဖိအားပေးလာမှုကိုလည်း မည်သည့်အခါမျှ အညံ့ခံမည်မဟုတ်ကြောင်း အီရတ်သမ္မတက ထုတ်ဖော်ကြေညာခဲ့သည်။

အီရတ်–ကူဝိတ်အရေးအခင်းကို တစ်ဆင့်တက်ဖြေရှင်းရေးအတွက် အဆုံးအဖြတ်ပေးမည့် ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၆၇၈ ကို ၂၉–၁၁–၉၀ ရက်နေ့က ကုလသမဂ္ဂဌာနချုပ်တွင် မဲခဲဆုံးဖြတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်ကို လုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅ နိုင်ငံအနက် ၁၂ နိုင်ငံက ထောက်ခံမဲပေးခဲ့ကြပြီး ကျူးဗား နှင့် ယီမင်တို့က ကန့်ကွက်မဲပေးခဲ့ကြကာ တရုတ်ပြည်သူ သမ္မတနိုင်ငံက မဲမပေးဘဲနေခဲ့သည်။ ဤဆုံးဖြတ်ချက်အရ အီရတ်နိုင်ငံက ၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့တွင်း၏ တပ်ဖွဲ့များကို ရုပ်သိမ်းခြင်း မရှိလျှင်သော်လည်းကောင်း၊ ဓားစာခံများအားလုံးကို လွှတ်ပေးခြင်းမရှိလျှင်သော် လည်းကောင်း ကူဝိတ်ရှိ အီရတ် တပ်ဖွဲ့များကို ဖယ်ရှားရေးအတွက် စစ်အင်အားကို အသုံးပြုခွင့် ရမည်ဖြစ်သည်။ အီရတ်နိုင်ငံက ယင်းဆုံးဖြတ်ချက်သည် အမေရိကန် ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့များက မိမိတို့အပေါ် တစ်ဖက်သတ် မတရားသဖြင့် ပြုမူရန် ကြိုတင် ပြင်ဆင်ပေးလိုက်ခြင်းသာ ဖြစ်ကြောင်း ဝေဖန်ပြောကြားခဲ့သည်။

ဥတ္တရာဘိဓဇ၊ ဆရာတော်ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ ပဲခူးတိုင်း၊ ကြိုပင်ကောက်မြို့၊ တိုက်ကျောင်း ပါဠိတက္ကသိုလ် ကျောင်းတိုက် (မြန်မာ ၁၂၇၀ – ၁၃၅၂)

။ ။မန္တလေးမြို့၊ အနောက်တောင်မြို့နယ် မစိုးရိမ်တိုက်၊ အရှေ့တောင်မြို့နယ် ဘုရားကြီးတိုက်၊ ပခုက္ကူမြို့ မဟာ ဝိသုတာ ရာမတိုက် ဆရာတော်ကြီး များထံတွင် ပါဠိ အဋ္ဌကထာဋီကာ ကျမ်းစာတို့ကို သင်ကြားဆည်းပူးတော်မူခဲ့ပြီး အစိုးရ ပါဠိပထမပြန် စာမေးပွဲ၌ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းများသာမက

ဓမ္မာစရိယ စာချုတန်းကိုပါ ဖြေဆို အောင်မြင်တော် မူခဲ့သော ဆရာတော် ဘဒ္ဒန္တဥတ္တရာဘိဓဇသည် ပါဠိ တက္ကသိုလ် ကျောင်းတိုက်ကြီး၏ တိုက်ကြပ်၊ တိုက်အုပ်၊ ထိုမှတစ်ဖန် ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန မဟာ နာယကဆရာတော်အဖြစ် အဆင့်ဆင့် တာဝန်ယူလျက် တပည့်သံဃာများအား လောကုတ္တရာစာပေ သင်ကြား ပို့ချတော်မူခဲ့ခြင်း၊ ပါဠိတက္ကသိုလ်ပုတ္တိကထာကျမ်း၊ ဗြဟ္မ ဝိဟာရကထာကျမ်း၊ အရိယာမဂ္ဂဒီပကကျမ်း စသော လောကုတ္တရာကျမ်းစာများကို ရေးသားပြုစုတော်မူခဲ့ခြင်း၊ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ဖြစ်မြောက်ရေး အတွက် သံဃာ့ဝန်ဆောင်ဆရာတော် ၆၆ ပါးအဖွဲ့တွင် ဝိနည်းမှူးကဲ့ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေး ဆိုင်ရာ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ရေးဆွဲရေး အဖွဲ့၌ တာဝန်ယူဆောင်ရွက်ခြင်း၊ နိုင်ငံတော် သံဃ မဟာနာယက အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဖြစ် လည်းကောင်း ဆောင်ရွက်တော်မူခြင်း စသော သာသနာရေး တာဝန် များကိုထမ်းရွက်တော်မူခဲ့သောကြောင့် ၁၉၇၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် နိုင်ငံတော်က ဆက်ကပ်လှူဒါန်း သောအဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိ တော်မူခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၇ – စာ၊ ၃၂၆ — ရှ။)

အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တ ဥတ္တရာဘိဓဇ သည် ၁၃၅၂ ခုနှစ် တော်သလင်း လဆုတ် ၁၁ ရက် (၁၄ – ၉ – ၉၀)ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူ သည်။

အိန္ဒိယနိုင်ငံ။ ။အိန္ဒိယနိုင်ငံ၌ အထွေထွေရွေး ကောက်ပွဲများကို ၁၉၇၉ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်တွင် စတင်ကျင်းပခဲ့သည်။ ယင်းရွေးကောက်ပွဲတွင် အိန္ဒိယ ဝန်ကြီးချုပ် ရာဂျစ်ဂန္ဒီ ဦးဆောင်သော ကွန်ဂရက်(အိုင်) ပါတီသည် အပြတ်အသတ်အနိုင်ရရှိရန် ဦးဆောင်နိုင်ခဲ့ ခြင်း မရှိခဲ့ချေ။ ဗစ်ရှဝါနတ် ပရုတက် ဆင်းနှင့် ၎င်း၏ ဂျာနာတာဒါးလ်ပါတီကဦးဆောင်၍ ခြောက်ပါတီစုပေါင်း ဖွဲ့စည်းထားသည့် အတိုက်အခံ အမျိုးသား တပ်ဦးက အစိုးရဖွဲ့စည်းနိုင်သော အခြေအနေရှိခဲ့သည်။ သို့ဖြစ်ရာ ရာဂျစ်ဂန္ဒီသည် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၀–စာ၊ ၃၄၀—ရှ။)

အိန္ဒိယယနိုင်ငံ သမ္မတ ရာမာ ဆွာမီ ဗင်ကာတာရာ မန်က ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်သွားသော ရာဂျစ် ဂန္ဒီ၏ နေရာတွင် ဝန်ကြီးချုပ်အဖြစ် ဗွီပီဆင်း အား ၁၉၈၉ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ခန့်အပ်တာဝန် ပေးအပ်လိုက်သည်။ ဒီဇင်ဘာလ ၂ ရက်နေ့တွင် ဆင်း သည့် ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာ ကျိန်ဆိုသည်။

ဗွီပီဆင်း ဦးဆောင်သော အစိုးရ အဖွဲ့သစ်သည် အာဏာရရှိပြီးမကြာမီ ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ အတွင်းတွင် ပထမဆုံး နိုင်ငံရေး အကျပ်အတည်းအဖြစ် အိန္ဒိယနိုင်ငံ မြောက်ပိုင်း ဂျမ္မူနှင့် ကက်ရှမီးယားပြည် နယ် မငြိမ်မသက်မှုများနှင့် ကြုံတွေ့ခဲ့ရသည်။ ကက်ရှမီး ယားပြည်နယ် အရေးအခင်းကြောင့် ပါကစ္စတန်နိုင်ငံနှင့် မကြာခဏ အငြင်းပွားခဲ့ရပြီး ၁၉၆၅–၇၉ ခုနှစ် များ အတွင်း တိုးတက်ကောင်းမွန်ခဲ့သည့် နှစ်နိုင်ငံ ဆက်ဆံ ရေးကို ဆိုးဝါးစွာ ထိခိုက်စေခဲ့သည်။ ကက်ရှမီးယား ပြည်နယ်ရှိ အစ္စလာမ်ဘာသာဝင် မူဆလင်များ၏ ဆန္ဒပြ မှု၊ တိုက်ခိုက်မှုများကို အိန္ဒိယဗဟိုအစိုးရက ကြိမ်ဖန် များစွာ နှိမ်နင်းခဲ့ရသည်။ ပြည်နယ်ခွဲထွက်ကာ ကိုယ်ပိုင် အုပ်ချုပ်ရေးရရှိရေးအတွက် လက်နက်စွဲကိုင် တိုက်ခိုက်မှု များမှ ယနေ့တိုင် ဖြစ်ပွားလျက်ရှိသည်။

ပဒေသရာဇ် စော်ဘွားနယ်ဖြစ်သော ကက်ရှမီးယား တွင် လူဦးရေ လေးသန်းလေးသိန်းရှိရာ သုံးယန်းကျော် က မူဆလင်ဖြစ်ပြီး ကျန်လူများမှာ ဟိန္ဒူ များ ဖြစ် ကြ သည်။ စိမံအုပ်စိုးသူက မဟာရာဇာ ဆာဟရီဆင်းဆိုသူ ဟိန္ဒူလူမျိုးဖြစ်သည်။ စော်ဘွားတို့၏ အခွင့်အရေးကို မဆုံးရှုံးစေလိုသဖြင့် မစ္စတာနေရူး၊ မစ္စတာဂျင်းနားနှင့် ပြိတိသျှအစိုးရတို့သည် ကက်ရှမီးယားနယ်ကို အိန္ဒိယနိုင်ငံ တွင်းသို့ သွတ်သွင်းခဲ့ကြသည်။ ကက်ရှမီးယားပြဿနာမှာ ကုလသမဂ္ဂသို့ပင် ရောက်သွားခဲ့သည်။ ကုလသမဂ္ဂက ပြည်နယ်သားတို့၏ ဆန္ဒကိုခံယူရန် ဆုံးဖြတ် ခဲ့သည်။ မစ္စတာနေရူးက လက်ခံခဲ့သော်လည်း ယခုအထိ အကောင်အထည် မဖော်နိုင်ပေ။

ကက်ရှမီးယားအရေးနှင့် ပတ်သက်၍ ပါကစ္စတန် နိုင်ငံခြားရေး ဝန်ကြီး ယာကုတ်ခန်သည် အိန္ဒိယ နိုင်ငံသို့ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ရောက်ရှိလာပြီး အိန္ဒိယ ခေါင်းဆောင်များနှင့် သုံးရက်ကြာ ဆွေးနွေးခဲ့သည်။ ယာကုတ်ခန်က ပါကစ္စတန် နိုင်ငံအနေဖြင့် ကက်ရှမီးယား သူပုန်များကို သင်တန်းများနှင့်လက်နက်များ ကူညီပံ့ပိုး လျက်ရှိသည်ဆိုသည့် စွပ်စွဲချက်ကို ငြင်းဆိုပြီး ၁၉၇၂ ခုနှစ် ဆင်းမလား သဘောတူညီချက်ကို ပါကစ္စတန်နိုင်ငံ က လိုက်နာမည်ဖြစ်ကြောင်း အိန္ဒိယ ခေါင်းဆောင်များ အား အာမခံချက်ပေးခဲ့သည်။

ဖေဖော်ဝါရီလအတွင်းတွင် အိန္ဒိယနိုင်ငံ မြောက်ပိုင်း၌ ပြည်နယ် ရွေးကောက်ပွဲများ ကျင်းပရာ လက်ယာဂိုဏ်း ဟိန္ဒူဘာသာရေးဝါဒီ ဘဟာရတိယာ ဂျာနာတာပါတီ



အိန္ဒိယဝန်ကြီးချုပ်သစ် ချန်ဒရာရှက်ကာ

(ဘီဂျေပီ) က ယခင်အာဏာရပါတီ ဖြစ်ခဲ့သည့် ကွန်ဂရက် (အိုင်) ပါတီအား အပြတ်အသတ် အနိုင်ရရှိခဲ့သည်။ ဤအချက်က အိန္ဒိယနိုင်ငံမြောက်ပိုင်း ပြည်နယ်သားများအနေဖြင့် လွန်ခဲ့သည့်နှစ် နိုဝင်ဘာလ အထွေထွေရွေးကောက်ပွဲများကတည်းက ကွန်ဂရက်ပါတီ ဆန့်ကျင်ရေးစိတ်ဓာတ်များ ယုတ်လျော့သွားခြင်း မရှိသည်ကို ပြသလိုက်ခြင်း ဖြစ်သည်။

ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် အိန္ဒိယနယ်ခြားစောင့်တပ်ဖွဲ့က ဂျမ္မူးအနီး အိန္ဒိယအုပ်ချုပ်သည့် နယ်မြေအတွင်းသို့ဖြတ်သန်းဝင်ရောက်လာသော ပါကစ္စတန်လူမျိုး ကန့်ကွက်ဆန္ဒပြသူများအား မောင်းထုတ်ရန် ပစ်ခတ်ရာ ပါကစ္စတန်အရပ်သား သုံးဦးသေဆုံးပြီး ၁၅ ဦး ဒဏ်ရာရရှိသွားသည်။ ဖေဖော်ဝါရီလ ၁၁ ရက် နေ့တွင်လည်း အလားတူပစ်ခတ်မှု ဖြစ်ပွားခဲ့သည်။ ပါကစ္စတန်ဘက်မှ လည်း ပြန်လည်ပစ်ခတ်ခဲ့သည်ဟု သိရှိရသည်။ ဤသို့ဖြင့် အိန္ဒိယ ပါကစ္စတန် နယ်ခြားဒေသ တစ်လျှောက် တွင် အခြေအနေမှာ ပိုမိုတင်းမာခဲ့ပြီး နှစ်နိုင်ငံ ဆက်ဆံရေးမှာလည်း ဆုတ်ယုတ်လာခဲ့သည်။

ဇန်နဝါရီလက ကက်ရှမီးယားဒေသတွင် ဖြစ်ပွားခဲ့သော အိန္ဒိယဆန့်ကျင်ရေး ကန့်ကွက် ဆန္ဒပြမှုများမှာ ဖေဖော်ဝါရီလဆန်းပိုင်းတွင် ငြိမ်သက်သွားခဲ့သည်။ သို့ရာတွင် အိန္ဒိယ ထောက်လှမ်းရေးဗျူရိုမှ စစ်ဆေးရေးမှူးတစ်ဦးနှင့် ပြည်နယ် ရုပ်မြင်သံကြားဌာန အကြီးအကဲတစ်ဦးအသတ်ခံရသည်။ ဂျမ္မူးနှင့်ကက်ရှမီးယားပြည်နယ် အုပ်ချုပ်ရေးမှူးက ပြည်နယ်လွှတ်တော်ကို ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ဖျက်သိမ်းလိုက်သည်။

ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ဆရင်နာဂါမြို့၌ ကျင်းပသော ဆန္ဒပြပွဲသို့ လူ ၄,၀၀,၀၀၀ တက်ရောက်ကြသည်။ မတ်လ ၁ ရက်နေ့တွင် အကြမ်းဖက်မှုဖြစ်ပွားသဖြင့် အိန္ဒိယစစ်တပ်က ပစ်ခတ်ရာ လူ ၂၉ ဦး သေဆုံးပြန်သည်။ ထို အတောအတွင်း ပြည်ပရောက် ကက်ရှမီးယားအစိုးရအဖွဲ့ကို ဖွဲ့စည်းသောအခါ ပါကစ္စတန်အစိုးရက အသိအမှတ်ပြုသည်ဟု ဆိုသည်။ နောက်ပိုင်းတွင် ယင်းသတင်းမဟုတ်မမှန်ကြောင်း ပါကစ္စတန်အာဏာပိုင်တို့ကငြင်းဆိုသည်။

ကက်ရှမီးယားခွဲထွက်ရေး မူဆလင်တို့၏ ဆန္ဒပြမှုသည် ဘုံဘေမြို့သို့ ကူးစက်သွားသည်။ ဧပြီလ ၁၁ ရက်နေ့က ဘုံဘေမြို့၌ ပေါက်ကွဲသောဗုံးကြောင့် လူ ၃၄ ဦး သေဆုံးသည်။ မူဆလင်ခွဲထွက်ရေးသမားများက ၎င်းတို့၏ လက်ချက်ဖြစ်သည်ဟု ကြေညာသည်။ ဧပြီလအတွင်း၌ပင် ကက်ရှမီးယားဒေသ၌ နောက်ထပ် အကြမ်းဖက်မှုများ ထပ်မံဖြစ်ပွားခဲ့သည်။ ဂျမ္မူးနှင့် ကက်ရှမီးယားလွှတ်တော်မြောက်ရေးတပ်ဦး (ဂျေကေအယ်အက်ဖ်)ကျောင်းသားအဖွဲ့က ဓားစာခံများဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်းနှင့် အကျဉ်းကျနေသည့် မူဆလင်စစ်သွေးကြွသမားများအား လွှတ်ပေးရေးကိုတောင်းဆိုကြသည်။ ယင်းပြဿနာတွင် ပါကစ္စတန်နိုင်ငံပါဝင် ပတ်သက်နေသည်ဟု စွပ်စွဲပြန်ရာ နှစ်နိုင်ငံဆက်ဆံရေးမှာ ပိုမိုတင်းမာလာခဲ့သည်။

ပန်ဂျပ်ပြည်နယ်တွင်လည်း နောက်ထပ် ခြောက်လသမ္မတအုပ်ချုပ်မှုကို ဧပြီလ ၅ ရက်နေ့ကပင် သက်တမ်းတိုးမြှင့်ခဲ့သည်။ ယင်းသို့ သက်တမ်းတိုးမြှင့်ရန် ဥပဒေကြမ်းကို အောက်လွှတ်တော်က အတည်ပြုခဲ့ခြင်းဖြစ်သည်။ ပန်ဂျပ်ပြည်နယ် ဘာတာလာမြို့တွင် ဟိန္ဒူ ဘာသာရေးလှည့်လည်ပွဲအနီး၌ ဆစ်ခ်ခွဲထွက်ရေးသမားများ ထောင်ထားသည်ဟု ယူဆရသည့် ဗုံးတစ်လုံးပေါက်ကွဲမှုကြောင့် လူ ၃၅ ဦး သေဆုံးသည်။ ပြည်နယ်ရှိ အခြားနေရာများ၌လည်း အကြမ်းဖက်မှုများကြောင့် လူ ၁၅ ဦး သေဆုံးခဲ့ရသည်။

အလားတူပင် ဂူဂျာရက်မြို့၌ မူဆလင်လူမျိုးတစ်ဦး ဓားထိုးခံရပြီး သေဆုံးမှုဖြစ်ရပ်မှစ၍ မူဆလင်နှင့် ဟိန္ဒူ

လူမျိုးတို့ကြား တိုက်ခိုက်မှုများဖြစ်ပွားရာ အခြားမြို့များသို့ပါ ကူးစက်ပျံ့ပွား သွားသည်။ ယင်းအဓိကရုဏ်းဖြစ်ပွားမှုကြောင့် လူ ၆၀ ဦး သေဆုံးပြီး ပစ္စည်းအများအပြား ပျက်စီးဆုံးရှုံးသည်။

မေလ ၂၁ ရက်နေ့တွင်လည်း ကက်ရှမီးယား ပြည်နယ် ဆရင်နဂါမြို့၌ ကက်ရှမီးယားတိပ်တန်း မူဆလင် ဘာသာရေးခေါင်းဆောင်နှင့် အဝါမီလှုပ်ရှားမှုကော်မတီ ခေါင်းဆောင်ဖြစ်သူမှာ ၎င်း၏ နေအိမ်တွင် အမည်မသိ သေနတ်သမားများ၏ လက်ချက်ဖြင့် လုပ်ကြံသတ်ဖြတ် ခြင်းခံလိုက်ရသည်။ ယင်းလုပ်ကြံမှု အပါအဝင် အိန္ဒိယ လုံခြုံရေး တပ်ဖွဲ့များ၏ မငြိမ်မသက်မှုများ အပေါ် အကြမ်းဖက် နှိမ်နင်းမှုကြောင့် ကက်ရှမီးယား ဒေသ၏ လုံခြုံရေးအခြေအနေမှာ ဆိုးရွားခဲ့ပြီး အိန္ဒိယ ဗဟိုအစိုးရအဖို့ ပြင်းထန်သည့် ထိုးနှက်ချက်တစ်ခု ဖြစ်ခဲ့သည်။ အခြေအနေများ ပြင်းထန် ဆိုးဝါးလာသည့် အတွက် ဂျမ္မူးနှင့် ကက်ရှမီးယားပြည်နယ် အုပ်ချုပ်ရေးမှူးမှာ မေလ ၂၅ ရက်နေ့တွင် နုတ်ထွက်ခဲ့ရသည်။


ဟာယာနာပြည်နယ် အုပ်ချုပ်ရေးမှူး အဖြစ် ပရာကတ်ရှ်ချော်တာလာကို ဝန်ကြီးချုပ် ဗီပီဆင်းက ဇွန်လတွင် ပြန်လည်ခန့်ထားလိုက်သည်။ ၎င်းသည် လူသတ်မှုတစ်ခုဖြင့်ပါတီမှ ထုတ်ပယ်ထားခြင်းခံရသူဖြစ်ရာ ၎င်းအား ပြန်လည်ခန့်ထားမှုသည် သူ၏ ဖခင် ဒုတိယဝန်ကြီးချုပ် ဒေဗီလားလ်၏ မျက်နှာကြောင့် ဖြစ်သည်ဟု ပါတီ ခေါင်းဆောင်အချို့က ဝေဖန်ပြောဆိုကြသည်။ ယင်းလုပ်ရပ်ကိုမကျေနပ်၍ ဝန်ကြီးအရွှန်နေရူးနှင့် အခြားဝန်ကြီးနှစ်ဦးတို့ ဇူလိုင်လ ၁၄ ရက်နေ့တွင် နုတ်ထွက်လွှာတင်ခဲ့ကြသည်။

ဝန်ကြီးချုပ် ဗီပီဆင်းကိုလည်း ရာထူးမှ နုတ်ထွက်ပေးရန် အချို့က တောင်းဆိုရာ နုတ်ထွက်ပေးမည် ပြုသော်လည်း ပါတီကခွင့်မပြုသဖြင့် နုတ်ထွက်လွှာကို ရုပ်သိမ်းလိုက်ရသည်။ အရွှန်နေရူးတို့၏ နုတ်ထွက်လွှာကိုလည်း ဝန်ကြီးချုပ်ကလက်မခံခဲ့ပေ။ ထိုအတောအတွင်းထိပ်တန်းဝန်ကြီးတစ်ဦး လာဘ်စားသည်ဟု ဆိုကာ ဒေဗီလားလ်မှတစ်ဆင့် ဝန်ကြီးချုပ်ထံသို့ ပစ်စာတစ်စောင် ရောက်ရှိလာရာ ၎င်းပစ်စာသည် ဒေဗီလားလ်၏ အကြံအစည်သာဖြစ်သည်ဟု ထင်မြင်ယူဆသဖြင့် ဒေဗီလားလ်အား ရာထူးမှ နုတ်ထွက်ပေးရန် တောင်းဆိုကြပြန်သည်။

ဝန်ကြီးချုပ် မိုရာဂျီဒေဆိုင်းလက်ထက် ၁၉၇၈ ခုနှစ်က ဘီပီမန်ဒဲခေါင်းဆောင်သော အဖွဲ့ဝင်ငါးဦးပါဝင်သည့် ကော်မရှင်ကို ဖွဲ့စည်းခန့်အပ်ခဲ့သည်။ အိန္ဒိယနိုင်ငံလူဦးရေ၏ ၇၅ ရာခိုင်နှုန်း ပါဝင်သော ဟာတ်နိမ့်ဟိန္ဒူများနှင့် လူနည်းစုမျိုးနွယ်များအတွက် အခွင့်အရေးပို ပေးရန် မန်ဒဲကော်မရှင်ကို ဖွဲ့စည်းခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံရှိ လုပ်ငန်းများတွင် ဇာတ်နိမ့်များ အတွက် အလုပ်အကိုင် အခွင့်အလမ်း ၂၂ ဒသမ ၅ ရာခိုင်နှုန်းသာ ရှိနေသည်ကို ၂၇ ရာခိုင်နှုန်းသို့တိုးပေးရန် မန်ဒဲကော်မရှင်က ၁၉၈၀ ပြည့်နှစ်တွင် အစီရင်ခံစာ တင်သွင်းခဲ့သည်။ ကောလိပ်များတွင် ၃,၇၄၃ စုသော ဇာတ်နိမ့်အုပ်စုမျိုးနွယ်များအတွက် ၂၇ ရာခိုင်နှုန်း တိုးပေးရန်ကိုလည်း ဖော်ပြထားသည်။ ယင်းအစီရင်ခံစာအတိုင်း ဆောင်ရွက်မည်ဟု ဝန်ကြီးချုပ် ဗီပီဆင်းက ကြေညာသော အခါ ကျောင်းသားများက စတင်ကန့်ကွက် ခဲ့ကြသည်။ အိန္ဒိယဝန်ကြီးချုပ် ဗီပီဆင်း၏ အစိုးရအဖွဲ့က အလုပ်အကိုင်နေရာချထားရေး မူဝါဒကို ဩဂုတ်လ ၇ ရက်နေ့တွင်ထုတ်ပြန်ခဲ့သည်။ အစိုးရဌာန အလုပ်အကိုင်နေရာ ၄၉ ရာခိုင်နှုန်းကို ဇာတ်နိမ့်သူများအတွက် လျာထားသတ်မှတ် ပေးထားသည်။ အခြား ငါးရာခိုင်နှုန်းကိုမူ ဇာတ်နိမ့် ဇာတ်မြင့် မခွဲဘဲ ဆင်းရဲသူများအတွက် သတ်မှတ်ထားပြီး ကျန်နေရာများကိုမူ ထိုက်သင့်သူများအတွက် လျာထားပေးသည်။

ယင်းအလုပ်အကိုင် ခွဲတမ်းသတ်မှတ်ပေးသည့် မူဝါဒ

ဆန္ဒပြသူတစ်ဦးအား ရဲများက ဖမ်းဆီးလာစဉ်။



ဤအတောအတွင်း အိန္ဒိယနိုင်ငံ ဥတာပရာဒေ့ရှ်ပြည်နယ် အယိုးဒယမြို့ရှိ နှစ်ပေါင်း ၄၀၀ သက်တမ်းရှိပြီဖြစ်သော မူဆလင်ဗလီ အဆောက်အအုံနေရာတွင် ဟိန္ဒူဘုရားကျောင်းတစ်ကျောင်း အစားထိုးဆောက်လုပ်ရန် ဟိန္ဒူအမြေခံဝါဒီများက အဆိုပြုရာမှ စတင်ပေါ်ပေါက်လာသည့် ဟိန္ဒူ၊ မူဆလင် ဘာသာရေး အဓိကရုဏ်းများသည် အိန္ဒိယနိုင်ငံအနှံ့ ပျံ့နှံ့ဖြစ်ပွားခဲ့သည်။ ယင်းအဓိကရုဏ်းများကြောင့် ရက်သတ္တပတ်အတွင်း သေဆုံးသူ ၂၅ ဦးရှိခဲ့သည်။ အယိုးဒယမြို့တွင်လည်း ၂၄ နာရီကြာ အပြင်မထွက်ရအမိန့်ကို အောက်တိုဘာ ၂၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့ရသည်။

နိုဝင်ဘာလ ၇ ရက်နေ့တွင် ပါလီမန်၌ အစိုးရအဖွဲ့အပေါ် အယုံအကြည်ရှိကြောင်း အဆိုကို မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲ ၁၄၂ မဲ၊ ကန့်ကွက်မဲ ၃၄၆ မဲ၊ ကြားနေမဲရှစ်မဲဖြင့် အဆိုမှာ ရှုံးနိမ့်သွားသဖြင့် ဝန်ကြီးချုပ် ဗီပီဆင်းရာထူးမှနုတ်ထွက်ခဲ့ရသည်။

ပါတီငယ်မှ ခေါင်းဆောင်တစ်ဦးဖြစ်သူ ချန်ဒရာရှက်ကာသည် ပါလီမန်၌ မဲခွဲဆုံးဖြတ်ခြင်းမတိုင်မီကပင် အကွဲအပြဲဖြစ်နေသော ဂျနာတာဒါးလ်ပါတီမှ ခွဲထွက်ခဲ့ပြီး ဂျနာတာဒါးလ် (ဆိုရှယ်လစ်)ဟု အမည်သစ်ပေးထားသည့်ပါတီကို ဦးဆောင်ခဲ့သည်။ ဗီပီဆင်း နုတ်ထွက်သွားပြီးနောက် အစိုးရဖွဲ့စည်းရန် သမ္မတ ပင်ကာတာရာမန်၏ ကမ်းလှမ်းချက်ကို အိန္ဒိယနိုင်ငံ၏ အတိုက်အခံပါတီကြီးနှစ်ခုဖြစ်သည့် ကွန်ဂရက်ပါတီနှင့် ဘာရာတီယာဂျနာတာပါတီတို့က ငြင်းဆိုခဲ့သည်။ သို့ဖြစ်ရာ အစိုးရဖွဲ့စည်း၍ ဝန်ကြီးချုပ် တာဝန်ထမ်းဆောင်ရန် ချန်ဒရာရှက်ကာတစ်ဦးတည်းသာရှိတော့သည့်အခြေအနေသို့ ဆိုက်ရောက်ခဲ့သည်။

ကွန်ဂရက်ပါတီက အစိုးရအဖွဲ့ကို ထောက်ခံမည်ဖြစ်သော်လည်း ညွှန်ပေါင်းအစိုးရအဖွဲ့အနေဖြင့် ပူးပေါင်းပါဝင်မည် မဟုတ်ကြောင်း အတိုက်အခံ ခေါင်းဆောင် ရာဂျစ်ဂန္ဒီက ပြောကြားခဲ့သည်။ ချန်ဒရာရှက်ကာ၏ ဂျနာတာဒါးလ် (အက်စ်) ပါတီသည် အမတ်နေရာ ၅၂၂ နေရာရှိသည့် အိန္ဒိယပါလီမန်တွင် ဒုမတ်ဦးရေ ၅၆ ဦးသာ အင်အားရှိသည်။ ရာဂျစ်ဂန္ဒီ၏ ကတိကြောင့် ချန်ဒရာရှက်ကာသည် ပါလီမန်တွင် အမတ်အင်အားစုစုပေါင်း ၂၀၀ တို့ထောက်ခံမှုကို ရရှိနိုင်မည်ဖြစ်သည်။

ဤသို့ဖြင့် သမ္မတ၏ တာဝန်ပေးချက်အရ အိန္ဒိယနိုင်ငံ၏ ဝါရင့်ဆိုရှယ်လစ်ခေါင်းဆောင် ချန်ဒရာရှက်ကာသည် တစ်နှစ်အတွင်း ဒုတိယအကြိမ်မြောက် လူနည်းစုအစိုးရအဖွဲ့ကို ဦးဆောင်ကာ နိုဝင်ဘာလ ၁၀ ရက်နေ့က ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။

အိန္ဒိယနိုင်ငံ

သစ်ကို ဆန့်ကျင်ကန့်ကွက်သည့် ဆန္ဒပြပွဲများ စက်တင်ဘာလဆန်းအတွင်း ဒေလီမြို့၌ သုံးကြိမ်တိုင်တိုင် ဖြစ်ပွားခဲ့သည်။ မကြာမီ အိန္ဒိယနိုင်ငံ အခြားပြည်နယ်များသို့ကူးစက်သွားပြီး ကန့်ကွက်ဆန္ဒပြပွဲများ ဆက်တိုက်ဖြစ်ပေါ်ခဲ့သည်။ နယူးဒေလီမြို့တော်၏ ဒက်ရှ်ဘန်ဒူဂုပတား ကောလိပ်ကျောင်း ရှေတွင် ကောလိပ်ကျောင်းသားနှစ်ဦးတို့သည် ၎င်းတို့ကိုယ်ပေါ်သို့ ရေနံဆီလောင်းကာ စက်တင်ဘာလ ၁၉ ရက်နေ့က မီးရှို့ဆန္ဒပြကြသည်။ ဆန္ဒပြသူများအား ရဲကပစ်ခတ်နှိမ်နင်းသဖြင့် သေဆုံးမှုများ ရှိခဲ့သည်။ စက်တင်ဘာလကုန်ပိုင်းအထိ ကန့်ကွက်ဆန္ဒပြမှုများတွင် သေဆုံးသူပေါင်း ၆၀ ကျော် ရှိသွားပြီဟု သိရှိရသည်။ မြို့ကြီးများတွင် အိမ်အပြင်မထွက်ရအမိန့်များ ထုတ်ပြန်ထားရသည်။ အောက်တိုဘာလတွင်လည်း ကျောင်းသားများက မိမိကိုယ်ကို အဆုံးစီရင်၍လည်းကောင်း၊ မီးရှို့၍လည်းကောင်း ကန့်ကွက်ဆန္ဒပြမှုများ ဆက်လက် ဖြစ်ပွားခဲ့သည်။

ဤသို့ အခြေအနေများ မငြိမ်မသက်ဖြစ်နေရာ ဗီပီဆင်း၏ ခေါင်းဆောင်မှုကို မကြိုက်နှစ်သက်ကြောင်း ပြသည့်အနေဖြင့် အာဏာရပါတီမှထိပ်တန်းခေါင်းဆောင် ဒေဗီလားလ်သည် ပါလီမန်အမတ်အဖြစ်မှ စက်တင်ဘာလ ၃၀ ရက်နေ့တွင် နုတ်ထွက်သွားရာ ဖြစ်ပေါ်နေသည့် အကျပ်အတည်းကို ပိုမို နက်ရှိုင်းသွားစေသည်။ ဒေဗီလားလ်မှာ အာဏာရဂျနာတာဒါးလ်ပါတီကို ထူထောင်ခဲ့သူတစ်ဦးဖြစ်သည်။ ဆင်းနှင့် ဒေဗီလားလ်တို့အကြား ရန်လိုမှုများ တိုးပွားလာသည်နှင့်အမျှ ဂျနာတာဒါးလ်ပါတီ နှစ်ခြမ်းကွဲမှုမှာလည်း ပို၍ နက်ရှိုင်းလာသည်။ ဆင်းက ဒေဗီလားလ်ကို ဒုတိယ ဝန်ကြီးချုပ် အဖြစ်မှ ဩဂုတ်လ ၁ ရက်နေ့တွင် ဖြုတ်ပစ်ခဲ့ပြီးနောက် ခြောက်ရက်အကြာတွင် အလုပ်အကိုင်ခွဲတမ်းအမိန့်ကို ထုတ်ပြန်ကြေညာခဲ့ခြင်း ဖြစ်သည်။

အခြေအနေများကို စောင့်ကြည့်နေသော အိန္ဒိယတရားလွှတ်တော်ချုပ်က အိန္ဒိယအစိုးရအနေဖြင့် အငြင်းပွားနေသော အလုပ်အကိုင်ခွဲတမ်းချမှတ်သည့် အစီအစဉ်ကို ရပ်ဆိုင်းပစ်ရန် အောက်တိုဘာလ ၁ ရက်နေ့တွင် အမိန့်ပေးလိုက်သည်။ ဝန်ကြီးချုပ်ဆင်းက အလုပ်အကိုင်ခွဲတမ်းမူဝါဒကို စွန့်လွှတ်ရန် ငြင်းဆိုသည့်အပြင် ယင်းမူဝါဒသည် ဇာတ်နိမ့်သူများအတွက် လူမှုရေးမျှတမှုကို ဆောင်ကြဉ်း ပေးနိုင်မည့် မှန်ကန်သော အရေးယူဆောင်ရွက်မှုတစ်ခုဖြစ်သည်ဟု ပြောကြားသည်။ ဝန်ကြီးချုပ်ဗီပီဆင်း၏ ဂျနာတာဒါးလ်ပါတီမှ ပါလီမန်အမတ် ၂၉ ဦးတို့ကလည်း ဗီပီဆင်းရာထူးမှ နုတ်ထွက်ပေးရန် အောက်တိုဘာလ ၇ ရက်နေ့တွင် တောင်းဆိုလိုက်သည်။

အကွဲရာစဉ်အညွှန်း

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၉၁)

ဤမြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်ပါ ဆောင်းပါးများနှင့် အကြောင်းရပ်များကို တစ်ပုဒ်ချင်း ဖတ်ရှု လေ့လာနိုင်သည့်အပြင် ရည်ညွှန်းကိုးကားဖွယ် အကြောင်းအရာတို့ လွယ်လင့်တကူ အလျင်အမြန် ရှာဖွေလိုပါကလည်း အကွဲရာစဉ်အညွှန်းကို အသုံးပြုနိုင်ပါသည်။ ရည်ညွှန်းကိုးကားဖွယ် အကြောင်းရပ်၏ အမည်ကိုဖတ်ရှုနိုင်အောင် ဆိုင်ရာစာမျက်နှာ အမှတ်နှင့် ယှဉ်တွဲဖော်ပြထားပါသည်။

က

ကလတ် ၁၃၁–၁၃၃။
ကဝိန္ဒဘစာရ ၃၀၊ ၃၁။
ကဝိန္ဒာဘိဝံသ ၃၅၊ ၃၆။
ကာပြူရက်တာ ၁၃၀၊ ၁၃၁။
ကာလ်ဖာ, မာရီယန် ၂။
ကုမာရာဘိဝံသ ၆၀၊ ၆၉။
ကုလသမဂ္ဂ ၁၇၄–၁၈၀၊ ၁၉၃။
ကူနီ, ဂျယ်ရီ ၂။
ကူဝိတ် ၂၀။
ကေသြစ် ၁၅၁–၁၆၆။
ကောသလ္လ၊ ဆရာတော်ဘဒ္ဒန္တ ၂၇၊ ၃၀။
ကိုရီးယားသမ္မတနိုင်ငံ ၁၈၀–၁၈၄။
ကင်ဒေးယံ ၁၈၁။
ကိုင်ဖူး ၃၂၊ ၂၁၆။
ကုဏ္ဍလဇောတိ၊ ဆရာတော်ဘဒ္ဒန္တ ၃၉၊ ၈၀။
ကမ္ဘာ့မှူးယစ်ဆေးဝါး ထိပ်သီးညီလာခံ ၁၉၁–၁၉၃။
ကမ္ဘာ့ဟဲဗီးဝိတ်လက်ဒွေ ပြိုင်ပဲ့ ၁၉၃–၁၉၅။
ကမ်ဝင်ရိုး ၁၂၆၊ ၁၂၇။
ကျော်စိန်၊ သခင် ၁၉၅၊ ၁၉၆။
ကျန်ကျိမင်း ၉။
ကြီးခင်၊ ဦး ၁၉၆၊ ၁၉၇။

ခ

ခေတ်မီအလိုအလျောက် ရုံးလုပ်ငန်း ၁၉၈–၂၀၃။
ချာဗာလစ်ယောင်ချိုင်ယုဒ် ၇၊ ၂၄၃–၂၄၆။
ချက်နှင့်စလိုဗက်နိုင်ငံ ၂၀၃–၂၀၆။
ချမ်းသာ၊ ဦး ၂၀၆။
ချွန်ဟာဝမ်, ချတ်ချိုင်း ၃၁။

ဂ

ဂါဒနာ, အာဗာ ၂၀၈။
ဂါးဘိုး, ဂရီတာ ၂၀၁။
ဂေါဘာချော့, မိခါယီး ၇၊ ၁၄၊ ၁၈၊ ၂၅၊ ၃၀၊ ၁၈၃။
ဂိုချုပ်တောင် ၂၂၆။
ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ၂၁၁–၂၁၅။
ဂျပန်နိုင်ငံ ၂၁၆–၂၂၀။
ဂျာမနီနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းခြင်း ၂၂၀–၂၂၃။

ငံ

ငလျင် ၂၃၂။
ငွေလင်း ၂၂၃။

စ

စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ ၂၂၄။
စောမောင်၊ ဗိုလ်ချုပ်မှူးကြီး ၆၊ ၁၃၊ ၁၈၊ ၂၅၊ ၃၈၊ ၄၈၊ ၅၄၊ ၁၂၀။
စင်ကာပူနိုင်ငံ ၂၂၅–၂၂၈။
စန္ဒာဝရ၊ ဆရာတော်ဘဒ္ဒန္တ ၆၅။

ဆ

ဆိုဗီယက်ဆိုရှယ်လစ်ပြည်ထောင်စု သမ္မတနိုင်ငံ ၂၂၉–၂၃၃။
ဆင်း, ဗပ ၅၊ ၂၉။
ဆမ်နုဂျိုမာ ၁၂၄၊ ၂၄၈။
ဆွဘပို ၂၄၃၊ ၂၄၈။

ဇ

ဇဝန၊ ဆရာတော်ဘဒ္ဒန္တ ၅၆။
ဇာဂရ၊ ဆရာတော်ဘဒ္ဒန္တ ၅၅။
ဇာဂရ၊ ဆရာတော်ဘဒ္ဒန္တ ၆၃။
ဇောတယ၊ ဆရာတော် ဘဒ္ဒန္တ ၂၃၃။
ဇောတိကာဘိဝံသ၊ ဆရာတော် ဘဒ္ဒန္တ ၅၂၊ ၅၃။
ဇော်ဂျီ ၂၃၄၊ ၂၃၅။

ည

ညာဏရံသီဘိဝံသ၊ ဆရာတော်ဘဒ္ဒန္တ ၅၉။
ညာဏဝံသ၊ ဆရာတော်ဘဒ္ဒန္တ ၅၇။
ညောမြမွေ၊ ဆရာတော်ဘဒ္ဒန္တ ၅၃၊ ၅၄။

တ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ၂၃၉။
တိက္ခသာရ၊ ဆရာတော်ဘဒ္ဒန္တ ၃၃၊ ၃၄။
တိုင်ဆန်, မိုက် ၄၊ ၁၉၄၊ ၁၉၅။
တိန်ရှောင်ဖိန် ၂၃၀။

ထ

ထင်ရှားသောကွယ်လွန်သူ ပုဂ္ဂိုလ်များ ၂၃၉–၂၄၃။
ထိုင်းနိုင်ငံ ၂၄၃–၂၄၆။

ဒ

ဒေက္ခေးလျား, ပဲရက် ၈၊ ၁၇၄။
ဒေါက်ဂလပ်စ်, ကျိမ်းဘတ် စတာ ၄၊ ၁၉၄၊ ၁၉၅။
ဒျူချက် ၂၀၅၊ ၂၀၆။

န

နယူတန်, ဆာအိုင်းဆက် ၁၅၄။
နမီးဗီးယား ၈၊ ၁၇၄၊ ၂၄၆–၂၄၈။
နိုပေါနိုင်ငံ ၂၄၈–၂၅၁။
နေမိန္ဒ၊ ဆရာတော်ဘဒ္ဒန္တ ၃၉။
နိုဗဲဆု ၈၊ ၂၅၁–၂၅၅။
နိုတေဝူး ၁၇၊ ၁၈၁–၁၈၃။
နိုရီယေးဂါး ၁၊ ၂၆၂–၂၆၅။
နန္ဒဝံသ၊ ဆရာတော်ဘဒ္ဒန္တ ၅၄၊ ၅၅။
နန္ဒဝံသ၊ ဆရာတော်ဘဒ္ဒန္တ ၆၂။

ဒုတိယအခန်းဆက်ဖတ်ရှုရန် ညွှန်ကြားချက်

ကြိုးကိုင်: ဦးမြင့်ဆွေ ၁–၁၆၈

ခရီးသည်များ ၁၇၄–၂၀၆

ကုန်ပစ္စည်းများ ၂၀၇–၂၁၆

ဆိုင်းဘုတ်များ ၂၁၇–၂၂၄

ဘီးကွင်းများ ၂၂၅–၂၃၂

ဘရိတ်ကြိုးများ ၂၃၃–၂၄၀

ဂ

ဂန္ဓမုန်းပင်ကုန်း ၁–၁၂

ဂုံးဆိပ်ကမ်းခြေ ၁၃–၂၆

ဂေါ်ရှိုင်းတောင်ကြား ၂၇–၃၂

ဃ

ဃနသာမြို့ ၃၃–၄၀

ငါးပိသိုလှောင်ရုံ ၄၁–၄၆

ငွေတိုက်ဘဏ် ၄၇–၅၂

စ

စက်မှုဇုန်အတွင်းရှိ ကုန်သည်များ ၅၃–၆၀

စာတိုက်ဝန်ထမ်းများ ၆၁–၆၆

ဆ

ဆားခြောက်ကုန်သည်များ ၆၇–၇၂

ဆိုင်ကယ်ပြိုင်ကွင်း ၇၃–၇၈

ဇ

ဇလွန်ကုန်းရပ်ကွက် ၇၉–၈၄

ဈေးသည်များ ၈၅–၉၀

ဉ

ဉာဏ်ကြီးမြို့ ၉၁–၉၆

ဌ

ဌာနချုပ်ရုံးများ ၉၇–၁၀၂

ဍ

ဍာဏ်ကြီးမြို့ ၁၀၃–၁၀၈

ဏ

ဏာမဏိမြို့ ၁၀၉–၁၁၄

တ

တရားရုံးများ ၁၁၅–၁၂၀

ထ

ထန်းလျက်ထုပ်များ ၁၂၁–၁၂၆

ဒ

ဒေါင်းကြီးမြို့ ၁၂၇–၁၃၂

ဓ

ဓနုဖြူမြို့ ၁၃၃–၁၃၈

ဓာတ်ဆီဘူးများ ၁၃၉–၁၄၄

ပ

ပုဆိုးထည်များ ၁၄၅–၁၅၀

ပန်းပဲသီးနှံများ ၁၅၁–၁၅၆

ပုလဲကုန်သည်များ ၁၅၇–၁၆၂

ပြည်သူ့ဆေးရုံ ၁၆၃–၁၆၈

ဖ

ဖဲကြိုးများ ၁၆၉–၁၇၄

ဖောင်တိုင်းဒေသကြီး ၁၇၅–၁၈၀

ဗ

ဗဟိုဘဏ်ခွဲများ ၁၈၁–၁၈၆

ဘ

ဘတ်စ်ကားများ ၁၈၇–၁၉၂

ဘောလုံးအသင်းများ ၁၉၃–၁၉၈

မ

မဏ္ဍိုင်ကုန်းမြို့ ၁၉၉–၂၀၄

မြစ်ကြီးနားမြို့ ၂၀၅–၂၁၀

မြို့ပတ်ရထားလမ်း ၂၁၁–၂၁၆

မြို့ပတ်ရထားဘူတာများ ၂၁၇–၂၂၂

မြို့ပတ်ရထားလမ်းသွယ် ၂၂၃–၂၂၈

မြို့ပတ်ရထားဝန်ထမ်းများ ၂၂၉–၂၃၄

ယ

ယာဉ်မောင်းများ ၂၃၅–၂၄၀

ရ

ရုံးတော်ကြီးမြို့ ၂၄၁–၂၄၆

ရေနံချောင်းမြို့ ၂၄၇–၂၅၂

ရေနံဆီဘူးများ ၂၅၃–၂၅၈

ရေနံဆီသိုလှောင်ရုံများ ၂၅၉–၂၆၄

ရေနံဆီသယ်ယူပို့ဆောင်ရေးကုမ္ပဏီများ ၂၆၅–၂၇၀

ရေနံဆီသွင်းကုန်ကုမ္ပဏီများ ၂၇၁–၂၇၆

ရေနံဆီအလွတ်ပုံးများ ၂၇၇–၂၈၂

ရေနံဆီအသုံးပြုသူများ ၂၈၃–၂၈၈

ရေနံဆီအိုးများ ၂၈၉–၂၉၄

ရေနံဆီအိုးအဟောင်းများ ၂၉၅–၃၀၀

ရေနံဆီအိုးအသစ်များ ၃၀၁–၃၀၆

ရေနံဆီအိုးအသစ်ဝယ်ယူသူများ ၃၀၇–၃၁၂

ရေနံဆီအိုးအသစ်ဝယ်ယူသူများ ၃၁၃–၃၁၈

ရေနံဆီအိုးအသစ်ဝယ်ယူသူများ ၃၁၉–၃၂၄

ရေနံဆီအိုးအသစ်ဝယ်ယူသူများ ၃၂၅–၃၃၀

ရေနံဆီအိုးအသစ်ဝယ်ယူသူများ ၃၃၁–၃၃၆

ရေနံဆီအိုးအသစ်ဝယ်ယူသူများ ၃၃၇–၃၄၂

ရေနံဆီအိုးအသစ်ဝယ်ယူသူများ ၃၄၃–၃၄၈

ရေနံဆီအိုးအသစ်ဝယ်ယူသူများ ၃၄၉–၃၅၄

ရေနံဆီအိုးအသစ်ဝယ်ယူသူများ ၃၅၅–၃၆၀

ရေနံဆီအိုးအသစ်ဝယ်ယူသူများ ၃၆၁–၃၆၆

ရေနံဆီအိုးအသစ်ဝယ်ယူသူများ ၃၆၇–၃၇၂

ရေနံဆီအိုးအသစ်ဝယ်ယူသူများ ၃၇၃–၃၇၈

ရေနံဆီအိုးအသစ်ဝယ်ယူသူများ ၃၇၉–၃၈၄

ရေနံဆီအိုးအသစ်ဝယ်ယူသူများ ၃၈၅–၃၉၀

ရေနံဆီအိုးအသစ်ဝယ်ယူသူများ ၃၉၁–၃၉၆

ရေနံဆီအိုးအသစ်ဝယ်ယူသူများ ၃၉၇–၄၀၂

ရေနံဆီအိုးအသစ်ဝယ်ယူသူများ ၄၀၃–၄၀၈

ရေနံဆီအိုးအသစ်ဝယ်ယူသူများ ၄၀၉–၄၁၄

ရေနံဆီအိုးအသစ်ဝယ်ယူသူများ ၄၁၅–၄၂၀

ရေနံဆီအိုးအသစ်ဝယ်ယူသူများ